673

မြန်မာ့ စွယ်စုံကျမ်း နှစ်ချုပ်

၆၇၃
စာကြည့်တိုက်
ပိဋကဘာသာပြန်စာပေ
မြန့်ချီရေးအဖွဲ့



၁၉၇၈

၁၉၂၅၁

မြန်မာ့ စွယ်စုံကျမ်း နှစ်ချုပ်

ထာသနာဘော်တွန်းကားပြန်ပွားခရုဦးစီးဌာန
စာကြည့်တိုက်
ထမ္ဘာအေး - ရန်ကုန်။



၆၇၃
စာကြည့်တိုက်
ပိဋကဘာသာပြန်စာပေ
ဖြန့်ချီရေးအဖွဲ့

၁၉၇၈

ပဌမအကြိမ် ပုံနှိပ်ခြင်း၊ ၅၀၀၀

(၁၉၇၈)

အမှတ် ၅၂၉၊ ၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့၊ စာပေဗိမာန်အဖွဲ့၊
ညွန်ကြားရေးမှူး ဦးကျော်အုံးက (မှတ်ပုံတင်အမှတ် - ၀၂၃၂၆) ဖြင့် စာပေဗိမာန်
ပုံနှိပ်တိုက်တွင် ရိုက်နှိပ်၍ (မှတ်ပုံတင်အမှတ် - ၀၂၁၅၁) ဖြင့် ထုတ်ဝေသည်။

ကျမ်းဦးစကား

မြန်မာ့စွယ်စုံကျမ်းကြီးကို စာပေပညာရှင်တို့၏အကူအညီဖြင့် စာပေဗိမာန်က ပုံနှိပ်ထုတ်ဝေခဲ့ရာ ၁၉၇၆ ခုနှစ် တွင် ၁၅ တွဲပြည့်သည်အထိ အောင်မြင်စွာ ပုံနှိပ်ထုတ်ဝေခဲ့ပါပြီ။ ယင်းသို့ အတွဲပြည့်ထုတ်ဝေပြီးရုံဖြင့် စာပေဗိမာန်သည် တာဝန်ကျေပြီဟု မယူဆခဲ့ပါ။

စာပေဗိမာန်သည် တနှစ်အတွင်း မြန်မာ့စွယ်စုံကျမ်းတွဲ ၁၅ တွဲလုံး ထုတ်ဝေနိုင်သည်ကား မဟုတ်ပါ။ မည်သည့် နိုင်ငံတွင်မျှ စွယ်စုံကျမ်း အတွဲစုံကို တနှစ်နှင့်အပြီး ထုတ်ဝေနိုင်ခဲ့ရိုး မရှိပါ။ နောက်ဆုံးအတွဲကို ထုတ်ဝေပြီးတိုင်း မိမိတို့ ထုတ်ဝေခဲ့သော စွယ်စုံကျမ်းကို အစဉ်အမြဲ ခေတ်မီစေရန် နှစ်စဉ်လိုပင် နှစ်ချုပ်ကျမ်းများကို မပြတ်ဆက်၍ ပုံနှိပ် ထုတ်ဝေခဲ့ကြရသည်သာ ဖြစ်ပါသည်။ ၁၉၇၆ ခုနှစ်က အဖြစ်အပျက်သည် ၁၉၇၇ ခုနှစ်တွင် မတူတော့ပါချေ။ နိုင်ငံ တနိုင်ငံ၏ အဖြစ်အပျက်ကိုပင် ကြည့်ပါ။ ၁၉၇၆ ခုနှစ်တွင် အုပ်ချုပ်ခံနယ်မြေတခုသည် ၁၉၇၇ ခုနှစ်တွင် လွတ်လပ်ရေး ရသော သမ္မတနိုင်ငံ ဖြစ်လာသည်လည်း ရှိ၏။ နယ်မြေအမည်ပါပျောက်၍ အခြားနယ်မြေနှင့်ပေါင်းသွားသည်လည်း ရှိ၏။ အမည်သစ် ပြောင်း၍သွားသည်လည်းရှိ၏။ စွယ်စုံကျမ်းပါ ပုဂ္ဂိုလ်တို့အနက် အချို့ ကွယ်လွန်သွားသည်လည်း ရှိ၏။ ရာထူးမှ ကျသွားသည်လည်း ရှိ၏။ တက်သွားသည်လည်း ရှိ၏။ တိုးတက်လျက်ရှိသော သိပ္ပံပညာတီထွင်မှုများလည်း ရှိ၏။ ယင်းသို့သော အပြောင်းအလဲများကို စွယ်စုံကျမ်း ပြုစုထုတ်ဝေသူတို့သည် လျစ်လျူရှုထား၍ မဖြစ်ပါ။

စွယ်စုံကျမ်းဖတ် ပရိသတ်အား နောက်ဆုံးအခြေအနေအထိ သိမြင်ဖတ်ရှုနိုင်ရန် တင်ပြရမည်မှာ စွယ်စုံကျမ်း ထုတ်ဝေသူတို့၏ တာဝန်ဖြစ်သည်ဟု ယူဆသည့်အတိုင်း ဗြိတန္နီက စွယ်စုံကျမ်း ထုတ်ဝေရေးတိုက်သည် ဗြိတန္နီကစွယ်စုံ နှစ်ချုပ်ကိုလည်း၊ ကမ္ဘာ့စွယ်စုံကျမ်း ထုတ်ဝေရေးတိုက်သည် ကမ္ဘာ့စွယ်စုံနှစ်ချုပ် ကိုလည်း၊ ထိုမှတပါး အခြားအခြား စွယ်စုံကျမ်းထုတ်တိုက်ကြီးများသည် စွယ်စုံနှစ်ချုပ်အသီးသီးကိုလည်း ပြုစုပုံနှိပ်ထုတ်ဝေလေ့ ရှိပါသည်။

ထို့အတူပင် မြန်မာ့စွယ်စုံကျမ်း ပုံနှိပ်ထုတ်ဝေသော စာပေဗိမာန်သည် မြန်မာ့စွယ်စုံကျမ်း နောက်ဆုံးတွဲ ထုတ် ဝေပြီးသည်နှင့် မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်ကို ပုံနှိပ်ထုတ်ဝေရန် ကြိုးပမ်းခဲ့ပါသည်။ ယခု မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ် (၁၉၇၈)ကို စာပေပညာရှင်များ၏ အကူအညီဖြင့် ပြုစု ထုတ်ဝေနိုင်ခဲ့သဖြင့် စာပေဗိမာန်က များစွာ ဝမ်းမြောက်ရ ပါသည်။ ယင်းသို့ ပြုစုထုတ်ဝေရာ၌ ကူညီကြသူတို့အားလည်း အထူးကျေးဇူးတင်ကြောင်း ဖော်ပြအပ်ပါသည်။

စာပေဗိမာန်

ဤကျမ်းကိုမရှုစားမိ

အောက်ပါလမ်းညွှန်ကို လေ့လာထားပါက ဤစွယ်စုံကျမ်း နှစ်ချုပ်စီစဉ်ပုံကို သဘောပေါက်၍ကိုးကားကျမ်းတဆူအဖြစ် လွယ်ကူစွာ အသုံးပြုတတ်ပေလိမ့်မည်။

မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်(၁၉၇၈)သည် မြန်မာ့စွယ်စုံကျမ်း၏ ပထမဆုံးသော အဖြည့်ကျမ်း ဖြစ်ပါသည်။ သို့ဖြစ်ရကား မြန်မာ့စွယ်စုံကျမ်းပါ အကြောင်းရပ်တို့နှင့်ဆက်၍ ဖတ်ရှုနိုင်ရန် စီစဉ်ပြုစုထားပါသည်။ ပုံစံဆိုသော် မော်စီတုံးအကြောင်းရပ်သည် မြန်မာ့စွယ်စုံကျမ်း အတွဲ ၉၊ စာမျက်နှာ ၁၀၉ တွင်ပါပြီး ဖြစ်ပါသည်။ ထိုအကြောင်းရပ် ပြုစုထုတ်ဝေစဉ်က မော်စီတုံးသည် အသက်ထင်ရှားရှိဆဲ ဖြစ်ပါသည်။ ယခု စွယ်စုံကျမ်းနှစ်ချုပ် ပြုစုထုတ်ဝေသည့် အချိန်တွင် ထိုပုဂ္ဂိုလ်ကြီး ကွယ်လွန်ခဲ့ပြီ ဖြစ်ပါသည်။ ထိုကြောင့် စွယ်စုံနှစ်ချုပ်(၁၉၇၈)တွင် မော်စီတုံး ခရစ်(၁၈၉၃–၁၉၇၆)။ ။(၉–၁၀၉—ရှု။)ဟု စရေးကာ ယင်းအတွဲပါ အကြောင်းအရာများနှင့် ဆက်စပ်ဖတ်ရှုရန် ရည်ရွယ်၍ ကွယ်လွန်သည်အထိ ပြုစုထားပါသည်။ စွယ်စုံကျမ်းများ၌ မပါသေးသော အကြောင်းရပ်များ၌မူ ညွှန်းချက်မပါ ပါ။ ထုတ်ဝေပြီး စွယ်စုံကျမ်းများနှင့် အပြန်အလှန် ညွှန်းသည့်အခါ အတွဲအမှတ်နှင့် စာမျက်နှာများ ဖော်ပြထားပါသည်။ ဤနှစ်ချုပ်ပါ အကြောင်းရပ်ကို ညွှန်းလိုသည့်အခါ အကြောင်းရပ်အမည်ကို ဖော်ပြညွှန်းဆိုထားပါသည်။

မြန်မာ့စွယ်စုံကျမ်းများ၌ မပါခဲ့ပဲ ၁၉၇၀ ပြည့်နှစ် မတိုင်မီက ကွယ်လွန်ခဲ့သော ထင်ရှားသည့် ပုဂ္ဂိုလ်ကြီးများကိုမူ သက်ဆိုင်ရာကျမ်းတွဲများ ပြန်လည်ပုံနှိပ်သည့်အခါ ဖြည့်စွက်ချက်အဖြစ် ထည့်သွားမည် ဖြစ်ပြီး ၁၉၇၀ ပြည့်နှစ် နောက်ပိုင်းတွင် ကွယ်လွန်သူဖြစ်ပါက မြန်မာ့စွယ်စုံနှစ်ချုပ်(၁၉၇၈)တွင် ထည့်သွင်း ဖော်ပြထားပါသည်။ ပုံစံအားဖြင့် မိုးညှင်းဆရာတော်၊ မိုးကုတ်ဆရာတော် စသည်တို့သည် ၁၉၇၀ ပြည့်နှစ် ရှေပိုင်းတွင် ပျံလွန်တော်မူသဖြင့် စွယ်စုံ အတွဲ ၉ ပြန်လည်ပုံနှိပ်သည့်အခါ ဖြည့်စွက်ထည့်သွင်းမည်ဖြစ်ပြီး လင်းခေးဦးထွန်းမြင့်၊ ဝေဘူဆရာတော် တို့ကဲ့သို့ ၁၉၇၀ ပြည့်နှစ်နှင့် ယင်းနောက်ပိုင်းတွင် ကွယ်လွန်၊ ပျံလွန်သူတို့ကို မြန်မာ့စွယ်စုံနှစ်ချုပ် (၁၉၇၈)တွင် ထည့်သွင်း ဖော်ပြပါသည်။

ဤကျမ်းသည် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်(၁၉၇၈)ဖြစ်သည့်အလျောက် ၁၉၇၇ ခုနှစ်အထိ အကြောင်းအရာများကို ၁၉၇၈ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ဤကျမ်းတွင် ၁၉၇၈ ခုနှစ်အတွင်း ဖြစ်ပျက်သည်တို့ မပါလျှင် ခွင့်လွှတ်ကြစေလိုပါသည်။ ၁၉၇၈ ခုနှစ်အထိ အကြောင်းအရာတို့ကိုမူ မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်(၁၉၇၉)တွင် ဆက်လက်ဖော်ပြပါမည်။ ပုံစံအားဖြင့် ပါကစ္စတန်ဂန်ကြီးချုပ် အလီဘူတိုအကြောင်းရပ်တွင် အလီဘူတိုသည် ၁၉၇၇ ခုနှစ်အတွင်းက အတိုက်အခံပါတီမှ ပုဂ္ဂိုလ်တဦးအား ချုံခိုသတ်ဖြတ်မှုဖြင့် အဖမ်းခံရသဖြင့် ယင်းအကြောင်းအထိသာ ထည့်သွင်းဖော်ပြထားပါသည်။ ၁၉၇၈ ခုနှစ်တွင် ရုံးတင်စစ်ဆေး၍ သေဒဏ်ချမှတ်သည်ဖြစ်သော်လည်း သေဒဏ်ချသည့်အကြောင်းကို ၁၉၇၈ ခုနှစ်ချုပ်တွင် မဖော်ပြပဲ ၁၉၇၉ ခု နှစ်ချုပ်ကျမှ ဖော်ပြပါမည်။ ကင်ညာနိုင်ငံသမ္မတ ယိုမိုကင်ညတ်တာသည် ၁၉၇၈ ခုနှစ်တွင် ကွယ်လွန်သော်လည်း ဤနှစ်ချုပ်သည် ၁၉၇၇ ခုနှစ်အကြောင်းရပ်သာ ထည့်ရသည်ဖြစ်ပါသဖြင့် ဤနှစ်ချုပ်ပါ ကင်ညတ်တာ,ယိုမိုယူသောအကြောင်းရပ်၌ ကွယ်လွန်ကြောင်းမပါပဲ စွယ်စုံနှစ်ချုပ် (၁၉၇၉)ကျမှ ကွယ်လွန်ကြောင်း ပါရှိမည်ဖြစ်ပါသည်။

ဤမြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်(၁၉၇၈)ကို အပိုင်းသုံးပိုင်းခွဲ၍ တင်ပြထားပါသည်။ ပထမပိုင်းတွင် ၁၉၇၇ ခုနှစ်အတွင်း ထင်ရှားသော ဖြစ်ရပ်များကို နေ့စဉ်မှတ်တမ်းသဘော ဖော်ပြထားပါသည်။ ဒုတိယပိုင်းတွင် ၁၉၇၇ ခုနှစ်အတွင်း ခေတ်စားသော လူတို့စိတ်ဝင်စားမည့် အကြောင်းရပ်တို့ကို ရွေး၍ ဆောင်းပါးကြီးများပြုစုကာ တင်ပြထားပါသည်။ တတိယပိုင်း၌ မြန်မာ့စွယ်စုံကျမ်းတွင် ပါသင့်ပါထိုက်သော က မှ အ အက္ခရာအထိ အကြောင်းရပ်များကို ၁၉၇၇ ခုနှစ်ပိုင်းအထိ အကြောင်းအရာများ ထည့်သွင်း၍ အက္ခရာစဉ်လိုက် ဖော်ပြထားပါသည်။

အက္ခရာစဉ်ရာ၌ မြန်မာ့စွယ်စုံကျမ်း အက္ခရာစဉ်သည့် နည်းအတိုင်းစဉ်၍ဖော်ပြထားပါသည်။ အသံလှဲယ်ကိုလည်း မြန်မာ့စွယ်စုံကျမ်းဖတ်သူတို့ မရှုပ်ထွေးစေရန် မြန်မာ့စွယ်စုံကျမ်း အသံလှဲယ်စနစ်အတိုင်း လိုက်နာကျင့်သုံးထားပါသည်။

စာပေဗိမာန်

မာတိကာ

ကျမ်းဦးစကား

ဤကျမ်းကို မရှုစားမီ

အပိုင်း ၁

၁၉၇၇ ခုနှစ် ဖြစ်ရပ်များ .... ၁ – ၄၀

အပိုင်း ၂

ထူးခြားသော အကြောင်းရပ်များ

— ကမ္ဘာ့ ကုလသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာ ပြဿနာများ ၄၁–၅၀

— ကမ္ဘာ့ပင်လယ်ပြင် ဥပဒေ.... .... ၅၁–၅၄

— စက်ဦးနှောက်ခေတ် ၅၅–၆၄

— မတည်ငြိမ်သော ငွေကြေးစနစ် ၆၅–၇၁

— သေမင်းတမန် လက်နက်ဆန်းများ ၇၂–၈၀

အပိုင်း ၃

မြန်မာ့စွယ်စုံကျမ်း - ဖြည့်စွက်ချက်များ ၈၂–၃၂၀

ဇယား ၁၄																							
ဇယား ၁၄																							

၁၉၇၆ ခုနှစ် ဖြစ်ရပ်မျှင်း

ဇန္နဝါရီလ

၁ နော်ဝေး အစိုးရသည် ပင်လယ် ငါးဖမ်းဒေသကို ကမ်းလွန် မိုင် ၂၀၀ သတ်မှတ်လိုက် ခြင်းဖြင့် ဥရောပ၌ အကြီးမားဆုံး ငါးဖမ်းနိုင်ငံ ဖြစ်လာသည်။

ဆယ်ကြိမ်မြောက် မြန်မာနိုင်ငံ သုတေသန ကွန်ဂရက်၏ သုံးရက်ကြာ စာတမ်းဖတ်ပွဲ ပြီးဆုံးသည်။ သုတေသန အဖွဲ့ ၁၄ ဖွဲ့မှ နောက် ဆုံးနေ့တွင် စာတမ်း ၁၀၁ စောင် ဖတ်သည်။

၂ ဗင်္ဂလားဒေ့ရှ နိုင်ငံ စစ်အုပ်ချုပ်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ကြီး ဂျီယာအူးရ်ရာမန် ဦးဆောင်သည့် ဗင်္ဂလားဒေ့ရှ နိုင်ငံ ကိုယ်စား လှယ်အဖွဲ့ ပီကင်းမြို့သို့ ရောက်ရှိသည်။

၄ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်၏ ၂၉ ကြိမ်မြောက် လွတ်လပ်ရေး နှစ်ပတ်လည်နေ့ ဖြစ်သည်။

အီဂျစ်အစိုးရက တောင်းခံလျှင် ပြင်သစ် က မီးရပ် ၂၀၀၀ လေယာဉ်သစ်များ အီဂျစ်သို့ ပေးကမ်းကောင်း ပေးကမ်းမည်ဟု ပြင်သစ် ကာကွယ်ရေး ဝန်ကြီး ဗုဂတ်စကပြောကြား သည်။

၅ ရုရှနိုင်ငံတွင် ၁၉၇၆ ခုနှစ် အတွက် ကောက်ပဲသီးနှံ တန်ချိန် ၂၂၃.၀ သန်း ထွက်ရှိ ကြောင်း ကြေငြာသည်။

၆ ဆီးရီးယားနိုင်ငံ ဒမာစကပ်နှင့် အလက် ပိုတီမြို့တွင် ဗုံးဖောက်ခဲ့ခဲ့သူ သုံးဦးအား လူ မြင်ကွင်းတွင် ကြိုးပေးသတ်လိုက်ကြောင်း ကြေ ငြာသည်။

၇ လက်ဗန္ဓန်နိုင်ငံတွင်းရှိ ပယ်လက်စတိုင် လွတ်မြောက်ရေး တပ်ဖွဲ့များအား လက်ဗန္ဓန် နိုင်ငံတွင်းမှ ဇန္နဝါရီလ ၁၃ ရက်နေ့ နောက်ဆုံး ထား၍ ထွက်ပေးရမည်ဟု လက်ဗန္ဓန် သမ္မတ အီလီယာပ်ဆာကစ်က အမိန့်ထုတ်ပြန်သည်။

၁၀ အင်ဒိုနီးရှားနိုင်ငံမှ ပြည်ပသို့ တင်ပို ရောင်းချသော ရေနံစိမ်းဈေးကို ဇန္နဝါရီလ



နိုင်ငံတော်သမ္မတကြီးဦးနေဝင်း၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မိတီ ဒုတိယဥက္ကဋ္ဌ တိန့်ရင်ချောင် ရန်ကုန်မြို့သို့ ချစ်ကြည်ရေးခရီးရောက်ရှိစဉ်

၁ ရက်နေ့မှစ၍ ရေနံ အမျိုးအစား အလိုက် မြှင့်တင်ရန် ဆုံးဖြတ်ကြောင်း ကြေငြာသည်။

ရွှေကောက်ပဲ ကော်မရှင်သည် ၁၉၇၆-၇၇ ဘဏ္ဍာနှစ် အတွက် ကြားရွှေကောက်ပဲများ ပြုလုပ်ရန် ပြင်ဆင်ရေးနှင့် ဒုတိယ အကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့် အတွက် ရွှေကောက်ပဲ လုပ်ရေး အတွက် တိုင်းနှင့် ပြည်နယ် ရွှေကောက်ပဲကော်မရှင်အဖွဲ့ ခွဲများနှင့် ရန်ကုန်မြို့တွင် ဆွေးနွေးကြသည်။

၁၁ ဗီယက်နမ် အမျိုးသား လွှတ်တော်တွင် ဒုတိယ ငါးနှစ် စီမံကိန်း (၁၉၇၆-၈၀) ဆွေး နွေးပွဲကို ဖွင့်လှစ်သည်။

၁၃ လောပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတဆူဗန်နိုဖောင်သည် အိန္ဒိယနိုင်ငံသို့အစိုးရ ဧည့်သည်တော် အဖြစ် ရှစ်ရက်ကြာ လည်ပတ် ရန် အသွား မန္တလေးမြို့သို့ ခေတ္တ ဝင်ရောက် ရပ်နားသွားသည်။

၁၅ အမေရိကန် သမ္မတ ဖို့ဒ်သည် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ကစ်ဆင်းဂျားအား အမေ ရိကန် ပြည်ထောင်စု၏ အရေပသား အမှုထမ်း များအတွက် အမြင့်ဆုံး ဘွဲ့တံဆိပ် ဖြစ်သော လွတ်လပ်ရေး တံဆိပ်ကို ချီးမြှင့်သည်။

၁၅ အိန္ဒိယနိုင်ငံသည် ကမ်းရိုးမှ ပင်လယ် များအထိ ရေမိုင် ၂၀၀ ကို စီးပွားရေး ဇုံအဖြစ် သတ်မှတ်ကြောင်း တရားဝင် ကြေငြာသည်။

သီရိလင်္ကာ သမ္မတ ဝီလျံဂိုပါလာဝါက သီရိ လင်္ကာ၏ ရေပိုင်နက်မှာ ရေမိုင် ၁၂ မိုင်၊ ပင် လယ် ရေနက်ပိုင်းနှင့် ဆက်စပ်နေသော ဇုံကို ရေမိုင် ၂၄ မိုင်၊ စီးပွားရေး ဇုံရေမိုင် ၂၀၀ ထိ ရှိသည်ဟု ပြဋ္ဌာန်း ကြေငြာသည်။

၂၆ ကြိမ်မြောက် ကယားပြည်နယ်နေ့ ကျင်း ပသည်။ထိုနေ့တွင် ကယားပြည်နယ်လှိုင်ကော် မြို့၌ လေယာဉ်ဆိပ် အဆောက်အအုံသစ် ဖွင့် လှစ်ပွဲ ကျင်းပသည်။

၁၆ အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် အင်ဒီရာဂန္ဓီက အိန္ဒိယနိုင်ငံ အထွေထွေရွေးကောက်ပွဲကိုလက်ရှိ လွှတ်တော် ဖျက်သိမ်းပြီးနောက် မတ်လတွင် ကျင်းပမည်ဟု ကြေငြာသည်။

ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် ပီလခတ် ကျေးရွာမှ စပါးအဝယ်ဒိုင်အား မြန်မာတနိုင်ငံ လုံးတွင် ၁၉၇၅ - ၇၆ ခုနှစ်အတွင်း စပါးဝယ် ယူရရှိမှု အများဆုံးဒိုင်အဖြစ် ချီးကျူး ဂုဏ်ပြု ပွဲ ကျင်းပရာ ကုန်သွယ်ရေးဝန်ကြီး ဦးလှအေး တက်ရောက် မိန့်ခွန်း ပြောကြားသည်။

၁၇ ဒေသကောလိပ်များအကြောင်းကို နိုင်ငံ တော် ဝန်ကြီးအဖွဲ့၊ လူမှုရေးရာနှင့် အုပ်ချုပ်မှု ကော်မိတီဥက္ကဋ္ဌ၊ ပြည်ထဲရေးနှင့် သာသနာရေး ဝန် ကြီး ဦး ကို ကို၊ ပညာ ရေး ဝန် ကြီး ဦးခင်မောင်ဝင်းတို့သည် မြန်မာ့အသံခန်းမတွင် သတင်းစာဆရာများနှင့် တွေ့ဆုံပြောကြား သည်။

၁၈ ယူဂိုစလားဗီးယား ဝန်ကြီးချုပ် ဗီသီဒစ်

၁၉၇၇ ခုနှစ် ဖြစ်ရပ်များ

နှင့် ဇနီး အပါအဝင် လူပေါင်း ရှစ်ဦး လေယာဉ်ပျက်ကျရာတွင် ကွယ်လွန်သွားသည်။

၁၉၇၅-၇၆ ခုနှစ်တွင် ရွေးချယ်ခံရသော စံပြလုပ်သားများအား စံပြလုပ်သား စီမံကိန်း ဗဟိုကော်မတီနာယကက သတ္တုတွင်းနှင့် အလုပ်သမား ဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ခ ညစာ စားပွဲဖြင့် ဂုဏ်ပြုကြေးခဲ့သည်။

၁၉ လောနိုင်ငံရှိ လယ်သမားများသည် လယ်ယာ စိုက်ပျိုးခွန်များ ပေးကြရတော့မည် ဖြစ်ကြောင်း၊ ပသက်လော သတင်းဌာန ဖြစ်သော ခါအိုဆန် သတင်းဌာနမှ ကြေငြာသည်။

လောနိုင်ငံ ဝန်ကြီးချုပ် ဆူဗန်နူဖောင်သည် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် သမ္မတကြီး ဦးနေဝင်း၏ ဖိတ်ကြားချက်အရ လာရောက် လည်ပတ်ရန် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။

၂၀ ဂျင်မီကာတာသည် အမေရိကန် နိုင်ငံ၏ ၃၉ ဦးမြောက် သမ္မတအဖြစ် ကျမ်းသစ္စာ ကျိန်ဆိုသည်။

မျက်ခမ်းစပ်ရောဂါ တိုက်ဖျက်ရေး နှစ်ပတ်လည် ညီနိုင်း ဆွေးနွေးပွဲကို ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်း ဆေးပညာဌာနဌ ကျင်းပသည်။

၂၂ အရှေ့တောင် အာရှ နိုင်ငံများ အဖွဲ့ (အေစီယင်) ဝင် နိုင်ငံများ အချင်းချင်း ကုန်သွယ်ရာတွင် ဦးစားပေး ကုန်သွယ်ရေး စနစ်ဖြင့် လုပ်ဆောင်ကြရန် အေစီယင် ကုန်သွယ်ရေး ဝန်ကြီးများက သဘောတူညီကြသည်။

ပြင်သစ်သမ္မတ ဂစ်စကာတ်ဒက်စတိုင်းသည် ဆာ့ဦးဒီ အာရေဗျ နိုင်ငံတွင် အစိုးရည့်သည်တော်အဖြစ် သုံးရက်ကြာ လည်ပတ်ရန် ရီယဒ်မြို့သို့ ရောက်သည်။

၂၅ ပုံနှိပ်ရေးနှင့် စာအုပ် ထုတ်ဝေရေး ကော်ပိုရေးရှင်း၊ စာပေဗိမာန် အဖွဲ့က ကြီးမှူး၍ ဒါးရက်ကြာ ကျင်းပမည့် သုတစာပေ ဆွေးနွေးပွဲကို ရွှေတိဂုံ ဘုရားလမ်းရှိ ဂျူဗလီခန်းမ၌ စတင် ကျင်းပသည်။

မြန်မာနိုင်ငံ၌ ဆေးပညာ သင်ကြားရေးကို လေ့လာ ကြည့်ရှုရန် ရောက်ရှိနေသော ဆာရောဗတ်ရိုက် ခေါင်းဆောင်သည့် ဗြိတိန်နိုင်ငံ အထွေထွေ ဆေးကောင်စီ ကိုယ်စားလှယ်အား ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဦးကြည်မောင်က လက်ခံ တွေ့ဆုံသည်။

၂၃ ဥရောပ ဘုံစျေးအဖွဲ့ (အီးအီးစီ)၏ ရေပြင် ပိုင်နက် ၂၀၀ အတွင်း ငါးဖမ်းနေကြသော ရုရှ၊ ပိုလန်နှင့် အရှေ့ ဂျာမနီ နိုင်ငံများပိုင် ငါးဖမ်း သင်္ဘောစင်းရေကို လျှော့ချရန် ဘုံစျေး အဖွဲ့က သက်ဆိုင်ရာ နိုင်ငံများသို့ အကြောင်းကြားစာများ ပေးပို့သည်။

၂၉ အိန္ဒိယ နိုင်ငံ ဝန်ကြီးချုပ် အင်ဒီရာဂန္ဓီသည် မတ်လ၌ ကျင်းပမည့် အထွေထွေ ရွေးကောက်ပွဲ အတွက် မဲဆွယ် လုပ်ငန်းများကို စတင် ပြုလုပ်သည်။

အခွန် နှစ်ထပ်ကွမ်း ကောက်ခံမှု မရှိစေရန် နှင့် ဝင်ငွေခွန်မှ ရှောင်တိမ်းမှုကို ကာကွယ်ရန် အတွက် စက်ဘူနှင့် ဖိလစ်ပိုင် နိုင်ငံတို့သည် အကောက်ခွန် သဘောတူ စာချုပ် တရပ်ကို လက်မှတ်ရေးထိုးကြသည်။

၃၁ ဗီယက်နမ် အမျိုးသား ညီညွတ်ရေး တပ်ဦး၏ညီလာခံကို ဟိုချီမင်းမြို့တော်၌ကျင်းပသည်။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံ ရုပ်ရှင်ကောင်စီ စည်းရုံးရေး ကော်မိတီနှင့် ရုပ်ရှင် လုပ်ငန်း ပညာသည်များ၏ ပထမ အကြိမ် ဆွေးနွေးပွဲကို ကျင်းပသည်။

ဖေဖော်ဝါရီလ

၁ ဗဲလာရိုတ်မြို့၌ ကျင်းပသော ဥရောပ ကြားနေရေးနှင့် ဘက်မလိုက် ကိုးနိုင်ငံ၏ နှစ်ရက်ကြာ ညီလာခံ ပြီးဆုံးသည်။

၂ အိန္ဒိယ အောက်လှတ်တော် ရွေးကောက်ပွဲကို မတ်လ ၁၆ ရက်နေ့မှ ၂၀ ရက်နေ့ အတွင်း ကျင်းပမည် ဖြစ်ကြောင်း ကြေငြာသည်။

၃ အီသီအိုးပီးယားနိုင်ငံ၌ လက်ရှိအာဏာရှိ ယာယီ စစ်အုပ်ချုပ်ရေး ကောင်စီကိုအာဏာသိမ်းရန် ကြိုးပမ်းမှုတရပ်ဖြစ်ပွားသည်။ သို့ရာတွင် မအောင်မြင်ပဲ ဗိုလ်မှူးချုပ် ဘင်တီနှင့် အခြား စစ်ဖက် ခေါင်းဆောင် ခြောက်ဦး ကွပ်မျက်ခံရသည်။

ဆင်ဟွာ နေ့စဉ် သတင်းစာ အယ်ဒီတာချုပ် မစ္စတာဖန်ဖယ်ဒန်း ခေါင်းဆောင်သော တရုတ် သတင်းစာ ကိုယ်စားလှယ် အဖွဲ့ဝင် ဆယ်ဦးသည် ရန်ကုန်မြို့သို့ရောက်ရှိလာသည်။

အနှစ် ၃၀ မြောက် မွန်အမျိုးသားနေ့ ပွဲတော်ကို ရန်ကုန်မြို့သိမ်ဖြူကုန်း၌ ကျင်းပသည်။

၅ သီရိလင်္ကာ နိုင်ငံတွင် သပိတ်မှောက်မှုများ ဖြစ်ပွားပြီးနောက် လက်ရှိ နိုင်ငံရေးအခြေအနေကို ဆွေးနွေးရန် ဝန်ကြီးချုပ် သီရိမာဗို ဗန္ဒာရနိုက်ကေးက သူ၏လွတ်လပ်ရေးပါတီ ထိပ်သီး အစည်းအဝေးတရပ်ခေါ်သည်။

တန်ဇားနီးယား နိုင်ငံ သမ္မတ ဂျူးလယ်ပြည်ရေးရေးက ချမာချမာပင်ဒူဇီ (တော်လှန်ရေး)အမည်ရှိ ပါတီကို ထူထောင်သည်။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် သမ္မတကြီး ဦးနေဝင်း၏ ဖိတ်ကြားချက်အရ ကွယ်လွန်သူ တရုတ်ပြည်ဝန်ကြီးချုပ် ချူအင်လိုင်း၏ဇနီးတို့ရင်ချောင်သည် ရန်ကုန်မြို့သို့ ချစ်ကြည်ရေးခရီးဆိုက်ရောက်လာသည်။

၁၄ ကြိမ်မြောက် မြန်မာ့ ကျောက်မျက်ရတနာ ပြပွဲ စတင် ဖွင့်လှစ်သည်။

၂ အကြိမ် ၃၀ မြောက် ရှမ်းအမျိုးသားနေ့ကို တောင်ကြီးမြို့ ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ် ရင်ပြင်တွင် ကျင်းပသည်။

၈ ဆူဒန် နိုင်ငံတွင် အစိုးရ အဖွဲ့သစ် ဖွဲ့နိုင်ရန် သမ္မတ နိမေရီးက လက်ရှိ အစိုးရအဖွဲ့အား ဖျက်သိမ်းလိုက်ကြောင်း ကြေငြာသည်။

၁၀ မြန်မာနိုင်ငံသို့ ရောက်ရှိနေသော ကွယ်လွန်သူ ဝန်ကြီးချုပ် ချူအင်လိုင်း၏ ဇနီး တိန့်ရင်ချောင်က နိုင်ငံတော် သမ္မတကြီး နှင့်

ဇနီးအား ရန်ကုန်မြို့၌ ညစာစားပွဲဖြင့် ပြန်လည် ဂုဏ်ပြု ဧည့်ခံသည်။

၁၁ အိန္ဒိယ နိုင်ငံ သမ္မတ ဖီကရွှဒင် အလီ အာမက် ၇၂ နှစ်သည် နှလုံးရောဂါဖြင့် ကွယ်လွန်သည်။ ဒုတိယ သမ္မတ ဘာဆပ် ပါဒါနပ် ပါဂျတ္တီသည် ယာယီ သမ္မတအဖြစ် ကျမ်းသစ္စာ ဆိုသည်။

၁၂ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်၏ ပြည်ထောင်စုနေ့ဖြစ်သည်။

ပြင်သစ်နိုင်ငံသည် ပင်လယ်ပြင် စီးပွားရေး ဇုံမိုင် ၂၀၀ အထိ တိုးခဲ့၍ သတ်မှတ်ကြောင်း ကြေငြာသည်။

၁၃ စိုက်ပရပ် နိုင်ငံကို ဂရိန္ဒယ်ဖွား စိုက်ပရပ် နှင့် တူရကီ နွယ်ဖွား စိုက်ပရပ်တို့ ပေါင်းစည်းထားသော ဖက်ဒရယ် နိုင်ငံ အဖြစ် ထူထောင်ရန် သဘောတူညီမှု ရရှိပြီဟု သမ္မတ မကာရီယို့စ က ကြေငြာသည်။

မြန်မာနိုင်ငံ ကလေးများနေ့ကို လူမှုဝန်ထမ်း ဌာနက ကြီးမှူး ကျင်းပသည်။

၁၄ လောနိုင်ငံမှ ထွက်ပြေးလာခဲ့သော လေယာဉ် သုံးစင်းကို လောနိုင်ငံ အစိုးရအား ထိုင်းနိုင်ငံအစိုးရက ဗန်ကောက်မြို့တွင် ပြန်လည် အပ်နှံလိုက်သည်။

၁၅ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတ နိုင်ငံနှင့် ကိုရီးယား ဒီမိုကရက်တစ် ပြည်သူ့ သမ္မတ နိုင်ငံတို့သည် သိပ္ပံနှင့် အတတ်ပညာ ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် တရပ်ကို ဟနွိုင်မြို့တွင် လက်မှတ်ရေးထိုးသည်။

၁၆ မြန်မာနိုင်ငံနှင့်ထိုင်းနိုင်ငံတို့မှ ဆန်ဝယ်ယူရန် အင်ဒိုနီးရှားနိုင်ငံအား ဂျပန်နိုင်ငံက အမေရိကန်ဒေါ်လာ ငါးသန်း ထောက်ပံ့သည်။

၁၇ အရှေ့အလယ်ပိုင်း စေ့စပ် ဆွေးနွေးရာတွင် ပယ်လက်စတိုင်နိုင်ငံ ပါဝင်ရေးအတွက် အီဂျစ် သမ္မတ အန္နဝါဆဒတ်က အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဗန်စနှင့် ဆွေးနွေးစဉ်က တင်ပြခဲ့သော သဘောထားသစ်များနှင့် စပ်လျဉ်း၍ အီဂျစ်နှင့်ပယ်လက်စတိုင်လွတ်မြောက်ရေးအဖွဲ့(ပီအယ်အို)တို့၏ညီနွှိုင်းပွဲစတင်သည်။

၁၀ ပယ်လက်စတိုင် လွတ်မြောက်ရေး အဖွဲ့ (ပီအယ်အို) ခေါင်းဆောင် ယာဆာအာရဖတ်က သမ္မတ ဆဒတ် အဆိုပြုခဲ့သည့် ဂျော်ဒန်နှင့် ပယ်လက်စတိုင် ပြည်ထောင်စုဖွဲ့ရေး သဘောထားကို လက်ခံလိုက်ကြောင်း အမေရိကန် တိုင်းမဂ္ဂဇင်းက ဖော်ပြသည်။

၁၁ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၏ တတိယ အကြိမ် ပါတီ ညီလာခံကို မဂ်လာဒုံဗဟို နိုင်ငံရေးသိပ္ပံ ဝင်းအတွင်းရှိ ညီလာခံ ခန်းမ၌ စတင် ကျင်းပသည်။

၁၂ ဗြိတိသျှ ဝန်ကြီးချုပ် ကယ်လဟန်က ကွယ်လွန်သူ နိုင်ငံခြားရေး ဝန်ကြီး ခရောစလင်း၏ နေရာတွင် ဒေါက်တာ အိုဝင်(၃၈ နှစ်) အား ခန့်ထားလိုက်သည်။

၁၃ ရုရှနိုင်ငံက ငါးဖမ်း ရေပိုင်နက်ကို မိုင် ၂၀၀ အထိ တိုးခဲ့၍ သတ်မှတ်ကြောင်း ထုတ်ပြန်လိုက်သည်။

၁၄ ရုရှ အာကာသယာဉ်မှူး နှစ်ဦးသည် ဆာယု ၅ အာကာသယာဉ်ဖြင့် အာကာသတွင် ရက်သတ္တ နှစ်ပတ်ကြာမျှ သိပ္ပံဆိုင်ရာစူးစမ်းလေ့လာမှုများကို အောင်မြင်စွာ ဆောင်ရွက်ခဲ့ပြီးနောက် ကမ္ဘာမြေပြင်သို့ ချောမောစွာ ပြန်ရောက်သည်။

၁၅ အီရန် နိုင်ငံတို့သည် နျူးကလီးယား စွမ်းအင်ကို ငြိမ်းချမ်းစွာ အသုံးပြုရေးအတွက် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်ကို ဘုံဘေမြို့၌ လက်မှတ်ရေးထိုးသည်။

၁၉၇၇ ခုနှစ် ဖြစ်ရပ်မျှင်း

၂၂ အာဖဂန်နိုစတန်နိုင်ငံ သမ္မတသစ် မိုဟာမက်ဒါဝတ်က အစိုးရနှင့် တော်လှန်ရေး ဗဟို ကော်မိတီကို ဖျက်သိမ်းကြောင်း ကဗူး ရေဒီယို မှ ကြေငြာသည်။

၂၈ ဂျပန် နိုင်ငံက ပါကစ္စတန်နိုင်ငံသို့ ယန်းသန်းပေါင်း ၁၀၅,၀၀၀(ဒေါ်လာ ၆၅ သန်း) ချေးမည်ဟု ပါကစ္စတန်နိုင်ငံ အစွလာမွာဗတ် မြို့တွင် ကြေငြာသည်။

မတ်လ

၁ ရိုဒီးဇီးယား အစိုးရက လူဖြူများပိုင်သော မြေဟက်တာ ၁၀ သန်းမှ ဟက်တာ နှစ်သိန်းသို့ လျော့ချရန် မြေယာ ပိုင်ဆိုင်ခွင့်ဥပဒေ ပြင်ဆင်မည့် ဥပဒေကြမ်းတရပ်ကို မြေယာဝန်ကြီးက ပါလီမန်သို့ တင်သွင်းသည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ တတိယ အကြိမ် ပါတီ ညီလာခံကို ကိုးရက်တိုင်တိုင် ကျင်းပပြီးနောက် ပြီးဆုံးသွားသည်။

၂ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်၏ တောင်သူ လယ်သမားနေ့ ဖြစ်သည်။

အရှေ့ဥရောပ နိုင်ငံများမှ ကွန်မြူနစ်ပါတီ အတွင်းရေးမှူးများနှင့် ကျူးဗား၊ မွန်ဂိုလီးယား နိုင်ငံတို့မှ အရာရှိများသည် သဘောတရားရေးရာနှင့် နိုင်ငံတကာ ပြဿနာများကို ဗူလဂေးရီးယားနိုင်ငံ ဆိုဖီယာမြို့တွင် တွေ့ဆုံဆွေးနွေးကြသည်။

၁၉၇၇ ခုနှစ် တောင်သူ လယ်သမားနေ့ကို

မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ တတိယအကြိမ် ပါတီညီလာခံကြီးတွင် အထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးစန်းယု မိန့်ခွန်းပြောကြားနေစဉ်



၁၉၇၇ ခုနှစ် ဖြစ်ရပ်များ

တနိုင်ငံလုံး၌ ကျင်းပရာ ပြည်နယ်နှင့် တိုင်းတို့၌ လူထု စည်းဝေးပွဲများကျင်းပကာ နိုင်ငံတော် သမ္မတကြီး ဦးနေဝင်း၏ သဝဏ်လွှာ ဖတ်ကြားသည်။

၃ ကမ္ဘာ့ဘဏ်က အိန္ဒိယ၊ ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှား နိုင်ငံများသို့ ဖွံ့ဖြိုးရေး ချေးငွေ စုစုပေါင်း ဒေါ်လာ ၁၈၈ သန်း ထုတ်ချေးမည် ဖြစ်ကြောင်း ကြေငြာသည်။

၄ ထိုင်းနိုင်ငံနှင့် မလေးရှား နိုင်ငံတို့သည် တနိုင်ငံ၏ နယ်နိမိတ်မှ အခြား နိုင်ငံ၏ နယ်နိမိတ် အတွင်းသို့ ပြေးဝင်သည့် ကွန်မြူနစ် ပြောက်ကျားများကို အပူတပြင်း လိုက်လံ တိုက်ခိုက်နိုင်ခွင့်ကိုသဘောတူသော နယ်နိမိတ် စာချုပ်သစ်တရပ်ကို ချုပ်ဆိုကြသည်။

အရှေ့ ဥရောပ နိုင်ငံများတွင် ရစ်ခတာ စကေး ၇ မှ ၇.၅ ရှိသော မြေငလျင်လှုပ်ရာ ရူမေးနီးယား နိုင်ငံသည် ငလျင်ဒဏ်ကို အဆိုးရွားဆုံးခံလိုက်ရပြီး လူပေါင်း ၁,၅၇၀ သေဆုံး၍ ၁၁,၃၀၀ ဒဏ်ရာရပြီး အိုးအိမ် ၃၂,၉၀၀ ပျက်စီးခဲ့ရပြီး အိမ်ထောင်စု ၃၅,၀၀၀ အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသည်။

၅ ဗရာဇီးနိုင်ငံ ပြည်တွင်းရေး မူဝါဒများကို အမေရိကန်သမ္မတ ဂျင်မီကာတာ အစိုးရက ဝေဖန်ခဲ့ခြင်းကြောင့် အမေရိကန် နိုင်ငံက ပေးအပ်မည့် စစ်ရေး အကူအညီကို ဗရာဇီး နိုင်ငံက လက်မခံချေ။

၆ အဇ္ဇရီယယ် ဆန့်ကျင်ရေး ပယ်လက်စတိုင် အရေးတော်ကို အကျိုးပြုနိုင်ရန် တိုင်းနှင့် နယူးစဝိခ်မဂ္ဂဇင်းစသော အနောက် စာနယ်ဇင်းများကို အာရပ် ရေနံငွေကြေးဖြင့် ဝယ်ယူသင့်ကြောင်း ပယ်လက်စတိုင် ခေါင်းဆောင် အဘူဒါဝတ်က ပြောကြားသည်။

မြန်မာ ဂျပန် ယဉ်ကျေးမှု ဖလှယ်ရေး အစီအစဉ်အရ ရန်ကုန်မြို့သို့ ရောက်ရှိနေသော ဂျပန်ကဘူကီ အဖွဲ့သည် လမ်းမတော် လဟာပြင် ဇာတ်ရုံ၌ စတင် ကပြသည်။

၇ ပထမဆုံးအကြိမ် ကျင်းပသော အာရပ်နှင့် အာဖရိက နိုင်ငံများ၏ ထိပ်သီး ညီလာခံကို ကိုင်ရှိမြို့တွင် အီဂျစ်သမ္မတ အနွဝါဆဒတ်က ဖွင့်လှစ်လိုက်သည်။

ပါကစ္စတန် နိုင်ငံ၏ အထွေထွေ ရွေးကောက်ပွဲတွင် ဝန်ကြီးချုပ် အလီဘူတိုနှင့် ယင်း၏ ပါကစ္စတန်ပြည်သူ့ပါတီသည် မဲအပြတ်အသတ် နိုင်ကာ အာဏာ ပြန်လည် ရရှိလာခဲ့သည်။

ကမ်ပူးချားနိုင်ငံ ဒုတိယ ဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီးဖြစ်သူ မစ္စတာ အင်ဆာရီနှင့် အဖွဲ့ဝင် ငါးဦးသည် ရန်ကုန်မြို့သို့ ချစ်ကြည်ရေးခရီး ရောက်ရှိလာကြသည်။

၈ ရှဗားပြည်နယ် (ယခင် ကတန်ဂါ) ကို ကွန်ဂို အမျိုးသား လွတ်မြောက်ရေး တပ်ဦး (အက်ဖ အယ်အင်စီ) ပြောက်ကျားများက ဝင်ရောက်တိုက်ခိုက်သည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် သမ္မတကြီးနှင့်အဖွဲ့သည် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်နှင့် အရှေ့မြောက်တိုင်း စစ်ဌာနချုပ် နယ်မြေများသို့ လှည့်လည် စဝ်ဆေးကြည့်ရှုသည်။

၉ ကိုယ်စားလှယ် အဖွဲ့ပေါင်း ၆၀ တက်ရောက်ပြီး သုံးရက်ကြာ ကျင်းပခဲ့သော ပထမဆုံး အကြိမ် အာရပ်နှင့် အာဖရိက နိုင်ငံများ၏ ထိပ်သီး ညီလာခံ ပြီးဆုံးသည်။ တတိယ ကမ္ဘာ့ နိုင်ငံများ အနေနှင့် စီးပွားရေး မိတ်ဖက် အဖွဲ့အစည်းတခု ဖွဲ့စည်းရန် ပယ်လက်စတိုင်လွတ်မြောက်ရေးအဖွဲ့နှင့်တကွ အာဖရိက တောင်ပိုင်းနှင့် ပြင်သစ်လက်အောက်ရှိ အာဖရိကဒေသများ၌ ဖြစ်ပေါ်သော လွတ်မြောက်ရေး လှုပ်ရှားမှုများကို ထောက်ခံကြောင်းစသော အချက်များ ပါသည့် ကြေငြာချက်တရပ် ထုတ်ပြန်လေသည်။

၁၀ အန်ဂိုလာတပ်များက ဇိုင်ယာ နိုင်ငံသို့ ဝင်ရောက် တိုက်ခိုက်ကြောင်း ဇိုင်ယာသတင်းဌာနက ကြေငြာသည်။

ရုရှနိုင်ငံနှင့် ဥရောပ ဘုံစျေး အဖွဲ့ဝင် ကိုးနိုင်ငံ၏ ရေရှည် ငါးဖမ်းရေး ဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုရေးနှင့် စပ်လျဉ်းသည့် စေ့စပ်ဆွေးနွေးပွဲ၌ အကြီးအကျယ်သဘောထားကွဲလွဲမှုများရှိနေ၍ နှစ်ဖက်စလုံးကဧပြီလ ၁၉ ရက်နေ့ အထိရှေ့ဆိုင်းရန် ဆုံးဖြတ်လိုက်ကြသည်။

၁၁ ဂျင်မီကာတာအစိုးရက ဗရာဇီးနိုင်ငံ၌ လူ့အခွင့်အရေး ချိုးဖောက်မှုများရှိနေသည်ဟု စွပ်စွဲခဲ့ခြင်းကြောင့် ဗရာဇီး အစိုးရသည် အမေရိကန် ပြည်ထောင်စုက ပေးမည့် ဒေါ်လာ သန်း ၅၀ တန်ဖိုးရှိသော လုံခြုံရေး အကူအညီကို ငြင်းပယ်လိုက်ပြီး အမေရိကန်ပြည်ထောင်စုနှင့် ၂၅ နှစ်ကြာ ချုပ်ဆိုခဲ့သော စစ်စာချုပ်ကို ရပ်စဲလိုက်သည်။

ဗဟို ပြည်သူ့တောင်သူလယ်သမား ကောင်စီ အမှုဆောင် ကော်မီတီသည် ပထမ အကြိမ် တောင်သူ လယ်သမား အစည်းအရုံး ညီလာခံ ကျင်းပရေး ကော်မရှင်ကို ဖွဲ့စည်းလိုက်သည်။

၁၂ အင်ဒိုနီးရှားနိုင်ငံသည် ရုရှနိုင်ငံနှင့်တကွ ဥရောပ ကွန်မြူနစ်နိုင်ငံများနှင့် ကုန်သွယ်ရေးနှင့် စီးပွားရေး ဆက်ဆံမှု ပြန်လည် ကောင်းမွန်အောင်ပြုလုပ်ရာတွင် အခက်အခဲနှင့် ကြုံတွေ့နေရကြောင်း အင်ဒိုနီးရှားနိုင်ငံခြားရေး ဝန်ကြီး အဒမ်မာလစ်က ပြောကြားသည်။

၁၃ အစိုးရကိုဖြုတ်ချရန်ကြံစည်မှုများ ရှိနေသည်ဟု ကြေငြာပြီး ချီးလီးနိုင်ငံတွင် နိုင်ငံရေး လှုပ်ရှားမှုများနှင့် နိုင်ငံရေး အဖွဲ့အစည်းများ အားလုံးကို အစိုးရကပိတ်ပင် လိုက်သည်။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံ နိုင်ငံတော် သမ္မတကြီး ဦးနေဝင်းသည် ကမ်ပူးချားနိုင်ငံ ဒုတိယဝန်ကြီးချုပ် အင်ဆာရီအား သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံသည်။

၁၄ ကမ်ပူးချား ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဒုတိယ ဝန်ကြီးချုပ် မစ္စတာ အင်ဆာရီသည် မြန်မာနိုင်ငံ၌ တပတ်ကြာ ချစ်ကြည်ရေးခရီး လှည့်လည် ပြီးနောက် ကမ်ပူးချား နိုင်ငံသို့ ပြန်လည် ထွက်ခွာသွားသည်။

၁၅ အဇ္ဇရီယယ်တပ်များ ရုပ်သိမ်းသွားပြီး လွတ်မြောက်လာမည့် နယ်မြေပေါ်တွင် ပယ်လက်စတိုင် နိုင်ငံငယ် ထူထောင်ရေးကို လက်ခံမည် ဖြစ်ကြောင်း၊ အဇ္ဇရီယယ်နှင့် လက်ခံဆွေးနွေးမှုမှန်သမျှကို ဆန့်ကျင်သည့် ပယ်လက်စတိုင် တပ်ဦး ခေါင်းဆောင် တဦး ဖြစ်သူ တေဆီယာဂူဘားက ပထမဆုံးအကြိမ် ထုတ်ဖော် ပြောကြားသည်။

ဩစတြေလီးယား နိုင်ငံသည် အရှေ့တောင်အာရှ နိုင်ငံများ အဖွဲ့ (အေစီယင်) ၀င် နိုင်ငံများနှင့် ရှိရင်းစွဲ ဆက်ဆံမှုများ ပိုမို ဖွံ့ဖြိုးတိုးတက်ရေးကို လွန်စွာ အလေးထားသည်ဟု

၁၉၇၇ ခုနှစ် ဖြစ်ရပ်များ

ဩစတြေလီးယား နိုင်ငံရေး ဝန်ကြီး အင်ဒရူး ပီးကော့က လွှတ်တော်၌ ပြောဆိုသည်။

၁၆ လက်ဗနွန် ဆိုရှယ်လစ် ခေါင်းဆောင် ကဖားဂျမ်ဗလတ်သည် တောင်ကွေ့ လမ်း တလမ်းတွင် လုပ်ကြံ သတ်ဖြတ်ခံရသည်။

စစ်ဒဏ်ကြောင့် ကြေမွ ပျက်ပြုန်းခဲ့ရသော ဗီယက်နမ် နိုင်ငံ၏ စီးပွားရေးကို ပြန်လည် ထူထောင်ရာတွင် စက်မှုနှင့် စီးပွားရေး အကူ အညီ ဝိုင်းဝန်း ပေးကြရန် ကုလသမဂ္ဂ ညီလာခံ၌ ဗီယက်နမ်ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် ငုယင်ဗန်ဆန်က ပြောကြားသည်။

ဇိုင်ယာသမ္မတ မိုဗူတူ၏ မေတ္တာရပ်ခံချက် အရ ဗဲလဂျီယမ် လေယာဉ်နှစ်စီးဖြင့် လက်နက်များ ဇိုင်ယာနိုင်ငံသို့ ရောက်လာသည်။

၁၇ အင်ဒိုချိုင်းနား စစ်တွင် ပျောက်ဆုံးနေသည်ဟု စာရင်း ပြထားသော အမေရိကန် စစ်သားများကို ရှာဖွေပေးရန် ဗီယက်နမ် အစိုးရက ကတိပြုသည်။

မြန်မာနိုင်ငံအတွက် အော့တာ လေယာဉ် လေးစင်း ဝယ်ယူရန် ဒီဟဲဗီလန် လေယာဉ် ကုမ္ပဏီနှင့် စာချုပ် လက်မှတ် ရေးထိုးသည်။

စစ်ကိုင်း ခရိုင် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေး သိပ္ပံ၏ အဌမ အကြိမ်မြောက် သင်တန်း ပြီးဆုံးပွဲ ကျင်းပသည်။

သုံးကြိမ်မြောက် မွန်ပြည်နယ်နေ့ကို မော်လမြိုင်မြို့၌ ကျင်းပသည်။

၁၈ အမေရိကန် ပြည်ထောင်စုသည် ၁၉၇၈ ခုနှစ်တွင် နိုင်ငံခြား ထောက်ပံ့ငွေ ဒေါ်လာ ကုဋ္ဌေ ၇၄၀ သုံးစွဲရန် သမ္မတ ဂျင်မီကာတာက အဆိုပြုသည်။

ရုရှနှင့် ဂျပန် နိုင်ငံတို့သည် ဆိုက်ဗီးရီးယား ပြည်နယ်တွင် သဘာဝ ဓာတ်ငွေ့ ရှာဖွေ ထုတ်လုပ်ရေး လုပ်ငန်းကြီး တရပ်ကို ပူးပေါင်း လုပ်ဆောင်မည် ဖြစ်ကြောင်း ဂျပန်နိုင်ငံခြားရေး ဌာနက ထုတ်ဖော် ပြောဆိုသည်။

၁၉ အာဖရိကတိုက်ရှိ ပြင်သစ် လက်အောက်ခံ ဂျီဗူတီ နယ်မြေ (အဖားနှင့် အိုက်ဆက်) သည် ဇွန်လ ၂၇ ရက်နေ့တွင် လွတ်လပ်ရေးရမည် ဖြစ်ကြောင်း ပဲရစ်မြို့တွင် ကြေငြာသည်။

ကွန်ဂို သမ္မတ မာရီယင်အင်ဂွာဘီအား အသေခံ ကွန်မန်ဒို တဦးက ဗရာဇာဗီးမြို့ စစ်ဌာနချုပ်၌ လုပ်ကြံ သတ်ဖြတ်လိုက်သည်။

ဇန္နဝါရီလ အတွင်းက ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်သို့ လောပြည်သူ့ ဒီမိုကရက်တစ် သမ္မတ နိုင်ငံ သမ္မတ ကြီး အလည်အပတ် ရောက်ရှိစဉ် မြန်မာနိုင်ငံနှင့် ဆွေးနွေးချက်များ အရ မြန်မာနိုင်ငံမှ လောနိုင်ငံသို့ ဆန်တန် ၃၀၀ လျှုဒါန်း ပေးအပ်ပွဲကို နှစ်နိုင်ငံ နယ်စပ် မဲခေါင်မြစ် ကမ်းပါးရှိ လောနိုင်ငံ တုံမိုင်မြို့နယ် မိန်းမောင်း ကျေးရွာ၌ ကျင်းပသည်။

၂၀ အိန္ဒိယ ဝန်ကြီးချုပ် အင်ဒီရာဂန္ဓီသည် ဥတ္တရာပဒေသ ပြည်နယ် ယင်း၏မဲဆန္ဒနယ်မြေတွင် ရပ်ချနရိန်နှင့် ယှဉ်ပြိုင် အရွေးခံရာ ရပ်ချနရိန်က အင်ဒီရာဂန္ဓီအား မဲပေါင်း ၅,၅၀၀ ကျော်ဖြင့် အနိုင်ရရှိ သွားကြောင်း ဆမာချာ သတင်း ဌာနက ကြေငြာသည်။

၂၁ ကုလသမဂ္ဂလုံခြုံရေးကောင်စီ အလှည့်ကျ ဥက္ကဋ္ဌ ကုလသမဂ္ဂဆိုင်ရာ အမေရိကန် သံအမတ်ကြီး အင်ဒရူးယန်းက အာဖရိက တောင်ပိုင်း၌ လူမျိုး ခွဲခြားခြင်း စနစ် ကျင့်သုံးနေခြင်းကို လုံခြုံရေး ကောင်စီ အဖွဲ့၏ ကိုယ်စား ပြစ်တင်ရှုံ့ချလိုက်ပြီး ယင်းစနစ် ပပျောက်ရေးအတွက် အားထုတ် ကြိုးပမ်းမည်ဟု ကတိပြုသည်။

ပထမ အကြိမ် ပြည်သူ့လွှတ်တော် သတ္တမ အစည်း အဝေးကို ရန်ကုန်မြို့ အလုံရပ် သမ္မတ အိမ်တော်ဝင်းအတွင်းရှိ စည်းဝေးခန်းမ၌ စတင် ကျင်းပသည်။

၂၂ အိန္ဒိယ နိုင်ငံတွင် အတိုက်အခံ ဂျနာတာ ပါတီနှင့် မဟာမိတ်များသည် အထွေထွေ ရွေးကောက်ပွဲတွင် အာဏာရ ကွန်ဂရက်ပါတီ အပေါ် အပြတ်အသတ် အနိုင် ရရှိ၍ ဝန်ကြီးချုပ် အင်ဒီရာဂန္ဓီ ရာထူးမှ နုတ်ထွက်သည်။

အမေရိကန်နှင့် ဂျပန် နိုင်ငံတို့သည် အဓိက စက်မှု နိုင်ငံကြီး နှစ်နိုင်ငံ အနေဖြင့် ကမ္ဘာ့ စီးပွားရေးကို ပြန်လည် တိုးတက် ကောင်းမွန်လာစေရန် သက်ဆိုင်ရာ အခြေအနေများနှင့် အညီ အချိုးကျကျ ကြိုးပမ်း လုပ်ဆောင်သွားသင့်ကြောင်း အမေရိကန် သမ္မတ ဂျင်မီကာတာနှင့် ဂျပန် ဝန်ကြီးချုပ် ဖူကူဒါတို့ ပူးတွဲ ကြေငြာသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီး ဦးလွင်သည် ပြည်သူ့လွှတ်တော် အစည်းအဝေး၌ ၁၉၇၇ ခုနှစ် ရသုံး ခန့်မှန်းခြေ ငွေစာရင်းနှင့် ၁၉၇၇-၇၈ ခုနှစ် စီးပွားရေး စီမံကိန်း ရည်မှန်းချက်ကို တင်သွင်းသည်။

၂၃ တန်ဇားနီးယားနိုင်ငံ သမ္မတ ည်ရေးရေးနှင့် ဆွေးနွေးရန် ဒါရက်ဆလမ်မြို့သို့ ရောက်ရှိလာသော ရုရှနိုင်ငံ သမ္မတ ပေါ့ဂေါ်ရနီက ရုရှနှင့် အာဖရိက ပိုမို ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်သွားကြရန် နှိုးဆော်ပြီး အာဖရိက တိုက်တွင် စစ်အခြေခံ စခန်းများထူထောင်ခွင့် ရရန် ကြိုးစားမည်ဟု ပြောဆိုသည်။

အိုက်စလန်ကျွန်းသည် လွန်ခဲ့သည့် နှစ် ၂၀၀ အတွင်း နှစ်စဉ် ဒသမ ၈ လက်မ ကျယ်ပြန့်လာလျက် ရှိ၍ လွန်ခဲ့သည့်နှစ်ကထက် အဆ ၁၀၀ မျှ ကျယ်ပြန့်လာကြောင်း ဥရောပတိုက်နှင့် အမေရိကတိုက်တို့ နှစ်စဉ် ဝေးလျက် ရှိကြောင်း အိုက်စလန် သိပ္ပံပညာရှင်ငါးဦးက ထုတ်ဖော်ရေးသားသည်။

ကျင်းပဆဲ ပြည်သူ့ လွှတ်တော်တွင် အပြည်ပြည် ဆိုင်ရာ ငွေကြေး ရန်ပုံငွေ အဖွဲ့၏ သဘောတူ စာချုပ်များတွင် ပြင်ဆင်ချက် ပြုလုပ်ရန် နိုင်ငံတော် ကောင်စီက မူအားဖြင့် သဘော တူခဲ့သည်ကို ပြည်သူ့လွှတ်တော်က အတည်ပြုပေးရန် နိုင်ငံတော် ကောင်စီ အတွင်းရေးမှူးက လွှတ်တော်သို့ တင်သွင်းသည်။

၂၄ ဟယ်လင်းနစ် သမ္မတ နိုင်ငံ (ဂရိ) ၏ နှစ်ပတ်လည် အမျိုးသားနေ့ ဖြစ်သည်။

ဂျနတာပါတီခေါင်းဆောင် မိုရာဂျီဒေဆိုင်းအား ဝန်ကြီးချုပ်အဖြစ်ရွေးချယ်လိုက်ကြောင်း ကြေငြာသည်။

နိုင်ငံခြား တိုင်းပြည်များသို့ စေလွှတ်ထားသော အမေရိကန် စစ်အကြံပေး ပုဂ္ဂိုလ်များ ဦးရေကို သမ္မတကာတာ၏ နိုင်ငံခြားရေး ပေါ်လစီနှင့် အညီ လျှော့ချရန် အမေရိကန် စစ်ဌာနချုပ်က စီစဉ်နေသည်ဟု ကာကွယ်ရေး ဌာနက ဖော်ပြသည်။

၂၅ အိန္ဒိယ ဝန်ကြီးချုပ် မိုရာဂျီဒေဆိုင်းသည် အဖွဲ့ဝင် ၂၀ ပါဝင်သော အစိုးရ အဖွဲ့ကို ဖွဲ့စည်းလိုက်သည်။

တူရကီ အရှေ့ပိုင်းတွင် နံနက် ၂ နာရီ ၅၅ မိနစ် အချိန် ငလျင် ပြင်းထန်စွာ လှုပ်ရာ အန်ကာရာမြို့နှင့် ၃၇၅ မိုင် ဝေးသော လယ်ယာ လုပ်ငန်း ဒေသ ဖြစ်သည့် ပါလူမြို့တွင် လူအသေအပျောက်နှင့် ပျက်စီးမှုများသည်။ ငလျင် တုန်လှုပ်နှုန်းသည် ရစ်ခတာစကေး ၆ ဒသမ ၅ ဖြစ်သည်။

၁၉၇၇ ခုနှစ် ဖြစ်ရပ်များ

ထိုင်းနိုင်ငံတွင် စစ်ဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ပရာဆတ်သမွာသီရိက ဦးဆောင်ကာ ခြောက်လသား စစ်အုပ်ချုပ်ရေး အဖွဲ့ကို ဖြုတ်ချ၍ အာဏာသိမ်းလိုက်သည်။

၂၆ ဗင်္လားဒေ့ရှ ပြည်သူ့ သမ္မတနိုင်ငံ၏ ခြောက်နှစ်မြောက် လွှတ်လပ်ရေးနေ့ဖြစ်သည်။

ကုလသမဂ္ဂမှ ဦးစီး ကျင်းပသော ပထမ အကြိမ် ရေညီလာခံသည် ရေထိန်းသိမ်းရေး အတွက် မာဒါပလာတာ လုပ်ငန်း အစီအစဉ်ကို သဘောတူ လက်ခံအတည်ပြုကာ အစည်းအဝေး ပြီးဆုံးသွားသည်။ ယင်းအစီအစဉ်မှာ ယခု ရာစုနှစ်အကုန်တွင် တကမ္ဘာလုံး ကြုံတွေ့ရဖွယ်ရှိသည့် ရေပြဿနာကို ရှောင်ရှားရန် ဖြစ်သည်။

အပြည်ပြည် ဆိုင်ရာ ဌေးကြေး ရန်ပုံငွေအဖွဲ့ သဘောတူ စာချုပ် ပြင်ဆင်ချက် ပြုလုပ်ရန် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်က သဘောတူ အတည်ပြုလိုက်သည်။

၂၇ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်၏ ၃၂ ကြိမ်မြောက် တပ်မတော်နေ့ ဖြစ်သည်။

၂၈ ကျွမန် ဒီမိုကရက်တစ် သမ္မတနိုင်ငံမှ ရဲဘော် ဟိုဒေါလူ ခေါင်းဆောင်သော ကျွမန် ဆိုရှယ်လစ် ညီညွတ်ရေး ပါတီ ကိုယ်စားလှယ် အဖွဲ့သည် ရန်ကုန်မြို့သို့ ဆိုက်ရောက်လာသည်။

ကနေရီကျွန်းစု ဆန်တာခရူဒီဇာနေရီဖေမြို့လေဆိပ် လေယာဉ်ပြေး လမ်းပေါ်တွင် ဂျမ်ဘို ဂျက်လေယာဉ်ကြီး နှစ်စင်း မီးလောင် ပျက်စီးရာ သေသူ ၅၇၀ နှင့် ၁၈၀ရာရသူ ၃၄ ဦးရှိသည်။ လေကြောင်းသမိုင်းတွင် အဆိုးရွားဆုံး လေယာဉ်ချင်း တိုက်မှုကြီး ဖြစ်သည်။

မစ္စတာ ဇူလဖီကာ အလီဘူတိုသည် ပါကစ္စတန် ဝန်ကြီးချုပ် အဖြစ် ပြန်လည် အရွေးခံရသည်။

ရုရှ ကွန်မြူနစ် ပါတီ အတွင်းရေးမှူးချုပ် မစ္စတာ ဗရက်ဇညက်နှင့် နိုင်ငံခြားရေးဝန်ကြီး ဂရိုမီကိုတို့သည် မောစကိုမြို့သို့ ရောက်ရှိလာသော အမေရိကန် နိုင်ငံခြားရေး ဝန်ကြီး ဗန့်စနှင့် ကရင်မလင် နန်းတော်၌ အပြည်ပြည် ဆိုင်ရာ ပြဿနာများကို အပြန်အလှန် လက်ခံ နိုင်မည့်နည်းဖြင့် ဖြေရှင်းရန် ဆွေးနွေးကြသည်။

၂၉ ဇိုင်ယာနိုင်ငံ တောင်ပိုင်း ကြေးနီထွက်ရာ ဒေသကို ပြည်ပမှ ဝင်ရောက် ကျူးကျော်နေသည်မှာ ၂၂ ရက် ကြာခဲ့ပြီဖြစ်၍ ယင်းကျူးကျော်မှုကို တိုက်ဖျက်ချေမှုန်းရေးတွင် အာဖရိကညီညွတ်ရေးအဖွဲ့ (အိုအေယူ)က အပြည့်အဝ ထောက်ခံသွားမည်ဟု အိုအေယူယာယီ ဥက္ကဋ္ဌက ပြောကြားသည်။

နိုင်ငံတော်ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး စန်းယုသည် ချက်ကိုစလို့ ဗားကီးယား ဆိုရှယ်လစ်ဃမွတ နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဗိုဟူစလယ်ဆီးခန္ဓးဟက်နှင့် အဖွဲဝင်တို့အား နိုင်ငံတော်ကောင်စီရုံးတွင် တွေ့ဆုံသည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ အစည်းအဝေး ပြီးဆုံးသည်။ နိုင်ငံတော်ကောင်စီက ဦးမောင်မောင်ခအား ဝန်ကြီးချုပ် အဖြစ် ခန့်အပ်သည်ကို လွှတ်တော်က မှတ်တမ်းတင်သည်။

၃၀ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဗန့်စနှင့် ရုရှ ကွန်မြူနစ်ပါတီ ခေါင်းဆောင် ဗရက်ဇညက်တို့ သုံးရက်ကြာ ဆွေးနွေးပြီးနောက် မဟာဗျူဟာ လက်နက်ကန့်သတ်ရေး (ဆော့) စာချုပ်သစ် တရပ် ဆိုင်ရာ အမေရိကန်က အဆိုပြုချက် နှစ်ခုကို လက်နက် ထိန်းချုပ်ရေး ပြဿနာ အချို့အား သုံးသပ် ဖော်ပြထားခြင်းမရှိ၊ တရားမျှတသော အဆိုပြုချက် မဟုတ်ဟု ရုရှ ခေါင်းဆောင်များက အကြောင်းပြကာ ပယ်ချလိုက်သည်။

ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံမှ မစ္စတာ လီချန် ခေါင်းဆောင်သော သတင်းစာအဖွဲ့ ရန်ကုန်မြို့သို့ ဆိုက်ရောက်သည်။

ချက်ကိုဆလိုဗားကီးယား ဆိုရှယ်လစ်သမ္မတ နိုင်ငံမှ နိုင်ငံခြားရေး ဝန်ကြီး မစ္စတာ ဗိုဟူစလပ်ဆီးခန္ဓးဟက်နှင့် အဖွဲ့သည် နိုင်ငံတော်ဝန်ကြီးချုပ် ဦးမောင်ဝမောင်ခနှင့် ဝန်ကြီးချုပ်ရုံးတွင် တွေ့ဆုံသည်။

၃၁ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကုဗာလဟိုင်း ကမကထပြု၍ စိုက်ပျိုးရေး ဆွေးနွေးပွဲ ကျင်းပသည်၊ ဆွေးနွေးပွဲသို့ ဂရိန္ဒယ်ဖွားကိုယ်စားလှယ်အဖွဲ့နှင့် တူရကီန္ဒယ်ဖွား ကိုယ်စားလှယ် အဖွဲ့တို့ တက်ရောက်ကြသည်။

အာဖရိကနှင့် အာရပ် သတင်းဌာန ၃၅ ခုမှ အယ်ဒီတာများသည် ထရိပိုလီမြို့တွင် ငါးရက်ကြာ ညီလာခံ ကျင်းပ ပြီးစီးသွားသည်။ သတင်းခံဝေ သုံးစွဲရေးပူးတွဲ စီမံကိန်း တရပ် အကောင်အထည် ဖော်ရန်နှင့် ပိုမိုဆင်းရဲသော နိုင်ငံများ လုပ်ငန်းအခက်အခဲ ကျော်နိုင်ရန် ဆက်သွယ်မှု ကရိယာများ ရရှိရေးအတွက် အဖွဲ့ဖွဲ့ ကူညီရန် ဆုံးဖြတ်ကြသည်။

ဇိုင်ယာ နိုင်ငံ တောင်ပိုင်း ရှဗား ပြည်နယ် (ယခင် ကတန်းဂါး ပြည်နယ်) ၏ ကိုဝိဇ် မြို့မှ မိုင် ၅၀ အကွာ ဒေသသို့ ယခင် ကတန်းဂါး ပြည်နယ် ခွဲထွက်ရေး တပ်သား ၅၀၀၀ တို့ ကျူးကျော် ဝင်ရောက်လျက် ရှိကြောင်း ဇိုင်ယာ နိုင်ငံက ကြေငြာသည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ကောင်စီက ၁၉၇၇ ခု စီးပွားရေး စီမံကိန်း၏ ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု ရည်မှန်းချက်များ ဆိုင်ရာ ညပဒေနှင့် ၁၉၇၇ ခုနှစ် နိုင်ငံတော် ဘဏ္ဍာငွေ အရ အသုံးဆိုင်ရာ ညပဒေတို့ကို ထုတ်ပြန်ကြေငြာသည်။

ဧပြီလ

၁ တလကြာကျင်းပခဲ့သော ကုလသမဂ္ဂ ကုန်သွယ်မှုနှင့် ဖွံ့ဖြိုးရေး (အန်ကတတ်) ညီလာခံတွင် ကုန်စည် စျေးနှုန်းများ တည်ငြိမ်ရေး

ဆန်တာခရူဒီဇာနေရီဖေမြို့တွင် ဖြစ်ပွားခဲ့သော ကမ္ဘာ့လေကြောင်းသမိုင်းတွင် အဆိုးဝါးဆုံး လေယာဉ်ချင်းတိုက်မှုကြီး



၁၉၇၇ ခုနှစ် ဖြစ်ရပ်များ

အတွက် ဒေါ်လာ ၆၀၀ ရန်ပုံငွေ အဖွဲ့ထူထောင်ရန် စီမံကိန်း ရေးဆွဲသည်။ အား‌လုံးမှာ သဘောတူညီမှု မရရှိ ပျက်ပြားသွားသည်။

ဗင်္ဂလားဒေ့ရှ နိုင်ငံတွင် တနာရီလျှင် မိုင် ၁၀၀ နှုန်း တိုက်ခတ်သော လေဆင်နှာမောင်း မှေသဖြင့် လူ ၃၂၇ ဦး သေဆုံး၍ ၁၀၀၀ ကျော် ထိခိုက် ဒဏ်ရာရသည်။

ဗဟို အလုပ်သမား ကောင်စီ အလုပ် အမှုဆောင် ကော်မီတီဝင်များသည် ပထမ အကြိမ် အလုပ်သမား ညီလာခံ ကျင်းပရေး အတွက် ဝန်ကြီးချုပ် ဦးမောင်မောင်ခ ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်သည့် ညီလာခံ ကျင်းပရေး ဦးဆောင် ကော်မရှင်ကို ဖွဲ့စည်းလိုက်သည်။

၂ ဂျာမန်ဒီမိုကရက်တစ် သမ္မတနိုင်ငံ (ဂျီဒီအာ) အက်စပီဒီ ပါတီ အကြီးအကဲ ဟွန်နက်ကာနှင့် ကျူးဗားနိုင်ငံ ခေါင်းဆောင် ဖီဒယ် ကက်စထြိုတို့ နှစ်နိုင်ငံ ဆက်ဆံရေးနှင့်နှစ်ပါတီ ဆက်ဆံရေး တိုးပွား ခိုင်မာရန် ဆွေးနွေးသည်။

ချဒ် နိုင်ငံ သမ္မတ ဖဲလစ် မာလကွန်းအား ဖြုတ်ချရန် သူပုန်တပ်များက ကြံဆောင် တိုက်ခိုက်ခဲ့သော်လည်း သမ္မတ နှန်းတော် တဝိုက် တိုက်ပွဲ ငါးနာရီ ဖြစ်ပွားပြီးနောက် သူပုန်တို့ အရေးနိမ့်သွားသည်။

အယ်လ်ဂျီးရီးယား နိုင်ငံတွင် အလုပ်မလုပ် ပျင်းရိမှုကို တိုက်ဖျက်ကြရန် သမ္မတ ဗူမီဒီယင်က ကြေငြာသည်။

၁၄ ကြိမ်မြောက် လူရည်ချွန် စီမံကိန်းတွင် ပညာရေး ဝန်ကြီး၏ လူရည်ချွန်ဆု ရွေးချယ်ခြင်းခံရသော ပြည်နယ်နှင့် တိုင်းအသီးသီးမှ ကျောင်းသူ ကျောင်းသား စာရင်းကြေငြာသည်။

၃ ဇမ္ဗီးယားနိုင်ငံ သမ္မတ ကင်းနက်က အွန်းဒါးနှင့် မိုဇမ်းဗစ် သမ္မတ ဆာမိုရာမာရဲ့ တို့သည် ကွာလမိန်းမြို့တွင် တွေ့ဆုံပြီး ရိုဒီးဇီးယား လှတ်မြောက်ရေးစစ်နောက်ဆုံးအဆင့်ကို ဆောလျင်စွာ ဆင်နွှဲသွားရန်ဆွေးနွေးသည်။

ပြီးခဲ့သော အိန္ဒိယ ရွေးကောက်ပွဲတွင် အရေးနိမ့်ခဲ့သော ကွန်ဂရက် ပါတီ၏ အိန္ဒိယ လူငယ် ကွန်ဂရက် အဖွဲ့တွင် ပြိုင်ဖက် အုပ်စု နှစ်ခု ကဲသွားသည်။ အုပ်စုတခုသည် ဝန်ကြီး ချုပ်ဟောင်း အင်ဒီရာသားငယ် ဆန်ဂျေး အား ဥက္ကဋ္ဌ တင်၍ ကျန်အုပ်စုသည် ပရီယာ ရန်ဂျန်ဒတ်ဖွန်ရှိအား ဥက္ကဋ္ဌ တင်ကြသည်။

၄ ဟန်ဂေရီ ပြည်သူ့သမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသား လွတ်မြောက်ရေးနေ့အဖြစ် ကျင်းပသည်။

အီဂျစ်နိုင်ငံ သမ္မတ ဆဒတ်သည် အမေရိကန် သမ္မက ကာတာနှင့် အိမ်ဖြူတော်တွင်တွေ့ဆုံ၍ ၁၉၇၇ ခုနှစ် ဒုတိယ နှစ်ဝက်တွင် အရှေ့အလယ်ပိုင်းဆိုင်ရာ ဂျီနီဗာညီလာခံကိုပြန်လည် ကျင်းပဖို့ ပယ်လက်စတိုင် နိုင်ငံထူထောင်ရေး၌ ကူညီရန် ဆွေးနွေးသွားသည်။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံ ဝန်ကြီးအဖွဲ့နှင့် တိုင်းနှင့် ပြည်နယ် ပြည်သူ့ကောင်စီ အလုပ် အမှုဆောင် အဖွဲ့ဝင်များသည် ဝန်ကြီးချုပ် ရုံးခန်း၌ ၁၉၇၇-၇၈ စီးပွားရေး စီမံကိန်း လျာထားချက် ညှိနှိုင်း ဆွေးနွေးပဲ့ ကျင်းပသည်။

၅ ပယ်လက်စတိုင် လွတ်မြောက်ရေးအဖွဲ့ (ပီအယ်အို) ခေါင်းဆောင် အာရဖတ်သည် ရုရှ ခေါင်းဆောင်များနှင့် တွေ့ဆုံ ဆွေးနွေးရန် မောစကိုမြို့သို့ ရောက်ရှိလာသည်။

အာဖရိက တောင်ပိုင်း အခြေအနေသည် ပေါက်ကွဲနိုင်သည် ဖြစ်၍ ပြေလည်အောင် စေ့ဆော် ဆွေးနွေးခြင်းဖြင့် ဖြေရှင်းဖို့ ထပ်မံ ကြိုးပမ်းကြရန် ကုလသမဂ္ဂ အတွေ့ထွေ့ အတွင်း ရေးမှူးချုပ် ကုဗားလဟိုင်းက ပဲရစ်မြို့တွင် ပြင်သစ်နိုင်ငံသမ္မတ ဂစ်စကာတ်ဒက်စတိုင်းနှင့် တွေ့ဆုံပြီးနောက် ထုတ်ဖော် ပြောကြားလိုက်သည်။

အီဂျစ် နိုင်ငံသို့ စစ်ရေး ထောက်ပံ့ ကူညီရန် အီဂျစ် သမ္မတ ဆဒတ်က အမေရိကန် သမ္မတ ဂျင်မီကာတာအား မေတ္တာရပ်ခံသည်ကို အမေရိကန် လွှတ်တော် ခေါင်းဆောင်များနှင့် ညှိနှိုင်း စဉ်းစားမည်ဟု သမ္မတ အိမ်ဖြူတော်မှ ထုတ်ဖော် ပြောသည်။

၆ နယူးဇေလန်မြို့တွင် ဧပြီလ ၇ ရက်နေ့ စတင်ကျင်းပမည့် ဘက်မလိုက်နိုင်ငံများ ညှိနှိုင်းရေး ဗျူရို အစည်းအဝေး ပြင်ဆင်ရေး ဆွေးနွေးပဲ့ ကျင်းပရာ အီရတ် နိုင်ငံက ရေနံ ထွက်သည့် နိုင်ငံများ အုပ်စု ဖွဲ့ထားသကဲ့သို့ ကုန်ကြမ်းထုတ်လုပ်သော နိုင်ငံများ အဖွဲ့ ဟူ၍ ဖွဲ့စည်းသင့်ကြောင်း အဆိုပြု တင်ပြသည်။

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် သမ္မတကြီး ဦးနေဝင်းနှင့် အဖွဲ့သည် နီပေါနိုင်ငံသို့ နီပေါဘုရင် ဖိတ်ကြားချက်အရ ချစ်ကြည်ရေး အလည်အပတ်ခရီး ထွက်ခွာသွားသည်။

၇ နယူးဇေလန်မြို့တွင် ဧပြီလ ၇ ရက်နေ့ စတင်ကျင်းပမည့် ဘက်မလိုက်နိုင်ငံများ ညှိနှိုင်းရေး ဗျူရို အစည်းအဝေး ပြင်ဆင်ရေး ဆွေးနွေးပဲ့ ကျင်းပရာ အီရတ် နိုင်ငံက ရေနံ ထွက်သည့် နိုင်ငံများ အုပ်စု ဖွဲ့ထားသကဲ့သို့ ကုန်ကြမ်းထုတ်လုပ်သော နိုင်ငံများ အဖွဲ့ ဟူ၍ ဖွဲ့စည်းသင့်ကြောင်း အဆိုပြု တင်ပြသည်။

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် သမ္မတကြီး ဦးနေဝင်းနှင့် အဖွဲ့သည် နီပေါနိုင်ငံသို့ နီပေါဘုရင် ဖိတ်ကြားချက်အရ ချစ်ကြည်ရေး အလည်အပတ်ခရီး ထွက်ခွာသွားသည်။

၈ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးကို စတင်တည်ထောင်ခဲ့သည့် အထိမ်းအမှတ် အဖြစ်ကျင်းပသောကမ္ဘာ့ကျန်းမာရေးနေ့ဖြစ်သည်။ယခုနှစ် ခုမှတ်သော ဆောင်ပုဒ်မှာ ''ကိုယ်ခံကောင်းရေး ကာကွယ်ပေး၊ ရင်သွေး လူမမယ်'' ဟူ၍ ဖြစ်သည်။

အမေရိကန်ပြည်ထောင်စုရှိအနုမြူဓာတ်အား စက်ရုံများတွင် ပလူတိုနီယံ ပြန်လည် သန့်စင် အသုံးချခြင်းကို ကန့်သတ်ခြင်းအားဖြင့် အမေရိကန်ပြည်ထောင်စုနှင့် နိုင်ငံရပ်ခြား တိုင်းပြည်များအား အနုမြူပြန့်ပွားသည့် အန္တရာယ်များကို လျော့ချဖို့ စီမံကိန်းတရပ်ကို သမ္မတကာတာက ကြေငြာသည်။

၈ ဆိုရှယ်လစ်နိုင်ငံများ သွေးစည်းညီညွတ်မှု ပိုမို ခိုင်မာစေရန်အတွက် ရုရှနှင့် ကျူးဗားနှစ်နိုင်ငံ ပါတီတို့က အစုမ်းရှိသမျှ ကြိုးပမ်းသွားမည် ဖြစ်ကြောင်း ဗရက်ဇညက်နှင့် ကက်စထြိုတို့ ပူးတဲ့ ကြေငြာသည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် သမ္မတကြီးဦးနေဝင်းနှင့်အဖွဲ့ နီပေါနိုင်ငံမှ ချစ်ကြည်ရေးခရီး လှည့်လည်၍ ရန်ကုန်မြို့သို့ ပြန်ရောက်လာသည်။

၉ နိုင်ငံစုံလုပ်ငန်းဖြန့် ကော်ပိုရေးရှင်းများသည် နိုင်ငံများ၏ အချုပ်အခြာ အာဏာကို လေးစား၍ သက်ဆိုင်ရာ နိုင်ငံ၏ ဥပဒေများကို စောင့်စည်း လိုက်နာကာ ထိုနိုင်ငံ၏ အမျိုးသား ရည်မှန်းချက်များ၊ အလုပ်သမား အကျိုး စီးပွားမျှားနှင့် ဆန့်ကျင်ဖက် ဖြစ်မည့် ကိစ္စများကို ရှောင်ရှားသင့်သည်ဟု အပြည်ပြည်ဆိုင်ရာ အလုပ်သမားရုံး (အိုင်အယ်အို)က ကမကထပြု၍ ၂၄ နိုင်ငံ ပါဝင် ရေးဆွဲသော ကြေငြာချက် မူကြမ်း၌ ဖော်ပြ ပါရှိသည်။

ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌက ပင်လယ်ပိုင်နက်နှင့် ပင်လယ်ဇုံများ ဥပဒေ၊ ဝန်ထမ်း ရွေးချယ် လေ့ကျင့်ရေးအဖွဲ့ ဥပဒေ၊ အပြည်ပြည်ဆိုင်ရာ ငွေကြေး ရန်ပုံငွေအဖွဲ့နှင့် ဘဏ်အဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေတို့ကို ထုတ်ပြန် ကြေငြာသည်။

၁၀ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာဖူကူဒါ၏ အထူးသံတမန် ဂျပန် ဒုတိယ နိုင်ငံခြားရေး

၁၉၇၇ ခုနှစ် ဖြစ်ရပ်မျာ်း

ဝန်ကြီး မစ္စတာ ကေအိစ္စကီး အာရိတသည် ရန်ကုန်မြို့သို့ ဆိုက်ရောက်သည်။

၁၁ ဘက်မလိုက်နိုင်ငံများ ညီနိုင်းရေး ဗျူရို၏ ပထမအကြိမ် အစည်းအဝေး ပြီးဆုံးသည်။ ယင်းအစည်းအဝေးတွင် ယမန်နှစ် ကိုလံဗို ထိပ်သီးညီလာခံက အတည်ပြုခဲ့သောစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ် ပြီးမြောက်အောင် အကောင်အထည် ဖော်ရေးကိစ္စ ပါဝင်သည့် ကြေငြာချက်တရပ်ကို အတည်ပြု ထုတ်ပြန်ကြေငြာသည်။

၁၂ ဂျပန်နိုင်ငံ ဝန်ကြီးချုပ်၏အထူးသံအဖြစ် မြန်မာနိုင်ငံသို့ ရောက်ရှိနေသော မစ္စတာ ကေအိစ္စကီးအာရိတနှင့် အဖွဲ့သည် ရန်ကုန်မြို့မှ ပြန်လည် ထွက်ခွာသွားသည်။

ကယား အမျိုးသားတို့၏ ၁၂ ကြိမ်မြောက် ရိုးရာ ယဉ်ကျေးမှု နှစ်သစ် မင်္ဂလာ ကူဘိုးထိုး ခေါ် စုပေါင်း တံခွန်တိုင် ပွဲတော်ကို ကယား ပြည်နယ် ဖရူးဆိုးမြို့တွင် ကျင်းပသည်။

၁၃ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် စံတော်ချိန် ည ဂ နာရီ ၃၂ မိနစ် ၇ စက္ကန့် အချိန်တွင် မဟာသင်္ကြန်ကျသည်။

၁၄ အမေရိကန်သမ္မတ ကာတာ အစိုးရ၏ အနုမြူ လက်နက်များ ကန့်သတ်ရေး အဆိုပြုချက်ကို ရုရှ နိုင်ငံက လက်မခံကြောင်း ထပ်မံ အတည်ပြု ဖော်ပြလိုက်သည်။ သို့သော် ရုရှကယခင် အမေရိကန် သမ္မတဟောင်း မစ္စတာ ဖို့ဒ်နှင့် သဘောတူညီမှု ရခဲ့သော လမ်းညွှန်မှုများ အပေါ်တွင် အခြေခံ၍ လက်နက်ကြီးများ ကန့်သတ်ရေး သဘောတူ စာချုပ် ချုပ်ဆိုရန် တိုက်တွန်းလိုက်သည်။

အင်္ဂရိယယ် ဝန်ကြီးချုပ် ရာဗင်၏ ဇနီး လီယာအား နိုင်ငံခြား ဧည့်ကြေးမှုနှင့် တရားစွဲဆိုသည်။ ထိုအမှုကြောင့် ဝန်ကြီးချုပ် ရာဗင်သည် ရာထူးမှ နုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ရသည်။

၁၅ အိန္ဒိယနိုင်ငံ စာအုပ် ထုတ်ဝေသူများအဖွဲ့ချုပ် ညီလာခံကို နယူးဒေလီမြို့တွင် ကျင်းပသည်။ စာအုပ် လုပ်ငန်း ဆိုင်ရာ ဘဏ္ဍာရေး ကော်ပိုရေးရှင်း တခု တည်ထောင်ရန်၊ စာအုပ် လုပ်ငန်း ဆိုင်ရာ ဝင်ငွေမျာ်းမှ အခွန်အကောက် လျှော့ရန်၊ အမျိုးသား စာအုပ် ဖွံ့ဖြိုး တိုးတက်ရေးအဖွဲ့ကို ပြန်လည်ဖွဲ့စည်းရန် ဆုံးဖြတ်သည်။

ဇိုင်ယာ နိုင်ငံနှင့် စပ်လျဉ်း၍ မိုရော့ကိုနှင့် ပြင်သစ်တို့၏ ဦးစီးဆောင်ရွက်ပုံကို ထောက်ခံကြောင်းဖြင့် အာဖရိက ညီညွတ်ရေး အဖွဲ့ချုပ် (အိုအေယူ) ဥက္ကဋ္ဌ မော်ရစ်ရှပ် ဝန်ကြီးချုပ် ဆာဆီဝူ ဆာ့ဂူရမ်ဂူလမ်က ပြောသည်။

မဟာသင်္ကြန် ဒုတိယ အကြတ်နေ့တွင် မြန်မာနိုင်ငံ ဆိုင်ရာ သံတမန်များ အဖွဲ့ ဒုတိယ နာယက ဂျာမန် ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ အက်စ်စူနဲ့ ဦးဆောင်သော နိုင်ငံခြား သံရုံး သံတမန် အဖွဲ့ဝင်များနှင့် မိသားစုတို့ ရန်ကုန်မြို့အတွင်း အထူးယာဉ်များဖြင့် လှည့်လည်၍ ပါဝင် ရေကစား ကြသည်။

၁၆ ဒီမိုကရက်တစ်ကမ်ပူးချားနိုင်ငံ၏နှစ်ပတ်လည် အမျိုးသားနေ့ ဖြစ်သည်။

လက်ဗန္ဓန် တောင်ပိုင်း နဘာတီယေမြို့တွင် ဆီးရီးယားတို့ကိုလိုလားသော ပယ်လက်စတိုင် ပြောက်ကျားတို့က တဖက်၊ လက်ဗန္ဓန်တွင် ဆီးရီးယားဝင်စွက်မှုကိုလည်းဆန့်ကျင်၊ အင်္ဂရိယယ်နှင့် ငြိမ်းချမ်းရေး အတွက် စေ့စပ်ဆွေးနွေးရေးကိုလည်း ဆန့်ကျင်သော တင်းမာ လမ်းစဉ်လိုက် ပြောက်ကျားတို့က တဖက် တလကျော် ကြာပြီးမှ အပြန်အလှန်တိုက်ခိုက်ကြပြန်သည်။

သဲကန္တာရ ဖြစ်ထွန်း ပြန့်နှံ့မှု ထိန်းချုပ်ရေး ဆိုင်ရာ ကုလသမဂ္ဂ ညီလာခံက သဲကန္တာရ ဖြစ်ထွန်းမှု တိုက်ဖျက်ရေး အတွက် နိုင်ငံတကာ အထူး ရန်ပုံငွေအဖွဲ့ ဖွဲ့ရန် ဆဟာရ သဲကန္တာရ တောင်ဖက် အာဖရိက ၂၅ နိုင်ငံတို့က အဆိုပြု ပြောကြားသည်။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် စံတော်ချိန် သန်ကောင်ကျော် စက် ၁၁ နာရီ ၃၆ မိနစ် ၄၈ စက္ကန့် အချိန်တွင် မဟာသင်္ကြန် တက်သည်။

၁၇ ကောဇာသက္ကရာဇ် ၁၃၃၉ ခုနှစ်သို့ ကူးပြောင်း၍ မြန်မာ နှစ်ဆန်းတရက်နေ့သို့ ကျရောက်သည်။

ရိုဒီးဇီးယားနိုင်ငံတွင်လူမည်းအုပ်ချုပ်ရေးသို့ ငြိမ်းချမ်းစွာ ကူးပြောင်းနိုင်ရန် နည်းလမ်းရှာဖွေ ဆွေးနွေးလျက်ရှိရာ ပဏာမ တိုးတက်မှု ရရှိပြီဟု ဖြိုတိန်နိုင်ငံခြားရေးဝန်ကြီး ဒေးဗစ် အိုဝင်နှင့် ရိုဒီးဇီးယား ဝန်ကြီးချုပ် အီယန်စမစ်တို့က သတင်းစာ ရှင်းလင်းပွဲတွင် ထုတ်ဖော်တင်ပြကြသည်။

အမ်စတာဒမ်မြို့တွင် ယမန်နေ့နှင့် ယနေ့ နှစ်ရက်ကြာ ကျင်းပခဲ့သော ကမ္ဘာ့ ဆိုရှယ်လစ်ခေါင်းဆောင်များ အစည်းအဝေးတွင် အရှေ့နှင့်အနောက် တင်းမာမှုလျော့ပါးရေးကို မဆက်လက် ဆောင်ရွက်ရန် ကမ္ဘာ့ ဆိုရှယ်လစ်အဖွဲ့ ဥက္ကဋ္ဌ အနောက်ဂျာမန် ဝန်ကြီးချုပ်ဟောင်း ဝီလီဗရန့်က တိုက်တွန်းနှိုးဆော်သည်။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ဗဟို သုတေသန လုပ်ငန်း အဖွဲ့တွင် ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ် အဖွဲ့၏ အကူအညီဖြင့် တည်ဆောက်ခဲ့သော ပိုလီမာ သုတေသန ဓာတ်ခန်းတွင် လိုအပ်သည့် သစ်သားကပ်သော ကော်ကို နိုင်ငံခြား ကျွမ်းကျင်သူများဖြင့် စမ်းသပ် အောင်မြင်မှု ရရှိသည်။

၁၈ အမေရိကန်နိုင်ငံတွင် ဓာတ်ဆီ သုံးစွဲမှုကို ၁၉၇၅ ခုနှစ်တွင် ယခုထက် ၁၀ ရာခိုင်နှုန်း လျှော့ချသွားမည်။ ပြည်ပ ရေနံစိမ်း တင်သွင်းမှုကိုလည်း ၁၉၇၅ ခုနှစ်တွင် ယခုထက် ၅၀ ရာခိုင်နှုန်း ကျသွားရန် တဖြည်းဖြည်း လျှော့ချမည် သို့မဟုတ်လျှင် တမျိုးသားလုံး ဒုက္ခနှင့် ရင်ဆိုင်ဖွယ် ရှိသည်ဟု အမေရိကန် သမ္မတ ဂျင်မီကာတာက ပြောသည်။

စက်မှု ထွန်းကားသော နိုင်ငံများနှင့် ဖွံ့ဖြိုးဆဲ နိုင်ငံများ အကြား လွတ်လပ်စွာ သတင်းဖြန့်ချိရေး ဆိုင်ရာ နိုင်ငံတကာ နှီးနှောဖလှယ်ပွဲကို အိတလီနိုင်ငံ ဖလော်ရင့်မြို့တွင် စတင် ကျင်းပသည်။

ကုလသမဂ္ဂပညာ သိပ္ပံနှင့် ယဉ်ကျေးမှု အဖွဲ့ (ယူနက်စကို) နှင့် ဖလော်ရင့် ခရီးသွား လာရေး လုပ်ငန်းအဖွဲ့တို့ ကြိုးမှူးရွက် အိတလီနိုင်ငံ ဖလော်ရင့်မြို့၌ စတင် ကျင်းပသော နိုင်ငံတကာ ဆိုင်ရာ သတင်းစာ ဆရာများ နှီးနှော ဖလှယ်ပွဲတွင် တျူနီးရှား ပြန်ကြားရေး ဝန်ကြီး မတ်စတာဖာဟတ်မိုဒီ တင်ပြသော ကမ္ဘာ့ သတင်း ဖြန့်ချိရေး စနစ် ပြောင်းလဲရေး အဆိုကို အနောက်နိုင်ငံများနှင့် အီရန်နိုင်ငံမှ ကိုယ်စားလှယ်များက လက်ခံရန် ငြင်းသည်။

လယ်ယာ ကဏ္ဍ တတိယ လေးနှစ် စီမံကိန်း ရေးဆဲ ညီနိုင်း ဆွေးနွေးပွဲကို ရန်ကုန်မြို့ကြို့ကုန်း စိုက်ပျိုးရေး သုတေသန ဗဟုသုတ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဒုတိယ ကမ္ဘာစစ်ကြီး ပြီးသည့်နောက် လွတ်လပ်လာကြသော နိုင်ငံများစွာတွင် နိုင်ငံရေး တည်ငြိမ်မှုကို အကြီးဆုံး အဟန့်အတား ဖြစ်စေသည့် အရာများထဲတွင် ဘာသာစကား ပြဿနာများကို မဖြေရှင်းနိုင်သည့် ကိစ္စတရပ်လည်း ပါဝင်သည်ဟု စကားပူမြို့တွင် ကျင်းပ

၁၉၇၇ ခုနှစ် ဖြစ်ရပ်များ

သော ဘာသာစကား နှီးနှောဖလှယ်ပွဲ၌ တင်ပြ ဆွေးနွေးကြသည်။

၁၉ အိန္ဒိယ အစိုးရ၏ နိုင်ငံခြားရေး ပေါ်လစီမှာ ဘက်မလိုက်ရေးနှင့် နိုင်ငံ အားလုံးနှင့် ချစ်ကြည်ရေး ဖြစ်သည်ဟု ဝန်ကြီးချုပ် မိုရာဂျီ ဒေဆိုင်းက ပြောသည်။

၂၀ အင်ဒိုရှိယယ်နိုင်ငံ နှစ်ပတ်လည် လွတ်လပ်ရေးနေ့ ဖြစ်သည်။

နိုင်ငံရေးအကြမ်းဖက် ဆူပူမှုများ ပြင်းထန်လာသဖြင့် ပါကစ္စတန် နိုင်ငံ မြို့ကြီး သုံးမြို့ ဖြစ်သော ကရာချီ၊ လာဟိုနှင့် ဟိုက်ဒရာဗတ်မြို့များတွင် ကြိုတင် ကာကွယ်သည့် အနေဖြင့် စစ်အုပ်ချုပ်ရေးကို ကြေငြာလိုက်သည်။

အာရှနှင့် ပစိဖိတ် ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေး ကော်မရှင် (အက်စကက်) ၏ ၃၃ ကြိမ်မြောက် စည်းဝေးပွဲကို ဗန်ကောက်မြို့၌ ကျင်းပသည်။

၂၁ ဆူဒန် သမ္မတ နိမေရီသည် နောက်ထပ် သက်တမ်း ခြောက်နှစ်ဆက်ခံရန်သမ္မတအဖြစ် ပြန်လည်ရွေးကောက် တင်မြောက် ခံရသည်။

ဗူလဂေးရီးယား ပြည်သူ့ သမ္မတ နိုင်ငံမှ ဗူလဂေးရီးယား ပါတီ အမြဲတမ်း ကော်မီတီ ဒဒတွင်းရေးမှူး ရဲဘော် အန်းဝဲဒီမီထရော့နှင့် အဖွဲဝင်များသည် ရန်ကုန်မြို့သို့ လေ့လာရေး ခရီး ရောက်ရှိလာသည်။

၂၂ လက်ဗန္ဓန် အင်ဒိုရှိယယ်နယ်စပ်တွင် လေးရက်ကြာမျှ ငြိမ်သက် အေးဆေးခဲ့ပြီးနောက် ယခုည တိုက်ပွဲ ဖြစ်ပွားပြန်ရာ လက်ဗန္ဓန် တောင်ပိုင်း စစ်ဇုံ အခြေအနေ ပြန်လည်တင်းမာလာသည်။

ဗင်္ဂလားဒေ့ရှ နိုင်ငံ သမ္မတ ဆယင် ရာထူးမှ နုတ်ထွက်သွားသဖြင့် ပဋ္ဌမမြောက် သမ္မတ အဖြစ် ဗိုလ်ချုပ်ကြီး ဂျိယာအူးရ်ရာမန်က ဆက် ခံသည်။

နဂါးငွေတန်းအတွင်းရှိ ဤကမ္ဘာထက် တိုးတက်သော အခြားကမ္ဘာတခုခုမှ အာကာသ ယာဉ်များ ဖြစ်ဟန်တူသည့် အမျိုးအမည် မသိရသေးသော အရာများ၏ လှုပ်ရှားမှုသည် ဤကမ္ဘာ၏ စစ်ရေး လုံခြုံမှုအတွက် အန္တရာယ် ဖြစ်သည်ဟု ဟန်ဂေရီနိုင်ငံမှ စစ်ရေးပါရဂူ ကိုလမင်ဗန်ကန်ဗစ်ကီကယင်းကိစ္စ လေလာရေး ဆိုင်ရာ နိုင်ငံတကာညီလာခံသို့ တင်ပြသည်။

၂၃ နော်ဝေး နိုင်ငံ တောင်ပိုင်း စတာဗင်ဂျာ ဆိပ်ကမ်းမြို့၏ အနောက် တောင်ဖက် ၁၇၅ မိုင် ကွာဝေးသော အက်ကိုဖစ် ကမ်းလွှန် ရေနံမြေရှိ ရေနံတွင်းတခု ပေါက်ကွဲရာ ရေနံများ ပေ ၁၀၀ အမြင့် ပန်းထွက်နေသဖြင့် မီးလောင်မည်ကို စိုးရိမ်နေရသည်။

၆၅ ရက်အတွင်း မှည့်သော စပါးမျိုးဘစ်ကို ဖိလစ်ပိုင်နိုင်ငံ အရှန်နက်တာ တက္ကသိုလ် ရန်ပုံငွေ အဖွဲ့မှ ပညာရှင်များက မျိုးစပ် တီထွင် လိုက်သည်ဟု ပိလစ်ပိုင် သတင်းဌာနမှ ကြေငြာသည်။ ဆာလဗာဒိုဟု အမည်ပေးထား သော ယင်းစပါးမျိုးကို ရေသွင်း စိုက်ပျိုးလျှင် တနှစ် လေးသီး စိုက်ပျိုးနိုင်ပြီး မိုးရေသောက် ဒေသများတွင် တနှစ် နှစ်သီး စိုက်နိုင်သည်ဟု ဆိုသည်။

ဗရိုနီကျန်းပေါ်ရှိ ယူဂိုစလားဗီးယား သမ္မတ တိတို၏ အပန်းဖြေ ရိပ်သာ၌ သမ္မတ တိတို နှင့် အန်ဂိုလာ သမ္မတ အင်္ဂို စ စင်ဟိုနီတို့ တွေ့ဆုံပြီး ဘက်မလိုက် နိုင်ငံများ၏ သွေးစည်း ညီညွတ်မှု အားသစ် လောင်းအပ်ကြောင်း ဆွေးနွေး သဘောတူကြသည်။

အီသီအိုးပီးယား နိုင်ငံ၏ စစ်အစိုးရသည် နိုင်ငံတွင်းရှိ အမေရိကန် ပြန်ကြားရေး ဌာန နှင့်တကွ အခြား အမေရိကန် လုပ်ငန်းဌာန သုံးခုကို ပိတ်လိုက်ပြီး ယင်းဌာနများတွင် အမှု ထမ်းနေကြသော နိုင်ငံခြားသား များအား လေးရက် အတွင်း နိုင်ငံမှ ထွက်ခွာရန် အမိန့် ထုတ်လိုက်သည်။

၂၄ အရှေ့ဖျား ကုန်တင် သင်္ဘောညီလာခံမှ အဆိုပြုသော သင်္ဘောခ ၁၃ ဒသမ ၄၅ ရာနှုန်း မြှင့်တင်ရေး အဆိုကို အမျိုးသား သင်္ဘော သယ်ယူ ပို့ဆောင်ရေး ကောင်စီ ခြောက်ခုက ကန့်ကွက်ကြသည်ကို အစီယင် နိုင်ငံများမှ အစိုးရများနှင့် စီးပွားရေး လုပ်ငန်းရှင်များက ထောက်ခံကြသည်။

ယမန်နေ့က ပေါက်ကွဲသော နော်ဝေး နိုင်ငံ အက်ကိုဖစ် ကမ်းလွှန် ရေနံတွင်းမှ တနေ့ လျှင် ရေနံတန် ၄၀၀၀ မျှ ပန်းထွက်နေသဖြင့် မြောက်ပင်လယ် ရေမျက်နှာပြင်၌ ၁၀ မိုင် ရှည်သော ရေနံပြင်ကြီး ဖြစ်ပေါ်နေရာ ရေ သတ္တဝါများ မျိုးပြုတ် သေကြေရမည့် ဘေးမှ ကာကွယ်နိုင်ရန် အရေးပေါ် အဖွဲ့များဖွဲ့၍ ရေနံ ပြင် သုတ်သင်ရေးကို အပူတပြင်း ဆောင်ရွက် လျက် ရှိသည်။ ရေနံတွင်း ပေါက်ကွဲမှု ထိန်း ချုပ်ရေး ပါရဂူများ အမေရိကန်ပြည်မှ ရောက် ရှိလာ၍ ရေနံစင်ပေါ်သို့ ပို့ပေးနိုင်ပြီ ဖြစ်ရာ ရေနံထွက်ပေါက်ကို ပိတ်နိုင်တော့မည်။

၂၅ ပေါ်တူဂီ သမ္မတ နိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့ ဖြစ်သည်။

အရှေ့ဂျာမနီသည် အာဖရိက လွတ်မြောက်ရေး လှုပ်ရှားမှု အဖွဲ့အစည်းများသို့ မတ်၌ ၂၂ သန်းဖိုး ဆေးဝါး အကူအညီများ ပေးခဲ့သည့် အပြင် အီသီအိုးပီးယားနှင့် အန်ဂိုလာ နိုင်ငံများသို့လည်း ဆေးဝါးများ ပို့ရန် စီစဉ်နေသည်ဟု အရှေ့ ဂျာမနီ အစိုးရက ပြောသည်။

ဇမ္ဘီးယား နိုင်ငံတွင် မတရားသင်း ကြေငြာထားသော ညီညွတ်ရေး တိုးတက်မှုပါတီ၏ လှုပ်ရှားမှုများကို ရာထူး အရှိန်အဝါ သုံးစွဲမှု တို့ဖြင့် ဝန်ကြီး သုံးဦးအား သမ္မတ ကင်းနက် ကအွန်းဒါးက ဖြုတ်လိုက်သည်။

၂၆ ရက်သတ္တ နှစ်ပတ်ကြာပြီ ဖြစ်သော ပါကစ္စတန်နိုင်ငံ၏ နိုင်ငံရေး အကျပ်အတည်းကို ဖြေရှင်းရန် ပါကစ္စတန် အစိုးရနှင့် အတိုက် အခံတို့ စတင် ညှိနှိုင်း ဆွေးနွေးနေကြသည်။

ရုရှနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီး ဂရိုမီကို သည် အိန္ဒိယ ဝန်ကြီးချုပ် မိုရာဂျီဒေဆိုင်းနှင့် နယူးဒေလီမြို့၌ အိန္ဒိယ ရုရှ ဆက်ဆံရေး အတွက် ဆွေးနွေးရန် ချစ်ကြည်ရေး ခရီး သွားရောက်သည်။

၂၇ ရေနံသည် နေ့စဉ် အသုံးပြုရန်အတွက် အဖိုးတန်လွန်းသော ကုန်စည် ပစ္စည်း တမျိုး ဖြစ်နေ၍ အခြားသော စွမ်းအင် လောင်စာ များကို ရှာဖွေရန် လိုအပ်နေကြောင်း၊ ထို အခါကျမှ ရေနံ၏ တကယ့် ဈေးနှုန်းမှန်ကို အလိုအလျောက် ယထာဘူတ ကျကျ သတ် မှတ်ပြီး ဖြစ်မည်ဟု ရှားဘုရင်က ဗင်နီဇွဲလား နိုင်ငံ သမ္မတ ပရက်ဇအား ပြောသည်။

အရှေ့အလယ်ပိုင်း ဆိုင်ရာ ဂျီနီဗာ ညှိလာခံကို ပြန်လည် ကျင်းပခြင်း၊ ပယ်လက်စတိုင် ပြည်သူတို့၏ အခွင့်အရေးများကို ပြန်လည် ပေးအပ်ခြင်းတို့ကို မပြုလျှင် အာရပ် နိုင်ငံများက အင်အားသုံးရန် တွန့်ဆုတ်နေမည် မဟုတ်ဟု ဆီးရီးယား နိုင်ငံ သမ္မတ ဟာဖက် အာဆတ်က သတိပေး ပြောကြားသည်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ အစိုးရ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် သမ္မတကြီးနှင့် နိုင်ငံတော် ကောင်စီ ဥက္ကဋ္ဌကြီး ဦးနေဝင်းနှင့်

၁၉၇၇ ခုနှစ် ဖြစ်ရပ်များ

ဇနီးသည် အဖွဲ့ဝင်များ လိုက်ပါလျက် တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်သည်။

၂၈ အခြေအနေ ဆိုးရွားစွာ အကြွေးတင်နေကြသော နိုင်ငံများသို့ ငွေထုတ်ချေးနိုင်ရေး အတွက် အထူး အဖွဲ့အစည်း တခု ထူထောင်ရန် အပြည်ပြည် ဆိုင်ရာ ငွေကြေး ရန်ပုံငွေ အဖွဲ့၏ ကြားဖြတ် ကော်မိတီ အစည်းအဝေးခွဲ သဘောတူညီမှု ရရှိသည်။

ကျော်ဇန်ဘုရင်ဟူစိန်သည် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကုဗာလဟိုင်းနှင့် ကုလသမဂ္ဂတွင် တွေ့ဆုံရာ အရှေ့ အလယ်ပိုင်း ပြဿနာကို ဤနှစ်အတွင်း မဖြေရှင်းနိုင်ပါက အခြေအနေ မျော်လင့်ချက် မရှိ ဖြစ်သွားလိမ့်မည်ဟု ပြောကြာသည်။

၂၉ အရှေ့တောင် အာရှ ခဲမြှုံ သုတေသန နှင့် ဖွံ့ဖြိုးရေး ဌာနကို အင်ဒိုနီးရှား၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့က သဘောတူ လက်မှတ်ရေးထိုး ဖွဲ့စည်း တည်ထောင်လိုက်သည်။

နျူးကလီးယား လောင်စာစွမ်းအင်ကို လုံးဝ အသုံးမပြုတော့ပဲ အခြား လောင်စာစွမ်းအင်များကိုသာ အသုံးပြုရေး ဆွေးနွေးရန်အတွက် နိုင်ငံ ၂၀ မှ သိပ္ပံ ပညာရှင်နှင့် လူ့ပတ်ဝန်းကျင် သန့်စင်ရေး ပညာရှင် ၁၀၀ ခန့်တို့သည် ဩစတြီးယား နိုင်ငံ ဆယ်လစ်ဗတ်မြို့တွင် သုံးရက်ကြာ ညီလာခံတရပ်ကို စတင်ကျင်းပသည်။

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေ အဖွဲ့ (အိုင်အမ်အက်ဖ)၏ အဖွဲ့ဝင် နိုင်ငံများအနက် နိုင်ငံတကာ ငွေပေး ငွေယူ ရှင်းတမ်းဌာ လိုငွေ ပြနေသော နိုင်ငံများကို ကူညီရန် အိုင်အမ်အက်ဖ ရန်ပုံငွေသို့ ငွေများ ထပ်မံ ထည့်ဝင်ကြဖို့ လိုအပ်ကြောင်း နိုင်ငံ ၂၀ မှ ဘဏ္ဍာရေး ဝန်ကြီးများက နှစ်ရက်ကြာ ကျင်းပသော အိုင်အမ်အက်ဖ ဆွေးနွေးပွဲဌာ သဘောတူညီချက် ရရှိကြသည်။

တရုတ် ပြည်သူ့ သမ္မတနိုင်ငံ ပီကင်းမြို့တွင် ညွှန်သည်တော် အဖြစ် အလည်အပတ် ရောက်ရှိနေသော ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် သမ္မတကြီး ဦးနေဝင်းနှင့် တရုတ် ကွန်မြူနစ် ပါတီ ဗဟိုကော်မိတီ ဥက္ကဋ္ဌကြီး ဟွာကိုဖုန်းတို့သည် ပြည်သူ့ ခန်းမဆောင်ကြီး၌ ခင်မင် ရင်းနှီးစွာ ဆွေးနွေးကြသည်။

၃၀ ကုလသမဂ္ဂ ပညာ၊ သိပ္ပံနှင့် ယဉ်ကျေးမူ အဖွဲ့ (ယူနက်စကို) သို့ အမေရိကန် နိုင်ငံမှ ၁၉၇၅ နှင့် ၁၉၇၆ ခုနှစ်များ အတွက် ထည့်ဝင်ရန် ကျန်သော ထည့်ဝင်ကြေး ဒေါ်လာ ၄,၃၁,၁၅,၀၃၉ ကို ထည့်ဝင်ရန် အမေရိကန်အစိုးရက ဆုံးဖြတ်လိုက်သည်။

၁၉၇၇-၇၈ ခုနှစ် သစ်တောနှင့် သစ်လုပ်ငန်း ဆိုင်ရာ မူဝါဒ လမ်းညွှန်ချက် တရပ်ကို ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံ လယ်ယာနှင့် သစ်တောဝန်ကြီး ဌာန ဝန်ကြီးရုံးမှ ထုတ်ပြန်ကြေငြာသည်။

နော်ဝေးနိုင်ငံ အက်ကိုဖစ် ကမ်းလွှန် ရေနံတူးစင်တွင် ပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ ရေနံများပန်းထွက်မှုကို အောင်မြင်စွာ ပိတ်ဆို့နိုင်ခဲ့သဖြင့် ပေါက်ကွဲမှု ထိန်းချုပ်ရေးအဖွဲ့ စတော့ဟုမ်းမြို့မှ ထွက်ခွာသွားတော့မည် ဖြစ်သည်။

မေလ

၁ ကမ္ဘာ့ အလုပ်သမားနေ့ ဖြစ်သည်။

မလေးရှား နိုင်ငံတွင် သယံဇာတ ပစ္စည်းများကို နိုင်ငံခြား ငွေပင် ငွေရင်း မြှုပ်နှံသူ များနှင့် ဖက်စပ် လုပ်ကိုင်ခဲ့သောကြောင့် ၁၉၇၆ ခုနှစ်တွင် ကုန်သွယ်မှု ပိုငွေ အမေရိကန် ဒေါ်လာ ၁,၃၀၀ သန်း ရှိခဲ့ကြောင်း မလေးရှား စက်မှု လက်မှု ဝန်ကြီး ဒါတုတ်မူဆာက ပြောကြာသည်။

အိန္ဒိယနိုင်ငံ အာဏာရ ဂျနာတာပါတီက ဥက္ကဋ္ဌသစ်အဖြစ် ချန်ဒရာရှက်ကာအားရွေးချယ်လိုက်သည်။

တရုတ် ပြည်သူ့ သမ္မတ နိုင်ငံသို့ အလည် အပတ် ရောက်ရှိနေသော ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် သမ္မတကြီး ဦးနေဝင်းနှင့် အဖွဲ့ဝင်များသည် အလုပ်သမားနေ့ အစီအစဉ် အဖြစ် ပျော်ပွဲရွှင်ပွဲများ ကျင်းပရာ ပီကင်းမြို့လယ်ရှိ ချန်ဒန် ပန်းခြံသို့ သွားရောက် လည်ပတ်ရာ တရုတ်ပြည် ကွန်မြူနစ် ပါတီ ဗဟိုကော်မိတီ ဥက္ကဋ္ဌကြီး ဟွာကိုဖုန်း၊ ပြည်သူ့ ကွန်ဂရက် အမြဲတမ်း ကော်မိတီ ဒုတိယ ဥက္ကဋ္ဌ တိန့်ရင်ချောင်နှင့် အဖွဲ့က သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။

၂ အင်ဒိုနီးရှား နိုင်ငံ၌ ပါလီမန် ရွေးကောက်ပွဲ ကျင်းပသည်။

ဂျပန်နိုင်ငံ၏ လက်ရှိ ပင်လယ် ပိုင်နက် သုံးမိုင်မှ ၁၂ မိုင်အထိ တိုးချဲ့ပြီး ငါးဖမ်းဇုံကို လည်း ကမ်းရိုးမှ မိုင် ၂၀၀ အထိ သတ်မှတ်သည့် ဥပဒေကြမ်းကို ဂျပန် အထက် လွှတ်တော်က အတည်ပြုလိုက်သည်။

၄ အမေရိကန်ပြည်ထောင်စုနှင့် ဗီယက်နမ် နိုင်ငံတို့သည် သံတမန် ပုံမှန် ဆက်သွယ်ရေး ကုန်သွယ်မှု ပြုလုပ်ရေးတို့အတွက် ပဲရစ်မြို့တွင် စတင် ဆွေးနွေးသည်။

အာဖရိက တောင်ပိုင်းတွင် ငွေရင်းနှီး မြှုပ်နှံမှုများကို ရပ်စဲရန် ၁၉ နိုင်ငံ ဆုံးဖြတ်ချက်ကို နိုင်ငံစုံလုပ်ငန်းဖြန့် ကော်ပိုရေးရှင်းများနှင့် စပ်လျဉ်းသော ကုလသမဂ္ဂ ကော်မရှင်တွင် ကုလသမဂ္ဂ လူမျိုး အသားအရောင် ခွဲခြားမှု ဆန့်ကျင်ရေး ကော်မိတီ ဥက္ကဋ္ဌ နိုင်ဂျီးရီးယား သံအမတ်ကြီး လက်စလိအိုဟာရီမာန်က တင်သွင်းသည်။

၇ တန်ဇာနီးယား နိုင်ငံမှ ယူဂန်းဒါး နိုင်ငံအတွင်းသို့ ကျူးကျော် ဝင်ရောက် တိုက်ခိုက်ရန် ရှေပြေးအဖွဲ့ ဖြစ်သော ယူဂန်းဒါး ပြည်ပြေးများ အပါအဝင် တန်ဇာနီးယား လူမျိုး ၃၇ ဦးကို ကွပ်မျက်ပစ်မည်ဟု ယူဂန်းဒါး နိုင်ငံက ကြေငြာသည်။

ပယ်လက်စတိုင် လွတ်မြောက်ရေး အဖွဲ့ (ပီအယ်အို) နှင့် အင်္ဂရိယယ် ကွန်မြူနစ် ပါတီ ကိုယ်စားလှယ် အဖွဲ့တို့ ချက်ကိုဆလိုဗားကီးယား နိုင်ငံ ပရာဟမြို့၌ ပထမဆုံးအကြိမ်တရား ဝင် တွေ့ဆုံ၍ ဘုံလက်တဲ့ တိုက်ပဲ့ဝင်ရေး ချစ်ကြည်စွာ ဆွေးနွေးကြသည်။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ကောင်စီသည် နိုင်ငံတော်ကောင်စီ ဥပဒေ ပုဒ်မ ၇ ပုဒ်မခဲ့ (က) (ခ)တွင် အပ်နှင်းထားသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များအရ ဝန်ထမ်း ရွေးချယ်လှော့ချ်ရေးအဖွဲ့ကို ဖွဲ့စည်းလိုက်သည်။

၅ အမေရိကန်ပြည်ထောင်စုနှင့် ဗီယက်နမ် သမ္မတနိုင်ငံ တို့သည် ပဲရစ်မြို့တွင် နှစ်ရက်ကြာ ဆွေးနွေးကြရာ၌ ကုလသမဂ္ဂသို့ ဗီယက်နမ် ဝင်ခွင့် ရရေးကို အမေရိကန်က ဆက်လက် ဟန့်တားတော့မည် မဟုတ်ကြောင်း သဘော တူလိုက်သည်။

တောင်နှင့် မြောက် ဆွေးနွေးပွဲတွင် ပါဝင်သော ဖွံ့ဖြိုးဆဲ ၁၉ နိုင်ငံတို့သည် စက်မှုနိုင်ငံ

ရှစ်ခုတို့ တင်ပြသော အဆိုပြုချက်များကို မကျေနပ်ကြောင်း၊ ဆွေးနွေးပွဲ မပြီးခင် သင့်လျော်မည့် လုပ်ငန်းစဉ်များ ချမှတ်သွားဖို့ လိုအပ်ကြောင်းဖြင့် အပြည်ပြည် ဆိုင်ရာ စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှု ညီလာခံ ပူးတွဲ သဘာပတိ ပီရက်ဇရွာဂိုက ပြောသည်။

၆ နိုင်ငံခြား၌ ငွေရင်း မြှုပ်နှံကာ စီးပွားရေး လုပ်ငန်းများ လုပ်ကိုင်ကြသော ကုမ္ပဏီများ အနေဖြင့် တောင်အာဖရိက နိုင်ငံတွင် နောက်ထပ် ငွေရင်း မြှုပ်နှံမှုများ မပြုလုပ်ကြရန်နှင့် လူမျိုးရေး ဝါဒီ လူနည်းစု အစိုးရများ အုပ်စိုးသော နိုင်ငံများနှင့် ပတ်သက်မှုကို တစတစ လျှော့ပစ်ကြရန် တိုင်းတပါး ကော်ပိုရေးရှင်းများဆိုင်ရာ ကုလသမဂ္ဂကော်မရှင်၌ ဖွဲ့ဖြိုးဆဲနိုင်ငံ ၂၀ က ကြီးမှူးတင်သွင်းသောဆုံးဖြတ်ချက်တွင် ဆော်ဩထားသည်။

အမေရိကန်နိုင်ငံမှ သန့်စင်ပြီး ယူရေနီယံ ၁,၀၅၆ ပေါင်ကိုကနေဒါ၊ဗဲလဂျီယမ်၊အနောက်ဂျာမနီ၊ပြင်သစ်နှင့် ဥရောပဘုံစျေးသို့ တင်ပို့ရန် သမ္မတ ကာတာက သဘောတူ ခွင့်ပြုကာ နျူးကလီးယားလောင်စာ ရောင်းချမှု ဆိုင်းငံ့ချက်ကိုတစိတ်တဒေသပြန်ဖွင့်ပေးလိုက်သည်ဟု အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန လက်ထောက်ဝန်ကြီး ဂျိုးဇက်ညေက ပြောသည်။

၇ လန်ဒန်မြို့၌ ကျင်းပသော အနောက်အုပ်စု စက်မှု နိုင်ငံကြီး ခုနစ်နိုင်ငံ၏ ထိပ်သီး အစည်းအဝေးက ငွေကြေး ဖောင်းပွမှုနှင့် အလုပ်လက်မဲ့ပြဿနာများကို ဆက်လက် တိုက်ဖျက်သွားရင်း စီးပွားရေး တိုးတက်မှုရည်မှန်းချက်များ ပေါက်မြောက် အောင်မြင်အောင် ကြိုးပမ်းသွားရန် သဘောတူညီကြသည်။

တရုတ် ပြည်သူ့သမ္မတနိုင်ငံ ဒီလုံကျန်း ပြည်နယ် ဟာဗင်မြို့သို့ အလည်အပတ် ရောက်ရှိနေသော ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် သမ္မတကြီးနှင့်အဖွဲ့သည် တာချင့် စံပြ ရေနံမြေသို့ သွားရောက် ကြည့်ရှုလေ့လာသည်။

အပြည်ပြည် ဆိုင်ရာ လွတ်လပ်သော အလုပ်သမား သမဂ္ဂ အဖွဲ့ချုပ် အာရှ ဒေသဆိုင်ရာ အဖွဲ့မှ ကြီးမှူး၍ အာရှ အလုပ်သမား ရေးရာ ထိပ်သီး ဆွေးနွေးပွဲ သုံးရက်ကြာ ဆွေးနွေးရာ ပြီးဆုံးသွားပြီ ဖြစ်သည်။

၈ ကမ္ဘာ့ ကြက်ခြေနီနေ့ ဖြစ်သည်။ ရှေ့ဆောင် စက်မှု နိုင်ငံကြီး ခုနစ်နိုင်ငံတို့သည် လန်ဒန်မြို့တွင် နှစ်ရက်ကြာ ထိပ်သီး ညီလာခံ ကျင်းပပြီး၍ ပူးတွဲ ကြေငြာချက် တရပ် ထုတ်ပြန်ကြေငြာသည်။ ယင်းကြေငြာချက်၌ ကမ္ဘာ့စွမ်းအင် လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် အနုမြူစွမ်းအင်တိုးပွားအောင် လုပ်ထားဖို လိုသော်လည်း အနုမြူပြန့်ပွားမှု အန္တရာယ်များကို လျော့နည်းအောင်ပြုလုပ်သွားမည်ဖြစ်ကြောင်းဖော်ပြထားသည်။

ပြင်သစ်ပိုင် အာဖရိကအရှေ့မြောက်ပိုင်း အဖားနှင့်အိုက်ဆက် နယ်မြေ ပြည်သူ့ဆန္ဒ ခံယူပွဲ ကျင်းပရာ လွတ်လပ်ရေး အတွက် တခဲနက်မဲပေး ထောက်ခံကြသည်။ လွတ်လပ်ရေးကို ဇွန်လ ၂၇ ရက်နေ့ ကြေငြာရန် သတ်မှတ်သည်။

အကြိမ် ၃၀ မြောက် ကမ္ဘာ့ ကြက်ခြေနီနေ့ အခမ်းအနားကို မြန်မာနိုင်ငံ၌ မြန်မာနိုင်ငံ ကြက်ခြေနီ အသင်းမှ ကြီးမှူး ကျင်းပသည်။

၉ ချက်ကိုဆလိုဗားကီးယားဆိုရှယ်လစ်သမ္မတ နိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့ ဖြစ်သည်။

ရုရှနိုင်ငံသို့ အီသီအိုးပီးယားနိုင်ငံ အကြီးအကဲ မင်ဂီစတုဟေလီမာရီယန် ငါးရက်ကြာ လာရောက် လည်ပတ်ပြီးနောက် နှစ်နိုင်ငံ ပူးတွဲ ကြေငြာချက် ထုတ်ပြန်ရာတွင် ဒေသခံ ပြည်သူများနှင့် အခြားနိုင်ငံများ၏ တရားဝင် အခွင့်အရေးကို ထိခိုက် စေသော နိုင်ငံ အချို၏ ပင်လယ်နီ လွှမ်းမိုးရန် ကြိုးပမ်းမှုကို ဆန့်ကျင်ကြောင်း ဖော်ပြသည်။

အမေရိကန် သမ္မတ ဂျင်မီကာတာနှင့် ဆီးရီးယား သမ္မတ အာဆတ်တို့ အရှေ့ အလယ်ပိုင်း လုံခြုံရေး ပြဿနာနှင့် ပတ်သက်၍ ဂျီနီဗာမြို့တွင် တွေ့ဆုံ ဆွေးနွေးသည်။

၁၀ မြောက် အတ္တလန္တိတ်စာ ချုပ်အဖွဲ့ (နေတိုး) စစ်အင်အား တောင့်တင်းရေး အတွက် နှစ်ရှည် ကာကွယ်ရေး စီမံချက်တခု ချမှတ် လုပ်ဆောင်ရန် အမေရိကန် သမ္မတ ဂျင်မီကာတာက တိုက်တွန်းခဲ့သည်။

ပြည်တွင်း ကုန်စည်များ၏ စျေးကွက်ကို ပြည်ပမှ ဝင်၍ မယှဉ်ပြိုင်နိုင်အောင် ကာကွယ်သည့် စီးပွားရေး ပေါ်လစီကို ဖယ်ရှား၍ လွတ်လပ်စွာ ကုန်သွယ်မှု အားပေးရန် ဂျပန် ဝန်ကြီးချုပ် ဖူကူဒါက အခိုင်အမာ တင်ပြသော အဆိုပြုချက်များကို လန်ဒန် ထိပ်သီး ညီလာခံတွင် ထောက်ခံမှု ရရှိခဲ့ကြောင်း ဝန်ကြီးအဖွဲ့ အစည်းအဝေးတွင် ဝန်ကြီးချုပ် ဖူကူဒါက ပြန်လည် တင်ပြသည်။

၁၁ အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန်

၁၉၇၇ ခုနှစ် ဖြစ်ရပ်များ

နိုင်ငံတို့က ၁၉၇၈ ခုနှစ် ရိုဒီးဇီးယား နိုင်ငံတွင် လူမည်း အများစု အုပ်ချုပ်ရေးသို့ ကူးပြောင်းပေးနိုင်ရန် မျှော်လင့်ချက်ဖြင့် ရိုဒီးဇီးယား အငြင်းပွားမှုတွင် ပါဝင်သော နိုင်ငံများနှင့် ညှိနှိုင်းသွားမည်ဟု ကြေငြာသည်။

ရုရှနိုင်ငံ လီနင်ဂရက် စက်မှု သိပ္ပံမှ သိပ္ပံ ပညာရှင်များသည် ဟိုက်ဒရိုဂျင်ဓာတ်ကို အသုံးပြု မောင်းနှင်နိုင်သော လေးယောက်စီး ကားငယ် တစီး စီမံ တီထွင် ထုတ်လုပ်နိုင်ပြီဟု တပ်(စ) သတင်းဌာနက ကြေငြာသည်။

ရုရှနှင့် အမေရိကန်တို့၏ စက်မှု ပညာများကို စုပေါင်း အသုံးပြုလျှင် ယခု ရာစုနှစ်၏ အခက်အခဲဆုံး ပြဿနာ ဖြစ်သော လူ့နှလုံးတု တီထွပ်ရေးကို အောင်မြင်စွာ ပြုလုပ်နိုင်ရန် ပိုမိုနီးစပ်လာလိမ့်မည်ဟု မောစကိုမြို့ ခန္ဓာ အစိတ်အပိုင်းနှင့် အသားမြေး အစားထိုး ကုသရေးဌာန၏ ညွှန်ကြားရေးမှူးပါမောက္ခ ဗယ်လရီရှူမာကော့က တပ် (စ) သတင်းဌာနအား ပြောပြသည်။

၁၂ တရုတ်ပြည်သူ့သမ္မတ နိုင်ငံသည် ယခုနှစ်တွင် ရေနံ တန်ချိန် သန်း ၁၀၀ နီးပါး ထုတ်လုပ်နိုင်မည်ဟု ပီကင်းမြို့ရှိ နိုင်ငံခြား ပညာရှင်များက ခန့်မှန်းသည်။

၁၃ ထိုင်းနိုင်ငံအား အမေရိကန်နိုင်ငံက စစ်ရေး အကူအညီ ဒေါ်လာ ရှစ်သန်းဖိုး ပေးရန် အမေရိကန် အထက် လွှတ်တော် နိုင်ငံခြား ဆက်ဆံရေး ကော်မီတီက သဘောတူသည်။

နိုင်ငံ ခုနစ်နိုင်ငံ ပါဝင်သော ဥရောပ လွတ်လပ်စွာ ကုန်သွယ်ရေး အဖွဲ့ချုပ်သည် တနေ့တခြား အင်အား ကြီးထွားလျက် ရှိသော ဥရောပ ဘုံစျေးနှင့် ပြိုင်ဆိုင်ရန် မဟာဗျူဟာ ချမှတ်ရေး တရက်ကြာ ဆွေးနွေးပွဲကို ဗီယင်းနားမြို့ ဟော့ဖတ် နန်းတော်တွင် ကျင်းပသည်။

၁၉၆၃ ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံ စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့ ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ ၄ အရ စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့ကို ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးမြမောင် ဥက္ကဋ္ဌအဖြစ်ဖြင့် ၁၉၇၇ ခုနှစ် မေလ ၁၀ ရက်မှ စ၍ ပြန်လည် ဖွဲ့စည်းလိုက်သည်။

၁၄ အာရပ်တို့နှင့် ငြိမ်းချမ်းရေး သဘောတူ

၁၉၇၇ ခုနှစ် ဖြစ်ရပ်များ

စာချုပ်လျှင် အင်္ဂရိယယ် နိုင်ငံသည် ၁၉၆၇ ခုနှစ် မတိုင်မီက နယ်ခြားများကို ပြန်၍ လက်မခံဟို့ သန္နိဋ္ဌာန် ချထားကြောင်း အင်္ဂရိယယ် ယာယီ ဝန်ကြီးချုပ် ပီရက်ဇက ထပ်မံ အတည်ပြု ပြောကြားသည်။

ပါကစ္စတန်နိုင်ငံတွင် အတိုက်အခံ တို့၏ အကြမ်းဖက် လှုံ့ဆော်မှုကို ဆက်လက် ခွင့်ပြုထားမည် ဆိုပါက ပါကစ္စတန် နိုင်ငံ လုံခြုံရေးကို ပြည်ပမှ ပါဝင် စွက်ဖက်ခြင်းနှင့် အကြပ်ကိုင်ခြင်း ပြုလာမည့် အန္တရာယ်ရှိနိုင်သည်ဟု နိုင်ငံခြားရေး ဝန်ကြီး အဇစ်အာမက်က ပါလီမန်တွင် ပြောကြားသွားသည်။

အမှတ် ၁ စက်မှု ဝန်ကြီးဌာန လက်အောက်ရှိ စက်ရုံများ အနက် သတ်မှတ်ထားသော စံပြ စက်ရုံ ဂုဏ်အင်္ဂါရပ်များနှင့် ကိုက်ညီသဖြင့် ၁၉၇၆-၇၇ ခုနှစ် အတွက် စံပြ စက်ရုံ အဖြစ် ပထမဆုကို ချည်မျှင်နှင့် အထည်စက်ရုံ (စစ်ကိုင်း) အား၎င်း၊ ဒုတိယဆုကို ဗီယာနှင့် အရက်ချက် စက်ရုံ (မန္တလေး) အား၎င်း၊ တတိယဆုကို ဆပ်ပြာစက်ရုံ အမှတ် ၁ အား၎င်း အမှတ် ၁ စက်မှု ဝန်ကြီး ဗိုလ်မှူးကြီး တင့်ဆွေက အသီးသီး ဆုချီးမြှင့်လိုက်သည်။

၁၅ အာဖရိကတောင်ပိုင်း ပြဿနာများနှင့် စပ်လျဉ်း၍ အမေရိကန် ဝါဒကို ယခုထက် တင်းတင်းမာမာထားရန် အမေရိကန်ဒု-သမ္မတ ဝေါလတာမွန်ဒေးနှင့် ကုလသမဂ္ဂဆိုင်ရာ အမေရိကန် သံအမတ်ကြီးအင်ဒရူးယန်းတို့ ဆွေးနွေးကြသည်။

ဖင်လန်နိုင်ငံ သမ္မတ ကက္ကိုနင်သည် ဆိုရှယ်လစ် ဒီမိုကရက်တစ် ပါတီ ခေါင်းဆောင် ကာလေဗီဆော်ဆာအား ငါးပါတီ ဗဟိုလက်ဝဲညွှန်ပေါင်း အစိုးရ၏ အကြီးအကဲ ဝန်ကြီးချုပ် အဖြစ် ဦးဆောင်သွားရန် ခန့်အပ်လိုက်သည်။

အင်္ဂရိယယ်နိုင်ငံတွင် အ ထွေ ထွေ ရွေး ကောက်ပွဲ ကျင်းပရာ မဲဆန္ဒရှင်တို့သည် အုံသြလောက်အောင်ပင် လက်ျာသို့ ယိမ်းသွားကြပြီး ယခင် ဂျူးပြောက်ကျား တိုက်ပွဲဝင် မီနာချင်ဗယ်ဂင် ခေါင်းဆောင်သော ကွန်ဆာဗေးတစ်လိက္ခတ် အုပ်စုကို အနိုင်မဲပေးလိုက်သည်။

မိုဇမ်ဗစ်နိုင်ငံ မာပူတိုမြို့၌ ကုလသမဂ္ဂ ကိုလိုနီ ဖျက်သိမ်းရေး ကော်မီတီနှင့် ကုလသမဂ္ဂ နမီးဗီးယား ကောင်စီတို့က ကြီးမှူး၍ ကုလသမဂ္ဂ ညီလာခံ ကျင်းပသည်။

သိမ်းပိုက်ထားသော အာရပ် နယ်မြေများနှင့် စပ်လျဉ်းသည့် အင်္ဂရိယယ် နိုင်ငံ၏ ပေါ်လစီကို အဖွဲ့ဝင် ၁၄၂ နိုင်ငံ ပါဝင်သော ကမ္ဘာ့ကျန်းမာရေး အဖွဲ့ (၁၈လျှူ အိပ်ချအို)က လွှတ်ချရန် အာရပ်နိုင်ငံနှင့် ဘက်မလိုက် ၂၄ နိုင်ငံက တောင်းဆိုသည်။

၁၇ ပါကစ္စတန်နိုင်ငံ၌ အတိုက်အခံတို့ အကြမ်းဖက် ဆန္ဒပြမှုများ ပြုလုပ်နေချိန်တွင် ဝန်ကြီးချုပ် အလီဘူတို ရာထူးတွင် ဆက်၍ နေသင့် မနေသင့် ပြည်သူက အဆုံးအဖြတ် ပေးနိုင်ရေး အတွက် ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပရန် အခြေခံ ဥပဒေ ပြင်ဆင်ချက် ဥပဒေ ကြမ်းကို လွှတ်တော်က အတည်ပြုခဲ့သည်။

အပြည်ပြည် ဆိုင်ရာ စီးပွားရေး ကူညီထောက်ပံ့မှုအဖွဲ့(ကိုမီကွန်)၏ ဂ၁ ကြိမ်မြောက် အမှုဆောင် ကော်မီတီ အစည်း အဝေးကို မောစကိုမြို့တွင် စတင် ကျင်းပသည်။ ယင်း အစည်းအဝေးတွင် ဆိုရှယ်လစ် စီးပွားရေး စုစည်းမှုစီမံကိန်းအောင်မြင်အောင် စွမ်းဆောင်ရန် ဆွေးနွေးသွားမည် ဖြစ်သည်။

၁၈ ရုရှနိုင်ငံသည် ယင်း၏ စစ်အင်အား ကြီးထွားနေသည်ကို အခွင့်ကောင်းယူပြီး နိုင်ငံရေး အနိုင်ကျင့်မှုများ ပြုလုပ်လာနိုင်သည့် အန္တရာယ်ကို ကာကွယ်ရန်အတွက် နေတိုးအဖွဲ့သည် မိမိတို့၏ ကာကွယ်ရေး စွမ်းအားကို ဖြည့်တင်းရန် ဆုံးဖြတ်လိုက်သည်ဟု အမေရိကန် ကာကွယ်ရေး ဌာန ဝန်ကြီး ဟာရိဗရောင်းက ပြောသည်။

ပါကစ္စတန်တမျိုးသားလုံးနှင့် တကွ ဒီမိုကရေစီ အပေါ် လက်ရှိ အလီဘူတို့ အစိုးရက ကျင့်သုံး ပြုမူခဲ့သော မင်းဆိုး အပြုအမူများကို ကန့်ကွက်သော အားဖြင့် လာမည့် ၂၀ ရက် နေ့တွင် ဆန္ဒပြကြရန် ပါကစ္စတန် အတိုက်အခံ ပါတီ ဖြစ်သော ပါကစ္စတန် အမျိုးသား မဟာမိတ်တို့က လှုံ့ဆော်လိုက်သည်။ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ သတ္တမ ပြင်ဆင်ချက်ကိုလည်း ရှုတ်ချသည့် ကြေငြာချက်တရပ် ထုတ်ပြန်သည်။

အမေရိကန်၊ ရုရှနှင့် အခြား နိုင်ငံပေါင်း ၂၆ နိုင်ငံတို့သည် လူက ဖန်တီး ပြုလုပ်ပေးသော မုန်တိုင်း၊ မြေလျင် ဒီလှိုင်း စသည့် မိုးလေဝသ အတုအား စစ်လက်နက် အဖြစ် အသုံးပြုခြင်းကို တားမြစ် ပိတ်ပင်သည့် ကုလသမဂ္ဂ စာချုပ် တရပ် လက်မှတ် ရေးထိုးကြသည်။

ရုရှ နိုင်ငံခြားရေး ဝန်ကြီး အန်ဒရေဂရိုမီကိုနှင့် အမေရိကန် နိုင်ငံခြားရေး ဝန်ကြီး ဆိုင်းရပ်ဗန့်စတို့သည် ဆွေးနွေးပွဲ စတင် ကျင်းပရာ လက်နက် ယှဉ်ပြိုင်ကန့်သတ်ရေး အဆိုပြုချက် သုံးခုကို ဆွေးနွေးကြသည်ဟု ဆိုသည်။

၁၉ အမေရိကန် ပြည်ထောင်စု သမ္မတ ဂျင်မီကာတာက အမေရိကန် ပြည်ထောင်စုမှ လက်နက်များ ပြည်ပသို့ တင်ပို့မှုကို ထိန်းချုပ်ရေးနှင့် လျော့နည်းစေရေး အတွက် အရေးယူ ဆောင်ရွက်မည့် အစီအစဉ်ကို ကြေငြာသည်။

ချက်ကိုဆလိုဗားကီးယား ကွန်မြူနစ် ပါတီ ဗဟို ကော်မီတီ အတွင်းရေးမှူးချုပ်နှင့် သမ္မတ ဖြစ်သည့် ရုစတပ်ဟူးဝတ်သည် ဝါဆော စာချုပ် စုပေါင်း လက်နက်ကိုင် တပ်ဖွဲ့များ၏ စစ်သေနာပတိချုပ် မာရှယ်ဗစ်တာကူလီကော့ဗ်ကို ပရာဟမြို့၌ လက်ခံ ဆွေးနွေးသည်။

အင်ဒိရာဂန္ဒီ ခေါင်းဆောင်သော ကွန်ဂရက် ပါတီ အစိုးရ လက်ထက်တွင် အရေးပေါ် အခြေအနေ ကြေငြာထားစဉ် လွန်လွန်ကဲကဲ ပြုလုပ် ကျူးလွန်မှုများကို စုံစမ်း စစ်ဆေးရန် အတွက် ကော်မရှင် တရပ်ကို ဂျနတာ ပါတီ အစိုးရက ခန့်ထားလိုက်သည်။

၂၀ ဗီယက်နမ် နိုင်ငံက ကမ်းလွန် ရေပြင်မိုင် ၂၀၀ နှင့် ယင်းမိုင် ၂၀၀ ဧဝသ အတွင်းရှိ သယံဇာတ ပစ္စည်း အားလုံး အပေါ် အချုပ်အခြာ အာဏာပိုင်ကြောင်း ကြေငြာသည်။

၂၁ အာဖရိကနှင့် ရုရှ နိုင်ငံတို့သည် မဟာဗျူဟာ လက်နက် ကန့်သတ်ရေး စာချုပ်သစ် ချုပ်ဆိုရန် နှစ်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးများ ညှိနှိုင်း ဆွေးနွေးခဲ့ကြရာ ပုံစံပိုင်းတွင် ယေဘုယျ သဘောတူညီကြသော်လည်း အနှစ်သာရပိုင်းတွင်မူ လေးနက်စွာ ကွဲပြား ခြားနား လျက်ရှိနေသေးသည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဆိုင်းရပ်ဗန့်စက ပြောကြားသည်။

မိုဇမ်ဗစ် နိုင်ငံ မာပူတိုမြို့၌ ကျင်းပလျက်ရှိသောဇင်ဗာဗွေနှင့် နမီးဗီးယားဆိုင်ရာညီလာခံတွင် ရိုဒီးဇီးယား လူဖြူအစိုးရကိုပြင်းထန်စွာ ဆန့်ကျင် အရေးယူရန် တောင်အာဖရိက နိုင်ငံသို့ လက်နက်တင်ပို့မှု ပိတ်ပင်တားဆီးရန် လှုံ့ဆော်ချက်ပါသည့် ကြေငြာချက်တရပ်ကို အသံဖြင့် ဆန္ဒယူ အတည်ပြုလိုက်သည်။

မြန်မာနိုင်ငံတွင် မကြာမီ ပြန်လည် ဖွင့်လှစ်မည့် ၁၉၇၇-၇၈ ပညာသင်နှစ်တွင် နဝမတန်း၌ ပညာဆက်လက် ဆည်းပူးကြမည့် ကျောင်းသား ကျောင်းသူများမှ အစပြု၍ ဝိဇ္ဇာသိပ္ပံခွဲခြားခြင်းမရှိတော့ပဲ တပေါင်းတည်း

၁၉၇၃ ခုနှစ် ဖြစ်ရပ်မျှား

သင်ကြား၍ ၁၉၇၀-၇၉ ပညာသင်နှစ် အခြေခံပညာ အထက်တန်းတွင်လည်း အလားတူပင် တပေါင်းတည်း သင်တော့်မည် ဖြစ်ကြောင်း မြန်မာ့သတင်းစဉ်၌ ဖော်ပြထားသည်။

၂၂ သီရိလင်္ကာသမ္မတနိုင်ငံ တည်ထောင်သည့် ပဉ္စမ နှစ်ပတ်လည်နေ့ ဖြစ်သည်။

ပယ်လက်စတိုင်နိုင်ငံသည် အင်္ဂရိယယ်နိုင်ငံအတွက် အလွန် ကြီးမားသော အန္တရာယ် ဖြစ်သည်ဟု အင်္ဂရိယယ် နိုင်ငံ၏ ဝန်ကြီးချုပ်သစ် မိနာချင်ဗယ်ဂင်က တိုင်းမဂ္ဂင်းနှင့် ဇတ္တဆုံရာတွင် ပြောကြားသည်။

အရှေ့အလယ်ပိုင်း ပြဿနာ ဖြေရှင်းရန် အမေရိကန်နိုင်ငံက နိုင်ငံရေးအရ လုံးပန်းပေးမည် ဆိုလျှင် အမေရိကန် နိုင်ငံ အနေဖြင့် စစ်ရေးအတွက် သတ်မှတ် သိုလှောင်သော ရေနံခြောက်လစာ ရရှိနိုင်ရန် ဆအူးဒီ အာရေဗျက ရေနံပိုမို ထုတ်လုပ်ပေးမည်ဟု ဆအူးဒီ အာရေဗျ အိမ်ရှေ့ မင်းသား ဖာဒ်က ပြောကြောင်း အယ်အာရမ်းသတင်းစာက ရေးသည်။

ပယ်လက်စတိုင် လွတ်မြောက်ရေး အဖွဲ့ကို အရှေ့ အလယ်ပိုင်း ငြိမ်းချမ်းရေး ဆွေးနွေးပဲ့မှန်သမျှတွင် သီးခြားနှင့် တန်းတူ အခြေခံဖြင့် ပါဝင် တက်ရောက်ခွင့် ပြုရမည်ဟု ထရိပိုလီမြို့တွင် နောက်ဆုံးနေ့အဖြစ် ကျင်းပသော ရှစ်ကြိမ်မြောက် အစ္စလာမ် နိုင်ငံခြားရေးဝန်ကြီးများ ညီလာခံက တိုက်တွန်းသည်။

ကုလသမဂ္ဂ ပညာ၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ ညွှန်ကြားရေးမှူး မစ္စတာ အာမာဒူမာအမ်ဘိုနှင့် အဖွဲဝင်များ လေကြောင်း ခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။

၂၃ ပင်လယ်ပြင် ဥပဒေ ဆိုင်ရာ တတိယမြောက် ကုလသမဂ္ဂ ညီလာခံ၏ ဆဋ္ဌမ အစည်းအဝေးကို ကုလသမဂ္ဂ ဌာနချုပ်၌ စတင် ဖွင့်လှစ်သည်။

၁၉၇၆ ခုနှစ်က ရေးဆွဲခဲ့သော သက်တမ်း ၄ နှစ်ရှိပြီ ဖြစ်သည့် လက်ရှိ ဆိုဗီယက် ပြည်ထောင်စု အခြေခံ ဥပဒေကို အခြေခံ ဥပဒေ အသစ်ဖြင့် အစားထိုးရန် ပြင်ဆင်ရေးဆွဲလျက်ရှိရာ အဓိက အချက်အလက်များကို အခြေခံ ဥပဒေ ရေးဆွဲရေး ကော်မရှင်က အတည်ပြုလိုက်ပြီ ဖြစ်သည်။

ယခင် နယ်သာလန် ကိုလိုနီ ဖြစ်သော အရှေ့ အိန္ဒိယ ကျွန်းစု တောင်မိုလုကန်ကျွန်း (ယခု အင်ဒိုနီးရှား နိုင်ငံထဲ၌ ပါဝင်သည်) ကျွန်းသား ၁၂ ဦးတို့သည် ခြောက်ယောက်စီ နှစ်စုခွဲကာ နယ်သာလန် နိုင်ငံတွင် မီးရထားတစင်းနှင့် ကျောင်းတကျောင်းကို လက်နက်ကိုင် စီးနင်း၍ ခေးစာခံ ၁၅၀ ကျော် ဖမ်းဆီးသွားရာ နယ်သာလန်အစိုးရ အာဏာပိုင်များက မိုလုကန် ကျွန်းသားများထံမှ တောင်းဆိုချက် တစုံတရာ ကမ်းလှမ်းလာရန် စောင့်မျှော်နေကြသည်။

၂၄ အာဂျင်တီးနားသမ္မတ နိုင်ငံ၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့ ဖြစ်သည်။

ရုရှနိုင်ငံသမ္မတနှင့် ကွန်မြူနစ်ပါတီပေါ်လစ်ဗျူရိုအဖွဲဝင် မစ္စတာပေါ်ဂေါ်နီ (၇၄ နှစ်) အား တာဝန်များမှ ရုပ်သိမ်းလိုက်ကြောင်း မောစကိုရေဒီယိုမှ ကြေငြာသည်။

ရိုဒီးဇီးယားမှ လူမည်းဒုက္ခသည်များသည် ဗော့ဆွားနား နိုင်ငံသို့ လွန်ခဲ့သည့် ရက်သတ္တပတ်များက တသောသော ပြေးဝင်ခဲ့ကြရာ ဗော့ဆွားနားတွင် ဒုက္ခသည် စခန်းသစ်များ ထပ်မံတည်ဆောက်ရန် လိုအပ်သည်ဟု ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကုဗားလဟိုင်းက လုံခြုံရေးကောင်စီအစည်းအဝေး၌ ပြောသည်။

အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး အတွက် ဆအူးဒီအာရေဗျ ဝန်ကြီးချုပ် မင်းသားဖာဒ်နှင့် အမေရိကန် သမ္မတ ကာတာတို့ ဆွေးနွေးကြသည်။ ဆအူးဒီအာရေဗျနိုင်ငံ ကာကွယ်ရေးအတွက် လိုအပ်သော လက်နက်များကို အမေရိကန်က ဆက်လက်ရောင်းချသွားမည်ဟု သမ္မတ ကာတာက ပြောသည်။

ဥက္ကဋ္ဌကြီး မော်စီတုံး ဗိမာန် တည်ဆောက်မှုသည် ပြီးဆုံးသွားကြောင်း ပီကင်း အသံလွှင့် ဌာနက ကြေငြာသည်။

၂၅ အမေရိကန်ပြည်ထောင်စုက မြေအောက် အနုမြူ စမ်းသပ် ဖောက်ခဲမှုတခုကို နီဗားဒါးဒေသတွင် ပြုလုပ်လိုက်သည်။ ယင်းအနုမြူသည် ကီလိုတန် ၂၀ မှ ၁၅၀ အတွင်း ရှိသည်ဟု စွမ်းအင် သုတေသနနှင့် ဖွံ့ဖြိုးရေးအေဂျင်စီက ဖော်ပြသည်။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်နှင့် နယ်သာလန် နိုင်ငံ အစိုးရတို့ လေကြောင်း ဆက်သွယ်ရေး သဘောတူစာချုပ် ပြင်ဆင် ချုပ်ဆိုသည့် စာချုပ်လက်မှတ် ရေးထိုးသည်။

၂၆ ရိုဒီးဇီးယားအစိုးရအရာရှိများနှင့် ဗြိတိန် အမေရိကန် အကြံပေး အဖွဲတို့သည်ရိုဒီးဇီးယား နိုင်ငံရေး ပြဿနာ ဖြေရှင်းရေးပဏာမ ဆွေးနွေးပဲ့ကို စတင်ပြုလုပ်သည်။

ဗင်္ဂလားဒေ့ရှ နိုင်ငံနှင့် ယူဂိုစလားဗီးယား နိုင်ငံတို့သည် နှစ်နိုင်ငံ ပူးတွဲ ကြေငြာချက် တရပ်ကို ထုတ်ပြန်လိုက်သည်။

ကုလသမဂ္ဂ အကဲခတ် တပ်ဖွဲ့ကို ဂိုလန်ကုန်းမြင့် ဒေသတွင် အင်္ဂရိယယ်နှင့် ဆီးရီးယား တပ်များ ခွဲခြား ရုပ်သိမ်းရေးအတွက် စေလွှတ်ထားခဲ့ရာ လုံခြုံရေး ကောင်စီက ယင်းတပ်ဖွဲ့၏ သက်တမ်းကို နောက်ထပ် ခြောက်လ တိုးလိုက်သည်။

ဆအူးဒီအာရေဗျနိုင်ငံ ရေနံဝန်ကြီးရှိတ်အာမက် ဇာကီ ယာမနီက ဆအူးဒီ အာရေဗျနိုင်ငံသည် ရေနံ လက်နက်ကို အသုံးမပြုလိုကြောင်း၊ သို့သော် အသုံးမပြုပါဟုလည်းမဆိုနိုင်ကြောင်း၊ အခြား လောင်စာ စွမ်းအင်များကို ရှာဖွေခြင်းလည်း မပြု၊ ရေနံကို ချေတာ ထိန်းသိမ်းခြင်းလည်း မပြုလျှင် ၁၉၇၅ ခုနှစ်တွင် ဒုက္ခကြီးတွေ့နိုင်သည်ဟု ပြောသည်။

၂၇ ဟိုကိုင်ဒိုကျွန်း အရှေ့ဖက် ကမ်းလွန် ဒေသရှိ အတိုမိုင်နှင့် ရှိကိုတနာကျွန်း နှစ်ကျွန်းကို ဂျပန် နိုင်ငံသို့ ပြန်ပေးရန် တောင်းဆိုသော အိတ်ဖွင့် စာတစောင်ကို ဂျပန် ကွန်မြူနစ် ပါတီက ရုရှ ကွန်မြူနစ် ပါတီသို့ ပေးပို့သည်။

စစ်မက် တိုက်ခိုက်ရာတွင် တိုင်းသူပြည်သား အကျိုး ထိခိုက်စေမည့် တာတမံနှင့် အနုမြူစက်ရုံများကို ဗုံးကြဲ တိုက်ခိုက်ခြင်း မပြုရန် ၁၃၉ နိုင်ငံ ပါဝင်သော သံတမန် ညီလာခံက တားမြစ်လိုက်သည်။

ဆိုဗီယက် ပြည်ထောင်စု ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ရေးဆွဲရေး ကော်မရှင်က ရေးဆွဲ၍ ဆိုဗီယက် ပြည်ထောင်စု ကွန်မြူနစ်ပါတီ ဗဟို ကော်မီတီစုံညီ အစည်းအဝေးက တင်ပြသော အခြေခံ ဥပဒေ မူကြမ်းကို ဆိုဗီယက် ပြည်ထောင်စု ဦးစီး လွှတ်တော်ချုပ် သဘာပတိ အဖွဲက ကရင်မလင် နန်းတော်တွင် ဆွေးနွေး သုံးသပ်ပြီးနောက် အမျိုးသား သီချင်းနှင့် စာသားများကို လက်ခံ အတည်ပြုလိုက်သည်။ လာမည့် စက်တင်ဘာလ ၁ ရက်နေ့ စ၍ ယင်းသီချင်း အသုံးပြုရန် ဆုံးဖြတ်သည်။

ဓနသဟာယ ထိပ်သီး ညီလာခံသို့ သမ္မတ အီဒီအာမင် တက်ရောက်ခြင်းကို လိုလား ကြိုဆိုမည် မဟုတ်ဟု ဗြိတိသျှ အောက်လွှတ်တော်တွင် အဆိုတင်၍ အတည်ပြုလိုက်သည်။

ရန်ကုန်၊ စစ်ကိုင်းနှင့် ပဲခူးတိုင်း ဒေသကောလိပ်များ စတင် ဖွင့်လှစ်သည်။

၁၉၇၇ ခုနှစ် ဖြစ်ရပ်များ

၂၈ အီသီအိုးပီးယား နိုင်ငံ အစိုးရသည် အဒစ္စ အဗဗာမြို့ရှိ အမေရိကန် ပြတိသျှနှင့် အီဂျစ် ကာကွယ်ရေး စစ်သံမူးရုံးများကို ပိတ်ရန် အမိန့်ထုတ်လိုက်ပြီး ထိုစစ်သံမူး ရုံးဝန်ထမ်းများ တိုင်းပြည်မှ ခုနစ်ရက်အတွင်း ထွက်ခွာရန် အမိန့်ပေးထာသည်။

နယ်သာလန် နိုင်ငံတွင် မေလ ၂၃ ရက်နေ့က မိုလုကန် ကျွန်းသား ၁၂ ယောက်က မီးရထား တစင်းနှင့် ကျောင်းတကျောင်းကို လက်နက်ကိုင် စီးနင်းကာ ဓားစာခံ ၁၅၀ ခေါ်သွာသည်တို့ကို ပြန်မလွတ်ဘဲ ထားသဖြင့် ကလေးများ ဝမ်းပျက် ရောဂါဖြစ်၍ မြို့သို့ပင် ရောဂါကူးစက်လာမည်ကို စိုးနေရသည်။

အမေရိကန် နိုင်ငံခြားရေး ဝန်ကြီး ဗန်စသည် အရှေ့အလယ်ပိုင်း အခြေအနေ ကိစ္စနှင့် စပ်လျဉ်း၍ အင်္ဂရိယယ် သံအမတ်ကြီး ဆမ်ချားဒီနစ်နှင့် တွေ့ဆုံ ဆွေးနွေးသည်။

၂၆ လန်ဒန်မြို့တွင် ဇွန်လ၌ ကျင်းပမည့် ဓနသဟာယ ထိပ်သီးညီလာခံသို့ ယူဂန်းဒါး သမ္မတ အီဒီအာမင် တက်ရောက်ရေးကို ဗြိတိန်နိုင်ငံက ကန့်ကွက်သည့် အတွက် ဗြိတိန်နိုင်ငံနှင့်ကုန်သွယ်ရေးကို လျော့ချမည်ဟု ယူဂန်းဒါးနိုင်ငံကဆုံးဖြတ်လိုက်ကြောင်း ကြေငြာသည်။

အီရန် နိုင်ငံသည် ငါးဖမ်းဧရိယာ မိုင် ၅၀ သတ်မှတ်လိုက်ကြောင်း ကြေငြာသည်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ အစိုးရ၏ ဖိတ်ကြားချက်အရ ဧပြီလ ၂၇ ရက်နေ့မှ စ၍ည့် သည်အဖြစ် အလည်အပတ် သွားခဲ့သောပြည် ထောင်စုဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် သမ္မတကြီးဦးနေဝင်းနှင့် အဖွဲ့ ရန်ကုန်မြို့သို့ ပြန်ရောက်သည်။

၃၀ ချမ်းသာနှင့် ဆင်းရဲ နိုင်ငံများ ပါဝင်သော တောင်နှင့် မြောက် ဆွေးနွေးပွဲ စတင် ကျင်းပသည်။ ထိုညီလာခံသို့ စက်မှုနိုင်ငံ ရှစ်နိုင်ငံနှင့် ဖွံ့ဖြိုးဆဲ နိုင်ငံ ၁၉ နိုင်ငံ တက်ရောက်ကြသည်။

ရုရှနိုင်ငံခြားရေးဝန်ကြီးဂရိုမီကိုကနိုင်ငံတကာ ဆက်ဆံရေးတွင် အင်အား မသုံးရေး ကမ္ဘာ့ စာချုပ် တရပ် ချုပ်ဆိုရေး နှင့် စပ်လျဉ်း၍ ကုလသမဂ္ဂ အတွင်းရေးမှူး ကုဗာလဟိုင်းထံ စာတစောင် ပေးပို့လိုက်သည်။

ဗင်္ဂလားဒေ့ရှ သမ္မတ ဗိုလ်ချုပ် ဂျိယာအူးရ်ရာမန်နှင့် သမ္မတ၏ အချက် ၁၉ ချက်ပါ နိုင်ငံဖွဲ့ဖြိုးရေး အစီအစဉ် အပေါ် ဦးကြည်မူ ရှိမရှိ ပြည်သူ့ သဘောထား ခံယူပွဲကို ကျင်းပသည်။ ဗင်္ဂလားဒေ့ရှ၏ ပထမဆုံးသန္နခံယူပွဲဖြစ်သည်။

စီးပွားရေး စီမံကိန်း မူဝါဒများနှင့် မဆန့်ကျင်လျှင် ပြည်ပ စက်မူလက်မူ လုပ်ငန်းရှင်များနှင့် ပူးပေါင်း လုပ်ဆောင်ရန် ရည်ရွယ်ချက် ရှိကြောင်း၊ အောက်မြန်မာနိုင်ငံ စပါးတိုးခဲ့စိုက်ပျိုးရေး စီမံကိန်း၊ ရန်ကုန် ဆိပ်ကမ်းမွမ်းမံရေး စီမံကိန်းနှင့် ခဲမဖြူ အဖြိုက်နက် တိုးခဲ့ထုတ်လုပ်ရေး စီမံကိန်းတို့အတွက် ကမ္ဘာ့ဘဏ်မှ အကူအညီ ယူထားကြောင်း စသည်ဖြင့် နိုင်ငံတော်ကောင်စီအတွင်းရေးမှူးဗိုလ်ချုပ်ကြီး စန်းယုက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆင်္ဂမနှင့် သတ္တမ အစည်းအဝေးအတွေ့အကြုံ ရှင်းလင်းပွဲတွင် ဖြေကြာသည်။

၂၁ အင်္ဂါဂြိုဟ်ပေါ်၌ ရောက်ရှိနေသော အမေရိကန် ဗိုက်ကင် ၁ နှင့် ၂ ဓာတ်ခွဲခန်း အာကာသယာဉ် နှစ်စင်းသည် လောင်စာ ကုန်ခန်းသွားပြီဖြစ်၍ အင်္ဂါဂြိုဟ်ပေါ်၌ သက်ရှိဘဝရှိမရှိ ရှာဖွေသည့် လုပ်ငန်းများ လုပ်ဆောင်ခြင်းကို သက်ရှိဘဝမတွေ့ရပဲ ရပ်စဲလိုက်သည်။

ဗင်္ဂလားဒေ့ရှနိုင်ငံ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲတွင် သမ္မတ ဂျိယာအူးရ်ရာမန်နှင့် ၎င်း၏ နိုင်ငံဖွဲ့ဖြိုးရေး အစီအစဉ်ကို မဲဆန္ဒရှင်များက တခဲနက် ထောက်ခံကြသည်။

ပထမ အကြိမ်ပြည်သူ့လွှတ်တော် ဘတ္တမ အစည်းအဝေးမှ အတည်ပြု ပြဋ္ဌာန်းခဲ့သော ၁၉၇၇ ခုနှစ် စီးပွားရေး စီမံကိန်း၏ ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မူ ရည်မှန်းချက်များ ဆိုင်ရာ ဥပဒေနှင့် ၁၉၇၇ ခုနှစ် နိုင်ငံတော်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေတို့ကို နိုင်ငံတော်ကောင်စီသည် ၁၉၇၇ ခုနှစ် ပြည်သူ့လွှတ်တော် ဥပဒေ အမှတ် (၁) နှင့် (၂)အဖြစ် ထုတ်ပြန်ကြေငြာသည်။

နိုင်ငံတော် သမ္မတကြီး ဦးနေဝင်းနှင့် အဖွဲ့ဝင်များသည် အလယ်ပိုင်း တိုင်း စစ်ဌာနချုပ်၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်နှင့် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် နယ်မြေများသို့ မေလ ၂၂ ရက်နေ့မှစ၍ လှည့်လည် စစ်ဆေးကြည့်ရှုရာမှ ပြန်ရောက်သည်။

ဇွန်လ

၁ အီတလီ သမ္မတနိုင်ငံ တည်ထောင်သည့် ၁၃ ကြိမ်မြောက် နှစ်ပတ်လည်နေ့ ဖြစ်သည်။

မော်ရစ်ရှပ်နိုင်ငံက ပိုင်နက် ပင်လယ်ကို ၁၂ ပိုင်နှင့် သီးသန့် စီးပွားရေး ဇုံကို ပိုင် ၂၀၀ သတ်မှတ်လိုက်သည်။

အပြည်ပြည် ဆိုင်ရာ အလုပ်သမား အဖွဲ့ (အိုင်အယ်အို) ၏ ၆၃ ကြိမ်မြောက် ညီလာခံကို ဂျနီဗာမြို့၌ စတင် ကျင်းပသည်။

ကမ္ဘာ့ စားနပ်ရိက္ခာ စီမံကိန်း အဖွဲ့(ဒဗလျူအက်ဖပီ) ၏ အုပ်ချုပ်ရေး အဖွဲ့ ဖြစ်သော စားနပ် ရိက္ခာ ထောက်ပံ့ရေး ပေါ်လစီနှင့် စီမံကိန်း ဆိုင်ရာ ကော်မတီ (စီအက်ဖအေ) သည် ရောမမြို့တွင် ရက်သတ္တ နှစ်ပတ်ကြာ စည်းဝေးခဲ့ပြီးနောက် ထောက်ပံ့မှု ပေးသော နိုင်ငံများသည် ရိက္ခာ ထောက်ပံ့မှု အဆက်မပြတ် ပေးသွားနိုင်ရန် စီမံကိန်းချဖို့လိုကြောင်း နှစ်စဉ် ရိက္ခာထောက်ပံ့မှု အနည်းဆုံး ကောက်ပဲသီးနှံ တန်ချိန် ၁၀ သန်း ရှိမည် ဖြစ်ကြောင်း တို့ကို သဘောတူ ဆုံးဖြတ်သည်။

၂ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူး ချုပ် ကုဗာလဟိုင်းက အနှုမြူ လုပ်နိုင်သည့် စွမ်းအားရှိသော နိုင်ငံ ခြောက်နိုင်ငံခန့် ရှိပြီး အနှုမြူဗုံး ထောင်ပေါင်း များစွာ ထုတ်လုပ်လိုလျှင် ထုတ်လုပ်နိုင်မည့် အဆင့်ရှိသော နိုင်ငံ နှစ်ဒါဇင်ခန့် ရှိနေပြီ ဖြစ်ကြောင်း၊ လက်နက် ဖျက်သိမ်းရေးကို နိုင်ငံတကာ လုပ်ငန်း အစီအစဉ်တွင် ထိပ်ဆုံးက ထားရဦးမည် ဖြစ်ကြောင်းဖြင့် နယူးယော့မြို့ ရိုတရီကလပ်တွင် ပြောသည်။

ဗယ်လ်ဂျီယမ် ဝန်ကြီးချုပ် လီယိုတင်ဒါးမန်းသည် သူကိုယ်တိုင် မကြာမီက ဖွဲ့စည်းလိုက်သည့် အစိုးရ အဖွဲ့သစ်မှ ဝန်ကြီး လေးဦး ကျမ်းသစ္စာ ကျိန်ဆိုပွဲသို့ မတက်ရောက်ကြသော ကြောင့် ဘုရင် ဗိုဒွင်ထံသို့ သူ၏ နုတ်ထွက်လွာ တင်လိုက်သည်။

နှလုံးသွေးခုန်နှုန်း မမှန်သော နှလုံးရောဂါသည် နှစ်ဦးအား မြန်မာနိုင်ငံ နှလုံးရောဂါအထူးကု ဆရာဝန်ကြီးများသည် နှလုံးခုန်နှုန်း ထိန်းစက်ကို ခန္ဓာကိုယ်တွင်း ခဲ့စိတ် သွင်း၍ ကုသပေးခဲ့ရာ အောင်မြင်ကြောင်း သိရသည်။

ဂျပန် နိုင်ငံ တိုကျိုမြို့တွင် အာရှ ယဉ်ကျေးမှု ရိုပ်သာမှ ကြီးမှူး ကျင်းပသော အာရှ ၁၅ နိုင်ငံ ပါဝင်သည့် ဒုတိယ အကြိမ်မြောက် ယူနက်စကို အာရှ ဓာတ်ပုံပြိုင်ပွဲကို မေလ ၃၁ ရက်နေ့က စတင် ကျင်းပရာ မြန်မာနိုင်ငံမှ ဦးမြအောင် ရိုက်ကူး တင်သွင်းသော "နေရာတကာတွင် တွေ့မြင်နိုင်သည့် ကျွဲလှည်း" အမည်ရှိ ဓာတ်ပုံက ပထမဆု ရရှိကြောင်း ရေဒီယိုဂျပန်မှ ကြေငြာသည်။

၁၉၇၇ ခုနှစ် ဖြစ်ရပ်များ

၇ ဗြိတိန် နိုင်ငံတွင် အယ်လစ်ဇဗက် ဘုရင်မ၏ နန်းသက် ၂၅ နှစ်ပြည့် အထိမ်းအမှတ် ငွေရတုသဘင် အခမ်းအနားကို ရှေ့အပတ်တွင် ကျင်းပရန် ပြင်ဆင်နေချိန်တွင် ဘုရင်စနစ်ကို ဖျက်သိမ်းသင့်ပြီဟုအာဏာရလေဘာပါတီတွင်အရှိန်အဝါ ကြီးမားလှသော လက်ဝဲဂိုဏ်းဝင်တို့၏ ဂျာနယ်၌ အဆိုပြု ရေးသားထားသည်။

၁၆ နှစ်ကြာ သံတမန် အဆက်ပြတ်ခဲ့သော အမေရိကန်နှင့် ကျူးဗားနိုင်ငံတို့ သံတမန် ဆက်သွယ်ရန် သဘောတူညီကြသည်။

ပစိဖိတ် သမုဒ္ဒရာ ရေပြင်တွင် ဩစတြေးလီးယားတိုက်ထက် သေးငယ်သော တိုက်တတိုက် ရှိခဲ့ဘူးသည်ဟု အမေရိကန် ဘူမိဗေဒ ပညာရှင် အေးမော့စနျူးက အမေရိကန် ပထဝီအဖွဲ့ ချုပ်တွင် ပြောကြားသည်။ ယင်းတိုက်ကို ပစိဖစ်ကားတိုက်ဟု မစ္စတာ နျူးက အမည် ပေးထားသည်။

၄ မကြာသေးမီက ဂျီနီဗာမြို့တွင် ကျင်းပခဲ့သော ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညီလာခံသို့ တက်ရောက်ခဲ့သော ယူဂန်းဒါး ကျန်းမာရေး ဝန်ကြီး ကျမ်ဘာ (၃၇ နှစ်) သည် ယူဂန်းဒါး နိုင်ငံကို စွန့်၍ ဗြိတိန် နိုင်ငံတွင် ခိုလှုံ ပုန်းအောင်းနေသည်ဟု နိုင်ငံခြားရေး ဌာနက ဖော်ပြသည်။

၅ ဇွန်လ ၈ ရက်နေ့တွင် လန်ဒန်မြို့၌ စတင် ကျင်းပမည့် ဓနသဟာယ ညီလာခံသို့ ယူဂန်းဒါး သမ္မတ အီဒီအာမင် တက်မည်မဟုတ်၊ ယူဂန်းဒါး ကိုယ်စားလှယ်လည်း လွှတ်မည် မဟုတ်ဟု ကမ်ပါလာ အသံလွှင့်ဌာနက ကြေငြာသည်။

ဗီယက်နမ်နှင့် ရုရှတို့၏ ၁၉၇၇ ခုနှစ် ယဉ်ကျေးမှုနှင့် သိပ္ပံ ပူးပေါင်း ဆောင်ရွက်ရေး အစီအစဉ် တရပ်ကို ဟနွိုင်မြို့၌ လက်မှတ် ရေးထိုးသည်။

အရှေ့အလယ်ပိုင်းလေကြောင်းမှ ဘိုးအင်း ၇၀၇ လေယာဉ် တစင်းသည် ဗေရွတ်မြို့မှ ဗဂ္ဂဒက်မြို့သို့ ပျံသန်းစဉ် ကိုယ်တပိုင်း သေနေသော နာဆာမိဟာမက်အလီအဗူခါလစ် ဆိုသူက လေယာဉ်ကို ကူဝိတ် လေဆိပ်သို့ အတင်း ဆင်းခိုင်းကာ ယာဉ်ပေါ်ပါ ခရီးသည် ၁၀၅ ဦး အား ဒေါ်လာ ၁ ဒသမ ၅ သန်းဖြင့် ရွေးရန် တောင်းဆိုသည်။ ပြန်ပေးငွေအတွက် ၆ နာရီခန့် ဆွေးနွေးနေစဉ် ကူဝိတ် ကူမန်ဒိုတပ်များက အတင်းဝင် တိုက်ခိုက်သဖြင့် ခရီးသည် နှင့် လေယာဉ်မောင်းတို့ လွတ်မြောက်သွားသည်။ လေယာဉ် အပိုင်စီးသူ ကလည်း လက်နက်ချလိုက်သည်။

၆ ဆေရှယ်ကျွန်းစု သမ္မတနိုင်ငံတွင် ယမန်နေ့က အာဏာသိမ်းခဲ့သူ အယ်လဗတ် ရီနီ အား ယူဂန်းဒါးနိုင်ငံက ထောက်ခံ ကူညီမည်ဟု သမ္မတ အီဒီအာမင်က ကတိပေးသည်။

ရုရှနှင့် အရှေ့ဥရောပ နိုင်ငံများသည် ၁၉၇၅ ခုနှစ် သြဂုတ်လ ၁ ရက်နေ့က နိုင်ငံအကြီးအကဲ ၃၅ ဦးတို့ လက်မှတ် ရေးထိုးခဲ့ကြသည့် ဟယ်လဆင်ကီ ကြေငြာချက်အတိုင်း လိုက်နာ ဆောင်ရွက်ရာ၌ ဟန်ပြလောက်သာ ဆောင်ရွက်ကြသည် စသည်ဖြင့် သမ္မတ ကာတာက အမေရိကန် လွှတ်တော်တွင် ထုတ်ဖော် ဝေဖန်သည်။

ဗီယက်နမ် နိုင်ငံကို နိုင်ငံရေး စီးပွားရေး ဆက်လက် ထောက်ပံ့ ကူညီမည်ဟု ဆိုဗီယက် ကွန်မြူနစ်ပါတီ ခေါင်းဆောင် ဗရက်ဇနက် က မောစကိုမြို့တွင် ဗီယက်နမ် ဝန်ကြီးချုပ် ဖန်ဗန်ဒေါင်နှင့် တွေ့ဆုံ၍ ပြောကြားသည်။

၇ ပါကစ္စတန် နိုင်ငံ၏ အဓိက မြို့ကြီးများ ဖြစ်သော လာဟို၊ ကရာချိနှင့် ဟိုက်ဒရာဗတ် သုံးမြို့တွင် စစ်အုပ်ချုပ်ရေး အမိန့်ကို ရုပ်သိမ်းကြောင်း အစိုးရနှင့် အတိုက်အခံတို့ ပူးတွဲ ကြေငြာချက်၌ ဖော်ပြ ပါရှိသည်။

အမေရိကန်ပြည်ထောင်စုတွင် လူငယ် အလုပ် လက်မဲ့ဦးရေ များပြားနေသည့် ပြဿနာကြီးကို အစိုးရနှင့် ပုဂ္ဂလိက လုပ်ငန်းတို့ ပူးပေါင်း၍ ဖြေရှင်းရန် သမ္မတ ကာတာ အစိုးရ၏ ဗဟိုကျက်ရုံး ညွှန်ကြားရေးမှူး ဗတ်လန်က တိုက်တွန်း နှိုးဆော်သည်။

၈ နိုင်ငံ ၃၃ နိုင်ငံ ပါဝင် ဆွေးနွေးသော ဓနသဟာယ ထိပ်သီး ဆွေးနွေးပွဲ၏ ပဲဥဦးထွက် လုပ်ငန်း အစည်းအဝေးကို လန်ဒန်မြို့၌ စတင် ကျင်းပရာ စက်ဘူဝန်ကြီးချုပ် လီကွမ်ယူက ကွန်မြူနစ် ဝါဒ၏ အန္တရာယ် အသွယ်သွယ်နှင့် စပ်လျဉ်းသော မိန့်ခွန်း ပြောကြားသည်။

ယူဂန်းဒါးနိုင်ငံတွင် နေထိုင်လျက် ရှိသော ဗြိတိသျှ လူမျိုး ရာပေါင်း များစွာတို့အား သမ္မတ အီဒီအာမင် ပြန်မရောက်မချင်း ယူဂန်းဒါးမှ ထွက်ခွာခွင့် မပြုရန် အမိန့် ထုတ်ထားသည်ဟု ယူဂန်းဒါး အသံလွှင့် ဌာနက ကြေငြာသည်။ ယူဂန်းဒါး သမ္မတ အီဒီအာမင်သည် လန်ဒန်မြို့ ဓနသဟာယ ထိပ်သီး ညီလာခံသို့ တက်ရောက်ရန် သွားနေသည်ဟု သတင်းများက ဖြစ်နေသော်လည်း မည်သည့် နေရာ ရောက်နေသည်ကို ဗြိတိသျှ အစိုးရ အနေဖြင့် မသိရှိကြောင်း ပြောကြားသည်။

၉ ရုရှနိုင်ငံ ရုရှ ဘုရားသခင်ကို ပစ်လွှတ်လိုက်သည်။ ယင်းဂြိုဟ်တုတွင် အာကာသ စူးစမ်းမှု ဆက်လက် ပြုလုပ်ရန် သိပ္ပံ ဆိုင်ရာ ပစ္စည်းများ ပါသွားသည်။

၉ အနောက်အုပ်စု လုံခြုံရေး ဝါဆော စာချုပ် အဖွဲ့ဝင် နိုင်ငံများနှင့် လက်နက် ထိန်းချုပ်ရန် စေ့စပ်ဆွေးနွေးရေးတို့အပေါ် ခရုစဒုံးပျံ ထုတ်လုပ် အသုံးပြုခြင်း၏ အကျိုး သက်ရောက်ပုံကို မြောက်အတ္တလန္တိတ် စာချုပ် (နေတိုးအဖွဲ့) ကာကွယ်ရေး ဝန်ကြီးများက အောဇာဝမြို့တွင် ဆွေးနွေး သုံးသပ်ခဲ့ကြောင်း ကြေငြာသည်။

တတိယကမ္ဘာ့နိုင်ငံများက အနောက်အုပ်စု သတင်းဌာနများ အပေါ် ရန်လို မုန်းတီးမှု ပို၍ ကြီးထွားလာသဖြင့် လွတ်လပ်စွာသတင်း ဖြန့်ခွဲရေးတွင် အလွန်တရာ အချုပ်အချယ် မိနေသည်ဟု အမေရိကန် သတင်းဌာနမှ အမှုဆောင်များက ဖော်ပြသည်။

၁၀ ရုရှနိုင်ငံ၏ ပဲ့စည်းပုံ အခြေခံဥပဒေသစ် မူကြမ်းကို ရုရှ တနိုင်ငံလုံး၌ ပြည်သူသို့ ချပြ ဆွေးနွေးနေပြီ ဖြစ်သည်။

ယူဂန်းဒါး နိုင်ငံရှိ ဗြိတိသျှ နိုင်ငံသားများသည် သုံးဦးထက် ပို၍ စုရုံးခြင်း သို့မဟုတ် အတူသွားလာခြင်း မပြုရဟု ယူဂန်းဒါး အာဏာပိုင်တို့က အမိန့်ထုတ်သည်။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ဝန်ကြီး အဖွဲ့သည် ၁၉၇၄ ခုနှစ် ဝန်ကြီးအဖွဲ့ ဥပဒေ အခန်း ၁၀ ပုဒ်မ ၃၉ တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များ အရ ဝန်ကြီး ဌာန တခုနှင့် တခု အကြား ညှိနှိုင်းရန် လိုအပ်သော စီးပွားရေး ဆိုင်ရာ လုပ်ငန်းကိစ္စရပ်များကို၎င်း၊ ဝန်ကြီးအဖွဲ့မှ အခါအားလျော်စွာ တာဝန်ပေးအပ်လာသည့် စီးပွားရေးဆိုင်ရာလုပ်ငန်းကိစ္စရပ်များကို၎င်းပြည်သူ့ရေးရာ စီမံခန့်ခွဲရေး နည်းလမ်းအားဖြင့် လိုအပ်သော ညှိနှိုင်းမှုများ ပြုလုပ်ပေးနိုင်ရန် စီးပွားရေး ညှိနှိုင်းမှု ကော်မတီ တရပ်ကိုဖွဲ့စည်း လိုက်ကြောင်း အမိန့် ကြော်ငြာစာ အမှတ် ၇/၇၇ ကို ထုတ်ပြန်ထားသည်။

၁၁ အိုက္ခစ် နိုင်ငံခြားရေး ဝန်ကြီး မစ္စတာ

၁၉၇၇ ခုနှစ် ဖြစ်ရပ်များ

ဖာမီသည် မောစကိုမြို့သို့ နှစ်ရက်ကြာ လည်ပတ်ပြီးနောက် ရုရှ အီဂျစ် ပူးတွဲ ကြေငြာချက် ထုတ်သည်။ ယင်းကြေငြာချက်၌ အာရပ် နယ်မြေများကို အင်္ဂရိယယ်က ဆက်လက် သိမ်းပိုက်ထားလျှင် အရှေ့ အလယ်ပိုင်းတွင် ပဋိပက္ခသစ် ဖြစ်ပေါ်နိုင်သည်ဟု ဆိုသည်။

၁၂ ကမ္ဘာတဝှန်းတွင် လောင်စာ စွမ်းအင် အကြပ်အတည်း စတင် ဖြစ်ပေါ်လျက် ရှိသည်ကို အမြန်ဆုံး အာရုံစိုက် ကိုင်တွယ် ဖြေရှင်းကြရန် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် ကုဗာလဟိုင်းက တိုက်တွန်း ပြောကြားသည်။

ရုရှနှင့် အမေရိကန်တို့သည် လူ့သမိုင်းတွင် ပထမဦးဆုံး အကြိမ်အဖြစ် လူ့အခွင့်အရေး ကိစ္စများ၊ လုံခြုံရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေး ကိစ္စများကိုဆွေးနွေးခဲ့သော ဟဲလဆင်းကီး ညီလာခံ အခြေအတင် ပြောပွဲကို ရုပ်မြင်သံကြားမှ ထုတ်လွှင့်သည်။

နိုင်ငံတဝှန်းလုံး သစ်ပင်များဖြင့် စိမ်းလန်းစိုပြေပြီး သစ်ပင်စိုက်ခြင်း အကျိုးကျေးဇူးများကို ခံစားနိုင်ရန် အတွက် ဇူလိုင်လကို သစ်ပင်စိုက်ပျိုးရေး လအဖြစ် သတ်မှတ်၍ သစ်ပင်မျိုးစုံကို ပြည်သူ့အားဖြင့် စိုက်ပျိုးသွားကြရန် မြန်မာနိုင်ငံလယ်ယာနှင့်သစ်တော ဝန်ကြီးဌာနမှ စီမံထားသည်ဟု သိရသည်။

၁၃ လူ့အခွင့်အရေးနှင့် စပ်လျဉ်း၍ အမေရိကန်သမ္မတ ဂျင်မီကာတာက အမေရိကန် လွှတ်တော်သို့ တင်သွင်းခဲ့သော အစီရင်ခံစာသည် သွားပုပ်လေလွင့် ပြောဆိုချက်၊ အသံကုန် ဟစ်အော်လိုက်သော ဝါဒဖြန့်မှုသာ ဖြစ်သည်ဟု ရုရှအစိုးရ သတင်းစာ အင်္ဂမက်ရှာဒ်၌ ဝေဖန်ရေးသား ထားသည်။ လူ့အခွင့် အရေး ကာကွယ်ရေးကို ရုရှက ဝေဖန် တိုက်ခိုက်နေစေကာမူ မိမိအနေဖြင့် ဆက်လက် လှုံ့ဆော်ကြိုးပမ်းသွားရန် သန္နိဋ္ဌာန် ချထားကြောင်း အမေရိကန် သမ္မတ ကာတာက ပြန်လည် ချေပ ပြောကြားသည်။

သားမြတ် ကင်ဆာ ဖြစ်ပေါ်ကာစ စောစောပိုင်း အခြေအနေကို တွေ့ရှိနိုင်စေရန် စီမံထားသော ဓာတ်မှန်ရိုက်စက်ကို ရှန်ဟဲမြို့တွင် ထုတ်လုပ်နိုင်ခဲ့သည်။

ဗာရိုမြို့တွင် ခြောက်ရက်ကြာ ကျင်းပမည့် အလာစကာ၊ ကနေဒါ၊ ဂရင်းလင်း၊ ဖင်လန်၊ ဆွီဒင်နှင့် နော်ဝေးမှ အက်စကီးမိုး ၃၃၀ တက် ရောက် ဆွေးနွေး ကြသော အင်နိုပီယက် (အက်စကီးမိုး) ညီလာခံတွင် အာတိတ်ဒေသ နှင့် ယင်းဒေသ၏သယံဇာတများကို အက်စကီးမိုး လူမျိုးများ ပိုင်ဆိုင်ရေး အတွက် စည်းရုံး လုပ်ဆောင်ကြရန် အက်စကီးမိုး ခေါင်းဆောင်များက တိုက်တွန်း နှိုးဆော်ကြသည်။

လာမည့် ဒုတိယ အကြိမ်မြောက် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ် တင်မြှောက်ပုံ၌ ရပ်ကွက်နှင့် ကျေးရွာ အုပ်စု တစုစီတွင် လူဦးရေ အလိုက် သတ်မှတ် ပိုင်းခြားရမည့် ရပ်ကွက်နှင့် ကျေးရွာ အုပ်စု ပြည်သူ့ကောင်စီ မဲဆန္ဒနယ်များကို ပြည်သူ့ လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့် ရွေးချယ် တင်မြှောက်ခြင်း ဆိုင်ရာ ဥပဒေ၌ ထပ်မံ ပြင်ဆင် သတ်မှတ်ထားသည်။

၁၅ ရှိဒီးဇီးယားနိုင်ငံ၏ တရားဥပဒေနှင့် မညီသော အီယန်စမစ် အစိုးရကို အတင်နိုင်ဆုံး ဝိုင်းဝန်းအကြပ်ကိုင်ကြရန်နှင့်တောင်အာဖရိက နိုင်ငံနှင့် နယူးကလီးယား ရေးရာ ပူးပေါင်း ဆောင်ရွက်မှု မှန်သမျှကိုလည်း ရပ်တန့်ကြရန် နှိုးဆော်သော ပူးတွဲ ကြေငြာချက် တရပ်ကို လန်ဒန်မြို့၌ ကျင်းပသော ဓနသဟာယ ၃၃ နိုင်ငံတို့၏ ထိပ်သီး ညီလာခံမှ ထုတ်ပြန်သည်။

အရှေ့နှင့် အနောက် တင်းမာမှု လျော့နည်းရေး အခြေအနေများကို သုံးသပ်ရန်နှင့် ဥရောပ လုံခြုံရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေး အတွက် နည်းလမ်းသစ်များ ရှာဖွေရန် အတွက် ယူဂိုစလားဗီးယား နိုင်ငံ ဗဲလဂရိတ်မြို့တော်၌ ယခုနှစ် အောက်တိုဘာလမှ စ၍ ၁၂ ပတ်ကြာ ညီလာခံကြီး တရပ် ကျင်းပရန် ဥရောပ ဘုံစေ့ား အဖွဲ့နှင့် အမေရိကန် နိုင်ငံတို့က အဆိုပြုသည်။

၁၆ ဗြိတိန် နိုင်ငံသည် ယူဂန်းဒါး မြို့တော် ကမ်ပါလာမြို့ရှိ ပြင်သစ် သံရုံး၌ ထားရှိသော ဗြိတိန် အကျိုးဆောင် အဖွဲ့ရုံးကို ပိတ်ကာ ဗြိတိန်နိုင်ငံနှင့် ယူဂန်းဒါး အကြား ကျန်ရှိနေသေးသော ဆက်ဆံမှု အကြွင်းအကျန် မှန်သမျှကို ဖြတ်တောက်လိုက်ပြီ ဖြစ်ကြောင်း ကြေငြာသည်။

ကမ္ဘာ့ရေနံ အများဆုံး ရောင်းချသည့် နိုင်ငံ ဖြစ်သော ဆအူးဒီ အာရေဗျ နိုင်ငံက ဇူလိုင် ၁၁ ရက်နေ့တွင် ရေနံ ဈေးနှုန်းကို ငါးရာခိုင်နှုန်း မြှင့်တင် ရောင်းချကောင်း ရောင်းချလိမ့်မည်ဟု ဆအူးဒီ အာရေဗျ ရေနံ ဝန်ကြီးရှိတ်ယာမာနီက ပြောကြားသည်။

ရုရှကွန်မြူနစ်ပါတီမဟိုကော်မိတီအထွေထွေ အတွင်းရေးမှူး မစ္စတာဗရက်ဇျက်အား ရုရှဦးစီးလှတ်တော်ချုပ် သဘာပတိအဖွဲ့ ဥက္ကဋ္ဌ (သမ္မတ) အဖြစ် တည်တည်တုတ်တုတ် ရွေးကောက် တင်မြှောက်လိုက်ကြသည်။

စာပေလုပ်သားများ၏ စာပေ လုပ်ငန်းဆိုင်ရာ ပြဿနာ အဝဝကို ကူညီ ဖြေရှင်းပေးနိုင်ရေး အတွက် စာပေ လုပ်သား စည်းရုံးရေး ကော်မတီက အဖွဲ့ဝင်ပွဲ ဖွဲ့စည်းလိုက်ပြီ ဖြစ်သည်။

၁၇ တောင်ကိုးရိုးယားရှိ အမေရိကန်ကြည်းတပ်များကို ရုပ်သိမ်းရန် အမေရိကန် အထက်လွှတ်တော်က သဘောမတူခဲ့လျှင် သမ္မတ ကာတာက မိမိ၌ ရှိသော စစ်ဦးစီးချုပ် အာဏာကို အသုံးပြုရန် ဆုံးဖြတ် ထားကြောင်း အိမ်ဖြူမှ ထပ်မံ အတည်ပြု ပြောဆိုသည်။

စပိန် နိုင်ငံတွင် ၎ နှစ်တာ ကာလအတွင်း ပထမဆုံး အကြိမ် ရွေးကောက်ပွဲ ကျင်းပရာ ဗဟိုနှင့် လက်ဝဲ နှစ်ပါတီ နိုင်ငံ အဖြစ်သို့ ရောက် ရှိလာသည်။

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဥက္ကဋ္ဌနှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် သမ္မတကြီး ဦးနေဝင်းနှင့် အဖွဲ့ဝင်များသည် တိုက်ကြီးမြို့နယ် တာဂု စခန်းမှ သိမ်ကုန်း စခန်းထိ စပါး အထူး အထွက်တိုး လက်စားလိုက် စုပေါင်း ထွန်ယက်ပွဲသို့ ကြွရောက်ကြည့်ရှု အားပေးပြီး လိုအပ်သည်များကို လမ်းညွှန်မှု ပြုသည်။

၁၈ အလျား လေးပေ အနံ သုံးပေ၊ အလေးချိန် သုံးတန်ရှိ ဥက္ကာပျံတခုကို ကာလီဖိုးနီးယား တောင်ပိုင်းတွင် သတ္တုတွင်း အလုပ်သမားများက ရှာဖွေ တွေ့ရှိကြသည်။ ထို ဥက္ကာပျံသည် လွန်ခဲ့သော ရာစုများစွာက လဟာပြင်ကို တရှိန်ထိုး ဖြတ်သန်းကာ ကာလီဖိုးနီးယား တောင်ပိုင်း တောင်ထူထပ်သော အိုးတိုးမင်းမောင်းတိန် ဒေသသို့ ကျရောက် နေခဲ့ပုံရသည်။

၁၉ ပျန်ယမ်းမြို့သို့ လောနိုင်ငံ ဝန်ကြီးချုပ် ကာဆုန်ဖုန်ဗီဟိန် ငါးရက်ကြာ လာရောက်

လည်ပတ်၍ ဆွေးနွေးပြီး ထုတ်ပြန်သည့် ပူးတွဲကြေငြာချက်၌ မြောက်ကိုရီးယား (ဒီပီအာကေ) နှင့် လောနိုင်ငံတို့သည် ဘက်ပေါင်းစုံ ပူးပေါင်း ဆောင်ရွက်ရေးကို တိုးချဲရန် သဘောတူညီခဲ့ကြကြောင်း ဖော်ပြသည်။

၂၀ မနီလာမြို့တွင် ကျင်းပသော ကုလသမဂ္ဂ ကမ္ဘာ့ရိက္ခာ ကောင်စီ ဆွေးနွေးပွဲ၌ ဖိလစ်ပိုင်သမ္မတ မားကို့စက ကမ္ဘာ့ စားနပ်ရိက္ခာ အကျပ်အတည်းကို ဖြေရှင်းရန် အတွက် အရန်ရိက္ခာစနစ် တခု ထားရေး၊ ဆင်းရဲ နိုင်ငံများသို့ ရိက္ခာ အကူအညီများ ပိုမို ပေးရေးနှင့် နိုင်ငံတကာ ရိက္ခာ ကုန်သွယ်မှုကို ပိုမို လွတ်လပ်စွာ ပြုလုပ်ရေး တည်းဟူသော အချက် သုံးချက်ဖြင့် ဖြေရှင်းရန် အဆို တင်သွင်းသည်။

၂၁ ဒင်ပါဆာမြို့တွင် ကျင်းပသော ဒုတိယအကြိမ်မြောက် အေစီယင် သတင်း ပြန်ကြားရေး ဌာနမျိုးစုံ နှီးနှော ဖလှယ်ပွဲသည် အဖွဲ့ဝင် နိုင်ငံ ငါးနိုင်ငံတို့၏ သတင်း ပြန်ကြားရေးဌာနများ အချင်းချင်း ပူးပေါင်း ဆောင်ရွက်မှု ပိုမို ခိုင်မာ ကောင်းမွန်ရေး အတွက် အကြံပေးချက် ရှစ်ရပ်ကို သဘောတူ လက်ခံကာ ပြီးဆုံးသွားသည်။

နိုင်ငံ အသီးသီးမှ အစိုးရများ အနေဖြင့် မိမိတို့၏ အလုပ်သမားများအား လေညစ်ညမ်းမှု၊ အသံဗလံ ဆူညံမှုနှင့် တုန်ခါမှုကြောင့် ဖြစ်ပေါ်သော အန္တရာယ်များမှ ကင်းရှင်းစေရန် ကာကွယ်ပေးဖို့ အဆိုပြုခြင်းကို ဂျီနီဗာမြို့တွင် ကျင်းပသော အပြည်ပြည် ဆိုင်ရာ အလုပ်သမားရေးရာ ညီလာခံက အတည်ပြုလိုက်သည်။

တောင်အာဖရိကနိုင်ငံမှ နှလုံးရောဂါ ခွဲစိတ် ကုသ ပါရဂူ ပါမောက္ခ ဗားနတ်သည် ကိပ်တောင်းမြို့တွင် ပထမဦးဆုံး အကြိမ်အဖြစ် မျောက်မောင်းမ တကောင်၏ နှလုံးကို လူသား လူနာတဦး၏ ကိုယ်ခန္ဓာတွင်းသို့ ဆယ်နာရီကြာ ခွဲစိတ် အစားထိုး ကုသပေးလိုက်ကြောင်း ကြေငြာသည်။ ညနေပိုင်းတွင် လူနာသေဆုံးသွားသည်။

၂၂ ပြင်သစ် နိုင်ငံတွင် လည်ပတ်ရန် ပါရီမြို့သို့ ရောက်ရှိလာသော ဇမ္ဗီးယားနိုင်ငံ သမ္မတ ကအွန်ဒါးကအာဖရိက တောင်ပိုင်းတွင် ပေါက်ကွဲမည့်အခြေအနေ ဖြစ်ပေါ်ခြင်းမှာ အနောက်နိုင်ငံ များကြောင့် ဖြစ်ကြောင်း စွပ်စွဲပြီး အာဖရိကအနေဖြင့် ရုရှနှင့် လက်တွဲရန်မှတပါး အခြားလမ်းမရှိဟု ပြင်သစ်သမ္မတ နန်းတော်နေ့လယ်စာ စားပွဲတွင် ပြောကြားသည်။

ရုရှခေါင်းဆောင် ဗရက်ဇညက်နှင့် ပြင်သစ်သမ္မတ ဂစ်စကတ်ဒက်စတိုင်းတို့သည် တင်းမာမှု လျော့ပါးရေး မဟာဗျူဟာလက်နက်ကန့်သတ်ရေးနှင့် မြောက်အတ္တလန္တိတ် မဟာမိတ် စာချုပ် အဖွဲ့ (နေတိုး)တွင် ပြင်သစ်၏ အခန်းကဏ္ဍတို့ကို အဓိကထား၍ ရမ်ဘူယေမြို့တွင် ဒုတိယအကြိမ် ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြသည်။

၂၃ ပြင်သစ်သမ္မတ ဗယ်လရီဂစ်စကတ်ဒက်စတိုင်းနှင့် ရုရှသမ္မတ လီယိုနစ်ဗရက်ဇညက်တို့သည် မိမိတို့ နှစ်နိုင်ငံ၏ ငြိမ်းချမ်းရေး၊ နှစ်နိုင်ငံ ပြည်သူတို့၏ လုံခြုံရေးနှင့် သာမိုနျူးကလီးယား စစ်ကြီးကို ရှောင်တိမ်းရေး တည်းဟူသော အချက်များအပေါ်၌ အခြေခံသည့် နှစ်နိုင်ငံ သဘောတူညီချက်များကို ပဲရစ်မြို့တွင် လက်မှတ် ရေးထိုးကြသည်။

စာချုပ်သစ် မချုပ်ဆိုနိုင်လျှင် နှစ်နိုင်ငံ လေကြောင်း ဆက်သွယ်မှုများကို ရပ်စဲပစ်မည်ဟု အမေရိကန်က အချိန် သတ်မှတ်ကာ ရာဇသံပေးခဲ့ရာ အချိန်စေ့၍ တနာရီအလွန်တွင် ဗြိတိန်နှင့် အမေရိကန်တို့ လေကြောင်း ဆက်သွယ်ရေး သဘောတူညီချက်ကို လန်ဒန်မြို့၌ လက်မှတ် ရေးထိုးလိုက်ကြသည်။

၂၄ အာရပ် နိုင်ငံများက အဇ္ဇရီယယ်အား စီးပွားရေးအရဝိုင်းပယ်ကြသည်ကို အမေရိကန် ကုမ္ပဏီများ မပါဝင်နိုင်ရန် သမ္မတ ကာတာက ဥပဒေ တရပ်ကို လက်မှတ် ရေးထိုးသည်။

၁၉၇၆ ခုနှစ် ဇွန်လစစ်ပွဲ မတိုင်မီ နယ်နိမိတ်များသို့ အဇ္ဇရီယယ် ရုပ်သိမ်းပေးရေး၊ သိမ်းပိုက်ထားသော ဂျော်ဒန် အနောက်ဖက်ကမ်းနှင့် ဂါဇာ ကမ်းမြှောင် ဒေသတို့တွင် ပယ်လက်စတိုင်နိုင်ငံ ထူထောင်ရေး ဟူသော စည်းကမ်းချက်များဖြင့် အရှေ အလယ်ပိုင်း ငြိမ်းချမ်းရေး ရအောင် ဖြေရှင်းမည် ဆိုလျှင် အဇ္ဇရီယယ်က လက်မခံနိုင်ကြောင်း အဇ္ဇရီယယ် ဝန်ကြီးချုပ် ဗယ်ဂင်က ပြောကြားသည်။

၂၅ ဝါဆောမြို့၌ လေးရက်ကြာ ကျင်းပသော ၃၁ ကြိမ်မြောက် စီးပွားရေး အပြန်အလှန်ကူညီမှုကောင်စီ (ကိုမီကွန်) ဆွေးနွေးပွဲတွင် ကိုမီကွန်သည် အနောက်ဥရောပဘုံစျေး အဖွဲ့ (အီးအီးစီ)နှင့် စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှုများ ပြုလုပ်ဖို့ နည်းလမ်းများ ညှိနှိုင်းရန် အကြွင်းမဲ့လိုလားသည်ဟု အထွေထွေအတွင်းရေးမှူး နစ်ကိုလိုင်ဖက်ဒါယက်က ပြောသည်။

လူအမြောက်အမြားကို သေစေနိုင်သော နျူထရွန် ရောင်ခြည် အမြောက်ကျည်ဆံများ ထုတ်လုပ်ရန် အမေရိကန်ကာကွယ်ရေးဌာနက စီစဉ်နေပြီ ဖြစ်ကြောင်း ဝါရှင်တန် ပို့စ် သတင်းစာက ဖော်ပြသည်။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်ပညာရေး ဝန်ကြီးဌာနလက်အောက် တက္ကသိုလ် ကောလိပ်များတွင် အသုံးပြုရန် အတွက် စာအုပ်များကို မြန်မာနိုင်ငံ ဆိုင်ရာ အဇ္ဇရီယယ် နိုင်ငံ သံအမတ်ကြီး မစ္စတာဒေးဗစ် အိုင်မာမောက ပညာရေး ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးမြင့်အောင်အား ပေးအပ်သည်။

၂၆ အမေရိကန် သမ္မတ ကာတာက တောင်ကိုးရီးယားမှ အမေရိကန်တပ်များကို ရုပ်သိမ်းပေးမည် ဆိုသော်လည်း လေးငါးနှစ် အတွင်း အဆင့်ဆင့် ရုပ်သိမ်းမည်ဟု ဆိုခြင်းမှာ အချိန်ကြာမြင့်လွန်းသဖြင့် ရွေးကောက်ပွဲ မဲဆွယ်စဉ်က ပေးခဲ့သော ကတိနှင့်မညီဟု မြောက်ကိုးရီးယားသမ္မတ ကင်အီဆွန်းက စွပ်စွဲလိုက်သည်။

ရှမ်းပြည် တောင်ပိုင်း ထိုင်း မြန်မာ နယ်စပ်မိုင်းမော ဒေသရှိ အက်ယူအေ ရှမ်းသောင်းကျန်းသူများနှင့် ကရင်နီ သောင်းကျန်းသူများ၏ လက်နက်ကိုင် ဘိန်းချက် စခန်းများကို အရှေပိုင်းတိုင်း စစ်ဌာနချုပ်မှ မိုးဟိန်းစစ်ဆင်ရေး အဆင့် ၃ ဖြင့် ဖြိုခွင်း တိုက်ခိုက်လျက်ရှိသည်။

၂၇ အရှေအလယ်ပိုင်း ငြိမ်းချမ်းရေးအတွက် ဖြေရှင်းရာတွင် အာရပ်တို့သည် အဇ္ဇရီယယ်ကို စစ်ပွဲ တရာသာ တိုက်မည်။ အသိမ်းပိုက် ခံရသော နယ်မြေများကို တလက်မမျှ အဆုံးမခံနိုင်ဟု ဆီးရီးယားသမ္မတအာဆတ်ကဒမတ် စကက်မြို့၌ အီဂျစ် သတင်းထောက်များ အား ပြောကြားသည်။

အီဂျစ်သည် မဟာ အင်အားကြီး နိုင်ငံ နှစ်နိုင်ငံ စလုံးနှင့် ၎င်း၊ တကမ္ဘာလုံးရှိ နိုင်ငံအားလုံးနှင့်၎င်း မျှတမှု ရှိသော ပုံမှန်ဆက်ဆံရေး ထားရှိလိုသည်။မည်သည့်နိုင်ငံကိုမျှ အထူးအခွင့်အရေး ပေးမည်မဟုတ်ဟု အယ်လက်ဇန္ဒရီးယားမြို့၌ သတင်းစာ ဆရာများနှင့် ဆွေးနွေးပွဲတွင် အီဂျစ်သမ္မတ အနူဝါဆဒတ်ကပြောကြားသည်။

၁၉၇၇ ခုနှစ် ဖြစ်ရပ်များ

၂၀ တရုတ်ပြည်က အိန္ဒိယ နယ်မြေကို သိမ်းပိုက်ထားသမျှကာလပတ်လုံး အိန္ဒိယသည် တရုတ်ပြည်နှင့် ဆက်ဆံမှု ကောင်းမွန်ရေး အတွက် စတင်ဆောင်ရွက်မှု မပြုလုပ်တော့ဟု အိန္ဒိယဝန်ကြီးချုပ်မိုရာဂျီဒေဆိုင်းက ရှရီလင်္ကာ မြို့တွင် ကျင်းပသော သတင်းစာ ရှင်းလင်းပွဲ၌ ပြောသည်။

မိုးခေါင်ရေရှား ဒေသများ၌ ဝင်ရိုးစွန်းမှ ရေခဲတုံးကြီးများကို ဆွဲယူ အရည်ဖျော်၍ ရေချိုအဖြစ် သုံးရေး အကြံသည် စိတ်ကူးယဉ် မဟုတ်ဟု မာလီလရှိုင်းမြို့တွင် ကျင်းပသော သမုဒ္ဒရာပြင်မှ သယံဇာတများ ထုတ်ယူ အသုံးပြုနိုင်ရေး နိုင်ငံတကာ နှီးနှော ဖလှယ်ပွဲ၌ ဆာ့ဂူးဒီ အာရေဗျ မင်းသား မိုဟာမက်အယ်လ် ဖေဆယ်လ် အယ်လဆော့က ပြောသည်။

၂၉ ကိုလံဗို စီမံကိန်းအရ တောင်နှင့် အရှေ့တောင် အာရှ ဒေသသို့ ငွေလုံး ငွေရင်း ထောက်ပံ့မှုနှင့် ကျွမ်းကျင်မှု အကူအညီ အမေရိကန် ဒေါ်လာ ကုဋေ ၄၅၀၀ ကျော် ထောက်ပံ့ ကူညီခဲ့သည်ဟု ကြေငြာသည်။

အရှေ့ အလယ်ပိုင်း ပြဿနာ ပြေလည် အောင် ဖြေရှင်းရေးတွင် လိုအပ်ချက် တရပ် မှာ ပယ်လက်စတိုင် ဌာနေ ထူထောင်ပေးရေး ဖြစ်သည်ဟု ကိုးနိုင်ငံ ပါဝင်သော ဥရောပ ဘုံ စျေးအဖွဲ့စည်းဝေးအပြီးထုတ်ပြန်ကြေငြာသည်။

၃၀ အသံထက် လျင်မြန်အောင် ပျံသန်းနိုင် သော ဘီ ၁ ဗုံးကြဲ လေယာဉ်ကြီးများ ထုတ် လုပ်ရန် မိမိခွင့်ပြုမည် မဟုတ်ဟု အမေရိကန် သမ္မတ ဂျင်မီကာတာက ၁၀ ကြိမ်မြောက် သတင်းစာ ရှင်းပွဲ၌ ပြောကြားသည်။

ကုလသမဂ္ဂ၌ ဟင်ဒီဘာသာကို တရား၀င် ဘာသာ အဖြစ် အသုံးပြုနိုင်ရေး အတွက် လို အပ်သော ငွေကြေးများ မ,တည်ရန် အိန္ဒိယ အစိုးရက စဉ်းစားနေသည်ဟု အိန္ဒိယ နိုင်ငံ ခြားရေး ဌာန ဝန်ကြီး အတဲလ်ဘီဟာရီဗာ့ဂျ်ပါယီက လွှတ်တော်တွင် ပြောသည်။ ရွှေပီးငွေ သန်း ၆၀ (ပေါင်လေးသန်း) မျ ကုန်ကျမည် ဟု ပြောဆိုသည်။

ဇူလိုင်လ

၁ ကနေဒါ နိုင်ငံ၏ နှစ်ပတ်လည် အမျိုး သားနေ့ ဖြစ်သည်။

ပင်လယ်ကြမ်းပြင်၌ လက်နက်ယှဉ်ပြိုင်မှုကို ကာကွယ်ရေးအတွက် ဂျီနီဗာ လက်နက်ဖျက် သိမ်းရေး ညီလာခံ တရပ် ကျင်းပရန် တိုက် တွန်းကြောင်း၊ စက်မှုပညာ ပါရဂူ အဖွဲ့တခုက စက်မှု ဆိုင်ရာ ဖြစ်ရပ်များကို စစ်ဆေးသင့် ကြောင်း ဂျီနီဗာမြို့တွင် ၄၅ နိုင်ငံ ပါဝင်သော ဆွေးနွေးပွဲမှ ဆုံးဖြတ် အတည်ပြုသည်။

အရှေ့တောင် အာရှ နိုင်ငံများ အဖွဲ့ (အေ စီယင်) ၏ အဖွဲ့ဝင် နိုင်ငံများ အချင်းချင်း ဆန့်စပါး သဘောတူညီချက် တရပ် ထားရှိရန် ဖိလစ်ပိုင်က အဆိုပြုသည်။

၎ ဂျီနီဗာမြို့၌ ကျင်းပသော ကုလသမဂ္ဂ ပဋိပက္ခ စီမံကိန်း (ယူအင်ဒီပီ) အမှုဆောင် ကော်မတီ အစည်းအဝေးတွင် လာမည့်နှစ် အနည်းငယ် အတွင်း ဆင်းရဲသော နိုင်ငံ ၂၂ နိုင်ငံသို့ ဒေါ်လာ ၂၅၁ ဒသမ ၅၈ သန်း ကူညီ ထောက်ပံ့ရန် သဘောတူလိုက်သည်။

အီဂျစ် နိုင်ငံ အနောက်ပိုင်း သဲကန္တာရတွင် ယူရေနီယံနှင့် မီးစုန်းများ တွေ့ရှိထားကြောင်း အီဂျစ် သိပ္ပံ သုတေသန ဝန်ကြီး မိုဟာမက် အပွဒါမာဗွတ်က ပြောကြားသည်။

၇ အမေရိကန် ပြည်ထောင်စုသည် ဂျပန် အပေါ် အရေးပေး ဂရုစိုက်သလောက် အခြား အရှေ့တောင် အာရှ နိုင်ငံများ အပေါ် ၌လည်း တန်းတူ ရည်တူ ဆက်ဆံမှု ပြုရန် ဖိလစ်ပိုင် နိုင်ငံခြားရေး ဝန်ကြီး ရှိမျ။လိုက ပြောသည်။

ကသို့ယ၏ ကေသရာဇာဟု အမည်ရသော ရှိတ်မိုဟာမက် အဗ္ဒဒူလာ၏ အမျိုးသား ကွန် ဖရင့်ပါတီသည် ယမန်နေ့က ကျင်းပသော ကသို့ယ ပြည်နယ် ရွေးကောက်ပွဲ၌ အာဏာရ ဂျနာတာပါတီကို အပြတ်အသတ် အနိုင်ရရှိ လိုက်သည်။

ကျန်းမာရေး၀န်ကြီးဌာန၀န်ကြီး၊ ကြီးမှူး၍ ကျန်းမာရေး ဝန်ကြီးဌာနမှ တာ၀န်ရှိ ပုဂ္ဂိုလ် များ၊ ပြည်နယ်နှင့် တိုင်း ကျန်းမာရေး ဦးစီး မှူးများ၊ အထူးကု ဆရာ၀န်ကြီးများ၊ ဆေးရုံ အုပ်ကြီးများနှင့် တတိယ လေးနှစ် စီမံကိန်း ကာလ အတွက် ပြည်သူ့ ကျန်းမာရေး စီမံ ချက် အပေါ် စုပေါင်း ညှိနှိုင်း ဆွေးနွေးပွဲကို ရန်ကုန်မြို့တွင် ကျင်းပသည်။

၅ ပါကစ္စတန် နိုင်ငံတွင် စစ်တပ်က အာ ဏာ သိမ်းလိုက်ပြီး ဝန်ကြီးချုပ် ဘလီဘူတို့နှင့် အစိုးရ ခေါင်းဆောင်များအား ထိန်းသိမ်း လိုက်သည်။ ဖြုတ်ချခံရသော ဘလီဘူတို့၏ အစိုးရ နေရာတွင် ကြည်းတပ် စစ်ဦးစီးချုပ် ဖြစ်သူ ဗိုလ်ချုပ်ကြီး ဇီယာ အူးလဟတ်က စစ် အုပ်ချုပ်ရေးမှူးချုပ် အဖြစ် ဆောင်ရွက်သော ကြေးဖြတ် စစ်ကောင်စီကို ဖွဲ့စည်းလိုက်သည်။

၆ မနီလာမြို့တွင် အာရှ သတင်းစာ ဆရာ များ နှီးနှောပွဲ စတင် ကျင်းပသည်။

အနုမြူ စွမ်းအား ထုတ်လုပ်မှုကို လျှော့ချ၍ အခြားသော စွမ်းအင်များကို ပိုမို သုတေသန ပြုလုပ်ရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကုဗာလဟိုင်းက ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေး ကောင်စီ စည်းဝေးပွဲ အဖွင့်တွင် ပြောကြားသည်။

၇ လူဖြူတို့ အုပ်စိုး ချယ်လှယ်သော ရိုဒီးဇီး ယား ပြဿနာကို ငြိမ်းချမ်းစွာ ဖြေရှင်းရေး တွင် လူမည်းနှင့် လူဖြူတို့၏သဘောထားကဲ့လွဲမှု များကို ရင်ကြားစေ့ပေးရန် ဗြိတိန် ကိုယ်စား လှယ် ဂျွန် ဂရေဟမ်နှင့် အမေရိကန် ကိုယ်စား လှယ် စတီဖင်လိုးတို့သည် လူမည်း မျိုးချစ်တပ် ဦး၏ ပူးတွဲ ခေါင်းဆောင် မစ္စတာ ဂျော့ရှ၀ါ အင်ကိုမို့နှင့် လူဆာကာမြို့တွင် နှစ်နာရီကြာ ဆွေးနွေးကြသည်။

ကမ္ဘာမြေ၏ မူလအစနှင့် ကမ္ဘာ့တိုက်ကြီး များ မည်သို့ ရှေ့ရှားနေသည့် အကြောင်း စသည်များကို စူးစမ်းရန်အတွက် အမေရိကန် ဗဟို ထောက်လှမ်းရေးအဖွဲ့ (စီအိုင်အေ) ပိုင် ဂလိုမာ အိပ်စပလိုရာ သင်္ဘောကို သိပ္ပံရေယာဉ် အဖြစ် ပြောင်းလဲ အသုံးပြုဖွယ် ရှိကြောင်း စကရစ် အဏ္ဏ၀ါ သိပ္ပံ ဌာနမှ ဒေါက်တာ ဗယ်လဗင်ပီတာဆန်က ပြောသည်။

၁၉၇၇ ခုနှစ် ဖြစ်ရပ်များ

၈ အာရပ် အဇွရီယယ်ပဋိပက္ခဆိုင်ရာ ဂျီနီဗာညီလာခံ မအောင်မြင်ခဲ့လျှင် အခြေအနေများ ရှတ်ခြည်း ပြောင်းလဲသွားဖွယ် ရှိသည်ဟု ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ကုဗားလဟိုင်းက ပဲရစ်မြို့၌ ပြောကြားသည်။

ရှရှနှင့်အမေရိကန်တို့၏သိပ္ပံနှင့်စက်မှုပူးပေါင်းဆောင်ရွက်ရေး ငါးနှစ် သဘောတူညီချက်ကို ဝါရှင်တန်မြို့တွင် လက်မှတ် ရေးထိုးသည်။

ဗြိတိသျှ မစ်ဒလန် လေကြောင်း ကုမ္ပဏီမှ ကူဝိတ် နိုင်ငံသို့ ငှားရမ်းထားသော ဘိုးအင်း ၇၀၇ လေယာဉ် တစင်းသည် ဗေရွတ် ကူဝိတ် ခရီးစဉ်အတိုင်း ပျံသန်းစဉ် လက်နက်ကိုင်သူ ၁၂ ဦးက ကမ္ဘာတဝှန်းလုံးတွင် အဖမ်းခံနေရသော ပယ်လက်စတိုင်အကျဉ်းသားအားလုံးကို လွှတ်ပေးရန် တောင်းဆိုထားသည်။ လေယာဉ်ကို အပိုင် စီးလိုက်သည်။

၉ အမေရိကန် ပြည်ထောင်စုတွင် နျူထရွန် ထိပ်ဖူးလက်နက်သစ်ကို ထုတ်လုပ် စမ်းသပ်ခဲ့ခြင်းအားဖြင့် မဟာဗျူဟာလက်နက်ကန့်သတ်ရေးအတွက် အမေရိကန်နှင့် ရှရှတို့၏ဆော့ဆွေးနွေးမှုကို ရှပ်ထွေးစေလိမ့်မည်ဟု ရှရှတို့ကဝေဖန်သတိပေးလိုက်သည်။

အပိုင်စီး ခံခဲ့ရသော ကူဝိတ် လေကြောင်း ကုမ္ပဏီ၏ ဘိုးအင်း ၇၀၇ လေယာဉ်မှ နောက်ဆုံး ဓားစာခံများကို လေယာဉ် အပိုင်စီးသူများက ပြန်၍ လွှတ်ပေးလိုက်ပြီဟု ကူဝိတ် အသံလွှင့် ဌာနက ကြေငြာသည်။

၁၀ ကူဝိတ် နိုင်ငံမှ ဘိုးအင်း ၇၀၇ လေယာဉ်ကို အပိုင်စီးခဲ့ကြသူများသည် ဆီးရီးယား အာဏာပိုင်တို့ထံ လက်နက်ချ အညံ့ခံလိုက်သည်။

ဆဂ်နပ်စ နဂါးငွေတန်း အတွင်းမှ လွှန်ခဲ့သည့် နှစ် ၃၀၀၀၀၀ က ပေါက်ကွဲခဲ့သည့် ကြယ်၏ အစိတ်အပိုင်းများသည် ကမ္ဘာနှင့် အလင်းရောင် နှစ် ၂၂၀ ကွာဝေးသော နေရာ၌ ပြန့်ကျဲကျနေသည်ကို အမေရိကန် နက္ခတ် ပညာရှင်များက လေ့လာ တွေ့ရှိခဲ့ကြောင်းဖြင့် ကစ်ပိလေ့လာရေး စခန်းမှ ကြေငြာသည်။

ပါကစ္စတန် နိုင်ငံတွင် ခိုးမှု ကျူးလွန်သူအား လက်ဖြတ် အပြစ်ပေးပြီး မြို့ပေါ် လမ်းများနှင့် မြို့ကူး လမ်းမကြီးများ၊ အဆောက်အအုံများ၊ လေဆိပ်များနှင့် အစိုးရပိုင် ပစ္စည်းများကို ဖျက်ဆီး ပိတ်ဆို့ အနှောင့်အရှက်ပြုသူများအားသေဒဏ်ပေးနိုင်သည့်ကိုရန်ကျမ်းပါ ဓမ္မသတ်များကိုဥပဒေအဖြစ်အသုံးပြုတော့မည် ဖြစ်ကြောင်း အမိန့်ကြော်ငြာ ထုတ်ပြန်သည်။

မြေထဲပင်လယ် အရှေ့ပိုင်းတွင် အပူရှိန်လွန်ကဲမှုကြောင့် တူရကီ တောင်ပိုင်း အပန်းဖြေ စခန်း၌ အပူချိန် ၁၅၂ ဒီဂရီ အထိ မြင့်တက်သွားသည်။

၁၁ မွန်ဂိုလီးယား ပြည်သူ့ သမ္မတ နိုင်ငံ၏ နှစ်လည် ပြည်သူ့ တော်လှန်ရေးနေ့ ဖြစ်သည်။

နိုင်ငံစုံ လက်နက် ရောင်းချမှုများ ကန့်သတ်ရေးကို အမေရိကန်နိုင်ငံက ဦးဆောင်ဦးရွက်ပြုလုပ်နိုင်ရန် လွန်စွာခဲယဉ်းကြောင်းအမေရိကန် သမ္မတကာတာက အထက်လွှတ်တော် နိုင်ငံခြားအကူအညီ ပေးရေး ဆပ်ကော်မတီသို့ တင်သော အစီရင်ခံစာ၌ဖော်ပြထားသည်။

၁၂ ဂရပ်ဖိုက်ခဲနက်ဖြင့် စီရင်သော မော်တော်ကား စက်ဆီ (အင်ဂျင်ဝိုင်) တမျိုးကို အမေရိကန်နိုင်ငံ အတ္တလန္တိတ် ရစ်ချဖီးလ် ကုမ္ပဏီက တီထွင်လိုက်သည်။

ရှိဒီးဇီးယား ပြောက်ကျားစစ် အဆုံးသတ်ရေးနှင့် စပ်လျဉ်း၍ ဗြိတိန် နိုင်ငံနှင့် ဆွေးနွေးပွဲကျင်းပရန် ရှိဒီးဇီးယား အမျိုးသားရေး ခေါင်းဆောင် အင်ကိုမိုက တောင်းဆိုသည်။

ကျန်းမာရေး ဝန်ကြီးဌာန၊ ဆေးသုတေသန ဦးစီးဌာန ဇီဝ ဆေးသုတေသန လုပ်ငန်းများ အတွက် ဂျပန် နိုင်ငံမှ ဒုတိယ အကြိမ် အထောက်အပံ့ ပေးရေး စာချွန်လွှာကို ဂျပန်နှင့် မြန်မာကိုယ်စားလှယ်တို့ ရန်ကုန်မြို့တွင် လက်မှတ်ရေးထိုး လဲလှယ်ကြသည်။

၁၃ နိုင်ငံစုံ လုပ်ငန်းဖြန့် ကော်ပိုရေးရှင်းများ၏ အန္တရာယ်ရှိသော နိုင်ငံရေး လုပ်ရပ်များကို ကန့်သတ် ချုပ်ထိန်းရန် အစီအစဉ်များနှင့် စပ်လျဉ်း၍ အမေရိကန် အောက်လွှတ်တော် အမတ်များ ပါဝင်သော ကိုယ်စားလှယ် အဖွဲ့နှင့် ဥရောပ လွှတ်တော် အမတ်များ လန်ဒန်မြို့၌ ဆွေးနွေးပြီး သဘောတူညီမှု ရရှိကြောင်း ကြေငြာသည်။

ဗြိတိန်၊ ရှရှနှင့် အမေရိကန် ပြည်ထောင်စုတို့က နျူးကလီးယား စမ်းသပ်မှု လုံးဝ ပိတ်ပင်ရေး ဆိုင်ရာ စေ့စပ် ဆွေးနွေးပွဲကို ဂျီနီဗာမြို့၌ စတင်ကျင်းပသည်။

မုန်တိုင်း ပြင်းထန်စွာ တိုက်ခတ်ပြီး အင်ဒီယန်ပို့ဝင်ရှိ ပင်မလျှပ်စစ် ဓာတ်အားပေး စက်ရုံ ပျက်ရာ နယူးယော့မြို့တွင် တမြို့လုံး မှောင်အတိကျကာ တညလုံး လုယက်မှုများ၊ ရာဇဝတ်မှုများ ဖြစ်သဖြင့် အရေးပေါ် အခြေအနေ ကြေငြာလိုက်ရသည်။

၁၄ ပြင်သစ် နိုင်ငံနှင့် အီရတ် နိုင်ငံတို့၏ နှစ်ပတ်လည် အမျိုးသားနေ့ ဖြစ်သည်။

အမေရိကန် ချီနု အမျိုးအစား စစ်ပို့ဆောင်ရေး ရဟတ်ယာဉ် တစင်းသည် မြောက်ကိုရီးယားတွင် ပစ်ချခံခဲ့ရသည်ဟု အမေရိကန် သမ္မတ အိမ်ဖြူတော်မှ ကြေငြာသည်။

နိုင်ငံတော် သမ္မတကြီး ဦးနေဝင်းနှင့် အဖွဲ့ဝင်များသည် အထူး လေယာဉ်ဖြင့် မန္တလေး မြို့သို့ ထွက်ခွာသွားကာ မန္တလေး တောင်ခြေရှိ တိုင်းရင်း ဆေးသိပ္ပံ၊ စစ်ကိုင်း ရွာသစ်ကြီး ချည်မျှင်နှင့် အထည် စက်ရုံ၊ တိုင်းရင်းသား ဖွံ့ဖြိုးရေး သိပ္ပံများကို စစ်ဆေး ကြည့်ရှုသည်။

၁၅ ပါကစ္စတန်နိုင်ငံ၌ အာဏာသိမ်းခဲ့သော စစ်အစိုးရ ခေါင်းဆောင် ဗိုလ်ချုပ်ကြီး ဂျီယာအူးလဟတ်သည် ဝန်ကြီးချုပ်ဟောင်း အလီဘူတိုနှင့် နိုင်ငံရေး ခေါင်းဆောင် များကို ထိန်းသိမ်းထားရာ ရာဝါပင်ဒီမြို့ မြောက်ဖက်မိုင် ၄၀ ကွာ မူးရီ တောင်ကုန်း စခန်းသို့ သွားရောက် တွေ့ဆုံ ဆွေးနွေးသည်။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ဝန်ကြီး အဖွဲ့သည် ၁၉၇၄ ခုနှစ် ဝန်ကြီးအဖွဲ့ ဥပဒေ ပုဒ်မ ၃၉ တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များ အရ "ဆန်စပါး စိုက်ပျိုးခြင်း၊ ဝယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ကြိတ်ခွဲခြင်း၊ ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ သယ်ယူ ပို့ဆောင်ခြင်း စသည့် လုပ်ငန်းများ လေ့လာ စုံစမ်းရေး ကော်မရှင်" တရပ်ကို ဖွဲ့စည်းလိုက်ကြောင်း အမိန့် ကြော်ငြာစာ အမှတ် ၉/၇၇ ဖြင့် ထုတ်ပြန် ကြေငြာ၏။

၁၆ မြောက်ကိုရီးယားတွင် ပစ်ချခြင်း ခံရသော ရဟတ်ယာဉ် ကိစ္စနှင့် စပ်လျဉ်း၍ အမေရိကန် ရေတပ် ဗိုလ်ချုပ် ဝါရင်ဟမ်နှင့် မြောက်ကိုးရီးယား ဗိုလ်ချုပ် ဟန်ဂျူကျုံတို့ ခေါင်းဆောင်၍ ပါမာဂျုံမြို့၌ ဆွေးနွေးပြီးနောက် လေယာဉ်ပေါ် ပါပြီး အဖမ်းခံရသူနှင့် သေဆုံးသူ သုံးဦး အလောင်းကို အမေရိကန်သို့ ပြန်ပေးရန် ဆုံးဖြတ်ကြသည်။

ဂျပန် ပင်လယ် ရပ်ခြား စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှု ရန်ပုံငွေ အဖွဲ့မှ အကြီးစား စက်မှု လုပ်ငန်း ကော်ပိုရေးရှင်း၏ စက်မှု စီမံကိန်း လေးရပ် တိုးချဲ့ရေး အတွက် ယန်းငွေ သန်းပေါင်း ၁၉၅၄၀ (ကျပ် ၅၁၅ သန်းခန့်)

၁၉၇၇ ခုနှစ် ဖြစ်ရပ်များ

ကိုငှင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံဘဏ်သို့ စတုတ္ထအကြိမ် ကုန်ပစ္စည်းချေးငွေအဖြစ် ဂျပန်ယန်းငွေ သန်းပေါင်း ၉၀၀၀ (ကျပ် ၂၃၇ သန်းခန့်)ကိုငှင်း ထုတ်ချေးရန် ငွေချေးစာချုပ်များကို ဂျပန်နိုင်ငံ တိုကျိုမြို့၌ နှစ်နိုင်ငံ ကိုယ်စားလှယ်များ လက်မှတ် ရေးထိုးကြသည်။

၁၇ စပိန်နိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့ ဖြစ်သည်။

လက်ဗန္ဓန်နိုင်ငံတွင် ပြိုင်ဖက် ကွန်မန်ဒိုအုပ်စုများ ဖြစ်ကြသော ဆီးရီးယား လိုလားသူ ဆိုက်ကာ အဖွဲ့နှင့် အီရတ်လိုလားသူ ပယ်လက်စတိုင် လွတ်မြောက်ရေးတပ်ဦး တို့သည်ဗေရွတ်မြို့ရှိ ဆဗရာစခန်းတွင် ၁၀ နာရီကြာမျှ တိုက်ပွဲ ပြင်းထန်စွာ ဖြစ်ပွားသည်။

၁၈ ရိုဒီးဇီးယားဝန်ကြီးချုပ် အီယန်စမစ်က ပြည်တွင်း၌ နိုင်ငံရေး ဖြေရှင်းရန် ကြိုးပမ်းသည့် အစီအစဉ်များကို ကြေငြာရာ လူမည်းအမျိုးသား ခေါင်းဆောင်များ ဖြစ်ကြသော ညီညွတ်ရေး အာဖရိက အမျိုးသား ကောင်စီ ခေါင်းဆောင် ဘုန်းတော်ကြီး မူဇိုရီဝါးဆီတိုလီနှင့် အာဖရိက အမျိုးသား ကောင်စီ (ဇင်ဗာဗွေ) ခေါင်းဆောင် ချီနာမာနို တို့က ယင်းအစီအစဉ်များကို တညီတညွတ်တည်း ပယ်ချလိုက်သည်။

အရှေ့တောင် အာရှ နိုင်ငံများ အဖွဲ့ (အေစီယင်) ၏ အဖွဲ့ဝင် နိုင်ငံများ အနေဖြင့် ပူးတွဲ လက်နက်ကိုင်တပ်များ ဖွဲ့စည်းထားရှိရန် အစီအစဉ် မရှိဟု မလေးရှား နိုင်ငံခြားရေး ဝန်ကြီး တွန်ကူအာမက်ရီသော်ဒင်းက မလေးရှား ပါလီမန်၌ ပြောကြားသည်။

၁၉ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံ၏ အာဇာနည်နေ့ ဖြစ်သည်။

ကုလသမဂ္ဂ ပဋိညာဉ် စာတမ်းပါ ရည်မှန်းချက်များ ပေါက်မြောက် အောင်မြင်ရန် တသမတ်တည်း ကြိုးပမ်း၍ ယင်းပြဋ္ဌာန်းချက်များကို လိုက်နာ ကျင့်သုံးခြင်းဖြင့် ကုလသမဂ္ဂ၏ လုပ်ငန်းဆောင်တာများကို ပိုမို ထိရောက်ကောင်းမွန်အောင် လုပ်ဆောင် နိုင်မည်ဟု သဘောထားကြောင်း ချက်ကိုဆလိုဗားကီးယား နိုင်ငံခြားရေးဝန်ကြီး ချနုပက်က ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ကုဗားလဟိုင်းသို့ စာလွှာ ပေးပို့ ဖော်ပြလိုက်သည်။

၂၀ ရေနက် ပင်လယ် ကြမ်းပြင်တွင် သတ္တုတူးဖော်ရေးကို အပြည်ပြည် ဆိုင်ရာ စည်းမျဉ်းဥပဒေများနှင့် ထိန်းသိမ်းရန် အဆိုပြုချက်သစ်များကို ကုလသမဂ္ဂ အဖွဲ့ငယ် တခုက ထုတ်ပြန်သည်။ သို့သော် ယင်းအဆိုများကို အမေရိကန်က လက်ခံရန် ငြင်းဆိုလိုက်သည်။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် သမ္မတကြီးနှင့် နိုင်ငံတော် ကောင်စီ ဥက္ကဋ္ဌကြီး ဦးနေဝင်း၏ ဖိတ်ကြားချက် အရ ဗင်္ဂလားဒေ့ရှ ပြည်သူ့သမ္မတ နိုင်ငံ သမ္မတကြီး ဗိုလ်ချုပ် ဂျီယာအူးရ်ရာမန်နှင့် အဖွဲ့သည် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံသို့ ဧည့်သည်တော် အဖြစ် လေးရက်ကြာ နေထိုင်ရန် အထူး လေယာဉ်ဖြင့် ရောက်ရှိလာသည်။

၂၁ လစ်ဗျ တပ်များက လစ်ဗျရှိ မူဆာအစ်မြို့မှနေ၍ မြေထဲပင်လယ်ကမ်းရိုးတန်းရှိ အီဂျစ်နယ်စပ် ဆာလုမ်မြို့သို့ ချီတက်လာရာမှစ၍ လစ်ဗျနှင့် အီဂျစ်တပ် တိုက်ပွဲကြီးများ ဖြစ်ပွားသည်။

၂၂ ပယ်လက်စတိုင် လွတ်မြောက်ရေး အဖွဲ့ကို ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးကောင်စီ၏ အနောက် အာရှ ဆိုင်ရာဒေသန္တရကော်မတီသို့ ဝင်ခွင့်ပြုရန် ကောင်စီက ဆုံးဖြတ်သည်။

ကမ္ဘာတွင် နောက်ဆုံး အမျိုးသမီး ဝန်ကြီးချုပ် ဖြစ်သော မစ္စက် သီရိမာဗို ဗန္ဒရာနိုက်ကေး၏ လက်ဝဲယိမ်း အာဏာရ လွတ်လပ်ရေး ပါတီသည် သီရိလင်္ကာနိုင်ငံ အထွေထွေ ရွေးကောက်ပွဲကြီးတွင် ရှုံးနိမ့်သွားသည်။

၂၃ ရိုဒီးဇီးယားနိုင်ငံတွင် လူတကိုယ် မဲတမဲဖြင့် လာမည့် မတ်လတွင် အထွေထွေ ရွေးကောက်ပွဲ ကျင်းပကာ လူများစု အုပ်ချုပ်ရေး ထူထောင်ရန် အချက် လေးချက် ပါသော အစီအစဉ် တရပ်ကို အာဖရိက အမျိုးသားရေး ခေါင်းဆောင် ဘုန်းတော်ကြီး မူဇိုရီဝါက ဆောစဗာရီမြို့တွင် အဆိုပြု တင်ပြလိုက်သည်။

အီဂျစ်နှင့် လစ်ဗျနယ်စပ် တိုက်ပွဲ အပစ်အခတ် ရပ်စဲရေးနှင့် စပ်လျဉ်း၍ ကြားဝင် ဖြန်ဖြေပေးရန်အတွက် အီဂျစ် ခေါင်းဆောင်များနှင့် ဆွေးနွေးရန် ပယ်လက်စတိုင် လွတ်မြောက်ရေးအဖွဲ့ (ပီအယ်အို) ခေါင်းဆောင် အာရဖတ်သည် ကိုင်ရိုမြို့မှအယ်လက်ဇန္ဒရီးယားမြို့သို့ ထွက်ခွာသွားသည်။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် သမ္မတကြီးနှင့် နိုင်ငံတော် ကောင်စီ ဥက္ကဋ္ဌကြီး ဦးနေဝင်း၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံတွင် ဧည့်သည်တော် အဖြစ် လေးရက်ကြာ နေထိုင်ခဲ့သည့် ဗင်္ဂလားဒေ့ရှနိုင်ငံ သမ္မတကြီး ဗိုလ်ချုပ် ဂျီယာအူးရ်ရာမန် နှင့် အဖွဲ့ဝင်များသည် အထူးလေယာဉ်ဖြင့် ဗင်္ဂလားဒေ့ရှ နိုင်ငံသို့ ပြန်လည် ထွက်ခွာသွားသည်။

၂၄ အယ်လဂျီးရီးယား နိုင်ငံ သမ္မတ ဗူမီဒီယင်သည် လစ်ဗျနိုင်ငံ ထရီပိုလီမြို့တွင် လစ်ဗျနိုင်ငံ ခေါင်းဆောင်ကဒတ်ဖီ၊ ပယ်လက်စတိုင် လွတ်မြောက်ရေးအဖွဲ့ခေါင်းဆောင် အာရဖတ် တို့နှင့် အီဂျစ်၊ လစ်ဗျ နယ်စပ် တိုက်ခိုက်မှုများ ရပ်စဲရေးကိစ္စ ဆွေးနွေးသည်။

ဆီးရီးယား သမ္မတ အာဆတ်က အဇူရီယယ် ဝန်ကြီးချုပ် ဗယ်ဂင်၏ အရှေ့ အလယ်ပိုင်း ငြိမ်းချမ်းရေး အစီအစဉ်ကို ပယ်ချလိုက်သည်။

၂၅ စိုက်ပရပ်ပြဿနာသည် တူရကီနှင့် ဂရိတို့၏ ပြဿနာသာဖြစ်ရာ အမေရိကန်က စိုက်ပရပ်တွင်ဆက်၍ဝင်ထွက်နေပြီး တူရကီအား အကျပ်ကိုင်နေပါက ထိုပြဿနာကို ဖြေရှင်းနိုင်မည် မဟုတ်ကြောင်း တူရကီ ဝန်ကြီးချုပ် ဖြစ်မည့် ဆူလေမန်ဒီမီရဲလ်က အန်ကာရာမြို့၌ ပြောကြားသည်။

ပထမအကြိမ် တောင်သူ လယ်သမားအစည်းအရုံး ညီလာခံကို ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ ညီလာခံခန်းမ၌ စတင် ကျင်းပသည်။

၂၆ ၁၉၈၀ ပြည့်နှစ်နောက်ပိုင်းတွင် ကမ္ဘာနှင့် အာကာသကို ကူးသန်း ဆက်သွယ်ပေးမည့် ခရီးသည်တင် အာကာသ လွန်းပျံယာဉ်များ တည်ဆောက်နိုင်ရေး အတွက် စမ်းသပ် ပျံသန်းနေသော အင်တာပရိုက်စ် ယာဉ်ကို ဘိုးအင်း ၇၄၇ လေယာဉ်ကြီး တစင်း၏ ကျောပေါ်၌ တင်ယူ သယ်ဆောင်ကာ တနာရီကြာ စမ်းသပ်ရာ အောင်မြင်မှု ရရှိခဲ့သည်။

၂၇ အဇူရီယယ်တို့ သိမ်းပိုက်ထားသော ဂျော်ဒန်မြစ် အနောက်ဖက်ကမ်းရှိ လူနေဒေသသုံးခုကို တရားဝင် အတည်တကျ သတ်မှတ်ရန် အဇူရီယယ်နိုင်ငံ၏လုံးပမ်းမှုသည် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြန်လည်ကျင်းပ

၁၉၂၂ ခုနှစ် ဖြစ်ရပ်များ

ရန် ကြိုးပမ်းမှုကို မလွဲမသွေ ထိခိုက်နိုင်ဘွယ် ရှိကြောင်းဖြင့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကုဖာလဟိုင်းက ပြောကြားသည်။

အိန္ဒိယ အနုမြူ သိပ္ပံ ပညာရှင်များသည် ကေရာလာ ပြည်နယ် ပင်လယ် ကမ်းခြေ သဲများမှ ရရှိသော ဓာတ်သတ္တုများကို အသုံးပြုကာ အနုမြူ လောင်စာ ယူ ၂-၃ ကို အောင်မြင်စွာ ထုတ်လုပ်နိုင်ခဲ့သည်ဟု ဝန်ကြီးချုပ် မိုရာဂျီဒေဆိုင်းက နယူးဒေလီမြို့တွင် ထုတ်ဖော် ပြောကြားသည်။

၂၈ လစ်ဗျာနှင့် အီဂျစ် ပဋိပက္ခ ရပ်စဲစေရန် အာရပ်ကြားဝင်ဖျန်ဖြေပေးသူများက ရေးဆွဲတင်ပြသည့် ငြိမ်းချမ်းရေးအစီအစဉ်ကို အီဂျစ်နှင့် လစ်ဗျာနိုင်ငံတို့ကသဘောတူလိုက်ပြီဟုပယ်လက် စတိုင်ဖက်မှ ကိုင်ရှိမြို့တွင်ပြောကြားသည်။

ဂျော်ဒန်မြစ် အနောက်ဖက်ကမ်းရှိ ယေဟူဒီလူနေ ဒေသ သုံးခုကို တရားဝင် လူနေဒေသများ အဖြစ်သို့ ပြောင်းလဲရန် အင်္ဂရိယယ်က ကြိုးပမ်းခြင်းသည် အရှေ့ အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေး ညှိနှိုင်းမှုတွင် ဆူးငြောင့်ခလုတ် သဖွယ် ဖြစ်နေသည်ဟု အမေရိကန်သမ္မတ ကာတာက သတင်းစာရှင်းလင်းပွဲ၌ပြောသည်။

၂၉ ဂျပန်၊အေစီယင်၊ မြန်မာဆက်ဆံရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေးသည် အလွန် အရေးပါသော ကိစ္စ ဖြစ်သည်ဟု ဂျပန် အစိုးရက ယူဆသည့် အလျောက် ဂျပန် ဝန်ကြီးချုပ် ဖူကူဒါသည် ယင်းနိုင်ငံများသို့ သွားရောက် လည်ပတ်မည် ဖြစ်ကြောင်း ကြေငြာသည်။

နဂါးငွေ့တန်း အတွင်းရှိ ဂြိုဟ်များပေါ်တွင် သက်ရှိ သတ္တဝါများ ရှိနေပါက ကြားသိနိုင်ရန် ရည်စူး၍ သမ္မတ ကာတာ၏ အသံဖြင့် သွင်းထားသော အသံသွင်း သဝဏ်လွှာကို ဩဂုတ် လ ၂၀ ရက်တွင် ပစ်လွှတ်မည့် ဗိုင်ကေဂျာ အာကာသယာဉ်ပေါ်သို့ တင်လိုက်သည်။

အိန္ဒိယ နိုင်ငံတွင် လုံးဝ အရက်သေစာ ပိတ်ပင်ရန် အများဆုံး လေးနှစ် အတွင်း ဥပဒေ ပြဋ္ဌာန်းမည်ဟု နယူးဒေလီမြို့တွင် ဝန်ကြီးချုပ် မိုရာဂျီ ဒေဆိုင်းက ပြောကြားသည်။

၃၀ ပယ်လက်စတိုင် ခေါင်းဆောင် တို့က အင်္ဂရိယယ်နိုင်ငံ၏ တည်ရှိခွင့်ကို အသိအမှတ်ပြုလျှင် ပယ်လက်စတိုင် ခေါင်းဆောင်များနှင့် ဆွေးနွေးမည်ဟု နယူးယောခ်မြို့တွင် အမေရိကန် သမ္မတ ကာတာက ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ကုလသမဂ္ဂ ဖွံ့ဖြိုးရေး ကျောင်းတွင် တက်ရောက်နေကြသော အာရှနိုင်ငံပေါင်း ၁၅ နိုင်ငံမှ ဒေသဆိုင်ရာ လူမှုဖွံ့ဖြိုးမှုရေး သင်တန်းသား ၂၆ ဦးနှင့် သင်တန်းဆရာ သုံးဦး စုစုပေါင်း ၂၉ ဦးတို့သည် မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသော ကျန်းမာရေး၊ ပညာရေးနှင့် လူမှုဝန်ထမ်း လုပ်ငန်းများကို ရက်သတ္တ တပတ်ကြာ လေ့လာရန် ရန်ကုန်မြို့သို့ ဆိုက်ရောက်လာသည်။

သြဂုတ်လ

၁ ဆစ်ဇာလန်နိုင်ငံအမျိုးသားနေ့ဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံ ဗဂဒက်မြို့ရှိ ဒေါ်လာသန်း ၆၀၀ တန် စက်ရုံသစ်ကြီးမှ ထုတ်လုပ်သော သဘာဝ ဓာတ်ငွေ့ ကုဗမီတာ ၁၂၅၀၀၀ ကို ဂျပန်နိုင်ငံသို့ပဲ့ဦးထွက်အဖြစ် တင်ပို့သည့်အခမ်းအနားကို သမ္မတ ဆူဟာတို ဖွင့်လှစ်ပေးသည်။ ပထမအကြိမ် တောင်သူလယ်သမားအစည်းအရုံး ညီလာခံ နောက်ဆုံးနေ့ကို ကမ္ဘာအေးကုန်းမြေ ညီလာခံခန်းမတွင် ကြွေးကြော်သံများဖြင့် အောင်မြင်စွာ ရပ်သိမ်းလိုက်သည်။

၂ နျူးကလီးယား လုံခြုံရေး ဆိုင်ရာ နိုင်ငံတကာ စည်းမျဉ်းများကို ချိုးဖောက်သည့် နိုင်ငံများနှင့် နျူးကလီးယား ပစ္စည်း တစုံတရာ ဖောက်ခဲ့သည့် နိုင်ငံများသို့ အမေရိကန် က နျူးကလီးယား ထုတ်ကုန်အလိုအလျောက် ရပ်စဲသည့် ဥပဒေကြမ်းကို အောက်လွှတ်တော်က အတည်ပြုလိုက်သည်။

၃ ရေနံ တင်ပို့ရောင်းချသော နိုင်ငံများအဖွဲ့ (အိုပက်)သည် ရေနံဈေးနှုန်း တွက်ချက် သတ်မှတ်ရာ၌ အမေရိကန် ဒေါ်လာကို စွန့်လွှတ်ရန် စီစဉ်နေခြင်း မရှိကြောင်း အီရန် ဘဏ္ဍာရေး ဝန်ကြီးယေဂါနေက ပြောသည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကုဖာလဟိုင်းသည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ အစိုးရ ညှိသည်တော် အဖြစ် တပတ်ကြာ နေထိုင်ရန် ရောက်ရှိသည်။ ၁၉၇၂ ခုနှစ်ဩဂုတ် လကလည်း ပထမအကြိမ် ရောက်ခဲ့ဘူးသည်။ စိုက်ပရပ်နိုင်ငံသမ္မတ ဘုန်းတော်ကြီးမကား ရီးယို့စကွယ်လွန်သည်။

၄ ဂျပန် ဝန်ကြီးချုပ် ဖူကူဒါသည် စီးပွားရေး၊ ကုန်သွယ်ရေး ပူးပေါင်း ဆောင်ရွက်မှုကိစ္စနှင့် စပ်လျဉ်း၍ အရှေ့တောင် အာရှ အဖွဲ့ဝင် နိုင်ငံများ၏ မေတ္တာရပ်ခံချက် မှန်သမျှကို အပြည့်ဝဆုံး တုံ့ပြန်လိမ့်မည်ဟု ဂျပန် နိုင်ငံခြားရေး ဌာနက ပြောသည်။

ရေနံရောင်းနိုင်ငံများက ရေနံဈေး ကြီးမြင့်မှု ဒဏ် ခံနေကြရသော ဖွံ့ဖြိုးဆဲ နိုင်ငံများ၌ စီမံကိန်း ၄၂ ခု အကောင်အထည် ဖော်ရာတွင် အသုံးပြုရန် အတွက် အတိုးမဲ့ နှစ်ရှည် ချေးငွေ အဖြစ် ဒေါ်လာ ၁၄၀ ဒသမ ၇ သန်းသုံးစွဲရန် ဗီယင်နာမြို့၌ တရားဝင် ဆုံးဖြတ်သည်။

၅ အရှေ့တောင်အာရှဒေသ၌ နိုင်ငံရေးတည်ငြိမ်မှု ရရှိစေရန် ယင်းဒေသ၏ စီးပွားရေးနှင့် လူမှုရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ဖို့ အရေးကြီးကြောင်း ကုဝလာလမ်ပူမြို့၌ နှစ်ရက်ကြာ ပြုလုပ်သော အရှေ့တောင်အာရှ နိုင်ငံများအဖွဲ့ ထိပ်သီး ညီလာခံမှ ထုတ်ပြန်သော ပူးတွဲကြေငြာချက်၌ ပါရှိသည်။

မြန်မာစာအဖွဲ့က အတည်ပြုပြီးသော စာပေဆိုင်ရာ ကျမ်းများ၊ စာအုပ်များကို အမြန် ထုတ်ဝေသင့်ကြောင်းနှင့် ဗျည်း အက္ခရာ ရေးဆွဲပုံမှအစ စနစ်တကျ မှုန်ကန်စွာ ရေးဆွဲတတ်အောင် လမ်းညွှန်ပေးဖို့ လိုကြောင်း နိုင်ငံတော် သမ္မတကြီး ဦးနေဝင်းက မြန်မာစာ အဖွဲ့ဝင်များနှင့် တွေ့ဆုံ အကြံပေး လမ်းညွှန်သွား၏။

၆ အီရန် ဝန်ကြီးချုပ် မစ္စတာ ဟိုဗေဒါသည် ရာထူးမှ နုတ်ထွက် လိုက်ကြောင်း ကရားဝင် ကြေငြာသည်။ ယင်းသည် ၁၉၆၅ ခုနှစ်မှ စ၍ ဝန်ကြီးချုပ်အဖြစ် ဆောင်ရွက်ခဲ့သည်။

စက်မှု ခုနစ်နိုင်ငံနှင့် ရေနံ ထုတ်လုပ်သော ခုနစ်နိုင်ငံတို့မှ ဘဏ္ဍာရေး ဝန်ကြီး ၁၄ ဦးသည် ဒွေကြေး အခက်အခဲနှင့် ရင်ဆိုင်နေရသော နိုင်ငံများအတွက် ကူညီရန်အထူးချေးငွေ ရန်ပုံငွေ ဒေါ်လာ သန်း ၁၀၀၀၀ ထားရှိရေးကို ပဲရစ်မြို့၌ ဆွေးနွေးကြသည်။

ဂျပန် ဝန်ကြီးချုပ် ဖူကူဒါသည် အရှေ့တောင် အာရှ နိုင်ငံများအဖွဲ့ဝင် ငါးနိုင်ငံနှင့် မြန်မာနိုင်ငံသို့ ၁၃-ရက် ခရီး လှည့်လည်ရန် စတင်ထွက်ခွာသည်။

၇ အေစီယင် အဖွဲ့ဝင် နိုင်ငံ ခေါင်းဆောင်များသည် ဂျပန် ဝန်ကြီးချုပ် တာကေအိုဖူကူဒါနှင့် တကြိမ်၊ ဩစတြေလီးယား ဝန်ကြီးချုပ် မယ်လကွမ်ဖရေဇာနှင့် တကြိမ် ကုဝလာလမ်ပူမြို့၌ တွေ့ဆုံ ဆွေးနွေးကြရာ အေစီယင် နိုင်ငံများသို့ အကူအညီ ပေးမည် ဖြစ်ကြောင်း ယင်းဝန်ကြီးချုပ် နှစ်ဦးက ကတိပြုသည်။

၁၉၇၇ ခုနှစ် ဖြစ်ရပ်များ

သမဝါယမ လယ်ယာမြေစီမံကိန်းအရ နိုင်ငံခြားငွေ ရရှိရေးကို ရှေးရှုပြီး ပြည်ပ တင်ပို့ရန် ချောက်မြို့နယ် ပခန်းငယ် ကျေးရွာအုပ်စုမှ ပြောင်းဖောဝဝကိုစုပေါင်းထွန်ယက်ကြသည်။

၈ ကုလသမဂ္ဂ စစ်ဌာနချုပ် (ယူအင်စီ)တပ်များက ကွန်မြူနစ် လုံခြုံရေး အစောင့်တပ်သားများအား ပါမန်ဂျုန်းစစ်ပြေငြိမ်းရေး ရှာတွင် မကြာမီက ရန်စမှုပြုခဲ့သည်ဟု မြောက်ကိုရီးယား (ဒီပီအာကေ) ၏ စွပ်စွဲချက်ကို ကုလသမဂ္ဂ စစ်ဌာနချုပ်က ပယ်ချလိုက်သည်။

အီသီအိုးပီးယား နိုင်ငံ တောင်ပိုင်း အိုဂါဒင်းပြည်နယ် အရေးနှင့် စပ်လျဉ်း၍ ဆိုမာလီနှင့် အီသီအိုးပီးယားတို့ ပဋိပက္ခ ဖြစ်နေမှုကို စေ့စပ်ပြေငြိမ်းရန် အာဖရိကညီညွတ်ရေး အဖွဲ့ချုပ်(အိုအေယူ)၏ ကြိုးပမ်းမှုသည်ဆိုမာလီက နောက်ဆုံး ဆွေးနွေးပွဲကို သပိတ်မှောက်၍ မထေမဲ့မြင်ပြုသည့် စာတစောင် ကော်မတီသို့ ပေးပို့လိုက်ခြင်းကြောင့် ပျက်ပြားသွားသည်။

ဂျပန် အဖွဲဝင် သုံးဦးနှင့် ပါကစ္စတန် အဖွဲဝင် တဦးတို့သည် ကမ္ဘာပေါ်တွင် ဒုတိယ အမြင့်ဆုံး ဖြစ်သော မောင့်ကေ ၂ တောင်ထိပ်သို့ ခြေချနိုင်ကြသည်။

၉ စကၤာပူသမ္မတနိုင်ငံ၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့ ဖြစ်သည်။

ရုရှနိုင်ငံ အလုပ်သမား သမဂ္ဂအဖွဲချုပ်မှ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ပထမ အကြိမ် အလုပ်သမား အစည်းအရုံးညီလာခံသို့ သဝဏ်လွှာ ပို့သည်။

ပထမအကြိမ် အလုပ်သမား အစည်းအရုံး ညီလာခံကို ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ တွင်ကျင်းပရာ လမ်းစဉ်ပါတီ ဥက္ကဋ္ဌနှင့် နိုင်ငံတော် သမ္မတကြီး ဦးနေဝင်း မိန့်ခွန်း ပြောကြားသည်။

၁၀ ပနားမား တူးမြောင်းကိစ္စ ညှိနှိုင်းနေကြသော အမေရိကန်နှင့် ပနားမား ကိုယ်စားလှယ်များသည် တူးမြောင်းနှင့် စပ်လျဉ်း၍ သဘောတူ စာချုပ်သစ် တရပ် ချုပ်ဆိုရန် မူအားဖြင့် သဘောတူကြောင်း ပနားမား၌ ကြေငြာသည်။

ဂျပန်ဝန်ကြီးချုပ် မစ္စတာ ဖူကူဒါ၊ ဇနီး မဒမ်မိအေဖူကူဒါနှင့် အဖွဲ့ ရန်ကုန်သို့ ညနေပိုင်း ရောက်ရှိသည်။ ညပိုင်းတွင် သမ္မတကြီး ဦးနေဝင်းအား တွေ့ဆုံ နှုတ်ဆက်သည်။

၁၁ လူများစု သေစေနိုင်သော လက်နက် သစ်များ ထုတ်လုပ်မှုကို ပိတ်ပင်သည့် နိုင်ငံတကာ စာချုပ် ချုပ်ဆိုရှိ ရုရှက ဂျီနီဗာ လက်နက် ဖျက်သိမ်းရေး ညီလာခံသို့ တင်ပြသော အဆိုကို အမေရိကန်ကပယ်လိုက်သည်။

အင်ဒိုယပ် ခေါင်းဆောင်များနှင့် အမေရိကန် နိုင်ငံခြားရေး ဝန်ကြီး ဆိုင်းရပ်စဗန့်စတို့ နှစ်ရက်ကြာ ဆွေးနွေးခဲ့ရာ အရှေ့ အလယ်ပိုင်း ဒေသ ငြိမ်းချမ်းရေးနှင့် စပ်လျဉ်း၍ သဘောထား ကွဲလွဲနေကြဆဲ ဖြစ်သည်။

အာဂသ ကုန်တင်ယာဉ်အဖြစ် အသုံးပြုမည့် အမေရိကန် အာကာသ လွှန်းပျံယာဉ်သည် အက်ဇ်ပ် လေတပ်စခန်း၌ အမြင့်ပေ ၂၄၁၀၀ မှ နေ၍ ကမ္ဘာမြေပြင်သို့ အကူအညီကင်းစ့ာ တစင်းတည်း လွတ်လွတ် လပ်လပ် အောင်မြင်စ့ာ ဝဲပျံသက်ဆင်းပြသည်။

မြန်မာနိုင်ငံတွင် သုံးရက်ကြာ နေထိုင်ခဲ့သော ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ့ုတာ တာကေအိုဖူကူဒါ၊ ဇနီး မဒမ်မိအေဖူကူဒါနှင့် အဖွဲ့ နံနက် ၁၀ နာရီခွဲက ပြန်လည် ထွက်ခွာသွားသည်။

၁၂ ဂျပန်နှင့် အင်ဒိုနီးရှားတို့ ဆက်ဆံရေး အဝန်းရှည်စေရန် အားဖြည့်လိုကြောင်း ဂျပန် ဝန်ကြီးချုပ် ဖူကူဒါက အင်ဒိုနီးရှား နိုင်ငံသို့ ဆိုက်ရောက် လာပြီးနောက် ကြေငြာချက် ထုတ်ပြန်သည်။

လုပ်သား အစည်းအရုံး ဗဟို ဦးစီး အဖွဲ့ ပထမ အကြိမ် အစည်းအဝေးက ဦးစီအဖွဲဝင် ၂၀၀ တို့၏ အမည်စာရင်း ကြေငြာသည်။

၁၃ တရုတ်ပြည်သူ့ သမ္မတနိုင်ငံတွင် လယ်ယာမြေတိုးတက်ရေး စီမံကိန်း လုပ်ငန်းများ၌ လုပ်ဆောင်ရန် လူ ၁၅ သန်းကျော် ပါဝင်သော အမြဲတမ်း တည်ဆောက်ရေး အဖွဲ့ နှစ်သိန်းကို ဖွဲ့စည်း၍ စိုက်ပျိုးရေး တိုးတက်စေရန် ဆိုရှယ်လစ်အသွင်ဖြင့် အင်တိုက်အားတိုက် ပြိုင်ဆိုင်လုပ်ကိုင်လျက် ရှိကြောင်းဖြင့် တရုတ်ပြည်သစ် သတင်းဌာနက ဖော်ပြထားသည်။

ဗြိတိန် နိုင်ငံတွင် နိုင်ငံခြားမှ အသွေးအရောင်ရှိသော လူမျိုးများအား လာရောက် နေထိုင်ခွင့်ပေးခြင်းကိုဆန့်ကျင်၍ဆန္ဒပြချီတက်ကြရာမှ လန်ဒန်မြို့တောင်ပိုင်း လမ်းများပေါ်တွင် ထောင်ပေါင်း များစ့ာသောလက်ဝဲကိုဏ်း သားများနှင့် လက်ျာတယူသန်တို့အဓိကရုဏ်း ဖြစ်ပွားသည်။ထိုအဓိကရုဏ်းတွင် ရဲအပါအဝင် လူ ၉၀ ကျော် ဒဏ်ရာရ၍ အများအပြား ဝင်းထိုးခံရသည်။

၁၄ ပါကစ္စတန်နိုင်ငံ၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့ ဖြစ်သည်။

ဂျပန် ဝန်ကြီးချုပ် တာကေအို ဖူကူဒါသည် စက်ာပူအစိုးရ၏ ပိတ်ကြာ်ချက် အရ ၂၃ နာရီကြာ လည်ပတ်ဆွေးနွေးရန် မလေးရှား နိုင်ငံမှ ဆိုက်ရောက်လာသည်။

အရှေ့ ဂျာမနီနှင့် ရုရှသိပ္ပံ ပညာရှင်များသည် ခေးရူးရောဂါ ကာကွယ်ဆေးသစ် တမျိုးကို တီထွင်ထုတ်လုပ်ကြောင်းပြောကြားသည်။

မြန်မာနိုင်ငံ အရှေ့ပိုင်း ကယားပြည်နယ်တွင် လယ်ယာ ဟက်တာ ဂဝဝဝ ကို ရေပေးနိုင်ရေး အတွက် မိုးပြဲရေကာတာ စီမံကိန်းကို အကောင်အထည် ဖော်ရန် သြစတြေလီးယား နိုင်ငံက မြန်မာနိုင်ငံသို့ ဒေါ်လာ ၆ ဒသမ ၅ သန်းဖိုး ကူညီပေးမည်ဟု သြစတြေလီးယား နိုင်ငံခြားရေး ဝန်ကြီး မစ္စတာ အင်ဒရူးပီးကော့က ကင်ဗာရာမြို့၌ ပြော၏။

၁၅ ကိုရီးယား သမ္မတနိုင်ငံ နှစ်ပတ်လည် လွတ်လပ်ရေးနေ့ ဖြစ်သည်။

အရှေ့တောင် အာရှ လေးနိုင်ငံ ဖြစ်သော မလေးရှား၊ မြန်မာ၊ အင်ဒိုနီးရှားနှင့် စက်ာပူသို့ သွားရောက်ခဲ့သော မိမိ၏ ခရီးစဉ်မှာ အကျိုးရှိသော ရလဒ်များ ထွက်ပေါ်ခဲ့သည်ဟု စက်ာပူမှိုဠ်၌ ကျင်းပသော သတင်းစာရှင်းပွဲတွင် ဂျပန် ဝန်ကြီးချုပ် ဖူကူဒါက ပြောကြားသည်။

တရုတ်ပြည်တွင် စီးပွားရေး ဖွံ့ဖြိုးမှု အရှိန်အဟုန်တိုးတက် မြန်ဆန်စေရန် အလို့ငှာ ရုပ်ပစ္စည်း မက်လုံးနှင့် ဘောနပ် ဆုကြေးပေးရေး ပေါ်လစီ ကျင့်သုံးသင့်မသင့် ဆိုသည့် ကိစ္စကို အခြေအတင် ဆွေးနွေးလျက်ရှိကြောင်း ကွန်မင် သတင်းစာ၌ ဖော်ပြထားသည်။

၁၆ ယခင် ပေါ်တူဂီ လက်အောက်ခံ အရှေ့တီမောရှိ တောတောင်များတွင် လှုပ်လှည့် သွားလာနေကြသေးသော လက်ဝဲကိုဏ်း ဖရက်တီလင် လွတ်လပ်ရေးတပ်ဖွဲ့ အကြွင်းအကျန် များကို လွတ်ငြိမ်းချမ်းသာခွင့် ပေးကြောင်း သမ္မတ ဆူဟာတိုက အင်ဒိုနီးရှား နိုင်ငံ၏ ၃၂ နှစ်မြောက် လွတ်လပ်ရေး အကြိုနေ့တွင် လွတ်တော်၌ မိန့်ခွန်း ပြောကြားရာ၌ ကြေငြာသည်။

ဂျပန် နိုင်ငံသည် ကမ္ဘာပေါ်တွင် ပထမဆုံး အဖြစ် သင်္ဘော ပုံစံရှိသော လှိုင်းခတ်အား

ပေးစက် တခုကို လာမည့်နှစ် ဇူလိုင်လတွင် ကမ်းလွှန်၌ ချ၍ စမ်းသပ်မည်ဟု ရေကြောင်း သိပ္ပံနှင့် နည်းပညာ ဌာနက ကြေငြာသည်။

၁၇ အင်ဒိုနီးရှား သမ္မတ နိုင်ငံ နှစ်ပတ်လည် လွတ်လပ်ရေးနေ့ ဖြစ်သည်။

ကျော်ဒန် အနောက်ဖက်ကမ်းတွင် အင်္ဂရိယယ် လူနေဒေသ သုံးခု ထပ်မံ ထူထောင်ရန် အင်္ဂရိယယ် အစိုးရက အာဏာ လွှဲအပ်လိုက်ပြီ ဖြစ်သည်။ ဒေသသုံးခုမှာ လောလောဆယ်စစ်ကင်းစခန်းအဖြစ် အသုံးပြုလျက်ရှိသော ယတီ၊ ဇူနတန်နှင့် မီဗုဟိုရွှန် ဒေသများ ဖြစ်သည်။

မြန်မာနိုင်ငံတွင် သုံးနိုင်အားထက် ပိုလျှံနေသော မီးထိုးဆီပျစ် တန်ချိန် သုံးသောင်းကို ဂျပန်နိုင်ငံ ကင်ရှိမတိုင်ချီ ကော်ပိုရေးရှင်းသို့ ပထမဆုံးအကြိမ် ရောင်းချလိုက်သည်။

၁၈ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက် အမှတ် ၂၄၂ သည် ပယ်လက်စတိုင် ပြည်သူတို့၏ အမျိုးသား အခွင့်အရေးများကို လျစ်လျူရှု ထားသဖြင့် လက်မခံနိုင်ကြောင်း ပယ်လက်စတိုင် လွတ်မြောက်ရေးအဖွဲ့ (ပီအယ်လ်အို) က ထပ်မံဖော်ပြသည်။

ဂျပန်နိုင်ငံသည် စစ်အင်အားကြီး နိုင်ငံအဖြစ်ကို လက်မခံ၊ အရှေ့တောင် အာရှနှင့် ကမ္ဘာ့ မိသားစု အားလုံး၏ ငြိမ်းချမ်းရေးနှင့် စည်ပင် ဝပြောရေးကို အကျိုးပြုသွားမည် ဟု ဖိလစ်ပိုင်နိုင်ငံသို့ အစိုးရ ဧည့်သည်တော် အဖြစ် ရောက်ရှိနေသော ဂျပန် နိုင်ငံ ဝန်ကြီး ချုပ် ဖူကူဒါက ထုတ်ဖော် ပြောကြားသည်။

ရုရှနှင့် ဆိုမာလီ နိုင်ငံတို့သည် စီးပွားရေးနှင့် ကျွမ်းကျင်မှု ပူးပေါင်း ဆောင်ရွက်ရေး သဘောတူ စာချုပ်သစ် တရပ်ကို ချုပ်ဆိုခဲ့ကြကြောင်းဖြင့် ကြေငြာသည်။

တရုတ်ပြည်တွင် ပညာရေး ပေါ်လစီ ပြန်လည် သုံးသပ် ပြုပြင်ရန် ပြင်ဆင်လျက်ရှိသည်။ ပညာရေး နယ်ပယ်တွင် လေးဦးဂိုဏ်း၏ မကောင်းသော သြဇာလွှမ်းမှုကို သုတ်သင် ဖယ်ရှားရန် တနိုင်ငံလုံးတွင် ဒေသအလိုက် ညီလာခံများ ကျင်းပကြဖို့ ပြည်သူ့နေ့စဉ် သတင်းစာက လှုံ့ဆော်လိုက်သည်။

၁၉ သြစတြေးလီးယားနိုင်ငံ၊တွန်ဂါကျွန်းစု၊ အင်ဒိုနီးရှား နိုင်ငံ တောင်ပိုင်း ဆမ်ဗာဝါ ကျွန်းများတွင် ကမ္ဘာပေါ်၌ အပြင်းထန်ဆုံး ဟု ယူဆရသော ငလျင်တခု လှုပ်ခဲ့သည်။ ယင်းငလျင်၏ ပြင်းအားမှာ ရစ်ခတာစကေး ဂ ဒသမ ၉ ရှိသည်။

၂၀ ကြာသပတေးဂြိုဟ်နှင့် စနေဂြိုဟ်တို့ကို လေ့လာရန် အတွက် ကိပ်ကနာဗရာမှ လွှတ်တင်လိုက်သော ဗို့ဂျာယေဂျာ အာကာသယာဉ် သည် ချက်ခြင်းလိုပင် စက် ချွတ်ယွင်းသွား သည်။ ထို့ကြောင့် ၉-၁-၇၇ နေ့တွင် နောက်ထပ် ဗို့ဂျာယေဂျာ အာကာသယာဉ် တစင်း လွှတ်တင်ရေးကို နှောင့်နှေးစေနိုင်သည် ဟု တာဝန်ခံ ဂျွန်ကာဆီနိက ပြောသည်။ ဗို့ဂျာယေဂျာ အာကာသယာဉ် နှစ်စင်းစလုံး သည် ကြာသပတေးဂြိုဟ်ဓာတ်ပုံ ၂၅၀၀၀ နှင့် စနေဂြိုဟ် ဓာတ်ပုံ ၈၀၀၀ တို့ကို ဤကမ္ဘာသို့ ပြန်၍ ရိုက်ပို့ပေးရန် ဖြစ်သည်။

သီရိလင်္ကာ နိုင်ငံတွင် တမီလ် လူနည်းစုကို အဓိကထား ဆန့်ကျင် တိုက်ခိုက်သော ပြည်သူ့ဆပ္ပမ၊ အကြမ်းဖက်မှု ပြန့်နှံ့လာ၍ ဝန်ကြီးချုပ် ဂျာယေဝါဒါနေ၏ အစိုးရက တနိုင်ငံလုံးတွင် အိမ်ပြင် မထွက်ရ အမိန့် ထုတ်ပြန်လိုက်သည်။

တရုတ်ပြည် ကွန်မြူနစ် ပါတီ၏ ၁၁ ကြိမ်မြောက် ပါတီ ညီလာခံကို ပီကင်းမြို့တွင် ယခုလ ၁၂ ရက်နေ့မှ ၁၈ ရက်နေ့ အထိ ကျင်းပခဲ့ရာ ပါတီ ဥက္ကဋ္ဌအဖြစ် ဟွာကိုဖုန်းအား ရွေးကောက် တင်မြှောက်ခဲ့သည်ဟု တရုတ်ပြည် သတင်းဌာနက ကြေငြာသည်။

ဆိုမာလီ နိုင်ငံသည် ရုရှနှင့် သံတမန် ဖြတ်တောက်လိုက်ပြီ ဖြစ်ကြောင်း ကဉာ အသံလွှင့် ဌာနမှ ကြေငြာသည်။

၂၁ သြဂုတ်လ ၃ ရက်နေ့က ရုရှနိုင်ငံ ပလေဆက်စခန်းမှလွှတ်တင်ခဲ့သော အမေရိကန် ဇီဝစမ်းသပ်မှု ခုနစ်မျိုးပါဝင်သည့် ကော့စမော့ ၉၃၆ ရုရှဂြိုဟ်တုတစင်းတွင် သစ်သီးများပေါ်၌ နှား၍ ဥချတတ်သော ယင်ကောင်များနှင့် ချက်ကိုဆလိုဗားကီးယားနိုင်ငံ၌ မွေးသော ကြွက်ဖြူ အကောင် ၃၀ ကို ထည့်တင်ခဲ့သည်။ ယင်းသို့ လွှတ်တင်ခြင်းသည် အာကာသတွင်လူ၊ တိရစ္ဆာန်နှင့် သစ်ပင်များကို မည်သို့ အကျိုးသက်ရောက်စေနိုင်ကြောင်း လေ့လာစူးစမ်းရန်အတွက် နှစ်ပြည်ထောင် ဒုတိယ အကြိမ် ပူးပေါင်း စမ်းသပ်ခြင်း ဖြစ်သည်။

၂၂ အမေရိကန် ပြည်ထောင်စုကတရုတ်ပြည် နှင့် ပုံမှန် ဆက်ဆံလိုလျှင် တိုင်းဝမ်(တရုတ်ဖြူ) နှင့် ဆက်သွယ်မှု အားလုံးကို ဖြတ်တောက်ပေးရမည်ဟု တရုတ်ခေါင်းဆောင် ဟွာကိုဖုန်းက တရုတ်ပြည် ကွန်မြူနစ်ပါတီ ၁၁ ကြိမ်မြောက် ပါတီ ကွန်ဂရက်တွင် အစီရင်ခံစာ တင်သွင်းရာ၌ ထည့်သွင်း ဖော်ပြခဲ့ကြောင်း တရုတ်ပြည် သစ် သတင်းဌာနက ဧဖော်ပြလိုက်သည်။

အသက်ရှင်ရန် လမ်းမရှိတော့သော လူနာအား ကုသရာတွင် ယင်းလူနာ၏ ဝိညာဉ် ချုပ်ငြိမ်း ကုန်ဆုံးမှသာလျှင် ကုသသူ ဆရာဝန်က ယင်းလူနာ၏ အသက်ကို ဆက်လက် ရှင်သန်စေနိုင်မည့်အရာကို ဖယ်ရှားပစ်ခွင့် ရှိသည်ဟု မနီလာမြို့တွင်ကျင်းပသော ရှစ်ကြိမ်မြောက် ကမ္ဘာ့ဥပဒေပညာရှင်များ အင်္ဂရိယယ်ဥပဒေပါရဂူ ပါမောက္ခ အေမော့စရှပီရာကပြောသည်။

မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီ စတုတ္ထ အကြိမ် ဗဟိုကော်မိတီ အစည်းအဝေးကို နံနက် ၉ နာရီတွင် အလုံလမ်း သမ္မတ အိမ်တော်ဝင်းအတွင်းရှိဗဟို အစည်းအဝေးခန်းမ၌ကျင်းပရာ သဘာပတိအဖြစ်ပါတီဗဟိုကော်မိတီ ဥက္ကဋ္ဌ ဦးနေဝင်းက ဆောင်ရွက်သည်။

၂၃ ရှမေးနိုးယား ဆိုရှယ်လစ် သမ္မတနိုင်ငံ နှစ်ပတ်လည် အမျိုးသားနေ့ ဖြစ်သည်။

အာကာသ ခရီးတွင် ဇီဝများ အပေါ် ရေရှည် အကျိုး သက်ရောက်မှုများကို စမ်းသပ်ရန် အတွက် ဆိုဗီယက် ပြည်ထောင်စုမှ လွှတ်တင်ခဲ့သော အထူးဂြိုဟ်တု ကော့စမော့ ၉၃၆ သည် ယင်း၏ လုပ်ငန်း အောင်မြင်စွာ ပြီးဆုံးသွားပြီဟု တပ်စသတင်းဌာနက ဖော်ပြသည်။

အဆိုပြုထားသော ပနားမား တူးမြောင်း စာချုပ်တွင် အနာဂတ်၌ ပင်လယ် အဆင့် တူးမြောင်း ဖောက်ရာ၌ အမေရိကန် ပါဝင်ရေး အာမခံချက် ပေးမည့် အပိုဒ် ထည့်သွင်းရန် အမေရိကန် ပြည်ထောင်စုက ရည်ရွယ်ကြောင်း ဖြင့် လက်ရှိ တူးမြောင်းကြီးကြပ်ချုပ်ကိုင်ရေးကို ပနားမား နိုင်ငံသို့ ၂၀၀၀ ပြည့်နှစ်ခန့်တွင် ပြန်ပေးအပ်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ပြီးနောက် အမေရိကန်သမ္မတကာတာက သတင်းစာ ရှင်းပဲ့၌ ပြောကြားသည်။

တရုတ်ပြည်သို့ ရောက်ရှိနေသော အမေရိကန် နိုင်ငံခြားရေး ဝန်ကြီး ဗန့်စသည် အမေရိကန် နိုင်ငံခြားရေး ပေါ်လစီကို လေးနာရီကြာ ရှင်းလင်း တင်ပြခဲ့ပြီးနောက် တရုတ် နိုင်ငံခြားရေး ဝန်ကြီး ဟွမ်ဟွာနှင့် နှစ်နိုင်ငံ ရေးရာများကို ဆွေးနွေးသည်။

အပြည်ပြည် ဆိုင်ရာ အလုပ်သမား အဖွဲ့ချုပ် (အိုင်အယ်အို) သည် အနောက် အုပ်စု ဆန့်ကျင်မှုနှင့် နိုင်ငံရေးတွင် ပါလွန်းမှုကြောင့် အမေရိကန်က အိုင်အယ်အိုမှ နုတ်ထွက်မည်ဟု ၁၉၇၅ ခုနှစ် နိုဝင်ဘာလ ကတည်းက အကြောင်းကြားစာ ပေးပြီး ဖြစ်ရာ အကယ်၍

၁၉၇၇ ခုနှစ် ပြစ်ရပ်များ

ယခုနှစ် နိုဝင်ဘာလတွင် အကယ် နုတ်ထွက်သွားပါက အိုင်အယ်အိုကို ရုရှ လွှမ်းမိုးမည် စိုးရကြောင်းဖြင့် အိုင်အယ်အို ထိပ်တန်း အရာရှိများက စိုးရိမ်ကြောင်း ပြောကြသည်။

၂၄ အာကာသသို့ ၂၀-ဂ-၇၇ ရက်နေ့က လွှတ်တင်လိုက်သော လူမပါသည့် အာကာသယာဉ် ဗိုင်းယေဂျာ ၂ သည် ၎င်း၏ တွန်းအားပေး ယာဉ်နှင့် အာကာသထဲတွင် ခွဲခွာပြီး နောက် ထိုတွန်းအားပေးယာဉ်သည် ဗိုင်းယေဂျာယာဉ်နှင့် ကပ်နေလွန်း၍ ၁၇ နာရီခန့် အကြာတွင် ယာဉ်နှစ်စင်း တိုက်မိခဲ့ကြသည်။

တရုတ် ဝန်ကြီးချုပ် တိန့်ရှောင်ဖိန်နှင့် အမေရိကန် နိုင်ငံခြားရေး ဝန်ကြီး ဗန့်စတို့က တရုတ်နှင့် အမေရိကန် ပုံမှန် ဆက်ဆံရေး အပြည့်အဝ ထူထောင်ရန် လိုအပ်ကြောင်း ထပ်မံ အတည်ပြု ပြောကြားသည်။

ဆူးအက် တူးမြောင်းအတွက် ဂျပန်နိုင်ငံက အိဂျစ် နိုင်ငံသို့ ဒေါ်လာ ၇၃ သန်း ချေးမည်ဟု ကိုင်ရို အသံလွှင့်ဌာနမှ ကြေငြာသည်။

ဂျာမနီ ဆိုရှယ်လစ် ညီညွတ်ရေး ပါတီ ဗဟို ကော်မတီ၏ အထွေထွေ အတွင်းရေးမှူးနှင့် ဂျာမန် ဒီမိုကရက်တစ် သမ္မတ နိုင်ငံ နိုင်ငံတော် ကောင်စီ ဥက္ကဋ္ဌ ဖြစ်သူ မစ္စတာ ဟွန်နက်ကား အား ရုရှနိုင်ငံမှ အောက်တိုဘာ တော်လှန်ရေး ဘွဲ့တံဆိပ် ချီးမြှင့်သည်။

၂၅ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဗန့်စသည် တရုတ် နိုင်ငံခြားရေး ဝန်ကြီး ဟွမ်ဟွာနှင့်ဆွေးနွေးပွဲ ပီကင်းမြို့တွင်နောက်ဆုံးအကြိမ် ကျင်းပသည်။ နှစ်ဖက်တွေ့ဆုံ၍ ကိုးနာရီကြာ ဆွေးနွေးခဲ့ပြီးဖြစ်ရာ အရေးကြီးသောတိုင်းဝမ် ပြဿနာများကိုလည်း ဆွေးနွေးခဲ့သည်။

၂၇ ကြာသပတေးဂြိုဟ်နှင့်စနေဂြိုဟ်များသို့ ပို့သန်း စူးစမ်းရန် လွှတ်တင်ခဲ့သောလူမပါသည့် ဗိုင်းယေဂျာ အာကာသယာဉ်မှ ဓာတ်ပုံများ ပြန်လည်ပေးပို့ခဲ့သည်။ ထိုယာဉ်သည် ၁၉၇၉ ခုနှစ် မတ်လတွင် ကြာသပတေးဂြိုဟ်သို့ ရောက်၍ ၁၉၈၀ ပြည့်နှစ် ဩဂုတ်လတွင် စနေဂြိုဟ်သို့ ရောက်ရန် စီစဉ်ထားသည်။

အမေရိကန် သမ္မတ ကာတာက မကြာမီက စေ့စပ် ဆွေးနွေးခဲ့သော ပနားမား တူးမြောင်း သဘောတူ စာချုပ်သစ်ကို အထက် လွှတ်တော်က အတည်ပြုရန် ငြင်းပယ်လျှင် အလွန် ဆိုးရွားသော နောက်ဆက်တွဲ ဖြစ်ရပ်များနှင့် ကြုံရလိမ့်မည်ဟု သတိပေးလိုက်သည်။

၂၈ အသက် ၄၀ ကျော်သူများသည် အချိန်မှန်မှန် သွေးထုတ်လှူကြလျှင် ခန္ဓာအတွင်း သွေးအသွားအလာမှန်ကာ နှလုံးသွေး ရုတ်ချည်းရပ်သည့်အန္တရာယ် လျော့နည်းသွားသည်ဟု ဩစတြေလီးယားနိုင်ငံ ဆစ်ဒနီ ဆေးရုံမှ ဆရာဝန် ဒေါက်တာ လီယိုပါးလဒင်တင်းဖက်၏ လေ့လာချက်များအရတွေ့ရှိရသည်။

အီသီအိုးပီးယား နိုင်ငံသည် လေးဖက် လေးတန်မှ အလုံး အရင်းနှင့် ကျူးကျော် တိုက်ခိုက်နေခြင်းကို ခံနေရသဖြင့် အာဖရိက ဦးချို ဒေသ၌ ဖြစ်ပွားနေသော စစ်ကို ရပ်စဲပေးပါရန် အီသီအိုးပီးယားက ကုလသမဂ္ဂသို့ မေတ္တာရပ်ခံလိုက်သည်။

၂၉ မာရှယ်တီတိုးနှင့် မြောက်ကိုရီးယား(ဒီပီအာကေ) ခေါင်းဆောင် ကင်အီဆွန်းတို့သည် ကုန်မြို့နှစ်နှင့် အလုပ်သမားပါတီများ အနေဖြင့် ၎င်းတို့၏ တိုက်ပဲ့ဝင်နည်းကို လွှတ်လပ်စွာ ရွေးပိုင်ခွင့် ရှိသည် ဟူ၍ ပျန်ယမ်းမြို့တွင် ထပ်မံ အတည်ပြု ကြေငြာကြောင်း တန်ယွတ်သတင်း ဌာနက ဖော်ပြလိုက်သည်။

ဥက္ကဋ္ဌကြီး မော်စီတုန်း အတွက် အထိမ်း အမှတ် ဗိမာန်ကြီးသည် လုံးဝ အောင်မြင်စွာ ဆောက်လုပ် ပြီးစီးသွားကြောင်း တရုတ်ပြည် သစ် သတင်းဌာနက ဖော်ပြသည်။ ကျောက် သလင်းဖြင့် ပြုလုပ်ထားသော ခေါင်းတွင် ဥက္ကဋ္ဌကြီးမော်၏ ရုပ်အလောင်းကို ကုန်မြို့နှစ် ပါတီ၏ အလံဖြင့် လွှမ်းခြုံထားသည်။

၃၀ ယူဂိုစလားဗီယားနိုင်ငံ သမ္မတ မာရှယ် တီတိုးသည် ရုရှနှင့် မြောက်ကိုရီးယား နိုင်ငံများသို့ ဝင်ရောက် လည်ပတ် ခဲ့ပြီးနောက် တရုတ်ပြည် ပီကင်းမြို့သို့ ရောက်ရှိလာသည်။

မြန်မာနိုင်ငံ စာတိုက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ အမျိုးသားထောက်လှမ်းရေးအဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတို့ကို လွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းလိုက်၏။

၃၁ ပါပူယာနယူးဂင်းနီ၊ဖီဂျီ၊အနောက်ဆမိုးအာ၊ တွန်းဂါ၊ ဆော်လမွန်၊ နောရု၊ ကွတ်၊ ဂီလဗတ်ကျွန်းစုတို့ ခေါင်းဆောင်သော ပစိဖိတ် တောင်ပိုင်း နိုင်ငံများသည် ငါးဖမ်းဧရိယာ မိုင် ၂၀၀ သတ်မှတ်ရန် ပို့မိုရက်စဗီမြို့၌ ကျင်းပသော ဆွေးနွေးပွဲ၌ ဆုံးဖြတ်လိုက်ကြသည်။

ဩဂုတ်လ ၃ ရက်နေ့က ကွယ်လွန်သွားသော စိုက်ပရပ် နိုင်ငံ သမ္မတ ဘုန်းတော်ကြီး မကာရီယို့စ နေရာတွင် ယာယီ သမ္မတ အဖြစ် ထမ်းဆောင်ခဲ့သူ စပီရိကိပရီယာနို့ (၄၄ နှစ်) အား သမ္မတအဖြစ် တင်မြှောက်လိုက်သည်။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေး ဝန်ကြီး ဦးလှဘုန်းသည် ဒီမိုကရက်တစ် ကမ်ပူးချား နိုင်ငံသို့ ချစ်ကြည်ရေး ခရီး ထွက်ခွာသွားသည်။

စက်တင်ဘာလ

၁ ကျူးဗားနှင့် အမေရိကန်တို့ ၁၉၆၁ ခုနှစ်က သံတမန် အဆက်အသွယ် ပြတ်သွားပြီး နောက် ပထမဆုံး အကြိမ် အမြဲတမ်း အမေရိကန် သံတမန် အဖွဲ့သည် တာဝန်ကို ထမ်းဆောင်ရန် အတွက် ကျူးဗားနိုင်ငံ ဟာဗနာမြို့သို့ ရောက်လာသည်။

တိုက်ချင်းပစ် နျူးကလီးယား ဒုံးပျံများ၊ ဗုံးကြဲ လေယာဉ်များနှင့် စုစုပေါင်း နျူးကလီးယား လက်နက် အရာ၌ သာလွန်မှုတွင် ရရှိသည် အမေရိကန်ထက် ၂၀ ရာခိုင်နှုန်း ပိုမိုမျှားပြားသည်ဟု နိုင်ငံတကာ သေနင်္ဂဗျူဟာ လေ့လာရေး သိပ္ပံက ဖော်ပြသည်။

ပါကစ္စတန် နိုင်ငံတွင် အကျင့်စာရိတ္တ မြင့်မားရေးနှင့် အစ္စလာမ် ဘာသာ ထွန်းပြောင် စည်ပင်ရေးတို့ အတွက် အဂတိ လိုက်စားမှုများ၊ ရာဇဝတ်မှုကျူးလွန်ခြင်းများနှင့် အခြားလှုပ်ရှားမှုများကို ပြင်းထန်စွာ အရေးယူသွားမည် ဖြစ်ကြောင်း စစ်ခေါင်းဆောင် ဇိုလ်ချုပ်ကြီး ဂျီယာအူးလဟတ်က ကြေငြာသည်။

၂ ရိုဒီးဇီးယားပြဿနာဖြေရှင်းရေးအတွက် ဖြိတိန်နှင့် အမေရိကန်တို့၏ အဆိုပြုချက်များတွင် ပါရှိသော ကဏ္ဍ အချို့ကို ပြင်ဆင်ခြင်း မပြုလျှင် ယင်းအဆိုပြုချက်များကို ရိုဒီးဇီးယားက လက်ခံမည် မဟုတ်ကြောင်းဖြင့် ရိုဒီးဇီးယားဝန်ကြီးချုပ် အီယန်စမစ်က သတိပေး ပြောဆိုသည်။

ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ နိုင်ငံတော် ခေါင်းဆောင်ကြီးများအား လုပ်ကြံသတ်ဖြတ်ရန် စီစဉ် ဆောင်ရွက်မှု နှင့် သီးခြားရခိုင်ပြည်နယ်နှင့် သီးခြား အစိုးရ ဖွဲ့ရန် ကြိုးပမ်းမှုကို ရန်ကုန်တိုင်း တရားစီရင်ရေး အဖွဲ့ အမှတ် ၆၃ သို့ စာရွက်စာတမ်း အထောက်အထားများနှင့် တကွ ရန်ကုန်တိုင်း တရားစီရင်ရေး အဖွဲ့ ၆၃ သို့ တင်သွင်းသည်။

၄ ဗူလဂေးရီးယား ပြည်သူ့သမ္မတနိုင်ငံ နှစ်ပတ်လည် လွတ်လပ်ရေးနေ့ ဖြစ်သည်။

စိုက်ပျိုးမရသေးသည့် ခြောက်သွေ့သော မြေများ ကမ္ဘာနှင့် အဝှန်း ကျယ်ပြန့်စွာများပြားလာခြင်းကို တားဆီးရန် ကမ္ဘာလုံးဆိုင်ရာ စီမံကိန်း အတွက် ထောက်ခံချက် ၂၆ ချက်ပါ အစီအစဉ် တရပ်ကို မည်သို့ ငွေကြေး ထည့်ဝင်မည် ဆိုသော ပြဿနာနှင့် စပ်လျဉ်း၍ နိုင်ရိုဗီမြို့၌ ကျင်းပသော ကုလသမဂ္ဂ သဘာဝ ရတားဆီးရေး ဆိုင်ရာ ညီလာခံ၌ ဆူဒန်နိုင်ငံ ကိုယ်စားလှယ် တင်သွင်းသော ပြင်ဆင်ချက်ကို လက်ခံလိုက်ကြသည်။

အာရှ ဗုဒ္ဓဘာသာ အမှုဆောင်ကောင်စီ၏ ငြိမ်းချမ်းရေး ညီလာခံကို မွန်ဂိုးလီးယားနိုင်ငံ အူလန်ဗာတာမြို့တွင် ကျင်းပ၍ ငြိမ်းချမ်းရေး အတွက် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးသည်။

၁၀ ယူဂိုစလားဗီးယား နိုင်ငံ၏ ပထမဆုံး နျူးကလီးယား ဓာတ်အား စက်ရုံ တည်ဆောက်ရေး အတွက် သယ်ဆောင်လာသော စက်ရုံပစ္စည်းများ မတော်တဆ ထိခိုက် ပျက်စီးသွားသည်။

ပထမ အကြိမ် ပြည်သူ့ လွှတ်တော် အဋ္ဌမ အစည်းအဝေးတွင် တင်သွင်း ဆွေးနွေးပြဋ္ဌာန်းခဲ့သော မြန်မာနိုင်ငံ စာတိုက် အက်ဥပဒေ ပြင်ဆင်သည့် ဥပဒေ၊ အမျိုးသား ထောက်လှမ်းရေး အဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ၊ ကာလ စည်းကမ်းသတ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေ၊ ပြည်သူ့ လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ် တင်မြှောက်ခြင်း ဆိုင်ရာ ဥပဒေ ပြင်ဆင်သည့် ဥပဒေ၊ ပြည်သူ့ လုပ်ငန်း စစ်ဆေးရေးအဖွဲ့ ဥပဒေ၊ ပဂ္ဂလိက လုပ်ငန်း လုပ်ပိုင်ခွင့် ဥပဒေတို့ကို နိုင်ငံတော် ကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော် သမ္မတကြီး ဦးနေဝင်း လုက်မှတ် ရေးထိုး ထုတ်ပြန် ကြေငြာသည်။

မရမ်းကုန်းမြို့နယ် ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ် နိုင်ငံတော် ကောင်စီ ဥက္ကဋ္ဌနှင့် နိုင်ငံတော် သမ္မတကြီး ဦးနေဝင်းသည် ပထမ အကြိမ် ပြည်သူ့ လွှတ်တော် အဋ္ဌမ အစည်းအဝေး အတွေ့အကြုံများကို မရမ်းကုန်းမြို့နယ် အမှတ် ၁ မဲဆန္ဒနယ်မြေ မဲဆန္ဒရှင်များအား ကမ္ဘာအေး ကုန်းမြေ အစည်းအဝေး ခန်းမ၌ ရှင်းလင်းပဲ့ ကျင်းပသည်။

၆ အေစီယင် အဖွဲ့ဝင် နိုင်ငံများ အကြား အခွင့်ထူးဝေး ကုန်သွယ်ရေး ယန္တရားကို ၁၉၇၇ ခုနှစ် ဇန္နဝါရီလ ၁ ရက်နေ့တွင် စတင် ထူထောင်သွားရန် အေစီယင် အဖွဲ့မှ စီးပွားရေး ဝန်ကြီးများက ဆုံးဖြတ်လိုက်ကြောင်း ဖိလစ်ပိုင် ကုန်သွယ်ရေး ဝန်ကြီးက ထုတ်ဖော် ပြောကြားသည်။

မြန်မာနိုင်ငံတွင် စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေး အက်(ဖ)အေအို ဒေသဆိုင်ရာ စိုက်ပျိုးရေး စီမံကိန်း ကိုယ်စားလှယ်၊ စီးပွားရေး ပညာရှင်နှင့် အဖွဲ့သည် ရုံးဖွင့်လှစ်ခြင်း ကိစ္စရပ်များကို တိုင်ပင် ဆွေးနွေးရန် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။

၇ အီသီအိုးပီးယား နိုင်ငံက ဆိုမာလီနိုင်ငံနှင့် သံတမန် အဆက်အသွယ် ဖြတ်ပြီး ဆိုမာလီ သံတမန် အားလုံးကို ၄၈ နာရီ အတွင်း ထွက်ခွာပေးရန် အမိန့်ထုတ်လိုက်သည်။

အမေရိကန် နိုင်ငံ ဝါရှင်တန်မြို့တွင် ပနားမား တူးမြောင်းကို ပနားမားနိုင်ငံသို့ ပြန်လည် ပေးအပ်မည့် စာချုပ်များကို အမေရိကန် သမ္မတ ဂျင်မီကာတာက လက်မှတ် ရေးထိုး လိုက်သည်။ လက်မှတ် ထိုးပဲ့သို့ ကမ္ဘာ့ အနောက်ခြမ်းနိုင်ငံ ၃၀ မှ သမ္မတ၊ ဝန်ကြီးချုပ်နှင့် သံတမန်များ တက်ရောက်ကြသည်။

အာဏာရ ကိုလကာ အုပ်စုသည် လာမည့် အောက်တိုဘာလ ၁ ရက်နေ့တွင် စတင် ကျင်းပမည့် အင်ဒိုနီးရှား ပါလီမန် လွှတ်တော်သစ်၏ ဥက္ကဋ္ဌအဖြစ် နိုင်ငံခြားရေး ဝန်ကြီး အဒမ် မာလစ်အား ရွေးချယ်လိုက်သည်။

၈ နိုင်ငံတကာ စာတတ်မြောက်ရေးအထိမ်းအမှတ်နေ့ ဖြစ်သည်။

ရုရှ၊ မြောက်ကိုရီးယားနှင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံသို့ ဆွေးရောက်ခဲ့သော ယူဂိုစလားဗီးယား သမ္မတ တီးတိုးသည် ဗဲလဂရိတ်မြို့သို့ ယနေ့ ပြန်လည် ရောက်ရှိသည်။

အသံထက်မြန်သော ဘီ ၁ မုံးကြဲလေယာဉ်ကြီးများ ထုတ်လုပ်မှု ရပ်စဲရန် သမ္မတ ဂျင်မီ ကာတာ၏ ဆုံးဖြတ်ချက်ကို အမေရိကန် အောက်လွှတ်တော်က အတည်ပြုလိုက်သည်။

နိုင်ငံတော် ခေါင်းဆောင်ကြီး များအား လုပ်ကြံ သတ်ဖြတ်ရန် စီစဉ် ဆောင်ရွက်ခဲ့ကြသည့် ဦးမန်းငွေအောင်၊ ဦးမန်းဒါဝိတ်နှင့် မောင်ကျော်ထူးတို့ အမှုကို ရန်ကုန်တိုင်း တရား စီရင်ရေး အဖွဲ့ အမှတ် (၆၃) က စတင် စစ်ဆေးသည်။

၃ အာဖဂန်သမ္မ အမှုန့်များသည် တနှစ်လျှင် တန် ၄၀၀၀၀ (လေးသောင်း) နှုန်းဖြင့် ကမ္ဘာပေါ်သို့ ကျရောက်လျက်ရှိ၍ ကမ္ဘာမြေကြီးကလည်း ဓာတ်သတ္တု အီယွန်များကို အာကာသတွင်းသို့ ထုတ်လွှတ်လျက် ရှိကြောင်း၊ ကမ္ဘာကြီး၏ အလေးချိန်သည် တိုးလျက် ရှိကြောင်းကို ရုရှ သိပ္ပံပညာရှင်များ တွက်ချက်မှုအရ သိကြောင်းဖြင့် တပ်စ သတင်းဌာနက ဖော်ပြထားသည်။

ဆင်းရဲသောနိုင်ငံများတွင် ကြွေးတင်သည်ကိုဖြေရှင်းရေးအတွက် နည်းလမ်းရှာရန် ကမ္ဘာ့နိုင်ငံအများစု၏ ထိပ်တန်းခေါင်းဆောင်ပုဂ္ဂိုလ်များသည် ဂျီနီဗာမြို့တွင် ဆွေးနွေးကြသည်။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်၏ ဒုတိယ အကြိမ် ပြည်သူ့ လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ပုံမှန် သက်တမ်းအတွက် ရွေးချယ် တင်မြှောက်ပဲ့များကို ၁၉၇၀ ခုနှစ် ဇန္နဝါရီလ ၁ ရက်နေ့မှ ၁၅ ရက်နေ့ အတွင်း ကျင်းပ ပြုလုပ်မည် ဖြစ်ကြောင်း ကြေငြာသည်။

၂ ၁၉၇၆ ခုနှစ်က လာဟိုမြို့၌ မစ္စတာ နဝက်အာမက်ခန်အား ချုံခို တိုက်ခိုက်၍ သေဆုံးမှုနှင့် စပ်လျဉ်း၍ ပါကစ္စတန် ဝန်ကြီးချုပ် ဟောင်း မစ္စတာ ဇူလဖီကာ အလီဘူတိုက စေခိုင်း၍ စီစဉ် ဆောင်ရွက်ပေးရပါသည်ဟု ပြည်ထောင်စု ထောက်လှမ်းရေး အဖွဲ့ (အက်ဖအိုင်အေ) ညွှန်ကြားရေးမှူး မာဆွတ်မာမွတ် ကိုယ်တိုင်က တရားဝင် စွဲချက်တင်သဖြင့် အလီဘူတိုအား ဖမ်းလိုက်သည်။

အမေရိကန်နှင့် ပနားမား နိုင်ငံတို့၏ ပနားမား တူးမြောင်း သဘောတူညီချက်ပါ အချက်အလက်များကို ပြည်သူတို့အား အသိမပေးသေးပဲ အမေရိကန်သမ္မတက လက်မှတ်ရေးထိုးခြင်းမပြုရန် အမေရိကန်နိုင်ငံ အိုင်အိုဝါး၊ အင်ဒီးယားနား၊ အိုင်ဓါဟိုနှင့် လူဝီဇီယာနာ ပြည်နယ်အစိုးရများက မေတ္တာရပ်ခံသည်။

၄ အရှေ့အလယ်ပိုင်း ဒေသနှင့် အာဖရိက ဦးချီဒေသ အကျပ်အတည်း ပြဿနာများ အပါအဝင် ကမ္ဘာ့အကျပ်အတည်း ပြဿနာများကို ရုရှခေါင်းဆောင်များနှင့် ဆွေးနွေးရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ကုဗား လဟိုင်းသည် မောစကိုမြို့သို့ရောက်ရှိလာသည်။

တောင်အာဖရိက နိုင်ငံခြားရေးဝန်ကြီး ပစ်ဗိုထာနှင့် အိုင်ဗရီးကို့စ သမ္မတ ဟဲလစ်ဟူးဖယ်ဘွာညီတို့သည် ဂျီနီဗာမြို့ နှစ်ဦးတည်းသီးသန့် တွေ့ဆုံဆွေးနွေးသည်။

၁၉၇၇ ခုနှစ် ဖြစ်ရပ်များ

၁၂ အရှေ့တောင် အာရှ နိုင်ငံများ အသင်း (အေစီယင်) ၏ ဖွံ့ဖြိုးရေး ပူးပေါင်း ဆောင်ရွက်မှုများကို အကန့်အသတ် မရှိ အကူအညီ ပေးမည်ဟု ဥရောပ ဘုံစျေးအဖွဲ့ (အီးအီးစီ) က အာမခံလိုက်၏။

ရာထူးမှ နုတ်ထွက်သွားသော နီပေါ ဝန်ကြီး ချုပ် မစ္စတာဂီရီ နေရာတွင် အမျိုးသားလွှတ် တော်၏ ထောက်ခံချက်ဖြင့် မစ္စတာ ကာတီနီတိ ဗစ်တာ (၅၀ နှစ်)အား ဝန်ကြီးချုပ်သစ်အဖြစ် နီပေါဘုရင် ဗီရိန္ဒရာက ခန့်အပ်လိုက်သည်။

တရုတ်ပြည်အား အရှေ့မြောက်ပိုင်းနယ်မြေ၊ မြောက်ပိုင်းနယ်မြေ၊ အရှေ့ပိုင်း နယ်မြေ၊ ဗဟို တောင်ပိုင်းနယ်မြေ၊ အနောက် တောင်ပိုင်း နယ်မြေနှင့် အရှေ့မြောက်ပိုင်း နယ်မြေ ဟူ၍ နယ်မြေကြီး ခြောက်ခု ခွဲခြား၍ နယ်မြေတိုင်း တွင် သီးခြား လွှတ်လပ်သော စီးပွားရေးစနစ် ရှိစေမည်ဟု တရုတ် ကွန်မြူနစ်ပါတီသတင်းစာ ပြည်သူ့နေ့စဉ်တွင် ရေးသားထားသည်။

ရုရှ သမ္မတ ဗရက်ဇညက်နှင့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကုဗာလဟိုင်း တို့သည် စစ်တိုက်နေကြသော ဒေသများတွင် အမြန်ဆုံး စစ်ပြီးဆုံးရေးနှင့် ပဋိပက္ခဖြစ်နေကြသော အရှေ့ အလယ်ပိုင်း၊ စိုက်ပရပ်နှင့် အာဖရိက ဒေသ အချို့၌ တရားမျှတသော နိုင်ငံရေး ဖြေရှင်း ချက်များရရှိရေးစသည့်ကိစ္စများကိုကရင်မလင် နန်းတော်၌ ဆွေးနွေးသည်။

၁၃ ဗြိတိသျှ ကွန်ဆာဗေးတစ် ပါတီ ခေါင်း ဆောင် မာဂရက်သက်ချာသည် အမေရိကန် သမ္မတ ဂျင်မီကာတာနှင့် ၄၅ မိနစ်ကြာ တွေ့ ဆုံ ဆွေးနွေးသည်။

လူသတ်မှုဖြင့် ဖမ်းဆီးခံထားရသော ပါ ကစ္စတန် ဝန်ကြီးချုပ်ဟောင်း မစ္စတာဘူတို အား အာမခံဖြင့် လွှတ်ပေးလိုက်၏။ မစ္စတာ ဘူတိုက အောက်တိုဘာလ ၁၈ ရက်နေ့တွင် ကျင်းပမည့် အထွေထွေ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်ဟု ကြေငြာသည်။

ကမ္ဘာ့ ကျန်းမာရေး အဖွဲ့ကြီးနှင့် ပြည် ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် လယ်ယာနှင့် သစ်တော ဝန်ကြီးဌာနတို့ ပူး ပေါင်း ဖွင့်လှစ်သည့် ကျေးရွာရေပေးရေး စနစ် အလုပ်ရုံ ဆွေးနွေးပွဲကို စက်မှု လယ်ယာ ဦးစီး ဌာန ခန်းမဆောင်တွင် ကျင်းပသည်။

၁၄ ကော်စတာရီကား သမ္မတ နိုင်ငံ၏ နှစ် ပတ်လည် လွှတ်လပ်ရေးနေ့ ဖြစ်သည်။

ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် ကုဗာလဟိုင်းက ယနေ့ ရင်ဆိုင်နေရသော အခက်အခဲမှာ လက်နက် ပြိုင်ဆိုင်မှုကို လျှော့ ချရေး ဖြစ်သည်ဟု အစီရင်ခံစာတွင် အဓိက သဘောထားအဖြစ် ဖော်ပြသည်။

လူမည်းခေါင်းဆောင် အင်ကိုမိုခေါင်းဆောင် သည့် ဇင်ဗာဗွေ အာဖရိက ပြည်သူ့ သမဂ္ဂ (ဇာပု) နှင့် ရောဗတ်မူဂါဘီ ခေါင်းဆောင် သော ဇင်ဗာဗွေ အာဖရိက အမျိုးသား သမဂ္ဂ (ဇာနု) တို့မှ ပြောက်ကျားများသည် ညီညွတ် ပူးပေါင်းလိုက်ကြပြီး တခုတည်းသော လွှတ် မြောက်ရေး တပ်မတော် အဖြစ် တိုက်ပွဲဝင် လျက် ရှိကြောင်း အင်ကိုမိုက ကြေငြာသည်။

၁၅ မက္ကဆီကို ပြည်ထောင်စု သမ္မတ နိုင်ငံ၏ နှစ်ပတ်လည် လွှတ်လပ်ရေးနေ့ ဖြစ်သည်။

ဖိလစ်ပိုင် နိုင်ငံ ပါလဝမ်ကျွန်း အနောက် ပိုင်း ကမ်းလွှန် ပင်လယ်တွင် ရေနံ အစမ်းတွင်း များ ရှာဖွေ တူးဖော်လျက်ရှိရာ အနည်းဆုံး စမ်းသပ်တွင်း နှစ်တွင်းခွဲ ရေနံများ တွေ့ရှိနေပြီ ဟု လောင်စာ အင်အား ဖွံ့ဖြိုးရေး အဖွဲ့က အတည်ပြုသည်။

အီဂျစ် ပြည်မကြီးနှင့် ဆိုင်းနိုင်းကျွန်းဆွယ် ကို ဆူးအက်တူးမြောင်း အောက်မှ ဥမင်ဖောက် ၍ ဆက်သွယ်သည့် လုပ်ငန်း ဒုတိယဆင့် လုပ် ငန်းစဉ်ကို အီဂျစ် သမ္မတ အန္နဝါဆဒတ်က ဖွင့်လှစ်ပေးလိုက်သည်။ ဥမင်ဖောက်လုပ်ရေး လုပ်ငန်းသည် ရှေ့နှစ်၌ ပြီးမည်ဟုဆိုသည်။

အမေရိကန် သမ္မတ ကာတာ၏ ဗတ်ဂျက် ညွှန်ကြားရေးမှူး မစ္စတာ ဗတ်လန်က သူရာထူး မယူမီ ကိုယ်ရေးကိုယ်တာ ဘဏ်လုပ်ငန်း၌ မမှန်မကန် ပြုလုပ်ခဲ့သည် ဟူသော စွပ်စွဲချက် ကို ချေပသွားမည်ဖြစ်ကြောင်း၊ လူတယောက် ကို မဟုတ်မမှန် စွပ်စွဲ သွယ်ဝိုက် အပုပ်ချမှု စသည်များ ပြုလုပ်ကာ ရာထူးပြုတ်အောင် လုပ်ခြင်း ဖြစ်ကြောင်း ပြောကြားသည်။

အမေရိကန် ပြည်ထောင်စုရှိ နေဗားဒါး သဲ ကန္တာရတွင် မြေအောက်အနုမြူစမ်းသပ်ဖောက် ခဲ့မှု ပြုလုပ်သည်ဟု စွမ်းအင် သုတေသနနှင့် ဖွံ့ဖြိုးရေးအဖွဲ့ကကြေငြာသည်။ ထိုအနုမြူသည် အင်အား ကီလိုတန် ၂၀ ထက်မပိုဟု ဆိုသည်။

၁၆ ဗြိတိန် နိုင်ငံ၏ နောက်ဆုံး ကိုလိုနီ ဖြစ် သော ဆော်လမွန် ကျွန်းစု (တောင်ပစိဖိတ်) ကို ၁၉၇၈ ခု ဇူလိုင်လလယ်ပိုင်းတွင် လွှတ်လပ် ရေး ပေးရန် သဘောတူလိုက်သည်။

ရုရှ နိုင်ငံသည် ယင်း၏ ကော့စမော့ အစီ အစဉ် အရ ၅၅၂ နှင့် ၅၅၃ ဂြိုဟ်တု နှစ်စင်းကို ကမ္ဘာပတ် လမ်းကြောင်း အတွင်းသို့ လွှတ် တင်လိုက်သည်။ ယင်းဂြိုဟ်တုများတွင် အပြင် အာကာသ လေ့လာရေး ကရိယာများ ပါ ရှိသည်။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော် သမ္မတကြီး ဦးနေဝင်းနှင့် အဖွဲ့သည် ကိုရီးယား ဒီမိုကရက်တစ် ပြည်သူ့ သမ္မတနိုင်ငံ သမ္မတကြီး ကင်အိဆွန်း၏ ဖိတ်ကြားချက်အရ တရုတ် ပြည်သူ့ သမ္မတ နိုင်ငံမှ တဆင့် ကိုရီး ယား ဒီမိုကရက်တစ် ပြည်သူ့ သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

၁၇ ပါကစ္စတန် ဝန်ကြီးချုပ်ဟောင်း အလီ ဘူတိုနှင့် သူ့အား ထောက်ခံသူ များစွာကို စစ်တပ်က မာရှယ်လောအရ ဖမ်းဆီးလိုက် သည်။ ရွေးကောက်ပွဲ မတိုင်မီ စစ်တရားရုံးက စစ်ဆေး စီရင်ပေးမည်ဟု ကြေငြာသည်။

နျူးကလီးယား စမ်းသပ်ဖောက်ခဲ့မှု တရပ်ကို တရုတ်နိုင်ငံတွင် အောင်မြင်စွာ ပြုလုပ်ကြောင်း တရုတ် ပြည်သစ် သတင်းဌာနက ဖော်ပြ သည်။ ယခုအကြိမ် စမ်းသပ်ဖောက်ခဲ့မှုသည် ၂၂ ကြိမ်မြောက် ဖြစ်ပြီး ဥက္ကဋ္ဌ ဟွာကိုဖုန်း လက်ထက်တွင် လေးကြိမ်မြောက် ဖြစ်သည်။

ထွန်းသစ်စ နိုင်ငံများ၏ ဖွံ့ဖြိုး တိုးတက်ရေး တွင် ကိုယ့်အားကိုယ်ကိုးရေး ဖြစ်သော ကိုရီး ယား ဒီမိုကရက်တစ် သမ္မတနိုင်ငံ (ဒီပီအာရ် ကေ)သမ္မတ ကင်အိဆွန်း၏ ဒဿန အမြင်နှင့် စပ်လျဉ်းသည့် နှီးနှော ဖလှယ်ပွဲကို ပျုန်ယမ်း မြို့၌ စက်တင်ဘာလ ၁၄ ရက်နေ့မှ စတင် ကျင်း ပရာ ပြီးဆုံးသွားပြီ ဖြစ်၏။

၁၈ ဥရောပ၊ မြောက်အာဖရိကနှင့် အရှေ့ အလယ်ပိုင်းမှ ဖွံ့ဖြိုးဆဲ နိုင်ငံများတွင် ဆင်းရဲ မွဲတေမှုသည် အဓိက ပြဿနာ အဖြစ် တည်ရှိ မြဲ တည်ရှိဆဲ ဖြစ်သည်ဟု ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

နိုင်ငံစုံ လုပ်ငန်း ဖြန့် ကော်ပိုရေးရှင်းများ၏ ဒေသဆိုင်ရာ ဌာနချုပ်များ မလေးရှား နိုင်ငံ တွင် ထူထောင်ရေးကို ကူညီရန် မလေးရှားက အထူး အဖွဲ့တဖွဲ့ ဖွဲ့စည်းသွားမည် ဖြစ်ကြောင်း ဝန်ကြီးချုပ် ဟူစိန်အုန်းက ကြေငြာသည်။

အီသီအိုးပီးယား နယ်မြေမှ ဆိုမာလီတပ် များ အကုန်အစင် ရုပ်သိမ်းမသွားသမျှ ကာလ ပတ်လုံး ဆိုမာလီနှင့် သဘောတူ ဖြေရှင်းချက် များ ပြုလုပ်မည် မဟုတ်ဟု အီသီအိုးပီးယား နိုင်ငံတော် အကြီးအကဲ မင်ဂျစ်တူက ပြော၏။

၁၉ အရှေ့အလယ်ပိုင်း ဒေသတွင် ထာဝရငြိမ်းချမ်းရေး တည်ဆောက်ရန် အတွက် ယင်းဒေသနှင့် စပ်လျဉ်းနေသည့် အဖွဲ့အစားလုံး ပါဝင်ညှိနှိုင်း ဆွေးနွေး အပေးအယူ လုပ်ခြင်းဖြင့် သာ ဖြစ်နိုင်မည်ဟု ခံယူထားကြောင်းဖြင့် အင်္ဂရိယယ် နိုင်ငံခြားရေးဝန်ကြီး မိုရှေဒါယန်းအား အမေရိကန် သမ္မတ ဂျင်မီကာတာက ထုတ်ဖော် ပြောကြားခဲ့ကြောင်း အမေရိကန် သမ္မတရုံးမှ ကြေငြာသည်။

အင်္ဂရိယယ် နိုင်ငံခြားရေး ဝန်ကြီး မိုရှေဒါယန်းသည် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးစီမံကိန်းကို အမေရိကန်အား ပေးအပ်လိုက်သည်။

အင်္ဂရိယယ် စီမံကိန်းကို မိမိအား တရားဝင် အသိပေးခြင်း မရှိသေးကြောင်း ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် ကုဖာလဟိုင်းက သတင်းစာဆရာများအား ပြောသည်။

၂၀ ကုလသမဂ္ဂ အထွေထွေ ညီလာခံ၏ ၃၂ ကြိမ်မြောက် ညီလာခံကို နှစ်နာရီ နောက်ကျ၍ စတင် ဖွင့်လှစ်သည်။ ယင်းသို့ ဖြစ်ရခြင်းမှာ ကမ်ပူးချား နိုင်ငံအား မဲပေးခွင့် မဆုံးရှုံးစေရန်အတွက် ကျန်ရှိနေသော အကြွေး ဒေါ်လာ ၃၆၉၇ ကို ပေးရန် တောင်းဆိုသည်ကို ကွန်မြူနစ် အစိုးရ အနေဖြင့် ယခင် အစိုးရ အကြွေးကို တာဝန်မရှိဟု ငြင်းဆိုနေသဖြင့် ဖြစ်သည်။ ထိုသို့ နောက်ကျ စတင်ရသဖြင့် အထွေထွေ ညီလာခံတွင် လျှို့ဝှက်မဲပေးသည့် အစဉ်အလာဖြင့် ဥက္ကဋ္ဌ ရွေးကောက် တင်မြှောက်ရမည့်အစား အမျာစု ကြွေးကြော် ဆန္ဒပြပွဲဖြင့် ယူဂိုစလားဗီးယား နိုင်ငံခြားရေး ဝန်ကြီး ဌာန ဒုတိယ ဝန်ကြီး လန်ဆာမိုဆာအား ညီလာခံ ဥက္ကဋ္ဌ အဖြစ် တင်မြှောက်လိုက်သည်။

ဂျီဗူတီနိုင်ငံနှင့် ဗီယက်နမ် ဆိုရှယ်လစ် သမ္မတ နိုင်ငံတို့အား ကုလသမဂ္ဂ၏ ၁၄၈ နှင့် ၁၄၉ မြောက် အဖွဲ့ဝင် နိုင်ငံအဖြစ် ကုလသမဂ္ဂ အထွေထွေညီလာခံက လက်ခံလိုက်သည်။

အင်ဒိုနီးရှား နိုင်ငံက ပေ ၃၀၀၀ အမြင့်မှ နေ၍ ဓာတုပစ္စည်းများနှင့် ဓာတ်ဆားများ ရောနှောထားသည့် အရည်ကို မှုတ်ထုတ်ခြင်းဖြင့် သဘာဝ အလျောက် မဟုတ်သော မိုးတွင်းရွာသွန်းခြင်းကို စမ်းသပ် အောင်မြင်ကြောင်း ဂျကာတာမြို့၌ ကြေငြာသည်။

တရုတ်ပြည်သူ့ သမ္မတ နိုင်ငံ ပီကင်းမြို့တွင် အလည် အပတ် ရောက်ရှိနေသော ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်သမ္မတ ကြီးဦးနေဝင်းနှင့် အဖွဲ့သည် ပီကင်းမြို့မှ တဆင့် ကိုရီးယား ဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ ပျံယမ်းမြို့သို့ ထွက်ခွာသွားသည်။

၂၁ စီးပွားရေး အပြန်အလှန် အကူအညီ ပေးရေး ကောင်စီ (စီမီယား)ဥက္ကဋ္ဌ ရွှမေးနိုးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် မီဟိုင်းဖာရိနက် စကျူးသည် ဥရောပ ဘုံစျေးအဖွဲ့ဝင်များနှင့် တရားဝင် ပထမအကြိမ် မျက်နှာစုံညီ ဆွေးနွေးရန် ဗရပ်ဆယ်မြို့သို့ ရောက်ရှိလာသည်။

အမေရိကန် သမ္မတ ဂျင်မီကာတာက မိမိ၏ ရင်းနှီးသော မိတ်ဆွေနှင့် ထိပ်တန်း အကြံပေး တဦးဖြစ်သူ ဗတ်ဂျက် ညွှန်ကြားရေးမှူး ဗတ်လန်၏ နုတ်ထွက်လွှာကို လက်ခံလိုက်သည်။

လက်ဗန္ဓန် နိုင်ငံမှ တိုးတက်သော ပယ်လက်စတိုင် အင်အားစုများထံသို့ ပေးပို့သော လက်နက်များ ထောက်ပံ့ခြင်းကို ပိတ်ဆို့ရန်အတွက် လက်ဗန္ဓန်နိုင်ငံ ကမ်းလွှန် ရှစ်မိုင်ခန့်တွင် အင်္ဂရိယယ် ရေတပ်သင်္ဘော အမြောက်အများ စောင့်ကြပ် လှုပ်ရှားလျက် ရှိသည်။

၂၂ ဓနသဟာယ ဘဏ္ဍာရေး ဝန်ကြီးများ အစည်းအဝေးကို ဗာဗေးဒိုကျွန်း၊ ဗရစ်တောင်းမြို့တွင် ကျင်းပသည်။

ဖိလစ်ပိုင်ရှိ အမေရိကန် စစ်အခြေခံ စခန်းများ၏ အနာဂတ်ရေးနှင့် စပ်လျဉ်းပြီး အာရှနှင့် ပစိဖိတ် ရေးရာ အမေရိကန် နိုင်ငံခြားရေး ဝန်ကြီး ဟိုးလဗရွတ်သည် ဖိလစ်ပိုင် သမ္မတ မားကို့စနှင့် နိုင်ငံခြားရေး ဝန်ကြီး ရိုမျူလိုတို့အား တွေ့ဆုံ၍ ပဏာမ ဆွေးနွေးမှုပြုသည်။

ကိုရီးယား ဒီမိုကရက်တစ် ပြည်သူ့ သမ္မတ နိုင်ငံ အစိုးရ အဖွဲ့နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် အစိုးရ အဖွဲ့ အကြား စီးပွားရေးနှင့် စက်မှု အတတ်ပညာ ပူးတွဲ ဆောင်ရွက်ရေး သဘောတူညီချက် တရပ်ကို ပျံယမ်းမြို့၌ နှစ်နိုင်ငံ ကိုယ်စားလှယ်များ လက်မှတ် ရေးထိုးကြသည်။

၂၃ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဗန်စသည် အဆင့်မြင့် ဂျော်ဒန် သံတမန် ကိုယ်စားလှယ် အဖွဲ့နှင့် တွေ့ဆုံလျက် အာရပ် အင်္ဂရိယယ် ငြိမ်းချမ်းရေး ညီလာခံ ဂျီနီဗာမြို့၌ ပြန်လည် ကျင်းပရေး ဆွေးနွေးသည်။ မစ္စတာ ဗန်စသည် ၁၉ ရက်နေ့က အင်္ဂရိယယ် နိုင်ငံခြားရေးဝန်ကြီး မိုရှေဒါယန်းနှင့်ငင်း၊ ၂၁ ရက်နေ့က အီဂျစ်နိုင်ငံ ခြားရေးဝန်ကြီး ဖာမီနှင့်ငင်း တွေ့ဆုံ ဆွေးနွေးခဲ့ပြီး ဖြစ်သည်။

၁၀ ကြိမ်မြောက် ကမ္ဘာ့ လောင်စာ အင်အား ညီလာခံ၌ စက်မှု နိုင်ငံများ ဖွံ့ဖြိုးဆဲ နိုင်ငံများနှင့် ဆိုရှယ်လစ် နိုင်ငံများမှ ကိုယ်စားလှယ်များက လာမည့် ခြောက်နှစ်ကာလ အတွင်း ရေနံ အကျပ်အတည်းကို တိတိကျကျ မဖြေရှင်းနိုင်လျှင် ကမ္ဘာကြီးတွင် လောင်စာ ပြဿနာနှင့် ရင်ဆိုင်ရလိမ့်ဦးမည်ဖြစ်ကြောင်း သတိပေးပြောကြားသည်။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် သမ္မတကြီး ဦးနေဝင်းနှင့် အဖွဲ့သည် တရုတ် ပြည်သူ့သမ္မတ နိုင်ငံမှတဆင့် ကိုရီးယား ဒီမိုကရက်တစ် ပြည်သူ့သမ္မတ နိုင်ငံသို့ သွားရောက်ခဲ့ပြီးနောက် ရန်ကုန်မြို့သို့ ပြန်လည် ရောက်ရှိကြသည်။

၂၄ အမေရိကန်နှင့် ရုရှတို့သည် မဟာဗျူဟာ လက်နက်များ ကန့်သတ်ရေး (ဆော့)ဒုတိယသဘောတူစာချုပ် ချုပ်ဆိုနိုင်ရန်ဆွေးနွေးခဲ့ရာ တိုးတက်မှု ရရှိခဲ့သည်ဟု အမေရိကန် နိုင်ငံခြားရေး ဌာနမှ ထုတ်ပြန်ကြေငြာသည်။

လစ်ဗျနိုင်ငံရှိ အမေရိကန် ရေနံ ကုမ္ပဏီ နှစ်ခု ဖြစ်သော တက်ဆာကို ကုမ္ပဏီနှင့် အာရှ ကုမ္ပဏီ(ကာလီဖိုးနီးယား)တို့ကို လျော်ကြေးပေး၍ ပြည်သူပိုင် ပြုလုပ်လိုက်ကြောင်း ရေနံဝန်ကြီးအက်ဇက်ဒင်မာဗရက ကြေငြာကြောင်း အာရပ်တော်လှန်ရေး သတင်းစဉ်က ဖော်ပြသည်။

ဆိုရှယ်လစ် နိုင်ငံများ ပူးပေါင်း၍ အပြင်အာကာသကို စူးစမ်း လေ့လာရန်နှင့် ငြိမ်းချမ်းစွာ အသုံးပြုရန် အစီအစဉ်အရ ရုရှနိုင်ငံက အင်တာကော့စမော့ ၁၇ ဂြိုဟ်တုကို လွှတ်တင်လိုက်သည်။ ရုရှနိုင်ငံက အာကာသ စူးစမ်းလေ့လာမှုပြုရန် သိပ္ပံကရိယာများ ပါသည့် ကော့စမော့ ၉၅၆ ကိုပါ လွှတ်တင်လိုက်သည်။

လူတဦး မဲတမဲပေးရေးမူကို ရီဒီးဇီးယား လူဖြူ ဝန်ကြီးချုပ် အီယန်စမစ်က အတည်ပြုလိုက်သည်။

၂၅ မဟာဗျူဟာ လက်နက် ကန့်သတ်ရေး စာချုပ်(ဆော့)သည် လာမည့် အောက်တိုဘာလ ၃ ရက်နေ့တွင် သက်တမ်း ကုန်ဆုံးတော့မည် ဖြစ်သော်လည်း ထိုနောက်ပိုင်း၌ စာချုပ်ပါ စည်းကမ်းအတိုင်း လိုက်နာ ကျင့်သုံးရန် ရုရှက အဆိုပြုလိုက်သည်။

ပယ်လက်စတိုင် လွတ်မြောက်ရေး အဖွဲ့ ဥက္ကဋ္ဌ ယာဆာအာရဖတ်က ဂျော်ဒန်နှင့် ပူးတွဲသည့် လွတ်လပ်သော ပယ်လက်စတိုင် နိုင်ငံ ထူထောင်ရန် အသင့် ရှိသော်လည်း ဂျော်ဒန် ဘုရင် ဟူစိန်အား ခေါင်းဆောင်အဖြစ် တင်မည် မဟုတ်ဟု ထုတ်ဖော် ပြောဆိုသည်။

၆၇၃
စာကြည့်တိုက်
ပိဋကတသာသနပြန်စာပေ
ဖြန့်ချိရေးအဖွဲ့

၁၉၇၇ ခုနှစ် ပြစ်ရပ်များ

၂၆ အနောက်တောင် အာဖရိက (နမီးဗီးယား)၏ အနာဂတ်နိုင်ငံရေးနှင့်စပ်လျဉ်းသော အနောက် ကြီးငါးကြီးနှင့် တောင်အာဖရိက အစိုးရတို့ ဆွေးနွေးကြရာ သဘောတူညီမှုမရရှိပဲ ရွှေဆိုင်းလိုက်ရသည်။

မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီ ပဋိမ အကြိမ် ဗဟိုကော်မီတီ အစည်းအဝေးကို အလုံလမ်း သမ္မတ အိမ်တော်ဝင်း အတွင်းရှိ ဗဟို အစည်းအဝေး ခန်းမဆောင်၌ ကျင်းပရာ ဗဟို ကော်မီတီ ဥက္ကဋ္ဌ ဦးနေဝင်းက သဘာပတိ အဖြစ် ဆောင်ရွက်သည်။ အရေးပေါ် ပါတီ ညီလာခံကို ၁၉၇၇ ခုနှစ် အတွင်း ကျင်းပရန် အတည်ပြုသည်။

ရူမေးနီးယား ဆိုရှယ်လစ်သမ္မတနိုင်ငံဗူခါရက်မြို့တွင် ကျင်းပမည့် ၂၃ ကြိမ်မြောက်ကမ္ဘာ့ ကြက်ခြေနီ ညီလာခံသို့ တက်ရောက်ရန် မြန်မာနိုင်ငံ ကြက်ခြေနီ အသင်း ကိုယ်စားလှယ် အဖွဲ့ ရန်ကုန်မြို့မှ ထွက်ခွာသွားသည်။ ယင်း ကိုယ်စားလှယ် အဖွဲ့နှင့် အတူ ကြက်ခြေနီ အမြင့်ဆုံး ဆုဖြစ်သော ဟင်နရီဒူးနန့် ဆုတံဆိပ်ရ စိုင်းအောင်လှိုင်မြင့်လည်း ဆုတံဆိပ် ယူရန် လိုက်ပါသွားသည်။

၂၇ ကုလသမဂ္ဂအထွေထွေညီလာခံတွင် မိန့်ခွန်းပြောကြားရာ၌ ရုရှ နိုင်ငံခြားရေး ဝန်ကြီး ဂရိုမီကိုက ရုရှနိုင်ငံသည် နျူကလီးယားစမ်းသပ်မှုကို ခေတ္တ ရပ်ဆိုင်းထားမည် ဖြစ်ကြောင်း ကြေငြာသည်။

ကမ္ဘာ့ စီးပွားရေး ပုံစံသစ် တရပ် ထူထောင်ရေးကို ချမ်းသာ ကြွယ်ဝသော နိုင်ငံများက ကြိုးပမ်းရန် မော်ရစ်ရှပ်နိုင်ငံ ဝန်ကြီးချုပ် ရမ်ဂူလမ်က ကုလသမဂ္ဂအထွေထွေ ညီလာခံ၌ တိုက်တွန်း ပြောကြားသည်။

တတိယ အကြိမ် အာရှ ကင်ဆာ ညီလာခံ၌ ကင်ဆာရောဂါ ပါရဂူများက ကိုယ်ဝန်ဆောင် ဘူးသော အမျိုးသမီးများသည် ကင်ဆာရောဂါ အန္တရာယ်ဖြစ်မှု နည်းသည်ဟု ဆိုသည်။

အင်ဒိုနီးရှား နိုင်ငံ အတွက် လာမည့် နှစ် ပေါင်း ၅၀၀ ကာလအတွင်း လိုအပ်သည့် လောင်စာ စွမ်းအင်များကို ဖြည့်ဆည်းနိုင်မည့် ကျောက်မီးသွေးကြောကြီး တခုကို ဆူမတြာ ကျွန်း တောင်ပိုင်းတွင် တွေ့ရှိ ထားပြီဟု သတ္တုတွင်း ဝန်ကြီး ဌာန ဝန်ကြီး မိုဟာမက် ဆတ်လိက ထုတ်ဖော် ပြောဆိုသည်။

၂၈ ရုရှနှင့် အမေရိကန်တို့သည် အစုလိုက် အပြုံလိုက် သေကြေ ပျက်စီးနိုင်သော လက်နက် ဆန်းများ ပိတ်ပင်ရေး ဆိုင်ရာဆွေးနွေးပွဲကို ဂျီနီဗာမြို့၌ ပြန်လည် ကျင်းပသည်။

မွေးကင်းစ ကလေးများနှင့် ကလေးငယ်များတွင် အဖြစ်များသော ဦးနှောက် အမြွေးရောင်ရောဂါ ကာကွယ်ရန် အစွမ်းထက်သည့် ကာကွယ်ဆေး တမျိုးကို တွေ့ရှိ ထားပြီဟု အမေရိကန် ဆရာဝန်များက ကြေငြာသည်။

ပဲရစ်မြို့နှင့် တိုကျိုမြို့အကြား ပျံသန်းနေသော ဂျပန် လေကြောင်း (ဂျေအေအယ်) ပိုင် ဒီစီ ဂ လေယာဉ်ကြီးကို ဂျပန် တပ်နီအဖွဲ့ဝင်ဟု ဆိုသော လေယာဉ် အပိုင်စီးသူများသည် ဗင်္ဂလားဒေ့ရှ်နိုင်ငံ ဒက္ကားမြို့ လေဆိပ်သို့ အတင်း အဓမ္မ ဆင်းသက် စေသည်။ ဗင်္ဂလားဒေ့ရှ စစ်အာဏာပိုင်များက လေဆိပ်ကို ချက်ခြင်း ပိတ်ထားလိုက်သည်။

၃၂ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံသို့ တက်ရောက်ရန် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်အစိုးရ နိုင်ငံခြားရေးဝန်ကြီး ဦးလှဘုန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များသည် ရန်ကုန်မြို့မှ ထွက်ခွာသွားကြသည်။

၂၉ ကမ္ဘာ့ စီးပွားရေး စနစ်သစ် တရပ်ကို ထူထောင်ရန် ကုလသမဂ္ဂကြီး၏ ဘောင်အတွင်း တကမ္ဘာလုံး ကျယ်ကျယ်ပြန့်ပြန့် စေ့စပ် ဆွေးနွေးသင့်ကြောင်း ၇၇ နိုင်ငံ အုပ်စုဟု ခေါ်သော တတိယ ကမ္ဘာ နိုင်ငံများက ကုလသမဂ္ဂ ညီလာခံ၌ ထောက်ခံ တင်ပြလိုက်သည်။

နိုင်ငံတွင်း အကြမ်းဖက်လိုသည့် သဘောထားများကို တွေ့ရ၍ အောက်တိုဘာလ ၁ဂ ရက်နေ့တွင် ကျင်းပရန် စီစဉ်ထားသော အထွေထွေ ရွေးကောက်ပွဲကြီးကို ရွှေဆိုင်းရာဘွယ် ရှိကြောင်းဖြင့် ပါကစ္စတန် စစ်အုပ်ချုပ်ရေး ခေါင်းဆောင် ဗိုလ်ချုပ်ကြီး ဂျီယာအူးလဟတ်က ပြောကြားသည်။

အရှေ့ ဂျာမနီနှင့် အနောက် ဂျာမနီ ပြန်လည် ပေါင်းစည်းရေးသည် သမိုင်းကြောင်း အရ မလွဲမသွေ ဖြစ်လာနိုင်ကြောင်း သဘောတရားရေး ကွဲလွဲချက်များက ဟန့်တားနိုင်မည် မဟုတ်ကြောင်းဖြင့် အနောက် ဂျာမနီ နိုင်ငံခြားရေး ဝန်ကြီး ဟန်းစဒီထရိင်ရှာက ကုလသမဂ္ဂ အစည်းအဝေးတွင် ပြောကြားသည်။

ဂျပန် တပ်နီဟု ဆိုသူများက ယမန်နေ့က အပိုင်စီးသွားသော လေယာဉ်ကို လွှတ်ပေးစေလိုက ဂျပန်နိုင်ငံတွင် ချုပ်နှောင် ဖမ်းဆီးထားသော တပ်နီ အဖွဲ့ဝင် အကြမ်းဖက်သမား ကိုးယောက်အား လွှတ်ပေးရန်နှင့် ဒေါ်လာ ခြောက်သန်းပေးရန် တောင်းဆိုသဖြင့် ဂျပန် အစိုးရက လိုက်လျောလိုက်ရာ လေယာဉ်ပါ ခရီးသည် ၁၄၂ ဦးနှင့် လေယာဉ် အမှုထမ်း ၁၄ ဦးအနက် ငါးဦးကို ဒက္ကားလေဆိပ်မှ လွှတ်ပေးလိုက်သည်။

ကမ္ဘာပတ် သိပ္ပံရေးရာ စခန်း ၂၉ ယာဉ် ဆားလျှံ ၆ ကို ရုရှက အာကာသထဲသို့ လွှတ်တင်လိုက်သည်။

၃၀ အပြည်ပြည်ဆိုင်ရာ ငွေကြေး ရန်ပုံငွေ အဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့၏ နှစ်ပတ်လည်ညီလာခံ ပြီးစီးသည်။

ဂျေအေအယ် လေယာဉ်ကြီးအား ဒက္ကား လေဆိပ်၌ အပိုင်စီးထားသော ဂျပန် တပ်နီ အဖွဲ့ဝင် အကြမ်းဖက်သမားများသည် ဓားစာခံ သုံးဦးကို ထပ်မံ လွှတ်လိုက်ပြန်ရာ လေယာဉ်ပေါ်ပါ လူ ၁၅၆ ဦးအနက် ပြန်လွှတ်သူ ရှစ်ဦး ရှိသွားပြီ ဖြစ်သည်။

အောက်တိုဘာလ

၁ တရုတ် ပြည်သူ့ သမ္မတ နိုင်ငံ၏ ၂ဂ ကြိမ်မြောက် အမျိုးသားနေ့ ဖြစ်သည်။

ပါကစ္စတန် စစ်အုပ်ချုပ်ရေးမှူး ဗိုလ်ချုပ်ကြီး ဂျီယာအူးလဟတ်က လာမည့် အောက်တိုဘာလ ၁ဂ ရက်နေ့တွင် ကျင်းပမည့် အထွေထွေ ရွေးကောက်ပွဲကို ရွှေဆိုင်းလိုက်၍ နိုင်ငံရေး လှုပ်ရှားမှုကိုလည်း ပိတ်လိုက်သည်။ ဝန်ကြီးချုပ်ဟောင်း အလီဘူတို့၏ အမှုကို စစ်ဆေးခြင်းနှင့် အမတ်လောင်းများ၏ဝင်ငွေ ကြေငြာချက် စစ်ဆေး မပြီးသေးလျှင် ရွေးကောက်ပွဲ ကျင်းပ၍ မဖြစ်နိုင်ဟု ကြေငြာသည်။

ရိုဒီးဇီးယား ဝန်ကြီးချုပ် အီယန်စမစ်နှင့် ဇမ်ဘီးယား သမ္မတ ကအွန်ဒါတို့သည် အင်္ဂလိပ် အမေရိကန်တို့ ပူးတွဲ ငြိမ်းချမ်းရေး အစီအစဉ်ကို ညှိနှိုင်းရန် အတွက် ဇမ်ဘီးယား နိုင်ငံ လူဆာကာမြို့တွင် လွှန်ခဲ့သော လ ၂၅ ရက်နေ့က ပထမအကြိမ် လျှို့ဝှက် တွေ့ဆုံကြကြောင်းဖြင့် ရိုဒီးဇီးယား အစိုးရက ကြေငြာသည်။

အရှေ့အလယ်ပိုင်းနှင့်စပ်လျဉ်းသော ဂျီနီဗာ ညီလာခံကို ဒီဇင်ဘာလထက် နောက်မကျပဲ ပြန်လည် ကျင်းပနိုင်ရန် အမေရိကန်နှင့် ရုရှတို့ လက်တွဲ၍ သက်ဆိုင်ရာ နိုင်ငံတို့နှင့် ပူးပေါင်း ဆောင်ရွက်ရန် စီစဉ်ထားကြောင်း နယူးယောက်မြို့နှင့် မောစကိုမြို့တို့၌ ပူးတွဲကြေငြာသည်။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် တပ်မတော် (ကြည်း၊ ရေ၊ လေ)

၁၉၇၃ ခုနှစ် ဖြစ်ရပ်မျှား

အရာရှိများနှင့် အရာခံဗိုလ်များ ရာထူး အဆင့် တံဆိပ်များနှင့် ဦးထုပ် တံဆိပ်များကို အောက် တိုဘာလ ၁ ရက်နေ့မှ စ၍ အသစ် ပြန်လည် ပြင်ဆင် ပြောင်းလဲ တပ်ဆင်သည်။

၂ ဗင်္ဂလားဒေ့ရှ နိုင်ငံတွင် ရာထူး အဆင့် နိမ့် တပ်သားများက ပုန်ကန်သည်ကို နှိမ်နင်း လိုက်နိုင်သည်ဟု သတင်းစုံ ရပ်ကွက်မှ ပြော သည်။ ပုန်ကန်သူ တပ်သား အချို့သည် ဒက္ကား အသံလွှင့် ဌာနကို ခေတ္တ သိမ်းပိုက်ကာ တော် လှန်ရေး တခုကို အောင်မြင်စွာ ပြုလုပ်ခဲ့ပြီဟု ကြေငြာသည်။ သို့သော် နာရီ အနည်းငယ် အတွင်းမှာပင် အစစအရာရာ ပုံမှန် ပြန်ရောက်ခဲ့ သည်ဟု ပြောသည်။

ဒက္ကားလေဆိပ်တွင် အပိုင်စီး ခံနေရသော ဂျပန် လေကြောင်း ကုမ္ပဏီပိုင် ဒီစီ ဂ ဂျက် လေယာဉ်ကြီးမှ ခေးစာခံ ၆၀ ကို ပြန်လွှတ် ပေးလိုက်သည်။ ကျန်လေယာဉ် ဝန်ထမ်း ကိုး ဦးနှင့် ခရီးသည် ၇၁ ဦးတို့၏ ကံကြမ္မာမှာ မရေ ရာသေးချေ။

အီဂျစ် နိုင်ငံ၌ သုံးနေသော ရုရှလုပ် လက် နက်များအတွက် အပို ပစ္စည်းများ ရောင်းရန် ရုရှက ငြင်းဆိုသည်ကို ကန့်ကွက်သောအား ဖြင့် အီဂျစ်တို့က ရုရှအား ပေးရန် ရှိသော စစ်ပစ္စည်းဖိုးကြွေးများ (ဒေါ်လာ ကုဋေ ၄၀၀ ခန့်) ကို ဆိုင်းငံ့ကာလ ၁၀ နှစ်ထား၍ ညှိနှိုင်း ယူပြီး ယင်းကာလအတွင်း ကြွေးဆပ်ခြင်း ရပ် ဆိုင်းထားမည်ဟု အီဂျစ် ဝန်ကြီးချုပ် မမ်ဒူ ဆလမ်က ပြောသည်။အကယ်၍ ဆိုင်းငံ့ကာလ တောင်းခံ မရလျှင် ကြွေးပေးဆပ်မှု ရပ်စဲမည် ဟု ဆိုသည်။

၃ ဆိုဗီယက် ယူနီယံ ဗဟိုကော်မီတီသည် ဆိုဗီယက် ပြည်ထောင်စု သမ္မတ နိုင်ငံ၏ အခြေခံ ဥပဒေ မူကြမ်းကို အတည်ပြုလိုက်၏။

နျူးကလီးယား လက်နက်များ စမ်းသပ် ဖောက်ခွဲမှု အားလုံးကို ပိတ်ပင်ရေး ဆိုင်ရာ ကမ္ဘာ့ အင်အားကြီး သုံးနိုင်ငံ အစည်းအဝေး ကို ဂျီနီဗာမြို့၌ ပြန်လည် ကျင်းပသည်။

အိန္ဒိယဝန်ကြီးချုပ်ဟောင်း အင်ဒီရာဂန္ဓီအား အဂတိ လိုက်စားမှု တားမြစ်ရေးဥပဒေ အရ ဖမ်းဆီး အရေးယူသည်။

ဂျပန် လေကြောင်း ကုမ္ပဏီပိုင် ဒီစီ ဂ လေ ယာဉ်ကို အပိုင်စီးထားကြသော ဂျပန် တပ်နီ ပြောက်ဂျား ငါးဦးတို့သည် ဒက္ကားလေဆိပ်မှ ထွက်ခွာသွား၍ ကူဝိတ် နိုင်ငံတွင် အရေးပေါ် ဆင်းသက် ခဲ့ပြီးနောက် ခေးစာခံ ၃၁ ဦးကို ခေါ်ဆောင်ကာ ဆီးရီးယားနိုင်ငံ ဒမက်စကက် မြို့သို့ ထွက်ခွာ သွားကြသည်။ ကူဝိတ်တွင် ခေးစာခံ ခုနစ်ဦးကို လေယာဉ် လောင်စာနှင့် ဖလှယ်ကာ လွှတ်ပေးခဲ့သည်။ ဒမက်စကက်မြို့ လေဆိပ်တွင် လောင်စာနှင့် ခေးစာခံ ဆယ်ဦး ဖလှယ်ကာ လွှတ်ပေးပြီးနောက် အယ်လျီးရီး ယားနိုင်ငံသို့ ပျံသန်း ဆင်းသက်သည်။ အယ် လျီးရီးယားအာဏာပိုင်များနှင့် နှစ်နာရီကြာ ဆွေးနွေးပြီးနောက် ခေးစာခံများ အားလုံး လွှတ်ပေးကာ လေယာဉ် ပြန်ပေးဆွဲမှု အရေး အခင်း ပြီးဆုံးသွားသည်။

၄ ရုရှ နိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ မူကြမ်း ဆွေးနွေးရန်အတွက် ဆိုဗီယက် ဦးစီး လွှတ်တော်ချုပ် အထူး အစည်းအဝေးကို ကရင် မလင် နန်းတော်၌ ဖွင့်လှစ်သည်။

အဂတိ လိုက်စားမှုများ ပြုလုပ်ခဲ့သည် ဆို သော စွပ်စွဲချက်ဖြင့် ယမန်နေ့ကဖမ်းဆီးအရေး ယူ ခံခဲ့ရသော အိန္ဒိယ ဝန်ကြီးချုပ်ဟောင်း အင်ဒီရာ ဂန္ဓီအား ခြင်းချက်မရှိ ချက်ခြင်း လွှတ်ပေးရန် ဒေလီမြို့ ခရိုင်တရားသူကြီး အာရ် ဒါယန်းက အမိန့်ပေးလိုက်သည်။ယင်းလွှတ်မိန့် ပေးခြင်း အပေါ် အိန္ဒိယ အစိုးရက ချက်ခြင်း အယူခံဝင်သည်။

ဥရောပ လုံခြုံရေးနှင့် ပူးပေါင်း ဆောင်ရွက် ရေး စာချုပ်များကို ၁၉၇၅ ခုနှစ်က ဟဲလ ဆင်းကီးမြို့တွင် လက်မှတ် ရေးထိုးခဲ့သော ၃၅ နိုင်ငံသည် ယင်းစာချုပ် လက်တွေ့ ဖော် ဆောင်မှုနှင့် စပ်လျဉ်းသော လေ့လာရေး ညီ လာခံကို ယူဂိုစလားဗီးယား နိုင်ငံ ဗဲလဂရိတ် မြို့တွင် စတင် ကျင်းပသည်။

၅ အမေရိကန်သည် ခုခံ ကာကွယ်ရေးမှ အပ မည်သည့် အခါမျှ လက်နက်ကို အသုံးပြု မည် မဟုတ်ပါ။ ငြိမ်းချမ်းရေး အတွက် ဖြစ်စေ၊ မည်ကဲ့သို့ပင် တရားမျှတ မှုန်ကန်ကြောင်း ကြေးကြော်နေသည် ဖြစ်စေ နျူးကလီးယား ဗုံးများ ဖောက်ခွဲ စမ်းသပ်မှု အားလုံး အဆုံး သတ်ဖို့ တော်ပြိုဟု ကုလသမဂ္ဂ အစည်းအဝေး တက်ရောက်ရန် လာသော သမ္မတ ကာတာက ဝါရှင်တန်မြို့တွင် ပြောကြားသည်။

အင်ဒိုနီးရှား လက်နက်ကိုင် တပ်များ၏ ၃၂ နှစ်မြောက် နှစ်ပတ်လည် အထိမ်းအမှတ် အခမ်းအနားဌာန သမ္မတ ဆူဟာတိုက အင်ဒိုနီး ရှား နိုင်ငံ၏ နိုင်ငံရေးနှင့် စီးပွားရေး ဘဝတွင် စစ်ဘက်က ပူးတွဲ တာဝန်များကို လာမည့် နှစ် ပေါင်းများစွာအတွက် ဆက်လက် ထမ်းဆောင် သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဂျီနီဗာတွင် ပြန်လည် ကျင်းပမည့် အရှေ့ အလယ်ပိုင်း ငြိမ်းချမ်းရေး ဆွေးနွေးပွဲတွင် တဖွဲ့တည်းသော အာရပ် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ရေးကို မူအားဖြင့် သဘောတူ သော်လည်း ထိုကိုယ်စားလှယ် အဖွဲ့တွင် ပယ် လက်စတိုင် လွှတ်မြောက်ရေးအဖွဲ့ ကိုယ်စား လှယ် ပါဝင်ရမည်ဟု အီဂျစ် သမ္မတ အန္ဒဝါ ဆဒတ်က အမေရိကန် သမ္မတသို့ အကြောင်း ကြားထားပြီး ဖြစ်ကြောင်း အယ်ဂမ်ဟောင် ရီယာ သတင်းစာ၌ ဖော်ပြထားသည်။

၆ ပဲရစ်မြို့၌ ကျင်းပသော အဖွဲ့ဝင် ၁၉ နိုင်ငံ ပါရှိသည့် အပြည်ပြည် ဆိုင်ရာ လောင် စာ စွမ်းအင် အေဂျင်စီ (အိုင်အီးအေ) ၏ ဝန်ကြီးအဆင့် ဆွေးနွေးပွဲ၌ ကမ္ဘာ့လောင်စာ အများဆုံး သုံးသော စက်မှု နိုင်ငံကြီးများ သည် နောက်ရှစ်နှစ် အတွင်း၌ ရေနံဝယ်ယူ တင်သွင်းမှုကို သိသိသာသာ လျှော့ချခြင်းဖြင့် ကမ္ဘာ့စီးပွားရေး ပြဿနာသစ် တရပ် ပေါ် ပေါက်လာမည့် အန္တရာယ်ကို ရှောင်ရှားရန် သဘောတူညီကြသည်။

ဂျပန် လေကြောင်း ကုမ္ပဏီပိုင် ဒီစီ ဂ လေ ယာဉ် အပိုင်စီးမှု ကိစ္စ ဖြေရှင်းခဲ့သည့် အစီ အစဉ်များကို ဂျပန် ဝန်ကြီးချုပ် ဖူကူဒါ ကိုယ် တိုင် သဘောတူ ဆုံးဖြတ်ခြင်း ဖြစ်ကြောင်း ဂျပန် နိုင်ငံခြားရေး ဝန်ကြီးဌာနမှ ပြန်ကြား ရေး အဖွဲ့က ပြောဆိုသည်။ အပိုင်စီးသူတို့အား ပေးသော ဒေါ်လာ ခြောက်သန်း ပြန်မတောင်း ရန် အပိုင်စီးသူများအား ဂျပန် နိုင်ငံသို့ ပြန်ပို့ ရန် အချက်တို့ကို ဂျပန်နိုင်ငံက စွန့်လွှတ်ခဲ့သည့် အချက်များ ဖြစ်သည်။

၇ ဂျာမန် ဒီမိုကရက်တစ် သမ္မတ နိုင်ငံ ထူထောင်သည့် ၂၀ နှစ်မြောက် နှစ်ပတ်လည် နေ့ဖြစ်သည်။

စပိန် စာရေးဆရာကြီး ဗီဆင့် အလက်ဇန္ဒား သည် ၁၉၇၇ ခုနှစ် စာပေ ဆိုင်ရာ နိုဗယ်ဆုကို ရရှိသည်။

၃၂ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေ ညီလာခံတွင် ပြည်ထောင်စုဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်၏ ကိုယ်စားလှယ် အဖွဲ့ ခေါင်းဆောင် နိုင်ငံခြားရေး ဌာန ဝန်ကြီး ဦးလှဘုန်း မိန့်ခွန်း ပြောကြားသည်။

ရုရှ နိုင်ငံ၏ စတုတ္ထမြောက် အခြေခံ ဥပဒေ သစ်ကို ဆိုဗီယက် ဦးစီးလွှတ်တော်ချုပ်၏ လွှတ် တော် နှစ်ရပ်ပေါင်း၍ တညီတညွတ်တည်း

၁၉၇၇ ခုနှစ် ဖြစ်ရပ်များ

အတည်ပြု လိုက်သည်။ ပင်းအခြေခံ ဥပဒေ သစ်သည် ဆိုရှယ်လစ် လောက ထူထောင် လာသည့် အနှစ် ၆၀ အတွေ့အကြုံကို ထင်ဟပ် ဖော်ပြခြင်း ဖြစ်သည် ဟူ၍ ရုရှခေါင်းဆောင် များက ဆိုသည်။

၈ အမေရိကန်နှင့် ရုရှတို့ လူ့နှလုံး အတုကို တိုးတက် တီထွင်ရေးအတွက် ပူးတွဲ သုတေသန ပြု လုပ်ငန်းသည် အောင်မြင်နေသဖြင့် ခန့်မှန်း ထားသော ငါးနှစ်တာ ကာလထက် စောလျ ပြီးစီး အောင်မြင်လိမ့်မည်ဟု အမေရိကန် ထိပ်တန်း ခွဲစိတ်ကု ဆရာဝန်ကြီး ဒေါက်တာ မိုက်ကယ်ဒီ ဗာကေးက တပ်စ သတင်းထောက်နှင့် အမေရိကန် ပြည်ထောင်စုတွင် တွေ့ဆုံရာ၌ ပြောပြသည်။ ဒေါက်တာ ဒီဗာကေးသည် ရုရှ ထိပ်သီး နှလုံးခွဲစိတ်ကု ပါရဂူ ဗိုရစ်ပိုထရိုစကီ နှင့် နှလုံး ခွဲစိတ် ကုသရေး အပြင် နှလုံးတု ပြုလုပ်ရေးကို သုံးနှစ်တာ အတူတကွ ဆောင် ရွက်လျက် ရှိသည်။

ဥရောပ ဘုံစျေး အဖွဲသည် ၁၉၈၅ ခုနှစ်တွင် ရေနံ သုံးစွဲမှုကို ၁၅ ရာခိုင်နှုန်း ဖြတ်တောက် ပစ်မည်ဟု ဘုံစျေး စွမ်းအင် ဆိုင်ရာ မဟာမင်း ကြီး ဂိုဒိုဗရွန်နာက အမေရိကန် စွမ်းအင် ဆိုင် ရာ ဝန်ကြီး ဂျိမ်းရှလက်ဆင်ဂျာနှင့် စွမ်းအင် ချေတာရေးနှင့် နျူးကလီးယား ဖွံ့ဖြိုးရေး ကိစ္စများကို ဆွေးနွေးပြီးနောက် အတည်ပြု လိုက်သည်။

၉ အနောက်တောင် အာဖရိက ပြည်သူအဖွဲ့ (ဆွာပို) ၏ ပထမဆုံး အကြိမ် ညီလာခံကို နမီးဗီးယား နိုင်ငံ နယ်နိမိတ် အတွင်း ပထမဆုံး အကြိမ် ကျင်းပရာ ပြည်သူ ၁၀၀၀ ကျော် တက်ရောက်သည်။

ရုရှ နိုင်ငံက ဆာယု အမှတ် ၂၅ အာကာသ ယာဉ်ဖြင့် ယာဉ်မူး နှစ်ဦးကို အာကာသသို့ ပစ်တင်လိုက်သည်။ ယာဉ်မူး နှစ်ဦးပါ ထို ယာဉ်သည် ယခင် ပစ်လွှတ်ထားခဲ့သည့် ဆား လျု့ အမှတ် ၆ ဟု အမည်ပေးထားသော အာကာသ စခန်းယာဉ်နှင့် လာမည့် နှစ်ရက် အတွင်း ချိတ်ဆက်လိမ့်မည်ဟု ခန့်မှန်းသည်။

၁၀ ရေနံရှာ၍ ကမ္ဘာနှင့် အဝှန်း ဒုက္ခတွေ့ ရမည့် အန္တရာယ်ကို တားဆီးရန် နောက်အနှစ် ၂၀ အတွင်း ရေနံမြေသစ်များကို အပြင်းအထန် ရှာဖွေရလိမ့်မည်ဟု အမေရိကန် ထိပ်တန်း ရေနံ ပါရဂူ မိုက်ကယ်တီဟယ်လဗောက်တီက ရေနံ ရောင်း နိုင်ငံများ အဖွဲ့ချုပ် (အိုပက်) တည်ရာ ရာဗီရာမြို့၌ နှစ်ရက်ကြာ ကျင်းပသော နှီးနှော ဖလှယ်ပွဲတွင် သတိပေး ပြောကြာသည်။

ယမန်နေ့က လွှတ်တင်လိုက်သော ဆာယု ၂၅ အာကာသယာဉ်တွင် မမျှော်လင့်ပဲ ချွတ် ယွင်းချက်များ ဖြစ်ပေါ်လာသဖြင့် ထိုယာဉ် ဖြင့် လိုက်ပါသွားသော ယာဉ်မူး နှစ်ဦးတို့သည် လေ့လာရေး အစီအစဉ်တို့ကို ချုံ့ကာ ကမ္ဘာ မြေပြင်သို့ ပြန်လာရန် ပြင်ဆင်နေကြသည်ဟု မောစကို အသံလွှင့်ဌာနမှ ကြေငြာသည်။

ပါကစ္စတန် ဝန်ကြီးချုပ်ဟောင်း အလီဘူတို သည် အစိုးရကို ကြိုးကိုင် အုပ်ချုပ်ခဲ့စဉ်က အဂတိ လိုက်စားမှုနှင့် အကြမ်းဖက်မှုတို့ကို စနစ်တကျ ဖွဲ့စည်း စီမံ ကျင့်သုံးခဲ့သည်ဟု နိုင်ငံ တော် အစိုးရကိုယ်စား မစ္စတာ အေကေဗရီမက တရားရုံးချုပ်သို့ တင်ပြ စွပ်စွဲလိုက်သည်။

၁၉၇၆ ခုနှစ်နှင့် ၁၉၇၇ ခုနှစ်တို့ အတွက် ငြိမ်းချမ်းရေး နိုဗယဆုကို တပြိုင်တည်း ကြေ ငြာလိုက်သည်။

တရုတ် ပြည်သူ့သမ္မတ နိုင်ငံတွင် ယဉ်ကျေး မှု တော်လှန်ရေးကတည်းက ပိတ်ထားခဲ့သည့် ပါတီကျောင်းများ ပြန်လည်ဖွင့်လှစ်ရန် ဗဟို ကော်မီတီက ဆုံးဖြတ်လိုက်ကြောင်းဖြင့် တရုတ် ပြည်သစ် သတင်းဌာနက ကြေငြာသည်။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော် ဒုတိယ အကြိမ် ပြည်သူ့ကောင်စီ အဆင့်ဆင့်၏ ပုံမှန် သက်တမ်း အတွက် ပြည် နယ်၊ တိုင်း၊ မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာ အုပ်စု ပြည်သူ့ကောင်စီ မဲဆန္ဒနယ် အရေ အတွက်များ သတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ နိုင်ငံတော် ကောင်စီရုံးမှ အောက်တိုဘာလ ၆ ရက် နေ့စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၇၅/၇၇ ကို ထုတ်ပြန်သည်။

၁၁ အာကာသယာဉ် ဆာယု ၂၅ သည် မောစကိုစံတော်ချိန် ၆ နာရီ ၂၅ မိနစ်တွင် ဆီလင်နိုပရက် အနောက် မြောက်ဖက် ၁၈၅ ကီလိုမီတာအကွာတွင် ဆင်းသက်သည်။

နိုဗယဆု ချီးမြှင့်ရေး အဖွဲသည် ၁၉၇၇ ခုနှစ် အတွက် ဓာတုဗေဒနှင့် ရူပဗေဒ နိုဗယဆုကို ကြေငြာသည်။

တိုင်းပြည်၏ စိုက်ပျိုးရေး ထုတ်လုပ်မှု တိုး တက်စေရန် စီမံကိန်း တရပ် အဖြစ် အစိုးရ ဝန်ထမ်းတို့သည် လယ်ယာမြေ လုပ်ငန်းများ၌ တာဝန် ထမ်းဆောင်ကြရန် ဇမ္ဗီယာ သမ္မတ ကအွန်းဒါးက အမျိုးသား ပါလီမန် ညီလာခံ၌ ပြောကြာသည်။

မြောက်ယေမင် နိုင်ငံ သမ္မတအိဗရာဟင် အာ ဟမ်ဒီနှင့် ညီဖြစ်သူ ဒုဗိုလ်မှူးကြီး အဗ္ဒဒါလာ မူဟာမက် အာ ဟမ်ဒီတို့ လုပ်ကြံခံရသည်။

၁၂ ကမ္ဘာ့ အဆင်းရဲဆုံး နိုင်ငံများက ဆို၁၄ နိုင်ငံသို့ ပေးဆပ်ရန် ရှိသော တရားဝင် ကြွေးမြီ များကို လျော့ပစ်ရန် ဆို၁၄နိုင်ငံက စီစဉ်ထား ပါသည်။ အခြား နိုင်ငံများက လည်း ထို့အတူ ပင် လိုက်ပါ ဆုံးဖြတ် ဆောင်ရွက်လာရန် မျှော် လင့်ပါသည်ဟု ကုလသမဂ္ဂ အထွေထွေ ညီလာ ခံ၏ စီးပွားရေး ကော်မီတီတွင် ဆို၁၄ နိုင်ငံ၏ နိုင်ငံတကာ ဖွံ့ဖြိုးမှု ပူးပေါင်း ဆောင်ရွက်ရေး ဝန်ကြီး အိုလာဂုလစတန်က ပြောသည်။

လုပ်ကြံ သတ်ဖြတ်ခံရသူ မြောက်ယေမင်နိုင်ငံ သမ္မတ နေရာ၌ ဆက်ခံရန် အာဏာရ ဦးစီး ကောင်စီ၏ ဒုတိယအကြီးအကဲ ဒုတိယဗိုလ်မှူး ကြီး အမက် အာဂါရှမီကို ရွေးချယ်လိုက်သည်။

အကျဉ်းခံနေရသည့် ဝန်ကြီးချုပ်ဟောင်း အလီဘူတို့ကို လွှတ်ပေးရေးအတွက် အာဏာ ဖီဆန်မှု တိုက်ပွဲကို စတင် ဆင်နွှဲကြသည့် ဘူတို ၏ နောက်လိုက် ၂၅ ဦးကို ဖမ်းဆီးလိုက်သည်။

အနောက် ဂျာမန် လေယာဉ်ကုမ္ပဏီ လုဖ သန်းဆာပိုင် ဘိုးအင်း ၇၃၇ ဂျက်လေယာဉ်ကို စပိန် အပန်းဖြေ မေဂျာကာဂျန်းမှ ဖရန့်ဖတ် မြို့သို့ အလာ ပြင်သစ် အီတလီ မြေထဲပင်လယ် ကမ်းခြေတွင် အပိုင်စီးခံရရာ ဖရန့်ဖတ်မြို့သို့ ၁၄း၁၀ နာရီ ရောက်ရန် ရှိသော်လည်း ရောက် မလာပဲ ၁၅း၁၀ နာရီတွင် ရောမ လေဆိပ်သို့ ဆိုက်ရောက်လာသည်။ လေယာဉ် အပိုင်စီးသူ ခေါင်းဆောင်က သူ့ကိုယ်သူ ဝါလတာမိုဟာ မက်ဟု ပြောဆို၍ ကမ္ဘာတဝှန်းရှိ နယ်ခြမ်းအဖွဲ့ အစည်းများကို တိုက်ခိုက်မည် ဖြစ်ကြောင်း ပြောဆိုသည်။

၁၃ နိုင်ငံခြား တိုင်းပြည်များ၌ လက်နက် ထုတ်လုပ်ရန် မည်သည့် ပုဂ္ဂလိက ဂျပန် ကုမ္ပဏီ များ၏ ရင်းနှီးမြှုပ်နှံမှုကိုမဆို အစိုးရ အဖွဲက အတည်ပြုမည် မဟုတ်ဟု ဂျပန် ဝန်ကြီးချုပ် ဖုကူဒါက လွှတ်တော်၌ ပြောကြာသည်။

လုဖသန်းဆာ လေယာဉ်ကြီးကို အပိုင်စီးသူ တို့သည် ရောမ လေဆိပ်တွင် ဆီဖြည့်ပြီးနောက် စိုက်ပရပ်ကျွန်းသို့ ဦးတည် ပျံသန်းသွားသည်။ ရောမ လေဆိပ်မှ မထွက်ခွာမီ ခေါင်းဆောင် ဆိုသူက သူ့ကိုယ်သူ ခါတွမ်ဟု ပြောကြားပြီး အနောက် ဂျာမနီရှိ ကျားဂိုဏ်းဝင် နိုင်ငံရေး အကျဉ်းသမားအားလုံး လွှတ်ပေးရန် တောင်း ဆိုသည်။ အနောက် ဂျာမနီ ရဲအဖွဲက ကျား ဂိုဏ်း ဆိုသည်လည်း လုံးဝ မသိ၊ အနောက်

ဂျာမနီ အကျဉ်းထောင်ထဲတွင် ကျားဂိုဏ်း အဖွဲ့ဝင် ဟူသည်လည်း မရှိဟု ဆိုသည်။

တောင် အာဖရိက နိုင်ငံ နှလုံးကု ပါရဂူ ဒေါက်တာ ဗားနတ်က အသက် ၅၉ နှစ်အရွယ်ရှိ ကိပ်တောင်းမြို့ စာရင်းကိုင် တဦး ဖြစ်သူ ဗင်ဂျမင် ဖော့တစ်အား လူဝံငယ်၏ နှလုံးဖြင့် လေးနာရီကြာ ခွဲစိတ် အစားထိုး ကုသပေးရာ အခြေအနေ ကျေနပ်ဖွယ် ရှိသည်ဟု ဆိုသည်။

၁၄ ဓာတုဗေဒ စွန့်ပစ် ပစ္စည်းများသည် ဆီချေးများထက် အဏ္ဏဝါ သက်ရှိ သတ္တဝါများကို ပိုမို အန္တရာယ်ပြု ထိခိုက်စေသည်ဟု သိပ္ပံပညာရှင် ၆၀ တက်ရောက်သော အဏ္ဏဝါ ဆီချေး ညစ်ညမ်းမှု နှီးနှောဖလှယ်ပွဲတွင် ဗြိတိသျှ သိပ္ပံပညာရှင် ဒေါက်တာဆောက်ဝပ်ကပြောသည်။

၁၉၇၇ ခုနှစ် စီးပွားရေး သိပ္ပံ နိုဗဲဆုကို ဆွီဒင် နိုင်ငံမှ ပါမောက္ခ ဗာတီးအိုးလင်နှင့် ဗြိတိန် နိုင်ငံမှ ပါမောက္ခ ဂျိမ်းမိတ့ိအား ပူးတွဲ ချီးမြှင့်ကြောင်း ကြေငြာသည်။

အပိုင်စီးခံ လှုဖသန်းဆာ လေယာဉ်သည် နံနက်စောစောပိုင်းက ဒူဗိုင်းလေဆိပ်သို့ ဆိုက်ရောက်လာသည်။ ၁၆ ရက်နေ့ နောက်ဆုံးထား၍ သူတို့ တောင်းဆို ထားသော အကျဉ်းသားများ လွှတ်ပေးရန် ပြောကြားသည်။ အနောက် ဂျာမနီနိုင်ငံဝန်ကြီးချုပ်မစ္စတာရှမစ်သည် ယင်းကိစ္စအတွက် ထိပ်တန်း အာဏာပိုင်ကြီးများနှင့် ဆွေးနွေးသည်။

မြန်မာနိုင်ငံသုတေသန လုပ်ငန်းများ ဆိုင်ရာ မူဝါဒညွှန်ကြားရေး အဖွဲ့မှ ကြီးမှူး၍ ဘူမိသိပ္ပံပညာဆိုင်ရာ သုတေသန အဖွဲ့၏ ဆွေးနွေးပွဲကို ကျင်းပသည်။

၁၅ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့၏ ၂၃ ကြိမ်မြောက်ညီလာခံကို ရူမေးနီးယား နိုင်ငံ ဗူခါရက်မြို့၌ ကျင်းပရာ ရူမေးနီးယား သမ္မတ ချောင်ဆက်စကူးက ဖွင့်လှစ်ပေးသည်။ နိုင်ငံ အစိုးရ ၇၀ နှင့် ကြက်ခြေနီ အဖွဲ့ ၁၀၄ ခုမှ ကိုယ်စားလှယ်ပေါင်း ၆၅၀ တက်ရောက်၍ ခြောက်ရက်ကြာ ကျင်းပမည်။

ရေနံထွက် အာရပ်နိုင်ငံများသို့ ခရီးလှည့်လည်ရေး အစီအစဉ်အရ အင်ဒိုနီးရှားနိုင်ငံ သမ္မတ ဗိုလ်ချုပ်ကြီး ဆူဟာတိုသည် ဗာရိန်း နိုင်ငံသို့ ရောက်ရှိလာသည်။

၁၆ လက်တင် အမေရိက၊ဥရောပ၊ အာရှနှင့် အာဖရိကနိုင်ငံများမှ ပညာရှင် ၁၃၀ တက်ရောက်သော ယဉ်ကျေးမှု လောက နယ်ချဲ့ဝါဒ ဆိုင်ရာ နိုင်ငံတကာ ညီလာခံကို ငါးရက်ကြာ ကျင်းပပြီးနောက် ပြီးဆုံးသည်။

ကမ္ဘာ့ဆိုရှယ်လစ်အဖွဲ့ညီလာခံပြီးဆုံးသည်။ ညီလာခံက အနောက် ဆဟာရ ပြဿနာကို ညှိနှိုင်း ဖြေရှင်းရန် တိုက်တွန်းသည်။

အာဖရိက အနောက်ပိုင်းတွင် လူဝံငယ်၏ နှလုံးကို အစားထိုး ကုသထားသော ပထမဆုံး လူသား ဗင်ဂျမင်ဖော့တစ်သည် ခွဲစိတ်ပြီး လေးရက် အကြာတွင် ကွယ်လွန်သွားသည်။

တောင်အာဖရိက နိုင်ငံမှ နှလုံး အစားထိုး ကုသရေး ပါရဂူ ဒေါက်တာ ခရစ်စတိန်းဗား နတ်သည် ပထမဆုံး အကြိမ် အဖြစ် အမျိုးသမီး တဦး၏ နှလုံးသားကို အခြား အမျိုးသမီးထံမှ အစားထိုး ကုသလိုက်သည်။ နှလုံးသားကို ရယူသည့် အမျိုးသမီး လူနာမှာ လူဖြူ ဖြစ်ပြီး စွန့်ကြဲရသူမှာ အသား အရောင်ရှိသူ ဖြစ်သည်။

၁၇ အီဂျစ်နိုင်ငံသို့ ရောက်ရှိနေသော အင်ဒိုနီးရှားသမ္မတဆူဟာတိုနှင့် အီဂျစ်သမ္မတဆဒတ်တို့သည် အရှေ့ အလယ်ပိုင်းနှင့် အရှေ့တောင်အာရှ ရေးရာ ညှိနှိုင်းမှုများနှင့်အတူ တရားဝင် ဆွေးနွေးပွဲကို ကျင်းပသည်။

တောင်အာဖရိက ခေါင်းဆောင်များနှင့် အနောက် ငါးနိုင်ငံမှ သံတမန် အဖွဲ့သည် နမီးဗီးယား လွှတ်လပ်ရေးနှင့်စပ်လျဉ်းသော ဆွေးနွေးပွဲကို ပြန်လည်ကျင်းပသည်။

ယမန်နေ့က ဆိုမာလီနိုင်ငံ မိုဂါဒီရှူ လေဆိပ်သို့ ဆင်းသက်ခဲ့သည့် အပိုင်စီးခံရသော လှုဖသန်းဆာ လေယာဉ်မှ ဓားစာခံ ၈၆ ဦးလုံးအား အနောက် ဂျာမနီနိုင်ငံ နယ်ခြားစောင့်တပ်များမှ လက်ရွေးစင် အသေခံတပ်ဖွဲ့ဝင် ၆၀ က သန်ကောင်ယံ အချိန်တွင် လျှပ်တပြက်ဝင်ရောက် တိုက်ခိုက်ပြီး အောင်မြင်စွာ ကယ်တင်လိုက်သည်။ လေယာဉ် အပိုင်စီးသူ လေးဦး အနက် သုံးဦး သေဆုံးသွားသည်။

၁၈ အကောက်ခွန်နှင့် ကုန်သွယ်ရေး ဆိုင်ရာ အထွေထွေ သဘောတူညီချက် အဖွဲ့ကြီး၏ နှစ် ၃၀ မြောက် အထိမ်းအမှတ် အခမ်းအနားတွင် ယင်းအဖွဲ့ကြီး၏ ညွှန်ကြားရေးမှူးချုပ် အိုလီမီယာလောင်းက ဖွင့်လှစ်၍ လက်ရှိ ကျင်းပနေသော နိုင်ငံပေါင်းစုံ ကုန်သွယ်ရေး ဆွေးနွေးပွဲမှ ထွက်ပေါ်လာမည့် အောင်မြင်သော ရလဒ်သည် အနာဂတ် ကမ္ဘာ့စီးပွားရေး အတွက် အလွန် အရေးပါလှကြောင်း ပြောကြားသည်။

တန်ဇားနီးယား သမ္မတ ဂျူးလယပ်ညီရေး ရေးသည် အာဏာရပါတီဖြစ်သော ချာမာချာ မာပင်ဒူဇီ(တော်လှန်ရေးပါတီ)၏ပထမအကြိမ် အမျိုးသား ညီလာခံကို ဖွင့်လှစ်ပေးသည်။

လေကြောင်း ဓားမြမှုများ မဖြစ်ပွားစေရန် ကြီးကြပ်ပေးပြီး လေကြောင်းဖြင့် လွှတ်လပ်စွာ ခရီးသွားလာနိုင်ရေး အတွက် အာမခံချက်ပေးနိုင်ဖို့ ကုလသမဂ္ဂ အထွေထွေညီလာခံကြီး၌ ဆွေးနွေးကာ နည်းလမ်း ရှာဖွေကြရန် မဲမခွဲပဲ တညီတညွတ်တည်း ဆုံးဖြတ်လိုက်သည်။

၁၉ အနုမြူလက်နက်များ ပြန့်ပွားမှုကို တားဆီးရေး အတွက် နိုင်ငံတကာ နျူးကလီးယား လောင်စာ ဘဏ်ကြီးတခုကို ထူထောင်ရန် အမေရိကန်သမ္မတ ကာတာက ၃၆ နိုင်ငံမှကိုယ်စားလှယ်များ တက်ရောက်၍ သုံးရက်ကြာ ကျင်းပမည့် နျူးကလီးယား လောင်စာဆန်းစစ်ရေး ညီလာခံတွင် အဖွင့်မိန့်ခွန်း ပြောကြား တိုက်တွန်းသည်။

တတိယ ကမ္ဘာ့ နိုင်ငံများမှ ယခုနှစ်တွင် ပြန်လည် ပေးဆပ်ရန် ရှိသော နိုင်ငံခြား အကူအညီကြွေးမြီ ဂီလဒါ ၃၉ ဒသမ ၅ သန်း (ဒေါ်လာ ၁၅ သန်းခွဲ) ကို ဒပ်ချ အစိုးရက လျှော်ပစ်မည်ဟုကြေငြာသည်။

မလေးရှား နိုင်ငံ မြောက်ပိုင်း ကယ်လန်တန် ပြည်နယ်တွင် ပြည်နယ်ဝန်ကြီးချုပ်အား ရာထူးမှဖြုတ်ချခဲ့သဖြင့် နိုင်ငံရေးအခြေအနေများ ပိုမို ဆိုးရွားလာလျက်ရှိရာ အဆိုပါ ပြည်နယ်၏ မြို့တော် ကိုတာဘာဂူမြို့တွင် ၂၄ နာရီ အပြင် မထွက်ရ အမိန့်ထုတ်ထားရသည်။

၂၀ ထိုင်းနိုင်ငံတွင် ကာကွယ်ရေး ဝန်ကြီး ရေတပ် ဗိုလ်ချုပ်ကြီး ဆငတ်ချာလောယူ ခေါင်းဆောင်သော လက်နက်ကိုင် အဖွဲ့အစည်း သုံးရပ်၏ တော်လှန်ရေး ကောင်စီက ညနေ ၆ နာရီ အချိန်တွင် နိုင်ငံတော် တာဝန်ကို လွှဲပြောင်း အာဏာ သိမ်းယူလိုက်သည်။ ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ရေးဆွဲ၍ အုပ်ချုပ်ရေး၊ စီးပွားရေးနှင့် လူမှုရေး စနစ်များ ပြင်ဆင်မည်ဟု ကြေငြာသည်။

ဥရောပ ဘုံစျေးအဖွဲ့တွင် ငွေကြေး တမျိုးတစားတည်း ထားသုံးရေး စနစ်ကို တီထွင်ရန် ဥရောပ ဘုံစျေးအဖွဲ့ ဥက္ကဋ္ဌ ရှိုင်းဂျင်ကင်းက တိုက်တွန်းသည်။

အိုပက် အထူးရန်ပုံငွေအဖွဲ့မှ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ဖွံ့ဖြိုးရေး

၁၉၇၇ ခုနှစ် ဖြစ်ရပ်များ

လုပ်ငန်း စီမံကိန်းများ အတွက် ချေးငွေစာချုပ် နှစ်ရပ်ကို ၁၉၇၇ ခု အောက်တိုဘာလ ၆ ရက်နေ့တွင် ဩစတြီးယားနိုင်ငံဗီယင်းနားမြို့၌ လက်မှတ် ရေးထိုးကြသည် ။အိုပက်အဖွဲ့က မြန်မာနိုင်ငံသို့ ၁၉၇၇ ခုနှစ် ဇန်ဝါရီလက ဒေါ်လာ ၂ ဒသမ ၂၅ သန်း ထုတ်ချေးခဲ့၍ ယခု ဒုတိယအကြိမ်၌ ၄ ဒသမ ၄၂ သန်း ထုတ်ချေးခြင်း ဖြစ်သည်။

၂၁ လေယာဉ်အပိုင်စီးမှု တားဆီးရေးဆိုင်ရာ ဥပဒေကို ပိုမို တင်းကြပ်စွာ ပြင်ဆင် ရေးဆွဲလိုက်သော ဥပဒေ မူကြမ်း တရပ်ကို ဂျပန် အစိုးရက အတည်ပြုလိုက်သည်။

အရှေ့ အနောက်ပိုင်း ဒေသ ဆိုင်းနိုင်းကျွန်းဆွယ်တွင် ထားရှိသော အင်အား ၄၃၀၀ ရှိသည့် ကုလသမဂ္ဂ ငြိမ်းချမ်းရေး တပ်များကို နောက်တနှစ် ဆက်ထားရန် ကုလသမဂ္ဂ လုံခြုံရေး ကောင်စီက အတည်ပြုလိုက်သည်။

ထိုင်းနိုင်ငံတွင် အာဏာ သိမ်းလိုက်သော တော်လှန်ရေးကောင်စီဥက္ကဋ္ဌ ရေတပ် ဗိုလ်ချုပ်ကြီး ဆင်တ်ချာလောယူက တိုင်းပြည်အတွက် ကိုယ်ကျိုးစွန့်၍ အလုပ်အကျွေးပြုကြရန် တိုက်တွန်းသည်။

ဂျာမန် ဒီမိုကရက်တစ် သမ္မတ နိုင်ငံသို့ အလည်အပတ် ရောက်နေသော မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးလှဘုန်းသည် ဂျာမန် ဆိုရှယ်လစ် ညီညွတ်ရေးပါတီ ဗဟိုကော်မီတီ အထွေထွေအတွင်းရေးမှူးနှင့် ဂျာမန်ဒီမိုကရက်တစ် နိုင်ငံတော် ကောင်စီ ဥက္ကဋ္ဌ မစ္စတာ ဟွနက္ကာနှင့် ဘာလင်မြို့တွင် ဆွေးနွေးသည်။

၂၂ အသားအရောင် ခွဲခြားမှု ဆန့်ကျင်ရေး လှုပ်ရှားမှုများကို တောင်အာဖရိက အစိုးရက ဖိနှိပ် ချုပ်ချယ်လိုက်ခြင်းကို အကြောင်းပြုလျက် တောင်အာဖရိက နိုင်ငံအား ထုတ်ပယ်ပစ်ရန် နိုင်ရှိဗီမြို့တွင် အခြေစိုက်သော အာဖရိက တိုက်လုံးဆိုင်ရာ ခရစ်ယန် ဂိုဏ်းများ ညီလာခံက နှိုးဆော် တိုက်တွန်းသည်။

လေယာဉ် ပြန်ပေးဆွဲမှု ဆန့်ကျင်ရေးနှင့် ပတ်သက်၍ ကုလသမဂ္ဂ အထွေထွေ ညီလာခံက အရေးယူ ဆောင်ရွက်လိမ့်မည်ဟု ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် ကုဗားလဟိုင်းက ခန့်မှန်း ပြောဆိုသည်။

၁၉၇၈ ခုနှစ် ကုလသမဂ္ဂ အထွေထွေ ညီလာခံ အစည်းအဝေးကို ဖိလစ်ပိုင် နိုင်ငံ မနီလာမြို့တွင် ကျင်းပရေးအတွက် ကုလသမဂ္ဂ မစ်ရှင်အဖွဲ့ တဖွဲ့သည် မနီလာမြို့သို့ လာရောက်ဖွယ် ရှိသည်ဟု ဖိလစ်ပိုင် အစိုးရက ကြေငြာသည်။

၂၃ အနောက် ဂျာမနီနိုင်ငံသည် ပေါ်ပေါက်လာနိုင်စရာရှိသည့် လေယာဉ်ပြန်ပေးဆွဲသူများ ကြိုတင် နှိမ်နင်းရေးကို ထပ်မံ အရေးယူဆောင်ရွက်လျက်ရှိရာ လုံခြုံရေးလုပ်ငန်း လျော့လျဲသည်ဟု ယူဆရသော နိုင်ငံခြားလေဆိပ် ၁၃ ခုတွင် အစောင့်များ ချထားလိုက်ပြီ ဆို၏။

ဂျပန် နိုင်ငံသည် အရှေ့တောင် အာရှ နိုင်ငံများ၏ ပြဿနာရပ်များအပေါ် အထူး အလေးပေး ဆောင်ရွက်လျက် ရှိသော်လည်း ထိုနိုင်ငံများရှိ အစိုးရများက ဂျပန်နိုင်ငံ၏ စစ်ရေး ကဏ္ဍ ကြီးကျယ်မှုကို ကြိုဆိုမှု မပြုကြောင်းဖြင့် စက်ပူ ဝန်းကြီးချုပ် လီကွမ်ယူက ပြောဆိုသည်။

၂၄ ကုလသမဂ္ဂ၏ ၃၂ ကြိမ်မြောက် နှစ်ပတ်လည် အထိမ်းအမှတ်နေ့ ဖြစ်သည်။

တရုတ် ပြည်လုံးဆိုင်ရာ ပြည်သူ့ ကွန်ဂရက်ပဉ္စမ အကြိမ် ညီလာခံကို လာမည့် နွေဦးရာသီတွင် ကျင်းပမည် ဖြစ်ကြောင်း တရုတ်ပြည် ကွန်မြူနစ် ပါတီ ဥက္ကဋ္ဌ ဟွကိုဖုန်းက ကြေငြာလိုက်ကြောင်း တရုတ်ပြည်သစ် သတင်းဌာနမှ ဖော်ပြသည်။

တောင်အာဖရိကသို့ လက်နက် ရောင်းချမှု ပိတ်ပင်ရန်နှင့် ပရီတိုးရီးယား အစိုးရသို့ ငွေကြေး ထောက်ပံ့မှုကို ထိန်းချုပ်ရန် ကုလသမဂ္ဂ လုံခြုံရေး ကောင်စီ အဖွဲ့တွင် ပါသော အာဖရိက နိုင်ငံများက တောင်းဆိုလိုက်၏။

အနောက် ငါးနိုင်ငံနှင့် တောင်အာဖရိက နိုင်ငံတို့သည် နမီးဗီးယား လွတ်လပ်ရေး ပေးမည့်ရက် အတိအကျ သတ်မှတ်ရန် သဘောတူညီချက် မရခဲ့လျှင် တောင်အာဖရိကအား ကုလသမဂ္ဂက အရေးယူရန် ဘက်မလိုက် နိုင်ငံများက တောင်းဆိုလိုက်၏။

မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးလှဘုန်းသည် ယူဂိုစလားဗီးယား ပြည်ထောင်စု အလုပ် အမှုဆောင် ကောင်စီ ဒုတိယ ဥက္ကဋ္ဌနှင့် နိုင်ငံခြားရေး ဝန်ကြီး မီလို့မီနစ်၏ ဖိတ်ကြားချက် အရ ယူဂိုစလားဗီးယား နိုင်ငံတွင် ချစ်ကြည်ရေး ခရီး လည်ပတ်ရန်ရောက်သည်။

လူသားတို့ အဖို့ ရောဂါပိုးများ သုတ်သင်သည့် ပရိုတိန်း ဓာတ်များ ထုတ်ပေးသော လူ့ကလာပ်စည်းများကို အထောက် အကူပြုမည့် ရီဘိုညူကလစ် အက်စစ် တမျိုး စျေးနှုန်း ချိုသာစွာဖြင့် အလွယ်တကူ ထုတ်လုပ်နိုင်သော နည်းလမ်းကို ဆိုဗီယက် ဆေးသုတေသန ပညာရှင်များက ရှာဖွေ တွေ့ရှိပြီဟု ကြေငြာသည်။

၂၅ အဇ္ဇရီယယ်တို့ သိမ်းပိုက်ထားသော အာရပ် နယ်မြေများ အားလုံးနှင့်တကွ ဂျရူးဆလမ်းမြို့ဟောင်းမှ ရုပ်သိမ်းပေးရေးကို ဆက်လက် ငြင်းဆန်နေပါက နောက်ထပ် အရှေ့ အလယ်ပိုင်း စစ်ပွဲ တရပ်သာ ပေါ်ပေါက်ခဲ့လျှင် အဇ္ဇရီယယ်ကို အစိတ်စိတ် အမွာမွာ ခွဲခြမ်းရန် အသင့်ရှိကြောင်း အီဂျစ် သမ္မတ အနွဝါဆဒတ်က ပြောကြားသည်။

ယူဂိုစလားဗီးယား ပြည်ထောင်စု အစိုးရ ဒုတိယ သမ္မတ စတီဗင်ဒိုယွန်ယက်စကီးသည် ယူဂိုစလားဗီးယားနိုင်ငံသို့ ချစ်ကြည်ရေးခရီး အလည်အပတ် ရောက်နေသော မြန်မာနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီး ဦးလှဘုန်းနှင့်တွေ့ဆုံ ဆွေးနွေးသည်။

၂၆ ဩစတြီးယား သမ္မတ နိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့ ဖြစ်သည်။

ရူမေးနီးယား နိုင်ငံ ဗူခါရက်မြို့၌ ကျင်းပသော ၂၃ ကြိမ်မြောက် အပြည်ပြည် ဆိုင်ရာ ကမ္ဘာ့ ကြက်ခြေနီ အဖွဲ့ အစည်းအဝေး တက်ခဲ့သည့် မြန်မာပြည် ကြက်ခြေနီ အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့သည် ပြန်လည် ရောက်ရှိလာသည်။

မလေးရှား နိုင်ငံ ကွာလာလမ်ပူမြို့တွင် ပြုလုပ်မည့် အရှေ့တောင် အာရှ အားကစား ပြိုင်ပွဲ၌ ပါဝင် ယှဉ်ပြိုင်ရန် အတွက် မြန်မာ လက်ရွေးစင် ဘောလုံးသမား ၁၆ ဦးနှင့် အရန်တဦးကို ရွေးချယ်သည်။

၂၇ အာကာသတွင် လက်နက် အသုံးပြု စမ်းသပ်မှု မလုပ်ရန် အမေရိကန်က အဆိုပြုထားသည့် အထဲက ရုရှက ဂြိုဟ်တု တိုက်ဖျက်ရေး စနစ်ကို ဆက်လက် စမ်းသပ်နေသည့် လက္ခဏာ ရှိသည်ဟု အမေရိကန် ကာကွယ်ရေး ဌာနက ကြေငြာသည်။

အဇ္ဇရီယယ်နှင့် ငြိမ်းချမ်းရေး စာချုပ် ချုပ်ဆိုရေးတွင် သိမ်းပိုက်ထားသော အာရပ် နယ်မြေအားလုံးမှ အဇ္ဇရီယယ်တပ်များ လုံးဝရုပ်သိမ်းရေးနှင့် ပယ်လက်စတိုင် နိုင်ငံထူထောင်ရေးတို့ကို အခြေခံ အဖြစ် လက်ခံရမည်ဟု အီဂျစ် နိုင်ငံခြားရေး ဝန်ကြီးဖာမီက ထုတ်ဖော်ပြောကြားသည်။

၁၉၇၇ ခုနှစ် မြစ်ရပ်များ

ပယ်လက်စတိုင်အခွင့် အရေးမျှားနှင့် ပတ်သက်၍ ကုလသမဂ္ဂ လုံခြုံရေး ကောင်စီဆွေးနွေးပွဲကို စတင်ပြုလုပ်သည်။အစည်းအဝေး၌ ပယ်လက်စတိုင်လွတ်မြောက်ရေး အဖွဲ့ ပါဝင်သဖြင့် အင်္ဂရိယယ်က အစည်းအဝေးကို သပိတ်မှောက်သည်။

၂၈ ဥရောပဘုံစျေးအဖွဲ့တွင် ဌေကြေး တမျိုးတစားတည်း သုံးရေး စနစ်ကိုတိုးထွင်ရန် ဥရောပဘုံစျေးအဖွဲ့ ဥက္ကဋ္ဌ ရှိုင်းဂျင်ကင်းက တိုက်တွန်းသည်။

ပနားမားနိုင်ငံ၌ ပနားမား တူးမြောင်းစာချုပ်နှင့် စပ်လျဉ်း၍ နောက်ဆုံး မဲဆန္ဒပေးရာတွင် နိုင်ငံရှိ မဲပေးနိုင်ခွင့် ရှိသူ ၉၆ ရာခိုင်နှုန်းအနက် ထောက်ခံ အတည်ပြုသူ နှစ်ဆ တဆကျော်ဖြင့် အတည်ပြု မဲပေးလိုက်သည်။

တောင်အာဖရိက နိုင်ငံအား လက်နက်ရောင်းချမှု တားဆီး ပိတ်ပင်ရေး ပြဋ္ဌာန်းရာတွင် ဗြိတိန်က ပါဝင် ဆောင်ရွက်မည်ဟု ကုလသမဂ္ဂ လုံခြုံရေး ကောင်စီ၌ ဗြိတိန် သံအမတ်ကြီး အိုင်ဗာရစ်ချဒ်က ကြေငြာသည်။

၁၉၆၇ ခုနှစ်စစ်ပွဲ အပြီး သိမ်းပိုက်ထားသော အာရပ် နယ်မြေများတွင် အင်္ဂရိယယ်တို့ အိုးအိမ် ထူထောင်မှုကို ပြင်းထန်စွာ ကန့်ကွက်ကြောင်းဆုံးဖြတ်ချက်ကို ကုလသမဂ္ဂအထွေထွေ ညီလာခံ၌ အမေရိကန်တို့ မဲမပေးပဲနေခြင်းမှ တပါး တညီတညွတ်တည်း ဆုံးဖြတ်လိုက်သည်။

၂၉ တူရကီသမ္မတနိုင်ငံ၏နှစ်ပတ်လည်အမျိုးသားနေ့ ဖြစ်သည်။

ရုရှနိုင်ငံသည် မြေအောက် နျူးကလီးယား စမ်းသပ် ဖောက်ခဲ့မှု နှစ်ခုကို ပြုလုပ်ကြောင်း အမေရိကန် အနုမြူ စွမ်းအင် စုံစမ်းရေး စနစ်က တွေ့ရသည်။

အမေရိကန်၏ အာကာသ လွှန်းပျံယာဉ် အင်တာပရိုက်စ အလွတ်ပျံသန်းမှု စမ်းသပ်ရေး လုပ်ငန်း ပြီးဆုံးသွားသည်။

ဆရာဝန်များနှင့် တကွ လူနာများပါ ပဋိဇီဝ ဆေးများကို ရောဂါ အမျိုးအစား မခွဲပဲ သုံးစွဲနေခြင်း လျော့သင့်သည်ဟု ကမ္ဘာ့ကျန်းမာရေး အဖွဲ့က သတိပေးလိုက်သည်။

၃၀ ရိုဒီးဇီးယားနှင့် ဇမ္ဘီးယား တပ်သားများသည် နယ်စပ် တိုက်ပွဲ ပြင်းထန်စွာ ဖြစ်ပွားခဲ့သည်။ ရိုဒီးဇီးယား နယ်ထဲသို့ ဝင်ရောက်သော လူမည်း အမျိုးသားရေး ပြောက်ကျား ၂၆ ဦးကိုလည်း သုတ်သင်ခဲ့သည်ဟုရိုဒီးဇီးယား စစ်ဌာနချုပ်မှ ကြေငြာသည်။

အရှေ့အလယ်ပိုင်းသို့ ငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်များ စေလွှတ်ပေးမည် မဟုတ်ဟု အမေရိကန် နိုင်ငံခြားရေး ဝန်ကြီးဆိုင်းရပ်ဗန့်စက ပြောသည်။

အိန္ဒိယ သမုဒ္ဒရာတွင် အမေရိကန်နှင့် ရုရှ စစ်တပ်များ ရုပ်သိမ်းပေးရန် တရုတ်ပြည်က ပြင်းပြင်းထန်ထန် တောင်းဆိုလိုက်သည်။

နိုင်ငံခြားရေး ဝန်ကြီး ဦးလှဘုန်းသည် နှယူးယောဂ်မြို့တွင် ကျင်းပသော ၃၂ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေ ညီလာခံသို့ တက်ရောက်ပြီးနောက် ဂျာမန် ဒီမိုကရက်တစ် သမ္မတ နိုင်ငံနှင့် ယူဂိုစလားဗီးယား သမ္မတ နိုင်ငံတို့သို့ ညွှန်ကြားတော်အဖြစ် ခွစ်ကြည်ရေး အလည်အပတ် သွားရောက်ခဲ့ပြီး ရန်ကုန်မြို့သို့ ပြန်လည် ရောက်ရှိလာသည်။

၃၁ မျိုးရိုးဗီဇတခုကို သက်ရှိတမျိုးမှ အခြား သက်ရှိ တမျိုးသို့ ပြောင်းပေးပြီး သက်ရှိ မျိုးသစ်ရရှိစေရန် ကာလရှည်ကြာစွာ စမ်းသပ်နေသော မစ်ရှီဂန် တက္ကသိုလ်မှ သုတေသန ပညာရှင်များအား ဆက်လက် လုပ်ကိုင်ကြရန် ခွင့်ပြုလိုက်ပြီဟု သိရသည်။ ယင်းဇီဝရုပ် ဖော်ထုတ်ရေး သုတေသနသည် စက်မှု လုပ်ငန်းသို့မဟုတ် ဆေးပညာ အထူးသဖြင့် ကင်ဆာရောဂါ လေ့လာရေးတွင် အသုံးဝင်မည်ဟု သိရ၏။

အသားအရောင် ခွဲခြား အုပ်ချုပ်ခြင်းကို ဆန့်ကျင်သောအဖွဲ့အစည်းများနှင့် သတင်းစာများကို တောင်အာဖရိကအစိုးရက ပိတ်ပင်လိုက်သည့် အမိန့် ရုပ်သိမ်းပေးရန်နှင့် နိုင်ငံရေး အကျဉ်းသမားများ အားလုံး လွှတ်ပေးရန် ကုလသမဂ္ဂလုံခြုံရေး ကောင်စီက တညီတညွတ်တည်း ဆုံးဖြတ် တောင်းဆိုသည်။

လူအများ အစုလိုက် အပြုံလိုက် သေကြေပျက်စီးစေနိုင်သည့် လက်နက်သစ်များ ထုတ်လုပ်မှုနှင့် ပိတ်ပင် တားဆီးရေး အဆို မူကြမ်းတရပ်ကို ကုလသမဂ္ဂ အထွေထွေ ညီလာခံ၏ ပထမကော်မီတီသို့ ဟန်ဂေရီ၊ ရုရှနှင့် ဂျာမန် ဒီမိုကရက်တစ် သမ္မတ နိုင်ငံ ကိုယ်စားလှယ်များက တင်သွင်းလိုက်သည်။

နိဝင်ဘာလ

၁ အယ်လ်ဂျီးရီးယား နိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့ ဖြစ်သည်။

အမေရိကန် ပြည်ထောင်စုသည် အပြည်ပြည် ဆိုင်ရာ အလုပ်သမား အဖွဲ့ဝင်အဖြစ်မှ ထွက်တော့မည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ကာတာက ကြေငြာသည်ဟု ကုလသမဂ္ဂဥရောပ ရုံးဆိုင်ရာ အမေရိကန် သံအမတ်က ပြော၏။

ပင်လယ်နက်၏ တူရကီ အပိုင်းတွင် ကမ္ဘာ့အကြီးဆုံးဟု ယူဆရသော ယူရေနီယံ သတ္တုသိုက်ကြီးကို ဟမ်းဗို့ တက္ကသိုလ် သိပ္ပံ ပညာရှင်များက တွေ့ရှိထားသည်ဟု တက္ကသိုလ် သတင်းကြေငြာချက်တွင် ဖော်ပြထား၏။

မြန်မာနိုင်ငံတွင် သတ္တု တူးဖော်ရေး ကဏ္ဍ၌ ယူအင်ဒီပီနှင့် ကုလသမဂ္ဂ ကျွမ်းကျင်မှု ပူးပေါင်း ဆောင်ရွက်ရေး အဖွဲ့တို့၏ ကျွမ်းကျင်မှု အကူအညီ စီမံကိန်းများကို ပြန်လည်စိစစ်သွားရန်အတွက် ကုလသမဂ္ဂ ပါရဂူ အဖွဲ့ဝင်များ ရန်ကုန်မြို့သို့ ရောက်သည်။

၂ အောက်တိုဘာတော်လှန်ရေး နှစ် ၆၀ ပြည့် အထိမ်းအမှတ် အစည်းအဝေး အခမ်းအနားကို ရုရှကွန်မြူနစ်ပါတီ ဗဟို ကော်မီတီ၊ ဆိုဗီယက် ဦးစီး လွှတ်တော်တို့က ကြီးမှူးပြီး ကရင်မလင်တွင် ကျင်းပသည်။

အရှေ့ အလယ်ပိုင်းနှင့် စပ်လျဉ်းပြီး အလွန်အကျဲ လုပ်ရပ်နှင့် အတွေ့လွန်ကဲမှုများကို အမေရိကန် သမ္မတ ကာတာက သတိပေးလိုက်သည်။ အင်္ဂရိယယ်၏ နောက်တွင် အမေရိကန်က အမြဲတမ်း ရပ်တည်နေသော်လည်းပယ်လက်စတိုင် အခွင့်အရေးများကို လေးစားရမည်ဟု ယေဟူဒီပရိသတ်အား ပြောကြားလိုက်၏။

အသားအရောင် ခွဲခြားခြင်း စနစ် ဆန့်ကျင်သည့် အတိုက်အခံများကို တောင်အာဖရိက အစိုးရက မကြာမီက နှိပ်ကွပ်ခဲ့သည်များကို ဆန့်ကျင်သည့် အနေနှင့် တောင်အာဖရိကရှိ အမေရိကန် သံရုံးမှ ရေတပ်နှင့် ကုန်သွယ်ရေး သံမှူးများကို ပြန်ခေါ်မည်ဟု အမေရိကန်နိုင်ငံခြားရေး ဝန်ကြီး ဆိုင်းရပ်ဗန့်စက ကြေငြာ၏။

၇ ရိုဒီးဇီးယားနိုင်ငံရှိ လူမျိုးအားလုံးအတွက် အနာဂတ် ကာလတွင် လုံခြုံမှု အာမခံနိုင်မည့် ရိုဒီးဇီးယား နိုင်ငံ လွှတ်လပ်ရေး ပေးရေး ဥပဒေကို ဗြိတိန်အစိုးရက ပြဋ္ဌာန်းပေးရန်အသင့် ရှိကြောင်းဖြင့် ဗြိတိန်ဘုရင်မ အယ်လစ်ဇဗက်က ကြေငြာသည်။

အရှေ့ အလယ်ပိုင်း ဒေသတွင် စစ်မှန်သော ငြိမ်းချမ်းမှု ရရှိရေးမှာ အမေရိကန်နှင့် အင်္ဂရိယယ် နှစ်နိုင်ငံ တရင်းတနှီး ပူးပေါင်း ဆောင်

၁၉၇၇ ခုနှစ် ဖြစ်ရပ်များ

ရွက်ရေးဖြင့်သာ အောင်မြင်နိုင်သည်ဟု ကမ္ဘာ့ယေဟူဒီ ကောင်စီ ညီလာခံ၌ အမေရိကန် နိုင်ငံခြားရေး ဝန်ကြီးဟောင်း ဟင်နရီ ကစ်ဆင်းဂျားက ပြောကြားသည်။

၄ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံများ အနေဖြင့် တောင်အာဖရိက နိုင်ငံ၏ လူဖြူ အစိုးရ သို့ လက်နက်များ လုံးဝ မရောင်းချရန် ကုလသမဂ္ဂ လုံခြုံရေး ကောင်စီက အမိန့် ချမှတ်လိုက်သည်။ ကုလသမဂ္ဂ အဖွဲ့ဝင် နိုင်ငံ တနိုင်ငံ အပေါ် ၌ ယခုကဲ့သို့ အမိန့် အာဏာဖြင့် ဝိုင်းပယ် အရေးယူခြင်းမှာ ပထမအကြိမ် ဖြစ်သည်။

ကမ္ဘာ့ အလုပ်သမား အဖွဲ့သည် နိုင်ငံရေး အဖဲ့အစည်းလည်း မဟုတ်၊ ကွန်မြူနစ်နိုင်ငံတို့၏ လွှမ်းမိုးမှု ခံရသည် ဆိုသည်မှာလည်း မဟုတ်ဟု အိုင်အယ်အို ညွှန်ကြားရေးမှူးချုပ် ဖရန်စစ်ဗလန်ချတ်က ကြေငြာသည်။

အိန္ဒိယ ဝန်ကြီးချုပ် မိုရာဂျီ ဒေဆိုင်း (၈၁-နှစ်) စီးနင်း လိုက်ပါသော လေတပ် လေယာဉ်သည် အာသံပြည်နယ်တွင် ရာသီဥတု ဆိုး၍ လယ်ကွင်းထဲသို့ ထိုးဆင်းရာ ဝန်ကြီးချုပ် ဒေဆိုင်းသည် ဒဏ်ရာအနည်းငယ်သာရသွားသည်။ လေယာဉ် အမှူထမ်း ငါးဦး သေဆုံးပြီး အခြားလိုက်ပါသူ အချို့လည်း ဒဏ်ရာရသွားသည်။

၅ သဘာဝယူရေနီယံကို ၃၅ ရာခိုင်နှုန်း ပေါက်ကွဲစေနိုင်သည့် ယူရေနီယံ ပါဝင်လာစေရန် လေဇာရောင်ခြည်အသုံးပြုခြင်းဖြင့် အောင်မြင်စွာ သန့်စင်နိုင်ပြီဟု ဂျာမန် သိပ္ပံပညာရှင်တစုက ကြေငြာသည်။

ဖရက်ကာ ဒေသတွင် ဂင်္ဂါမြစ်ရေကို ခဲဝေသုံးစွဲရေးနှင့် စပ်လျဉ်း၍ တရားဝင် သဘောတူညီချက်ကိုလက်မှတ်ရေးထိုးလိုက်သည်။ယင်း စာချုပ်သည် ငါးနှစ် သက်တမ်းရှိမည်ဟု ဆို၏။

ကမ္ဘာ့ဘဏ်၏ တွဲဘက် အဖွဲ့အစည်း တခု ဖြစ်သော အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေး အဖဲ့မှ မြန်မာနိုင်ငံသို့ သီးနှံမျိုးစေ့ ဖွံ့ဖြိုးရေး စီမံချက်အတွက် ဒေါ်လာ ၅ ဒသမ ၅ သန်း ချေးငှားခဲ့ရာ ယင်းစီမံချက်သည် မြန်မာ့လယ်ယာ လုပ်သား ခုနစ်သိန်းကို အကျိုးပြုမည် ဖြစ်ကြောင်း သိရသည်။

၆ အမေရိကန်နိုင်ငံ တင်နက်ဆီပြည်နယ်တွင် နျူးကလီးယား ပြန့်ပွားရေး ဓာတ်ပေါင်းဖို တည်ဆောက်ရန် ဒေါ်လာ သန်း ၈၀ အသုံးပြုခွင့် ပေးထားသော ကွန်ဂရက် ပြဋ္ဌာန်းချက်ကို အမေရိကန် သမ္မတ ကာတာက ၎င်း၏ သမ္မတ သက်တမ်းတွင် ပထမဆုံး ဗီတိုအာဏာသုံး၍ ပယ်ချလိုက်သည်။

အမေရိကန်က ဂြိုဟ်တုဖျက် ဂြိုဟ်တုများကို တိုက်ဖျက်ရာတွင် အသုံးချနိုင်မည့် အင်အားကြီးမားသော လေဇာရောင်ခြည် လက်နက် အတတ်ပညာကို တိုးတက် တီထွင်ထားပြီဟု အမေရိကန် ကာကွယ်ရေး ဌာန ပြောဆိုခွင့် ရှိသူ တဦးက ပြောကြားသည်။

၇ ရုရှနိုင်ငံ၏ အကြိမ် ၆၀ မြောက် မဟာအောက်တိုဘာ ဆိုရှယ်လစ် တော်လှန်ရေး နှစ်ပတ်လည်နေ့ ဖြစ်သည်။

ကုန်ကြမ်း ပစ္စည်းများအတွက် ကမ္ဘာ့စျေးကွက်များနှင့် စျေးနှုန်းများ တည်ငြိမ်အောင် ထိန်းသိမ်းရန် ရည်ရွယ်သော အခြေခံ လူသုံးကုန်ပစ္စည်း သဘောတူညီချက်များကို ဘဏ္ဍာရေး အကူအညီပေးရေး အတွက် အပြည်ပြည် ဆိုင်ရာ အပြန်အလှန် ကူညီရေး ရန်ပုံငွေတရပ် ဖွဲ့စည်းရန် ကမ္ဘာ့ ကြွယ်ဝ ချမ်းသာသော နိုင်ငံများက တရားဝင် အဆိုပြုလိုက်သည်။

၈ တောင်အာဖရိက နိုင်ငံအား လက်နက် ရောင်းချမှု တားဆီး ပိတ်ဆို့ရေးကို ကုလသမဂ္ဂမှ ပြဋ္ဌာန်းပြီးသည့်နောက်တွင် ပြင်သစ်ပြည်၌ တည်ဆောက်လျက် ရှိသော တောင်အာဖရိက နိုင်ငံအတွက် စစ်သင်္ဘော လေးစင်းကို တည်ဆောက် ပြီးပါက တောင်အာဖရိကသို့ လွှဲပြောင်း ပေးမည် မဟုတ်ကြောင်းဖြင့် ပြင်သစ် ကာကွယ်ရေး ဌာနက ကြေငြာသည်။

ကုလသမဂ္ဂ၏ အကြံကို ကြိုတင် ရိပ်မိနိုင်ခဲ့သည့် အလျောက် တောင်အာဖရိက အပေါ် လက်နက် ပိတ်ပင်သည့် အမိန့် မထုတ်ပြန်မီကပင် ပြည်တွင်း လက်နက် ဖုံးလုံရန် လုပ်ဆောင်ထားပြီး ဖြစ်ကြောင်း ဝန်ကြီးချုပ် ဂျန်ဖော့စတာက လူထုအစည်းအဝေးတခု၌ ပြောသည်။

နေစကြဝဠာ အတွင်းတွင် ယခင်က မတွေ့ခဲ့သေးသော ဒဿမမြောက် ဂြိုဟ်ဟု ယူဆရသော အရာကို ပါဆာဒီနာမြို့ စက်မှု တက္ကသိုလ်မှ နက္ခတ္တဗေဒ ပညာရှင် ချားလက်ဝေါလက တွေ့ထားသည်ဟု ယင်းတက္ကသိုလ်မှ ပြောရေး ဆိုခွင့်ရှိသူ တဦးက ပြောသည်။

၉ အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး ထူထောင်ရန် အတွက် ဆိုလျှင် အင်ဇရီယယ် ပါလီမန်အထိ သွားရောက် ဆွေးနွေးရန် အသင့်ရှိပါကြောင်းဖြင့် အိဂျစ် သမ္မတ အန္နဝါဆဒတ်က ပါလီမန် အစည်းအဝေးတွင် ထုတ်ဖော်ပြော၏။

စိုက်ပရပ် ကျန်းပေါ်မှ တူရကီ တပ်ဖွဲ့များကို ရုပ်သိမ်းပေးရန် ကုလသမဂ္ဂ အထွေထွေ ညီလာခံက တူရကီ အစိုးရသို့ တိုက်တွန်းသည်။

လက်ဗန္ဓနှင့် တောင်ပိုင်းမြို့များနှင့် ပယ်လက်စတိုင် ဒုက္ခသည် စခန်းများကို အင်ဇရီယယ်က လေကြောင်း၊ ရေကြောင်းမှနေပြီး အပြင်းအထန် တိုက်ခိုက်သည်။

၁၀ အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးအတွက် ဆွေးနွေးရန် ဂျဂျားဆလမ်မြို့သို့ လာမည်ဟု သော အိဂျစ် သမ္မတ ဆဒတ်၏ ပြောဆိုချက်သည် စကား အဖြစ်မျှသာ မဟုတ်လျှင် မိမိကြိုဆိုပါကြောင်းဖြင့် အင်ဇရီယယ် ဝန်ကြီးချုပ် ဗယ်ဂင်က ပြောသည်။

ထိုင်းနိုင်ငံ၏ လေးနှစ်တွင် ပဉ္စမ အကြိမ်မြောက် အတည်ပြုလိုက်သော နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ထိုင်းဘုရင် ဖူမိဗုန်က ကြေငြာလိုက်သည်။

ရိုဒီးဇီးယားပြဿနာ ဖြေရှင်းရေး အတွက် တင်ပြထားသော အင်္ဂလိပ် အမေရိကန် ဖြေရှင်းရေး မူနှင့် စပ်လျဉ်းသည့် လောလောဆယ် ဆွေးနွေး စေ့စပ်ပွဲတွင် ရိုဒီးဇီးယားက အမြော်အမြင် ကြီးမားမှုကို ပြသမည်ဟု ရိုဒီးဇီးယား ဝန်ကြီးချုပ် အီယန်စမစ်က ပြော၏။

၁၁ ကုလသမဂ္ဂ အဖွဲ့ဝင် နိုင်ငံများ၏ ကုလသမဂ္ဂ ရသုံး ခန့်မှန်းခြေ ငွေစာရင်းသို့ ထည့်ဝင်ကြေးများ သတ်မှတ်ပေးသည့် ဗဟိုကော်မီတီမှ ဗြိတိန်နိုင်ငံ ပြုတ်သွားသည်။

ရိုဒီးဇီးယားနိုင်ငံ အပေါ် စီးပွားရေးအရ အရေးယူမှုများကို နောက်တန့်စ် တိုးမြှင့် သတ်မှတ်ရန် ဗြိတိန် အောက်လှတ်တော်က ဆုံးဖြတ်သည်။

ထိုင်းနိုင်ငံ၏ ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ကရိယင်ဆက်ချာမာနန်အား နိုင်ငံတော် ဝန်ကြီးချုပ် အဖြစ် ခန့်အပ်လိုက်၏။

လက်ဗန္ဓနှင့် တောင်ပိုင်းရှိ ပယ်လက်စတိုင် ကွန်မင်ဒို စခန်းများကို အင်ဇရီယယ် လေယာဉ်များက ဒုတိယအကြိမ် တိုက်ခိုက်ပြန်သည်။

၁၂ နျူးကလီးယားပစ္စည်းများ ပြန်ပေးမဆွဲနိုင်အောင် တားဆီးရေးအတွက် တင်းကျပ်သော နိုင်ငံတကာ လမ်းညွှန်မှုများကို နိုင်ငံပေါင်း ၄၀ ကျော်မှ ပါရဂူများက အပြည်ပြည်ဆိုင်ရာ အနုမြူစွမ်းအင်အဖွဲ့ ဌာနချုပ်တွင် နှစ်

ပတ်ကြာ ဆွေးနွေးပြီးနောက် သဘောတူလိုက်ကြ၏။

တတိယကမ္ဘာ့နိုင်ငံများသည် ရိက္ခာအတွက် ကိုယ့်နိုင်ငံအင်အားကို ပထမဦးဆုံး ဦးစားပေးအားထား ဆောင်ရွက်ကြရန် ကမ္ဘာ့ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ညွှန်ကြားရေးမှူး အက်ဒွပ်ဆအူးမားက ရောမမြို့၌ ဖွင့်လှစ်သော ၁၉ ကြိမ်မြောက်ညီလာခံတွင်ပြောကြားသည်။

ရုရှသမ္မတနှင့် ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူးချုပ် ဗရက်ဇညက်အား ရုရှလက်နက်ကိုင်တပ်ဖွဲ့များ၏ စစ်သေနာပတိချုပ်အဖြစ် ကာကွယ်ရေး ဝန်ကြီးဌာနက ထုတ်ဝေသော စစ်ဖက် မဂ္ဂဇင်းတွင် ပထမဆုံးအကြိမ်တရားဝင် ဖော်ပြထားသည်။

၁၃ အန်ဂိုလာလူမည်းခေါင်းဆောင်အဂေါ့စတင်ဟိုနက်တိုအား လီနင် ငြိမ်းချမ်းရေး ဘွဲ့တံဆိပ်ကို လူအန်းဒါးမြို့တွင် အခမ်းအနားဖြင့် ဂုဏ်ပြု ချီးမြှင့်လိုက်သည်ဟု အန်ဂိုလာမြို့တော်ရှိ တာ့စ် သတင်းထောက်က သတင်းပေးသည်။

အာဖရိကတိုက် အရှေ မြောက်ဖျား ပြည်တွင်းရေးများတွင် ရုရှနှင့် ကျူဗားနိုင်ငံတို့က ပြောင်ပြောင်တင်းတင်း ဝင်ရောက်စွက်ဖက် နေသည်ဟု ဆိုမာလီနိုင်ငံက စွပ်စွဲပြီး ထောင်ပေါင်း များစွာသော ရုရှ ကျွမ်းကျင်သူများနှင့် ကျူဗား အမျိုးသားများကို ပြည်နှင်ဒဏ်ပေးလိုက်သည့်အပြင် ဆိုမာလီရှိ ရုရှ၏ ကြည်း၊ ရေ၊ လေ စစ်ရေး ယန္တရားများ အားလုံးကို ရုပ်သိမ်းစေလိုက်ပြီး နှစ်နိုင်ငံ ချစ်ကြည်ရေး စာချုပ်ကိုလည်း ဖျက်သိမ်းလိုက်သည်။

၁၄ အရှေအလယ်ပိုင်း ငြိမ်းချမ်းရေးအလားအလာများနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် ဖိတ်ကြားမည်ဆိုပါက အဇ္ဇရီယယ်နိုင်ငံသို့ ရက်သတ္တတပတ်အတွင်းသွားရောက်ရန်အသင့်ရှိကြောင်း အီဂျစ်သမ္မတ အနွဝါဆဒတ်က ပြောကြား၏။

ရိုဒီးဇီးယား ဝန်ကြီးချုပ် အီယန်စမစ်အား ဖယ်ရှားရေး ကိစ္စကို ဗြိတိန်က သဘောမတူသဖြင့် အင်္ဂလိပ်နှင့် အမေရိကန်တို့၏ ရိုဒီးဇီးယား ပြဿနာ ဖြေရှင်းရေး စီမံကိန်းမှာ လိပ်ခဲတင်းလင်း ဖြစ်နေကြောင်း ရိုဒီးဇီးယား တိုင်းရင်းသား ခေါင်းဆောင် ဂျိရှုကာအင်ကိုမိုက လူဆာကာမြို့၌ ပြောကြား၏။

မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ် ပါတီ အရေးပေါ် ပါတီညီလာခံကို မင်္ဂလာဒုံ ဗဟို နိုင်ငံရေး တက္ကသိုလ် ဝင်းအတွင်းရှိ ညီလာခံ ခန်းမ ဆောင်တွင် ကျင်းပသည်။

၁၅ အီဂျစ်သမ္မတ အနွဝါဆဒတ်အား ဂျရူးဆလမ်းမြို့သို့ လာရောက် လည်ပတ်ရန် ဖိတ်ကြားသည့် သဝဏ်လွှာကို ယနေ့ ညနေပိုင်းတွင် ပို့ပေးမည် ဖြစ်ကြောင်းနှင့် အလားတူ ဖိတ်ကြားစာများကို ဆီးရီးယား သမ္မတ အာဆတ်၊ ဂျော်ဒန်ဘုရင် ဟူစိန်နှင့် လက်ဗနွန် သမ္မတ ဆားကစ်တို့ထံသို့လည်း ပေးပို့ထားပြီး ဖြစ်ကြောင်း အဇ္ဇရီယယ် ဝန်ကြီးချုပ် ဗယ်ဂင်က လွှတ်တော်တွင် ပြောကြား၏။

အီဂျစ် သမ္မတ ဆဒတ်က အဇ္ဇရီယယ်၏ ဖိတ်ခေါ်ချက်ကို အမေရိကန်မှတဆင့် ရရှိသည်နှင့် တပြိုင်နက် အမြန်ဆုံးခရီး စထွက်ရန် အသင့်ရှိသည်။ မိမိသည် အဇ္ဇရီယယ် လွှတ်တော်၌ ပြောဆိုသော အခါတွင် အီဂျစ် တနိုင်ငံတည်း၏ ကိုယ်စားသာ ပြောဆိုမည်ဟုပြောသည်။

ကုလသမဂ္ဂ ဆိုင်ရာ လစ်ဗျနိုင်ငံ ကိုယ်စားလှယ် ကီခီယာက ဂျရူးဆလမ်းမြို့သို့ အီဂျစ်သမ္မတ ဆဒတ် သွားရောက် လည်ပတ်မည့် အစီအစဉ်ကို ပြင်းထန်စွာ ဝေဖန်လိုက်သည်။

၁၆ အရှေအလယ်ပိုင်း၌ နျူးကလီးယား ကင်းဝေးရေး ဇုံ ထူထောင်မည့် လုပ်ငန်း တိုးချဲ့ရန် ရည်ရွယ်သည့် ဆုံးဖြတ်ချက်ကို ကုလသမဂ္ဂ အထွေထွေညီလာခံ၏ အဓိက နိုင်ငံရေးကော်မီတီက ဆုံးဖြတ်လိုက်သည်။ အဇ္ဇရီယယ် နိုင်ငံ တနိုင်ငံ တည်းသာ မဲမပေးပဲနေသည်။

အစုလိုက် အပြုံလိုက် သေကြေ ပျက်စီးစေနိုင်သော လက်နက်သစ်များ တိုးတက် ထုတ်လုပ်ရေးကို တားမြစ် ရပ်စဲရန် ရည်ရွယ်သော ဆုံးဖြတ်ချက် နှစ်ရပ်ကို ကုလသမဂ္ဂအထွေထွေညီလာခံက အတည်ပြု ပေးလိုက်သည်။

၁၇ အဇ္ဇရီယယ် နိုင်ငံသို့ မိမိသွားမည့် ခရီးစဉ်ကို သမ္မတ အာဆတ်က ကန့်ကွက်သည့်တိုင် မိမိသွားမည်ဟု အီဂျစ်သမ္မတ ဆဒတ်က ကြေငြာသည်။ ဆဒတ်က အဇ္ဇရီယယ် နိုင်ငံသို့ သွားမည်ဖြစ်ကြောင်း ကြေငြာလိုက်သဖြင့် အာရပ်ကမ္ဘာ တခုလုံးလှုပ်လှုပ်ရှားရှားဖြစ်သွား၏။

ကပ်ရောဂါဆိုးများ ဖြစ်ပွားအောင် ဖန်တီးသည့် ဗိုင်းရပ်နှင့် ဗက်တီးရီးယား ပိုးများသည် အာကာသ ကြယ်တံခွန်များမှနေ၍ ကမ္ဘာမြေကြီးသို့ ရောက်ရှိခဲ့ခြင်း ဖြစ်နိုင်သည်ဟု နက္ခတ်ပညာရှင် ဆာဖရက် ပရွိုင်းနှင့် ပါမောက္ခ ချန္ဒရာဝိလာရာမ သိင်္ဂီတို့က သိပ္ပံပညာရှင်သစ် ဂျာနယ်တွင် ဖော်ပြလိုက်သည်။

မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီ အရေးပေါ် ပါတီညီလာခံ စတုတ္ထနေ့နှင့် နောက်ဆုံးနေ့



အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မာရသွန်ရွှေတံဆိပ်ဆုရှင် ခင်စိုး

အစည်းအဝေး ကျင်းပသည်။ တတိယနေ့က ရွေးချယ်ခဲ့သော ဗဟိုကော်မီတီဝင် ၂၅၀ ၏ စာရင်းကို ကြေငြာသည်။

၁၈ အီဂျစ်သမ္မတ အနွဝါဆဒတ်၏ အဇ္ဇရီယယ် နိုင်ငံသို့ လာရောက်ရန် ခရီးစဉ်ကို စီစဉ်ရာတွင် ရူမေးနီးယား သမ္မတ ချော်ဆက် စကူက ပါဝင် ဆောင်ရွက်ပေးခဲ့သည်ဟု အဇ္ဇရီယယ် ဝန်ကြီးချုပ် ဗယ်ဂင်က ပြော၏။

အနောက်ဂျာမနီအာဏာရ ဆိုရှယ်လစ် ဒီမိုကရက်တစ်ပါတီ၏ ဥက္ကဋ္ဌအဖြစ် အနောက်ဂျာမနီ ဝန်ကြီးချုပ်ဟောင်း ဝီလီဗရန့်အား ပါတီညီလာခံက ရွေးချယ် တင်မြှောက်သည်။

ရုရှ၏ဆာယု ဂြိုဟ်တုနှင့် အမေရိကန်၏ အာကာသ လွန်းပျံယာဉ်တို့ ပါဝင်သောပူးတွဲ အာကာသ စူးစမ်းရေးအစီအစဉ်ကို ရုရှနှင့် အမေရိကန် သိပ္ပံပညာရှင်တို့က လေ့လာလျက် ရှိသည်ဟု တာ့စ် သတင်းဌာနက ကြေငြာသည်။

၁၉ ကိုးကြိမ်မြောက် အရှေတောင် အာရှအားကစား ပြိုင်ပွဲကို မလေးရှားဘုရင် ရန်းဒီပါတူအင်အဂွန်က ဖွင့်လှစ်ပေးလိုက်သည်။ ဖွင့်ပွဲအခမ်းအနားသို့ မလေးရှား၊ စင်္ကာပူ၊ ထိုင်း၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ မြန်မာနှင့် ဗရူးနေးနိုင်ငံတို့မှ အားကစား အဖွဲ့ဝင်ပေါင်း ၂၀၀၀ ကျော် တက်ရောက်ကြသည်။

အိန္ဒိယ နိုင်ငံ တမီးလနဒူး ပြည်နယ်တွင်

၁၉၇၇ ခုနှစ် ဖြစ်ရပ်မျှား

အင်အားကောင်းသော မုန်တိုင်းကြီး တပတ်ကြာ တိုက်ခိုက်ခဲ့ရာ လူပေါင်း ၁၅၀၀ ကျော် သေဆုံးခဲ့သည်။

ဂျပန်နှင့် အရှေ့တောင်အာရှ နိုင်ငံများအဖွဲ့ (အေစီယင်) ဝင် ငါးနိုင်ငံ အကြား စီးပွား ပူးပေါင်းရေး၊ ကုန်သွယ်ရေးနှင့် ယဉ်ကျေးမှု ဆက်သွယ်ရေးများကို တိုးမြှင့် ဆောင်ရွက်သွားရန် နည်းလမ်းများနှင့် စပ်လျဉ်းပြီး သက်ဆိုင်ရာ အစိုးရ အဖွဲ့များကို ကိုယ်စားပြုရေး အတွက် သဘောတူသော အစည်းအဝေးမှတ်တမ်းများကို အတည်ပြု လက်ခံပြီးနောက် ဂျပန်နှင့် အေစီယင်၏ နှစ်ရက်ကြာ အစည်းအဝေး ပြီးဆုံးသွား၏။

၂၀ ချမ်းသာသော နိုင်ငံများရော ဆင်းရဲသော နိုင်ငံများပါ ပိုမိုကောင်းမွန်သည့် ကျန်းမာရေးအခြေအနေများ ဖန်တီးရန်မှာ ဆရာဝန်များနှင့် စရိတ် အကုန်အကျများသော ဆေးဝါးများ ပိုမို အသုံးပြုခြင်းထက် ပတ်ဝန်းကျင် ညစ်ညမ်းမှုများကို တိုက်ဖျက်ခြင်းဖြင့် အောင်မြင်မှု များစွာရရှိနိုင်သည်ဟု ကုလသမဂ္ဂပတ်ဝန်းကျင် စီမံကိန်း အတွက် လေ့လာ တင်သွင်းသည့် အစီရင်ခံစာ၌ ဖော်ပြထားသည်။

အင်ဂရီယယ် ဝန်ကြီးချုပ် မီနာချင်ဗယ်ဂင်နှင့် ဆွေးနွေးရန်အပြင် အင်ဂရီယယ်ပါလီမန်တွင် မိန့်ခွန်း ပြောကြားရန်နှင့် ငြိမ်းချမ်းရေး လုပ်ငန်းများ အတွက် အီဂျစ် သမ္မတ အန္နဝါဆဒတ် သည် အင်ဂရီယယ် နိုင်ငံသို့ လေကြောင်း ခရီး ဖြင့် ရောက်ရှိလာသည်။

၂၁ အသက် ကြီးသူများနှင့် နမိုးနီးယား ရောဂါ နာတာရှည် ဖြစ်နေသူများအား ကုသ ကာကွယ်ပေးမည့် နမိုးဘက်ဟု အမည်ပေးထား သော ထိုးဆေးသစ်တမျိုးကို အမေရိကန် စား နပ်ရိက္ခာနှင့် ဆေးဝါးအုပ်ချုပ်ရေး အဖွဲ့မှ အတည်ပြုလိုက်၏။

နမိုးဗီးယား (အနောက်တောင်အာဖရိက) နိုင်ငံ လွတ်လပ်ရေးကို အတည်ပြုရေးနှင့် စပ်လျဉ်း၍ တန်ဇားနီးယားသမ္မတ ဂျူးလယပ်ညီရေးရေးက ဗြိတိန်၊ ကနေဒါ၊ ပြင်သစ်၊ အမေရိကန်နှင့် အနောက် ဂျာမနီ သံတမန်များနှင့် ဆွေးနွေး ညှိနှိုင်းသည်။

အီဂျစ်သမ္မတဆဒတ်သည် အင်ဂရီယယ်နိုင်ငံသို့ လာရောက်လည်ပတ်သည့်ခရီးစဉ်ကို အဆုံးသတ်နေ ဖြစ်သည်။

ရန်ကုန်တိုင်းအတွင်း ဒုတိယ အကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ် တင်မြှောက်ပွဲများကို ၁၉၇၈ ခု ဇန်နဝါရီလ ၁ ရက်တွင် တပြိုင်တည်း ကျင်းပမည် ဖြစ်ကြောင်း တိုင်းကော်မရှင်အဖွဲ့ခဲ့မှ ကြေငြာချက် အမှတ် ၁၂ ဖြင့် ကြေငြာသည်။

၂၂ ပစိဖိတ်ဒေသတွင်ငြိမ်းချမ်းရေးနှင့်တည်ငြိမ်မှုကို ဆက်၍ ထိန်းသိမ်းထားရန် ကြိုးပမ်းသွားကို လိုအပ်ကြောင်းဖြင့် ဂျပန် နိုင်ငံတွင် ကျင်းပခဲ့သော ဂျပန်နှင့် အမေရိကန် သမ္မဒ္ဒရာဆိုင်ရာ အဖွဲ့၏ တတိယ အကြိမ် ညီလာခံ ကြေငြာချက်၌ ဖော်ပြထားသည်။

တောင်အာဖရိကတွင် အသားအရောင် ခဲခြားမှု ဆန့်ကျင်သော အဖွဲ့အစည်းများနှင့် ဆန္ဒပြမှုများကို အစိုးရက ပိတ်ပင်လိုက်သဖြင့် ဖြစ်ပေါ် နေသော ကွက်လပ်ကို ဖြည့်ရန်အတွက် ဆိုဝီတိုမြို့တွင် အင်ဂလီကန် ဘုန်းတော်ကြီး မာလော့ဆီ ခေါင်းဆောင်သည့် လူမည်း အသိစိတ်ဓာတ်ကို အခြေခံသော ဆိုဝီတို လှုပ်ရှားမှု ကော်မီတီကို ဖွဲ့စည်းလိုက်သည်။

အမေရိကန် ဒေါ်လာ ၁၂၂ ဒသမ ၅ သန်း တန် ရေနံချက်စက်ရုံ တရုံကို ၁၉၈၀ ပြည့်နှစ် လောက်တွင် မြန်မာနိုင်ငံသို့ တင်သွင်းရန် ပဏာမ သဘောတူညီချက် ရရှိထားပြီဟု ဂျပန် နိုင်ငံ မစ်ဆူဘီရှိ အကြီးစား စက်မှု လုပ်ငန်း လီမိတက်နှင့် မစ်ဆူဘီရှိ ကော်ပိုရေးရှင်းက ပြောကြားသည်။

၂၃ ကွန်းကော့ဒ် လေယာဉ်မျှား နယူးယောက် မြို့၌ မဆင်းရန် ဥပဒေရေးရာအရ တန့်စ်ကျော် တိုက်ပွဲ ဝင်ကြပြီးနောက် အဆိုပါ အသံထက် မြန်သောဂျက်လေယာဉ်ကြီး ပထမဆုံးအကြိမ် နယူးယောက်လေဆိပ်သို့ ဆင်းသက်လာသည်။

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ် ပါတီ ဒုတိယ အကြိမ် ဗဟို ကော်မီတီ အစည်းအဝေးကို သမ္မတအိမ်တော်ဝင်းအတွင်း ကျင်းပပြီးနောက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်းများ အမည်စာရင်း၊ ပြည်နယ်နှင့် တိုင်းပြည်သူ့ကောင်စီ ကိုယ်စားလှယ်လောင်းများ အမည်စာရင်းကို အတည်ပြုကြ၏။ ဒေသပါတီ ကော်မီတီ အသီးသီးတွင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မီတီဝင်များ အဖြစ် တာဝန် ပေးအပ်ခြင်းနှင့် ဗဟိုရေးရာ ကော်မီတီ အတွင်းရေးမှူးများနှင့် ကော်မီတီဝင်များအဖြစ် တာဝန်ပေးအပ်ခြင်းများကိုလည်း မှတ်တမ်းတင်၏။

၂၄ ရိုဒီးဇီးယားတွင် လူဖြူ လူနည်းစုအခွင့်အရေးများကို ကာကွယ်ပေးမည်ဟု အာမခံချက်များရလျှင် လူတကိုယ်မဲတမဲ စနစ်အပေါ် အခြေခံသော လူမျှားစု အုပ်ချုပ်ရေးကို လက်ခံမည်ဟု ဝန်ကြီးချုပ် အီယန်စမစ်ကပြောသည်။

အရှေ့ အလယ်ပိုင်း ပြဿနာ ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်ရန် ရည်ရွယ်ကာ နောက်တဆင့် တိုက်ချိက် ဆက်သွယ်မှု ပြုခြင်းကို အီဂျစ်နိုင်ငံက ကြေငြာလိမ့်မည်ဟု အင်ဂရီယယ် ဝန်ကြီးချုပ် ဗယ်ဂင်က ပြောကြားသည်။

၁၇ ကြိမ်မြောက် အရှေ့တောင် အာရှ အပျော်ထမ်း အသင်းလိုက် ပူထရာ ဖလားဂေါက်သီးရိုက် ပြိုင်ပွဲ ဖွင့်ပွဲကို ရန်ကုန် ဂေါက်သီးရိုက်အသင်းတွင် ကျင်းပသည်။

၂၅ အင်ဂရီယယ်နှင့် ဆီးရီးယားနိုင်ငံအကြား ကိုလန်ကုန်းမြင့်၌ ချထားသော ကုလသမဂ္ဂ

အီဂျစ်နိုင်ငံသမ္မတ ဆဒတ်ကို အင်ဂရီယယ်နိုင်ငံဝန်ကြီးချုပ် ဗယ်ဂင်က ဤသို့ လှိုက်လဲစွာ ကြိုဆိုညှို့ခံကုဏ်ပြုခဲ့သည်



တပ်များကို ရှေ့နှစ် မေလ အကုန်ထိ သက်တမ်းတိုးမြှင့်သင့်ကြောင်းဖြင့် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် ကုဗားလဟိုင်းက ထောက်ခံ ပြောကြားသည်။

ဝန်ကြီးချုပ် အီယန်စမစ်က လူတကိုယ် တမဲပေးရေး မူကို လက်မံကြောင်း ဆုံးဖြတ်လိုက်ခြင်းနှင့် ရိုဒီးဇီးယား နိုင်ငံတွင် အခြေစိုက်သော လူမည်းအမျိုးသားခေါင်းဆောင် သုံးဦးအား တွေ့ဆုံ ဆွေးနွေးရန် ဖိတ်ကြားခြင်းကို လူမည်းပါတီ နှစ်ခုက ကြိုဆိုလိုက်သည်။

နျူးကလီးယား လက်နက်များ လျှော့ချရန် ရှရှနှင့် အမေရိကန်အား တိုက်တွန်းသည့် ဆုံးဖြတ်ချက်နှင့် ဝိသေသထူးသည့် သာမန် လက်နက်များ တားမြစ် ပိတ်ပင်ရေး အတွက် ၁၉၇၉ ခုနှစ်တွင် ကုလသမဂ္ဂစည်းဝေးပွဲ တခု ကျင်းပရန် ဆုံးဖြတ်ချက်ကို ကုလသမဂ္ဂ အထွေထွေ ညီလာခံ အဓိကနိုင်ငံရေး ကော်မီတီက အတည်ပြုလိုက်သည်။

၂၆ အရှေ့အလယ်ပိုင်းပဋိပက္ခ ဆွေးနွေးရန် အတွက် ကိုင်ရိုမြို့သို့ အင်္ဂရိယယ် ကိုယ်စားလှယ် စေလွှတ်ရန် အီဂျစ် သမ္မတ၏ ဖိတ်ကြားချက်ကို လက်ခံ လိုက်ကြောင်းဖြင့် အင်္ဂရိယယ် အစိုးရ ကြေငြာချက်၌ ဖော်ပြထားသည်။

အင်္ဂရိယယ်တို့ သိမ်းပိုက်ထားသော ဆိုင်းနိုင်းကျွန်းဆွယ် ဆူးအက် ပင်လယ်ကွေ့ ဒဇလွန်တွင် ကမ်းလွှန် ရေနံ တူးဖော် ရရှိကြောင်းဖြင့် အင်္ဂရိယယ် လောင်စာ စွမ်းအင် ဝန်ကြီး ယစ်ဇက်မိုဒိုင်းက ကြေငြာသည်။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် သမ္မတကြီး ဦးနေဝင်းနှင့် အဖွဲ့သည် ဒီမိုကရက်တစ် ကမ်ပူးချားနိုင်ငံသို့ ချစ်ကြည်ရေးခရီး ထွက်ခွာသွားသည်။

၂၇ ပယ်လက်စတိုင်လွတ်မြောက်ရေး အဖွဲ့ကို ကိုင်ရို ဆွေးနွေးပွဲသို့ တက်ရောက်ရန် ဖိတ်ကြားသည့်တိုင် အင်္ဂရိယယ် နိုင်ငံက ယင်းဆွေးနွေးပွဲသို့ တက်ရောက်မည် ဖြစ်ကြောင်း နိုင်ငံခြားရေး ဝန်ကြီး ဒါယန်းက ပြောကြားသည်။

အီဂျစ် သမ္မတ ဆဒတ်က ဖိတ်ကြားထားသော ကိုင်ရို ဆွေးနွေးပွဲကို သပိတ်မှောက်မည်ဟု ပယ်လက်စတိုင် လွတ်မြောက်ရေး အဖွဲ့က ကြေငြာသည်။

၁၇ ကြိမ်မြောက် အရှေ့တောင် အာရှ ပူထဇာ ဖလား အပျော်ထမ်း အသင်းလိုက် ဂေါက်သီးရိုက် ပြိုင်ပွဲ ဆုပေးပွဲကို ရန်ကုန်မြို့ မြန်မာ့အသံ မြက်ခင်းပြင်၌ ကျင်းပသည်။ အသင်းလိုက် ပထမဆုကို အင်ဒိုနီးရှားအသင်းကငင်း၊ ဒုတိယဆုကို မလေးရှား အသင်းကငင်း၊ တတိယဆုကို မြန်မာ အသင်းကငင်း၊ တဦးချင်း ပြိုင်ပွဲ၌ မောင်ပြုံး (မြန်မာ) ပထမ၊ ဆူပါမင်း (အင်ဒို) ဒုတိယ၊ ပိုင်ရပ်ဆီဆဝ်ဝ် (ထိုင်း) က တတိယ ရရှိသည်။

၂၈ မော်ရိတေးနိုးယား အစ္စလာမ် သမ္မတနိုင်ငံ၏နှစ်ပတ်လည်လွတ်လပ်ရေးနေ့ဖြစ်သည်။

ကိုင်ရိုမြို့တွင် ကျင်းပမည့် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး ပြင်ဆင်မှု ဆွေးနွေးပွဲသို့ တက်ရောက်ရန် အီဂျစ် နိုင်ငံ၏ ဖိတ်ကြားချက်ကို အင်္ဂရိယယ် ဝန်ကြီးချုပ် ဗယ်ဂင်က တရားဝင် လက်ခံလိုက်သည်။

အိန္ဒိယ နိုင်ငံ၏ လွတ်လပ်ရေး ခေတ်ဦး သမိုင်း မှတ်တမ်းကို ရေးသားပြီး သတ္တုကြြတ်တွင် ထည့်၍ ၁၉၇၆ ခု ဩဂုတ်လတွင် ဒေလီမြို့ဟောင်း မဂိုခံတပ်အောက်၌ အင်ဒီရာဂန္ဓီ အစိုးရက နောင်လာ နောက်သား အကျိုးငှာ မြှုပ်နှံခဲ့သည်ဟု ဆို သော်လည်း အကြောင်းအချက်ကို လျှို့ဝှက်ထားခဲ့သဖြင့်ဂျနတာပါတီ အနိုင်ရ၍ အစိုးရ အဖွဲ့ တက်လာသောအခါ ကြြတ်ကိုတူးဖော်၍ အတွင်းပါ အချက်အလက်များကြေငြာရန် စတင်ဆောင်ရွက်သည်။

၂၉ ယူဂိုစလားဗီးယား ဆိုရှယ်လစ် ပြည်ထောင်စု သမ္မတ နိုင်ငံ နှစ်ပတ်လည် အမျိုးသားနေ့နှင့် အယ်လဗေးနီးယား ပြည်သူ့ ဆိုရှယ်လစ် သမ္မတ နိုင်ငံတို့၏ နှစ်ပတ်လည် လွတ်မြောက်ရေးနေ့ ဖြစ်သည်။

အရှေ့ အလယ်ပိုင်း ပြဿနာနှင့် စပ်လျဉ်း၍ ရှေ့လထဲတွင် ကျင်းပမည့် ကိုင်ရို ညီလာခံသို့ ကုလသမဂ္ဂအတွင်းရေးမှူး ကိုယ်စား တက်ရောက်ရန် ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းမှု တပ်များ၏ တပ်မှူး ဗိုလ်ချုပ်ကြီး အီလက် ကျိုအားရွေးချယ်လိုက်သည်။

ကိုလံဗို စီမံကိန်း အတိုင်ပင်ခံ ကော်မီတီ၏ ၂၆ ကြိမ်မြောက် အရာရှိ အဆင့် အစည်းအဝေးကို နီပေါနိုင်ငံ ခတ္တမန္ဒူမြို့တွင် ကျင်းပသည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်သမ္မတကြီးနှင့် နိုင်ငံတော်ကောင်စီဥက္ကဋ္ဌကြီး ဦးနေဝင်းသည် ဒီမိုကရက်တစ် ကမ်ပူးချား နိုင်ငံတွင် လေးရက်ကြာ သွားရောက်ခဲ့ရာမှ ပြန်လည် ရောက်ရှိလာသည်။

၃၀ ထိုင်းအစိုးရသစ်သည် ပြည်တွင်းဥလစ်ဗရယ်ဝါဒကို ကျင့်သုံး၍ လူမှုရေး လုပ်ငန်းများကို လုပ်ဆောင်သွားမည် ဖြစ်ပြီး အင်ဒိုချိုင်းနားရှိ ကွန်မြူနစ် နိုင်ငံများနှင့်ငင်း၊ မြန်မာနိုင်ငံနှင့်ငင်း တက်တက် ကြွကြွ အတူယှဉ်တွဲ နေထိုင်သွားမည်ဟု ဖော်ပြသည်။

ကမ္ဘာ့ကျွန်းမာရေးအဖွဲ့ အပြည်ပြည် ဆိုင်ရာ ကျောက်ရောဂါ ပပျောက်ရေး ကော်မရှင်က မြန်မာနိုင်ငံတွင် ကျောက်ရောဂါ လုံးဝ ပပျောက်ပြီ ဖြစ်ကြောင်း ဖော်ပြပါရှိသည့် ကော်မရှင်၏ အစီရင်ခံစာကို ကျန်းမာရေးနှင့် ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးကြည်မောင်ထံ ပေးအပ်လိုက်သည်။

မြန်မာအာဘိဓာန် (အကျဉ်းချုပ်)ပထမတွဲနှင့် တတိယတွဲ မူကြမ်းကို မြန်မာစာအဖွဲ့ဥက္ကဋ္ဌ ပညာရေးဝန်ကြီး ဒေါက်တာ ခင်မောင်ဝင်းက သဘာပတိအဖြစ် ဆောင်ရွက်သော ညီနှိုင်း အတည်ပြု အစည်းအဝေးက အတည်ပြုသည်။

ဒီဇင်ဘာလ

၁ တောင်အာဖရိကနိုင်ငံဝန်ကြီးချုပ်ဗော်စတာ၏ အမျိုးသား ပါတီသည် ရွေးကောက်ပွဲတွင် အပြတ်အသတ် အနိုင်ရရှိသည်။

အီဂျစ် တနိုင်ငံတည်း အင်္ဂရိယယ်နှင့် ညှိနှိုင်း ဆွေးနွေးမှုကို ဆန့်ကျင်သည့် အာရပ် ခေါင်းဆောင်များသည် လစ်ဗျ နိုင်ငံ တရီပိုလီမြို့၌ ယနေ့ည တွေ့ဆုံ ဆွေးနွေးကြသည်။ ဆွေးနွေးရာ၌ လစ်ဗျ နိုင်ငံ ခေါင်းဆောင် ကဒတ်ဖီ၊ ဆီးရီးယား သမ္မတ အာဆတ်၊ အယ်လဂျီးရီးယား သမ္မတ ဗူမီဒီယင်၊ ပီအယ်အို ခေါင်းဆောင် အာရဖတ်၊ ပီအယ်အို ပြည်သူ့တပ်ဦး ခေါင်းဆောင် ဒေါက်တာ ဂျော့ဟာဗက်တို့ ပါဝင်သည်။ တရားဝင် ဆွေးနွေးပွဲကို နောက်နေ့သို့ ရှေ့ဆိုင်းလိုက်ကြသည်။

၁၉၇၅-၇၆ ခုနှစ် အမျိုးသား စာပေဆု စိစစ်ရွေးချယ်ရေး ကော်မီတီသည် ၁၉၇၆ ခုနှစ်အတွက် ဝတ္ထုတို ပေါင်းချုပ်ဆုတွင် မင်းကျော်၏ အဖြူကိုမည်သူအနက်ဆိုးသနည်း စာအုပ်နှင့် ကလေး စာပေဆုတွင် သိပ္ပံ စိုးမြင့်နိုင်၏ သားသားလေး အတွက် လက်ဆောင် စာအုပ်တို့ ဆုအဖြစ် ရွေးချယ်ကြောင်းနှင့် ရွေးချယ်ခြင်း ခံရသော စာအုပ်များကို ပြုစုသူ စာပေပညာရှင်များအား တဦးလျှင် ဆုငွေ ၅၀၀၀ ကျပ်စီ ချီးမြှင့်ဂုဏ်ပြုမည်ဖြစ်ကြောင်း ကြေငြာသည်။

၁၉၇၇ ခုနှစ် ဖြစ်ရပ်မျှား

၂ လောပြည်သူ့ ဒီမိုကရက်တစ် သမ္မတ နိုင်ငံ အမျိုးသားနေ့ ဖြစ်သည်။

အီဂျစ် သမ္မတ အန္နဝါဆဒတ်၏ အင်္ဂရိယယ် နိုင်ငံ ခရီးကို ဆန့်ကျင်သော အာရပ် ညီလာခံ၏ ပထမ အကြိမ် တရားဝင် အစည်းအဝေးတွင် အီဂျစ် နိုင်ငံအား သံတမန်ရေးရာနှင့် စီးပွားရေးအရ လုံးဝ သပိတ်မှောက်ရန် ပယ်လက်စတိုင် လွတ်မြောက်ရေး အဖွဲ့နှင့် အီရတ် ကိုယ်စားလှယ်တို့က တိုက်တွန်း ပြောကြားသည်။

နိုင်ငံတကာ ကလေးများနှစ်အဖြစ် ၁၉၇၉-ခုနှစ်ကို သတ်မှတ် ကြေငြာချက်ကို ကြိုဆို ထောက်ခံကြောင်း ကုလသမဂ္ဂ အထွေထွေ ညီလာခံ ဒုတိယ ကော်မီတီက တညီတညွတ်တည်း ဆုံးဖြတ်လိုက်သည်။

ရခိုင်ရိုးမ သစ်တော ဖွံ့ဖြိုး စီမံချက်အရ ဂျပန်နိုင်ငံ အပြည်ပြည် ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေး အေဂျင်စီမှ မြန်မာနိုင်ငံ သစ်လုပ်ငန်း ကော်ပိုရေးရှင်းသို့ ကောင်းကင်ကြိုး ဖြင့် သစ်ထုတ်လုပ်မှု လုပ်ငန်းအတွက် ဌေကြေး၊ စက်ပစ္စည်းနှင့် ကျွမ်းကျင်မှု အကူအညီများ ပေးအပ်သည့် သဘောတူ စာချုပ် လက်မှတ် ရေးထိုးပွဲနှင့် စာချုပ်များ လဲလှယ်ပွဲ အခမ်း အနားကို သစ်လုပ်ငန်းကော်ပိုရေးရှင်း ရုံးချုပ် အစည်းအဝေးခန်းမတွင် ကျင်းပသည်။

၃ အာကာသ ပြင်ပတွင် အသိဉာဏ် ရှိသော သက်ရှိဘဝ ရှိနေသည် ဆိုသော အချက်သည် ဖြစ်နိုင်ကြောင်း အမေရိကန် နက္ခတ္တ ရူပဗေဒ ပညာရှင် သောမတ်မိုဖက်က ပြောသည်။

ဗင်္ဂလားဒေ့ရှ နိုင်ငံတွင် အဝါမီ တရားမျှတ ရေး ပါတီဟု အမည်ပေးထားသည့် နိုင်ငံရေး ပါတီသစ်တရပ် ဖွဲ့စည်းခြင်းကို ထောက်ခံ အား ပေးကြောင်း ဗင်္ဂလားဒေ့ရှ သမ္မတ ဗိုလ်ချုပ်ကြီး ဂျီယာအူးရ်ရာမန်က ပြောဆိုသည်။

မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ် ပါတီ ဥက္ကဋ္ဌ ကြီးနှင့် နိုင်ငံတော် သမ္မတကြီး ဦးနေဝင်းနှင့် အဖွဲ့ တိုက်ကြီးမြို့နယ် စပါး အထူးအထွက် တိုး လက်စားလိုက် ကောက်ရိတ်သိမ်းပွဲသို့လည့် လည် ကြည့်ရှုအား ပေးသည်။

၄ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်၏ ၅၇ ကြိမ်မြောက် အမျိုးသားနေ့ ဖြစ်သည်။

ရိုဒီးဇီးယားတွင် လူတကိုယ် မဲတမဲ စနစ်ဖြင့် လွှတ်လပ် တရားမျှတသော ရွေးကောက်ပွဲလုပ် ရေးကို ရိုဒီးဇီးယား အမျိုးသားရေး ခေါင်း ဆောင်စီတိုလီနှင့် မြိတိန်နိုင်ငံခြားရေးဝန်ကြီး ဒေးဗစ်အိုဝင်တို့ ညှိနှိုင်း သဘောတူကြသည်။

အီဂျစ်သမ္မတ ဆဒတ်၏ အရှေ့အလယ်ပိုင်း ပဋိပက္ခ ဖြေရှင်းရေးဦးဆောင်မှုမျှားကို တုံ့ပြန် ချက်တရပ်အဖြစ် အာရပ်တင်းမာသော အုပ်စု ထိပ်သီး ညီလာခံတွင် ပါဝင်ကက်ရောက်လျက် ရှိသော ပယ်လက်စတိုင် ခေါင်းဆောင်များက အချက် ခြောက်ချက် ပါသော ရပ်တည်ချက် တရပ်ကို ထုတ်ပြန် ကြေငြာသည်။

၅ အနုမြူ လက်နက် စမ်းသပ်မှု အားလုံးကို တားမြစ် ပိတ်ပင်ရေးနှင့် ပတ်သက်၍ အမေရိကန်၊ ရုရှနှင့် မြိတိန် နိုင်ငံတို့သည် ဂျနီဗာမြို့၌ ပြန်လည် ဆွေးနွေးကြသည်။

အီဂျစ်နိုင်ငံက ဆီးရီးယား၊ လစ်ဗျ၊ အယ်လဂျီးရီးယား၊ အီရတ်၊ တောင်ယေမင် နိုင်ငံတို့နှင့် သံအဆက်အသွယ် ဖြတ်လိုက်သည်။

အီဂျစ် အစိုးရနှင့် သံတမန် ဆက်သွယ်မှု ခေတ္တ ရပ်ထားခြင်းနှင့် စစ်ဌာနချုပ်သစ် တရပ် ထူထောင်ရေး စာချုပ် တရပ်ကို အယ်လဂျီးရီး ယား၊ လစ်ဗျ၊ ဆီးရီးယားနှင့် တောင်ယေမင် နိုင်ငံတို့နှင့် ပယ်လက်စတိုင် လွတ်မြောက်ရေး အဖွဲ့ (ပီအယ်အို) တို့ သဘောတူ လက်မှတ် ရေးထိုးကြသည်။

ကိုလံဗို စီမံကိန်းဝင် ၂၃ နိုင်ငံ၏ ဝန်ကြီး အဆင့် အစည်းအဝေးကို နီပေါနိုင်ငံ ခတ္တမန္ဒူ မြို့၌ ကျင်းပရာ နီပေါဘုရင် ဗီရိန္ဒရာက ဖွင့် ပေးလိုက်သည်။

၆ မဟာဗျူဟာ လက်နက် ကန့်သတ်ရေး (ဆော့) သဘောတူ စာချုပ်သစ် တရပ် ချုပ် ဆိုရေးနှင့် စပ်လျဉ်း၍ အမေရိကန်နှင့် ရုရှတို့ ၂၁ ကြိမ် မြောက် တွေ့ဆုံ ဆွေးနွေးကြသည်။

အမေရိကန်နှင့် ရုရှတို့သည် အိန္ဒိယ သမုဒ္ဒရာ တွင် ရေတပ် လှုပ်ရှားမှုများ ကန့်သတ်ရေး အတွက် တတိယအကြိမ် ဆွေးနွေးပွဲကို ဗန်း မြို့၌ စတင် ကျင်းပသည်။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော် ကုန်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးလှအေး ခေါင်းဆောင်သည့် မြန်မာ ကိုယ် စားလှယ် အဖွဲ့သည် နှစ်နိုင်ငံ ကုန်သွယ်ရေး ကိစ္စများကို ညှိနှိုင်း ဆွေးနွေးရန် မလေးရှား နိုင်ငံ ကွာလာလမ်ပူမြို့သို့ ရောက်ရှိကြသည်။

၈ ရုရှနှင့် မဟာဗျူဟာ လက်နက် ကန့်သတ်ရေး (ဆော့) သဘောတူ စာချုပ်ကို လက်မှတ် ရေးထိုးပွဲ (ဆော့ အဆင့် ၂) သဘောတူ စာချုပ် တစိတ်တဒေသ အဖြစ် လျှော့ချရန် စီစဉ်ထားကြောင်း ကာကွယ်ရေး ဝန်ကြီး ဗရောင်းက ပြောကြားသည်။

အီဂျစ်နိုင်ငံရှိ ရုရှနှင့် အရှေ့ဥရောပ နိုင်ငံ များ၏ ယဉ်ကျေးမှုဌာနများနှင့် ကောင်စစ်ဝန် ရုံးများကို အီဂျစ် သမ္မတ၏ အင်္ဂရိယယ် နှင့် ငြိမ်းချမ်းရေး ဆောင်ရွက်မှုကို ဆန့်ကျင် လှုံ့ ဆော်ရန် အသုံးချနေသည်ဟု ဆိုကာ ပိတ် လိုက်ကြောင်း အီဂျစ်က ကြေငြာသည်။

၇ အရှေ့တောင် အာရှ နိုင်ငံများ အသင်း (အေစီယင်) က ဆောင်ရွက်ရန် ရှိသည့် ဒေသ ဆိုင်ရာ စီမံကိန်း လုပ်ငန်းကြီး ငါးခုနှင့် ပတ် သက်၍ မေတ္တာရပ်ခံလျှင် အကူအညီ တောင်း ခံမှု မှန်သမျှကို စဉ်းစားလိမ့်မည် ဖြစ်ကြောင်း ဥရောပ ဘုံစျေး အဖွဲ့က ဆိုသည်။

အမေရိကန် နိုင်ငံ နယူးဂျာစီ ပြည်နယ် ဗရောင်းဟေးအရပ်ရှိ ဒီမိုရာ နှလုံးနှင့်အဆုတ် ဌာဂါကုဆေးရုံမှ ဆရာဝန်ကြီးများက အသက် ၁၀ နှစ်အရွယ် ပါကစ္စတန်အမျိုးသမီး ရှကီလာ ရာဇတ်၏ နှလုံးသွေး စီးဆင်းမှုကို ထိန်းသိမ်း ပေးသော လက်ဝဲဖက်အဆို့ရှင်ကိုဝက်တကောင် ၏ အဆို့ရှင်ဖြင့် အောင်မြင်စွာ အစားထိုး ကုသပေးလိုက်သည်။

လမ်းစဉ် ပါတီ ဥက္ကဋ္ဌကြီး နှင့် နိုင်ငံတော် သမ္မတကြီး ဦးနေဝင်းသည် ရွှေဘိုမြို့နယ် စပါး အထူး အထွက်တိုး စီမံကိန်းဝင် ဘုန်းဘွဲ့၊ ဇီး တော၊ တဂဏန်းနှင့် သပြေသာ ကျေးရွာတို့ရှိ တောင်သူလယ်သမားကြီးတို့၏ လက်စားလိုက် စပါးရိတ်သိမ်းပွဲသို့ သွားရောက်အားပေးသည်။

မြန်မာနိုင်ငံ၌ ကျောက်ရောဂါ ပပျောက် ကြောင်း သတင်းကောင်းကို ကြားသိရ၍ ဝမ်း မြောက်ကြောင်းဖြင့် ကမ္ဘာ့ကျန်းမာရေး အဖွဲ့ ညွှန်ကြားရေးမှူးချုပ်က ကြေးနန်းပေးပို့သည်။

၉ ၁၉၆၉ ခုနှစ်မှ စ၍ လေယာဉ် အပိုင်စီးရန် ကြံစည်သည့် အကြိမ်ပေါင်း ၃၉၂ ကြိမ် ရှိသည့် အနက် ၂၀၁ ကြိမ် အောင်မြင်ခဲ့သည်ဟု နိုင်ငံ တကာ လေကြောင်း သယ်ယူ ပို့ဆောင်ရေး အသင်း (အိုင်အေတီအေ) မှ အရာရှိ တဦးက ပြောကြားသည်။

အမေရိကန်နှင့် ရုရှ အကြား မဟာဗျူဟာ လက်နက် ကန့်သတ်ရေး (ဆော့) ၏ ၂၁ဂ ကြိမ်မြောက် မျက်နှာစုံညီ အစည်းအဝေးကို ကျင်းပသည်။

၁၀ ကမ္ဘာပတ်လမ်းကြောင်းအနီးသို့ လွှတ်တင်ခဲ့သော ဆားလျှု ၆ သိပ္ပံစခန်း ယာဉ်နှင့် ခရစ ဒုံးပျံများ ထုတ်လုပ်မှုကို အမေရိကန်က ပူးတွဲ၍ လေ့လာမှုများပြုလုပ်သွားရန် ဆိုယု ၂၆ အာကာသယာဉ်ကို လွှတ်တင်လိုက်သည်။

မြောက်အိုင်ယာလန် ငြိမ်းချမ်းရေး လှုပ်ရှားမှု အဖွဲ့နှင့် လန်ဒန်တွင် အခြေစိုက်သော အပြည်ပြည် ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် လူအခွင့်အရေး လှုပ်ရှားမှု အဖွဲ့များသို့ ၁၉၇၆-ခုနှစ်နှင့် ၁၉၇၇ ခုနှစ် နိုဗဲ ငြိမ်းချမ်းရေးဆုများကို အောင်လို တက္ကသိုလ်တွင် ချီးမြှင့်ပွဲ အခမ်းအနား ကျင်းပ၍ ပေးအပ်လိုက်သည်။

၁၁ တောင်ဝင်ရိုးစွန်းမှ မိုင် ၅၀၀ ဝေးသော ရော့ခ် ရေခဲပြင်ကြီး အောက်တွင် ပျောက်ကွယ်နေသော ပင်လယ်တခုကို အမေရိကန် သိပ္ပံပညာရှင်များကတွေ့ရှိခဲ့ကြကြောင်း အမျိုးသား သိပ္ပံ ဖောင်ဒေးရှင်းမှ ပြောသည်။

ရုရှ အာကာသယာဉ်မှူး နှစ်ဦးသည် ဆိုယု ၂၆ အာကာသယာဉ်ကို ကမ္ဘာပတ်စခန်း ဆားလျှု ၆ နှင့် အောင်မြင်စွာ ချိတ်ဆက်လိုက်ပြီး နောက်ယာဉ် တခုမှတခုသို့ ကူးပြောင်း သွားကြသည်။

၁၉၇၆ ခုနှစ် အမျိုးသားစာပေဆုနှင်းသဘင် အခမ်းအနားကို မြန်မာ့အသံ မြက်ခင်းပြင်၌ ကျင်းပသည်။ ပြန်ကြားရေးနှင့် ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဦးကြည်မောင် တက်ရောက်ပြီး ဆုရစာရေးဆရာနှစ်ဦးအား ဆုများ ချီးမြှင့်သည်။

၁၂ မြန်မာ့ ဆိုရှယ်လစ်နိုင်ငံများရှိ သိပ္ပံပညာရှင်များသည် ကမ္ဘာ့ ပထဝီဝင် မြေပုံ အသစ်တခုကို ပြုစုကြသည်။ ထိုမြေပုံ၏ စကေးမှာ တစ်အချို့ ၂,၅၀၀,၀၀၀ ဖြစ်၍ ပထဝီဝင် အမည်ပေါင်း ၄၀၀,၀၀၀ ပါသော မြေပုံကြီးဖြစ်သည်။

ရာခိုင်နှုန်းပြည့် မီးလောင်ကျွမ်းခြင်း ခံရသော အမျိုးသမီး တဦးအား အရေပြား အစားထိုးကုသနည်းဖြင့် တရုတ်ပြည်ဆေးရုံတခုမှ ဆရာဝန်များက အောင်မြင်စွာ ကုသပေးနိုင်သည်ဟု တရုတ်ပြည်သစ် သတင်းဌာနမှ ဖော်ပြသည်။

မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး နှင့် နိုင်ငံတော် သမ္မတကြီး ဦးနေဝင်းအား ရန်ကုန်တိုင်း မရမ်းကုန်း မြို့နယ် အမှတ် ၁ မဲဆန္ဒနယ် ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ်လောင်း အဖြစ် မဲဆန္ဒရှင် ကိုယ်စားလှယ်အဖွဲ့ အားလုံးက တညီတညွတ်တည်း ဆုံးဖြတ် အတည်ပြုလိုက်သည်။

၁၃ ကုလသမဂ္ဂပယ်လက်စတိုင်ဒုက္ခသည်များ အတွက် ကယ်ဆယ်ရေးနှင့် လုပ်ငန်း အဖွဲ့၏ သက်တမ်းကို ၁၉၇၁ ခုနှစ် ဇွန်လ ၃၀ ရက် အထိ နောက်ထပ် သုံးနှစ် တိုးရန် ကုလသမဂ္ဂ အထွေထွေ ညီလာခံက ဆုံးဖြတ်လိုက်သည်။

၁၄ အင်အားကြီးနိုင်ငံများမှ လူထုဆက်သွယ်ရေး လုပ်ငန်းများသည် အခြား နိုင်ငံများ၏ သတင်းများကို မှားယွင်းစွာ ဖော်ပြခြင်း၊ မပြည့်မစုံဖော်ပြခြင်း၊ ပုံကြီးချဲဖော်ပြခြင်းများ ပြုလုပ်နေကြောင်း ယူနက်စကို အဖွဲ့ ဦးဆောင် ညွှန်ကြားရေးမှူး အမ်ဘိုကဝေဖန်လိုက်သည်။

တတိယ အကြိမ်မြောက် ရခိုင်ပြည်နယ်နေ့ ပြပွဲ ဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ ကျိုက္ကဆံကွင်း ဆရာစံ ခန်းမ၌ ကျင်းပရာ နိုင်ငံတော်ကောင်စီဝင် ဦးလှထွန်းဖြူ တက်ရောက် ဖွင့်လှစ်ပေးသည်။

၁၆ ကြာသပတေးဂြိုဟ်သို့ ပစ်လွှတ်လိုက်သော အမေရိကန် အာကာသယာဉ် ဗိုင်းယေကျာ ၁ သည် ၁၆ ရက် စောပြီး လွှတ်တင်ခဲ့သော ဗိုင်းယေကျာ ၂ ကို ကမ္ဘာမှ မိုင် ၇၇ သန်း အကွာတွင် ယမန်နေ့က မှီလာသည်ဟု အမေရိကန် နာဆာအဖွဲ့က ကြေငြာသည်။

နိုင်ငံတကာ အလုပ်သမားအဖွဲ့ (အိုင်အယ်အို) သို့ အမေရိကန် ပြည်ထောင်စု ပြန်လည် ဝင်ရောက်ရေး အလားအလာများကို စဉ်းစားလျက် ရှိသည်ဟု အမေရိကန် အလုပ်သမား ဌာန ဝန်ကြီး ရေးမာရှယ်က ပြင်သစ် နိုင်ငံသို့ အလည်ရောက်စဉ် ထုတ်ဖော်ပြောဆိုသည်။

အရှေ့ အလယ်ပိုင်း ငြိမ်းချမ်းရေး အတွက် နည်းလမ်း ရှာဖွေရန် အမေရိကန် သမ္မတ ဂျင်မီကာတာနှင့် အင်္ဂရိယယ် ဝန်ကြီးချုပ် ဗယ်ဂင် တို့ တွေ့ဆုံ ညှိနှိုင်းကြသည်။

သုံးရက်ကြာ ကျင်းပမည့် နိုင်ငံတကာ ဆိုရှယ်လစ် ညီလာခံကို တိုက္ကျိမြို့တွင် စတင် ဖွင့်လှစ်လိုက်သည်။

၁၇ အရှေ့ အလယ်ပိုင်း ငြိမ်းချမ်းရေး စေ့စပ်ဆွေးနွေးပွဲများအတွက် အပြီးသတ် ညှိနှိုင်းဆောင်ရွက်ရန် အင်္ဂရိယယ်ဝန်ကြီးချုပ်ဗယ်ဂင် သည် အီဂျစ်သို့ မကြာမီ လာရောက်မည်ဟု အီဂျစ် သမ္မတ ဆဒတ်က ပြောကြားသည်။

ကမ္ဘာ့ အကြီးမားဆုံး ပြဿနာမှာ ဆင်းရဲနှင့် ချမ်းသာ နိုင်ငံ အကြားတွင် မညီမျှမှု ရှိနေခြင်း ဖြစ်သည်ဟု တိုက္ကျိမြို့၌ ကျင်းပသော နိုင်ငံတကာ ဆိုရှယ်လစ်ညီလာခံ၌ သဘာပတိ အနောက် ဂျာမနီ ဝန်ကြီးချုပ်ဟောင်း ဝီလီ ဗရန့်က ပြောဆိုလိုက်သည်။

ဓမ္မာစရိယနှင့် ပါဠိ ပထမပြန် မဟာဘွဲ့နှင်း သဘင်ကို ရန်ကုန်မြို့ကမ္ဘာအေးဆဋ္ဌသံဂါယနာတင် လိုဏ်ဂူတော်ကြီး၌ ကျင်းပသည်။

၁၈ အန္တာတိကတိုက်၏ ရေခဲပြင်အောက် မီတာ ၄၀၀ အနက်တွင် နှစ်မြုပ်လျက် ရှိသော ပျောက်ဆုံး ပင်လယ်တွင် သက်ရှိ လက္ခဏာများကို အမေရိကန် သိပ္ပံပညာရှင်များက တွေ့ရကြောင်း သိရသည်။

၁၉ ဂင်္ဂါမြစ်ရေ ခဲ့ဝေသုံးစွဲရေးနှင့် စပ်လျဉ်း၍ အငြင်းပွားလျက်ရှိသော ပြဿနာကို ရေရှည် ဖြေရှင်းရေး နည်းလမ်းများ ရှာဖွေနေခိုက် နောက်ဆက်တွဲ လုပ်ငန်းများအတွက် ဦးဆောင်မှုများ လိုအပ်ကြောင်း အိန္ဒိယနှင့် ဗင်္ဂလားဒေ့ရှ နိုင်ငံတို့ သဘောတူကြသည်။

သိမ်းပိုက်ထားသော အာရပ် နယ်မြေ အားလုံးမှ အင်္ဂရိယယ်က အပြီးအပိုင် ရုပ်သိမ်းပေးမှသာလျှင် ငြိမ်းချမ်းရေး သဘောတူညီချက် ရနိုင်မည်ဟု ကိုင်ရို ဆွေးနွေးပဲ့သို့ တက်ရောက်လျက်ရှိသော အီဂျစ် ကိုယ်စားလှယ် ခေါင်းဆောင် မေဂိုက ထုတ်ဖော် ပြောကြားသည်။

မြောက်ကိုရီးယား သမ္မတ ကင်အီဆွန်းကို နောက်ထပ် လေးနှစ် သက်တမ်း အတွက် သမ္မတ အဖြစ် ပြန်လည် ရွေးကောက် တင်မြှောက်သည်။

၂၀ ရေနံ ထုတ်လုပ် တင်ပို့ရောင်းချသော နိုင်ငံများ (အိုပက်) ၏ ဝန်ကြီးများ နှစ်ရက်ကြာ ညီလာခံကို ဗင်နီဇွဲလားနိုင်ငံ ကာရာဗာလီဒါမြို့၌ ကျင်းပရာ ဗင်နီဇွဲလား သမ္မတ ပီရက်က ဖွင့်လှစ်ပေးလိုက်သည်။

မြန်မာစာ အဖွဲ့က ထုတ်ဝေမည့် မြန်မာအဘိဓာန်တွင် ဗျည်းသရ အက္ခရာများ၏ သမိုင်းကြောင်း ပါဝင်သင့်ကြောင်း၊ အသံထွက် အသံပြောင်းများကိုပါ အဘိဓာန်အင်္ဂါနှင့် ပြည့်စုံအောင် ဖော်ပြသင့်ကြောင်း၊ လိုအပ်သော စကားလုံးများ၏ ရင်းမြစ်ကိုလည်း ဖော်ပြသင့်ကြောင်း၊ အနက် အဓိပ္ပါယ် ဖော်ရာတွင် ရှင်းလင်း တိကျရန် လိုအပ်ကြောင်းဖြင့် နိုင်ငံတော် သမ္မတကြီး ဦးနေဝင်းက မြန်မာစာ

၁၉၇၇ ခုနှစ် ဖြစ်ရပ်များ

အဖွဲ့ဝင်များနှင့် တွေ့ဆုံရာတွင် လမ်းညွှန်ဆွေးနွေးသွားသည်။

၂၁ ယမန်နေ့က စတင်ကျင်းပသော အိုပက် အဖွဲ့ ညီလာခံတွင် ၁၉၇၈ ခုနှစ် အတွက် ရေနံ စျေးနှုန်းပေါ်လစီနှင့်စပ်လျဉ်း၍ သဘောတူညီမှု မရရှိခဲ့ကြပဲ လက်ရှိ စျေးနှုန်းအတိုင်း နောက်ထပ် ခြောက်လ ထားရှိရန် ဆုံးဖြတ်လိုက်သည်။ လက်ရှိ စျေးနှုန်းမှာ တစည်လျှင် အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၇၀ ဖြစ်သည်။

၂၂ အိန္ဒိယနိုင်ငံသည် ငြိမ်းချမ်းစွာအသုံးပြုရေး အတွက် အနုမြူ စမ်းသပ်မှုများကို နောက်ထပ် ပြုလုပ်မည် မဟုတ်ကြောင်း၊ ထို့ပြင် အနုမြူ လက်နက်များ ကိုလည်း ထုတ်လုပ်မည် မဟုတ်ကြောင်း ဝန်ကြီးချုပ် မိုရာဂျီဒေဆိုင်းက လွှတ်တော်၌ ပြောကြားသည်။

အဋ္ဌမ အကြိမ်မြောက် အာရှ ကျောင်းသားဘောလုံးပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲကို အဂၢရာမြို့တွင် ပြုလုပ်ရာ မြန်မာကျောင်းသား လူငယ် ဘောလုံး အသင်းက ချန်ပီယံ ထိုင်းကျောင်းသား လူငယ် ဘောလုံး အသင်းကို တဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

၂၃ လက်နက် ဖျက်သိမ်းမှု သဘောတူညီချက် ရရှိရေးတွင် ရုရှတို့ဖက်မှ မလိုလားမှု အလျဉ်း မရှိကြောင်း၊ သို့ရာတွင် အမေရိကန်က နျူထရွန်ဗုံး ဆက်လက် ထုတ်လုပ်မည် ဆိုလျှင် ရုရှက အလားတူ တုံ့ပြန်မည်ဟု ရုရှသမ္မတ ဗရက်ဇဉက်က သတိပေးလိုက်သည်။

အိန္ဒိယသမ္မဒ္ဓရာ၏ ကမ်းခြေ နိုင်ငံများနှင့် ကုန်းတွင်းကျသော နိုင်ငံ အချင်းချင်း အိန္ဒိယသမ္မဒ္ဓရာကို ငြိမ်းချမ်းရေး ဒေသ အဖြစ် ကြေငြာရေး၊ ကုလသမဂ္ဂ ဆုံးဖြတ်ချက်နှင့် အညီ အပြန်အလှန် တိုင်ပင်ခြင်း ပြုလုပ်ရေးတို့ကို ပါကစ္စတန်-ဗင်္ဂလားဒေ့ရှ ပူးတွဲ ကြေငြာချက်၌ ဖော်ပြလိုက်သည်။

ဒုတိယ အကြိမ်မြောက် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲတွင် ပြည်သူ့ ကိုယ်စားလှယ်လောင်း ၁၇၇,၆၃၉ ဦးကို တနိုင်ငံလုံးမှ ဆန္ဒပေးပိုင်ခွင့် ရှိသော လုပ်သားပြည်သူ ၁၆,၁၁၇,၇၂၇ ဦးက ဆန္ဒပေးရွေးချယ်တင်မြှောက်ကြမည်ဟု သိရသည်။

၂၄ တောင်အာဖရိက ကင်းလှည့် တပ်ဗဲနှင့် အနောက်တောင် အာဖရိက ပြည်သူ့အဖဲ့(ဆွာပို) မှ ပြောက်ကျား အင်အား ၄၀ ခန့်သည် နမီးဗီးယား မြောက်ပိုင်း တိုက်ပွဲ ဖြစ်နေသော ဒေသတွင် ရင်ဆိုင် တိုက်ခိုက်ကြသည်။

အီဂျစ် သမ္မတ ဆဒတ်က အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး လုပ်ရပ်များကြောင့် မကျေမနပ် ဖြစ်ကာ ရာထူးမှ ထွက်သွားသော နိုင်ငံခြားရေးဝန်ကြီး ဖာမီ၏ နေရာတွင် မိုဟာမက် အီဗရာဟင် ကမဲ အား ခန့်အပ်သည်။

၂၅ ကမ္ဘာကျော် ဟာသဇာတ်ဆောင်ချာလီ ချက်ပလင် (၈၈ နှစ်) သည် ဂျီနီဗာမြို့အနီးရှိ သူ၏ နေအိမ်တွင် ညက ကွယ်လွန်သွားသည်။

အကြိမ် ၃၀ မြောက် တီပီဋ္ဌကရေရွှေးချယ်ပွဲကို ရန်ကုန်မြို့ သာသနာ့ရိပ်သာ ဖလ်ယဉ်ဓမ္မာရုံ၌ ကျင်းပသည်။

၂၆ ငြိမ်းချမ်းရေး ဖြေရှင်းရန် အင်္ဂရိယယ်နှင့် အီဂျစ်တို့ ပူးတွဲ၍ ဖွဲ့စည်းသော နိုင်ငံရေးနှင့် စစ်ရေး ကော်မီတီများသည် ဇန္နဝါရီလ ၁၄ ရက်နှင့် ၁၅ ရက် နေ့များ၌ ဂျရူးဆလမ်းမြို့နှင့် ကိုင်ရိုမြို့တို့တွင် စတင် စည်းဝေးကာ သုံးလအထိ လုပ်ဆောင်သွားမည်ဟု အင်္ဂရိယယ် ဝန်ကြီးချုပ် ဗယ်ဂင်က ပြောကြားသည်။

သမ္မတကြီး ဦးနေဝင်းနှင့် အဖွဲ့ဝင်များသည် ၁၉၇၇ ခု ဒီဇင်ဘာလ ၂၄ ရက်မှ ၂၆ ရက်အထိ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ မြောက်နဝင်းဆည်၊ ပေါက်ခေါင်း ရေနံအစမ်းတွင်းနှင့် သာယာဝတီပန်းကန်စက်များသို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

၂၇ ဂျော်ဒန် အနောက်ဖက်ကမ်းတွင် ပယ်လက်စတိုင်နိုင်ငံထူထောင်လျှင် ထိုနေရာမှနေ၍ အင်္ဂရိယယ်နိုင်ငံကို ကျူးကျော် တိုက်ခိုက်လာနိုင်သောကြောင့် ပယ်လက်စတိုင် နိုင်ငံထူထောင်ခြင်းကို ကန့်ကွက်ရသည်ဟု အင်္ဂရိယယ် နိုင်ငံခြားရေး ဝန်ကြီး မိုရှေဒါယန်းက ကြေငြာသည်။

ဆိုရှယ်လစ် လူ့အဖွဲ့အစည်း တည်ဆောက်ရေးမှာ အန်ဂိုလာ ပြည်သူတို့၏ အဆုံးစွန်နှင့် လှည့်ပြောင်း၍ မရသော ဆုံးဖြတ်ချက် ဖြစ်သည်ဟု အန်ဂိုလာ ပြည်သူ့ သမ္မတ နိုင်ငံသမ္မတ နက်တိုက ပြောကြားသည်။

၂၈ ကမ္ဘာကြီးသည် အပြောင်းအလဲ ဖြစ်မည့် အနေအထားသို့ ရောက်နေပြီဟု ထင်မြင်ကြောင်းဖြင့် နိုင်ငံများသို့ နှစ်သစ်ကူးနှုတ်ခွန်းဆက် သဝဏ်လွှာ ပေးပို့ရာ၌ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် ကုဗားလဟိုင်းက ဖော်ပြသည်။

အီဂျစ် သမ္မတ အနုဝါဆဒတ်နှင့် အင်္ဂရိယယ် ဝန်ကြီးချုပ် မိနာချင်ဗယ်ဂင်တို့ နှစ်ဦး၏ သတ္တိရှိသော ဦးဆောင်မှုများကို အမေရိကန်က ထောက်ခံကြောင်း သမ္မတ ကာတာက ထုတ်ဖော် ကြေငြာသည်။

၂၉ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်း ဟင်နရီ ကစ်ဆင်းဂျာက ၁၉၇၈ ခုနှစ်ငြိမ်းချမ်းရေး နိုဗဲဆုအဖြစ် အီဂျစ် သမ္မတ အနုဝါဆဒတ်အား အမည်စာရင်း တင်ကြောင်း ကိုင်ရိုမြို့ရှိ အယ်အာရမ်သတင်းစာက ဖော်ပြသည်။

၁၉၇၆ ခုနှစ် အတွက် မြန်မာ့ ရုပ်ရှင် ထူးချွန်ဆုများ ချီးမြှင့်ပွဲကို မြန်မာ့ အသံ မြက်ခင်းပြင်၌ ကျင်းပရာ ပြန်ကြားရေး ဝန်ကြီး ဌာနနှင့် ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဦးကြည်မောင် တက်ရောက်၍ မြန်မာ့ရုပ်ရှင် ထူးချွန်ဆု အဖြစ် ရွှေစင်ရုပ်များကို သက်ဆိုင်ရာ ဆုရရှိသူများအား ပေးအပ် ချီးမြှင့်လိုက်သည်။

၃၀ ရူမေးနီးယားသမ္မတနိုင်ငံထူထောင်သည့် နှစ် ၃၀ မြောက် နှစ်ပတ်လည်နေ့ ဖြစ်သည်။

အမေရိကန် သမ္မတ ကာတာသည် အရှေ့ဥရောပတွင် အမျိုးသား လွှတ်လပ်ရေးနှင့် လူ့အခွင့်အရေးများ၌ အမေရိကန်က စိတ်ဝင်စားမှု ရှိသည်ကို ပြသသည့် သဘောဖြင့် ပိုလန်နိုင်ငံတွင် စစ်အတွင်းက ကျဆုံးခဲ့သူများ အထိမ်းအမှတ်ပွဲသို့ သွားရောက်၍ ပန်းခွေချ အလေးပြုသည်။

၃၁ ကမ်ပူးချားနှင့် ဗီယက်နမ် နိုင်ငံတို့ နယ်စပ် တိုက်ပွဲများ ဖြစ်ပွားပြီးနောက် ဗီယက်နမ်နှင့် သံတမန် ဆက်ဆံမှု ယာယီ ရပ်စဲလိုက်ကြောင်း ကမ်ပူးချား နိုင်ငံကကြေငြာသည်။

စပိန် အစိုးရက သုံးလခဲ့ကြာ ညှိနှိုင်း ဆွေးနွေးမှုများ အပြီး ဗက်စကိုပြည်နယ်ကို ကိုယ်ပိုင် အုပ်ချုပ်ရေးပေးလိုက်ကြောင်းကြေငြာသည်။

တူရကီ အစိုးရ အပေါ် အယုံအကြည် မရှိအဆို အမျိုးသား လွှတ်တော်၌ တင်သွင်းရာ အနိုင်ရသွားသဖြင့် တူရကီ ဝန်ကြီးချုပ် ဆူလေမန်ဒီမိုင်ရယ် နုတ်ထွက်စာ တင်သည်။

ကူဝိတ်စော်ဘွား ရှိတ်ဆာဗာအယ်ဆာလမ် အယ်ဆာဗာသည် နှလုံးရောဂါဖြင့် ကွယ်လွန်သည်။



လူမျိုးမရွေး၊ ဘာသာမရွေး၊ အသွေးအဆင်မရွေး လူအားလုံးအတွက်ဖြစ်သော လူ့အခြေခံအခွင့်အရေးနှင့် လွတ်လပ်ခွင့်တို့ကို နိမ့်ကျယိုယွင်းပျက်စီးခြင်းမရှိရအောင် ကျန်ုပ်တို့ ကြိုးစားအားထုတ်ပါမည်ဟု သန္နိဋ္ဌာန်ပြုကာ ကမ္ဘာ့ကုလသမဂ္ဂ စာချုပ်ကို ၁၉၄၅ ခုနှစ်က ဆန်ဖရန်စစ္စကိုမြို့၌ ရေးဆွဲခဲ့သည့်အတိုင်း အဖွဲ့ဝင်နိုင်ငံများသည် ငြိမ်းချမ်းသောလူ့ဘောင်ကို တည်ဆောက်ရန် အထူးကြိုးစားဆဲဖြစ်ကြသည်။

အာရှတခွင်၌ ဒုတိယကမ္ဘာစစ်ကြီး၏ စစ်ဦးဘိလူးကာလဟု ဆိုရမည့်အချိန်ဖြစ်လျက် ဥရောပနှင့် အတ္တလန္တိတ်သမုဒ္ဒရာဖက်တွင် ဂျာမန်တို့ ကြမ်းချင်တိုင်း ကြမ်းသည့်ဒဏ်ကို အလူးအလဲ ခံနေကြရသည့်အချိန် ဖြစ်လေသည်။ ၁၉၄၁ ခုနှစ် ဇွန်လ ၁၂ ရက်နေ့တွင် လန်ဒန်မြို့၌ စိန့်ဂျိမ်းနန်းတော်ကြေငြာချက်ကို ထုတ်ပြန်လိုက်သည်မှ စတင်၍ နိုင်ငံအများ စုပေါင်းလျက် ဝါရှင်တန်၊ မောစကို၊ ယော်လတာနှင့် တီဟီရန် စသည့် မြို့ကြီးများတွင် အဆင့်ဆင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြရာ ၁၉၄၅ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် ဆန်ဖရန်စစ္စကိုမြို့၌ ကုလသမဂ္ဂစာချုပ်ကို နိုင်ငံပေါင်း ၅၁ မှ ကိုယ်စားလှယ်တို့က လက်မှတ်ရေးထိုးနိုင်ကြလေသည်။ ဤနည်းဖြင့် ကုလသမဂ္ဂဟူ၍ မားမားမတ်မတ် ပေါ်ပေါက်လာရန်အသင့်ဖြစ်လာလေသည်။ ထိုအချိန်ကား ဥရောပတွင် ဂျာမန်တို့ လက်နက်ချပြီးခါစ ဖြစ်လျက် အာရှတွင် ဂျပန်တို့လက်နက်ချလုဆဲဆဲ ဖြစ်လေသည်။

ယင်းသို့ ပေါ်ပေါက်လာသော ကုလသမဂ္ဂ၏ အဓိကရည်ရွယ်ချက်မှာ ဤကမ္ဘာတွင် မည်သည့်အခါမျှ နောက်ထပ်တဖန် စစ်မီးတောက် ထ၍ မတောက်ရ လေအောင် တားဆီးရန်ပင်ဖြစ်၏။ သို့ရာတွင် လူတို့သည် စစ်ဘေးဒဏ်မှ ကင်းဝေးရုံမျှသာ မဟုတ်၊ အစဉ်တည်မြဲမည့် ငြိမ်းချမ်းရေးကိုလည်း အလိုရှိကြ၏။ ငြိမ်းချမ်းရုံမျှသာ မဟုတ်၊ လွတ်လပ်ရေးကိုလည်း မြတ်နိုးကြ၏။ လွတ်လပ်ရုံမျှသာ မဟုတ်၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက် စည်ပင်သာယာဝပြောမှုကိုလည်း တောင့်တကြ၏။ ဖွံ့ဖြိုးတိုးတက်ကာမျှသာမဟုတ်သေး၊ တရားမျှတမှု ရှိသော လူ့ဘောင်ကိုလည်း တည်ဆောက်လိုကြ၏။ လူတို့၏ အထွေထွေ အပြားပြားသော တောင့်တမှုနှင့် ကြောင့်ကြမှုများသည် ကုလသမဂ္ဂစာချုပ်၏ နိဒါန်းတွင်၎င်း၊ အခန်း ၁ ပါ ရည်ရွယ်ချက်ကြီး လေးရပ်နှင့် အခြေခံမူ ခုနစ်ချက်တွင်၎င်း ကောင်းစွာ ထင်ဟပ်လျက် ရှိလေသည်။

၁၉၇၇ ခုနှစ် အောက်တိုဘာလတွင် ကုလသမဂ္ဂ သည် သက်တမ်း ၃၃ နှစ်အတွင်းသို့ ချင်းနင်းဝင်ရောက်ခဲ့ပေပြီ။ ထိုမျှသောကာလသည် သမိုင်းအမြင်အရ ရှည်လျားသည်ဟူ၍ မဆိုနိုင်ချေ။ သို့ရာတွင် တိုတောင်းသည်ဟူ၍လည်း မဆိုသာပေ။ ယင်းကာလအတွင်း၌ ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံဦးရေသည် မူလအဖွဲ့ဝင် ၅၁ နိုင်ငံမှစ၍ တဖြည်းဖြည်းတိုးလာခဲ့ရာ ယခုအခါ၌ ၁၄၉ နိုင်ငံရှိပေပြီ။ ဤမျှကြာမြင့်စွာ မားမားမတ်မတ် တည်ရှိနေနိုင်ခဲ့ခြင်းနှင့် အဖွဲ့ဝင်နိုင်ငံဦးရေ သုံးဆမျှတိုးလာခြင်းသည် ကမ္ဘာ့နိုင်ငံများက ကုလသမဂ္ဂကြီးအား ကိုးစားအားထားလောက်သော အဖွဲ့



ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံ၊ နိုင်ငံခြားရေးဌာနဝန်ကြီး ဦးလှဘုန်း ကုလသမဂ္ဂ အထွေထွေ ညီလာခံတွင် မိန့်ခွန်းပြောကြားနေစဉ်

ကြီးတခုအဖြစ် ယုံကြည်မှတ်ယူကြကြောင်း ထင်ရှားသော သာဓက ဖြစ်လေသည်။

ကုလသမဂ္ဂတွင် အဖွဲဝင်နိုင်ငံများ အရေအတွက်သာ လျှင် တိုးပွားလာသည်မဟုတ်ချေ။ ဆွေးနွေးညှိနှိုင်း စေ့စပ် ဖြေရှင်းရန်လိုအပ်သော ကမ္ဘာ့ပြဿနာတို့မှာလည်း အမျိုး အမည်ရော အရေအတွက်ပါ ပိုမိုများပြားလာလေသည်။ တနေ့တခြား ပိုမိုများပြားလာသော ပြဿနာတို့ကို ဆွေး နွေးရန် ကုလသမဂ္ဂ၏ အခြေခံ အဖွဲ့အစည်းများကိုလည်း ပိုမိုသင့်တင့်မျှတအောင် ပြင်ဆင်ဖွဲ့စည်းခဲ့ရလေသည်။

အပြည်ပြည်ဆိုင်ရာပြဿနာများ

ကုလသမဂ္ဂကို သံစုံတီးဝိုင်းကြီးတခုနှင့် နှိုင်းယှဉ်ဖော်ပြ လေ့ရှိကြ၏။ အထူးထူးအပြားပြား အသံအမျိုးမျိုးထွက် သော တူရိယာပစ္စည်း အမျိုးမျိုးကို ပေါင်းစပ် ညှိနှိုင်း၍ ကျွမ်းကျင်သော တီးဝိုင်းခေါင်းဆောင်၏ ဦးဆောင်မှုဖြင့် စည်းဝါးအချက်ကျကျ တီးမှုတ်သော အခါတွင် သာယာ နာပျော်ဘွယ်ရှိသော ဂီတအသံများ ထွက်ပေါ်လာဘိသကဲ့ သို့ နောက်ခံသမိုင်း အမျိုးမျိုးနှင့် ဝါဒလမ်းစဉ်အမျိုးမျိုး ရှိကြသော အစိုးရများအုပ်ချုပ်သည့် နိုင်ငံပေါင်းများစွာ၏ ရည်မှန်းချက်များနှင့် လုပ်ငန်းရပ်များကို သဟဇာတဖြစ် အောင် ညှိနှိုင်းဆက်စပ်ပေးခြင်းဖြင့် ငြိမ်းချမ်း သာယာ သော လူဘောင်ကို တည်ဆောက်ရန်မှာ ကုလသမဂ္ဂ၏ ပဓာနလုပ်ငန်း ဖြစ်လေသည်။

အပြည်ပြည်ဆိုင်ရာ ပြဿနာအရပ်ရပ်ကို ဖြေရှင်းရန် နည်းလမ်း ရှစ်ခုကို ကုလသမဂ္ဂစာချုပ်တွင် ရည်ညွှန်းဖော် ပြထားသည်။ ယင်းတို့မှာ အပြန်အလှန် ဆွေးနွေးခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ ကြားဝင်ဖျန်ဖြေခြင်း၊ ညှိနှိုင်းစေ့စပ် ပေးခြင်း၊ ခုံသမာဓိအဆုံးအဖြတ် ခံယူခြင်း၊ အပြည်ပြည် ဆိုင်ရာ တရားဥပဒေကြောင်းအရ အဖြေရှာခြင်း၊ ဒေသန္တရ အဖွဲ့များတွင် ဒေသဆိုင်ရာ ပြဿနာတို့ကို တင်ပြခြင်းနှင့် ကာယကံရှင်တို့ နှစ်ဦးနှစ်ဖက် အကြေအလည် လက်ခံနိုင် သော နည်းလမ်းကို အသုံးပြုခြင်းတို့ ဖြစ်ကြသည်။

ရံဖန်ရံခါတွင် ငြိမ်းချမ်းရေး ထိန်းသိမ်းရန် ကုလသမဂ္ဂ လက်နက်ကိုင်တပ်များ စေလွှတ်သည်။ ငြိမ်းချမ်းရေးကို စောင့်ကြပ်ကြည့်ရှုရန် လက်နက်မကိုင်သော အကဲခတ်တပ် ဖွဲ့များ လွှတ်သည့်အခါတွင်လည်း လွှတ်သည်။ ပဋိပက္ခဖြစ် နေသော နှစ်ဖက်တပ်ဖွဲ့များကို ခွဲခြားရန်တပ်ဖွဲ့များစေလွှတ် ခြင်းလည်း ရှိသည်။ လုံခြုံရေးကောင်စီအနေဖြင့်သော်ငင်း၊ အတွင်းရေးမှူးချုပ်အနေဖြင့်သော်ငင်း အထူးကိုယ်စားလှယ် နှင့်ကိုယ်စားလှယ်အဖွဲ့များကို အချင်းဖြစ်ပွားရာဒေသသို့စေ လွှတ်သည့်သာဓကများလည်းရှိပေသည်။ပြဿနာ၏ အရင်း အမြစ်နှင့် စပ်လျဉ်း၍ အဖြစ်မှန်များကို ရှာဖွေ စုံစမ်းရန် နှင့် ကာယကံရှင်များ အကြားတွင် စေ့စပ်ဖြေရှင်းပေးရန် ဖြစ်သည်။ရံဖန်ရံခါလည်း အထူးညီလာခံများ ကျင်းပ၍ ငင်း၊ အထူးအရေးပေါ်ညီလာခံများ ကျင်းပ၍ငင်း ဆွေး နွေးဖြေရှင်းခဲ့ရသည်လည်းရှိလေသည်။

ပြဿနာအရပ်ရပ်ကိုကိုင်တွယ်ဖြေရှင်းရန် ကုလသမဂ္ဂကို စဖွဲ့သည်မှ ၁၉၇၇ ခုနှစ်အထိ ကျင်းပခဲ့ဘူးသော အထွေထွေ လွှတ်တော်၏အထူးညီလာခံများမှာ အောက်ပါတို့ဖြစ်သည်။

ပထမအကြိမ် အထူးညီလာခံ (၂၉-၄-၄၇)မှ (၇-၅-၄၇)	ပယ်လက်စတိုင်ပြဿနာကို ဆွေးနွေးသည်။
ဒုတိယအကြိမ် အထူးညီလာခံ (၁၆- ၄-၄၈)မှ (၁၄-၅-၄၈)	ပယ်လက်စတိုင်အစိုးရဖွဲ့စည်းရေးဆွေးနွေးသည်။

တတိယအကြိမ် အထူးညီလာခံ (၂၁–၈–၆၃)မှ (၂၇–၈–၆၃)	တျူနစ်ဒီးယား ပြည်တွင်း အရေး ဆွေးနွေးသည်။
စတုတ္ထအကြိမ် အထူးညီလာခံ (၁၄–၅–၆၃)မှ(၂၀–၆–၆၃)	ကုလသမဂ္ဂ၏ ဘဏ္ဍာရေး အကျပ်အတည်း ပြဿနာ နှင့် ကူဝိတ်နိုင်ငံ ကုလ သမဂ္ဂ ဝင်ခွင့်ကိစ္စကို ဆွေး နွေးသည်။
ပဉ္စမအကြိမ် အထူး ညီလာခံ (၁၇–၆–၆၇)မှ (၁၈–၉–၆၇)	အနောက်တောင် အာဖရိက ပြဿနာနှင့် ကုလသ မဂ္ဂ၏ ငြိမ်းချမ်းရေး ထိန်း သိမ်းမှု တပ်များ အတွက် ကုန်ကျစရိတ်များ ကိစ္စတို့ကို ဆွေးနွေးသည်။
ဆဋ္ဌမအကြိမ် အထူး ညီလာခံ (၉–၄–၇၄) မှ (၂–၅–၇၄)	စက်မှု ကုန်ကြမ်း ပြဿနာ နှင့် စီးပွားရေး ဖွံ့ဖြိုးမှုကိစ္စများကို ဆွေးနွေးသည်။
သတ္တမအကြိမ် အထူး ညီလာခံ (၁–၉–၇၅) မှ (၁၆–၉–၇၅)	ကမ္ဘာ့ စီးပွားရေး ဖွံ့ဖြိုးမှုနှင့် အပြည်ပြည်ဆိုင်ရာ စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှုကိစ္စတို့ကို ဆွေးနွေးသည်။

အထူးညီလာခံများအပြင် အထူးအရေးပေါ် ညီလာခံများ ကျင်းပ၍လည်း ဖြေရှင်းရန်ကြိုးစားခဲ့ရသည်။

ပထမအကြိမ် အထူးအရေးပေါ် ညီလာခံ (၁–၁၁–၅၆)မှ(၁၀–၁၁–၅၆)	အရှေ့အလယ်ပိုင်း ပြဿနာကို ဆွေးနွေးသည်။ထို နှစ်ဇွန်လတွင် အီဂျစ်နှင့် အင်္ဂရိယယ်တို့ ဆူးအက် တူးမြောင်းဒေသတွင် စစ်ပွဲဆင်နွှဲခဲ့ကြသည်။
ဒုတိယအကြိမ် အထူးအရေးပေါ် ညီလာခံ (၄–၁၁–၅၆)မှ(၁၀–၁၁–၅၆)	ဟန်ဂေရီပြည်တွင်းအရေး အခင်းကိစ္စဆွေးနွေးသည်။
တတိယအကြိမ်အထူးအရေးပေါ် ညီလာခံ (၈–၈–၅၈)မှ (၂၁–၈–၅၈)	လက်ဗန္ဓန် နှင့် ကျော်ဒန် နိုင်ငံတို့တွင်ဖြစ်ပေါ်သည့် အခြေ အနေကို ဆွေး နွေးသည်။
စတုတ္ထအကြိမ် အထူးအရေးပေါ် ညီလာခံ (၁၇–၉–၆၀)မှ(၁၉–၉–၆၀)	ကွန်ဂို ပြဿနာကို ဆွေး နွေးသည်။

ပဉ္စမအကြိမ် အထူးအရေးပေါ် ညီလာခံ (၁၇–၆–၆၇)မှ(၁၈–၉–၆၇) အရှေ့အလယ်ပိုင်း ပြဿနာကို ဆွေးနွေးသည်။ထို နှစ်ဇွန်လတွင် အီဂျစ်နှင့် အင်္ဂရိယယ်တို့ ဆိုင်နိုင်း ကျူန်းဆွယ်တွင်စစ်ပွဲ ဆင်နွှဲခဲ့ကြသည်။

ကုလသမဂ္ဂ စာချုပ်ကြီးကို ကမကထပြု၍ ရေးဆွဲခဲ့ကြသော ကမ္ဘာ့ ခေါင်းဆောင်ကြီးများသည် စစ်ဘေးဒဏ်မှ ကင်းဝေး၍ ငြိမ်းချမ်းသော ကမ္ဘာကို တည်ထောင်ရန် အဓိကရည်မှန်းချက် ထားခဲ့ကြသည် မှန်သော်လည်း ဖွံ့ဖြိုးတိုးတက်၍ စည်ပင် သာယာဝပြောသော လူ့ဘောင်ကို တည်ဆောက်ရန်လည်း လိုသည်ဟူသောအချက်ကို ကောင်းစွာ သတိပြုမိကြလေသည်။ ကုလသမဂ္ဂ၏ လုပ်ငန်းများကို ဆန်းစစ်ကြည့်မည်ဆိုလျှင် ကမ္ဘာသူကမ္ဘာသားတို့၏ဖွံ့ဖြိုးတိုးတက် စည်ပင်သာယာဝပြောရေးအတွက် ဆောင်ရွက်နေရသော လုပ်ငန်းများမှာ နိုင်ငံရေးဆိုင်ရာ လုပ်ငန်းများထက် ပိုမိုများပြားလေသည်။ ပိုမိုထိရောက်မှု ရှိသည်ဟူ၍လည်း များစွာသော ပဂ္ဂိုလ်တို့က ယုံကြည်ကြ၏။ ကုလသမဂ္ဂ၏ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာလုပ်ငန်းများသည် နိုင်ငံရေး၊ စစ်ရေး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ လုပ်ငန်းများလောက် အခြေခံအားဖြင့် အရေးမကြီးဟု ဆိုနိုင်သည့်တိုင် အောင် ထပ်တူထပ်မျှ အရေးပါကြသည်ဟူသော အချက်ကိုကား မငြင်းနိုင်ချေ။

ကုလသမဂ္ဂစာချုပ်ကြီးကို ရေးဆွဲခဲ့သော ကမ္ဘာ့ခေါင်းဆောင်ကြီးများသည် ဤအချက်ကို ကောင်းစွာသတိမူမိကြသည့်အလျောက် ယင်းစာချုပ်တွင် စီးပွားရေးနှင့် လူမှုရေးကိစ္စများနှင့် ဆိုင်သော ပြဋ္ဌာန်းချက်များကို ပြည့်စုံ လုံလောက်စွာပင် ထည့်သွင်းရေးဆွဲခဲ့ကြသည်။ စီးပွားရေးနှင့် လူမှုရေးနှင့်ဆိုင်သော ကုလသမဂ္ဂ၏ လုပ်ငန်းများမှာ အထူးကျယ်ဝန်း များပြားသည်။ အခြား မည်သည့် စုမ်းဆောင်မှု တစုံတရာမျှပင် မရှိသည့်တိုင်အောင် စီးပွားရေးနှင့် လူမှုရေးကိစ္စတို့တွင် အလွန်အသုံးဝင်သော ကဏ္ဍမှ ပါဝင်ဆောင်ရွက်နေသည့် အချက်တချက်တည်းနှင့်ပင် ကုလသမဂ္ဂကြီးကို တည်ထောင်ခဲ့ရကျိုးနပ်ပြီဟု ဆိုစမှတ်ပြုကြသည်။

အရှေ့အလယ်ပိုင်းပြဿနာ

၁၉၄၇ ခုနှစ်တွင် ပယ်လက်စတိုင်ဒေသကို နှစ်ပိုင်းခွဲ၍ အာရပ်နိုင်ငံနှင့် အင်္ဂရိယယ်နိုင်ငံဟူ၍ နှစ်နိုင်ငံတည်ထောင်ရန် ကုလသမဂ္ဂ အထွေထွေလွှတ်တော်က ဆုံးဖြတ်ခဲ့သည်။ ယင်းဆုံးဖြတ်ချက်အရ ၁၉၄၈ ခုနှစ်တွင် အင်္ဂရိယယ်နိုင်ငံကို တည်ထောင် နိုင်ခဲ့သော်လည်း အာရပ်နှင့် အင်္ဂရိယယ်တို့ ပဋိပက္ခကြောင့် အာရပ်နိုင်ငံကို တည်ထောင်နိုင်ခဲ့ခြင်း မရှိ

ခဲ့ချေ။ ယင်းသို့ ပေါ်ပေါက်လာသော အင်္ဂရိယယ်နိုင်ငံကို အာရပ်နိုင်ငံများနှင့် ပယ်လက်စတိုင်ဒေသရှိ အာရပ်အမျိုးသားတို့က အသိအမှတ်မပြုသကဲ့သို့ ပယ်လက်စတိုင်ဒေသရှိ အာရပ်အမျိုးသားတို့အနေဖြင့် ယင်းဒေသတွင် လုတ်လပ်သော အမျိုးသားနိုင်ငံအဖြစ် တည်ထောင်နေထိုင်ခွင့်ရှိသည်ဟူသော အချက်ကိုလည်း အင်္ဂရိယယ်နိုင်ငံက ငြင်းပယ်လျက်ရှိသည်။ အင်္ဂရိယယ်နှင့်အာရပ်တို့ နှစ်ဦးနှစ်ဖက် တဦးကိုတဦး အသိအမှတ်မပြုနိုင်ကြခြင်းသည် ယနေ့ကုလသမဂ္ဂသို့ ရောက်ရှိနေသော ပယ်လက်စတိုင်နှင့် အရှေ့အလယ်ပိုင်းပြဿနာတို့၏ ရေသောက်မြစ်ပင် ဖြစ်သည်။

ဤနည်းဖြင့် အင်္ဂရိယယ်နှင့် အာရပ်တို့သည် ၁၉၄၈ ခုနှစ်တွင်တကြိမ် ပထမဆုံးစစ်ပွဲ ဆင်နွှဲခဲ့ကြသည်။ ၁၉၄၉ ခုနှစ်တွင် အင်္ဂရိယယ်နှင့် ယင်း၏ဝန်းကျင်ရှိ အာရပ်နိုင်ငံတို့ အပစ်အခတ် ရပ်စဲရေးစာချုပ် ချုပ်ဆိုနိုင်ခဲ့ကြသော်လည်း ယခုထက်တိုင် ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုနိုင်ခြင်း မရှိသေးချေ။ သို့ဖြစ်ရာ အရှေ့အလယ်ပိုင်းဒေသတွင် စစ်လည်းမဟုတ် ငြိမ်းချမ်းရေးလည်း မကျသော တအုံ့နွေးနွေး အခြေအနေမျိုး ဖြစ်ပေါ်နေခဲ့လေသည်။

၁၉၅၆ ခုနှစ်တွင် ဆူးအက်တူးမြောင်း အသုံးပြုခွင့်ကို အကြောင်းပြလျက် ဗြိတိန်၊ ပြင်သစ်နှင့် အင်္ဂရိယယ်တို့က အီဂျစ်နိုင်ငံအား ဝင်ရောက်တိုက်ခိုက်သည်မှစ၍ အင်္ဂရိယယ်နှင့် အာရပ်တို့ ဒုတိယအကြိမ် စစ်ပွဲ ဆင်နွှဲ ခဲ့ကြသည်။ (၁၅ - ၃၃၇—၅၅။) လုံခြုံရေး ကောင်စီနှင့် အထွေထွေလွတ်တော်တို့က ယင်းကိစ္စကို စဉ်းစားဆွေးနွေး သုံးသပ်၍ နှစ်ဖက်ပစ်ခတ်မှုများကို ရပ်စေခဲ့ရသည်။ ကုလသမဂ္ဂအရေးပေါ်တပ်ဖွဲ့များကို အရှေ့အလယ်ပိုင်းဒေသသို့ စေလွှတ်၍ငြိမ်းချမ်းရေးကို ထိန်းသိမ်းပေးခဲ့ရသည်။ ဤအကြိမ်တွင်လည်း အပြီးအပိုင် ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုနိုင်ရန် အခြေအနေ မပေးခဲ့ချေ။

၁၉၅၆ ခုနှစ်မှစ၍ အီဂျစ်နိုင်ငံ၏ သဘောတူညီချက်အရ အီဂျစ်နှင့် အင်္ဂရိယယ် နယ်နိမိတ်တလျှောက်ရှိ အီဂျစ်နယ်မြေတွင် ကုလသမဂ္ဂ အရေးပေါ်တပ်ဖွဲ့များ ထားရှိခဲ့လေသည်။ ယင်းတပ်ဖွဲ့များ ဆက်လက်ထားရှိခြင်းကို အီဂျစ်နိုင်ငံက သဘောမတူနိုင်တော့ကြောင်းဖြင့် ၁၉၆၇ ခုနှစ်တွင် အီဂျစ်နိုင်ငံအစိုးရက ကုလသမဂ္ဂသို့ အကြောင်းကြားခဲ့သည်။

အင်္ဂရိယယ်နိုင်ငံ အနေဖြင့် ယင်းတို့ နယ်မြေဖက်၌ ကုလသမဂ္ဂတပ်ဖွဲ့များထားရန် လက်ခံနိုင် မခံနိုင်ကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က စုံစမ်းခဲ့ရာ အင်္ဂရိယယ်ကလည်း လက်မခံနိုင်ကြောင်းဖြင့် ပြန်ကြားခဲ့သည်။ သို့ဖြစ်၍ ကုလသမဂ္ဂဝင်နိုင်ငံများဖြစ်ကြသော အီဂျစ်နှင့် အင်္ဂရိယယ်နိုင်ငံတို့၏ဆန္ဒကို လေးစားရန်မှတပါး အခြားနည်းလမ်းမရှိသောကြောင့် ၁၉၅၆ ခုနှစ်မှစ၍ အရှေ့အလယ်ပိုင်း ဒေသတွင် ငြိမ်းချမ်းရေး ထိန်းသိမ်းရန်ထားရှိခဲ့သော ကုလသမဂ္ဂအရေး

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ မေတ္တာရပ်ခံချက်အရ ဆူးအက်တူးမြောင်း အနောက်ဖက်ကမ်းရောက် အင်္ဂရိယယ်တပ်များ ပြန်လည်စုစည်းနေစဉ်



ပေါ်တပ်ဖွဲ့တို့ကို ၁၉၆၇ ခုနှစ်တွင် အတွင်းရေးမှူး ချုပ်က ရုပ်သိမ်းခဲ့ရသည်။

ကုလသမဂ္ဂအရေးပေါ်တပ်ဖွဲ့ကို ရုပ်သိမ်းလိုက်သည်နှင့် တပြိုင်နက် အင်ဂရီယယ်နှင့် အာရပ်တို့သည် ဆိုင်နိုင်းကျန်း ဆွယ်စစ်ပွဲဟု ခေါ်သော တတိယ အကြိမ်မြောက် အရှေ့အလယ်ပိုင်းဒေသစစ်ပွဲကို ဆင်နွှဲခဲ့ကြပြန်သည်။ ဤအကြိမ်တွင်လည်း လုံခြုံရေးကောင်စီနှင့် အထွေထွေလွှတ်တော်တို့ ကပင် ဆွေးနွေး စဉ်းစားပြီးနောက် နှစ်ဖက် အပစ်အခတ် ရပ်စဲစေခဲ့ရသည်။ ကုလသမဂ္ဂ၏ လက်နက်ကိုင်ခြင်း မပြု သော အကဲခပ်တပ်ဖွဲ့များ စေလွှတ်၍ ငြိမ်းချမ်းရေးကို ထိန်း သိမ်းပေးရလေသည်။ ဤအကြိမ်တွင်လည်း အပစ်အခတ် ရပ်စဲရေးကိုသာဆောင်ရွက်နိုင်ခဲ့လျက်ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုနိုင်သည့် အခြေအနေသို့ ဆောင်ကြဉ်းပေးနိုင်ခြင်း မရှိခဲ့ချေ။

ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်အရ ဆို့ဒင်နိုင်ငံသား ဖြစ်သော သံအမတ်ကြီး မစ္စတာဂူနာဂျာရင်းက အတွင်း ရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်အဖြစ် အရှေ့အလယ် ပိုင်းသို့ သွားရောက်၍ ပဋိပက္ခတွင်ပါဝင်သော ကာယကံရှင် များဖြစ်ကြသည့် အင်ဂရီယယ်နှင့် အာရပ်နိုင်ငံအစိုးရခေါင်း ဆောင်များနှင့် ညှိနှိုင်းဆွေးနွေးလျက် အဖြရှာခဲ့သည်။

၁၉၇၃ ခုနှစ် အောက်တိုဘာလတွင် အင်ဂရီယယ်နှင့် အာရပ်တို့သည် စတုတ္ထအကြိမ်မြောက် စစ်ပွဲတရပ်ကို ဆင် နွှဲကြပြန်သည်။ ထိုအကြိမ်တွင် အင်ဂရီယယ်နိုင်ငံ၏ ယုန်ကစ်ပူ ခေါ် အခါကြီး ရက်ကြီးတွင် စတင် ဖြစ်ပွားသောကြောင့် ယုန်ကစ်ပူ စစ်ပွဲဟူ၍လည်း ယင်းစစ်ပွဲကို ခေါ်ကြသည်။ ဤအကြိမ်တွင်လည်း လုံခြုံရေးကောင်စီနှင့် အထွေထွေ လွှတ်တော်တို့က ဆွေးနွေးစဉ်းစားပြီးနောက် အပစ်အခတ် ရပ်စဲစေခဲ့ရပြန်သည်။ ထိုပြင် တပ်သားအင်အား ၇၀၀၀ ခန့်ရှိသော ကုလသမဂ္ဂ အရေးပေါ် တပ်ဖွဲ့ကို လုံခြုံရေး ကောင်စီ၏ ဆုံးဖြတ်ချက်အရ ယင်းဒေသသို့ စေလွှတ်ခဲ့ရ လေသည်။

၁၉၇၃ ခုနှစ် ဒီဇင်ဘာလတွင် ကုလသမဂ္ဂ၏ ကမကထ ပြုမှုဖြင့် ဂျီနီဗာမြို့တွင် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး ညီလာခံကို သုံးကြိမ် ကျင်းပခဲ့လေသည်။ အမေရိကန်နှင့် ရုရှကိုယ်စားလှယ်တို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက် ခဲ့ကြသည်။ သို့သော်လည်း သဘောတူညီချက် တစုံတရာ မရရှိခဲ့ချေ။ ရက်သတ်မှတ်ခြင်း မပြုပဲ နောက်ထပ်တဖန် တွေ့ဆုံ ဆွေးနွေးကြရန် ဆုံးဖြတ်ခဲ့ကြသည်။ သို့သော် ၁၉၇၇ ခုနှစ် အောက်တိုဘာလအထိ အရှေ့ အလယ်ပိုင်း ဆိုင်ရာ ဂျီနီဗာ ငြိမ်းချမ်းရေးညီလာခံ ကျင်းပနိုင်ခြင်းမရှိ သေးချေ။ အရှေ့အလယ်ပိုင်း အခြေအနေသည် စစ်ဖြစ် နေသည်ဟူ၍လည်း မဆိုသာ၊ ငြိမ်းချမ်း သာယာသည့်



ကုလသမဂ္ဂ၏ ဝင်ရောက်ဖျန်ဖြေမှုကြောင့် အီဂျစ်တပ်ဖွဲ့ဝင်များက ဤသို့အပစ်အခတ်ရပ်စဲပေးခဲ့သည်။

အခြေအနေလည်းမဟုတ်ပဲ တအုံနွေးနွေး မီးခဲပြာဖုံးအခြေ အနေတွင် ဆက်လက်တည်ရှိနေလေသည်။

လုံခြုံရေးကောင်စီက အကြမ်းအားဖြင့် ၁၉၆၇ ခုနှစ်က သိမ်းပိုက်ခဲ့သော အာရပ်နယ်မြေများမှ အင်ဂရီယယ်တပ် များ ရုပ်သိမ်းပေးရန်၊ အာရပ်နိုင်ငံများ အနေဖြင့် အင်ဂရီ ယယ်နိုင်ငံအား အသိအမှတ်ပြုရန်၊ အရှေ့အလယ်ပိုင်းဒေသ ရှိ အပြည်ပြည်ဆိုင်ရာ ရေကြောင်းများတွင် လွတ်လပ်စွာ သွားလာခွင့်ပြုရန်နှင့် ဒုက္ခသည်များ ပြဿနာကို ဖြေရှင်း ပေးရန်ဟူသော သဘောသက်ရောက်သည့် အချက်လေး ချက်ပါရှိသော ဆုံးဖြတ်ချက်တရပ်ကို ၁၉၆၇ ခုနှစ်တွင် ချမှတ်ခဲ့သည်။ ဂျီနီဗာငြိမ်းချမ်းရေး ညီလာခံကို ဖြစ်နိုင် သမျှ အစောဆုံးပြန်လည်ကျင်းပရန် တိုက်တွန်းသော ဆုံး ဖြတ်ချက်တရပ်ကိုလည်း လုံခြုံရေးကောင်စီက ၁၉၇၃ ခုနှစ် တွင်ချမှတ်ခဲ့သည်။ သို့သော် အဆိုပါ ၁၉၆၇ ခုနှစ် ဆုံးဖြတ် ချက်ကို အာရပ်တို့က သဘောမကျကြချေ။ အကြောင်း မှာ ၁၉၄၈ ခုနှစ်တွင် အင်ဂရီယယ်နိုင်ငံ တည်ထောင်သည့် အချိန်မှစ၍ မိမိတို့ဒေသကို စွန့်ခွာ ထွက်ပြေးကြရလျက် အိုးမဲ့အိမ်မဲ့ဖြစ်နေကြသော ပယ်လက်စတိုင်ဒေသရှိ အာရပ် လူမျိုးတို့၏ နိုင်ငံတည်ထောင်ခွင့်ကို လုံခြုံရေးကောင်စီ၏ ၁၉၆၇ ခုနှစ် ဆုံးဖြတ်ချက်တွင် ဖော်ပြထားခြင်း မရှိသော ကြောင့် ဖြစ်သည်။

၁၉၇၄ ခုနှစ်တွင် အထွေထွေလွှတ်တော်က ဆုံးဖြတ် ချက်တရပ်ကို ချမှတ်လိုက်သည်။ အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေးနှင့် စပ်လျဉ်း၍ ကျင်းပမည့် မည်သည့် ဆွေး နွေးပဲ့ဌမဆို ပယ်လက်စတိုင် လွတ်မြောက်ရေး အဖွဲ့အား ဆွေးနွေးပဲ့တင်ပါဝင်သူ အခြားကိုယ်စားလှယ် အဖွဲ့များနှင့် တန်းတူရည်တူ ပါဝင်ဆွေးနွေးခွင့်ပြုရန် တိုက်တွန်းထားချက် ဖြစ်သည်။ (ပယ်လက်စတိုင် လွတ်မြောက်ရေးအဖွဲ့—ရှု။)



အပစ်အခတ် ရပ်စဲရေးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ကုလတပ်ဖွဲ့ဝင်များ ဤသို့အသက် စတေးခဲ့ရသည်။ ပုံတွင် အာရပ်၊ အင်္ဂရိယက် စစ်စခန်းတနေရာ၌ ကုလတပ်ဖွဲ့မှ မော်တော်ယာဉ်တစင်း မိုင်းထိခံရစဉ်။ တပ်ဖွဲ့ဝင် နှစ်ဦး သေဆုံးပြီး ငါးဦး ဒဏ်ရာရခဲ့သည်။

အထွေထွေလွတ်တော်၏ ဆုံးဖြတ်ချက်ကို အင်္ဂရိယက်နိုင်ငံက အသိအမှတ် မပြုခဲ့ချေ။ ပယ်လက်စတိုင် လွတ်မြောက်ရေးအဖွဲ့ ပါဝင်သော မည်သည့်ဆွေးနွေးပဲ့သို့မျှ ပါဝင်တက်ရောက်နိုင်မည် မဟုတ်ကြောင်းကိုလည်း အင်္ဂရိယက် နိုင်ငံက အတိအလင်းပြောကြားလျက်ရှိသည်။

ပယ်လက်စတိုင် ဒေသရှိ အာရပ် အမျိုးသားများနှင့် အရှေ့အလယ်ပိုင်း ဒေသရှိ အာရပ် နိုင်ငံများက တဖက်၊ အင်္ဂရိယက်နိုင်ငံကတဖက် ဖြစ်ပွားနေသော အရှေ့အလယ်ပိုင်း အရေးအခင်းသည် မပြေမလည် ဖြစ်နေခဲ့သည်မှာ နှစ်ပေါင်း ၃၀ တိုင်ခဲ့ပြီဖြစ်သည်။ ကုလသမဂ္ဂ အထွေထွေလွတ်တော်နှင့် လုံခြုံရေးကောင်စီတို့က ချမှတ်ခဲ့သော ဆုံးဖြတ်ချက်တို့မှာလည်း အရေအတွက်အားဖြင့် နှစ်ရာနီးပါးသို့ ချဉ်းကပ်ခဲ့ပေပြီ၊ သို့ရာတွင် အပစ်အခတ် ရပ်စဲရေးနှင့် ယာယီငြိမ်းချမ်းရေးကိုသာ ပေးနိုင်ခဲ့သည်။ အရှေ့အလယ်ပိုင်း ဒေသတွင် အာရပ်နှင့် အင်္ဂရိယက်တို့၏ပြဿနာသည် မီးခဲပြာဖုံး ရှိနေသေးသမျှ ကာလပတ်လုံး စစ်အန္တရာယ်သည် ယင်းဒေသကိုသာမက တကမ္ဘာလုံးကိုပါ အမြဲခြိမ်းခြောက်လျက် ရှိနေမည်ဖြစ်သည်။ သို့ဖြစ်၍ ကုလသမဂ္ဂအနေဖြင့် ထာဝရတည်မြဲမည့် ငြိမ်းချမ်းရေး ပန်းတိုင်ကို ဆွတ်ခူးနိုင်ရန် ဆက်လက် ကြိုးပမ်း အားထုတ်နေဆဲပင် ဖြစ်သည်။

နမီးဗီးယားပြဿနာ

အနောက်တောင်အာဖရိက ခေါ် နမီးဗီးယား ပြည်နယ်သည် ပထမကမ္ဘာစစ် မတိုင်မီက ဂျာမနီနိုင်ငံ၏ လက်အောက်ခံ ကိုလိုနီနယ်တခုဖြစ်သည်။ (အနောက်တောင်အာဖရိကပြည်နယ်—ဂျူ။) ပထမကမ္ဘာစစ် ပြီးဆုံးသွားသောအခါတွင် နိုင်ငံပေါင်းချုပ်အသင်း၏ ကြီးကြပ်မှုဖြင့် တောင်အာဖရိကနိုင်ငံက ယင်းဒေသကို အုပ်ချုပ်သည်။ သို့ဖြစ်၍ ကုလသမဂ္ဂစာချုပ်တွင်ပါရှိသော ပြဋ္ဌာန်းချက်အရ ကုလသမဂ္ဂ၏မလွတ်လပ်သေးသော ပြည်နယ်များထိန်းသိမ်းရေး ကောင်စီ၏ ကြီးကြပ်မှုအောက်သို့ အနောက်တောင်အာဖရိကပြည်နယ်အား လွှဲပြောင်းပေးရန် တောင်အာဖရိကနိုင်ငံ၌ တာဝန်ရှိသည်။ ကိုယ်ပိုင်အုပ်ချုပ်ရေးနှင့် အချုပ်အခြာ အာဏာပိုင် လွတ်လပ်သော နိုင်ငံဘဝသို့ ရောက်ရှိအောင် စီမံဆောင်ရွက်ပေးရန်လည်း တာဝန်ရှိသည်။ သို့ရာတွင် ဤကိစ္စ၌ တောင်အာဖရိကနိုင်ငံသည် ကုလသမဂ္ဂစာချုပ်ပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန်တင်းတင်းမာမာငြင်းဆန်လျက်ရှိခဲ့သည်။ သို့ဖြစ်ရာ နမီးဗီးယား ပြဿနာဆိုသည်မှာ အနောက်တောင်အာဖရိကခေါ် နမီးဗီးယားပြည်နယ်ကိုကုလသမဂ္ဂစာချုပ်နှင့်အညီ ကုလသမဂ္ဂ၏ကြီးကြပ်မှုအောက်သို့လွှဲပြောင်းပေးရန် ကုလသမဂ္ဂ အထွေထွေ လွတ်

တော်နှင့်လုံခြုံရေးကောင်စီတို့၏ တောင်းဆိုချက်နှင့် ဆုံးဖြတ်ချက်တို့ကို တောင်အာဖရိကနိုင်ငံက မလိုက်နာပဲ တင်းမာစွာငြင်းဆန်နေသည့် ပြဿနာပင် ဖြစ်သည်။

အနောက်တောင် အာဖရိကခေါ် နမီးဗီးယားပြည်နယ်အား တောင်အာဖရိက နိုင်ငံက ဆက်လက်အုပ်ချုပ်နေခြင်းသည် တရားမဝင်ကြောင်း ကုလသမဂ္ဂ၏ ကြီးကြပ်မှုအောက်သို့ လွှဲပြောင်းပေးသင့်ကြောင်းနှင့် လွတ်လပ်သော နမီးဗီးယား နိုင်ငံကို ဆောလျင်စွာ တည်ထောင်ပေးသင့်ကြောင်းဖြင့် ကုလသမဂ္ဂ အထွေထွေလွှတ်တော်နှင့် လုံခြုံရေး ကောင်စီတို့က ဆုံးဖြတ်ခဲ့သည်။ တောင်အာဖရိက နိုင်ငံအနေဖြင့် နမီးဗီးယားကို ဆက်လက်အုပ်ချုပ်နေခြင်းသည် တရားမဝင်ကြောင်းဖြင့် ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ တရားလွှတ်တော်ချုပ်ကလည်း ဆုံးဖြတ်ခဲ့သည်။

၁၉၆၆ ခုနှစ်တွင် အနောက်တောင် အာဖရိကဆိုင်ရာ ကုလသမဂ္ဂကောင်စီကို အထွေထွေလွှတ်တော်က ဖွဲ့စည်းလိုက်သည်။ အနောက်တောင် အာဖရိက ပြည်နယ်ကို တိုင်းရင်းသားတို့ အခေါ် အတိုင်း နမီးဗီးယားဟု နာမည်ပြောင်းလိုက်သောအခါ၌ အနောက်တောင် အာဖရိက ဆိုင်ရာ ကုလသမဂ္ဂကောင်စီ၏ နာမည်ကိုလည်း နမီးဗီးယား ကောင်စီဟု ပြောင်းလဲခေါ် ဝေါ် ခဲ့ကြသည်။ တောင်အာဖရိက နိုင်ငံနှင့် ဆက်သွယ်၍ နမီးဗီးယား ပြည်နယ်အုပ်ချုပ်ရေးကို နမီးဗီးယား ကောင်စီက လွှဲပြောင်းလက်ခံယူရန် ဖြစ်သည်။ ထို့နောက် အရွယ်ရောက်သူတိုင်း မဲပေးခွင့်အရ ရွေးကောက်ပွဲများ ကျင်းပလျက် လူမျိုးစုအုပ်ချုပ်ရေးစနစ်ဖြင့် လွတ်လပ်သော နမီးဗီးယား နိုင်ငံကို တည်ထောင်ပေးရန် ဖြစ်သည်။

တောင်အာဖရိက နိုင်ငံသည် ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်တို့ကို လျစ်လျူရှု၍သာ နေသော်ကြောင့် လုံခြုံရေးကောင်စီနှင့် အထွေထွေလွှတ်တော်တို့က အကြိမ်ကြိမ်ရှုတ်ချ ပြစ်တင်ခဲ့လေသည်။ နမီးဗီးယား ပြည်နယ်ရှိ အနောက်တောင် အာဖရိက ပြည်သူလူထု အဖွဲ့သည် နမီးဗီးယား လွတ်မြောက်ရေး လှုပ်ရှားမှုကို အစစ်အမှန် ကိုယ်စားပြုသော အဖွဲ့အစည်းဖြစ်သည်ဟူ၍လည်း အထွေထွေလွှတ်တော်က အသိအမှတ်ပြုခဲ့လေသည်။

တောင်အာဖရိကနိုင်ငံသည် ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်များကို လျစ်လျူရှု၍သာ နေသည့်အပြင် နမီးဗီးယားကို အစိတ်စိတ် အမြှာမြှာ ခွဲလျက် သူ၏ သြဇာခံနိုင်ငံငယ်ကလေးများ အများအပြားကို ဖန်တီးရန် ကြိုးပမ်းလျက်သာ ရှိလေသည်။ လူမျိုးစု အုပ်ချုပ်ရေးစနစ်နှင့် စစ်မှန်သော လွတ်လပ်ရေးအတွက် ကြိုးပမ်းမှုများကိုလည်း ဆက်လက်ဆန့်ကျင် တိုက်ခိုက်လျက်ရှိလေသည်။ ကုလသမဂ္ဂ အထွေထွေလွှတ်တော်နှင့် လုံခြုံရေးကောင်စီတို့သည် လည်းနမီးဗီးယားပြဿနာ၏အဖြေကိုရှာကြံဆဲပင်ဖြစ်လျက် ဆက်လက်၍ ရှာကြံနေရ လိမ့်ဦးမည်သာ ဖြစ်ချေသည်။

ဇင်ဗာဗွေပြဿနာ

တောင်ရိုဒီးဇီးယား နိုင်ငံကို အာဖရိက တိုင်းရင်းသား ဝေါဟာရအားဖြင့် ဇင်ဗာဗွေဟု ခေါ်လေသည်။ ယင်းနိုင်ငံသည် ယခင်က ဗြိတိသျှလက်အောက်ခံ ကိုလိုနီနိုင်ငံတခုဖြစ်လေသည်။ (ရိုဒီးဇီးယားနိုင်ငံ—ရှု။) လူဦးရေခြောက်သန်းခွဲခန့် ရှိသည့်အနက် နှစ်သိန်းကျော်ကျော်မှာ ဥရောပစသည့်နိုင်ငံရပ်ခြားမှလာရောက်၍အခြေစိုက်စခန်းချနေသူ မျက်နှာဖြူများဖြစ်ကြလျက် ကျန်သောခြောက်သန်းကျော်မှာ အာဖရိက တိုင်းရင်းသားများဖြစ်ကြလေသည်။

၁၉၆၁ ခုနှစ်တွင် ဗြိတိသျှတို့က ရေးဆွဲပေးသော ဖွဲ့စည်းပုံ အခြေခံဥပဒေအရ အာဖရိက တိုင်းရင်းသား လူမျိုးစုသည် မဲဆန္ဒပေးခွင့်မရကြချေ။ ရိုဒီးဇီးယားနိုင်ငံ၏ အုပ်ချုပ်ရေးတွင် ပြောရေးဆိုခွင့်လုံးဝမရှိကြချေ။ ယင်းတို့၏ ကံကြမ္မာသည် လက်တဆုပ်စာမျှသော လူဖြူလူနည်းစုတို့၏ လက်တွင် ရှိနေလေသည်။ ၁၉၆၅ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့တွင် လူဖြူလူနည်းစုအစိုးရက ကုလသမဂ္ဂနှင့် သော်၎င်း၊ ဗြိတိသျှ အစိုးရနှင့် သော်၎င်း ညှိနှိုင်းခြင်းမပြုပဲ တဖက်သတ် လွတ်လပ်ရေး ကြေငြာလိုက်သောအခါ အာဖရိက လူမျိုးစုတို့သည် ယင်းတို့၏ ကံကြမ္မာကို နှစ်ကာလ အကန့်အသတ်မရှိ လူဖြူလူနည်းစုအစိုးရ၏ လက်တွင် ဝက္ကက်၍ အပ်ထားရမည့်အခြေသို့ ဆိုက်ရောက်ခဲ့လေ၏။

၁၉၆၅ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်နေ့တွင် လုံခြုံရေးကောင်စီ အစည်းအဝေး ကျင်းပလေသည်။ ရိုဒီးဇီးယား ရှိ လူဖြူလူနည်းစု အစိုးရက တဖက်သတ် လွတ်လပ်ရေး ကြေငြာခြင်းကို လုံခြုံရေးကောင်စီက ပြစ်တင်ရှုတ်ချသော အဆိုမူကြမ်းချမှတ်လေသည်။ တရားမဝင်သော လူနည်းစုလူမျိုးရေး အစိုးရကို မည်သည့်နိုင်ငံကမျှအသိအမှတ်မပြုကြရန်လည်းတိုက်တွန်းလိုက်လေသည်။

ရိုဒီးဇီးယားနိုင်ငံသို့ စစ်လက်နက် ပစ္စည်းများထောက်ပံ့ခြင်း မပြုကြရန်လည်း လုံခြုံရေးကောင်စီက တိုက်တွန်းသည်။ စီးပွားရေးအရ ဆက်သွယ်ခြင်း မပြုကြရန်လည်း ဆုံးဖြတ်သည်။ ရေနံနှင့် ရေနံထွက် ပစ္စည်းများရောင်းချခြင်း မပြုရန်လည်း ဆော်သြသည်။ ထို့ပြင် တဖက်သတ် လွတ်လပ်ရေး ကြေငြာခဲ့သော လူဖြူလူနည်းစု အစိုးရ၏ အာဏာကို အမြန်ဆုံး ရုပ်သိမ်းပယ်ဖျက်ရန်နှင့် ကုလသမဂ္ဂ၏ သက်ဆိုင်ရာ ကြေငြာချက်များနှင့်အညီ ရိုဒီးဇီးယားရှိ ပြည်သူပြည်သားများအနေဖြင့် မိမိတို့ကံကြမ္မာကို



အာဖရိကတိုက်၊ ဇင်ဗာဗွေ နိုင်ငံတွင် အပါတိုက်ခေါ် အသားအရောင် ခွဲခြားခြင်းစနစ်ကို ကျင့်သုံးနေခြင်းကြောင့် ဖြစ်ပေါ်နေသော အရှေ့အနေသည် ကမ္ဘာ့ငြိမ်းချမ်းရေးကို ထိခိုက်ဖွယ်ရာ ရှိသည်ဟု ကုလသမဂ္ဂအဖွဲ့က ဆုံးဖြတ်ခဲ့သည်။ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ကို စောင့်မျှော်နားထောင်နေသော ဇင်ဗာဗွေအမျိုးသားလွတ်မြောက်ရေးအဖွဲ့ ကိုယ်စားလှယ်များကို တွေ့ရပုံ

မိမိတို့ဖန်တီးခွင့် ရစေခြင်းငှာ လိုအပ်သော အရေးယူဆောင်ရွက်မှုများပြုရန်လည်း တာဝန်ရှိသော ဗြိတိန်နိုင်ငံအား လုံခြုံရေးကောင်စီက တိုက်တွန်းထားလေသည်။

၁၉၆၅ ခုနှစ် ဒီဇင်ဘာလတွင် လုံခြုံရေးကောင်စီအစည်းအဝေးကို ဗြိတိန်၏ မေတ္တာရပ်ခံချက်အရ ကျင်းပပြန်သည်။ ယင်းအစည်းအဝေးက ရေနံနှင့် ရေနံထွက်ပစ္စည်းကဲ့သို့ အဓိကဖြစ်သော ကုန်ပစ္စည်းများ ရောင်းဝယ်မှုနှင့် စပ်လျဉ်း၍ ရိုဒီးဇီးယားနိုင်ငံအား စီးပွားရေးအရ နိုင်ငံအများကဝိုင်းပယ်သပိတ်မှောက်ရန် ဆုံးဖြတ်ခဲ့လေသည်။

ထိုအချိန်မှစ၍ လုံခြုံရေးကောင်စီနှင့် အထွေထွေလွတ်တော်တို့က ဆုံးဖြတ်ချက်ပေါင်းများစွာကို ချမှတ်ခဲ့သည်။ လူတကိုယ်တမဲစနစ်ဖြင့် တင်မြှောက်သောလူမျိုးစု အုပ်ချုပ်ရေးအစိုးရမျိုး ဖွဲ့စည်းခြင်းမပြုနိုင်သေးသမျှ ကာလပတ်လုံး ရိုဒီးဇီးယားနိုင်ငံ၏ လွတ်လပ်ရေးကို အသိအမှတ်မပြုရန်နှင့် ယင်းသို့ မဆောင်ရွက်နိုင်မှ ကြာကာလအတွင်း၌ ရိုဒီးဇီးယားအား စီးပွားရေးအရ သပိတ်မှောက်ခြင်းကို ပိုမိုထိရောက်အောင် ဆောင်ရွက်ရန်အတွက် လုံခြုံရေးကောင်စီနှင့် အထွေထွေလွတ်တော်တို့က အကြိမ်ကြိမ် ထပ်မံအတည်ပြု ဆုံးဖြတ်ခဲ့လေသည်။ ရိုဒီးဇီးယားနိုင်ငံရှိ လူဖြူ လူနည်းစုအစိုးရက ထုတ်ပေးသော နိုင်ငံကူးလက်မှတ်များကို အသိအမှတ် မပြုကြရန်နှင့် လူနည်းစုအစိုးရနှင့် အဆက်အသွယ်ပြုသော နိုင်ငံတို့အား ရှုတ်ချပြစ်တင်သော အဆိုများလည်း ပါဝင်သည်။ ရိုဒီးဇီးယား လွတ်မြောက်ရေးအတွက် ကြိုးပမ်းနေကြသော အာဖရိကလူမျိုးစု တိုင်းရင်းသား လှုပ်ရှားမှုများကို ဝိုင်းဝန်းကူညီကြရန် ဆုံးဖြတ်ချက်များလည်း ပါဝင်လေသည်။

လူနည်းစုလူမျိုးရေး အစိုးရကို ဖြုတ်ချ၍ လူများစု အုပ်ချုပ်ရေး အခြေခံဖြင့် လွတ်လပ်သော ဇင်ဗာဗွေနိုင်ငံတည်ထောင်နိုင်ရန်အတွက်ကုလသမဂ္ဂ ဘောင်အတွင်းမှရော အပြင်မှပါ ဆက်လက်ကြိုးပမ်းနေကြရဆဲ ဖြစ်လေသည်။

အပါတိုက်ခေါ် အသားအရောင်ခွဲခြားခြင်းစနစ်

တောင်အာဖရိက နိုင်ငံအစိုးရသည် အသားအရောင်ခွဲခြားခြင်းစနစ်ကို ကျင့်သုံးလျက်ရှိလေသည်။ ယင်စနစ်ကို အပါတိုက်ဝါဒဟု ခေါ်သည်။ ယင်းစနစ်၏ ထူးခြားချက်မှာ အခြားနိုင်ငံအချို့တွင်ကဲ့သို့ရှေးဟောင်းအယူအဆအစွဲအလမ်းတို့ကို မစွန့်လွှတ်နိုင်မီစပ်ကြား မလွဲမရှောင်သာတွေ့ရသည့် ခွဲခြားမှုမျိုးမဟုတ်ပဲ တောင်အာဖရိကအစိုးရ၏ ဥပဒေအရ ဝါဒတရပ်အနေဖြင့် ချမှတ်ထားသော စနစ်ဆိုးတရပ် ဖြစ်သည်။ယင်းစနစ်နှင့် စပ်လျဉ်း၍ ကုလသမဂ္ဂက ဆွေးနွေး စဉ်းစားလာခဲ့သည်မှာ ကုလသမဂ္ဂ စတင်တည်ထောင်ပြီးစကတည်းကပင်ဖြစ်သည်။အထွေထွေလွတ်တော်တွင်လည်း နှစ်စဉ်ဆွေးနွေးခဲ့သည်။ လုံခြုံရေးကောင်စီကလည်း ဆုံးဖြတ်ချက်အများအပြားချမှတ်ခဲ့သည်။ (အသားအရောင်ခွဲခြားခြင်းစနစ်—ရှု။)

အပါတိုက်ခေါ် အသားအရောင် ခွဲခြားခြင်းစနစ်ကို

ထွောင်အာဖရိကနိုင်ငံတွင် ကျင့်သုံးခြင်းကြောင့် ဖြစ်ပေါ်နေသည့်အခြေအနေသည် ကမ္ဘာ့ငြိမ်းချမ်းရေးကိုထိခိုက်နိုင်ဖွယ်ရာရှိသည်ဟု လုံခြုံရေးကောင်စီက ၁၉၆၀ ပြည့်နှစ်တွင် ဆုံးဖြတ်ခဲ့သည်။ အပါတိုက်စနစ်ကို စွန့်လွှတ်လိုက်ရန်လည်း လုံခြုံရေးကောင်စီက တောင်အာဖရိကနိုင်ငံအား တိုက်တွန်းလေသည်။

တောင်အာဖရိက နိုင်ငံသည် အထွေထွေလွှတ်တော်နှင့် လုံခြုံရေးကောင်စီတို့၏ ဆုံးဖြတ်ချက်များကိုလျစ်လျူရှုခဲ့လေသည်။ ယင်းသို့ ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်များကို မထေမဲ့မြင်ပြုသောကြောင့် တောင်အာဖရိက အစိုးရအား ရှုတ်ချသော ဆုံးဖြတ်ချက်များကို အထွေထွေလွှတ်တော်နှင့် လုံခြုံရေးကောင်စီတို့က အကြိမ်ကြိမ်ချမှတ်ခဲ့သည်။ တောင်အာဖရိကနိုင်ငံနှင့် သံတမန် အဆက်အသွယ်များ ဖြတ်တောက်ကြရန်၊ ထို့ပြင် တောင်အာဖရိကနိုင်ငံ၏ ပြည်ပ ပို့ကုန်များကို သပိတ်မှောက်ရန်နှင့် ထွောင်အာဖရိကနိုင်ငံသို့ စစ်လက်နက်ပစ္စည်းများ အပါအဝင် မည်သည့်ကုန်ပစ္စည်းမျှ တင်ပို့ရောင်းချခြင်းမပြုရန်လည်း ဆုံးဖြတ်ခဲ့သည်။

တောင်အာဖရိက နိုင်ငံ၏အပါတိုက်စနစ်နှင့် စပ်လျဉ်း၍ အထူးကော်မတီကိုလည်း ဖွဲ့စည်းခဲ့သည်။ ယင်းကော်မတီကို အပါတိုက်စနစ် ဆန့်ကျင်ရေးအထူးကော်မတီဟူ၍ ၁၉၇၄ ခုနှစ်မှစ၍ ခေါ်ဝေါ်ခဲ့လေသည်။

အထွေထွေလွှတ်တော်သည် ယင်း၏ နှစ်ပတ်လည် ညီလာခံ ကျင်းပတိုင်း အပါတိုက်ဝါဒကို ရှုတ်ချပြစ်တင်ခဲ့သည်။ တောင်အာဖရိက နိုင်ငံနှင့် သံတမန်အဆက်အသွယ်၊ ကူးသန်းရောင်းဝယ်မှု အဆက်အသွယ်များ ဖြတ်တောက်ကြရန်လည်း အထပ်ထပ် တိုက်တွန်းခဲ့သည်။ အထူးသဖြင့် လက်နက်ခဲယမ်းများ ပေးပို့ကူညီထောက်ပံ့ခြင်းမပြုရန် ကုလသမဂ္ဂဝင် နိုင်ငံအားလုံးအား တိုက်တွန်းလေသည်။ တောင်အာဖရိက နိုင်ငံရှိ ပြည်သူပြည်သားတို့အား နိုင်ငံရေးနှင့် စိတ်ဓာတ်ရေးအရ၎င်း၊ ဥစ္စာပစ္စည်းအားဖြင့် ထောက်ပံ့ခြင်းကိုလည်း ပြုလုပ်ကြရန်လည်း တိုက်တွန်းခဲ့လေသည်။ အပါတိုက်စနစ် ဆန့်ကျင်ရေးအတွက် ဝါဒဖြန့် လုပ်ငန်းများကို ဆထက်ထမ်းပိုးတိုး၍ လုပ်ရန်လည်း တိုက်တွန်းနှိုးဆော်လေသည်။

အပါတိုက်စနစ်ကို ရာဇဝတ်မှုအဖြစ် သတ်မှတ်လျက် အပြစ်ဒဏ်ပေးနိုင်ရန်နှင့် နှိပ်ကွပ် တားဆီးနိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာ စာချုပ်တခုကို ၁၉၇၃ ခုနှစ်တွင် အထွေထွေလွှတ်တော်က အတည်ပြုခဲ့သည်။ ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့မှစ၍ ဆယ်နှစ်ကာလကို လူမျိုးရေးဝါဒနှင့် လူမျိုးခွဲခြားရေးစနစ် တိုက်ဖျက်မှုဆိုင်ရာ ဆယ်စုနှစ်အဖြစ် သတ်မှတ်လိုက်လေသည်။ ယင်းဆယ်စုနှစ်စသော နေ့သည် ကုလသမဂ္ဂက ကမ္ဘာ့လူအခွင့်အရေးကြေငြာစာတမ်းကို ထုတ်ပြန်ခဲ့သည့် ဆယ့်ငါးနှစ်မြောက်နေ့လည်းဖြစ်သည်။ နှစ်စဉ်မတ်လ ၂၁ ရက်နေ့ကိုလည်း အပြည်ပြည်ဆိုင်ရာ လူမျိုးခွဲခြားမှု ပပျောက်ရေးနေ့အဖြစ် သတ်မှတ်လိုက်သည်။ ၁၉၆၀ ပြည့်နှစ် ထိုနေ့က တောင်အာဖရိကနိုင်ငံမှ ပါရှပီးဗီးမြို့၌ အပါတိုက်စနစ်ကို ကန့်ကွက်သော လူထုဆန္ဒပြပွဲတွင် ဆန္ဒပြသူ ၆၉ ဦးတို့ ကျဆုံးခဲ့ရလေသည်။

၁၉၇၄ ခုနှစ်တွင် အထွေထွေလွှတ်တော် သဘာပတိ၏ ဆုံးဖြတ်ချက်အရ တောင်အာဖရိကနိုင်ငံ ကိုယ်စားလှယ်အဖွဲ့အား အထွေထွေညီလာခံတွင် ပါဝင်တက်ရောက်ခွင့်ကို ရုပ်သိမ်းခဲ့သည်။

ကုလသမဂ္ဂက မည်သို့ပင် အရေးယူခဲ့ သော်လည်း တောင်အာဖရိကနိုင်ငံသည်အပါတိုက်ခေါ် အသားအရောင်ခွဲခြားခြင်းစနစ်ကို ယခုတိုင် စွန့်လွှတ်ခြင်း မရှိသေးချေ။ သို့ဖြစ်၍ အထွေထွေ လွှတ်တော်နှင့် လုံခြုံရေး ကောင်စီတို့သည် စိတ်ဓာတ်ရေးအရရော၊ နိုင်ငံရေးအရပါ အပါတိုက်စနစ် ပပျောက်ရေးအတွက် ဆက်လက်ကြိုးပမ်းရဆဲ ဖြစ်လေသည်။

၁၉၇၇ ခုနှစ်တွင် ကျင်းပသည့် ၃၂ ကြိမ်မြောက် အထွေထွေလွှတ်တော်၌လည်း အစီအစဉ် တရပ်အနေနှင့် ထည့်သွင်းစဉ်းစားကြလေသည်။

စိုက်ပရပ်ပြဿနာ

စိုက်ပရပ်ကျွန်းသည် ၁၉၆၀ ပြည့်နှစ်တွင် ဗြိတိသျှတို့လက်အောက်မှ လွတ်မြောက်ခဲ့သည်။ (စိုက်ပရပ်သမ္မတနိုင်ငံ—ရှု။) တူရကီနွယ်ဘွားစိုက်ပရပ်အမျိုးသား များနှင့် ဂရိနွယ်ဘွား စိုက်ပရပ် အမျိုးသားတို့သည် စိုက်ပရပ်ကျွန်းတွင်အတူတကွမှီတင်း နေထိုင်လျက်ရှိကြရာ လွတ်လပ်သော စိုက်ပရပ်ကျွန်း၏နိုင်ငံရေးနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးရာ လုပ်ငန်းများတွင် အဆိုပါလူမျိုးစုနှစ်စု၏ အကျိုးကို သင့်တင့်မျှတစွာ အကာအကွယ်ပေးရန်မှာ အရေးအကြီးဆုံးပြဿနာတရပ် ဖြစ်လေသည်။

၁၉၆၀ ပြည့်နှစ်တွင် ဗြိတိန်၊ တူရကီနှင့် ဂရိနိုင်ငံတို့ချုပ်ဆိုသော စာချုပ်အရ ယင်းသုံးနိုင်ငံတို့သည် စိုက်ပရပ်ကျွန်း၏ ဖွဲ့စည်းပုံ အခြေခံ ဥပဒေပြဋ္ဌာန်းချက်များနှင့် စိုက်ပရပ်ကျွန်း၏ နယ်မြေတည်တံ့မှုနှင့် အချုပ်အခြာအာဏာကို လေးစားကြရန် ခံဝန်ချက်ပြုခဲ့ ကြသည်။ သို့ရာတွင် ၁၉၆၃ ခုနှစ်၌ တူရကီနိုင်ငံက စိုက်ပရပ်ကျွန်း၏ ပြည်တွင်းရေးများတွင် ဝင်ရောက်စွက်ဖက်နေကြောင်းဖြင့် စိုက်ပရပ်ကိုယ်စားလှယ်က လုံခြုံရေးကောင်စီသို့ တိုင်ကြားလိုက်သောအခါ စိုက်ပရပ်ပြဿနာသည် ကုလသမဂ္ဂသို့

စတင်ထောက်ရှုလာလေသည်။ စိုက်ပရပ်အစိုးရသည် ကျွန်းပေါ်ရှိ တူရကီနွယ်ဘွား စိုက်ပရပ်အမျိုးသားတို့၏အကျိုးကို အကာအကွယ် မပေးနိုင်သည့်အပြင် ဖျက်ဆီးလျက်ရှိသည်ဟု တူရကီနိုင်ငံကလည်း တန်ပြန် စွပ်စွဲလေသည်။ ထိုအချိန်မှစ၍ လူမျိုးစုနှစ်စုတို့သည် မကြာခဏ ပဋိပက္ခဖြစ်နေကြသည်။

၁၉၆၄ ခုနှစ် မတ်လ ၄ ရက်နေ့တွင် ကျင်းပသော လုံခြုံရေးကောင်စီ အစည်းအဝေး၏ ဆုံးဖြတ်ချက်အရ စိုက်ပရပ်ကျွန်းပေါ်ရှိ လူမျိုးစု နှစ်စုတို့ ပဋိပက္ခဖြစ်ခြင်းကို တားဆီးပေးရန်အတွက် ကုလသမဂ္ဂ ငြိမ်းချမ်းရေးတပ်ဖွဲ့စေလွှတ်ရန် ဆုံးဖြတ်လိုက်လေသည်။

၁၉၇၄ ခုနှစ်တွင် တူရကီနိုင်ငံမှ လက်နက်ကိုင် တပ်များက စိုက်ပရပ်ကျွန်း၏ မြောက်ပိုင်းနေရာအချို့ကို ဝင်ထောက်သိမ်းပိုက်လိုက်သောကြောင့် ကုလသမဂ္ဂ ငြိမ်းချမ်းရေး တပ်ဖွဲ့၏ တာဝန်မှာ ပိုမိုကြီးမားလာလေသည်။ ၁၉၇၅ ခုနှစ်ဆန်းစတွင် တူရကီနွယ်ဘွား စိုက်ပရပ်အမျိုးသားတို့အနေဖြင့် သီးခြား ရပ်တည်ခွင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ရေးကို တောင်းခံလာသောအခါတွင် စိုက်ပရပ်ပြဿနာကို ပိုမိုရှုပ်ထွေးစေခဲ့သည်။

စိုက်ပရပ်ရှိ နိုင်ငံခြားတပ်များကို ရုပ်သိမ်းရန်နှင့် စိုက်ပရပ်၏ နယ်မြေတည်တံ့မှု အချုပ်အခြာ အာဏာနှင့် လွှတ်လပ်မှုကို ရှိသေလေးစားကြရန် တိုက်တွန်းသော ဆုံးဖြတ်ချက်များကို အထွေထွေ လွှတ်တော်က ချမှတ်ခဲ့သည်။

စိုက်ပရပ်၏ ဘက်မလိုက်ဝါဒကို လေးစားရန်နှင့် စိုက်ပရပ်ကျွန်းရှိ လူမျိုးစု နှစ်စုတို့၏ အငြင်းပွားမှုပြဿနာကို ကာယကံရှင် လူမျိုးစုနှစ်ဦးနှစ်ဖက်တို့ တိုက်ရိုက်ဆွေးနွေးကြရန်နှင့် ယင်းသို့ ဆွေးနွေးရာတွင် အတွင်းရေးမှူးချုပ်က လိုအပ်သော အကူအညီများ ပေးရန်လည်း တိုက်တွန်းထားလေသည်။

လူမျိုးစု နှစ်စုတို့၏ ဆွေးနွေးပွဲများကို သြစတြီးယားနိုင်ငံ ဗီယင်နာမြို့တွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ ခေါင်းဆောင်မှုဖြင့် ရံဖန်ရံခါ ပြုလုပ်လျက် ရှိခဲ့သည်။ သို့သော်လည်း နှစ်ဖက်ကျေနပ်စွာလက်ခံနိုင်မည့်အဖြေကို ယခုတိုင် မရရှိသေးသဖြင့် ဆက်လက်ကြိုးပမ်းကြရဆဲဖြစ်လေသည်။ စိုက်ပရပ်ကျွန်းရှိ ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့တို့၏သက်တမ်းကိုလည်း ခြောက်လတကြိမ် တိုးမြှင့်ပေးခဲ့သည်မှာ ၁၉၆၄ ခုမှစ၍ ယခုတိုင်အောင်ပင် ဖြစ်လေသည်။

ကုလသမဂ္ဂက ဆွေးနွေးစဉ်းစား ဆောင်ရွက်နေသော ပြဿနာ ရပ်တို့မှာ များပြားလှသည်။ အနောက်အိရိယန် ကျွန်းနှင့် စပ်လျဉ်း၍ အင်ဒိုနီးရှားနှင့် နယ်သာလင်အစိုးရတို့ အငြင်းပွားမှု၊ ကွန်ဂိုအရေးအခင်း၊ ကျူးဗား ပြဿနာ၊ အိန္ဒြမြစ်ရေ အသုံးချရေးနှင့် စပ်လျဉ်း၍ အိန္ဒိယနှင့် ပါကစ္စတန်တို့ အငြင်းပွားသည့်ကိစ္စ၊ မြောက်မြားလှစွာသော ကိုလိုနီနယ်ပယ်များ၏ လွတ်လပ်ရေးပြဿနာ စသည်တို့ကဲ့သို့ ကုလသမဂ္ဂ၏ ဘောင်အတွင်းမှ ကြိုးပမ်းဆောင်ရွက်မှုဖြင့် ပြေလည်စွာ ဖြေရှင်းနိုင်ခဲ့သော ကိစ္စများလည်း ရှိသည်။

အထက်တွင် ဖော်ပြခဲ့သော အရှေ့အလယ်ပိုင်းပြဿနာ၊ နမီးဗီးယား၊ ရိုဒီးဇီးယားနှင့် စိုက်ပရပ်စသော ပြဿနာတို့ကဲ့သို့ အခွန့်ရှည်စွာ တည်မြဲမည့် ငြိမ်းချမ်းစွာဖြေရှင်းမှုကို ယခုတိုင် စူးစမ်းရှာဖွေကြရဆဲဖြစ်သည့် မပြီးပြတ်သေးသော ကိစ္စများလည်း မရှားပေ။

ကုလသမဂ္ဂ၏ ဆောင်ရွက်မှုဖြင့် ကိုရီးယားနှင့်ကက်ရှမီးယားပြဿနာကဲ့သို့ ကိစ္စများတွင်မူ ငြိမ်းချမ်းစွာဖြေရှင်းနိုင်မည့်အခြေသို့ မဆိုက်ရောက်သေးသည့်တိုင်အောင် သေးငယ်သော မီးပွားကလေးမှ မီးတောက်ကြီးအဖြစ်သို့ ကြီးထွားမသွားအောင် တားဆီးနိုင်လျက် ရှိပေသည်။

ကမ္ဘာ့ငြိမ်းချမ်းရေး ထိန်းသိမ်းမှုနှင့် တိုက်ရိုက်ဆက်စပ်နေသော အထွေထွေနှင့် လုံးဝလက်နက် ဖျက်သိမ်းရေးကိစ္စများတွင်လည်း ကုလသမဂ္ဂ ဘောင်အတွင်းမှရော၊ အပြင်မှပါမဆုတ်မနစ် ကြိုးစားအားထုတ်ဆောင်ရွက်လျက် ရှိကြသည်။

လွှတ်လပ်ခြင်း တရားမျှတခြင်းတို့နှင့် ပြည့်စုံလျက် ငြိမ်းချမ်း၍ စည်ပင်သာယာ ဝပြောသော လောကကို တည်ဆောက်ရန်အတွက် ကုလသမဂ္ဂ စာချုပ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကြိုးပမ်းဆောင်ရွက်ချက်များမှာလည်း မနည်းလှချေ။

ကုလသမဂ္ဂ၏ လုပ်ငန်းဆောင်တာများမှာ ကြီးလေးများမြောင်လှသဖြင့် ကုလသမဂ္ဂ တည်ရှိနေခြင်း၏ အကောင်းအဆိုး၊ အချုံးအမြတ်ကို တိတိကျကျ စာရင်းဇယားချ၍ တွက်ရန်မှာ လွယ်ကူသော ကိစ္စ မဟုတ်သော်လည်း ကြောက်ခမန်းလိလိ စွမ်းအားထက်သော လူသတ်လက်နက်အသစ်အဆန်းကြီးများကို နိုင်ငံအတော်များများက ယင်းတို့လက်ဝယ်တွင် ပိုင်ဆိုင်နေကြပြီဖြစ်သော ယခုခေတ်ကာလ၌ ထစ်ကနဲဆိုလျှင် ထ၍ပစ်ခတ်တိုက်ခိုက်ကြမည့်အစား ပဋိပက္ခတွင် ပါဝင်ကြသော ကာယကံရှင်နိုင်ငံတို့အနေဖြင့် အဆင်သင့် မျက်နှာစုံညီ တွေ့ဆုံ ဆွေးနွေးနိုင်မည့် ကုလသမဂ္ဂကဲ့သို့သော နေရာတနေရာ ရှိနေခြင်းသည်ပင်လျှင် ကျေနပ်ဖွယ်ကောင်းသော အချက်တချက် ဖြစ်နေလေသည်။

ဦးအောင်သန့်


ကမ္ဘာ့ ပင်လယ်ပြင်ဥပဒေ

နိုင်ငံတနိုင်ငံသည် ယင်း၏ပင်လယ်ပိုင်နက်အတွင်း သက်ရှိသက်မဲ့ သယံဇာတပစ္စည်းများ စူးစမ်းရှာဖွေ တူးဖော်ခွင့်၊အကောက်အခွန်၊ ငွေကြေး၊ လူဝင်မှု၊ ကျန်းမာသန့်ရှင်းရေးဆိုင်ရာ ပြဋ္ဌာန်းချက်များကို ချိုးဖောက်ခြင်း မပြုနိုင်အောင် ကာကွယ်ပိုင်ခွင့်၊ ဥပဒေချိုးဖောက်သူများအား ဥပဒေနှင့်အညီ အရေးယူ အပြစ်ပေးနိုင်ခွင့်နှင့် ထိန်းချုပ်မှုများကို ကျင့်သုံး ပိုင်ခွင့်ရှိလေသည်။

လောက ဓမ္မတာအရဆိုပါလျှင် ပင်လယ်ပြင် သမုဒ္ဒရာဟူသည်မှာ မည်သူမဆို ဝင်ထွက် ကူးသန်း သွားလာနိုင်သော နေရာဖြစ်၏။ ကျွန်ုပ်တို့သည် အသက်ရှင်ရန်အလို့ငှာ လေကို ရှူရှိုက်ကြသည်။ ထိုလေကို လူတိုင်း အလကားရကြ၏။ ပိုက်ဆံငွေကြေး ပေးစရာမလို။ ထို့အပြင် မည်သူမဆို လေကို လွတ်လပ်စွာ ရှူပိုင်ခွင့်ရှိသည်။ ဤသဘောသွားအတိုင်း ပင် ပင်လယ် သမုဒ္ဒရာထဲ၌ လွတ်လပ်စွာ ဖြတ်သန်း သွားလာနိုင်ခွင့် ရှိသည်။ ဤအယူအဆသည် အလယ်ခေတ် ခရစ်နှစ် ၁၅၀၀ အထိ တည်မြဲခဲ့၏။ သို့ရာတွင် အမေရိက တိုက်ကို ရှာဖွေတွေ့ရှိသော ခေတ်ကာလသို့ရောက်သော် ကမ္ဘာသစ်ကို စပိန်နှင့် ပေါ်တူဂီတို့က ဆိုင်ထိုက် ပိုင်ထိုက်သည်ဟု အပြိုင်ပြောဆိုလာကြသောအခါ ၁၄၉၃ ခုနှစ်တွင် ယင်း ကမ္ဘာသစ်ကို စပိန်ကတဝက်၊ ပေါ်တူဂီကတဝက် ဆိုင်သည်ဟု ဆုံးဖြတ်ကြလေသည်။ ဤသည်တွင် ပင်လယ်ပြင်နှင့်စပ်လျဉ်းသော အချုပ်အချာ အာဏာပိုင် ပြဿနာ ရှုပ်ထွေး လာသည်။ ထိုကဲ့သို့ ဖြစ်ပျက် နေသော ခေတ် မရှေးမနောင်းတွင် ဗင်နစ်မြို့တော် နိုင်ငံက အက်ဒြီယာတစ် ပင်လယ်ကိုရင်း၊ ပေါ်တူဂီနိုင်ငံက အိန္ဒိယ သမုဒ္ဒရာကိုရင်း၊ ဆွီဒင်နှင့် ဒိန်းမတ်နိုင်ငံက ဗောလတစ် ပင်လယ်ကိုရင်း၊ ဗြိတိန်နိုင်ငံက မြောက်ပင်လယ်နှင့်အတ္တလန္တိတ် သမုဒ္ဒရာအချိုအဝက်ကိုရင်း အချုပ်အချာအာဏာ စက်ဖြင့် ပိုင်ထိုက် ဆိုင်ထိုက်သည်ဟု ဆိုကြလေသည်။

ဤကဲ့သို့ ပင်လယ်ရေပြင်၌ နိုင်ငံတော်၏ အချုပ်အချာ အာဏာစက် သက်ရောက်သည်ဟူသော အယူအဆကြောင့် ၁၅၅၄ ခုနှစ်တွင် စပိန်ဘုရင် ဒုတိယမြောက် ဖစ်လစ်က အင်္ဂလန်နိုင်ငံ ဘုရင်မ မေရီကို လက်ထပ်ရန် အင်္ဂလန်သို့ အလာတွင် ဗြိတိသျှ ရေတပ်မတော် ဗိုလ်မှူးကြီးက ဗြိတိသျှ ပိုင်နက် ပင်လယ်ပြင်ထဲ၌ စပိန်အလံကို တင်ရသလောဟု ဆို၍ စပိန်ဘုရင်စီးသော ရွက်သင်္ဘောကို အမြောက်နှင့် ပစ်သည်။ ၁၆၃၆ ခုနှစ်တွင် ဒပ်ချ ငါးဖမ်းသင်္ဘောများ မြောက်ပင်လယ်ထဲသို့ ဝင်ရောက် ငါးဖမ်းရာ ဗြိတိသျှတို့က ဖမ်းဆီး၍ ပေါင် ၃၀,၀၀၀ ဒဏ်ရိုက်သည်။ ဤသည်တို့ကား အချုပ်အချာ အာဏာရှိကြောင်း ပြဆိုသည့် သာဓက များစွာအနက် တစိတ်တဒေသမျှသာတည်း။

ထိုခေတ်က ဗြိတိသျှတို့သည် သမုဒ္ဒရာ ပင်လယ်ပြင်၌ တန်ခိုးအာဏာချဲ့၍ နေကြသည်။ ၁၅၈၀ ပြည့်နှစ်တွင် ဆာဖရန်စစ်ဒရိတ်သည် ပစိဖိတ်ကိုဖြတ်သန်း၍ နယ်မြေများကို ရှာဖွေရာ စပိန်က ကန့်ကွက်သည်။ ထိုအခါ အင်္ဂလန်နိုင်ငံ အယ်လင္ဇဗက် ဘုရင်မက မည်သည့်နိုင်ငံ မဆို မည်သည့် သမုဒ္ဒရာကိုမျှ ပိုင်ထိုက် ဆိုင်ထိုက်သည်ဟု မပြောနိုင်ဟူ၍ အကြောင်းပြပြီးလျှင် စပိန်၏ ကန့်ကွက် ချက်ကို ပယ်လိုက်သည်။

သို့သော် ပင်လယ်ပြင်နှင့်စပ်လျဉ်းသော အချုပ်အချာ အာဏာ ပြဿနာသည် တဖြည်းဖြည်း အရှိန်တက်လာ သည်။ ၁၇ ရာစုနှစ်ဦးမှစ၍ ၁၉ ရာစုနှစ်ဦးအထိ အင်္ဂလန် အပါအဝင် ဥရောပနိုင်ငံတို့သည် အာရှတောင်ပိုင်း၊ အရှေ့တောင်အာရှနှင့် အာရှ အရှေ့ဖျားနိုင်ငံတို့နှင့် ကုန်သွယ်ရင်း နယ်ချဲ့ကြသည်။ ဗြိတိသျှတို့က အင်္ဂလိပ် အရှေ့အိန္ဒိယ ကုမ္ပဏီကို ၁၆၀၀–၁၈၅၈ ခု ကာလအတွင်း ဖွင့်လှစ်သည်။ ဒပ်ချ်တို့က ၁၆၀၂–၁၇၉၈ ခုနှစ် ကာလအတွင်း ဖွင့်လှစ်သည်။ ပြင်သစ်တို့က ၁၆၆၄–၁၇၉၄ ခုနှစ်ကာလအတွင်း ဖွင့်လှစ်သည်။ ဒိန်းမတ်နိုင်ငံကပင်လျှင် ၁၇၂၉–၁၈၁၁

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်က သတ်မှတ်လိုက်သော နိုင်ငံပိုင် ပင်လယ်နယ်နိမိတ်

၁။ ရခိုင်ကမ်းရိုးတန်း

	မြောက်လတ္တီတွဒ်	အရှေ့လောင်ဂျီတွဒ်
(က) မေယုကျွန်း၏တောင်ဖက်စွန်း	၂၀° ၁၁′ ၄၉″	၉၂° ၃၂′ ၁၉″
(ခ) ဖရုံဂါကျွန်း(သို့မဟုတ်)မြင်းကွန်းကျွန်းအငူ	၁၉° ၄၈′ ၃၀″	၉၃° ၀၁′ ၄၂″
(ဂ) တောင်သန္တာ	၁၉° ၂၂′ ၅၆″	၉၃° ၁၆′ ၂၀″
(ဃ) ဂမ္ဘီမကျောက်တန်း၏အနောက်ဖက်စွန်း	၁၈° ၅၁′ ၄၈″	၉၃° ၂၆′ ၁၅″
(င) အုန်းတပင်ကျွန်း၏ အနောက်ဖက်စွန်း	၁၈° ၂၀′ ၅၀″	၉၃° ၅၆′ ၂၅″
(စ) ကျောက်လက်ဝါးကျောက်စုံ	၁၇° ၂၇′ ၃၉″	၉၄° ၁၉′ ၄၆″
(ဆ) ငှက်တောင်အနောက်မြောက်ကျွန်း	၁၆° ၅၅′ ၂၈″	၉၄° ၁၂′ ၄၅″
(ဇ) ကိုရင်ကြီးကျွန်း	၁၆° ၃၁′ ၂၀″	၉၄° ၁၄′ ၂၁″
(စျ) ဆောက်သ်ရော့ခ်	၁၆° ၁၈′ ၅၅″	၉၄° ၁၁′ ၂၀″
(ည) ဘလက်ရော့ခ်	၁၆° ၁၁′ ၅၀″	၉၄° ၁၀′ ၅၀″
(ဋ) အာလ်ဂူအာဒါကျောက်တန်း(ပုသိမ် မီးပြတိုက်)	၁၅° ၄၂′ ၁၃″	၉၄° ၁၂′ ၆″

၂။ မူတ္တမပင်လယ်ကွေ

(က) အာလ်ဂူအာဒါကျောက်တန်း(ပုသိမ် မီးပြတိုက်)	၁၅° ၄၂′ ၁၃″	၉၄° ၁၂′ ၆″
(ခ) ဟိန်းဇယ်ဘုတ်ကျွန်း၏ အနောက်ဖက်စွန်း	၁၄° ၂၄′ ၁၅″	၉၇° ၄၆′ ၀၂″

၃။ တနင်္သာရီ ကမ်းရိုးတန်း

(က) ဟိန်းဇယ်ဘုတ်ကျွန်း၏ အနောက်ဖက်စွန်း	၁၄° ၂၄′ ၁၅″	၉၇° ၄၆′ ၀၂″
(ခ) မောင်းမကန်ဘုတ်မြောက်ကျွန်း	၁၄° ၀၉′	၉၇° ၄၆′ ၅၄″
(ဂ) ကဘူစာကျွန်း၏ အနောက်ဖက်စွန်း	၁၂° ၄၈′	၉၇° ၅၀′ ၀၃″
(ဃ) ဆောရင်းကျွန်း၏ မြောက်ဖက်စွန်း	၁၂° ၃၀′ ၃၀″	၉၇° ၄၇′ ၄၂″
(င) ဟရင်ဆက်ကျွန်း၏ အနောက်ဖက်စွန်း	၁၂° ၀၃′ ၈၃″	၉၇° ၃၈′
(စ) ဂရိတ်ဝက်စတင်းတောရက်စ်ကျွန်း	၁၁° ၄၇′ ၁၅″	၉၇° ၂၆′ ၁၅″
(ဆ) နော့သ်တွင်းကျွန်း၏ အနောက်မြောက်ဖက်စွန်း	၁၀° ၃၈′ ၁၅″	၉၇° ၄၁′ ၄၅″
(ဇ) ဆောက်သ်တွင်းကျွန်း၏ အနောက်ဖက်စွန်း	၁၀° ၂၈′ ၁၂″	၉၇° ၄၁′ ၄၅″
(စျ) အနောက်ရော့ကီးကျွန်	၉° ၅၁′ ၂၄″	၉၇° ၅၂′ ၁၈″
(ည) မြင်းသည်ကျွန်	၉° ၄၀′ ၄၅″	၉၇° ၅၄′ ၃၀″
(ဋ) မာရေးကျွန်း၏ အနောက်ဖက်စွန်း	၉° ၃၅′ ၅၄″	၉၇° ၅၈′ ၁၂″

အထက်ပါဇယားတွင် ပြဋ္ဌာန်းထားသည့်အတိုင်းမှတပါး ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် အစိုးရအသိအမှတ်ပြုထားသည့်စကားကြီးမြေပုံများတွင် မှတ်သားဖော်ပြထားသည့် ကမ်းရိုးတန်းတလျှောက်ရှိ ရေစစ်မျဉ်းသည် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်ပိုင် ပင်လယ်နယ်နိမိတ်၏ အကျယ်အဝန်းကို တိုင်းတာရန်အတွက် အခြေခံမျဉ်းကြောင်း ဖြစ်သည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၏ ပင်လယ်ကမ်းရိုးတန်းများတွင် ဖြစ်ပေါ်လျက်ရှိသော ပထဝီဝင် အနေအထားများကိုအကြောင်းပြု၍၎င်း၊ ပင်လယ်ကမ်းခြေဒေသများတွင် မှီတင်းနေထိုင်ကြသူများ၏ အလွန်အရေးကြီးသော စီးပွားရေးလုပ်ငန်းများကို ကာကွယ်စောင့်ရှောက်ရန် အလို့ငှာ၎င်း၊ ပင်မကုန်းမြေပေါ်တွင်ဖြစ်စေ၊ ကျွန်းများပေါ်တွင် ဖြစ်စေ၊ကျောက်ဆောင်များပေါ်တွင် ဖြစ်စေ ရှိသည့် ပုံသေသတ်မှတ်ထားသော နေရာများအကြား အခြေခံမျဉ်းဖြောင့်များရေးဆွဲသည့်စနစ်ကို သတ်မှတ်ထားရှိရန် လိုအပ်လျှင် နိုင်ငံပိုင် ပင်လယ်နယ်နိမိတ် အကျယ်အဝန်းကိုယင်းအခြေခံမျဉ်းဖြောင့်များမှ တိုင်းတာရမည်။ ထိုအခြေခံမျဉ်းဖြောင့်များ ရေးဆွဲရာတွင် မည်သည့်ပုံသေသတ်မှတ်ထားသော နေရာများအကြား ရေးဆွဲရမည်ကို အထက်ပါ ဇယား၌ အသေးစိတ် ဖော်ပြထားသည်။

ပင်မ ကမ်းရိုးတန်းအလွန် သို့မဟုတ် အခြေခံမျဉ်းဖြောင့်များအလွန် ပင်လယ်ဖက်တွင် ကျွန်းတကျွန်းတည်းသော်၎င်း၊ ကျောက်ဆောင်တခုတည်းသော်၎င်း၊ ကျွန်းစု သို့မဟုတ် ကျောက်ဆောင်စု တစုသော်၎င်း တည်ရှိလျှင် ထိုကျွန်း သို့မဟုတ် ကျောက်ဆောင်၊ သို့မဟုတ် ကျွန်းစု၊ ကျောက်ဆောင်စုအတွက် ယင်း၏ ကမ်းခြေတလျှောက်ရှိ ရေစစ်မျဉ်းမှ ရေကြောင်းမိုင် တဆယ့်နှစ်မိုင်ကျယ်ဝန်းသည့် နိုင်ငံပိုင် သီးခြားပင်လယ်နယ်နိမိတ် ရှိရမည် ဖြစ်သည်။

ခုနှစ်အတွင်း ၎င်းတို့၏ ကုမ္ပဏီကို ဖွင့်လှစ်ခဲ့သေးသည်။ ထိုနယ်ခွဲသော အရင်းရှင်အချင်းချင်းတို့သည် မိမိတို့ဆိုင်ရာ ပြည်နယ်ပယ်တို့ကို ညှိနှိုင်းသတ်မှတ်၍ ကိုလိုနီနိုင်ငံများကို ထူထောင်ကြသည်။

ဤအတွင်း နိုင်ငံတကာနှင့်ဆိုင်သော ပင်လယ်ပြင်ကိုငင်း၊ ထိုပင်လယ်ပြင်ထဲ၌ လွတ်လပ်စွာ သွားလာခွင့်ကိုငင်း၊ ပင်လယ်ပြင်နှင့် ပိုင်နက်ပင်လယ်ကို ကတ္တားခြား၍ သတ်မှတ်ရေးကိုငင်း၊ ပင်လယ်ပြင်နှင့် စပ်လျဉ်းသော တရားဥပဒေ အာဏာကိုငင်း တိတိကျကျ ပိုင်းခြားသတ်မှတ်ရန် အကြောင်းတရားများ ပေါ်ပေါက်လာလေသည်။ ၁၆ ရာစုအတွင်း၌ နိုင်ငံတနိုင်ငံကပိုင်သည့် ကမ်းရိုးတန်းတလျှောက်နှင့် ဆက်စပ်သော ပင်လယ်ရေပြင်ကို ထိုနိုင်ငံက ပိုင်ဆိုင်ထိုက်သည်ဟု ယူဆခဲ့ကြ၏။ ထိုအခါယင်း ပိုင်ဆိုင်ထိုက်သော ပိုင်နက်ပင်လယ်ကို ရေယာဉ်ဖြင့် နှစ်ရက်သွားရသောခရီးဟူ၍ငင်း၊ မျက်စိတဆုံးမြင်ရသည့် မိုးကုပ်စက်ဝိုင်းအထိ အကွာအဝေး (၁၄ မိုင်ခန့်)ဟူ၍ငင်း၊ နှစ်နိုင်ငံ စာချုပ်များနှင့် သတ်မှတ်ကြသည်။ ၁၇၀၂ ခုနှစ်တွင်မူ ကမ်းခြေမှပစ်လိုက်သော အမြောက်ကျည်ဆန်ကျရာ ဒေသအထိ ပင်လယ်ပြင်ကို ပိုင်နက် ပင်လယ်ဟု သတ်မှတ်ပြန်သည်။ အမြောက်တပစ် အကွာအဝေးကို ဆိုလိုသည်။ ဤကဲ့သို့ တနိုင်ငံလျှင်တမျိုး ပိုင်နက်ပင်လယ်ကို သတ်မှတ်ကြရာ ယေဘုယျအားဖြင့် နိုင်ငံ၏ ကမ်းခြေမှ ပင်လယ်ဖက်သို့ သုံးမိုင်အကွာအဝေးကို ရေနယ်နိမိတ်ဟု ပြဋ္ဌာန်းကြသည်။ သို့သော် ၁၂ မိုင်ဟူ၍ငင်း၊ ၁၄ မိုင်ဟူ၍ငင်း သတ်မှတ်ကြသည်လည်း ရှိ၏။ ထို့ကြောင့် ပင်လယ်ပြင် ပြဿနာရပ်တို့ကို ဖြေရှင်းရန်အလို့ငှာ ၁၉၃၀ ပြည့်နှစ် မတ်လ ၁၃ ရက်မှ ဧပြီလ ၁၂ ရက်အထိ နယ်သာလန်နိုင်ငံ၌ သဟိဂ် ဥပဒေ ပညတ်ရေး ကွန်ဖရင့်ကို ကျင်းပရာ ယေဘုယျလက်ခံသော အချက်အလက်များကို နိုင်ငံပေါင်းချုပ် အသင်းကြီးသို့ တင်ပြပေးနိုင်ခဲ့လေသည်။ ထိုနောက် ဒုတိယ ကမ္ဘာစစ်ကြီးအတွင်း မည်သို့မျှ ဆက်လက်ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ချေ။ သို့သော် ၁၉၄၇ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ ဥပဒေကော်မရှင်သည် သဟိတ်ကွန်ဖရင့်က ချမှတ်ခဲ့သော အချက်အလက်များကို မူတည်၍ ကုလသမဂ္ဂသို့ အစီရင်ခံခဲ့ သည်။

ထို့နောက် ၁၉၅၈ ဖေဖော်ဝါရီလ ၂၄ ရက်မှ ဧပြီလ ၂၇ ရက်အထိ ဆွစ်ဇာလန်နိုင်ငံ ဂျနီဗာမြို့၌ မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၆၈ နိုင်ငံ ကိုယ်စားလှယ်များ တက်ရောက်သော အပြည်ပြည်ဆိုင်ရာ ပင်လယ်ပြင် ဥပဒေ ပထမ ကွန်ဖရင့်ကို ကျင်းပ၍ (၁) ပိုင်နက်ပင်လယ်နှင့် ဆက်စပ် ဧသတ်မှတ်ရေး ကွန်ဗင်းရှင်း၊ (၂) အပြည်ပြည်ဆိုင်ရာ ပင်လယ်သတ်မှတ်ရေး ကွန်ဗင်းရှင်း၊ (၃) အပြည်ပြည်ဆိုင်ရာ ပင်လယ်တွင်းရှိ သက်ရှိများကို ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ငါးဖမ်းဆီးရေး ကွန်ဗင်းရှင်း၊ (၄) ကမ်းလွန် ရေတိမ်ပိုင်း သတ်မှတ်ရေး ကွန်ဗင်းရှင်း ဟူသော နောင်လာလတ္တံ့သော ပဏာမ ညီလာခံများအဖို့ အခြေခံတို့ကို ချမှတ်ပေးခဲ့သည်။

အပြည်ပြည်ဆိုင်ရာ ပင်လယ်ပြင်ဥပဒေ ဒုတိယ ကွန်ဖရင့်ကို ၁၉၆၀ ပြည့်နှစ်၌ မြန်မာနိုင်ငံအပါအဝင် ၈၈ နိုင်ငံ ကိုယ်စားလှယ်တို့ တက်ရောက်၍ ကျင်းပရာ သမုဒ္ဒရာကြမ်းပြင်ကို ငြိမ်းချမ်းစွာ အသုံးချနိုင်ရန်အလို့ငှာ ပင်လယ်ကြမ်းပြင်ကော်မီတီကို ဖွဲ့စည်းနိုင်ခဲ့သည်။ ယင်းကို အခြေပြု၍ ၁၉၇၀ ပြည့်နှစ်၌ ကုလသမဂ္ဂ အထွေထွေ ညီလာခံက ပင်လယ်နှင့် သမုဒ္ဒရာကြမ်းပြင်ဆိုင်ရာ အခြေခံမူများကြေငြာစာတမ်းကို ထုတ်ပြန်နိုင်ခဲ့လေသည်။

အပြည်ပြည်ဆိုင်ရာ ပင်လယ်ပြင် ဥပဒေ တတိယ ကွန်ဖရင့်၏ အစည်းအဝေးများကို ၁၉၇၃ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ အကြိမ်ကြိမ် ကျင်းပခဲ့ရာ ဗင်နီဇွဲလာနိုင်ငံ ကာရကပ်မြို့တွင် ၁၉၇၄ ခုနှစ်၌ ကျင်းပသော မြန်မာနိုင်ငံ အပါအဝင် ၁၄၈ နိုင်ငံ ဒုတိယ အစည်းအဝေးသည် ပိုင်နက် ပင်လယ်၊ သီးသန့်စီးပွားရေးဇုံ၊ ကမ်းလွန်ရေတိမ်ပိုင်း၊ ကမ်းရိုးတန်းနိုင်ငံ၏ စီရင်ပိုင်ခွင့်အာဏာ၊ ရေပြင်တွင် လွတ်လပ်စွာ သွားလာခွင့်၊ ငါးဖမ်းခွင့်၊ အဏ္ဏဝါသုတေသန စသော ကိစ္စများနှင့် သက်ဆိုင်သည့် လုပ်ငန်းကော်မီတီသုံးရပ်ကို ဖွဲ့စည်းပေးသည်။ ၁၉၇၅ ခုနှစ် မေလတွင်မူ မြန်မာအပါအဝင် နိုင်ငံပေါင်း ၁၄၈ နိုင်ငံမှ ကိုယ်စားလှယ်ပေါင်း ၅၀၀၀ တက်ရောက်သော အပြည်ပြည်ဆိုင်ရာ ပင်လယ်ပြင် ဥပဒေ တတိယ ကွန်ဖရင့်၏ တတိယ အစည်းအဝေးကို ကျင်းပရာ နိုင်ငံချင်း ညှိနှိုင်းဆောင်ရွက်ရန် တခုတည်းသော မူကြမ်းကို ရေးဆွဲခဲ့ သည်။

အပြည်ပြည်ဆိုင်ရာ ပင်လယ်ပြင် ဥပဒေ တတိယ ကွန်ဖရင့်၏ စတုတ္ထအကြိမ် အစည်းအဝေးကို နယူးယောက်မြို့တွင် မတ်လ ၁၅ ရက်မှ မေလ ၇ ရက်အထိ မြန်မာအပါအဝင် နိုင်ငံပေါင်း ၁၄၉ နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက် စည်းဝေးကြသည်။ ထိုအစည်းအဝေးတွင် ပင်လယ်ပိုင်နက်ကို နိုင်ငံတော်၏ ကမ်းခြေ၌ သတ်မှတ်ထားသော အခြေခံမျဉ်းမှ ပင်လယ်ဖက်ကို ရေမိုင် ၁၂ မိုင်အထိ၊ ဆက်စပ်ဇုံကို ရေမိုင် ၂၄ မိုင်အထိ သီးသန့်စီးပွားရေးဇုံကို ရေမိုင် ၂၀၀ အထိ၊ သတ်မှတ်ကြရန် အဆိုပြုကြသည်။ ယင်း သတ်မှတ်ချက်ထက် မကျော်လွန်စေရန်ကိုလည်း မေတ္တာရပ်ခံကြသည်။ ယင်း အဆိုပြုချက်နှင့်တကွ အပြည်ပြည်ဆိုင်ရာ ပင်လယ်ကြမ်းပြင်၊ ပတ်ဝန်းကျင်၊ သုတေသနလုပ်ငန်းနှင့် နည်းပညာ ဝိဝါဒတို့ကို ဖျန်ဖြေရေး စသော ကိစ္စများနှင့် စပ်လျဉ်းသော တင်ပြ

ချက်တို့လည်း ရှိသေးသည်။ ယင်းတို့အားလုံးကို နိုင်ငံချင်း ညှိနှိုင်း ဆောင်ရွက်ရန် တခုတည်းသော ပြန်လည်ပြုပြင်ပြီး မူကြမ်းအဖြစ်ဖြင့် လက်ခံသည်။ ယင်းကဲ့သို့ ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံ ကိုယ်စားလှယ် အပေါင်းတို့က စဉ်းစား ဆုံးဖြတ်ကြသော အစဉ်ကိုလိုက်၍ မြန်မာနိုင်ငံသည် မိမိနှင့် ဆိုင်ရာ ပင်လယ်ပြင် ဥပဒေကို ရေးဆွဲခဲ့ရာ ၁၉၇၇ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံ ပြည်သူလွှတ်တော်က ပိုင်နက် ပင်လယ်နှင့် ပင်လယ်ဒုံများ ဥပဒေကြမ်းကို စဉ်းစား၍ ပြဋ္ဌာန်းခဲ့သည်။

၁၉၇၇ ခု ဇူလိုင် ၉ ရက်နေ့တွင် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၏ နိုင်ငံတော်ကောင်စီသည် ယင်းကဲ့သို့ ပြည်သူလွှတ်တော်က ပြဋ္ဌာန်းသော ပိုင်နက် ပင်လယ်နှင့်ပင်လယ်ဒုံများ ဥပဒေကို ထုတ်ပြန် ကြေငြာသည်။ ထိုဥပဒေအရ မြန်မာနိုင်ငံ၏ ပိုင်နက် ပင်လယ်သည် အခြေခံ မျဉ်းများမှ ပင်လယ်ဖက်သို့ ရေမိုင် ၁၂ မိုင်အထိ ကျယ်ဝန်းသည်။ ထိုအခြေခံ မျဉ်းများမှာ မြန်မာနိုင်ငံ ပင်လယ်ကမ်းရိုးတန်းတလျောက်၌ သတ်မှတ်ထားသည် ဖြစ်၍ အပိုင်း သုံးပိုင်းရှိသည်။ ပထမပိုင်းမှာ မေယုကျွန်း၏ တောင်ဖက်စွန်းမှ အစပြု၍ ပုသိမ်မီးပြတိုက်တည်ရာ အာလ်ဂူ အာဒါ ကျောက်တန်းအထိဖြစ်သော ရခိုင်ကမ်းရိုးတန်း၊ ဒုတိယပိုင်းမှာ ထိုကျောက်တန်းမှ အစပြု၍ ဟိန်းဇယ် ဘုတ်ကျွန်း အနောက်ဖက်စွန်း မုတ္တမ ပင်လယ်ကွေ့ ကမ်းရိုးတန်း၊ တတိယပိုင်းမှာ ထိုဟိန်းဇယ်ဘုတ်ကျွန်းမှ အစပြု၍ မာရေးကျွန်း အနောက်ဖက်စွန်း တနင်္သာရီ ကမ်းရိုးတန်းဟူ၍ ဖြစ်သည်။ ယင်းကဲ့သို့ သတ်မှတ်ထား သည်ဖြစ်၍ မြန်မာနိုင်ငံတော်၏ အချုပ်အချာ အာဏာ သည် ပိုင်နက်ပင်လယ်၊ ယင်းအောက်၌ ပင်လယ်ကြမ်းပြင်၊ အောက်ခံမြေထုနှင့် ယင်းအထက်ရှိ လေထုအထိ သက် ရောက်သည်။ ယင်း ပိုင်နက်ပင်လယ် နယ်နိမိတ်အတွင်းသို့ စစ်ရေယာဉ်များမှအပ နိုင်ငံအားလုံး၏ ရေယာဉ်များသည် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ ငြိမ်ဝပ်ပိပြားရေး၊ လုံခြုံရေး တို့ကို ထိပါးခြင်းမပြုသမျှ ကာလပတ်လုံး ဖြတ်သန်းသွား လာနိုင်သည်။ သို့ရာတွင် နိုင်ငံခြား ငါးဖမ်းရေယာဉ်တို့သည် ဖြတ်သန်းစဉ်အတွင်း မိမိတို့၏ ငါးဖမ်း ကိရိယာများကို ပင်လယ်ခရီးထွက်သည့်အခါ သိမ်းဆည်းထားနေကျအတိုင်း သိမ်းဆည်း၍သာလျှင် ဖြတ်သန်းပိုင်ခွင့်ရှိသည်။

ပိုင်နက်ပင်လယ်နှင့် ဆက်စပ်နေသော ပင်လယ်ရေပြင် နယ်နိမိတ်ကို ဆက်စပ်ဇုံဟု ခေါ်သည်။ မြန်မာနိုင်ငံတော် ပိုင်နက်ပင်လယ်၏ ပြင်ပတွင်၌သာ ယင်း ဆက်စပ်ဇုံသည် အခြေမျဉ်းများမှ ပင်လယ်ဖက်သို့ ၂၄ မိုင်အထိ ကျယ်ဝန်း သည်။ ယင်း ဆက်စပ်ဇုံ၌ မြန်မာနိုင်ငံ၏ လုံခြုံရေးကို ထိန်းသိမ်း ကာကွယ်ရန်၎င်း၊ မြန်မာ့ပိုင်နက် ပင်လယ် အတွင်း မြန်မာနိုင်ငံတော်၏ အကောက်ခွန်၊ ဥဒ္ဓကြေး၊ လူဝင်မှု၊ ကျန်းမာ သန့်ရှင်းရေးဆိုင်ရာ ပြဋ္ဌာန်းချက်များကို ချိုးဖောက်ခြင်း မပြုနိုင်အောင် ကြိုတင်ကာကွယ်ရန်၎င်း၊ ဥပဒေ ချိုးဖောက်သူတို့အား ဥပဒေနှင့်အညီ အရေးယူ အပြစ်ပေးရန်၎င်း၊ မြန်မာနိုင်ငံတော်က လိုအပ်သည့် ထိန်းချုပ်မှုများကို ကျင့်သုံးပိုင်ခွင့် ရှိသည်။

မြန်မာနိုင်ငံတော်၏ ကမ်းလွှန် ရေတိမ်ပိုင်းသည် ပိုင်နက်ပင်လယ်၏ ပြင်ပတွင် တည်ရှိပြီးလျှင် ကုန်းပိုင်နက် နှင့် သဘာဝအလျောက် တဆက်တည်းဖြစ်သည့် ကမ်းလွှန် မြေဆက်၏ ပြင်ပ အနားမျဉ်းအထိ တည်ရှိသော ပင်လယ် ကြမ်းပြင်နှင့် အောက်ခံမြေထုတို့ ပါဝင်သည်။ သို့ရာတွင် ကမ်းလွှန်မြေဆက်၏ ပြင်ပ အနားမျဉ်းအထိ အကျယ် အဝန်းသည် ရေမိုင် ၂၀၀ အောက် လျော့နည်းပါက အခြေခံမျဉ်းများမှ ပင်လယ်ဖက်သို့ ရေမိုင် ၂၀၀ အထိ အကျယ်အဝန်းကို ကမ်းလွှန် ရေတိမ်ပိုင်းဟု မှတ်ယူရမည်။

ကမ်းလွှန် ရေတိမ်ပိုင်နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတော် သည် သက်ရှိ သက်မဲ့ သယံဇာတ ပစ္စည်းများကို စူးစမ်း၊ ရှာဖွေ၊ ဖမ်းယူ၊ တူးဖော်၊ ထုတ်လုပ်၊ မွေးမြူ၊ ထိန်းသိမ်း၊ စီမံခန့်ခွဲခြင်းတို့ကို၎င်း၊ ယင်း ပစ္စည်းတို့ကို ထုတ်လုပ်ရေး အတွက်ဖြစ်စေ၊ ရေယာဉ်များ လွှယ်ကူစွာ သွားလာနိုင်ရေး အတွက်ဖြစ်စေ၊ အခြား ကိစ္စရပ်တို့အတွက်ဖြစ်စေ၊ လူသား တို့ ဖန်တီးသော ကျွန်း၊ ကမ်းလွှန်စခန်း၊ အဆောက်အအုံ စသည်တို့ကို ဆောက်လုပ် ထိန်းသိမ်း အသုံးပြုခြင်းကို၎င်း၊ သိပ္ပံသုတေသနလုပ်ငန်း စသည်များနှင့် အဏ္ဏဝါ ပတ်ဝန်း ကျင် ထိန်းသိမ်း ကာကွယ် စောင့်ရှောက်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်းကို၎င်း လုပ်ပိုင်ခွင့် အာဏာရှိသည်။

မြန်မာနိုင်ငံတော်၏ သီးသန့်စီးပွားရေးဇုံသည် ပိုင်နက် ပင်လယ်၏ ပြင်ပတွင် တည်ရှိပြီးလျှင် ယင်း ပိုင်နက် ပင်လယ်နှင့် တဆက်တည်းဖြစ်၍ အခြေခံ မျဉ်းများမှ ပင်လယ်ဖက်သို့ မိုင် ၂၀၀ အထိ ကျယ်ဝန်းသည်။ ယင်း သီးသန့် စီးပွားရေး ဇုံထဲတွင် မြန်မာနိုင်ငံတော်သည် သက်ရှိ သက်မဲ့ သယံဇာတ ပစ္စည်းများကို စူးစမ်းရှာဖွေ၊ ဖမ်းယူ၊ တူးဖော်လုပ်ကိုင်၊ မွေးမြူ၊ ထိန်းသိမ်း၊ စီမံခန့်ခွဲခြင်းနှင့် ရေနှင့်လေတို့မှ စွမ်းအင်ထုတ်လုပ်ခြင်းတို့၌ အချုပ်အချာ လုပ်ပိုင်ခွင့်ရှိသည်။ အထက် အဆိုပါ သယံဇာတ ပစ္စည်းများ ထုတ်လုပ်ရန်အလို့ငှာ လူသားတို့ဖန်တီးသော ကျွန်း၊ ကမ်းလွှန်စခန်း၊ အဆောက်အအုံ၊ ပစ္စည်းကိရိယာ စသည်တို့ကို တည်ဆောက်ထိန်းသိမ်း အသုံးပြုနိုင်ခွင့် အာဏာများရှိသည်။ ထိုကဲ့သို့သော မြန်မာနိုင်ငံတော်၏ လုပ်ပိုင်ခွင့်များကို မထိခိုက်သမျှကာလပတ်လုံး သီးသန့် စီးပွားရေးဇုံအတွင်း ရေယာဉ်လေ ယာဉ်တို့သည် သွားလာ ပျံသန်းနိုင်ခွင့်ရှိသည်။

ဦးထင်ဖတ်



လူတယောက်၏ မှတ်ဉာဏ်ကဲ့သို့ မှတ်သားစရာရှိသည်များကိုမှတ်သား၍ တွက်ချက်စရာရှိသည်များကို တွက်ချက်ပြီး ချက်ခြင်း အဖြေပေးနိုင်သောစက်ကို ကွန်ပျူတာစက်ဟု ယခုခေတ်တွင် ခေါ်ဝေါ်နေကြသည်။ ကွန်ပျူတာစက်သည် အချက်အလက်များကို စနစ်တကျအမျိုးအစားခွဲ၍ မှတ်သားထားနိုင်သည်။ ကွန်ပျူတာဖြင့် တေးဂီတကိုစပ်နိုင်သည်။ ဒီဇိုင်းများကို ဆွဲနိုင်သည်။ ရောဂါ၏ဒေဝစ်မြစ်ကို ရှာဖွေနိုင်သည်။

ရေနွေးငွေအင်ဂျင်စက်ပေါ်သော ၁၇၅၀ ပြည့်နှစ်ကို သမိုင်းအလိုအရ စက်မှုတော်လှန်ရေးခေတ်၏ အစဟုမှတ် ယူကြ၏။ ထိုနှစ်မှ နှစ်ပေါင်း ၂၀၀ ခန့် လွန်လာသော အခါ ထိုစက်မှုတော်လှန်ရေးနှင့် နီးစပ်လျက်သော စက်မှုအတတ် တော်လှန်ရေးကြီးတရပ် ဖြစ်ပေါ်လာပြန် သည်။ ဤတော်လှန်ရေး၌ လူတို့သည် မိမိတို့၏ဦးနှောက် ဖြင့် ဆောင်ရွက်ရသော လုပ်ငန်းများကို စက်ဖြင့် အစား ထိုး၍ လုပ်ကိုင်ဆောင်ရွက်နိုင်ကြ၏။ ထိုစက်များကို မကွင်း နစ်ကယ်စက်များဟု ခေါ်ကြသည်။ မကြာမီ ထိုမကွင်း နစ်ကယ်စက်များကို လျှပ်စစ်စက်များဖြင့် အစားထိုးလာ ကြပြန်၏။ ဤသည်ကို ရည်၍ ပါမောက္ခ ဦးစံသာအောင် က "ဤတော်လှန်ရေးသည် လူ၏ အသိပညာကို အသုင် အမျိုးမျိုး ပြောင်းပေးခြင်းနှင့် သယ်ပိုးပေးခြင်း၌ အခြေခံ ပေသည်" ဟု ဆိုခဲ့၏။

ပထမ စက်မှုတော်လှန်ရေး၌ ရေနွေးငွေ့ အင်ဂျင်စက် သည် ခေတ်တခေတ်ကို ပြောင်းလဲပေးခဲ့သည့် နည်းတူ ယခု ဒုတိယစက်မှုတော်လှန်ရေး၌လည်း အီလက်ထရွန်နစ် ကွန်ပျူတာသည် နောက်ထပ်ခေတ်တခေတ်ကို ပြောင်းလဲ ပေးပြန်လေသည်။

ကွန်ပျူတာဟူသည်ကား

ကွန်ပျူတာဟူသော အင်္ဂလိပ်စကား၏ မူလအဓိပ္ပါယ် ကား ကဏန်းတွက်ခြင်းပြစ်၏ အပေါင်းအနုတ် အပြောက် အစားဆိုသည်မှာ သာမည်တွက်ချက်နည်းများ ပြစ်သည်။ သို့သော်သိပ်ပညာတိုးတက်လာသောခေတ်၌ ယင်းသာမည သည် မလုံလောက်တော့ချေ။ ခက်ခဲနက်နဲသောပုစ္ဆာတို့ကို တမှုတ်ချင်း တိကျမှန်ကန်စွာ တွက်ချက်ရန် အကြောင်း ပေါ် ပေါက်လာသည်။ ထိုအခါ စာရွက်ပေါ် တွင် သခ်ျာနည်း မျိုးစုံဖြင့် တွက်ချက်၍လည်း လုပ်ငန်းမပြီးမြောက်နိုင်ချေ။ ထို့ကြောင့်အမြန်တွက် အမှန်တွက်ကိစ္စအတွက် မကွင်းနစ် ကယ် စက်များကို တီထွင်ရုံနှင့်မလုံလောက်သောကြောင့် အီလက်ထရွန်နစ် စက်များကိုတီထွင်ခဲ့ကြရာ ယခုခေတ်၌ ထိုအီလက်ထရွန်နစ်ကွန်ပျူတာစက်အလုံးရေပေါင်းတသန်း ကျော်ကို ကမ္ဘာအရပ်ရပ်၌ အသုံးပြုလျက်ရှိနေကြလေပြီ။

လက်ချိုးရေတွက်သော ခေတ်မှစ၍ ကွန်ပျူတာခေတ် အထိ အတွက်အချက်နည်း နိသျတို့ အဆင့်ဆင့် ပျံ့ပြိုးတိုး တက်လာသော သမိုင်းကြောင်းသည် အလွန်စိတ်ဝင်စား ဖွယ် ကောင်းသည်။ လွန်ခဲ့သော နှစ်ပေါင်း ၁၀,၀၀၀ က စိုက်ပျိုးရေးပေါ် သည်ဟု ဆိုကြသည်။ စိုက်ပျိုးရေး လုပ် ငန်းပေါ် ယည်နှင့် တပြိုင်နက် လယ်တရှည်း နှစ်ရှည်း နွား တကောင် နှစ်ကောင်၊ လယ်ထွက်စပါး တတင်း နှစ်တင်း စသည်ပြင့် ရေတွက်စရာအကြောင်းပေါ် ပေါက်ရလိမ့်မည်။ ထိုအခါလက်ချိုးရေတွက်ခြင်းမျှပြင့်မလုံလောက်တော့ပေ။ ပြေကြီးပေါ် တွင် ရေးခြစ်၍ တွက်ချက်ခဲ့ကြရပေလိမ့်မည်။ ဇက်ဝိလုံးနိုင်ငံတွင် ကျောက်ပြားပေါ် ၌ သဲခင်း၍ယင်းသဲ ပေါ် ၌ အမှတ်သကေတများကိုရေးမှတ်တွက်ချက်ကြသည်။ ယင်းတွက်ချက်စရာကျောက်ပြားကို "အဘက်" ဟုခေါ် သည်။



တရုတ်နှင့် ဂျပန်လူမျိုးတို့သည် ယနေ့တိုင် အသုံးပြုနေကြသော ပေသီး

ထိုစကားမှ "အဗက္ကပ်"ဟူသော ဝေါဟာရဆင်းသက်သည်။ နောင်သော အခါ ဂရိနှင့် ရောမတိုင်းသားတို့က ယင်းကို တဆင့်တိုး၍ တီထွင်လေသော် လေးထောင့်သစ်သား ဘောင်တခုထဲ၌ ဝိုင်ယာကြိုးများ သုပ်တန်းတပ်ဆင်၍ ထိုဝိုင်ယာကြိုးတချောင်းလျှင် ကျောက်လုံး ကျောက်ခဲ ၁၀ လုံးဝက်မနည်း ပုတီးသီသကဲ့သို့ သီဆွဲထားသော ကရိယာပေါ် ပေါက်လာလေသည်။ ယင်းကျောက်တုံးများကို ကဲလကုလိုင်ဟု ခေါ်လေရာ နောင်အခါတွင် ထိုဝေါဟာရသည်ပင်လျှင် တွက်ချက်ခြင်း ဟူသော အဓိပ္ပာယ်ကို ဖော်ပြလေသည်။

အဆိုပါသဘောသွားအတိုင်းပင်တရုတ်နှင့် ဂျပန်လူမျိုးတို့သည် ပေသီးကို အသုံးပြုခဲ့ကြ၏။ စင်စစ် ယင်းတို့အသုံးပြုခဲ့ကြသည်မှာ အီဂျစ်နိုင်ငံ၊ ဗက်ဗီလုံးနိုင်ငံတို့ထက်ပင် စောသည်ဟု ဆိုကြသည်။ တရုတ် ဂျပန်တို့သည်ယနေ့တိုင် ပေသီးကို အသုံးပြုလျက်ရှိကြရာ ပေသီးတွက်တတ်သော ဂျပန်အမျိုးသားနှင့် ရုံးသုံးအတွက်စက် တွက်တတ်သော အမေရိကန်အမျိုးသားတို့ လောင်းကြေးစားကြေး အတွက် ပြိုင်တွက်ရာ ဂျပန်က အနိုင်ရသည်ဟုအဆိုရှိသည်။ ပေသီးတွက်သောပေသီးခွက်မှာ သစ်သားကို လေးထောင့်ဘောင် ခတ်ထားသောခွက်ဖြစ်သည့်ခွက်၏ သုံးချိုးနှစ်ချိုး၌ တန်းရှိသည်။တန်းကို အပေါက်ဖောက်၍ ဝါးတိုင် အနည်းဆုံး ၁၃ တိုင် လျှိုသွင်းထားသည်။ တိုင်တတိုင်၌ ပေသီး ခုနစ်လုံးရှိရာ အပေါ်တန်းတွင် အထက်သီး နှစ်လုံး၊ အောက်တန်းတွင် အောက်သီးငါးလုံးရှိသည်။ အထက်သီးတလုံး၏ တန်ဖိုးမှာ ငါးဖြစ်၍အောက်သီးတလုံး၏ တန်ဖိုးမှာ တစ်ဖြစ်သည်။ လက်ျာဖက်အစွန်ဆုံးတိုင်မှစ၍ ခု ဆယ် ရာ ထောင်သောင်းဟုလက်ဝဲဖက်အစွန်ဆုံးအထိရေတွက်သည်။

ယင်းအဗက္ကပ်နှင့် ပေသီးတွက်ချက်နည်းမှာ ကောင်းမွန်ပါသော်လည်း များလှစွာသော ကိန်းတို့ကို မြှောက်ရာ စားရာ၌ ကြန့်ကြာသည်။ သို့ဖြစ်သောကြောင့် နေပီယာ အမည်ရှိသော စကော့လူမျိုးတဦးက လောဂရစ်သမ် ဇယားတို့ကိုတွက်ချက်တီထွင် ရေးသားခဲ့လေသည်။ယင်း လောဂရစ်သမ် သဘောတရားကိုမြန်သည်ထက် မြန်အောင် သုံးစွဲနိုင်ရန် အလို့ငှာ ၁၆၅၄ ခုနှစ်တွင် ယခုခေတ် အင်ဂျင်နီယာကျောင်းသားများ အသုံးပြုနေကြသော ဆလိုက်ရူးခေါ်သခ်ျာလျှောတံကို တီထွင်ကြပြန်သည်။ ထိုသခ်ျာလျှောတံ၌ အထက်မျဉ်းတံပေါ်တွင် ၁၊၂၊၃၊၄၊၅၊၆၊ ၇၊၈၊၉ ဟူသော ဂဏန်းတို့ကို လောဂရစ်သမ်ကိန်းက ပြဋ္ဌာန်းသော အကွာအဝေးအတိုင်း သတ်မှတ်ထားသည်။ ထိုမျဉ်းတံ၏အောက်၌ အထက်ပါအတိုင်း အလားတူသတ်မှတ်ထားသော ဂဏန်းများရှိသည့် အောက်မျဉ်းတံကိုလည်း ထိုမှဤမှ ရွှေ့၍ ရသည်။ သခ်ျာလျှောတံဖြင့် ၂ ကို ၂.၅ ဖြင့် မြှောက်လိုသော် အောက်မျဉ်းတံ၌ပါသော ၁ ဂဏန်းကို အထက်မျဉ်းတံ၌ ပါသော အမြှောက်တည်ကိန်း ၂ ၌ တည့်တည့်မတ်မတ် ယှဉ်ပေးရသည်။ ထိုအခါမြှောက်ကိန်း ၂.၅ နှင့် တိုက်ဆိုင်သော ဂဏန်းသည် အဖြေ ဖြစ်၏။ အောက်ပါပုံကို ကြည့်လျှင် ယင်းအဖြေကား ၅ ဖြစ်၏ဟုအလွယ်နှင့်သိရလိမ့်မည်။



သခ်ျာလျှောတံဇယား



ကွန်ပျူတာစက်ကို တီထွင်ခဲ့သူ ချား ဗက်ဗိတ်

တွက်စက်တို့၏မူလ

သို့သော် ထိုမျှအထိ၌ စက်၏ သဘောသို့ အကျုံးဝင်ခြင်းမရှိသေး။ ပြင်သစ် သခ်ၤာပညာရှင် ဒဿနိက ပညာရှင် ပါစကယ်သည် ၁၆၄၃ ခုနှစ်တွင် အသက် ၂၀ အရွယ်၌ဂဏန်းပေါင်းစက်ကို တီထွင်သည်။ ၁၆၆၆ ခုနှစ်တွင် ဆာ ဆယ်မျူယယ်မိုးလန်သည် အပေါင်းအနုတ် အမြှောက်အစားစက်ကို တီထွင်သည်။ သို့ရာတွင် ၁၆၉၄ ခုနှစ်တွင် ဂျာမန် သခ်ၤာပညာရှင် လိုက်ဗနစ်တီထွင်သော တွက်စက် သည် သာလျှင် ဤခေတ်တွင်အသုံးပြုနေကြသော စက်များ၏ အရင်းမူလအခြေခံ ဖြစ်လေသည်။ ထိုတွက်စက်၌ဘီးနှင့် ဂီယာသွားတို့ကို အသုံးပြု၏။ ၁၇၇၂ ခုနှစ်တွင် ဖွန် မိုးလာသည် ဂီယာ ဘီးနှင့် ကရိုင်းတို့ကို အသုံးပြု၍ အထပ်ထပ် အခါခါပေါင်းလျှင် အမြှောက်၊ အထပ်ထပ် အခါခါနုတ်လျှင် အစားဟူသောမူကို အသုံးပြု၍ တွက်စက်ကို တီထွင်၏။ ၁၇၇၂ ခုနှစ်၌မူကား အသက် ၁၉ နှစ်သာရှိသေးသော ချားမဟုန်သည် တိကျမှန်ကန်စွာ တွက်ချက်နိုင်သော စက်ကို တီထွင်ပြန်၏။ ချားမဟုန်ကား နောင်အခါ၌ စတန်ဟုပ် မြို့စားကြီး ဖြစ်လာသည်။

သို့ရာတွင် ကွန်ပျူတာစက်ကို အစပထမ တီထွင်သူကား ချားဗက်ဗိတ်ဖြစ်သည်။ ဗက်ဗိတ်သည် ယခုပြဆိုခဲ့သော မူများကို ကောင်းစွာ နားလည်၏။ သို့သော် ယင်းတို့ကို များစွာ ဂရုမပြုချေ။ သခ်ၤာပညာရပ်၌ ခြားနားနည်းဟူ၍ ရှိသည်။ ကုဗကိန်းတို့၏ အဆင့်ဆင့် ခြားနားချက်များကို ရှာလျှင် တတိယ အဆင့်သို့ ရောက်သော် တူညီသောကိန်းကို ရှာ၍တွေ့လိမ့်မည်။ ကိန်းအားလုံး တူညီနေကြပြီဖြစ်၍ စတုတ္ထအဆင့်သို့ တက်လျှင် ခြားနားချက်မရှိကြောင်း တွေ့ရမည်။ တနည်းပြောရသော် စတုတ္ထအဆင့် ခြားနားချက်သည် သုည ဖြစ်၏ဟု ဆိုရမည်။ ယင်းသခ်ၤာသဘောကို ထင်မြင်လွယ်အောင် ဇယားဖြင့် ပြရလျှင် အောက်ပါအတိုင်း ဖြစ်သည်။

အောက်ပါ ဇယား၌ ကော်လံ "က" တွင်ပါသော ဂဏန်း ၁ မှ ၇ အထိ ကုဗတို့၏ တန်ဖိုးကို ကော်လံ "ခ" ၌ ပေးထား၏။ ၁ ၏ ကုဗတန်ဖိုးသည် ၁၊ ၂ ၏ကုဗတန်ဖိုးသည် ၈၊ ၃ ၏ ကုဗတန်ဖိုးသည် ၂၇ ..... စသည်ဖြင့် ရှိကြ၏။ ၁ ၏ ကုဗ တန်ဖိုးနှင့် ၂ ၏ ကုဗတန်ဖိုးခြားနားချက်သည် ၇ ဖြစ်သည်။ ၂ ၏ ကုဗတန်ဖိုးနှင့် ၃ ၏ ကုဗတန်ဖိုး ခြားနားချက်ကား ၁၉ ဖြစ်သည် ဤပထမ ခြားနားချက်တို့ကို ကော်လံ "ဂ" တွင် ပြဆိုထားသည်။ ယင်းကော်လံ"ဂ"၌ ရှိသော ခြားနားချက်တို့ကို ဒုတိယမြို ထပ်မံရှာဖွေလျှင် ကော်လံ "ဃ" ၌ရှိသော ၁၂၊ ၁၈၊ ၂၄ ..... စသော ကိန်းတို့ကို ရရှိလိမ့်မည်။ ယင်းမှာ ဒုတိယ ခြားနားချက်ပေတည်း။ ထို့နောက် တတိယမြို ခြားနားချက်ကို ထပ်မံရှာဖွေလျှင် ကော်လံ"င"၌ ပါရှိသော ၆ ဂဏန်းကို ချည်းရလိမ့်မည်။ ယင်းကား တတိယ ခြားနားချက်ပေတည်း။ ထို့နောက်တဖန် စတုတ္ထမြို ခြားနားချက်ကို ရှာပြန်သော် စတုတ္ထ ခြားနားချက်၌ တန်ဖိုးသုည သာရှိကြောင်း တွေ့ရလိမ့်မည်။

က	ခ	ဂ	ဃ	င	စ
၁	၁				
		၇			
၂	၈		၁၂		
		၁၉		၆	
၃	၂၇		၁၈		၀
		၃၇		၆	
၄	၆၄		၂၄		၀
		၆၁		၆	
၅	၁၂၅		၃၀		၀
		၉၁		၆	
၆	၂၁၆		၃၆		
		၁၂၇			
၇	၃၄၃				

ခြားနားနည်း ဇယား

ဗက်ဗိတ်သည် အထက်၌ ပြယုဂ်တခု အနေဖြင့် ပြဆိုထားသော သခ်ၤာအတတ်၌ ရှိသည့်ခြားနားနည်းကိုမူတည်၍ ခြားနားနည်း အင်ဂျင်ကို တီထွင်လုပ်ဆောင်ရာ ၁၈၃၃

ခုနှစ်တွင် တပိုင်းတစ ပြီးစီးသည်။ ထိုစက်ဖြင့် ကိန်းဂဏန်း၊ ၉၉,၉၉၉ အထိ တွက်ချက်၍ ရနိုင်ပါ၏။ သို့သော် ရှေ့သို့ ဆက်၍တီထွင်လုပ်ကိုင်ရာ၌အချိန်လည်းများစွာကုန်သည်။ ငွေကြေးလည်း များစွာကုန်သည်။ ဗက်ဗိတ်ကို ပညာလို လားသော မိတ်ဆွေ သင်္ဘာတို့က ဝိုင်းဝန်းကူညီကြပါသော်လည်း တီထွင်မှုမှာ ပြီးဆုံးသည်ဟုမရှိခဲ့ချေ။ နောက်ဆုံးတွင် ဗက်ဗိတ်သည် သရုပ်ခဲ့ အင်ဂျင်၏ ရှေပြေးနှင့် တူသော စက်ကို တီထွင်ကြံဆရင်းနှင့်ကွယ်လွန်လေသည်။ ဗက်ဗိတ်၏ အကြံအစည်မှာ စက်က လူ၏မှတ်ဉာဏ်ကဲ့သို့ မှတ်သား၍ တွက်ချက်စရာ ရှိသည်တို့ကို တွက်ချက်ပြီးလျှင် အဖြေပေးနိုင်စေရန် ဖြစ်သည်။

မက္ကင်းနစ်ကယ်ကွန်ပျူတာ

၁၈၉၀ ပြည့်နှစ်တွင် အမေရိကန် ပြည်ထောင်စု၌သန်းခေါင် စာရင်း ကောက်၏။ သန်းခေါင် စာရင်းနှင့် စပ်လျဉ်းသော မေးမြန်းစရာ အချက်အလက်တို့ကို ဖြေကြားရာ၌ "ဟုတ်" "မဟုတ်" ဟူ၍သာ ဖြေကြားရ၏။ ထိုအခါ တွက်စက်ကို တိုးတက်အောင် ပြုပြင်ကြံဆလျက်ရှိသော ဟိုလာရစ်က ယင်း "ဟုတ်" "မဟုတ်" ဟူသော အချက်နှစ်ချက်ကို တွက်စက်က မှတ်တမ်းတင်နိုင်စေဖို့ရာ အပေါက်ဖောက်ကပ်ပြားကို တီထွင်လျှင် ကောင်းမည်ဟု ကြံဆ၍ ထောင်လိုက်မျဉ်းကြောင်း ၁၂ ကြောင်းပါသော ကပ်ပြားကို ပြုလုပ်သည်။ ထိုထောင်လိုက် မျဉ်းကြောင်းတကြောင်းလျှင် အပေါက် ဖောက်စရာ နေရာ ၁၀ ရှိသည်။ ဤနည်းဖြင့် ကပ်ပြားကို ကြံဆတီထွင်သောအခါ ကပ်ပြားပေါ်၌ မှတ်သားခြင်းကို ပြုမှုလုပ်ကိုင်ပေးနိုင်သော နေရာပေါင်း ၉၆၀ ရလိမ့်မည်။ တနည်းဆိုသော် အချက်အလက် အမျိုးအစား ပေါင်း ၉၆၀ ကို ကပ်ပြားတွင် ဖောက်၍ မှတ်သားသိုလှောင်ထားနိုင်မည်။ ဟိုလာရစ်သည် ဤသဘောကို ယူ၍ အချက်အလက် စုဆောင်းပြင်ဆင်တွက်ချက်သော စက်ကိုတီထွင်ရာ ထိုစက်ဖြင့် သန်းခေါင် စာရင်း စုဆောင်းရသည်မှာ အလွန်အဆင်ပြေသည်။ အဆင်သင့် မှတ်သားထားသော အချက်အလက်တို့သည် ကပ်ပြားအပေါက် အဖြစ်ဖြင့် ကပ်ပြားဖတ် ဒလိမ့်မှ တဆင့်တွက်စက်ထဲသို့ ဝင်လေသည်။ ထိုသို့ ဝင်သောအခါ အမြီးဖွာသော ဝိုင်ယာကြိုးမျှင်တို့သည် အပေါက်ကို ဖြတ်သွား၍ ကပ်ပြားနောက်ဖက်ရှိ အခြားဝိုင်ယာကြိုးနှင့်ထိသဖြင့် လျှပ်စစ်ခုန်လှိုင်း ဖြစ်ပေါ်သည်။ ဤနည်းဖြင့် အချက်အလက်များကို စနစ်တကျ အမျိုးအစား ခွဲ၍ မှတ်သားထားနိုင်သည်။

ထိုသည်မှစ၍ အတွက် တွက်သော စက်အမျိုးမျိုးတို့ကို ကုမ္ပဏီ အမျိုးမျိုးတို့က ထုတ်လုပ်ကြသည်။ ငွေလက်ခံစက်၊ ငွေအမ်းစက်၊ ပြေစာပေးစက်စသည်တို့မှ ပေါင်ချိန် ၂၀၀၀ လေးသော စက်ကြီးအထိ တီထွင်ထုတ်လုပ်၍ ကုမ္ပဏီကြီးများကို ထုတ်လုပ်သူတို့က ရောင်းချကြ၏။ လုပ်ငန်းများကြီးကျယ်လာလေလေ တီထွင်ချက်အမျိုးမျိုးကို ပြုလုပ်ရလေလေဖြစ်သည်။ အိုင်ဘီအမ်ခေါ် အပြည်ပြည်ဆိုင်ရာ လုပ်ငန်းသုံး စက်ကရိယာ ကုမ္ပဏီသည် ရှေးဦးစွာ အလို အလျောက် တွက်ချက်သော စက်ကရိယာကို ထုတ်လုပ်ရောင်းချသည်။ ထိုစက်ကရိယာကား ဟောင်ဝတ် အိုင်ခင် ရေးဆွဲသော ဒီဇိုင်းအတိုင်း တည်ဆောက်သော စက်ကရိယာဖြစ်သည်။ ၁၉၃၀ ပြည့်နှစ် တဝိုက်တွင်အိုင်ခင်နှင့် ကျော့စတစ်ဗစ်တို့သည် လျှပ်စစ်စက် ခလုတ်များစနစ်ကို အသုံးချ၍ အလိုအလျောက် တွက်ချက်သောစက်များကို တီထွင်ကြပြန်သည်။ ၁၉၄၀ ပြည့်နှစ်တွင် စတစ်ဗစ်သည် အမေရိကန် သခ်္ဂြာ အသင်းရှေမှောက်ဝယ် သူ၏ တီထွင်ချက်များကို လက်တွေ့ပြသသည်။

အီလက်ထရွန်နစ်ကွန်ပျူတာ

ထိုနောက် ဒုတိယ ကမ္ဘာစစ်သည် အရှိန်ပြင်းထန်လာလေသော် သေနတ်လက်နက်နှင့် ဗုံးများကို တိကျစွာ ချိန်ဆ၍ ပစ်ရန် ပြဿနာ ပေါ်လာလေသည်။ ထိုအခါ မက္ကင်းနစ်ကယ် ကွန်ပျူတာထက် ပိုမိုလျင်မြန်ထိရောက်သော အီလက်ထရွန်နစ် ကွန်ပျူတာကို အစားထိုး၍ သုံးစွဲနိုင်ရန် ကြံဆောင်ကြသည်။ ဤသည်တွင် အက်ကတ်နှင့် မောက်ချလေတို့က အီလက်ထရွန်နစ် နည်းဖြင့် ကိန်းဂဏန်းတို့ကို ပေါင်းစည်းတွက်ချက်ပေးသော အီနီအက်စက်ကို ဒီဇိုင်းရေးဆွဲပေးသည်။ ထိုဒီဇိုင်းအတိုင်းတည်ဆောက်ရာ၌

ချားဗက်ဗိတ်၏ ဂဏန်းတွက် အင်ဂျင်စက်



ယခင်က ခလုတ်များကို အသုံးပြုသော ကိစ္စတို့၌ တြိလျှပ်ခေါင်း (ထရိုင်အုပ်မီးလုံး) များကို အသုံးပြုသည်။ ယင်းမီးလုံးများကား ရေဒီယို၌ အသုံးပြုသော မီးသီးများပင် ဖြစ်သည်။ အမြောက်ပစ်ရာ၌ ကျည်ဆန်ရောက်လိုသော အကွာအဝေး၊ ကျည်ဆန် တက်သွားသော အမြင့်၊ လေအဟုန်နှင့် အပူချိန် စသည်တို့ကို ပစ်လွှတ်သောအမြောက်ဆန် အမျိုးအစားနှင့် ကိုက်ညီအောင် တွက်ချက်ရသည်။ ယင်းကိစ္စ၌ အီလက်ထရွန်နစ် ကွန်ပျူတာဖြင့် ဆောင်ရွက်သောအခါ မြန်မြန်ပြီးစီးသည်။

ထိုစဉ်က ဂျာမန်တို့ဖက်၌ ဂျာမန်လေယာဉ် သုတေသနဗိမာန် ကွန္ရက်ဇုသည်လည်း အလားတူ အီလက်ထရွန်နစ် ကွန်ပျူတာ ဒီဇိုင်းကို ရေးဆဲရာ ၁၉၄၁ ခုနှစ်တွင် ယင်း ဒီဇိုင်းဖြင့် တီထွင်သော အီလက်ထရစ် ကွန်ပျူတာကို ကောင်းစွာ အသုံးပြုလျက် ရှိနေကြသည်။ ကွန္ရက်ဇုသည် ကွန်ပျူတာသုံး စကားကိုပင် တီထွင်ခဲ့သည်ဟု ဆိုကြသည်။ သို့သော် သူ၏လုပ်ရပ်တို့ကို မှတ်တမ်းတင်၍ ထုတ်ပြန်ကြေငြာခြင်းမပြုရသောကြောင့် ကောင်းစွာမထင်ရှားချေ။

စစ်ကြီးပြီးသောအခါ အက်ကတ်နှင့် မောက်ချလေတို့နှစ်ဦးပေါင်း၍ ယူနီဗက်ဟု အမည်ပေးသော အီလက်ထရစ် ကွန်ပျူတာကို ထုတ်လုပ်ရောင်းချရာ ၁၉၅၀ ပြည့်နှစ်မှစ၍ ကမ္ဘာ့စျေးကွက်ထဲသို့ ဝင်ရောက်လာလေသည်။ ထိုနောက်၌ မူကား ယခုအခါ တွင်ကျယ်နေသော အိုင်ဘီအမ် ကုမ္ပဏီသည် အီလက်ထရွန်နစ် ကွန်ပျူတာ လုပ်ငန်းတွင် ရှေ့ဆောင်ဖြစ်လာလေသည်။

ကွန်ပျူတာတွက်ချက်နည်း

ကွန်ပျူတာတွက်ချက်နည်း နှစ်မျိုးရှိ၏။ ထိုနှစ်မျိုးကို တမျိုးစီခွဲ၍ သုံးလျှင်လည်းရ၏။ နှစ်မျိုးစလုံး ပေါင်း၍ သုံးလျှင်လည်း ရ၏။ ပထမအမျိုးမှာ အင်နာလော့ အမျိုးအစားဖြစ်သည်။ ဒုတိယကား ဒစ်ဂျစ်တယ်အမျိုးအစား ဖြစ်သည်။ အင်နာလော့ ကွန်ပျူတာ စနစ်၌ တွက်ချက်ဖြေရှင်းရမည့် ပြဿနာနှင့် ရူပအရည်အချင်းတူညီသော ကရိယာကို တည်ဆောက်၍ တွက်ချက်သည်။ ပြဿနာနှင့် ရူပ အရည်အချင်း နှိုင်းရှည့်ခြင်းကို အင်နာလိုဂျီဟု ခေါ်သောကြောင့် ထိုစကားမှ အင်နာလော့ ကွန်ပျူတာဟူသော စကားဖြစ်ပေါ်လာသည်။ ယင်းကို ပုံစံထုတ်ပြရသော်အပူချိန်တိုင်းသာမိုမီတာသည် အရိုးဆုံး အင်နာလော့ ကွန်ပျူတာတခုဟု မှတ်ယူရမည်။ ဖန်ပြွန်အတွင်းရှိ ပြဒါးတည်းဟူသော ရူပ(ရုပ်ဒြဗ်)သည်အပူကို လိုက်၍ ဖောင်းပွ၏။ ကျုံ၏။ ဖောင်းပွလာလျှင် ပြဒါးသည် ဖန်ပြွန်ထဲ၌ကြွတက်လာ၏။ ကျုံသွားလျှင်ဖန်ပြွန်ထဲ၌ကျဆင်းသွား၏။ ယင်းကဲ့သို့ အပူကြောင့် ပြောင်းလဲခြင်းကို လိုက်၍ တက်ခြင်းကျခြင်းတို့ကို ဖန်ပြွန်အမှတ်အသား၌ ဖတ်ရှုကြည့်ခြင်းအားဖြင့် အပူချိန်မည်ရွေ့ မည်မျှဆိုသည်ကို သိနိုင်သည်။ ဤ၌ပြဿနာသည် အပူချိန်မည်မျှ တက်သနည်း၊ ကျသနည်းဟူသော ပြဿနာဖြစ်၏။ ထိုပြဿနာနှင့် တူညီအောင် တုထားသော ရူပ(ရုပ်ဒြဗ်)မှာ ပြဒါးဖြစ်၏။ ပြဿနာနှင့် ပြဒါးတို့သည် သိပ်ပံစကား၌ အနာလိုဂျီဖြစ်ကြသည်။ အခြားအင်နာလော့ ကွန်ပျူတာ ပုံစံများကား မိုင်နှုန်းတိုင်း ကရိယာလျှောတံတိုင်း ကရိယာနှင့် နာရီတို့ပင် ဖြစ်လေသည်။

ဒစ်ဂျစ်တယ် ကွန်ပျူတာသည် အင်နာလော့ ကွန်ပျူတာထက် ပြဿနာကို တိကျစွာ ဖြေရှင်းပေးနိုင်သည်။ လုပ်ငန်းမျိုးစုံကိုလည်း လုပ်ပေးနိုင်သည်။ သို့ရာတွင် ဒစ်ဂျစ်တယ် ကွန်ပျူတာသည် အင်နာလော့ ကွန်ပျူတာကဲ့သို့ တိုင်းတာသော အလုပ်ကို မလုပ်၊ ရေတွက်သော အလုပ်ကိုသာ လုပ်သည်။ အရိုးဆုံး ကွန်ပျူတာမှာ ကျွန်ုပ်တို့၏ လက်ဆယ်ချောင်းပင် ဖြစ်သည်။ ထိုကွန်ပျူတာ အမျိုးအစားမှတဆင့် တက်သော် အထက်၌ ပြဆိုခဲ့သောပေသီးနှင့် ဂဏန်းပေါင်းစက် စသည်တို့ပင် ဖြစ်သည်။

ကွန်ပျူတာနှင့် ဒွိသင်္ချာစနစ်

ကျွန်ုပ်တို့သည် လက်ဆယ်ချောင်းဖြင့် ရေတွက်ရာ၌ ခု၊ ဆယ်၊ ရာ၊ ထောင်၊ သောင်း၊ သိန်း၊ သန်း၊ ကုဋေဟူ၍ ဆယ်လီ ကိန်းစနစ်ကို သုံးသည်။ ထိုစနစ်၌ ၁ မှ သုည အထိ ဂဏန်း ၁၀ လုံးရှိ၏။ ကွန်ပျူတာသည်ယင်း ဂဏန်း ၁၀ လုံးကို အသုံးမပြုချေ။ ကွန်ပျူတာ နားလည်သော စနစ်မှာ ဒွိသင်္ချာ စနစ်ဖြစ်သည်။ ထိုစနစ်၌ ဂဏန်းနှစ်လုံးသာ ပဓာန ဖြစ်သည်။ ဒွိသင်္ချာ စနစ်အကြောင်းကို အကျယ် မဆိုသာပါ။ သင်္ချာပညာသဘော၌ ၁ သည် ၂ ၏ သုညထပ်ကိန်း၊ ၂ သည် ၂ ၏ ၁ ထပ်ကိန်း၊ ၄ သည် ၂ ၏ ၂ ထပ်ကိန်း၊ ၈ သည် ၂ ၏ ၃ ထပ်ကိန်း ၁၆ သည် ၂ ၏ ၄ ထပ်ကိန်း စသည်ဖြင့် ဖြစ်ကြောင်းကို သာမန်ကျောင်းသားတို့ပင်လျှင် သိရှိကြပြီး ဖြစ်သည်။ ယင်းကဲ့သို့သော ထပ်ကိန်းများ၏ သဘာဝအလျောက် ၁၊ ၂၊ ၄၊ ၈၊ ၁၆၊ ၃၂၊ ၆၄ စသော ကိန်းများသည် ၂ ကို အခြေခံသော ကိန်းများ ဖြစ်ရာ ယင်းကိန်းများနှင့် ရေတွက်သော စနစ်ကို ဒွိသင်္ချာ စနစ်ဟု ခေါ်သည်။ ထိုတွက်နည်း၌ ၁ မှ သုည အထိ ရှိသော ဂဏန်း ၁၀ လုံးကို ၁၊ ၂၊ ၄၊ ၈ ဟူသော ဂဏန်းလေးလုံးဖြင့် ကိုယ်စားပြုစေသော်ရနိုင်သည်။ ထိုထက်ကျဉ်းအောင် ချဉ်းလျှင်မူကား သုည နှင့် ၁ ဂဏန်း နှစ်လုံးတည်းဖြင့်သာ ၁ မှ သုည အထိ ရှိသော ဂဏန်းအားလုံးကို ရေးသားဖော်ပြနိုင်ပေသည်။ အောက်ပါ ဇယား၌ဆယ်လီ စနစ်နှင့်ဒွိသင်္ချာ

စနစ်တို့က ကိန်းများကို မည်သို့ ဖော်ပြနိုင်ကြောင်း ယှဉ်ကြည့်ပါ။

ဆယ်လီစနစ်	ဒွိဿန်းစနစ်
၀	၀
၁	၁
၂	၁၀
၃	၁၁
၄	၁၀၀
၅	၁၀၁
၆	၁၁၀
၇	၁၁၁
၈	၁၀၀၀
၉	၁၀၀၁
၁၀	၁၀၁၀
၁၆	၁၀၀၀၀
၃၂	၁၀၀၀၀၀
၆၄	၁၀၀၀၀၀၀

ယင်းဒွိဿန်းစနစ်ကို သုံးလျှင် ကျွန်ုပ်တို့ လူသားများအဖို့ မှတ်သားရန် ခဲယဉ်းမည်။ ကျွန်ုပ်တို့သည် ၁၀၂၄ ဟုရေးထားသည်ကို ဖတ်တတ်ကြမည်။ သို့ရာတွင် ယင်းကိန်းတန်းကို ဒွိဿန်းစနစ်ဖြင့် ရေးသားပြဆိုရသော် ၁၀၀၀၀၀၀၀၀၀၀ ဟူ၍ ရေးရလိမ့်မည်။ထိုအခါ ကျွန်ုပ်တို့အဖို့ မျက်စိရှုပ်စရာ ဖြစ်နိုင်သည်။ သို့ရာတွင် ကွန်ပျူတာကားထိုသန်းစကားကိုသာ နားလည်သည်။

ကွန်ပျူတာ၏လုပ်ငန်း

ထိုသို့နားလည်သော ကွန်ပျူတာသည် စေခိုင်းသမျှကို အပိုင်းလေးပိုင်းခြား၍ ဆောင်ရွက်ပေးနိုင်သည်။ပထမပိုင်း၌ လိုအပ်သောအချက်အလက်များကို ကွန်ပျူတာသိရှိနားလည်အောင်ဖန်တီးပေးလျှင် ကွန်ပျူတာသည်ယင်းအချက်အလက်တို့ကို သိရှိ မှတ်သားသည်။ ဒုတိယပိုင်း၌ ကွန်ပျူတာအား မည်သို့မည်ပုံ ဆောင်ရွက်ရမည်ဟု စေခိုင်းလျှင်စေခိုင်းရာကို ဆောင်ရွက်ပေးသည်။ တတိယပိုင်း၌ ကွန်ပျူတာသည် အချက်အလက်များကို ဖတ်ခြင်း၊တွက်ခြင်း၊ရှင်းလင်းခြင်း၊ အဖြေထုတ်ခြင်းတို့ကို ဆောင်ရွက်ပေးသည်။ စတုတ္ထပိုင်း၌ ကွန်ပျူတာသည် မိမိကထုတ်ပေးသောအဖြေများကို လူအများ အသုံးပြုနိုင်မည့်အသွင်သို့ ပြောင်းလဲပေးသည်။

ကွန်ပျူတာသုံးဘာသာစကား

ကွန်ပျူတာကို စေခိုင်းသောအခါ ကွန်ပျူတာနားလည်သော စကားဖြင့် အကြောင်းကြား အမိန့်ပေးရမည်ဖြစ်သည်။ ယင်းကိုစွအလို့ငှာ စနစ်စိစစ်ခြင်းနှင့် လမ်းညွှန်အစီအစဉ် ရေးဆွဲခြင်း လုပ်ငန်းနှစ်ခုကို ရှေးဦးစွာ ဆောင်ရွက်ပေးရန် လိုအပ်၏။ စနစ်စိစစ်ခြင်း၌ လုပ်ငန်းတခုလုံး၏စနစ်ကို စိစစ်ကြည့်ပြီးလျှင် မည်သည့်ကိစ္စများကို ပြုလုပ်ရန် လိုအပ်သနည်းဟု တိကျစွာဆုံးဖြတ်ရသည်။ထို့နောက် လိုအပ်သော အလုပ်ကို ကွန်ပျူတာက လုပ်နိုင်စေရန် သင့်လျော်သော ပုံစံတခုကို အစီအစဉ်တခုအနေဖြင့် ရေးဆွဲရသည်။ ထိုလုပ်ငန်းနှစ်ရပ်ကို ဆောင်ရွက်၍ ပြီးသောအခါ ကွန်ပျူတာက အလွယ်တကူ ပြောင်းလဲ၍ ယူနိုင်သော အစီအစဉ်စကားမျိုးကို အသုံးပြုရသည်။ ဤသည်တွင် ကွန်ပျူတာသုံး ဘာသာစကားဟူ၍ ဖြစ်ပေါ်လာလေသည်။

ယင်းအစီအစဉ်စကားအမျိုးပေါင်းမှာ ၂၀၀ ခန့်ရှိသည်။ ယင်းတို့အနက် ဖော်ထုရန်ဟူသော ကွန်ပျူတာစကားမှာ အိုင်ဗီအမ်–၇၀၄ ကွန်ပျူတာ၌ သုံးစွဲရန် ၁၉၅၇ ခုနှစ်က တီထွင်သော စကားဖြစ်သည်။ ယင်းစကားသည် ပုံသေနည်းကို ဘာသာပြန်ခြင်း (၀၊) အဓိပ္ပါယ်ဖွင့်ဆိုခြင်း ဟူသောအင်္ဂလိပ် စကားကို အတိုချုံးထားသော စကားဖြစ်သည်။ ယင်းစကားကို တတ်သိနားလည်ရန်မှာ မခက်ချေ။ သို့ရာတွင် ယင်းစကား၌ သဒ္ဒါစည်းကမ်းများစွာ မရှိသောကြောင့် သုံးစွဲရာ၌မကျစ်လစ်ဟုဆိုကြသည်။သဒ္ဒါစည်းကမ်းကျန၍ ကျစ်လစ်သိပ်သည်းသော စကားမှာကားအဲလဂို ဖြစ်၏။ ယင်းကား အဲလဂိုရစ်သမစ် ဘာသာဟု တီထွင်ထားသော အင်္ဂလိပ်စကားကိုပင် အတိုချုံးထားသော ဝေါဟာရဖြစ်သည်။ ယင်းကွန်ပျူတာစက်သုံး စကားနှစ်မျိုးစလုံးကိုသိပ်ပါပညာဆိုင်ရာ ပြဿနာများအတွက် အသုံးပြုကြ၏။ ရေကြောင်းအီလက်ထရွန်နစ် စမ်းသပ်အလုပ်ရုံကတီထွင်သော စက်သုံးစကားမှာ အင်္ဂလိပ်လိုအတိုကောက် နေလိယက်ဟုခေါ်သောစကား ဖြစ်သည်။ ယင်းကိုစစ်ဖက်ဆိုင်ရာတို့က သုံးစွဲကြသည်။ စီးပွားရေး လုပ်ငန်းများအတွက်ကိုမူကား လုပ်ငန်းအများသုံးနိုင်ရန် တီထွင်ထားသော အင်္ဂလိပ်လို အတိုကောက် ကိုဗောဟုတွင်သည့် စကားကို သုံးစွဲကြသည်။ယင်းစကားအမျိုးမျိုးတို့ကိုတီထွင်ရာ၌ အကြိမ်ပေါင်းများစွာ ပြန်လည်ပြင်ဆင် သုတ်သင်ခဲ့ကြရ၏။ အဲလဂို စက်သုံးစကားကို ၁၉၆၀ ပြည့်တွင် ပြန်လည်ပြုပြင်ရာတွင် အဲလဂို ၆၀ ဟုတွင်သည်။ ၁၉၆၈ ခုနှစ်တွင် ထပ်မံပြုပြင်ရာတွင် အဲလဂို ၆၈ ဟုတွင်သည်။ ဤကဲ့သို့ စက်သုံး စကားများကို ပြန်လည် ပြုပြင် လာခဲ့ကြသည်မှာ ယနေ့တိုင်အောင်ပင်ဖြစ်သည်။

ကွန်ပျူတာကို အသုံးချပုံ

ကွန်ပျူတာကို ကုန်သွယ်ရေးလုပ်ငန်း၊ စက်မှုလုပ်ငန်းနှင့် အစိုးရဌာန လုပ်ငန်းစသည်တို့တွင် အသုံးပြုကြသည်။

အံ့ချီးဖွယ်ရာကွန်ပျူတာ



ကွန်ပျူတာဖြင့် ကကြိုးကကွက်အသစ်များကို သင်ကြားနေပုံ (ပေါ်ပုံ)

ကွန်ပျူတာကို အသုံးပြု၍ မော်တော်ယာဉ် တစင်း၏ စက်ချုတ်ယှင်းချက်များကို အလွယ်တကူ ရှာဖွေနိုင်သည်။ (အောက်ပုံ)



နှလုံးရောဂါ ဝေဒနာရှင် တဦးကို ကွန်ပျူတာဖြင့် အလိုအလျောက် ဆေးသွင်းပေးနေပုံ (ပေါ်ပုံ)။

ကွန်ပျူတာ စနစ်၏ ညွှန်ကြားချက် အမှတ်အသားများကို ကြည့်၍ အသံ နိမ့်မြင့်ကို ပြုလုပ်၍လည်း ရသည် (အောက်ပုံ)။



ယင်းလုပ်ငန်းများတွင် ကွန်ပျူတာက စွမ်းဆောင်နိုင်သော အချက်အလက်တို့မှာ အတိုချုပ်အားဖြင့်အောက်ပါအတိုင်း ဖြစ်သည်။

၁။ ကွန်ပျူတာကို စာရေးစာချီကဲ့သို့ သဘောထား၍ စေခိုင်းသောအခါ ကွန်ပျူတာသည် စာလုံးစာတမ်း၊ စာရင်းအင်း ဇယား၊ မှတ်စု မှတ်ရာ စသည်တို့ကို စုဆောင်း သိမ်းမှတ်တမ်းတင်နိုင်သည်။

၂။ ကွန်ပျူတာကို သတင်းပြန်ကြားရေး စနစ်၌ လည်း အသုံးပြု၍ရသည်။ ထိုစနစ်အတွက်သိစရာ အချက်အလက်များကိုသတင်းအဖြစ်ဖြင့်စုဆောင်းပေးခြင်း၊ ခွဲခြမ်းစိတ်ဖြာဖြန့်ချိပေးခြင်း၊ စီမံခန့်ခွဲအုပ်ချုပ်မှုကိစ္စတို့အတွက် အကြောင်းရင်းခံ အချက်အလက်များကို ရှာဖွေပေးခြင်း စသည်တို့ကို ကွန်ပျူတာက ဆောင်ရွက်ပေးနိုင်သည်။

၃။ ကွန်ပျူတာက ပုံစံဒီဇိုင်းများကို ရေးဆွဲပေးနိုင်သည်။

၄။ ကွန်ပျူတာသည် စက်မှုလုပ်ငန်းများကို ထိန်းချုပ်ပေးနိုင်သည်။ ဤသို့ ထိန်းချုပ်ပေးရာ၌ စက်ကရိယာတန်ဆာပလာများကို ထိန်းချုပ်ပေးရုံမျှသာမက ခဘတု ဗေဒ လုပ်ငန်း စသည်တို့၌ ကြုံတွေ့ရသော အပူချိန်၊ ဖိအား၊ အရည်စီးခြင်း၊ ပြွန်ဝ အကျဉ်းအကျယ်၊ စေးပျစ်ခြင်းစသော ရူပဗေဒ ပြောင်းလဲခြင်းများနှင့် စပ်လျဉ်းသည့် ရှုပ်ထွေးလှသော အလုပ်များကိုလည်း ထိန်းချုပ်ပေးနိုင်သည်။ ယင်းကဲ့သို့ ထိန်းချုပ်ပေးနိုင်သော သတ္တိရှိခြင်းကြောင့် လုပ်ငန်းဆောင်တာနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက် တစုံတရာ ချမှတ်ရန် အကြောင်းပေါ်လာလျှင် ကွန်ပျူတာကပင်လျှင် ဆုံးဖြတ်ပေးနိုင်သည်။

၅။ အထက်ပါစွမ်းအင် သတ္တိတို့မှတဆင့်တက်သော် ကွန်ပျူတာသည် စီမံခန့်ခွဲအုပ်ချုပ်ခြင်း လုပ်ငန်း၌ပင်လျှင် အကူအညီပေးနိုင်သည်ကို တွေ့ရ၏။ ခန့်ခွဲခြင်းလုပ်ငန်း၌ လုပ်စရာ နှစ်မျိုးသုံးမျိုး ထွေပြားလျက်ရှိလျှင် ကွန်ပျူတာသည် အသင့်လျော်ဆုံးကို ရွေးချယ်ပေးနိုင်သည်။

ဤသည်တို့ကား ကုန်သွယ်ရေးလုပ်ငန်း၊စက်မှုလုပ်ငန်း၊ အစိုးရလုပ်ငန်းတို့၌ သုံးစွဲသော ကွန်ပျူတာ များ၏ ယေဘုယျလုပ်ငန်းသဘော ဖြစ်သည်။ ယင်းတို့ကို လက်တွေ့အသုံးချပုံကို သာဓကပြစရာများစွာ ရှိသော်လည်း အနည်းငယ်မျှကိုသာ နမူနာပြဆိုနိုင်ပါမည်။

လုပ်ငန်းသုံး ကွန်ပျူတာ

၁၉၅၁ ခုနှစ်တွင် အမေရိကန် ပြည်ထောင်စု အစိုးရကသန်းခေါင် စာရင်း ကောက်ယူသောအခါ အစီအစဉ်တို့ကို သိုလှောင်သိမ်းဆည်းထားနိုင်သည့်လုပ်ငန်းသုံးကွန်ပျူတာ စက်တို့တွင် ရှေးဦးဖြစ်သော ယူနီဗက်–၁ အမည်ရှိစက်ကို အသုံးပြုသည်။ ထိုစက်သည်အစီအစဉ်စကားကို ကွန်ပျူတာက နားလည်သောစက်စကားဖြစ်အောင်ဖန်တီးပေးသည်။

၁၉၅၃ ခုနှစ်တွင် အိုင်ဘီအမ်သည် ကွန်ပျူတာစက်ထုတ်လုပ်ရေးထဲသို့ ဝင်ရောက်လာပြီးလျှင် ဂဏန်းတွက်စက်များကို ထုတ်လုပ်ရောင်းချသည်။ ထိုနှစ်တွင် ဗြိတိန်နိုင်ငံရှိ လိုင်ယွန်းစားသောက်ဖွယ် ကုမ္ပဏီက လစာစာရင်းနှင့် အခြားကုမ္ပဏီ စာရင်းများကို ရေးမှတ်တွက်ချက်ပေးသော တွက်စက်တို့ကို အလုပ်တိုက်၌ တပ်ဆင်သုံးစွဲသည်။ ယင်းတို့ကို လိုင်ယွန်းလျှပ်စစ် ရုံးသုံးစက်ဟူ၍ခင်း၊ အတို ကောက်အားဖြင့် လီယိုဟူ၍ခင်း ခေါ်ဝေါ်ကြသည်။ ၁၉၅၈ ခုနှစ်တွင် ယင်းစက်မျိုးကို ပြင်ပသို့ ထုတ်လုပ်ရောင်းချသည်။ ထိုအခါ ဗြိတိသျှ ပြည်တွင်းခွန်ဌာနနှင့် ဗြိတိသျှ မီးရထား ကုမ္ပဏီတို့က အခွန်တော် စာရင်းနှင့် မီးရထား အချိန်စာရင်းအတွက် လီယို ကွန်ပျူတာ စက်များကို သုံးစွဲလေသည်။ လန်ဒန် စတော့ အိပ်စချိန်းခေါ် ရှယ်ယာ အရောင်းအဝယ် ဒိုင်ကြီး၌ အရေးကြီး ကုမ္ပဏီပေါင်း ၇၅၀ တို့၏ ရှယ်ယာ စျေးနှုန်းများကို မိနစ်မခြား တွက်ချက်ကြေငြာရန် ကွန်ပျူတာစက်များကို သုံးသည်။ အလားတူ ဘီအီးအေ (ဗြိတိသျှ ဥရောပ လေယာဉ်)နှင့် ဘီအိုအေစီ (ဗြိတိသျှ ပင်လယ်ရပ်ခြား လေယာဉ်) ကုမ္ပဏီတို့သည် လေယာဉ်လက်မှတ် ကြိုတင်သီးသန့် ရောင်းချခြင်း ကိစ္စတို့အတွက် ကွန်ပျူတာ စက်များကို သုံးသည်။ လန်ဒန်မြို့ရှိ စကော့တလန်ယဒ် စုံထောက်ဌာနကလည်း ခရီးသွား ခရီးလာတို့အတွက် မော်တော်ယာဉ် လမ်းကြောင်း များကို ရုပ်မြင်သံကြားစက်နှင့် တွဲဖက်၍ ကွန်ပျူတာစက်ဖြင့် ထိန်းကြောင်းပေးသည်။

အမေရိကန် ပြည်ထောင်စု နယူးယောခ်မြို့တော်ခန်းမ အလုပ်ရုံ၌ လုပ်သားပေါင်း ၁၉၀,၀၀၀ အတွက် လစာချက်လက်မှတ်များကို ကွန်ပျူတာနှင့် တွက်ချက်၍ ထုတ်ပေးသည်။ အမေရိကန်ပြည်ထောင်စု ပစ္စဗတ်မြို့၌ မူကား လေညစ်ညမ်းမှု ကာကွယ်ရေးအလို့ငှာ လေညစ်ညမ်းသော နှုန်းထားကို ကွန်ပျူတာစက်ဖြင့် တွက်ချက်၍ ဆိုင်ရာသို့ သတိပေးသည်။ အတိုင်းတိုင်း အပြည်ပြည်တွင် ရှိသော ခဘတုဗေဒ အလုပ်ရုံ၊ သံ သံမဏိအလုပ်ရုံ၊ လျှပ်စစ်ခတ် အားပေး အလုပ်ရုံ စသည်တို့တွင် ကွန်ပျူတာများနှင့် လုပ်ငန်းကိစ္စ အဝဝတို့ကို ထိန်းချုပ် ညွှန်ကြားပေးလျက် ရှိသည်။

သိပ္ပံသုံးကွန်ပျူတာ

သိပ္ပံပညာအတွက် ကွန်ပျူတာကို အသုံးချရာ၌ အကြမ်းအားဖြင့် အပိုင်းကဏ္ဍ နှစ်ခုရှိသည်။ ပထမ ကဏ္ဍမှာ အခြေခံ အချက်အလက်တို့ကို မှတ်သားခြင်း၊ ယင်းတို့ကို



ကွန်ပျူတာ စနစ်ဖြင့် သုံးဖက်မြင် ရုပ်လုံးဖော်၍ မြေပြင်၏ ကွန်တိုမျဉ်းကို ဤသို့ ရေးနိုင်သည်။

တွက်ချက်ကြည့်ခြင်း၊ ထိန်းချုပ်ခြင်းဟူ၍ ဖြစ်သည်။ယင်းကား ကွန်ပျူတာက ကရိယာ တန်ဆာပလာအဖြစ်ဖြင့် အသုံးခံခြင်းဖြစ်၏။ ဒုတိယ ကဏ္ဍမှာကား ကွန်ပျူတာက လုပ်ငန်းတခု ပြုမူဆောင်ရွက်ပုံကို အတုယူ၍ ကွန်ပျူတာကိုယ်တိုင် သိပ်ဆိုင်ရာ စမ်းသပ်ချက်တို့ကို ဆောင်ရွက်ပေးခြင်းဖြစ်၏။ ဤကား ကွန်ပျူတာ ကိုယ်တိုင် ဇာတ်လိုက်အဖြစ်ဖြင့် ပါဝင်ဆောင်ရွက် ပေးခြင်းပင်တည်း။ ယင်းလုပ်ငန်း ကဏ္ဍနှစ်ခုကို မည်သို့ ဆောင်ရွက်ကြောင်း သာဓက အနည်းငယ်ကို ပြဆိုပါမည်။

အီဂျစ်နိုင်ငံ နေဖာတီတီ ရှေးဟောင်း နတ်ကွန်းတခုကို ထိန်းသိမ်းရန်အလို့ငှာ မူလနေရာမှ အခြားနေရာသို့ ရွှေ့ပြောင်းရန် ကိစ္စပေါ်ပေါက်လေသော် ယင်းနတ်ကွန်းရှိ ကျောက်ဆစ် ကျောက်သားတို့ကို အပိုင်းပိုင်းဖြတ်၍ နေရာအသစ်တွင် ပြန်လည်တပ်ဆင်ရသည်။ ယင်းသို့ ပြန်လည်တပ်ဆင်ရန် ရှိသော ကျောက်ဆစ် ကျောက်သား တို့မှာ ဦးရေပေါင်း ၃၅,၀၀၀ ဖြစ်သည်။ ထို့ကြောင့် ယင်းကို လူတို့၏ လုံလပယောဂနှင့် စီစဉ်မှတ်သား နေရာချထားရန် မဖြစ်နိုင်ချေ။ ထိုအခါ ထိုအပိုင်းပိုင်းသော ကျောက်ဆစ် ကျောက်သားတို့ကို ဓာတ်ပုံရိုက်ယူပြီးလျှင် ယင်းတို့ကို အစီအစဉ် ချမှတ်၍ ကွန်ပျူတာစက်သို့ သွင်းရသည်။ ထိုနောက် ကွန်ပျူတာစက်က မှတ်သားထားသော အစီအစဉ်ကို ပြန်လည်ထုတ်ပေးသောအခါ ယင်းထုတ်ပေးသော အစီအစဉ်တို့ဖြင့် နတ်ကွန်း တခုလုံးကို ပြန်လည် စီစဉ် တည်ဆောက်သည်။

မော်လီကျူးတို့၏ တည်နေဟန်ကို ထုတ်ဖော်ရာ၌ ကွန်ပျူတာ၏ အကူအညီကို ယူရသည်။ ထိုကိစ္စအတွက် လုပ်ရိုးလုပ်စဉ်မှာ ပုံဆောင်ခဲများ တည်ဆောက်ပုံကို အိတ်စရေးရောင်ခြည်အသုံးပြု၍ ဓာတ်ပုံရိုက်ယူရသည်။ ယင်းဓာတ်ပုံ၌ ပေါ်သော အမဲစက်များ၏ တည်နေရာတို့ကို သိပ်သည်းခြင်း တိုင်းသော ကရိယာတို့နှင့် တဖန်တိုင်းယူရသည်။ ထိုနောက် အီလက်ထရွန် သိပ်သည်းခြင်း မြေပုံများကို ရေးဆွဲရသည်။ ယင်းမြေပုံများကို ကြည့်ပြီးမှသာ လျှင် သိပ္ပံပညာရှင်တို့က ပုံဆောင်ခဲ၏ တည်ဆောက်ပုံ စနစ်ကိုထုတ်ပေးနိုင်သည်။ ယင်းအီလက်ထရွန် သိပ်သည်းခြင်းမြေပုံကို ကွန်ပျူတာက ရေးဆွဲပေးသည်။

ဤသဘောသဘာဝအတိုင်း ကွန်ပျူတာသည် ဘူမိဗေဒ မြေပုံများကို ရေးဆွဲပေးနိုင်သည်။ဇီဝဗေဒ ဆိုင်ရာ သွင်ပြင်နေထားပုံပန်းသဏ္ဌာန် တို့ကိုလည်း ရေးဆွဲပေးနိုင်သည်။ ဌေးရည်မက္ကင်းနစ်နှင့် စပ်လျဉ်း၍ ရေကာတာ အပေါက်ဝမှ တိုး၍ စီးဆင်းသော ရေအယဉ်၏ ပုံစံကို ကျွန်ပျူတာမှသာလျှင် ထင်ရှားပြတ်သားစွာ သရုပ်ဖော်ပေးနိုင်သည်။ ကမ္ဘာမြေပြင် တဝှန်းလုံးရှိ လေဖိအားကို ကွန်ပျူတာက မှတ်သားပြီးလျှင် မိုးလေဝသကို ခန့်မှန်းပေးနိုင်သည်။ အထက်တွင် အမြောက်ပစ်ရာ၌ အကွာအဝေး အနိမ့်အမြင့် အပူအအေး စသည်တို့ကို တိုင်းတာ၍ ပစ်မှတ်ကို မှန်အောင် ပစ်ရာ၌ ကွန်ပျူတာကို သုံးကြောင်းဆိုခဲ့ပြီး ဖြစ်သည်။ ရန်သူဖက်မှ ပစ်လိုက်သော အဝေးပစ် ဒုံးကျည် စသည် တို့ကိုလမ်းမှဖြတ်၍ ဖျက်ဆီးသော ကိစ္စတို့၌လည်း ကွန်ပျူတာကပင်လျှင် တွက်ချက် ဆောင်ရွက်ပေးနိုင်သည်။ လဗိမာန်ပေါ်သို့ ဆင်းသက်ခြင်း၊ ဂြိုဟ်တုများကို အင်္ဂါဂြိုဟ် စသည်တို့သို့ စေလွှတ်ခြင်း စသည့် လုပ်ငန်းတို့၌ ကွန်ပျူတာ သုံးစွဲပုံကို ယခုအခါ အများသိရှိနေကြပြီး ဖြစ်၍ အကျယ်ဆိုရန် မလိုတော့ချေ။

ကွန်ပျူတာနှင့်စာပေ၊ ဂီတစသည့်အနုပညာ

ကွန်ပျူတာ အသုံးဝင်ပုံမှာ အံ့ဖွယ်ဘာနန်းပင် ဖြစ်သည်။ သို့ရာတွင် ကွန်ပျူတာနှင့် စာတပုဒ်ရေးနိုင်ပါမည်လော။ ကဗျာတပုဒ် စပ်နိုင်ပါမည်လော။ ပန်းချီကားတကား ရေးဆွဲနိုင်ပါမည်လော။ သီချင်းတပုဒ် စပ်ဆိုနိုင်ပါမည်လော။ကြိုးကက်တခုကို ချမှတ်နိုင်ပါမည်လော။ ဤသို့မေးသည်ရှိသော် အနုပညာလုပ်ငန်းကို စက်က မလုပ်နိုင်ဟု ယေဘုယျဖြေရပါလိမ့်မည်။သို့သော် အကယ်တန်ဆူမှာကား စက်သည်လူတို့၏ စိတ်ကူးဉာဏ်ဖြင့် ဖန်တီးသည်တို့ကို အတုယူနိုင်ကြောင်း အံ့သြဖွယ်ရာတွေ့ရပါလိမ့်မည်။

မွန်စတာတက္ကသိုလ် ပါမောက္ခ မာဗင် စပီဗက်သည်ရှိတ် စပီးယား၏ ပြဇာတ်များတွင် ပြဇာတ်ဆရာက "ချစ်ခြင်း" ဟူသော စကားကို အကြိမ်မည်မျှ သုံးစွဲပါသနည်း ဟူ၍ သုတေသနပြုသည်။ ယင်းသုတေသန လုပ်ငန်းတွင် အိုင်ဘီအမ် ၇၀၉၄ အမည်ရှိသော ကွန်ပျူတာစက်က ကူညီဆောင်ရွက်ပေးလေသော် ရှိတ်စပီးယားသည် ထိုစကားလုံးကို အကြိမ်ပေါင်း ၂၂၇၁ ကြိမ်သုံးစွဲခဲ့သည်ဟု အလွယ်တကူ တိတိကျကျ အမြန်သိခဲ့ရလေသည်။ ဤသဘော သွားအတိုင်း စိန်သောမတ်အကိုနပ်၏ အရေးအသားတို့၌ ရှိသော စကားလုံးပေါင်း ၁၃,၀၀၀,၀၀၀ ကိုခွဲခြမ်းစိတ်ဖြာ၍ သုတေသနပြုသောအခါ အိုင်ဘီအမ် ကွန်ပျူတာက ပင်လျင် ဆောင်ရွက်ပေးလေသည်။

ဤကဲ့သို့သော သုတေသန လုပ်ငန်းအပြင် စက်ဖြင့် ဘာသာပြန်သော လုပ်ငန်းကိုလည်း ကွန်ပျူတာကဆောင်ကြဉ်းပေးနိုင်သည်။ ၁၉၅၄ ခုနှစ်၌ အိုင်ဘီအမ်သည် ရုရှ ဘာသာစကားကို အင်္ဂလိပ်ဘာသာ စကားသို့ ပြန်ဆိုနိုင်သော အစီအစဉ်တို့ကို တီထွင်ခဲ့ဖူး၏။ ကတ္တား၊ ကံ၊ ဝါစကတို့ကို အခြေခံသော ဝါကျရိုးရိုးတို့ အတွက် တီထွင်မှုသည် အသင့်အတင့် အထမြောက်သည်။ သို့ရာတွင် ရှုပက အဖဲအနွဲများကို ဘာသာပြန်သောအခါ တလဲတချော်ဖြစ်တတ်သည်။ စာကြီး ပေကြီးနှင့် သိပ္ပံစကားတို့ကိုဘာသာပြန်ရာ၌ စက်သည် လူဦးနှောက်၏ထူးထွေ ဆန်းကြယ်သော အတွေးအခေါ်တို့ကို မှီအောင် မလိုက်နိုင်သေးချေ။

ဤမှတဆင့် တက်သော် စာပေအဖဲအနွဲတို့ကို ကွန်ပျူတာကလည်း ဖွဲ့ဆိုနိုင်ကြောင်း တွေ့ရှိရသည်။ သို့သော် စကားပြေကိုသာမက ကဗျာလင်္ကာကိုလည်း ဖွဲ့နွဲ့နိုင်သည်ဟု ဆိုကာမတတ်မျှသာ ကျွန်ုပ်တို့ ပြောနိုင်ပါသေးသည်။ အဘယ့်ကြောင့်ဆိုသော် စက်ထဲမှ ထုတ်လာသော အလင်္ကာအဖဲအနွဲတို့သည် ပကတိ လူစကားကဲ့သို့ မဟုတ်ချေ။ အတုအပ ဝိကတိ စကားမျိုးသာ ဖြစ်နေသေးသည်။

သို့ရာတွင် ကွန်ပျူတာတို့ကို တေးဂီတ စပ်ဆိုရာ၌ရင်း၊ ကကြိုးကကွက် အဆန်းအသစ်များကို တီထွင်ရာ၌ရင်း အသုံးပြုသည်မှာ အသင့်အတင့် အောင်မြင်ဟန် လက္ခဏာရှိသည်။

ကွန်ပျူတာပန်းချီ

ကွန်ပျူတာဖြင့် ဒီဇိုင်းများကို ရေးဆွဲနိုင်ကြောင်းပြဆိုခဲ့ပြီး ဖြစ်သည်။ ဤကိစ္စ၌ အောင်မြင်မှုသည် တမူထူးခြားလှပေသည်။ ထို့ကြောင့် အနောက်တိုင်းတို့တွင် ကွန်ပျူတာ အနုပညာဟူသော စကားကိုပင်လျင် သုံးစွဲနေကြလေပြီ။ ယခုအခါ အလင်းကလောင်ဟု ခေါ်သော ကရိယာကို အသုံးပြုနေကြသည်။ ထိုကလောင်၌ လျှပ်စစ်မီးသီးတလုံး ပါရှိသည်။ ထိုမီးသီးသည် ရုပ်ပုံဆွဲရန်အတွက် အလင်းရောင်ကို ထိုးပြနိုင်သည်။ အောက်ခံပြားနှင့်အလင်းလျှပ်စစ် မီးသီးအစီအစဉ်သည် ပုံဖော်ပေးသောကက်သုတ်ရောင်ခြည်ပြွန်နှင့် ပုံချော ပုံကြမ်းတို့ကို ကွန်ပျူတာစက်ထဲသို့လက်ဖြင့် တိုက်ရိုက်သွင်းနိုင်အောင် ဖန်တီးပေးသည်။ အလင်း ကလောင်ဖြင့် ရေးဆွဲသောရုပ်ပုံများမှာ အလျှားအနုံ၊ အမြင့် သုံးဖက်တိုင်း ထုထည်ကို သရုပ်ဖော်ပေးနိုင်စွမ်းရှိသည်။ လေယာဉ်ပုံစံ၊ ဂျီသြမေတြီဒီဇိုင်း၊ လူရုပ်ပုံစသည်တို့ကို ကွန်ပျူတာဖြင့် ရေးဆွဲနိုင်သည်။ ဗဲတယ်လီဖုံးကုမ္ပဏီ စမ်းသပ်အလုပ်ရုံ၌ အလွန်သေးငယ်လှသော ရုပ်ပုံကလေးပေါင်း ၁၁,၀၀၀ နှင့် ဇင်ယော်နှစ်ကောင်ပျံသန်းနေဟန် အရုပ်ကားကို ရေးဆွဲရာ ပန်းချီကားကဲ့သို့ပင် အနုပညာမြောက်လှပေသည်။

ကွန်ပျူတာ၏အနာဂတ်

ဆေးသိပ္ပံပညာနှင့် စပ်လျဉ်း၍လည်း ရောဂါအမည်မှည့်ခြင်း၊ ရောဂါဖြစ်ပွားပုံကို ရှာဖွေခြင်း၊ ခွဲစိတ်ကုသခြင်း စသည် ကိစ္စတို့၌ ကွန်ပျူတာကို သုံးစွဲလျက်ရှိကြ၏။ ပညာသင်ကြားရေး အစီအစဉ်တို့၌ သာမက ကျောင်းအုပ်ချုပ်ရေးကိစ္စ၊ ကျောင်းသားရေးရာ ကိစ္စတို့၌ပင်လျင် ကွန်ပျူတာသည် အရေးပါသော ပစ္စည်းတခုဖြစ်နေလေပြီ။ ပြတိုက်နှင့် စာကြည့်တိုက်များ၌လည်း ကွန်ပျူတာသည် အချက်အလက် စုဆောင်းခြင်း၊ စုဆောင်းပြီးသားအချက်အလက်တို့ကို ပြန်လည် ထုတ်ယူခြင်းစသော ကိစ္စတို့၌ များစွာအကူအညီပေးလျက်ရှိသည်။ တရားဥပဒေ ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းတို့၌လည်း ကွန်ပျူတာသည် တရားခံရှာဖွေခြင်း၊ ခိုးရာပါ ပစ္စည်းကို စုံထောက်ခြင်းစသော ကိစ္စတို့၌ပင်လျင် အရေးပါအရာရောက်လျက်ရှိ၏။ နောင်အခါသော် အိမ်ထောင်ဖက် ရွေးချယ်ရေး ကိစ္စတို့၌ပင်လျင် ကွန်ပျူတာကို အသုံးပြုနိုင်စရာအကြောင်း ရှိနေသည်။ အနာဂတ်တွင် အိမ်မှုကိစ္စဖြစ်သော ထမင်းချက်အဝတ်လျှော်စသော လုပ်ငန်းတို့၌ ကွန်ပျူတာစနစ်ဖြင့် စီမံထားသော စက်ရုပ်များကို အသုံးချနိုင်ကြပေလိမ့်မည်။ အခွန်ဘဏ္ဍာ ခန့်ခွဲကောက်ယူခြင်း၊ ကျောင်းသူကျောင်းသားတို့၏ ဥာဏ်စွမ်းကို စမ်းသပ် စစ်ဆေးခြင်း၊ တကမ္ဘာလုံးက နားလည်နိုင်သော ဘာသာစကားကို ပြဋ္ဌာန်းခြင်း၊ မဲဆန္ဒပေးခြင်း၊ လမ်းမကြီးများတွင် ယာဉ်မောင်းနှင်သည်ကို ထိန်းပေးခြင်း၊ သတင်းစာ မဂ္ဂဇင်းများကို ထုတ်လျှင်ထုတ်ချင်း အိမ်တွင်း၌ပင် ထိုင်ရာမထ ဖတ်ရှုနိုင်ခြင်းစသောဖြစ်ရပ်တို့ကို ကွန်ပျူတာ၏ ကျေးဇူးကြောင့် ကျွန်ုပ်တို့ ကိုယ်တွေ့ကြုံရဖွယ် ရှိနေလေသည်။

ဦးထင်ဖတ်



မတည့်မြိမ်သော ငွေကြေးစနစ်

ငွေရေး ကြေးရေး မူဝါဒများကို ချမှတ်ဆောင်ရွက်ရာတွင် မိမိနိုင်ငံတနိုင်ငံတည်း၏ အကျိုးစီးပွား တခုတည်းကိုသာ ဦးတည်၍ ငွေလဲလှယ်မှုနှုန်းထားများပြုပြင်ခြင်း၊ ငွေတန်ဖိုးချခြင်း စသည်များကို ရှောင်ကြဉ်ရန်လိုအပ်ပေသည်။ နိုင်ငံတနိုင်ငံသည်မိမိနိုင်ငံ၏ အခြေအနေများနှင့် ညီညွတ်စေမည့် ငွေလဲလှယ်မှုနှုန်းထားများကို သတ်မှတ်ပိုင်ခွင့်ရှိသော်လည်း အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေ အဖွဲဝင်များ၏ လိုက်နာကျင့်သုံးရမည့်တာဝန်ပိုင်းကိုမူ လေးစားရမည်ဖြစ်လေသည်။

ကမ္ဘာစစ်ကြီး နှစ်ခုအကြားတွင် အပြည်ပြည်ဆိုင်ရာ ငွေရေးကြေးရေး ဆက်သွယ်မှုများ ဖရိုဖရဲဖြစ်ခဲ့မှုများကို ကြုံတွေ့ခဲ့ရသော အမြော်အမြင်နှင့်ပြည့်စုံသည့် ကမ္ဘာ့ခေါင်းဆောင်ကြီးများသည် နိုင်ငံအချင်းချင်း ငွေရေးကြေးရေး ဆက်သွယ်မှုများကို စနစ်တကျဖြစ်လာစေရန် အတွက် ၁၉၄၄ ခုနှစ် ဇူလိုင်လတွင် ဗရက်တန်ဝု အစည်းအဝေးတရပ်ကို ကျင်းပခဲ့သည်။ ယင်းအစည်းအဝေးမှ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ ပဋိညာဉ်စာချုပ် ပေါက်ပွားလာခဲ့ပြီး ၁၉၄၅ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့က စတင် အာဏာတည်သည်။ (အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့—ရှု။)

ဗရက်တန်ဝုမှ ပေါက်ပွားလာသည့် အပြည်ပြည်ဆိုင်ရာ ငွေကြေးစနစ်၏ အခြေခံများ

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ ပဋိညာဉ်စာချုပ်၏ အနှစ်သာရမှာ အဖွဲဝင်နိုင်ငံများသည် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ညှိနှိုင်းသဘောတူညီချက်အရ မိမိနိုင်ငံ၏ ငွေတန်ဖိုး လဲလှယ်မှုနှုန်းထားများကို တရားဝင် သတ်မှတ်ထားရှိရခြင်း ဖြစ်ပေသည်။ ယင်းသို့ သတ်မှတ်ထားသည့် ငွေလဲလှယ်မှုတန်ဖိုးများကို ခိုင်လုံသော အခြေခံ အကြောင်းအချက်များမရှိပဲနှင့် ပြောင်းလဲခြင်း မပြုလုပ်ရန် ဖြစ်ပေသည်။ ငွေလဲလှယ်မှုနှုန်းများကိုသတ်မှတ်ရာတွင် ရှေ့၏တန်ဖိုးနှင့် ချိန်စက်၍ သတ်မှတ်ရပေသည်။ သို့ဖြင့် နိုင်ငံ အသီးသီး၏ ငွေကြေးများကို ရှေ့အလေးချိန်အားဖြင့်မည်ရွေ့မည်မျှရှိသည်ကို ဖော်ပြကြသည်။

ဗရက်တန်ဝုမှပေါက်ပွားလာသည့် အပြည်ပြည်ဆိုင်ရာ ငွေကြေးစနစ်၏ အခြေးအရေးပါသော အခြေခံတရပ်မှာ ရွှေနှင့်ဒေါ်လာကို တရားဝင်လဲလှယ်ယူနိုင်သော အချက်ပင်ဖြစ်သည်။ အဖွဲဝင်နိုင်ငံများသည် အမေရိကန် ၃၅ ဒေါ်လာကို ရွှေတစ်ထရွိုင်းအောင်စနှင့် လဲလှယ်ယူခွင့်ရှိပေသည်။ တနည်းအားဖြင့် ဒေါ်လာနှင့် ရွှေ၏ လဲလှယ်မှုနှုန်းကို ဖော်ပြရာတွင် ရွှေတစ်ထရွိုင်းအောင်စသည် အမေရိကန် ၃၅ ဒေါ်လာနှင့် ညီမျှသည်ဆိုလိုခြင်း ဖြစ်ပေသည်။ သို့ဖြစ်၍ ရှေသည် အပြည်ပြည်ဆိုင်ရာ ငွေကြေးစနစ်တွင် နိုင်ငံအသီးသီး၏ ငွေလဲလှယ်မှုတန်ဖိုးများကို သတ်မှတ်ရာတွင် အဓိကအခြေခံဖြစ်ပြီး ကမ္ဘာ့ငွေကြေးစနစ်၏ အဓိက အရန်ငွေကြေးလည်း ဖြစ်ပေသည်။ လက်တွေ့တွင်မူ အပြည်ပြည်ဆိုင်ရာငွေပေးငွေယူ ကိစ္စများနှင့် ကမ္ဘာ့ကုန်သွယ်မှုတို့တွင် အဓိကအားဖြင့် ရှေနှင့်အမေရိကန် ဒေါ်လာ၊ ပေါင်စတာလင်စသည်တို့ကို တွဲဖက်၍ အသုံးပြုခဲ့ကြသည်။

ဗရက်တန်ဝုစနစ်၏ အခြေခံများ ယိမ်းယိုင်လာခြင်း

ဗရက်တန်ဝုစနစ်သည် ရွှေကိုမကျိုင်ပြုပြီး လက်တွေ့တွင် အမေရိကန်ဒေါ်လာနှင့် တဖက်သုံးလာကြောင်းအထက်တွင်ဖော်ပြပြီး ဖြစ်ပေသည်။ ဗရက်တန်ဝုစနစ်ကို နှစ်ပေါင်းနှစ်ဆယ်ကျော်အထိ အောင်မြင်စွာ အသုံးချနိုင်ခဲ့သည်။

သို့သော်လည်း နောက်ပိုင်းတွင် ကမ္ဘာ့နိုင်ငံအသီးသီး၏ကုန်ပစ္စည်းထုတ်လုပ်မှုနှင့် ကုန်သွယ်မှုပမာဏများမှာ ကြီးထွားတိုးတက်လာသောအခါ ရွှေထုတ်လုပ်မှုသည် ကမ္ဘာ့ကုန်ပစ္စည်းထုတ်လုပ်မှုနှင့် ကုန်သွယ်မှုပမာဏများနှင့် လိုက်လျောညီထွေ တိုးတက်လာခြင်းမရှိခဲ့သဖြင့် ကမ္ဘာ့စီးပွားရေးစနစ်တွင် ငွေကျပ်တည်းသည့် ပြဿနာ ပေါ်ပေါက်လာခဲ့သည်။

ရွှေထုတ်လုပ်မှု တိုးတက်မှုမှာ ငွေပေး ငွေယူကိစ္စများအတွက် လုံလောက်ခြင်းမရှိသော်လည်း အမေရိကန်ဒေါ်လာကို နိုင်ငံအသီးသီးက ယုံကြည်စိတ်ချစွာဖြင့် လက်ခံသုံးစွဲခဲ့သည့်အချိန်အထိ ငွေကျပ်တည်းသည့်အခက်အခဲမှာ နက်ရှိုင်းမလာခဲ့ပေ။ သို့ရာတွင် ၁၉၆၀ ပြည့်နှစ် နောက်ပိုင်းတွင် အမေရိကန်ပြည်ထောင်စုသည် စီးပွားရေးမူဝါဒ၊ နိုင်ငံရေးမူဝါဒနှင့် နိုင်ငံခြားရေးမူဝါဒများကြောင့် စီးပွားရေးအခြေအနေများ ကျဆင်းလာပြီး အပြည်ပြည်ဆိုင်ရာ ငွေပေးငွေယူ ရှင်းတမ်းတွင် ဆက်တိုက် လိုငွေမြောက်များစွာ ဖြစ်ပေါ်လာခဲ့သည်။ အမေရိကန် ဒေါ်လာများကို အမြောက်အများ လက်ဝယ်ကိုင် ဆောင်ထားသည့် နိုင်ငံများသည် အမေရိကန် ဒေါ်လာအပေါ် ယုံကြည်မှု လျော့နည်းလာခဲ့သည်။ အချို့နိုင်ငံများသည် အမေရိကန်ဒေါ်လာကို ရွှေနှင့်လဲလှယ်ယူခဲ့ကြသည်။ ၁၉၇၁ ခုနှစ်လယ်လောက်တွင် နိုင်ငံအသီးသီး၏ လက်ဝယ် ကိုင်ဆောင်ထားသည့် ဒေါ်လာများမှာ အမေရိကန်နိုင်ငံအစိုးရ၏ လက်ဝယ်ရှိ တရားဝင် ရွှေတန်ဖိုး၏ သုံးဆခန့် ရှိခဲ့သည်။ ထို့ပြင် အမေရိကန်ပြည်ထောင်စုသည် ရွှေနှင့် အမေရိကန်ဒေါ်လာများကို တရားဝင် လဲလှယ်ခွင့်ရပ်ဆိုင်းခဲ့ရသည်။

နှုန်းရှင်မျှခြင်း

ကမ္ဘာ့နိုင်ငံရေးနှင့် စီးပွားရေးလောကတွင် အပြည်ပြည်ဆိုင်ရာ ငွေကြေးစနစ်၏ ကြုံခိုင်မှုအပေါ် သံသယများ ရှိလာကာ ငွေရေး ကြေးရေးပြဿနာများ ပေါ်ပေါက်ခဲ့သည်။ ၁၉၇၁ ခုနှစ်နှင့် ၁၉၇၃ ခုနှစ်များတွင် နိုင်ငံအသီးသီး၏ ငွေလဲလှယ်မှု နှုန်းများကို ညှိနှိုင်းသည့် အစည်းအဝေးများ ကျင်းပ၍ ကမ္ဘာ့ငွေကြေး ပြဿနာများကို ဖြေရှင်းရန် ကြိုးစားခဲ့သည်။ နောက်ဆုံးတွင် စက်မှုထွန်းကားသည့် နိုင်ငံကြီးများ အပါအဝင်နိုင်ငံများစွာသည် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် တရားဝင်သဘောတူညီနှိုင်းသတ်မှတ်ထားသည့်လဲလှယ်မှုနှုန်းများကို စွန့်လွှတ်၍ မိမိတို့ ငွေကြေးများ၏ လဲလှယ်မှုတန်ဖိုးများကို စျေးကွက်၏ ဝယ်အားရောင်းအားပေါ် မူတည်၍ ဖြစ်ပေါ် စေရန် နှုန်းရှင်မျှခဲ့ကြသည်။ သို့ဖြင့် ဗရက်တန်ဝုစနစ်၏ အခြေခံများမှာလည်း ယိမ်းယိုင်ခဲ့ရသည်။

အပြည်ပြည်ဆိုင်ရာ ငွေကြေးစနစ်ကို ပြုပြင်ရေးလုပ်ငန်းများ

ဗရက်တန်ဝုစနစ်သည် အခြေခံအားဖြင့် ပြောင်းလဲလာခဲ့သော ကမ္ဘာ့နိုင်ငံရေးစီးပွားရေးအခြေအနေများနှင့် စပ်ဟပ်မှု မရှိတော့သဖြင့် ငွေလဲလှယ်မှု နှုန်းထားများ တည်ငြိမ်မှုရှိရေး၊ ငွေပေးငွေယူရှင်းတမ်းများ၊ လိုငွေပြမှု ပြဿနာများကိုဖြေရှင်းရေး စသည့်လုပ်ငန်းများတွင် ထိရောက်စွာ အကျိုးမပြုနိုင်တော့သည်မှာ တနေ့တခြား ထင်ရှားလာသည်။ ထို့ပြင်ထုထည်အားဖြင့် ကြီးမားလာသည့် ငွေလုံးငွေရင်းရွှေရှားပြောင်းလဲမှုများနှင့် ငွေလဲလှယ်မှုနှုန်းထားအတက်အကျများနှင့် ငွေလဲလှယ်မှုနှုန်း ပြင်ဆင်မှုများအပေါ် အခြေခံ၍ ငွေအရောင်းအဝယ် ပြုမှုများကို ဗရက်တန်ဝုစနစ်သည် မည်သို့မျှ ထိန်းသိမ်းကွပ်ကဲနိုင်စွမ်းမရှိခဲ့ပေ။ ထို့ကြောင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးစနစ်ပြုပြင်ရေးလုပ်ငန်းကို မလွဲမသွေ စတင်ခဲ့ရသည်။

နှစ်ဆယ်ဦး ကော်မတီ

၁၉၇၂ ခုနှစ် ဇူလိုင်လတွင် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့သည် ကမ္ဘာ့ငွေကြေးစနစ်ကိုပြုပြင်ရန်နှစ်ဆယ်ဦးကော်မတီကို ဖွဲ့စည်းခဲ့သည်။ နှစ်ဆယ်ဦး ကော်မတီသည် ၁၉၇၄ ခုနှစ် ဇွန်လ ၁၄ ရက်နေ့တွင်အစီရင်ခံစာကို အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၏ အုပ်ချုပ်မှုအဖွဲ့သို့ တင်သွင်းခဲ့သည်။ အစီရင်ခံစာတွင် အပြည်ပြည်ဆိုင်ရာ ငွေကြေးစနစ်ကို ပြုပြင်ရေးအပိုင်းနှင့် ချက်ချင်းဆောင်ရွက်ရမည့် လုပ်ငန်းများအပိုင်းဟူ၍ ခွဲခြားတင်ပြခဲ့သည်။

အချုပ်အားဖြင့် နှစ်ဆယ်ဦး ကော်မတီသည် ပြုပြင်ပြောင်းလဲမည့် အပြည်ပြည်ဆိုင်ရာ ငွေကြေးစနစ်တွင် တည်ငြိမ်မှုရှိပြီး ပြင်ဆင်ပြောင်းလဲနိုင်သော ငွေလဲလှယ်မှုနှုန်းထားများနှင့် နှုန်းရှင်များကို ယှဉ်တွဲ၍ သုံးနိုင်ရန်၎င်း၊ အထူးငွေထုတ်ခွင့်များ (စကွာ့ရွှေ)ကို အပြည်ပြည်ဆိုင်ရာ ငွေကြေးစနစ်၏မဏ္ဍိုင်အဖြစ်ထင်း၊အပြည်ပြည်ဆိုင်ရာငွေပေး ငွေယူ ရှင်းတမ်းတွင် လိုငွေပြသည့်နိုင်ငံများက ထိရောက်စွာ ချိန်ထိုးညှိနှိုင်းမှုများကို ပြုလုပ်ရန်၎င်း၊ နှုန်းရှင်မျှသည့်နိုင်ငံများက လိုက်နာဆောင်ရွက်ရန်လမ်းညွှန်မှုများကို ၎င်း ဦးတည် ဆွေးနွေးပြီးနောက် အကြံပေးတင်ပြခဲ့သည်။

(အထူးငွေထုတ်ခွင့်—ရှု။) နှစ်ဆယ်ဦး ကော်မတီ၏ လုပ်ငန်းများ မပြီးဆုံးမီ ရေနံစိမ်းဈေးနှုန်းများ ကြီးမြင့်ခဲ့သဖြင့်လည်း အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့တွင် ရေနံဈေးတက်မှုကြောင့် ငွေချေးငှားမှုအစီအစဉ် တရပ်ကိုလည်း ဖွဲ့စည်းရန် ထောက်ခံတင်ပြခဲ့သည်။ ထို့အပြင် အပြည်ပြည်ဆိုင်ရာ ငွေကြေးစနစ် ပြုပြင်ရေးလုပ်ငန်းကို ကြီးကြပ်သွားရန်အတွက် မူဝါဒချမှတ်နိုင်သော အဖွဲ့အစည်းတရပ်အဖြစ် ကြားဖြတ်ကော်မတီနှင့် အမြဲတမ်း ကောင်စီတို့ကို အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေ အဖွဲ့တွင် ဖွဲ့စည်းထားရန်လည်း ထောက်ခံတင်ပြခဲ့သည်။ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဖွံ့ဖြိုးမှုအတွက် ငွေကြေးရရှိနိုင်ရန် ဖွံ့ဖြိုးရေးကော်မတီတခုကိုလည်း ကမ္ဘာ့ဘဏ်တွင် ဖွဲ့စည်းထားရှိရန် ထောက်ခံတင်ပြခဲ့သည်။ (ကမ္ဘာ့ဘဏ်—ရှု။)

ကြားဖြတ်ကော်မတီ

နှစ်ဆယ်ဦး ကော်မတီသည် မိမိ၏ လုပ်ငန်းတာဝန်များ ပြီးဆုံးသည့် နောက်ပိုင်းတွင် အပြည်ပြည်ဆိုင်ရာ ငွေကြေးစနစ် ပြုပြင်ရေးလုပ်ငန်းကို ဆက်လက် အကောင်အထည် ဖော်ရန် ၁၉၇၄ ခုနှစ် အောက်တိုဘာလတွင် ကြားဖြတ် ကော်မတီကို ဖွဲ့စည်းခဲ့သည်။ ကြားဖြတ် ကော်မတီသည် အပြည်ပြည်ဆိုင်ရာ ငွေကြေး ရန်ပုံငွေအဖွဲ့၏ ပဋိညာဉ် စာချုပ်ပြင်ဆင်ရေး လုပ်ငန်းနှင့် လတ်တလော ကမ္ဘာ့စီးပွားရေးနှင့် ငွေရေး ကြေးရေး ပြဿနာများကို ဦးတည်၍ ဆွေးနွေးခဲ့ကြသည်။ ၁၉၇၆ ခုနှစ် ဇန္နဝါရီလ အတွင်းက ဂျမေကာနိုင်ငံတွင် ပြုလုပ်သော အစည်းအဝေး၌ နောက်ဆုံး သဘောတူညီချက်ကို ရရှိခဲ့သည်။

ယင်းသဘောတူညီချက်များအပေါ် အခြေခံ၍ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ အမှုဆောင်ဒါရိုက်တာများသည် ပဋိညာဉ် စာချုပ်ပြင်ဆင်ရေးကို ဆက်လက်လုပ်ကိုင်ခဲ့ပြီးနောက် ၁၉၇၆ ခုနှစ် ၎ပြီလ ၃၀ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ အုပ်ချုပ်မှုအဖွဲ့က ပြင်ဆင်ချက်မူကြမ်းကို အတည်ပြုပြီးဖြစ်ပေသည်။ အဖွဲ့ဝင်နိုင်ငံများ၏အစိုးရများက သက်ဆိုင်ရာ ပြည်သူလွှတ်တော်များသို့ တင်ပြပြီးနောက်အဖွဲ့ဝင်ငါးပုံသုံးပုံက အတည်ပြုပြီးမဲအရေအတွက် အင်အားစုစုပေါင်း၏ ငါးပုံ လေးပုံရလျှင် ပြင်ဆင်ချက်မူကြမ်းအတည်ဖြစ်မည်ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၏ ပဋိညာဉ်စာချုပ် ပြင်ဆင်ချက်တွင် ပါရှိသည့်အဓိကကျသော ပြင်ဆင်ချက်များမှာ ငွေလဲလှယ်နှုန်းထားများနှင့် စပ်လျဉ်းသော ပြင်ဆင်ချက်၊ ရွှေ၏ အခန်းကဏ္ဍကို လျော့ချရန် ပြင်ဆင်ချက်၊ အထူးငွေထုတ်ခွင့်၏ အခန်းကဏ္ဍကို ပြင်ဆင်ချက်စသည်တို့ ဖြစ်လေသည်။

ငွေလဲလှယ်မှုနှုန်းထားများနှင့် စပ်လျဉ်းသော ပြင်ဆင်ချက်

ဗရက်တန်ဝုစနစ်တွင် အဖွဲ့ဝင်နိုင်ငံများသည် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ညှိနှိုင်း၍ ငွေလဲလှယ်မှုနှုန်းထားများကို သတ်မှတ်ထားရှိရကြောင်း အထက်တွင် ဖော်ပြပြီးခဲ့ပြီး ဖြစ်ပေသည်။ ပြင်ဆင်ချက် မူကြမ်းတွင်မူ အဖွဲ့ဝင်နိုင်ငံများသည် မိမိနိုင်ငံ၏ အခြေအနေအရပ်ရပ်နှင့် ဆီလျော်မည့် ငွေလဲလှယ်မှုစနစ်များကို မိမိတို့၏ စိတ်ဆန္ဒအတိုင်း သတ်မှတ်ပိုင်ခွင့် ရှိသည်။ သို့ရာတွင် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့က အဖွဲ့ဝင်အားလုံးအတွက် ပြဋ္ဌာန်းထားသည့် ယေဘုယျစည်းကမ်းချက်များကို လိုက်နာရန် လိုအပ်ပေသည်။ တဖက်တွင် အဖွဲ့ဝင်နိုင်ငံများသည် ငွေလဲလှယ်မှုစနစ်များကို မိမိတို့ စိတ်တိုင်းကျသတ်မှတ် ကျင့်သုံးပိုင်ခွင့် ရှိသော်လည်း အခြားတဖက်တွင်မူ အဖွဲ့ဝင်နိုင်ငံများက လိုက်နာဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများကိုလည်း လိုက်နာဆောင်ရွက်ရန် လိုအပ်ပေသည်။ အထူးအဖြင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ ရည်ရွယ်ချက်များဖြစ်သော ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးမှုနှင့် ကုန်ပစ္စည်းများ ရောင်းဝယ်ဖလှယ်ရေး အတွက် အထောက်အကူပြုရေး၊ တည်ငြိမ်သော ငွေလဲလှယ်မှုစနစ်များ ဖြစ်ပေါ်လာရေး၊ တည်ငြိမ်သော စီးပွားရေး၊ငွေရေးကြေးရေး အခြေခံများ ဖြစ်ထွန်းစေရေး စသည်တို့ကို မြှင့်တင်ရန် အဖွဲ့ဝင်နိုင်ငံ အသီးသီးတွင် တာဝန်ရှိပေသည်။ အခြေခံအားဖြင့်မူ ဖော်ပြခဲ့သည့် ရည်ရွယ်ချက်များကို ရရှိနိုင်ရေးအတွက် အဖွဲ့ဝင်နိုင်ငံများသည် ဈေးနှုန်းတည်ငြိမ်မှုရှိသော စီးပွားရေးတိုးတက်မှုအတွက် မှန်ကန်သော ပြည်တွင်းပြည်ပ စီးပွားရေး၊ ငွေရေးကြေးရေး မူဝါဒများကို ချမှတ်လုပ်ဆောင်သွားရန် အထူးလိုအပ်ပေသည်။ ငွေရေးကြေးရေး မူဝါဒများကို ချမှတ်ဆောင်ရွက်ရာတွင် ငွေပေးငွေယူရှင်းတမ်းတွင် ပိုငွေပြမှု၊ လိုငွေပြမှုများကို ပြုပြင်ရာ၌ မိမိနိုင်ငံတနိုင်ငံ၏ အကျိုးတခုတည်းကိုသာ ဦးတည်၍ ငွေလဲလှယ်မှုနှုန်းထားများ ပြင်ဆင်ခြင်း၊ ငွေတန်ဖိုး ချခြင်းစသည်များကို ရှောင်ကြဉ်ရန် လိုအပ်ပေသည်။ အဖွဲ့ဝင်နိုင်ငံများသည် မိမိနိုင်ငံ၏ အခြေအနေများနှင့် ကိုက်ညီမည့် ငွေလဲလှယ်မှုနှုန်းထားများကို သတ်မှတ်ပိုင်ခွင့်ရှိသော်လည်း အဖွဲ့ဝင်များက လိုက်နာကျင့်သုံးရမည့် တာဝန်ပိုင်းကိုလည်း သတိချပ်ရမည် ဖြစ်ပေသည်။

ငွေလဲလှယ်မှုနှုန်းထားများနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက် မူကြမ်းတွင် ပါရှိသော အခြားအချက်တချက်မှာ အခြေအနေအရပ်ရပ်က ခွင့်ပြုလျှင် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့သည် အဖွဲ့ဝင်များအတွက် တည်ငြိမ်မှုရှိပြီး ပြုပြင်ပြောင်းလဲ၍ရသော ငွေလဲလှယ်မှုစနစ်ကို အဖွဲ့ဝင်

အများစု၏ သဘောတူညီမှုဖြင့် ပြဋ္ဌာန်းရန် ထောက်ခံတင်ပြသည့် ငွေလဲလှယ်မှုစနစ်ကို အဖွဲ့ဝင်နိုင်ငံများသည် လက်ခံကျင့်သုံးလိုက လက်ခံကျင့်သုံးနိုင်ပြီး မကျင့်သုံးလိုကလည်း မိမိကြိုက်နှစ်သက်ရာ ငွေလဲလှယ်မှုစနစ်ကို ကျင့်သုံးနိုင်ခွင့်ရှိသည်။ လက်ရှိအပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ ပဋိညာဉ်စာချုပ်တွင်မူ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့က သတ်မှတ်သည့် ငွေလဲလှယ်မှုစနစ်ကို အဖွဲ့ဝင်အားလုံးက လိုက်နာရသည်။ သို့ဖြင့် ပြင်ဆင်ချက်မူကြမ်းတွင် ပါရှိသော ငွေလဲလှယ်မှုစနစ်နှင့် ပတ်သက်သည့် ပြဋ္ဌာန်းချက်မှာ နိုင်ငံအားလုံးအတွက် အဆင်ပြေစေရန် ပုံသေတသမတ်တည်း လိုက်နာရမည့် စည်းကမ်းမျိုးမဟုတ်ပဲ တချို့နိုင်ငံတွင် ငွေလဲလှယ်မှုစနစ် အမျိုးမျိုးကို ကျင့်သုံးနိုင်သော ပြဋ္ဌာန်းချက်ဖြစ်ပေသည်။ ဤပြဋ္ဌာန်းချက်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် အဖွဲ့ဝင်နိုင်ငံများနှင့် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့တို့ ပူးပေါင်း၍ ဆောင်ရွက်သွားရမည် ဖြစ်ပေသည်။ အဖွဲ့ဝင်နိုင်ငံများသည် မိမိတို့၏ တာဝန် ဝတ္တရားများကို လိုက်နာဆောင်ရွက်ရန်လိုသကဲ့သို့ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ကလည်း အဖွဲ့ဝင်များ တာဝန်ဝတ္တရားများကို လိုက်နာကျင့်သုံးခြင်းရှိမရှိ ကြီးကြပ်သွားရမည် ဖြစ်ပေသည်။

ငွေ၏အခန်းကဏ္ဍကို လျော့ချရန် ပြင်ဆင်ချက်

လက်ရှိအပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေ အဖွဲ့၏ ပဋိညာဉ်စာချုပ်တွင် ရွှေကိုမဏ္ဍိုင်အဖြစ် ထားရှိကြောင်း ရှင်လင်းဖော်ပြခဲ့ပြီးဖြစ်သည်။ ယခုပြင်ဆင်ချက်တွင် ရွှေကို မဏ္ဍိုင်အဖြစ်မထားတော့ပဲ ရွှေ၏အခန်းကဏ္ဍကို တဖြည်းဖြည်းလျော့ချသွားရန် စီစဉ်ထားပေသည်။ ရွှေ၏ အခန်းကဏ္ဍကို လျော့ချသွားနိုင်ရန်အတွက် ရွှေနှင့်ပတ်သက်၍ ပြဋ္ဌာန်းချက်များကို ဖော်ပြသွားလိုပေသည်။

၁။ ရွှေကို နိုင်ငံအသီးသီး၏ ငွေကြေးများ၏ လဲလှယ်မှုနှုန်းထားများ သတ်မှတ်ရာ၌၎င်း၊အထူးငွေထုတ်ခွင့်များကို တန်ဖိုးသတ်မှတ်ရာတွင်၎င်း အခြေခံအဖြစ်ထားရှိခြင်းကို ပယ်ဖျက်သွားရန် ဖြစ်သည်။

၂။ ရွှေ၏တန်ဖိုးတရားဝင်သတ်မှတ်ချက် (ရွှေ၏ထရိုင်းအောင်စနှင့် အမေရိကန် ၃၅ ဒေါ်လာ ညီမျှသည်ဟူသော သတ်မှတ်ချက်) ကို ပယ်ဖျက်၍ အဖွဲ့ဝင်နိုင်ငံများသည် ရွှေကို လွတ်လပ်စွာ ရောင်းဝယ်နိုင်ရန် ဖြစ်သည်။

၃။ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့်အဖွဲ့ဝင်နိုင်ငံများ အပြန်အလှန် ငွေပေးငွေယူ ကိစ္စများတွင် ရွှေဖြင့် ပေးချေခြင်းကိုလည်း ရပ်ဆိုင်းရန်ဖြစ်သည်။ သို့သော် အဖွဲ့ဝင်နိုင်ငံအများစုက ရွှေဖြင့်ပေးချေရန် သဘောတူဆုံးဖြတ်မှုသာ လက်ခံရန်ဖြစ်သည်။

၄။ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့လက်ဝယ်ရှိ ရွှေများအနက် အောင်စသန်းပေါင်း ၅၀ ကို ပေါက်စျေးဖြင့် ရောင်းချရန်နှင့် ကျန်ရှိသည့် ရွှေများကို ပြင်ဆင်ချက်မူကြမ် အတည်မဖြစ်မီ ပေါက်စျေးဖြင့်ဖြစ်စေ၊ တရားဝင် သတ်မှတ်ထားသည့် ရွှေစျေးဖြင့်ဖြစ်စေ လိုအပ်သလို ရောင်းချသွားရန် ဖြစ်သည်။

၅။ ရွှေရောင်းချ၍ ရရှိသည့် အမြတ်အစွန်းများကို အထူးစာရင်း တရပ်ထားရှိ၍ ယင်းအမြတ်အစွန်းများကို အပြည်ပြည်ဆိုင်ရာ ငွေကြေး ရန်ပုံငွေအဖွဲ့၏ သာမန်လုပ်ငန်း အဝင်အတွက် အသုံးပြုရန်နှင့် အခက်အခဲနှင့် ကြုံနေရသော ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အသုံးပြုရန် ဖြစ်သည်။

၆။ အပြည်ပြည်ဆိုင်ရာ ငွေကြေး ရန်ပုံငွေအဖွဲ့သည် ရွှေနှင့်စပ်လျဉ်း၍ ကိစ္စအဝဝကို ဆောင်ရွက်ရာတွင် ရွှေစျေးကို သတ်မှတ်သည့် သဘောမျိုး၊ ရွှေစျေးကွက်တွင် ဝင်ရောက်စွက်ဖက်သည့်သဘောမျိုး မဖြစ်စေရန် သတိပြုဆောင်ရွက်ရန်ဖြစ်သည်။

အထက်ပါ ရွှေနှင့်ပတ်သက်၍ ပြဋ္ဌာန်းချက်များ၏ အဓိက ရည်ရွယ်ချက်မှာ အပြည်ပြည်ဆိုင်ရာငွေကြေးစနစ်တွင် ရွှေ၏ အခန်းကဏ္ဍကို တဖြည်းဖြည်း လျော့ချ၍ အထူးငွေထုတ်ခွင့် (စကပ္ကူရွှေ)၏ အခန်းကဏ္ဍကို မြှင့်တင်သွားရန် ဖြစ်သည်။

အထူးငွေထုတ်ခွင့် (စကပ္ကူရွှေ)၏ အခန်းကဏ္ဍကို မြှင့်တင်ရန်ပြင်ဆင်ချက်

အပြည်ပြည်ဆိုင်ရာ ငွေကြေးစနစ်ကို ပြုပြင်ပြောင်းလဲခြင်း၏ အဓိက ရည်ရွယ်ချက်တရပ်မှာ အထူးငွေထုတ်ခွင့်များ၏ အခန်းကဏ္ဍကို မြှင့်တင်သွားရန်နှင့် အထူးငွေထုတ်ခွင့်များကို အဓိက အရန်ငွေကြေးအဖြစ် သုံးစွဲသွားနိုင်ရန် စီစဉ်ခြင်း ဖြစ်ပေသည်။ ပြင်ဆင်ချက်မူကြမ်းတွင် အထူးငွေထုတ်ခွင့်များနှင့် စပ်လျဉ်း၍ အရေးပါသည့် ပြဋ္ဌာန်းချက်များကို ဆက်လက်၍ ဖော်ပြလိုပေသည်။ ယင်းသို့မဖော်ပြမီ အထူးငွေထုတ်ခွင့်များကို ၁၉၆၉ ခုနှစ်မှ စတင်၍ ကမ္ဘာ့သုံးငွေများဖြစ်သည့်၊ ရွှေ၊ အမေရိကန် ဒေါ်လာ စသည်တို့နှင့် တွဲဖက်၍ ငွေပေးငွေယူ ရှင်းတမ်းကိစ္စများတွင် အသုံးပြုရန်တီထွင်ခဲ့သည်။ ထိုစဉ်က အထူးငွေထုတ်ခွင့်များကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရေးအတွက် ရည်ရွယ်ခဲ့ခြင်းမရှိပဲ ကမ္ဘာ့သုံးငွေများ ကျပ်တည်းမှု ပြဿနာကို ဖြေရှင်းရေးအတွက်သာ အရန်ငွေကြေး

တခုအဖြစ် အသုံးပြုရန် ဦးတည်၍ တီထွင်ခဲ့ခြင်းဖြစ်ပေသည်။ ယခုဒုတိယအကြိမ် ပြင်ဆင်ချက်မူကြမ်းတွင်မှသာ အထူးဒေထုတ်ခွင့်များ အသုံးပြုမှုကို တိုးချဲ့၍ သုံးစွဲနိုင်ရန် စီစဉ်ရခြင်းဖြစ်သည်။

ဒုတိယအကြိမ် ပြင်ဆင်ချက် မူကြမ်းတွင် အောက်ပါအချက်များကို ထည့်သွင်းထားသည်။

၁။ အထူးဒေထုတ်ခွင့်များ၏ တန်ဖိုး သတ်မှတ်ရာတွင် ထားရှိမည့် လမ်းညွှန်မှုများကို အပြည်ပြည်ဆိုင်ရာ ငွေကြေးအဖွဲ့ဝင်အများစု၏ သဘောတူညီချက်ဖြင့် ဆုံးဖြတ်ရန် ဖြစ်သည်။

၂။ အထူးဒေထုတ်ခွင့် အစီအစဉ်တွင် ပါဝင်သော နိုင်ငံများသည် အချင်းချင်း သဘောတူညီမှုဖြင့် အထူး ဒေထုတ်ခွင့်များနှင့် အခြားငွေများကို လဲလှယ်သုံးစွဲရန်ဖြစ်သည်။ အထူးဒေထုတ်ခွင့်များကို စတင်တီထွင်စဉ်က အထူးဒေထုတ်ခွင့် များကို အခြားငွေများနှင့် လဲလှယ်သုံးစွဲရာ၌အပြည်ပြည်ဆိုင်ရာ ငွေကြေး ·ရန်ပုံငွေအဖွဲ့က သတ်မှတ် စီစဉ်ပေးချက် အရသာ ဆောင်ရွက်ခဲ့သည်။ ထိုအပြင် ငွေပေးငွေယူရှင်းတမ်း လိုအပ်ချက်များအတွက် အရန် ငွေကြေးများကို အသုံးပြုရန်လိုကြောင်း ကိုလည်းအပြည်ပြည်ဆိုင်ရာ ငွေကြေးအဖွဲ့သို့တင်ပြရသည်။ယခုအခါ ယင်းလိုအပ်ချက်ကို ဖော်ပြရန် မလိုတော့ပဲ အထူးဒေထုတ်ခွင့် အစီအစဉ်တွင် ပါဝင်သော နိုင်ငံများသည်အထူးဒေထုတ်ခွင့်များကို အခြားနိုင်ငံသုံး ငွေများနှင့် ဖလှယ်၍ လိုအပ်သလို အသုံးပြုနိုင်မည် ဖြစ်သည်။

၃။ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေ အဖွဲ့သည် အထူး ဒေထုတ်ခွင့်များကို ကျယ်ပြန့်စွာ အသုံးပြုလာနိုင်ရေးအတွက် အထူးဒေထုတ်ခွင့်များကို ကိုင်ဆောင်အသုံးပြုနိုင်သည့်တရားဝင်အဖွဲ့အစည်းများကို တိုးချဲ့သတ်မှတ်သွားနိုင်ခွင့် ရှိသည်။

၄။ အပြည်ပြည်ဆိုင်ရာ ငွေကြေး ရန်ပုံငွေအဖွဲ့သည် အထူးဒေထုတ်ခွင့်အစီအစဉ်တွင် ပါဝင်သော နိုင်ငံအချင်းချင်း အထူးဒေထုတ်ခွင့်များကို အသုံးပြုမှုနှင့်စပ်လျဉ်း၍လိုအပ်သလိုတိုးချဲ့၍ခွင့်ပြုနိုင်သည်။

၅။ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် အဖွဲဝင်များ၏ ငွေပေးချေမှုများတွင် ရွှေအစား အထူးဒေထုတ်ခွင့်များကို အသုံးပြုရန်နှင့် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၏ လုပ်ငန်းအဝဝတွင် လိုအပ်သလို အသုံးပြုသွားနိုင်ရန် ဖြစ်သည်။

၆။ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ အထွေထွေ ရန်ပုံငွေတွင် ထားရှိသည့် ငွေများ၏ တန်ဖိုးကို အထူးဒေထုတ်ခွင့်များနှင့် တန်ဖိုးဆက်၍ ထားရှိရန် ဖြစ်သည်။

၇။ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေ အဖွဲ့သည် အထူးဒေထုတ်ခွင့် အစီအစဉ်တွင် ပါဝင်သော နိုင်ငံများအတွက် အထူးဒေထုတ်ခွင့်များနှင့် စပ်လျဉ်းသော တည်ဆဲ စည်းမျဉ်း၊ စည်းကမ်းများကို အထူးဒေထုတ်ခွင့်များ၏ အခန်းကဏ္ဍ မြှင့်တင်သွားနိုင်ရန်အတွက် ပြင်ဆင်ချက်များကို လိုအပ်သလိုပြုလုပ်သွားရန် ဖြစ်သည်။

အဖွဲ့ဝင်နိုင်ငံများ၏ ငွေများကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရေး

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ တည်ဆဲ စည်းမျဉ်းများအရ ငွေပေးငွေယူကိစ္စများတွင် စက်မှုထွန်းကားသည့် နိုင်ငံကြီးအချို့၏ ငွေကြေးများကိုသာ အဓိကအားဖြင့် အသုံးပြုနေရပေသည်။ ပြင်ဆင်ချက်မူကြမ်းတွင် အဖွဲ့ဝင် နိုင်ငံအားလုံး၏ ငွေကြေးများကို အသုံးပြုနိုင်ရန် ရည်ရွယ်၍ ပြဋ္ဌာန်းချက်တရပ် ပါရှိလေသည်။ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေ အဖွဲ့သည် ငွေပေးငွေယူရှင်းတမ်းအခြေအနေ၊ အရန်ငွေကြေး အခြေအနေနှင့် တိုးတက်ပြောင်းလဲမှုများအပေါ် အခြေခံ၍ အဖွဲ့ဝင်နိုင်ငံများ၏ ငွေကြေးများကို နိုင်ငံအချင်းချင်း ငွေပေးငွေယူ ကိစ္စများ၌ အသုံးပြုနိုင်ရန် လိုအပ်သလို စီစဉ်နိုင်ခွင့်ရှိသည်။ အဖွဲ့ဝင်နိုင်ငံများသည် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့မှ ရရှိသည့် အခြားအဖွဲ့ဝင် နိုင်ငံများ၏ ငွေများဖြင့် ငွေပေးငွေယူရှင်းတမ်း ငွေပေးချေမှုများအတွက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ လိုအပ်သလို အသုံးပြုသွားနိုင်မည်ဖြစ်သည်။ ထို့အပြင် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့သည် အထူးဒေထုတ်ခွင့်အစီအစဉ်တွင် ပါဝင်သော အဖွဲ့ဝင်များအား အထူးဒေထုတ်ခွင့်များနှင့် အခြားနိုင်ငံများ၏ ငွေများကို အပြန်အလှန်လဲလှယ်ယူခွင့် ပြုနိုင်မည်ဖြစ်သည်။

အခြားပြင်ဆင်ချက်များ

အထက်ပါ ပြင်ဆင်ချက် သုံးရပ်အပြင် အခြားပြင်ဆင်ချက်တရပ်မှာ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့အား အဖွဲ့၏ အထွေထွေ ရန်ပုံငွေနှင့် ရွှေရောင်းချမှုမှ ရရှိသည့်အမြတ် စသည့်ငွေများထဲမှ ဝင်ငွေ ရရှိစေရန် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် နိုင်ငံများမှ ထုတ်ဝေသော စာချုပ်စာတမ်း စသည်တို့ကို တစုံတရာသော အတိုင်းအတာအထိ ဝယ်ယူရင်းနှီးမြှုပ်နှံခွင့် ပြုထားခြင်းဖြစ်သည်။ ယင်းသို့ ရင်းနှီးမြှုပ်နှံမှုမှ ရရှိသည့် အမြတ်အစွန်းများကို အပြည်ပြည်ဆိုင်ရာ ငွေကြေး ရန်ပုံငွေအဖွဲ့၏



ဝါရှင်တန်မြို့တွင် ကျင်းပသော ကမ္ဘာ့ဘဏ်နှင့် ငွေကြေးရန်ပုံငွေအဖွဲ့စည်းဝေးပွဲသို့တက်ရောက်ခဲ့သော စီမံကိန်းနှင့် ဘဏ္ဍာရေးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်ရှိန် (ယာ) ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့

လုပ်ငန်းလုပ်ကိုင်ရာဟွင် ဖြစ်ပေါ်သည့် လိုငွေများကို ကျခံသွားမည် ဖြစ်သည်။

အခြားပြင်ဆင်ချက်များမှာ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ အမှုဆောင်အဖွဲ့ ဖွဲ့စည်းပုံနှင့် စပ်လျဉ်းသော ပြင်ဆင်ချက်နှင့် ကမ္ဘာ့ ငွေကြေးစနစ်ကို ပြောင်းလဲနေသော အခြေအနေများနှင့်အညီ၊ ပိုပြင်ကြီးကြပ်သွားရန် မူဝါဒ ချမှတ်ပိုင်ခွင့်ရှိသော အမြဲတမ်း ကောင်စီတရပ်ကိုဖွဲ့စည်းရန်ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ အုပ်ချုပ်မှုအဖွဲ့သည် အမြဲတမ်းကောင်စီနှင့် အမှုဆောင်ဒါရိုက်တာများအဖွဲ့အား လိုအပ်သလို လုပ်ပိုင်ခွင့်များကို ထပ်ဆင့်လွှဲအပ်သွားမည်ဖြစ်သည်။ အမြဲတမ်းကောင်စီ ဖွဲ့စည်းပုံတွင် ထူးခြားသော အချက်တချက်မှာ အမြဲတမ်းကောင်စီတွင် ပါဝင်သော ကောင်စီဝင်များသည် မိမိကိုယ်စားပြုသည့် နိုင်ငံများအတွက်၊ ယင်းနိုင်ငံများ၏ ညွှန်ကြားချက်အတိုင်း ခွဲခြား၍ မဲပေးနိုင်ခွင့်ရှိခြင်းပင်ဖြစ်သည်။ လက်ရှိအမှုဆောင် ဒါရိုက်တာများသည် ယင်းသို့မဆောင်ရွက်နိုင်ပဲ မိမိကိုယ်စားပြုသည့် အုပ်စုတခုလုံးအတွက် စုပေါင်း၍ မဲဆန္ဒပေးရသည်။ သို့ဖြစ်ရာ အမြဲတမ်းကောင်စီသည် အဖွဲဝင်နိုင်ငံအသီးသီး၏မူဝါဒများ၊ သဘောဆန္ဒများကို ပို၍တိကျစွာ ထုတ်ဖော်နိုင်မည့်သဘော ရှိပေသည်။ ကမ္ဘာ့ငွေကြေးစနစ်ကိုပြောင်းလဲနေသော လူမှုရေး၊ စီးပွားရေးစသော အခြေအနေများနှင့် နိုင်ငံအသီးသီး၏ လိုအပ်ချက်များနှင့်အညီ ပြင်ဆင်သွားရန်အတွက် သင့်လျော်သော အစီအစဉ်တရပ်ဟု ဆိုနိုင်ပေသည်။

ခြုံ၍သုံးသပ်ချက်

အထက်တွင် ကမ္ဘာ့ငွေကြေးစနစ်ကို ပြုပြင်ပြောင်းလဲမှုများနှင့် စပ်လျဉ်း၍ အဓိကကျသော အချက်အလက်များ ခြုံငုံ၍ တင်ပြပြီး ဖြစ်ပေသည်။ ယင်းပြင်ဆင်ပြောင်းလဲချက်နှင့် စပ်လျဉ်း၍ ထင်မြင်ချက်များကို ခြုံ၍သုံးသပ် တင်ပြလိုပေသည်။

လက်ရှိအခြေအနေတွင် နိုင်ငံများသည် ငွေလဲလှယ်မှုစနစ်အမျိုးမျိုးကို ကျင့်သုံးလျက် ရှိပေသည်။ အဓိကအားဖြင့် စက်မှုထွန်းကားသော နိုင်ငံကြီးများသည် မိမိတို့ငွေများ၏ လဲလှယ်မှုနှုန်းထားများကို ငွေကြေးဈေးကွက်၏ ရောင်းအား ဝယ်အားပေါ် မူတည်၍ တန်ဖိုးဖြစ်ပေါ်စေရန် နှုန်းရှင်မျောထားကြသည်။ အခြို့နိုင်ငံများသည်နိုင်ငံတနိုင်ငံက ငွေကြေးနှင့်သော်၎င်း၊ နိုင်ငံအုပ်စုတခု၏ ငွေကြေးများနှင့်သော်၎င်း ချိတ်ဆက်၍ ငွေလဲလှယ်မှု တန်ဖိုးများကို ဖြစ်ပေါ်စေသည်။ မြန်မာနိုင်ငံကဲ့သို့သော အခြို့နိုင်ငံများသည် အထူးငွေထုတ်ခွင့်နှင့် ချိတ်ဆက်၍ ငွေလဲလှယ်မှု တန်ဖိုးကို ဖြစ်ပေါ်စေသည်။ သို့ဖြစ်ရာ ပြင်ဆင်ချက်မူကြမ်းတွင် နိုင်ငံအသီးသီးအား မိမိတို့ကြိုက်နှစ်သက်ရာ ငွေလဲလှယ်မှုစနစ်ကို ရွေးချယ်နိုင်ခွင့် ပြုလိုက်ခြင်းသည် ပကတိအခြေ

အနေနှင့် ကိုက်ညီအောင် ဆောင်ရွက်လိုက်ခြင်းပင် ဖြစ်ပေသည်။ တနည်းအားဖြင့် နှုန်းရှင်မျှောခြင်းကို သဘောကျသော နိုင်ငံကြီးများဆန္ဒကို လိုက်လျောရာလည်း ရောက်ပေသည်။ နောင်အခြေအနေပေးမှသာ တည်ငြိမ်မှုရှိပြီး ပြုပြင်ပြောင်းလဲ၍ရသော ငွေကြေးစနစ်ကို အဖွဲ့ဝင်အများစု၏ ဆန္ဒအရ တီထွင်နိုင်သည်ဟုလည်း လမ်းဖွင့်ထားသောကြောင့် နှုန်းရှင်မျှောမှုကို မလိုလားသော နိုင်ငံများ၏ ဆန္ဒကို လုံးဝပစ်ပယ်ရာ မရောက်ဟုလည်း ဆိုနိုင်သည်။

နိုင်ငံအသီးသီးသည် မိမိတို့ကြိုက်နှစ်သက်ရာ ငွေလဲလှယ်မှုစနစ်ကို ကျင့်သုံးရန် ခွင့်ပြုထားသဖြင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့က နိုင်ငံအသီးသီး၏ ငွေလဲလှယ်မှုစနစ်ကို ကြီးကြပ်ပေးရန်လိုအပ်လာသည်။ တနည်းအားဖြင့် ကမ္ဘာ့ငွေကြေးစနစ်ကို ကြီးကြပ်ပေးရန် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ လုပ်ငန်းတာဝန်များပိုလာပေသည်။ ယင်းကိစ္စနှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ အမှုဆောင်အဖွဲ့က နိုင်ငံအသီးသီး၏ ငွေလဲလှယ်မှု စနစ်များကို ကြီးကြပ်ရန် လမ်းညွှန်မှုများကို မကြာမီက ဆွေးနွေးဆုံးဖြတ်ပြီး ဖြစ်ပေသည်။ သို့ရာတွင် လက်တွေ့၌ ဖော်ပြပါလမ်းညွှန်မှုများကို တပြေးညီကျင့်သုံး အကောင်အထည် ဖော်နိုင်ရေးမှာ လွယ်ကူသော လုပ်ငန်းတရပ်မဟုတ်ကြောင်း တွေ့ရလေသည်။ အထူးသဖြင့် နိုင်ငံများ၏ ငွေကြေးမျှားမှ ငွေကြေးဖောင်းပွမှုဒဏ်ကြောင့် တနေ့တခြား တန်ဖိုးလျော့နည်းနေခြင်းသည် ရှေ့ကို မစ္စန့်လှတ်လိုသေးသည့်နိုင်ငံများအတွက် အထောက်အကူပြုနေသော အရေးပါသည့် အကြောင်း အချက်တခု ဖြစ်ပေသည်။

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ ပဋိညာဉ်စာချုပ် ပြင်ဆင်ချက်များကို ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ရှုဒေါင့်မှ သုံးသပ်လျှင်မူ အကျိုးဖြစ်သင့်သလောက် မဖြစ်သေးဟု ဆိုနိုင်ပေသည်။ ယင်းသို့ ဖြစ်နေရခြင်း၏ အကြောင်းရင်းဇာစ်မြစ်ကိုလိုက်လျှင် ပထမအချက်မှာ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ ငွေချေးငှားရာတွင် အဖွဲ့ဝင်နိုင်ငံများအား ဆင်းရဲသည့် နိုင်ငံများနှင့် ချမ်းသာသည့် နိုင်ငံများဟူ၍မခွဲခြားပဲ၊ တပြေးညီထား၍ ဆောင်ရွက်ခြင်းနှင့် ဒုတိယအချက်မှာ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၏ ရန်ပုံငွေများသည် ချမ်းသာသည့်နိုင်ငံကြီးများကအဓိကအားဖြင့် စိုက်ထုတ်ထားသောကြောင့် ငွေရှင်များ၏ အလိုက္ခ ဆောင်ရွက်နေရခြင်းတို့မှာ အဓိကအကြောင်းရင်းများ ဖြစ်ပေသည်။

သို့ဖြစ်၍ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ရှုဒေါင့်မှကြည့်လျှင် ချေးငွေစည်းကမ်းများမှာ တင်းကြပ်သည့်အပြင် အတိုးနှုန်းများလည်း မသက်သာလှပေ။

ထို့ပြင် ကမ္ဘာ့ငွေကြေးစနစ်တွင် နှုန်းရှင်မျှောမှုကို တရားဝင်လက်ခံလိုက်ခြင်းဖြင့် အဓိက အရန်ငွေကြေးများ၏ လဲလှယ်မှုတန်ဖိုးများ ပြောင်းလဲသည်နှင့်အမျှ နိုင်ငံငယ်လေးများအပေါ် ဂယက်ရိုက်မှုဒဏ်လည်း ရှိပေသည်။

နိဂုံးချုပ်အားဖြင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးစနစ်ကို ပြုပြင်ပြောင်းလဲရန် ဆောင်ရွက်ချက်များမှာ အခြေအနေအရပ်ရပ်အရ ဖြစ်ပေါ်လာခြင်းဖြစ်ရာ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ ရည်ရွယ်ချက်များ ရရှိရေးကို မည်မျှ အထောက်အကူ ပြုနိုင်မည်ဟူသော အချက်မှာ အဓိကကျသည့် ဇာတ်ကောင်ကြီးများ ဖြစ်သော စက်မှုထွန်းကားသည့် နိုင်ငံကြီးများ၏ ယိုင်းပင်းကူညီမှုများအပေါ် မျှားစွာတည်သည်ဟု ဆိုနိုင်ပေသည်။ အရေအတွက်အားဖြင့် များပြားပြီး နိုင်ငံရေး၊ စီးပွားရေး အင်အားနည်းသော နိုင်ငံငယ်များအနေနှင့်မူ စည်းစည်းလုံးလုံးနှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေး ရန်ပုံငွေအဖွဲ့ဘောင်အတွင်းမှ ပြောရေးဆိုခွင့် ဆုံးဖြတ်ခွင့် အာဏာများ တိုးပွားလာစေရန် ဆောင်ရွက်ရင်း ပို၍ မျှတသော ကမ္ဘာ့စီးပွားရေးနှင့် ငွေရေးကြေးရေးစနစ် အကောင်အထည် ပေါ်လာရေးအတွက် ဆက်လက်ကြိုးပမ်းသွားရန်သာ ရှိပေသည်။

ဒေါက်တာစိန်မောင်

အနေနှင့် ကိုက်ညီအောင် ဆောင်ရွက်လိုက်ခြင်းပင် ဖြစ်ပေသည်။ တနည်းအားဖြင့် နှုန်းရှင်မျှောခြင်းကို သဘောကျသော နိုင်ငံကြီးများဆန္ဒကို လိုက်လျောရာလည်း ရောက်ပေသည်။ နောင်အခြေအနေပေးမှသာ တည်ငြိမ်မှုရှိပြီး ပြုပြင်ပြောင်းလဲ၍ရသော ငွေကြေးစနစ်ကို အဖွဲ့ဝင်အများစု၏ ဆန္ဒအရ တီထွင်နိုင်သည်ဟုလည်း လမ်းဖွင့်ထားသောကြောင့် နှုန်းရှင်မျှောမှုကို မလိုလားသော နိုင်ငံများ၏ ဆန္ဒကို လုံးဝပစ်ပယ်ရာ မရောက်ဟုလည်း ဆိုနိုင်သည်။

နိုင်ငံအသီးသီးသည် မိမိတို့ကြိုက်နှစ်သက်ရာ ငွေလဲလှယ်မှုစနစ်ကို ကျင့်သုံးရန် ခွင့်ပြုထားသဖြင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့က နိုင်ငံအသီးသီး၏ ငွေလဲလှယ်မှုစနစ်ကို ကြီးကြပ်ပေးရန်လိုအပ်လာသည်။ တနည်းအားဖြင့် ကမ္ဘာ့ငွေကြေးစနစ်ကို ကြီးကြပ်ပေးရန် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ လုပ်ငန်းတာဝန်များပိုလာပေသည်။ ယင်းကိစ္စနှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ အမှုဆောင်အဖွဲ့က နိုင်ငံအသီးသီး၏ ငွေလဲလှယ်မှု စနစ်များကို ကြီးကြပ်ရန် လမ်းညွှန်မှုများကို မကြာမီက ဆွေးနွေးဆုံးဖြတ်ပြီး ဖြစ်ပေသည်။ သို့ရာတွင် လက်တွေ့၌ ဖော်ပြပါလမ်းညွှန်မှုများကို တပြေးညီကျင့်သုံး အကောင်အထည် ဖော်နိုင်ရေးမှာ လွယ်ကူသော လုပ်ငန်းတရပ်မဟုတ်ကြောင်း တွေ့ရလိုပေသည်။ အထူးသဖြင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့မှ ချမှတ်ခဲ့သည့် စည်းကမ်းများကို အကောင်အထည်ဖော်မှု အတွေ့အကြုံအရ အင်အားကြီးမားသော နိုင်ငံကြီးများက စည်းကမ်းဖောက်ဖျက်ခဲ့လျှင် ထိရောက်စွာ အရေးယူနိုင်ခြင်းမရှိပဲ နိုင်ငံငယ်ကလေး များက စည်းကမ်းဖောက်ဖျက်ခဲ့လျှင်မူ ထိုက်သင့်သလို အရေးယူခဲ့သည့် သာဓကများ ရှိနေပေသည်။လက်တွေ့ကမ္ဘာ့နိုင်ငံရေးရှုဒေါင့်မှကြည့်လျှင် ဤအဖြစ်အပျက်မျိုးမှာ ကမ္ဘာ့နိုင်ငံရေးတွင် ဖြစ်ရိုးဖြစ်စဉ်ဟု ဆိုနိုင်သော်လည်း တရားမျှတမှု ရှုဒေါင့်မှကြည့်လျှင်မူ နိုင်ငံငယ်ကလေးများသည် နိုင်ငံကြီးများနှင့် ယှဉ်လိုက်တိုင်း တပန်းရှုံးနေသည့်သဘောဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ ပဋိညာဉ်စာချုပ်မှ ရွေ၏ အခန်းကဏ္ဍကို လျှော့ချပြီး အထူးငွေထုတ်ခွင့်များကို မဏ္ဍိုင်ပြုလိုက်ခြင်းမှာလည်း တဖက်တွင် သဘာဝကျပြီး ယုတ္တိတန်သည်ဟု ဆိုနိုင်သော်လည်း လက်တွေ့တွင်မူ ယနေ့အထိ ရွှေစျေးမှာတအောင်စလျှင် အမေရိကန် ဒေါ်လာ ၁၅၀ ပတ်ဝန်းကျင်တွင် လှုပ်ရှားနေပြီး နိုင်ငံအတော်များများ အထူးသဖြင့် ဥရောပ နိုင်ငံများ၏ ဗဟိုဘဏ်များက လိုလိုလားလား ကိုင်တွယ်သုံးစွဲလျက်ရှိနေသောကြောင့် ရွှေကိုလက်တွေ့တွင် ကမ္ဘာ့ငွေကြေးစနစ်မှ ပယ်ထုတ်ရန်မှာ လွယ်ကူသော လုပ်ငန်းတရပ်မဟုတ်



ထောင်းတမန် လက်နက်ဆန်းများ

လူသားတိုင်း စစ်ကိုရှောင်ရှားလိုကြသည်မှာအမှန်ဖြစ်သော်လည်း လူသားတို့သည် စစ်ရေးအရ တဦးထက်တဦး သာလွန်လိုသော ဆန္ဒကြောင့် ဖျက်ဆီးမှုစွမ်းအား ပိုသထက်ပို၍ ကြီးမားသော နျူးကလီးယားဒုံးပျံလက်နက်များ၊ ရေငုပ်သင်္ဘောမှ ပစ်ခတ်နိုင်သော ဒုံးပျံများ၊ ပစ်မှတ်ကိုတိတိကျကျထိမှန်နိုင်စွမ်းသော ဗုံးကြဲလေယာဉ်များ စသည့် လက်နက်အသစ်အဆန်းအမျိုးမျိုးကို တီထွင်လျက်ရှိကြသည်။ အနာဂတ်စစ်ရေးသည် ယင်းလက်နက်ဆန်းများအပေါ် တည်မတည်ကို စောင့်ကြည့်ရန်သာ လိုတော့သည်။

ဒုတိယ ကမ္ဘာစစ်နှောင်းပိုင်းကာလ ၁၉၄၅ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့သည် အမေရိကန် ပြည်ထောင်စုက အနုမြူဗုံးကို တီထွင်အောင်မြင်ခဲ့သော နေ့ဖြစ်သည်။ ထို့နောက် ဩဂုတ်လအတွင်း၌ပင် အနုမြူဗုံးကို စစ်ရေး၌ ပထမဆုံး အသုံးပြုခဲ့သည်။

ထို့ကြောင့် ဒုတိယ ကမ္ဘာစစ် ပြီးဆုံးသွားသည့်အချိန်တွင် အမေရိကန် ပြည်ထောင်စု တဦးတည်းကသာအနုမြူလက်နက်ပိုင်ရှင်အဖြစ် ရပ်တည်ခဲ့သည်။ သို့သော် ၁၉၄၉ ခုနှစ် ဩဂုတ်လ ဆောက်သောအခါ ရုရှတို့ကလည်း အနုမြူဗုံးကို တီထွင်၍ စမ်းသပ်ဖောက်ခွဲနိုင်ခဲ့ပြန်သည်။ ထို့နောက် ဗြိတိန်နိုင်ငံက ၁၉၅၂ ခုနှစ် အောက်တိုဘာလ ၃ ရက်နေ့တွင်ငင်း၊ ပြင်သစ် နိုင်ငံက ၁၉၆၀ ပြည့်နှစ် ဖေဖွာရီလ ၁၃ ရက်နေ့တွင်ငင်း၊ တရုတ်ပြည်သူ့သမ္မတ နိုင်ငံက ၁၉၆၄ ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့တွင် ငင်း၊အိန္ဒိယနိုင်ငံက ၁၉၇၄ ခုနှစ် မေလ ၁၈ ရက်နေ့တွင်ငင်း အနုမြူဗုံးများကို စမ်းသပ်ဖောက်ခွဲခဲ့ပြန်သည်။

ယင်းသို့ဖြင့် သိပ္ပံနှင့် အတတ်ပညာ တိုးတက်လျက်ရှိသော နိုင်ငံများသည် ကာကွယ်ရေးအတွက်သော်ငင်း၊ ရန်သူကို တိုက်ခိုက်ရေးအတွက် သော်ငင်း လက်နက်အသစ်အဆန်းများကို တဖြည်းဖြည်း တီထွင်လာကြသည်။ ယင်းတို့အနက် ရုရှနှင့် အမေရိကန် ပြည်ထောင်စုတို့သည် လက်နက်အသစ်အဆန်း အများဆုံး တီထွင်သော နိုင်ငံများဖြစ်သည်။ သို့သော် နိုင်ငံကြီးများသည် လက်နက်အသစ်အဆန်းများကို မည်သို့ပင် တီထွင်နေကြသော်လည်း တဖက်၌လည်း လက်နက်လျှော့ပေါ့ရေးအတွက် ကြိုးပမ်းလျက်ရှိနေသည်။

တင့်ကား

အေအမ်အိပ်စ ၃၀ –(AMX.30) ယင်းပုံစံကိုပြင်သစ်နှင့် ပြည်ထောင်စု သမ္မတ ဂျာမနီ နိုင်ငံတို့က ပူးပေါင်းလုပ်သည်။ လက်နက် တပ်ဆင်မှုမှာ ၁၀၅ မမ ဆုံလည် အမြောက်ကြီး တလက်၊ ၂၀ မမ စက်အမြောက်တလက်၊ ၇ ဒသမ ၆၂ မမ စက်သေနတ်တလက် အနီးကပ်တိုက်ပွဲအတွက် တပ်ဆင်ထားသည်။ ယာဉ်အလေးချိန်မှာ ၃၆ တန်ရှိသည်။ စီးနင်းလိုက်ပါနိုင်သည့် လူပေါင်းမှာ ယာဉ်ကွပ်ကဲသူ၊ ကျည်ဆန်ဖြည့်သူ၊အမြောက်ပစ်ခတ်သူနှင့် ယာဉ်မောင်းနှင်သူဟူ၍ လေးဦးဖြစ်သည်။ ယာဉ်အမြန်နှုန်းမှာ တနာရီ ၆၅ ကီလိုမီတာ ဖြစ်ပြီး တိုက်ပွဲဝင်နိုင်သည့် ခရီးတာမှာ မီတာ ၆၀၀ ခန့် ဖြစ်သည်။ ညဉ့်အချိန်အသုံးပြုရန် မီးမောင်းတလက် ပါဝင်သည်။ ပစ်မှတ်ကို အနီအောက်ရောင်ခြည် အသုံးပြု၍ ပစ်ခတ်သည်။ အမြောက်ကျည်ဆန် ၅၀ သယ်ဆောင်နိုင်သည်။ အမြောက်ဆင်ထားသည့် ဆုံ

သည် ဒီဂရီ ၃၆၀ လည်ပတ်ရန် ၁၂ စက္ကန့်ကြာသည်။လေဝင်ပေါက် မြှင့်မထုတ်ပဲသွားလျှင် ရေအနက် ၂ ဒသမ ၂ မီတာရှိသည့် နေရာကို ဖြတ်သန်းနိုင်သည်။ လေဝင်ပေါက်မြှင့်ထုတ်၍ သွားမည်ဆိုပါက ရေအနက် ၄ မီတာရှိသည့် နေရာမျိုးကို ဖြတ်သန်းနိုင်သည်။ အဓိက တိုက်ပွဲဝင် အမျိုးအစားဖြစ်သည်။

ချိုဖတိန်း–ဗြိတိန်နိုင်ငံ လေးလင်း ကုမ္ပဏီမှ ထုတ်လုပ်သည်။ လက်နက်တပ်ဆင်မှုမှာ ၁၂၀ မမ အမြောက်တလက်၊ မြေပြင်ပစ် ၇ ဒသမ ၆၂ မမ စက်အမြောက်တလက်နှင့် ၁၂ ဒသမ ၇ မမ စက်အမြောက်တလက်နှင့် လေယာဉ်ပစ် ၇ ဒသမ ၆၂ စက်အမြောက်တလက် တပ်ဆင်ထားသည်။ ယာဉ်အလေးချိန်မှာ ၅၂ ဒသမ ၃ တန်ဖြစ်သည်။စီးနင်းလိုက်ပါနိုင်သည့်လူပေါင်းမှာ ယာဉ်ကွပ်ကဲသူ၊ ကျည်ဆန်ဖြည့်သူ၊ အမြောက်ပစ်ခတ်သူနှင့် ယာဉ်မောင်းနှင်သူဟူ၍ လေးဦးဖြစ်သည်။ ယာဉ်အမြန်နှုန်းမှာ တနာရီ ၄၀ ကီလိုမီတာနှုန်း ဖြစ်ပြီး တိုက်ပွဲဝင်နိုင်သည့် ခရီးတာမှာ ကီလိုမီတာ ၅၀၀ ဖြစ်သည်။ ပစ်မှတ်ကို လေဇာရောင်ခြည် အကူအညီဖြင့် ပစ်ခတ်သည်။ ညဉ့်အခါ ခရီးသွားရာ၌ အနီအောက်ရောင်ခြည်ဖြင့်လင်းသောမီးကို အသုံးပြုသည်။ အမြောက်ကျည်ဆန် ၅၃ တောင့်ကို သယ်ဆောင်နိုင်သည်။ အမြောက်ဆင်ထားသည့် ဆုံဒီဂရီ ၃၆၀ လည်ပတ်ရန် ၁၈ စက္ကန့်ကြာသည်။ အဓိကတိုက်ပွဲဝင်အမျိုးအစား ဖြစ်သည်။

တီ ၆၂–ရုရှနိုင်ငံက ထုတ်လုပ်သည်။ လက်နက်တပ်ဆင်မှုမှာ ၁၁၅ မမ အမြောက်တလက်။ မြေပြင်ပစ် ၇ ဒသမ ၆၂ မမ စက်အမြောက်တလက်နှင့် လေယာဉ်ပစ် ၁၂ ဒသမ ၇ မမ စက်အမြောက်တလက်ပါဝင်သည်။ ယာဉ်အလေးချိန်မှာ ၃၇ ဒသမ ၅ တန်ရှိသည်။ စီးနင်းလိုက်ပါနိုင်ဆည့် လူပေါင်းမှာ ယာဉ်ကွပ်ကဲသူ၊ ကျည်ဆန်ဖြည့်သူ၊ အမြောက်ပစ်ခတ်သူနှင့် ယာဉ်မောင်းသူဟူ၍ လေးဦးဖြစ်သည်။ယာဉ်အမြန်နှုန်းမှာတနာရီ ၅၅ ကီလိုမီတာနှုန်းဖြစ်ပြီး တိုက်ပွဲဝင်နိုင်သည့် ခရီးတာမှာ ၄၈၀ ကီလိုမီတာဖြစ်သည်။ပစ်မှတ်ကို ပစ်ခတ်ရာ၌ လေဇာရောင်ခြည် အကူအညီဖြင့် ပစ်ခတ်သည်။ အမြောက်ပစ်ခတ်နိုင်သော နှုန်းမှာ တမိနစ်လျှင် ကျည်ဆန်၈ါးတောင့်နှုန်း ဖြစ်သည်။ ညဉ့်အခါ တိုက်ပွဲဝင်စဉ် ပစ်မှတ်ရှာဖွေနိုင်သော ကိရိယာတပ်ဆင်ထားသည်။အမြောက်ကျည်ဆန်အတောင့် ၄၀သယ်ဆောင်နိုင်သည်။ လေဝင်ပေါက် မြှင့်မထုတ်ပဲသွားလျှင် ရေအနက် ၁ ဒသမ ၄၀ မီတာရှိသော နေရာကို ဖြတ်သန်းသွားနိုင်သည်။ လေဝင်ပေါက်မြှင့်ထုတ်၍ သွားမည်ဆိုပါက ရေအနက် ၃ ဒသမ ၉၆ ရေအနက်ရှိသော နေရာများကို ဖြတ်သန်းနိုင်သည်။

ရေတပ်

နော့တီလပ် ရေငုပ်သင်္ဘော – အမေရိကန် ပြည်ထောင်စုသည် နော့တီလပ်အမည်ရှိ အနုမြူရေငုပ် သင်္ဘောကို ၁၉၅၄ ခုနှစ်တွင် စတင်သုံးခဲ့သည်။အဆိုပါ ရေငုပ်သင်္ဘောမှာ ရေပြင်အောက်မှနေ၍ ပစ်မှတ်ရှိရာသို့ ပိုလားရစ်အမျိုးအစား ဒုံးပျံဖြင့် ပစ်ခတ်တိုက်ခိုက်နိုင်စွမ်းရှိသည့် အပြင် ရေအောက်တွင်လည်း အချိန်အကန့်အသတ်မရှိ နေနိုင်စွမ်းရှိသည်ဟု ဆိုသည်။

ထရိုင်းဒင့်ရေငုပ်သင်္ဘော–တာဝေးပစ် ဒုံးပျံ လက်နက် ၂၄ ခုစီကို ပစ်မှတ်သို့ ရောက်အောင် ပစ်ခတ်တိုက်ခိုက်နိုင်စွမ်းရှိသည့် အမေရိကန် ရေငုပ်သင်္ဘောဖြစ်သည်။ ယခု ဆောက်လုပ်ဆဲ ပထမတစင်းသည် မိုင် ၄၅၀၀ အကွာတွင်ရှိ ပစ်မှတ်ကို ရေအောက်မှ လှမ်းပစ်နိုင်သည့် ဒုံးပျံတခုကို သယ်ဆောင်နိုင်မည်ဖြစ်ပြီး နောက်ထပ် တည်ဆောက်မည့် ထရိုင်းဒင့် ရေငုပ်သင်္ဘောများတွင်မူ မိုင် ၆၀၀၀ အကွာအဝေးတွင်ရှိ ပစ်မှတ်အား လှမ်း၍ ပစ်ခတ်တိုက်ခိုက်နိုင်သည့် ဒုံးပျံတခုစီ သယ်ဆောင်နိုင်စွမ်းရှိအောင် စီစဉ်ထားသည်ဟု သိရသည်။

ထရိုင်းဒင့်သည် ရေအောက်တွင် ခုတ်မောင်းရာ၌ မျက်မှောက်ခေတ် အမေရိကန် ရေတပ်တွင် အသုံးပြုနေသော အနုမြူရေငုပ်သင်္ဘောများထက် အသံပိုမို ညင်သာ၍ပို၍လည်း လျင်မြန်သည်။ သို့သော် အရွယ်ပမာဏမှာ နှစ်ဆခန့်ကြီးမားမည် ဖြစ်သည်။အမေရိကန် ပြည်ထောင်စုသည် အဆိုပါ ရေငုပ်သင်္ဘောမျိုး ဆယ်စင်းကို တည်ဆောက်လျက်ရှိရာ ပထမ အစင်းသည် ၁၉၇၈ ခုနှစ်ခန့်တွင် အပြီးသတ်မည်ဟု သိရသည်။

အဆိုပါ အနုမြူ ရေငုပ်သင်္ဘောမျိုးမှာ ရန်သူသင်္ဘောများအား ပစ်ခတ် တိုက်ခိုက်လိုသောအခါ ရန်သူမြင်နိုင်စွမ်းမရှိသော အလွန်ဝေးကွာသည့် နေရာမျိုးမှလှမ်း၍ တိုက်ခိုက်နိုင်သည်။ ရေအောက်ငုပ်သော အခါ၌လည်း ပေ ထောင်ပေါင်း များစွာ နက်သည့် နေရာမျိုးအထိ အန္တရာယ်မရှိပဲ ငုပ်နိုင်သည်။ရေအောက်တွင် ခုတ်မောင်းသွားလာသော အခါ၌လည်း အနည်းဆုံး တနာရီ ၁၄ မိုင် နှုန်းနှင့် အများဆုံး တနာရီ ၃၅ မိုင်နှုန်းဖြင့် ခုတ်မောင်းသွားလာနိုင်သည်။ စစ်မျက်နှာ၌ ကင်းလှည့်သောအခါ၌ ခရီးအကွာအဝေးကို အကန့်အသတ်မရှိပဲ လိုအပ်သလို ခရီးရှည် သွားနိုင်သည်။ အနည်းဆုံးရက်ပေါင်း ၉၀ ခန့် ရေငုပ်၍ နေနိုင်သည့်အပြင် လိုအပ်ပါကအခြေစိုက်စခန်းသို့ ပြန်ရာတွင် စခန်းမရောက်မချင်း ငုပ်၍ ခုတ်မောင်းနိုင်သည်ဟု ဆိုသည်။ ဆိုဗီယက်ရေတပ်၌ လမ်းဒဲလတာ အမျိုးအစား ရေငုပ်သင်္ဘောမှာ အနုမြူ ရေငုပ်သင်္ဘော ဖြစ်သည်။

ရန်သူရေငုပ်သင်္ဘော ထောက်လှမ်းရေး ကရိယာတမျိုးကို အမေရိကန်ပြည်ထောင်စုက တီထွင်ထားသည်။ အဆိုပါ ကရိယာမှာ ပင်လယ်သမုဒ္ဒရာအတွင်း၌ ချထားရသော ဘောတမျိုးဖြစ်သည်။ ယင်းသည် ရန်သူရေငုပ်သင်္ဘောလာလျှင် ရေငုပ် သင်္ဘောတည်ရှိရာ ခရီးအကွာအဝေးကိုငင်း၊ ခုတ်မောင်းလျက်ရှိနေသည့် လမ်းကြောင်းအနေအထားကိုငင်း ထောက်လှမ်းမှတ်သားပြီး ကောင်းကင်၌ ပျံဝဲလျက် ရှိနေသော ရေငုပ်သင်္ဘော တိုက်ဖျက်ရေး လေယာဉ်သို့ အလိုအလျောက် သတင်းပို့နိုင်စွမ်းရှိသည်ဟု ဆိုသည်။

လေယာဉ်များ

ဘီ–၁ ဗုံးကြဲဂျက်လေယာဉ်–အမေရိကန်ပြည်ထောင်စုရော့ကဝဲအပြည်ပြည်ဆိုင်ရာ လေယာဉ်တည်ဆောက်ရေးကုမ္ပဏီမှ တည်ဆောက်သော လေယာဉ် ဖြစ်သည်။

ယင်းသည် မြေပြင်အထက် အလွန်မြင့်သောနေရာ၌ အသံထက်မြန်သော အမြန်နှုန်းဖြင့်ငင်း၊ အလွန်နိမ့်သော နေရာ၌ အသံထက်နှေးသော အမြန်နှုန်းဖြင့်ငင်း တိုက်ပွဲဝင် နိုင်အောင် စီစဉ်ထားသည်။ ကိုယ်ထည်ကိုတိုင်တေနီယမ်သတ္တုစပ်ဖြင့် ပြုလုပ်ထားသည်။ လက်နက်သယ်ဆောင်ရေး အခန်းငယ် သုံးခုရှိသည့်အနက် တခုစီတွင် စုစုပေါင်းအလေးချိန်ပေါင် ၂၂၄၀ ရှိ တာတိုပစ်ဒုံးပျံ ရှစ်ခုနှင့် ဆုံလည်ပစ်စင်၊ သို့မဟုတ် အလေးချိန် ပေါင် ၂၅၀၀၀ ရှိ အနုမြူဗုံး၊ သို့မဟုတ် သာမန်ဗုံးတို့ကို သယ်ဆောင်နိုင်သည်။ တောင်ပံအောက်၌လည်း တာတိုပစ်ဒုံးပျံအပို ရှစ်ခုကို သယ်ဆောင်နိုင်သည်။

ဘီ–၁ ဗုံးကြဲလေယာဉ်သည် လက်နက် အလေးချိန် စုစုပေါင်း ၁၁၅,၀၀၀ ပေါင်ကိုငင်း၊ ဗုံးကြဲလေယာဉ် ကာကွယ်သည့် ဒုံးပျံနှင့် ကရစ်ဒုံးပျံကိုငင်း သယ်ဆောင်နိုင်သည်။ ယင်းသည် ပေ ၅၀,၀၀၀ အမြင့်၌ တနာရီ ၁၅၂၀ မိုင် အမြန်နှုန်း၊ ပေ ၂၀,၅၀၀ အမြင့်၌ တနာရီ ၇၃၆ မိုင် အမြန်နှုန်း၊ ပေ ၅၀၀ အမြင့်၌ တနာရီမိုင် ၇၅၀ အမြန်နှုန်းတို့ဖြင့် ပျံသန်းနိုင်သည့်အပြင် ခရီးရှည်မိုင် ၆,၁၀၀ ကို ဆီမဖြည့်ပဲ ပျံသန်းနိုင်သည်။ အသံထက် နှစ်ဆမြန်သော နှုန်းဖြင့် ပျံသန်းလိုသောအခါ တောင်ပံများကို အနောက်ဖက်သို့ အလိုက်သင့် စုစည်းပေးခြင်းကိုငင်း၊ အနှေးပျံလိုသောအခါ တောင်ပံများကို အလိုက်သင့် ရှေ့ဖြန့်ပေးခြင်းကိုငင်း ပြုလုပ်နိုင်သည်။

အမေရိကန် ကာကွယ်ရေးဌာနက မူလစီစဉ်ထားသည်မှာ ဘီ–၂၂ ဗုံးကြဲလေယာဉ်များ နေရာတွင် ဘီ–၁ ဗုံးကြဲလေယာဉ်များကို အစားထိုး အသုံးပြုရန် ဖြစ်သည်။ သို့သော် သမ္မတ ကာတာလက်ထက် ရောက်သောအခါ၌ လေယာဉ်တစင်း၏ တန်ဖိုးမှာ ဒေါ်လာရှစ်ကုဋေလေးသန်း ခြောက်သိန်း ဖြစ်သည့်အတွက် ကုန်ကျစရိတ်များ သည်ဟူ၍ အကြောင်းပြကာ မူလအစီအစဉ်ကို ပယ်ခဲ့သည်။

ဗက်ဖားယားဗုံးကြဲလေယာဉ်–ရုရှနိုင်ငံက တည်ဆောက်သော ဗုံးကြဲဂျက်လေယာဉ်ဖြစ်သည်။ ယင်းသည် အသံထက်မြန်သော အမြန်နှုန်းဖြင့် ခရီးရှည်မိုင် ၃,၅၀၀ အထိ ပျံသန်းနိုင်သည်။ ပျံသန်းနေစဉ် အခြားလေယာဉ်တစင်းဖြင့်လည်း ဆီဖြည့်ပေးနိုင်သည်။ သို့သော် အမေရိကန်ပြည်ထောင်စုအတွင်းရှိ ပစ်မှတ်များရှိရာနှင့် ဆိုဗီယက်ပြည်ထောင်စုအတွင်းရှိ အခြေစိုက်စခန်းကို အသွားအပြန် ပျံသန်းနိုင်စွမ်းရှိသည်ဟု ဆိုသည်။

အက်ဖ–၁၄–တွမ်ကက်ခေါ် အက်ဖ ၁၄ အမျိုးအစား တိုက်လေယာဉ်ကို အမေရိကန်ပြည်ထောင်စုရှိ ဂရူးမန်ကုမ္ပဏီက ထုတ်လုပ်ပြီး ၁၉၇၁ ခုနှစ်မေလ ၂၄ ရက်နေ့တွင် စမ်းသပ်ပျံသန်းမှုပြုခဲ့သည်။ ယင်းအား အမေရိကန် ရေတပ်၏ လေယာဉ်တင် သင်္ဘောများ၌ တင်၍ အသုံးပြုရန် အထူးတီထွင်ထားသည်။

တွမ်ကက်သည် ဗုံးကြဲလေယာဉ်များ ရန်သူ၏ နယ်မြေအတွင်း သွားရောက် ဗုံးကြဲသောအခါ လေကြောင်း၌ ရန်သူလေယာဉ်များကို တိုက်ခိုက်ရှင်းလင်းပေးရန်၊ စစ်ကူပေးသော လေယာဉ်တင်သင်္ဘောများအား အကာအကွယ်ပေးရန်နှင့် နည်းဗျူဟာအရ သတ်မှတ်ထားသောမြေပြင်၌ရှိ ပစ်မှတ်များအား ကောင်းကင်မှ ကူညီတိုက်ခိုက်ပေးရေးအတွက် တီထွင်ထားခြင်းဖြစ်သည်။

ရုရှနိုင်ငံလုပ် အမ်အိုင်ဂ် ၂၅ တိုက်လေယာဉ်များ





မောင်းသူမဲ့ ဂျက်လေယာဉ်တမျိုးဟု ခေါ်ဆိုနိုင်သည့် အမေရိကန် နိုင်ငံလုပ်ခရွစ်ဒုံးပျံလက်နက်တမျိုး

လေယာဉ် ကိုယ်ထည်ကို တိုင်တေနီယမ် သတ္တုစပ် ဖြင့် တည်ဆောက်ထားသည်။ တနာရီမိုင် ၁,၅၂၀ ကျော် အမြန်နှုန်းဖြင့် ပျံသန်းနိုင်သည်။ သေနတ်ပြောင်းများစွာ ပါဝင်သော အမ်၆၁ စက်အမြောက်တလက်၊ဝေဟင်မှမြေ ပြင်ပစ် ဒုံးပျံများ တပ်ဆင်ထားသည်။ မြေပြင်အထက် အလွန်မြင့်သော ကောင်းကင်တွင် အလွန်မြန်သောအမြန် နှုန်းဖြင့် ရန်သူလေယာဉ်များကို ကြားဖြတ် တိုက်ခိုက် နိုင်ခြင်းနှင့် ဒုံးပျံလေးလက်ကို ပစ်မှတ်ရှိရာသို့ တပြိုင်တည်း ပစ်လွှတ်၍ တိုက်ခိုက်နိုင်စွမ်းလည်း ရှိသည်။ လူနှစ်ယောက် စီးနင်း လိုက်ပါနိုင်ပြီး လေကြောင်းတိုက်ပွဲ အမျိုးမျိုး ကိုလည်း ဝင်ရောက်နိုင်သည်။ တိုက်ပွဲဝင်သည့် ခရီးတာမှာ မိုင် ၅၀၀ ဖြစ်သည်ဟု သိရသည်။

အက်ဖ–၁၅–အီဂဲခေါ် အက်ဖ ၁၅ အမျိုးအစား တိုက်လေယာဉ်သည် အမေရိကန် ပြည်ထောင်စုရှိ မက် ဒေါ်နယ် ဒေါက်ဂလပ် ကုမ္ပဏီက တီထွင်ဆောက်လုပ် သော လေယာဉ်ဖြစ်သည်။ လူတယောက်တည်း စီးနင်း လိုက်ပါနိုင်သော အမျိုးအစားနှင့် လူနှစ်ယောက် စီးနင်း လိုက်ပါနိုင်သော အမျိုးအစားဟူ၍ ရှိသည်။ တနာရီမိုင် ၁,၉၀၀ အမြန်နှုန်းဖြင့် ပျံသန်းနိုင်သည်။

မြေပြင်အထက် သစ်ပင်ထိပ်ဖျားခန့် အမြင့်၌ ရှိသော ပစ်မှတ်များကိုလည်း၊ အလွန်မြင့်သည့် နေရာတို့တွင်ရှိ သော ပစ်မှတ်များကိုလည်း ထောက်လှမ်းပေးနိုင်သော ရေဒါကရိယာ၊ဒုံးပျံများ ပစ်လွှတ်သောအခါ၌လည်း၊ စက် အမြောက် ပစ်ခတ်သောအခါ၌လည်း ပစ်မှတ်များကို မလွဲ တမ်း ထိမှန်အောင် ထိန်းပေးနိုင်သည့် ကွန်ပျူတာစက်၊ ရန်သူလေယာဉ်နှင့် ကောင်းကင်၌ တိုက်ပွဲဝင်နေစဉ် လေယာဉ်မောင်းသူ ကြားဖြတ် တိုက်ပွဲဝင်နိုင်စွမ်းရှိအောင် ပစ်မှတ်အလိုအလျောက်ပေါ် လာအောင် ပြုနိုင်စွမ်းရှိသည့် ရေဒါကရိယာ၊ မြေပြင် စခန်းသို့ရင်း၊ အနီးပတ်ဝန်းကျင်ရှိ မိတ်ဆွေလေယာဉ်များသို့ရင်း အလိုအလျောက် သတင်းပို့ နိုင်သည့် ကရိယာ၊ လေယာဉ်ပျံသန်းနေစဉ်အတွင်း လေ ယာဉ်မှူးအား လေယာဉ်တည်ရှိရာ နေရာအနေအထားကို အလိုအလျောက် ညွှန်ပြသည့် ကရိယာများ ပါဝင်သည်။

လက်နက်တပ်ဆင်ထားမှုမှာ တာလတ်ပစ် ဒုံးပျံလေး ခု၊ တာနီးပစ် ဒုံးပျံလေးခု၊ ၂၀ မမ ပြောင်းခြောက်ခု ပါဝင်သော အမ်၆၁ အေ–၁ စက်အမြောက်တလက်ဖြစ် သည်။ တိုက်ပွဲဝင်နိုင်သည့် ခရီးတာမှာ မိုင် ၅၀၀ ဖြစ် သော်လည်း လောင်စာပါ အပိုတိုင်ကီတပ်ဆင်၍ အသုံးပြု လျှင် ပျံသန်းနိုင်သည့် ခရီးတာမှာ မိုင် ၃,၄၅၀ ဖြစ်ပြီး ဗုံးကြဲလေယာဉ်အဖြစ်ဖြင့်ရင်း၊ မြေပြင်မှ ဝေဟင်ပစ်ဒုံး စခန်းများကို တိုက်ဖျက်သည့် လေယာဉ် အဖြစ်ဖြင့်ရင်း အသုံးပြုနိုင်သည်။ ထို့အပြင် နွေရာသီပါ တိုက်ပွဲဝင်နိုင် သည့် ကြားဖြတ်တိုက်လေယာဉ် အဖြစ်လည်း အသုံးပြု နိုင်သည်။

မစ်–၂၅ ဖောက်စဗက်–ဖောက်စဗက်ခေါ် မစ်–၂၅ လေ ယာဉ်သည် ရုရှနိုင်ငံလုပ် လေယာဉ်ဖြစ်သည်။ အဆိုပါ

ဝေဟင်ပစ် ဒုံးကျည်များကို တပ်ဆင်ပြီး တိုက်ခိုက်ရန် အသင့် အနေအထားဖြင့် ကင်းလှည့်နေသော ရုရှနိုင်ငံမှ စစ်သင်္ဘောကြီးတစင်း





ရုရှနိုင်ငံလုပ် တီ ၅၄ အမျိုးအစား တင့်ကားကြီးတစင်း

လေယာဉ်မျိုးကို ရန်သူနယ်မြေအတွင်း ကင်းစောင့်သည့် အမျိုးအစားနှင့် ရာသီမရွေးတိုက်ပဲ့ဝင်နိုင်သည့် ကြားဖြတ်တိုက်လေယာဉ် အမျိုးအစားဟူ၍ နှစ်မျိုးခွဲထုတ်လုပ်ထားသည်။ တနာရီ ၂,၄၃၂ မိုင်အမြန်နှုန်းဖြင့် ပျံသန်းနိုင်ပြီး တိုက်ပဲ့ဝင်နိုင်သည့်ခရီးတာမှာ မိုင် ၇၀၀ ဖြစ်သည်။ ဝေဟင်မှ ဝေဟင်ပစ် ဒုံးပျံလေးလက် တပ်ဆင်ထားသည်။

ဒုံးပျံ

မိုင်ညှာမင်း ဒုံးပျံ–မိုင်ညှာမင်း ၃ ဒုံးပျံသည် တိုက်ချင်းပစ် ဒုံးပျံဖြစ်သည်။ ယင်းတွင် ပစ်မှတ်များကို သီးခြားစီကျ၍ ပေါက်ကွဲနိုင်သော အနုမြူထိပ်ဖူး ၁၂ ခု ပါဝင်သည်။ အခဲလောင်စာဖြင့် သုံးဆင့်ပေါက် ဒုံးပျံ ဖြစ်သည်။ ပဲ့ထိန်းဒုံးပျံဖြစ်ပြီး အနုမြူထိပ်ဖူးများ ပစ်မှတ်သို့ ကျသောအခါ ရန်သူ၏ ရေဒါရှုပ်ထွေးအောင် သံမှုန့်များကို ကြဲဖြန့်နိုင်ခြင်း၊ ထိပ်ဖူးအရေပြားကို လွှတ်ချနိုင်ခြင်း ရှိသည်ဟု ဆိုသည်။

ပိုဆီဒွန်ဒုံးပျံ– တိုက်ချင်းပစ်ဒုံးပျံမျိုးဖြစ်သည်။ အနုမြူထိပ်ဖူး ၎င်းခုမှ ၁၀ ခုထည့်၍ အနုမြူရေငုပ်သင်္ဘောမှ ပစ်မှတ်သို့ ပစ်လွှတ်နိုင်သည်။ ယင်း၏ ထိပ်ဖူးများမှာ ပစ်မှတ်များကို သီးခြားစီကျ၍ ပေါက်ကွဲနိုင်စွမ်းရှိသည်။

ခရုစ်ဒုံးပျံ–အမေရိကန် ပြည်ထောင်စုက တီထွင်သော ဒုံးပျံဖြစ်သည်။ ထိပ်ဖူးတွင် သာမန်ဗုံး၊ သို့မဟုတ် သာမန် ယမ်းဘီလူးတန်ချိန် နှစ်သိန်းအား ပေါက်ကွဲအားနှင့် ညီမျှသော အနုမြူထိပ်ဖူးကို တပ်၍ ပစ်မှတ်ရှိရာသို့ ပစ်ခတ်တိုက်ခိုက်နိုင်သည်။ ယင်းမှာ တာတိုမိုင် ၇၀၀ အထိ ရောက်သော အမျိုးအစားနှင့် တာဝေးမိုင် ၁,၅၀၀ အထိ ရောက်သော အမျိုးအစားဟူ၍ ရှိသည်။ ပစ်ခတ်တိုက်ခိုက်လိုသောအခါ၌လည်း ဘီ ၅၂၊ သို့မဟုတ် ဘီ ၁ ဗုံးကြဲ လေယာဉ်မှ ဖြစ်စေ၊ ရေငုပ်သင်္ဘော၊ သို့မဟုတ် မြေပြင်စခန်းမှဖြစ်စေ ပစ်လွှတ်နိုင်သည်။ ပျံသန်းသည့်အမြန် နှုန်းမှာ တနာရီမိုင် ၅၅၀ နှုန်းဖြစ်ပြီး အနိမ့်ဆုံး မြေပြင် အထက် ပေ ၂၀၀ အမြင့်မှ ပျံသန်းနိုင်သည်။ ယင်းသို့ နိမ့်နိမ့်လေးပျံသန်းခြင်းဖြင့် ရန်သူရေဒါစက်ကွင်းများကို ရှောင်ရှားကာ ပစ်မှတ်နှင့် ကိုက် ၃၀ အကွာနေရာတွင် ကျ၍ ပေါက်ကွဲနိုင်စွမ်းရှိသည်။ ပျံသန်းစဉ် ပျံသန်းမှုလမ်းကြောင်းကိုကွန်ပျူတာဖြင့် ထိန်းပေးရသည်ဟု ဆိုသည်။ ရုရှနိုင်ငံကလည်း အလားတူဒုံးပျံမျိုးကို တာတိုပစ်မှတ်များ ပစ်ခတ်တိုက်ခိုက်နိုင်ရန် ရေတပ်၌ အသုံးပြုလျက်ရှိသည်။

အမ်အိုပ်စဒုံးပျံ–ယင်းသည် အမေရိကန် ပြည်ထောင်စုက တီထွင်သော တိုက်ချင်းပစ် ဒုံးပျံဖြစ်သည်။ အနုမြူထိပ်ဖူး ၁၅ ခုန့် ပါရှိပြီး သီးခြား ရှိနေသော ပစ်မှတ်များကို တပြိုင်တည်း ပစ်ခတ်တိုက်ခိုက်နိုင်သည့်အပြင် ပစ်မှတ်များနှင့် အနီးဆုံးပေ ၅၀၀ အကွာတွင် ကျရောက်ပေါက်ကွဲနိုင်စွမ်းရှိသည်။ ထို့ကြောင့် အမေရိကန်ပြည်ထောင်စုသည် ၁၉၇၀ ပြည့်နှစ်ကျော် နှစ်များတွင် တိုက်ချင်းပစ် မိုင်ညှာမင်း အမှတ် ၃ ဒုံးပျံနေရာတွင် အမ်အိုပ်စဒုံးပျံအစားထိုး၍ အသုံးပြုရန် စီစဉ်ထားသည်။

အက်စ အက်စ–၁၆– ရုရှနိုင်ငံက တီထွင်ထားသော တိုက်ချင်းပစ် ဒုံးပျံဖြစ်သည်။ ပျံသန်းနိုင်သော ခရီးတာမှာ မိုင် ၅၀၀၀ ဖြစ်ပြီး တိုက်ပဲ့ဝင်သည့်အခါ ပစ်လွှတ်သည့် နေရာကို တနေရာမှ တနေရာသို့ ပြောင်းရွှေ့၍ ပစ်လွှတ်နိုင်သည်ဟု ဆိုသည်။

အက်စအက်စ–၂၀–ရုရှနိုင်ငံက တီထွင်ထားသော ခရီးတာမိုင် ၃၀၀၀ အထိ ပျံသန်းနိုင်သော တာလတ်ပစ် ဒုံးပျံဖြစ်သည်။ အနုမြူထိပ်ဖူးပေါင်းများစွာ တပ်ဆင်ထားသည်ဟု ဆိုသည်။

ဒုံးခွင်းဒုံးပျံများ– ဒုံးခွင်းဒုံးပျံများကို အသုံးပြုရေး အတွက် ဆေဖဂတ် စနစ်ဟူ၍ သမ္မတနစ်ဆင်က ကင်ပွန်းတပ်ခဲ့သည်။ အဆိုပါစနစ်တွင် စပါတန်အမည်ရှိ ဒုံးပျံနှင့် စပရင့်အမည်ရှိ ဒုံးပျံတို့ကို အသုံးပြုထားသည်။

စပါတန်ဒုံးပျံသည် အလျား ၅၄ ပေရှိပြီး ပေါက်ကွဲအား ကြီးမားသော အနုမြူထိပ်ဖူးတခုပါဝင်၍ သုံးဆင့်ပေါက်ကွဲ ဒုံးပျံမျိုးဖြစ်သည်။ ယင်းသည် အဝေးဆုံး မိုင် ၄၀၀ အထိ သွားသော ဒုံးပျံဖြစ်သော်လည်း အဆိုပါခရီးကို တမိနစ်အတွင်း ရောက်အောင် သွားနိုင်စွမ်းရှိသည်။ စပရင့်မှာအလျား ၂၇ ပေရှိပြီး ပေါ့ပါးသော အနုမြူထိပ်ဖူး ပါဝင်၍ နှစ်ဆင့်ပေါက်ဒုံးပျံမျိုးဖြစ်သည်။

ဒုံးပျံများကို အသုံးပြုရန် စီစဉ်ထားပုံမှာ ခရီးဝေးကို ထောက်လှမ်းနိုင်သော ရေဒါက မိုင် ၁,၅၀၀ အကွာမှ ပျံသန်းလာသည့် ရန်သူ၏ ဒုံးပျံကို ထောက်လှမ်းပေးရန်ဖြစ်သည်။ အကယ်၍ အဆိုပါ ရေဒါက ရန်သူဒုံးပျံကို ထောက်လှမ်းမိပါက ကျင်းထဲတွင် အသင့်အနေ

အထား ရှိနေသည့် စပါတန် ဒုံးပျံနှင့် ဆက်သွယ်ထား သည့် ခရီးတို ထောက်လှမ်းနိုင်သော ရေဒါက စပါတန် အား ပျံတက်စေကာ ပဲ့ထိန်းပေးခြင်းဖြင့် ရန်သူ၏ ဒုံးပျံ ပစ်မှတ်သို့ မရောက်မီ မိုင် ၄၀၀ အကွာနေရာတွင် ကြိုတင် ဖျက်ဆီးပစ်ရန် ဖြစ်သည်။

အကယ်၍ စပါတန် ဒုံးပျံသည် အကြောင်းတခုခု ကြောင့် အဆိုပါ ဒုံးပျံကို မဖျက်ဆီးနိုင်ခဲ့သော် စပရင့် ဒုံးပျံများသည် ရန်သူဒုံးပျံပစ်မှတ်သို့ မရောက်မီ ၂၅ မိုင် အကွာအဝေးနေရာတွင် ကြားဖြတ် ဝင်ရောက်တိုက်ခိုက် ဖျက်ဆီးပစ်ရန် ဖြစ်သည်။ အဆိုပါ ဒုံးခွင်းဒုံးစနစ်တွင် အလျင်နှုန်းမြင့်မားသော ကွန်ပျူတာ စက်များကို အသုံး ပြုထားသည်။

အမေရိကန် ပြည်ထောင်စုရှိ မြို့ကြီးများကို ဒုံးပျံ အန္တရာယ်မှ ကာကွယ်ရန် အဆိုပါစနစ်ကိုစီစဉ်ထားသည်။ ရုရှနိုင်ငံကလည်း မောစကိုမြို့ကို ကာကွယ်ရန် ဒုံးခွင်း ဂါလော့ ဒုံးပျံများဖြင့် ဂါလော့ဒုံးပျံ ကာကွယ်ရေး စနစ်ကို တီထွင်ထားသည်ဟု သိရသည်။

အမ်အိုင်ရာဗီ စနစ်–အဆိုပါစနစ်မှာ ဒုံးပျံတခုတည်း တွင်အနုမြူထိပ်ဖူးငါးခု၊ သို့မဟုတ် ၁၀ ခုတပ်ဆင်၍ ပစ်မှတ် များရှိရာသို့ ပစ်လွှတ်သော စနစ်ဖြစ်သည်။ ယင်းစနစ်ဖြင့် ပစ်မှတ်များရှိရာသို့ ပစ်လွှတ်လိုက်သော ဒုံးပျံတခုသည် ပစ်မှတ်များနှင့် နီးကပ်လာသောအခါ အနုမြူထိပ်ဖူးများ ကို တခုစီဖြာထွက်စေပြီး သီးခြားရှိနေသော ပစ်မှတ်များ အား ထိမှန်စေသည်ဟုဆိုသည်။ အမေရိကန်ပြည်ထောင်စု သည် အဆိုပါစနစ်ကို မြေပြင်အခြေစိုက်စခန်းတွင်ရှိတိုက် ချင်းပစ် ဒုံးပျံများတွင်၎င်း၊ ရေငုပ်သင်္ဘောများမှ ပစ် လွှတ်နိုင်သော ပိုစီဒွန်ဒုံးပျံများတွင်းဝင်း အသုံးပြုရန် စီစဉ်ထားသည်။ ရုရှနိုင်ငံကလည်း အလားတူစနစ်ကို စမ်းသပ်ထားလျက်ရှိနေပြီဟု သိရသည်။

အမ်အေအာဗီစနစ်– အဆိုပါစနစ်မှာ အမေရိကန်တို့ တီထွင်သောစနစ်ဖြစ်သည်။ အနုမြူထိပ်ဖူးတပ် ဒုံးပျံ တခုကို ပစ်မှတ်ဆီသို့ ဦးတည်၍ပစ်လွှတ်ရာ၌ ပထမကမ္ဘာ လေထုပြင်ပရှိ ကမ္ဘာပတ်လမ်းကြောင်း တလျှောက် ပျံ သန်းအောင် ပြုလုပ်ပေးသည်။ ထို့နောက် အဆိုပါဒုံးပျံ ကို ကမ္ဘာ့လေထုအတွင်း ပြန်ဝင်လာစေပြီး ပစ်မှတ်ပေါ် သို့ ပြန်ကျအောင် ပြုလုပ်သော စနစ်ဖြစ်သည်။ အဆိုပါစနစ်၌ အသုံးပြုသော ဒုံးပျံတို့မှာ ကမ္ဘာ့လေထုအတွင်း ပြန်ဝင် လာစဉ် ပျံသန်းမှုလမ်းကြောင်း အမျိုးမျိုးပြောင်း၍ ပစ်မှတ်ကို ထိမှန်အောင် စွမ်းဆောင်နိုင်သည့်အပြင် မြေ ပြင်မှ ရန်သူပစ်လွှတ်သည့် ဒုံးခွင်းဒုံးများ၏ ရန်ကိုပါ ရှောင်ရှားနိုင်သည်ဟုအဆိုရှိသည်။

ဗုံးများ

ပဲ့ထိန်းဗုံးများကို အမေရိကန် ပြည်ထောင်စုက ၁၉၆၀ ပြည့်လွန် နှစ်များအတွင်းကပင် တီထွင်ခဲ့သော်လည်း ၁၉၇၂ ခုနှစ်ရောက်မှ ဗီယက်နမ်စစ်ပွဲတွင် အသုံးပြုခဲ့သည်။ ယင်းတို့မှာ ရုပ်မြင်သံကြား ကင်မရာဖြင့် လမ်းကြောင်း ထိန်းပေးရသော အမျိုးအစားနှင့် လေဇာရောင်ခြည်ဖြင့် လမ်းကြောင်းထိန်းပေးရသော အမျိုးအစားဟူ၍ရှိသည်။

ရုပ်မြင်သံကြား ကင်မရာဖြင့် လမ်းကြောင်းထိန်းပေး ရသော ဗုံးမှာ ထိပ်တွင် အလွန်သေးငယ်သည့် ရုပ်မြင် သံကြား ကင်မရာတခု ပါဝင်သည်။ ဗုံးကြဲလိုသောအခါ လေယာဉ်မောင်းသူ၊ သို့မဟုတ် ရေဒါကြီးကြပ်သူသည် လေယာဉ် အတွင်း၌ပါရှိသော ရုပ်မြင်သံကြားပုံဖော် ကားချပ်ပေါ်၌ မြေပြင်ရှိပစ်မှတ်၏ ပုံရိပ်ပေါ်လာ အောင် ပြုလုပ်ပေးရသည်။ ပုံဖော်ကားချပ်တွင် ပစ်မှတ် ၏ ပုံရိပ်ပေါ်လာသောအခါ ဗုံး၏ ထိပ်တွင်ရှိ ရုပ်မြင်သံ ကြား ကင်မရာအား မြေပြင်ပစ်မှတ်ရှိရာသို့ တည့်တည့် ချိန်မိလျက်သား ဖြစ်အောင် ကွန်ပျူတာ စက်ငယ်ဖြင့် ပြုလုပ်ပေးရသည်။ ယင်းသို့ ပြုလုပ်အပြီး ဗုံးသည် ပစ်မှတ် နှင့် သင့်တင့်သော အကွာအဝေးသို့ ရောက်သောအခါ လေယာဉ်မှ အလိုအလျောက် ပြုတ်ထွက်သွားကာ ပစ်မှတ် ရှိရာသို့ တည့်တည့် မတ်မတ် ကျရောက်သွားတော့သည်။ ဗုံးကြဲချသည့် လေယာဉ်ကမူ ဗုံးကြဲချပြီးလျှင်ပြီးချင်း ဘေးကင်းရာသို့ ရှောင်တိမ်းပျံသွားနိုင်သည်ဟု ဆိုသည်။

လေဇာရောင်ခြည်ဖြင့် လမ်းကြောင်းထိန်းပေးရသော ဗုံးကို ပစ်မှတ်သို့ ကြဲချလိုသောအခါဗုံးကြဲလေယာဉ်ကိုယ် ၌က ဖြစ်စေ၊ အခြား လေယာဉ်တစင်းက ဖြစ်စေ မြေ

၁၂၂ မမ ဆုံလည် မြေပြင်ပစ် အမြောက်ကြီးတလက်



ပြင်ရှိ ပစ်မှတ်ပေါ်သို့ လေဇာရောင်ခြည်များ ကျအောင် ပြုလုပ်ပေးရသည်။

လေဇာရောင်ခြည်များ ပစ်မှတ်ပေါ်သို့ ကျသွားသော အခါ၌ အချို့ရောင်ခြည်တို့မှာ ပစ်မှတ်မှ ကောင်းကင်သို့ အလင်းရောင် ပြန်ဟပ်ရာတွင် ကတော့သဏ္ဌာန် ဖြစ်၍ ရောင်ပြန်ဟပ်လေတော့သည်။ ယင်းသို့ဖြင့် ပစ်မှတ်မှာ အဆိုပါကတော့၏ထိပ်တွင်တည်ရှိသွားတော့သည်။ ထိုအခါ လေယာဉ်မှ ကြဲချလိုက်သော ဗုံးသည် အလင်းပြန်သည့် စက်ကွင်းအတွင်းမိသွားသောကြောင့် မိမိအလိုအလျောက် ကတော့သဏ္ဌာန် ရောင်ပြန်ဟပ်မှုအတိုင်း ကျလာရာနောက် ဆုံးတွင် ကတော့ထိပ်ရှိ ပစ်မှတ်ပေါ်သို့ ကျသွားတော့ သည်။ အဆိုပါနည်းဖြင့် ဗုံးကြဲခြင်းသည် ရုပ်မြင်သံကြား ကင်မရာနည်းဖြင့် ဗုံးကြဲခြင်းထက် ငွေကုန်ကြေးကျများ သည်။ ဗုံးကြဲချသည့် လေယာဉ်ကလည်း ပစ်မှတ်ကို ထိမထိ သိရှိရန် ကောင်းကင်၌ ပျံဝဲ၍ ကြည့်ရှုဖို့ လိုအပ်သည်။ သို့သော် ရာသီဥတုဆိုးရွားနေသည့် အချိန်ကာလမျိုးတွင် ရေဒါကရိယာအကူအညီဖြင့် ပစ်မှတ်ကို ရှာဖွေပြီး တိုက် ခိုက်နိုင်သော နည်းဖြစ်သည်ဟုဆိုသည်။ ယင်းဗုံးများကို စမတ်ဗုံးများဟူ၍လည်း ခေါ်သည်။

နျူထရွန်ဗုံး– စစ်မြေပြင်၌ အသုံးပြုရန် အမေရိကန် သိပ္ပံပညာရှင်များက အနှစ် နှစ်ဆယ်ခန့် စူးစမ်းပြီးမှ တီထွင်သော ဗုံးဖြစ်သည်။ ယင်းသည် ခရီးတာ ၇၅ မိုင် အထိ သွားသော လင့်ခေါ် ဒုံးပျံထိပ်ဖူးဝှင်ထင်း၊ အ ချင်းရှစ်လက်မခန့် ရှိသော အမြောက်ကျည်ဆန်အတွင်း တွင် ထည့်၍ မိုင် ၂၀ အကွာရှိ ပစ်မှတ်သို့ထင်း လှမ်း၍ ပစ်ခတ်နိုင်သည်။

နျူထရွန်ဗုံး၏ ပေါက်ကွဲအားမှာ သာမန်ယမ်းဘီလူး တန်ချိန်တထောင် ပေါက်ကွဲအားနှင့်ညီမျှသည်။ ထို့ကြောင့် ဟိုက်ဒရိုဂျင်ဗုံး၊ သို့မဟုတ် သာမန် ယမ်းဘီလူးတန်ချိန် နှစ်သောင်းမှ ငါးသောင်းခန့် ပေါက်ကွဲအားနှင့် ညီမျှ သော အနုမြူဗုံးတို့၏ ပေါက်ကွဲအားနှင့် ပေါက်ကွဲရာတွင် ဖြာထွက်သော အပူဓာတ်နည်းပါးသည်။ သို့သော်မြေပြင် အထက် ပေ ၃၉၀ အမြင့်၌ ပေါက်ကွဲမည်ဆိုပါကဗုံးပေါက် ကွဲရာနေရာနှင့်ကိုက် ၁၄၀ အကွာအတွင်းရှိအဆောက်အအုံ မှန်သမျှပျက်စီးသွားမည်ဖြစ်ပြီးမိုင်ဝက်ပတ်လည်ရှိ သက်ရှိ သတ္တဝါမှန်သမျှ သေကြေပျက်စီးသွားမည်။

ဗုံးပေါက်ကွဲရာနေရာမှ တမိုင်ပတ်လည်အတွင်းရှိ လူ သားများမှာ ဗုံးကွဲပြီးသည့်နောက် တလကြာသည့်အခါ တွင် နျူထရွန်ရောင်ခြည်မိ ခံရသဖြင့် သေရမည်။ ပေါက် ကွဲမှုစွမ်းအား ပျော့ခြင်းကြောင့်ရင်း၊ ပေါက်ကွဲစဉ်ဖြစ်ပေါ် သည့် အပူဓာတ်နည်းပါးခြင်းကြောင့်ရင်း ဗုံးပေါက်ကွဲ ရာနေရာနှင့် ကိုက် ၁၄၀ ကျော် အကွာနေရာ တဝိုက် တွင်ရှိ အဆောက်အအုံ မှန်သမျှသည် မပျက်စီးပဲ ကျန် ရစ်မည်။ ဗုံးပေါက်ကွဲပြီးနောက် အပူဓာတ်ဖြာထွက်မှုမှာ လျင်မြန်သော်လည်း ဗုံးပေါက်ကွဲသည့်နေရာမှ တမိုင်နှစ် ဖာလုံကျော်ခန့် ကွာဝေးသည့် နေရာမျိုးတို့တွင်အန္တရာယ် မရှိဟု သိရသည်။

နျူထရွန်ဗုံးသည် ပေါက်ကွဲသည်နှင့် တပြိုင်တည်း ရေဒီယိုသတ္တိကြွ နျူထရွန်အများအပြားကို ထုတ်လွှတ် နိုင်စွမ်းရှိသည်။ သို့သော်လည်း အဆောက်အအုံနှင့် သယ်ယူပို့ဆောင်ရေး ယာဉ်များကို မပျက်စီးစေဲလူကိုသာ လျင် သေစေမည်။ ထို့ကြောင့် ရန်သူ၏ သံချပ်ကာယာဉ် များအနီး၌ ဗုံးပေါက်ကွဲသောအခါ နျူထရွန်များသည် အဆိုပါယာဉ်များအတွင်းသို့ ထိုးဖောက်ဝင်ရောက်သွားပြီး ယာဉ်အတွင်းရှိစစ်သည်များကိုသာသေစေမည်ဟုဆိုသည်။

နပမ်းဗုံး–မီးလောင်ဗုံးအမျိုးမျိုးရှိသည့်အနက် အဆိုး ရွားဆုံးဖြစ်သည်။ လူနေရပ်ကွက်၊စစ်ဖက်ဆိုင်ရာနေရာများ၊ စက်ရုံအလုပ်ရုံများနှင့် သစ်တောများကို ဖျက်ဆီးလိုသော အခါတွင်၎င်း၊ စစ်မျက်နှာများတွင် လိုအပ်သည့် အခါများ တွင်၎င်း အသုံးပြုသည်။

ကြီးမားသော မီးတောက် မီးလျှံဖြင့် လောင်ကျွမ်း တတ်ပြီး အပူဓာတ်ပြင်းထန်စွာ ထွက်သည်။

လူနေရပ်ကွက်၊ စစ်ဖက်ဆိုင်ရာ နေရာများနှင့် စက်ရုံ အလုပ်ရုံများကို ကြဲချသောအခါမီးလောင်ကျွမ်းမှုကြောင့် လူသေခြင်း၊ အဆောက်အအုံနှင့် အခြားပစ္စည်းများ မီးလောင်ပျက်စီးခြင်းဖြစ်သည်။

ကတ္တရာခင်းလမ်းများနှင့် ကွန်ကရစ်လမ်းများသည် ပြင်းထန်သောအပူဓာတ်ကြောင့် ပျက်စီးသည်။ မီးလောင် သည့်အငွေ့ကို ရှူရှိုက်မိသောသူများသည်လည်းကိုယ်တွင်းရှိ တစ်ရှူးများ ပျက်စီးသဖြင့် ရောဂါများ ရတတ်သည်ဟု ဆိုသည်။

ဓာတုပစ္စည်း လက်နက်

လက်နက်အဖြစ် အသုံးပြုသော ဓာတုပစ္စည်းများမှာ ဒိုင်ချလာ ပီနိုစီးအက်ဆီတစ် အက်ဆစ်၊ ထရိုင်ချလာ ပီနိုစီး အက်ဆီတစ် အက်ဆစ်၊ထရိုင်ချလာ ပီကိုလိနစ် အက်ဆစ်၊ ဒိုင်မီသိုင်း အာစနစ် အက်ဆစ်၏ဒြပ်ပေါင်းနှင့် အာစနစ်ဒြပ် ပေါင်းများ ဖြစ်သည်ဟုဆိုသည်။

ဒိုင်ချလာ ပီနိုစီးအက်ဆီတက်အက်ဆစ်နှင့် ထရိုင်ချလာ ပီနိုစီးအက်ဆီတစ်အက်ဆစ်တို့သည် လိမ္မော်ရောင် အဆင်း ရှိပြီး သစ်ပင်ကြီးများနှင့် သစ်တောများကို ဖျက်ဆီးပစ် ရန် အသုံးပြုသည်။ ယင်းတို့ကို ဆေးမှုန့်အဖြစ်ဖြစ်စေ၊ ဗုံး တွင် ထည့်၍ဖြစ်စေ ရန်သူနယ်မြေအတွင်းသို့ ကြဲချသည်။

ဒိုင်ချလာပီနိုစီး အက်ဆစ်သည် ကြဲချလိုက်ပြီးနောက်

မြေဆီလွှာပေါ်တွင် ရက်သတ္တပတ် အနည်းငယ်ခန့် တည်ရှိနေတတ်သည်။ ထို့နောက် မြေပြင်တွင်ရှိ ရေတို့၏ သယ်ဆောင်မှုကြောင့် မြေအတွင်း စိမ့်ဝင်သွားသော ဓာတ်ပစ္စည်းများသည် သစ်မြစ်များကိုထင်း၊ ပင်စည်နှင့် အရွက်များအတွင်း စိမ့်ဝင်သော ဓာတ်ပစ္စည်းများသည် ပင်စည်နှင့် အရွက်တို့ကိုထင်း အန္တရာယ်ပြုတော့သည်။ ထို့ကြောင့် သစ်ပင်များ တဖြည်းဖြည်း ပျက်စီးလာတော့သည်။ အထူးသဖြင့် ရာဗာပင်၊ ပိန်းပင်၊ ငှက်ပျောပင်ကဲ့သို့ အစေးရှိသော အပင်မျိုးမှာ အမြန်ဆုံး ပျက်စီးတတ်သည်။

ဒိုင်ချလာပီနိုစီး အက်ဆီတစ် အက်ဆစ်၏ ဂုဏ်သတ္တိမှာ သစ်ပင်တို့ကို ရုတ်တရက် သေဆုံးနိုင်ခြင်း မရှိချေ။ ထို့ကြောင့် ထရိုင်ချလာပီနိုစီး အက်ဆီတစ်အက်ဆစ်ဖြင့် ရောစပ်၍ အသုံးပြုသည်။ ယင်းသို့ ရောစပ်ထားသော ဓာတ်ပစ္စည်းများ သစ်ရွက်များပေါ်သို့ ကျသွားသော အခါ သစ်ပင်များသည် ရုတ်ခြည်း တွန့်လိမ်သွားကာ နာရီအနည်းငယ်အတွင်း သေသွားတော့သည်။ ယင်းနည်းဖြင့် တိုက်ခိုက်ခြင်းကြောင့် ပလောပီနံ၊ အာလူးပင်ကဲ့သို့ အုတ်သော အပင်များနှင့် ပြောင်းဖူးပင်ကဲ့သို့ စိုက်ပျိုးပင်တို့ သာမက သစ်ပင်ကြီးများပင် ရုတ်တရက် ပျက်စီးသွားတော့သည်။

ထရိုင်ချလာ ပီကိုလီနစ် အက်ဆစ်သည်အဖြူရောင် အဆင်းရှိပြီး လူနေများသောဝန်းကျင် တဝိုက်တွင်ကြဲချလေ့ရှိသည်။ယင်း၏ အာနိသင်မှာ လူတို့စားသုံးသော အရွက်ငယ်သည့်သီးနှံပင်မျိုးကို ဖျက်ဆီးပစ်နိုင်သည်။ ကြဲချလိုက်သည့်နေရာမှ ယင်းဓာတ်များသည် အလွယ်တကူလွှင့်ထုတ်မသွားပဲ ရှိတတ်သည်။ ထို့ကြောင့်အဆိုပါ ဓာတ်ပစ္စည်းထိသော အပင်တို့မှာ နှစ်နှစ်ကျော်ခန့် အရွက်များမပေါက်ပဲ ရှိတတ်သည်။ သို့သော် စပါးပင်သည် အဆိုပါဓာတုပစ္စည်းနှင့် ထိမိပြီး ၂၄ နာရီအကြာတွင် သေသွားတော့သည်။

ဒိုင်မီသိုင်း အာဆနစ် အက်ဆစ်၏ ဒြပ်ပေါင်းသည် အပြာရောင်အဆင်းရှိသည်။ ယင်းသည်အထူးသဖြင့် မြက်ပင်ကဲ့သို့ အရွက်သေးသေး သွယ်သွယ် ရှိသောအပင်မျိုးအတွက် ပိုမို အဆိပ်ပြင်းသောပစ္စည်းဖြစ်သည်။ထို့ကြောင့် စပါးပင်များကို ဖျက်ဆီးရန် အဓိက လက်နက်အဖြစ် အသုံးပြုသည်။စပါးပင်များသည် အဆိုပါဓာတ်ပစ္စည်းဖြင့် ထိမိသောအခါ အစိမ်းရောင်ရှိနေသော အရွက်များမှာ ဖြူလျော်လျော် ဖြစ်လာပြီး ရိုးတံများကွေး၍ ကျိုးကျသွားသည်။ ယင်းသို့ဖြင့် စပါးပင်သည်အဆိုပါ ဓာတုပစ္စည်းနှင့်ထိပြီး အနည်းဆုံး ခြောက်နာရီအများဆုံး ရှစ်နာရီခန့် အကြာတွင် လုံးဝပျက်စီးသွားတော့သည်။

အာဆနစ်ဓာတ်ပေါင်းသည် လူနှင့် တိရစ္ဆာန်တို့ပျက်စီးအောင် အသုံးပြုသော ဓာတ်ပစ္စည်းဖြစ်သည်။ အဆိုပါ အဆိပ်ဖြစ်စေတတ်သော ဓာတ်ပစ္စည်းများကို ရန်သူနယ်မြေအတွင်း ကြဲချလိုက်သောအခါ အကြဲခံရသည့် ဒေသတဝိုက်တွင် အဆိပ်များဖြင့် ညစ်ညမ်းနေမှုကြောင့် မြေဆီမြေလွှာများပါ ပျက်စီးကာ သစ်ပင်များ ပြန်လည် စိုက်ပျိုး၍ မရနိုင်တော့ချေ။ ထိုမျှသာမက သစ်တောနှင့် သစ်ပင်တို့၌ ခိုလှုံနေကြရသော ကြက်၊ ငှက်နှင့် တိရစ္ဆာန်မှန်သမျှသည် အချို့လည်း သေသွားကြသည်။ အချို့လည်း ကိုယ်အင်္ဂါ အစိတ်အပိုင်းများ ချို့တဲ့ကာ တဖြည်းဖြည်း သေသွားကြသည်။

ထို့အပြင် အဆိပ်သင့်ရာ ဒေသ၏ အောက်ပိုင်းတွင် ရှိသော ဒေသများသို့တိုင် ချောင်းရေ မြစ်ရေများမှတဆင့် အဆိပ်များ ပြန့်နှံ့တတ်သည်။ ယင်းသို့ ပြန့်နှံ့သွားလျှင် အဆိုပါဒေသများရှိ သစ်ပင်နှင့် လူ၊ တိရစ္ဆာန်တို့ပါ ဘေးအန္တရာယ် ဖြစ်ကြရသည်။

ထိုသို့ သစ်ပင်ကြီး သစ်ပင်ငယ်များ ပျက်စီးသွားသည့်အတွက် မိုးရာသီရောက်သောအခါ ရေစီးသန်ခြင်း၊ ရေတိုက်စားမှုများခြင်း ဖြစ်လာသည်။ ယင်းသို့ဖြင့် မြေဆီလွှာများ ဆုံးရှုံးပျက်စီးခြင်းလည်း ဖြစ်ရသည်။ ထို့အပြင် နွေရာသီတွင် အပူဓာတ်ပိုများ လာခြင်းနှင့် ဆောင်းရာသီတွင် အအေးဓာတ်ပိုများ လာခြင်းတို့ပါ ဖြစ်လာတတ်ပြီး ရာသီဥတု ဖောက်ပြန်လာတော့သည်။

ဓာတုပစ္စည်းများကို ယင်းသို့လက်နက်သဖွယ် အသုံးပြုလိုက်ခြင်းကြောင့် နောက်ဆက်တွဲဖြစ်လာသည့်အန္တရာယ်များမှာ ကိုယ်ဝန်ဆောင် အမျိုးသမီးတို့၌ ကိုယ်အင်္ဂါချွတ်ယွင်းသည့် ကလေးမျိုး မွေးလာခြင်းနှင့် သားပျက်ခြင်းတို့ ဖြစ်လာသည်။ သာမန်လူတို့တွင်လည်း ခေါင်းကိုက်ဝေဒနာ စွဲကပ်ခြင်း၊ အော့အန်ခြင်း၊ ကိုယ်အင်္ဂါအစိတ်အပိုင်းအချို့ တဖြည်းဖြည်း သေသွားခြင်းနှင့် အသက်ဆုံးရှုံးခြင်းပါ ဖြစ်ရတော့သည်။

သို့သော် အဆိုပါ ဓာတုပစ္စည်းများနှင့် အဆိပ်ငွေ့များကို စစ်ရေးအရအသုံးမပြုရန် နိုင်ငံအများက ၁၉၉၉ ခုနှစ်ကပင် စိန့်ပီတာစဗတ်ကြေငြာစာတမ်းအဖြစ် ကန့်ကွက်ခဲ့ကြသည်။ ထို့နောက် နယ်သာလန်နိုင်ငံ ဟိတ်မြို့တွင် ၁၉၉၉ ခုနှစ် ဇူလိုင်လ ၂၉ ရက်နေ့ ပြုလုပ်သော နိုင်ငံတကာ သဘောတူညီချက်၊ ၁၉၀၇ ခုနှစ် အောက်တိုဘာလ ၁၉ ရက်နေ့တွင် ဟိတ်မြို့၌ ထပ်မံပြုလုပ်ခဲ့သော သဘောတူညီချက်၊ ပထမ ကမ္ဘာစစ်အပြီး နိုင်ငံအများ ပါဝင်လက်မှတ်ထိုးထားသည့် ၁၉၁၉ ခုနှစ် ဗာဆေး စာချုပ်၊ ၁၉၂၂ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် ဝါရှင်တန် စာချုပ်နှင့် ၁၉၂၅ ခုနှစ် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ နိုင်ငံတကာ စာချုပ်တို့ဖြင့်လည်း အဆိုပါပစ္စည်းများကို စစ်ရေး၌ အသုံးမပြုရန် တားမြစ်ခဲ့သည့် အစဉ်အလာရှိခဲ့သည်။



အမေရိကန် နိုင်ငံခြားရေး ဝန်ကြီး ဆိုင်းရပ်ဗန့်စနှင့် ဆိုဗီယက် နိုင်ငံခြားရေး ဝန်ကြီး အန်ဒရေဂရိုမီကိုတို့ ဂျီနီဗာတွင် တွေ့ဆုံကာ မဟာဗျူဟာ လက်နက် ကန့်သတ်ရေး စာချုပ် လက်မှတ်ရေးထိုးနေစဉ်။

၁၉၇၁ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် ကျင်းပသော ကုလသမဂ္ဂ အထွေထွေ ညီလာခံကလည်း အဆိပ်လက်နက်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ စုဆောင်းခြင်းတို့ကို တားမြစ်သည့် နိုင်ငံတကာသဘောတူညီချက်တခုကိုလည်း ထပ်မံပြုလုပ်ခဲ့သည်။ ထို့အပြင် အဆိုပါ ညီလာခံကပင် အမေရိကန်၊ ရုရှနှင့် ပြိတိန်နိုင်ငံ တို့အားလည်း အဆိုပါ သဘောတူညီချက်တွင် ပါဝင် လက်မှတ်ရေးထိုးရုံမကပဲ လိုအပ်သည့် တားမြစ်ချက်များကိုပါ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံခဲ့လေသည်။

လက်နက်လျှော့ပေါ့ရေး ကြိုးပမ်းမှု

ရုရှ၊ အမေရိကန်နှင့် ပြိတိန် အင်အားကြီးနိုင်ငံများသည် လက်နက် ကန့်သတ်ရေး၏ ပမာဏအဆင့်အဖြစ် ဖြင့် အာကာသနှင့် ပင်လယ်သမုဒ္ဒရာရေပြင် အောက်တို့၌ အနုမြူလက်နက်များ စမ်းသပ်မှု တစိတ်တဒေသပိတ်ပင်ရေး စာချုပ်ကို ၁၉၆၃ ခုနှစ် ဇူလိုင်လ ၂၅ ရက်နေ့တွင်၎င်း၊ အာကာသ၌ အနုမြူလက်နက်ထားရှိခြင်းကို ပိတ်ပင်သည့် စာချုပ်ကို ၁၉၆၆ ခုနှစ်တွင်၎င်း ချုပ်ဆိုခဲ့သည်။ ထို့အပြင် အမေရိကန် သမ္မတ ဂျွန်ဆင်နှင့် ရုရှဝန်ကြီးချုပ် ကိုဆီဂင် တို့သည် နယူးဂျာစီပြည်နယ်ရှိဂလပ်စဗိုရှိတက္ကသိုလ်၌ ၁၉၆၇ ခုနှစ် ဇွန်လ ၂၃ ရက်နေ့ နှင့် ဇွန်လ ၂၅ ရက်နေ့ တို့တွင် တွေ့ဆုံ၍ တနိုင်ငံနှင့် တနိုင်ငံ စစ်ရေးအရပဋိပက္ခဖြစ်ခဲ့သော် အနုမြူလက်နက်များ အသုံးမပြုရေးအတွက် သဘောတူညီမှုများကိုလည်း ရယူခဲ့သည်။ ထို့နောက် ရုရှနှင့် အမေရိကန် အပါအဝင် နိုင်ငံကြီးများသည် အနုမြူလက်နက် မပြန့်ပွားရေး စာချုပ်ကို ၁၉၆၉ ခုနှစ်တွင် ချုပ်ဆိုခဲ့သည်။ ယင်းနောက် ရုရှနှင့် အမေရိကန် တို့သည် မဟာဗျူဟာ လက်နက် ကန့်သတ်ရေးဆွေးနွေးပွဲများကို ဖင်းလန်နိုင်ငံ ဟဲလဆင်ကီမြို့နှင့် ဩစတြီးယားနိုင်ငံ ဗီယင်းနား မြို့တို့၌ဌင်း ၁၉၇၂ ခုနှစ် မေလဆန်းအထိ ကျင်းပခဲ့သည်။ ထို့နောက် အမေရိကန်သမ္မတ နစ်ဆင်နှင့် ရုရှခေါင်းဆောင်များသည် မဟာဗျူဟာလက်နက် ကန့်သတ်ရေးဆိုင်ရာ ပထမ အဆင့် လက်နက်ကန့်သတ်ရေးစာချုပ်ကို ထိုနှစ် မေလ ၂၆ ရက်နေ့တွင် ချုပ်ဆိုခဲ့သည်။ (မဟာဗျူဟာ လက်နက်ကန့်သတ်ရေး — ရှ။)

ဆွစ်ဇာလန် နိုင်ငံ ဂျီနီဗာမြို့တွင် ၁၉၇၂ ခု နိုဝင်ဘာလ ၂၁ ရက်နေ့မှ ၁၉၇၃ ခုနှစ် ဇွန်လ ၁၂ ရက်နေ့အထိ မဟာဗျူဟာလက်နက်များ၏ စွမ်းအား ကန့်သတ်ရေးနှင့် ဒုံးပျံအရေအတွက် ကန့်သတ်ရေးတို့ကို ဆွေးနွေးခဲ့သည်။ ယင်းသို့ဆွေးနွေးအပြီး ရုရှခေါင်းဆောင် ဗရက်ဇနက်သည် အမေရိကန်ပြည်ထောင်စုသို့ ချစ်ကြည်ရေးခရီး သွားရောက်ကာ သမ္မတ နစ်ဆင်နှင့် ဇွန်လ ၂၁ ရက်နေ့တွင်နှင့် ၂၂ ရက်နေ့များတွင် တွေ့ဆုံကြပြီးမဟာဗျူဟာ လက်နက် ကန့်သတ်ရေး အခြေခံမူများနှင့်အနုမြူစစ် တားဆီးရေးအတွက် သဘောတူညီချက်များကို လက်မှတ်ရေးထိုးခဲ့သည်။

ထို့နောက် အမေရိကန် သမ္မတ ဂျယ်ရယ်ဖို့နှင့် ဗရက်ဇနက်တို့သည် ရုရှနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ တွေ့ဆုံဆွေးနွေးကြပြီး ၁၉၇၅ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ ဆယ်နှစ်ကြာကာလအတွင်း လက်နက်ကန့်သတ်ရေး စာချုပ်ကို ၁၉၇၄ ခု နိုဝင်ဘာလ ၂၄ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဆိုင်းရပ်ဗန့်စသည် ၁၉၇၇ ခုနှစ် မေလ ၁၈ ရက်နေ့နှင့် ၁၉ ရက်နေ့တို့တွင် ရုရှနိုင်ငံခြားရေးဝန်ကြီး အန်ဒရေဂရိုမီကိုနှင့် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် တွေ့ဆုံကာ လက်နက်ကန့်သတ်ရေး အတွက် ဆွေးနွေးခဲ့သည်။ ယင်းဆွေးနွေးပွဲတွင် အချက်သုံးချက်ပါ ဒုတိယအဆင့် မဟာဗျူဟာ လက်နက်ကန့်သတ်ရေး စာချုပ် ဖြစ်မြောက်ရေးအတွက် အခြေခံဘောင် ခတ်ရန် သဘောတူခဲ့သည်။

ဦးမောင်မောင်ရင်



ကချင်ပြည်နယ်။ ။(၁–၁၀၊၅၀၁—ရှ။)အရှေ့ဖက်နှင့် အရှေ့မြောက်ဖက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အနောက်ဖက်တွင် အိန္ဒိယနိုင်ငံနှင့် စစ်ကိုင်းတိုင်း၊ တောင်ဖက်တွင် ရှမ်းပြည်နယ်တို့နှင့် နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိသည်။ အကျယ်အဝန်းအားဖြင့် ၃၄,၃၇၉ စတုရန်းမိုင်ရှိ၍ မြန်မာတနိုင်ငံလုံး အကျယ်အဝန်း၏ ၁၃ ဒသမ ၁၆ ရာခိုင်နှုန်းရှိသည်။ မြို့နယ်ပေါင်း ၁၈ မြို့နယ်နှင့်ကျေးရွာအုပ်စုပေါင်း ၆၉၁ အုပ်စုတို့ဖြင့် ဖွဲ့စည်းထားသည်။ ယင်းတို့အနက် မိုးညှင်းမြို့နယ်သည် လူဦးရေအများဆုံးဖြစ်၍ ၁၀၇,၅၀၂ ယောက်ရှိသည်။ ဒုတိယလူဦးရေ အများဆုံးမြို့နယ်မှာ မြစ်ကြီးနားမြို့နယ် (၁၀၃,၂၂၅) ဖြစ်သည်။

ကချင်ပြည်နယ်၏ လူဦးရေသည် ၇.၅၄သိန်းခန့်ရှိသည်။ ကချင်ပြည်နယ်ကို ယခင်က ခရိုင်သုံးခုခွဲ၍ ဖွဲ့စည်းခဲ့သော်လည်း ၁၉၇၄ ခုနှစ် ဇန္နဝါရီလ ၃ ရက်နေ့တွင် အတည်ဖြစ်လာသော ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ပြည်ထောင်စုဆိုင်ရယ်လစ် သမ္မတ မြန်မာနိုင်ငံတော်ဖြစ်ပေါ် လာရာ ကချင်ပြည်နယ်ကိုလည်း မြစ်ကြီးနားမြို့နယ်၊ ဝိုင်းမော်မြို့နယ်၊ တနိုင်းမြို့နယ်၊ ချီဗွေမြို့နယ်၊ ဆော့လော်မြို့နယ်၊ ဗန်းမော်မြို့နယ်၊ ရွှေကူမြို့နယ်၊ မိုးမောက်မြို့နယ်၊မန်စီမြို့နယ်၊ပူတာအိုမြို့နယ်၊ ဆွမ်ပရာဘွမ်မြို့နယ်၊ မချမ်းဘောမြို့နယ်၊ ခေါ်ဘူဒဲမြို့နယ်နှင့် နောင်မွန်မြို့နယ်ဟူ၍ မြို့နယ်ပေါင်း ၁၈ မြို့နယ်ဖြင့် ဖွဲ့စည်းလိုက်လေသည်။ ဂျိန်ဖော၊ ရဝမ်၊ လီဆူ၊ အင်း၊ လရှီ၊ မရုစသော သွေးချင်းသားချင်းတို့ နေထိုင်ကြသည်။ ပြည်သူလွှတ်တော် ကိုယ်စားလှယ် ၂၀ ရွေးချယ်တင်မြှောက်နိုင်သော ပြည်နယ်ဖြစ်သည်။

ကချင်ပြည်နယ်၏ အဓိက စီးပွားရေးလုပ်ငန်းများမှာ လယ်ယာလုပ်ငန်းဖြစ်သည်။ မြစ်ဝှမ်းလွင်ပြင် ဒေသများ၌ စပါး၊ ကြံ၊ မြေပဲတို့ကို အဓိကထား စိုက်ပျိုးကြသည်။ သီးနှံအမျိုးမျိုးစိုက်ကေ လေးသိန်းခန့်ရှိသည်။ မြေရိယာ ၂၃,၇၃၇ ကေကို ဆည်ရေပေးသွင်းနိုင်ရန် ကျပ်ငွေ ၇၈.၃၀ သိန်း အကုန်ခံ၍ ဆည်မြောင်းများ တည်ဆောက်ခဲ့သည်။ ဝါးရှောင်ဆည်၊ မြို့သစ်ကလေးဆည်၊ ကုလားကုန်းဆည်တို့သည် ဆည်ရေသောက်လယ်များအတွက် အရေးပါလေသည်။ နှစ်ရှည်လုပ်ငန်းကြီးအဖြစ် ကျပ်ငွေသိန်း ၂၉၀ အကုန်အကျခံ၍ ဖော်ထုတ်မည့်ပေါင်းနက်ချောင်းဆည်နှင့် ပူတာအိုဆည်တို့ပြီးစီးပါက မြေရိယာ ၂၉,၀၀၀ ကေကို ဆည်ရေပေးသွင်းနိုင်ဦးမည် ဖြစ်သဖြင့် ကချင်ပြည်နယ် စိုက်ပျိုးရေး လုပ်ငန်း ပိုမိုဖြစ်ထွန်းလာမည် ဖြစ်ပါသည်။ စိုက်ပျိုးရေးမျိုးပွား ဥယျာဉ်နှင့် စမ်းသပ်စိုက်ကွင်းများ ဖွင့်လှစ်ထားသည့် စိုက်ပျိုးရေးကျောင်းလည်းရှိလေသည်။ မြစ်ကြီးနားမြို့သည် ကချင်ပြည်နယ်၏ ရုံးစိုက်မြို့ ဖြစ်သည်။

ကချင်ပြည်နယ်၏ သယံဇာတပစ္စည်းများတွင် ရွှေ၊ ငွေ၊ ကြေးနီ၊ သံ၊ ခဲ၊ ပယင်း၊ ကျောက်စိမ်း၊ ကျောက်သလင်းနှင့် ကျောက်မီးသွေးများ ပါဝင်သည်။ နမ္မားရွှေတွင်းနှင့် ဖားကန့်ကျောက်စိမ်းတွင်းတို့မှာ လွန်စွာထင်ရှားသည်။ နိုင်ငံတော်၏ စီးပွားရေးအတွက် အားထားရသည့်လုပ်ငန်းတခုဖြစ်သော သတ္တုကျောက်၊ ရတနာကျော၊ နယ်မြေသစ်များကိုလည်း ဆက်လက်ရှာဖွေ ဖော်ထုတ်ဆဲ ဖြစ်သည်။

ကာမိုင်းမြို့နယ်နှင့် ဟူးကောင်းချိုင့်ဝှမ်းတွင် ဆားချက်လုပ်ရန် ဆားတွင်းများရှိသည်။ နိုင်ငံတော်၏ စီးပွားရေးအတွက် အားထားရသော လုပ်ငန်းတခုဖြစ်သောကြောင့် သတ္တုကျောက်၊ ရတနာကျော နယ်မြေသစ်များ ရှာဖွေထုတ်လုပ်ဆဲ ဖြစ်သည်။

ကချင်ပြည်နယ် မြောက်ဖက်စွန်း၌ မြန်မာနိုင်ငံ၏ အမြင့်ဆုံးတောင်ထွဋ်ဖြစ်သော ခါခါဘိုရာဇီတောင်ရှိသည်။ (ခါခါဘိုရာဇီတောင်—ရှ။)

ကဒတ်ဖို့ကာနယ် မူအမွာ အယ်(ခရစ် ၁၉၄၁ ဖွား)။ လစ်ဗျ သမ္မတ ကဒတ်ဖီကို ၁၉၄၁ ခုနှစ်တွင် မီစူရာတာ အရပ်၌ ကုလားအုပ် ကုန်သည် မိုဟာမက်အဗ္ဒဒူလဆန် အဗူမီနီယာနှင့် အိုင်ရှာ အဗူမီနီယာတို့မှ ဖွားမြင်ခဲ့သည်။ အထက်တန်းလွန်ပညာကို ဗင်္ဂါဇီမြို့ရှိ လစ်ဗျတက္ကသိုလ်၌ ဆည်းပူးခဲ့ပြီးနောက် ကဒတ်ဖီသည် အင်္ဂလန်တွင် တင့်ကားစစ်ဆင်ရေးသင်တန်းကို တက်ရောက်သည်။ လစ်ဗျစစ်တပ်တွင် ၁၉၆၅ ခုနှစ်မှစ၍ ဝင်ရောက် ပြီးနောက် ၁၉၆၉ ခုနှစ်က်တင်ဘာ လတွင် လစ်ဗျတော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ နှင့် တပ်မတော် စစ်ဦးစီးချုပ် ဖြစ်လာသည်။



လစ်ဗျနိုင်ငံခေါင်းဆောင် ကဒတ်ဖီ

ကဒတ်ဖီသည် လူဦးရေ နှစ်သန်းခဲ့ရှိသော သူ့နိုင်ငံကို သာမက လူသန်း ၁၀၀ ကျော်ရှိ အာရပ်ဒေသကြီးတခုလုံးကို စုစည်းလိုသူ ဖြစ်သည်။ အာဖရိကမြောက်ပိုင်း မြေထဲပင်လယ်စပ်ရှိ မိမိနိုင်ငံကို အရှေ့ဖက်မှ အီဂျစ်နှင့်၎င်း၊ အနောက်ဖက်မှ တျူနစ်ဇီးယားနှင့်၎င်း ပူးပေါင်းရန် အားထုတ် စီစဉ်ခဲ့သည်။

အစ္စလာမ်ဘာသာဝင်ကဒတ်ဖီသည် တနေ့လျှင် ဘုရားငါးကြိမ်ရှိခိုးပြီး အဂတိတရားကင်းအောင် နေသူဖြစ်သည်။

ကဒတ်ဖီက သူ၏အရာရှိအရာခံ အကြပ်တပ်သားများအား ဆေးလိပ်နှင့်အရက် မသောက်ရန် တားမြစ်ခဲ့သည်။ စစ်တက္ကသိုလ် ကျောင်းသားဘဝကပင် လစ်ဗျာဘုရင်ကို ဖြုတ်ချရန် လျှို့ဝှက်စုစည်းခဲ့သူ ဖြစ်သည်။

နိုင်ငံအကြီးအကဲ ဖြစ်ချိန်အထိ သူသည်အီဂျစ်သမ္မတနတ်ဆာ၏ အာရပ်စည်းလုံးရေး မြော်မှန်းချက်မျိုးကို ထားသည်။ သို့ဖြင့် အင်္ဂရိယယ်ကို ထောက်ခံသော နိုင်ငံကြီးများအား ရေနံလက်နက်ဖြင့် တန်ပြန်နိုင်ခဲ့သည်။

၁၉၅၁ ခုနှစ်ကတည်းက လစ်ဗျနိုင်ငံကို အုပ်စိုးလာသော ပထမမြောက် အိုင်းဒရစ်ဘုရင်၏လက်မှ ၁၉၆၉ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် အာဏာသိမ်းယူခြင်းဖြင့် ကဒတ်ဖီသည် လစ်ဗျနိုင်ငံ အကြီးအကဲ ဖြစ်လာသည်။ ထိုမှ ၁၉၇၀–၇၂ ခုနှစ်များတွင် ဝန်ကြီးချုပ်ဖြစ်လာပြီး ကာကွယ်ရေးဌာနကိုပါ ကိုင်သည်။ အာရပ်ပြည်ထောင်စုနိုင်ငံများကောင်စီတွင် ၁၉၇၁ ခုနှစ်မှစ၍ အသင်းဝင်ဖြစ်ရာမှ နောင်တွင် ဥက္ကဋ္ဌ အဖြစ် ရွေးချယ် တင်မြှောက်ခံရ၏။

ကာနယ်ကဒတ်ဖီ အာဏာရလာသောအခါ လစ်ဗျနိုင်ငံရှိအမေရိကန်နှင့်ပြိတိသျှ လေတပ်စခန်းများကိုရုပ်သိမ်းစေသည်။ ထို့ကြောင့်ပြိတိန်က လစ်ဗျနိုင်ငံလေကြောင်းကာကွယ်ရေး တာဝန်ယူမည့် ကန်ထရိုက်စာချုပ်ကို ပယ်ဖျက်လိုက်သည်။ ကဒတ်ဖီသည် ၁၉၇၃ ခုနှစ်တွင် နိုင်ငံခြားရေနံလုပ်ငန်း၏ အစုရှယ်ယာ ၅၁%ကို သိမ်းယူသည်။ ကဒတ်ဖီ ဝန်ကြီးချုပ်ဖြစ်နေစဉ် နိုင်ငံတွင် အရက်သေစာလည်း ပိတ်ပင်လိုက်သည်။ ညကပွဲများကိုလည်း ပညတ်ထားသည်။ ဘုရင့်အစိုးရကို ဖြုတ်ချပြီးနောက် ဝန်ကြီးအဖွဲ့သစ်ဖြင့် နိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ကို ရေးဆွဲစေသည်။ အခြေခံ ဥပဒေသစ်အရ လစ်ဗျ နိုင်ငံသည် လစ်ဗျ အာရပ် ပြည်ထောင်စုသမ္မတနိုင်ငံဟု ဖြစ်လာသောအခါ ကာဒတ်ဖီလည်း သမ္မတ ဖြစ်လာသည်။

ကဒတ်ဖီသည် အာရပ် အင်္ဂရိယယ် စစ်ပွဲ (၁၉၆၇) အတွင်း အင်္ဂရိယယ်အား အာရပ်တို့ တိုက်ခိုက်ပုံကို အားမရနိုင်၍ အာရပ်နိုင်ငံ အချို့အပေါ် စိတ်တိုင်းမကျဖြစ်ခဲ့ပြီး ၁၉၇၃ ခုနှစ်တွင် အင်္ဂရိယယ်နှင့် စစ်ဖြစ်စဉ် အီဂျစ်တို့ ပြုမူဆောင်ရွက်ပုံကို ပြင်းထန်စွာ ရှုတ်ချဝေဖန်သည်။ အီဂျစ်ကလည်း ကဒတ်ဖီအား ၁၉၇၄ ခုနှစ်အတွင်း သမ္မတဆဒတ်ထံမှ အာဏာလုမည့်သူများကို ငွေကြေး ထောက်ပံ့သည့်သူဟု စွပ်စွဲကာ ဗလောင်းဗလဲ သမားဟု ပြန်စွပ်စွဲသည်။ ၁၉၇၅ ခုနှစ် နွေရာသီအထိ ကဒတ်ဖီနှင့် ဆဒတ်တို့သည် တယောက်တပြန် ပုတ်ခတ်နေကြသည်။ ဆဒတ်နှင့် ကဒတ်ဖီမှာ ၁၉၇၇ ခုနှစ် ကုန်ချိန်အထိလည်း ဆန့်ကျင်ဖက်သာ ဖြစ်နေသေးသည်။

ကဒတ်ဖီသည် နိုင်ငံရေးက အနားယူမည်ဟု မကြာခဏ ပြောခဲ့ပြီးနောက် ၁၉၇၄ ခုနှစ် ဧပြီလတွင် ပြည်တွင်းနိုင်ငံရေး အာဏာများကို အဗ္ဗဒူဆလန်ဂျာလွတ် လက်သို့လွှဲအပ်သည်။ သို့ရာတွင် နိုင်ငံရေးရာတွင် ကဒတ်ဖီပင် ဆက်လက် တာဝန်ယူနေရသည်။

ကနေဒါနိုင်ငံ။ ။(၁–၃၃ — ရှု။) ကနေဒါနိုင်ငံတွင် ၁၉၇၆ ခုနှစ် ခန့်မှန်းခြေအရ လူဦးရေ စုစုပေါင်းမှာ ၂၂,၉၉၀,၀၀၀ ရှိသည်။ ၁၉၇၆ ခုနှစ် လူဝင်မှုစာရင်း ဇယားအရ ဒုတိယကမ္ဘာစစ်ပြီးနောက် နှစ်ပေါင်း ၂၀ အတွင်းကနေဒါနိုင်ငံတွင်း သို့ နိုင်ငံခြားသား နှစ်သန်း ခန့် ဝင်ရောက် လာခဲ့ သည်။



အများဆုံးဝင်ရောက်လာသောနိုင်ငံခြားသားများမှာ ဗြိတိန်နိုင်ငံမှဖြစ်၍ ၃၄,၉၇၈ ဦး ဖြစ်လေသည်။ အမေရိကန်ပြည်ထောင်စုမှ ၂၀,၁၅၅ ဦးနှင့် ဟောင်ကောင်မှ ၁၁,၁၃၂ ဦး ဖြစ်လေသည်။

ပီယဲအီလီယော့ထရူးဒိုးသည် ၁၉၆၈ ခုနှစ် ဧပြီလ ၂၀ ရက်နေ့၌ လက်စတာဘောင်စ ပီယာဆန်အား အနိုင် ရရှိကာ လစ်ဗရယ်ပါတီ၏ ခေါင်းဆောင်နှင့် ဝန်ကြီးချုပ်အဖြစ် သို့ရောက်ရှိလာသည်။ ၁၉၆၈ ခုနှစ် ဇွန်လ ၂၅ ရက်၌ ကျင်းပသော အထွေထွေ ရွေးကောက်ပွဲကြီး၌ လစ်ဗရယ်ပါတီသည် လူများစုက ထောက်ခံသောပါတီ ဖြစ်လာခဲ့သည်။

ကနေဒါနိုင်ငံတွင် ၁၉၇၆ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့မှစ၍ အများပြည်သူတို့နှင့် ဆိုင်သော ပြစ်မှုများတွင် သေဒဏ်ပြစ်မှုကို ဖျက်သိမ်းရန် ဥပဒေအရ ပြဋ္ဌာန်းလိုက်ပြီဖြစ်သည်။ သို့သော် စစ်ဖက်ဆိုင်ရာ ပြစ်မှုများတွင်သာသေဒဏ် အပြစ်ပေးရန် ကန့်သတ်ချက်ထားရှိသည်။ ယင်းမှာ စစ်ဖြစ်ချိန်ကာလအတွင်း တပ်မှ ထွက်ပြေးခြင်းနှင့် ပုန်ကန်ခြားနားသော အမှုများပြုရာတွင် သေဒဏ်အပြစ်ပေးရန် ဖြစ်သည်။ ၁၉၇၃ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ စတင်၍ အတည်ပြုခဲ့သော တည်ဆဲ ဥပဒေအရ လူသတ် တရားခံအားလုံးအတွက် သေဒဏ်ဖျက်သိမ်းခြင်းကို အစမ်းကာလအဖြစ် ၁၉၇၇ ခုနှစ် ဒီဇင်ဘာလအထိ နောက်ထပ် ငါးနှစ် တိုးထားလေသည်။

ကနေဒါဝန်ကြီးချုပ် မစ္စတာ ထရူးဒိုးသည်ကာကွယ်ရေးဌာနဝန်ကြီး မစ္စတာဂျိမ်းရစ်ချတ်ဆန်၏ ဝန်ကြီးအဖွဲ့မှနုတ်ထွက်မှုနှင့် ပတ်သက်ပြီး ဝန်ကြီး အဖွဲ့ အပြောင်းအလဲ စာရင်းကို ၁၉၇၆ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့က ကြေငြာ

ကိုင်တပ်မျာ်းအသုံးပြုမှုကို လုပ်ဆောင်ရန် ဝန်လေးလိမ့်မည် မဟုတ်ကြောင်း၊ ကွိုဗက်ဝန်ကြီးချုပ် လီဗက်စကွိ၏ခဲ့ထုက် ရေးအစိုးရအဖွဲ့က ဥပဒေပြင်ပမှ လုပ်ရပ်မျာ်း ပြုလုပ်လိမ့်မည် မထင်ကြောင်း ထုတ်ဖော် ပြောကြားသွားလေသည်။

ကယားပြည်နယ်။ ။(၁–၆၇၊ ၅၀၄ — ၅၅။)
ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံအတွင်းရှိ ပြည်နယ် ခုနစ်နယ်အနက် အငယ်ဆုံးပြည်နယ်ဖြစ်သည်။ အကျယ် အဝန်းမှာ ၄,၅၃၀ စတုရန်းမိုင်ရှိ၍ တနိုင်ငံလုံး အကျယ် အဝန်း၏ ၁.၇၃ ရာခိုင်နှုန်းခန့် ရှိသည်။ မြောက်ဖက်တွင် ရှမ်းပြည်နယ်၊ အနောက်ဖက်နှင့် တောင်ဖက်တွင် ကရင်ပြည်နယ်၊ အရှေ့ဖက်တွင် ထိုင်းနိုင်ငံတို့နှင့် နယ်နိမိတ်ချင်း စပ်လျက် ရှိသည်။

ကယားပြည်နယ်အား မြို့နယ် ခြောက်မြို့နယ် ကျေးရွာ အုပ်စု ၁၀၆ အုပ်စုတို့ဖြင့် ဖွဲ့စည်းထားသည်။ ပြည်သူ လူတ်တော် ကိုယ်စားလှယ် ရှစ်ဦး တင်မြောက် စေလွှတ်ခွင့် ရသည်။ ကယားပြည်နယ်တွင် ယခင်က လွိုင်ကော်ခရိုင် တခုတည်းသာပါဝင်၍ ခရိုင်ခဲ့ မြို့နယ်မျာ်းဖြင့်ခဲ့၍ အုပ်ချုပ်ခဲ့သော်လည်း ၁၉၇၄ ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့တွင် ပြည် ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်ကို ဖွဲ့စည်း တည်ထောင်လိုက်ရာ ခရိုင်မျာ်းဖျက်၍ မြို့နယ်မျာ်းခဲ့ကာ အုပ်ချုပ်သဖြင့် ယခုအခါ မြို့နယ်ခြောက်မြို့နယ်ဖြင့် ဖွဲ့စည်း ထားသည်။ ကယားပြည်နယ်၏ မြို့နယ်ခြောက်ခုမှာ လွိုင် ကော်မြို့နယ်၊ ဒီမောဆိုးမြို့နယ်၊ ဖရူးဆိုးမြို့နယ်၊ ဖားဆောင်း မြို့နယ်၊ မဲဆည်နန်မြို့နယ်နှင့် ရှားတောမြို့နယ်တို့ ဖြစ်သည်။ လွိုင်ကော်မြို့သည် ကယားပြည်နယ်၏ ရုံးစိုက်မြို့ဖြစ်သည်။

ကယားပြည်နယ်၏ လူဦးရေမှာ ၁၉၇၃ ခုနှစ်သန်း ခေါင်စာရင်း အရ ၁၂၆,၀၃၇ ယောက် ရှိသည်။ လွိုင်ကော် မြို့နယ်တွင် လူဦးရေအထူထပ်ဆုံး ဖြစ်၍ ၄၇,၅၆၂ ယောက် ရှိသည်။ ကယားပြည်နယ်၏ အဓိကလုပ်ငန်းမှာ လယ်ယာ နှင့် သစ်လုပ်ငန်းဖြစ်သည်။ စိုက်ပျိုးမြေရိယာ ၄၈,၀၃၇ ကေအနက် ၂၄,၄၃၄ ကေသည် ရေသွင်းစိုက်ပျိုးမြေ ဖြစ် သည်။ လယ်ယာတို့ကို တိုးခဲ့စိုက်ပျိုးနိုင်ရန်ငွေတောင်ဆည်၊ လက်ပံပင်နှင့် ငွေတောင်ဒေသ လယ်ယာဖော်ထုတ်ရေး နှင့် မိုးပြဲဆည်ကြီးမျာ်း တည်ဆောက်ထားသည်။

မိုးပြဲရေကာတာ လုပ်ငန်းကြီးသည် ခန့်မှန်းထားသည့် အတိုင်း ၁၉၇၁ ခုနှစ် စက်တင်ဘာလတွင် ပြီးဆုံးအောင် မြင်ခဲ့လေသည်။ ယင်းလုပ်ငန်းကို ၁၉၆၃ ခုနှစ်က စတင်ခဲ့ရာ အစမှအဆုံး ကျပ်ငွေ ၃၇၆.၇၇ သိန်း ကုန်ကျခဲ့လေသည်။ အင်းလေးကန် တောင်ဖက်ဖျားရှိ လီဂေါင်းကျေးရွာမှ မိုးပြဲအထိ ဘီလူးချောင်းကို ရေလှောင်ကန်ကြီးသဖွယ် တည်ဆောက်လိုက်ရာ ၃၄ မိုင် ရှည်လျားသည်။ ရေအတက်

သည်။ ကနေဒါနိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပြင်သစ် ဘာသာစကားနှင့် ပတ်သက်သော အခွင့်အရေးမျာ်းကို အဆိုပြု ပြဋ္ဌာန်းထားရာ၌ ကွဲလွဲမှုမျာ်းရှိနေခြင်းကို မကျေ နပ်သည့် အနေဖြင့် ကာကွယ်ရေး ဝန်ကြီး ရစ်ချတ်ဆန် ရာထူးမှ နုတ်ထွက်လိုက်ခြင်း ဖြစ်လေသည်။ ၁၉၇၆ ခုနှစ် ဧပြီလ ၉ ရက်နေ့က ကျင်းပသော အောက်လွှတ်တော် အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်မျာ်းနှင့် ဆွေးနွေး ပြီးနောက် ဝန်ကြီးချုပ် မစ္စတာ ထရူးဒိုးသည် အခြေခံ ဥပဒေ၌ တဲ့ဖက်ဘာသာစကားအခွင့်အရေးမျာ်းနှင့်စပ်လျဉ်း ပြီး အတည်ပြုပြဋ္ဌာန်းရန် အဆိုမူကြမ်းကို တင်သွင်းခဲ့လေ သည်။ အဆိုပါ မူကြမ်းတွင် ပါလီမန် သို့မဟုတ် ကနေဒါ အစိုးရ၏ အခြေခံဥပဒေ အပြောင်းအလဲနှင့် စပ်လျဉ်း၍ ယင်းဥပဒေပါ ဖြည့်စွက်ချက်နှင့် လုပ်ဆောင်ချက်မျာ်းအား ရှင်းလင်းရာ၌ ဥပဒေပါ ပြင်သစ်ဘာသာစကားနှင့် ပြင်သစ် ယဉ်ကျေးမှုတို့၏ တည်တံ့မှုနှင့် တိုးတက်မှုကို မထိခိုက်စေ သင့်ဟု ပါရှိလေသည်။

၁၉၇၆ ခုနှစ် အောက်တိုဘာလ ၂ ရက်နှင့် ၃ ရက်နေ့၌ တိုရင်တိုမြို့တွင် ကျင်းပသော ညီလာခံ၌ ပြည်နယ်ဝန်ကြီး ချုပ်တို့သည် သဘောတူညီမှုတခု ရရှိကြသည်။ ယင်းမှာ အင်္ဂလိပ်နှင့် ပြင်သစ်ဘာသာ စကား အခွင့်အရေးမျာ်းနှင့် စပ်လျဉ်းပြီး အခြေခံဥပဒေတွင် ရုံးသုံး ဘာသာ စကား အက်ဥပဒေ ပြဋ္ဌာန်းသင့်ကြောင်းနှင့် ပြည်နယ် အလိုက် ဘာသာစကား နှစ်မျိုး သုံးစွဲခွင့် ပြုသင့်ကြောင်း ဟူသည် တို့ပင်ဖြစ်သည်။

ကနေဒါနိုင်ငံသည် စိန်လောရင့် မြစ်ကြောင်း ခရီး လမ်းဖောက်ရန်အတွက် အမေရိကန် ပြည်ထောင်စုနှင့် ပူး ပေါင်းလုပ်ဆောင်ခဲ့သည်။ ကမ္ဘာတွင် အရှည်ဆုံး လမ်းမ ဖြစ်သော ကနေဒါနိုင်ငံဖြတ် ကားလမ်းမကြီး ဖောက်လုပ် ပြီးစီးနိုင်ရန်လည်း အော့တဝမြို့တော်နှင့်အခြားပြည်နယ်တို့ ပူးပေါင်း၍ အညီအမျ ကုန်ကျစရိတ်ကို ကျခံကြသည်။

၁၉၇၆ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့တွင်ကျင်းပသော ကွိုဗက်ပြည်နယ် ရွေးကောက်ပွဲ၌ မစ္စတာ ရီနီလီဗက်စကို ခေါင်းဆောင်သော ကွိုဗက်ပါတီက မစ္စတာ ရောဗတ်ဗောင် ရမ်းဆား၏ လစ်ဗရယ်အစိုးရအား အနိုင် ရရှိခဲ့လေသည်။ နိုဝင်ဘာလ ၁၆ ရက်နေ့တွင် ကျင်းပသော ပထမဆုံးအကြိမ် သတင်းစာ ကွန်ဖရင့်၌ ကွိုဗက်သည် လွတ်လပ်သော နိုင်ငံတ နိုင်ငံ ဖြစ်လာရမည်ဟု မစ္စတာ လီဗက်စကွိက ဆိုလေသည်။

၁၉၇၇ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် အော့တဝမြို့ ၌ ကနေဒါ ဝန်ကြီးချုပ် မစ္စတာ ထရူးဒိုးက နှစ်ကုန်သုံးသပ် မိန့်ခွန်းတရပ် ပြောကြားရာ၌ ကွိုဗက်ပြည်နယ်သည် ကနေ ဒါနိုင်ငံမှ သီးခြားခဲ့ထွက်ရန် ကြိုးပမ်းလာခဲ့လျှင် ကနေဒါ နိုင်ငံ၏ ညီညွတ်ရေးကို ထိန်းသိမ်းရန်အတွက် လက်နက်

ဆုံးအချိန်တွင် ရေလှောင်ထားနိုင်သည့် ဧရိယာမှာ ၇၆ စတုရန်းမိုင် ဖြစ်သည်။ ရေသွင်းစိုက်ပျိုးနိုင်သော ဧရိယာ ၂၇,၅၁၇ ကေဖြစ်၍ လယ်ယာများသို့ ရေသွင်းနိုင်ရန် အတွက် ရေနုတ်ပေါက်နှစ်ခုကို ထားရှိသည်။ ယင်း ရေလှောင်ကန်တွင် အစုစု ရေသိုလှောင်ထားနိုင်သည့် အင်အားမှာ ရေထုကုဗပေအားဖြင့် ကုဋေပေါင်း ၂,၉၂၀ ဖြစ်သည်။ ယင်းအနက် လောပိတရေအားလျှပ်စစ်အတွက် ရေထုကုဗပေ ကုဋေ ၁,၇၀၇ လျာထား၍ ရေသွင်းစိုက်ပျိုးရေးအတွက် ကုဗပေကုဋေ ၄၃၀ ဖြစ်သည်။

မိုးပြဲရေကဘတာကြီး တည်ဆောက်လိုက်သည့်အတွက် လောပိတ ဓာတ်အားပေးစက်ရုံအတွက် လိုအပ်သည့် ရေအားကို အမြဲပေးနိုင်၍ စက်ကြီး ခြောက်လုံးက စုစုပေါင်း ၁၆၇,၀၀၀ ကီလိုဝပ်ကို တနှစ်ပတ်လုံး အစဉ်အမြဲထုတ်လုပ်ပေးနိုင်ခဲ့ခြင်း၊ မိုးပြဲ၏တောင်ဖက်ကျသော နယ်မြေဒေသများတွင် ဘီလူးချောင်း၏ ဝဲယာ မြေကေပေါင်း ၂၇,၀၀၀ ကျော်ကို တနှစ်ပတ်လုံး ရေသွင်းစိုက်ပျိုးနိုင်ခြင်း၊ မိုးပြဲနှင့် လွိုင်ကော်ကြားရှိ လယ်ယာများ နှစ်စဉ်နှစ်တိုင်း ရေလွှမ်းမိုးသည့် အန္တရာယ်မှ ကာကွယ် နိုင်ခြင်း၊ ရေလှောင်ကန်အတွင်း သားငါး အကြီးအကျယ်မွေးမြူနိုင်ခြင်း၊ အင်းလေးကန်မှ လွိုင်ကော်အထိ ရေလမ်းများ ကောင်းမွန်လာပြီးလျှင် တနှစ်ပတ်လုံး မော်တော် သဘော်များ သွားလာနိုင်သဖြင့် သယ်ယူပို့ဆောင်ရေး တိုးတက်လာခြင်း စသော အကျိုးကျေးဇူးများ ရရှိလာလေသည်။ ဆက်လက် တည်ဆောက်ဆဲ ဆည်မြောင်း တာတမံနှင့် ရေနုတ်မြောင်းများလည်း ရှိသည်။ ပြည်နယ်စံပြဥယျာဉ်များ ဖွင့်လှစ်ထားပြီး သိပ္ပံနည်းကျ စိုက်ပျိုးရေးပညာကို ဖြန့်ဖြူးပေးလျက်ရှိသည်။ လွိုင်ကော်မြို့၌ ၃၅ ကေရှိ စံပြဥယျာဉ်၊ ဒီမောဆိုးမြို့တွင် ၂၅၀ ကေရှိ စံပြဥယျာဉ်နှင့် ဖားဆောင်းမြို့တွင် ၁၁ ကေရှိ စံပြဥယျာဉ်တို့ ရှိကြသည်။

ပြည်နယ်တခုလုံး၏ ၆၉ ရာခိုင်နှုန်းရှိသော ကြိုးဝိုင်းသစ်တောမှ ကျွန်းသစ်ထုတ်လုပ်ရေးလုပ်ငန်းသည် ကယားပြည်နယ်၏ စီးပွားရေးသော့ချက်ဖြစ်သည်။ သစ်တောကြိုးဝိုင်းရေယာ ၅၃ စတုရန်းမိုင် ရှိသည်။

ကရာတေး။ ။ကရာတေး ဆိုသည်မှာ ကျပန်ဘာသာစကားဖြစ်၍ လက်နက်ကိရိယာမပါပဲခြေထောက်နှင့် လက်တို့ကို အသုံးပြု၍ လျှပ်တပြက်တန်ပြန်တိုက်ခိုက်နိုင်သော ကိုယ်ခံပညာတရပ် ဖြစ်သည်။

အဆိုပါ ပညာရပ်မှာ အရှေတိုင်းတွင် ရာစုနှစ်ပေါင်းများစွာကပင် ထွန်းပေါက်ခဲ့သည်။ သို့သော် ၁၇ ရာစုနှစ်တွင် အိုကီနာဝါကျွန်း၌လက်နက်စွဲကိုင်ခြင်းမပြုရန် အစိုးရက တားဆီးပိတ်ပင်လာသောအခါ ကျွန်းသူ ကျွန်းသား အချို့က ကရာတေးကို စနစ်တကျဖြစ်အောင် ပြန်လည် မွမ်းမံ တီထွင်ခဲ့သည်။ ထို့နောက် ၁၉၂၀ ပြည့် နှစ်များအတွင်း ကရာတေးပညာသည် အိုကီနာဝါကျွန်းမှ ကျပန်နိုင်ငံသို့ ပျံ့နှံ့သွားတော့သည်။ ယင်းသို့ဖြင့် ကျပန်နိုင်ငံအတွင်း ပျံ့နှံ့ခဲ့သော ကရာတေးပညာကို ကျပန်လူမျိုးတို့က မိမိတို့၏နည်းနိဿယများကို ထပ်မံဖြည့်စွက်ကာ တိုက်နည်းတိုက်ဟန် မူတမျိုးဖြင့် ထပ်မံ တီထွင်ခဲ့သည်။ သို့သော် အခြားသော အရှေတိုင်းသိုင်းပညာများကဲ့သို့ပင် ကရာတေးပညာ သင်ယူသော သင်တန်းသားများသည် စိတ်အနေအထား၊ ရိုးရာခလေ့ထုံးစံ၊ ဝတ်စားဆင်ယင် ထုံးဖွဲ့မှုနှင့် ပညာအခြေခံ အဆင့်အတန်း သတ်မှတ်သည့် အထိမ်းအမှတ်စသော စည်းမျဉ်းများကို လိုက်နာရလေသည်။

ကရာတေး ပညာသည် တိုက်ခိုက်ခြင်း ပြုရာ၌ အထူးသဖြင့် ခြေထောက်ဖြင့် ကန်ကျောက်ခြင်းနှင့် လက်ဖြင့် ရိုက်ခြင်း ပြုရသကဲ့သို့ ကဖက်ရန်သူက တိုက်ခိုက်မှုပြုလျှင်လည်း လက်နှင့် ခြေထောက်ကို အသုံးပြု၍ ကာကွယ်ရသည်။ ထို့ကြောင့် ကရာတေးပညာမှာ ကိုယ်ခန္ဓာစွမ်းအားကို အစွမ်းကုန်အသုံးပြု ကာကွယ်တိုက်ခိုက်ရသော ပညာတမျိုးပင် ဖြစ်သည်။

တိုက်ခိုက်ရန် စည်းကမ်းအရ သတ်မှတ်ထားသောနေရာများမှာ လက်အပါအဝင် လက်ဆစ်၊ ခြေဆစ်၊ လက်ရှေ့ပိုင်း၊ တထောင်ဆစ်၊ ခြေဖဝါး၊ ဖနောင့်နှင့် ဒူးခေါင်းတို့ ဖြစ်သည်။ ထို့ကြောင့် အဆိုပါ အစိတ်အပိုင်းများ မာကျောနေရန် လက်မအတော်အတန် ထူသော ထင်းရှူးပြားကဲ့သွားနိုင်သည့် စွမ်းအားရှိသည့်တိုင် အလေ့အကျင့်ပြုပေးရသည်။ အလားတူစွာပင် တိုက်ခိုက်မှုပရိယာယ်၊ အချိန်၊ စိတ်ဓာတ်တို့ကိုလည်း ကိုယ်ကာယ သန်စွမ်းလာသည့် အလျောက် သန်စွမ်းရန် လေ့ကျင့်ပေးရသည်။

သင်တန်း လေ့ကျင့်ပေးသောအခါတွင် တဦး နှင့် တဦး တိုက်ခိုက်ရာ၌ တိုက်ချက်အားတိုက်ရိုက်မထိစေပဲတလက်မကွာသည့်အထိ ရောက်ရန်သာပြု၍ လေ့ကျင့်ရသည်။

ယှဉ်ပြိုင်မှုများပြုရာတွင် အရှုံးအနိုင်မပေါ်ပဲ ဖြစ်ခဲ့လျှင်

ကိုယ်ခန္ဓာစွမ်းအားကို အသုံးပြုရသော ကရာတေးပညာ



ယေဘုယျအားဖြင့် ဒိုင်လူကြီးက အချိန်သုံးမိနစ်ခန့် အနားပေး၍ ဆက်လက်ယှဉ်ပြိုင်ခွင့်ပြုလေ့ရှိသည်။ အချို့ယှဉ်ပြိုင်မှုများတွင် ယှဉ်ပြိုင်သူများက တိုက်နည်း တိုက်ဟန်များနှင့် ခုခံကာကွယ်မှုမျိုးကို ကြိုတင်သတ်မှတ်ခြင်းပြု၍လည်း ယှဉ်ပြိုင်လေ့ရှိသည်။ ပညာအခြေခံ အရ သတ်မှတ်ထားသော အထိမ်းအမှတ်မှာအရောင်ကွဲခါးစည်းကြိုးများ ဆင်မြန်းခြင်းဖြင့် သတ်မှတ်သည်။

ကရင်ပြည်နယ်။ ။(၁–၈၉၊ ၅၀၇ — ရှူ။)မြောက်ဖက်၌ မန္တလေးတိုင်းနှင့် ရှမ်းပြည်နယ်၊ အရှေ့ဖက်တွင် ကယားပြည်နယ်နှင့် ထိုင်းနိုင်ငံ၊ အနောက်ဖက်တွင် မွန်ပြည်နယ်နှင့် ပဲခူးတိုင်းတို့ဖြင့် ဆက်စပ်လျက်ရှိသည်။ တောင်နှင့်မြောက် မိုင် ၂၀၀ ကျော် ရှည်လျား၍ အရှေ့နှင့်အနောက် မိုင် ၂၀ မှ ၄၀ ခန့်အထိသာ ရှိသည်။ ကရင်ပြည်နယ်၏ အကျယ်အဝန်းမှာ ၁၁,၇၃၁ စတုရန်းမိုင်ဖြစ်သည်။ မြန်မာတနိုင်ငံလုံး အကျယ်အဝန်း၏ ၄.၄၉ ရာခိုင်နှုန်းရှိသည်။

ကရင်ပြည်နယ်ကို ယခင်က ဖားအံခရိုင် တခုတည်းဖြင့် ဖွဲ့စည်းခဲ့သော်လည်း ၁၉၇၄ ခုနှစ်တွင် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံအဖြစ် ကြေငြာပြီးသည်မှ စ၍ ခရိုင်အုပ်ချုပ်ရေးကိုဖျက်၍ မြို့နယ်ပေါင်း ခုနစ်နယ်၊ ကျေးရွာအုပ်စုပေါင်း ၄၁၀ တို့ဖြင့် ဖွဲ့စည်းလိုက်သည်။ မြို့နယ်များမှာ ဖားအံမြို့နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ဖာပွန်မြို့နယ်၊ သံတောင်မြို့နယ်၊ ကော့ကရိတ်မြို့နယ်၊ မြဝတီမြို့နယ်၊ ကြာအင်း(ဆိပ်ကြီး)မြို့နယ်ဟူ၍ဖြစ်သည်။ ကရင်ပြည်နယ်သည် ပြည်သူလွှတ်တော်သို့ ကိုယ်စားလှယ်ပေါင်း ၁၄ ဦး စေလွှတ်နိုင်သော ပြည်နယ်ဖြစ်သည်။ ၁၉၆၄ ခုနှစ် ဧပြီလ ၃ ရက်နေ့က ကော်သူးလေပြည်နယ်ဟု ခေါ်တွင်စေခဲ့ရာမှ ကရင်ပြည်နယ်ဟု ပြောင်းလဲခေါ်ရန် ၁၉၇၄ ခုနှစ်က အတည်ပြုသောအခြေခံဥပဒေ၌ ပြဋ္ဌာန်းခဲ့သည်။

၁၉၇၃ ခုနှစ် သန်းခေါင်စာရင်းအရ ကရင်ပြည်နယ်တွင် လူဦးရေ ၈၄၉,၇၃၅ ယောက်ရှိသည်။ ယင်းတို့အနက် ဖားအံမြို့နယ်တွင် လူဦးရေအများဆုံးဖြစ်၍ ၂၄၉,၁၁၄ ယောက်ရှိသည်။ ကရင်ပြည်နယ်၏ အဓိက စီးပွားရေးလုပ်ငန်းသည် လယ်ယာလုပ်ငန်းဖြစ်၍ စိုက်ပျိုးမြေဧရိယာဧက ၅.၄၁ သိန်းရှိသည်။ အဓိက စိုက်ပျိုးသီးနှံများမှာ စပါး၊ မြေပဲ၊ ကြက်ပေါင်စေး၊ ဆေးရွက်၊ ကွမ်းသီး၊ နှမ်းနှင့် ကြံတို့ ဖြစ်ကြသည်။ အုန်း၊ ကွမ်း၊ ဒူးရင်း၊ လိမ္မော်၊ ဓညင်း၊ မင်းကွတ်၊ ပဲအမျိုးမျိုးတို့ ဖြစ်ထွန်းကြသည်။ စိုက်ပျိုးရေးလုပ်ငန်းတွင် စုပေါင်းစိုက်ပျိုး၊ စုပေါင်းထွန်ယက်၊ စုပေါင်းရိတ်သိမ်း စသည့် စုပေါင်းလယ်ယာ အလေ့အထများ ရှိသည်။

ကရင်ပြည်နယ်၏ ထက်ဝက်ခန့်သည် အမြဲစိမ်းသစ်တောများ ဖုံးလွှမ်းလျက်ရှိပြီး သစ်တောကြိုးဝိုင်း ဧရိယာ ၁,၆၂၀ စတုရန်းမိုင်ရှိသည်။ ၁၉၇၂–၇၃ ခုနှစ်အတွင်း ကျွန်းသစ်တန် ၁၉,၈၈၀ နှင့် သစ်မာတန် ၄၄,၅၈၀ ထုတ်လုပ်ခဲ့သည်။ ကျွန်းသစ် ထုတ်လုပ်ရေးလုပ်ငန်းသည် ကရင်ပြည်နယ်၏ ဒုတိယ ဝင်ငွေအများဆုံး စီးပွားရေး လုပ်ငန်းဖြစ်သည်။ ပြည်နယ်ထွက် သစ်များမှာ ကျွန်း၊ ပျဉ်းကတိုး၊ ပျဉ်းမ၊ သက်နန်း၊ ကညင်၊ အင်၊ သစ်ရာ၊ ပိတောက်တို့ ဖြစ်သည်။ သစ်တောထွက် ပစ္စည်းများမှာ ကြိမ်၊ ဝါး၊ ဖာလာစေ့၊ ပျားရည်၊ အင်တွဲ၊ သစ်ခွပန်းနှင့် ထင်းမီးသွေးတို့ ဖြစ်သည်။ ပြည်နယ်အတွင်းရှိ သဘာဝဂူကြီးများမှလည်း လင်းနို့ချေး၊ ဓာတ်မြေသြဇာများ ရသည်။ ဖားကပ်ဂူသည် ထင်ရှားသော သဘာဝဂူကြီး ဖြစ်သည်။

ဖာပွန်မြို့နယ်တွင် သံနှင့်ခဲ၊ ကြာအင်းမြို့နယ် မိဂသတ်ချောင်းတွင် ကြေးနီ၊ တောင်ညိုတောင် အရှေ့ဖက်တွင် သံဖြူ၊ သပြုနယ်၌ ခနောက်စိမ်း၊ စေးဒေး၊ မောဒေး၊ တရေခိုဒေသတို့တွင် ဝူဖရမ်၊ သောင်းရင်းဒေသတွင် သံနှင့် ကျောက်မီးသွေး အသီးသီး တူးဖော်ရရှိသည်။

ကရုရှော့,ဆာဂျီရီဗစ် နီကီတာ(၁၈၉၄ –၁၉၇၁)။ ။ နီကီတာကရုရှော့ကို ၁၈၉၄ ခုနှစ်ဧပြီလ ၁၇ ရက်နေ့တွင် ရုရှနိုင်ငံ ယူကရိန်းပြည်နယ် ကူးစခရိုင်ရှိ ကာလင့်နော့ကာရွာတွင် ဖွားမြင်သည်။ကရုရှော့၏ ဖခင်မှာ သတ္တုတွင်းလုပ်သားတဦး ဖြစ်သည်။

ကရုရှော့သည် ဆင်းရဲလွန်းလှသဖြင့် ငယ်စဉ်က ပညာထိထိရောက်ရောက် မသင်ခဲ့ရပဲ သိုးကျောင်းသား ဘဝဖြင့်သာကြီးပြင်းလာခဲ့ရသည်။ အသက် ၂၃ နှစ်အရွယ်ထိ အရေးအဖတ်ကိုပင် ကျွမ်းကျွမ်းကျင်ကျင် မတတ်မြောက်သေးဟု အဆိုရှိသည်။

ကရုရှော့ အသက် ၁၅ နှစ် အရွယ် ရောက်သောအခါ ယိုဇော့ကာမြို့မှ ဗိုးစစက်ရုံတွင် သတ္တုတပ်ဆင်ရေးသက်မွေးပညာကို နှစ်နှစ်တာမျှ သင်ယူခဲ့သည်။ နောင်အခါ ထိုပညာဖြင့် ပြင်သစ်ပိုင် သတ္တုတွင်းများတွင် တပ်ဆင်ရေးလုပ်သားအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။

ပထမ ကမ္ဘာစစ်ကြီး ဖြစ်ချိန်တွင် ကရုရှော့သည် ရုရှတပ်မတော်သို့ ဝင်ရောက် အမှုထမ်းသည်။ စစ်ကြီးပြီးသောအခါ သိုးကျောင်းသားဘဝနှင့် သော့ပြင်သမားဘဝဖြင့် သက်မွေးဝမ်းကျောင်းခဲ့ရသည်။ ၁၉၁၉ ခုနှစ် ပြည်တွင်းစစ်ကာလတွင် ကရုရှော့သည် တပ်နီတော်ရိုင်ဖယ် တပ်သားတဦးအဖြစ် ရှေ့တန်းမှ ပါဝင်တိုက်ခိုက်ခဲ့သည်။

ထိုနောက် သူသည် ယိုဇော့ကာပါတီ စည်းရုံးရေးအဖွဲ့နှင့် ဆက်သွယ်၍ ပါတီတာဝန်များကို ထမ်းဆောင်သည်။ ပါတီတာဝန်ကို ထမ်းဆောင် နေရာမှ ခွင့်ပြုချက်တောင်း၍

ယိုဇော့ကာ အလုပ်သမားကျောင်းသို့ တက်ရောက် ပညာသင်သည်။ ကျောင်းမှ ဆင်းပြီး ၁၉၂၄ ခုနှစ်တွင် ယိုဇော့ကာ ပါတီစည်းရုံးရေး တာဝန်များကို ပြန်လည်ထမ်းဆောင်သည်။

၁၉၂၅ ခုနှစ်တွင် မောစကိုမြို့၌ ကျင်းပသော ၁၄ ကြိမ်မြောက် ပြည်ထောင်စုပါတီကွန်ဂရက်နှင့် ၁၅ ကြိမ်မြောက် ပါတီကွန်ဂရက်သို့ ကိုယ်စားလှယ်တဦးအဖြစ် တက်ရောက်ခဲ့ရသည်။ ထိုကွန်ဂရက်မှ ကရုရှော့အား လက်ရှိတာဝန်ထက် ပိုမိုမြင့်မားသော ပါတီတာဝန်များကို အပ်နှင်းခဲ့သည်။ ပါတီတာဝန်များကို မအားမလပ် ထမ်းဆောင်နေရသည့် ကြားမှပင် အထက်လူကြီးများထံမှ ခွင့်ပြုချက်တောင်း၍ ၁၉၂၉ ခုနှစ်တွင် မောစကိုမြို့ရှိ စတာလင် စက်မှုသိပ္ပံကျောင်းသို့ တက်ရောက် ပညာဆည်းပူးခဲ့သည်။

၁၉၃၀ ပြည့်ဝန်းကျင်တွင် နိုင်ငံရေးလောက၌ကရုရှော့၏ နာမည်မှာ တဟုန်ထိုးကျော်ကြားလာခဲ့သည်။ ၁၉၃၁ ခုနှစ်တွင် ဗောမင်ခရိုင် အတွင်းရေးမှူးအဖြစ် ပါတီတာဝန် အပ်နှင်းခံရသည်။ ၁၉၃၂ ခုနှစ်တွင် စက်မှုသိပ္ပံကျောင်းမှ ဘွဲ့ရခဲ့သည်။ ထိုနှစ်တွင်ပင် မောစကိုမြို့တော် ပါတီကော်မတီ၏ ဒုတိယအတွင်းရေးမှူးအဖြစ် ကာဂါနိုဗစ် လက်အောက်တွင် အမှုထမ်းရသည်။

၁၉၃၂–၃၃ ခုနှစ်များတွင် မောစကိုမြို့တော် ပြန်လည်တည်ဆောက်ရေးနှင့် မြေအောက် မီးရထားလမ်း ဖောက်လုပ်ရေး တာဝန်များကို တာဝန်ယူ ဆောင်ရွက်ခဲ့သည်။ ၁၉၃၄ ခုနှစ်တွင်မူ ၁၇ ကြိမ်မြောက် ပြည်ထောင်စု ပါတီကွန်ဂရက်မှကရုရှော့အား ဗဟိုကော်မတီဝင်အဖြစ် ရွေးချယ်လိုက်သည်။ ၁၉၃၅ ခုနှစ်တွင် ကရုရှော့သည် မောစကိုမြို့တော်ကော်မတီနှင့် ဒေသပါတီ အတွင်းရေးမှူး ဖြစ်လာသည်။ ထိုနောက် ၁၉၃၉ ခုနှစ်တွင် သူသည် ကွန်မြူနစ်ပါတီ ပေါ်လစ်ဗြူရို အမြဲတမ်းအဖွဲ့ဝင်တဦး ဖြစ်လာခဲ့သည်။

ဒုတိယ ကမ္ဘာစစ်ကြီး ဖြစ်ပွားသောအခါ ကရုရှော့သည် ယူကရိန်းပြည်နယ်၏ ပါတီဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ရှိသည်။ တချိန်တည်းတွင် ရုရှတပ်မတော်တွင်လည်း ဗိုလ်ချုပ် အဆင့်ဖြင့် ဂုဏ်ထူး ဆောင်တာဝန်ကို ပူးတွဲတမ်းဆောင်ရသည်။ သူသည် စစ်ကြီးအတွင်း၌ စတာလင်ဂရက်ခံစစ်နှင့် ပြောက်ကျားစစ်ဆင်ရေးများတွင် ရှေ့တန်းမှ တက်ကြွစွာ ပါဝင်တိုက်ခိုက်ခဲ့သည်။ စစ်ပြီးသောအခါ ယူကရိန်းပြည်နယ် ပါတီခေါင်းဆောင် အဖြစ်၎င်း၊ မောစကို ပါတီအကြီးအကဲအဖြစ်၎င်း ဆောင်ရွက်ရသည်။ ၁၉၄၃ ခုနှစ်တွင် ပေါ်လစ်ဗြူရိုအဖွဲ့နှင့် စစ်ကောင်စီအဖွဲ့များတွင် အမြဲတမ်းကော်မတီဝင်အဖြစ် ထမ်းရွက်ခဲ့သည်။

၁၉၅၃ ခုနှစ်တွင်စတာလင် ကွယ်လွန်သွားသောအခါ ကရုရှော့သည် ရုရှကွန်မြူနစ်ပါတီ၏ အတွင်းရေးမှူးဖြစ် လာသည်။ ထိုနှစ်တွင် ကေဂျီဘီ(ရုရှလျှို့ဝှက်ရဲအဖွဲ့)၏ အကြီးအကဲ ဗဲရီးယားအား ကရုရှော့က ဦးဆောင်ကာ ရုံးတင်စစ်ဆေး၍ ကွပ်မျက်ခဲ့သည်။ ၁၉၅၆ ခုနှစ် အကြိမ် ၂၀ မြောက် ပါတီကွန်ဂရက်တွင် ကရုရှော့က ကွယ်လွန်သူ စတာလင်၏ ပြစ်ချက်များကို ထုတ်ဖော်ဝေဖန်လိုက်သည်။ ထိုနောက် ၁၉၅၇ ခု နှစ်တွင် မာလင်ကော့၊ မိုလိုတော့၊ ကာဂါနိုဗစ်နှင့် အပေါင်းပါတို့အား ပါတီဆန့်ကျင်ရေး အဖျက်သမားများအဖြစ် ကရုရှော့က နှိမ်နင်းလိုက်သည်။

၁၉၅၈ ခုနှစ်တွင် ဝန်ကြီးချုပ်ရာထူးကို ဗူဂနင်လက်မှ ကရုရှော့ ဆက်ခံရယူလိုက်သည်။ တဖက်မှလည်း ကွန်မြူနစ်ပါတီ အတွင်းရေးမှူးရာထူးကို ဆက်လက်ရယူထားသည်။ ဝန်ကြီးချုပ်နှင့် ပါတီအတွင်းရေးမှူးရာထူး နှစ်ရပ်ကို ချုပ်ကိုင်၍ ကရုရှော့သည် သူ၏ ဝန်ကြီးဘဝ ခြောက်နှစ်တာတွင် ရုရှနိုင်ငံကို စိတ်ကြိုက် အုပ်ချုပ်နိုင်ခဲ့သည်။

၁၉၆၄ ခုနှစ် အောက်တိုဘာလ ၁၄ ရက်နေ့တွင် ကရုရှော့သည် ရုရှ ကွန်မြူနစ်ပါတီ အတွင်းရေးမှူးနှင့် ဝန်ကြီးချုပ်ရာထူးများမှ နုတ်ထွက်လိုက်ရသည်။ ကရုရှော့၏နေရာတွင် လီယိုနစ် ဗရက်ဇညက်က ကွန်မြူနစ်ပါတီ အတွင်းရေးမှူး အဖြစ်၎င်း၊ အလက်ဆီ ကိုဆီဂင်က ဝန်ကြီးချုပ် အဖြစ်၎င်း ဆက်ခံခဲ့ကြသည်။ (ဗရက်ဇညက်, လီယိုနစ်၊ ကိုဆီဂင်,အလက်ဆီတို့ကိုလည်း—ရှု။)

ကရုရှော့သည် ရာထူးမှနုတ်ထွက်ပြီးနောက် ကာလရှည်ကြာ မကျန်းမမာဖြစ်နေခဲ့ရာမှ ၁၉၇၁ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့တွင် မောစကိုမြို့၌ ကွယ်လွန်သည်။

ကရိုင်ယိုဂျင်းနစ်။ ။အနုမြူဗုံး ပေါက်ကွဲရာ၌ ပြင်းထန်သည့် အပူချိန်မျိုး ဖြစ်ပေါ်လာသကဲ့သို့ အေးမြလှသည့် အအေးချိန်မျိုး ဖြစ်အောင် သိပ္ပံပညာရှင်များက ဖန်တီးယူကြသည်။ ဤကဲ့သို့ အအေးချိန်မျိုး ဖြစ်အောင် ဖန်တီးယူသည့်ပညာကို ကရိုင်ယိုဂျင်းနစ် ပညာဟု ခေါ်သည်။ ကရိုင်ယိုဂျင်းနစ် ဆိုသည်မှာ ရေခဲကဲ့သို့ အေးမြအောင် ပြုလုပ်ခြင်းဟူ၍ အဓိပ္ပါယ်ရသည်။

လက်တွေ့စူးစမ်းမှုများ

သဘာဝအလျောက် ဖြစ်ပေါ်သော အလွန်အေးသည့် အခြေအနေမျိုးမှာ အပူချိန်တိုင်း ကရိယာအရရေခဲအမှတ်အောက် ၁၂၆.၉ ဒီဂရီ ဖာရင်ဟိုက်သာရှိသည်။ အဆိုပါ အအေးချိန်မျိုးမှာလည်း ဝင်ရိုးစွန်းကဲ့သို့သော ဒေသများ၌သာ ရှိတတ်သည်။ ထိုကဲ့သို့သော အအေးချိန်မျိုးသည် လူအများအတွက် အလွန်အေးမြလှသည်ဟု ယူဆရမည် ဖြစ်သော်လည်း လွန်ကဲသောအအေးဓာတ်ရမှုအတွက် စူးစမ်းမှုပြုနေသော သိပ္ပံပညာရှင်များအဖို့မူ အပူချိန် အတော်အတန် ရှိနေသေးသည်။

လွန်ခဲ့သည့် နှစ်တရာခန့်ကပင် သိပ္ပံပညာဖြင့် လွန်ကဲသော အအေးဓာတ်ကို ဖန်တီးယူနိုင်ကြောင်း ဗြိတိသျှ သိပ္ပံပညာရှင် လော့ကယ်လဗင်က လက်တွေ့ စမ်းသပ်ပြသခဲ့ဘူးသည်။ အဆိုပါ အအေးဓာတ်၏ အအေးချိန်အမှတ်မှာ ဝင်ရိုးစွန်းဒေသရှိ အအေးချိန် အမှတ်ထက် ဖာရင်ဟိုက်ဒီဂရီတရာပို၍ အေးမြပြီး "ပကတိသုည" အမှတ်ဟူ၍ တင်စားခေါ်ဝေါ်ထားသည်။

လော့ကယ်လဗင်သည် မိမိ၏ စမ်းသပ်ချက်ကို ဤသို့ရှင်းလင်းပြောပြခဲ့သည်။ ဓာတ်ငွေ့တခုသည် အအေးချိန် စင်တီဂရိတ် သုည ဒီဂရီအောက် တစ်ဒီဂရီ ကျဆင်းတိုင်း မိမိမူလထုထည် ကုဗ၏ ၂၇၃ ပုံအနက်တပုံ ဆုံးရှုံးကြောင်း၊ ဤသို့အားဖြင့် အအေးချိန် သုညဒီဂရီအောက် ၂၇၃ ဒီဂရီ အထိ ကျဆင်းသွားမည်ဆိုလျှင် အဆိုပါဓာတ်ငွေ့မှာ မိမိ၏ ထုထည် ကုဗအားလုံးနှင့် စွမ်းအင်အားလုံးပါ ဆုံးရှုံးသွားမည်ဖြစ်ကြောင်း။ ထို့ထက်လည်းပို၍ အေးမြနိုင်စရာမရှိကြောင်း၊ ထို့ကြောင့် အအေးချိန် သုညဒီဂရီ စင်တီဂရိတ် အောက် ၂၇၃ ဒီဂရီသည် ပကတိသုညအမှတ်ဖြစ်ကြောင်း၊ ယင်းပကတိ သုညအမှတ် အခြေအနေမျိုးတွင် အရာဝတ္ထုများ၏ မော်လီကျူးများမှာလည်း လှုပ်ရှားမှုရှိတော့မည် မဟုတ်ကြောင်း လော့ကယ်လဗင်က ပြောကြားခဲ့သည်။

သိပ္ပံပညာရှင်များသည် ပကတိသုညအမှတ်၏ ကိန်းဂဏန်းတန်ဖိုးကို–၂၇၃. ၅°C ဟူ၍ ပုံသေယူဆပြီး အအေးချိန်အမှတ်ကို တွက်ချက်လေ့ရှိသည်။ အဆိုပါ အအေးချိန်အမှတ်ကိုလည်း သုညဒီဂရီ ကယ်လဗင်၊ သို့မဟုတ် သုညဒီဂရီကေ (0°k) ဟူ၍လည်းအတိုကောက်ခေါ်လေ့ရှိသည်။ ဖာရင်ဟိုက်စကေး အရဆိုလျှင် ပကတိသုညအမှတ်သည် – ၄၅၉.၇°F ဖြစ်သည်။

၁၈၀၀ ပြည့်နှစ်တွင် သိပ္ပံပညာရှင်များသည် အောက်ဆီဂျင်ဓာတ်ငွေ့ကို–၁၈၃°C ၌၎င်း၊ကာဗွန်မိုနိုဆိုက်ဓာတ်ငွေ့ကို–၁၉၀°C၌၎င်း၊ နိုက်ထရိုဂျင်ဓာတ်ငွေ့ကို–၁၉၅°C ၌၎င်း အရည်ဖြစ်အောင် ပြုလုပ်နိုင်ခဲ့သည်။

၁၉၀၀ ပြည့်နှစ်တွင် သိပ္ပံပညာရှင် ဂျိမ်းဒီဝါးသည်ဟိုက်ဒရိုဂျင် ဓာတ်ငွေ့ကိုလည်း–၂၄၀°C ၌ အရည်ဖြစ်အောင် ပြုလုပ်နိုင်ကြောင်း လက်တွေ့ပြသခဲ့သည်။ ထိုနှစ်အတွင်း၌ပင် အခြားသိပ္ပံပညာရှင်တစုကလည်း လေအပါအဝင် အခြားဓာတ်ငွေ့အချို့ကို အရည်ဖြစ်အောင် ပြုလုပ်နိုင်ခဲ့သည်။ ၁၉၀၈ ခုနှစ်တွင် သိပ္ပံပညာရှင်များသည် ဟီလီယံဓာတ်ငွေ့ကို အရည်ဖြစ်အောင် ပြုလုပ်နိုင်ပြီး စူးစမ်းမှုများကိုလည်းဆက်လက်လုပ်ဆောင်ခဲ့သည်။ယင်းတို့အနက် ဒပ်ချလူမျိုး သိပ္ပံပညာရှင် ဟိုက်ကာမာ လင်အုန်းဆိုသူသည် ဟီလီယံဓာတ်ငွေ့ကို ပကတိသုညအမှတ် မရောက်မီ ၄.၂° အလိုတွင် အရည်ဖြစ်အောင် ပြုလုပ်နိုင်ခဲ့သည်။ ဟိုက်ကာမာလင်အုန်းသည် လက်တွေ့စူးစမ်းမှုများ ဆက်လက်လုပ်ဆောင်ခဲ့ရာမှ ပြဒါးကဲ့သို့သောသတ္တုများ၌ပကတိသုညဒီဂရီ အအေးချိန်ရောက်လုနီး တစ် ဒီဂရီအလို၌ ဖြစ်ပေါ်တတ်သော ဂုဏ်သတ္တိတို့ကို အံ့ဘွယ်ရာ တွေ့ရှိခဲ့သည်။

ယင်းတွေ့ရှိချက်ကို အခြေခံ၍ အခြား သိပ္ပံပညာရှင်များက လက်တွေ့ စူးစမ်းမှုများ ဆက်လက်ပြုလုပ်ကြရာ၌ ခဲသတ္တုသည် ပကတိ သုညဒီဂရီမရောက်မီ ၇.၂၂° အလို၌၎င်း၊ ခဲမဖြူသည် ပကတိ သုညဒီဂရီ မရောက်မီ ၃.၇၃ ဒီဂရီအလို၌၎င်း ထူးကဲဓာတ်ကူးပစ္စည်းမျိုးဖြစ်သွားသည်ကို တွေ့ခဲ့ရသည်။ အလားတူပင် ဓာတ်ကူးပစ္စည်းများဖြစ်သော အခြို့သတ္တုစပ်ပစ္စည်းများမှာလည်း ပကတိ သုညဒီဂရီ မရောက်မီ ၁၈ ဒီဂရီအလို၌ ဓာတ်ကူးခြင်းကို ခုခံမှုမရှိသော ပစ္စည်းမျိုး ဖြစ်သွားသည် ကိုလည်း တွေ့ခဲ့ရသည်။ ဒြပ်ပစ္စည်းများကို ပကတိသုညဒီဂရီ မရောက်မီ ၁၀၀၀၀၂° အထိ အအေးပေးနိုင်သည့်နည်းကို တွေ့ခဲ့သည်။ ယင်းသို့အားဖြင့် သိပ္ပံပညာရပ်တွင် ကရိုင်ယိုဂျင်းနစ် အတတ်ပညာမှာ တကယ့် ဆန်းသစ်လာတော့သည်။

မွေးမြူရေးအတွက်အသုံးချခြင်း

ရှေးယခင်က မေထုန်မဲ့သားစပ်ရာ၌ သုက်ရည်များ ပျက်စီးမှုကြောင့် အောင်မြင်သင့်သလောက် အောင်မြင်မှု မရခဲ့ချေ။ (မေထုန်မဲ့သားစပ်ခြင်း — ရှ။) ၁၉၅၀ မှစ၍ ကရိုင်ယိုဂျင်းနစ် ပညာဖြင့် သုက်ရည်များကို အခဲများအဖြစ် မပျက်စီးအောင် သိုလှောင်ဖြန့်ဖြူး ပေးနိုင်သဖြင့် မေထုန်မဲ့သားစပ်လုပ်ငန်းများသည်ရာခိုင်နှုန်းပြည့် အောင်မြင်မှုရတော့သည်။ အလားတူပင် သစ်သီးဝလံတို့၏မျိုးစေ့များကိုလည်း ကရိုင်ယိုဂျင်းနစ်ပညာဖြင့် သိုလှောင်ဖြန့်ဖြူး ပေးနိုင်သဖြင့် မျိုးစေ့များမပျက်မစီးပဲ လိုအပ်သည့် စိုက်ခင်းများတွင် စိုက်ပျိုးနိုင်သည်။ ထိုမျှသာ မကသေးပဲ ဒိန်ခဲလုပ်ငန်းများတွင် အသုံးပြုသော ဗက်တီးရီးယားများကိုလည်း ကရိုင်ယိုဂျင်းနစ်ပညာဖြင့် ခဲအောင်ပြုလုပ်ပြီး လိုအပ်ရာ လုပ်ငန်းခွင်များသို့ မပျက်မစီးပဲ ပေးပို့နိုင်သည်။

ဆေးသိပ္ပံ၌အသုံးချခြင်း

ဆေးသိပ္ပံပညာရှင်များသည် ကရိုင်ယိုဂျင်းနစ် ပညာဖြင့် လိုအပ်သော အအေးဓာတ်ကို ဖြစ်ပေါ်စေခြင်းဖြင့် ဆဲများကို သေအောင်လည်း ပြုနိုင်သည်။ သို့မဟုတ် ဆဲလ်များကိုမသေစေပဲ ရေရှည်ငြိမ်နေအောင်လည်း ပြုနိုင်ကြသည်။ ယခုအခါ ဆေးသိပ္ပံပညာရှင်များသည် ကရိုင်ယိုဂျင်းနစ်ပညာကို ခွဲစိတ်ကုသမှုဖက်တွင် အသုံးပြုသည်။

အကြောသေရောဂါ စွဲကပ်သူများ၏ ဦးခေါင်းအတွင်းရှိ အာရုံကြောများကို ခွဲစိတ်ကုသရာ၌ ဦးနှောက်အခြေ

တင်ရှိသည့် အာရုံကြောကို ကရိုင်ယိုကျင်းနစ် ပညာဖြင့် ငြိမ်အောင် ပြုလုပ်ပြီး ခွဲစိတ်ကုသကြသည်။ အာရုံကြော ဆိုင်ရာ အခြား ခွဲစိတ်ကုသမှုများတွင်လည်း ခွဲစိတ်လိုသည့် အပိုင်း၌ ကရိုင်ယိုကျင်းနစ် ပညာဖြင့် အအေးဓာတ်ပေး၍ ခွဲစိတ်ကုသကြသည်။ မျက်လုံးတိမ်ကို ခွဲစိတ်ကုသရာ၌ရင်း၊ သွေးကြောအတွင်း သွေးပိတ်ဆို့မှုကို ခွဲစိတ်ကုသရာ၌ရင်း၊ ကျဉ်းနေသည့်သွေးကြောကို ခွဲစိတ်ကုရာ၌ရင်း ကရိုင်ယိုကျင်းနစ် ပညာဖြင့် သွေးများကို ခဲစေပြီးမှ ခွဲစိတ်ကုသကြသည်။

ထို့ပြင် ဆေးသိပ္ပံပညာရှင်များသည် ကရိုင်ယိုကျင်းနစ် ပညာကို မူတည်၍ ခွဲစိတ်ကရိယာ တမျိုးကိုလည်း တီထွင်ထားသည်။ အဆိုပါ ကရိယာမှာ အဝတ်ချုပ်အပ် အကြီးစား အရွယ်ခန့်သာ ရှိပြီး အအေးဓာတ်ကို နှိုက်ထရိုက်ချင် အရည်ဖြင့် ဖြစ်ပေါ်စေသည်။ လိုအပ်သော အအေးဓာတ် အနည်းအများကိုလည်း နှိုက်ထရိုက်ချင် အရည် အနည်းအများပေးမှု အပေါ်တွင် မူတည်အောင် တီထွင်ထားသည်။ နှိုက်ထရိုက်ချင် အရည်ကိုလျှပ်စစ်ဓာတ်အားဖြင့် အလုပ်လုပ်သော အဆို့ရှင်ဖြင့် ထိန်း၍ အသုံးပြုသည်။

ကရိုင်ယိုကျင်းနစ် ပညာဖြင့် သွေးများနှင့် သွေးအတွင်းရှိ ဆဲများကို ရေရှည်သိုလှောင်ထားနိုင်ကြသည်။ ယင်းသို့ ရေရှည် သိုလှောင်နိုင်မှုကြောင့် ဆေးသိပ္ပံ ပညာရှင်များသည် လူတဦး၏ သွေးထဲ၌ ပါဝင်သော ဓာတ်ပစ္စည်းပြောင်းလဲမှု အနေအထားကို သူအချိန်နှင့်သူ စစ်ဆေးပေးနိုင်သည်။ ယင်းသို့အားဖြင့် လူတဦး၌နှလုံးရောဂါ၊ သို့မဟုတ် လေဖြတ်ရောဂါနှင့် အခြားရောဂါများ မည်သည့်အချိန်တွင် စွဲကပ်မည်ဟူ၍ ဟောကိန်းထုတ်နိုင်သည်ဟုဆိုသည်။ ခွဲစိတ်ကရိယာများကိုလည်း အသုံးမပြုမီ ကရိုင်ယိုကျင်းနစ် ပညာဖြင့် လွန်ကဲသော အအေးဓာတ်ပေးပြီး ယင်းတို့၌ စွဲကပ်နေသော အန္တရာယ်ဖြစ်စေသည့် ပိုးမွှားများကို သေစေသည်ဟု သိရသည်။

အင်ဂျင်နီယာပညာ၌အသုံးချခြင်း

ယခုအခါ ကရိုင်ယိုကျင်းနစ် ပညာဖြင့် ထူးကဲဓာတ်ကူးပစ္စည်းများ ပြုလုပ်နိုင်ကြသည်။

အမေရိကန်သိပ္ပံပညာရှင် ဒတ်တလောတ်သည် ကရိုင်ယိုကျင်းနစ်ပညာဖြင့် ကရိုင်ထရွန်ခေါ် ကွန်ပျူတာစက် ထိန်းခလုတ်ကို ၁၉၅၆ ခုနှစ်တွင် တီထွင်ခဲ့သည်။ ကရိုင်ယိုကျင်းနစ်ပညာ အသုံးပြုထားသော ကွန်ပျူတာစက် အစိတ်အပိုင်းများ၊ လေဇာရောင်ခြည်ထုတ် ကရိယာ၊ မေဆာရောင်ခြည်ထုတ် ကရိယာ၊ လျှပ်စစ်မော်တာ၊ လျှပ်စစ်ခလုတ်၊ အပူနှင့်အအေးပြောင်းလဲမှုကို စူးစမ်းပေးနိုင်သည့် ကရိယာများကို တီထွင်၍ ၁၉၆၀ ပြည့်နှစ်တွင် ထုတ်လုပ်ရောင်းချခဲ့သည်။ စက်ကရိယာ အစိတ်အပိုင်းများလှုပ်ရှား ရန်မလိုပဲ ဓာတ်ငွေ့မှ လျှပ်စစ်ဓာတ်အား တိုက်ရိုက်ဖြစ်ပေါ်စေနိုင်သည့် လျှပ်စစ် ဓာတ်အားပေးစက်ကို ကရိုင်ယိုကျင်းနစ် ပညာဖြင့် ၁၉၆၃ ခုနှစ်တွင် တီထွင်ခဲ့သည်။ ထို့ပြင် ကရိုင်ယိုကျင်းနစ် ပညာ အသုံးပြုထားသော လေမှုတ်စက်နှင့် လေစုတ်စက်များကိုလည်း တီထွင်ခဲ့သည်။

သတ္တုလုပ်ငန်းများတွင်သုံးခြင်း

သံနှင့် သံမဏိများကို အရည်ကျိုရာ၌နောက်ဆုံးအဆင့် ပစ္စည်းများ သန့်စင်ရာတွင် သာမန်နည်းဖြင့် သန့်စင်ခြင်းထက် ကရိုင်ယိုကျင်းနစ် ပညာဖြင့် သန့်စင်ခြင်းက ထုတ်လုပ်သည့် ပစ္စည်းအရည်အသွေးကို ပိုမိုကောင်းမွန်စေကြောင်း တွေ့ရသည်။ ထို့ပြင် သတ္တုစပ်များကို ထုတ်လုပ်ရာ၌ ကရိုင်ယိုကျင်းနစ် ပညာဖြင့် ပြုပြင်စီမံထားသော အောက်ဆီဂျင်၊ နိုက်ထရိုဂျင်၊ အာဂွန်နှင့် ဟိုက်ဒရိုဂျင်စသော ဓာတ်ငွေ့များကို အသုံးပြုရသည်။

ထို့ပြင် ဓာတုဗေဒကုန်ထုတ်လုပ်ငန်းတွင် အသုံးပြုသော ဓာတ်ငွေ့များကို အသုံးမပြုမီ ကြိုတင်ပြင်ဆင်မှု ပြုရာ၌ အမျိုးအစားသန့်သန့် ရရှိနိုင်ရန် ကရိုင်ယိုကျင်းနစ် ပညာဖြင့် စီရင်ရသည်။

စားနပ်ရိက္ခာသိုလှောင်ရေး၌သုံးခြင်း

ကရိုင်ယိုကျင်းနစ် ပညာသည် လွန်ကဲသော အအေးဓာတ်ကို ဖြစ်ပေါ်စေနိုင်သဖြင့် ဟင်းသီး၊ ဟင်းရွက်၊ သားငါးမှအစ အခြားစားကုန်ပစ္စည်းများကို မပျက်စီးအောင် သိုလှောင်ရာ၌ ရေခဲမသုံးပဲ ကရိုင်ယိုကျင်းနစ် ပညာဖြင့် အအေးခံ၍ သိုလှောင်ကြသည်။ ထို့ပြင် ပင်လယ်ရေမှ ရေချိုထုတ်လုပ်ရာ၌ ကရိုင်ယိုကျင်းနစ် ပညာဖြင့် ပင်လယ်ရေကို ခဲစေပြီးမှ ရေချို ထုတ်လုပ်ကြသည်။

စစ်ရေး၌အသုံးချခြင်း

အနုမြူဗုံးများ ထုတ်လုပ်ရေးရာ၌ အသုံးပြုသော ကုန်ကြမ်းများကို ကရိုင်ယိုကျင်းနစ် ပညာဖြင့် ပစ္စည်းအရည်အသွေး ပိုမိုကောင်းမွန်အောင် ပြုလုပ်ကြသည်။ အလွန်မြင့်သော အမြင့်မှနေ၍ ခရီးဝေးသို့ ပျံသန်းရသည့် စစ်လေယာဉ်များတွင် လေသူရဲများ အသက်ရှူရန်အတွက် အောက်ဆီဂျင် အသက်ရှူ ပူးများကို ကရိုင်ယိုကျင်းနစ် ပညာဖြင့် တီထွင်အသုံးပြုသည်။ ဒုံးပျံများတွင်လည်း ကရိုင်ယိုကျင်းနစ်ပညာဖြင့် တီထွင်ထားသောအောက်ဆီဂျင်အရည်နှင့် ဟိုက်ဒရိုဂျင်အရည်များကို လောင်စာရည်များအဖြစ် အသုံးပြုကြသည်။ ယခုအခါ အာကာသတွင်းသို့ လွှတ်တင်နေသော အာကာသယာဉ်များအတွက် လောင်စာအရည်မှအစ အာသာကယာဉ်၏ အချို့အစိတ်အပိုင်းနှင့် အာကာသယာဉ် ပျံသန်းစဉ် လမ်းကြောင်းထိန်းပေးသော ကရိယာများကိုပါ ကရိုင်ယိုကျင်းနစ် ပညာဖြင့် တီထွင်ထားကြသည်။

ကအွန်ဒါ,ကင်းနက် (ခရစ် ၁၉၂၄ ဖွား)။ ။ကအွန်ဒါသည် ဇမ္ဘီးယားနိုင်ငံ၏ အဦးဆုံးသမ္မတ ဖြစ်သည်။ ယခင်က မြောက်ပိုင်း ရိုဒီးဇီးယားဟု ခေါ်သော ဇမ္ဘီးယားနိုင်ငံရှိ ချင်စာလီအရပ်၌ ၁၉၂၄ ခုနှစ် ဧပြီလ ၂၀ ရက်နေ့တွင် ဗင်ဗာအာမျိုးနွယ်စုကြီးမှ ဖွားမြင်ခဲ့သည်။ မိဖနှစ်ပါးမှာ ဆရာ ဆရာမများ ဖြစ်ကြ၍ ကအွန်ဒါသည်လည်း ဆရာ အတတ်သင်ကောလိပ်သို့ ရောက်သည်အထိ စာပေသင်ယူ ကာ ၁၉၄၃ ခုနှစ်တွင် ကျောင်းဆရာ ဖြစ်လာသည်။ ထို့နောက် ပိုင်း တွင် သူသည် တန်ဂန်ယီးကာ၌ ၎င်း၊ မြောက်ပိုင်း ရိုဒီးဇီးယားရှိ ကော်ပါဘဲ့၌၎င်း အလုပ်လုပ်ရင်းက လူမျိုးခွဲခြားမှု အတွေ့အကြုံကို ကိုယ်တိုင်ရရှိကာ ဒေါသူပုန်ထခဲ့သည်။

ကအွန်ဒါသည် ၁၉၄၉ ခုနှစ်တွင် အေအင်စီခေါ် အာဖရိက အမျိုးသား ကွန်ဂရက်ပါတီအတွက် လှုံ့ဆော်စည်းရုံးရာ၌ ကူညီခဲ့ပြီး ၁၉၅၁ ခုနှစ်တွင် ယင်းကွန်ဂရက်၏ အတွင်းရေးမှူးချုပ် ဖြစ်လာသည်။ ဤတွင် သူသည် ကွန်ဂရက်၏ သတင်းထုတ်ပြန်မှုကို အမြတ်တနိုးထား၍ တည်းဖြတ်ပြင်ဆင်မှုများ ပြုလုပ်ခဲ့သည်။ ရိုဒီးဇီးယားနှင့် ညာဆာလန် (ယခု မာလာဝီ) ပေါင်းရေးကိုလည်း တိုး၍ ဆန့်ကျင်ခဲ့သည်။ လူဖြူ အုပ်စိုးမှု တော်လှန်ရေး စိတ်ဓာတ်များကိုလည်း ပြန့်နှံ့စေခဲ့သည်။ ထိုအတွင်း အစိုးရက ပိတ်ပင် တားမြစ်ထားသော စာပေလက်ဝယ် ထားရှိမှုဖြင့် အချိန်အနည်းငယ်မျှ ထောင်ကျခဲ့၏။

၁၉၅၇ ခုနှစ်သို့ ရောက်သော အခါ ကအွန်ဒါသည် ဗြိတိန်၊ အနောက် အာဖရိကနှင့် အိန္ဒိယနိုင်ငံများသို့ လှည့်လည်သည်။ အိန္ဒိယတွင်ရှိစဉ် သူသည် အဆုတ်ရောဂါဖြင့် အလွန်မကျန်းမမာ ဖြစ်ခဲ့၏။



ဇမ္ဘီးယားနိုင်ငံ သမ္မတ ကင်းနက်ကအွန်ဒါ

၁၉၅၈ခုနှစ် တွင်မူ ကအွန်ဒါသည် သူ၏ မူလ ကွန်ဂရက်နှင့်ခွဲ ၍ ဇမ္ဘီးယား အာဖရိ က အမျိုးသား ကွန် ရက်ပါတီကိုထောင် သည်။ သို့သော်ယင်း ပါတီသစ်ကို အစိုးရ ကပိတ်ပင်ပြီး ကအွန် ဒါကိုလည်းထပ်မံဖမ်း ဆီးလိုက် ပြန်သည်။ အဖမ်းခံရစဉ် ရှိရင်းစွဲ ရောဂါ ပြန်ထသော်လည်း ကိုးလအတွင်း နာလှန်ထလာခဲ့သည်။

ကအွန်ဒါသည် ၁၉၆၀ ပြည့်နှစ် ဇန်နဝါရီလတွင် ယူအင်အိုင်ပီခေါ် ယူနိုက်တက် အမျိုးသား လှုပ်လှပ်ရှားပါတီ၏ ဥက္ကဋ္ဌ တင်မြှောက်ခံရပြီး မျိုးနွယ်ခွဲခြားမှုကို အခြေခံသော ဖွဲ့စည်းပုံ အခြေခံ ဥပဒေမှန်သမျှကို ဆန့်ကျင်ကာ အေအင်စီ လူနည်းစုနှင့် မဟာမိတ် ဖွဲ့ထားလိုက်သည်။ ၁၉၆၂ ခုနှစ် အောက်တိုဘာလတွင် သူသည် ရွေးကောက်ပွဲ၌ အနိုင်ရရှိ၍ ဒေသဆိုင်ရာ အစိုးရနှင့် လူမှုဝန်ထမ်း ဝန်ကြီး အဖြစ် တင်မြှောက်ခြင်း၊ ထိုမှ သူ၏ယူအင်အိုင်ပီပါတီက ၁၉၆၄ ခုနှစ် ဇန္နဝါရီလတွင် ရွေးကောက်ပွဲ၌ အနိုင်ရ၍ ကအွန်ဒါ ဝန်ကြီးချုပ်ဖြစ်လာသည်။ ကအွန်ဒါ ဦးဆောင် ကောင်းမှုကြောင့် ယူအင်အိုင်ပီပါတီ အောင်မြင်မှုရရှိသည်။ မြောက်ပိုင်းရိုဒီးဇီးယားနိုင်ငံသည် လွတ်လပ်သော ဇမ္ဘီးယား သမ္မတ နိုင်ငံအဖြစ် ထိုနှစ်တွင်ပင် ကြေငြာလိုက်သောအခါ ကအွန်ဒါသည်ပင် ပထမဆုံးသော သမ္မတအဖြစ် တင်မြှောက်ခံရသည်။ (ဇမ္ဘီးယားနိုင်ငံ — ရှု။)

သမ္မတ ကအွန်ဒါသည် နိုင်ငံလွတ်လပ်ရေးရပြီးနောက်၌ နိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးရာ ဖွံ့ဖြိုးကြောင်းတို့ကို တိုး၍ ဆောင်ရွက်ရင်း အာဖရိကနိုင်ငံများ စည်းလုံးညီညွတ်ရေးကို အပြင်းအထန် ထောက်ခံလာခဲ့သူ ဖြစ်သည်။ တောင်အာဖရိကနိုင်ငံအတွင်း လူမျိုးရေး တန်းတူညီမျှစွာ ဆက်ဆံရေးကိုလည်း တသမတ်တည်း လိုလားခဲ့သည်။ ကအွန်ဒါသည် "ဇမ္ဘီးယားနိုင်ငံ လွတ်မြောက်ရမည်" ဟူသော စာအုပ်ကိုရေးသည်။ ၁၉၆၃ ခုနှစ် ပုံနှိပ်ဖြန့်ချိသည်။

၁၉၆၂ ခုနှစ်တွင် ကအွန်ဒါကိုယ်တိုင် တရုတ်နိုင်ငံသို့ သွားရောက်ခဲ့၍ ဇမ္ဘီးယား၏ ကြေးနီတွင်း ဒေသများမှ တန်ဇားနီးယားရှိ ဒါးရက်ဆလမ်းမြို့သို့အရောက် မိုင် ၁၀၀၀ ရှည် မီးရထားလမ်းဖောက်လုပ်ရန် တရုတ်နိုင်ငံမှ ငွေကြေး အကူအညီရရှိခဲ့သည်။

ဇမ္ဘီးယားနိုင်ငံတော် လှတ်တော်က ၁၉၇၁ ခုနှစ် ဒီဇင်ဘာတွင် ဥပဒေတရပ်ကို ပြဋ္ဌာန်း၍ သမ္မတ ကအွန်ဒါ ခေါင်းဆောင်သော အာဏာရ ယူနိုက်တက်အမျိုးသား လွတ်မြောက်ရေး ပါတီသည်သာလျှင် တခုတည်းသော တရားဝင်နိုင်ငံရေးပါတီဖြစ်ကြောင်း ဆုံးဖြတ် အတည်ပြုခဲ့လေသည်။

ကအွန်ဒါသည် အာဖရိက နိုင်ငံရေးခေါင်းဆောင်များထဲတွင် သမကိအရှည်ဆုံး ခေါင်းဆောင်တဦး ဖြစ်သည်။ လေးစား အားထားအခံရဆုံး လူမည်းတယောက်လည်း ဖြစ်သည်။ အာဖရိကတို့ ကောင်းစားရေး စသည့်ကိစ္စများနှင့် စပ်လျဉ်းလာလျှင် သူသည်လည်း တခန်းတကရှုမှ ပါဝင်လာစမြဲပင် ဖြစ်ရာ ယနေ့ ၁၉၇၇ ခုနှစ်ကုန်ကာနီး ကာလပိုင်းအထိလည်း သူ၏မျိုးချစ်စိတ်၊ အဖိနှိပ်ခံ လူတန်းစားအား ကယ်တင်လိုမှုနှင့် ဖိနှိပ်သူတို့အား ဝေဖန်ရှုတ်ချတိုက်ခိုက်မှုတို့ကို တွေ့နေရဆဲပင် ဖြစ်လေသည်။

ကာတာ,ဂျင်မီ (ခရစ် ၁၉၂၄ ဖွား)။ ။အမေရိကန် ပြည်ထောင်စု၏ ၃၉ ယောက်မြောက် သမ္မတအဖြစ် တင်မြောက်ခံရသူ ဂျင်မီကာတာသည် မြေပဲခင်းများ၊ ထင်းရှူးတောများနှင့် လယ်ကူလီလူမည်းများအလယ်တွင် ကြီးပြင်းလာခဲ့သော ကျေးတောသားတဦး ဖြစ်သည်။ အမေရိကန် ပြည်ထောင်စု တောင်ဖက်စွန်းရှိ ဂျော်ဂျီယာပြည်နယ်၊ ပလိန်းမြို့ငယ်အနီးမှ အာချီရီတောရွာကလေး တွင် ကာတာကို ၁၉၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့၌ ဖွားမြင်ခဲ့သည်။ မြေပဲစိုက်ပျိုး ရောင်းဝယ်ရေးသမား ဂျိမ်းအားလကာတာဂျူနီယာနှင့် လက်မှတ်ရ သူနာပြု ဆရာမ မစ္စလီလီယင်တို့၏ သားသမီးလေးယောက်အနက် အကြီးဆုံးသား ဖြစ်သည်။

ကာတာ၏ဘိုးဘွားများမှာ ၁၈ ရာစုတွင် အင်္ဂလန်ပြည် အိုင်ယာလန်နယ်မှ အမေရိကန် ပြည်ထောင်စု ကယ်ရိုလိုးနားပြည်နယ် မြောက်ပိုင်းသို့ အမေရိကန် တော်လှန်ရေး အမှီ ရောက်လာသူများ ဖြစ်ကြသည်။ ထိုမှတဆင့် ပလိန်းမြို့သို့ ပြောင်းရွှေ့လာခဲ့ခြင်း ဖြစ်သည်။

ကာတာ၏ ဖခင်သည် အလုပ်အလွန်ကြိုးစားသူတဦး ဖြစ်သည်။ အလုပ်ကြိုးစားသောဖခင်၏ အုပ်ချုပ်မှုအောက်တွင် ကာတာသည် ရေတပုံးနိုင်သည့်အရွယ်မှစ၍ လယ်လုပ်သားများနှင့်အတူ အလုပ်ခွင်သို့ ဝင်ခဲ့ရသည်။ အလုပ်လုပ်သည့် အလေ့အကျင့်၊ ချွေတာစုဆောင်းတတ်သည့် အလေ့အကျင့်နှင့် စီးပွားရေး လုပ်ငန်းများတွင် လိမ္မာပါးနပ် လာဘ်မြင်တတ်မှုတို့ကို ဂျင်မီကာတာသည် ဖခင်ဖြစ်သူထံမှ အမွေရခဲ့သည်။ စာပေဝါသနာနှင့် လူမည်းများအပေါ် ကြင်နာသနားတတ်သည့် စိတ်ထားများကိုလည်း စိတ်သဘော သိမ်မွေ့နူးညံ့၍ စာအလွန်ဖတ်သော မိခင်ထံမှ ဆက်ခံရရှိခဲ့သည်။

ဂျင်မီကာတာ လူလားမြောက်ချိန်တွင် စီးပွားရေးကပ်ဆိုးနှင့် ကြုံရသည်။ ထို့ကြောင့် ကာတာ အထက်တန်းပညာအောင်သောအခါ ပြည်နယ် ကောလိပ်များတွင် နှစ်နှစ်တာမျ ပညာသင်ယူပြီးနောက် အခမဲ့တက်ရမည့် ရေတပ်ဗိုလ်သင်တန်းကျောင်းကို ဝင်ရန် လျှောက်ထားခဲ့သည်။ ၁၉၄၁ ခုနှစ်တွင် အင်ဒီယာနာပိုလစ်မြို့ ရေတပ်ဗိုလ်သင်တန်းကျောင်းသို့ ဝင်ခွင့်ရခဲ့သည်။ ၁၉၄၆ ခုနှစ်တွင် ရေတပ်ကောလိပ်ဘွဲ့ရစာမေးပွဲကို ပထမဆင့်အုပ်စုမှ အောင်မြင်ခဲ့သည်။ ဗိုလ်သင်တန်းကျောင်းမှ ဘွဲ့ရပြီးနောက် ဂျင်မီကာတာသည် မွေးရပ်မြေ ပလိန်းမြို့မှ စက်ပြင်ဆရာတဦး၏ သမီးဖြစ်သူ အသက် ၁၉ နှစ်အရွယ်ရှိ ရိုစလင်စမစ်နှင့် လက်ထပ်လိုက်သည်။

ထိုနောက်ကာတာသည်ရေငုပ်သင်္ဘောသင်တန်းကျောင်းသို့ တက်သည်။ သင်တန်းမှ ဆင်းခဲ့ပြီးနောက် ရေငုပ်သင်္ဘော တပ်ဖွဲ့တွင် လေးနှစ်တာမျ တက်ကြွစွာ အမှု ထမ်း ခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် ရေတပ် ဗိုလ် ချုပ် ကြီး ဟိုင်းမင်း ရစ်ကိုဗာ၏ အနုမြူရေငုပ်တပ်ဖွဲ့သို့ ပြောင်းရွှေ့ အမှုထမ်း ပြန်သည်။ ဗိုလ်ချုပ်ကြီးရစ်ကိုဗာ၏ အုပ်ချုပ်မှု အောက်တွင် ဂျင်မီ ကာတာ သည် ခေါင်းဆောင်တတ်မှု၊ ကြံ့ခိုင်မှု၊ စည်းကမ်း သေဝပ်မှုနှင့် အလုပ်ခွင်တွင်အကောင်းဆုံး ကြိုးစားတတ်မှု စသောအရည်အသွေးများကို ရရှိခဲ့သည်။ ထိုစဉ်ပြည်ထောင်စုကောလိပ်၌ အနုမြူသိပ္ပံနှင့် စက်မှုပညာရပ်များကို သင်ယူခဲ့သေးသည်။


အမေရိကန်သမ္မတ ဂျင်မ်ကာတာ

၁၉၅၃ ခုနှစ်တွင် ဖခင်ဖြစ်သူ ကွယ်လွန်သွားသည့်အခါ ကာတာသည် ပလိန်းမြို့ရှိ ဖခင်၏ လုပ်ငန်းများကို ဦးစီးလုပ်ကိုင်ရန် အလုပ်မှနုတ်ထွက်ခဲ့သည်။ ကာတာ လုပ်ငန်းခွင်သို့ဝင်သည် ပထမနှစ်မှာ မိုးခေါင်သည့် ကာလနှင့် ကြုံသဖြင့် အခက်အခဲများစွာ တွေ့ခဲ့ရသည်။ နောက်ပိုင်းနှစ်များတွင် သူသည် လယ်ယာမြေများကို စက်မှုတပ်ဆင်၍ ထုတ်လုပ်ခဲ့ရာ ဖခင်လက်ထက်ကထက် ၂၅ ဆအထိ စီးပွားတိုးတက်လာခဲ့သည်။ ပလိန်းမြို့တွင် အောင်မြင်ကြီးပွားသော မြို့မျက်နှာဖုံး စီးပွားရေးသမားတဦး ဖြစ်လာခဲ့သည်။ လူမှုရေးလုပ်ငန်းများတွင် ဘုရားရှိခိုးကျောင်းသင်းထောက်ဆရာအဖြစ်ဌင်း၊ ဒေသန္တရကျောင်းအုပ်ချုပ်ရေးအဖွဲ့ဝင် လူကြီးအဖြစ်ဌင်း လုပ်ကိုင်ခဲ့သည်။ ပြည်နယ်အချို့၌ သာသနာပြု ဘုရားရှိခိုးကျောင်းများ ဆောက်လုပ်ရေးတွင်လည်း တက်ကြွစွာ ဦးဆောင်ပါဝင်ခဲ့သည်။

အသက် ၃၇ နှစ်အရွယ် ၁၉၆၁ ခုနှစ်တွင်ကား ဂျင်မီကာတာသည် နိုင်ငံရေးလောကသို့ ခြေစုံပစ်ဝင်လာခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် ဂျော်ဂျီယာပြည်နယ် အထက်လွှတ်တော်အမတ်အဖြစ် အရွေးခံရသည်။ ၁၉၆၆ ခုနှစ်တွင် ဂျော်ဂျီယာပြည်နယ် အုပ်ချုပ်ရေးမှူးအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ရာ ရှုံးနိမ့်ခဲ့ရသည်။ သို့သော် ၁၉၇၁ ခုနှစ်ရောက်သောအခါ ဂျော်ဂျီယာပြည်နယ် အုပ်ချုပ်ရေးမှူးအဖြစ် အရွေးခံရရာ ၁၉၇၅ ခုနှစ်အထိ ဖြစ်သည်။

ထို့နောက် ဂျင်မီကာတာသည် ပြည်နယ်အုပ်ချုပ်ရေးမှူးဘဝမှ နုတ်ထွက်လိုက်ပြီးနောက် သမ္မတအဖြစ် ရွေးကောက်

ခံရန် စီမံစိုင်းပြင်းသည်။ သူသည် ၁၉၇၂ ခုနှစ်မှ ၁၉၇၆ ခုနှစ်ထိ ကာလများတလျှောက် ပြည်နယ်အသီးသီး၏ ပြဿနာများကို အထူးတလည် လေ့လာထားခဲ့သည်။ ပြည်ထောင်စုတဝှန်းမှ ပြည်နယ်များစွာသို့ လှည့်လည်၍ မဲဆွယ်ခဲ့သည်။ နိုင်ငံရေးပရိယာယ်ကို ကျွမ်းကျင်လိမ်မာစွာ အသုံးချကာ လူထုပရိသတ်ကို ဆွဲဆောင်စည်းရုံးနိုင်ခဲ့သည်။ လူမည်းခေါင်းဆောင် ပြည်ထောင်စု လွှတ်တော်အမတ် အင်ဒရူးယန်းနှင့်မာတင်လူသာကင်း–စီနီယာ (ကွယ်လွန်သူ လူမည်း ခေါင်းဆောင်ကြီး မာတင်လူသာကင်း–ဂျူနီယာ၏ ဖခင်) တို့၏အားပေးမှုကြောင့်လူမည်းထုအများစု၏ထောက် ခံမှုကိုရရှိခဲ့သည်။ သို့ဖြင့် ဂျင်မီကာတာသည် ဒီမိုကရက်တစ် ပါတီမှ သမ္မတအဖြစ်အရွေးခံရရန် အလားအလာအကောင်း ဆုံးသော ပါတီခေါင်းဆောင်တဦး ဖြစ်လာခဲ့သည်။

၁၉၇၆ ခု နိုဝင်ဘာလ ရွေးကောက်ပွဲတွင် ဂျင်မီကာတာသည် အမေရိကန် ပြည်ထောင်စု၏ လက်ရှိသမ္မတဖြစ်သော ရီပတ်ဗလီကန် ပါတီခေါင်းဆောင် ဂျရယ်ဖို့ဒ်နှင့် ယှဉ်ပြိုင်အရွေးခံသည်။ ပြည်ထောင်စုတဝှန်းလုံးမှ ကိုယ်စားလှယ် မဲပေါင်း ၅၃၈ မဲအနက် ၂၉၇ မဲရရှိပြီး လက်ရှိ သမ္မတဖို့ဒ်ကို အနိုင်ရခဲ့ကာ ၁၉၇၇ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် အမေရိကန် ပြည်ထောင်စု၏ သမ္မတအဖြစ် တင်မြှောက် ခံရသည်။

ကာလသားရောဂါ။ ။ကာလသားရောဂါသည် များသောအားဖြင့် မေထုန်မှီဝဲရာမှစ၍ ဖြစ်ပေါ်လာသော ကူးစက်တတ်သည့် ရောဂါဖြစ်သည်။ ကာလသားရောဂါအမျိုးမျိုး အစားစား ရှိသည့်အနက် အရေးတကြီး ကာကွယ်တားဆီးရမည့် ရောဂါများမှာ ဆစ်ဖလစ်နှင့် ဂိုနို ညောင်းကျရောဂါတို့ ဖြစ်သည်။

ဆစ်ဖလစ်ရောဂါဖြစ်ရခြင်းမှာ စပိုင်ရိုခီ ပိုးကြောင့် ဖြစ်သည်။ ယင်းပိုးသည် အရေပြား၊ သို့မဟုတ် ကျိခွဲမြှေးများ ပွန်းပဲ့ရာမှ လူခန္ဓာကိုယ်အတွင်းသို့ ဝင်သည်။ မေထုန်မှီဝဲခိုက်တွင် အများဆုံး ကူးစက် ဝင်ရောက်တတ်သည်။ ရောဂါရှိသူကို နှုတ်ခမ်းချင်း စုတ်မိသောကြောင့်၎င်း၊ ယင်းတို့သုံးထားသည့် ပန်းကန်ခွက်ယောက်၊ မျက်နှာသုတ် ပုဝါ စသည့် အသုံးအဆောင် ပစ္စည်းကို သုံးစွဲမိသောကြောင့်၎င်း ဆစ်ဖလစ်ရောဂါ ကူးစက်တတ်သေးသည်။

ဆစ်ဖလစ်ရောဂါ ကြာရှည်စွာဖြစ်ခဲ့လျှင် အာခေါင်ရိုးပေါက်ခြင်း၊ အသည်း သို့မဟုတ် အရေပြားပေါ်၌ အနာဆိုးများ ပေါက်ခြင်း၊ နှာခေါင်းရိုးကျိုးသွားခြင်းများဖြစ်တတ်ပြီး ဦးနှောက်၊ သွေးကြော၊ နှလုံးနှင့်ဗဟိုအာရုံကြောစုတို့ကို ထိခိုက်ပျက်စီး စေတတ်သည်။

ဝမ်းတွင်းပါ ဆစ်ဖလစ်ရောဂါသည် ရောဂါရှင်မိခင်ထံမှ ပဋိသန္ဓေသားသို့ ကူးစက်ခြင်း ဖြစ်သည်။ သန္ဓေရှိစက ကူးစက်ခဲ့လျှင် သန္ဓေပျက်ပြီး သားလျှာ တတ်သည်။ ဆစ်ဖလစ်ရောဂါကိုကုသရာ၌ ခန္ဓာကိုယ်ထဲရှိ စပိုင်ရိခိပိုးများကို ပဋိဇီဝဆေးများသုံး၍ သုတ်သင်ရှင်းလင်း ပစ်ရသည်။ ထိုကိစ္စအတွက် ပင်နီဆီလင်ဆေးများကို အသုံးများသည်။

ဂိုနိုရီယာခေါ် ဂိုနိုညောင်းကျနာမှာမူ ဂိုနိုကောက်တ် ပိုးကြောင့် ဖြစ်သည်။ ဤရောဂါသည် အင်္ဂါဇာတ်နှင့် အင်္ဂါဇာတ်အနီးရှိ အင်္ဂါအစိတ်အပိုင်းများနှင့်သာ သက် ဆိုင်သည့် ရောဂါမျိုးဖြစ်သည်။ ဂိုနိုညောင်းကျ နာသည် တာရှည်လာသောအခါ ခန္ဓာကိုယ်တခုလုံးသို့ ပျံ့နှံ့သွားပြီး အဆစ်အမြစ်ရောင်ခြင်း၊ နှလုံးသားများရောင်ခြင်း စသည် တို့ကို ဖြစ်ပေါ်စေနိုင်သည်။ ဂိုနိုညောင်းကျရောဂါရှိသော မိခင်များမှမွေးသည့် မွေးကင်းစ ကလေးများသည် ဂိုနိုရီယာပိုးကြောင့် မျက်စိကန်းတတ်သည်။ ကလေးများကို မျက်စိကန်းခြင်းမှ ကာကွယ်နိုင်ရန် ဆီလဗာနိုက်တြိတ်ခေါ် မျက်စဉ်းတမျိုးကို မွေးလျှင်မွေးချင်း ခပ်ပေးလေ့ ရှိသည်။ ဂိုနိုညောင်းကျနာကို ကုသရာ၌ ဆာလဖာဆေးနှင့် ပင်နီဆီလင် ဆေးများကို သုံးကြသည်။

ကာလသားရောဂါသည် မျိုးပွားအင်္ဂါများကို အန္တရာယ်ကြီးစွာ ပေးတတ်သောကြောင့် မျိုးဖျက် ရန်သူဟူ၍ ပင် ခေါ်စမှတ်ပြုကြသည်။ ဤကဲ့သို့ လူမျိုး ပြုန်းတီးစေသောရောဂါဆိုးမှ ကာကွယ်ရန် အကောင်းဆုံးနည်းလမ်းမှာ မိမိခင်ပွန်းနှင့်မှတပါး မေထုန်မှီဝဲခြင်းကို ရှောင်ကြဉ်ရန်ပင် ဖြစ်သည်။

ကုလသမဂ္ဂတက္ကသိုလ်။ ။ကုလသမဂ္ဂတက္ကသိုလ်သည် ကုလသမဂ္ဂအဖွဲ့အစည်းများအနက် တမူထူးသည့် ဝိသေသရှိသောအဖွဲ့ဖြစ်သည်။

၁၉၆၉ ခုနှစ် အတွက် အတွင်းရေးမှူးချုပ် အစီရင်ခံစာ၏ နိဒါန်းတွင် ကုလသမဂ္ဂတက္ကသိုလ်တည်ထောင်ရန် အကြံကို ထိုစဉ်က အတွင်းရေးမှူးချုပ်ဖြစ်သူ ဦးသန့်က ဦးစွာ ပထမ တင်ပြခဲ့လေသည်။ ထိုပြင် ယင်း တက္ကသိုလ်၏ ပခနလုပ်ငန်းမှာ နိုင်ငံရေး အရရော၊ ယဉ်ကျေးမှုအရပါ တနိုင်ငံနှင့် တနိုင်ငံ ပိုမိုနားလည်အောင် ဆောင်ရွက်ရန်ပင် ဖြစ်သင့်သည်ဟုလည်း တပါတည်းတင်ပြခဲ့လေ၏။

ရည်မှန်းချက်နှင့် အခြေခံမူများ

ဤကိစ္စကို လေ့လာသုံးသပ်ရန် ၁၉၇၀ ပြည့်နှစ်တွင် အပြည်ပြည်ဆိုင်ရာ ကျွမ်းကျင်သူများအဖွဲ့ကို အထွေထွေလွှတ်တော်ကဖွဲ့စည်းခဲ့သည်။ကုလသမဂ္ဂပညာ၊သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ကလည်း ယင်း၏ သုံးသပ်ချက်များကိုတင်ပြသည်။ကုလသမဂ္ဂသင်တန်းနှင့် သုတေသနဗဟုသုတအလားတူပင် လေ့လာတင်ပြသည်။ အဆိုပါ အဖွဲ့ အသီး

သီး၏ လေ့လာတွေ့ရှိချက်တို့ကိုကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးကောင်စီက ဆွေးနွေး စဉ်းစားသည်။ ယင်းသို့ စဉ်းစားပြီးနောက် တင်ပြသော စီးပွားရေးနှင့် လူမှုရေးကောင်စီ၏ ထောက်ခံချက်များကို အထွေထွေ လွှတ်တော်က ထပ်မံဆွေးနွေးသည်။ ၁၉၇၂ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် အထွေထွေလွှတ်တော်၏ ၂၇ ကြိမ်မြောက် ညီလာခံက ကုလသမဂ္ဂ တက္ကသိုလ်ကို တည်ထောင်ရန် ဆုံးဖြတ်လိုက်ပြီးနောက် တည်ထောင်ရာ၌ လိုက်နာရမည့် မူများနှင့် ရည်မှန်းချက်များကိုလည်း ချမှတ်ပေးလိုက်သည်။

ရည်မှန်းချက်များ ချမှတ်ပေးပြီးနောက် အတွင်းရေးမှူးချုပ်သည် ကုလသမဂ္ဂ ပညာ၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့၏ ညွှန်ကြားရေးဝန်ချုပ်နှင့် ညှိနှိုင်းလျက် ကုလသမဂ္ဂ တက္ကသိုလ် တည်ထောင်ရေး ကော်မတီကို ဖွဲ့စည်းရန်ဖြစ်သည်။ ကုလသမဂ္ဂတက္ကသိုလ် တည်ထောင်ရေး ကော်မတီသည် ကုလသမဂ္ဂတက္ကသိုလ်၏ ရည်မှန်းချက်နှင့် မူများကို ပီပီပြင်ပြင် ထပ်မံ၍ ရေးသားပြုစုရန်နှင့် ကုလသမဂ္ဂ တက္ကသိုလ်၏ အခြေခံဖွဲ့စည်းပုံ စာချုပ် မူကြမ်းကို ရေးဆွဲတင်ပြရန်လည်း တာဝန် ယူရသည်။ တည်ထောင်ရေး ကော်မတီတွင် ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၂၀ မှ ထင်ရှားသော နိုင်ငံရေးနှင့် ပညာရေးလောကမှခေါင်းဆောင်များ ပါဝင်သည်။

အခြေခံဖွဲ့စည်းပုံ စာချုပ်

အခြေခံ ဖွဲ့စည်းပုံ စာချုပ်မူကြမ်းရေးဆွဲရေးကော်မတီ ကတင်သွင်းသော စာချုပ်မူကြမ်းကို ၁၉၇၃ ခု ဒီဇင်ဘာလ ၅ ရက်နေ့တွင် အထွေထွေလွှတ်တော်က အတည်ပြုသည်။

ကုလသမဂ္ဂတက္ကသိုလ်သည် ကမ္ဘာအရပ်ရပ်ရှိ လူပုဂ္ဂိုလ် အသီးသီးတို့နှင့်၎င်း၊ ပညာရေး သိပ္ပံရေးတို့နှင့်၎င်း ဆက်သွယ်ပြီးနောက် တကမ္ဘာလုံးတွင် လက်တွေ့ လိုအပ်သော သုတေသန လုပ်ငန်းတို့ကို ဆက်စပ်ညှိနှိုင်း လုပ်ကိုင်ရန် ဖြစ်သည်။ ကုလသမဂ္ဂတက္ကသိုလ်ကောင်စီသည် သုတေသနနှင့် လေ့ကျင့်ရေး ဗဟာန်များကို အသစ်တည်ထောင် လိုက တည်ထောင်နိုင်သည်။ ကမ္ဘာအရပ်ရပ်၌တည်ထောင် ထားပြီးဖြစ်သော သုတေသနနှင့် လေ့ကျင့်ရေးဗဟာန်တို့ကို ကုလသမဂ္ဂတက္ကသိုလ်၏ ဘောင်အတွင်းသို့ သွတ်သွင်းလိုက သွတ်သွင်းနိုင်သည်။ ထိုကဲ့သို့ ကုလသမဂ္ဂ တက္ကသိုလ်ကောင်စီ ကိုယ်တိုင်က အသစ်တည်ထောင်သော သုတေသနနှင့် လေ့ကျင့်ရေးဗဟာန်တို့နှင့်တကွ အခြားနည်းအားဖြင့် ဆက်သွယ်ထားသော သုတေသနနှင့် လေ့ကျင့်ရေးဗဟာန်အားလုံးတို့ကို စုပေါင်း၍ကုလသမဂ္ဂ တက္ကသိုလ်ဟု ခေါ်တွင်သည်။

ကမ္ဘာအရပ်ရပ်၊ နိုင်ငံအသီးသီး၊ အထူးသဖြင့်ဖွံ့ဖြိုးဆဲ နိုင်ငံတို့တွင် ထက်မြက်သော ပညာရှင်များ အစဉ်တစိုက် ထုတ်ပေါ်လာစေရန်မှာ ကုလသမဂ္ဂ တက္ကသိုလ်၏ ပဓာန လုပ်ငန်းဖြစ်လေသည်။ ဖွံ့ဖြိုးဆဲ နိုင်ငံတို့ရှိ ပညာရှင်တို့သည် မိမိတို့နိုင်ငံ၏ လက်တွေ့ဘဝနှင့် ကင်းကွာကာ နောက်ဆုံး၌ ဗဟိရပ်မြေကိုစွန့်၍ ဖွံ့ဖြိုးပြီး နိုင်ငံတို့သို့ ရှောင်ခွာသွားခြင်းမျိုး မဖြစ်စေရန်လည်း ရည်စူးချက်ရှိသည်။

ကုလသမဂ္ဂတက္ကသိုလ်သည် ယဉ်ကျေးမှုဘာသာစကားနှင့် လူမှုရေးစနစ်တို့ ကွဲပြားခြားနားသော လူမျိုးများ အချင်းချင်း ယှဉ်တွဲနေထိုင်ရေးကို၎င်း၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးထိန်းသိမ်းမှုနှင့် နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ ဆက်ဆံရေးကို၎င်း။ လူအခွင့်အရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ပြောင်းလဲဖြစ်ပေါ်မှုများ၊ ပတ်ဝန်းကျင်အခြေအနေကို ပြုပြင်ရေးနှင့် သယံဇာတပစ္စည်းများ အသုံးချရေးတို့ကို၎င်း၊ သိပ္ပံနှင့် အခြား ဘာသာရပ်များ သုတေသနပြုမှု ဖွံ့ဖြိုးရေးလုပ်ငန်းများ လက်တွေ့အသုံးချနည်းများကို၎င်း၊ လူအရည်အသွေး အဆင့် အတန်းတိုးတက်ရေးကို၎င်း ဘာသာရပ်များ အနေဖြင့် သုတေသနပြုသွားရန် ဖြစ်သည်။ ကုလသမဂ္ဂ တက္ကသိုလ်သည် လောလောဆယ်အားဖြင့် ကမ္ဘာ့ဝင်တော်မှတ်ခေါင်းပါးမှု ပြဿနာ၊ လူမှုရေး တိုးတက်မှု လုပ်ငန်းများနှင့် သယံဇာတပစ္စည်းတို့ကို စီမံခန့်ခွဲအသုံးချနည်း ဘာသာရပ် သုံးခုကို ဦးစားပေးဆောင်ရွက်လျက် ရှိလေသည်။ ထို့ပြင် ဘက်မလိုက်နိုင်ငံများကို လိုလားလျက် ရှိသော ဘက်မလိုက်ဝါဒကို သုတေသန ဘာသာရပ်တခု အဖြစ် သတ်မှတ်ရန်လည်း စဉ်းစားလျက်ရှိသည်။

ဖွဲ့စည်းပုံနှင့် ရန်ပုံငွေ

ကုလသမဂ္ဂတက္ကသိုလ်တွင် အဖွဲ့ဝင် ၂၄ ဦးပါဝင်သော ကုလသမဂ္ဂတက္ကသိုလ်ကောင်စီဟူ၍ရှိသည်။ ယင်းကောင်စီသည်တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့ပင်ဖြစ်သည်။ ကောင်စီကို ဒေသအလိုက် ကိုယ်စားလှယ်များ ကျယ်ပြန့်စွာ ပါဝင်အောင် ဖွဲ့စည်းထားသည်။ လက်ရှိကောင်စီ အဖွဲ့ဝင်များမှာ နိုင်ဂျီးရီးယား၊ ပြင်သစ်၊ ဗြိတိန်၊ ဗဟာဇီး၊ ကနေဒါ၊ အီဂျစ်၊ ပိုလန်၊ အီသီအိုးပီးယား၊ ဂျာမန် ဒီမိုကရက်တစ် သမ္မတနိုင်ငံ၊ ဆိုဒင်၊ ဂျပန်၊ အီတလီ၊ အိန္ဒိယ၊ အီရန်၊ ဗင်နီဇွဲလား၊ အာဂျင်တီးနား၊ ရူမေးနီးယား၊ ဆင်နီဂေါမက်ဆီကို၊ အမေရိက၊ ထရင်နီဒက်နှင့် တိုဗားဂို၊ ပါကစ္စတန်၊ ကင်ညာနှင့် ဆီးရီးယား နိုင်ငံများမှ ဖြစ်ကြသည်။

ကုလသမဂ္ဂတက္ကသိုလ်၏ ပညာရေးနှင့် အုပ်ချုပ်ရေးကိစ္စများကို စီမံကွပ်ကဲရသော အမြင့်ဆုံး တာဝန်ရှိသူ ပါမောက္ခချုပ်တဦးရှိသည်။ပါမောက္ခချုပ်၏ သက်တမ်းမှာ ငါးနှစ်ဖြစ်၍ လက်ရှိပါမောက္ခချုပ်မှာ နယူးယောဂ်တက္ကသိုလ်၏ အကြီးအကဲအဖြစ် ဆောင်ရွက်ခဲ့ဘူးသူ ဂျိမ်း

ဟက်စတာဖြစ်သည်။ ၁၉၇၅ ခု မတ်လ ၁ ရက်နေ့မှ စ၍ တဘဝန်ထမ်းဆောင်ခဲ့သည်။ ကုလသမဂ္ဂတက္ကသိုလ်၏ ပထမဆုံးသော ပါမောက္ခချုပ်လည်း ဖြစ်သည်။

ပါမောက္ခချုပ်၏ လုပ်ငန်းများကို ဆောင်ရွက်ရသော ရုံးအဖွဲ့၊ သို့မဟုတ် ကုလသမဂ္ဂ တက္ကသိုလ် ဌာနချုပ်ရုံးကို ၁၉၇၄ ခု ဒီဇင်ဘာလ ၂ ရက်နေ့က တိုကျိုမြို့၌ စတင်ဖွင့်လှစ်ထားလေသည်။

ကုလသမဂ္ဂတက္ကသိုလ် ကောင်စီဝင်များကို ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်နှင့် ကုလသမဂ္ဂပညာ၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ ညွှန်ကြားရေးဝန်ချုပ်တို့က ပူးတွဲ၍ရွေးချယ်ခန့်ထားပါသည်။ ယင်းသို့ ခန့်ထားရာ၌ သက်ဆိုင်ရာ သက်ဆိုင်ကြောင်း ဖြစ်သော အဖွဲ့အစည်းများ၏ အကြံဉာဏ်ကို ရယူသည့်အပြင် ကုလသမဂ္ဂ လေ့ကျင့်ရေးနှင့် သုတေသနဗဟုသုတနှင့်လည်း တိုင်ပင်သည်။

ကုလသမဂ္ဂတက္ကသိုလ် ကောင်စီဝင်တဦး၏ သက်တမ်းသည် ခြောက်နှစ်ဖြစ်သည်။ ကောင်စီဝင် ဦးရေ၏ ထက်ဝက်ကို သုံးနှစ် တကြိမ် ရွေးချယ် ခန့်ထားရသည်။ ကောင်စီဝင်တဦးသည် ခြောက်နှစ်ထက် ပို၍ ပါဝင်ခွင့်မရချေ။ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၊ ကုလသမဂ္ဂပညာ၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့၏ ညွှန်ကြားရေးဝန်ချုပ် ကုလသမဂ္ဂ လေ့ကျင့်ရေးနှင့် သုတေသနဗဟုသုတ၏ အမှူဆောင်ညွှန်ကြားရေးမှူးနှင့် ပါမောက္ခချုပ်တို့သည် ကုလသမဂ္ဂ တက္ကသိုလ်ကောင်စီတွင် ရာထူးအလျောက် အဖွဲ့ဝင်များအဖြစ် ပါဝင်ကြသည်။ သို့ဖြစ်၍ ကောင်စီဝင် စုစုပေါင်း ၂၀ ယောက် ဖြစ်သည်။ ကောင်စီအစည်းအဝေးကို တနှစ်လျှင် နှစ်ကြိမ် ပုံမှန် ပြုလုပ်သည်။ ပထမ အစည်းအဝေးကို ဇန္နဝါရီလ စတုတ္ထပတ်တွင် တိုကျိုမြို့ရှိ ရုံးချုပ်တည်ရာတွင် ကျင်းပလေ့ရှိ၍ ဒုတိယ အစည်းအဝေးကို ဇွန်လ စတုတ္ထပတ်တွင် ဖိတ်ကြားသောနိုင်ငံတခုခု၌ ကျင်းပလေ့ရှိသည်။ ကောင်စီ၏ ပထမဆုံး အစည်းအဝေးကို ၁၉၇၄ ခုနှစ် မေလ ၁၂ ရက်နေ့တွင် ကျင်းပခဲ့သည်။

ကုလသမဂ္ဂတက္ကသိုလ် ရန်ပုံငွေသို့ ဂျပန်နိုင်ငံကအမေရိကန် ဒေါ်လာ သန်း ၁၀၀ မှတည် ထည့်ဝင်ခဲ့ပါသည်။ တိုကျိုမြို့တွင် တက္ကသိုလ်ဗဟိုဌာနချုပ် ထားရှိရေး အတွက် မှတည်ရသော ငွေလုံး ငွေရင်းအသုံးစရိတ်ကိုလည်း ဂျပန်နိုင်ငံကပင် လှူသည်။ ဂျပန်နိုင်ငံမှအပ ကုလသမဂ္ဂ တက္ကသိုလ်ရန်ပုံငွေသို့ ဦးစွာပထမ ထည့်ဝင်လှူဒါန်းသော အခြားနိုင်ငံမှာ အာဖရိကမှ ဆင်နီဂေါနိုင်ငံ ဖြစ်လေသည်။ ဆင်နီဂေါနိုင်ငံက ဒေါ်လာ ၂၂,၀၀၇ လှူဒါန်းခဲ့သည်။

ကုလသမဂ္ဂတက္ကသိုလ် ရန်ပုံငွေသို့ ထည့်ဝင်လှူဒါန်းကြပါရန် အထွေထွေလှတ်တော်က ၁၉၇၄ ခုနှစ်မှ စ၍ တိုက်တွန်းခဲ့သည်။ပစ္စည်းဖြစ်စေ၊ ငွေဖြစ်စေ လှူဒါန်းနိုင်သည်။

နိုင်ငံ အစိုးရများ အနေနှင့်ရော၊ လူပုဂ္ဂိုလ် တဦး ချင်းနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ အနေနှင့်ပါ ရန်ပုံငွေထည့်ဝင်လှူဒါန်းနိုင်သည်။ ထို့ပြင် ကုလသမဂ္ဂအဖွဲ့ အစည်းများ၊ အထူးအဖွဲ့ခွဲများ၊ အပြည်ပြည်ဆိုင်ရာ အနုပြုစုမ်းအင်အဖွဲ့နှင့်တကွ အခြား အစိုးရမဟုတ်သော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများက ပေးသည့် သုတေသနနှင့်လေ့ကျင့် သင်ကြားရေးဆိုင်ရာ ပညာတော်သင် ဆုတို့ကိုလည်း, ကုလသမဂ္ဂတက္ကသိုလ်က လက်ခံသည်။

ကုလသမဂ္ဂတက္ကသိုလ်၏ အနာဂတ်

ကုလသမဂ္ဂတက္ကသိုလ်သည် သမရိုးကျ တက္ကသိုလ်တို့ကဲ့သို့ ကျောင်းပရဝုဏ်သီးခြားမရှိ။ ရှိပြီးဖြစ်သောလေ့ကျင့်ရေးနှင့် သုတေသန ဗဟုသုတတို့၏ အစုအပေါင်းသာ ဖြစ်သည်။ ယင်းတို့ကို ဆက်စပ်ညှိနှိုင်း၍လိုအပ်သော ဦးတည်ရည်မှန်းချက်ဆီသို့ ရွှေ့ဆောင်လမ်းခင်းပေးခြင်းသာ ဖြစ်သည်။ ကျောင်းစာသင်ခန်း၌ စာပေပို့ချခြင်းလည်းမရှိ၊ အတတ်ပညာကို အတတ်ပညာ သက်သက်အတွက် သုတေသနမပြု။ ကမ္ဘာ့လက်တွေ့ပြဿနာတို့၏လက်ငင်းအဖြေကို ရှာဖွေရရှိရန်နှင့် လက်တွေ့ ကျကျ ဆောင်ရွက်နိုင်သည့် လုပ်ငန်းနည်းစနစ်နှင့် စီမံချက်များကို သုတေသန ပြု၍ ဖော်ထုတ်ရန် ကြိုးပမ်းသည်။ ဘာသာရပ် တခုချင်းကို ကွက်၍ လေ့လာခြင်းထက် ဘာသာရပ် တခုကို ဘက်စုံရှုထောင့်မျိုးစုံမှ ချဉ်းကပ်လေ့လာ စူးစမ်းနည်းကို သုံးသည်။ ရှေ့သို့ အရှည်ကြီး တွေးမြော်ခြင်းထက်၊ ယနေ့ကမ္ဘာတွင်လက်တွေ့ရင်ဆိုင်နေကြရသော အရေးအကြီးဆုံး ပြဿနာတို့ကိုသာ အာရုံစိုက်သည်။ ကမ္ဘာ့ငတ်မွတ်ခေါင်းပါးမှုပြဿနာ၊ လူမှုရေးပြဿနာများနှင့် သဘာဝ သယံဇာတပစ္စည်းတို့ကို လူသားတို့ အတွက် အသုံးချရေးမှာ ယင်းကဲ့သို့သော ဘာသာရပ်များ ဖြစ်ကြပေ၏။

ကုလသမဂ္ဂ ကလေးသူငယ်များ၏ ရန်ပုံငွေအဖွဲ့။ ။ ကုလ သမဂ္ဂ ကလေး သူငယ် များ၏ ရန်ပုံငွေ အဖွဲ့ကို ကုလသမဂ္ဂ အထွေထွေ ညီလာခံက ၁၉၄၆ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် တည်ထောင် ဖွဲ့စည်းပေးခဲ့သည်။ အင်္ဂလိပ် ဘာသာဖြင့် အမည်ထိပ် စာလုံးများကိုယူကာ ယူနီဆက်ဟု ခေါ်၍ ယင်းအမည်ဖြင့် လူသိများသည်။ ယူနီဆက်သည် ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးကောင်စီ၏ ကြီးကြပ်မှုကိုခံယူကာ လုပ်ငန်းများကို ဆောင်ရွက်ရသည်။

ယူနီဆက်သည် အကူအညီလိုအပ်လျက်ရှိသော ကလေးသူငယ်များအား လူမျိုးဘာသာမရွေး၊ နိုင်ငံသားမရွေး၊ နိုင်ငံရေးခံယူချက်မရွေး ကူညီထောက်ပံ့လျက်ရှိ၏။ ထိုသို့ ကူညီထောက်ပံ့ရာတွင် သက်ဆိုင်ရာ နိုင်ငံအစိုးရ၏ မေတ္တာ

ရပ်ခံချက်အရသာထောက်ပံ့ခြင်းဖြစ်၏။ ယူနီဆက်၏ ဘဏ္ဍာရေးမှာ အစိုးရနှင့် ပုဂ္ဂလိကများ၏ စေတနာအလျောက် ထည့်ဝင်လှူဒါန်းငွေပေါ်တွင် အမှီပြုထားသည်။

ယူနီဆက်သည်ကျန်းမာရေး၊ အာဟာရဓာတ်ပြည့်ဝရေး၊ ကလေးသူငယ် သက်သာချောင်ချိရေး၊ ပညာရေး၊ အသက်မွေးမှု အတတ်ပညာ သင်ကြားရေးစသည့် လုပ်ငန်းများကို ကူညီထောက်ပံ့လျက်ရှိသည်။ ကျန်းမာရေးနှင့် စပ်လျဉ်း၍ မိခင်နှင့် ကလေးကျန်းမာရေးဌာနများနှင့် ဆေးရုံများအတွက် ယာဉ်နှင့် ဆေးဝါးပစ္စည်းများ၊ ဆေးရုံသုံးကရိယာများကို ထောက်ပံ့၏။ ကျန်းမာရေး ပညာရှင်များ မွေးထုတ်ရန်အတွက် လိုအပ်သည့် သင်ကြားရေးဆိုင်ရာ ကရိယာများကိုလည်း ထောက်ပံ့၏။

ထို့ပြင် ငှက်ဖျားရောဂါ၊ အဆုတ်ရောဂါ၊ အနာကြီးရောဂါ၊ မျက်ခမ်းစပ်ရောဂါနှင့် ကလေးသူငယ်ရောဂါတိုက် ဖျက်ရေး လုပ်ငန်းများတွင်လည်း ကူညီ ဆောင်ရွက်လျက်ရှိသည်။ ရေဘေး၊လေဘေး၊မိုးခေါင်ရေရှားဘေးနှင့် အခြားသော ကပ်ဘေးအန္တရာယ်များကို ခံစားကြရသော ကလေးသူငယ်များအတွက်လည်း ဆေးဝါးရိက္ခာစသည့် ကယ်ဆယ်ရေး ပစ္စည်းများကို ကူညီထောက်ပံ့သည်။

ယူနီဆက်သည် ၁၉၆၅ ခုနှစ်အတွက် ငြိမ်းချမ်းရေး နိုဗယ်ဆုကို ချီးမြှင့်ခြင်း ခံခဲ့ရသည်။

ယူနီဆက်၏ ဌာနချုပ်သည်အမေရိကန် ပြည်ထောင်စု နယူးယောက်မြို့တွင် တည်ရှိသည်။

ကုလသမဂ္ဂ ပညာ၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့။ ။

ကုလသမဂ္ဂပညာ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့သည် ကုလသမဂ္ဂက ထူထောင် ဖွဲ့စည်းထားသော အထူးအဖွဲ့အစည်းတရပ် ဖြစ်သည်။ ယူနက်စကိုဟူ၍ ထင်ရှားသော ယင်းအဖွဲ့အစည်းကို ၁၉၄၆ ခုနှစ် နိုဝင်ဘာလတွင် တည်ထောင်ဖွဲ့စည်းခဲ့ပြီး ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုရေးရာတို့တွင် အပြည်ပြည် ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဖြင့် ငြိမ်းချမ်းရေးကို မြှင့်တင်ရန် ကြံဆောင်အားထုတ် လုပ်ကိုင်လျက် ရှိပေသည်။

ယူနက်စကို၏ လုပ်ငန်းတာဝန်မှာ ကမ္ဘာသူ ကမ္ဘာသား အားလုံးအတွက် ပညာရေးကို တိုးမြှင့်ပေးကာ ပိုမိုကောင်းမွန်လာအောင် လုပ်ဆောင်ပေးရန်နှင့် အသိပညာ ဗဟုသုတကို တိုးမြှင့်ပေး၍ အပြည်ပြည်ဆိုင်ရာ နားလည်မှုကို မြှင့်တင်ပေးရန် ဖြစ်၏။ ဤရည်ရွယ်ချက်ဖြင့် ယူနက်စကိုသည် ကျွမ်းကျင်သူ ပါရဂူများ၏ ညီလာခံများနှင့် အစည်းအဝေးများကို စီစဉ်ကျင်းပပေးပြီး ပညာရပ်ဆိုင်ရာ သုတေသနပြုရေးကိစ္စများကို ညှိနှိုင်းဆောင်ရွက်ပေးကာ စာအုပ် စာတန်းများ ထုတ်ဝေလျက် ရှိသည်။

ကုလသမဂ္ဂ ပညာ၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့၏ အခြား

သော စီမံကိန်းလုပ်ငန်းများမှာ စာတတ်မြောက်ရေး လုပ်ငန်း၊ ကျောင်းဆရာ၊ အင်ဂျင်နီယာ၊ သိပ္ပံပညာရှင်နှင့် ယဉ်ကျေးမှု ပညာရှင်များ မွေးထုတ်ပေးရေး လုပ်ငန်း၊ ယဉ်ကျေးမှုချင်း ဖလှယ်ရေး လုပ်ငန်းနှင့် လူထုဆက်သွယ်ရေး နည်းလမ်းများ တိုးတက်အောင် ကျွမ်းကျင်မှု အကူအညီပေးသည့် လုပ်ငန်းတို့ ဖြစ်ပေသည်။ ယူနက်စကိုက အကူအညီများ ပေးရာတွင် လူမျိုးဘာသာမရွေး၊ ကျားမခွဲခြားပဲ လိုအပ်သူမှန်သမျှသို့ သက်ဆိုင်ရာအစိုးရမှတဆင့် အကူအညီပေးပို့ခြင်း ဖြစ်၏။

ယူနက်စကိုကို ကူညီအားပေးလိုသော စာသင်ကျောင်းများနှင့် အသင်းအဖွဲ့များသည် ယူနက်စကိုမှ ထုတ်ဝေသော လက်ဆောင်ကပ်ပြားများကို ဝယ်ယူခြင်းဖြင့် ကူညီအားပေးနိုင်ကြသည်။

ယူနက်စကိုမှ အပတ်စဉ်ထုတ် စာစောင်လေးမျိုး၊ လစဉ်ထုတ် စာစောင်သုံးမျိုးနှင့် ခြောက်လတကြိမ်ထုတ် စာစောင်တမျိုးတို့ကို အင်္ဂလိပ်၊ ပြင်သစ်၊ စပိန် သုံးဘာသာဖြင့် ထုတ်ဝေဖြန့်ချိလျက် ရှိသည်။

ယူနက်စကို၏ အမြင့်ဆုံး အာဏာပိုင်အဖွဲ့မှာ အထွေထွေ ညီလာခံဖြစ်ပြီး အထွေထွေညီလာခံတွင် အဖွဲဝင်နိုင်ငံများမှ ကိုယ်စားလှယ်တဦးစီ ပါဝင်ရသည်။ အထွေထွေညီလာခံ၏ အောက်တွင် အမှုဆောင်အဖွဲနှင့် အတွင်းရေးမှူးအဖွဲတို့ ရှိသည်။

ယူနက်စကိုတွင် အဖွဲဝင် ၁၃၅ နိုင်ငံနှင့် အပေါင်းပါအဖွဲဝင် နှစ်နိုင်ငံပါဝင်ပြီး အဖွဲ၏ ဌာနချုပ်ကို ပဲရစ်မြို့တွင် ဖွင့်လှစ်ထားရှိသည်။ အဖွဲဝင်နိုင်ငံများတွင် ဒေသဆိုင်ရာ အမျိုးသားကော်မရှင်များ ဖွင့်လှစ်၍ အဖွဲချုပ်နှင့် ဆက်သွယ်ဆောင်ရွက် ရလေသည်။



ယူနက်စကိုက အားပေးခဲ့သော အာဖရိကတိုက်မှ စာသင်ကျောင်း တကျောင်း

ကုလသမဂ္ဂအပ္ပံဝင်နိုင်ငံများ

၁၉၇၇ ခုနှစ် စက်တင်ဘာလ ၂၀ ရက်နေ့တွင် ကုလသမဂ္ဂ အထွေထွေလွှတ်တော်၏ ၃၂ ကြိမ်မြောက် နှစ်ပတ်လည် ညီလာခံအစည်းအဝေးက အာဖရိကတိုက်မှ ဂျီဗူတီး သမ္မတနိုင်ငံနှင့် အာရှတိုက်မှ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံတို့အား ကုလသမဂ္ဂဝင် နိုင်ငံများအဖြစ် လက်ခံလိုက်သည်။ ဤတွင်ကုလသမဂ္ဂဝင် နိုင်ငံများ ဦးရေ ၁၄၉ နိုင်ငံဖြစ်လာသည်။ ယင်းတို့ကို အပ္ပံဝင်ဖြစ်သည့်နေ့စွဲနှင့် ယှဉ်တွဲလျက် အစဉ်လိုက် ဖော်ပြပါသည်–

၁။ အာဂျင်တီးနား (၂၄–၁၀–၄၅)
၂။ ဗဟာဓီး (〃)
၃။ ဗိုင်လိုရပ်ရှား (〃)
၄။ ချီလီ (〃)
၅။ တရုတ် (〃)
၆။ ကျူးဗား (〃)
၇။ ချက်ကိုဆလိုဗားကီးယား (〃)
၈။ ဒိန်းမတ် (〃)
၉။ ဒိုမီနီကန် (〃)
၁၀။ အယ်လဆယ်လဗာဒေါ (〃)
၁၁။ ပြင်သစ် (〃)
၁၂။ ဟေးတီး (〃)
၁၃။ အိရန် (〃)
၁၄။ လက်ဗန်နွန် (〃)
၁၅။ ယူကိုစလားဗီးယား (〃)
၁၆။ နယူးဇီလန် (〃)
၁၇။ နစ်ကရာဂွ (〃)
၁၈။ ပါးရကွေး (〃)
၁၉။ ဖိလစ်ပိုင် (〃)
၂၀။ ပိုလန် (〃)
၂၁။ လပ်ဇင်ဗူး (〃)
၂၂။ ဆအူးဒီအာရေဗျ (〃)
၂၃။ ဆီးရီးယား (〃)
၂၄။ တူရကီ (〃)
၂၅။ ယူကရိန်း (〃)
၂၆။ ရုရှ (〃)
၂၇။ အီဂျစ် (〃)
၂၈။ ဖြူတိန် (〃)
၂၉။ အမေရိကန်ပြည်ထောင်စု (〃)
၃၀။ ဂရို (၂၅–၁၀–၄၅)
၃၁။ အိန္ဒိယ (၃၀–၁၀–၄၅)
၃၂။ ပီရူး (၃၁–၁၀–၄၅)
၃၃။ ဆြစတြေးလီးယား (၁–၁၁–၄၅)
၃၄။ ကော်စတာရီးကား (၂–၁၁–၄၅)
၃၅။ လိုက်ဗီးရီးယား (〃)
၃၆။ ကိုလုံးဗီးယား (၅–၁၁–၄၅)
၃၇။ မက္ကဆီကို (၇–၁၁–၄၅)
၃၈။ တောင်အာဖရိက (〃)
၃၉။ ကနေဒါ (၉–၁၁–၄၅)
၄၀။ အီသီအိုးပီးယား (၁၃–၁၁–၄၅)
၄၁။ ပနားမား (〃)
၄၂။ ဗိုလစ်ဗီးယား (၁၄–၁၁–၄၅)
၄၃။ ဗင်နီဇွဲလား (၁၅–၁၁–၄၅)
၄၄။ ဂွာတီမားလ (၂၁–၁၁–၄၅)
၄၅။ နော်ဝေး (၂၇–၁၁–၄၅)
၄၆။ နယ်သာလန် (၁၀–၁၂–၄၅)
၄၇။ ဟွန်ဒူးရပ် (၁၇–၁၂–၄၅)
၄၈။ အရှေ့ဂွေး (၁၈–၁၂–၄၅)
၄၉။ အက်ကွာဒေါ (၂၁–၁၂–၄၅)
၅၀။ အီရတ် (〃)
၅၁။ ဗဲလ်ဂျီယမ် (၂၇–၁၂–၄၅)

၅၂။ အာဂျင်တီးနား (၂၇–၁၀–၆၁)
၅၃။ အာဖဂန်စတန် (၁၉–၁၁–၄၆)
၅၄။ အိုက်စလန် (〃)
၅၅။ ဆို့ဒင် (〃)
၅၆။ ထိုင်း (၁၆–၁၂–၄၆)
၅၇။ ယေမင် (၃၀– ၉ –၄၇)
၅၈။ ပါကစ္စတန် (〃)
၅၉။ မြန်မာ (၁၉– ၄ –၄၈)
၆၀။ အင်ဒိုနီးရှား (၂၈– ၉– ၅၀)
၆၁။ အယ်လဗေးနီးယား (၁၄–၁၂–၅၅)
၆၂။ သြစတြီယား (〃)
၆၃။ ဘူလဂေးရီးယား (〃)
၆၄။ ကမ်ပူးချား(ကမ္ဘောဒီးယား) (〃)
၆၅။ သီရိလင်္ကာ (〃)
၆၆။ ဖင်လန် (〃)
၆၇။ ဟန်ဂေရီ (〃)
၆၈။ အိုင်ယာလန် (〃)
၆၉။ ဣတလီ (〃)
၇၀။ ကျော်ဒန် (〃)
၇၁။ လစ်ဗျ (〃)
၇၂။ နီပေါ (〃)
၇၃။ ပေါ်တူဂယ် (〃)
၇၄။ ရူမေးနီးယား (〃)
၇၅။ စပိန် (〃)
၇၆။ လော (〃)
၇၇။ ဂျပန် (၁၈–၁၂–၅၆)
၇၈။ ဆူဒန် (၁၁–၁၂–၅၇)
၇၉။ မိုရေ့ကို (〃)
၈၀။ တျူနစ်ရှား (〃)
၈၁။ ဂါနာ (၈– ၃ –၅၇)
၈၂။ မလေးရှား (၁၇– ၉ –၅၇)
၈၃။ ဂင်းနီ (၁၂–၁၂–၅၈)
၈၄။ ကမ္ဘောဒီး (၂၀– ၉ –၆၀)
၈၅။ အလယ်ပိုင်း အာဖရိက (〃)
၈၆။ ချဒ် (〃)
၈၇။ ကွန်ဂို (၂၀– ၉ –၆၀)
၈၈။ ဌိုင်ယာ (〃)
၈၉။ ဆိုက်ပရပ် (〃)
၉၀။ ဗယ်နင် (〃)
၉၁။ ဂါဗွန် (〃)
၉၂။ အိုင်ဗရီကို (〃)
၉၃။ မက်ဒါဂက်စကာ (〃)
၉၄။ နိုင်ဂျာ (〃)
၉၅။ တိုဂို (〃)
၉၆။ ဆိုမာလီယာ (〃)
၉၇။ အထက်ဗော်လတာ (〃)
၉၈။ မာလီ (၂၀– ၉ –၆၀)
၉၉။ ဆင်နီဂေါ (〃)
၁၀၀။ နိုင်ဂျီးရီးယား (၇ –၁၀–၆၀)
၁၀၁။ ဆီးယားရာလေအွန်း (၂၇– ၉ –၆၁)
၁၀၂။ မွန်ဂိုလီးယာ (၂၇–၁၀–၆၁)
၁၀၃။ တန်ဇားနီးယား (၁၄–၁၂–၆၁)
၁၀၄။ ဗုရွန်ဒီ (၁၈– ၉ –၆၂)
၁၀၅။ ဂျမေးကား 〃
၁၀၆။ အာဝမ်းဒါး 〃
၁၀၇။ ထရင်နီဒက်နှင့် တိုဗေးဂို (၁၈– ၉ –၆၂)
၁၀၈။ အယ်လဂျီးရီးယား (၈–၁၀–၆၂)
၁၀၉။ ယူဂန်းဒါး (၂၅–၁၀–၆၂)
၁၁၀။ ကူဝိတ် (၁၄– ၅ –၆၃)
၁၁၁။ ကင်ညာ (၁၆–၁၂–၆၃)
၁၁၂။ မာလာဝီ (၁–၁၂–၆၄)
၁၁၃။ မော်လတာ 〃
၁၁၄။ ဇမ်ဗီယာ 〃
၁၁၅။ စင်္ကာပူ (၂၁– ၉ –၆၅)
၁၁၆။ မော်လဒိုက် 〃
၁၁၇။ ကမ္ဘီယာ 〃
၁၁၈။ ဂိုင်ယာနာ (၂၀– ၉ –၆၆)
၁၁၉။ ဗော့ဆွာနာ (၁၇–၁၀–၆၆)
၁၂၀။ လီဆိုသို 〃
၁၂၁။ ဗာဗေးဒေါ့် (၉–၁၂–၆၆)
၁၂၂။ ဒီမိုကရက်တစ်ယေမင် (၁၄–၁၂–၆၇)
၁၂၃။ မောရစ်ရပ် (၂၄– ၄ –၆၈)
၁၂၄။ ဆွာဇီလန် (၂၄– ၉ –၆၈)
၁၂၅။ အီကွေတိုးရီးယဲဂင်းနီ (၁၂–၁၁–၆၈)
၁၂၆။ ဖီဂျီ (၁၃–၁၀–၇၀)
၁၂၇။ ဗာရိန်း (၂၁– ၉ –၇၁)
၁၂၈။ ဘူတန် (၂၁– ၉ –၇၁)
၁၂၉။ ကော့တာ 〃
၁၃၀။ အိုမန် (၇–၁၀–၇၁)
၁၃၁။ အာရပ်စော်ဘွားနယ်ပေါင်းစုနိုင်ငံ (၉–၁၂–၇၁)
၁၃၂။ ဗဟားမား (၁၈– ၉ –၇၂)
၁၃၃။ အဋ္ဌေရျာမနီ 〃
၁၃၄။ အနောက်ရျာမနီ 〃
၁၃၆။ ဗင်္ဂလားဒေ့ရှ (၁၇– ၉ –၇၄)
၁၃၇။ ဂင်းနီဗစ်ဆော 〃
၁၃၈။ ဂရေနဒါ 〃
၁၃၉။ မိုဇမ်ဗစ် (၁၂– ၉ –၇၅)
၁၄၀။ စောတိုမေနှင့် ပရင်ဇပီ (၁၆– ၉ –၇၅)
၁၄၁။ ကေ့ဗာဒေး 〃
၁၄၂။ ပါပူယာနယူးဂင်းနီ (၁၀–၁၀–၇၅)
၁၄၃။ ကိုမိုးရိုး (၁၂–၁၁–၇၅)
၁၄၄။ ဆူရိနမ် (၄–၁၂–၇၅)
၁၄၅။ ဆေရှယ် (၂၁– ၉ –၇၆)
၁၄၆။ အန်ဂိုလာ (၁–၁၂–၇၆)
၁၄၇။ ဆမိုးဝါး (၁၅–၁၂–၇၆)
၁၄၈။ ဂျီဗူတီး (၂၀– ၉ –၇၇)
၁၄၉။ ဗီယက်နမ် 〃

အာဂျင်တီးနားမှ ဗဲလ်ဂျီယမ်အထိ အပါအဝင် ၅၁ နိုင်ငံတို့သည် ကမ္ဘာ့ကုလသမဂ္ဂ၏ မူလအပ္ပံဝင် နိုင်ငံများ ဖြစ်ကြသည်။

ကူဝိတ်နိုင်ငံ။ ။(၁၄–၁၇၈—ရှု။)ကူဝိတ် နိုင်ငံသည် အာရေဗျကျွန်းဆွယ်၌ တည်ရှိသော အာရပ်နိုင်ငံတနိုင်ငံ ဖြစ် သည်။ အာ ရပ် ကမ္ဘာတွင်ရေနံကြောင့် ချမ်းသာ ကြွယ်ဝလာ သော နိုင်ငံ ဖြစ်သည်။



ကူဝိတ် နိုင်ငံ သည် ပါးရှင်း ပင်လယ် ကွေ့ တွင် တည်ရှိ ကြသော အာ ရပ် နိုင် ငံ စု တွင် ပါဝင်ပြီး အရှေ့ဖက်တွင် ပါးရှင်းပင်လယ်ကွေ့၊ အနောက်ဖက်တွင် အီရတ်နိုင်ငံ၊ တောင်ဖက်တွင် ဆော်ဒီအာရေဗျနိုင်ငံတို့ တည်ရှိကြသည်။ ကူဝိတ်နိုင်ငံ၏တောင်ဖက်ဖျား တွင် ကြားနေဇုံတခု တည်ရှိသည်။

ကူဝိတ်နိုင်ငံ၏ အကျယ်အဝန်းမှာ စတုရန်းမိုင် ၆,၁၇၁ ခန့်ရှိသည်။ ၁၉၇၅ ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေ ဂ၃၀,၀၀၀ ရှိသည်။ မြို့တော်မှာ ကူဝိတ်မြို့ဖြစ်သည်။

ကူဝိတ်နိုင်ငံ၏ မြေမျက်နှာပြင် အနေအထားမှာ သဲကန္တာရများနှင့် မြေပြန့်လွင်ပြင်များ ပေါများသည်။ ရာသီဥတု အလွန်ပူပြင်း ခြောက်သွေ့၍ သဲကန္တာရဆန်သည်။ ဆောင်းတွင်းအခါ အပူချိန်ပျမ်းမျှ ၅၀ ဖာရင်ဟိုက်ဒီဂရီ အတွင်းဖြစ်၍ ပူပြင်းသောရာသီတွင် အပူချိန် ၁၃၀ ဖာရင်ဟိုက် ဒီဂရီခန့် ဖြစ်လေသည်။

တူရကီဘုရင်တို့က ကူဝိတ်နိုင်ငံကို သိမ်းပိုက်ရန် ကြိုးစားခဲ့သော်လည်း ဗြိတိသျှတို့က အကာအကွယ်ပေးခဲ့သဖြင့် မအောင်မြင်ခဲ့ချေ။ ၁၈၉၉ ခုနှစ်တွင် ရှိတ်မူဗာရက်သည် ကူဝိတ်နိုင်ငံ၏စော်ဘွားအရာကိုဆက်ခံ၍ အုပ်ချုပ်ခဲ့သည်။ ယင်းစော်ဘွားလက်ထက်တွင် ဗြိတိသျှတို့၏ အကူအညီများကို ယူခဲ့သည်။ ၁၉၂၁ ခုနှစ်တွင် ကူဝိတ် နိုင်ငံနှင့် နက်ဂျက် နိုင်ငံတို့နယ်နိမိတ်အပိုင်းအခြားပြုလုပ်၍ ကြားနေဇုံတခုကို ဖန်တီးခဲ့ကြပြီး ယင်းဒေသကို ကူဝိတ်နိုင်ငံနှင့် ဆော်ဒီအာရေဗျနိုင်ငံတို့ ပူးတွဲအုပ်ချုပ်ခဲ့ကြသည်။

ကူဝိတ်နိုင်ငံသည် ၁၉၆၁ ခုနှစ် ဇွန်လ ၁၉ ရက်နေ့တွင် ဗြိတိသျှတို့၏ အုပ်ချုပ်မှုအောက်မှ လွတ်လပ်ရေးရခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် အာရပ် အဖွဲ့ချုပ်ဝင် နိုင်ငံ ဖြစ်ခဲ့ပြီး ၁၉၆၃ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ဝင် နိုင်ငံတနိုင်ငံ ဖြစ်လာသည်။ ၁၉၆၃ ခုနှစ်တွင် ဖွဲ့စည်းပုံ အခြေခံဥပဒေကို အတည်ပြုပြီး ရွေးကောက်ပွဲကို ကျင်းပခဲ့သည်။

ကူဝိတ်နိုင်ငံတွင် ပြည်သူလွှတ်တော် ကိုယ်စားလှယ် ၅၀ ပါဝင်သော အမျိုးသား လွှတ်တော်တရပ် ရှိလေသည်။ ကူဝိတ်စော်ဘွားကြီး အီမိုင်ရှိတ် ဆာဗာ အဲလ် ဆလမ်အဲလ် ဆာဘာသည် အစိုးရအဖွဲ့၏ ခေါင်းဆောင်ဖြစ်သည်။

ကူဝိတ်နိုင်ငံတွင် တပ်သားဦးရေ ဂ,၀၀၀ ခန့် ရှိသော တပ်မတော်ကို ဖွဲ့စည်းတည်ထောင်ထားသည်။ ကူဝိတ်နိုင်ငံတွင် လူအင်အား၊ လက်နက်အင်အား မမျှားလှ၍ အင်အားကြီး ပတ်ဝန်းကျင် နိုင်ငံကြီးများ၏ ရန်ကို အမြဲတမ်း ကြောက်နေရသည်။ မကြာမီက အမေရိကန်အစိုးရထံမှ ဖန်တွန် ဂျက်လေယာဉ်ပျံများနှင့် ဗြိတိသျှနိုင်ငံမှ တိုက်လေယာဉ်အုပ်စု သုံးစုနှင့် အခြားသော စစ်လက်နက်ပစ္စည်းများကို ဝယ်ယူ၍ နိုင်ငံ၏ စစ်အင်အားကို ဖြည့်တင်းခဲ့ရလေသည်။

ကူဝိတ်နိုင်ငံသည် ၁၉၇၁ ခုနှစ်အရ ရေနံမှ ဒေါ်လာသန်းပေါင်း ၁,၃၀၀ ခန့် ရရှိခဲ့သည်။ ရေနံမှရရှိသော ဝင်ငွေများဖြင့် ခေတ်မှီတိုးတက်သော နိုင်ငံကြီးအဖြစ် တည် ဆောက်လျက်ရှိသည်။

ယခုအခါ ကူဝိတ်နိုင်ငံသည် ရေနံမှ တနှစ် တနှစ်လျှင် ဒေါ်လာသန်းပေါင်း ၂၀၀၀ ခန့် တိုးတက်ရရှိနေပြီဖြစ်သည်။ ကူဝိတ်နိုင်ငံ၏ တဦးချင်း ဝင်ငွေသည်ကမ္ဘာ့စက်မှု ပညာများထွန်းကားရာ အမေရိကန်ပြည်ထောင်စု၊ ဆွီဒင်နိုင်ငံနှင့် အနောက်ဂျာမနီနိုင်ငံတို့၏ တဦးချင်း ဝင်ငွေထက် ပိုမိုသည်ကို တွေ့ရသည်။

ကူဝိတ်နိုင်ငံတွင် အာရပ်နိုင်ငံများမှ လူမျိုးပေါင်းစုံတို့ လာရောက်အခြေချ နေထိုင်ကြပြီး စီးပွားရှာ အသက်မွေးကြသည်ကို တွေ့ရသည်။

ထိုလူမျိုးပေါင်းစုံတွင် ပယ်လက်စတိုင် ဒေသမှ လာရောက်အခြေချသောပယ်လက်စတိုင် စစ်ပြေးဒုက္ခသည်များမှာ အများဆုံးဖြစ်လေသည်။

ကူဝိတ်နိုင်ငံသည် ကြားနေရေးဝါဒကို ကျင့်သုံးသော နိုင်ငံဖြစ်သည်။ အနောက် အရင်းရှင်နိုင်ငံတို့နှင့် အဆက် အသွယ်များပြီး အာရပ်လူမျိုးကြီးဝါဒကို အားပေးခဲ့သည်။ အာရပ် အင်္ဂလိပ်ယဉ် စစ်ပွဲများတွင် အာရပ် လူမျိုးများဖက်မှ ရပ်တည်ပေးခဲ့သည်။ အီဂျစ်၊ ဂျော်ဒန်နှင့် အာရပ်ပြောက်ကျားအဖွဲ့များကို ရေနံမှရရှိသော ဝင်ငွေများဖြင့် နှစ်စဉ် ထောက်ပံ့ ကူညီခဲ့သည်။

ကူဝိတ်နိုင်ငံသည် ရေနံတင်ပို့ရောင်းချသော နိုင်ငံများအဖွဲ့(အိုပက်)ဝင် နိုင်ငံတနိုင်ငံ ဖြစ်သည်။ ၁၉၇၅ ခုနှစ် ပထမ ခြောက်လအတွင်း အိုပက်အဖွဲ့မှ တဆင့် တတိယကမ္ဘာသို့ကူဝိတ်နိုင်ငံမှ ထောက်ပံ့သည့်ငွေမှာ ဒေါ်လာသန်းပေါင်း ၁,၅၂၀ ခန့် ဖြစ်သည်။ ကူဝိတ်နိုင်ငံ၏ အဓိကထွက်ကုန်မှာ ရေနံဖြစ်သည်။

ကူဝိတ်နိုင်ငံတွင် နေထိုင်ကြသော လူမျိုးများမှာ အများအားဖြင့် အာရပ်လူမျိုးများဖြစ်သည်။ အစွလာမ်ဘာသာကို ကိုးကွယ်ကြသူများ ဖြစ်သည်။ အာရဗီဘာသာ စကားမှာ ရုံးသုံးဘာသာ ဖြစ်လေသည်။

ကယ်လဟန်, ဂျိမ်း။ ။(ခရစ် ၁၉၁၂ ဖွား) ဗြိတိန်နိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် ၁၉၇၆ ခုနှစ် ဧပြီလ ၅ ရက်နေ့မှစ၍ ခန့်အပ်ခံရသော ဂျိမ်းကယ်လဟန်သည် ၁၉၁၂ ခု မတ်လ ၁၂ ရက်နေ့တွင် ပို့စမောက်မြို့၌ ဖွားမြင်သည်။ အခြေခံပညာကို မူလတန်းကျောင်းနှင့် ပို့စမောက်မြောက်ပိုင်းသဒ္ဒါသင်ကျောင်းတို့တွင် သင်ယူနေပြီး ပြည်တွင်းအခွန်ရုံး၌ ၁၉၂၉ ခုနှစ်တွင် အကောက်ခွန် အရာရှိအဖြစ် ထမ်းရွက်သည်။ ထိုနောက် ဌာနခွဲအတွင်းရေးမှူး၊ တွဲဘက် အတွင်းဝန်တို့အဖြစ် ၁၉၃၆ ခုနှစ်မှ ၁၉၄၇ ခုနှစ်အထိထမ်းရွက်သည်။ ထိုကာလပိုင်းအတွင်း၌ ကယ်လဟန်သည် လုပ်သား ပညာပေးအသင်းမှနေ၍ စက်မှုလက်မှု သမိုင်းဘာသာရပ်ကို သင်ကြားပေးခဲ့သည်။

ကယ်လဟန်သည် ၁၉၄၂ ခုနှစ်တွင် သာမန်သဘော်သားတဦးအဖြစ် ဘုရင့် ရေတပ်မတော်တွင် လုပ်အားပေးသည်။ နောက်ပိုင်း၌ ရေကြောင်း လုပ်အားပေး အရန်တပ်တွင် ဗိုလ်အဖြစ် ခန့်အပ်ခံရကာ ထိုစဉ်က သီဟိုဠ်ဟု တွင်သော သီရိလင်္ကာကျန်းတွင် စခန်းချနေသည့် အရှေ့အိန္ဒိယကျွန်းစု ရေတပ်စုတွင် အလုပ်ဝင်လုပ်ရသည်။ ထိုမှ ရေကြောင်း အုပ်ချုပ်မှုရုံးတွင်လည်း တာဝန်ယူရပြန်သည်။

ဗြိတိန်နိုင်ငံရှိ လေဘာပါတီသို့ ၁၉၃၁ ခုနှစ်ကတည်းက ကယ်လဟန် ဝင်ရောက်ခဲ့သည်။ ၁၉၄၄ ခုနှစ်တွင် လေဘာပါတီအမတ်လောင်းအဖြစ် လျာထားခံရပြီး နောက်နှစ်တွင် ပါလီမန် အမတ်အဖြစ် အရွေးခံခဲ့ရသည်။ အမတ်ဖြစ်လာချိန်၌ (နောင်တွင် ဓနသဟာယ) ဟု တွင်သည့် ဒိုမီနီယံရေးရာလက်ထောက် နိုင်ငံခြားရေးဝန်ကြီးဖြစ်သူ ဂျွန်ပတ်ကား၏ ပါလီမန်အတွင်းဝန်အဖြစ် ခေတ္တဆောင်ရွက်ရသည်။

၁၉၄၇ ခုနှစ် အောက်တိုဘာလအတွင်း အစိုးရအပြောင်းအလဲ ဖြစ်ချိန်တွင် ကယ်လဟန်ကို သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန၏ ပါလီမန်အတွင်းဝန်အဖြစ် ခန့်အပ်သဖြင့် မီးရထားလုပ်ငန်းကို နိုင်ငံပိုင်သိမ်းယူရာ၌ ပါဝင်ဆောင်ရွက်ခဲ့သည်။ လမ်းအန္တရာယ်ကာကွယ်ရေး ကော်မတီသစ်၏ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့သည်။ ဗြိတိန်နိုင်ငံရှိ လမ်းများပေါ် တွင် မျဉ်းကျား စသည်များ ရှေးဦးစွာ ပေါ်လာခဲ့သည်မှာသူ၏ ဆောင်ရွက်မှုပင် ဖြစ်သည်။ ၁၉၅၀–၅၁ ခုနှစ် အတွင်းတွင် မစ္စတာကယ်လဟန်သည် ရေကြောင်း အုပ်ချုပ်မှုရုံးတွင် ဘဏ္ဍာရေးအတွင်းဝန် အဖြစ်လည်း ဆောင်ရွက်ခဲ့ရသည်။

ကယ်လဟန်သည် ပါလီမန်အမတ် ဖြစ်စကာလပိုင်း၌ အစိုးရအဖွဲ့၏ အတိုက်အခံဖက်မှနေလာသူဖြစ်သည်။ ကယ်လဟန်သည် ၁၉၄၅–၄၆ ခုနှစ်များ၌ ရုရှနိုင်ငံသို့၎င်း၊ ၁၉၄၇ ခုနှစ်၌ ပါလီမန်ကိုယ်စားလှယ်အဖွဲ့ဝင် အဖြစ်ဖြင့် အာဖရိကအနောက်ပိုင်းနိုင်ငံများသို့၎င်း ရောက်ခဲ့သည်။

၁၉၅၂ ခုနှစ်တွင် မစ္စတာကယ်လဟန်သည် အမေရိကန်ပြည်ထောင်စုရှိ ဟော့ဖ် ကော လိပ် ၌ ကထိကအဖြစ် စာပေပို့ချသည်။ ၁၉၅၇ ခုနှစ်တွင်မူ မြောက်ပိုင်းရိုဒီးဇီးယား၊ တောင်ပိုင်းရိုဒီးဇီးယား (ယခု ဇင်ဗာဗွေ) နှင့် နီယာစာလန် (ယခုမာလဝီ) တိုင်းပြည်များသို့ ဓနသဟာယ အဖွဲ့ဝင် နိုင်ငံများ၏ ပါလီမန်



ဗြိတိန်နိုင်ငံဝန်ကြီးချုပ် ဂျိမ်းကယ်လဟန်

ကိုယ်စားလှယ် အဖွဲ့ဝင်တဦးအဖြစ် လှည့်လည် ရသည်။ ၁၉၆၁ ခုနှစ်၌ နယူးဇီလန်နိုင်ငံ မြောက်ပါလမာစတန်၌ ကျင်းပသည့် ချာသန်ဟောက်စ ဓနသဟာယဆက်ဆံမှု ညီလာခံသို့ တက်ရောက်ရသည်။ ထိုအတွင်း သူသည် ဩစတြေးလီးယား၊ အင်ဒိုနီးရှား၊ စင်္ကာပူ၊ မြန်မာနှင့် အိန္ဒိယနိုင်ငံတို့သို့ ရောက်ရှိခဲ့သည်။

မစ္စတာ ကယ်လဟန်သည် ၁၉၆၄ မှ ၆၇ ခုနှစ်များအတွင်း လေဘာအစိုးရအဖွဲ့များ လက်ထက်တွင် ဒွေတိုက်စိုးဖြစ်လာသည်။ ၁၉၆၇ ခုနှစ် နိုဝင်ဘာလတွင် ပြည်ထဲရေးဌာနဝန်ကြီးအဖြစ် ခန့်အပ်ခံရသည်။ ၁၉၇၄ ခုနှစ် မတ်လအတွင်း လေဘာပါတီအစိုးရ လက်ထက်တွင် နိုင်ငံခြားရေးနှင့် ဓနသဟာယအဖွဲ့ ရေးရာဝန်ကြီးဖြစ်၍ ဥရောပဘုံစျေးအဖွဲ့အတွင်း ဗြိတိန်နိုင်ငံ ဝင်ရောက်ရန် စည်းကမ်းသတ်မှတ်ချက်များ အပေါ် ပြန်လည်ညှိနှိုင်းရာ၌ အဓိကနေရာမှ ပါဝင်ခဲ့၏။

၁၉၇၆ ခုနှစ်တွင် ဗြိတိန်နိုင်ငံ ဝန်ကြီးချုပ်အဖြစ် ရွေးချယ် တင်မြှောက်ခံရပြီးနောက် ကယ်လဟန်သည် ရိုဒီးဇီးယား၊ တောင်အာဖရိက၊ အရှေ့အလယ်ပိုင်း နိုင်ငံများနှင့် အိုင်ယာလန် သူပုန်ပြဿနာ စသည်များကို တက်ကြွစွာ ကိုင်တွယ်ဖြေရှင်းခဲ့သည်။ ဝန်ကြီးချုပ် ကယ်လဟန်သည် ၁၉၇၃ ခုနှစ် စက်တင်ဘာလက အိုင်ယာလန်နိုင်ငံနှင့် စပ်လျဉ်းသော "ကွဲခြားနေသော အိမ်များ" အမည်ရှိ စာအုပ်ကို ရေးသားထုတ်ဝေခဲ့သည်။

ကဲကုလ။ ။ကဲကုလသည် တန်းမြင့် သခ်ၤာ ပညာရပ်တခုဖြစ်သည်။ အကွာရာသခ်ၤာ၊ တြိဂိုနိုမေတြီနှင့် ဂျီသြမေတြီ သခ်ၤာတို့ကို တနည်း တဖုံ တူယှဉ် ပေါင်းစပ်ကာ လေ့လာသော သရုပ်ခဲ့ ဂျီသြမေတြီ သခ်ၤာကို အခြေပြုထားသည်။ အင်ဂျင်နီယာများနှင့် ရူပဗေဒ ပညာရှင်များအဖို့ အထူး အရေးပါလှသည့် သခ်ၤာပညာရပ် ဖြစ်သည်။

ခြားနားကဲကုလနှင့် သမူဟကဲကုလ ဟူ၍ အဓိကအားဖြင့် ကဲကုလနှစ်မျိုးရှိသည်။

ခြားနား ကဲကုလသည် တခုနှင့်တခု ဆက်စပ်နေသော ကိန်းရှင် အရေအတွက် နှစ်ခုတို့၏ ပြောင်းလဲနှုန်းနှင့် စပ်လျဉ်းသော ပုစ္ဆာတို့ကို ဖြေရှင်းပေးသောသခ်ၤာဖြစ်သည်။ ပုံစံအားဖြင့် အထူဝတ္ထုတခု၏ ရွေ့ရှားသည့် အမြန်နှုန်းသည် ရွေ့ရှားထုတွင် ကြာမြင့်သည့်အခါိန်ကာလ၏ ပြောင်းလဲနှုန်း ဖြစ်သည် ဟူသော သခ်ၤာဖြေရှင်းချက်မျိုး ဖြစ်သည်။

သမူဟကဲကုလမှာမူ ပုစ္ဆာကို ပြောင်းပြန်မူကွဲ ဖြေရှင်းပေးသော သခ်ၤာဖြစ်သည်။ အကယ်၍ ကိန်းရှင် အရေအတွက်တခု၏ ပြောင်းလဲနှုန်းကို အခြားကိန်းရှင် အရေအတွက် တခုနှင့်စပ်လျဉ်းပြီး ဖော်ညွှန်းထားလျှင် သမူဟကဲကုလသခ်ၤာအရ ပထမကိန်းရှင် အရေအတွက်ကို ဒုတိယကိန်းရှင်အရေအတွက်အားဖြင့် ပြောင်းပြန်မူကွဲ ဖော်ညွှန်းပေးသည်။ ဤသခ်ၤာ တွက်နည်းအရ အကယ်၍ မောင်းနှင်နေသော မော်တော်ကားတစီး၏ ပြောင်းလဲမြန်နှုန်းကို ဖော်ညွှန်းထားမည် ဆိုလျှင် မည်သည့် အခါိန်၌မဆို ထိုမော်တော်ကား ရောက်ရှိနေသည့် ခရီး အကွာအဝေးကို သိနိုင်သည်။ များစွာသော ပြင်ညီတို့၏ ဇရိယာများ၊ ထုထည်များကို သမူဟ ကဲကုလသခ်ၤာဖြင့် ရှာဖွေနိုင်သည်။

ကော့တာနိုင်ငံ။ ။အာရေဗျကျွန်းဆွယ်၏ အရှေ့ဖက်ရှိ ပါးရှင်းပင်လယ်ကွေ့ အနောက်ဖက်ကမ်းခြေ၌ ပင်လယ်ကွေ့



အတွင်းသို့ ထိုးထွက် နေသော ကျွန်းဆွယ်ငယ် တခုလုံးသည် ကော့တာနိုင်ငံ ဖြစ်သည်။ အနောက်မြောက်နှင့် အရှေ့ဖက်တို့တွင် ပါးရှင်း ပင်လယ်ရှိ၍ တောင်ဖက်တွင် ဆာအူးဒီအာရေဗျနိုင်ငံ ရှိသည်။ (၁၄–၃၇၈ — ရှု။)

ကော့တာနိုင်ငံသည် ယေဘုယျအားဖြင့် မြေမျက်နှာပြင် ပြန့်သည်။ ကျောက်စရစ်ထူထပ်သော သဲကန္တာရမြေ ဖြစ်သည်။ အနောက်ဖက်ဒေသ ရေနံထွက်ရာ အချက်အချာ နေရာတဝိုက်၌ ပေ ၂၅၀ ထက်မမြင့်သော ထုံးကျောက်တောင်ကုန်းကလေးများ ရှိသည်။ သဲကန္တာရအတွင်း ကျရောက်နေသဖြင့် ရာသီဥတု အလွန်ပူသည်။ နှစ်စဉ် မိုးရေချိန် ပျမ်းမျှ ၎င်းလက်မသာ ရွာသည်။

ကော့တာနိုင်ငံ၏ စီးပွားရေး အဓိကဝင်ငွေသည် ယခင်က ပုလဲလုပ်ငန်းမှ ရရှိခဲ့သော်လည်း ယခုအခါတွင် ရေနံလုပ်ငန်းသည် စီးပွားရေး အဓိကလုပ်ငန်း ဖြစ်နေပေပြီ။ ရေနံကို ၁၉၃၉ ခုနှစ်တွင် ကော့တာနိုင်ငံ၏ အနောက်ဖက်ကမ်းခြေ၌ တွေ့ရှိပြီး ၁၉၄၆ ခုနှစ်တွင် စတင် ထုတ်လုပ်ရာ ၁၉၇၅ ခုနှစ်တွင် ကော့တာနိုင်ငံသည် ကမ္ဘာပေါ်၌ ရေနံအထွက်ဆုံး နိုင်ငံများတွင် အဆင့် ၁၇ ၌ တည်ရှိလေသည်။

ကော့တာနိုင်ငံသည် ၁၈၇၂ ခုနှစ်မှ ၁၉၁၅ ခုနှစ်အတွင်း တူရကီလက်အောက်ခံ ဖြစ်သည်။ ၁၉၁၆ ခုနှစ်တွင် ချုပ်ဆိုသော ကာကွယ်ရေးနှင့် ပြည်ပရေးရာ စာချုပ်အရ ဗြိတိသျှ အစောင့်ရှောက်ခံ နိုင်ငံအဖြစ် ရောက်ရှိလာသည်။ ၁၉၇၁ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် လွတ်လပ်ရေးရရှိသည်။ နိုင်ငံအကြီးအကဲအဖြစ် စော်ဘွားတင် မြောက်၍ ဝန်ကြီးချုပ် အမှူးပြုသော ဝန်ကြီးများကောင်စီက အုပ်ချုပ်သည်။ လွတ်လပ်ရေးရပြီးစက ရှိတ်အာမက်ဗင်အလီအဲလထာနီအား နိုင်ငံအကြီးအကဲအဖြစ်ဌင်း၊ ရှိတ်ခါလီဖာဗင်ဟာမက် အဲလထာနီအား ဝန်ကြီးချုပ်အဖြစ်ဌင်း တင်မြောက်ကြသည်။

၁၉၇၂ ခုနှစ်တွင် ဝန်ကြီးချုပ် ရှိတ်ခါလီဖာဗင်ဟာမက် အဲလထာနီက အာဏာသိမ်း၍ ဝန်ကြီးများ ကောင်စီအသစ် ဖွဲ့စည်းသည်။

ကော့တာနိုင်ငံသည် ၄,၂၄၇ စတုရန်းမိုင် ကျယ်ဝန်းသည်။ လူဦးရေသည် ၁၉၇၅ ခုနှစ် ခန့်မှန်းခြေအရ ၁၄၄,၀၀၀ ယောက် ရှိသည်။ မြို့တော်သည် ဒိုဟာမြို့ဖြစ်၍ တနိုင်ငံလုံး လူဦးရေ၏ သုံးပုံနှစ်ပုံ နေထိုင်ရာ ဖြစ်သည်။ ကော့တာနိုင်ငံ လူအများစုသည် ဆူနီအစ္စလာမ် ဘာသာဝင်များဖြစ်၍ အာရပ်ဘာသာစကားကို ပြောဆိုကြသည်။

ကိုဆီဂင်,အလက်ဆီနိကိုလျက်ဗစ် (ခရစ် ၁၉၀၄ ဖွား)။ ရုရှနိုင်ငံ ဝန်ကြီးချုပ် ကိုဆီဂင်ကို ၁၉၀၄ ခု ဖေဖွဲ့ဝရီလ ၂၄ ရက်နေ့တွင် စိန်ပီတာစဗတ်မြို့ (ယခု လီနင်ဂရက်)၌ ဖွားမြင်သည်။

အသက် ၁၅ နှစ်တွင် အပျော်တမ်း တပ်သားကလေး အဖြစ် တပ်နီ၌ ဝင်ရောက်အမှုထမ်းရာ ဆိုက်ဗီးရီးယား ဒေသဖက်၌ တာဝန်ကျခဲ့သည်။ ၁၉၂၁ ခုနှစ်တွင် တပ်များ ဖျက်သိမ်းလိုက်သောအခါ ကိုဆီဂင်သည် လီနင်ဂရက်မြို့ သမဝါယမ သင်တန်းကျောင်းသို့ တက်ရောက်သည်။ ကျောင်းမှ ဆင်းလျှင် ဆိုက်ဗီးရီးယား အိရက္ခပ်ဒေသသို့ သွားရောက်ပြီး ဒေသဆိုင်ရာ သမဝါယမသမဂ္ဂနှင့် အခြား သမဝါယမ အဖွဲ့အစည်းများတွင် ၁၉၂၄ ခုနှစ်မှ ၁၉၂၉ ခုနှစ်အထိ တာဝန်အမျိုးမျိုးယူ၍ ဆောင်ရွက်ခဲ့သည်။

၁၉၂၉ ခုနှစ်တွင် သက်ဆိုင်ရာ ပါတီ အဖွဲ့အစည်းက ကိုဆီဂင်အား အထက်တန်းပညာများဆည်းပူးရန် လီနင်ဂရက်မြို့သို့ စေလွှတ်သည်။ထို့ကြောင့် သူသည် လီနင်ဂရက်

အထည်အလိပ် တက္ကသိုလ်တွင် ဝင်ရောက်သင်ယူသည်။ထိုတက္ကသိုလ်မှ ၁၉၃၅ ခုနှစ်တွင် ဘွဲ့ရရှိသည်။ ဘွဲ့ရပြီးနောက် လီနင်ဂရက်မြို့ ဇေလျာဗော့ဗ် စက်ရုံတွင် ဝင်ရောက်လုပ် ကိုင် ရာ ပ ထ မ တွင် ဖိုမင်အဖြစ်ထမ်းဆောင် ရသည်။ ထို့နောက် အရောင်းဆိုင်ဝန်ထောက်အဖြစ်တိုးမြှင့်ခန့်ထားခြင်းခံရသည်။ နှစ်နှစ် အကြာတွင် ကိုဆီဂင်ကို အောက်တိုဘာ ချည်မျှင်နှင့်အထည်အလိပ် စက်ရုံတွင် ဦးဆောင်ညွှန်ကြားရေးမှူးအဆင့်ဖြင့် ပြောင်းရွှေ့ခန့်ထားသည်။ ၁၉၃၈ ခုနှစ်၌ လီနင်ဂရက်မြို့ အုပ်ချုပ်ရေးကော်မတီတွင် စက်မှုလက်မှုနှင့် သယ်ယူပို့ဆောင်ရေး ဦးစီးဌာန အကြီးအကဲအဖြစ် တာဝန်ယူရသည်။ နောက်တနှစ်အကြာတွင် မြို့အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဖြစ်လာသည်။ ၁၉၃၉ ခုနှစ်မှ ၁၉၄၀ ပြည့်နှစ်အထိ အထည်အလိပ်လုပ်ငန်း ပြည်သူ့ကိုယ်စားလှယ် (ဝန်ကြီး) အဖြစ် အရွေးခံရသည်။ ပြည်သူ့ကိုယ်စားလှယ်များကောင်စီ (ဝန်ကြီးများ ကောင်စီ) ဒုဥက္ကဋ္ဌ ရာထူးတွင် ၁၉၄၀ ပြည့်နှစ်မှ ၁၉၄၆ ခုနှစ်အထိ ထမ်းဆောင် ခဲ့သည်။



ရုရှနိုင်ငံဝန်ကြီးချုပ် ကိုဆီဂင်

စစ်ပြီးနောက် ဝန်ကြီးဌာနအမျိုးမျိုး၌ တာဝန်များဆက်တိုက်ထမ်းရွက်ခဲ့ရသည်။ စစ်ကြောင့် ပျက်စီးခဲ့ရသော ရုရှစီးပွားရေး အဆောက်အအုံကို ပြန်လည်ထူထောင်ရေး အတွက် အားသွန်ခွန်စိုက် ဆောင်ရွက်သည်။ ၁၉၄၈ ခုနှစ်တွင် ဘဏ္ဍာရေးဝန်ကြီး၊ ၁၉၄၈–၅၃ ခုနှစ်တွင် အသေးစား စက်မှုဌာနဝန်ကြီး၊ ၁၉၅၃–၅၄ ခုနှစ်တွင် လူသုံးကုန်ပစ္စည်း ထုတ်လုပ်မှုဌာနဝန်ကြီး စသည်ဖြင့် ဆောင်ရွက်ခဲ့သည်။

၁၉၄၈ ခုနှစ်တွင် ရုရှ ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင် လူကြီးဖြစ်လာသည်။ ပေါ်လစ်ဗျူရိုတွင် သူသည် အသက်အငယ်ဆုံးအဖွဲ့ဝင် (၄၃ နှစ်) ဖြစ်၏။

ဆိုဗီယက်ပြည်ထောင်စုတွင် မည်သို့သော နိုင်ငံရေးအပြောင်းအလဲများ ဖြစ်ပေါ်လာစေကာမူ ကိုဆီဂင်သည် ထိုအာဏာပိုင် အဝန်းအဝိုင်း၏ အလယ်တွင်ပင် စွဲမြဲစွာ ရပ်တည်ကျန်ရစ်ခဲ့လေ့ရှိသည်။ ယင်းသို့ဖြစ်ရခြင်းမှာ သူ၏ စီးပွားရေးပညာ အရည်အချင်းကြောင့်ဖြစ်သည်။ သူသည် ရုရှ စီးပွားရေး ယန္တရားကြီးတခုလုံးကို မောင်းနှင်ကိုင်တွယ်ထားရသူ ဖြစ်၏။ သူ၏ကျွမ်းကျင်မှုသည် နိုင်ငံရေးဘက်တွင်မဟုတ်၊ စီးပွားရေး စီမံခန့်ခွဲမှုတွင် ဖြစ်သည်။ ထို့ကြောင့်ပင် ဒုဝန်ကြီးချုပ်ဘဝ၌ ၁၉ နှစ်ကြာ အောင်မြင်စွာ ထမ်းဆောင်နေခဲ့ခြင်း ဖြစ်သည်။ ကိုဆီဂင်သည်ဆိုရှယ်လစ်လုပ်သားကောင်းဘွဲ့ကို နှစ်ကြိမ်တိုင်တိုင် ဆွတ်ခူးရရှိခဲ့သည်။လီနင်ဘွဲ့လည်း နှစ်ကြိမ် ခြီးမြှင့်ခံရသည်။စစ်ဖက်မှ ခြီးမြှင့်သော အောင်လံနီဘွဲ့ကိုလည်း ရရှိထားသူဖြစ်သည်။

ကိုမိုရိုက္ကျန်းစု။ ။ကိုမိုရို ကျွန်းစုသည် အိန္ဒိယ သမုဒ္ဒရာအတွင်း မိုဇမ်းဗစ် ရေလက်ကြားအတွင်း မက်ဒါဂက်စကာ ကျွန်း၏ အနောက်မြောက်ဖက်နှင့် အာဖရိက အရှေ့တောင်ဖက်ကမ်းခြေအကြားတွင် တည်ရှိသည်။ကိုမိုရို ကျွန်းစုတွင် အမိက ကျွန်းကြီးလေးကျွန်းအပြင် သေးငယ်သော ကျွန်းငယ်ပေါင်း မြောက်မြားစွာ ပါဝင်သည်။ကျွန်းကြီးလေးကျွန်းမှာ ဂရင်းကိုမိုရို၊ အန်ဂျူအန်၊ မိုဟီလီနှင့် မာယော့တီးကျွန်းတို့ ဖြစ်သည်။ ထိုကျွန်းများသည် မီးတောင်တန်းများပင် ဖြစ်သည်။ ဂရင်းကိုမိုရိုကျွန်းပေါ်ရှိ အမြင့်ဆုံးတောင်ဖြစ်သော ကာသလာ တောင်သည် ပေပေါင်း ၇၃၀၀ မြင့်ပြီး မီးရှင်တောင်ဖြစ်သည်။ကိုမိုရိုကျွန်းစု၏ စုစုပေါင်း အကျယ်အဝန်းမှာ ၈၆၃ စတုရန်းမိုင်ရှိပြီး ၁၉၇၅ ခုနှစ် ခန့်မှန်းခြေ အရ လူဦးရေ ၃၀၀,၀၀၀ ခန့် နေထိုင်လျက်ရှိကြသည်။ ကျွန်းသူကျွန်းသား အများစုသည် အိန္ဒိယ သမုဒ္ဒရာ အစိတ်အပိုင်းအားလုံးတွင် နေထိုင်ကြသည့်မွတ်ဆလင်လူမျိုးများမှ ဆင်းသက်လာသူများ ဖြစ်ကြသည်။ အစ္စလာမ် ဘာသာနှင့် ခရစ်ယန် ဘာသာကို အများအားဖြင့် ကိုးကွယ်ကြသည်။ မာယော့တီးကျွန်းပေါ်တွင် နေထိုင်သူ အများစုသည် ခရစ်ယန် ဘာသာကို ကိုးကွယ်ကြပြီး ကျန်ကျွန်းများပေါ်မှကျွန်းသူကျွန်းသားများသည် အများအားဖြင့် အစ္စလာမ် ဘာသာဝင်များ ဖြစ်ကြသည်။ မာလဂါစီ ဘာသာစကားကို သုံးစွဲကြသည်။ ဂရင်းကိုမိုရိုကျွန်းပေါ်ရှိ မိုရိုနီမြို့သည် ကိုမိုရိုကျွန်းစု၏ မြို့တော်ပင် ဖြစ်သည်။

ကိုမိုရိုကျွန်းစု၏ လမ်းပန်းဆက်သွယ်ရေးမှာ ရာသီမရွေးသွားလာနိုင်သည့် ၃၆၀ ကီလိုမိုတာ ရှည်လျားသော မော်တော်ကားလမ်းရှိသည်။ မက်ဒါဂက်စကာနှင့် ဆက်သွယ်ထားသော အမြဲတမ်း လေကြောင်းလမ်း ရှိသည်။ ကိုမိုရို ကျွန်းစု၏ အဓိက စီးပွားရေးသည် စိုက်ပျိုးရေးဖြစ်သည်။ အုန်းသီး၊ လေးညှင်းပွင့်၊ ဗင်နီလာသစ်ခွမ်းပင်၊ ကာဖီ၊ ဆန်စပါး၊ ကြံ၊ ပီလောပီနံ၊ ရေမွှေး ထုတ်လုပ်ရာတွင် သုံးသည့်အသီးနှင့် အပင်များကို အဓိက -စိုက်ပျိုးသည်။ သဘာဝ ပေါက်ပင်များအဖြစ် ဟင်းသီး ဟင်းရွက် ဟင်းခတ်အမွှေးအကြိုင်၊ အုန်း၊အပူပိုင်း သစ်မာနှင့် ပလောပီနံတို့ ပေါက်ရောက်သည်။

ကိုမိုရို ကျွန်းစုကို ၁၅၀၃ ခုနှစ်လောက်တွင် ပေါ်တူဂီ လူမျိုးများ စတင်တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ၁၅၁၇ ခုနှစ်တွင် ပြင်သစ်လူမျိုးများ စတင်ဝင်ရောက်လာသည်။ ၁၈၀၆ ခုနှစ်တွင် ကျွန်းအားလုံးကို ပြင်သစ်စောင့်ရှောက်ခံ နယ်မြေအဖြစ်ရင်း၊ ၁၉၁၂ ခုနှစ်တွင် ပြင်သစ် ကိုလိုနီနယ်အဖြစ်ရင်း သတ်မှတ်ခဲ့သည်။ ၁၉၁၂ ခုနှစ်မှ ၁၉၄၇ ခုနှစ်အထိ မက်ဒဂတ်စကာကျွန်းနှင့် ပူးပေါင်းအုပ်ချုပ်ခြင်းခံရသည်။

၁၉၆၁ ခုနှစ်တွင် ကိုယ်ပိုင်အုပ်ချုပ်ရေးရရှိသော ပြင်သစ်ပင်လယ်ရပ်ခြား နယ်မြေတခု ဖြစ်လာသည်။ ၁၉၇၄ ခုနှစ်တွင် ဂရင်းကိုမိုရို၊ အန်ဂျူအန်နှင့် မိုဟီလီကျွန်းတို့က လွတ်လပ်ရေးပေးရန် ဆန္ဒပေး စကားကမ်းလှမ်းခဲ့သည်။

သို့သော် မာယော့တီးကျွန်းမှ ခရစ်ယန် ၆၀ % က ယင်းကမ်းလှမ်းချက်ကို ကန့်ကွက် ဆန္ဒမဲ ပေးခဲ့ကြသည်။ ၁၉၇၅ ခု ဇွန်လ ၆ ရက်နေ့တွင် ကိုမိုရို ဥပဒေပြုလွှတ်တော်က တဖက်သတ် လွတ်လပ်ရေး ကြေငြာခဲ့သည်။ မာယော့တီးကျွန်းသည် ပြင်သစ်ထိန်းသိမ်းမှုအောက်တွင် ဆက်လက်နေထိုင်ရန် ဆန္ဒပေး ဆုံးဖြတ်ခဲ့သည်။

၁၉၇၆ ခုနှစ်တွင် ပြင်သစ်အမှုထမ်းအားလုံးကို နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု စာချုပ်မရှိတော့သဖြင့် အမိနိုင်ငံရင်းသို့ ပြန်ပို့မည်ဖြစ်ကြောင်း ကိုမိုရို အာဏာပိုင်များက ကြေငြာခဲ့သည်။

လွတ်လပ်ရေးရပြီးစ ကိုမိုရိုကျွန်းစု၏ စီးပွားရေးသည် မျှားစွာကျဆင်းလျက်ရှိသည်။ ထိုကြောင့် ကုလသမဂ္ဂ၏ အရေးပေါ်အကူအညီ တောင်းခံချက်အရ ဩစတြေးလီးယား နိုင်ငံမှ ဆန်တန် ၂,၅၀၀ နှင့် ကမ္ဘာ့ စားနပ်ရိက္ခာ စီမံကိန်းမှ ဂ၁၄,၅၀၀ ဒေါ်လာ ထောက်ပံ့ခဲ့သည်။

အမျိုးသား တော်လှန်ရေးကောင်စီနှင့် အမျိုးသားအမှုဆောင် ကောင်စီတို့သည် ၁၉၇၆ ခုနှစ် ဇွန်လ ၂ ရက်နေ့တွင် မစ္စတာ အလီဆိုင်းလီယာအား ရွေးချယ်ကာ နိုင်ငံခေါင်းဆောင်အဖြစ် တာဝန်ထမ်းဆောင်စေခဲ့သည်။

၁၉၇၇ ခုနှစ် ဧပြီလတွင် သမ္မတ မစ္စတာအလီဆိုင်းလီယာသည် ဝန်ကြီး ဌာနများကို ပြန်လည် ဖွဲ့စည်း၍ ဖွံ့တ်သင့်သော ဌာနနှင့် ပြည်သူ့ ဝန်ထမ်းများကို ဖြုတ်ရန် စီစဉ်သည်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေ စည်းမျဉ်းသစ် ရေးဆွဲ၍ ပြည်သူ့ထံ ချပြဆန္ဒခံယူရန်လည်း ဆောင်ရွက်လေသည်။

ကိုလံဗိုစီမံကိန်း။ ။ကိုလံဗိုစီမံကိန်းသည် တောင်နှင့် အရှေ့တောင်အာရှဒေသ ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်သော စီမံကိန်းဖြစ်သည်။

၁၉၅၀ ပြည့်နှစ်တွင်သီဟိုဠ်နိုင်ငံကိုလံဗိုမြို့၌ကျင်းပသော ဗြိတိသျှ ဓနသဟာယ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးမှ စတင်ပေါက်ဖွားလာသော စီမံကိန်းဖြစ်သဖြင့်လည်း ပေါက်ဖွားရာဒေသကို အစွဲပြု၍ ကိုလံဗိုစီမံကိန်းဟု ခေါ်ခြင်းဖြစ်သည်။

ယင်း အစည်းအဝေးက ဗြိတိန်၊ ဩစတြေးလီးယား၊ ကနေဒါ၊ သီဟိုဠ်၊ အိန္ဒိယ၊ နယူးဇီလန်နှင့် ပါကစ္စတန်နိုင်ငံတို့ ပါဝင်သော တောင်နှင့် အရှေ့တောင်အာရှ ဆိုင်ရာ ဓနသဟာယအတိုင်ပင်ခံ ကော်မတီ ဖွဲ့စည်းခဲ့သည်။

ထိုကော်မတီက တောင်နှင့် အရှေ့တောင် အာရှဒေသတွင် လိုအပ်သော ကိစ္စရပ်များကို စုံစမ်းရှာဖွေပေးရေး၊ ထိုဒေသအတွင်းရှိ သယံဇာတ ပစ္စည်းများ၏ တန်ဖိုးကို ခန့်မှန်း တွက်ချက်ပေးရေး၊ တောင်နှင့်အရှေ့တောင်ဒေသရှိ လူအပေါင်း၏ လူနေမှုအဆင့်အတန်း မြှင့်တင်ပေးရေး၊ ယင်းဒေသတွင် ရင်ဆိုင်နေရသော ပြဿနာများမှ လွတ်မြောက်ရေးနှင့် ကြိုးပမ်းမှုရှိရေးတို့အတွက် ကိုလံဗိုစီမံကိန်းဝင် နိုင်ငံများက စုပေါင်းကူညီနိုင်မည့် လုပ်ငန်းစဉ်များကို စီစဉ်ရေးဆွဲပေးရန် ဖြစ်သည်။

တောင်နှင့် အရှေ့တောင်အာရှဆိုင်ရာ ဓနသဟာယ အတိုင်ပင်ခံ ကော်မတီသည် ကိုလံဗို၊ ဆစ်ဒနီနှင့် လန်ဒန်မြို့များ၌ ၁၉၅၀ ပြည့်နှစ်အတွင်း အကြိမ်ကြိမ်တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် ထိုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ကိုလံဗိုစီမံကိန်းကို တရားဝင်ကြေငြာခဲ့သည်။ ထို့နောက် ၁၉၅၁ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့မှစ၍ စီမံကိန်းကို စတင်အကောင်အထည် ဖော်ခဲ့သည်။ ဖွဲ့စည်းစက ခြောက်နှစ် ဖွံ့ဖြိုးရေး အစီအစဉ်ကို ရေးဆွဲရန် ဖြစ်သော်လည်း ကိုလံဗိုစီမံကိန်းဟူသော အမည်ဖြင့် နှစ်တို စီမံကိန်းသာ ပေါ်ထွက်လာခဲ့လေသည်။

ကိုလံဗိုစီမံကိန်းအဖွဲ့၏ မူလအဖွဲ့ဝင် နိုင်ငံများမှာ ဩစတြေးလီးယား၊ ကနေဒါ၊ သီဟိုဠ် (သီရိလင်္ကာ)၊ အိန္ဒိယ၊ နယူးဇီလန်၊ ပါကစ္စတန်နှင့် ဗြိတိန်နိုင်ငံတို့ ဖြစ်သည်။ စတင်ဖွဲ့စည်းစဉ်က ဓနသဟာယ နိုင်ငံများသာ ပါဝင်နိုင်ခဲ့သော်လည်း ၁၉၅၁ ခုနှစ်မှစ၍ အရှေ့တောင် အာရှနိုင်ငံများ ပါဝင်လာကြသည်။ ၁၉၅၁ ခုနှစ်တွင် ကမ္ဘောဒီးယား၊ လာအို၊ အမေရိကန်နှင့် ဗီယက်နမ်နိုင်ငံများကရင်း၊ ၁၉၅၂ ခုနှစ်တွင် မြန်မာနှင့် နီပေါနိုင်ငံတို့ကရင်း၊ ၁၉၅၃ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံကရင်း၊ ၁၉၅၄ ခုနှစ်တွင် ဂျပန်၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတို့ကရင်း၊ ၁၉၅၇ ခုနှစ်တွင် မလေးရှားပြည်ထောင်စုကရင်း၊ ၁၉၅၉ ခုနှစ်တွင် စင်္ကာပူနိုင်ငံကရင်း၊ ၁၉၆၂ ခုနှစ်တွင် ဘူတန်နိုင်ငံနှင့် ကိုရီးယား သမ္မတနိုင်ငံကရင်း၊ ၁၉၆၃ ခုနှစ်တွင် အာဖဂန်နိုစတန်နှင့် မော်လဒိုက်နိုင်ငံတို့ကရင်း၊ ၁၉၆၄ ခုနှစ်တွင် မလေးရှားနိုင်ငံကရင်း

ကိုလံဗိုစီမံကိန်းအဖွဲ့သို့ ဝင်လာကြသည်။ ယင်းသို့ နိုင်ငံများစွာ ပူးပေါင်းဝင်ရောက်လာသောကြောင့် ကိုလံဗိုစီမံကိန်းအဖွဲ့သည် နိုင်ငံတကာ အဖွဲ့အစည်းတရပ်သဖွယ် ထင်ရှားလာသည်။ ယခုအခါတွင် အဖွဲ့ဝင်နိုင်ငံပေါင်း ၂၇ နိုင်ငံအထိပင် ပူးပေါင်းပါဝင်၍ လုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်နေပြီ ဖြစ်ပေသည်။

ကိုလံဗိုစီမံကိန်းတွင် အတိုင်ပင်ခံကော်မတီသည် အမြင့်ဆုံး အဖွဲ့အစည်းဖြစ်သည်။ လုပ်ငန်း ကြီးကြပ်ညှိနှိုင်းရေးကို နည်းပညာ ပူးပေါင်း ဆောင်ရွက်ရေး ကောင်စီက ဆောင်ရွက်သည်။

ယင်း ကောင်စီအောက်တွင် ကိုလံဗိုစီမံကိန်း ဗျူရိုရှိပြီး ကိုလံဗိုစီမံကိန်း ဝန်ထမ်းကောလိပ်လည်း တည်ထောင်ထားသည်။ အတိုင်ပင်ခံ ကော်မတီသည် ဝန်ကြီးအဆင့်ရှိသော ကော်မတီဖြစ်သည်။ ယင်းကော်မတီသည် စီမံကိန်းလုပ်ငန်းများကို လက်တွေ့လုပ်ဆောင်ရသည့် အဖွဲ့ဝင် နိုင်ငံများမှ အရာရှိများ၏ ပဏာမ အစည်းအဝေးက ရေးဆွဲတင်သွင်းသည့် အစီရင်ခံစာများကို အခြေခံ၍ ရွေလုပ်ငန်းစဉ်များကို သတ်မှတ် ညွှန်ကြားသည်။ အတိုင်ပင်ခံအဖွဲ့ အစည်းအဝေးကို ၁၉၆၅ ခုနှစ်နှင့် ၁၉၇၀ ပြည့်နှစ် များမှအပ နှစ်စဉ်ကျင်းပ၍ကမ္ဘာ့ဘဏ်နှင့် အီးကဖီး၊ကုလသမဂ္ဂကျွမ်းကျင်မှု အကူအညီပေးရေးဘုတ် (အန်းတက်)၊ အထူးရန်ပုံငွေ အဖွဲ့တို့မှ လေ့လာသူများ တက်ရောက်ကြသည်။

နည်းပညာ ပူးပေါင်း ဆောင်ရွက်ရေး ကောင်စီသည် ကိုလံဗိုစီမံကိန်း အဖွဲ့ဝင်နိုင်ငံအစိုးရတို့၏ ကိုယ်စားလှယ်တဦးစီပါဝင်သော ကောင်စီဖြစ်သည်။ ယင်းကောင်စီသည် စတက်တျူ ဥပဒေဆိုင်ရာမူဝါဒ အစည်းအဝေးကို ကိုလံဗိုမြို့တွင် တနှစ် နှစ်ကြိမ် ကျင်းပသည်။ ကောင်စီ၏ လုပ်ငန်းဆိုင်ရာ အစည်းအဝေးကိုလည်း ကိုလံဗိုမြို့တွင်ပင် တနှစ်လျှင် သုံးလေးကြိမ် ကျင်းပသည်။ ကောင်စီဥက္ကဋ္ဌကို နှစ်စဉ် ရွေးချယ်တင်မြှောက်သည်။ ယင်းကောင်စီသည် ကိုလံဗိုစီမံကိန်းဒေသအတွင်း နည်းပညာ ပူးပေါင်း ဆောင်ရွက်ရေး လုပ်ငန်းများကို လုပ်ဆောင်သည်။ ပါရဂူများ စေလွှတ်ခြင်း၊ အဖွဲ့ဝင်နိုင်ငံများအား ပညာသင်ဆု ချီးမြှင့်ခြင်း၊ ပစ္စည်းကရိယာများပေး၍ ကူညီခြင်း၊ ဗျူရိုအဖွဲ့ လုပ်ငန်းကို ဦးဆောင်ညွှန်ကြားခြင်းတို့ ပြုသည်။

ဗျူရိုအဖွဲ့သည် ကျွမ်းကျင်မှု ပူးပေါင်းဆောင်ရွက်ရေး ကောင်စီ၏ ရုံးအဖွဲ့ပင် ဖြစ်သည်။ စာရင်းအင်းများကို ပြုစု၍ ကောင်စီသို့တင်ပြီး စီမံကိန်း လုပ်ငန်းသတင်းများ ထုတ်ပြန်သည်။ နှစ်ပတ်လည် အစီရင်ခံစာများ မူကြမ်းကိုလည်း ပြုစုရေးသားပေးရသည်။

ကိုလံဗိုစီမံကိန်းအရ အကူအညီရယူလိုသည့် နိုင်ငံအစိုးရက အကူအညီပေးနိုင်သည့် နိုင်ငံအစိုးရအား တိုက်ရိုက်ဆက်သွယ်၍ နှောင်ကြိုးမဲ့အကူအညီများကို ယူနိုင်သည်။ကမ္ဘာ့ဘဏ်၊အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန်နိုင်ငံတို့ကလည်းကိုလံဗိုစီမံကိန်းအတွက် ငွေများထုတ်ချေးသည်။

ကိုလံဗိုစီမံကိန်းအရ အမေရိကန်နိုင်ငံက ပညာရေးနှင့် အုပ်ချုပ်ရေးဘက်ဆိုင်ရာ လုပ်ငန်းများတွင်၎င်း၊ ဩစတြေးလျနိုင်ငံက အထွေထွေ ပညာရေးနှင့် အထွေထွေ အင်ဂျင်နီယာဆိုင်ရာ လုပ်ငန်းများတွင်၎င်း၊ ဂျပန်နိုင်ငံက စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင်၎င်း၊ ဗြိတိန်နှင့် ကနေဒါနိုင်ငံတို့က ဆေးဘက်ဆိုင်ရာနှင့် ကျန်းမာရေးဘက်ဆိုင်ရာ လုပ်ငန်းရပ်များတွင်၎င်း၊ အိန္ဒိယနိုင်ငံက စက်မှုလက်မှု အတတ်ပညာနှင့် ပညာရေးဆိုင်ရာ လုပ်ငန်းများတွင်၎င်း အဓိကထား၍ ကူညီလေသည်။

ကိုလံဗိုစီမံကိန်းအရ မြန်မာနိုင်ငံသည် အင်ဂျင်နီယာပညာသင်ဆု၊ သူနာပြု ပညာသင်ဆုကိုရင်း၊ ကျွမ်းကျင်မှုအကူအညီအဖြစ်ဖြင့် မန္တလေးမြို့နှင့် ရန်ကုန်မြို့ရှိ စက်မှုလုပ်ငန်း ပညာသင်ကျောင်း၊ စာတိုက်နှင့် ကြေးနန်းဌာန၊ ရန်ကုန် ပြည်သူ ဆေးရုံကြီးတို့အတွက် ထောက်ပံ့ကူညီမှုကိုရင်း၊ ကနေဒါနိုင်ငံမှ သာကေတတံတား တည်ဆောက်ရေး လုပ်ငန်းအတွက် ကူညီထောက်ပံ့မှုကိုရင်း၊ ရေမြောင်းဖောက်ခြင်း၊ဂျုံစသော စားနပ်ရိက္ခာ ကူညီထောက်ပံ့ခြင်းတို့ကို ရရှိခဲ့လေသည်။

ကိုလံဗိုစီမံကိန်း အစည်းအဝေးကို နှစ်စဉ်ကျင်းပရာ အရာရှိများအဆင့် အစည်းအဝေး၊ ဝန်ကြီးများအဆင့် အစည်းအဝေး၊ အတိုင်ပင်ခံအဖွဲ့ အစည်းအဝေးဟူ၍ အဆင့်ဆင့် ကျင်းပလေ့ရှိသည်။

ကိုလံဗို စီမံကိန်း ၁၈ ကြိမ်မြောက် အစည်းအဝေးကို ၁၉၆၇ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်နေ့မှ ဒီဇင်ဘာလ ၈ ရက်နေ့ အထိ ရန်ကုန်မြို့ အင်းလျားကန်ဟိုတယ်၌ ကျင်းပလေသည်။ ၁၉၇၇ ခုနှစ် ဒီဇင်ဘာလတွင် ၂၆ ကြိမ်မြောက် အစည်းအဝေး၏ အရာရှိအဆင့်အစည်းအဝေးကို နီပေါနိုင်ငံခတ္တမန္ဒူမြို့တွင် နိုဝင်ဘာလ ၂၉ ရက်နေ့မှစ၍ ဒီဇင်ဘာလ ၂ ရက်နေ့ အထိဌင်း၊ ဝန်ကြီးများအဆင့် အစည်းအဝေးကို ဒီဇင်ဘာလ ၅ ရက်နေ့မှ ၇ ရက်နေ့အထိဌင်း ကျင်းပခဲ့ကြသည်။

ယင်းအစည်း အဝေး၌ မြန်မာနိုင်ငံ ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်က အထူးကိစ္စကော်မတီတွင် သဘာပတိအဖြစ် ဆောင်ရွက်သည်။

ယင်း အစည်းအဝေး၌ ပါဝင်သော နိုင်ငံများ၏ ပထဝီအနေအထားကို ထင်ဟပ်သည့်အနေဖြင့် ကိုလံဗိုစီမံကိန်းအမည်ကို အာရှနှင့် ပစိဖိတ်ဒေသ စီးပွားရေးနှင့် လူမှုရေးပူးပေါင်းဆောင်ရွက်မှု ကိုလံဗိုစီမံကိန်းဟု ခေါ်တွင်စေရန် ဆုံးဖြတ်ကြသည်။ ရေအပါအဝင် သဘာဝ သယံဇာတများ

ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေး၊ ကုန်းမြေပတ်လည် ဝိုင်းလျက်ရှိသော နိုင်ငံများကို အကူအညီပေးရန်အတွက် ပြည်တွင်းသယ်ယူပို့ဆောင်ရေး ဖွံ့ဖြိုးတိုးတက်ရေး၊ စနစ်တကျသင်ကြားပို့ချသော ပညာရေးနည်းဖြင့်မဟုတ်ပဲ ကျွမ်းကျင်မှုမြှင့်တင်ရန် လိုအပ်ချက် အကောင်အထည်ဖော်ရေးနှင့်တကွ ကိုလံဗိုစီမံကိန်းအဖွဲ့ဝင်နိုင်ငံများအကြား ကျွမ်းကျင်မှုနည်းပညာ ပူးပေါင်းဆောင်ရွက်ရေး၏ ပုံသဏ္ဌာန်များနှင့် အဆင့်အတန်း တိုးချဲ့ရေး၊ တိုင်းရင်းနှင့်ဒေသအတွင်းရှိ နည်းပညာများ တိုးတက်ရေး စသည်တို့ကို အဓိကထား ဆွေးနွေးကြသည်။

ကိုရီးယား ဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ။ ။ (၁–၂၇၈၊၅၁၇—ရှု။) မြောက်ကိုရီးယားဟု ခေါ်သော ကိုရီယား ဒီမိုကရက်တစ် ပြည်သူ့သမ္မတ နိုင်ငံတွင် ၁၉၇၆ ခုနှစ် ကုလသမဂ္ဂ အဖွဲ့ကြီး၏ ခန့်မှန်းချက်အရ လူဦးရေမှာ ၃၄,၆၈၀,၆၄၄ ခန့်ဖြစ်သည်။ မြို့တော်မှာ ပျန် ယန်း မြို့ဖြစ်သည်။ နိုင်ငံအကြီးအကဲမှာ ခေါင်းဆောင်ကြီး ကင်အီဆွန်း ဖြစ်သည်။ (ကင်အီဆွန်း—ရှု။)



၁၉၆၈ ခုနှစ်တွင် အမေရိကန်သင်္ဘော ပွေဗလိုသည်ကိုရီးယား ရေပိုင်နက်အတွင်း ဝင်ရောက်လာသည်ကိုသိရှိသဖြင့် ကိုရီးယားတပ်မတော်က ပစ်ခတ်ဖမ်းဆီးခြင်းနှင့်စပ်လျဉ်း၍ အမေရိကန်ပြည်ထောင်စုနှင့် မြောက်ကိုရီးယားနိုင်ငံတို့ စစ်ဖြစ်မည့်အခြေ ဆိုက်ရောက်ခဲ့ရာက တကမ္ဘာလုံး တုန်လှုပ်ချောက်ချားခဲ့ရသည်။

၁၉၆၉ ခုနှစ်ကလည်း အမေရိကန် ထောက်လှမ်းရေးလေယာဉ်သည် မြောက်ကိုရီးယား လေပိုင်နက်ထဲသို့ ကျူးကျော်ဝင်ရောက်သဖြင့် ပစ်ခတ်ရာမှ တကမ္ဘာလုံး တုန်လှုပ်ချောက်ချားစေသည့်အရေးအခင်း ဖြစ်ခဲ့လေသည်။

၁၉၇၁ ခုနှစ် ဧပြီလ ၁၂ ရက်နေ့တွင် ကိုရီးယား ဒီမိုကရက်တစ် သမ္မတနိုင်ငံအစိုးရက ကိုရီးယားနှစ်နိုင်ငံရှိ နိုင်ငံရေးပါတီများနှင့် လူထုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ သို့မဟုတ် ကြားနေ နိုင်ငံတခုခုမှ ကိုယ်စားလှယ်များသည် စစ်မဲ့ဒေသဖြစ်သော ပန်မန်ဂျုံဒေသ၌ ကိုရီးယား နှစ်နိုင်ငံ ပြန်လည် ပေါင်းစည်းရေးစေ့စပ်ဆွေးနွေးရန် လွှတ်တော်သို့ အကြံပေးတင်ပြသည်။

၁၉၇၁ ခု စက်တင်ဘာလ ၂၀ ရက်နေ့မှစ၍ နှစ်နိုင်ငံ ကြက်ခြေနီ အဖွဲ့များက ဦးဆောင်၍ နှစ်နိုင်ငံ ပြန်လည် ပေါင်းစည်းရေးအတွက် စေ့စပ်ဆွေးနွေးခဲ့သော်လည်း ၁၉ ကြိမ်တိုင်သည်အထိ မပြေလည်ခဲ့ချေ။ ၁၉၇၂ ခုနှစ် မေလမှ ဇူလိုင်လအတွင်း နှစ်နိုင်ငံ ထိပ်တန်း ခေါင်းဆောင်များ တွေ့ဆုံ၍ အပြန်အလှန် ဆွေးနွေး၍ နှစ်ဖက်စလုံးမှ လိုက်လျောမှုများပြုခဲ့ကြရာ သဘောတူညီချက် ခုနစ်ချက်ကို နှစ်နိုင်ငံ မြို့တော်များ၌ ထုတ်ပြန်သည်။

ယင်း ခုနစ်ချက်မှာ ပြည်ပ စွက်ဖက်မှု ကင်းရှင်းစွာ နှစ်နိုင်ငံချင်းသာ ငြိမ်းချမ်းသော နည်းဖြင့် ဖြေရှင်းရန် နှစ်ဖက် လက်နက်အင်အား အသုံးပြုခြင်းရပ်စဲရန်၊ နှစ်နိုင်ငံ နားလည်မှုဖြင့် အဆက်အသွယ်များ ပြုလုပ်နိုင်ရေး ညှိနှိုင်းရန်၊ နှစ်နိုင်ငံ ကြက်ခြေနီများ ပူးပေါင်းဆွေးနွေးပွဲ အောင်မြင်အောင် ကူညီရန်၊ စစ်ရေးစစ်ရာများ မမျှော်လင့်ပဲ ပေါ်ပေါက်လာခြင်းကို တားနိုင်ရန်၊ နှစ်နိုင်ငံ မြို့တော်အကြား အရေးပေါ် စကားပြောကြေးနန်းဆက်သွယ်ရန်၊ ကိုရီးယား သမ္မတနိုင်ငံမှ မစ္စတာလီဟူရက်နှင့် ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံမှ အစိုးရအဖွဲ့ လမ်းညွှန်ဌာန ညွှန်ကြားရေးမှူး မစ္စတာကင်ယန်ဂျိုးတို့ပူးတွဲ သဘာပတိအဖြစ် ဆောင်ရွက်သော ကော်မတီတရပ်ဖွဲ့ ဆောင်ရွက်ရန်၊ ပြည်သူအပေါင်းရှေ့၌ ကတိသစ္စာပြု၍ သစ္စာရှိရှိဆောင်ရွက်ရန် တို့ ဖြစ်သည်။

ယင်းသဘောတူညီချက်အရ အကြိမ်ကြိမ် ဆွေးနွေးခဲ့သော်လည်း နှစ်နိုင်ငံပေါင်းစည်းရေးသည် ယနေ့တိုင်အောင်မြင်မှု မရသေးချေ။

ကိုရီးယားသမ္မတနိုင်ငံ။ ။(၁–၂၇၆၊ ၅၁၇—ရှု။) တောင်ကိုရီးယားနိုင်ငံဟု လူသိများသော ကိုရီးယားသမ္မတနိုင်ငံ၏ အကျယ်အဝန်းမှာ စတုရန်းမိုင် ၃၈,၀၃၁ ခန့် ကျယ်ဝန်းပြီး ၁၉၇၅ ခုနှစ် ကုလသမဂ္ဂအဖွဲ့ကြီး၏ ခန့်မှန်းချက်အရ လူဦးရေ ၃၃,၀၉၅,၀၀၀ ခန့်ရှိသည်။ လူအများစုမှာ ဗုဒ္ဓဘာသာကိုးကွယ်ကြသူများ ဖြစ်သည်။ မြို့တော်မှာ ဆေးအူမြို့ ဖြစ်သည်။ နိုင်ငံအကြီးအကဲမှာ ပတ်ချုန်ဟီးဖြစ်သည်။ (ပတ်ချုန်ဟီး—ရှု။)

ကိုရီးယား သမ္မတ နိုင်ငံအား အမေရိကန် အစိုးရက စီးပွားရေးနှင့် စစ်ရေးအကူအညီများပေးခဲ့သည်။ ၁၉၇၀–၇၁ ခုနှစ်မှ အစပြု၍ တောင်ကိုရီးယားနိုင်ငံတွင် အခြေစိုက်ခဲ့သော အမေရိကန် စစ်တပ်များကို တဖြည်းဖြည်းပြန်လည် လျှော့ချပေးခဲ့သည်။

တောင်နှင့်မြောက် ကိုရီးယားနိုင်ငံတို့ ပြန်လည်ပေါင်းစည်းရေးနှင့် ကွဲကွာနေသော မိသားစုများအား ပြန်လည် တွေ့ဆုံ နိုင်ရေးအတွက် မြောက်ကိုရီးယား နိုင်ငံနှင့် ဆွေးနွေးနေဆဲ ဖြစ်သည်။ (ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ—ရှု။)

ကက်စထြို့, ဖီဒယ် (ခရစ် ၁၉၂၆ ဖွား)။ ။ကျူးဗား နိုင်ငံ၏ နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌအဖြစ်ရင်း၊ ဝန်ကြီးချုပ် အဖြစ်ရင်း၊ စစ်သေနာ ပတိချုပ်နှင့် ကွန်မြူနစ် ပါတီ ပထမ အတွင်းရေးမှူး အဖြစ်ရင်း ကျူးဗား နိုင်ငံကို ဦးဆောင်လျက် ရှိသော ကက်စထြို့ကို ၁၉၂၆ ခုနှစ် ဩဂုတ်လ ၁၃ရက် နေ့တွင် ကျူးဗား ကျွန်း အိုရီရင် တယ်ပြည်နယ် မာယာရီမြို့၌ ဖွားမြင်သည်။ နာမည် အပြည့်အစုံမှာ ဖီဒယ်ကက်စထြို့ရပ်ဇ ဖြစ်သည်။ စပိန်နွယ်ဖွား လယ်သမား အိန်ဂျလ်ကက်စထြို့နှင့်ဒုတိယဇနီး လီနာ ရပ်ဇတို့၏ သားသမီး ငါးယောက်အနက်မှ ကတိယမြောက် သားဖြစ်သည်။



ကျူးဗားနိုင်ငံခေါင်းဆောင် ဖီဒယ်ကက်စထြို့

ကက်စထြို့သည် မူလတန်းပညာကို ဗီရန်မူလတန်း ကျောင်းတွင်၎င်း၊ အလယ်တန်းပညာကို စန်တီယာဂိုမြို့မှ ရိုမန်ကက်သလစ် သာသနာပြုကျောင်းတွင်၎င်း၊ အထက်တန်းပညာကို ဟာဗားနားအထက်တန်းကျောင်းနှင့် ဂျက်ဇူး အစ်ဗီလင် ကောလိပ်များတွင်၎င်း သင်ယူခဲ့သည်။ ၁၉၄၅ ခုနှစ်မှ ၁၉၅၀ ပြည့်နှစ် အတွင်းတွင် ဟာဗားနားတက္ကသိုလ်၌ ဥပဒေပညာကို ဆည်းပူးခဲ့သည်။ ကျောင်းနေစဉ်ကာလတွင် ပညာရည်ထူးချွန်ခြင်း၊ အားကစားထူးချွန်ခြင်းနှင့် စကား ပြောကောင်းခြင်းတို့ကြောင့် ထင်ပေါ်ကျော်ကြားခဲ့သည်။

ကက်စထြို့သည် ကျောင်းနေစဉ်ကာလကပင် နိုင်ငံရေး ဂွင် အထူးစိတ်ဝင်စားခဲ့သည်။ တက္ကသိုလ်ကျောင်းသား ဘဝက မြေအောက်အဖွဲ့တဖွဲ့တွင် ပါဝင်ခဲ့သည်။ ၁၉၄၇ ခုနှစ်တွင် ဒိုမီနီကန် သမ္မတနိုင်ငံ အာဏာရှင်ကို ဖြုတ်ချရန် ကျူးဗားမှ ချီတက်ခဲ့သော ကယ်ရစ်ဗျန်တပ်ဖွဲ့တွင်လည်း တပ်စုမှူးတဦးအဖြစ် ပါဝင်ခဲ့သည်။

ကက်စထြို့သည် ဟာဗားနား တက္ကသိုလ်တွင် နေစဉ် အသားရောင်ခွဲခြားသော ဝါဒနှင့် လူမျိုးခွဲခြားသောစနစ်ကို ကော်မတီတရပ်ဖွဲ့၍ တိုက်ဖျက်ခဲ့သည်။ ဟာဗားနားတက္က သိုလ်ကျောင်းသားများအုပ်ချုပ်ရေးအဖွဲ့တွင် ဒုတိယဥက္ကဋ္ဌ၊ ဥက္ကဋ္ဌ စသည်ဖြင့် ဆောင်ရွက်ခဲ့သည်။ ၁၉၅၀ ပြည့်နှစ်တွင် ဥပဒေဘွဲ့ရပြီး ဝတ်လုံအဖြစ် အသက်မွေးဝမ်းကျောင်းသည်။

၁၉၅၂ ခုနှစ်တွင် ကျူးဗားနိုင်ငံ အထွေထွေ ရွေးကောက်ပွဲ၌ ပြည်သူကိုယ်စားလှယ်တဦးအဖြစ် ဝင်ရောက် အရွေးခံရန် စီစဉ်သည်။ ထိုစဉ် ဗာတစ္စတာခေါင်းဆောင်၍ စစ်တပ်မှ အာဏာသိမ်းလိုက်သဖြင့် ရွေးကောက်ပွဲ ပျက်ခဲ့ရသည်။ ကက်စထြို့သည် လူမှုရေးကာကွယ်ရေး ဥပဒေဖြင့် ဗာတစ္စတာအစိုးရကို အပြစ်ပေးရန် ရုံးတော်၌ စွဲချက်တင်လျှောက်လဲသည်။ သို့သော် ကက်စထြို့၏ လျှောက်လဲချက်ကို အရေးပေါ်ခုံရုံးက ပယ်ချခဲ့သည်။

သို့ဖြင့် ကက်စထြို့သည် ဗာတစ္စတာ အာဏာရှင် အစိုးရကို လက်နက်ကိုင် တော်လှန်ပုန်ကန်ရန် မွေးရပ်မြေ အိုရီရင်တယ်ပြည်နယ်သို့ ပြန်သွားပြီး အင်အားစုဆောင်းသည်။ ၁၉၅၃ ခုနှစ်တွင် လူအင်အား ၂၀၀ ခန့်ကို ဦးဆောင်၍ ဗာတစ္စတာ အစိုးရ၏ မွန်ကာဒါး စစ်စခန်းကို ဝင်စီးခဲ့သည်။ အင်အားမမျှသဖြင့် အရေးနိမ့်ပြီး ကက်စထြို့၏ တော်လှန်ရေး တပ်သားများ ရက်ရက်စက်စက် အသတ်ခံခဲ့ရသည်။ ကက်စထြို့လည်း အဖမ်းခံခဲ့ရပြီး တော်လှန် ပုန်ကန်မှုဖြင့် ထောင်ဒဏ် ၁၅ နှစ် အပြစ်ပေးခံရသည်။ သူ၏ ညီဖြစ်သူ ရောလ်ကက်စထြို့လည်း ထောင်ဒဏ် ၁၃ နှစ် ကျခဲ့သည်။ ၁၉၅၅ ခုနှစ်တွင် ဗာတစ္စတာအစိုးရ၏ အထွေထွေ လွှတ်ငြိမ်းချမ်းသာခွင့်ဖြင့် ထောင်မှ လွှတ်ခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် လက်နက်ကိုင်တော်လှန်ရေး ပြန်လည်ဆင်နွှဲရန် မက်ဆီကိုပြည်သို့ တိတ်တဆိတ်ထွက်ခွာသည်။ မက်ဆီကိုတွင် အမာခံတပ်သား ၀၀ ခန့် စုဆောင်းပြီး ပြောက်ကျား စစ်ဆင်ရေးကို သဘောတူးရောလက်တွေ့ပါ သင်ယူခဲ့သည်။

၁၉၅၆ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့တွင် ကက်စထြို့သည် သူရဲဘော်များနှင့်အတူ အိုရီရင်တယ်ပြည်နယ် ကမ်းခြေတနေရာသို့ လှေတစီးဖြင့် ဆိုက်ရောက်ခဲ့သည်။ ဒီဇင်ဘာလ ၅ ရက်နေ့တွင် ဗာတစ္စတာ၏ လေတပ်မှ ဗုံးကြဲတိုက်ခိုက်ခံရသဖြင့် ကက်စထြို့၊ ရောလ်ကက်စထြို့၊ အာနက်စတိုချေဂွေဗာရာ အပါအဝင် ရဲဘော် ၁၂ ယောက်ခန့် သာ အသက်မသေဘဲ ကျန်ခဲ့သည်။

လူ ၁၂ ယောက် ကသေနတ် ၁၂ လက်ဖြင့် ကက်စထြို့သည် ဆီးယားမာအက်စထရာ တောင်ပေါ်တွင် တပ်စွဲ၍ ပတ်ဝန်းကျင်မှ လယ်သမားများကို စတင်စည်းရုံးပြီး ခြေကုပ်ယူခဲ့သည်။ ထိုမှ အင်အားတဖြည်းဖြည်းစုဆောင်းပြီးနောက် ဗာတစ္စတာအစိုးရ၏ အတိုက်အခံ ပါတီအဖွဲ့အစည်းအားလုံးနှင့် ပူးပေါင်း၍ လက်နက်ကိုင်တပ်ပေါင်းစုကြီးကို အောင်မြင်စွာ ဖွဲ့စည်းနိုင်ခဲ့သည်။

၁၉၅၈ ခုနှစ်တွင် ကက်စထြို့ဦးဆောင်၍ ဗာတစ္စတာအစိုးရကို လက်နက်ကိုင် ထိုးစစ်ဆင်သည်။ ၁၉၅၉ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ကျူးဗားတပြည်လုံးကို ကက်

စထြို့ သိမ်းယူနိုင်ခဲ့သည်။ ကက်စထြို့သည် သူ၏တော်လှန်ရေးအစိုးရအဖွဲ့တွင် ၁၉၅၉ ခုနှစ် ဖေဖွဲ့ဝရီလ ၁၆ ရက်နေ့တွင် ဝန်ကြီးချုပ်ရာထူးကို လက်ခံဆောင်ရွက်သည်။ ပြန်လည်ထူထောင်ရေး၊ ပြုပြင်ပြောင်းလဲရေးများ ဆောင်ရွက်ရာတွင် သမ္မတ ဒေါက်တာ အာရှတီးယားနှင့် သဘောကွဲလွဲသဖြင့် ၁၉၅၉ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် ဝန်ကြီးချုပ်ရာထူးမှ ထွက်စာတင်သည်။ သို့သော်လည်း ကက်စထြို့ နဲတ်ထွက်စာတင်မှု ဂယက်ကြောင့် သမ္မတ အာရှတီးယား ရာထူးမှ နုတ်ထွက်ပေးလိုက်ရသည်။ ထို့ကြောင့် ကက်စထြို့သည် ၁၉၅၉ ခုနှစ် ဇူလိုင်လ ၂၆ ရက်နေ့တွင် ထွက်စာကို ပြန်လည်ရုပ်သိမ်းလိုက်သည်။

၁၉၇၆ ခုနှစ်တွင် အမျိုးသား လွှတ်တော်မှ ကက်စထြို့ကို နိုင်ငံတော်ကောင်စီဥက္ကဋ္ဌအဖြစ် တည်တည်ငြိမ် ရွေးချယ်တင်မြှောက်ခဲ့သည်။ (ကျူးဗားသမ္မတနိုင်ငံ—ရှု။)

ကင်ညာသမ္မတနိုင်ငံ။ ။ကင်ညာနိုင်ငံသည် အာဖရိကတိုက်မှ လွတ်လပ်သော နိုင်ငံ တနိုင်ငံဖြစ်၍ အိန္ဒိယသမုဒ္ဒရာကမ်းခြေမှ အရှေ့မြောက်ဖက် ဆိုမာလီ နိုင်ငံ အထိ ရှည်လျား ကျယ်ပြန့်သည်။ မြောက်ဖက်တွင် အီသီအိုးပီးယား နိုင်ငံ၊ အနောက်ဖက်တွင် ယူဂန်း ဒါးနိုင်ငံနှင့် တောင်ဖက်တွင် တန်ဇားနီးယားနိုင်ငံတို့ တည်ရှိကြသည်။ ကင်ညာနိုင်ငံ၏ အကျယ် အဝန်းမှာ စတုရန်း မိုင် ၂၂၄,၉၆၀ ခန့် ရှိပြီး ၁၉၇၆ ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေ ၁၃,၄၀၀,၀၀၀ ခန့်ရှိသည်။ မြို့တော်မှာ နိုင်ရိုဗီမြို့ဖြစ်သည်။



ကင်ညာနိုင်ငံတွင် အစွလာမ် ဘာသာဝင်မှာ လူနည်းစုဖြစ်ပြီး ခရစ်ယန်ဘာသာဝင်များမှာ လူများစုဖြစ်သည်။ အင်္ဂလိပ်ဘာသာကို နိုင်ငံတကာဆက်ဆံရေး၌ ဆက်လက်သုံးစွဲနေကြသေးသော်လည်း ၁၉၇၃ ခုနှစ်မှစ၍ တိုင်းရင်းဘာသာဖြစ်သော ဆွာဟီလီ ဘာသာကို ရုံးသုံးဘာသာစကားအဖြစ် အသုံးပြုခဲ့ကြသည်။

ကင်ညာနိုင်ငံ၏ မြောက်ဖက်ပိုင်းသည် ပူပြင်းခြောက်သွေ့သည်။ အလယ်ပိုင်းနှင့် တောင်ဖက်ပိုင်းတွင် သီးနှံများ စိုက်ပျိုးနိုင်သော မြေပြန့်များနှင့် ကုန်းမြေပြင်များ ပေါများသည်။ ကုန်းမြင့်များသည် အများအားဖြင့် ပေ ၃၀၀၀ မှ ပေ ၁၀၀၀၀ ခန့် မြင့်မားကြသည်။ မိုးရေချိန် ၆ လက်မမှ ၅၀ လက်မခန့်အထိ ရွာသွန်းတတ်သည်။ တနိုင်ငံလုံး၏ ပျမ်းမျှအပူချိန်မှာ ၇၀ ဖာရင်ဟိုက် ဒီဂရီထိရှိသည်။

ကင်ညာနိုင်ငံ၏ အဓိက ထွက်ကုန်များမှာ ကာဖီလက်ဖက်၊ နှံစားပြောင်း၊ ဝါဂွမ်း၊ နွားနှင့်နွားနို့ထွက်ပစ္စည်းများ၊ သစ်နှင့် ဓာတ်သတ္တုများဖြစ်သည်။ စီးပွားရေးအဓိကထွက်ကုန်မှာ လက်ဖက်ခြောက်ဖြစ်သည်။

အာဖရိကတိုက်တွင် လက်ဖက်ခြောက် အများဆုံးထုတ်လုပ်နိုင်သော ကင်ညာနိုင်ငံသည် ဗြိတိန်၊ အနောက်ဂျာမနီ၊ အမေရိကန်ပြည်ထောင်စုတို့နှင့် များစွာကူးသန်းရောင်းဝယ်မှု ပြုလုပ်သည်။

ဗြိတိသျှတို့ သိမ်းပိုက်စဉ်က ကင်ညာနိုင်ငံသည်ဗြိတိသျှအာဖရိကအဖြစ်သာ ထင်ရှားခဲ့သည်။ ၁၈၈၈ ခုနှစ်တွင် ဗြိတိသျှ အင်ပိုင်ယာ အရှေ့အာဖရိက ကုမ္ပဏီဖွဲ့စည်း၍ ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများ လုပ်ကိုင် ခဲ့သည်။ ၁၈၉၅ ခုနှစ်တွင် ဗြိတိသျှကိုလိုနီရေးရာ နိုင်ငံခြားရေးရုံးကယင်းကုမ္ပဏီ၏လက်မှ ပြောင်းလဲတာဝန်ယူ၍ ကင်ညာနိုင်ငံကို သြဇာခံနယ်အဖြစ် ကြေငြာခဲ့သည်။

၁၉၆၁ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် ကင်ညာနိုင်ငံသည် လုံးဝလွတ်လပ်ရေး ရရှိခဲ့သည်။ လွတ်လပ်ရေးရအပြီး ဗြိတိသျှ ဓနသဟာယအဖွဲ့ဝင်အဖြစ် နေထိုင်ခဲ့ရာမှ ၁၉၆၄ ခုနှစ်တွင် သမ္မတနိုင်ငံတည်ထောင်ခဲ့သည်။ မျိုးချစ်ခေါင်းဆောင်ကြီး ကင်ညတ်တာသည် ပထမဦးဆုံး သမ္မတဖြစ်လာသည်။ (ကင်ညတ်တာ,ယိုမို—ရှု။) ကင်ညာနိုင်ငံသည် ဆိုမာလီနိုင်ငံနှင့် လေးနှစ်တာမျှ ပင်္ဂီပက္ခဖြစ်ခဲ့ရသည်။

၁၉၆၈ ခုနှစ်မှ ၁၉၇၃ ခုနှစ်အတွင်း ဗြိတိသျှနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသော အာရှတိုက်သားများကို ကင်ညာနိုင်ငံအတွင်းမှ နှင်ထုတ်ခဲ့သည်။

၁၉၇၆ ခုနှစ်တွင် အိမ်နီးချင်းနိုင်ငံ တနိုင်ငံ ဖြစ်သော ယူဂန်းဒါးနိုင်ငံနှင့် နယ်နိမိတ်ကိစ္စနှင့် စပ်လျဉ်း၍ အချင်းများခဲ့ရသည်။

ကင်ညာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံသားများနှင့် ဆက်ဆံရသည့် အခြေအနေမှာ မကောင်းလှပေ။ ၁၉၆၈ ခုနှစ်တွင် ကင်ညာနိုင်ငံနှင့် ဆိုမာလီနိုင်ငံတို့သည် ယခင်က နယ်စပ်ကိစ္စ မပြေမလည် ဖြစ်ရာမှ ဖြတ်တောက် ခဲ့သော သံတမန် ဆက်သွယ်မှုကို ပြန်လုပ်ခဲ့သည်။ သို့တစေ ယခုတဖန် ယင်းအရေးမှာ ပြန်လည်ရှုပ်ထွေးလာ၍ ဆိုမာလီဖက်မှ နယ်နိမိတ် သတ်မှတ်ချက်ကို ကင်ညာသမ္မတ ကင်ညတ်တာက လက်မခံနိုင်ကြောင်းထုတ်ဖော်၍ ဝမ်းနည်းစကားဖြင့် သတိပေးလာရပြန်သည်။ ၁၉၇၆ ခုနှစ်တွင်လည်း ယူဂန်းဒါးနိုင်ငံက နယ်နိမိတ်လု၍ မိတ်ဆွေအဖြစ် ဆက်ဆံမှု ယိုယွင်းခဲ့သည်။ ယူဂန်းဒါးနိုင်ငံအတွင်းရှိ ကင်ညာသားတို့ အပေါ် လည်း ယူဂန်းဒါးအစိုးရ ဆက်ဆံမှု မကောင်းဟု ကင်ညာဘက်မှ စွပ်စွဲသည်။ ယူဂန်းဒါးဖက်ကလည်း ကမ္ဘာကျော် အင်တက်ဘီကယ်ဆယ်ရေးတိုက်ပွဲတွင် ကင်ညာသား

တို့က အင္ဒရိယယ်ဖက်မှ ကူညီသည် စွပ်စွဲကာ မပြေမလည် ဖြစ်နေခဲ့သည်။ ထို့ပြင် ယူကန်းဒါးသမ္မတ အီဒီအာမင်က ယူကန်းဒါးမှ ကင်ညာသို့ ထွက်ပြေး တိမ်းရှောင်နေသော ယူဂန်းဒါး သား‌တို့ကို ကင်ညာက လက်ခံရမည်လော၊ ယူကန်းဒါးအကြောင်း သွားပုပ်လေလွင့် ပြောရသလော စသည်ဖြင့် အမျက်ထွက်ကာ ကင်ညာကို စစ်ဝင်တိုက်မည်ဟု ခြိမ်းခြောက်လျက် ရှိသည်။ (အာမင်,အီဒီ—ရှု။)

ကင်ညတ်တာ, ယိုမို(ခရစ် ၁၈၉၃ ဖွား)။ ။ကင်ညာသမ္မတ နိုင်ငံ၏ အဦးဆုံး သမ္မတ ဖြစ်လာသော ကင်ညတ်တာသည် ၁၈၉၃ခုနှစ်တွင် ကင်ညာနိုင်ငံ ခါဝေရီအရပ်၌မွေးဖွားခဲ့သည်။ မိဖနှစ်ဦးမှာ ကူကီယူ လူမျိုးနွယ်စုကြီးမှ ဆင်းသက်လာကြသူများဖြစ်ပြီးလျှင် သူ‌အား ငယ်ငိ၏သား ကမောဟု အမည်မှည့် ကြသည်။ ကင်ညတ်တာသည် ဆယ်နှစ်သား အရွယ်တွင်



သမ္မတ ကင်ညတ်တာ

ကျဲ့နွားများကျောင်းရင်းက နိုင်ရိုဗီမြို့အနီး၌ရှိသည့် စကော့တလန် မစ်ရှင်ကျောင်းသို့ ထွက်ပြေး၍ သာသနာပြု ဆရာများ၏အင်္ဂလိပ်စာ အရေးအဖတ် သင်ကြားမှုကို ခံယူသည်။ လက်သမား အတတ်ကိုလည်း သင်ရသည်။ ဂျွန်စလုံးကမောဟုလည်း နာမည်ပြောင်းခဲ့သည်။ ထို့နောက် နိုင်ရိုဗီမြို့သို့ သွား၍ အစိုးရဌာနတခု၌ စာရေးအဖြစ်ဌင်း၊ မိတာဖတ်စာရေးအဖြစ်ဌင်း လုပ်ပြန်သည်။ အကကို ဝါသနာပါသော ကင်ညတ်တာသည် အမျိုးသမီးများ အကြားတွင်လည်း ရေပန်းစားခဲ့သည်။ ကင်ညတ်တာသည် ကိုကူယူဘာသာဖြင့် ကင်ညတ်တာဟု ခေါ်သော ပုတီးစေ့ ခါးပတ်ကိုပတ်ရာမှ သူ‌အမည်၌ ကင်ညတ်တာ ဟူသည့် စကားလုံးတလုံး ထပ်တိုးလာသည်။ ထိုမှ ခရစ်ယန်အမည်ကိုပယ်ပြီး အလျှံတပြောင်ပြောင် တောက်လောင်သည့် လုံသွားဟူအဓိပ္ပါယ်ထွက်သော ယိုမိုဟူသောအမည်ကိုကင်ညတ်တာ‌ရွေးမှတပ်ယူလိုက်သည်။

ကင်ညတ်တာသည် ၁၉၂၀ ပြည့်လွန်နှစ်စောစောပိုင်းက စ၍နိုင်ငံရေးတွင် တက်ကြွစွာပါဝင်လာခဲ့ရာ ကင်ညာနိုင်ငံရှိ ဥရောပ သား‌တို့ သိမ်းယူထားသော ကုန်းမြင့်မြေများကို ကင်ညာနိုင်ငံသား‌တို့ ပိုင်ဆိုင်ခွင့်ရှိကြောင်း ကြွေးကြော်လျက် ဖွဲ့စည်းထားသည့် ကိကူယူဗဟိုအသင်း၏ အထွေထွေအတွင်းရေးမှူးအဖြစ် ဆောင်ရွက်သည်။ ၁၉၂၉ ခုနှစ်တွင် ကိကူယူကိုယ်စားလှယ်အဖွဲ့ဝင် အဖြစ်ဖြင့် လန်ဒန်မြို့သို့ သွားကာ ဗြိတိသျှအစိုးရထံ မိမိတို့ ကိကူယူ မျိုးနွယ်စုကြီး၏ ကိုယ်ပိုင်ကျောင်းများ ဖွင့်လှစ်ခွင့်ကို တောင်းဆိုခဲ့သည်။ ၁၉၃၁ ခုနှစ်တွင် အင်္ဂလန်ပြည်ရှိ လန်ဒန်ဘေဘက ဗေဒကျောင်း၌ ပညာဆည်းပူး၍ ဘွဲ့လွန် ဒီပလိုမာ အောင်လက်မှတ်ကို မနဲသမေဒ ဘာသာ အဓိကဖြင့်ရရှိသည်။ ၁၉၃၁ ခုနှစ်တွင် မိမိတို့ မျိုးနွယ်စုကြီး၏ နေထိုင်မှုစနစ်ကို တင်ပြသော စာအုပ်တအုပ်ရေးသည်။ထို့နောက် ၌ ဥရောပတဝှန်းသို့ လှည့်လည်ပြီး မောစကို တက္ကသိုလ်တွင် လေ့လာဆည်းပူးပြန်သည်။ ၁၉၄၅ ခုနှစ်၌ အင်္ဂလန်ပြည် မန်ချက်စတာမြို့တွင် အာဖရိက သားများအား‌လုံး တစုတပေါင်းတည်း စည်းလုံးရေးအတွက် ကွန်ဂရက်တရပ် ကျင်းပရေးကို ဆော်သြကူညီခဲ့သည်။

ကင်ညာနိုင်ငံသို့ ၁၉၄၆ ခုနှစ်တွင် ပြန်လာသောအခါ ဗြိတိသျှ တို့၏ ဖမ်းဆီးခြင်းကို ခံရသည်။ ၁၉၄၇ ခုနှစ်တွင် အာဖရိကသား‌တို့၏ အခွင့်အရေးကို တောင်းဆိုရန် ဖွဲ့စည်းသော ကင်ညာ အာဖရိက သမဂ္ဂ၏ ဥက္ကဋ္ဌ ဖြစ်လာသည်။ သို့သော် ၁၉၅၂ ခုနှစ်၌ မောမောသူပုန်များ ထကြွသော အရေးတွင်မူ ကင်ညတ်တာပါဝင်ပတ်သက်သည်ဆိုကာ ဖမ်းဆီးခံရ၍ ခုနစ်နှစ် ထောင်ချခံရသည်။ ၁၉၅၉ ခုနှစ်တွင် ထောင်ကလွတ်စေကာမူ ကင်ညာ မြောက်ပိုင်းဒေသတခုတွင်သာ အကျယ်ချုပ်သဘောနေရ၏။ ကင်ညာသား‌တို့က ကင်ညတ်တာအဖမ်းခံရခြင်းကို နိုင်ငံရေးပြဿနာဟုသဘောထားလျက် ၁၉၆၀ ပြည့်နှစ်၌ ကနူး ခေါ် ကင်ညာ အာဖရိက အမျိုးသား‌သမဂ္ဂ၏ ဥက္ကဋ္ဌနေရာတွင် အဝေးရောက် နေလျက်နှင့် ခန့်အပ်ခြင်းခံရသည်။ ၁၉၆၁ ခုနှစ်တွင် ကင်ညတ်တာ လွတ်လာပြန်သော်လည်း ဥပဒေပြုကောင်စီသို့ မဝင်နိုင်အောင် ခေတ္တမျှ တားမြစ်ခံရသေး၏။

ကင်ညတ်တာသည် ၁၉၆၂ ခုနှစ် ဖေဖွာရီလတွင် လန်ဒန်မြို့၌ ကျင်းပသော ကင်ညာဖွဲ့စည်းပုံ အခြေခံဥပဒေ ဆွေးနွေးပွဲသို့ တက်ရောက်ပြီး ထိုနှစ်ပြီလ၌ အခြေခံဥပဒေရေးရာ နိုင်ငံခြားရေးဝန်ကြီး ခန့်အပ်ခံရသည်။ ကင်ညတ်တာ၏ကနူးသမဂ္ဂသည် ၁၉၆၃ ခုနှစ် ရွေးကောက်ပွဲတွင် အနိုင်ရရှိသဖြင့် ကင်ညတ်တာ ဝန်ကြီးချုပ်ဖြစ်လာသည်။ ၁၉၆၄ ခုနှစ်တွင် ကင်ညာနိုင်ငံသည် သမ္မတနိုင်ငံ ဖြစ်လာသောအခါ ကင်ညတ်တာလည်း သမ္မတ ဖြစ်လာသည်။

ကင်နက်ဆစ်။ ။လူ့အရိပ်အကဲ ဟန်ပန် လေ့လာမှု ပညာ—ရှု။)

ကင်အီဆွန်း (ခရစ် ၁၉၁၂ ဖွား)။ ။ယနေ့တိုင် ကိုရီးယား ပြည်သူဒီမိုကရက်တစ် သမ္မတနိုင်ငံ၏ သမ္မတ ဖြစ်နေသော ကင်အီဆွန်းသည်ကိုရီးယားပြည်သူ သန်းပေါင်း ၄၀ တို့၏ ကြီး မြတ် သော ခေါင်းဆောင် အဖြစ်ဖြင့် လူသိများသည်။ အ ပြည် ပြည်ဆိုင်ရာ ကွန်မြူနစ်နှင့် အ လုပ် သမားလူတန်းစား လှုပ်ရှား မှုများ၏ ထင် ရှား သော ခေါင်းဆောင် တဦး လည်း ဖြစ် ပေသည်။ ငယ်ရွယ်စဉ် ကာလ မှစ၍နှစ်ပေါင်း ၄၀ ကျော်အောင် ပင် ပြည်သူတို့ လွတ်လပ်ရေး၊ ပြော်ရွှင်ရေးနှင့် တော်လှန်ရေး အောင်ပွဲခံရန် အတွက် တိုက်ပွဲတွင် စိတ်ရောကိုယ်ပါ စွန့်လှုပါဝင်ခဲ့သူ ဖြစ်လေသည်။


သမ္မတကင်အီဆွန်း

ဆွန်းသည် ၁၉၁၂ ခုနှစ် ဧပြီလ ၁၅ ရက်နေ့တွင် ပျန်ယန်မြို့ မန်ယုန်ဒယ် ကျေးရွာ၌ လူဆင်းရဲ မိဖနှစ်ပါးမှ ဖွားမြင်ခဲ့၍ အဖ၏ အမည်မှာ မစွတာကင်ဟျုံကျစ် ဖြစ်သည်။ အမိမှာ မစွစ်ကန်ဗန်ဆွတ် ဖြစ်သည်။ ဘိုးစဉ်ဘောင်ဆက်ပင် နိုင်ငံလွတ်လပ်ရေး၊ ပြည်သူတို့၏ လွတ်လပ်ရေးအတွက် နိုင်ငံခြား ကျူးကျော်ရေးသမားများကို ဆန့်ကျင်လျက် တိုက်ပွဲဝင်ခဲ့ကြသည်။ မျိုးချစ်တော်လှန်ရေး မိသားစုနှယ်ဝင် ကင်အီဆွန်းအဖို့ တမျိုးသားလုံးပျက်သုဉ်းရမည့် ဝေဒနာနှင့် အခဲမကြေမှုများ တနိုင်ငံလုံး ဖုံးလွှမ်းနေချိန်တွင် မျိုးချစ် မိဖများ၏ ပညာပေးမှုကို ယူလျက် ကြီးပြင်းခဲ့ရသည်။ ဆွန်းသည် ဂျပန် ဆန့်ကျင်ရေး ပုန်ကန်ထကြွမှုကြောင့် ဖခင်အား ဂျပန်နယ်ခဲ့ပုလိပ်တို့က ရက်စက်ကြမ်းကြုတ်စွာ ဖမ်းဆီးမှုကို မြင်တွေ့ရ၍ ဖခင်ဖြစ်သူ၏ နိုင်ငံရေးသြဇာလွှမ်းမိုးခြင်းကို ခံခဲ့ရသူပီပီ ဂျပန်ဆန့်ကျင်ရေး မျိုးချစ်အတွေးအခေါ်များနှင့် တော်လှန်ရေးလူတန်းစား အသိစိတ်ဓာတ်များ ကိန်းအောင်းခဲ့လေသည်။

ကင်အီဆွန်းသည် သွားလေရာရာသို့ စာအုပ်များကို သယ်ဆောင်လျက် ကိုရီးယား မျိုးချစ် ဗိုလ်ချုပ်ကြီးများအကြောင်း၊ ကမ္ဘာ့ခေါင်းဆောင်ကြီးများအကြောင်းတို့ကို လိုလိုချင်ချင်ဖတ်ရှုတတ်သည်။ ကင်အီဆွန်းသည် ကျောင်းသားဘဝကပင် သတင်းစာများကို မှန်မှန်ဖတ်သည်။

ဆွန်းသည် ၁၄ နှစ်သားအရွယ်တွင် ဖခင် တော်လှန်ရေး တိုက်ပွဲ ဆင်နွှဲရာ တရုတ်ပြည် အရှေ့မြောက်ပိုင်းသို့ သွား၍ ဂျပန်ဆန့်ကျင်ရေး မိန့်ခွန်းများပေးလျက် လူကြီးလူငယ်မရွေးကို ဆွဲဆောင်နိုင်ခဲ့သည်။ ၁၉၂၆ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင် ဖခင် ကွယ်လွန်သွားသောအခါ ဆွန်းသည် စိတ်ဓာတ် အကြီးအကျယ် လှုပ်ရှားကာ တော်လှန်ရေး တိုက်ပွဲ၌ မိမိကိုယ်ကို စွန့်လှုရန် သန္နိဋ္ဌာန်ချလိုက်ပြီး လွတ်လပ်ရေး တပ်မတော်အတွက် ကေဒါများ လေ့ကျင့်မွေးထုတ်ရန် အမျိုးသား ဝါဒီများက တည်ထောင်ထားခဲ့သော ဝှာဆွန်ယူဆွတ်ကျောင်းသို့ ဝင်ရောက်ခဲ့၏။

ကင်အီဆွန်းသည် ဆိုရှယ်လစ် ဝါဒဆိုင်ရာ စာအုပ်များကို လျှို့ဝှက်စွာ ဖတ်ရှု၍ မတ်ဝါဒ၊ လီနင်ဝါဒ၏ လမ်းစဉ်သာလျှင် မိမိနိုင်ငံနှင့် ပြည်သူများကို အစစ်အမှန် ကယ်တင်နိုင်မည့် လမ်းစဉ်ဖြစ်သည်ဟု ယုံကြည်လာသည်။ သို့ဖြင့် ထိုနှစ်မိုးရာသီ၌ နယ်ခြားဒေတိုက်ဖျက်ရေး သမဂ္ဂ အမည်ရှိ တရားမဝင်သော တော်လှန်ရေးအဖွဲ့အစည်း တရပ်ကို တည်ထောင်လိုက်သည်။ ထို့နောက် တော်လှန်သော လူငယ်ကျောင်းသားလှုပ်ရှားမှု၏ ခေါင်းဆောင်အဖြစ် ထင်ပေါ်လာသည်။

ဝှာဆွန်ယူဆွတ်ကျောင်းမှ ထွက်၍ ကလေးသူငယ်များအား ပညာပေးရန် စယ်နာလ်(နွေသစ်)သတင်းစာကို ပုံနှိပ်ထုတ်ဝေသည်။ ထိုမှ တော်လှန်ရေးအောင်ပွဲသို့ ရှေးရှုမည့် လုပ်ငန်းများကို ဆက်တိုက်လုပ်နေရင်း ၁၉၂၉ ခုနှစ်တွင် အဖမ်းခံရသည်။ သို့သော် ထောင်တင်းဥလည်း မိမိလမ်းညွှန်ဖွယ်ရာများကို ဆက်လက်လုပ်မြဲလုပ်ကာ ထောင်မှထွက်လာချိန်၌ မတ်လီနင်ဝါဒီနှင့် ကိုရီးယား တော်လှန်ရေး၏ ကြီးမြတ်သော ခေါင်းဆောင်ဖြစ်လာတော့သည်။

ရဲဘော်များနှင့် လူထု၏ အတိုင်းမသိသော ယုံကြည်လေးစားမှုကို ခံယူရရှိခဲ့သည့် ကင်အီဆွန်းကို ယခင်က ရဲဘော် ကင်ဆွန်ဂျူဟု ခေါ်ရာမှ လွတ်မြောက်သော အရွယ်ဦးဆီသို့ ဦးဆောင်သော မိုးသောက်ကြယ်ဖြစ်စေဟန်၊ ရဲဘော်ဟန်ဗြိုလ်ဟု ခေါ်ကြကာ ရဲဘော် အီဆွန်း (အီ = နေ + ဆွန်း = ရရှိခြင်း)ဟု ပြောင်းလဲ ခေါ်ပြီး ရဲဘော်ကင်အီဆွန်းဟု တွင်လာသည်။

ကင်အီဆွန်းသည် ကိုရီးယားတော်လှန်ရေးကို ကိုရီးယား ကွန်မြူနစ်များနှင့် ပြည်သူများ၏ ကိုယ်ပိုင်အားထုတ်မှုဖြင့် ဆောင်ရွက်ရမည်ဟူသော "ဂျူချေ" အတွေးအခေါ်ကိုရင်း၊ မိမိကိုယ် မိမိကားကိုးသော တော်လှန်ရေးစိတ် အမြဲတင်းကြပ်စွာ တည်ရေးကိုရင်း အားပေးအားမြှောက်လုပ်ရင်း သဘောတရားနှင့် အတွေ့အကြုံများကို ပေါင်းစပ်၍ ပညာပေးစည်းရုံးမှု ကိုယ်တိုင်ကိုယ်ကျ အနစ်နာခံ၍ ပါဝင်မှု စသည်တို့ဖြင့် ၁၉၄၈ ခုနှစ်တွင် ဂျပန်

နယ်ခဲ့ စိုးမိုးမှုမှ အောင်ပွဲဆင်ခဲ့သည်။ ဤသို့ စွမ်းဆောင်နိုင်မှုကြောင့် မေလ ၁ ရက်နေ့တွင် ကိုရီးယား ပြည်သူ ဒီမိုကရက်တစ် သမ္မတနိုင်ငံကို ထူထောင်သည်။

တောင်မြောက် ကိုရီးယားစစ်ပွဲသည် ၁၉၅၀ ပြည့် နှစ်တွင် ပေါ် ပေါက်လာပြန်ရာ ကင်အီဆွန်း၏သေနင်္ဂဗျူဟာနှင့်နည်းပရိယာယ်များ၊အမြော်အမြင်ပြည့်ဝသောဦးဆောင်မှုများကို တွေ့ကြရပြန်သည်။ ၁၉၅၃ ခုနှစ် ဇူလိုင်လတွင် ကိုရီးယားစစ်ပွဲ ပြီးဆုံးသွားသောအခါ ကင်အီဆွန်းမှာလည်း နိုင်ငံ၏ မာရှယ်ဘွဲ့တံဆိပ်ဖြင့်၎င်း၊ သူရဲကောင်းဘွဲ့တံဆိပ်ဖြင့်၎င်း ချီးမြှင့်ခြင်း ခံရတော့သည်။

ဆွန်းသည် စာအုပ်နှင့် လမ်းညွှန်စာတမ်း အများအပြား ရေးသားခဲ့သည်။

ကောင်းကင်မြေတိုင်း။ ။ကောင်းကင် မြေတိုင်း ဆိုသည်မှာ နယ်မြေတခု၏ မြေပုံကို ရေးဆွဲရန်အတွက် လေယာဉ်ဖြင့် ပျံသန်းကာ ယင်းနယ်မြေ၏ မျက်နှာပြင်ကို ကောင်းကင်မှ စနစ်တကျဓာတ်ပုံရိုက်ယူခြင်းပင် ဖြစ်သည်။ ရှေးအခါက လူတို့သည် အလှမ်းကွာဝေးသော မြေမျက်နှာပြင်၏ အနေအထားကို လေ့လာဆု၌ သစ်ပင်ထိပ်ဖျားများသို့၎င်း၊ တောင်ထိပ်ဖျားများသို့၎င်း လူကိုယ်တိုင် တက်ရောက်၍ ကြည့်ရှုလေ့လာခဲ့ကြရသည်။ မီးပုံးပျံများနှင့် ဓာတ်ငွေ့ ပူဖောင်းများ တီထွင်နိုင်သောအခါလူကိုယ်တိုင် ကောင်းကင်သို့တက်၍ မြေမျက်နှာပြင်ကို လေ့လာခဲ့ကြသည်။ လေယာဉ်နှင့် ကင်မရာများကို တီထွင်အသုံးပြုလာနိုင်သည့်အခါ၌ ပိုမိုကောင်းမွန်သည့် ကောင်းကင်မြေတိုင်းစနစ်ကို တီထွင်ခဲ့သည်။ ယခုအခါ၌ လေယာဉ်များကိုသာမက အာကာသယာဉ်များနှင့် ဂြိုဟ်တုများကို ပါ အသုံးပြုပြီး အာကာသအတွင်းမှ ကမ္ဘာ့မြေမျက်နှာပြင်ကို ဓာတ်ပုံရိုက်ယူကြသည်။ယင်းသို့အားဖြင့်လေယာဉ်များမှ ရိုက်ယူခဲ့သော ဓာတ်ပုံများထက် မြေမျက်နှာပြင်ဧရိယာပိုကျယ်ပြီး အသေးစိတ် အချက်အလက်များ ပို၍ ပြည့်စုံစွာ ဖော်ပြသည့် ဓာတ်ပုံများ ရယူနိုင်ကြသည်။

လေယာဉ်ပေါ်မှ ဓာတ်ပုံရိုက်ရာ၌ ကြိုတင်သတ်မှတ်ထားသော လမ်းကြောင်းများအတိုင်း လေယာဉ်ကို တည့်တည့်မတ်မတ် ပျံသန်းရသည်။ ထို့ပြင် မူလက သတ်မှတ်ထားသည့် အမြင့်အတိုင်းလည်း တသမတ်တည်း ပျံသန်းရသည်။ သတ်မှတ်ထားသည့် ပျံသန်းမှုလမ်းကြောင်းများကို ဖြောင့်တန်းစေပြီး မျဉ်းပြိုင်ဖြစ်ကာ တခုနှင့်တခု ဆယ်ရာခိုင်နှုန်းခန့် ထပ်နေအောင် စီစဉ်ရသည်။ ယင်းကဲ့သို့ သတ်မှတ်ထားသည့် လမ်းကြောင်းအတိုင်း လေယာဉ် ပျံသန်းရင်း ဓာတ်ပုံရိုက်ယူကြသည်။ မြေပြင်ရှိရိုက်ကွက်များကိုတခုနှင့်တခု ရာခိုင်နှုန်း ၆၀ ခန့် ထပ်သွားစေမည့် ဓာတ်ပုံများကို ဖန်တီးရိုက်ယူသည်။ ယင်းဓာတ်ပုံများကို အလွယ်တကူရိုက်ယူနိုင်ရန် လေယာဉ်ပျံသန်းမှု လမ်းကြောင်းများအတိုင်း မြေပြင်တွင် အမှတ်အသားများစီစဉ်ထားရသည်။ အောက်တည့်တည့်တွင်ရှိ ရှုခင်းများကို ရိုက်ယူ ရာ၌ ကင်မရာကို မြေပြင်သို့ တည့်တည့်မတ်မတ် ချိန်ပေးရသည်။ မြေပြင်မညီညာသော ဒေသနေရာများကို ရိုက်ယူသော အခါ၌ လိုအပ်သည့် အချက်အလက်များ ပါဝင်ရန် ကင်မရာကို လိုအပ်သလို လှည့်ပေးရသည်။ လေယာဉ်မှ ဓာတ်ပုံရိုက်နေစဉ် မြေပြင်စခန်းများနှင့် အဆက်အသွယ်ပြုပြီး ရေဒါကရိယာများ၏ အကူအညီကိုလည်း ယူကြသည်။

ကောင်းကင် မြေတိုင်းစနစ်ဖြင့် ရိုက်ယူထားသော ဓာတ်ပုံများသည် ဒေသတခု၏ ပကတိအခြေအနေကို အနီးစပ်ဆုံး ဖော်ပြပေးသောကြောင့် ကွန်တိုမြေပုံများ ရေးဆွဲရာတွင် ယင်းဓာတ်ပုံများကို အဓိကအခြေခံ၍ အသုံးပြုသည်။ ကျွမ်းကျင်သူများအနေဖြင့် ကောင်းကင်မြေတိုင်း ဓာတ်ပုံများကို လေ့လာရုံဖြင့် ဓာတ်ပုံထဲပါရှိသော ဒေသ၏ ဘူမိဗေဒဆိုင်ရာ အချက်အလက်များနှင့် ကျယ်ပြန့်သော ကမ္ဘာမြေမျက်နှာပြင်ကို ဓာတ်ပုံဖြင့် မှတ်တမ်းတင် နိုင်ကြသည်။ သစ်တောလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ ဆည်မြောင်း တာတမံလုပ်ငန်း၊ လမ်းဖောက်ရေးလုပ်ငန်း၊မြို့ရွာတည်ဆောက်ရေး လုပ်ငန်း၊ အပင်များနှင့် တိရစ္ဆာန်များ လေ့လာရေးလုပ်ငန်း၊ သတ္တုရှာဖွေရေးနှင့် စစ်ဖက်ဆိုင်ရာ ထောက်လှမ်းရေး လုပ်ငန်းများတွင် ကောင်းကင်မြေတိုင်း ဓာတ်ပုံများကို အသုံးချကြသည်။

ကစ်ဆင်းဂျား,ဟင်နရီအဲလဖရက် (ခရစ် ၁၉၂၃ ဖွား)။ ဟင်နရီ အဲလဖရက် ကစ် ဆင်း ဂျား သည် သမ္မတ ရစ် ချတ် နစ်ဆင်နှင့် သမ္မတ ဂျရယ်ဖို့ဒ်တို့ လက်ထက်တွင် ထင်ရှားခဲ့သော အ မေ ရိ ကန် အစိုးရ နိုင်ငံခြား ရေး ဝန် ကြီး ဖြစ်သည်။



ဟင်နရီကစ်ဆင်းဂျား

ကစ်ဆင်းဂျား သည် ဆယ်ကျော်သက်ဘဝ၌ ဆိုဗီယက်ကွန်မြူနစ်ဝါဒကို ပြင်းပြစွာ ဆန့်ကျင်ခဲ့သူ ဖြစ်သည်။ ဆိုဗီယက်ကွန်မြူနစ်ဝါဒကို ဆန့်ကျင်ခဲ့သော ကစ်ဆင်းဂျား

ကစ်ဆင်းဂျားသည် ၁၉၇၃ ခုနှစ်တွင် ပဲရစ်ငြိမ်းချမ်းရေး ဆွေးနွေးပဲ့ကာလအတွင်း သမ္မတ နစ်ဆင်၏ အထူးလျှို့ဝှက် ကိုယ်စားလှယ်အဖြစ်ဖြင့် မြောက်ဗီယက်နမ် အစိုးရ ကိုယ် စားလှယ် လီဒပ်သိုနှင့် ဗီယက်နမ်စစ်ရပ်စဲရေး ကိစ္စကို အကြိမ် ပေါင်း ၂၀ ထက် မနည်း ဆွေးနွေးခွင့်ရခဲ့သောကြောင့် ကစ် ဆင်းဂျားအဖို့နိုင်ငံတကာ ဆက်ဆံရေးနယ်ပယ်တွင် ထူးထူး ခြားခြား လူသိများလာခဲ့သည်။ ဗီယက်နမ် စစ်ရပ်စဲရေး ဆွေးနွေးပဲ့တွင် စွမ်းစွမ်းတမန် ဆောင်ရွက်ခဲ့ခြင်းကြောင့် ၁၉၇၃ ခုနှစ်အတွက် ငြိမ်းချမ်းရေးဆိုင်ရာ နိုဗယ်ဆုကို ကစ်ဆင်းဂျားနှင့် လီဒပ်သိုတို့အား ပူးတွဲ ချီးမြှင့်ခဲ့သည်။

ကစ်ဆင်းဂျားသည် နိုင်ငံခြားရေးဝန်ကြီးဘဝတွင် မှတ် မှတ်ရရ ဆောင်ရွက်နိုင်ခဲ့သော နိုင်ငံတကာရေးရာ အခြား ဆောင်ရွက်ချက်များမှာ အမေရိကန်နှင့် တရုတ်ပြည်သူ သမ္မတနိုင်ငံတို့ ပုံမှန်ဆက်ဆံရေး တိုးတက် ကောင်းမွန်မှု အတွက် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့ခြင်း၊ အမေရိကန်နှင့် ရုရှနိုင်ငံတို့အကြား လက်နက်ကန့်သတ်ရေး ဆွေးနွေးပဲ့များတွင် အမေရိကန် အစိုးရကိုယ်စားလှယ်တော် အဖြစ် ဦးဆောင်ပါဝင်ခဲ့ရခြင်းနှင့် အရှေ့အလယ်ပိုင်းဒေသ စစ်ရပ်စဲရေးကိစ္စတွင် ကြားဝင် ဖျန်ဖြေပေးနိုင်ခဲ့ခြင်းတို့ပင် ဖြစ်သည်။

သမ္မတ ဂျရယ်ဖို့ဒ်လက်ထက်တွင်လည်း ကစ်ဆင်းဂျား သည် နိုင်ငံခြားရေးဝန်ကြီးအဖြစ်ပင် ဆက်လက်၍အမှု ထမ်းရပြန်သည်။ ၁၉၇၇ ခုနှစ် ဇန္နဝါရီလတွင် ဂျရယ်ဖို့ဒ် မဲရုံး၍ ဂျင်မီကာတာ သမ္မတ ဖြစ်လာသောအခါ ကစ်ဆင်း ဂျားလည်း နိုင်ငံခြားရေး ဝန်ကြီးအဖြစ်မှ နုတ်ထွက်ခဲ့ရ လေသည်။

ကစ်ဆင်းဂျားသည် အားလပ်ချိန်များတွင် ဝါသနာ အလျောက် စာအုပ်များလည်းရေးသားခဲ့ရာ သူရေးသားခဲ့ သောစာအုပ်များအနက် နျူးကလီးယားလက်နက်များနှင့် နိုင်ငံခြားရေး ပေါ်လီစီ (၁၉၅၆)၊ ပြန်လည်တည်ဆောက် ထားသော ကမ္ဘာ (၁၉၅၇)၊ ရွေးချယ်ရန် လိုအပ်ခြင်း (၁၉၆၁) နှင့် အန္တရာယ် ရှိသော ပူးပေါင်းမှု (၁၉၆၅) စသည်တို့မှာ ထင်ရှားကြသည်။

ယခုအခါ ကစ်ဆင်းဂျားအား နိုင်ငံတော် အဖွဲ့အစည်း များ၊ ဖောင်ဒေးရှင်းများနှင့် တက္ကသိုလ်ကောလိပ်များစွာတို့က အလုပ်လက်ခံပါရန် အကြိမ်ကြိမ် ကမ်းလှမ်းနေကြသော် လည်းမည်သည့် ရာထူးကိုမျှ လက်မခံသေးပဲ အမေရိကန် ပြည်ထောင်စု၏ နိုင်ငံခြားရေးဝန်ကြီး ဘဝဖြင့် တွေ့ကြုံ ဖြေရှင်းခဲ့ရသော နိုင်ငံတကာအရေး အခင်းများနှင့် စပ် လျဉ်း၍ သူ၏သုံးသပ်ချက်များကို စာအုပ်အဖြစ် ထုတ်ဝေ လိုသောကြောင့် ကွန်ဂရက်ပိဋကတ်တိုက်တွင် အချိန်ပြည့် နီးပါးထိုင်ကာ မှတ်စုများ ထုတ်လျက် ရှိသည်။

ပေါ်လာကစ်ဆင်းဂျားတို့မှာ ၁၉၂၃ ခုနှစ် မေလ ၂၅ ရက်နေ့ တွင် မွေးဖွားခဲ့သည်။ မူလတန်းနှင့် အလယ်တန်းပညာကို ဖတ်မြို့ဌပင် သင်ကြားခဲ့သည်။ ဗီဇအားဖြင့် ဥဿ်ထက်သူဖြစ် သောကြောင့် အတန်းတိုင်းတွင်အမှတ်ကောင်း ရခဲ့သည်။

ကစ်ဆင်းဂျား ၁၅ နှစ်သား အရွယ် ၁၉၃၈ ခုနှစ်တွင် ဟစ်တလာ၏နာဇီအစိုးရက ဂျူးအမျိုးသားများအား နှိပ် ကွပ်သောကြောင့် မိသားစု အားလုံး အမေရိကန် ပြည်သို့ ထွက်ပြေးလာခဲ့ကြသည်။ ကျော့ဝါရှင်တန် အထက်တန်း ကျောင်းတွင် ဆက်လက်ပညာသင်ကြား၍ အထက်တန်း ပညာပြီးဆုံးသောအခါ အမေရိကန် နိုင်ငံသားအဖြစ်ခံယူပြီး အမေရိကန်တပ်မတော်သို့ ဝင်ရောက်ခဲ့သည်။ စစ်ကာလ တပ်မတော်တွင် တန်ပြန်သူလျှို ထောက်လှမ်းရေးတပ်သား အဖြစ်ဖြင့် ၁၉၄၃ မှ ၁၉၄၆ ခုနှစ် အထိ အမှုထမ်းခဲ့သည်။

တပ်မတော်မှ ထွက်ပြီးနောက် အစိုးရ ပညာသင်ဆုဖြင့် ဟားဗတ်တက္ကသိုလ်တွင် ဆက်လက်ပညာဆည်းပူးပြန်သည်။ သမိုင်းဆိုင်ရာ ဒဿနဗေဒ စာတန်းဖြင့် ဝိဇ္ဇာဘွဲ့ကိုရရှိပြီး နောက် မဟာဝိဇ္ဇာဘွဲ့ကိုပါ ထပ်မံရယူသည်။ ၁၉၅၄ ခုနှစ်တွင် ဒဿနဗေဒဆိုင်ရာ ပါရဂူဘွဲ့ကိုရရှိပြီး ဟားဗတ်တက္ကသိုလ် တွင် ကထိက ဖြစ်လာခဲ့သည်။ နျူးကလီးယားလက်နက်များ နှင့် နိုင်ငံခြားရေး ပေါ်လီစီ အမည်ရှိ နိုင်ငံရေးကျမ်း တစောင်ကို ၁၉၅၇ ခုနှစ်တွင် ရေးသားထုတ်ဝေလိုက်သော အခါ တက္ကသိုလ် ကထိကလေး ကစ်ဆင်းဂျားသည် တက္က သိုလ် ပရဝုဏ်အတွင်း၌သာမက နိုင်ငံရေးနယ်ပယ်သို့ တိုင် အောင်ပင် နာမည်ထွက်လာခဲ့သည်။

ထိုမှ နောက်ပိုင်းတွင် ဟားဗတ်တက္ကသိုလ်၌ ပါမောက္ခ ဘဝဖြင့် နိုင်ငံတကာ ဆက်ဆံရေး ဘာသာရပ်များကို ပို့ချ နေရင်း သမ္မတ အိုင်ဆင် ဟောင်းဝါး၊ သမ္မတ ကနေဒီနှင့် သမ္မတ ဂျွန်ဆင်တို့ လက်ထက်တွင် နိုင်ငံတကာ ဆက်ဆံ ရေးရာ အကြံပေးပုဂ္ဂိုလ် အဖြစ်လည်း အချိန်ပိုင်း တာဝန် ထမ်းဆောင်ခဲ့သည်။ ထို့ပြင် နျူးကလီးယား လက်နက်များ နှင့်နိုင်ငံတကာဆက်ဆံရေးသုတေသနအဖွဲ့ ညွှန်ကြားရေးမှူး၊ ရော့ခ်ဖဲလားဖောင်ဒေးရှင်းအထူး သုတေသန စီမံကိန်း ညွှန် ကြားရေးမှူး၊တပ်ပေါင်းစုံလက်နက်များစနစ်သုတေသနအဖွဲ့ အကြံပေးပုဂ္ဂိုလ်၊ အမျိုးသား လုံခြုံရေးကောင်စီ အကြံပေး ပုဂ္ဂိုလ်၊ ဟားဗတ်တက္ကသိုလ် နိုင်ငံတကာ ရေးရာဌာန အမှု ဆောင် ညွှန်ကြားရေးမှူး၊ ဟားဗတ်တက္ကသိုလ် ကာကွယ်ရေး သုတေသနဌာနညွှန်ကြားရေးမှူး၊ ဟားဗတ်တက္ကသိုလ်အစိုးရ ရေးရာဌာန ပါမောက္ခစသည်ဖြင့် ဆောင်ရွက်ခဲ့သည်။

၁၉၆၉ ခုနှစ်တွင် သမ္မတနစ်ဆင်၏ အစိုးရအဖွဲ့၌ အမျိုး သား လုံခြုံရေးရာ အကြံပေးပုဂ္ဂိုလ်အဖြစ် အချိန်ပြည့်ဝင် ရောက် လုပ်ကိုင်ခဲ့သည်။ ၁၉၇၃ ခုနှစ် အောက်တိုဘာလတွင် နိုင်ငံခြားရေးဝန်ကြီးရာထူးသို့ တိုးမြှင့်ခန့်ထားခြင်းခံရသည်။

ကုန်သွယ်ရေကြောင်း သယ်ယူပို့ဆောင်ရေး။ ။ ကမ္ဘာ့နိုင်ငံများ၏ ဆက်သွယ်ရေးနှင့် ကုန်စည်ရောင်းဝယ်ပို့ဆောင်ရေးစနစ်တွင် ကုန်သွယ်ရေကြောင်း သယ်ယူပို့ဆောင်ရေးသည် အရေးကြီးသောလုပ်ငန်းဖြစ်သည်။ ကုန်သွယ်ရေကြောင်း သယ်ယူပို့ဆောင်ရေးသည် အခြား ပို့ဆောင်ရေး စနစ်များထက် အကုန်အကျ သက်သာခြင်း၊ ယင်းပို့ဆောင်ရေးလုပ်ငန်းမှ ရရှိသောဝင်ငွေသည် နိုင်ငံ၏ စီးပွားရေးအတွက် များစွာ အထောက်အကူ ဖြစ်ခြင်းများအပြင် မဟာဗျူဟာအရလည်း အရေးပါခြင်း များကြောင့် ၂၀ ရာစုတွင် နိုင်ငံအများအပြားက အပြိုင်အဆိုင် တိုးတက်လုပ်ဆောင်လျက်ရှိကြသည်။

အစဦးပိုင်း

၁၃ ရာစုခန့်က ဥရောပတိုက်သားများသည် မြေထဲပင်လယ်အရှေ့ဖက်ကမ်းမြို့များနှင့် ပင်လယ်ဖက်သို့ ကုန်စည်ကူးသန်းရောင်းဝယ်ရန် သွားရောက်ခဲ့ကြသည်ဟု သမိုင်းပညာရှင်များက ဆိုကြသည်။

ထိုစဉ်က ရေကြောင်း အင်အားကြီးနိုင်ငံများ ဖြစ်ကြသော စပိန်နှင့်ပေါ်တူဂီနိုင်ငံတို့သည် ချမ်းသာကြွယ်ဝသော အရှေ့တိုင်း နိုင်ငံများသို့ ပိုင်နက်နယ်ပယ်ချဲ့ထွင်၍ ကုန်ကူးသန်းလိုကြသည်။ ထို့ကြောင့် ယင်းဒေသများသို့ အမြန်ဆုံး ပေါက်ရောက်သောပင်လယ်ခရီးလမ်းကို အပြိုင်အဆိုင် ကြိုးစားရှာဖွေခဲ့ကြသည်။

၁၄ ရာစုနောက်ပိုင်းတွင် စပိန်နိုင်ငံမှ ခရစ္စတိုဖာကိုလံဗပ် (၁၄၅၁-၁၅၀၆) သည်၎င်း၊ ပေါ်တူဂီနိုင်ငံမှ ဗက်စကိုဒါဂါးမ (၁၄၆၀-၁၅၂၄) သည်၎င်း၊ ပေါ်တူဂီလူမျိုး ဖာဒီနန်မဂျလင် (၁၄၈၀ - ၁၅၂၁) သည်၎င်း ကမ္ဘာပတ် ရေကြောင်း ခရီးလမ်းကို စတင်တွေ့ရှိခဲ့ချိန်မှစ၍ ကုန်သွယ်ရေကြောင်းသယ်ယူပို့ဆောင်ရေးသည် တနေ့တခြား ဖွံ့ဖြိုးတိုးတက်ခဲ့သည်။ အစဦးပိုင်းက ကုန်သွယ်ရေကြောင်း သယ်ယူပို့ဆောင်ရေးတွင် ရွက်သင်္ဘောများကိုသာ သုံးခဲ့သော်လည်း ရေနွေးငွေ့မောင်း အင်ဂျင်စက်များ တီထွင်အသုံးပြု နိုင်ချိန်မှစ၍ စက်တပ်သင်္ဘောများကို ပိုမိုအသုံးပြုလာကြသည်။

အမျိုးအစားနှစ်မျိုး

ကုန်သွယ်ရေကြောင်း သယ်ယူပို့ဆောင်ရေးတွင် ပုံမှန်သွားလာသောအမျိုးအစားနှင့် အလျဉ်းသင့်သလိုသွားလာသောအမျိုးအစားဟူ၍ နှစ်မျိုးနှစ်စားရှိသည်။

ပုံမှန်သွားလာသောအမျိုးအစားတွင် ကုန်သင်္ဘောများသည် ကြိုတင်ရေးဆွဲထားသောခရီးစဉ်အတိုင်း ခုတ်မောင်းပြီး သတ်မှတ်ထားသော ဆိပ်ကမ်းများသို့ သတ်မှတ်ထားသောအချိန်အတိုင်း သွားလာသည့်ပြင် ကုန်တင်ခများကို လည်း ကြိုတင်သတ်မှတ်ချက်အတိုင်း ကောက်ခံကြသည်။ ထို့ကြောင့် ယင်းသင်္ဘောများကို ပင်လယ်သမုဒ္ဒရာ၏ရထားများဟု တင်စားခဲ့ကြသည်။

ပထမဆုံး ပုံမှန်ခရီးစဉ်သွား ကုန်သွယ်ရေကြောင်း ပို့ဆောင်ရေး လုပ်ငန်းကို ၁၈၄၀ ပြည့်နှစ်၌ ကန်နဒ် ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းက ဗြိတိန်နိုင်ငံနှင့်အမေရိကန်ပြည်ထောင်စုအကြား စတင်ပြေးဆွဲခဲ့သည်။ ထိုအချိန်မှစတင်ပြီး ပုံမှန်ခရီးစဉ်များကို တိုးချဲ့ခုတ်မောင်းခဲ့ရာ ယခုအချိန်၌ ကမ္ဘာ့ဆိပ်ကမ်းမြို့ကြီးများအကြား ပုံမှန်ခရီးစဉ်များဖြင့် အမြဲမပြတ်ဆက်သွယ်လျက်ရှိပြီး ကုန်စည်များကိုလည်း အချိန်မှန် ပို့ဆောင်ပေးလျက်ရှိသည်။

အလျဉ်းသင့်သလို သွားလာသော အမျိုးအစားသည် ခရီးစဉ်၊ ဆိုက်ကပ်မည့် ဆိပ်ကမ်းနှင့် အချိန်အတိုင်းအတာများကို ကြိုတင်သတ်မှတ်ထားခြင်း မရှိပဲ သင်္ဘောစင်းလုံးပြည့်ကုန်ပစ္စည်းများတင်ဆောင်ကာ ကမ္ဘာတဝှန်းရှိ ကုန်ပို့ရမည့်ဆိပ်ကမ်းသို့ ပို့ဆောင်ပေးခြင်း ဖြစ်သည်။ ခရီးစဉ်၊ ကုန်တင်ခ၊ ဆိုက်ကပ်ရမည့် ဆိပ်ကမ်းနှင့် အချိန်အတိုင်းအတာတို့ကို သင်္ဘောကုမ္ပဏီနှင့် ကုန်ပို့ဌာနတို့၏ ညှိနှိုင်းချက်ဖြင့် ရေးဆွဲသည်။ ထို့ကြောင့် ယင်းအမျိုးအစားသည် ကုန်တင်အငှားကားများနှင့် သဏ္ဌာန်တူသည်။

ငှားရမ်းခြင်း

အလျဉ်းသင့်သလိုသွားလာသော သင်္ဘောများကို ငှားရမ်းရာ၌ ခရီးစဉ်အလိုက် ငှားရမ်းခြင်း၊ အချိန်သတ်မှတ်ချက်ဖြင့် ငှားရမ်းခြင်း၊ ကုန်တင်သင်္ဘောများချည်း သက်သက်ငှားရမ်းခြင်း၊ မည်သည့်ကုန်တင်သင်္ဘောဟု သတ်မှတ်ချက်မပါပဲ ပုတ်ပြတ်ငှားရမ်းခြင်းဟူ၍ အဓိကငှားရမ်းခြင်းနည်းလေးနည်း ရှိသည်။

ရေကြောင်းခရီးစဉ်တခုတည်း၌ နိုင်ငံပေါင်းစုံမှ ကုန်သွယ်ရေကြောင်းပို့ဆောင်ရေးကုမ္ပဏီပေါင်းများစွာတို့သည် ခုတ်မောင်းပြေးဆွဲလျက်ရှိကြသည်။ ထိုအခါမျိုး၌ ရေကြောင်းကုမ္ပဏီ အချင်းချင်း အကျိုးမဲ့ ပြိုင်ဆိုင်မှုမျိုးမပေါ်ပေါက်စေရန် ခရီးစဉ်တူကုမ္ပဏီအချင်းချင်း ညှိနှိုင်း၍ ခရီးစဉ်အခေါက်ရေသတ်မှတ်ပေးခြင်းပြုကြသည်။ ယင်းကို ကွန်ဖရင့်စနစ်ဟု ခေါ်သည်။ ကွန်ဖရင့်စနစ် ကျင့်သုံးလျက်ရှိသော သင်္ဘောများဖြင့်သာ ကုန် တင်ပို့လျက်ရှိသော ကုန်ပို့ဌာနများသို့ ကုန်တင်ကုန်ချစရိတ် ရာခိုင်နှုန်းအလိုက် ပြန်အမ်းခြင်းပြုသည်။

ဖွဲ့စည်းပုံ

ကုန်သွယ်ရေကြောင်း သယ်ယူပို့ဆောင်ရေး သင်္ဘောတစီး၌ ဖွဲ့စည်းပုံအရ ဌာနသုံးခုခွဲထားသည်။ ကုန်းပတ်၊စက်

ခန်းနှင့် စားဖိုတို့ဖြစ်သည်။ ကုန်းပတ်အရာရှိဖြစ်သည့် ရေယာဉ်မှူးသည်သဘော်ဘတစီးလုံးကိုတာဝန်ခံအုပ်ချုပ်ရသည်။

ကုန်းပတ်ဌာနသည် ကုန်ပစ္စည်းအတင်အချ၊ အထားအသိုနှင့် သဘော်ဘတစီးလုံးအတွက် ထိန်းသိမ်းစောင့်ရှောက်ရေးကိုတာဝန်ယူရသည်။ ယင်းဌာန၏အကြီးအကဲမှာ အရာရှိချုပ်ဖြစ်သည်။ အင်ဂျင်နီယာချုပ်သည် စက်ခန်းတခုလုံးအား တာဝန်ယူကွပ်ကဲရပြီး ဆက်သွယ်ရေး အရာရှိသည် ဆက်သွယ်ရေး စက်များကို တာဝန်ယူပြီး ရောက်ရှိရာပင်လယ်ရေပြင်မှ ဆိပ်ကမ်းများနှင့် ရေဒီယို ဆက်သွယ်မှုများပြုလုပ်ရသည်။ ဘဏ္ဍာစိုးနှင့် စားဖိုမှူးတို့သည် သဘော်ဘတစီးလုံးအတွက် စားနပ်ရိက္ခာများကို တာဝန်ယူ ဖြည့်တင်းပေးရသည့်ပြင် နေထိုင်မှုအတွက်လည်း စီစဉ်ပေးရသည်။

ကမ်ပူးချားသမ္မတနိုင်ငံ၊ဒီမိုကရက်တစ်။ ။ကမ္ဘောဒီးယားနိုင်ငံဟုလူသိများခဲ့သော ကမ္ဘောဒီးယားခေါ် ခမာနိုင်ငံကို



ယခုအခါဒီမိုကရက်တစ် ကမ် ပူး ချား နိုင်ငံဟုခေါ်သည်။ ယင်းနိုင်ငံသည် ၁၈၆၃ ခုနှစ်တွင် ပြင်သစ်နိုင်ငံ၏အစောင့်အရှောက်ခံ ပြည် နယ်တခုဖြစ်ခဲ့သည်။ (၁–၃၂၂—ရှု။)

၁၉၄၁ ခုနှစ်တွင် နိုရိုဒုန်သိဟနုဘုရင်အဖြစ် ထီးနန်းအုပ်ချုပ် မင်းလုပ်သည်။ ဒုတိယကမ္ဘာစစ်အတွင်း ၁၉၄၅ ခုနှစ်ဦးပိုင်းတွင် ဂျပန်တို့က ကမ္ဘောဒီးနိုင်ငံရှိ ပြင်သစ်တို့၏ ဗီချီအစိုးရကို ဖိနှိပ်လာသောအခါ ဘုရင်သီဟနုက ပြင်သစ်တို့နှင့် ချုပ်ဆိုထားသောစာချုပ်များကို ပယ်ဖျက်ခဲ့သည်။ စစ်ကြီးပြီး၍ ဂျပန်တို့ စစ်ရှုံးသောအခါ ပြင်သစ်သြဇာပြန်လည် လွှမ်းမိုးလာပြန်သည်။

၁၉၄၇ ခုနှစ်တွင် သီဟနုသည် စည်းမျဉ်းခံ ဘုရင်စနစ်ဖြင့် အုပ်ချုပ်သည်။ ၁၉၄၉ ခုနှစ် နိုဝင်ဘာလ ဂ ရက်နေ့တွင် ပြင်သစ်တို့နှင့် ချုပ်ဆိုသော စာချုပ်အရ ပြင်သစ်ယူနီယံတွင် ပါဝင်လာသည်။ ထိုင်းတို့ သိမ်းပိုက်ထားသော နယ်သုံးနယ်ကိုလည်း ပြန်လည် ရရှိသည်။ ၁၉၅၃ ခုနှစ် နိုဝင်ဘာလ ၉ ရက်နေ့တွင် လွတ်လပ်ရေးရရှိ၍ ၁၉၅၅ ခုနှစ် စက်တင်ဘာလ ၂၅ ရက်နေ့တွင် ပြင်သစ် ယူနီယံနှင့် အဆက်ဖြတ်ခဲ့သည်။ ထိုနှစ်တွင်ပင် သီဟနုကဖခင်ဖြစ်သူ နိုရိုဒုန်ဆူရာပရစ်အား ထီးနန်းတင်၍ သူ ကိုယ်တိုင် မူဝန်ကြီးချုပ်အဖြစ် ဆောင်ရွက်သည်။ ထိုနှစ် ဒီဇင်ဘာလတွင် ကုလသမဂ္ဂအဖွဲဝင် ဖြစ်လာသည်။

၁၉၆၀ ပြည့်နှစ် ဧပြီလ ၃ ရက်နေ့တွင် ခမည်းတော်

နတ်ရွာစံသောအခါ သီဟနုက နိုင်ငံအကြီးအကဲဘွဲ့ ခံယူသည်။ နိုင်ငံအတွင်း ပေါ်ပေါက်လာသော ပုန်ကန်လှုပ်ရှားမှုများနှင့် စပ်လျဉ်း၍ အမေရိကန် ဗဟိုထောက်လှမ်းရေးအဖွဲ့တွင် တာဝန်မကင်းဟုဆိုကာ အမေရိကန် အကူအညီကို ငြင်းပယ်ခဲ့သည်။ ၁၉၆၅ ခုနှစ်တွင် ကမ်ပူးချားနိုင်ငံအတွင်းသို့ ဝင်ရောက် ခိုလှုံခဲ့သော ဗီယက်ကောင်းများကို တောင် ဗီယက်နမ်လေတပ်မှ ဗုံးကြဲတိုက်ခိုက်ခြင်းနှင့် စပ်လျဉ်း၍ အမေရိကန်နိုင်ငံနှင့် သံတမန် အဆက်အသွယ် ဖြတ်တောက်ခဲ့သည်။ ရုရှ၊ ပြင်သစ်၊ တရုတ်နိုင်ငံတို့နှင့် ဆက်သွယ်ရေးကောင်းမွန်လာသည်။ ၁၉၇၀ ပြည့်နှစ် မတ်လ ၁၈ ရက်နေ့တွင် ဗိုလ်ချုပ်ကြီး လုန်နော ဦးဆောင်၍ အာဏာသိမ်းခဲ့သည်။ ထိုအချိန်တွင် နိုင်ငံအကြီးအကဲ မင်းသားကြီး သီဟနုသည် တရုတ်ပြည်သူ သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးအလည်အပတ် ရောက်ရှိနေချိန်ဖြစ်သည်။ မင်းသားကြီး သီဟနုသည် အဝေးရောက်အစိုးရ ဖွဲ့စည်းကြောင်း ပီကင်းမှ ကြေငြာလေသည်။

၁၉၇၀ ပြည့်နှစ် အောက်တိုဘာလတွင် ဘုရင်စနစ် အုပ်ချုပ်ရေးကို ဖျက်သိမ်းကြောင်းကြေငြာ၍ ဗိုလ်ချုပ်ကြီး လုန်နောက ဝန်ကြီးချုပ်အဖြစ်ရင်း၊ နိုင်ငံအကြီးအကဲအဖြစ် ကျင်ဟိန်းကဇင်း ဆောင်ရွက်သည်။ တဆက်တည်းတွင်ပင် ကမ္ဘောဒီးနိုင်ငံအမည်မှ ခမာသမ္မတနိုင်ငံအမည်သို့ ပြောင်းလဲခဲ့သည်။ ၁၉၇၁ ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့တွင် ပါလီမန်၏ ဥပဒေပြုအာဏာကို ပယ်ဖျက်၍ တိုင်းပြည်ပြုလုပ်တော်အဖြစ် ပြောင်းလဲ ဖွဲ့စည်းခဲ့သည်။ ၁၉၇၂ ခုနှစ် မတ်လ ၁၀ ရက်နေ့တွင် တိုင်းပြည်ပြုလုပ်တော် ဖျက်သိမ်း၍ ကျင်ဟိန်း ရာထူးမှ နုတ်ထွက်ရာ လုန်နောက နိုင်ငံအကြီးအကဲအဖြစ် ခံယူသည်။ ဗိုလ်ချုပ်ကြီး လုန်နောက သမ္မတရာထူးအပြင် ဝန်ကြီးများ ကောင်စီဥက္ကဋ္ဌအဖြစ် ခံယူကာ အစိုးရသစ် ဖွဲ့စည်းသည်။ ထိုနှစ် ဧပြီလ ၃၀ ရက်နေ့တွင် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် အတည်ပြု၍ သမ္မတရွေးကောက်ပွဲကျင်းပရာ လုန်နောပင် ပြန်လည် အရွေးခံရသည်။

သီဟနုအား ထောက်ခံသော အင်အားစုများက ပြည်တွင်းဌ် တော်လှန်ထကြွကြသဖြင့် ၁၉၇၃ ခုနှစ်တွင် ပြည်တွင်း စစ်ရေးအခြေအနေ ဆိုးရွားလာသဖြင့် ပါလီမန်ကို ရပ်ဆိုင်းထားပြီး ဗိုလ်ချုပ်ကြီး လုန်နော၊ ဝန်ကြီးချုပ်ဟောင်း ဆီရစ်မာတက်၊ သမ္မတဟောင်း ချန်ဟင်းနှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌဟောင်း အင်တမ်တို့ ပါဝင်သော ထိပ်တန်း အာဏာပိုင် နိုင်ငံရေးကောင်စီတခုကို အုပ်ချုပ်ရေးအစိုးရအာဏာနှင့် ဥပဒေပြုအာဏာအပ်နှင်း၍ ဖွဲ့စည်းလိုက်သည်။ ထိုနှစ် မေလ ၁၆ ရက်နေ့တွင် အစိုးရသစ် ဖွဲ့လိုက်သည်။ ၁၉၇၄ ခုနှစ်တွင် အစိုးရဆန့်ကျင်ရေး

အင်အားစုသည် ဖနွမ်းပင်မြို့တော်ကို ပိတ်ဆို့ကာ စစ်ရေးနှင့် စီးပွားရေး အကြပ်ကိုင်ခြင်းဖြင့် မြို့တွင်း ဝင်မတိုက်ရပဲ အောင်မြင်မည့် မဟာဗျူဟာသစ်ကို ကျင့်သုံးသည်။ ယင်းသို့ ပြည်တွင်းစစ်ပွဲများနှင့် ငါးနှစ်တိုင် ရင်ဆိုင်ခဲ့ရသဖြင့် ပြည်သူတသိန်းခန့် သေကြေ ပျက်စီးခဲ့ရသည်။ ၁၉၇၅ ခုနှစ်တွင် မင်းသားကြီး သီဟနု ဦးဆောင်သော အဝေးရောက်အစိုးရအဖွဲ့က ခမာနိုင်ငံကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။

မင်းသားကြီး သီဟနုအား နိုင်ငံ ဥသျောင် အဖြစ် ပြန်လည် တင်မြှောက်ခဲ့ကြသည်။ ၁၉၇၆ ခုနှစ် ဇန်ဝါရီလ တွင် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ရေးဆွဲ အတည်ပြု၍ ခမာ သမ္မတနိုင်ငံအမည်မှ ဒီမိုကရက်တစ် ကမ်ပူးချားသမ္မတ နိုင်ငံဟူသော အမည်သို့ ပြောင်းလဲ မှည့်ခေါ်ခဲ့သည်။ ထိုနှစ်တွင် သီဟနု ရာထူးမှ နုတ်ထွက်ခဲ့သည်။ မင်းသားကြီး သီဟနု၏နေရာတွင် လက်ဝဲခေါင်းဆောင်ကြီး ခေဆန်ဖန်က ဆက်ခံခဲ့သည်။ ခေဆန်ဖန်အစိုးရက ဘက်မလိုက်ဝါဒ ကျင့်သုံးမည်ဖြစ်ကြောင်း ကြေငြာသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့။ ။ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိုပ်ချအို)သည် ကမ္ဘာ့ကုလသမဂ္ဂနှင့် ဆက်စပ်လျက်ရှိသော အထူးအဖွဲ့အစည်းကြီးတခု ဖြစ်သည်။ ၁၉၄၈ ခုနှစ်က စတင် ဖွဲ့စည်းခဲ့သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် "ကျန်းမာရေးသည် ကာယစိတ္တနှစ်ဌာနနှင့် လူမှုကိစ္စ အဝဝတို့ သုခချမ်းသာ ပြည့်စုံစ္စာသော အခြေအနေတရပ် ဖြစ်သည်"ဟုအဓိပ္ပါယ် ဖွင့်ဆိုထားသည်။ ယင်းအဖွဲ့ကြီး၏ ဦးတည်ချက်မှာ ပြည်သူတရပ်လုံးအနေဖြင့် တတ်နိုင်သမျှ အမြင့်ဆုံးသော ကျန်းမာရေးအဆင့်ကို ရရှိခံစားစေရေး ဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လုပ်ငန်းဆောင်တာများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ လမ်းညွှန်ပြသမှုနှင့် ညှိနှိုင်းဆောင်ရွက်မှု အာဏာပိုင် အဖြစ် ဆောင်ရွက်ရန်၊

၂။ သဘောတူညီချက်များနှင့် စည်းမျဉ်းဥပဒေများ အတွက် အကြံပေးရန်နှင့် အပြည်ပြည်ဆိုင်ရာ ကျန်းမာရေး ကိစ္စများနှင့် စပ်လျဉ်း၍ အကြံပေး ထောက်ခံချက်များကို ပြုလုပ်ရန်၊

၃။ စားနပ်ရိက္ခာများ၊ သဘ္ဘေဒ ကုန်ပစ္စည်းများ၊ ဆေးဝါးဖော်စပ်ရေးပစ္စည်းများနှင့် အလားတူ ပစ္စည်းများ အတွက် အပြည်ပြည်ဆိုင်ရာ စံများကို ပြုလုပ်ချမှတ် မြှင့်တင်ပေးရန်၊

၄။ ကျန်းမာရေးတိုးတက်မှုကို အကျိုးပြုသည့် သိပ္ပံပညာ အဖွဲ့များနှင့် ကျန်းမာရေးလုပ်ငန်း အဖွဲ့များအတွင်း ပူးပေါင်းဆောင်ရွက်ရေးကို မြှင့်တင်ပေးရန်၊

၅။ မိခင်နှင့်ကလေး ကျန်းမာရေးနှင့် စောင့်ရှောက်ရေးတို့ကို မြှင့်တင်ရန်အပြင် ပြောင်းလဲနေသော ပတ်ဝန်းကျင်တရပ် အတွင်းဝယ် ညီညွတ်မျှတစွာ နေထိုင်မှုကို အားပေးရန်၊

၆။ ကပ်ရောဂါများ၊ သီးခြား ရောဂါများနှင့် အခြား ရောဂါများ တိုက်ဖျက်ရေးအတွက် လုပ်ငန်းကို အားပေး လှုံ့ဆော်ပြီး တိုးတက်ဆောင်ရွက်ရန်၊

၇။ ရောဂါလက္ခဏာ ဆန်းစစ် ဖော်ပြချက် များကို လိုအပ်သလို စံသတ်မှတ်ရန်၊

၈။ အာဟာရဓာတ် ပြည့်ဝရေး၊ အိုးအိမ် ဆောက်လုပ်ရေး၊သန့်ရှင်းရေး၊ အပန်းဖြေ နားနေရေး၊ စီးပွားရေး သို့မဟုတ် အလုပ်လုပ်ကိုင်ရေး အခြေအနေများနှင့် ပတ်ဝန်းကျင်ကျန်းမာရေးဆိုင်ရာ အခြားအခြင်းအရာ အချက်များ ပိုမိုကောင်းမွန်လာအောင် ဆောင်ရွက်ရန်၊

၉။ ကျန်းမာရေးနှင့် စပ်လျဉ်း၍ သုတေသန လုပ်ငန်းကို မြှင့်တင်ဆောင်ရွက်ရန်၊

၁၀။ ဆေးရုံလုပ်ငန်းများနှင့် လူမှုဖူလုံရေး လုပ်ငန်း အပါအဝင် ပြည်သူ့ကျန်းမာရေးနှင့် ဆေးဝါးကုသမှု လုပ်ငန်းများနှင့် စပ်လျဉ်း၍ ကြိုတင်ကာကွယ်ရေးအပြင် ပြုစုကုသရေးတို့ဖြင့် လေ့လာပြီး အစီရင်ခံ တင်ပြရန်၊

၁၁။ ကျန်းမာရေးလုပ်ငန်းများကို ခိုင်မာတောင့်တင်းအောင် ပြုလုပ်ရာတွင် အစိုးရများအား ယင်းတို့၏မေတ္တာရပ်ခံချက်အရ ကူညီရန်၊

၁၂။ မတော်တဆ ထိခိုက်ဒဏ်ရာရမှုများအား ကြို တင်ကာကွယ်မှုကို အားပေးရန်၊

၁၃။ စိတ် ကျန်းမာရေးလုပ်ငန်းများကို မြှင့်တင်ရန်၊ အထူးသဖြင့် လူသားချင်း ဆက်ဆံမှုများကို အကျိုးသက် ရောက်စေသည့် လုပ်ငန်းများကို အားပေးရန်၊

၁၄။ ကျန်းမာရေး၊ ဆေးဝါးကုသရေးနှင့် အလားတူ အလုပ်အကိုင်များအတွက် သင်ကြားပြသမှုနှင့် လေ့ကျင့်ပေးမှု အဆင့်အတန်းများကို မြှင့်တင်ရန်ဟူ၍ဖြစ်ပါသည်။

ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးအတွက် သာမန်ရသုံး ခန့်မှန်းခြေ ငွေစာရင်းကို ကျန်းမာရေး မြှင့်တင်မှုဆိုင်ရာ စေတနာရန်ပုံငွေမှ ရရှိသော အလှူငွေများဖြင့်ငင်း၊ ကုလသမဂ္ဂကျမ်းကျင်မှု အကူအညီ တိုးခွဲရေး အစီအစဉ်နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ တွဲဖက်အစီအစဉ်များရှိသော ယူနီဆက်ခေါ် (ကမ္ဘာ့ကလေးသူငယ်များ၏ ရန်ပုံငွေအဖွဲ့) စသည်တို့မှရရှိသော ထောက်ပံ့ငွေများဖြင့် ထပ်မံဖြည့်တင်းပေးလျက် ရှိသည်။ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးတွင် မြန်မာနိုင်ငံအပါအဝင် အဖွဲ့ဝင်ပေါင်း ၁၂၅ ဦး ရှိနေပေပြီဖြစ်သည်။

အဖွဲ့ချုပ်တည်ရာသည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ဖြစ်သည်။ ယင်းအဖွဲ့ကြီးသည် ကမ္ဘာအနှံ့ ကျန်းမာရေး လုပ်ငန်းများကို ပိုမိုတွင်ကျယ်စွာ ဆောင်ရွက်နိုင်ရေး အတွက် ဒေသဆိုင်ရာ အဖွဲ့ခြောက်ဖွဲ့ ဖွဲ့စည်းထားသည်။ ယင်းအဖွဲ့များတွင် သက်ဆိုင်ရာ ဒေသအတွင်းရှိ နိုင်ငံများမှ ကိုယ်စားလှယ်များ ပါရှိသော ဒေသဆိုင်ရာ ကော်မတီတခုစီ ရှိလေသည်။

ထို့အပြင် အဖွဲ့ဝင်နိုင်ငံများသို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ တိုက်ရိုက် အကူအညီ ပေးရေး လုပ်ငန်းများအတွက် တာဝန်ခံယူဆောင်ရွက်သော ရုံးတရုံးစီလည်း ရှိသည်။ ဒေသဆိုင်ရာရုံးများမှာ အာဖရိက နိုင်ငံများအတွက် တာဝန်ခံရုံးကို ကွန်ဂိုသမ္မတနိုင်ငံ ဗရာဇာဗီး မြို့တွင်ငှင်း၊ တောင်အမေရိကနှင့် မြောက်အမေရိက နိုင်ငံများအတွက် တာဝန်ခံရုံးကို အမေရိကန်နိုင်ငံ ဝါရှင်တန် မြို့တွင်ငှင်း၊ အရှေ့တောင်အာရှနိုင်ငံများအတွက် တာဝန်ခံရုံးကို အိန္ဒိယ နိုင်ငံ နယူးဒေလီမြို့တွင်ငှင်း၊ ဥရောပ နိုင်ငံများအတွက် တာဝန်ခံရုံးကို ဒိန်းမတ်နိုင်ငံ ကိုပင်ဟားဂင်းမြို့တွင်ငှင်း၊ အရှေ့မြေထဲပင်လယ် ဒေသရှိ နိုင်ငံများအတွက် တာဝန်ခံရုံးကို အီဂျစ်နိုင်ငံအယ်လက်ဇန္ဒြီးယားမြို့တွင်ငှင်း၊အနောက်ပစိဖိတ်ဒေသရှိ နိုင်ငံများအတွက် တာဝန်ခံရုံးကို ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင်ငှင်း အသီးသီး ထားရှိလေသည်။

ကမ္ဘာ့တင်းမာမှု လျော့ပါးရေး။ ။ကမ္ဘာ့ အရေးအခင်းများသည် နိုင်ငံရေး၊ စီးပွားရေးနှင့် စစ်ရေး စသည်တို့ကို အကြောင်းပြု၍ ထာဝစဉ် ပေါ်ပေါက်လျက် ရှိပေသည်။ ထိုသို့ ကမ္ဘာ့ အရေးအခင်းများ ပေါ်ပေါက်လာသည့်အခါတိုင်း အင်အားကြီး နိုင်ငံများသည် ထိပ်တိုက်တွေ့ဆုံကာ ရင်ဆိုင်ဖြေရှင်းကြရမည့်အခြေသို့ ဆိုက်ရောက်လာမြဲဖြစ်သည်။ ဖြစ်ပေါ်သည့် အရေးအခင်း၏ အတိမ်အနက်ကိုလိုက်၍ တင်းမာမှုများလည်း ဖြစ်ပွားမြဲ ဖြစ်ပေသည်။

ကမ္ဘာ့တင်းမာမှုများကို ဖြေရှင်းရာ၌ စစ်ရေးနည်းဖြင့် ဖြေရှင်းခြင်းသည် အသက်ပေါင်းများစွာ ဆုံးရှုံးခြင်း၊ စီးပွားရေးကပ်ဆိုက်ခြင်း၊ယဉ်ကျေးမှုဆုတ်ယုတ်ခြင်း စသည့် ဆိုးကျိုးအမျိုးမျိုးကို ဖြစ်ပေါ်စေသဖြင့် စစ်ရေးနည်းကို တတ်နိုင်သမျှ ရှောင်ရှားကြ၏။ ကမ္ဘာ့လူသားများ၏ဆန္ဒမှာလည်း စစ်မက်ကို မလိုလားကြတော့ပေ။

သို့ဖြင့် ယခုအခါတွင် တင်းမာမှုများကို ဖြေရှင်းရာ၌ အင်အားကြီးနိုင်ငံအချင်းချင်း တွေ့ဆုံ ဆွေးနွေးခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ အပြန်အလှန် အင်အား ထိန်းညှိခြင်း၊ စေ့စပ်ခြင်းစသည့် ငြိမ်းချမ်းသော နည်းလမ်းများကို အသုံးပြုလာကြသည်။

ဤနည်းဖြင့် ကမ္ဘာ့တင်းမာမှု လျော့ပါးရေးအတွက် ကြိုးပမ်းနေကြသည်။ ယင်း ကြိုးပမ်းချက်များကြောင့် ဝါဒ သဘောထားချင်း မတူညီသည့် အင်အားကြီး နိုင်ငံများ ပင်လျှင် အချင်းချင်း သင့်မြတ်လာကြသည်။ သို့ဖြစ်၍ ကမ္ဘာ့တင်းမာမှု လျော့ပါးရေး ကြိုးပမ်းခြင်းကို သဟဇာတ မူဟူ၍လည်း ခေါ်ဆိုကြသည်။

ယင်း သဟဇာတမူအရ ကမ္ဘာ့တင်းမာမှု လျော့ပါးရေး ကြိုးပမ်းမှုများကြောင့် အင်အားကြီး နိုင်ငံများ၏ ဆက်ဆံရေး အခြေအနေသည် တိုးတက် ကောင်းမွန်လျက် ရှိပေသည်။ ၁၉၄၉ ခုနှစ် တရုတ်ပြည်သူ သမ္မတနိုင်ငံ စတင်တည်ထောင်သည်မှစ၍ တင်းမာလာခဲ့သော တရုတ်- အမေရိကန်ဆက်ဆံရေးသည် ၁၉၆၉ ခုနှစ်မှ စ၍ အခြေ အနေ ကောင်းမွန်လာခဲ့သည်။ ရုရှနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့၏ ဆက်ဆံရေးမှာလည်း ၁၉၇၂ ခုနှစ်မှ စ၍ တိုးတက်ကောင်းမွန်လာခဲ့သည်။

၁၉၇၂ ခုနှစ် မေလတွင် အမေရိကန်သမ္မတနစ်ဆင်နှင့်ရုရှ ခေါင်းဆောင် ဗရက်ဇညက်တို့သည် မောစကိုမြို့တွင် တွေ့ဆုံ ဆွေးနွေးကာ နှစ်နိုင်ငံဆက်ဆံရေး စာချုပ်များကိုလက်မှတ်ရေးထိုးခဲ့ကြသည်။

ကမ္ဘာ့တင်းမာမှုလျော့ပါးရေး ကြိုးပမ်းမှု တရပ် အဖြစ် အရှေ့ အနောက်ဥရောပနိုင်ငံပေါင်းစုံ ပါဝင်သည့် ပထမဆုံးသော ဥရောပလုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကွန်ဖရင့်ကို ၁၉၇၃ ခုနှစ် အတွင်းတွင် ဖင်းလန်နိုင်ငံ၊ ဟယ်လဆင်ကီမြို့၌ ကျင်းပနိုင်ခဲ့သည်။

ယခုအခါတွင် ကမ္ဘာ့အင်အားကြီး နိုင်ငံများနှင့်အခြား နိုင်ငံတို့မှ ခေါင်းဆောင်ကြီးများသည် တနိုင်ငံမှတနိုင်ငံသို့ ကူးလူးသွားလာကာ တွေ့ဆုံညှိနှိုင်းခြင်းဖြင့် ပိုမိုနားလည်မှု ရရှိကြပြီး တွေ့ကြုံရင်ဆိုင်နေရသော ပြဿနာ အချို့တွင် အတန်အသင့် ပြေလည်မှုရရှိကြသည်။ ဤသို့ စနစ်ချင်းမတူသော နိုင်ငံများသည် တနိုင်ငံနှင့်တနိုင်ငံ အချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး အခြေခံမူပေါ်တွင် ရပ်တည်ကာ ကူးလူးဆက်ဆံလာကြခြင်းသည် ကမ္ဘာ့တင်းမာမှု လျော့ပါးရေးအတွက် အလားအလာကောင်းများပင် ဖြစ်ပေသည်။

ကမ္ဘာ့တင်းမာမှု လျော့ပါးရေးအတွက် ကြိုးပမ်းကြရာတွင် ကမ္ဘာ့အင်အားကြီး နိုင်ငံများသာ အချင်းချင်းကွက်၍ ထိပ်တိုက်တွေ့ဆုံကာ ရင်ဆိုင်ဖြေရှင်းကြခြင်းမဟုတ်ပဲ ကမ္ဘာ့ဒေသ အသီးသီးတွင်ပါ တင်းမာမှုများ လျော့ပါးအောင်ကြီးငယ်မဟူ နိုင်ငံအားလုံးသည်ငြိမ်းချမ်းသောနည်းများကို အသုံးပြု၍ တနိုင်ငံနှင့် တနိုင်ငံ အချင်းချင်းတွေ့ဆုံညှိနှိုင်း ခြင်းဖြင့် ပူးပေါင်း ဆောင်ရွက်လျက် ရှိကြပေသည်။

ကမ္ဘ့ဇာဏ်။ ။ကမ္ဘ့ဇာဏ်သည် ကုလသမဂ္ဂ၏ အထူးလုပ်ငန်း အဖွဲ့အစည်းတရပ်ဖြစ်ပြီး ၁၉၄၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ ယင်း၏ အမည်ရင်းမှာ အပြည်ပြည်ဆိုင်ရာ ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးဘဏ်(အိုင်ဘီအာရ်ဒီ) ဖြစ်သည်။ ကမ္ဘ့ဇာဏ်သည် အဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးသည်။ အဓိကအားဖြင့် ကမ္ဘ့ဇာဏ်သည် ကုန်ပစ္စည်းများနှင့် လုပ်အားပေးများကို တိုးပွားစေပြီး လူနေမှု အဆင့်အတန်းကို မြှင့်တင်ပေးကာ ကမ္ဘ့ကုန်သွယ်ရေးကို ပိုမို မျှတကောင်းမွန်စေမည့် ဦးစားပေးလုပ်ငန်းများတွင်ငွေရင်းမြုပ်နှံ လုပ်ကိုင်နိုင်ကြစေဖို့အတွက် အဖွဲ့ဝင် နိုင်ငံများအား ငွေထုတ်ချေးခြင်းဖြင့် အားပေးကူညီလျက်ရှိသည်။

ဒုတိယ ကမ္ဘာစစ်ကြီး အပြီးတွင် ကမ္ဘ့ဇာဏ်က ဥရောပနိုင်ငံများအား ပထမဆုံး ချေးငွေကို ထုတ်ချေးကာ ပြန်လည် ထူထောင်နိုင်ကြစေရန်အတွက် ကူညီခဲ့သည်။ ၁၉၄၈ ခုနှစ်မှစ၍ ကမ္ဘ့ဇာဏ်သည် အဖွဲ့ဝင်နိုင်ငံများထဲမှ မဖွံ့ဖြိုးသေးသော နိုင်ငံများကို အဓိကထား၍ ကူညီထောက်ပံ့ခဲ့သည်။ ယခုအခါတွင် ကမ္ဘ့ဇာဏ်သည် လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်နိုင်ရေး၊ သယ်ယူပို့ဆောင်မှု လုပ်ငန်းများ တိုးတက်ရေး၊ လယ်ယာ၊ စက်မှုနှင့် ပညာရေး လုပ်ငန်းများ ဖွံ့ဖြိုးရေးတို့အတွက် နိုင်ငံအသီးသီးသို့ ဒေါ်လာငွေ သန်းပေါင်း ၁၀,၀၀၀ ကျော်ကို ချေးငှားထားပြီး ဖြစ်သည်။ စီမံကိန်းစီစဉ် ပြင်ဆင်ရေးနှင့် အကောင်အထည်ဖော် ဆောင်ရွက်ရေးမှ အစ နှစ်ရှည် အမျိုးသား စီမံကိန်းများ ရေးဆွဲရေးအထိအဖွဲ့ဝင်နိုင်ငံများသို့ ကျွမ်းကျင်မှု အကူအညီများပေးကာ ကျယ်ပြန့်စွာ ဆောင်ရွက်လျက်ရှိသည်။

ကမ္ဘ့ဇာဏ်၏ အဖွဲ့ဝင်နိုင်ငံများအတွက် ချေးငွေပမာဏမှာ ကန့်သတ်ထားရှိသဖြင့် ပိုမိုလွယ်ကူစွာ ငွေချေးငှားခွင့်ရရှိရန်အတွက် ကမ္ဘ့ဇာဏ်အဖွဲ့ဝင် နိုင်ငံများသည် ၁၉၆၀ ပြည့်နှစ်တွင် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ကြသည်။ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအဖွဲ့သည် ကမ္ဘ့ဇာဏ်၏ စီမံခန့်ခွဲမှုကို ခံယူပြီး အဖွဲ့ဝင်နိုင်ငံများသို့ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အတိုးမဲ့ နှစ်ရှည်ချေးငွေများကို ချေးငှားသည်။ (အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအဖွဲ့—ရှု။)

နိုင်ငံတနိုင်ငံမှ အခြားတနိုင်ငံတွင် အရင်းအနှီး သွားရောက် မြှုပ်နှံမှုများ တိုးပွား များပြားလာအောင်လည်း ကမ္ဘ့ဇာဏ်က ကူညီ အားပေးသည်။ ကမ္ဘ့ဇာဏ်တွင် အဖွဲ့ဝင် ၁၂၇ နိုင်ငံ ပါဝင်ပြီး ဘဏ်၏ဌာနချုပ်ရုံးမှာ အမေရိကန် ပြည်ထောင်စု ဝါရှင်တန်မြို့တွင်တည်ရှိသည်။

ကဗ္ဗောဇနိုင်ငံ။ ။(ကမ်ပူးချားသမ္မတ နိုင်ငံ ဒီမိုကရက်တစ် — ရှု။)

ကမ္ဘဏ္ဍနိုင်ငံစု သမ္မတနိုင်ငံ။ ။ကမ္ဘဏ္ဍနိုင်ငံသည် ၁၉၆၀ ပြည့်နှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ ကိုယ်ပိုင် အုပ်ချုပ်ရေးရသော ပြင်သစ် ကမ္ဘဏ္ဍနိုင်းနယ်နှင့်၁၉၆၁ ခုနှစ် ဖေဖွဝါရီလ ၁ ရက်နေ့မှစ၍ ဗြိတိသျှ ကမ္ဘဏ္ဍနိုင်း နယ်မှ ခွဲ ထွက် ခဲ့သော ဗြိတိသျှ တောင်ပိုင်း ကမ္ဘဏ္ဍနိုင်း နယ်ကို ထိုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ပူးပေါင်းထားသောနိုင်ငံ ဖြစ်သည်။ အာဖရိကတိုက် အနောက်ဖက်ကမ်းခြေတွင် တည်ရှိ၍ ဂင်းနီ ပင်လယ်ကွေ့မှ ချဒ်သမ္မတနိုင်ငံတော်အထိ ကျယ်ဝန်းသော တြိဂံပုံသဏ္ဌာန် နယ်မြေဖြစ်သည်။ အရှေ့ဖက်တွင် ကုန်ကို ပြည်သူသမ္မတနိုင်ငံ၊အရှေ့မြောက်ဖက်တွင် ချဒ်သမ္မတနိုင်ငံ၊ တောင်ဖက်တွင် ဂါဗွန်သမ္မတနိုင်ငံနှင့် အိုကွေတိုရီယဲဂင်းနီ သမ္မတနိုင်ငံ၊ အနောက်ဖက်တွင် နိုင်ဂျီးရီးယား သမ္မတနိုင်ငံနှင့် အတ္တလန္တိတ်သမုဒ္ဒရာတို့တည်ရှိသည်။



ကမ္ဘဏ္ဍနိုင်ငံ၏ မြေမျက်နှာသွင်ပြင် လက္ခဏာသည် တနေရာနှင့်တနေရာ ကွဲပြားခြားနားသကဲ့သို့ပင် ရာသီဥတုနှင့် သဘာဝပေါက်ပင်များ၏ အမျိုးအစားများမှာလည်း တနေရာနှင့်တနေရာ ခြားနား ထွေပြားလှသည်။ ကမ္ဘဏ္ဍနိုင်ငံတွင် ထင်ရှားသော အပိုင်းကြီး နှစ်ပိုင်းရှိသည်။ မြောက်ပိုင်းတွင် ကျယ်ပြန့်သော ဆဗာနား မြက်ခင်းဒေသရှိ၍ တောင်ပိုင်းတွင် ပေ ၂၀၀၀ မြင့်၍ အပူပိုင်း သစ်တော ထူထပ်သော ကုန်းပြင်မြင့် ရှိသည်။ ပထဝီအနေအထားအရပင် မြောက်ပိုင်းသည် ပူအိုက်ခြောက်သွေ့၍ တောင်ပိုင်းသည် ပူအိုက်စွတ်စိုသည်။ တောင်ပိုင်းတွင် စွတ်စိုသော အီကွေတာ သစ်တောများမှ မြောက်ပိုင်းတွင် ဆဗာနား မြက်ခင်းအထိ သဘာဝပေါက်ပင်များ ပြောင်းလဲသွားသည်။ ကမ်းခြေဒေသနှင့် တောင်တန်းဒေသတို့တွင် မိုးများစွာရွာသွန်း၍ နှစ်စဉ်ပျမ်းမျှ မိုးရေချိန်မှာ လက်မ ၄၀၀ အထိရှိပြီး မြောက်ပိုင်းတွင် လက်မ ၃၀ သာ ရရှိသည်။ (၁–၄၅၆၊ ၅၂၉ — ရှု။)

ကမ္ဘဏ္ဍနိုင်ငံသည် စတုရန်းမိုင်ပေါင်း ၄၇၄,၀၀၀ ကျယ်ဝန်း၍ ၁၉၇၆ ခုနှစ် ကုလသမဂ္ဂ ခန့်မှန်းခြေအရ လူဦးရေ ၆,၅၃၀,၀၀၀ ရှိသည်။ မြို့တော်မှာ ယာအွန်ဒီမြို့ ဖြစ်သည်။ တိုင်းရင်းသား လူမျိုးစု ၂၀၀ ခန့် ရှိရာ လူများစုမှာ ဗန်တူ၊ ကာရ်ဒီဗာမိလီခါအိုဝ်မ်ဒို၊ ဖူလာနီနှင့် ပစ်ဂမီတို့ ဖြစ်ကြသည်။ တိုင်းရင်းသား ဘာသာစကား အမျိုးမျိုးကို ပြောဆိုကြပြီး ပြင်သစ်နှင့် အင်္ဂလိပ်ဘာသာစကားသည် တရားဝင် ရုံးသုံးဘာသာ

စကားများ ဖြစ်သည်။ လူဦးရေ၏ ၅၅ ရာခိုင်နှုန်းမှာ နတ်ကိုးကွယ်သူများဖြစ်ကြပြီး ၃၃ ရာခိုင်နှုန်းမှာ ခရစ်ယာန် ဘာသာဝင်များဖြစ်၍ ၁၂ ရာခိုင်နှုန်းမှာ အစ္စလာမ်ဘာသာဝင်များ ဖြစ်ကြသည်။

ကမ္ဘရန်းနိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေး ဖြစ်သည်။ စိုက်ပျိုးရေးခရိုင် ငါးခု ခွဲခြားထားပြီး စီးပွားဖြစ်သီးနှံနှင့် ပြည်တွင်းစားသုံးရန် သီးနှံ တို့ကို သီးခြား စိုက်ပျိုးသည်။ ကိုကိုး၊ ကဖီ၊ လက်ဖက်၊ ငှက်ပျော၊ ရော်ဗာ၊ ဆီအုန်း၊ ဝါဂွမ်း၊ မြေပဲ၊ နာနတ်သီး၊ ငရုတ်ကောင်း၊ ဆေး၊ နှမ်း၊ ကြံ၊ ပြောင်း၊ ဆန်၊ အာလူး၊ ကန်စွန်း၌၊ လူး၊ ဆပ်တို့မှာ စိုက်ပျိုးသီးနှံများ ဖြစ်သည်။ အလုပ် လုပ်သူဦးရေ၏ ၇၅ ရာခိုင်နှုန်းသည် စိုက်ပျိုးရေး လုပ်ငန်းဖြင့် အသက်မွေးမြူကြသည်။ စိုက်ပျိုးရေးအပြင် သစ်ထုတ်လုပ်ရေးနှင့် ငါး ဖမ်း လုပ် ငန်း များ သည် လည်း အရေးပါသော စီးပွားရေး လုပ်ငန်းများ ဖြစ်သည်။ ပြည်ပသို့ သစ်တင်ပို့မှုနှုန်းမှာ နှစ်စဉ် တိုးတက်လျက် ရှိသည်။

ကမ္ဘရန်းကို ၁၈၁၄ ခုနှစ်တွင် ဂျာမန်တို့က ကိုလိုနီအဖြစ် သိမ်းပိုက်ခဲ့သည်။ ပထမ ကမ္ဘာစစ်အတွင်း ကမ္ဘရန်းဒေသကို အင်္ဂလိပ်နှင့်ပြင်သစ်တို့က ဂျာမန်တို့လက်မှ သိမ်းပိုက်ထားခဲ့သည်။ စစ်ပြီးသော် နိုင်ငံပေါင်းချုပ်အသင်းကြီးကိုယ်စား အင်္ဂလိပ်နှင့် ပြင်သစ်တို့က ခွဲဝေ၍ မန်ဒိတ်နယ်မြေအဖြစ် အုပ်ချုပ်ခဲ့ကြသည်။ ၁၉၄၆ ခုနှစ် ဒုတိယ ကမ္ဘာစစ်ကြီးအပြီးတွင် ကမ္ဘရန်းသည် ကုလသမဂ္ဂအုပ်ချုပ်ရေးက စောင့်ရှောက်တာဝန်ယူရသောနိုင်ငံ ဖြစ်လာခဲ့၏။ ပြိတိသျှ အစိုးရသည် ယင်းရရှိသော ကမ္ဘရန်းအနောက်ခြမ်းအပိုင်းကို နိုင်ကျိုးရိုးယားနိုင်ငံမှနေ၍ အုပ်ချုပ်ပြီး ပြင်သစ်တို့က သူတို့ရရှိသော ကမ္ဘရန်းဒေသကို ပဲရစ်မြို့မှနေ၍ အုပ်ချုပ်သည်။ ဒုတိယ ကမ္ဘာစစ်ပြီးချိန်မှစ၍ အခြား ကိုလိုနီ နိုင်ငံများနည်းတူ ကမ္ဘရန်းတိုင်းရင်းသားများမှာလည်း အမျိုးသားရေး စိတ်ဓာတ်၊ နိုင်ငံရေး အသိစိတ်ဓာတ်များ နိုးကြား တက်ကြွလာပြီး အလုပ်သမား သမဂ္ဂများ၊ နိုင်ငံရေးပါတီများ ဖွဲ့စည်းကာ စတင်လှုပ်ရှားခဲ့သည်။ ယင်းနိုင်ငံရေး ပါတီများအနက် အထင်ရှားဆုံးနှင့် အတက်ကြွဆုံး နိုင်ငံရေးပါတီတခုမှာ အာမာဒူးအဟစ်ဒဂျို၏ ပီဒီစီပါတီဖြစ်သည်။ ၁၉၅၈ ခုနှစ်တွင် အဟစ်ဒဂျိပါတီက လူများစုထောက်ခံမှုကို ရယူ၍ ကမ္ဘရန်းယူနီယံကို ဖွဲ့စည်းခဲ့သည်။ ယင်းနှစ် ဖေဖော်ဝါရီလတွင် အဟစ်ဒဂျိကို ဝန်ကြီးချုပ်အဖြစ် တင်မြှောက်ကြသည်။

၁၉၅၉ ခုနှစ်တွင် ပြင်သစ်ပိုင် ကမ္ဘရန်းနယ်မြေအား ပြင်သစ်နိုင်ငံ၏ ထိန်းသိမ်းစောင့်ရှောက်မှုအောက်မှ အဆုံးသတ်ပြီ ဖြစ်ကြောင်း ကုလသမဂ္ဂ အထွေထွေ ညီလာခံက မဲပေး ဆုံးဖြတ်ခဲ့သည်။ ထို့ပြင် ၁၉၆၀ ပြည့်နှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ပြင်သစ်လက်အောက်ခံ ကမ္ဘရန်းနယ်သည် ကမ္ဘရန်း သမ္မတနိုင်ငံဟူ၍ ဖြစ်ပေါ်လာသည်။ ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို အတည်ပြု၍ ဧပြီလ ၁၀ ရက်နေ့တွင် အဟစ်ဒဂျိက ကမ္ဘရန်းယူနီယံပါတီမှ အမတ်အများစုပါဝင်သော အမျိုးသားလွှတ်တော်ကိုဖွဲ့စည်းခဲ့သည်။ ယင်းအမျိုးသား လွှတ်တော်ကပင် ဝန်ကြီးချုပ် အဟစ်ဒဂျိအား သမ္မတအဖြစ်တင်မြှောက်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ် စက်တင်ဘာလ ၂၀ ရက်နေ့တွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ဖြစ်လာသည်။

၁၉၆၀ ပြည့်နှစ် အောက်တိုဘာလတွင် နိုင်ကျိုးရိုးယားနိုင်ငံ လွှတ်လပ်ရေးရရှိသောအခါ ယင်းနိုင်ငံ၏ တစိတ်တပိုင်းအဖြစ် အုပ်ချုပ်ခဲ့ရသော ဗြိတိသျှပိုင် ကမ္ဘရန်း (အနောက်ကမ္ဘရန်း)နယ်မြေတွင် ကုလသမဂ္ဂ ဆုံးဖြတ်ချက်အရ ပြည်သူဆန္ဒခံယူပွဲ ကျင်းပခဲ့သည်။ ဤတွင် မြောက်ပိုင်းဒေသက လူမျိုးချင်းတူညီသော နိုင်ကျိုးရိုးယားနှင့် ပေါင်းစည်းလိုကြောင်း ဆန္ဒပြုကြ၍ တောင်ပိုင်း ကမ္ဘရန်းနယ်ကမူ နိုင်ကျိုးရိုးယား တောင်ပိုင်းမှ အိုင်ဘို တိုင်းရင်းသားများ မိမိတို့နိုင်ငံဖက်သို့ ဝင်ရောက်နေထိုင်ကြမည်ကို မျှားစွာစိုးရိမ်၍ နိုင်ကျိုးရိုးယားနှင့် ပူးပေါင်းလိုခြင်း မရှိကြပေ။ ထို့ကြောင့် ကမ္ဘရန်း သမ္မတနိုင်ငံနှင့် ပေါင်း စည်း လို ကြောင်း မဲ ပေး ဆုံး ဖြတ် ကြ သ ဖြင့် ၁၉၆၁ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ကမ္ဘရန်း ပြည်ထောင်စု သမ္မတနိုင်ငံဟူ၍ ပေါ် ပေါက် လာ ပြီး အဟစ်ဒဂျိအား ပြည်ထောင်စု သမ္မတအဖြစ် တင်မြှောက် လိုက်ကြသည်။

၁၉၇၂ ခုနှစ် မေလ ၆ ရက်နေ့တွင် ကမ္ဘရန်းနိုင်ငံကို အချုပ်အခြာ အာဏာပိုင်သော လွှတ်တော်တရပ် စနစ်ဖြင့် သာ ထားရှိပြီး ကမ္ဘရန်း ပြည်ထောင်စု သမ္မတနိုင်ငံတော်ဟု ခေါ်တွင်ရမည်ဖြစ်ကြောင်း အမျိုးသားလွှတ်တော်တွင် သမ္မတ အဟစ်ဒဂျိက ကြေငြာခဲ့သည်။ ထို့နှစ် ဇူလိုင်လ ၃ ရက်နေ့တွင် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်အရ သမ္မတသည် နိုင်ငံ၏ အကြီးအကဲဖြစ်ပြီး လက်နက်ကိုင်တပ်၏ ဦးစီးချုပ်လည်း ဖြစ်လာသည်။

ကမ္ဘရန်းနိုင်ငံသည် ၁၉၇၃ ခုနှစ် အောက်တိုဘာလတွင် အင်္ဂရိယယ်နိုင်ငံကို သံတမန် ဆက်ဆံရေး ဖြတ်တောက်ပြီး ၁၉၇၄ ခုနှစ်အတွင်း အာရပ်နိုင်ငံများနှင့် သံတမန် ဆက်ဆံရေးများ ပြုလုပ်ခဲ့သည်။ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများ၊ အာဖရိက ညီညွတ်ရေးအဖွဲ့၊ ဥရောပ ဘုံစျေးအဖွဲ့၊ အာဖရိက အလယ်ပိုင်းဆိုင်ရာ အကောက် ခွန်နှင့် စီးပွားရေးသမဂ္ဂတို့၏ အဖွဲဝင်နိုင်ငံလည်း ဖြစ်သည်။

၁၉၇၅ ခုနှစ် ဧပြီလတွင် သမ္မတ အဟစ်ဒဂျိအား စတုတ္ထအကြိမ် သမ္မတအဖြစ် ပြန်လည် ရွေး ကောက်

တင်မြောက်ကြသည်။ ယင်းသို့ သမ္မတအဖြစ် ပြန်လည် တင်မြောက်ခံရပြီးနောက် ဇွန်လ ၂ ရက်နေ့တွင် အစိုးရ အဖွဲ့အတွင်း ဝန်ကြီးချုပ်ရာထူးကို အသစ်တိုထွင် ထည့်သွင်း ပြီး ယင်း ရာထူးသစ်တွင် ပေါလ်ဗီယာအား ခန့်အပ်ခဲ့သည်။ ဤသို့ဖြင့် ကမ္ဘရွန်း ပြည်ထောင်စု သမ္မတနိုင်ငံသည် သမ္မတ အဟစ်ဒဂျီ၏ တပါတီစနစ်အောက်တွင် တည်ငြိမ်သောနိုင်ငံ ရေး၊ ပုံမှန်ဖွံ့ဖြိုးသော စီးပွားရေးတို့ဖြင့် အာဖရိက၏ ငြိမ်းချမ်းသော နိုင်ငံတနိုင်ငံအဖြစ် ရပ်တည်လာခဲ့သည်။

ကမ်းလွန်ရေနံ။ ။(ရေနံ — ရှု။)

ကျူးဗားသမ္မတနိုင်ငံ။ ။(၂–၁၅၊ ၅၆၀ — ရှု။)
ကျူးဗားနိုင်ငံသည် အနောက်အိန္ဒိယကျွန်းစုတွင် ပါဝင်သော အကြီးဆုံးကျွန်း ဖြစ်သည်။ ကျူး ဗား ကျွန်း ကြီး ပေါ် တွင် တည်ရှိသည်။ အလျား မိုင် ၇၃၀ နှင့်အနံမိုင် ၅၀ ခန့်ကျယ်ဝန်းသည်။ ပင် လယ်ကမ်းရိုးတန်း၏ အ ရှည်မှာ မိုင် ၂,၂၀၀ ခန့် ရှိသည်။ နိုင်ငံ၏ အကျယ်အဝန်းမှာစတုရန်းမိုင် ၄၄,၂၀၁ ခန့် ရှိပြီး ၁၉၇၆ ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေ ၉,၄၇၀, ၀၀၀ ခန့် ရှိသည်။ မြို့တော်မှာ ဟာဗားနားမြို့ ဖြစ်သည်။ ၁၈၉၈ ခုနှစ်အထိ စပိန်ကိုလိုနီ နယ်ပယ်အဖြစ် နေခဲ့ရပြီး တဖန်အမေရိကန်နိုင်ငံ၏ယာယီသိမ်းပိုက်ခြင်းကိုခံခဲ့ရသည်။ ၁၉၀၂ ခုနှစ်တွင် အမေရိကန်နိုင်ငံ၏ အုပ်ချုပ်မှုအောက်မှ လွတ်ကင်း၍ ကျူးဗားသမ္မတနိုင်ငံကို ထူထောင်သည်။



၁၉၅၂ ခုနှစ်တွင် ဖီဒယ်ကက်စထြို ဦးဆောင်သော တော်လှန်ရေးအဖွဲ့က တော်လှန်တိုက်ခိုက်ခဲ့ရာ ၁၉၅၉ ခု နှစ်တွင် ကက်စထြိုသည် ကျူးဗားနိုင်ငံ၏ ဝန်ကြီးချုပ် ဖြစ်လာသည်။ (ကက်စထြို, ဖီဒယ် — ရှု။)

၁၉၆၀ ပြည့်နှစ်တွင် ကျူးဗားနိုင်ငံမှပဂ္ဂလိကစီးပွားရေး လုပ်ငန်းများကို ပြည်သူပိုင် သိမ်းပိုက်ခဲ့သည်။ ဗီယက်နမ် နိုင်ငံ၊ တရုတ်ပြည်သူ သမ္မတ နိုင်ငံနှင့် ချက်ကိုဆလို ဗားကီးယား ပြည်သူ သမ္မတနိုင်ငံ အစရှိသည်တို့မှ စီးပွား ရေးအကူအညီများကို ယူခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် ရုရှနိုင်ငံက ကျူးဗားနိုင်ငံသို့ အနုမြူထိပ်ဖူးတပ် ဒုံးပျံများကို ပေး ကမ်းထောက်ပံ့သည့် ကိစ္စနှင့်စပ်လျဉ်း၍ ကျူးဗားနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့ အချင်းများခဲ့ရသည်။

ကျူးဗားနိုင်ငံတွင် ဝန်ကြီးချုပ် ကက်စထြို အာဏာ ရပြီးနောက် ၁၇ နှစ်ခန့်အကြာ ၁၉၇၅ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်မှ ၂၂ ရက်နေ့အထိ ပထမဆုံးအကြိမ် ကျင်းပခဲ့ သော ကျူးဗား ကွန်မြူနစ်ပါတီ၏ ပါတီကွန်ဂရက်က အတည်ပြုခဲ့သည့် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ မူကြမ်းကို ၁၉၇၆ ခုနှစ် ဖေဖွဝါရီလ ၁၅ ရက်နေ့တွင် ပြည်သူဆန္ဒခံယူခဲ့ရာ မဲ ၉၇ ဒသမ ၇ ရာခိုင်နှုန်းဖြင့် အတည် ပြုခဲ့သည်။ ဆိုရှယ်လစ် စီးပွားရေးစနစ် တည်ဆောက်ရန် ပြဋ္ဌာန်းပါရှိသော ယင်း အခြေခံ ဥပဒေအရ ရွေးချယ် တင်မြောက်ခဲ့သည့် အမျိုးသားလွှတ်တော် ပထမအကြိမ် အစည်းအဝေးကို ဒီဇင်ဘာလ ၂ ရက်နေ့တွင် ကျင်းပပြီး ကက်စထြိုအား နိုင်ငံတော် ကောင်စီဥက္ကဋ္ဌ(သမ္မတ)နှင့် ဝန်ကြီးချုပ်အဖြစ် ရွေးချယ် တင်မြောက်လေသည်။

ကျောက်ကပ်စက်။ ။ကျောက်ကပ်စက် ဆိုသည်မှာ ကျောက်ကပ်မကောင်းသည့်အခါ သွေးထဲတွင်ဖြစ်လာသည့် အညစ်အကြေးများကို သွေးထဲမှစစ်ထုတ်၍ သွေးကိုသန့်စင် အောင် ပြုလုပ်ပေးသည့် စက်တမျိုးဖြစ်သည်။ ဒုတိယကမ္ဘာ စစ်အပြီး ကျောက်ကပ်စက်ကို တီထွင်ခဲ့သည်။ စတင်တီထွင် ခဲ့သူမှာ ဟော်လန်နိုင်ငံသား ကော့ဖဆိုသူပင် ဖြစ်သည်။ ကော့ဖ တီထွင်သည့်နည်းမှာ ဓာတုဗေဒနည်းဖြင့် စိမ်ပြု လုပ်ထားသော ပိုက်လုံးငယ်တခုကို ဗီယာဗူးအခွံတွင် ပတ်၍ ဆားရည်တမျိုးတွင် စိမ်ထားခြင်းပင်ဖြစ်သည်။ ထို့နောက် သွေးလွှတ်ကြောမှ သွေးများကို အဆိုပါ ပိုက်လုံးငယ် တဖက်မှ စီးဝင်စေပြီး ဆားရည်တွင် စိမ်ထားသော ပိုက်လုံးငယ်တလျှောက် ဖြတ်သန်းစေကာ အခြားတဖက်မှ တဆင့် သွေးပြန်ကြောအတွင်း ပြန်ဝင်စေသည်။ ယင်း နည်းအတိုင်း ကျောက်ကပ် ချွတ်ယွင်းသူများတွင် လက် တွေ့စမ်းသပ်ကြည့်ရာ အောင်မြင်ကြောင်း တွေ့ခဲ့ရသည်။ ယင်းသဘောကို အခြေခံ၍ ခေတ်မှီကျောက်ကပ် စက်များ ကို တီထွင်အသုံးပြုလျက် ရှိသည်။

ခေတ်မှီ ကျောက်ကပ်စက်တွင် ဆဲလ္လူလို့ဖြင့် ပြုလုပ် ထားသော ပိုက်လုံးကို သုံးထားသည်။ ယင်းပိုက်လုံးမှာ ပါးလွှာလှပြီး အရှည်တလက်မလျှင် အလွန်သေးငယ်သည့် အပေါက်ကလေးပေါင်း ၂၅ ကုဋေခန့် ပါသည်။ ယင်းသို့ စိမ်ထားခြင်းဖြင့် သွေးတွင်ပါသည့် ဆဲများ၊ သွေးဥမှာ များနှင့် ပရိုတင်းများသည် အဆိုပါ အပေါက်ငယ်များမှ တဆင့် စိမ့်ထွက်နိုင်ခြင်း မရှိသည့်အပြင် ဆောဂါဖြစ်စေသည့် ဗိုင်းရပ်ပိုးများနှင့် ဗက်တီးရီးယား ပိုးများသည်လည်း အပေါက်ငယ်များမှတဆင့် သွေးထဲသို့ ဝင်ရောက်နိုင်ခြင်း မရှိဟု ဆိုသည်။ ပိုက်လုံးငယ်တွင် တဖက်ထချက်စီ၌ သွေးကြောများနှင့် ဆက်သွယ်နိုင်ရန် အစနှစ်ခု ထုတ်ထား သည်။ ကျောက်ကပ်စက်၌ ထည့်ထားသည့်၊ ဆားရည်မှာ သွေးအတွင်းမှ ထွက်လာသော အညစ်အကြေးများကို စုစည်းပေးနိုင်သည့် သန့်စင်သော အရည်ပျစ်တမျိုးပင်ဖြစ်

သည်။ ယခုအခါ၌ ယင်းဆားရည်မျိုးကို စီရင်ရာ၌ အများအားဖြင့် ဆိုဒီယမ်၊ ကယ်လဆီယမ်၊ ပိုတက်ဆီယမ်၊ မက်ဂနီဇီယမ်၊ ကလိုရိုက်၊ ဆိုဒီယမ်အစက်တိတ်နှင့် သကြား စသည်တို့ကို အသုံးပြုသည်။

ပိုက်လုံးငယ်တွင် အသုံးပြုထားသော ဆဲလ္လူလို့ အမြှေးပါးမှာ အရည်ကဲ့မျှားကို တဖက်တည်းသို့သာ စီးသွားအောင်ပြုလုပ်ပေးနိုင်သော အမြှေးပါးမျိုး ဖြစ်သည်။ ပိုက်လုံးငယ်အတွင်း သွေးများ ဖြတ်သန်းသွားရာ၌ သွေးထဲရှိ မော်လီကျူး အသေးများသည် အမြှေးပါးကိုဖြတ်၍ ဆားရည်အတွင်း စိမ့်ဝင်သွားတော့သည်။ ယင်းသို့အားဖြင့် မော်လီကျူး အကြီးများပါဝင်သော ပရိုတင်းကဲ့သို့သော ဓာတုပစ္စည်းမျိုးမှာ သွေးတွင် ကျန်ခဲ့လေသည်။ ဤနည်းဖြင့် သွေးထဲမှ အညစ်အကြေးများ ဖယ်ထုတ်ပစ်ခြင်းကို ဟိုမိုဒိုင်အာလိစစ်ဟု ခေါ်သည်။ ဤနည်းဖြင့် သွေးသန့်စင်အောင် ပြုလုပ်နေစဉ် ပိုက်လုံးငယ်အပြင်ဖက်ရှိ ဆားရည်အတွင်းမှ အချို့သော မော်လီကျူးများသည် သွေးအတွင်းသို့ ဝင်ရောက်သွားသည်လည်း ရှိတတ်သည်။ ဥပမာ လူနာ၏သွေးထဲ၌ ကယ်လဆီယမ်ဓာတ် ချို့တဲ့ခဲ့လျှင် ဆားရည်အတွင်းမှ ကယ်လဆီယမ်များသည် လူနာ၏သွေးအတွင်းသို့ စိမ့်ဝင်သွားပေလိမ့်မည်။

ကျောက်ကပ်စက်ကို အသုံးပြုရာ၌စက်တွင်းရှိဆဲလ္လူလို့ပိုက်လုံးငယ်၏ အစတခုကို လူနာ၏လက်ကောက်ဝတ်ရှိသွေးလွှတ်ကြောနှင့်ဆက်၊အခြားအစတခုကိုလူနာ၏လက်ကောက်ဝတ်ရှိ သွေးပြန်ကြောနှင့်ဆက် သွယ်ပေးရသည်။ ထို့နောက် သွေးများကိုဆားရည်တွင် ခွေ၍စိမ်ထားသော ပိုက်လုံးငယ် တလျှောက်ဖြတ်သန်းစေခြင်းဖြင့် သွေးလှည့်ပတ်မှုကို ဖြစ်စေသည်။ ယင်းသို့အားဖြင့် သွေးလွှတ်ကြောမှ တဆင့် ပိုက်လုံးငယ်၏တဖက်မှ ဝင်သွားသော သွေးများသည် ပိုက်လုံးငယ်အတွင်း ဖြတ်သန်းသွားစဉ် သန့်စင်သွားပြီး ပိုက်လုံးငယ်၏ အခြားတဖက်မှတဆင့် သွေးပြန်ကြောအတွင်းသို့ ပြန်ဝင်သွားသည်။ ကျောက်ကပ်ထုတ်ထားသော လူနာများကိုပင် နှစ်သည်၊ သုံးညခန့် ကျောက်ကပ်စက်သုံးပေးရုံဖြင့် ခုနစ်ရက်ခန့် ကျန်းမာစွာ နေနိုင်သည်ဟု ဆိုသည်။ သွေးများသည် ပိုက်လုံးငယ်အတွင်း ဖြတ်သန်းသွားစဉ် ပျစ်ခဲသွားတတ်သဖြင့် ဟက်ပါရင်ခေါ် ဆေးတမျိုးကို သွေးတွင် ရောစပ်ပေးရသည်။ကျောက်ကပ်ကို ခဲစိတ်ကုသရာ၌ရင်း၊ ကျောက်ကပ်မကောင်းသောကြောင့် ဖြစ်ပေါ်လာသော ရောဂါများ ကုသရာ၌ရင်း၊ အိပ်ဆေး အလွန်အကျွံစားမိသူများအား ကုသရာ၌ရင်း ကျောက်ကပ်စက်သည် အထူးအသုံးဝင်သည်။



ပုံတွင် ပြထားသော ကျောက်ကပ်တုစက်သည် ကျောက်ကပ်ရောဂါ ခံစားနေရသော လူနာ၏မသန့်စင်သော သွေးများကို သန့်စင်အောင်ပြုလုပ်ပေးသည်။ သွေးငါးကွပ်မှ ခြောက်ကွပ်တွင် ပါရှိနေသော အဆိပ် အတောက် အညစ်အကြေးများကို ခြောက်နာရီခန့်အတွင်း ဖယ်ရှားပေးလေသည်။ ထိုကြာမြင့်သော ကာလအတွင်းမှာပင် သွေးများကို စက်မှတဆင့် ၁၄ ကြိမ်တိုင် ဆက်သွယ်ပြည့်တင်း ပေးနိုင်လေသည်။

ကျောက်မျက်ရတနာပြပွဲ၊ မြန်မာ့။ ။မြန်မာ့ကျောက်မျက်ရတနာများအတွက် ကဏ္ဍသစ်တရပ် ဖွင့်လှစ်ခဲ့သည်မှာ ၁၂ နှစ်သို့ပင် တိုင်ခဲ့ပါပြီ။ ရှေးအစဉ်အဆက်ကပင် မြန်မာ့တွင်းထွက် ကျောက်မျက်ရတနာများသည် ထင်ရှားကျော်ကြားခဲ့သည်။

ကမ္ဘာတွင် အကောင်းဆုံးနှင့် တန်ဖိုးအများဆုံးဖြစ်သော ပတ္တမြားရတနာသည် မြန်မာနိုင်ငံထွက်ပင်ဖြစ်သည်။ သို့သော် အိန္ဒိယနိုင်ငံဘုံဘေမြို့စျေးကွက်တွင်သာ တွင်ကျယ်စွာရောင်းချခဲ့သဖြင့် ''ဘုံဘိုင်ပတ္တမြား'' ဟူ၍၎င်း၊ ပတ္တမြား၏အရည်အသွေးကိုပင် ''ဘုံဘိုင်ရည်'' ဟူ၍၎င်း ခေါ်တွင်ခဲ့ကြသည်။

ပဘ္ဂမြားထွက်သော မိုးကုတ်ရတနာမြေမှ နီလာ၊ ပြောင်ခေါင်းစိမ်း၊ရောင်စုံကျောက် စသည့် အဖိုးတန်ရတနာများလည်း ထွက်ရှိပါသေးသည်။

အရည်အသွေးရော အသားပါကောင်းမွန် သည့် ကျောက်စိမ်းသည်လည်း မြန်မာ့ရတနာတမျိုးပင် ဖြစ်၏။ ယခင်အခါများက မြန်မာ့မြေပေါ်တွင် ခင်းကျင်းပြသရောင်းချခဲ့ခြင်းမရှိသဖြင့် ဟောင်ကောင်စျေးကွက်မှတဆင့်သာ ကမ္ဘာ့စျေးကွက်ထဲသို့ ရောက်ခဲ့ရသည်။ ဤသို့ဖြင့် ကျောက်စိမ်းသည် မြန်မာပြည်မှထွက်ရှိသော ရတနာဖြစ်ပါလျက် တရုတ်ပြည်မှထွက်သည်ဟူ၍သာ လူအများက ထင်မှတ်မှားလျက် ရှိခဲ့ကြသည်။

တိုင်းတပါးသားတို့၏ စီးပွားချယ်လှယ်မှုအောက်ဝယ် မြန်မာ့ရတနာများ အမည်ကွယ်ပျောက်ခဲ့ရရာတွင် ပုလဲရတနာပါ အပါအဝင်ဖြစ်သည်။ မြိတ်ကျွန်းစုမှထွက်သော ထူးခြားစွာ လှပရွှမ်းစိုနေသည့် ပုလဲမျိုးစုံသည်ပင် နိုင်ငံခြားသားအရင်းရှင်ကြီးများ၏ လက်ချက်ဖြင့် ဂျပန်နိုင်ငံထွက် ''တောင်ပင်လယ်ပုလဲ''ဖြစ်ခဲ့ရသေးသည်။

ဤသို့လျှင် တခြိန်က ပဂ္ဂလိကအရင်းရှင်တို့ စိုးမိုးချယ်လှယ် လက်ဝါးကြီးအုပ် အမြတ်ထုတ်ခဲ့သော ကျောက်မျက်ရတနာလုပ်ငန်းကို ၁၉၆၄ ခုနှစ်မှစ၍ နိုင်ငံတော်အစိုးရက ပြည်သူပိုင် ပြုလုပ်ခဲ့ပြီးနောက် ကျောက်မျက်ရတနာပြပွဲများ ကျင်းပကာ ဆိုရှယ်လစ် စီးပွားရေး တည်ဆောက်မှုအတွက် ဆိုရှယ်လစ်အရင်းအနှီးများကို စုဆောင်းခဲ့ပေသည်။

ယင်းသို့ စုဆောင်းခဲ့ရာ ၁၉၆၄ ခုနှစ်တွင် ကျပ်ငွေ ၂ ဒသမ ၁၂ သန်းကို၎င်း၊ ၁၉၆၅ ခုနှစ်တွင် ကျပ်ငွေ ၁၀ ဒသမ ၆၆ သန်းကို၎င်း၊ ၁၉၆၆ ခုနှစ်တွင် ကျပ်ငွေ ဂ ဒသမ ၆၀ သန်းကို၎င်း၊ ၁၉၆၇ ခုနှစ်တွင် ကျပ်ငွေ ဂ ဒသမ ၂၅ သန်းကို၎င်း၊၁၉၆၉ ခုနှစ်တွင် ကျပ်ငွေ ၁၁ ဒသမ ၅၆ သန်း ကို၎င်း၊ ၁၉၇၀ ပြည့်နှစ်တွင် ကျပ်ငွေ ၇ ဒသမ ၃၉ သန်း ကို၎င်း၊ ၁၉၇၁ ခုနှစ်တွင် ကျပ်ငွေ ၁၂ ဒသမ ၅၇ သန်းကို၎င်း၊



ကမ္ဘာအရပ်ရပ်မှ ရတနာကုန်သည်ကြီးများ ကျောက်မျက်ရတနာပြပွဲသို့ ရောက်ရှိစဉ်

၁၉၇၂ ခုနှစ်တွင် ကျပ်ငွေ ၁၂ ဒသမ ၁၃ သန်း ကို ၎င်း၊ ၁၉၇၃ ခုနှစ်တွင် ကျပ်ငွေ ၅၇ ဒသမ ၄၆ သန်း ကို၎င်း၊ ၁၉၇၄ ခုနှစ်တွင် ကျပ်ငွေ ၂၁ ဒသမ ၃၁ သန်း ကို၎င်း၊ ၁၉၇၅ ခုနှစ်တွင် ကျပ်ငွေ ၁၃ ဒသမ ၂၄ သန်း ကို ၎င်း၊ ၁၉၇၆ ခုနှစ်တွင် ကျပ်ငွေ ၂၅ ဒသမ ၃၆ သန်းကို၎င်း ရရှိခဲ့ပေသည်။

ဤသို့ရရှိခဲ့သည့် ငွေများအနက်မှ ၁၉၇၃ ခုနှစ်၏ ဝင်ငွေမှာ အများဆုံးဖြစ်သည်ကို တွေ့ရပေမည်။ ယင်းသို့ဖြစ်ရခြင်းမှာ ဤ ၁၉၇၃ ခုနှစ်တနှစ်ထဲတွင် နဝမအကြိမ် ရတနာပြပွဲနှင့် အထူးရတနာပြပွဲတို့ကို ခင်းကျင်းခဲ့၍ ဝင်ငွေများနေခြင်း ဖြစ်သည်။

ဆိုခဲ့သည့်အတိုင်း ၁၉၆၄ ခုနှစ်မှ ၁၉၇၆ ခုနှစ် အထိ ရတနာပြပွဲကို အင်းယားကန် ဟော်တယ်တွင် ခင်းကျင်းပြသခဲ့သည်။ ၁၉၆၄ ခုနှစ်မှ ၁၉၆၆ ခုနှစ်အထိ ရတနာပြပွဲများကို နှစ်စဉ် ဒီဇင်ဘာလတိုင်း၌ ခင်းကျင်း ပြသခဲ့သော်လည်း ရတနာကုန်သည်ကြီးများ၏ ဆန္ဒအရ အချိန်ကို သတ်မှတ်ပြင်ဆင်ပေးခဲ့ရသဖြင့် နောင်နှစ်များတွင် တခါတရံ ဖေဖော်ဝါရီလတွင်၎င်း၊ တခါတရံ မတ်လတွင်၎င်း ခင်းကျင်းပြသခဲ့သည်။ ယင်းသို့ အချိန် ပြောင်းလဲ သတ်မှတ် လိုက်သောကြောင့် ၁၉၆၇ ခုနှစ်တွင် ရတနာပြပွဲ မခင်းကျင်းဖြစ်တော့ပဲ စတုတ္ထအကြိမ်အဖြစ် ၁၉၆၈ ခုနှစ်တွင်သာ ကျင်းပနိုင်သည်။

ပထမအကြိမ်မှ စတုတ္ထအကြိမ်အထိ ကျင်းပခဲ့သော ကျောက်မျက်ရတနာပြပွဲများတွင် ပုလဲ၊ နီလာ၊ ပတ္တမြား၊

ကျောက်စိမ်းလုံးချောနှင့် ကျောက်စိမ်းတုံးကြီးများကိုသာ ပြသနိုင်ခဲ့သော်လည်း ၁၉၆၉ ခုနှစ် ပဉ္စမအကြိမ်ကျောက်မျက်ရတနာပြပွဲမှစပြီး လက်ဝတ်ရတနာ အမျိုးမျိုးနှင့် ကျောက်စိမ်းရုပ်ထု ရုပ်ထွင်းများကိုပါ ထည့်သွင်း တင်ပြရောင်းချသည်။

၁၉၆၈ ခုနှစ် စတုတ္ထအကြိမ်မြောက် ကျောက်မျက်ရတနာ ပြပွဲတွင် ကမ္ဘာ့အကြီးဆုံး ပုလဲကြီးတလုံးကို ပြသနိုင်ခဲ့သည်။ ယင်းပုလဲကြီးမှာ အရွယ်ပမာဏအားဖြင့် ကြက်ဥငယ်တမျှရှိပြီး အလေးချိန် ရတီ ၂၀၁ ဒသမ ၁၃ ရှိလေသည်။

၁၉၆၉ ခုနှစ် ပဉ္စမ အကြိမ်မြောက် ရတနာပြပွဲတွင် တမူထူးခြားသည်မှာ သရေခေတ္တရာခေတ်မှ လက်ရာတခုဟု ပညာရှင်များ ဆုံးဖြတ်ထားသည့် လုံးဝန်းညီညာအောင် သွေးထားသည့် ကျောက်စိမ်းပုတီးကို ပြသခဲ့ခြင်းဖြစ်သည်။

ကျောက်မျက်ရတနာပြပွဲသို့ ကမ္ဘာအရပ်ရပ်မှ ရတနာကုန်သည်ကြီးများ လာရောက်ကြပြီး စျေးပြိုင်စနစ်ဖြင့် ဝယ်ယူကြသည်။ ပထမအကြိမ် ရတနာပြပွဲတွင် ၁၄ နိုင်ငံမှ ရတနာကုန်သည်ကြီးပေါင်း ၁၈၂ ဦးမျှ လာရောက် ဝယ်ယူကြသည်။ နောင်နှစ်များတွင်လည်း နှစ်စဉ် ရတနာကုန်သည်ကြီးများ ၂၀၀ ခန့်ပင် လာရောက်ကြသည်။

မြန်မာ့ ကျောက်မျက်ရတနာနှင့် ပုလဲပြပွဲကြီးသို့ နှစ်စဉ် လာရောက်ဝယ်ယူကြသည့် ရတနာကုန်သည်ကြီးများထဲမှ ၁၀ နှစ် ဆက်တိုက် စဉ်ဆက်မပြတ် ဝယ်ယူခဲ့သည့် ကုန်သည်ကြီးများကို ရတနာပြပွဲ ဗဟို ကော်မတီက ကျောက်စိမ်းဖြင့် ထုလုပ်ပြီး ကျောက်မျက်ရတနာများ စီခြယ်ထားသည့် ဆင်ရုပ်လေးများကို အမှတ်တရ လက်ဆောင်အဖြစ် ချီးမြှင့်လေ့ရှိသည်။

ကျောက်စိမ်းဖြင့် ရုပ်ထုရုပ်ထွင်းများ ပြုလုပ်ရာတွင် အစပိုင်း၌ ဘုရားဆင်းတုတော်၊ မင်းသမီးရုပ်၊ အမျိုးသမီးရုပ်၊ ဆင်ရုပ်၊ ဝက်ဝံရုပ်များသာ ထုလုပ်သော်လည်း နောက်ပိုင်းတွင် ထမင်းစားပန်းကန်စုံ၊ လက်ဖက်ရည်ပွဲပန်းကန်စုံများ ထုလုပ်သည်။

ထိုနောက်တွင်မှတဖန် နီလာ၊ ပတ္တမြား၊ပုလဲ၊ စိန်များဖြင့် စီခြယ်ထားသည့် ကျောက်စိမ်း ဆင်ရုပ်၊ ကျောက်စိမ်း နွားလှည်းယာဉ်၊ ကျောက်စိမ်း ကရဝိက်နှင့် ကျောက်စိမ်း မြန်မာ့ ဆိုင်းဝိုင်းကြီးကိုပါ လက်ရာမြောက်စွာဖြင့် ထုလုပ်ပြသထားပေသည်။

ကမ္ဘာကို အလှဆင်နေမည့် မြန်မာ့ရတနာများ ရှိနေသရွေ့ မြန်မာ့ ကျောက်မျက်ရတနာနှင့် ပုလဲပြပွဲများကို ခင်းကျင်းပြသနေဦးမည်သာ ဖြစ်သည်။ မြန်မာ့ ရတနာများကလည်း သည်ရေမြေ တောတောင်များ ရှိနေသရွေ့ ထွက်ရှိနေဦးမည်သာ ဖြစ်ပေသည်။

ကျောက်ရောဂါ။ ။ (၂-၂၉—ရှု။) ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ လက်အောက်ခံ ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် ကျောက်ရောဂါတိုက်ဖျက်ရေးလုပ်ငန်းကို ၁၉၆၇ ခုနှစ်မှ စ၍ ကမ္ဘာတဝှန်းလုံးတွင် စတင်ဆောင်ရွက်ခဲ့သည်။ ယင်းအဖွဲ့ကြီးသည် ကျောက်ရောဂါကာကွယ်ဆေး ထုတ်လုပ်ရာ၌ တိုးတက်ကောင်းမွန်သော နည်းစနစ်များကို တီထွင်ခြင်း၊ ကျောက်ဆေးထိုးရာတွင် နည်းသစ်များသုံးခြင်း၊ ရောဂါဖြစ်ပွားလျှင် ဆိုင်ရာသို့ လိုအပ်သလို သတင်းပို့နည်းများကို တီထွင်ခြင်း စသည်ဖြင့် အထူးအစီအစဉ်များ ချမှတ်ပြီး ကျောက်ရောဂါတိုက်ဖျက်ရေးလုပ်ငန်းကို မနားမနေ ကြိုးပမ်းပြုလုပ်ခဲ့သည်။ (ကမ္ဘာ့ကျန်းမာရေးအဖွဲ့ — ရှု။)

ယခင်က အသုံးပြုခဲ့သော ကျောက်ဆေးရည်သည် စံချိန်မမီသဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် တီထွင်စမ်းသပ်၍ အအေးဓာတ်ဖြင့် ပြုပြင်ထားသော စံချိန်မီကျောက်ဆေးရည်ကို ထုတ်လုပ်ခဲ့သည်။ ယင်းစံချိန်မီ ကျောက်ဆေးရည်သည် အပူပိုင်းနိုင်ငံများ၌ပင် အအေးခန်း၌ မထားပဲ အာနိသင်မပျက် သုံးစွဲနိုင်ခဲ့လေသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လုပ်ငန်းများ အရှိန်ရလာသောအခါ ဂင်းနီနှင့် ကင်ညာနိုင်ငံများ အပါအဝင် ကျောက်ရောဂါ အချို့နှုန်းဖြစ်ပွားတတ်သော နိုင်ငံများသည် အဆင့်မြင့် ကျောက်ဆေးရည်များကို ပြည်တွင်းသုံးအတွက် လုံလောက်အောင် မိမိတို့ဖာသာ မိမိတို့ ထုတ်လုပ်နိုင်သည့်အခြေအနေသို့ရောက်ရှိခဲ့သည်။ သို့သော်သန်းပေါင်းများစွာသော ကမ္ဘာ့ပြည်သူတရပ်လုံးအတွက် ကျောက်ဆေးရည် အများအပြား လိုအပ်သည်ဖြစ်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် အဖွဲ့ဝင်နိုင်ငံများထံမှ ကျောက်ဆေးရည် အလှူခံခဲ့ရသည်။ အဖွဲ့ဝင်နိုင်ငံ ၂၀ ကျော်တို့က ကျောက်ဆေးရည် လှူဒါန်းခဲ့ကြသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် ကျောက်ရောဂါတိုက်ဖျက်ရေး စီမံကိန်း ရှေးဦးအဆင့်၌ ရောဂါဖြစ်ပွားလေ့ရှိသည့် နိုင်ငံများတွင် လူဦးရေ ၈၀ ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးပေးရန် ရည်မှန်းခဲ့၏။ ဤမျှ များပြားသော လူထုကို ဆေးထိုးပေးနိုင်ရန်မှာ ရှိရင်းဆေးထိုးနည်းစနစ်များနှင့် မလုံလောက်သဖြင့် သာမန်ကျောက်ထိုးအပ်ထက် ခေတ်မီသော လေဖိအားဖြင့် ဆေးထိုးသည့် ဂျက် ကျောက်ထိုးကရိယာများကို တီထွင်၍ အာဖရိကတိုက် ၂၁ နိုင်ငံတွင် စမ်းသပ် သုံးစွဲခဲ့၏။ သို့သော် ဤကရိယာမှာ ဈေးကြီးသည့်ပြင် မကြာခဏ ပြင်ဆင်ရသဖြင့် နောက်ဆုံးတွင် အမေရိကန် ပြည်ထောင်စု ဝိုင်းယက် ဆေးဝါးပစ္စည်းကုမ္ပဏီက ထုတ်လုပ်ပေးသော ရိုးရိုးအသွားနှစ်ခုရှိ ကျောက်ထိုးအပ်ကို အသုံးပြုရသည်။ ယင်းအပ်သည် တကြိမ်တို့လျှင် ဆေးရည် တစက်မျှသာပါသဖြင့် ဆေးရည်အကုန် သက်သာသည့်ပြင်

အပ်ဖြင့် တချက်နှစ်ချက် အသားပေါ် ခြစ်လိုက်ရုံမျှဖြင့် ကျောက်ဆေးအောင်ကြောင်း တွေ့ရသည်။ ယင်းအပ်ဖြင့် တနေ့လျှင် လူ ၁၀၀၀ အထိ ဆေးထိုးပေးနိုင်သည်။ ထို့ပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် မည်သည့် ဒေသတွင် ကျောက်ရောဂါဖြစ်ပွားကြောင်း ချက်ချင်းသတင်းရနိုင်သည့်ထောက်လှမ်းရေး စနစ်ကိုပါ တီထွင် အသုံးပြုခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် ကျောက်ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းကို အထက်ပါအတိုင်း ကြိုးပမ်းဆောင်ရွက်ခဲ့ရာ အာဖရိကတိုက် အနောက်နှင့်အလယ်ပိုင်းဒေသများ၌ ၁၉၇၀ ပြည့်နှစ်တွင်၎င်း၊ ဗဆူဇီးနိုင်ငံ၌ ၁၉၇၁ ခုနှစ်တွင်၎င်း၊ အင်ဒိုနီးရှားနိုင်ငံ၌ ၁၉၇၂ ခုနှစ်တွင်၎င်း၊ အာရှတောင်ပိုင်းနိုင်ငံများ၌ ၁၉၇၅ ခုနှစ်တွင်၎င်း ကျောက်ရောဂါ လုံးဝဆိတ်သုဉ်းခဲ့သည်။ မြန်မာနိုင်ငံတွင်လည်း ၁၉၇၅ ခုနှစ်မှစ၍ ကျောက်ရောဂါ လုံးဝဆိတ်သုဉ်းခဲ့ပြီဖြစ်သည်။

၁၉၇၆ ခုနှစ်သို့ ရောက်သောအခါ ကမ္ဘာပေါ်၌ အီသီအိုးပီးယားနိုင်ငံ တနိုင်ငံတည်းသာလျှင် ကျောက်ရောဂါ ရှိသေးကြောင်း သတင်းပို့ခဲ့သည်။

ကမ္ဘာပေါ်တွင် ကျောက်ရောဂါအမြစ်မပြတ်ပဲ ကျန်ရှိနေသော နောက်ဆုံးနိုင်ငံမှာ အီသီအိုးပီးယားနိုင်ငံဖြစ်ရာကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် အီသီအိုးပီးယားနိုင်ငံတွင် ၁၉၇၁ ခုနှစ်မှစ၍ ကျောက်ရောဂါပပျောက်ရေးလုပ်ငန်းကို အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့သည်။ အီသီအိုးပီးယား နိုင်ငံတွင် ကျောက်ရောဂါ တိုက်ဖျက်ရေး စီမံကိန်းချမှတ်ပြီးကျောက်ရောဂါ ဝေဒနာခံစားနေရသူ လူနာဦးရေကို စာရင်းကောက်ယူရာ လူနာပေါင်း ၂၅,၀၀၀ ကျော်ရှိကြောင်း တွေ့ရသည်။

ကျောက်ရောဂါတိုက်ဖျက်ရေးဝန်ထမ်းများသည် လူနာရှိရာဒေသများသို့ ချက်ချင်းသွားရောက်ပြီးလျှင် အခြားလူနာများ ရှိမရှိ စစ်ဆေးခြင်း၊ အရပ်ထဲရှိ လူအများကို ကျောက်ရောဂါ ကာကွယ်ဆေး ထိုးပေးခြင်းများ ပြုလုပ်သည်။ ကာကွယ်ဆေးထိုးရာ၌ တနယ်လုံး အနှံ့လိုက်ကာ လူပေါင်းမြောက်မြားစွာကိုထိုးပေးခြင်းမဟုတ်ချေ။ ရောဂါပေါ် ပေါက်ရာအရပ် ပတ်ဝန်းကျင်ကို ဧရိယာကန့်သတ်၍ ဧရိယာအတွင်းရှိ လူများကိုသာဆေးထိုးပေးခြင်းဖြစ်သည်။ ကျောက်ရောဂါ၏ သဘာဝသည် ကူးစက်နှုန်းနှေးကွေးပြီး ဒေသတခုတွင်သာ ကွက်၍ ရောဂါကျရောက်ခြင်းဖြစ်သဖြင့် ထိုသို့ ဧရိယာကန့်သတ်၍ ဆေးထိုးခြင်းဖြစ်သည်။

၁၉၇၇ ခုနှစ်သို့ ရောက်သော် အီသီအိုးပီးယားနိုင်ငံတွင်၎င်း၊ ကမ္ဘာပေါ်ရှိ အခြားနိုင်ငံများတွင်၎င်း ကျောက်ရောဂါလုံးဝဆိတ်သုဉ်းပပျောက်သွားခဲ့ပြီ ဖြစ်ကြောင်း သိရသည်။ လူသမိုင်း တလျှောက်၌ကျ၍ကပ်ရောဂါသည် ပထမဆုံးအကြိမ် ဆိတ်သုဉ်းခြင်း ဖြစ်သည်။ သို့ရာတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် နောက်ထပ်ခြောက်လခန့်ဆက်၍ ကမ္ဘာ အရပ်ရပ်၌ ကျောက်ရောဂါကာကွယ်ရေး လုပ်ငန်းများကို ဆောင်ရွက်နေကြဦးမည်ဖြစ်သည်။ ကမ္ဘာ့ ကျန်းမာရေးအဖွဲ့သည် အထက်ပါအတိုင်း ကြိုးပမ်း ဆောင်ရွက်ခဲ့သောကြောင့် ကျောက်ရောဂါ အမြစ်မပြတ်သည့် ကမ္ဘာ့နောက်ဆုံးနိုင်ငံဖြစ်သော အီသီအိုးပီးယားနိုင်ငံတွင် ၁၉၇၇ ခုနှစ်မှစ၍ ကျောက်ရောဂါ ဆိတ်သုဉ်းခဲ့သည်။

ကြယ်ပေါက်ကွဲခြင်း။ ။ (ဆူပါနိုဗာ—ရှု။)

ကွေဆာ။ ။ကွေဆာသည် ရေဒီယို ရေဒီရေးရှင်း ထုတ်လွှတ်သော ကြယ်ဆန်ဆန် အာကာသ တန်ဆာ ဖြစ်သည်။ ကွေဆာများကို ၁၉၆၃ ခုနှစ်၌ ပထမဦးဆုံးအကြိမ် တွေ့မြင်ခဲ့ရသည်။ ယင်းတို့သည် အလွန်ပြင်းထန်သော ရေဒီယို ရေဒီရေးရှင်းများနှင့်တကွ မြင်နိုင်သော ရေဒီရေးရှင်းများကိုပါ ထုတ်လွှတ်ကြသည်။ ယင်းတို့မှ ထုတ်လွှတ်သော ရေဒီယို ရေဒီရေးရှင်းများကို မသိနိုင်သော်လည်း ရေဒီရေးရှင်းများ ထုတ်လွှတ်သည်ကို မြင်ရသော အလားတူ ကြယ်ဆန်ဆန် အာကာသ တန်ဆာများလည်း ရှိသေးကြောင်း ထိုအချိန်မှစ၍ သိကြရသည်။ယင်းတို့ကိုကျွှ်အက်စအိုဟု ခေါ်သည်။

ကွေဆာ အချို့သည် ကျွန်ုပ်တို့ကမ္ဘာ နဂါးငွေ့လမ်းမှ ထုတ်လွှတ်သော ရေဒီယို ရေဒီရေးရှင်းထက် အဆတသန်း ပိုများသော ရေဒီရေးရှင်းများကို ထုတ်လွှတ်သည်။ ယင်းတို့တွင် သန်းပေါင်းတသိန်း (၁၀၀,၀၀၀,၀၀၀,၀၀၀)မျှ ရှိသော ကြယ်စုများပါရှိသည်။

မာတင်ရှမစ်ဆိုသူ အာကာသသိပ္ပံရှင်တဦးသည် ၁၉၆၃ ခုနှစ်တွင် ကွေဆာတို့၏ ရောင်စဉ်များထဲ၌ နေရာချွေနေသောအနီရောင်မျဉ်းကြောင်းကြီးများကို တွေ့သည်။ထိုအနီရောင်မျဉ်းကြောင်းကြီးများမှာ ပြန့်ထွက်နေသောစကြဝဠာကြောင့် ဖြစ်ပေါ်လာရသည်ဟု လက်ခံထားကြသည်။ ကွေဆာများကို စကြဝဠာအတွင်း အဝေးဆုံးနေရာ၌ရောက်နေသော အာကာသတန်ဆာများဟူ၍လည်း ယူဆကြသည်။

ယင်းတို့၏ ကမ္ဘာမှအကွာအဝေးကို ခန့်မှန်းရသော် အလင်းနှစ် သန်းပေါင်းတသောင်း(၁၀,၀၀၀,၀၀၀,၀၀၀)မျှ ရှိမည်ဟု ဆိုသည်။ နဂါးငွေ့လမ်းတခုစီတွင် ကြယ်သန်းပေါင်း တသိန်းမျှရှိသည်ဟု ခန့်မှန်းပြီး တွက်ယူရသော် ကွေဆာများ၏ လင်းအားသည် နဂါးငွေ့လမ်းပေါင်း ၁,၀၀၀ မှ ထုတ်လွှတ်သော လင်းအားခန့်ရှိသည်။ ယင်းတို့သည် တစက္ကန့်လျှင် မိုင် ၉၀,၀၀၀ နှုန်းဖြင့် သွားနေကြသည်။ ယင်းတို့ တနှစ်အတွင်း သုံးသော စွမ်းအင်သည် နေ့အစင်းပေါင်း ၁၀၀ ၌ တနှစ်အတွင်းဖြစ်ပေါ်လာသော စွမ်းအင်နှင့် ညီမျှသည်ဟု ခန့်မှန်းကြသည်။

ကွန်တိန်နာစနစ်။ ။ကွန်တိန်နာစနစ်ခေါ် ကုန်ပစ္စည်းများကို သတ္တုဗူးကြီးများတွင် ထည့်သွင်းပို့ဆောင်သည့် စနစ်သည် အပြည်ပြည်ဆိုင်ရာ ကုန်ပို့ဆောင်ရေးလုပ်ငန်းကို တော်လှန်ပြောင်းလဲလိုက်သည့် တီထွင်မှုပင် ဖြစ်သည်။

၁၉၆၆ ခုနှစ်မှ အစပြု၍ တီထွင်အသုံးပြုခဲ့သော်လည်း တနေရာမှ တနေရာသို့ ကုန်ကျစရိတ် သက်သာစွာဖြင့် အလျင်အမြန်ဆုံးနှင့် စိတ်အချရဆုံးတင်ပို့နိုင်သော ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းဖြစ်သဖြင့် နှစ်အနည်းငယ်အတွင်း မှာပင် တိုးတက်တွင်ကျယ်စွာ အသုံးပြုလာကြသည်။

ကွန်တိန်နာခေါ် ဗူးကြီး သေတ္တာကြီးများအစ

ရေနံတင် သင်္ဘောများကို တီထွင်အသုံးပြုလာနိုင်ချိန်၌ ရေနံများကို စည်များဖြင့် ထည့်သွင်းပို့ဆောင်ခြင်းထက် သင်္ဘောဝမ်းပိုက်အတွင်း သို့လှောင်ကန်များ တည်ဆောက်ကာ တိုက်ရိုက်ပို့ဆောင်ခြင်းသည် အချိန်ကုန်သက်သာခြင်း ကုန်ကျစရိတ်သက်သာခြင်းနှင့် ဝန်ပို၍ ပို့ဆောင်နိုင်ခြင်းများကို တွေ့ရှိခဲ့ကြသည်။ ယင်းရေနံတင် သင်္ဘောများမှ ရရှိသော အကျိုးသက်ရောက်မှုများအပေါ် အခြေခံပြီး ကုန်ပစ္စည်းများကိုလည်း အလိုလိုခဲ့၍ ထုပ်ပိုးပြီး တင်ပို့မည့်အစား ဗူးကြီး၊ သေတ္တာကြီးထဲတွင် တစုတစည်းတည်း ထည့်သွင်း ပို့ဆောင်ခြင်းဖြင့် ပိုမိုအကျိုးသက်ရောက်နိုင်မည်ဟု တွေးတောကြံဆလာခဲ့သည်။ ယင်းသို့ဖြင့် ၁၉၆၆ ခုနှစ်တွင် အမေရိကန် ပြည်ထောင်စုနှင့် ဥရောပတိုက်အကြား ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းများတွင် ဝန်သယ် ကွန်တိန်နာစနစ်ကို စတင်အသုံးပြုခဲ့သည်။

ထိုအချိန်မှ အစပြု၍ ကုန်ပစ္စည်းများကို သတ္တုဗူးကြီးများတွင် ထည့်သွင်းပို့ဆောင်သည့် စနစ်သည် အခြားသော ကုန်စည်ပို့ဆောင်ရေး နည်းစနစ်များထက် အဖက်ဖက်မှ သာလွန်သည်ကို တွေ့ရှိခဲ့ကြရာ ကမ္ဘာ့ကုန်စည်ပို့ဆောင်သည့် အဓိက နိုင်ငံများသည် ဝန်သယ်ကွန်တိန်နာစနစ်ကို တိုးတက်အသုံးပြု လာကြသည်။

ကွန်တိန်နာများ ပြုလုပ်ထားပုံ

ယင်းကုန်ပစ္စည်းများ ထည့်ရန် ဗူးကြီး၊ သေတ္တာကြီးများကို သတ္တု၊ သံမဏိ သို့မဟုတ် သုံးထပ်သားများဖြင့် များသောအားဖြင့် တည်ဆောက်ထားသည်။ ကုန်ပစ္စည်းအသွင်းအထုတ် ပြုလုပ်ရန် တံခါးများ တပ်ဆင်ထားပြီး ယင်းတံခါးများကို လုံခြုံခိုင်ခံ့စွာ သော့ပိတ်ထားနိုင်သည်။ ပို့ဆောင်မည့် ကုန်ပစ္စည်းအမျိုးအစား အတိုင်းအတာပေါ် မူတည်ပြီး တံခါးပေါက်များကိုအမျိုးမျိုးပြုလုပ်ထားသည်။

ထို့ပြင် ထည့်သွင်းပို့ဆောင်မည့် ကုန်ပစ္စည်းအမျိုးအစားကိုလိုက်၍ အပူအအေး၊ ဖိနှိပ်အားနှင့် စိုထိုင်းဆကို ထိန်းသိမ်းပေးသည့် ကရိယာများလည်း တပ်ဆင်ထားသည်။ ပုပ်သိုးလွယ်သော သားငါးနှင့် ကုန်စိမ်းပစ္စည်းများ ထည့်သွင်း ပို့ဆောင်သည့် ကွန်တိန်နာများတွင် ကိုယ်ပိုင် အအေးပေးစက်များ တပ်ဆင်ထားသည်။

ထို့ပြင် သယ်ယူပို့ဆောင်ရေးနှင့် အတင်အချ လုပ်ငန်းများ အခက်အခဲမရှိစေရန် ကွန်တိန်နာများ၏ အတိုင်းအတာကို တသမတ်တည်း စံကိုက် ညှိထားသည်။ အပြည်ပြည်ဆိုင်ရာ စံကိုက်ညှိရေးအဖွဲ့မှ သတ်မှတ်ထားသော ကွန်တိန်နာများ၏ အတိုင်းအတာမှာ အလျား ၁၀ ပေမှ ပေ ၄၀ အတွင်း ၁၀ ပေစီသာ အတိုးအလျှော့ ပြုလုပ်ရမည်ဟု ဖြစ်ပြီး အမြင့် ၈ ပေ အနံ ၈ ပေ ရှိရမည်ဟု သတ်မှတ်ချက် ပြုထားသည်။ အလျား ၁၀ ပေ၊ အနံ ၈ ပေ ရှိ ကွန်တိန်နာတခုတွင် ကုန်ပစ္စည်း ၁၀ တန်အထိသာ ထည့်သွင်းနိုင်သည်။

ကုန်ပစ္စည်းအနည်းငယ်သာ တင်ပို့နိုင်သည့် ဖွံ့ဖြိုးဆဲ နိုင်ငံများနှင့် ဝန်ချီစက် ကရိယာအကြီးစားများမရှိသော

ကုန်သယ်ယူပို့ဆောင်ရေးနှင့် အတင်အချလုပ်ငန်းများတွင် အခက်အခဲမရှိစေရန် စီမံထားသော ကွန်တိန် နာတင် သင်္ဘောကြီး



ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ကွန်တိန်နာတမျိုးကို တီထွင်ထားသေးသည်။အဆိုပါ ကွန်တိန်နာ၏ အလျားမှာပေ ၂၀ ရှည်သော်လည်း ကွန်တိန်နာငယ် သုံးလုံးကို အောက်ခံဘောင်ပေါ်တွင် ပူးတွဲတပ်ဆင်ထားခြင်း ဖြစ်သည်။ ယင်း ကွန်တိန်နာငယ်များကို တခုချင်း အလွယ်တကူ ဖြုတ်ယူ ရွှေ့ပြောင်းနိုင်ခြင်းကြောင့် အဖိုးနည်းဝန်ပါခြင်းဖြစ်သည်။

ကွန်တိန်နာတင် သဘော်

ကွန်တိန်နာများ စတင်တင်ဆောင်စဉ်က ပထမအဆင့် အနေဖြင့် သမရိုးကျ သဘော်များကို ပြုပြင်ပြောင်းလဲပြီး ကွန်တိန်နာတင်သဘော်များအဖြစ် အသုံးပြုခဲ့သည်။ ယင်း သဘော် အမျိုးအစား၌ ကွန်တိန်နာများ တင်ချနိုင်ရန် ကိုယ်ပိုင် ဝန်ချိစက်များ တပ်ဆင်ထားပြီး ကွန်တိန်နာ ပေါင်း ၅၀၀ ခန့် သယ်ဆောင်နိုင်၍ တနာရီလျှင် ရေမိုင် ၂၀ ခန့် ခုတ်မောင်းနိုင်သည်။

ကွန်တိန်နာတင် သဘော်များကို အဆင့်ဆင့် တိုးတက် တည်ဆောက်ခဲ့ရာ ဒုတိယအဆင့်အနေဖြင့် ကုန်းပတ်နှင့် ဝမ်းပိုက် ကုန်လှောင်ခန်းများအတွင်း၌ သီးသန့်အကန့် များ ပြုလုပ်ထားသည့် ကွန်တိန်နာတင် သဘော်များကို တီထွင်ဆောက်လုပ်ခဲ့သည်။ယင်းသဘော်အမျိုးအစားများသည် ကွန်တိန်နာပေါင်း ၁,၈၀၀ ခန့် တင်ဆောင်နိုင်ပြီး တနာရီလျှင် ရေမိုင် ၂၆ မိုင်ခန့် ခုတ်မောင်းနိုင်သည်။ ကိုယ်ပိုင် ဝန်ချိစက်များ မပါရှိပဲ ဆိပ်ကမ်းမှ ဝန်ချိစက် များကို အသုံးပြုရသည်။

တတိယ အဆင့်အနေဖြင့် ရေမိုင် ၃၃ မိုင်အထိ မောင်း နှင်နိုင်ပြီး ကွန်တိန်နာပေါင်း ၃၀၀၀ ကျော် တင်ဆောင် နိုင်သည့် ကွန်တိန်နာတင် သဘော်များကို တီထွင်ဆောက် လုပ်ခဲ့ကြသည်။ သိပ္ပံနှင့် နည်းပညာများ တိုးတက်လာသည် နှင့်အမျှလျင်မြန်ပြီးပိုမိုသယ်ဆောင်နိုင်မည့်ကွန်တိန်နာတင် သဘော်များ တည်ဆောက်ရန် ကြိုးပမ်းလျက်ရှိသည်။

ထို့ပြင် အကြီးစား ဝန်ချိစက်များမရှိသော အခြေခံဆိပ် များအတွက် ပဲ့ပိုင်းတွင် ကုန်အသွင်းအထုတ် ပြုလုပ်နိုင်မည့် တံခါးတခု စီစဉ်ထားသည့် ကွန်တိန်နာတင် သဘော်များ ကိုလည်း တီထွင်ဆောက်လုပ်ခဲ့သည်။ အဆိုပါတံခါးကို ဖွင့်ချလိုက်ခြင်းဖြင့် ဆိပ်ကမ်းပေါ်မှ၎င်း၊ သဘော်ဝမ်းပိုက် အတွင်းမှ၎င်း ကွန်တိန်နာများကို မော်တော်ယာဉ်ဖြင့် ချိတ်ဆွဲ၍ တိုက်ရိုက်တင်ဆောင်နိုင်သည့်ပြင် သာမန် ကုန် ပစ္စည်းများနှင့်အတူ ကွန်တိန်နာများပါ ပူးတွဲ တင်ဆောင် နိုင်မည့် သဘော်များလည်းတီထွင်ဆောက်လုပ်ထားသည်။

အကျိုးသက်ရောက်မှုများနှင့် အခက်အခဲများ

ကွန်တိန်နာများဖြင့် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်

ပေးခြင်းဖြင့် ရရှိသည့် အဓိက အကျိုးကျေးဇူးများမှာ အချိန်နှင့် စရိတ်စက သက်သာခြင်း (၅၀ ရာခိုင်နှုန်းခန့်) ကုန်ပစ္စည်း ပျက်စီးဆုံးရှုံးမှု နည်းပါးခြင်းနှင့် ကာယလုပ် အား လျော့ပေါ့အသုံးချရခြင်းတို့ ဖြစ်သည်။

ယင်းသို့ အကျိုးသက်ရောက်မှုများရှိသကဲ့သို့ အခက် အခဲများလည်းရှိသည်။ အဓိကအခက်အခဲနှစ်ရပ်မှာ အ ကောက်ခွန် စစ်ဆေးရေးနှင့် အလုပ်လက်မဲ့ ပြဿနာ ကြီးထွားနိုင်ခြင်းတို့ ဖြစ်သည်။

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ။ ။(ဗိုင်ယာနိုင်ငံ — ရှု။)

ကွန်ဂိုပြည်သူသမ္မတနိုင်ငံ။ ။(၂–၅၀၈—ရှု။)အာ ဖရိကတိုက် ကွန်ဂိုပြည်နယ် များအနက် အရေးပါသော



အလယ် ကွန်ဂိုနယ်ဖြစ် သည်။ အနောက်ဖက် တွင် ဂါဗွန် နိုင်ငံ၊ အ နောက်တောင်ဖက်တွင် အတ္တလန္တိတ် သမုဒ္ဒရာ၊ တောင်ဖက်တွင်ဇိုင်ယာ နိုင်ငံ၊ မြောက်ဖက်တွင် ကမ္မရွန်းနိုင်ငံနှင့် အ လယ်ပိုင်း အာဖရိကအင်ပိုင်ယာနိုင်ငံတို့ရှိသည်။ ၁၉၆၀ ပြည့်နှစ် ဩဂုတ်လ ၁၅ ရက်နေ့တွင် ပြင်သစ်လက်အောက်ခံ ဘဝမှ လွတ်လပ်ရေးရသည်။ပထမဆုံးသမ္မတမှာ ဘုန်းတော် ကြီးအဗ္ဗေဖူးလဗတ်ယောအူလူးဖြစ်သည်။ ၁၉၆၃ ခုနှစ် တွင် သမ္မတယောအူလူးသည် ပြင်သစ် လိုလားရေး လမ်းစဉ်ကို ဆက်လက်ကျင့်သုံးသဖြင့် အလုပ်သမားသမဂ္ဂ အဖွဲ့အစည်း များနှင့် သဘောကွဲလွဲ၍ အထွေထွေ အလုပ်သမား သပိတ် ဖြစ်ပေါ်လာသဖြင့် ယင်းနှစ်ဩဂုတ်လတွင် နုတ်ထွက်လိုက် ရာအမျိုးသားလှုတ်တော်ဥက္ကဋ္ဌအယ်လဖွန်စိမတ်ဆမ်ဗာဒီဗာ ခေါင်းဆောင်သည့် ယာယီအစိုးရသစ်ကို ဖွဲ့စည်းသည်။ ထိုနှစ်ဒီဇင်ဘာလ ဂ ရက်နေ့တွင် အထွေထွေရွေးကောက်ပွဲ ကျင်းပရာ မတ်ဆမ်ဗာဒီဗာသမ္မတအဖြစ် အရွေးခံရသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်လည်း စတင်အာဏာတည်သည်။ မတ်ဆမ်ဗာဒီဗာအစိုးရသည် ဆိုရှယ်လစ်လမ်းစဉ်ကိုကျင့်သုံး၍ ကမ္ဘာ့ဆိုရှယ်လစ်နိုင်ငံများနှင့်သံတမန်ဆက်သွယ်သည်။

၁၉၆၈ ခုနှစ်တွင် ပြည်တွင်းမငြိမ်မသက် ဖြစ်လာရုံမက အာဏာသိမ်းရန် ကြံစည်မှုများ ဖြစ်ပေါ်ခဲ့သည်။ သမ္မတ မတ်ဆမ်ဗာဒီဗာကိုယ်တိုင်အဖမ်းခံရသဖြင့် ဗိုလ်မှူး မရီယင် ဂူအာဗီခေါင်းဆောင်သော တပ်မတော်အရာရှိများ ပါဝင် သည့် အမျိုးသားတော်လှန်ရေးကောင်စီက နိုင်ငံအာဏာကို

သိမ်းပိုက်လိုက်သည်။ ၁၉၆၉ ခုနှစ်ဒီဇင်ဘာလတွင် ကွန်ဂို အလုပ်သမားပါတီကို ဖွဲ့စည်းပြီးနောက် ကုန်ဂိုပြည်သူ့သမ္မတနိုင်ငံဟူ၍ အမည်ပြောင်းလဲလိုက်သည်။ ၁၉၇၀ ပြည့်နှစ် ဇန္နဝါရီလတွင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲပြဋ္ဌာန်းသည်။ ၁၉၇၃ ခုနှစ် ဇွန်လတွင် ယင်းအခြေခံဥပဒေကို ပြင်ဆင်ရေးဆွဲ အတည်ပြုလိုက်ရာ ကွန်ဂိုပြည်သူ့သမ္မတနိုင်ငံကို ကိုယ်စားလှယ် ၁၁၅ ဦးပါဝင်သည့် အမျိုးသားပြည်သူ့လွှတ်တော်တရပ်နှင့် နိုင်ငံတော်အမြင့်ဆုံးအာဏာပိုင်အဖွဲ့အစည်းဖြစ်သည့် နိုင်ငံတော်ကောင်စီတို့ကို ဖွဲ့စည်း၍ အုပ်ချုပ်ခဲ့သည်။

၁၉၇၅ ခု ဇန္နဝါရီလတွင် ဗိုလ်မှူး မရီယင်ဂူအာဗီအား သမ္မတအဖြစ်၎င်း၊ ဟင်နရီလူိအား ဝန်ကြီးချုပ်အဖြစ်၎င်း ဒုတိယအကြိမ်တင်မြှောက်ကြသည်။ ထိုနှစ်ဒီဇင်ဘာလတွင် ဝန်ကြီးချုပ် ဟင်နရီလူိအား နိုင်ငံအုပ်ချုပ်ရေး၊ စီးပွားရေးကျဆင်းမှုကို အကြောင်းပြု၍ ဖြုတ်ချကာ လွှဲဆီလဗီယင် ဂိုမားအားဝန်ကြီးချုပ်အဖြစ် တင်မြှောက်ကြသည်။

ခမာနိုင်ငံ။ ။(ကမ်ပူးချားနိုင်ငံ၊ဒီမိုကရက်တစ်—ရှု။)

ခရီးသွားလာရေးလုပ်ငန်း။ ။ခရီးသွားလာရေးလုပ်ငန်း ဆိုသည်မှာ မိမိဇာတိရပ်မြေတွင် နေထိုင် စားသောက်လုပ်ကိုင်နေရာမှ တရပ်တကျေးသို့ ခေတ္တခဏ သွားရောက်လည်ပတ်နေစဉ်အတွင်း လှုပ်ရှားသွားလာသော အမှုတို့နှင့် စပ်လျဉ်းသည့် လုပ်ငန်းဖြစ်သည်။ နိုင်ငံအများသည် ထိုလုပ်ငန်းကိုမှီ၍ စီးပွားတက်သည်။အလုပ်အကိုင်ဖွံ့ဖြိုးသည်။

ရှေးအခါက ကျွန်ုပ်တို့သည် ခရီးသွားလာရေး၌ ဆင်မြင်း၊ကျွဲ၊နွား၊ကုလားအုပ် စသည်တို့ကို၎င်း၊ လှည်းရထား စသည် တို့ကို၎င်း၊ လှေ၊ သမ္ဗန်၊ ကတ္တား၊ ရွက်သင်္ဘော စသည်တို့ကို၎င်း အသုံးပြုခဲ့ကြသည်။ ကျောက်မီးသွေးနှင့် ရေနွေးငွေ့အင်အား ပေါ်ပေါက်လာသောအခါ ပင်လယ်ရပ်ခြားသို့ မီးသင်္ဘောများဖြင့်ဖြစ်စေ၊ မီးရထားဖြင့် ဖြစ်စေ ခရီးသွားနိုင်ကြသဖြင့် ခရီးပို၍တွင်လာသည်။ ဤအကြောင်းတရားတို့ကြောင့် ကမ္ဘာအရပ်ရပ်သို့ ခရီးသွားလာခြင်း လုပ်ငန်းသည် ပို၍ ဖွံ့ဖြိုးတိုးတက်လာလေသည်။

ဤကဲ့သို့သော ခေတ်ကာလတွင် ကမ္ဘာလှည့်ခရီး ကိုယ်စားလှယ် လုပ်ငန်းကို လက်မှုန်မဆ တည်ထောင်သော အင်္ဂလိပ်လူမျိုး သောမတ်ကွတ်(၁၈၀၈–၁၈၉၂)ထွန်းကားသည်။ ထိုပုဂ္ဂိုလ်သည် မီးရထားခရီးသည် ကိုယ်စားလှယ်လုပ်ငန်းကို ဆောင်ရွက်စဉ် ၁၈၄၁ ခုနှစ် ဇူလိုင်လ ၅ ရက်နေ့၌ လက်စတာမြို့မှ လပ်ဗဟာရာမြို့သို့ မီးရထား အသွားအပြန် ခရီးသည် ၅၇၀ ကို ကိုယ်စားလှယ်ခံ၍ ပို့ပေးရာမှစ၍ အောင်မြင်သည်။ ထိုမှတဖန် လန်ဒန်မြို့နှင့် ဥရောပတိုက် မြို့များတွင် ကျင်းပသော စက်မှုလက်မှုပြပွဲများသို့ ကိုယ်စားလှယ်ခံ၍ ခရီးသည်များကို ပို့ပေးသည်။ ထိုနောက်၌လည်း ၁၈၆၅–၆၆ ခုနှစ်အတွင်းဝယ် အင်္ဂလန်မှ အမေရိကန်သို့ ခရီးသည်များကို ပို့ပေးသည်။ ၁၈၆၇ ခုနှစ်တွင် ကူပွန်လက်မှတ်ဖြင့် ဟိုတယ်၌ တည်းခိုနိုင်သော စနစ်ကို၎င်း၊ ၁၈၇၉ ခုနှစ်တွင် နိုင်ငံခြားငွေ လဲလှယ်ရေး၌ လှယ်ကူသော စနစ်ကို၎င်း တီထွင်ပေးရာ မျှားစွာအောင်မြင်သည်။ ထို့ကြောင့် သောမတ်ကွတ်နှင့် သားများဟူသော အမည်ဖြင့် ခရီးသည်ကိုယ်စားလှယ်လုပ်ငန်း ကုမ္ပဏီကို တည်ထောင်ရာ ထိုကုမ္ပဏီ၏ အမည်မှာ ယနေ့တိုင် ကမ္ဘာပေါ်တွင် ထင်ရှားကျော်စောလျက် ရှိသည်။

စက်မှုတော်လှန်ရေး ခေတ်သို့ ရောက်လာသောအခါ လုပ်ငန်းမှအနားယူ၍ အပန်းဖြေခြင်း ဟူသော သဘောအဓိပ္ပါယ်ကို မျှားစွာ နားလည်လာကြသည်။ ဟိုတယ်များ၊ ရေပူစမ်း စခန်းများ၊ ပင်လယ်ကမ်းခြေစခန်းများ၊ ဆီးနှင်းကျရာ တောင်ခြေတောင်ထွတ် စခန်းများသည်လည်း အနှံ့အပြား ပေါ်ပေါက်သည်။ ထိုအခါ မူလက အလုပ်အကိုင်နှင့် ခရီးထွက်ကြသူများကို ပဓာန ထားသော သောမတ်ကွတ်နှင့် သားများသည် အနားယူ အပန်းဖြေရန် အပျော်ခရီးထွက်သူများအတွက်လည်း ဂရုတစိုက် ဆောင်ရွက်ပေးလာသောကြောင့် ကမ္ဘာလှည့် ခရီးသွားလာရေးလုပ်ငန်းသည် ကြီးပွားလာလေသည်။

၁၉၂၀–၃၀ ပြည့်နှစ်များ အတွင်းဝယ် ပင်လယ်ကူးသင်္ဘောကြီးများ ခေတ်စားသည်။ အနယ်နယ် အရပ်ရပ်တို့၌ မော်တော်ကားလမ်းဖောက်သည်။လေကြောင်းခရီးသည်လည်း ဖြောင့်ဖြူးသာယာလာသည်။ ထိုအခါ မိမိတို့လိုရာခရီးသို့ အစုအသင်းဖွဲ့၍ ခရီးထွက်ကြသောမလေ့ ထွန်းကားသည်။ ဤသည်တွင် ခရီးသွားကိုယ်စားလှယ်လုပ်ငန်းများ ကြီးပွား တိုးတက်လာသည်။ နိုင်ငံအစိုးရ တို့ကပင် လျှင် ယင်းခရီးသွားလာရေးဆိုင်ရာ လုပ်ငန်းကို ဂရုဓမ္မပြုလာကြသည်။ အထူးသဖြင့် ဥရောပတိုက်တွင် ဒုတိယကမ္ဘာစစ်ကြီးကြောင့် စီးပွားရေး ပျက်ပြားခဲ့သည်ကို ပြန်လည်ထူထောင်ရန် အလို့ငှာ နိုင်ငံခြားငွေ ရရာရကြောင်း ဖြစ်သော ခရီးသွားလာရေးလုပ်ငန်းကို အစိုးရများကိုယ်တိုင် အထူးဂရုစိုက်၍ ပြုစု ပျိုးထောင် ပေးလာကြသည်။ မာရှယ်စီမံကိန်းမှရသော အကူအညီတို့ကို ယင်းလုပ်ငန်း၌ အသုံးချလာကြသည်။ စစ်ကြောင့် စိတ်ဓာတ်ယိုယွင်း ပျက်ပြားနေသော လူအများသည် စစ်ကိုမေ့ပျောက်ရန် အလို့ငှာ ပြည်တွင်းမှပြည်ပသို့ ခရီးထွက်ကြသည်။ အထူးသဖြင့် ၁၉၆၀ ပြည့်နှစ် အတွင်းဝယ် အမေရိကန်နှင့် ဥရောပတိုက်မှ ခရီးသည်များသည် အာရှနှင့် အာဖရိကတိုက်တို့သို့ ခရီးထွက်ကြသည်မှာ များပြားလှသည်။ ၁၉၆၃ခု နှစ်တွင်



မြန်မာနိုင်ငံရောက် ကမ္ဘာလှည့် နိုင်ငံခြားခရီးသည်များ

ကုလသမဂ္ဂ ကမ္ဘာလှည့် ခရီးသွားလာရေးလုပ်ငန်းကွန်ဖရင့်ကို ရောမမြို့တွင် ဖွင့်လှစ်ရာ နိုင်ငံတကာမှ အစိုးရကိုယ်စားလှယ်များကိုယ်တိုင် တက်ရောက်၍ လုပ်ငန်းဆိုင်ရာ ကြီးပွားရေးလမ်းစဉ်များကို ရှာဖွေချမှတ်ကြသည်။ ၁၉၆၇ ခုနှစ်ကို ကမ္ဘာလှည့်ခရီးလုပ်ငန်းနှစ်ဟူ၍ပင် ကုလသမဂ္ဂက ချမှတ်ပေးသည်။

၁၉၆၀ ပြည့်နှစ်တွင် ခရီးသည် ဦးရေသည် ၇၁ သန်းကျော်ရှိခဲ့ရာမှ ၁၉၆၅ ခုနှစ်တွင် ၁၁၅ သန်းခွဲအထိ တိုးလာပြီးလျှင် ၁၉၇၀ ပြည့်နှစ်တွင် ၁၆၉ သန်းဖြစ်လာခဲ့သည်။ ထိုကဲ့သို့ တိုးလာသော ကာလအတွင်း ထိုလုပ်ငန်းမှ ဝင်ငွေသည် ၁၉၆၀ ပြည့်နှစ်တွင် အမေရိကန် ဒေါ်လာသန်းပေါင်း ၆,၈၀၀ မှ ၁၉၇၁ ခုနှစ်တွင် သန်းပေါင်း ၁၈,၀၀၀ ခန့်အထိ တိုးသည်။ ခရီးသွားဦးရေသည် ဥရောပတွင် တကမ္ဘာလုံးအတွက် ခရီးသည် စုစုပေါင်း၏ ၇၄ ဒသမ ၇ ရာခိုင်နှုန်းနှင့် အများဆုံး ဖြစ်သည်။ အမေရိကန်၌ ၁၆ ဒသမ ၁ ရာခိုင်နှုန်းရှိ၍ အာရှနှင့် ဩစတြေးလီးယားတိုက်၌မူ ၃ ဒသမ ၁ ရာခိုင်နှုန်းသာရှိသည်။ ဤကိန်း ဂဏန်းတို့သည် ခရီးသွားလာရေး လုပ်ငန်းဆိုင်ရာ ကမ္ဘာ့စျေးကွက် အခြေအနေကို ဖော်ပြသည်။

မြန်မာနိုင်ငံသည် ကမ္ဘာလှည့်ခရီး လမ်းကြောင်းကျရာ ဒေသဖြစ်သည်။ ရန်ကုန်မြို့နှင့် ဗန်ကောက်မြို့ တို့သည် ကမ္ဘာ့လေကြောင်း လမ်းမကြီး၏ ဆုံရာနေရာများ ဖြစ်ကြသည်။ ပို့ဆောင်ရေးအခြေအနေလည်း ကောင်းသည်။ တည်းခိုစရာ နေရာထိုင်ခင်းလည်း ကောင်းသည်။ ခရီးသည်တို့ကို လာချင်အောင် ဆွဲဆောင်သော အခြင်းအရာတို့နှင့်လည်း ပြည့်စုံသည်။ သဘာဝရှုခင်းနှင့် ရာသီဥတု အခြေအနေသည် လှပတင့်တယ် သာယာသည်။ အနုပညာနှင့် ဗိသုကာပညာဆိုင်ရာ ပစ္စည်းများပေါများသည်။ ယဉ်ကျေးမှုဆိုင်ရာ ပွဲတော်လည်း အမျိုးမျိုးရှိသည်။ မြန်မာတို့၏ ဧည့်ဝတ်ကျေပွန်ခြင်းမှာ ခရီးသည်တို့၏ ဘဝင်ကိုခိုက်သည်။ ပုဂံဘုရား စသော သမိုင်းကြောင်းဆိုင်ရာ ရှေးဟောင်းအဆောက်အဦများ သည်လည်း ခရီးသည်တို့ အလွယ်တကူ ပေါက်ရောက်နိုင်သော ဒေသများဖြစ်သည်။ ရန်ကုန်မြို့မှနေ၍ လေကြောင်းဖြင့် ပုဂံ၊ မန္တလေး၊ တောင်ကြီးသို့ တပတ်ပတ်ပြီးလျှင် ရန်ကုန်သို့ပင် ပြန်လာနိုင်သည်။ ယင်းကဲ့သို့ လေယာဉ်ဖြင့် ခရီးတပတ်ပတ်ရင်း ပုပ္ပား၊ စစ်ကိုင်း၊ မင်းကွန်း၊ မေမြို့၊ အင်းလေး စသော မြို့များတွင် လေ့လာရေးခရီးထွက်နိုင်သည်။ မင်းကွန်းခေါင်းလောင်း၊ စစ်ကိုင်းတောင်ရိုးနှင့် စစ်ကိုင်းဒေသ ငွေထည်လုပ်ငန်း၊ မေမြို့ ရုက္ခဗေဒဥယျာဉ်၊ အင်းလေး လှေတော်သား စသည် တို့မှာ နိုင်ငံခြားသားတို့ကို ဆွဲဆောင်သော အရာများ ဖြစ်သည်။ သံတွဲမြို့အနီး ငပလီကမ်းခြေသည်လည်း ခရီးသည်တို့အပန်းဖြေစရာ နေရာဖြစ်သည်။

ဤကဲ့သို့ နိုင်ငံခြား ခရီးသည်တို့ကို ဆွဲဆောင်နိုင်သော အရည်အချင်း ရှိခြင်းကြောင့် ၁၉၆၀ ပြည့်နှစ်ခန့်တွင် စက်မှုလက်မှုဝန်ကြီးဌာနလက်အောက်၌ ခရီးလှည့်လည်သွားလာမှု ပြန့်ပွားရေးဗျူရိုကို ဖွဲ့စည်းခဲ့ရာ ၁၉၆၅ ခုနှစ်တွင် ယင်းမှတဆင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဟိုတယ်နှင့် ခရီးသွားလာရေး ကော်ပိုရေးရှင်း ပေါ်ပေါက်လာသည်။ ယင်းကော်ပိုရေးရှင်း၏ လုပ်ငန်းကို အထောက်အပံ့ အကူအညီပေးသော မြန်မာနိုင်ငံ လေကြောင်းပို့ဆောင်ရေး ကော်ပိုရေးရှင်းသည် ကမ္ဘာလှည့်ခရီးသည် သတင်းပြန်ကြားရေးဌာနကို ဖွင့်လှစ်၍ ခရီးသွား ကိုယ်စားလှယ် လုပ်ငန်းကို ဆောင်ရွက်ပေးသည်။

၁၉၆၄ ခုနှစ်မှစ၍ ကမ္ဘာလှည့်ခရီးသည်များ အတွက် ပြည်ဝင်ဗီဇာကို ၂၄ နာရီသာ ခွင့်ပြုသည်။ ၁၉၆၉ ခုနှစ်တွင် ပြည်ဝင်ဗီဇာကာလကို သုံးရက်တိုးမြှင့်ပေးပြီးနောက် ၁၉၇၀ ပြည့်နှစ်တွင် ခုနစ်ရက်တိုးမြှင့် ပေးလိုက်ပြန်သည်။ မြန်မာ နိုင်ငံသို့ ဝင်ရောက်သော ခရီးသည် ဦးရေသည် ၁၉၆၅ ခုနှစ်၌ ၅,၈၃၄ ယောက်ရှိသည်။ ၁၉၇၀ ပြည့်နှစ်တွင် လူဦးရေ ၇,၅၄၆ အထိ တိုးလာပြီးလျှင် ၁၉၇၁ ခုနှစ်၌ကား ၁၁,၅၂၉ ယောက် ဖြစ်လာသည်။ ၁၉၇၆ ခုနှစ် ခရီးသည်ဦးရေကား ၁၈,၅၈၀ ဖြစ်သည်။ ၁၉၇၁ ခုနှစ်တွင် ခရီးသွားလာရေး လုပ်ငန်းမှ ဝင်ငွေသည် ကျပ် ၄၈ သိန်းဖြစ်သည်။ ၁၉၇၃ ခုနှစ်တွင် ၁၄၈ သိန်းခွဲနီးပါးအထိ ဝင်ငွေတိုးသည်။ ၁၉၇၅ ခုနှစ်တွင် ဝင်ငွေမှာ ၁၄၉ သိန်း

နီးပါးမျှဖြစ်သည်ကို အကဲခပ်ကြည့်လျှင် မြန်မာနိုင်ငံ၏ ခရီးသွားလာရေးလုပ်ငန်းမှာ ရွှေသို့ ဆက်လက်၍ ကြီးပွားတိုးတက်လာစရာ များစွာရှိနေသည်။

၁၉၇၆ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ဝင်ရောက်လည်ပတ်ကြသော ခရီးသည်ဦးရေ ၁၀,၅၈၀ ကို ဒေသအလိုက်ခွဲခြားကြည့်လျှင် မြန်မာနိုင်ငံ ခရီးသွားလာရေးလုပ်ငန်း ဈေးကွက်ပမာဏကို တွေ့ရမည်။

ခရီးသည်စာရင်း
(၁၉၇၆)

မြောက်အမေရိကတိုက်	၃,၄၉၀
လက်တင်အမေရိက	၈၁
အနောက်ဥရောပ	၆,၁၂၂
အရှေ့ဥရောပ	၅၈
အာဖရိကတိုက်	၁၁
အရှေ့အလယ်ပိုင်းဒေသ	၁၁၆
အာရှတိုက်	၃,၄၅၁
ဩစတြေးလီးယားနှင့် နယူးဇီလန်	၂,၂၄၃
	၁၀,၅၈၀

မြန်မာနိုင်ငံသို့ လာရောက် လည်ပတ်ကြသူများတွင် အမေရိကန်၊ အနောက်ဂျာမနီ၊ ပြင်သစ်၊ အင်္ဂလိပ်၊ ဂျပန်နှင့် ထိုင်းအမျိုးသား ဦးရေသည် အခြားအမျိုးသားတို့ထက် ပိုများသည်။ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတို့တွင်ကမ္ဘာ့ခရီးသွားလာရေးလုပ်ငန်းအတွက် ပညာဌာနများ ဖွင့်လှစ်၍ သုတေသနလုပ်ငန်း၊ စာတန်းပြုစုခြင်း၊ ပြခန်း ဖွင့်လှစ်ခြင်း၊ စာရွက်စာတန်း ထုတ်ဝေခြင်းတို့ကို ပြုလုပ်နေကြသည်။ အနောက် ဘာလင်မြို့တွင် နှစ်စဉ် မတ်လဆန်းတိုင်း စာတန်း ဖတ်ပွဲများ ကျင်းပလာခဲ့ရာ ၁၉၇၇ ခုနှစ်တွင် ၁၀ နှစ်ပြည့်ပြီ ဖြစ်သည်။

ခါခါဘိုရာဇီတောင်။ ။ခါခါဘိုရာဇီတောင်သည် မြန်မာနိုင်ငံတွင် အမြင့်ဆုံးတောင် ဖြစ်သည်။ မြန်မာနိုင်ငံအနောက်မြောက်ပိုင်း တိဗက်–မြန်မာနယ်စပ်အနီးတွင် ရှိသည်။ မြောက်လတ္တီတွဒ် ၂၇° ၁၈′နှင့် အရှေ့လောင်ဂျီတွဒ် ၉၇° ၃၂′အကြား မြန်မာနိုင်ငံအနောက်မြောက်ပိုင်း တိဗက်–မြန်မာနယ်စပ်တွင် တည်ရှိသည်။ အမြင့်ပေ ၁၉,၂၉၆ ရှိပြီး တနှစ်ပတ်လုံး ဆီးနှင်းများဖုံးလွှမ်းလျက်ရှိသည်။ တိဗက်နှင့် မြန်မာနိုင်ငံ နယ်နိမိတ်အဖြစ်လည်း ပိုင်းခြားထားသည်။ တိဗက်နယ်စပ်နှင့် နှစ်မိုင်ခန့်သာ ဝေးသည်။ မချမ်းဘော မြို့၏ အနောက်မြောက်ဖက် မိုင် ၈၀ ကျော်တွင်ရှိသည်။

ခါခါဘိုရာဇီဆိုသည်မှာ တိဗက်အမည်ဖြစ်သည်။ တိဗက် ဘာသာစကားအရ "ခါ"ဆိုသည်မှာ နှင်း ဖြစ်ပြီး "ခါဘို" ဆိုသည်မှာ အဖြူ ဟု အဓိပ္ပါယ်ရသည်။ ထို့ကြောင့် မြန်မာလို နှင်းဖြူတောင်ဟု အဓိပ္ပါယ်ကောက်ယူနိုင်သည်။ ၁၉၂၃ ခုနှစ်တွင် အိန္ဒိယမြေတိုင်းအဖွဲ့တဖွဲ့ ပူတာအိုမြို့ မြောက်ပိုင်းသို့ လုပ်ငန်းသဘောအရ ရောက်ရှိခဲ့ရာ၌ ခါခါဘိုရာဇီတောင်ကို ပထမဦးဆုံး တွေ့ရှိခဲ့သည်။ ခါခါဘိုရာဇီတောင်ကြောတလျှောက်၌ ထင်းရူး၊ ဝက်သစ်ချ၊ မေပယ်၊ ရှိဒိုဒင်ဒရမ်ခေါ် တောင်မြင့်ဇလပ်၊ ပရိမ္မူလာ၊ လီလီ၊ မြေကပ်သစ်ခွစသော အပင်မျိုးကို တွေ့ရသည်။ ထိုဒေသ ရောဝါပြင်အောက်တွင်လည်း အသက်ရှည်ဆေးဟုနာမည်ကျော်သော မချစ်ဥခေါ် ဂမုန်းကြက်သွန်ဖြူများကိုလည်း တွေ့ရသည်။ သားမင်ခေါ် တာကင်ကောင်၊ ကဒိုးကောင်နှင့် တောင်ဆိတ်များကို ခါခါဘိုရာဇီ တောင်၌ တွေ့ရသည်။ ခါခါဘိုရာဇီတောင်ကြောတလျှောက်တွင် တိဗက်လူမျိုးများအပြင် ထလုနှင့် ထရုန် လူမျိုးများလည်း နေထိုင်ကြသည်။

ချူတေး (ခရစ် ၁၈၀၆–၁၉၇၆)။ ။တရုတ်တပ်နီတော်သေနာပတိချုပ်၊ တရုတ်ပြည် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဝင် နိုင်ငံလုံးဆိုင်ရာ ပြည်သူ ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ စသည့် မြင့်မားများပြားလှသော တာဝန်များကို အသက် ၉၀ အရွယ်အထိ မနေမနား ကြိုးပမ်းဆောင်ရွက်ခဲ့သူ ချူတေးကို ၁၈၀၆ ခုနှစ် နိုဝင်ဘာလ ၃၀ နေ့(အချို့က ဒီဇင်ဘာလ ၁၂ ရက်)တွင် ကွင်ချီချမ် ပြည်နယ် အီလန်းဘင်မြို့အနီး ယင်လွန်းဆိုင်ရွာတွင် ဆင်းရဲသော မိဖနှစ်ဦးမှ မွေးဖွားသည်။

ချူတေးသည် ရွာကျောင်းလေးတကျောင်းတွင် စတင်ပညာသင်ကြားခဲ့ရသည်။ထိုနောက် မြေရှင်တင်၏ ကိုယ်ပိုင်မိသားစု ကျောင်း၌၎င်း၊ တာဝမ်သို့ ပြောင်းရွှေ့၍ဘီပင်အန်၏ ကျောင်း၌၎င်း၊ ရွှန်ချင်း ခေတ်ပညာသင်ကျောင်း၌၎င်း ပညာသင်ကြားသည်။



တရုတ်တပ်နီ သေနာပတိချုပ် ချူတေး

၁၉၀၆ခုနှစ်တွင် အနောက် နိုင်ငံဝိဇ္ဇာဘွဲ့နှင့် တူညီသော အီလန်းဆင် အစိုးရစာမေးပွဲကို ဖြေဆိုအောင်မြင်၍ ချင်တူးအထက်

တန်းဆရာအတတ်သင် ကျောင်းတွင် ကာယပညာသင် ယူသည်။ ထိုကျောင်းမှ အောင်မြင်သည့် အခါသူငယ်ချင်း များး စုပေါင်းတည်ထောင်သော အီလန်းဆင်ကျောင်းသစ် တွင် ကာယပညာဆရာ ဝင်ရောက်လုပ်ကိုင်စဉ်ရှေးဟောင်း အယူအဆရှိသူများ၏ တိုက်ခိုက်ခြင်းကို ခံရပြီးရုံးတင်၍ မကြာခဏတရားစွဲဆိုခြင်း ခံခဲ့ရသည်။

၁၉၀၉ ခုနှစ်တွင် ယူနန်စစ်တက္ကသိုလ်တွင် တက်ရောက် သင်ကြားခဲ့ရာ ၁၉၁၁ ခုနှစ်တွင် ဘွဲ့ရရှိ၍ ဒုဗိုလ်ဖြစ်လာ သည်။ ဗိုလ်မှူးချုပ် ဆိုင်နိုခေါင်းဆောင်ပြီး ယူနန်ဖူးတွင် သမ္မတနိုင်ငံဂိုဏ်းက ပုန်ကန်သည့်အခါ တွန်မင်ဝို့ သမ္မတ ဂိုဏ်းဝင် ချူတေးသည် ကော်မရှင် ဗိုလ်ကြီး ဖြစ်လာပြီး ဇီချမ်သွး တော်လှန်ရေးတပ်ကြီးတွင်ပါဝင်လိုက်ပါခဲ့သည်။

ပထမဆုံး ယာယီသမ္မတ ဒေါက်တာ ဆွန်ယက်ဆင်နေ ရာတွင် ယွမ်ရှိကိုင်တက်လာသည့်အခါချူတေးသည် ဗိုလ်မှူး အဆင့် ရောက်ရှိလာပြီး ယူနန် စစ်တက္ကသိုလ်တွင် ဆရာ အဖြစ် ဆောင်ရွက်နေသည်။ တွန်မင်ဝို့ သမ္မတနိုင်ငံ ဂိုဏ်းဟောင်းမှ ကူမင်တန်သို့ ကူးပြောင်းဝင်ရောက်ခဲ့သည်။ ၁၉၁၅ ခုနှစ်တွင် အမှတ် ၁၀ ယူနန် တပ်ရင်းကြီးကို အုပ် ချုပ်ရသည့် ဗိုလ်မှူးကြီးအဖြစ်ခန့်အပ်ခြင်းခံရပြီး ယွမ်ရှိကိုင် အုပ်ချုပ်မှုကို ဖြိုချသည့် ဗိုလ်မှူးဆိုင်နို၏ ဇီချမ် စစ်ဆင် ရေးတွင် ပါဝင်ခဲ့သည်။ စစ်ဆင်ရေး အောင်မြင်သည့်အခါ ချူတေးသည် ဗိုလ်မှူးချုပ်ဖြစ်လာသည်။

ချူတေးသည် ခေါင်းဆောင်ဖြစ်သူ ဗိုလ်ချုပ်ဆိုင်နို ကွယ်လွန်သွားပြီး၊ စစ်ဘုရင်များ လွှမ်းမိုးလာသဖြင့် ၁၉၂၂ ခုနှစ်တွင် ယူနန်နယ်မှ ရှန်ဟဲမြို့သို့ လျှိုဝှက်ထွက်ပြေးလာခဲ့ သည်။ ထိုနှစ် စက်တင်ဘာလတွင် ချူတေးသည် ပြင်သစ် သဘော် အယ်လဂျီးယားဖြင့် ဥရောပသို့ မိတ်ဆွေများနှင့် အတူ ထွက်ခဲ့သည်။ ပြင်သစ်မှ ဂျာမနီနိုင်ငံ ဘာလင်မြို့သို့ သွားရောက်ခဲ့ပြီး ချူအင်လိုင်းနှင့် တွေ့ဆုံဆွေးနွေးရာမကြာ မီ ကွန်မြူနစ်ပါတီက သူ့ကို လျှိုဝှက်စွာ လက်ခံလိုက်သည်။

ချူတေးသည် ဂျာမနီပြည် ဂေါ့တင်းဂျင် တက္ကသိုလ် နိုင်ငံရေးနှင့် သိပ္ပံ မဟာဌာနတွင် တက်ရောက်သင်ကြား သည်။ ဘာလင်မြို့တွင် ကူမင်တန်အဖွဲ့ခွဲ တည်ထောင်၍ ဂျာမန် အလုပ်သမားအစည်းအဝေးများတွင် တက်ရောက် ဆွေးနွေးခဲ့သည်။ ချူအင်လိုင်းနှင့်အတူ ချင်ချီချောင်ကန် အပတ်စဉ် နိုင်ငံရေး စာစောင်ထုတ်ဝေခဲ့သည်။

ချူတေးသည် ဗူလဂေးရီးယားတော်လှန်ရေးကိုအကြမ်း ဖက် ဖိနှိပ်သဖြင့် ကန့်ကွက်သည့် အစည်းအဝေးတွင် တက် ရောက် စကားပြောဆိုသဖြင့် နှစ်ကြိမ်တိုင် ဂျာမန် ပုလိပ် များ၏ ဖမ်းဆီးခြင်း ခံရသည်။ ၁၉၂၆ ခုဇွန်လလယ်တွင် ကျင်းပသော ဘာလင်လူထု အစည်းအဝေးသို့ တက်ရောက် စဉ် ဂျာမန်အစိုးရက ဖမ်းဆီး၍ ပြည်နှင်ဒဏ် ပေးခဲ့သည်။

တရုတ်ပြည်သို့ ပြန်ရောက်သည့်အခါ ဇီချမ်နန်ချန် စစ်ကျောင်းအုပ်နှင့် ပုလိပ်မင်းကြီးအဖြစ် ခန့်အပ်ခြင်း ခံရသည်။ ၁၉၂၇ ခုနှစ် ကျင်ကန်းတောင် ကွန်မြူနစ်ပါတီ ကွန်ဖရင့်မှ စစ်ရေးနှင့် နိုင်ငံရေး သေနင်္ဂဗျူဟာ ငါးရပ် ချမှတ်၍ အမှတ် ၄ တပ်နီတော်ပြန်လည် ဖွဲ့စည်းသည့်အခါ ချူတေးကို တပ်မှူးချုပ်အဖြစ်ရင်း၊ မော်စီတုံးကို နိုင်ငံရေး မှူးချုပ်အဖြစ်ရင်း ရွေးကောက်တင်မြှောက်ခဲ့ကြသည်။

၁၉၄၉ ခု အောက်တိုဘာလတွင် တရုတ်ပြည်သူသမ္မတ နိုင်ငံ တည်ထောင်သည့်အခါ ချူတေးသည် ဗဟိုပြည်သူ အစိုးရအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ၊ ဗဟိုပြည်သူ စစ်ကော်မရှင် ဒုတိယ ဥက္ကဋ္ဌနှင့် တရုတ်ပြည်သူ လွတ်မြောက်ရေး တပ် မတော် သေနာပတိချုပ်အဖြစ် တင်မြှောက်ခြင်း ခံရသည်။

ချူတေးသည် ၁၉၅၄ ခုနှစ်တွင် ကျင်းပသော ပထမ အကြိမ် နိုင်ငံလုံးဆိုင်ရာ ပြည်သူကွန်ဂရက်မှ တရုတ်ပြည်သူ သမ္မတနိုင်ငံ ဒုတိယ ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက် ခြင်းခံရပြီး နိုင်ငံတော် ကာကွယ်ရေး ကောင်စီ ဒုတိယ ဥက္ကဋ္ဌအဖြစ်လည်း ခန့်အပ်ခြင်းခံရသည်။ ဒုတိယ၊ တတိယ၊ စတုတ္ထအကြိမ်မြောက် နိုင်ငံလုံးဆိုင်ရာ ပြည်သူကွန်ဂရက် များတွင်လည်း အမြဲတမ်းဥက္ကဋ္ဌအဖြစ်ရွေးချယ်တင်မြှောက် ခြင်း ခံခဲ့ရ၏။

တရုတ်ပြည် မဟာပစ္စည်းမဲ့ ယဉ်ကျေးမှုတော်လှန်ရေး ကာလ သမ္မတ လူရှောက်ချီ ပြုတ်ကျသွားသည့်နောက် သမ္မတ ရာထူးမထားသည့်အခါ နိုင်ငံလုံးဆိုင်ရာ ပြည်သူ ကွန်ဂရက် အမြဲတမ်း ကော်မတီ ဥက္ကဋ္ဌ ဖြစ်သောရဲဘော် ချူတေးသည် ကွယ်လွန်ခါနီးအထိ ယင်းတာဝန်ကို ထမ်း ဆောင်သွားခဲ့ရသည်။

တရုတ်ပြည် လွတ်မြောက်ရေး တပ်မတော် ဖခင်ကြီး ရဲဘော်ချူတေးသည် အသက် ၉၀ အရွယ် ၁၉၇၆ ခု ဇူလိုင် လ ၆ ရက်နေ့၌ ပီကင်းမြို့တွင် ကွယ်လွန်ခဲ့လေသည်။

ချူအင်လိုင်း (ခရစ် ၁၈၉၉ – ၁၉၇၆)။ ။(၂–၅၁၇ — ရှု။) တရုတ်ပြည်သူ သမ္မတနိုင်ငံကို ထူထောင်ချိန် ၁၉၄၉ ခုနှစ်မှစ၍ ကွယ်လွန်ချိန်အထိ ချူအင်လိုင်းသည် ဝန်ကြီးချုပ်အဖြစ် ဆောင်ရွက်ခဲ့လေသည်။ နိုင်ငံတကာ ဆက်ဆံရေးအတွက် ချူအင်လိုင်းသည် နိုင်ငံတကာ လှည့် လည် သွားလာဆွေးနွေးခဲ့သည်။

၁၉၅၆ ခုနှစ်ကျင်းပသောရုရှကွန်မြူနစ်ပါတီ၏ ၂၁ ကြိမ် မြောက် ကွန်ဂရက်သို့ရောင်း၊ ၁၉၆၀ ပြည့်နှစ် နိုဝင်ဘာလ၊ ဒီဇင်ဘာလများအတွင်း ကျင်းပသော ဂဝ နိုင်ငံကွန်မြူနစ် ပါတီများ၏ အစည်းအဝေးသို့ရောင်း၊ ၁၉၆၁ ခုနှစ် အောက်တို ဘာလ၌ ကျင်းပသော ရုရှကွန်မြူနစ်ပါတီ၏ ၂၂ ကြိမ် မြောက် ကွန်ဂရက်သို့ရောင်း ချူအင်လိုင်းတက်ရောက်ခဲ့သည်။

၁၉၅၄ ခုနှစ်နှင့် ၁၉၅၅ ခုနှစ်တို့၌ ကျင်းပပြုလုပ်ခဲ့သည့် ဂျီနီဗာကွန်ဖရင့်နှင့် ဗန်ဒေါင်းကွန်ဖရင့်တို့ကို ပန်ကြီးချူပ် ချူအင်လိုင်း တက်ရောက်ခဲ့သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ၏ ဖိတ်ကြား ချက်အရ ချူအင်လိုင်းသည် ရန်ကုန်မြို့သို့ ၁၉၅၄ ခုနှစ် တွင်တကြိမ်၊ ၁၉၆၀ ပြည့်နှစ်တွင်တကြိမ်၊ ၁၉၆၄ ခုနှစ်တွင် တကြိမ် ချစ်ကြည်ရေးခရီး ရောက်ရှိလာခဲ့သည်။ မြန်မာ တရုတ် နယ်နိမိတ်သဘောတူစာချုပ်နှင့် မကျူးကျော်ရေး စာချုပ်များလည်း ချုပ်ဆိုနိုင်ခဲ့သည်။

၁၉၆၃ ခုနှစ်တွင် ချူအင်လိုင်းသည် အာရှ၊ အာဖရိက ညီလာခံ ကျင်းပရေးနှင့် တရုတ် အိန္ဒိယ နယ်နိမိတ် ပြဿနာ ရှင်းရေးအတွက် အီဂျစ်၊ အယ်လ်ဂျီးရီးယား၊ မိုရိုကိုစသည့် အာဖရိကနိုင်ငံ ၁၀ နိုင်ငံသို့ သွားရောက် ခဲ့သည်။

၁၉၅၄ ခုနှစ် ဗန်ဒေါင်း ကွန်ဖရင့်၌ ချူအင်လိုင်းသည် အာရှအရှေ့ပိုင်းတင်းမာမှုနှင့် တိုင်းဝမ်ဒေသတင်းမာမှုလျော့ ပေါ့ရေး ဆွေးနွေးပြီးနောက် အမေရိကန်တို့နှင့် ဆွေးနွေး ရန် အကြိမ်ကြိမ် အားထုတ်ခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင် ချူအင်လိုင်းက တရုတ် အမေရိက ဆွေးနွေးပွဲ အောင် မြင်ရေးအတွက် အစွမ်းကုန်ကြိုးစားခဲ့သည်။ ချူအင်လိုင်း ၏ ဖိတ်ကြားချက်အရ ၁၉၇၁ ခုနှစ် ဇူလိုင်လ ၉ ရက်နေ့တွင် တကြိမ်၊ အောက်တိုဘာလ ၂၀ ရက်နေ့တွင်တကြိမ် အမေ ရိကန်သမ္မတ၏ အမျိုးသား လုံခြုံရေးကောင်စီ အကြံပေး အရာရှိဟင်နရီကစ်ဆင်းဂျာသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သို့ လာရောက်၍ နိုင်ငံရေးရာများဆွေးနွေးသည်။ ၁၉၇၂ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ချူအင်လိုင်း၏ဖိတ်ကြား ချက်အရ အမေရိကန် သမ္မတ နစ်ဆင်သည် ပီကင်းမြို့သို့ ရောက်ရှိလာသည်။

ချူအင်လိုင်းသည် နိုင်ငံတကာဆက်ဆံရေး အောင်မြင် သည့်နည်းတူ ပြည်တွင်းရေးရာများကိုလည်း စွမ်းစွမ်းတမန် ဆောင်ရွက်ခဲ့သည်။

၁၉၇၃ ခုနှစ် ဩဂုတ်လ ၂၄ ရက်မှ ၂၈ ရက်တွင် တရုတ် ပြည် ကွန်မြူနစ်ပါတီ၏ ၁၀ ကြိမ်မြောက် ကွန်ဂရက်ကို လျှို့ဝှက်စွာ ကျင်းပခဲ့သည်။ ထိုကွန်ဂရက် အပြီးတွင် ချူအင်လိုင်းသည် တရုတ်ပြည် ကွန်မြူနစ်ပါတီကို စနစ် တကျ ပြန်လည်အားဖြည့် တည်ဆောက်ခဲ့သည်။ ယင်း ကွန်ဂရက်ပြီးနောက် ချူအင်လိုင်းသည် ကင်ဆာရောဂါကပ် ရောက်လာသဖြင့် ဆေးရုံတက်ခဲ့ရသည်။ ၁၉၇၄ ခုနှစ် ကုန်ခါနီးတွင် ကျန်းမာရေး အခြေအနေ ကောင်းမွန်လာ သဖြင့် ၁၉၇၅ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်နေ့မှ ၁၇ ရက်ထိ စတုတ္ထအကြိမ် အမျိုးသားပြည်သူကွန်ဂရက်ကို ကျင်းပနိုင် ခဲ့သည်။ထိုကွန်ဂရက်၌ ချူအင်လိုင်းသည်စည်းလုံးညီညွတ်မှု ပိုမိုရရှိစေရန်နှင့် ပွင့်လင်းဖြောင့်မတ်စေရန် တင်ပြခဲ့သည်။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် တင်သွင်းခဲ့သည်။

ပြည်သူ့ကွန်ဂရက် ကျင်းပပြီးနောက်ပိုင်းတွင် ချူအင် လိုင်း၏ သြဇာနှင့်ဂုဏ်သတင်းသည် တရုတ်ပြည်တွင်းသာ မက နိုင်ငံတကာတွင်ပါ ကျော်ကြားလာသည်။ ကျန်းမာ ရေးလည်း ထပ်မံ ချွတ်ယွင်းလာသောကြောင့် ဆေးရုံပြန် တက်ခဲ့ရသည်။ ချူအင်လိုင်းသည် ကင်ဆာရောဂါကြောင့် သေမင်းနှင့် စစ်ခင်းရင်း တိုင်းပြည်အကျိုး၊ လူမျိုးအကျိုး အတွက် လူတန်းစားအသိရှိရှိ တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၇၆ ခုနှစ် ဇန်နဝါရီလ ၈ ရက်နေ့တွင် တရုတ်ပြည်သူ သမ္မတနိုင်ငံ၏ အမျိုးသားခေါင်းဆောင်ကြီး ချူအင်လိုင်း ကွယ်လွန်လေသည်။

ချက်ပလင်,ချာလီ(ခရစ် ၁၈၈၉–၁၉၇၇)။ ။(၂–၃၅၅—ရှု။) ချာလီချက်ပလင်သည် ကမ္ဘာကျော်သော လူရှင် တော် ရုပ်ရှင်ဇာတ်လိုက်မင်းသား ဖြစ်၍ သူ၏ နာမည်ရင်း မှာ ချားစပင်ဆာချက်ပလင်ဖြစ်သည်။ သာမန်လူရှင်တော် ဘဝမှ ဇာတ်ညွှန်းရေးဆရာ၊ ဒါရိုက်တာနှင့် ရုပ်ရှင်ကား ထုတ်ဝေသူ အထိ တိုးတက်လာပြီးလျှင် ချမ်းသာသော ရုပ်ရှင်ကုမ္ပဏီပိုင်ရှင် တဦးဖြစ်အောင် ကြိုးစားခဲ့သူ ဖြစ်သည်။

သူ၏ ရုပ်ရှင်ကားများတွင် ရယ်ရသည့်ကြားထဲမှ မျက် ရည်လည်အောင် သနားစိတ် ပေါ်စေသည့် အကွက်များ ပါရှိသည်။ သူ၏ ဇာတ်ကားများကို လေးနက်စွာ သုံးသပ် သူတို့ကမူ ချာလီချက်ပလင်သည် လောကကြီး၌ ကံမဲ့သူ များ၊ စီးပွားရေးစနစ်၏ ဖိနှိပ်ခြင်းဒဏ်ကို မခံနိုင်သူများ၏ အဖြစ်ကိုဖော်ပြသည်ဟုယူဆကြပြီး သူ၏ရယ်ရွှင်ဖွယ်ဇာတ် ကားထဲမှ ဘဝအမှန်ကို ဖော်ယူကြသည်။

ချာလီချက်ပလင်သည် ၁၉၇၇ ခုနှစ် ဒီဇင်ဘာလ ၂၅ ရက်နေ့ နံနက် ၄ နာရီတွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ သူ၏နေအိမ်၌ ကွယ်လွန်ခဲ့သည်။ ချက်ပလင်သည် မကွယ် လွန်မီ တနှစ်ကျော်ခန့်ကပင် ဘီးတပ် ကုလားထိုင်ဖြင့်သာ သွားလာ နေထိုင်ခဲ့ရသည်။ ကွယ်လွန်ချိန်တွင် သူ၏ အသက်မှာ ၈၈ နှစ် ရှိပြီးဖြစ်၏။

ချင်းပြည်နယ်။ ။(၂–၃၈၅၊ ၅၂၀—ရှု။) မြောက် ဖက်နှင့် အရှေ့ဖက်တွင် စစ်ကိုင်းတိုင်း၊ တောင်ဖက်တွင် မကွေးတိုင်းနှင့် ရခိုင်ပြည်နယ်၊ အနောက်ဖက်တွင် ဗင်္ဂလားဒေ့ရှ်နိုင်ငံ၊ အိန္ဒိယနိုင်ငံတို့နှင့် နယ်နိမိတ်ချင်းဆက်စပ် လျက်ရှိသည်။ အကျယ်အဝန်းအားဖြင့် ၁၃,၉၀၇ စတုရန်း မိုင်ရှိ၍ မြန်မာနိုင်ငံ တနိုင်ငံလုံး အကျယ်အဝန်း၏ ၅.၃၂ ရာခိုင်နှုန်းခန့် ရှိသည်။

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်အဖြစ် ၁၉၇၄ ခုနှစ် ဇန္နဝါရီလ ၃ ရက်နေ့တွင် ဖွဲ့စည်းတည်ထောင်လိုက်သောအခါ ချင်းဝိသေသတိုင်းကို ချင်းပြည်နယ်အဖြစ်သတ်မှတ်လေသည်။ ချင်းပြည်နယ်ကို မြို့နယ်ပေါင်းကိုးမြို့နယ်နှင့် ကျေးရွာအုပ်စုပေါင်း ၅၀၅ အုပ်စုဖြင့် ဖွဲ့စည်းလိုက်သည်။ ပြည်သူလွှတ်တော် ကိုယ်စားလှယ် ၁၃ ဦး ရွေးချယ်တင်မြှောက်နိုင်သော ပြည်နယ်ဖြစ်သည်။ ဟားခါးမြို့သည် ချင်းပြည်နယ်ပြည်သူကောင်စီရုံးစိုက်ရာ မြို့တော်ဖြစ်သည်။

ချင်းပြည်နယ်၏လူဦးရေသည် ၁၉၇၃ ခုနှစ် ကောက်ယူသော သန်းခေါင်စာရင်း အရ ၃၂၂,၄၅၇ ယောက် ဖြစ်သည်။ လူများစုမှာ ချင်းအမျိုးသားများဖြစ်၍ အခြားတိုင်းရင်းသားများလည်း နေထိုင်ကြသည်။ ချင်း ပြည်နယ်ကို ဖလမ်းမြို့နယ်၊ ဟားခါးမြို့နယ်၊ တီးတိန်မြို့နယ်၊ ပလက်ဝမြို့နယ်၊ မင်းတပ်မြို့နယ်၊ မတူပီမြို့နယ်၊ ကန်ပက်လက်မြို့နယ်၊ တွန်းဇံမြို့နယ်နှင့် ထန်တလန် မြို့နယ် ဟူ၍ မြို့နယ်ပေါင်း ကိုးမြို့နယ်ဖြင့် ဖွဲ့စည်းထားရာ တီးတိန်မြို့နယ်သည် လူဦးရေအများဆုံးဖြစ်၍ ၅၆,၆၇၆ ယောက် ရှိသည်။ ဒုတိယ လူဦးရေ အများဆုံး မြို့နယ်မှာ ပလက်ဝမြို့နယ်ဖြစ်၍ ၅၁,၉၆၉ ယောက်ရှိသည်။ကန်ပက်လက်မြို့နယ်သည် လူဦးရေ အနည်းဆုံးဖြစ်၍ ၁၁,၇၀၂ ယောက် ရှိလေသည်။

ချင်းပြည်နယ်၏ အဓိက စီးပွားရေး လုပ်ငန်းမှာ လယ်ယာ လုပ်ငန်းဖြစ်၍ အဓိက စိုက်ပျိုးသော သီးနှံများမှာ စပါး၊ ပြောင်းနှင့်ပဲအမျိုးမျိုး ဖြစ်သည်။ ရှေးအစဉ်အလာ လုပ်ကိုင်လာခဲ့သည့် ရွှေပြောင်းတောင်ယာစနစ်မှ တောင်ယာလှေကားထစ် စိုက်ပျိုးနည်းစနစ်သို့ ကူးပြောင်း လုပ်ကိုင်လာကြသည်။ မြို့နယ်အတော်များများတွင် လှေကားထစ် စိုက်ပျိုးရေး အောင်မြင်လျက်ရှိသည်။ ရေသွင်းစိုက်ပျိုးမှုများရှိလာသောကြောင့် နှစ်စဉ် စပါး၊ ဂျုံ၊ ပြောင်းစိုက်ပျိုးမှု ပိုမိုဖြစ်ထွန်းလာသည်။

ချင်းပြည်နယ်တွင် အဖိုးတန် သစ်မွှေး၊ ထင်းရူး၊ ကျွန်းသစ်၊ ကြိမ်တောများရှိသည်။ သစ်တောထွက်ပစ္စည်းထုတ်လုပ်ရေးမှာ ထင်းရူးဆီချက်ခြင်း၊ ဆေးဖက်ဝင် အပင်များစုဆောင်းခြင်း၊သစ်ခွအမျိုးမျိုး စုဆောင်းခြင်းတို့ဖြစ်သည်။ ဘယဆေးအတွက် အဖိုးတန်သည့် ဝက်ဝံသည်းခြေနှင့် စပါးကြီး သည်းခြေ စသည့် တိရစ္ဆာန်ထွက် ပစ္စည်းများလည်းထွက်ရှိသည်။ ချင်းပြည်နယ်ထွက် ပန်းသီး၊ မက်မန်းနှင့် လိမ္မော်တို့သည် စျေးကွက်၌ နာမည်ရလေသည်။

ချင်းပြည်နယ်သည် တောင်များ ထူထပ်သော်လည်း ကျောက်တောင်များ မဟုတ်၊ မြေတောင်နှင့် ရှေးလ်ခေါ် ကျောက်သင်ပုန်း ကျောက်လွှာတောင်များသာ ဖြစ်သည်။ ကျောက်များမှာ နက်၍မာကျောခြင်းမရှိ၊ ကျောက်အလွှာ ပွပွများသာ ဖြစ်လေသည်။ မြေတွင်း ဓာတ်သတ္တုများကို သေချာစွာ ရှာဖွေခြင်း မပြုရသေးသဖြင့် မသိရသေးချေ။ သံရိုင်းနှင့်ကန့်များပါသောကျောက်နှင့် ကျောက်မှုန့်များကို နေရာအနှံ့အပြားတွင် တွေ့ရသည်။ ချင်းပြည်နယ် တောင်ပိုင်းတွင် ကန့်ကူဆန်ကျောက်များတွေ့ရှိရသည်။ ချင်းပြည်နယ်၏ မြောက်ပိုင်း အိန္ဒိယ မြန်မာနယ်စပ်နှင့် ခုနစ်မိုင်အကွာ ကျီးခါးမြို့အနီးတဝိုက်တွင် ဆားတွင်းများ တွေ့ရသည်။ ယင်း ဒေသမှ ချင်းအမျိုးသား အချို့သည် ရိုးရာနည်းဖြင့် ဆားချက်နေကြသည်။ဆားမှာအခြားဓာတ်များပါနေသဖြင့် နီကြင်ကြင်နှင့် ခါးသက်သောအရသာရှိသည်။ ကဘော် ချိုင့်ဝှမ်း အနောက်ဖက် ချင်းတောင်များတွင် ကျောက်မီးသွေး အနည်းငယ် တွေ့ရသော်လည်း အမျိုးညံ့သည်။ ရေနံစိမ်းကို ရှာဖွေလျက်ရှိသည်။

မွေးမြူရေးလုပ်ငန်းကိုလည်း အစိုးရ မ,တည်ငွေဖြင့် စမ်းသပ်လုပ်ကိုင်ခဲ့ရာ အောင်မြင်လျက်ရှိသည်။ ပိုးမွေးမြူရေးကို တိုးခဲ့လုပ်ကိုင်လျက်ရှိသည်။ သမဝါယမ အသင်းမျိုးစုံစုစုပေါင်း ၅၃၃သင်းရှိလေသည်။ခေတ်မီယက်ကန်းရက်နည်းသင်ကြားပေးရန်အတွက် ယက်ကန်းကျောင်းများ ပွင့်လှစ်ထားရှိပြီး အစိုးရ လစဉ် ထောက်ပံ့ကြေးဖြင့် သင်တန်းသူများကို ခေါ် ယူသင်ကြားပေးလျက်ရှိလေသည်။ ပြည်သူပိုင် ထင်းရူးဆီထုတ် စက်ရုံနှစ်ရုံနှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံငါးရုံရှိသည်။ ထင်းရူးဆီခဲနှင့်တာပင်တိုင်ဆီချက်လုပ်ရန် ရွှေပြေးစက်ရုံဖွင့်လှစ်ခဲ့ရာ အောင်မြင်လျက်ရှိလေသည်။ ထင်းရူးဆီ စက်ရုံသစ်များလည်း ထပ်မံဆောက်လုပ်ထားသည်။ ၁၉၆၄ ခုနှစ် မှစပြီး ကိုးနှစ်ကြာ ဖောက်လုပ်ခဲ့ရသော ဟားခါး- မတူပီ လမ်းမကြီးရှိသည့်အတွက် ကူးသန်းသွားလာရေးတွင် များစွာအထောက်အကူ ရလေသည်။

ချန်ကေရှိတ် (ခရစ် ၁၈၈၇–၁၉၇၅)။ ။(၂–၄၀၈—ရှူ။) တိုင်းဝမ်ကျွန်း၌ရုံးစိုက်သော တရုတ်အမျိုးသား သမ္မတနိုင်ငံ၏ သမ္မတဖြစ်သူ ချန်ကေရှိတ်သည် ၁၉၇၅ ခု ဧပြီလ ၅ ရက်နေ့၌ တိုင်းဝမ်ကျွန်း၏ မြို့တော်ဖြစ်သော တိုင်ပေမြို့တွင် အသက် ၈၇ နှစ် အရွယ်၌ ကွယ်လွန်ခဲ့သည်။ မကွယ်လွန်မီ နှစ်နှစ်ခန့်ကတည်းက ဘီးတပ်ကုလားထိုင်နှင့် သွားလာနေခဲ့ရ၍ လပေါင်းအတန်ကြာစွာ သတိလစ်နေခြင်းကများသည်။

၁၉၄၉ ခုနှစ်၌ တရုတ်ကွန်မြူနစ်တို့သည် တမြို့ပြီးတမြို့သိမ်းပိုက်ခဲ့ကြရာ ချန်ကေရှိတ်နှင့် သူ၏ အစိုးရ အဖွဲ့သည် လက်ရွေးစင် တပ်နှစ်တပ်နှင့် တိုင်းဝမ်ကျွန်းသို့ ရွှေပြောင်းခဲ့သည်။ ထိုနောက် တိုင်းဝမ်၌တရုတ်သမ္မတနိုင်ငံကို ထူထောင်၍ မိမိကိုယ်တိုင် သမ္မတအဖြစ် ခံယူပြီး ပြည်မမှ ကွန်မြူနစ်တို့၏ တိုက်ခိုက်မှုမှန်သမျှကို ခုခံ တွန်းလှန်ခဲ့ကြသည်။ အထူးသဖြင့် တိုင်းဝမ်ကျွန်းအား ထောက်ပံ့ကူညီ

ရေးနှင့် အကာအကွယ်ပေးရေးကို အမေရိကန်က တာဝန်ယူရန် ၁၉၅၀ ပြည့်နှစ် ကိုရီးယားစစ်ပွဲ ဖြစ်ပွားနေစဉ် အမေရိကန်သမ္မတ ထရူးမင်းက ဆုံးဖြတ်ခဲ့သည့် နောက်ပိုင်းတွင် ချန်ကေရှိတ်အစိုးရသည် တရုတ်ပြည်မှရန်ကို ကြံ့ကြံ့ခံနိုင်ခဲ့သည်။ ချန် ကရှိတ်၏ ကူမင်တန်အစိုးရသည် တရုတ်ပြည်မ ဆီသို့ ပြန်လည်ရောက်ရှိရမည်ဟူသော သူ၏ ဝါဒကို ထပ်တလဲလဲ ပြောဆိုခဲ့သည်။ ချန်ကေရှိတ်သည် တကြိမ်လျှင် သက်တမ်းခြောက်နှစ်ရှိသော သမ္မတရာထူးကို ငါးကြိမ်တိုင်တိုင် ပြန်လည်ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ နောက်ဆုံးရွေးချယ်တင်မြှောက်ခံရချိန်မှာ ၁၉၇၂ ခုနှစ် ဖြစ်သည်။

အမေရိကန် သမ္မတ ဖိုဒ်က ချန်ကေရှိတ်သည် အလွန်ရိုးသားတည်ကြည်သူ၊ သတ္တိရှိသူ၊ နိုင်ငံရေး လာဘ်မြင်သူ၊ ဒုတိယကမ္ဘာစစ်အတွင်းက ထင်ရှားခဲ့သော ကြီးလေးကြီး မဟာမိတ်ခေါင်းဆောင်များထဲတွင် နောက်ဆုံး ကျန်ရှိသူ ဟူ၍ရင်း၊ ချန်ကေရှိတ် သေဆုံးခြင်းသည် တရုတ်ပြည်၏ သမိုင်း တခေတ်ကို အပြီးသတ်သော အထိမ်းအမှတ် ဖြစ်သည် ဟူ၍ရင်း ချန်ကေရှိတ် ကွယ်လွန်သောအခါ ထုတ်ဖော်ပြောကြားခဲ့သည်။ ချန်ကေရှိတ်၏ တရုတ် အမျိုးသား သမ္မတနိုင်ငံသည် ၁၉၇၁ ခုနှစ် အောက်တိုဘာ ၂၅ ရက်နေ့၌ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအဖြစ်မှ ထုတ်ပယ်ခြင်းခံခဲ့ရသည်။ ၎င်း၏ နေရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံကို အစားထိုး၍ အဖွဲ့ဝင် နိုင်ငံအဖြစ် လက်ခံခဲ့သည်။

ချန်ကေရှိတ်ကွယ်လွန်သောအခါ ဒုတိယ သမ္မတဖြစ်သူ ဒေါက်တာစီ၊ကေးယန်းသည် ဖွဲ့စည်းပုံ ဥပဒေအရ သမ္မတရာထူးကို ၁၉၇၅ ခု ဧပြီလ ၆ ရက်နေ့၌ ကျမ်းသစ္စာ ပြု၍ ဆက်ခံခဲ့သည်။ ၁၉၇၂ ခုနှစ်၌ ဝန်ကြီးချုပ် ရာထူးကိုရရှိခဲ့သော ချန်ကေရှိတ်၏ သားဖြစ်သူ ဗိုလ်ချုပ်ကြီး ချန်ချင်ကော ၆၅ နှစ်သည် ဖခင် ကွယ်လွန်သော အခါ ရာထူးမှ နုတ်ထွက်သော်လည်း သမ္မတ ဒေါက်တာ စီကေးယန်းက လက်မခံသဖြင့် ဝန်ကြီးချုပ်အဖြစ် ဆက်လက် ထမ်းရွက်လျက်ရှိသည်။

ဂရိနိုင်ငံ။ ။(၃–၁၂—ရှု။)ဂရိနိုင်ငံတွင် ဒုတိယဂျော့ဘုရင်သည် ၁၉၄၇ ခုနှစ်၌ ကံကုန်၍ ညီတော် ပထမ ပေါ ဘုရင် နန်းတက်သည်။ ပေါဘုရင်သည် ၁၉၆၄ ခု၊မတ်လ၌ ကွယ်လွန်ရာ သားတော် အိမ်ရှေ့ဥပရာဇာ ကွန်စတင်တိုင်းက အရိုက်အရာ ဆက်ခံသည်။ ထိုနှစ် ဖေဖွာရီလတွင် ကျင်းပသော အောက်လွှတ်တော် ရွေးကောက်ပွဲ၌ဂျော့ပါပန်ဒရီယိုခေါင်းဆောင်သော စင်တာယူနီယန်ညွှန့်ပေါင်းအဖွဲ့က အမတ်နေရာ အများစုရရှိခဲ့သည်။



သို့သော်အစိုးရအဖွဲ့အတွင်း သဘောထားကွဲလွဲမှုများရှိ၍ ဝန်ကြီးချုပ် ပါပန်ဒရီယို ရာထူးမှ နုတ်ထွက်ခဲ့သည်။ လက်ဝဲဂိုဏ်းသားနှင့် လက်ျာဂိုဏ်းသားများ အာဏာလုကြသည်။

၁၉၆၇ ခု ဧပြီလ ၂၁ ရက်နေ့တွင် ဗိုလ်မှူးကြီးပါပါဒိုပေါင်လော့ ဦးဆောင်သော လက်ျာဂိုဏ်းသား ဂရိတပ်မတော် အရာရှိများက အာဏာသိမ်းပြီးဘုရင့် ဂိုဏ်းသားနှင့်လက်ဝဲဂိုဏ်းသားများကို ဖမ်းဆီးထောင်ချခဲ့သည်။ ကွန်စတင်တိုင်းဘုရင်သည် ထိုနှစ်ဒီဇင်ဘာလတွင် အီတလီနိုင်ငံ ရောမမြို့သို့ တိမ်းရှောင်ခဲ့ရသည်။ ဗိုလ်မှူးကြီး ပါပါဒိုပေါင်လော့သည် ဝန်ကြီးချုပ် အဖြစ်ဆောင်ရွက်သည်။ ၁၉၆၈ ခုနှစ် နိုဝင်ဘာလတွင် ပြည်သူ့ဆန္ဒခံယူ၍ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြဋ္ဌာန်းအတည်ပြုသည်။

ယင်း ဥပဒေအရ ဘုရင်နှင့် ပါလီမန်တွင် အာဏာ လျော့ပါး၍ ဝန်ကြီးချုပ်၌ အာဏာ ပိုရှိလာသည်။ ၁၉၇၂ ခုနှစ်တွင် ပါပါဒိုပေါင်လော့သည် ဝန်ကြီးချုပ်အဖြစ်၎င်း၊ ရင်ခွင်ပိုက်ဘုရင်အဖြစ်၎င်း ဆောင်ရွက်သည်။

၁၉၇၃ ခုနှစ်တွင် ပါပါဒိုပေါင်လော့သည် ဒီမိုကရေစီ ဘုရင်စနစ်ကိုပယ်ဖျက်၍ ဂရိနိုင်ငံအား သမ္မတနိုင်ငံအဖြစ် ကြေငြာပြီး သူကိုယ်တိုင်သမ္မတအဖြစ် ဆောင်ရွက်သည်။

သို့သော်ထိုနှစ်နိုဝင်ဘာလအတွင်း၌ သွေးထွက်သံယိုမှုမရှိသော အာဏာသိမ်းမှု ဖြစ်ပြန်သည်။ သမ္မတ အဖြစ် အမည်ခံဆောင်ရွက်ရသူမှာ ဗိုလ်ချုပ်ကြီး ဂျီဆီကိဖြစ်၍ တပ်မတော်အရာရှိတစုက စစ်အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်သည်။ ယင်းစစ်အုပ်ချုပ်ရေးအဖွဲ့သည်ပင် ၁၉၇၄ ခု ဇူလိုင်လ ၂၃ ရက်နေ့တွင် နုတ်ထွက်လိုက်သည်။

၁၉၅၅ ခုနှင့် ၁၉၆၃ ခုနှစ်များအတွင်း ဝန်ကြီးချုပ်အဖြစ် ဆောင်ရွက်ခဲ့သော ပဲရစ်မြို့၌ တိမ်းရှောင်နေသူ ကွန်စတင်တီနို့စကရာမန်လစ်ကို ၁၉၆၇ ခုနှစ်တွင် ပြန်ခေါ်၍ အရပ်သားအစိုးရအဖွဲ့ကို ပြန်လည် ဦးစီးစေသည်။ ကရာမန်လစ်အစိုးရသည် ပါလီမန်ဒီမိုကရေစီ စနစ်ကို ပြန်လည်ကျင့်သုံးသည်။

ကွန်စတင်တိုင်းဘုရင်သည်ဂရိနိုင်ငံသို့ ဘုရင်အဖြစ်ပြန်လာနိုင်ရန် ကြိုးစားသော်လည်းပြည်သူအများစုကလက်မခံတော့ပေ။ သမ္မတအုပ်ချုပ်ရေးစနစ်ကိုသာ ကျင့်သုံးလျက်ရှိရာ ယခု လက်ရှိ သမ္မတမှာကွန်စတင်တိုင်းဆက်ဆော့ဖြစ်လေသည်။

၁၉၇၆ ခုနှစ် ခန့်မှန်းခြေအရ လူဦးရေမှာ ၉,၁၇၀,၀၀၀ ရှိသည်။ မြို့တော်မှာ အက်သင်မြို့ဖြစ်သည်။

ဂရေနဒါနိုင်ငံ။ ။ဂရေနဒါ နိုင်ငံသည် အတ္တလန္တိတ် သမုဒ္ဒရာနှင့် ကယ်ရစ်ဗျန် ပင်လယ်အကြားရှိ အနောက်



အိန္ဒိယကျွန်းစုတွင် ပါဝင်သောဝင်းဝါဒ် ကျွန်းစု၏တောင်ဖက် အစွန်ဆုံးကျသည့် နိုင်ငံဖြစ်သည်။ (၁၄–၁၆၃—ရှု။) ဘဲဥပုံသဏ္ဌာန်ရှိသော ဂရေနဒါ နိုင်ငံသည် ထရင်း နီဒက်ကျွန်း၏ မြောက်ဖက် မိုင်ကိုးဆယ်အကွာနှင့် စိန်ဗင့်ဆင့်ကျွန်း၏ အနောက်တောင်ဖက် ခြောက်ဆယ့်ရှစ်မိုင်ခန့် အကွာတွင် တည်ရှိသည်။ ယင်းတွင် ကာရီယာကူကျွန်း၊ ပီတစ်မာတီနစ် ကျွန်းနှင့် ကျွန်းငယ်များ ပါဝင်သည်။ ယင်းတို့အနက် ကာရီယာကူကျွန်းသည် အကြီးဆုံးကျွန်းဖြစ်သည်။ အရှေ့မှ အနောက်သို့ ၁၂ မိုင် ကျယ်ဝန်းပြီး မြောက်မှတောင်သို့ ၂၁ မိုင်မျှ ရှည်လျားသည်။ အကျယ်အဝန်းအားဖြင့် ၁၃၃ စတုရန်းမိုင် ရှိသည်။ ၁၉၇၆ ခုနှစ် ခန့်မှန်းခြေအရ လူဦးရေ ၁၁၀,၀၀၀ ခန့်ရှိသည်။

ကျွန်း၏ထူးခြားသော ပထဝီ သဘာဝတခုမှာ တောင်တန်း၏ အလယ်ဗဟိုအမြင့်ပေ ၁,၇၄၀ တွင် ဂရင်းအီတန်ရေအိုင်ရှိသည်။ ယင်းမှာ မီးတောင်သေ၏ ထိပ်ဝဖြစ်ပြီး ၃၆ ဧကမျှ ကျယ်ဝန်းသည်။

ရာသီဥတုမှာ မျှတသော အပူပိုင်း ပင်လယ်ဒေသရာသီဥတုအတွင်း ကျရောက်သဖြင့် ဇန္ဓဝါရီလမှ မေလအထိ နွေဥတုဖြစ်၍ ကျန်သော လများတွင် မိုးသေးမိုးဖွဲများ မကြာခဏ ရွာသွန်းလေ့ရှိသည်။

မြို့တော်မှာ စိန့်ဂျော့မြို့ဖြစ်၍ ကျွန်း၏ အနောက်တောင် ကမ်းခြေတွင် တည်ရှိပြီး ဆိပ်ကမ်းကောင်းမြို့ဖြစ်သည်။ လူဦးရေ ၆,၆၃၄ ခန့်ရှိသည်။

ဂရေနဒါ ကျွန်းတွင် ယခုအခါ အာဖရိကတိုက် ဥရောပတိုက်သားများနှင့် ကရစ်အင်ဒီးယန်းများမှ ဆင်းသက်လာသည့် အဆက်အနွယ်များ နေထိုင်ကြသည်။ အများစုမှာ အာဖရိကနီးဂရိုးလူမျိုးများဖြစ်ပြီး ဥရောပ အာဖရိကကပြားများနှင့် လူဖြူ အနည်းငယ်တို့ ဖြစ်သည်။ အင်္ဂလိပ်ဘာသာသည် ရုံးသုံးဘာသာဖြစ်သည်။ ထက်ဝက်ကျော်သော လူဦးရေမှာ ဗရင်ဂျီခရစ်ယန်ဝင်များဖြစ်သည်။

ဂရေနဒါ နိုင်ငံသည် အပူပိုင်းဒေသသီးနှံများဖြစ်သော ကိုကိုး၊ ဇာတိပြိုလ်၊ ငှက်ပျော၊ အုန်း၊ ရှောက်၊ သံပုရာနှင့် ကြံတို့ကို အဓိကထား၍ စိုက်ပျိုးကြသည်။ ဝါ၊ လေးညှင်း၊ သစ်ကြံပိုး၊ ကာဖီနှင့် ဖူးစားပြောင်းကိုလည်း စိုက်ပျိုးကြသည်။ ဂရေနဒါ နိုင်ငံ၏ သစ်တော လေးပုံ သုံးပုံခန့်မှာ အစိုးရပိုင်ဖြစ်သည်။ ရေနံနှင့် ဓာတ်ငွေ့ရှာဖွေရေးကို ကမ်းလွန် ပင်လယ်တွင် စမ်းသပ်ရှာဖွေလျက် ရှိသည်။

လှပသော ရှုခင်း၊ ကောင်းမွန်သော ရာသီဥတု၊ သာယာသော ဆိပ်ကမ်းသာများ ကမ်းခြေများနှင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုကြောင့် ကမ္ဘာလှည့် ခရီးသည်များ မျက်စိကျ၊ ခြေချရာ ဒေသအဖြစ် ကျော်ကြားသည်။

ဂရေနဒါ နိုင်ငံသည် ပါလီမန် ဒီမိုကရေစီ ကျင့်သုံးသော နိုင်ငံဖြစ်သည်။ ၁၉၆၇ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဘုရင်ခံတဦး၊ ဝန်ကြီးအဖွဲ့နှင့် လွှတ်တော်နှစ်ရပ်ထားရှိသည်။

ဂရေနဒါကျွန်းကို ၁၄၉၈ ခုနှစ်တွင် ခရစ္စတိုဖာကို လံဗပ်ကစတင်တွေ့ရှိပြီး ကွန်စက်စီယွန်ကျွန်းဟု အမည်ပေးခဲ့သည်။ ထိုကျွန်းရှိ တောင်ကုန်းများသည် စပိန်နိုင်ငံ ဂရေနဒါပြည်နယ်မှ တောင်ကုန်းများနှင့် အသွင်သဏ္ဌာန်တူသဖြင့် စပိန်သင်္ဘောသားများက ဂရေနဒါကျွန်းဟု အမည်ပြောင်းလဲ ခေါ်တွင်ခဲ့ခြင်း ဖြစ်သည်။ ၁၆၅၀ ပြည့်နှစ်တွင် ပြင်သစ်ပိုင် မာတီနစ်ကျွန်းမှ ဘုရင်ခံဒူပါကေးကထိုကျွန်းကို ဝယ်ယူပြီး လူ ၂၀၀ နှင့် အခြေချ နေထိုင်ခဲ့သည်။ ဒေသခံကရစ်တို့က ထိုသူတို့ကို အပြင်းအထန် ခုခံတွန်းလှန်ခဲ့သဖြင့် ပြင်သစ်က စစ်အင်အားနှင့် နှိမ်နင်းရသည်။

ဗြိတိန်နှင့်ပြင်သစ်တို့ဖြစ်ပွားသော ခုနစ်နှစ်စစ်ပွဲအတွင်း ဂရေနဒါ ကျွန်းကို ဗြိတိသျှတို့က သိမ်းပိုက်ရရှိလိုက်ရာ ၁၇၆၃ ခုနှစ် ပဲရစ်စာချုပ်အရ တရားဝင် လွှဲပြောင်းပေးလိုက်ရသည်။ ၁၇၇၉ ခုနှစ်တွင် အဆိုပါကျွန်းကို ပြင်သစ်တို့က ပြန်လည် သိမ်းယူခဲ့သော်လည်း ၁၇၈၃ ခုနှစ်တွင် ဗာဆိုင်းစာချုပ်အရ ဗြိတိသျှတို့အား ပြန်လည်ပေးအပ်ခဲ့ရပြန်သည်။ ထိုအချိန်မှစ၍ ဂရေနဒါ ကျွန်းသည်ဗြိတိသျှ လက်အောက်သို့ ကျရောက်ခဲ့သည်။

၁၉၇၂ ခု ဖေဖွာရီလတွင် ဂရေနဒါ နိုင်ငံ၏ အထွေထွေရွေးကောက်ပွဲ ကျင်းပခဲ့ရာတွင် အီရစ်မက်သယူးဂိုင်ရီ ဦးဆောင်သော ဂရေနဒါ ညီညွတ်ရေး ပါတီက အနိုင်ရခဲ့သဖြင့် မစ္စတာအီရစ်မက်သယူးဂိုင်ရီ ဝန်ကြီးချုပ်ဖြစ်လာသည်။ ထို့နောက် အီရစ်မက်သယူးဂိုင်ရီသည် ၁၉၆၇ ခုနှစ်က ရေးဆွဲခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေကိုပင် အချို့အချက်များပြင်ဆင်၍ လွှတ်လပ်သော ဂရေနဒါ နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေအဖြစ် အတည်ပြုခဲ့သည်။

၁၉၇၄ ခုနှစ် ဖေဖွာရီလ ၇ ရက်နေ့မှစ၍ ဂရေနဒါ နိုင်ငံသည် ဗြိတိသျှ ဓနသဟာယ အဖွဲ့ဝင်နိုင်ငံ အဖြစ်ဖြင့် လွှတ်လပ်ရေးကို ရရှိခဲ့သည်။ ဝန်ကြီးချုပ် အီရစ်မက်သယူးဂိုင်ရီသည် အိမ်နီးချင်းနိုင်ငံများက လွှတ်လပ်ရေး အခမ်းအနားသို့သပိတ်မှောက်ကာ တက်ရောက်ခြင်း မပြုကြသော်လည်း လွှတ်လပ်ရေး အထိမ်းအမှတ် ပွဲတော်ကို ငါးရက်

ကြာမျှ ဆူပူမှုမရှိပဲ အေးချမ်းစွာ ကျင်းပနိုင်ခဲ့ပေသည်။ သို့သော် ဆန့်ကျင်ဖက် အင်အားစုများ၏ လှုပ်ရှားမှုသည် ဆက်လက်ဖြစ်ပေါ်နေဆဲ ဖြစ်သဖြင့် ဂရေနဒါနိုင်ငံအခြေအနေ ပုံမှန်ပြန်လည် ရောက်ရှိစေရန် အစိုးရအနေဖြင့် ကြိုးပမ်းနေရဆဲ ဖြစ်သည်။

၁၉၇၄ ခု စက်တင်ဘာလ ၁၇ ရက်နေ့တွင်ကုလသမဂ္ဂ ၏ ၁၃၀ နိုင်ငံမြောက် အဖွဲ့ဝင်ဖြစ်လာသည်။

ဂရိမီကို့ အေ အေ (ခရစ် ၁၉၀၉ ဖွား)။ ။ဆိုဗီယက်ဆိုရှယ်လစ် ပြည်ထောင်စု သမ္မတနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီး အန်ဒရေး အန်ဒရီး ယက် ဗစ် ဂ ရို မီ ကို ကို ၁၉၀၉ ခုနှစ် ဇူလိုင် လ ၆ ရက်နေ့တွင် ပိုင်လိုရုရှ (ဗဲလို ရုရှ) နိုင်ငံ ဂိုမယ် ဒေသ ဗက်တကာ ခရိုင်ရှိ စတာရိုင် ဂရိမီကီကျေးရွာ၌ မွေးဖွားခဲ့သည်။



နိုင်ငံခြားရေးဝန်ကြီး ဂရိမီကို

ဂရိမီကိုသည် မင့်စကမ္ဘိုစိုက်ပျိုးရေးသိပ္ပံနှင့် မောစကိုမြို့ စီး ပွား ရေး တက္ကသိုလ်မှ ဘွဲ့ရရှိခဲ့သည်။ ကျောင်းမှ ထွက်ပြီးနောက် ၁၉၃၆ ခုနှစ်မှ ၁၉၃၉ ခုနှစ်အထိ သိပ္ပံအကယ်ဒမီ စီးပွားရေး တက္ကသိုလ်တွင် ယာယီ အကြီးတန်းသိပ္ပံသုတေသနအရာရှိ အဖြစ် လုပ်ကိုင်သည်။ ထိုသို့ လုပ်ကိုင်ရင်း "စီးပွားရေး ပြဿနာများ"အမည်ရှိ အစိုးရထုတ်စီးပွားရေး သုံးသပ်ချက် စာစောင်တွင် အယ်ဒီတာအဖွဲ့ အတွင်းရေးမှူးအဖြစ်လည်း တာဝန်ခံခဲ့သည်။

၁၉၃၉ ခုနှစ်တွင် ဂရိမီကိုသည် ဆိုဗီယက်အစိုးရ နိုင်ငံခြားရေး ဝန်ကြီးဌာန အမေရိကန်ဌာနစိတ်၏ တာဝန်ခံအဖြစ် ပြောင်းလွှဲတာဝန်ထမ်းဆောင်သည်။ မကြာမီပင် အစိုးရက ဂရိမီကိုအား အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့ ရုရှသံရုံးတွင်ကောင်စစ်ဝန်အဖြစ် ခန့်ထားလိုက်ရာ ၁၉၄၃ ခုနှစ်အထိ ဆောင်ရွက်ခဲ့သည်။

ထို့နောက် ဂရိမီကိုအား အမေရိကန် ပြည်ထောင်စု ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ရုရှသံအမတ်ကြီး အဆင့်သို့ တိုးမြှင့်ခန့်ထားလိုက်သည်။ တချိန်တည်းမှာပင် ကျူးဗားသမ္မတ နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ရုရှသံအမတ်ကြီးအဖြစ်လည်း ပူးတွဲထမ်းဆောင်ရသည်။

ဂရိမီကိုသည် ကုလသမဂ္ဂကို စတင် ရုပ်လုံးဖော်ခဲ့သော ဝါရှင်တန်မြို့ ဒမ်ဗာတန်အုတ် ညီလာခံ (၁၉၄၄ ခုနှစ်) သို့ ရုရှ ကိုယ်စားလှယ်အဖွဲ့ကို ခေါင်းဆောင်၍ တက်ရောက်ဆွေးနွေးခဲ့သည်။ ထို့ပြင်ဗြိတိန်၊အမေရိကန်နှင့် ဆိုဗီယက် ကြီးသုံးကြီးနိုင်ငံ ခေါင်းဆောင်များ၏ ကရိုင်းမီးယား ကွန်ဖရင့်နှင့် ပို့စဒန် ကွန်ဖရင့်တို့တွင်လည်း ရုရှကိုယ်စားလှယ် အဖွဲ့တွင် အဖွဲ့ဝင်တဦးအဖြစ် တက်ရောက်ခဲ့ရသည်။ထို့နောက် အမေရိကန် ပြည်ထောင်စု ဆန့်ဖရန်စစ္စကိုမြို့၌ ၁၉၄၅ ခုနှစ်က ကျင်းပသည့် ကုလသမဂ္ဂညီလာခံသို့ တက်ရောက်သော ရုရှကိုယ်စားလှယ် အဖွဲ့ကိုလည်း ခေါင်းဆောင်ခဲ့သည်။ အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်နှင့် ဆိုဗီယက် ကြီးလေးကြီး နိုင်ငံခြားရေး ဝန်ကြီးများ၏ ယော်လတာကွန်ဖရင့်နှင့် ဘာလင်ကွန်ဖရင့်များသို့လည်း အကြိမ်ကြိမ် တက်ရောက်ခဲ့ရသည်။

ဂရိမီကိုသည် ၁၉၄၆ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အစည်းအဝေးများတွင် ရုရှ၏ အမြဲတမ်း ကိုယ်စားလှယ်အဖြစ် တက်ရောက် နေခဲ့ရသည်။ ၁၉၄၉ ခုနှစ်တွင် ရုရှနိုင်ငံခြားရေးဝန်ကြီးဌာနတွင် ဒုတိယ နိုင်ငံခြားရေးဝန်ကြီး (၁) အဖြစ် တိုးမြှင့် ခန့်ထားခြင်းခံရသည်။

၁၉၅၂ ခုနှစ် ဇွန်လထဲတွင် ဂရိမီကိုအား ဗြိတိန်နိုင်ငံသို့ ရုရှ သံအမတ်ကြီးအဖြစ် ခန့်ထားလိုက်သည်။ တနှစ်ခန့် အကြာတွင် ရုရှသို့ပြန်ခေါ်ပြီး ယခင်ရာထူးဖြစ်သော ဒုတိယ နိုင်ငံခြားရေးဝန်ကြီး (၁) တာဝန်ကို ပေးအပ်သည်။ ထိုရာထူးတွင် ၁၉၅၃ ခုနှစ် ဧပြီလမှ ၁၉၅၇ ခုနှစ် ဖေဖွာရီလ အထိ ထမ်းဆောင်နေခဲ့သည်။ ၁၉၅၇ ခုနှစ် ဖေဖွာရီလတွင် နိုင်ငံခြားရေးဝန်ကြီး အဖြစ် ရာထူးတိုးမြှင့်ခန့်ထားခံရလေသည်။

၁၉ ကြိမ်၊ အကြိမ် ၂၀၊ ၂၂ ကြိမ်၊ ၂၃ ကြိမ်၊ ၂၄ ကြိမ်နှင့် ၂၅ ကြိမ်မြောက် ပါတီညီလာခံများတွင်လည်း ဂရိမီကိုသည် ပါတီ ဗဟိုကော်မတီဝင်အဖြစ် ရွေးချယ် တင်မြှောက်ခြင်းခံရသည်။

ဂရိမီကိုသည် ၁၉၇၃ ခုနှစ် ဧပြီလမှ စ၍ ဆိုဗီယက်ကွန်မြူနစ်ပါတီ ဗဟို ကော်မတီ၏ ပေါ်လစ်ဗျူရိုအဖွဲ့ဝင် ဖြစ်လာခဲ့လေသည်။ ဆိုဗီယက်အစိုးရက နိုင်ငံခြားရေးဝန်ကြီး ဂရိမီကိုအား လီနင်ဘွဲ့တံဆိပ် ငါးကြိမ်၊ လုပ်သား အောင်လံနီဆု၊ တူနှင့်တံစဉ် ရွှေတံဆိပ်ဆုအပြင် အခြား ဂုဏ်ထူးဆောင်တံဆိပ်များဖြင့် ချီးမြှင့်ခဲ့သည်။ ဆိုဗီယက်နိုင်ငံတွင် အတန်မြင့်မားသော ဆိုရှယ်လစ် လုပ်သား သူရဲကောင်းဘွဲ့ကိုလည်း ဂရိမီကို ရရှိခဲ့ပြီး ဖြစ်သည်။

ဂါနာသမ္မတနိုင်ငံ။ ။ဂါနာသမ္မတနိုင်ငံသည် အာဖရိကတိုက်၏ အနောက်ဖက်ကမ်းခြေ ဂင်းနီပင်လယ်ကွေ့၌ တည်ရှိသည်။ ဂါနာဆိုသည့် အမည်မှာ တိုင်း ရင်းသား ဘာသာစကား ဖြစ်သည်။ ဗြိတိသျှလက်အောက်ခံ ဘဝက ကိုးလကို့စဟုခေါ်သည်။ မြောက်ဖက်တွင် အာက်ဗိုလတာနိုင်ငံ၊ အရှေ့ဖက်တွင် တိုဂိုနိုင်ငံ၊ အနောက်ဖက်တွင် အိုင်ဗရီကို့စနိုင်ငံနှင့် တောင်ဖက်တွင် အတ္တလန္တိတ်သမုဒ္ဒရာတို့ ရှိသည်။



ဂါနာသမ္မတ နိုင်ငံ၏ အကျယ်အဝန်းမှာ စတုရန်းမိုင် ၉၁,၇၃၄ ရှိပြီး ၁၉၇၆ ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေ ၁၀,၃၁၀,၀၀၀ ရှိသည်။ မြို့တော်မှာ အက်ကရာမြို့ဖြစ်သည်။

ဂါနာနိုင်ငံ၏ မြေမျက်နှာပြင်တွင် ပေ ၃၀၀၀ ခန့်အထိ မြင့်သော တောင်ကုန်းများကိုသာ တွေ့ရသည်။ ရာသီဥတု မျှတသော နိုင်ငံဖြစ်သည်။

ဂါနာသမ္မတ နိုင်ငံသည် သဘာဝ ဓာတ်သတ္တုပစ္စည်းများ ပေါများသော နိုင်ငံဖြစ်သည်။ စိန်၊ ရွှေ၊ မန်းဂနိနှင့် ဗောက်ဆိုက်များ ထွက်သည်။ ဂါနာနိုင်ငံ၏ အဓိကစီးပွားရေးထွက်ကုန်မှာ ကိုကိုးဖြစ်သည်။ ကမ္ဘာပေါ်တွင် ကိုကိုးအထွက်ဆုံး နိုင်ငံဖြစ်သည်။

အေဒီ ဂဝဝ မှ ၁၀၇၆ ထိ ဂါနာနိုင်ငံတွင်းသို့ အဒန်ဆီ၊ အက်ကွာမူ၊ ဂါနှင့် အခြား လူမျိုးပေါင်းစုံ လာရောက် အခြေချခဲ့ကြသည်။ ယခုအခါ ဂါနာနိုင်ငံသားတို့သည် ဆူဒန်ကပွလီများဖြစ်ကြသည်။ ၁၈၀၀ ပြည့်နှစ်တွင် ဥရောပတိုက်သားတို့သည် အာဖရိကတွင် ယင်းတို့၏ ပိုင်နက်များ ရရှိရေးအတွက် ကြိုးစားခဲ့ရာ အင်္ဂလိပ်တို့က ကိုးလကို့စဒေသကို ရရှိခဲ့သည်။

ပထမ ကမ္ဘာစစ်အပြီးတွင် ဗြိတိသျှတို့သည် ဂျာမန်ပိုင်တိုဂိုနယ်ကိုလည်း အုပ်ချုပ်ခွင့်ရခဲ့ရာ ကိုးလကို့စနှင့် တိုဂိုနယ်ကို ပူးပေါင်း၍ ကိုလိုနီတခုတည်းအဖြစ် အုပ်ချုပ်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ် ဇူလိုင်လ ၁ ရက်နေ့တွင် ဗြိတိသျှဓနသဟာယအဖွဲ့ဝင် သမ္မတနိုင်ငံဖြစ်လာသည်။ ပထမဆုံးသမ္မတဖြစ်ခဲ့သူမှာ ဒေါက်တာကွာမီ အင်ကရူးမားဖြစ်သည်။

၁၉၆၆ ခုနှစ် ဖေဖွာရီလ ၂၂ ရက်နေ့တွင် ဂါနာနိုင်ငံ၌ စစ်တပ်နှင့် ရဲအဖွဲ့တို့ ပူးပေါင်းကာ အာဏာသိမ်းခဲ့သည်။ ထိုအာဏာသိမ်းပွဲကို ဂါနာတပ်မတော်မှ ဗိုလ်မှူးကြီး ကိုတိုကာက ဦးဆောင်ခဲ့သည်။ အင်ကရူးမားသည် ထိုအချိန်က တရုတ်နိုင်ငံသို့ သွားရောက်နေချိန်ဖြစ်သည်။

၁၉၆၉ ခုနှစ်တွင် အထွေထွေ ရွေးကောက်ပွဲ ပြုလုပ်၍ အရပ်သား အစိုးရလက်သို့ အာဏာမျှားကို ပြန်လည်လွှဲပြောင်းပေးခဲ့သည်။ သို့သော် ၁၉၇၂ ခုနှစ် ဇန်နဝါရီလတွင် တပ်မတော်မှ ပြန်လည်၍ အာဏာသိမ်းပိုက်ခဲ့ပြန်သည်။ ထိုအာဏာသိမ်းပွဲကို ဂါနာတပ်မတော်မှ ဗိုလ်မှူးကြီး အချိယမ်ပုန်က ဦးဆောင်သည်။ အချိယမ်ပုန်သည် ဂါနာနိုင်ငံ၏ သမ္မတအဖြစ် ခံယူသည်။

ဂါဗွန်သမ္မတနိုင်ငံ။ ။ဂါဗွန်သမ္မတနိုင်ငံသည် ပြင်သစ်အီကွေတာ အာဖရိကတွင်ပါဝင်သော နယ်ငယ်တခုဖြစ်၍



၁၉၆၀ ပြည့်နှစ် သြဂုတ်လ ၁၇ ရက် နေ့ တွင် လွတ်လပ်သော သမ္မတနိုင်ငံဖြစ်လာသည်။

ဂါဗွန် သမ္မတ နိုင်ငံသည် အာဖရိကတိုက်အနောက်ဖက်ကမ်းတွင် အီကွေတာကို ခွလျက် တည်ရှိသည်။ မြောက်ဖက်တွင် ကမ္မရွန်းနိုင်ငံ၊ အရှေ့ဖက်နှင့် တောင်ဖက်တွင်ကွန်ဂိုသမ္မတ နိုင်ငံနှင့် အနောက်ဖက်တွင် အတ္တလန္တိတ်သမုဒ္ဒရာတို့ တည်ရှိကြသည်။

ဂါဗွန် သမ္မတ နိုင်ငံ၏ အကျယ်အဝန်းမှာ စတုရန်းမိုင် ၁၀၂,၃၁၇ ရှိပြီး ၁၉၇၆ ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေ ၅၃၀,၀၀၀ ခန့်ရှိသည်။ ဂါဗွန်သည် ပြင်သစ်အီကွေတာ အာဖရိကနယ်လေးခုအနက် အတိုးတက်ဆုံးနိုင်ငံဖြစ်သည်။ မြို့တော်မှာ ရီလစ်ဗရီဗီမြို့ ဖြစ်သည်။

ဂါဗွန် သမ္မတ နိုင်ငံသည် သစ်တောထူထပ်၍ သစ်လုပ်ငန်းတွင် အာဖရိကတိုက်၌ နာမည်ကျော်ကြားသော နိုင်ငံဖြစ်သည်။ အဖိုးတန်သစ်များ ထွက်ရှိသည့်အပြင် မန်းဂနိ၊ ယူရေနီယံနှင့် ရေနံတို့ ထွက်ရှိပြီး နိုင်ငံခြားသို့ တင်ပို့ရောင်းချသည်။ သီးနှံစိုက်ပျိုးရေးတွင် ကိုကိုး၊ စပါး၊ ငှက်ပျောနှင့် ဆီအုန်းပင်များကို အများအပြားစိုက်ပျိုး၍ ပြည်ပသို့ တင်ပို့ ရောင်းချနိုင်ခဲ့သည်။ ပြည်တွင်း သွင်းကုန်ထက် ပြည်ပသို့ ကုန်ပို့မို့ တင်ပို့နိုင်၍ နိုင်ငံစီးပွားရေး အခြေအနေ ကောင်းမွန်လျက် ရှိသည်။

ဂါဗွန်နိုင်ငံသို့ ၁၄၇၀ ပြည့်နှစ် လောက်မှ အစပြု၍ ဥရောပ တိုက်သားများ ရောက်ရှိ အခြေစိုက်ခဲ့ကြသည်။ ပထမတွင် ပေါ်တူဂီလူမျိုးများ ရောက်ရှိခဲ့ကြပြီး နောက်ပိုင်းတွင် ဒပ်ချနှင့် ပြင်သစ်လူမျိုးများ ရောက်ရှိခဲ့ကြသည်။ ၁၈၄၄–၇၅ ခုနှစ် ဘာလင်မြို့၌ ကျင်းပသော ဥရောပတိုက် နိုင်ငံကြီးများ ကွန်ဖရင့်က ဂါဗွန်ကိုပြင်သစ်ပိုင်နယ်ပယ်အဖြစ် အသိအမှတ်ပြုခဲ့သည်။

၁၉၅၈ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ပြင်သစ်

လူမျိုးစု သဟာယ အဖွဲ့ဝင် ကိုယ်ပိုင် အုပ်ချုပ်ရေးရှိသော နိုင်ငံဖြစ်လာသည်။ ၁၉၆၀ ပြည့်နှစ် သြဂုတ်လ ၁၇ ရက် နေ့တွင်မူ လွတ်လပ်သော ဂါဗွန် သမ္မတ နိုင်ငံအဖြစ် ကြေငြာခဲ့သည်။ ထိုနှစ်အတွင်းတွင်ပင် ကုလသမဂ္ဂအဖွဲ့ဝင်အဖြစ် အသိအမှတ်ပြုခြင်းခံခဲ့ရသည်။ လက်ရှိ သမ္မတ အူမွာဗွန်ဂို သည် နိုင်ငံတွင်း တပါတီစနစ်ကို ကျင့်သုံးသည်။ ဗွန်ဂိုသည် ၁၉၆၇ ခုနှစ်တွင် ကွယ်လွန်သူ သမ္မတ လီယွန်အမ်ဗာကို ဆက်ခံသူဖြစ်သည်။ နိုဗဲဆုရ ဒေါက်တာ ရှိုက်ဇာသည် ၁၉၁၃ ခုနှစ်မှစ၍ ဂါဗွန်နိုင်ငံ၊ လမ်ဗာရိန်းမြို့၌ ကုဋ္ဌရောဂါ သည်များအတွက် ဆေးရုံကို တည်ဆောက်ခဲ့လေသည်။

ဂင်းနီသမ္မတနိုင်ငံ။ ။ဂင်းနီသမ္မတနိုင်ငံသည် အာဖရိက တိုက်အနောက်ဖက်ပိုင်း အတ္တလန္တိတ်သမုဒ္ဒရာကမ်းခြေတွင် တည် ရှိ သော သမ္မတ နိုင်ငံတနိုင်ငံ ဖြစ်သည်။ ဂင်းနီ သမ္မတ နိုင်ငံ၏ မြောက်ဖက်တွင် ဂင်းနီ ဗစ်ဆောနိုင်ငံ၊ ဆင်နီ ဂေါနိုင်ငံနှင့် မာလီနိုင်ငံ၊ အရှေ့ဖက်တွင် အိုင်ဗရီ ကို့စ်နိုင်ငံ၊ တောင်ဖက်



တွင် ဆီအယ်ရာလီအုန်နိုင်ငံ၊ လိုက်ဗီးရီးယားနိုင်ငံ၊အနောက်ဖက်တွင် အတ္တလန္တိတ်သမုဒ္ဒရာ တည်ရှိသည်။

ဂင်းနီသမ္မတနိုင်ငံ၏ အကျယ်အဝန်းမှာ စတုရန်းမိုင် ၉၄,၉၂၅ ရှိ၍ ၁၉၇၆ ခုနှစ် ခန့်မှန်းချက်အရ လူဦးရေ ၄,၅၃၀,၀၀၀ ရှိသည်။ မြို့တော်မှာ ကွန်နကရီမြို့ ဖြစ်သည်။

ဂင်းနီသမ္မတနိုင်ငံ၏ မြေမျက်နှာပြင် အနေအထားကဲ့ပြားခြားနားမှု ရှိသကဲ့သို့ ရာသီဥတုတွင်လည်း ဒေသအပိုင်းအခြားအလိုက် ကွာခြားမှု ရှိသည်။ တောင်ကုန်းဒေသများ ရှိသကဲ့သို့ မြေနိမ့်လွင်ပြင်ဒေသများလည်း ရှိသည်။ တောင်ကုန်းဒေသများတွင် သမပိုင်းရာသီဥတုရှိ၍ မြေနိမ့်လွင်ပြင်ပိုင်းဖြစ်သောကမ်းခြေပိုင်းတွင် ပူအိုက်စွတ်စိုပြီး မိုးများသည်။ ထိုအရပ်ဒေသတွင် နှစ်စဉ် ပျမ်းမျှမိုးရေချိန် ၁၆၉ လက်မခန့် ရွာသွန်းတတ်သည်။

တိုင်းရင်းသားများမှာ ကပ္ပလီလူမျိုးများ ဖြစ်သည်။ ဖူလာ၊ ဆူးဆူး နှင့် မာလင်ကေ လူမျိုးတို့သည် လူများစု ဖြစ်သည်။ အများအားဖြင့် အစွလာမ် ဘာသာဝင်များ ဖြစ်သည်။တိုင်းရင်း ဘာသာစကားအမျိုးမျိုးပြောဆိုကြသော်လည်း ပြင်သစ်ဘာသာမှာ ရုံးသုံးဘာသာဖြစ်သည်။

ဂင်းနီသမ္မတနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အဓိကထားသော နိုင်ငံဖြစ်သည်။ သတ္တုတူးဖော်ရေး လုပ်ငန်းများကိုလည်း လုပ်ကိုင်သည်။ ဗောက်ဆိုက်တူးဖော်ခြင်း လုပ်ငန်းကို အကြီးအကျယ်လုပ်ကိုင်သည်။ သံနှင့်စိန်လည်း အများအပြားထွက်ရှိသော နိုင်ငံ ဖြစ်သည်။

ဂင်းနီသမ္မတနိုင်ငံသည် ၁၈၄၉ ခုနှစ်တွင် ပြင်သစ် အစောင့်ရှောက်ခံ နယ်မြေဘဝသို့ရောက်ခဲ့ရာမှ ၁၉၁၁ ခုနှစ်တွင် ဂင်းနီတနိုင်ငံလုံး ပြင်သစ်ကိုလိုနီ အဖြစ်သို့ ရောက်ခဲ့သည်။ပြင်သစ်တို့က ဂင်းနီတနိုင်ငံလုံးကို အပြီးအပိုင်သိမ်းပိုက်လိုက်သောအခါ ဂင်းနီလူမျိုးစုများက လွတ်လပ်ရေးတိုက်ပွဲဝင်ခဲ့ကြသည်။ ထို့ကြောင့် ၁၉၅၈ ခုနှစ် အောက်တိုဘာလ ၂ ရက်နေ့တွင် လွတ်လပ်သော ဂင်းနီသမ္မတနိုင်ငံ အဖြစ် ကြေငြာနိုင်ခဲ့သည်။ဝန်ကြီးချုပ်ဆေကူးတိုရေသည် ဂင်းနီနိုင်ငံ၏ ပထမဆုံး သမ္မတ ဖြစ်လာသည်။ ငါးနှစ်သက်တမ်းရှိသော ပြည်သူလွှတ်တော်တရပ်ရှိပြီး သမ္မတကို လူထုဆန္ဒဖြင့် ခုနစ်နှစ် တကြိမ် ရွေးကောက် တင်မြှောက်ရသည်။ ၁၉၇၄ ခုနှစ် ဒီဇင်ဘာလတွင် ဆေကူးတိုရေသည် ဒုတိယအကြိမ်သမ္မတအဖြစ် ပြန်လည်အရွေးခံရသည်။ဂင်းနီနိုင်ငံသည် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့များနှင့် အာဖရိက ညီညွတ်ရေးအဖွဲ့ဝင်ဖြစ်သည်။

၁၉၇၀ ပြည့်နှစ် အောက်တိုဘာလ ၂၂ ရက် နေ့တွင် ပေါ်တူဂီပိုင် ဂင်းနီနိုင်ငံရှိ တပ်ဖွဲ့များက ဂင်းနီ သမ္မတနိုင်ငံအတွင်းသို့ ကျူးကျော်ဝင်ရောက်ရန်ကြိုးစားခဲ့သည်။ ကုလသမဂ္ဂလုံခြုံရေး ကောင်စီက ပေါ်တူဂီနိုင်ငံကို ယင်းကိစ္စနှင့်ပတ်သက်၍ ရှုတ်ချခဲ့လေသည်။

ဂင်းနီဗစ်ဆောသမ္မတနိုင်ငံ။ ။ဂင်းနီဗစ်ဆောနိုင်ငံ၏ မူရင်းအမည်မှာပေါ်တူဂီဂင်းနီ နိုင်ငံဖြစ်သည်။ ၁၉၇၄ ခုနှစ်



တွင် လွတ်လပ်ရေး ရရှိ၍ ဂင်းနီဗစ်ဆော နိုင်ငံဟု အမည်ပြောင်းခဲ့သည်။ အာဖရိကတိုက် အနောက်ဖက်ကမ်းခြေတွင် တည်ရှိပြီးမြောက်ဖက်တွင်ဆင်နီဂေါနိုင်ငံ၊ အရှေ့နှင့် တောင်ဖက်တွင် ဂင်းနီနိုင်ငံတို့ တည်ရှိသည်။ နိုင်ငံ၏ အကျယ်အဝန်းမှာ စတုရန်းမိုင် ၁၃,၉၄၈ ရှိသည်။ ၁၉၇၆ ခုနှစ် ခန့်မှန်းချက်အရ လူဦးရေ ၅၃၀,၀၀၀ ရှိသည်။မြို့တော်မှာ ဗစ်ဆောမြို့ဖြစ်သည်။ မြေနိမ့်လွင်ပြင်များနှင့် ကျွန်းပြတ်များ ပေါများပြီး သစ်တောထူထပ်သော နိုင်ငံဖြစ်သည်။

ဂင်းနီဗစ်ဆောနိုင်ငံကို ၁၅ ရာစုခန့်မှ အစပြု၍ ပေါ်တူဂီ လူမျိုး ပင်လယ်ခရီးသွားတစုက စတင်တွေ့ရှိခဲ့သည်။ ၁၇ ရာစုနှင့် ၁၈ ရာစု နှစ်များအတွင်း ထိုအရပ်၌ ဒွေဝယ်ကျွန် အရောင်းအဝယ် လုပ်ငန်း ထွန်းကားခဲ့သည်။ ထို

အချိန်မှ အစပြု၍ ပေါ်တူဂီလူမျိုးတို့က ကိုလိုနီနိုင်ငံအဖြစ် သိမ်းပိုက် အုပ်ချုပ်ခဲ့သည်။ ၁၉၅၁ ခုနှစ်တွင် ပေါ်တူဂီပိုင် ကိုလိုနီများ အားလုံးကို ဖျက်သိမ်းလိုက်သော အခါ ဂင်းနီဗစ်ဆော နိုင်ငံသည် ပေါ်တူဂီတို့၏ ပင်လယ်ရပ်ခြား ပြည်နယ်တခု ဖြစ်လာသည်။

ထိုအချိန်မှအစပြု၍ ဂင်းနီဗစ်ဆောနိုင်ငံရှိ အာဖရိက တိုင်းရင်းသားများ၏ လွတ်လပ်ရေး လှုပ်ရှားမှုများသည် တနေ့တခြား ပြင်းထန်လာခဲ့သည်။ ပေါ်တူဂီအစိုးရသည် တိုးတက်လှုပ်ရှားလာသော လွတ်လပ်ရေး လှုပ်ရှားမှုများကို ဖိနှိပ်ရန် အပြင်းအထန် ကြိုးစားခဲ့သော်လည်း အချည်းနှီးပင် ဖြစ်ခဲ့ရသည်။ အာဖရိက တိုင်းရင်းသားတို့၏ ၁၃ နှစ်ကြာ တိုက်ခဲ့ရသော လွတ်လပ်ရေး တိုက်ပွဲအပြီး၊ ၁၉၇၄ ခုနှစ် စက်တင်ဘာလ ၁၄ ရက်နေ့တွင် လွတ်လပ်ရေး ပေးလိုက်ရသည်။ သမ္မတအဖြစ် လွီဒီအယ်လမေဒါ ကဗရဲ ကိုဌင်း၊ ဝန်ကြီးချုပ်အဖြစ် ဖရန်စစ္စကိုမန်းဒီကိုဌင်း တင်မြှောက်ကြသည်။ လွတ်လပ်ရေးတိုက်ပွဲတလျှောက်လုံးတွင် ရုရှနိုင်ငံက စစ်ရေးအတွက် စစ်လက်နက် ပစ္စည်းများကို ထောက်ပံ့ခဲ့သည်။

အာဖရိက တိုင်းရင်းသားများမှာ အများအားဖြင့် ကပွလီလူမျိုးများနေထိုင်ကြသည်။ အများစုမှာအစွန်လာမ် ဘာသာကို ကိုးကွယ်ကြသူများဖြစ်သည်။

အဓိက ထွက်ကုန်များမှာ မြေပဲနှင့်ဆီထွက်အုန်းတို့ဖြစ်ကြပြီး ပျားမွေးမြူခြင်း လုပ်ငန်းကိုလည်း လုပ်ကိုင်ကြသည်။ ဓာတ်သတ္တုတူးဖော်ရေး လုပ်ငန်းတွင် ဗောက်ဆိုက် တူးဖော်ခြင်း လုပ်ငန်းလည်း ပါဝင်သည်။ ရေနံကိုလည်း စတင်တွေ့ရှိနေပြီဖြစ်သည်။

ကိုင်ယာနာသမ္မတနိုင်ငံ။ ။ကိုင်ယာနာ နိုင်ငံသည် တောင်အမေရိကတိုက်၏ အရှေ့မြောက်ဖက်ကမ်းခြေတွင် တည် ရှိ သည်။ အရှေ့မြောက်ဖက် နယ်နိမိတ်သည် အတ္တလန္တိတ် သမုဒ္ဒရာ ဖြစ် သည်။ အနောက်ဖက်တွင်ဗင်နီဇွဲလား နိုင်ငံ၊ တောင်ဖက်တွင် ဗရာဇီး နိုင်ငံ နှင့် အရှေ့ဖက်၌ ဆူရီနမ် နိုင်ငံတို့ရှိ သည်။ ယခင်ကဗြိတိသျှဂီယာနာဟု ခေါ် သည်။



ကိုင်ယာနာသမ္မတနိုင်ငံ၏ အကျယ်အဝန်းသည် စတုရန်းမိုင် ၈၃,၀၀၀ ရှိ၍ လူဦးရေမှာ ၁၉၇၆ ခုနှစ် သန်းခေါင်စာရင်းအရ ၇၈၀,၀၀၀ ခန့် ဖြစ်သည်။ မြို့တော်မှာ ဂျော့တောင်းမြို့ ဖြစ်သည်။

ရာသီဥတု မျှတသော နိုင်ငံဖြစ်၍ စိုက်ပျိုးရေး ဖြစ်ထွန်းသည်။ နိုင်ငံ၏ ဝင်ငွေကောင်းကောင်းရရှိစေသော စပါးနှင့် ကြံကို အဓိကထား၍ စိုက်ပျိုးသည်။ သစ်တော ထူထပ်သော နိုင်ငံလည်း ဖြစ်သည်။ ဗောက်ဆိုက် သတ္တုတူးဖော်ရေးသည် အဓိက စက်မှုလုပ်ငန်းဖြစ်သည်။ ရွှေနှင့် စိန်တို့လည်း တူးဖော်ထုတ်လုပ်သည်။ သတ္တုသိုက်များကြွယ်ဝသော နိုင်ငံဖြစ်၍မတူးဖော်မထုတ်လုပ်ရသေးသော သတ္တုသိုက်အများအပြား ရှိသည်။

လူပသော ရေတံခွန်များကြောင့် ဂိုင်ယာနာနိုင်ငံသည် ကျော်ကြားလေသည်။ ၁၄၉၉ ခုနှစ်ခန့်က စပိန် သင်္ဘောသားများ ဤဒေသသို့ စတင်ရောက်ရှိခဲ့ကြသည်။ ၁၈ ရာစုနှစ်တွင် ယခု ဂိုင်ယာနာ နိုင်ငံသည် ဒပ်ချ ကိုလိုနီ နယ်ပယ်ဖြစ်ခဲ့သည်။ တဖန် ၁၈၁၄ ခုနှစ်တွင်ဗြိတိသျှတို့က ဒပ်ချတို့ ထံမှ လဲပြောင်း လက်ခံယူပြီး ၁၈၃၁ ခုနှစ်တွင် ဗြိတိသျှဂီယာနာ ကိုလိုနီအဖြစ် ထူထောင်ခဲ့သည်။

၁၉၆၁ ခုနှစ်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြီး ၁၉၆၆ ခုနှစ် မေလ ၂၆ ရက်နေ့တွင် လွတ်လပ်ရေးရရှိခဲ့သည်။ ဗြိတိသျှတို့သည် ကပွလီ လူမျိုးများအပြင် အိန္ဒိယ လူမျိုးများကိုလည်း ခေါ်ယူ၍ စိုက်ပျိုးရေး လုပ်ငန်းများကို လုပ်ကိုင်စေခဲ့သည်။ ယခုအခါ ကပွလီ လူမျိုးများထက် အိန္ဒိယ အမျိုးသား အဆက်အနွယ်များက လူများစု ဖြစ်နေသည်။

ဗင်နီဇွဲလားနိုင်ငံက ဂိုင်ယာနာနိုင်ငံ၏ အနောက်ဖက်ပိုင်းကို ပိုင်ဆိုင်ပါသည်ဟု အငြင်းပွားနေဆဲ ဖြစ်သည်။ ဆူရီနမ်နိုင်ငံနှင့်လည်းနယ်ခြားပြဿနာများ အငြင်းပွားဆဲ ဖြစ်သည်။ (ဆူရီနမ် နိုင်ငံ—ရှု။)

၁၉၇၀ ပြည့်နှစ်တွင်သမ္မတနိုင်ငံအဖြစ် ထူထောင်ခဲ့လေသည်။ ဓနသဟာယအဖွဲ့နှင့် ကုလသမဂ္ဂ၌လည်း အဖွဲ့ဝင်အဖြစ် ပါဝင်သော နိုင်ငံဖြစ်သည်။ သမ္မတမှာ မစ္စတာ အာသာ ချန်းဖြစ်သည်။

၁၉၇၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှအစပြု၍ ကိုင်ယာနာ သမ္မတနိုင်ငံအတွင်းရှိ အမေရိကန်ပိုင် မိုင်းတွင်းများကို ပြည်သူပိုင် သိမ်းပိုက်ခဲ့သည်။

ဂစ္စကတ်-ဒက်စတိုင်း, ဗလာရီ (ခရစ် ၁၉၂၆ ဖွား)။ ။ ပြင်သစ်သမ္မတများအနက် အသက်အငယ်ဆုံး တဦး ဖြစ်သည်။ အနောက်ဂျာမနီနိုင်ငံ ကိုဗလင့်မြို့၌ ၁၉၂၆ ခု ဖေဖွာရီလ ၂ ရက်နေ့တွင် မွေးဖွားခဲ့သည်။ ဖခင်သည် အစိုးရအရာရှိတဦး ဖြစ်သည်။

ဒုတိယ ကမ္ဘာစစ်ကြီးအတွင်း အထက်တန်းကျောင်းသားဘဝက ပြင်သစ်နိုင်ငံအား ဖက်ဆစ် ဂျာမန်တို့စိုးမိုးမှုမှ လွတ်မြောက်ရန် တော်လှန်ရေးတွင်ပါဝင်ခဲ့သည်။ ပြင်သစ်



သမ္မတဂစ္စကတ်ဒက်စတိုင်း

တပ်မတော် ပြန်ဖွဲ့ပြီး သော အခါ တပ်မတော်ထဲ ဝင်၍ ဗာဂန်ဒီနှင့် အယ်လဆေးတိုက်ပွဲများတွင် ပါဝင်ခဲ့သည်။

ထို့နောက် တပ်မှ ထွက်သော အခါ စက်မှုလက်မှုကျောင်း နှင့် အမျိုး သား အုပ်ချုပ်ရေး ပ ညာကျောင်း တို့ တွင် တက်ရောက်ပညာသင်ကြားသည်။ယင်းကျောင်းတို့မှအောင်မြင်ပြီးသောအခါ ပြင်သစ်နိုင်ငံအစိုးရ၏ ဘဏ္ဍာရေးဌာနတွင် ဝင်ရောက်အမှုထမ်းသည်။ ၁၉၅၄ ခုနှစ်တွင် အစိုးရအဖွဲ့၏ဒုတိယ ညွှန်ကြားရေးဝန် ဖြစ်လာသည်။ ၁၉၅၆-၅၈ ခုနှစ် ပါလီမန် ရွေးကောက်ပွဲများတွင် ယှဉ်ပြိုင် အရွေးခံ၍ အမတ်ဖြစ်လာသည်။သမ္မတဒီဂိုးလ်ထက် ၁၉၅၉ ခုနှစ်တွင် လက်ထောက် ဘဏ္ဍာရေး ဝန်ကြီးအဖြစ်၎င်း၊ ၁၉၆၂ ခုနှစ်တွင် စီးပွားရေး နှင့် ဘဏ္ဍာရေးဝန်ကြီးအဖြစ်၎င်း တာဝန် ထမ်းဆောင်ရလေသည်။

ဂစ္စကတ် - ဒက်စတိုင်းသည် ၁၉၅၆၊ ၁၉၅၇၊ ၁၉၅၈ ခုနှစ်များတွင် ကုလသမဂ္ဂ အထွေထွေညီလာခံသို့ ပြင်သစ် အစိုးရအဖွဲ့ ခေါင်းဆောင်အဖြစ် တက်ရောက်ခဲ့ရလေသည်။

၁၉၆၆ ခုနှစ်တွင် သမ္မတဒီဂိုးက အစိုးရသစ် ပြန်၍ဖွဲ့စည်းသောအခါ ဂစ္စကတ်သည် ရာထူးမှ နုတ်ထွက်လိုက်သည်။ ထိုနှစ် ဇွန်လတွင် လွတ်လပ်သော အမျိုးသား ရီပတ်ဗလစ်ကန်ပါတီကိုတည်ထောင်သည်။

၁၉၆၉ ခုနှစ်တွင် သမ္မတဒီဂိုးပြည်သူဆန္ဒခံယူပွဲ၌ အရေးနိမ့်၍ သမ္မတရာထူးမှ နုတ်ထွက်လိုက်သည်။ သို့ဖြင့် ကြာဖြတ် ရွေးကောက်ပွဲကျင်းပရာ ၁၉၆၂–၆၈ ခု အထိ ဒီဂိုး၏ ဝန်ကြီးချုပ်ဖြစ်ခဲ့သူ ပွန်ပီဒိုသည်သမ္မတအဖြစ်ရွေးကောက်တင်မြှောက်ခံရသည်။ သမ္မတပွန်ပီဒို၏လက်ထက်တွင်လည်း ဂစ္စကတ်သည် စီးပွားရေးရာနှင့် ဘဏ္ဍာရေးဝန်ကြီး အဖြစ် ခန့်အပ်ခြင်းခံရသည်။ သမ္မတကြီး ပွန်ပီဒိုသည် သက်တမ်း မစေ့မီ ၁၉၇၄ ခု ဧပြီလ ၂ ရက်နေ့တွင် ကွယ်လွန်သွားသည်။ ထိုအခါ သမ္မတ ရာထူး အတွက် ဆိုရှယ်လစ်ပါတီ ခေါင်းဆောင်တဦးဖြစ်သူ ဖရန်ဆွာမစ်တာရင်းနှင့် ဂစ္စကတ်သည် ယှဉ်ပြိုင်အရွေးခံသည်။ ဂစ္စကတ်သည် ဒီဂိုး၏ ဘက် တော်သားများနှင့်မဟာမိတ်ဖွဲ့၍ ရွေးကောက်ပွဲ ဝင်ခဲ့ခြင်း ဖြစ်ရာ မစ်တာရင်းအား မဲအနည်းငယ်ဖြင့်ကပ်၍ အနိုင် ရရှိပြီး ၁၉၇၄ ခု မေလ ၁၉ ရက်နေ့တွင် သမ္မတ ဖြစ်လာခဲ့လေသည်။

ဂစ္စဂတ်သည် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရေးကိုလက်ခံသည်။ သမ္မတ ဖြစ်လာပြီးခဲ့သည့် သက်တမ်းအတွင်း ဝန်ကြီးချုပ် နှစ်ဦး ပြောင်းလဲခဲ့သည်။ သမ္မတဖြစ်စဉ်က ဝန်ကြီးချုပ် အဖြစ်ခန့်အပ်ခဲ့သော ချီရက်အား ၁၉၇၆ ခု ဩဂုတ်လတွင် နုတ်ထွက်စေခဲ့ပြီး ရေမွန်ဗားအား ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ဆောင်ရွက်စေသည်။ ၁၉၇၇ ခု မတ်လတွင် ရေမွန်ဗားအား အစိုးရအဖွဲ့သစ် ဖွဲ့စည်းစေခဲ့သည်။ ဂစ္စကတ် - ဒက်စတိုင်းသည် အင်အားမသေးသော အတိုက်အခံများကို ရင်ဆိုင်လျက် သမ္မတအဖြစ် ဆောင်ရွက်လျက် ရှိသည်။

ဂန္ဓီ, အင်ဒီရာ (ခရစ် ၁၉၁၇ ဖွား)။ ။လွတ် လပ် သော အိန္ဒိယ နိုင်ငံ၏ ပထမဆုံး ဝန်ကြီးချုပ် ဂျဝါဟာလာနေရူး နှင့် ကမလာတို့၏ တဦးတည်းသော သမီး ဖြစ်သည်။ အင်ဒီရာဂန္ဓီကို ၁၉၁၇ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့တွင် အလဟာဗတ်မြို့၌ မွေးဖွားခဲ့သည်။

အသက် ခြောက်နှစ် အရွယ်တွင် စတင် ကျောင်းနေသည်။ အသက် ၁၂ နှစ် အရွယ်တွင် ကွန်ဂရက် လူငယ် အဖွဲ့ကို ဦးဆောင် ဖွဲ့စည်းခဲ့သည်။ အစဉ်အလာ နိုင်ငံရေး သမားများဖြစ်သော အဖိုး၊ အဖွား၊ ဖခင်၊ အဒေါ် တို့၏ အလယ်တွင် ကြီးပြင်းခဲ့ရသဖြင့် ငယ်စဉ်ကပင် နိုင်ငံရေး သနွေး ပါခဲ့သည်။

၁၉၃၄ ခုနှစ်တွင် အိန္ဒိယ အမျိုးသား ကဗျာ ဆရာကြီး ရာဗင်ဒြာနတ်တဂိုး၏ စန်တိနိကေတန်တက္ကသိုလ်တွင် ပညာသင်သည်။ ၁၉၃၅ ခုနှစ်တွင် မိခင်၏ ကျန်းမာရေးအတွက် ဆေးကုရန် ဂျာမနီမှတဆင့် ဆွစ်ဇာလန်သို့ ရောက်သည်။ ဆွစ်ဇာလန်တွင်နေစဉ် ဂျီနီဗာမြို့ရှိ အပြည်ပြည်ဆိုင်ရာ ကျောင်းတွင် ပညာ သင်သည်။ အင်ဒီရာ ၁၉ နှစ်အရွယ်တွင် မိခင်ကွယ်လွန်သည်။

၁၉၄၀ ပြည့် နှစ်များ တဝိုက်တွင် လန်ဒန်မြို့ရှိ ဗက်ဒမင်တန်ကျောင်းနှင့် အောက်စဖို့ တက္ကသိုလ်မှ ဆမ်းမားဗီးကောလိပ်တို့တွင် ပညာဆက်လက်သင်ခဲ့သည်။အင်္ဂလန်တွင် ပညာသင်စဉ် ရင်းနှီးချစ်ကျမ်းခဲ့သော ဘာသာကဲ့ ဖာရစီ အမျိုးသားတဦးဖြစ်သူ ဖားရို့ဇ်ဂန္ဓီနှင့် လက်ထပ်လိုက်ပြီး လပ်ကနောင်းမြို့တွင် အခြေချ နေထိုင်ကြသည်။

အသက် ၂၁ နှစ် အရွယ်တွင် အိန္ဒိယပြည် အမျိုးသား ကွန်ဂရက် ပါတီသို့ ဝင်ခဲ့သည်။ ခင်ပွန်းသည် ဖားရို့ဇ်ဂန္ဓီက အိန္ဒိယ သံတော်ဆင့်သတင်းစာတွင်မန်နေဂျာလုပ်နေစဉ်

အင်ဒီရာဂန္ဓီသည် ကွန်ဂရက်ပါတီတွင် အမျိုးသမီးမျှားကို ဦးဆောင်၍ နိုင်ငံရေးကို ထိရောက်စွာဆောင်ရွက်သည်။

၁၉၄၃ ခုနှစ်တွင် လူထုစည်းဝေးပွဲတခု၌ ဗြိတိသျှတို့နှင့် မပူးပေါင်းရေး တရားဟောနေစဉ် အင်ဒီရာတို့ ဇနီးမောင်နှံ အဖမ်းခံရသည်။ ၁၉၄၇ ခုနှစ် သြဂုတ်လ ၁၄ ရက်နေ့တွင် အိန္ဒိယနိုင်ငံလွတ်လပ်ရေးရခဲ့ပြီးအင်ဒီရာ၏ဖခင်ဂျဝါဟာလာ နေရူးကပထမဦးဆုံးဝန်ကြီးချုပ်ဖြစ်လာသည်။

၁၉၅၅ ခုနှစ်တွင် ကွန်ဂရက်ပါတီ၏ အလုပ်အမှုဆောင် ကော်မတီဝင်ဖြစ်လာပြီး ၁၉၅၉ ခုနှစ်တွင်ဥက္ကဋ္ဌဖြစ်ခဲ့သည်။ ထိုအချိန်တွင် အင်ဒီရာမှာ အသက် ၄၂ နှစ် အရွယ် ဖြစ်သည်။ ၁၉၆၀ ပြည့်နှစ်တွင် ခင်ပွန်းသည် ဖားရို့ဇန္ဒီ နှလုံးရောဂါဖြင့် ကွယ်လွန်သွားခဲ့သည်။ အင်ဒီရာတွင် ရာဂျစ်နှင့် ဆန်ဂျေးဟူသော သားနှစ်ဦး ကျန်ရစ်သည်။ကွန်ဂရက်ပါတီ အတွင်း၌အင်ဒီရာသည် လုပ်ရည် ကိုင်ရည်ကြောင့် တဖြည်းဖြည်း ထင်ပေါ် ကျော်ကြားလာခဲ့သည်။

၁၉၆၄ ခုနှစ်တွင် အင်ဒီရာ၏ ဖခင် နေရူးကွယ်လွန်ခဲ့သည်။ အိန္ဒိယနိုင်ငံ၏ ဒုတိယမြောက် ဝန်ကြီးချုပ်အဖြစ် လားဗဟာဒူး ရှပ်စထရီ တက်လာသည်။ ရှပ်စထရီ၏ အစိုးရအဖွဲ့တွင် အင်ဒီရာသည် ပြန်ကြားရေးနှင့် အသံလွှင့် ဌာနဝန်ကြီး အဖြစ် အစိုးရ အဖွဲ့၏ အရေးပါသူများတွင် စတုတ္ထနေရာမှ တာဝန်ထမ်းဆောင်ခဲ့သည်။ အခြား တဖက်တွင် ကွန်ဂရက်ပါတီ၏ အလုပ်အမှုဆောင် အဖွဲဝင် တဦး အဖြစ်လည်း ဆောင်ရွက်နေခဲ့သည်။

ဝန်ကြီးချုပ် ရှပ်စထရီ ကွယ်လွန် သွားသောအခါ ၁၉၆၆ ခုနှစ် ရွေးကောက်ပွဲတွင်အိန္ဒိယနိုင်ငံ၏အသက်အငယ်ဆုံးနှင့် ပထမဦးဆုံးအမျိုးသမီးဝန်ကြီးချုပ်အဖြစ်အရွေးခံရသည်။

၁၉၆၇ ခုနှစ်တွင် အိန္ဒိယပြည်လုံးဆိုင်ရာ ကွန်ဂရက် ပါတီ ကော်မတီအစည်းအဝေးတွင် တိုင်းပြည်၏ စီးပွားရေး စီမံဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ဒုဝန်ကြီးချုပ် ဒေဆိုင်း၏ အုပ်စုနှင့် အင်ဒီရာ သဘောကွဲခဲ့ကြသည်။ ဒုတိယဝန်ကြီးချုပ် ဒေဆိုင်းသည် အစိုးရအဖွဲ့မှ နုတ်ထွက်သွားသည်။

ဆူပူဆန္ဒပြမှု၊ အကြမ်းဖက်မှုများ ဖြစ်ပေါ်လာသော ကြောင့် အင်ဒီရာသည် ပါလီမန်ကို သက်တမ်း မစေ့မီ ဖျက်သိမ်းပြီး ၁၉၇၁ ခုနှစ် မတ်လ ၁ ရက်နေ့မှ ၁၀ ရက်နေ့ထိကာလအတွင်း ဒုတိယ အကြိမ် အောက်လွှတ်တော် အထွေထွေ ရွေးကောက်ပွဲကို ကျင်းပခဲ့သည်။ အမတ်နေရာ ၅၁၈ နေရာတွင် အင်ဒီရာ၏ ပါတီမှ ၃၅၀ နေရာ အနိုင်ရခဲ့သဖြင့် မတ်လ ၁၈ ရက်နေ့တွင် အစိုးရသစ်ဖွဲ့ခဲ့သည်။

၁၉၇၁ ခုနှစ်က ရွေးကောက်ပွဲတွင် အင်ဒီရာသည် ရွေးကောက်ပွဲဥပဒေများကို ဖောက်ဖျက်သည် ဆိုကာ အင်ဒီရာ၏ ဝန်ကြီးချုပ်အဖြစ် အရွေးခံရမှုကို ပျက်ပြယ်စေပြီး နောင် ခြောက်နှစ်အတွင်း၌ ရွေးကောက်ပွဲ ပါဝင်ယှဉ်ပြိုင်ခွင့် မရှိဟု အလာဟာဗတ်ရုံးတော်မှ ၁၉၇၅ ခုနှစ် ဇွန်လ ၁၂ ရက်နေ့တွင် စီရင်ချက်ချလိုက်သည်။ ထိုစီရင်ချက်ကို ပယ်ဖျက်ပေးရန် အင်ဒီရာက အယူခံဝင်သည်။ အယူခံကာလအတွင်း တရားလွှတ်တော်ချုပ်၏ ခွင့်ပြုချက်အရ ဝန်ကြီးချုပ်အဖြစ် ဆက်လက် ဆောင်ရွက်သည်။ သို့သော် အင်ဒီရာ အဖို့ ပါလီမန်နှစ်ရပ်တွင် မိန့်ခွန်း မြွက်ကြားရရုံမှအပ မဲပေးပိုင်ခွင့် မရှိတော့ချေ။

ပါလီမန်တွင် မဲပေးခွင့်မရှိသူကို ဝန်ကြီးချုပ် အဖြစ် ဆက်လက်ထားရှိခြင်းမှာ ဥပဒေဘောင်မဝင်ဟု အတိုက်အခံ ပါတီများက ဆန့်ကျင် ကန့်ကွက်ဆန္ဒပြလာကြသည်။ အင်ဒီရာက ၁၉၇၅ ခု ဇွန်လ ၂၆ ရက်နေ့ အိန္ဒိယ နိုင်ငံ၏ အရေးပေါ် အခြေအနေကိုကြေငြာသည်။

အရေးပေါ် အခြေအနေအတွင်း၌ အင်ဒီရာသည် ရက်လ အကန့်အသတ်မရှိ ဝန်ကြီးချုပ်အဖြစ် ခံယူသည်။ ပြင်ဆင်ရေးဆွဲသော ဥပဒေအရ ၁၉၇၁ ခုနှစ် ရွေးကောက်ပွဲ ဥပဒေ ဖောက်ဖျက်မှုဖြင့် အပြစ်ပေးထားသော အလာဟာဗတ်တရားရုံး၏ ဆုံးဖြတ်ချက်ကိုပယ်၍ အိန္ဒိယတရားရုံးချုပ်က အင်ဒီရာကို အနိုင်ပေးကာ အမှုကို ပလပ်လိုက်သည်။

သို့ဖြင့် အင်ဒီရာသည် ၁၉၇၅ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ဒုတိယအကြိမ် အစိုးရအဖွဲ့ကို ပြန်လည် ဖွဲ့စည်းသည်။

အင်ဒီရာ၏ ရွေးကောက်ပွဲ ပြဿနာ၊ သား ကြောဖြတ် စစ်ဆင်ရေး၊ အတိုက်အခံပါတီများကို နှိပ်ကွပ်မှု၊ သတင်းစာလွတ်လပ်ခွင့်ကို ပိတ်ပင်မှုနှင့် ကုန်စျေးနှုန်း ကြီးမြင့်မှု စသော ပြဿနာပေါင်းစုံအပေါ် ပြည်သူများ မကျေနပ်ကြချေ။ ဆူပူကန့်ကွက်မှုများမှာ ဒီရေအလားတိုးတက်လာခဲ့သဖြင့် အိန္ဒိယနိုင်ငံ၏ ရွေးကောက်ပွဲကို ၁၉၇၇ ခု မတ်လတွင် ကျင်းပပေးခဲ့ရသည်။

အင်ဒီရာသည် သားဖြစ်သူ ဆန်ဂျေးကို မိမိ၏ နိုင်ငံရေး အမွေခံအဖြစ် လျာထား၍ ပါလီမန် အမတ်ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်စေသော်လည်း ပြည်သူများက မလိုလားကြချေ။

၁၉၇၇ ခု မတ်လ ၂၀ ရက်နေ့ရွေးကောက်ပွဲတွင် အင်ဒီရာ၏ ကွန်ဂရက် ပါတီသည် အောက်လွှတ်တော် အမတ် ၅၄၂ နေရာတွင် ၁၅၃ နေရာသာ အနိုင်ရသဖြင့် ၁၉၇၇ ခု မတ်လ ၂၁ ရက်နေ့တွင် အင်ဒီရာသည် ယင်း၏ ၂၁ လကြာ အရေးပေါ် အခြေအနေကို ရုပ်သိမ်း၍ ၁၁ နှစ်ကြာ ဝန်ကြီးချုပ် အဖြစ်မှ နုတ်ထွက်လိုက်ရတော့သည်။

ဂမ္ဘီယာသမ္မတနိုင်ငံ။ ။ဂမ္ဘီယာသမ္မတနိုင်ငံသည်ဗြိတိသျှအနောက် အာဖရိက နိုင်ငံများတွင် ရှေးအကျဆုံးနှင့် အသေးဆုံး နိုင်ငံ ဖြစ်သည်။ အာဖရိကတိုက် အနောက်ဖက်ကမ်းခြေ၌တည်ရှိ၍ အနောက်ဖက်အတ္တလန္တိတ် သမုဒ္ဒရာ ကမ်းရိုးတန်းပိုင်းမှ လွဲလျှင် ဆင်နီဂေါနိုင်ငံ၏ နယ်နိမိတ်များ နှင့် ထိစပ်သည်။ အကျယ်အဝန်းမှာ စတုရန်းမိုင် ၄,၀၀၃ ခန့် ရှိပြီး ၁၉၇၆ ခုနှစ်ခန့်မှန်းချက်အရ လူဦးရေ ၅၄၀,၀၀၀ ခန့် ရှိသည်။ မြို့တော်မှာ ဘင်ဂျူးမြို့ ဖြစ်သည်။



စပါးနှင့်မြေပဲကို အဓိကထွားစိုက်ပျိုး၍ ပြည်ပသို့တင်ပို့ရောင်းချသည်။

အစ္စလာမ်ဘာသာကိုးကွယ်ကြသူများမှာ အများစုဖြစ်ပြီး အင်္ဂလိပ်ဘာသာ စကားမှာ ရုံးသုံးဘာသာဖြစ်သည်။

ဂမ္ဘီယာနိုင်ငံသည် ၁၆၆၁ ခုနှစ်ကတည်းက ဗြိတိသျှပိုင်ဖြစ်ခဲ့သည်။ ဗြိတိန်နိုင်ငံ ပထမ ဂျိမ်းဘုရင် လက်ထက်တွင် စွန့်စားသွားလာသူ ဗြိတိသျှ ကုန်သည်များသည် ဂမ္ဘီယာမြစ်ဝှိ စိန့်မေရီအမည်ပေးခဲ့သောကျွန်းကလေးတကျွန်းသို့ ရောက်ရှိပြီး ကူးသန်း ရောင်းဝယ်ရေး ဌာနတခုကို ဖွင့်လှစ်ခဲ့သည်။

ဗြိတိသျှ ကုန်သည်များသည် ဂမ္ဘီယာ မြစ်ကြောင်းအတွင်းသို့ဝင်ရောက်၍ အခြားဆိပ်ကမ်းမြို့ကလေးများကို တည်ဆောက်ပြန်သည်။ နှစ်ပေါင်း ၂၀၀ အတွင်းမြစ်တဖက် တချက်တွင် ၁၀ မိုင်ခန့် ရှည်လျား ကျယ်ပြန့်သော မြေရိုင်းများကို ခဲ့ဖွင့်၍ အလျား မိုင် ၂၀၀ ခန့်အထိပိုင်ဆိုင်လာခဲ့သည်။

ဗြိတိသျှအစိုးရသည် ဂမ္ဘီယာ နိုင်ငံကို ၁၉၀၂ ခုနှစ်တွင် သြဇာခံ နယ်မြေအဖြစ် သိမ်းပိုက်အုပ်ချုပ်ခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရသော အစိုးရဖြစ်လာပြီး ၁၉၆၅ ခုနှစ် ဖေဖွာရီလ ၁၈ ရက်နေ့တွင် လွတ်လပ်ရေး ရရှိခဲ့သည်။

ဂမ္ဘီယာနိုင်ငံသည် လွတ်လပ်ရေးရပြီးနောက် ဆင်နီဂေါနိုင်ငံနှင့် သင့်မြတ်ရန် ကြိုးစားခဲ့ရသည်။ ဆင်နီဂေါနိုင်ငံနှင့် တသားတည်းဖြစ်သည့် အပြင် အမျိုးသားချင်းလည်း နီးစပ်မှုရှိသော နိုင်ငံဖြစ်သည်။

၁၉၇၀ ပြည့်နှစ်တွင် သမ္မတနိုင်ငံ အဖြစ် ထူထောင်ပြီး ဗြိတိသျှဓနသဟာယအဖွဲ့အတွင်း ပါဝင်ခဲ့ပေသည်။ ယခင်က ဝန်ကြီးချုပ် ဖြစ်ခဲ့သူ ဒေါ်ဒါကေရာဗာဂျဝါရာသည် ပထမဆုံးသမ္မတ ဖြစ်လာသည်။

ဂျပန်နိုင်ငံ။ ။(၃ – ၁၀၂ — ရှု။) ဂျပန် နိုင်ငံ ၏ အကျယ်အဝန်းမှာ ၁၄၇,၇၅၀ စတုရန်းမိုင်သာ ရှိသည်။ ၁၉၇၆ ခုနှစ် သန်းခေါင်စာရင်း အရ လူဦးရေ ၁၁၂,၇၇၀,၀၀၀ ခန့် ရှိသည်။ ဂျပန်နိုင်ငံသည် လူမျိုးနှင့်ချီ၍ ကြီးပမ်းမှု ကြောင့် တို တောင်းသည့်စစ်ပြီးနှစ် ကာလ အတွင်း စီးပွားရေးအရ မြင့်မားတိုးတက်လာသည်။ အမေရိကန်ပြည်ထောင်စု၏ ထောက်ပံ့မှုဖြင့် ဂျပန်နိုင်ငံ၏ စက်မှုလုပ်ငန်း ပြန်လည် တိုးတက်ရာတွင် အရင်းရှင်နိုင်ငံများအနက် စတုတ္ထ အကြီးဆုံး စက်မှုနိုင်ငံ ဖြစ်လာသည်။ မြို့တော်မှာ တိုကျိုမြို့ဖြစ်သည်။



ဂျပန်နိုင်ငံ၏ ကုန်ပစ္စည်းထုတ်လုပ်မှုသည် တနှစ်ထက်တနှစ် တိုးတက်လာပြီး ထိပ်တန်းသို့ ရောက်ရှိနေသည်။ သဘော်ဘတည်ဆောက်မှုတန်ခိုန်၊ ရေဒီယို၊ ကင်မရာ၊ ယက္ကန်းလုန်းတို့ကို ကမ္ဘာတွင် အများဆုံး ထုတ်လုပ်နိုင်သော နိုင်ငံ ဖြစ်သည်။ ဆေးဝါးထုတ်လုပ်မှုတွင်၎င်း၊ သံမဏိ၊ မော်တော်ယာဉ်၊ ဒန်သတ္တု၊ ပလပ်စတစ်၊ ချည်မျှင်တု၊ သိုးမွေးချည် ထုတ်လုပ်မှုနှင့် လျှပ်စစ်ဓာတ်အား အသုံးပြုမှုတွင်၎င်း အရင်းရှင်နိုင်ငံများတွင် ဂျပန်နိုင်ငံသည် အမေရိကန်ပြည်ထောင်စုနောက် ဒုတိယလိုက်လေသည်။

ဂျပန်နိုင်ငံသည် ပြည်ပပို့ကုန် ဈေးကွက်ကို တိုးချဲ့ပြီး အရင်းအနှီးများကိုလည်း နိုင်ငံခြားတိုင်းပြည်များသို့ တင်ပို့မြှုပ်နှံလျက် ရှိသည်။ ၁၉၆၆ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၆၉ သန်းခန့်ကို ပြည်ပတွင် ရင်းနှီး မြှုပ်နှံခဲ့သည်။ ယခုမူ ဂျပန်နိုင်ငံ၏ နိုင်ငံခြား ရင်းနှီးမြှုပ်နှံငွေမှာ ဒေါ်လာ သန်းပေါင်း ၁၀၀၀ ကျော်ခန့်ရှိ၍ ဆက်လက် တိုးချဲ့ဆဲ ဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ရှိ အာရှဖွံ့ဖြိုးရေးဘဏ်တွင် အစုရှယ်ယာ အများဆုံးပါဝင်ပြီး ထိုဘဏ်၏ ဥက္ကဋ္ဌမှာ ဂျပန်နိုင်ငံ၏ဘဏ္ဍာရေးဝန်ကြီးဖြစ်သည်။

ဂျပန်နိုင်ငံတွင် ပါတီစုံပါဝင်သော ပါလီမန်ဒီမိုကရေစီ အုပ်ချုပ်ပုံစနစ် ကျင့်သုံးသော်လည်း လစ်ဗရယ် ဒီမိုကရက်တစ် ပါတီတခုတည်းကသာ နှစ်ပေါင်း ၂၀ ကျော်ကြာမျှ အစိုးရအဖြစ် အုပ်စိုးခဲ့သည်။ ၁၉၇၂ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကျင်းပခဲ့သော ရွေးကောက်ပွဲတွင် လစ်ဗရယ် ဒီမိုကရက်တစ်ပါတီက အမတ်နေရာအများစု ရရှိ၍ ၁၉၇၂ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ဝန်ကြီးချုပ် တာနကာ ဦးဆောင်ပြီး လစ်ဗရယ် ဒီမိုကရက်တစ်ပါတီ အစိုးရကို ဖွဲ့စည်းခဲ့သည်။ ဝန်ကြီးချုပ် တာနကာသည် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများတွင် မရိုးမသား ပါဝင်

ပတ်သက်နေသည်ဟူသော စွပ်စွဲချက်ကြောင့် ၁၉၇၄ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်နေ့တွင် ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ခဲ့ရသည်။ ဒုတိယ ဝန်ကြီးချုပ်ဟောင်း တာကီအိုမိကီက ဝန်ကြီးချုပ်ရာထူးကို ဆက်ခံခဲ့သည်။

ဝန်ကြီးချုပ် မီကီသည် ပါတီရန်ပုံငွေ စုဆောင်းသည့် စနစ်ကို ပြုပြင်သည့် ဥပဒေ ရေးဆွဲစေခြင်း၊ ပါတီ၏ အခြေခံ စီးပွားရေး ပေါ်လစီဖြစ်သည့် လွတ်လပ်စွာ ကူးသန်းရောင်းဝယ်ရေးကို ဆန့်ကျင်သည့် စီးပွားရေး ပေါ်လစီများကို ချမှတ်ခြင်းတို့ကို ပြုလုပ်ခဲ့၍ ပါတီတွင်း ညီညွတ်မှု ပျက်ပြားစေခဲ့သဖြင့် မီကီဖြုတ်ချရေးအတွက် ကြိုးစားလာကြသည်။ တချိန်တည်းမှာပင် ဝန်ကြီးချုပ်ဟောင်း တာနကာ အပါအဝင် ကျပန်နိုင်ငံရေးနှင့် စီးပွားရေးလောကမှ ထိပ်တန်း ပုဂ္ဂိုလ်များအား လေ့ခတိ လေကြောင်းကုမ္ပဏီ(အမေရိကန်)ကလာဘ်ပေးခဲ့ရကြောင်း ၁၉၇၆ ခုနှစ် ဖေဖော်ဝါရီလတွင် သတင်း ထွက်လာခဲ့သည်။ ဤလေ့ခတိ လပ်ပေးမှုကို အကြောင်းပြုပြီး အာဏာရ ပါတီအတွင်း အုပ်စုတိုက်ပွဲများ ပြင်းထန်လာသည်။ အတိုက်အခံ ပါတီများကလည်း ဝန်ကြီးချုပ် မီကီအစိုးရ အဖွဲ့နုတ်ထွက်ပေးရန်နှင့် အောက်လွှတ်တော်ကိုဖျက်သိမ်း၍ အထွေထွေ ရွေးကောက်ပွဲကျင်းပပေးရန် ပြင်းပြင်းထန်ထန် တောင်းဆိုခဲ့ကြသည်။ သို့သော် ဝန်ကြီးချုပ် မီကီသည် လွှတ်တော်ကို ဆင့်ခေါ်ခြင်း မပြုသေးပဲ မိမိဦးဆောင်သော ကျပန်အစိုးရအဖွဲ့သစ်ကို အဖွဲ့ဝင် ၂၂ ဦးဖြင့် အသစ်ဖွဲ့စည်းသည်။ သို့ရာတွင် ပါတီတွင်း ညီညွတ်မှုမရပဲ မီကီဖြုတ်ချရေးကိုသာ အစဉ်တစိုက်ကြိုးပမ်းလာကြသည်။ ဝန်ကြီးချုပ် မီကီသည်လည်း ရွှေဆိုင်းခဲ့ရသော ဒိုင်းယက် လွှတ်တော်ကို ဆင့်ခေါ်ခဲ့ရသည်။ ယင်းလွှတ်တော်က ၁၉၇၆ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့တွင် ကျပန်နိုင်ငံ အောက်လွှတ်တော် အထွေထွေ ရွေးကောက်ပွဲကျင်းပရန် ဆုံးဖြတ်သည်။ မီကီခေါင်းဆောင်သောအုပ်စုနှင့် ဒုတိယ ဝန်ကြီးချုပ် ဖူကူဒါခေါင်းဆောင်သော အုပ်စုတို့သည် လစ်ဗရယ် ဒီမိုကရက်တစ် ပါတီကို ကိုယ်စားပြုပြီး သီးခြားစီပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ဤသို့ဖြင့် ၃၄ ကြိမ်မြောက် ကျပန် အောက်လွှတ်တော် ရွေးကောက်ပွဲကို ၁၉၇၆ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့တွင် ကျင်းပရာ အောက်လွှတ်တော်အမတ် ၅၁၁ ဦးတွင် လစ်ဗရယ် ဒီမိုကရက်တစ်ပါတီမှ အမတ် ၂၄၉ ဦးသာ ရရှိပြီး ၂၁ နှစ်ကျော်ကာလအတွင်း ပထမဆုံးအကြိမ် အများစုနေရာ မရရှိပဲ ဖြစ်ခဲ့သည်။ ယင်းကြောင့် ဝန်ကြီးချုပ် မီကီသည် ရွေးကောက်ပွဲတွင် အရေးနိမ့်ရခြင်း အတွက် မိမိတာဝန်ယူကြောင်း ကြေငြာပြီး ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ရာထူးမှ နုတ်ထွက်ပေးခဲ့သည်။

၁၉၇၆ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် ကျင်းပသည့် အောက်လွှတ်တော် အစည်းအဝေးတွင် ဖူကူဒါသည် အမတ်ပေါင်း ၅၁၁ ဦးအနက် ၂၅၆ ဦး၏ ထောက်ခံမှုဖြင့် ဝန်ကြီးချုပ် အဖြစ် ရွေးချယ် ခံရသည်။ (ဖူကူဒါ, တကေအို—ရှု။) ဝန်ကြီးချုပ် ဖူကူဒါ၏ အစိုးရအဖွဲ့တွင် ဝန်ကြီး ၁၂ ဦးပါရှိသည်။ သို့သော် ၁၉၇၇ ခု နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ဖူကူဒါခေါင်းဆောင်သော သက်တမ်း ၁၁ လရှိ ဝန်ကြီးအဖွဲ့သည် ဝန်ကြီးအဖွဲ့သစ် ဖွဲ့စည်းနိုင်ရန် အစုလိုက် အပြုံလိုက် နုတ်ထွက်လိုက်ကြသည်။

ယင်းသို့ အစိုးရအသစ် ပြန်လည် ဖွဲ့စည်းရသည့် အကြောင်းမှာ ကျပန်နိုင်ငံထွက် တန်ဖိုးပေါသော ကုန် ပစ္စည်းများသည် အမေရိကန်နှင့် အနောက်ဥရောပနိုင်ငံ စျေးကွက်များကို လွှမ်းမိုးလျက်ရှိရာ ယင်းတို့၏ ကုန်ထုတ် လုပ်ရေးကို ထိခိုက်လျက်ရှိသည်။ ယင်းနိုင်ငံများက ကျပန် အား ပြည်ပ ပို့ကုန် ပစ္စည်းများ ထုတ်လုပ်မှု လျှော့ချ၍ ပြည်တွင်းသုံးများကို ပိုမိုထုတ်လုပ်ရန် တောင်းဆိုကြသည်။ သို့မဟုတ်က ကျပန်ပစ္စည်းများ မိမိတို့နိုင်ငံတွင်းသို့ သွင်းခွင့် မပြုရန် ခြိမ်းခြောက်လာကြသည်။ သို့ဖြစ်၍ ယင်းအခြေ အနေကို အဆင်ပြေပြေ ဖြစ်မြောက်စေရန် ဖူကူဒါသည် အစိုးရအဖွဲ့ကို အသစ် ပြန်ဖွဲ့စည်းခဲ့ခြင်း ဖြစ်လေသည်။ အရှေ့အာရှနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လိုသော ကျပန် ဝန်ကြီးချုပ်ဖူကူဒါသည် စီးပွားရေး၊ ကုန်သွယ်ရေးပူးပေါင်း ဆောင်ရွက်ရေးတို့ကိုဆွေးနွေးရန် မြန်မာနိုင်ငံနှင့် အေစီယင် အဖွဲ့ဝင် ငါးနိုင်ငံသို့ ၁၉၇၇ ခုနှစ် သြဂုတ်လတွင် ချစ်ကြည် ရေးခရီး သွားရောက်ခဲ့သည်။

ကျောမနီနိုင်ငံ၊ ပြည်ထောင်စုသမ္မတ။ ။ (၃–၁၀၅ —ရှု။) တချိန်က အလွန်နာမည်ကြီးခဲ့သော ကျောမနီနိုင်ငံ



ကြီးသည် ဒုတိယကမ္ဘာ စစ်ပြီး ခေတ်တွင် ပြည်ထောင်စုသမ္မတ ကျောမနီနိုင်ငံနှင့် ကျောမန် ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဟူ၍ ကျောမန်နှစ်နိုင်ငံ ကွဲသွားလေသည်။

ပြည်ထောင်စုသမ္မတ ကျောမနီနိုင်ငံခေါ် အနောက်ကျောမနီနိုင်ငံကို ၁၉၄၉ ခုနှစ် စက်တင်ဘာလ ၇ ရက်နေ့တွင် တည်ထောင်ကြောင်း ကြေငြာခဲ့ပြီး စက်တင်ဘာလ ၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတ ကျောမနီနိုင်ငံ၏ မြေစည်းတည်ထောင်ခြင်းကို တရားဝင် အတည်ဖြစ်ခဲ့သည်။ နိုင်ငံ၏ အကျယ်အဝန်းမှာ စတုရန်းမိုင် ၆၅,၆၃၃ ရှိသည်။ ၁၉၇၆ ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေ ၆၁,၅၀၀,၀၀၀ ခန့်ရှိသည်။ မြို့တော်မှာ ဗဒန်မြို့ဖြစ်သည်။

ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ၌ ဗာဗေးရီးယား၊ ဗာဒင်ဗာတင်ဗတ်၊ ဗရီးမင်း၊ ဟမ်းဗတ်၊ ဟက်ဆီ၊ ဆက္ဆန်နီ အောက်ပိုင်း၊ ရိုင်းဝက်စဖေးလီးယား၊ မြောက်ပိုင်း ရှလဲတွစ်ဟိုလစတိုင် ပြည်နယ်များပါဝင်၍ ၁၉၅၇ ခုနှစ်တွင် ဆားလန်းနယ်ကိုပါ ထည့်သွင်းလိုက်သည်။ မြေမျက်နှာပြင် အနေအထားမှာ မြောက်ဖက်တွင် မြေသြဇာကောင်းသော စိုက်ပျိုးရေးနယ်မြေများ တည်ရှိပြီး အလယ်ပိုင်းတွင် သစ်တောများ ရှိလေသည်။ တောင်ဖက်ပိုင်းတွင်မူ တောတောင်များ ထူထပ်သည်ကို တွေ့ရသည်။

ဒုတိယ ကမ္ဘာစစ်ပွဲကြီး အပြီးတွင် ဂျာမနီနိုင်ငံသည် မဟာမိတ်တပ်ပေါင်းစုထံ ခြွင်းချက်မရှိလက်နက်ချခဲ့ရသော စစ်ရှုံးနိုင်ငံဖြစ်သည်။ ၁၉၄၅ ခုနှစ် ဇွန်လ ၅ ရက်နေ့မှ အစပြု၍ အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်နိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့က ပူးတွဲ၍ ဂျာမနီနိုင်ငံ စစ်ရှုံးကြောင်း ကြေငြာ၍ ယင်းလေးနိုင်ငံပါဝင်သော မဟာမိတ်နိုင်ငံများက ဂျာမနီနိုင်ငံတနိုင်ငံလုံးကို အပိုင်းကြီးလေးပိုင်းခွဲ၍ ဇုံနယ်ကြီးများသတ်မှတ်ကာ စစ်အုပ်ချုပ်ရေးမှူးများက အုပ်ချုပ်ခဲ့ကြသည်။ မဟာမိတ်နိုင်ငံများသည် နောင်အခါ သဘောထားမညီမညွတ် ဖြစ်လာကြသည်။ သို့ဖြစ်၍ ၁၉၄၉ ခု စက်တင်ဘာလတွင် ဂျာမနီနိုင်ငံကို နှစ်ခြမ်းခွဲလိုက်သည်။ အနောက်အုပ်စုဟုလည်း ခေါ်ကြသော အမေရိကန်၊ ဗြိတိန်နှင့် ပြင်သစ်တို့ အုပ်ချုပ်ခဲ့သော ဇုံနယ်ကြီးသုံးနယ်ကို ပူးပေါင်းလိုက်သည်။ အနောက်ဂျာမနီနိုင်ငံ ဟုလည်း ခေါ်တွင်သော အနောက်အုပ်စု၏သြဇာမကင်းသည့် ထိုအပိုင်းသည် ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံဖြစ်လာသည်။ စစ်အုပ်ချုပ်ရေးကိုလည်း ရုပ်သိမ်းခဲ့၍ အခြား ချုပ်ချယ်မှု များကိုလည်း တစတစ ရုပ်သိမ်းခဲ့ရာ ၁၉၅၅ ခု မေလ ၅ ရက်နေ့မှစ၍ လုံးဝလွတ်လပ်မှုကို ရရှိခဲ့သည်။

နိုင်ငံကြီး တခုလုံးကိုသာ နှစ်ခြမ်းခွဲလိုက်သည်မဟုတ်၊ ဂျာမနီမြို့တော်ဟောင်း ဘာလင်ကိုလည်း နှစ်ခြမ်းခွဲလိုက်ကြသည်။ သို့ဖြင့် အနောက်ဘာလင်နှင့် အရှေ့ဘာလင်ဟူ၍ ဖြစ်လာရာ အရှေ့ဘာလင်သည် ရုရှသြဇာမကင်းသောအရှေ့ဂျာမနီနိုင်ငံ (ဂျာမန်ဒီမိုကရက်တစ်သမ္မတနိုင်ငံ)၏မြို့တော်ဖြစ်သွားသည်။ အနောက်ဂျာမနီမြို့တော်အဖြစ် ဗွန်းမြို့ကို မြို့တော်အဖြစ်ထားရှိသည်။ ၁၉၄၈ ခုနှစ်များအတွင်းက ရုရှတို့က အနောက်ဘာလင်သို့ ရိက္ခာမသွင်းနိုင်အောင် အဆက်အသွယ်များဖြတ်ထား၍ အနောက်အုပ်စု အာဏာပိုင်များက အနောက်ဘာလင်မြို့သူမြို့သားများအတွက် လေကြောင်းမှ စားနပ်ရိက္ခာများ ချပေးခဲ့ရသည်။ ၁၉၆၁ ခု ဩဂုတ်လတွင် အရှေ့ဂျာမန်သားတို့က အရှေ့နှင့် အနောက်ဂျာမန်ကို ပိုင်းခြားသော ၂၆ ½ မိုင် နယ်နိမိတ်တံတိုင်းကြီးကို ဆောက်လုပ်ခဲ့ကြ၍ အရှေ့နှင့် အနောက်ဘာလင် ကူးသန်း ဆက်သွယ်ရေးမှာ အလွန်တင်းကြပ်ခဲ့လေသည်။ ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ၏ ပထမဆုံး သမ္မတမှာသီအိုဒေါ် ဟိုက် ဖြစ်သည်။ ၁၉၄၉ ခုမှ ၁၉၅၄ ခုနှစ် အထိ သမ္မတအဖြစ် ဆောင်ရွက်ခဲ့ရသည်။ ပထမဆုံးဝန်ကြီးချုပ်သည် ဒေါက်တာ အဒင်နွာဖြစ်သည်။ အဒင်နွာသည် လေးကြိမ်တိုင်တိုင် ဝန်ကြီးချုပ်အဖြစ် တင်မြောက်ခံရ၍ ၁၉၄၉ ခုနှစ်မှ ၁၉၆၁ ခုနှစ်အထိ ဆက်တိုက်ဆောင်ရွက်ခဲ့ရသည်။ ၁၉၆၉ ခုနှစ်တွင် ဝန်ကြီးချုပ်ဖြစ်လာသော ဝီလီဗရန့်၏ လက်ထက်တွင် ရုရှနှင့် ပိုလန်နိုင်ငံတို့ ချစ်ကြည်ရေးစာချုပ်များ ချုပ်ဆို သည်။ ၁၉၇၁–၇၂ ခုနှစ် များတွင် အရှေ့နှင့် အနောက် ဘာလင် ကူးသန်းဆက်သွယ်ရေး လွယ်ကူ ပြေပြစ်အောင် ဝီလီဗရန့်သည် အနောက်အုပ်စုနှင့်အရှေ့အုပ်စုနိုင်ငံများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့လေသည်။ ဝီလီဗရန့်၏ လက်ထက်တွင်ပင် ဂျာမန် ပြည်ထောင်စုသမ္မတနိုင်ငံသည် ကုလသမဂ္ဂသို့ ဝင်ခွင့်ရခဲ့သည်။ (ဗရန့်, ဝီလီ—ရှု။)

ဝီလီဗရန့်နုတ်ထွက်သောအခါ သူ၏နေရာကို ဆက်ခံသူမှာ ဟဲလမွတ်ရှမစ် ဖြစ်သည်။ ရှမစ်၏လက်ထက်တွင် သန်းကြွယ်သူဌေးကြီးများအား ပြန်ပေးဆွဲခြင်း၊ လေယာဉ်အပိုင်စီးခြင်း စသော အကြမ်းဖက်သမားများ၏ လုပ်ဆောင်မှုများကြောင့် ရှမစ်၏အစိုးရမှာ ခေါင်းခဲရလျက်ရှိလေသည်။ (ရှမစ်, ဟဲလမွတ် — ရှု။)

ဒုတိယကမ္ဘာစစ်ပြီး ခေတ်မှစ၍ ပြည်ထောင်စု သမ္မတ ဂျာမနီနိုင်ငံသည် အုံဖွယ်ကောင်းလောက်အောင်ပင် စီးပွားရေးတွင် တိုးတက်ခဲ့သော နိုင်ငံတနိုင်ငံ ဖြစ်သည်။ ဒုတိယ ကမ္ဘာစစ်ကြီးမတိုင်မီက စက်မှုလုပ်ငန်းများအလွန်ထွန်းကား တိုးတက်သော နယ်မြေများသည် အနောက်ဂျာမနီနိုင်ငံ အခြမ်းတွင် ပါမလာခဲ့ချေ။ ၁၉၄၈ ခုမေလတွင် အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်နိုင်ငံတို့သည် အနောက်ဂျာမနီနိုင်ငံကို ထူထောင်လိုက်ကြစဉ်က ငွေကြေးစနစ်သစ်တခုကိုပါ တီထွင်လိုက်သည်။ ယင်းငွေကြေးစနစ်သစ်သည် အလွန်ကောင်းမွန်ခိုင်ခံ့သော စနစ်ဖြစ်၍ စီးပွားရေးစီမံကိန်းများကလည်း ကောင်းမွန်သဖြင့် အနောက်ဂျာမနီနိုင်ငံသည် ဤမျှ တိုးတက်ခြင်း ဖြစ်သည်။

ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံသည် ကျောက်မီးသွေးတူးဖော်ခြင်း လုပ်ငန်းများနှင့် သံမဏိတူးဖော်ခြင်းလုပ်ငန်းများကို အခြားနိုင်ငံများထက် အဆပေါင်းများစွာ ကျော်လွန်၍ ထုတ်လုပ်နိုင်သော နိုင်ငံဖြစ်သည်။ သဘော်ဘတည် ဆောက်ခြင်းလုပ်ငန်းကြောင့် ကမ္ဘာကျော်ခဲ့ရသည်။

နိုင်ငံရေးနှင့် စီးပွားရေးအရ အနောက်ဥရောပတိုက်ရှိ နိုင်ငံများနှင့်၎င်း၊ ဂျာမန်ဒီမိုကရက်တစ်နိုင်ငံနှင့် ဥရောပတိုက် အရှေ့ပိုင်းရှိ နိုင်ငံများနှင့်၎င်း မဟာမိတ် ပြုလုပ်၍ ဆက်ဆံခဲ့လေသည်။

ကျွန်ုပ်တို့ကရက်တစ် သမ္မတနိုင်ငံ။ ။ကျွန်ုပ်တို့ကရက်တစ်သမ္မတနိုင်ငံခေါ် အရှေ့ကျွန်ုပ်တို့နိုင်ငံသည် ကမ္ဘာတွင် စက်မှု အထွန်းကားဆုံးသော နိုင်ငံ တနိုင်ငံ ဖြစ်သည်။ နိုင်ငံဝံ၏ အကျယ် အဝန်းမှာ စတုရန်းမိုင် ၄၀,၆၄၆ ရှိ၍ ၁၆,၇၅၀,၀၀၀ ရှိလေသည်။ မြို့တော်မှာ အရှေ့ဘာလင်မြို့ ဖြစ်သည်။



၁၉၄၉ ခုနှစ် စက်တင်ဘာလ ၂၁ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်နိုင်ငံနှင့်ပြင်သစ်နိုင်ငံတို့က ကျွန်ုပ်တို့နိုင်ငံ၏အနောက်ဖက် ဇုံနယ်ကြီးများကို စုပေါင်း၍ ပြည်ထောင်စုသမ္မတ ကျွန်ုပ်တို့နိုင်ငံအဖြစ်တည်ထောင်လိုက်သော အခါ ရုရှကလည်း ထိုနှစ်အောက်တိုဘာလ ၇ ရက်နေ့တွင် မိမိတို့ သိမ်းပိုက်ထားသော ကျွန်ုပ်တို့နိုင်ငံ၏ အရှေ့ဖက် ဇုံနယ်ကြီးများကို စုပေါင်း၍ ကျွန်ုပ်တို့ကရက်တစ်သမ္မတနိုင်ငံကို တည်ထောင်လိုက်လေသည်။

ထိုစဉ်ကသမ္မတမှာ ဗီလဟင်းပက်ဖြစ်၍ ၁၉၅၃ ခုနှစ်နှင့် ၁၉၅၇ ခုနှစ်များတွင်လည်း သမ္မတအဖြစ် ပြန်လည်အရွေးခံရသည်။ ဝန်ကြီးချုပ်မှာ ဝီလီစတို့ဖြစ်၍ ကွန်မြူနစ်ပါတီအတွင်းရေးမှူးမှာ ဝေါ်လတာအူးဗရစ်ဖြစ်သည်။

ကျွန်ုပ်တို့ကရက်တစ် သမ္မတ နိုင်ငံ၌ ဗရန်ဒင်ဗတ်၊ မက္ကလင်ဗတ်၊ ဆက္ကဆွန်နီ၊ ဆက္ကဆွန်နီအန်ဟော့နှင့်သူရင်းကျိုးယား ပြည်နယ်များ ပါဝင်ကြသည်။

ပြည်သူ့လွှတ်တော်က ၁၉၅၂ ခုနှစ်တွင် အဆိုပါပြည်နယ်ငါးခုကို ဖျက်သိမ်း၍ အုပ်ချုပ်ရေး နယ်များအဖြစ် ဆက္ကဆွန်နီအန်ဟော့မှလွဲ၍ ပြည်နယ်တခုကို ခရိုင်သုံးခုခွဲလိုက်သည်။ ဆက္ကဆွန်နီအန်ဟော့ကိုမူ ခရိုင်နှစ်ခုခွဲလိုက်သည်။ သို့ဖြင့် အရှေ့ကျွန်ုပ်တို့ နိုင်ငံတွင် ခရိုင် ၁၄ ခုနှင့် ကောင်တီ ၂၁၇ ခုပါဝင်သည်။

၁၉၅၄ ခုနှစ် မတ်လ ၂၅ ရက်နေ့တွင် အရှေ့ကျွန်ုပ်တို့နိုင်ငံအချုပ်အခြာ အာဏာပိုင် နိုင်ငံအဖြစ် ကြေငြာသည်။ သို့သော် လုံခြုံရေးနှင့် လေးနိုင်ငံပါဝင်သော ပို့စဒမ် စာချုပ်ကို အကြောင်းပြပြီး ရုရှတပ်များကို အရှေ့ကျွန်ုပ်တို့နိုင်ငံ၌ ဆက်လက်ထားရှိသည်။

ပြည်သူ့လွှတ်တော်သည် ၁၉၆၀ ပြည့်နှစ် စက်တင်ဘာလ ၁၂ ရက်နေ့တွင် အုပ်ချုပ်ရေး စနစ်ကို ပြောင်းလိုက်သည်။ ယင်းစနစ်အရ သမ္မတ စနစ်ကို ပယ်ဖျက်၍ နိုင်ငံတော် ကောင်စီသည် အကြီးမြင့်ဆုံးသော အုပ်ချုပ်ရေး အဖွဲ့အစည်း ဖြစ်လာသည်။ ထိုကောင်စီ၏ ဥက္ကဋ္ဌ သည် ဝေါ်လတာအူးဗရစ် ဖြစ်လေသည်။ အရှေ့ကျွန်ုပ်တို့ အနောက်ကျွန်ုပ်တို့သူ ပြောင်းရွှေ့နေထိုင်သူများ အများအပြား ရှိခဲ့ရာ ၁၉၆၁ ခုနှစ် အရှေ့ဘာလင်နှင့် အနောက်ဘာလင်၏ နယ်စပ်ကိုလည်း၊ အနောက်ဘာလင်နှင့် ကျွန်ုပ်တို့ကရက်တစ် သမ္မတနိုင်ငံ၏ နယ်စပ်ကိုလည်း ကျွန်ုပ်တို့ကရက်တစ် အာဏာပိုင်တို့က ပိတ်လိုက်ကြောင်း ကြေငြာသည်။

တရားဝင်သွားလာဝင်ထွက်နိုင်သော နေရာပေါင်း ၁၃ နေရာကိုသာ ဖွင့်ပေးခဲ့ပြီး လူဝင်လူထွက် စည်းကမ်း သတ်မှတ်ချက်များကို ထုတ်ပြန် ကြေငြာခဲ့သည်။ ယင်းသို့ ဘာလင် နယ်နိမိတ် စည်းကမ်းသတ်မှတ်ချက်များနှင့် စပ်လျဉ်းသော လုပ်ရပ်များကို ဗြိတိန်၊ ပြင်သစ်နှင့် အမေရိကန်ပြည်ထောင်စုတို့က ကန့်ကွက်ခဲ့ကြသည်။

ကျွန်ုပ်တို့ကရက်တစ် သမ္မတနိုင်ငံသည် ရုရှနှင့် ငြိမ်းချမ်းစွာ ပူးပေါင်း ဆောင်ရွက်ရေး စသော စာချုပ်များကို ချုပ်ဆိုခဲ့သည်။ရုရှဦးဆောင်သည့် အရှေ့ဥရောပ ဆိုရှယ်လစ်နိုင်ငံများနှင့် ကာကွယ်ရေးစာချုပ်များကိုလည်း ချုပ်ဆိုခဲ့သည်။ ၁၉၆၈ ခုနှစ်တွင် မဲဆန္ဒရှင် ၉၄ ရာခိုင်နှုန်းကျော်က လက်ခံသည်ဆိုသော အုပ်ချုပ်ရေး စနစ်သစ်ကိုကြေငြာ၍ ထိုနှစ် ၈ ပြိုလ ၇ ရက်နေ့မှစတင်ပြီး ယင်းစနစ်အရ ကျင့်သုံးခဲ့ရာ ကွန်မြူနစ်ပါတီ၏ ဦးဆောင်မှုကို ခိုင်ခိုင်မြဲမြဲ လက်ခံပြီး ရုရှနှင့် ပို၍ နီးစပ်စေလေသည်။

ကျွန်ုပ်တို့ကရက်တစ် သမ္မတ နိုင်ငံသည် ၁၉၇၀ ပြည့်နှစ်ဦးပိုင်းမှ အစပြု၍ စက်မှုလုပ်ငန်းများကို ဇောက်ချ၍ ဆောင်ရွက်ခဲ့ရာ ကမ္ဘာ့ စက်မှုနိုင်ငံကြီးများ၏ အဆင့်သို့မီအောင် တက်လှမ်းနိုင်ခဲ့လေသည်။ ယခုအခါ ကျွန်ုပ်တို့ကရက်တစ်သမ္မတနိုင်ငံသည် နဝမမြောက် ကမ္ဘာ့အကြီးဆုံး စက်မှုနိုင်ငံ ဖြစ်လာသည်။

၁၉၇၁ ခုနှစ်တွင် ဝေါ်လတာအူးဗရစ်သည် ကွန်မြူနစ်ပါတီခေါင်းဆောင်အဖြစ်မှ နုတ်ထွက်သည်။ သို့သော် နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌအဖြစ် ဆက်လက်ဆောင်ရွက်သည်။ အီရစ်ဟွန်နက္ကာက ကွန်မြူနစ်ပါတီကို ဦးဆောင်ခဲ့သည်။

အရှေ့ကျွန်ုပ်တို့ နိုင်ငံသည် ၁၉၇၄ ခုနှစ် စက်တင်ဘာလ ၄ ရက်နေ့တွင် အမေရိကန် ပြည်ထောင်စုနှင့် သံတမန်ဆက်သွယ်ခဲ့သည်။

၁၉၆၇ ခုနှစ်တွင် ကျွန်ုပ် ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဝီလီစတို့သည် ကျွန်ုပ်နိုင်ငံပြန်လည်ပေါင်းစည်းရေးနှင့် စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတ ကျွန်ုပ် နိုင်ငံနှင့် ဆွေးနွေးခဲ့သော်လည်း အောင်မြင်မှုမရခဲ့ပေ။ ကျွန်ုပ် နှစ်နိုင်ငံ ပြန်လည်ပေါင်းစည်းရေးကို နှစ်နိုင်ငံစလုံးက လိုလားခဲ့သော်လည်း အခြေခံ အုပ်ချုပ်ပုံချင်း မတူကြ၍ အကောင်အထည်ဖော်ရန် ခက်ခဲလျက် ရှိသည်မှာ ယနေ့ထက်တိုင် အောင်ပင် ဖြစ်လေသည်။

ဂျီဗူတီသမ္မတနိုင်ငံ။ ။ဂျီဗူတီ သမ္မတနိုင်ငံသည် အာဖရိကတိုက်၏ အရှေ့ဖက်၊ ပင်လယ်နီ၏ ထွက်ပေါက် ဖြစ်သော အရှေ့ဖက် ရေလက်ကြားအနီးဘွဲ့တည် ရှိသည့်နိုင်ငံငယ်ကလေး ဖြစ်သည်။ အီသီအိုးပီးယားနိုင်ငံနှင့် ဆိုမာလီးယား ဒီမို့ကရက်တစ် သမ္မတနိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ဆက်စပ်နေသည်။ ယခင်က ပြင်သစ် ဆိုမာလီနိုင်ငံ ဖြစ်သည့် အဖားနှင့် အစ္စတ်နယ် နှစ်ခု ပေါင်းစပ်ထားခြင်း ဖြစ်သည်။ ကျဉ်းမြောင်းသော နိုင်ငံငယ် ဖြစ်သော်လည်း ဆူးအက်တူးမြောင်း ပင်လယ်ရေကြောင်းလမ်းခရီးဘွဲ့ တည်ရှိသော ကြောင့် ဤနိုင်ငံငယ်သည် အရေးပါ နေလေသည်။



ဂျီဗူတီသမ္မတနိုင်ငံ၏ အကျယ်အဝန်းမှာ စတုရန်းမိုင် ၈,၀၀၀ ရှိပြီး လူဦးရေမှာ ၁၉၇၇ ခုနှစ် ခန့်မှန်းခြေအရ ၃၀၀,၀၀၀ ခန့် ရှိသည်။ မြို့တော်မှာ ဂျီဗူတီမြို့ ဖြစ်သည်။ နှစ်ပေါင်း ၁၀၀ ကျော် ပြင်သစ်တို့၏ ကိုလိုနီဘဝဖြင့် နေထိုင်ခဲ့ရသော ဂျီဗူတီ နယ်သူ နယ်သားများသည် ၁၉၆၇ ခုနှစ်မတိုင်မီကပင်နိုင်ငံရေးလှုပ်ရှားမှုများ ပြုလုပ်၍ လွတ်လပ်ရေးတောင်းဆိုခဲ့ကြလေသည်။ ပြင်သစ်တို့က လက်မလွှတ်လိုကြသကဲ့သို့ နယ်စပ်ချင်း ဆက်စပ်လျက်ရှိသော အီသီအိုးပီးယားနိုင်ငံနှင့် ဆိုမာလီးယား နိုင်ငံတို့ကလည်း ယင်းတို့၏ နယ်ပယ်များ အတွင်းသို့ သွတ်သွင်းလိုကြသည်။

၁၉၇၅ ခုနှစ်တွင် အီသီအိုးပီးယန်း လူမျိုးတို့နှင့် နှီးနှယ်သော အဖားတိုင်းရင်းသားတို့နှင့် ဆိုမာလီတို့နှင့်နှီးနှယ်သော အစ္စတ် တိုင်းရင်းသားတို့ ပဋိပက္ခ ဖြစ်ခဲ့ကြသေးသည်။ သို့သော် အဖားတိုင်းရင်းသားများနှင့် အစ္စတ်တိုင်းရင်းသားများ၏ လွတ်လပ်ရေးကို စုပေါင်းတောင်းဆိုဆန္ဒပြမှုများကြောင့် ၁၉၇၇ ခုနှစ် ဇွန်လ ၂၇ ရက်နေ့တွင် ဂျီဗူတီနိုင်ငံအဖြစ် လွတ်လပ်ရေး ရခဲ့လေသည်။

လွတ်လပ်ရေး ရရှိခဲ့သော ဂျီဗူတီ သမ္မတ နိုင်ငံအား ၁၄၈ နိုင်ငံမြောက် ကုလသမဂ္ဂ အဖွဲ့ဝင်အဖြစ် အသိအမှတ်ပြုရန် လှုံ့ဆော်ရေးကောင်စီက မဲပေးထောက်ခံခဲ့လေသည်။

နိုင်ငံအတွင်း ငါးဖမ်းလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများမှအပ အခြားလုပ်ငန်း ကြီးကြီး ကျယ်ကျယ် မရှိလှချေ။ ဆားသည် အဖိုးတန်ဆုံးသော ထွက်ကုန်ဖြစ်သည်။ အီသီအိုးပီးယားနိုင်ငံမှ နိုင်ငံခြား ကုန်သွယ်ရေးသည် ဂျီဗူတီ ဆိပ်ကမ်းမြို့မှတဆင့် ဆက်သွယ်ရလေသည်။

ဂျေယျာဝါဒီနီ, ဂျူးနီးယပ်ရစ်ချတ် (ခရစ် ၁၉၀၆ ဖွား)။ မစ္စတာ ဂျေယျာဝါဒီနီသည် ၁၉၀၆ ခုနှစ် စက်တင်ဘာလ ၁၇ ရက် နေ့ တွင် မွေး ဖွား ခဲ့သည်။ ဖခင်မှာ တရားဝန်ကြီး တဦး ဖြစ်သည်။ ၁၉၇၇ ခုနှစ် ဇူလိုင်လ ၂၃ ရက် နေ့ တွင် သီရိလင်္ကာ သမ္မတနိုင်ငံ၏ ဝန်ကြီးချုပ် ဖြစ် လာ၍ ကာကွယ်ရေး စီမံကိန်းနှင့် စီးပွား ရေး စီမံကိန်းအကောင်အထည် ဖော် ရေး ဝန်ကြီး ဌာန များကိုပါ တာဝန်ယူသည်။ မစ္စတာ ဂျေယျာဝါဒီနီသည် ကိုလံဗိုမြို့ရှိ တော်ဝင်ကောလိပ်၊ သီဟိုဠ် ယူနီဗာစီတီနှင့် သီဟိုဠ် ဥပဒေကောလိပ်တို့တွင် ပညာဆည်းပူးခဲ့ပြီး ၁၉၃၂ ခုနှစ်၌ သီဟိုဠ် တရားလွှတ်တော်ချုပ်ရှေ့နေ ဖြစ်လာသည်။



သီရိလင်္ကာဝန်ကြီးချုပ် ဂျေယျာဝါဒီနီ

၁၉၄၁ ခုနှစ်တွင် ကိုလံဗို မြူနီစီပါယ် ကောင်စီဝင်တဦး အဖြစ် ဆောင်ရွက်ခဲ့သော ဂျေယျာဝါဒီနီသည် ၁၉၄၃ ခုနှစ်၌ နိုင်ငံတော် ကောင်စီဝင်တဦး ဖြစ်လာသည်။ သီဟိုဠ်အမျိုးသားကွန်ဂရက်၏ အကျိုးဆောင် အတွင်းရေးမှူးတာဝန်ကို ၁၉၄၀–၄၇ ခုနှစ်အထိဌင်း၊ ၁၉၄၇–၄၈ ခုနှစ်တွင် အမျိုးသား ညီညွတ်ရေးပါတီ၏ ဘဏ္ဍာရေးမှူးအဖြစ်ဌင်း၊ ၁၉၅၃ ခုနှစ်တွင် ဒုတိယဥက္ကဋ္ဌအဖြစ်ဌင်း ဆောင်ရွက်ရသည်။

သီဟိုဠ်နိုင်ငံ ကိုယ် ပိုင် အုပ် ချုပ် ရေး ရ ရှိ ပြီး ပထမ ပါလီမန်ရွေးကောက်ပွဲတွင် အမတ်အဖြစ် အရွေးခံရ၍ အစိုးရအဖွဲ့တွင် ဘဏ္ဍာရေးဝန်ကြီးအဖြစ် ၁၉၄၇–၅၃ ခုနှစ် အထိ ဆောင်ရွက်သည်။ ဒုတိယ ပါလီမန် ရွေးကောက်ပွဲတွင်လည်း ပြန်လည် အရွေးခံရ၍ လယ်ယာစိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဝန်ကြီး ဖြစ်လာသည်။ တတိယအကြိမ်နှင့် စတုတ္ထအကြိမ် ပါလီမန်ရွေးကောက်ပွဲများတွင် ထပ်မံအရွေးခံရ၍ ၁၉၆၀ ပြည့်နှစ် မတ်လမှ ဇူလိုင်လအထိ ဘဏ္ဍာရေးဝန်ကြီးအဖြစ်ဌင်း၊ ပြန်ကြားရေးနှင့် အသံလွှင့်ဌာန ဝန်ကြီးအဖြစ်ဌင်း ဆောင်ရွက်ခဲ့ပြန်သည်။ မစ္စတာဂျေယျာဝါဒီနီသည် ၁၉၆၀ ပြည့်နှစ်မှစ၍ ယနေ့တိုင် ကိုလံဗိုတောင်ပိုင်းမှ ပါလီမန်အမတ်အဖြစ် အရွေးခံရသည်။ သို့သော် ၁၉၆၁ ခုနှစ်မှ ၁၉၆၅ ခုနှစ်အထိ အတိုက်အခံနိုင်ငံရေးခေါင်းဆောင်ဖြစ်သည်။ ၁၉၆၅ ခုနှစ်မှ ၁၉၇၀ ပြည့်နှစ်များအတွင်းတွင်မူ

နိုင်ငံခြားရေး၀န်ကြီး၊ ၀န်ကြီးချုပ်၏ အတွင်း၀န်၊ ကာကွယ်ရေးနှင့် ပြည်ပရေးရာ ၀န်ကြီး၊ အောက်လွှတ်တော်အမတ်များခေါင်းဆောင်ဟူ၍ ရာထူးအမျိုးမျိုး၊ တာ၀န်အသီးသီး ပြောင်းလဲထမ်းဆောင်ခဲ့သည်။ ထိုအတွင်း အယ်လဂျီးရီးယား၊ ဗြိတိန် စသောနိုင်ငံများတွင် ကျင်းပသော ၇၇ နိုင်ငံအုပ်စု အစည်းအဝေးများကို ဦးဆောင်၍ တက်ရောက်ခဲ့သည်။ ၁၉၇၀ ပြည့်နှစ်မှစ၍ ၁၉၇၇ ခုနှစ် ပထမ ခြောက်လ ကျေယျ၀ါဒီနီသည် လွှတ်တော်အတွင်း အတိုက်အခံများ၏ ခေါင်းဆောင်ဖြစ်သည်။ ၁၉၇၇ ခုဇူလိုင်လ ၂၁ ရက်နေ့တွင် အထွေထွေ ရွေးကောက်ပွဲကြီး ကျင်းပသောအခါ အမျိုးသားညီညွတ်ရေးပါတီ၏ ဥက္ကဋ္ဌမစွတာ ကျေယျ၀ါဒီနီသည် အရွေးခံရရာ ၀န်ကြီးချုပ် မစွစ် သီရိမာဗိုဗန္ဒာရနိုက်ကေး၏ နေရာတွင် ၀န်ကြီးချုပ်အဖြစ် တင်မြှောက်ခြင်း ခံရသည်။ မိမိ၀န်ကြီးချုပ်အဖြစ် ဆောင်ရွက်ရာ၌ သီရိလင်္ကာနိုင်ငံကို ဆိုရှယ်လစ်နိုင်ငံအဖြစ် ထူထောင်မည်။ နိုင်ငံခြားရေး၌ ဘက်မလိုက်၀ါဒကိုပင် ဆက်လက်ကျင့်သုံးမည်ဟု မစွစတာ ကျေယျ၀ါဒီနီက ထုတ်ဖော် ပြောဆိုခဲ့သည်။

ကျော်ဒန်နိုင်ငံ။ ။ကျော်ဒန်နိုင်ငံ၏ အမည်ဟောင်းမှာ ထရန်ကျော်ဒန်ဖြစ်သည်။ ၁၉၄၆ ခုနှစ် ဇွန်လ ၁၇ ရက်နေ့



တွင် အတည် ပြုသော အပြည်ပြည်ဆိုင်ရာ စာချုပ်အရထရန်ကျော်ဒန် အမည်ကို ကျော်ဒန် ဟု ပြောင်း လိုက်၏။ ဖွဲ့စည်းပုံ အခြေခံဥပဒေအရမူ ဟာရှိမုက်နိုင်ငံတော် ကျော် ဒန် ဟူ၍ ဖြစ်သည်။ ၁၉၇၆ ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေ ၂,၇၀၀,၀၀၀ ဖြစ်ပြီး ကျော်ဒန်နိုင်ငံ၏ အကျယ်အ၀န်းမှာစတုရန်းမိုင် ၃၇,၂၅၇ ဖြစ်သည်။ မြို့တော်မှာ အမွန်မြို့ဖြစ်သည်။

၁၉၄၆ ခုနှစ် မတ်လ ၂၂ ရက်နေ့တွင် ကျော်ဒန်နိုင်ငံအား ဗြိတိသျှအစိုးရက လွှတ်လပ်ရေး ပေးခဲ့သည်။ အမီအပ္ပဒူလာသည် ဘုရင်ဘွဲ့ကို ခံယူ၍ကျော်ဒန်နိုင်ငံကိုအုပ်ချုပ်ခဲ့သည်။ ၁၉၅၁ ခုနှစ်တွင် အပ္ပဒူလာ ဘုရင်သည် ဂျူးဆလမ်းမြို့၌ လုပ်ကြံခံရသဖြင့် သားတော် တာလားသည် ဘုရင်အဖြစ် ဆက်ခံခဲ့သည်။ တာလားဘုရင်တွင် စိတ္တဇဆေးဂါရှိသည်ဆိုကာ ပါလီမန်က ဖြုတ်ချခဲ့ပြီး တာလား၏ သားတော် ဟူစိန်အား ၁၉၅၁ ခုနှစ် မေလမှ အစပြု၍ နန်းတင်သည်။

၁၉၄၈ ခု မေလ ၁၄ ရက်နေ့တွင် အင်္ဂရိယယ် နိုင်ငံကို ထူထောင်လိုက်သောအခါ ယင်း နိုင်ငံသစ်ကို ဝိုင်းဝန်း တိုက်ခိုက်ခဲ့ကြသည့် အာရပ်နိုင်ငံများနှင့် အတူ ကျော်ဒန်နိုင်ငံလည်း ပူးပေါင်းပါ၀င်ခဲ့သည်။ သို့ဖြင့် ကျော်ဒန်မြစ်အနောက်ဖက် ကမ်းမြောင်ဒေသနှင့် ဂျရူးဆလမ်းမြို့တို့ကို သိမ်းပိုက်ရရှိခဲ့သည်။ သို့သော် ၁၉၆၇ ခုနှစ် အာရပ် အင်္ဂရိယယ်စစ်ပွဲအပြီးတွင် ကျော်ဒန်နိုင်ငံသည် ၁၉၄၈ ခုနှစ်က သိမ်းပိုက်ရရှိခဲ့သော နယ်မြေများကို လက်လွှတ်ခဲ့ရသည်။ ၁၉၇၃ ခုနှစ်တွင် ဖြစ်ပွားခဲ့သော အာရပ် အင်္ဂရိယယ် စစ်ပွဲတွင် ကျော်ဒန်နိုင်ငံသည် ညီအစ်ကိုတော် အာရပ် နိုင်ငံများဖက်မှရပ်တည်၍ စစ်ရေးအကူအညီများ ပေးခဲ့သည်။

၁၉၆၈–၇၀ ပြည့်နှစ်များအတွင်း အင်္ဂရိယယ်နိုင်ငံနှင့် ကျော်ဒန်နိုင်ငံတို့သည် အပြန်အလှန် တိုက်ခိုက်သည်။ တဖန် ပယ်လက်စတိုင် အသေခံတပ်များနှင့် ကျော်ဒန် တပ်သားများသည် ၁၉၇၀ ပြည့်နှစ်ဂက်တင်ဘာလအတွင်း တိုက်ခိုက်ကြပြန်သည်။ ၁၉၇၁ ခု ဇူလိုင်လအတွင်း ပြန်လည်ဖြစ်ပွားသော ပြည်တွင်းစစ်ပွဲ၌ ကျော်ဒန်တပ်များက ထောင်ပေါင်းများစွာသော ပယ်လက်စတိုင် ပြောက်ကျားများအား အခြေခံစခန်းများမှ တိုက်ခိုက် နှင်ထုတ်ခဲ့သည်။ ယင်း အရေးအခင်းကြောင့် ဆီးရီးယား၊ အယ်လဂျီးရီးယားနှင့် လစ်ဗျနိုင်ငံတို့က ကျော်ဒန်နိုင်ငံနှင့် အဆက်အသွယ် ဖြတ်လိုက်သည်။ အီရတ်နိုင်ငံက မိမိ၏ နယ်နိမိတ်ကို ကျော်ဒန်အား ဖြတ်သန်းခွင့်ပိတ်လိုက်သည်။ သို့သော် ၁၉၇၂ ခုနှစ်တွင် ပြန်ဖွင့်ပေးသည်။

အာရပ်တို့က အင်္ဂရိယယ် နိုင်ငံအား တိုက်ခိုက်သော ၁၉၇၃ ခု အောက်တိုဘာလ စစ်ပွဲတွင် ကျော်ဒန်သည် ဆီးရီးယား နိုင်ငံအား ကူညီရန် မိမိတပ်များကို ပို့ပေးသည်။ သို့ရာတွင် အင်္ဂရိယယ် ကျော်ဒန် နယ်နိမိတ်တလျှောက်တွင်မူ အေးချမ်းလျက် ရှိသည်။

ပယ်လက်စတိုင် လွှတ်မြောက်ရေးအဖွဲ့ (ပီအယ်အို) အား ကျော်ဒန်မြစ် အနောက်ဖက်ကမ်းဒေသတွင် အာရပ်နိုင်ငံများ၏တဦးတည်းသောကိုယ်စားလှယ်အဖြစ် ၁၉၇၄ ခု အောက်တိုဘာလတွင်ကျင်းပသောအာရပ်ထိပ်သီး အစည်းအဝေးက ခန့်ထားလိုက်သောအခါ ယင်း အစီအစဉ်ကို ကျော်ဒန်က လက်ခံသည်။ အာရပ်ရေနံနိုင်ငံများက ကျော်ဒန်ကို နှစ်စဉ် ထောက်ပံ့ကြေး စတာလင်ပေါင် သန်း ၃၅၀ ပေးရန် သဘောတူကြသည်။ ကျော်ဒန်နှင့်ဆီးရီးယားတို့သည် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး စစ်စာချုပ်ကို ၁၉၇၅ ခုနှစ်တွင် ချုပ်ဆိုကြပြီး နှစ်နိုင်ငံပူးတွဲ၍ စစ်ဆင်ရေးများ ပြုခဲ့ကြလေသည်။

ကျော်ဒန် နိုင်ငံတွင် အစ္စလာမ် ဘာသာ၀င်များ များအများစုဖြစ်ပြီး အာရဗီဘာသာစကားသည် ရုံးသုံးဘာသာစကားဖြစ်သည်။ ကုလသမဂ္ဂနှင့် အာရပ်အဖွဲ့ချုပ်၀င်နိုင်ငံတနိုင်ငံ ဖြစ်သည်။

စန်း, အင်္ဂါပတ် (ခရစ် ၁၉၀၅–၁၉၇၂)။ ။အမေရိကန် သတင်းစာဆရာတဦးဖြစ်သူ အင်္ဂါပတ်စန်းသည် သတင်းစာလောကတွင်သာမက စာရေးဆရာ လောကတွင်လည်း ကျင်လည်ခဲ့သူတဦး ဖြစ်သည်။ တရုတ်ပြည်ရေးရာ ပါရဂူတဦးအဖြစ် လူသိများခဲ့သည်။ စန်းကို အမေရိကန် ပြည်ထောင်စု ကန်းဆပ်မြို့၌ ၁၉၀၅ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ဖွားမြင်ခဲ့သည်။ အဖ၏မျိုးနွယ်သည် အိုင်းရစ်နှင့် အင်္ဂလိပ်မျိုးနွယ်ဝင်ဖြစ်သည်။ အမိ၏မျိုးနွယ်မှာ အိုင်းရစ်နှင့် ဂျာမန်မျိုးနွယ်ဝင်ဖြစ်သည်။

အင်္ဂါစန်းသည် ငယ်ရွယ်စဉ်က အမေရိကန်ပြည်ထောင်စု ကန်းဆပ်ဂျူနီယာ ကောလိပ်၌ ပညာ ဆည်းပူး ခဲ့ပြီးနောက် မစ်ဆူးရီတက္ကသိုလ်မှ ဘွဲ့ရရှိခဲ့လေသည်။ စန်း၏ ဖခင်ဖြစ်သူသည် စီးပွားရေးသတင်းစာတစောင်၏ အယ်ဒီတာအဖြစ်တာဝန်ယူဆောင်ရွက်ခဲ့ပြီး စာပုံနှိပ်စက်တလုံးကို တည်ထောင်ထားရှိခဲ့သည်။

အင်္ဂါစန်းသည် ဖခင်ဖြစ်သူ၏ စာပေလုပ်ငန်းများကို ဝင်ရောက် တာဝန်ယူ ဆောင်ရွက်ရင်း စာပေလောကနှင့် ရင်းနှီးမှုများ ရရှိခဲ့သည်။ သတင်းစာလောကတွင် ကျင်လည်ကာ ကမ္ဘာအရပ်ရပ်သို့ လှည့်လည်၍ ဇာတ်သုတများကို ရှာဖွေလိုသောစန်းသည်, ငယ်စဉ်ကပင် ကမ္ဘာ့အရှေ့တိုင်းဖျားဒေသများသို့ စွန့်စားသွားလိုစိတ် ရှိခဲ့သူ တဦး ဖြစ်လေသည်။

တက္ကသိုလ်တွင် ရှိစဉ်က သတင်းစာဆရာ သင်တန်းများလည်း တက်ခဲ့သည်။ ကန်းဆပ်မြို့ထုတ် သတင်းစာ တစောင်တွင်လည်း အလုပ်လုပ်ခဲ့ဘူးသည်။ ထိုနောက် နယူးယောဒ်မြို့သို့ ပြောင်းရွှေ့လာပြီး သတင်းစာတိုက်တခုတွင် အလုပ်လုပ်နေစဉ် ၁၉၂၀ ခုနှစ်တွင် စွန့်စားလိုစိတ် ရှိ၍ရင်း၊ နိုင်ငံရပ်ခြား ဇာတ်သုတကို ရလို၍တကြောင်း ကမ္ဘာ့အရှေ့ဖျားနိုင်ငံများသို့ ခရီးထွက်ခဲ့သည်။ ထိုစဉ်က အင်္ဂါစန်းသည် အသက် ၂၂ နှစ်မျှသာ ရှိသေးသည်။

တရုတ်နိုင်ငံသို့ ရောက်ရှိသောအခါ ရှန်ဟဲမြို့ထုတ် ချိုင်းနား ဝီကလီးရီဖြူစာစောင်တွင် လက်ထောက်အယ်ဒီတာ အဖြစ် ဝင်ရောက်လုပ်ကိုင်သည်။ အမေရိကန် သတင်းစာ “ရှီကာဂိုထရီဗြွန်း” အတွက် လက်ထောက်သတင်းထောက် အဖြစ်လည်း ဆောင်ရွက်သည်။ အင်္ဂါစန်းသည် ယင်းသို့ လုပ်ငန်းတာဝန်ကို တဖက်မှ ဆောင်ရွက်ရင်း တဖက်မှလည်း တရုတ်နိုင်ငံနှင့် ပြည်သူလူထု၏ အခြေအနေကို လေ့လာသည်။ တရုတ်ဘာသာစကားကိုလည်း သင်ယူတတ်မြောက်ထားလေသည်။

၁၉၃၀–၃၄ ခုနှစ်များအတွင်း သတင်းစာ မဟာလိမိတက်အတွက် အိန္ဒိယ၊ တရုတ်နှင့် မန်ချူးရီယားနိုင်ငံများဆိုင်ရာ သတင်းထောက်အဖြစ်ရင်း၊ ၁၉၃၄–၃၇ ခုနှစ်များတွင် နယူးယောဒ်ဆန်း သတင်းစာအတွက်ရင်း၊ ၁၉၃၂–၃၉ ခုနှစ်များတွင် လန်ဒန်မြို့ထုတ် ဒေလီဟယ်ရယ် သတင်းစာအတွက်ရင်း၊ အထူးသတင်းထောက် အဖြစ် ဆောင်ရွက်ခဲ့သည်။

တဖက်တွင် သတင်းစာဆရာအဖြစ် ဆောင်ရွက်ရင်း အင်္ဂါစန်းသည် ပေပင်မြို့ ယင်ချင် တက္ကသိုလ်တွင်လည်း ကထိကအဖြစ် ၁၉၃၄–၃၅ ခုနှစ်အတွင်း အမှုထမ်းခဲ့သေးသည်။ ထိုစဉ်က စန်း၏ တပည့်များတွင် ယနေ့တရုတ်ပြည်သမတနိုင်ငံ၏ ရှေတန်း ခေါင်းဆောင်ကြီးများ ဖြစ်နေကြသူများ အတော်များများ ပါဝင်လေသည်။

စန်းသည် ၁၉၃၆ ခုနှစ်တွင် တရုတ်နိုင်ငံသစ်၏ ဥက္ကဋ္ဌကြီးဖြစ်လာမည့် မော်စီတုံးနှင့် ဝန်ကြီးချုပ်ဖြစ်လာမည့် ချူအင်လိုင်းတို့အား ပထမဆုံး တွေ့ဆုံခွင့် ရခဲ့သော နိုင်ငံခြား သတင်းထောက်ဖြစ်သည်။

တရုတ်နိုင်ငံတွင် နိုင်ငံသားတဦးကဲ့သို့ ခုနစ်နှစ်ကြာ နေထိုင်ပြီးနောက်မှ အင်္ဂါ စန်းသည် ကမ္ဘာကျော်ခဲ့သော “တရုတ်နိုင်ငံပေါ်မှကြယ်နီ” (၁၉၃၇) စာအုပ်ကို ရေးသားခဲ့သည်။ အခြားစာအုပ်များလည်း ဆယ်အုပ်မက ရေးသားခဲ့ရာ “အရှေ့ဖျားမှ ရှေတန်းစစ်မျက်နှာ” (၁၉၃၄)၊ “လောင်ကျမ်းထားသည့်မြေ” (၁၉၄၁)၊ “ဆိုဗီယက်တို့၏ စွမ်းအား” (၁၉၄၅)၊ “တရုတ်နိုင်ငံ၏ ပြောင်းလဲမှုကြီး” (၁၉၆၂) တို့ပါဝင်သည်။

အင်္ဂါ စန်းသည် ၁၉၄၂–၄၆ ခုနှစ်များတွင် စစ်အတွင်း အမေရိကန်နှင့် ဗြိတိသျှ သတင်းထောက်အဖြစ်ဖြင့် ရုရှ၊ အိန္ဒိယ၊ မြောက်အာဖရိက၊ ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီ၊ ဩစတြီးယား၊ တရုတ်နှင့်၊ ဂျပန် နိုင်ငံများသို့ လှည့်လည် တာဝန်ထမ်းဆောင်ခဲ့ရပြီးအမေရိကန် တပ်မတော်၏ အသိအမှတ်ပြုခြင်းကို ၁၉၄၅ ခုနှစ်တွင် ခံယူရသည်။ ၁၉၄၇–၄၈ ခုနှစ်တွင် ဥရောပ၊ အရှေ့အလယ်ပိုင်း ဒေသနှင့်အိန္ဒိယနိုင်ငံများဆိုင်ရာ သတင်းထောက်အဖြစ် ဆောင်ရွက်ရပြန်ပြီး ဆက်လက်၍လည်း သတင်းစာလောကတွင် ကျင်လည်ခဲ့ရသည်။

စစ်ပြီးခေတ်တွင် အင်္ဂါစန်းသည် တရုတ်၊ အိန္ဒိယနှင့် ဆိုဗီယက်နိုင်ငံနှင့် စပ်လျဉ်းသော ရေးရာ ပါရဂူ အဖြစ် သတင်းစာ လောကတွင် ဆောင်ရွက်သည်။ ၁၉၅၆ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု ဟားဗဒ်တက္ကသိုလ်တွင် သုတေသနအထူး အတိုင်ပင်ခံအဖြစ်လည်း တာဝန် ထမ်းဆောင်ခဲ့သေးသည်။

အင်္ဂါ စန်းသည် သတင်းစာ လောကတွင် ဆက်လက် ကျင်လည်ကာ တရုတ်ရေးရာ ပါရဂူတဦးအဖြစ် ဆောင်ရွက်ရင်း ၁၉၇၂ ခု ဖေဖွာဝရီလ ၁၆ ရက်နေ့တွင် ဆွစ်ဇာလန် နိုင်ငံတွင် ကွယ်လွန်သွားသည်။

စပင်းနစ်ဆဟာရ။ ။စပင်းနစ် ဆဟာရ ဒေသသည် အာဖရိကတိုက် အနောက်မြောက် ကမ်းရိုးတန်းတွင် တည်ရှိသည်။ မြောက်ဖက်တွင် မိုရော့ကို နိုင်ငံ၊ အရှေ့ဖက်တွင် အယ်လဂျီးရီးယားနိုင်ငံ၊ အရှေ့ဖက်နှင့် တောင်ဖက် တွင် မော်ရီ တေး နီး ယား နိုင်ငံနှင့် အနောက်ဖက်တွင် အ တ္တ လ န္တိ တ် သမုဒ္ဒရာတို့ ဝန်းရံတည်ရှိသည်။ မြောက်ပိုင်းတွင် ဆဂီယက် အယ်ဟမ်မရာနယ်နှင့် တောင်ပိုင်းတွင် ရီယိုထာအိုရိုနယ် နှစ်ခုပါဝင်သည်။



ယင်းဒေသတခုလုံးနီးပါးသည် သဲကန္တာရနှင့်သဲကန္တာရဆန်သော မြေများ ဖြစ်သည်။ ပူပြင်းခြောက်သွေ့သော ရာသီဥတုကြောင့် စိုက်ပျိုးရေး ညံ့သည်။ ဆယ့်နှစ်ရာသီ စီးဆင်းသော မြစ်ချောင်းများမရှိ၊ ၁၀၂,၇၀၃ စတုရန်းမိုင် ကျယ်ဝန်းသည်။ ၁၉၇၂ ခုနှစ် ခန့်မှန်းခြေအရ လူဦးရေ ၉၁,၀၀၀ ရှိသည်။ အများစုမှာ အိုးအိမ်အတည်တကျမနေပဲ သိုးကျောင်း ဆိတ်မွေးရင်း လှည့်လည်သွားလာ နေထိုင်ကြသည်။ မြို့တော်မှာ အယ်အေယွန်မြို့ ဖြစ်သည်။

စပင်းနစ်ဆဟာရဒေသတွင် မုယောနှင့် ဖူးစားပြောင်းကိုသာ အနည်းငယ် စိုက်ပျိုးသည်။ များသောအားဖြင့် သိုး၊ ဆိတ်နှင့် ကုလားအုပ်များကို မွေးမြူကြသည်။ ၁၉၆၅ ခုနှစ် နောက်ပိုင်းတွင် ငါးဖမ်းလုပ်ငန်းသည် စီးပွားရေး၌ အရေးပါသော လုပ်ငန်းဖြစ်လာသည်။ပြည်ပသို့ငါးခြောက်နှင့် ငါးထွက်ပစ္စည်းများကို အများဆုံး တင်ပို့သည်။

ဆန်ဟာ ဂျာဗာဗာ လူမျိုးစုများသည် အလယ်ခေတ် အချိန်က စပင်းနစ်ဆဟာရဒေသတွင် နေထိုင်ကြသည်။ နောက်ပိုင်းတွင် အာရပ်ဘာသာစကားပြော ဗီဒိုအင်များ လွှမ်းမိုးသွားသည်။ ၁၅ ရာစုတွင် အဆိုပါဒေသသို့ ဥရောပတိုက်သားများ ရောက်ရှိလာခဲ့ကြသည်။

၁၈၆၆ ခုနှစ်တွင် အနောက်ဆဟာရဒေသသည် စပိန်အစောင့်အရှောက်ခံနယ်မြေများ ဖြစ်ခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် စပင်းနစ်ဆဟာရကို စပိန်နိုင်ငံ၏ပင်လယ်ရပ်ခြား ပြည်နယ်တခုအဖြစ်သတ်မှတ်ပြီး ပြည်နယ်ဘုရင်ခံဖြင့် အုပ်ချုပ်ခဲ့သည်။

ကမ္ဘာ့အကြွယ်ဝဆုံးသော ဖော့စဖိတ် သတ္တုသိုက်များ ရှိသည်။ ၁၉၆၃ ခုနှစ်၌ ဗူကရားအရပ်တွင် ဖော့စဖိတ် သတ္တုသိုက်များ စတင် တွေ့ရှိခဲ့သည်။ ဖော့စဖိတ် သတ္တု ထုတ်လုပ်မှုသည် တနှစ်ထက်တနှစ် တိုးတက်လာသည်။ မိုရော့ကို နိုင်ငံသည် ကမ္ဘာတွင် ဖော့စဖိတ်သတ္တု အကျယ်ထုတ်လုပ်သော နိုင်ငံဖြစ်သည်။ သို့ဖြစ်၍ ကမ္ဘာ့စျေးကွက်တွင် ဖော့စဖိတ်သတ္တုရောင်းချမှု၌ အပြိုင်ဖြစ်လာနိုင်သော စပင်းနစ်ဆဟာရကို ချုပ်ကိုင်ထားလိုသည်။ ၁၉၅၆ ခုနှစ် မိုရော့ကိုနိုင်ငံ လွတ်လပ်ရေး ရပြီးချိန်မှစ၍ စပင်းနစ်ဆဟာရကို ပိုင်ဆိုင်လိုကြောင်း အဂေးဆိုသည်။ အလယ်ခေတ်ကပင် စပင်းနစ်ဆဟာရကိုမိုရော့ကိုက ပိုင်ခဲ့သည်ဟု အကြောင်းပြသည်။ မော်ရီတေးနီးယား နိုင်ငံကလည်း စပင်းနစ်ဆဟာရ တောင်ပိုင်းနယ်တွင် နေထိုင်ကြသူများသည် မော်ရီတေးနီးယား နိုင်ငံ၏လူမျိုးစုများနှင့် မျိုးနွယ်တူကြောင်း အကြောင်းပြ၍ ထိုနယ်ကို ပိုင်ဆိုင်လိုကြောင်း ၁၉၆၄ ခုနှစ်တွင် တောင်းဆိုသည်။

ကုလသမဂ္ဂအထွေထွေညီလာခံသည် စပင်းနစ် ဆဟာရဒေသနေလူထုက အနာဂတ်အရေးကို အဆုံးအဖြတ် ပေးနိုင်ရေးအတွက် ပြည်သူဆန္ဒ ခံယူပွဲကို ကျင်းပရန် စပိန်၊ မိုရော့ကိုနှင့် မော်ရီတေးနီးယားနိုင်ငံတို့ကို အကြိမ်ကြိမ် တိုက်တွန်းခဲ့သည်။ သို့သော် အကောင်အထည် မပေါ်ခဲ့ချေ။ အယ်လဂျီးရီးယားနိုင်ငံကမူ ယင်း ဒေသကို သီးခြားလွတ်လပ်သော နိုင်ငံအဖြစ် ရှိစေလိုကြောင်း ကြေငြာသည်။ ၂၀ ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေ ညီလာခံကလည်း စပင်းနစ်ဆဟာရ လွတ်လပ်ရေးအတွက်တောင်းဆိုပြီး ပြည်သူဆန္ဒခံယူပွဲ ကျင်းပပေးရန် စပိန် နိုင်ငံအား တိုက်တွန်းခဲ့သည်။ စပိန်နိုင်ငံသည် ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်အရ ၁၉၇၅ ခုနှစ် ပထမနှစ်ဝက်၌ ပြည်သူဆန္ဒခံယူပွဲကျင်းပရန် သဘောတူခဲ့သည်။ သို့ရာတွင် စပင်းနစ်ဆဟာရ အရေးနှင့်ပတ်သက်၍အပြည်ပြည်ဆိုင်ရာ တရားရုံး၏ ထင်မြင်ယူဆချက်ကို ရရှိသည် အထိ ဆိုင်းငံ့ထားရန် ကုလသမဂ္ဂ အထွေထွေ ညီလာခံက တောင်းဆိုသဖြင့် ပြည်သူဆန္ဒ ခံယူပွဲ ကျင်းပရေးကို ရွှေဆိုင်းခဲ့သည်။

အပြည်ပြည်ဆိုင်ရာ တရားရုံးက မိုရော့ကို နိုင်ငံနှင့် မော်ရီတေးနီးယား နိုင်ငံတို့သည် ကိုလိုနီမဖြစ်မီက ဆဟာရဒေသနေ လူမျိုးစုများနှင့် တရားဝင် ကူးလူးဆက်ဆံမှုရှိခဲ့သော်လည်း နယ်မြေပိုင်ဆိုင် အုပ်ချုပ်ခြင်း မရှိခဲ့ကြောင်းကို ၁၉၇၅ ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့တွင် ယူဆချက်ပေးခဲ့သည်။ သို့ဖြစ်၍ နို၀င်ဘာလ ၆ ရက်နေ့တွင် မိုရော့ကိုနိုင်ငံမှ လက်နက်ကိုင်ဆောင်ခြင်း မပြုသော လူပေါင်း ၃၅၀,၀၀၀ တို့သည် စပင်းနစ်ဆဟာရဒေသသို့ ချီတက်ပွဲ ပြုလုပ်ကြသည်။

လူထုချီတက်ပွဲပြီးဆုံးသွားပြီးနောက် စပိန်၊ မိုရော့ကိုနှင့် မော်ရီတေးနီးယားနိုင်ငံတို့သည် စပိန်နိုင်ငံမှက်ဒရစ်မြို့တွင် နို၀င်ဘာ ၁၄ ရက်နေ့၌ ဆွေးနွေးပွဲ ပြုလုပ်သည်။ ဆွေးနွေးပြီးနောက် စပိန်နိုင်ငံသည် ၁၉၇၆ ခုနှစ် ဖေဖွာရီလ ၂၇ ရက်နေ့တွင် စပင်းနစ်ဆဟာရကို မိုရော့ကိုနိုင်ငံနှင့်

မော်ရိတေးနီးယား နှစ်နိုင်ငံသို့ လွှဲပြောင်းပေးမည်ဖြစ်ကြောင်း ကုလသမဂ္ဂဆိုင်ရာ စပိန် သံအမတ်ကြီးက နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ကြေငြာခဲ့သည်။

စပင်းနစ် ဆဟာရ လွတ်လပ်ရေးကို လိုလားသော ပိုလစ်စာရီယိုတပ်ဦးကိုယ်စားလှယ် အမင်ဗာဆာက လွတ်လပ်ရေးမပေးပါက အကြမ်းဖက်မည့် အနေမျိုးထုတ်ဖော်ပြောဆိုသည်။ သုံးနိုင်ငံသဘောတူညီချက်အရ ယင်းဒေသတွင် စပိန်အုပ်ချုပ်ရေးသည် ဖေဖွဝါရီလ ၂၇ ရက်နေ့အထိ ရှိနေရမည်ဖြစ်သော်လည်း မိုရော့ကို တပ်မျှားသည် ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် မြို့တော်အယ်အေယွန်သို့ ဝင်လာခဲ့သည်။ မော်ရိတေးနီးယား တပ်မျှားကလည်း စပင်းနစ်ဆဟာရအတွင်းဝင်လာပြန်သည်။ မိုရော့ကိုနှင့် မော်ရိတေးနီးယားတပ်မျှားသည် နယ်မြေဒေသ အတော်များများကို သိမ်းပိုက်ခဲ့သည်။ မက်ဒရစ်သဘောတူညီချက် အရ စပိန်နိုင်ငံသည် ယင်းဒေသကို မိုရော့ကိုနှင့် မော်ရိတေးနီးယားနိုင်ငံသို့ လွှဲပြောင်းပေးရမည်ဖြစ်သော်လည်း လွတ်မြောက်ရေးတပ်ဦး ပီအက်ဖအယ်နှင့် ပိုလစ်ဆာရီယိုအဖွဲ့က ဖေဖွဝါရီ ၂၇–၂၈ ရက်တွင် ယင်းဒေသကို ဆဟာရ အာရပ် ဒီမိုကရက်တစ် သမ္မတနိုင်ငံအဖြစ်ကြေငြာခဲ့လေသည်။

ရာဗတ်မြို့တွင် ဧပြီလ ၁၄ ရက်နေ့က မိုရော့ကို နိုင်ငံခြားရေးဝန်ကြီးနှင့် မော်ရိတေးနီးယား နိုင်ငံခြားရေးဝန်ကြီးတို့သည် အနောက်ဆဟာရ နယ်ခြား သတ်မှတ်ရေးအတွက် စည်းဝေးပြီး သဘောတူ လက်မှတ် ရေးထိုးခဲ့ကြသည်။ မော်ရိတေးနီးယားနိုင်ငံသည် နယ်မြေ၏ သုံးပုံတပုံထက်နည်း၍ ရရှိသည်။ ဗူကားရ် ဖော့စဖိတ် သတ္တုသိုက် ပါဝင်သော စပင်းနစ် ဆဟာရ၏ သုံးပုံ နှစ်ပုံသည် မိုရော့ကိုနယ်မြေတွင် ပါဝင်သွားသည်။ ပိုလစ်ဆာရီယိုပြောက်ကျားတပ်မျှားက မိုရော့ကိုနိုင်ငံကိုလည်း ၁၉၇၆ ခုအတွင်းက တိုက်ခိုက်သည်။ မော်ရိတေးနီးယားနိုင်ငံကိုလည်း ၁၉၇၇ ခုနှစ် အတွင်းက တိုက်ခိုက်သည်။ (မော်ရိတေးနီးယားနိုင်ငံ၊ မိုရော့ကိုနိုင်ငံ တို့ကိုလည်း – ရှု။)

စပိန်နိုင်ငံ။ ။ဥရောပတိုက် အနောက်တောင်ဖက် အစွန်းတွင် ထိုးထွက်နေသော အိုက်ဗီးရီးယန်းကျွန်းဆွယ်ကြီးတခုလုံး၏၁၃ပုံ၁၁ပုံမှာစပိန်နိုင်ငံဖြစ်သည်။ အရှေ့ဖက်တွင်မြေထဲပင်လယ်၊ အနောက်ဖက်တွင် ပေါ်တူဂီနိုင်ငံနှင့် အတ္တလန္တိတ် သမုဒ္ဒရာတို့ တည်ရှိသည်။ စပိန်နိုင်ငံ၏ အကျယ် အဝန်းမှာ စတုရန်းမိုင် ၁၉၄,၈၃၃ ခန့်ရှိသည်။ ၁၉၇၆ ခုနှစ်ခန့်မှန်းခြေအရ လူဦးရေ၃၅,၄၇၀,၀၀၀ ရှိသည်။ မြို့တော်မှာ မဒရစ်မြို့ဖြစ်သည်။



၁၉၃၆ မှနှစ်မှ အစပြု၍ ဂျင်နရယ် ဖရန်ကိုသည် နိုင်ငံအဓိပတိအဖြစ်ဌင်း၊ လက်နက်ကိုင် တပ်ဖွဲ့များ၏ အကြီးအကဲအဖြစ်ဌင်း ဆောင်ရွက်၍ စပိန်နိုင်ငံကို အုပ်ချုပ်ခဲ့သည်။ (ဖရန်ကို, ဂျင်နရယ်—ရှု။) စပိန်နိုင်ငံသည် ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ကြားနေနိုင်ငံအဖြစ် နေခဲ့သော်လည်း ဖက်ဆစ်နိုင်ငံများနှင့် အဆက်အသွယ်ရှိခဲ့၍ ၁၉၄၆ ခုနှစ်တွင် ကုလသမဂ္ဂ၌ ပါဝင်ခွင့်မရခဲ့ချေ။ ၁၉၅၅ ခုနှစ်ကမှသာ ဝင်ခွင့်ရလေသည်။

၁၉၄၇ ခုနှစ်တွင် အမျိုးသားကွန်ဂရက် လွှတ်တော်က ဖရန်ကိုကွယ်လွန်သောအခါ စပိန်နိုင်ငံသည် ဘုရင့်အစိုးရအုပ်ချုပ်သောနိုင်ငံ ဖြစ်လာရမည်ဟူသော ဥပဒေတရပ်ကို ပြဋ္ဌာန်းခဲ့သည်။ ၁၉၆၉ ခု ဇူလိုင်လတွင် အမျိုးသားကွန်ဂရက်လွှတ်တော်နှင့် ဖရန်ကိုတို့က ဟွမ်းကားလော့မင်းသားအား နန်းလျာအဖြစ် လျာထားကြောင်း ထုတ်ပြန်ကြေငြာခဲ့သည်။ ၁၉၇၅ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ဂျင်နရယ်ဖရန်ကို ကွယ်လွန်ရာ မင်းသား ဟွမ်းကားလော့သည် ဘုရင်အဖြစ် ဆက်ခံခဲ့သည်။

စပိန်နိုင်ငံသည် တွင်းထွက်သတ္တုများ ပေါကြွယ်ဝသည်။ ၁၉၆၀ ပြည့်မှ ၁၉၇၅ ခုနှစ်အတွင်း စိုက်ပျိုးရေးနိုင်ငံအဖြစ်မှ ကမ္ဘာ့ထိပ်တန်း စက်မှုနိုင်ငံ တနိုင်ငံအဖြစ် ပြောင်းလဲတိုးတက်လာခဲ့သည်။ စက်မှု ထွက်ကုန်များမှာ စက်ပစ္စည်းများ၊ ချည်ထည်နှင့် သိုးမွေးထည်များ၊ မော်တော်ကားများ၊ သဘော်ဘများနှင့် စက္ကူ စသည်တို့ ဖြစ်သည်။ ကျောက်မီးသွေးလည်း အထွက်ကောင်းသည်။

အာဖရိကတိုက် အနောက်မြောက်ဖက်ကမ်းခြေရှိ ယခင်က စပိန်ပိုင် စပင်းနစ်ဆဟာရ သဲကန္တာရ နယ်မြေမှ စပိန်တပ်များကို ၁၉၇၆ ခုနှစ် ဖေဖွဝါရီလ အတွင်းက ဆုတ်ခွာပေးကာ ယင်းနယ်မြေကို မိုရော့ကိုနှင့်မော်ရိတေးနီးယားတို့သို့ လွှဲအပ်လိုက်သည်။ (စပင်းနစ်ဆဟာရ—ရှု။) ၁၇၀၄ ခုနှစ်မှစ၍ အင်္ဂလိပ်တို့ စိုးမိုးအုပ်ချုပ်ခဲ့သော ဂိဗရောတာကို ပြန်လည်ရရှိရန်မူ စပိန်နိုင်ငံက ကြိုးစားလျက် ရှိသည်။

စာတတ်မြောက်ရေးလုပ်ငန်း။ ။ကျွန်ုပ်တို့၏ ပညာရေး ရည်မှန်းချက်ပန်းတိုင်မှာ အခြေခံပညာကို လူတိုင်း သင်ယူနိုင်ခွင့် ရရှိစေရန်ဖြစ်သည် ဟူသော မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ် အပိုဒ် ၁၇ (က) တွင် ပါရှိသည့် ပညာရေးမူဝါဒနှင့်အညီ စာမတတ်သူ လျော့ပါး ပပျောက်ရေး လုပ်ငန်း (စာတတ်မြောက်ရေးလုပ်ငန်း)၊ "အ" သုံးလုံးကျေသက်ကြီးသင်တန်းများကို လုပ်သား ပြည်သူတို့အတွင်း

လူထုလှုပ်ရှားမှု အသွင်သဏ္ဌာန်ဖြင့် နိုးကြား တက်ကြွစွာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ၌ ယင်းဆောင်ရွက်မှုတွင် ပြင်ဆင်မှု၊ ရွှေပြေး စမ်းသပ်မှု၊ ပြုပြင် မွမ်းမံမှု၊ သုံးသပ် အကဲဖြတ်မှုနှင့် လုပ်ငန်းတိုးခဲ့ချဲ့ ဆောင်ရွက်မှု ဟူသော လုပ်ငန်းအဆင့်ဆင့်တို့ ပါရှိခဲ့ပါသည်။

ရွှေပြေးစမ်းသပ်မှုများ

၁၉၆၄ ခုနှစ် နွေရာသီ ကျောင်းပိတ်ရက်များ အတွင်း ရန်ကုန် ကံဘဲ့ ဆရာအတတ်သင်သိပ္ပံမှကြီးမှူးရှု သင်တန်းသား လေးဦးသည် မိတ္ထိလာမြို့နယ် အရွှေစံပြကျေးရွာတွင် အသုံးလုံးကျေ မျက်ဖွင့်သင်တန်းတရပ်ကို လက်တွေ့ စည်းရုံး ဆောင်ရွက်ကာ စမ်းသပ်ဖွင့်လှစ်ခဲ့ကြသည်။

ဤရွှေပြေး မျက်ဖွင့်သင်တန်း အတွေ့အကြုံကို အခြေပြု၍ စာမတတ်သူပပျောက်ရေးလုပ်ငန်းကို ရွှေပြေး စမ်းသပ်မှု လုပ်ငန်းအဖြစ် သတ်မှတ်ကာ ပညာရေးဝန်ကြီးဌာနမှ ကြီးမှူးပြီး ၁၉၆၅ ခုနှစ် နွေရာသီကျောင်းပိတ်ရက်များအတွင်း အသုံးလုံးကျေ တလသင်တန်းများကို ပြည်ထောင်စုတဝှန်းလုံးဌ ထပ်မံ ဖွင့်လှစ်ခဲ့သည်။ ပညာရေးခရိုင်ပေါင်း ၃၇ ခရိုင်အတွင်း အခြေစိုက်စခန်းပေါင်း ၅၅၆ နေရာတွင် ဖွင့်လှစ်ကာ ပညာရေး တက္ကသိုလ်နှင့် ဆရာအတတ်သင်သိပ္ပံကျောင်း ခြောက်ကျောင်းမှ သင်တန်းသူသင်တန်းသားပေါင်း ၂,၃၀၄ ဦးအပါအဝင် ဒေသခံ ဆရာ၊ ဆရာမများနှင့် အခြားစေတနာရှင်များ၏ ပူးပေါင်း ပါဝင် ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

၁၉၆၆ ခုနှစ်မှ ၁၉၆၈ ခုနှစ်အထိ ဆောင်ရွက်မှု

၁၉၆၆ ခုနှစ်တွင် "အ" သုံးလုံးကျေသင်တန်း ကြီးကြပ် ညှိနှိုင်းရေး ဗဟိုကော်မတီကို ဖွဲ့စည်းကာ ယင်းနှစ်မှစ၍ စာမတတ်သူလျော့ပါး ပပျောက်ရေးလုပ်ငန်း "အ" သုံးလုံးကျေ သင်တန်းများကို ဗဟိုဦးစီးစနစ်ဖြင့် ပြည်ထောင်စုတဝှန်းလုံးဌ နွေရာသီ တလသင်တန်းများ ဆက်လက် ဖွင့်လှစ်ဆောင်ရွက်ခဲ့ကြပါသည်။ ဤစာမတတ်သူပပျောက်ရေးလုပ်ငန်းကို စည်းရုံးရေးအခြေခံသော စေတနာဝန်ထမ်း လုပ်ငန်းအဖြစ် သတ်မှတ်ကာ လူထုလှုပ်ရှားမှုအသွင်ဖြင့် ကြိုးပမ်း ဖော်ဆောင်ခဲ့လေသည်။ ထိုနှစ်မှစတင်၍ ဌာနပေါင်းစုံ၊အဖွဲ့အစည်းပေါင်းစုံမှ ကိုယ်စားလှယ်များအထိုက် အလျောက် ပါဝင်ဆောင်ရွက်လာကြသည်။

ယင်းနှစ်များအတွင်း "အ" သုံးလုံးကျေသင်တန်း ကြီးကြပ် ညှိနှိုင်းရေး ဗဟိုကော်မတီနှင့် မြို့နယ်ကော်မတီများကို ကျယ်ကျယ်ပြန့်ပြန့် တိုးခဲ့ချဲ့ ဖွဲ့စည်းခြင်း၊ သတ်မှတ်ပြဋ္ဌာန်းထားပြီးသော မြန်မာဖတ်စာ စာအုပ်များ၊ မွမ်းမံပြုစုရိုက်နှိပ် ဖြန့်ချိခြင်း၊ သင်တန်းကာလကို မူလနွေရာသီတလမှ ၄၅ ရက်သို့ တိုးမြှင့်ဆောင်ရွက်ခြင်းတို့ဖြင့် လုပ်ငန်း အရှိန်အဟုန်ကို တနှစ်ထက်တနှစ် မြှင့်တင်လာနိုင်ရန် အားထုတ်ခဲ့ကာပြည်ထောင်စုတဝှန်းလုံးဌနေရာသီသင်တန်းများအနေဖြင့်ပင် ဆက်လက်ဖွင့်လှစ်ဆောင်ရွက်ဖြစ်ခဲ့သည်။

၁၉၆၆ မှ ၁၉၆၈ ခုနှစ်အထိ သုံးနှစ်တာမျှကာလအတွင်း လုပ်ငန်း၏ အောင်မြင်မှု အတိုင်းအတာကိုကြည့်လျှင် ပြည်ထောင်စုတဝှန်းလုံးဌ စာဖတ် စာရေး တတ်မြောက်လာသူ ပေါင်း ၁၅၁,၆၈၂ ဦးပေါ် ထွက်ခဲ့ပြီး အနည်းအကျဉ်းစာဖတ် စာရေး တတ်မြောက်သည့် အဆင့်သို့ရောက်ရှိလာသူပေါင်း ၁၆၁,၄၉၀ ဦးပေါ် ထွက် လာခဲ့လေသည်။

၁၉၆၉–၁၉၇၂ ခုနှစ်အတွင်း တိုးခဲ့ချဲ့လှုပ်ရှားဆောင်ရွက်မှု

၁၉၆၆ မှ ၁၉၆၈ ခုနှစ်အတွင်း အတွေ့အကြုံများကို သုံးသပ်လျက် ၁၉၆၉ ခုနှစ်မှ စတင်ကာ နယ်မြေဒေသတခုကို သတ်သတ်မှတ်မှတ် ရွေးချယ်လျက် စည်းရုံး လှုပ်ရှားမှု ပိုင်နိုင်စွာ ဆောင်ရွက်ရန်ဟူသော အစီအစဉ်အရ ၁၉၆၉ ခုနှစ်တွင် မိတ္ထိလာခရိုင်ကို စာတတ်မြောက်ရေး ရွှေပြေးစမ်းသပ်ခရိုင်အဖြစ် သတ်မှတ်ပြီးလျှင် တခရိုင်လုံး၊ ခရိုင်လုံးကျွတ် စာတတ်မြောက်လာသည်အထိ ရွှေးရွှ ဦးတည်လျက် ယင်းခရိုင်အတွင်းရှိ မြို့နယ် လေးမြို့နယ်တွင် ဖွင့်ပွဲကြိုးများကို တပြိုင်တည်း တခဲနက် ကျင်းပကာ ကျေးရွာစေ့ အသုံးလုံးကျေသင်တန်းများကို နှစ်လုံးပေါက် အစီအစဉ်ဖြင့် ဖွင့်လှစ်ပို့ချ ဆောင်ရွက်ခဲ့ကြသည်။

တဖန် ၁၉၆၉ ခုနှစ် လုပ်ငန်းအတွေ့အကြုံကို အခြေပြု၍ ၁၉၇၀ ပြည့်နှစ်တွင် စစ်ကိုင်းခရိုင်နှင့် ကျောက်ဆည်ခရိုင်တို့ကိုလည်း၊ ၁၉၇၁ ခုနှစ်တွင် မုံရွာခရိုင်၊ ရွှေဘို ခရိုင်၊ မြင်းခြံခရိုင်နှင့် မကွေးခရိုင်တို့ကိုလည်း၊ ၁၉၇၂ ခုနှစ်တွင် မန္တလေးခရိုင်၊ ရမည်းသင်းခရိုင်၊ ဖျာပုံခရိုင်၊ ပြည်ခရိုင်နှင့် ဟံသာတီခရိုင်တို့ကိုတိုးခဲ့ချဲ့ခရိုင်များအဖြစ် တိုးခဲ့ချဲ့ရွှေးချယ်သတ်မှတ်ပြီးလျှင် လုပ်ငန်း အရှိန်အဟုန်ကို မြှင့်တင်ကာ ဆက်လက်၍ အားသွန် ခွန်စိုက်ဆောင်ရွက်ခဲ့ကြသည်။

အထူးသဖြင့် ၁၉၇၀ ပြည့်နှစ်၊ ၁၉၇၁ ခုနှစ်နှင့် ၁၉၇၂ ခုနှစ်များတွင် စည်းရုံးလှုံဆော် လှုပ်ရှားမှု များကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လာနိုင်ခြင်း၊ တက္ကသိုလ် ကောလိပ် သိပ္ပံများမှလုပ်အားပေးကျောင်းသား ကျောင်းသူများ အားကြိုးမာန်တက် အင်တိုက်အားတိုက် ပါဝင် ဆောင်ရွက်လာခြင်း၊ သက်ကြီးစာပဒေသာများ ပြုစုပေါ်ထွက်လာခြင်းဟူသော ထူးခြား တိုးတက်သည့် အသွင် လက္ခဏာများကို မျက်ဝါးထင်ထင် မြင်တွေ့လာရပေသည်။ လုပ်ငန်းကြီးတရပ်လုံးအတွက် ကုန်ကျသည့် ဘဏ္ဍာကြေးငွေမှအစ သင်တန်းအသုံးအဆောင်ပစ္စည်းများနှင့် စည်းရုံး



ယူနက်စကိုအဖွဲ့ချုပ်က ချီးမြှင့်သော မိုဟာမက်ရီဇာပါလဗီဆုကို မြန်မာနိုင်ငံမှ လက်ခံယူနေစဉ်

လှုပ်ရှားမှုကို တွန်းအားပေးသည့် ပစ္စည်း ဝတ္ထု တို့တွင် အသုံးပြုမှုမျှားပါမကျန် အစစအရာရာကို လူထုလှုပ်ရှားမှု အသွင် ပီပြင်စွာဖြင့်ပင် ဒေသအားကို ပင်မအားအဖြစ် ထားပြီး စည်းရုံးရယူဆောင်ရွက်ခဲ့ကြသည်။

၁၉၇၁ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့တွင် ကမ္ဘာ့စာတတ်မြောက်ရေးလုပ်ငန်း၌ မြန်မာနိုင်ငံအား ထူးခြား ပြောင်မြောက်စွာ ပါဝင် ဆောင်ရွက်သည့် နိုင်ငံတနိုင်ငံအဖြစ် အသိအမှတ်ပြုသည့်အနေဖြင့် ယူနက်စကို အဖွဲ့ချုပ်က မိုဟာမက်ရီဇာပါလဗီဆုကို ချီးမြှင့် ပေးအပ် ဂုဏ်ပြုခဲ့သည်။

၁၉၆၉ ခုနှစ်မှ ၁၉၇၂ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သော စာတတ်မြောက်ရေး ကြိုးပမ်းဆောင်ရွက်မှုမှ ထူးခြားစွာ ရရှိလာသော အကျိုးရလဒ်များအဖြစ်

၁။ ခရိုင်ပေါင်း ၁၂ ခရိုင်၊ မြို့နယ်ပေါင်း ၇၁ မြို့နယ်တွင် စာတတ်မြောက်လာသူပေါင်း ၈၆၅,၇၆၉ ဦး ပေါ် ထွက်လာခဲ့ခြင်း။

၂။ စေတနာ လုပ်အားပေး ပုဂ္ဂိုလ်ပေါင်း ၂၃၅,၅၂၅ ပါဝင် ဆင်နွှဲခဲ့ရာ ယင်းတို့အနက် တက္ကသိုလ် ကောလိပ် သိပ္ပံကျောင်းများမှ ကျောင်းသား လူငယ် စေတနာ လုပ်အားပေး ဦးရေပေါင်းမှာ ၁၉၆၉ ခုနှစ်တွင် ၇၀ ဦး၊ ၁၉၇၀ ပြည့်နှစ်တွင် ၆,၃၅၇ ဦး၊ ၁၉၇၁ ခုနှစ်တွင် ၁၀,၂၇၁ ဦးနှင့် ၁၉၇၂ ခုနှစ်တွင် ၁၃,၁၇၇ ဦးအထိ တိုး၍ အင်တိုက် အားတိုက် ပါဝင်ဆင်နွှဲလာခဲ့ကြရာ ကျောင်းသားလူငယ်တို့၏ နိုးကြားတက်ကြွစွာ ပါဝင် လှုပ်ရှားလာသော လူငယ်ထု လှုပ်ရှားမှု တရပ်လည်း ဖြစ်လာခဲ့ခြင်း။

၃။ စာတတ်မြောက်ရေး ဗဟိုကော်မတီမှ ပညာရှင်များ၏ အကူအညီဖြင့် စီစဉ်ပြုစုသော သက်ကြီးစာပဒေသာ စာစဉ် ၁၀ မျိုး၊ အုပ်ရေပေါင်း ၁၀ သိန်းကို ရိုက်နှိပ်ကာ ကျေးရွာ များ သို့ အရောက်ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေနိုင်ခဲ့ခြင်း။

၄။ မြို့နယ်အလိုက် စာဖတ်ဝိုင်း၊ စာဖတ်ခန်းနှင့် စာကြည့်တိုက်များကို အထိုက်အလျောက် စီစဉ် ဖော်ထုတ်နိုင်ခဲ့ခြင်း

တို့ ဖြစ်လေသည်။

၁၉၇၃ ခုနှစ် စာဖတ်ရှိန် မြင့်မားရေးလုပ်ငန်း

၁၉၇၃ ခုနှစ်တွင် နယ်မြေ အသစ် တိုးချဲ့ ရွေးချယ် ဆောင်ရွက်မှုကို ဆိုင်းငံ့ထားလျက် ဆောင်ရွက်ပြီး မြို့နယ်များအတွင်း စာဖတ်ရှိန် မြင့်မားရေး လုပ်ငန်းများကို ဇောက်ချ ဆောင်ရွက်ခဲ့ကြသည်။

၁၉၇၄ ခုနှစ် လုပ်ငန်းတိုးချဲ့ဆောင်ရွက်မှု

၁၉၇၄ ခုနှစ်တွင် စာတတ်မြောက်ရေးလုပ်ငန်း ထပ်လောင်း တိုးချဲ့ဆောင်ရွက်ရေး အစီအစဉ်အရ စာတတ်မြောက်ရေး ဗဟိုကော်မတီနှင့် သက်ဆိုင်ရာ စာတတ်မြောက်ရေး ပြည်နယ်၊ တိုင်း၊ မြို့နယ်ကော်မတီ အဆင့်ဆင့်တို့ ညှိနှိုင်းကြလျက် စာတတ်မြောက်ရေး တိုးချဲ့ မြို့နယ်များအဖြစ် ရွှမ်းပြည်နယ်မှ ရွာငံမြို့နယ်နှင့် ကလော မြို့၊ မကွေးတိုင်းမှ မြိုင်မြို့နယ်၊ ရောဝတီတိုင်းမှ ကျုံပျော် မြို့နယ်နှင့် ရန်ကုန်တိုင်းမှ ထန်းတပင် မြို့နယ်တို့ကို ရွေးချယ်သတ်မှတ်ကာ ယင်း မြို့နယ်များ အတွင်း စာတတ်မြောက်ရေးသင်တန်းများကို လူထုလှုပ်ရှားမှု အသွင်ဖြင့်ပင် ဖွင့်လှစ်ဆောင်ရွက်ခဲ့ကြသည်။

၁၉၇၄ ခုနှစ်တွင် ရွေးချယ်ဆောင်ရွက်ခဲ့သော အဆိုပါ တိုးချဲ့ ခြောက်မြို့နယ်သည် ၁၉၇၅ ခုနှင့် ၁၉၇၆ ခုနှစ်များအတွင်း မြို့နယ် စာတတ်မြောက်မှု ပြည်သူ အောင်ပွဲများကို ရွေ့ဆင့် နောက်ဆင့် ကျင်းပနိုင်ခဲ့ကြပြီးဖြစ်သည်။ ယင်းမြို့နယ်များမှ စာတတ်မြောက်လာသူပေါင်း ၆၉,၀၁၉ ပေါ် ထွက်ခဲ့သည်။

၁၉၇၀ ခုနှစ်တွင် မြန်မာနိုင်ငံ စာတတ်မြောက်ရေး ဗဟိုကော်မတီက ၁၉၇၀ ခုနှစ်တွင် ပြည်နယ်နှင့် တိုင်းအလိုက် စာတတ်မြောက်ရေး နယ်မြေ ဒေသသစ်များ သတ်မှတ်ထားရာ ကချင်ပြည်နယ်အတွက် မြစ်ကြီးနား၊မြို့၊

ကယားပြည်နယ်အတွက် လှိုင်ကော်မြို့၊ ကရင်ပြည်နယ်အတွက်ဖားအံမြို့၊ချင်းပြည်နယ်အတွက်ဟားခါးမြို့၊စစ်ကိုင်းတိုင်းအတွက် ဝန်းသိုမြို့၊ တနင်္သာရီတိုင်းအတွက် မြိတ်အရှေ့မြို့နယ်၊ ပဲခူးတိုင်းအတွက် သနပ်ပင်မြို့၊ မကွေးတိုင်းအတွက် ရေစကြို့မြို့၊ မန္တလေးတိုင်းအတွက် မိုးကုတ်မြို့၊ မွန်ပြည်နယ်အတွက် ပေါင်မြို့နယ်၊ ရန်ကုန်တိုင်းအတွက် တိုက်ကြီးမြို့၊ ရှမ်းပြည်နယ်အတွက် ပင်းတယမြို့၊ ရခိုင်ပြည်နယ်အတွက် ဂွမြို့နယ်နှင့် ဧရာဝတီတိုင်း အတွက် မြောင်းမြ မြို့နယ်တို့ ဖြစ်သည်။ ထိုမြို့နယ်များတွင် ၁၉၇၈ ခု ဧပြီလ၌ စာတတ်မြောက်ရေးလုပ်ငန်း စတင်ဆောင်ရွက်မည်ဖြစ်သည်။

စာပေဗိမာန်စာမူဆု။ ။(၃ - ၃၉၉--ရှ။) မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း (စာပေဗိမာန်) ၏ ရည်ရွယ်ချက်တခုဖြစ်သော စာပေနှင့် မြန်မာ့ယဉ်ကျေးမှုမြှင့်တင်အားပေးရေးအတွက် စာပေလောကတွင် စာကောင်းပေကောင်းများ ပေါ်ထွက်စေရန် ရည်သန်၍ ၁၉၄၈ ခုနှစ်မှ ၁၉၆၁ခုနှစ်အထိ စာပေဗိမာန်ဆုကို နှစ်စဉ်မပျက် ချီးမြှင့်ခဲ့သည်။ တော်လှန်ရေးအစိုးရ တက်လာ၍ ပြန်ကြားရေးဝန်ကြီးဌာန၊ စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့ ဖြစ်လာသောအခါ ၁၉၆၂ ခုနှစ်မှ ၁၉၆၄ ခုနှစ်အထိ အနုပညာစာပေဆိုင်ရာဆုကိုဌင်း၊ ၁၉၆၅ ခုနှစ်မှ ယနေ့အထိ အမျိုးသားစာပေဆုကိုဌင်း စာပေဗိမာန်က တာဝန်ယူ၍ နှစ်စဉ်နှစ်တိုင်း ချီးမြှင့်ခဲ့သည်။ အမျိုးသားစာပေဆုအတွက် မူလက စာအုပ်ရော စာမူပါ ဝင်ရောက် ယှဉ်ပြိုင်နိုင်သော်လည်း ၁၉၆၉ ခုနှစ်မှစ၍ ပုံစံသစ်အရ စာအုပ်များကိုသာ ရွေးချယ် ချီးမြှင့်လိုက်သောအခါ အကြောင်း အမျိုးမျိုးကြောင့် စက်တင်ပုံနှိပ်ခြင်း မပြုရသေးသော စာပေလုပ်သားတို့၏ ကောင်းမွန် ပြောင်မြောက်သည့် စာမူများကို စာအုပ်အဖြစ် ထွက်ပေါ်လာစေရန်နှင့် ယင်းစာအုပ်တို့ကို အမျိုးသားစာပေဆုအတွက် စဉ်းစားနိုင်ရန် ရည်သန်၍ စာမူများကို ပြိုင်ပွဲကျင်းပကာ ဆုချီးမြှင့်ရန် စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့က စာပေဗိမာန်စာမူဆု ဟူ၍ တီထွင်လိုက်သည်။ ဤသို့အားဖြင့် စာပေဗိမာန် စာမူဆုသည် ကလောင်သွေးစ စာပေလုပ်သားများ၊ အကြောင်းအမျိုးမျိုးကြောင့် စက်တင်ပုံနှိပ်ခြင်းမပြုရသော စာမူရှင်များ၏ အားထားရာအဖြစ် ပေါ်ပေါက်လာခဲ့လေသည်။

ဝင်ရောက် ယှဉ်ပြိုင်သည့် စာမူများအတွက် အခြေခံအချက် ငါးချက်ကိုလည်း အမျိုးသားစာပေဆု အတွက် အခြေခံငါးချက်အတိုင်း သတ်မှတ်ထားသည်။ ယင်းတို့မှာ "မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ကို အထောက်အကူ ပြုနိုင်ခြင်း၊ မြန်မာ့ဟန်မြန်မာ့ယဉ်ကျေးမှုအစစ်အမှန်ထွန်းကားရေးကိုရှေးရှုခြင်း၊ မျိုးချစ်စိတ်ဓာတ်ထက် သန်စေခြင်း၊ အကျင့်စာရိတ္တပြုပြင်ရေးနှင့် အတွေးအခေါ် တိုးတက်ရေးအတွက် အထောက်အကူ ဖြစ်စေခြင်းနှင့် နည်းလမ်းမှန်ကန်သော ဗဟုသုတ တိုးပွား မျှားပြားစေခြင်း"တို့ ဖြစ်သည်။

ယင်းသို့သတ်မှတ်ထားသော အခြေခံငါးချက်နှင့် စစ်ဆေးရွေးချယ်ကာ ဝတ္ထုရှည်ဆု၊ ဝတ္ထုတိုပေါင်းချုပ်ဆု၊ ပြဇာတ်ဆု၊ စာပဒေသာဆု၊ ဘာသာပြန်စာပေဆု၊ ကလေးစာပေဆု၊ လူငယ်စာပေဆု၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေဆု၊ နိုင်ငံရေးစာပေဆု၊ သုတပဒေသာဆု (ဝိဇ္ဇာပညာရပ်)၊ သုတပဒေသာဆု (သိပ္ပံနှင့် အသုံးချသိပ္ပံပညာရပ်) ဟူ၍ စာမူဆု ၁၁ ဆု ချီးမြှင့်သည်။ ဘာသာပြန်ဆုအတွက်မူရင်းစာအုပ်ကို စာပေဗိမာန်ကရွေးချယ်ပြဋ္ဌာန်းပေးပြီး ယင်းကိုတိုက်ရိုက်ဖြစ်စေ၊ဆီလျော်အောင်ဖြစ်စေ အဖွဲ့က ညွှန်ကြား သတ်မှတ် ပေးသည့်အတိုင်း ပြန်ဆိုရသည်။

ဘာသာရပ်တခုစီအလိုက် ချီးမြှင့်သည့်ဆုငွေမှာ ပထမဆု အတွက် ငွေ ၅၀၀၊ ဒုတိယဆုအတွက် ငွေ ၃၀၀၊ တတိယဆုအတွက် ငွေ ၂၀၀ ဖြစ်သည်။ ထို့ပြင် ဘာသာပြန်ဆုမှအပ ကျန်ဆုရစာမူအားလုံးကို စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့က သတ်မှတ်ထားသော ခိုင်နှုန်းဖြင့်ဝယ်၍ လိုအပ်သလိုတည်းဖြတ်ကာ ပထမအကြိမ် ပုံနှိပ်ထုတ်ဝေသည်။

ဘာသာပြန်စာပေဆုတွင်မူ ပထမဆုရသောစာမူကိုသာလျှင် သတ်မှတ်ထားသော ခိုင်နှုန်းဖြင့် ပုံနှိပ်ထုတ်ဝေသည်။ ဤသို့ စာမူများကို နှစ်စဉ်ရွေးချယ်ဆုချီးမြှင့်ရာတွင် အဆင့်အတန်းမှီသော စာမူများမရှိပါက ဆုချီးမြှင့်ခြင်းမပြုခဲ့ပေ။

၁၉၆၉ ခုတွင် ပထမဆုံးအကြိမ် ကျင်းပသည့် စာပေဗိမာန် စာမူဆုပြိုင်ပွဲ၌ ဘာသာရပ်အားလုံးအတွက် စာမူစုစုပေါင်း ၂၀၁ ခု ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ၁၄ ခုသာလျှင် ဆုချီးမြှင့်ခြင်းခံရသည်။ ထိုနည်းတူ ၁၉၇၀ ပြည့်နှစ်တွင် စာမူစုစုပေါင်း ၂၂၇ ခု ဝင်ရောက်ယှဉ်ပြိုင်ရာ ၁၁ ဆုသာ ရွေးချယ်ခံရပြီး ၁၉၇၁ ခုနှစ်တွင် ၂၄၆ ခုအနက် ၁၄ ဆု၊ ၁၉၇၂ ခုနှစ်တွင် ၂၂၃ ခု အနက် ခုနှစ်ဆု၊ ၁၉၇၃ ခုနှစ်တွင် ၁၃၉ ခုအနက် ကိုးဆု၊ ၁၉၇၄ ခုနှစ်တွင် ၁၀၄ ဆု၊ အနက် ရှစ်ဆု၊ ၁၉၇၅ ခုနှစ်တွင် ၁၅၄ ခု အနက် ၁၀ ခု ၁၉၇၆ ခုနှစ်တွင် ၁၆၅ ခုအနက် ၁၂ ဆုသာ ရွေးချယ်ချီးမြှင့်နိုင်ခဲ့သည်။ ၁၉၆၉ ခုနှစ်မှ ၁၉၇၆ ခုနှစ်ထိ ဆုချီးမြှင့်ခြင်းခံရသည့် စာမူများ၏ နှစ်အလိုက် ချီးမြှင့်ခဲ့သည့် ဆုနှင့် ပုဂ္ဂိုလ်များ၏ အမည်များကို တဖက်မျက်နှာတွင် ဇယားဖြင့် ဖော်ပြထားပါသည်။

စာမတတ်သူ ပပျောက်ရေး။ ။(စာတတ်မြောက်ရေးလုပ်ငန်း—ရှ။)

စာ ပေ ဗိ မာ န် စာ မူ ဆု များ (၁၉၆၉ – ၇၆)

ဝတ္ထုရှည်ဆု

နှစ်

၁၉၆၉ – နှောင်းတမြေမြေ မြတ်ထန် ပထမဆု
– တောင်ပြာတန်းကို လွမ်းမိသည် တင်လေး ဒုတိယဆု
– ပျိုးမိတဲ့ပန်းတပင် ရွှေဘိုသက်မာ တတိယဆု

၁၉၇၀ – ပေပေတေတေ မောင်ရွှေစွန် ဒုတိယဆု
– ဆူးပင်လယ်မှ ကတ္တီပါကျွန်း ကျော်ကျော်ငယ် တတိယဆု

၁၉၇၁ – အောင်ပွဲခြိမ့်ခြိမ့် ဆွေးသိမ့်သိမ့် သန်းထွန်းသစ် ပထမဆု
– မိတ်ကပ်လိမ်း၍ ဇာတ်မသိမ်းချင် မောင်စိုးရ(မလှိုင်) ဒုတိယဆု

၁၉၇၂ – လူနှင့်လူသား ပြောသည့်စကား မောင်ဇာနီ တတိယဆု

၁၉၇၃ – အိမ့်ကျွန်သား အောင်ကောင်း တတိယဆု

၁၉၇၄ – လှိုင်းလေကြားမှ မေခလာ အောင်ဝင်း တတိယဆု

၁၉၇၅ – အသရဲမလေး ကိုယ့်ချစ်သူ ရဲဘော်အေးချမ်း ပထမဆု
– တက္ကသိုလ်ဘယ်မှာ ရှိတယ် မနုဿကျော်ဝင်း ဒုတိယဆု
– တောင်တန်းတွေကို သက်သေထူမယ် မြသိန်း တတိယဆု

၁၉၇၆ – ဟိုလောင်းပန်းပွင့် ဘယ် ဂုဏ်နှင့် ဝင့်မတုန်း ရွှေသဉ္ဇာ ပထမဆု
– ချစ်သမျှကို စမ်းမောင်မောင်မြင့် ဒုတိယဆု
– တိမ်စင်သည့်လပမာ ဘဏ်ရွှေသင် တတိယဆု

ဝတ္ထုတိုပေါင်းချုပ်ဆု

၁၉၆၉ – ပုလဲသွယ် စောမဉ္ဇူ(ဖျာပုံ) ဒုတိယဆု

၁၉၇၀ – လောကပန်းဥယျာဉ် ရွှေဘိုသက်မာ ဒုတိယဆု

၁၉၇၁ – ဘဝတခုလူမှုတရာ လေးမြင့် ပထမဆု
– ရောင်နီဦး ဝတ္ထုတိုများ မောင်မောင်နီ ဒုတိယဆု
– ပိုးစုန်းကြူး မောင်ပံသု(အညာမြေ) တတိယဆု

၁၉၇၂ – သစ်လွင်သောအလှ ဖျာပုံလှမိုးနွယ် ပထမဆု
– ကျူပင်ကြို ကျူပင်ကြား သန်းအောင် (အညာမြေ) ဒုတိယဆု
– ရင်တွင်းဥစ္စာ ဝတ္ထုတိုများ မကျည်းတန်(လှိုင်ကော်) တတိယဆု

၁၉၇၃ – ကျင်းအလုပ်သမား ကြည်လတ် ဒုတိယဆု

၁၉၇၄ – ချစ်သောသွေးနှင့်ချစ်သောမြေ မောင်ငွေစိုး(စစ်တက္ကသိုလ်) ဒုတိယဆု

၁၉၇၅ – သံသယ၏သားကောင်များနှင့် အခြားဝတ္ထုတိုများ မောင်ယဉ်လှိုင်း ဒုတိယဆု
– ယုံကြည်ရာဝတ္ထုတိုများ မောင်စိုးနိုင် တတိယဆု

၁၉၇၆ – နွေဆည်းစျာ ဝတ္ထုတိုပေါင်းချုပ် မောင်စိုးရ ဒုတိယဆု
အသရေဝတ္ထုတိုများ
– မကျည်းတန် လှိုင်ကော် တတိယဆု

ပြဇာတ်စာပေဆု

၁၉၆၉ – လောကအလှပြဇာတ် မောင်စိန်ထွေး တတိယဆု

၁၉၇၀၊ ၁၉၇၁၊ ၁၉၇၂၊ ၁၉၇၃၊ ၁၉၇၄ ခုနှစ်များတွင် ဆုရစာမူမရှိ။

၁၉၇၅ – အမြတ်ထဲကအမြတ် မောင်ယဉ်လှိုင်း ဒုတိယဆု

၁၉၇၆ – မရှိ

စာပဒေသာဆု

၁၉၆၉ – မြန်မာ့နွား ပန်းလှိုင်မောင်မဉ္ဇူ ဒုတိယဆု
– သုံးထောင်စံကိုယ်တွေ မှတ်တမ်း ထားဝယ်ကျော်မင်း တတိယဆု

၁၉၇၀ – အာရပ်ခေါင်းဆောင်ကြီး နာဆာ မြသိန်း ပထမဆု
– သာယာဝတီထောင်မှ ငရဲခန်းများ ကျော်မြသန်း ဒုတိယဆု
– မြောက်စွန်းဒေသမှ မြန်မာပြည် သားများ ယုဝတီဂျင်းဖောမယ် တတိယဆု

၁၉၇၁ – မရှိ

၁၉၇၂ – နယ်ခြားဌ်ညှိုးနွမ်းနေသော မြန်မာ့နှလုံးလှပန်းကလေး များ(သို့) နတ်အိမ်ထောင်သို့ တခေါက် သုခဝင်း တတိယဆု

၁၉၇၃ – အသုံးလုံးလုပ်အားပေး အတွေ့အကြုံဝတ္ထုဆောင်းပါးများ မောင်အောင် တတိယဆု

၁၉၇၄ – မိုးကိုမျှော်၍ တိမ်ကို ကျော်သည် မောင်ဘမြင့် (ဘူမိ) ပထမဆု

၁၉၇၅ – ဦးနှောက်တလုံး၊ လက်တဖက် ရှေးခရီးအစ မောင်စိန်ထွေး ဒုတိယဆု

ဘာသာပြန်စာပေဆု

၁၉၆၉ – လီနင်ဂရက်မြို့တော်ကြီးကို ရန်သူဝန်းဝိုင်းပိတ်ဆို့ထားစဉ်က ရက်ပေါင်း ၉၀၀ ဇေယျာမောင် ဒုတိယဆု
– ရက်ပေါင်း ၉၀၀ ဦးခင်မောင်မြင့် တတိယဆု

၁၉၇၀ – အဏ္ဏဝါလောက ဇေယျာမောင် ပထမဆု
– သည်အဏ္ဏဝါသည်ကမ္ဘာ ဦးစိုးသူ ဒုတိယဆု

၁၉၇၁ – ဆာယိုဇာ ဇေယျာမောင် ပထမဆု
– ဆာယောဇ ဒဂုန်ရွှေပြည်စိုး ဒုတိယဆု
– ဆာယိုဇာ မြင့်စိုးလှိုင် တတိယဆု

၁၉၇၂ – အာဒူးလို ဆန်းတိုး ဒုတိယဆု
– အာဒူးလို ဒဂုန်သိန်းသိန်း တတိယဆု

၁၉၇၃ – မွန်းမတည့်မိနှစ်မိနှစ် ဇာဂရ ပထမဆု
– မွန်းတည့်ရန် ၂ မိနှစ်အလို ဒဂုန်ရွှေများ ဒုတိယဆု

၁၉၇၄ နှင့် ၁၉၇၅ ခုတွင် ဆုရစာမူမရှိ။

၁၉၇၆ – သဘာဝမှ ဆေးလက်ဆောင် ဒေါက်တာ အာလော ဒုတိယဆု

ကလေးစာပေဆု

၁၉၆၉ – ညီနောင်ရင်းချာ ကလေးစာများ မောင်ထွန်းရီ ဒုတိယဆု
– လမ်းသစ်မြေသစ်ငါတို့ခေတ် မောင်ပြုပြင်(ကျုံပျော်) တတိယဆု

၁၉၇၀ – မရှိ

၁၉၇၁ – နေခြည်လင်းချိန် ပန်းသင်းချိန် စန္ဒာမြင့် တတိယဆု

၁၉၇၂ – မရှိ

၁၉၇၃ – မရှိ

၁၉၇၄ – မြပုရစ်ဖူး မောင်ပြုပြင်(ကျုံပျော်) ဒုတိယဆု
– ကလေးတို့အဖို့ သိပ္ပံမျက်ပွင့် တက္ကသိုလ်မြသွေး တတိယဆု

၁၉၇၅ – အိုက်စံ ပုသိမ်အောင်သန်းဦး ဒုတိယဆု

၁၉၇၆ – မောင်မိုးပုံ - တက္ကသိုလ်မြသွေး ပထမဆု

လူငယ်စာပေဆု

၁၉၆၉ နှင့် ၁၉၇၀ တွင် ဆုရစာမူမရှိ

၁၉၇၁ – လျှပ်စစ်စွမ်းအင် မြသွေး တတိယဆု

၁၉၇၂ – မရှိ

၁၉၇၃ – ဘဝကိုယ်စီ အလှကိုယ်စီ ဖျာပုံလှမိုးနွယ် တတိယဆု

၁၉၇၄ – တလင်းစောင့် ကလေးများ ဖျာပုံလှမိုးနွယ် ဒုတိယဆု

၁၉၇၅ – သားသုဝဏ္ဏသုံ့ ဖျာပုံလှမိုးနွယ် ပထမဆု

မြန်မာ့ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာစာပေဆု

၁၉၆၉ – မရှိ

၁၉၇၀ – မြန်မာ့ဒဂါးများ သပြေညိုမောင်ကိုဦး တတိယဆု

၁၉၇၁၊ ၁၉၇၂၊ ၁၉၇၃၊ ၁၉၇၄၊ ၁၉၇၅ ခုနှစ်များတွင် ဆုရစာမူမရှိ။

၁၉၇၆ – နံနက်ခင်း၏နေခြည်သစ် မောင်ပြုပြင်(ကျုံပျော်) ပထမဆု
– ရေဝိုင်းလှိုင်းထန် မုန်တိုင်းရံလည်း အောင်ငွေသိန်း ဒုတိယဆု

နိုင်ငံရေးစာပေဆု

၁၉၆၉ မှ ၁၉၇၆ ခုနှစ်ထိ မည်သည့်စာမူမျှ ဆုရရှိခြင်း မရှိသေးပေ။

သုတပဒေသာ (ဝိဇ္ဇာပညာရပ်)

၁၉၆၉ – လေ့လာမိသမျှ ဂဒူးဂဏန်းဒေသ အကိုစော ဒုတိယဆု

၁၉၇၀ – မောင်စိန်ထွေး၏ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ မောင်စိန်ထွေး တတိယဆု

၁၉၇၁ – စစ်အတွင်းလေကြောင်းပညာသင် အတွေ့အကြုံများ ဗိုလ်ဥာဏ်မောင် ပထမဆု
– ဆေးလိပ်လက်ဆောင် သပြေညိုမောင်ကိုဦး ဒုတိယဆု

၁၉၇၂ – မရှိ

၁၉၇၃ – သင့်ဘဝတွက်တာ အသုံးချစိတ်ပညာ ဒေါက်တာကျော်စိန် ပထမဆု
– အခြေခံရှေးဟောင်းသုတေသန ပညာ မနုဿကျော်ဝင်း ဒုတိယဆု
– စိမ်းမြည့်ရွက်သနပ်ဖက် မောင်ခွန်နွယ်(အင်းလေး) တတိယဆု

၁၉၇၄ – မရှိ

၁၉၇၅ – ပြည်သူဝန်ထမ်း ဆိုသည်မှာ မောင်မြေမှူး ပထမဆု

၁၉၇၆ – ကျေးဇူးရှင်နှင့် ကျွန်တော် ဦးပေါ်သိန်း တတိယဆု

သုတပဒေသာဆု (သိပ္ပံနှင့် အသုံးချသိပ္ပံပညာရပ်)

၁၉၆၉ – သိပ္ပံနည်းကျ ခေတ်မှီ မီးသတ်ပညာ ရဲကိုကိုကြီး ဒုတိယဆု
– အခြေခံစပါးသိပ္ပံ ဦးထွန်းလှ တတိယဆု

၁၉၇၀ – မြန်မာ့ဝါ ပန်းလှိုင်မောင်မဉ္ဇူ ဒုတိယဆု

၁၉၇၁ – ဘက်ထရီ အောင်ဖေစိန် ဒုတိယဆု
– မြန်မာ့ထွက်ကုန် ပဲမျိုးစုံ ပန်းလှိုင်မောင်မဉ္ဇူ တတိယဆု

၁၉၇၂ – မြန်မာ့ငါးမျှားတံ ဝါးကိုင်း တက္ကသိုလ်မွန်ဦး ဒုတိယဆု
– မြန်မာ့အဏ္ဏဝါခရု စိုးသူ တတိယဆု

၁၉၇၃ – မရှိ

၁၉၇၄ – အီလက်ထရွန်နစ် မိတ်ဆက် ဦးသန်းထွဋ် ပထမဆု
– ရီလေတီဗီတိသီအိုရီ ဆိုသည်မှာ တက္ကသိုလ်ကြယ်ပွင့် ဒုတိယဆု

၁၉၇၅ – မရှိ

၁၉၇၆ – ပတ်ဝန်းကျင်နှင့် ကျွန်တော် ဒေါက်တာတင်ထွန်းဦး ပထမဆု

စာပေဗိမာန် စာမူဆုချီးမြှင့်ပွဲကို ရန်ကုန်မြို့ ၅၂၉ - ကုန်သည်လမ်း၊ စာပေဗိမာန်အဆောက်အအုံတွင် နှစ်စဉ်ကျင်းပကာ နောင်ပေါ်ထွက်လာဦးမည့် ကောင်းမွန် ပြောင်မြောက်သည့် စာမူများအား ကြိုဆိုအားပေးလျက် ရှိပေသည်။ ။

စာရာမေတီ။ ။စာရာမေတီ တောင်သည် မြောက်လတ္တီတွဒ် ၂၆° ၎၎′ နှင့် အရှေ့လောင်ဂျီတွဒ် ၉၅° ဝ၂′ အကြား မြန်မာနိုင်ငံ အနောက်မြောက်ပိုင်း အာသံ-မြန်မာနယ်စပ်အနီး နဂဇတောင်တန်းတွင်တည်ရှိသည်။ စစ်ကိုင်းတိုင်း ဆင်ဂလိန်းခန္ဓီမြို့ အနောက်တောင်ယွန်းယွန်း မိုင် ၁၃၀ ကွာဝေးသည်။ အမြင့်ပေ ၁၂,၆၂၂ ရှိပြီး ဆောင်းအခါ ဆီးနှင်းများ ဖုံးလွှမ်းသည်။ အာသံနှင့် မြန်မာနိုင်ငံ နယ်နိမိတ်အဖြစ်လည်း ပိုင်းခြားထားသည်။ အာသံနယ်စပ်နှင့် တမိုင်ခန့်သာဝေးသည်။ စာရာမေတီ တောင်ကြော တလျှောက်၌ နဂဇလူမျိုးများ နေထိုင်ကြသည်။

၁၉၅၉ ခုနှစ်တွင် အမေရိကန်နိုင်ငံ ယေးတက္ကသိုလ်၊ ပေဗိုဒီပြတိုက်မှ သားငှက်တိရစ္ဆာန် လေ့လာရေး အဖွဲဝင်များနှင့် မြန်မာနိုင်ငံ သစ်တောဌာနမှ အရာရှိများ စာရာမေတီ တောင်ထိပ်သို့ တက်ခဲ့ကြသည်။ ၁၉၇၁ ခုနှစ် ဖေဖွာရီလတွင် ဗိုလ်မှူးကြီးလှအောင်အမှူးပြုသော မြေတိုင်းအဖွဲဝင်များသည် အာသံ–မြန်မာနယ်နိမိတ် ကျောက်တိုင်အမှတ် ၁၃၈ ကို စာရာမေတီတောင်ပေါ်၌ စိုက်ထူခဲ့သည်။

စာရာမေတီတောင်ကြောတလျှောက်၌ ရိုဒိုဒင်ဒရမ်ခေါ် တောင်ဇလပ်၊ ထင်းရူး၊ ကျောက်ထင်းရူး၊ သစ်မင်း၊ ဝက်သစ်ချ၊ ပရိမ္မူလာ၊ လီလီနှင့် ဝဥပင်အမျိုးမျိုး တွေ့ရသည်။ တခြိန်က စာရာမေတီတောင်ကြောတလျှောက်၌ ကြွံများ အများအပြား တွေ့ကြရသော်လည်း ယခုအခါတွင်မူ ကြွံအနည်းငယ်သာ တွေ့ရှိနိုင်တော့သည်။ ကဒိုးကောင်နှင့် တောင်ဆိတ်များ ပေါသည်။

စီဖီးယား။ ။(စီးပွားရေးအပြန်အလှန်ကူညီမှုကောင်စီ — ရှ။)

စီ-အမ်-အီး-အေ။ ။(စီးပွားရေး အပြန်အလှန်ကူညီမှု ကောင်စီ—ရှ။)

စီးပွား ပူးပေါင်းဆောင်ရွက်ရေးနှင့် တိုးတက်ရေးအဖွဲ့။ ။၁၉၄၈ ခုနှစ်တွင် ဖွဲ့စည်းခဲ့သော ဥရောပ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ကို ၁၉၆၁ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် ဖျက်သိမ်းခဲ့ပြီးနောက် ယင်းနေ့မှာပင် စီးပွားပူးပေါင်းဆောင်ရွက်ရေးနှင့် တိုးတက်ရေးအဖွဲ့ ဟူသော အမည်သစ်ဖြင့် အလားတူ အဖွဲ့အစည်းမျိုးကို ထပ်မံဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။ အင်္ဂလိပ်ဘာသာဖြင့် အိုအီးစီဒီဟု အတိုကောက် ခေါ်ကြသည်။ အဖွဲ့၏ ရည်ရွယ်ချက်များမှာ အဖွဲဝင်နိုင်ငံများ၏စီးပွားရေးနှင့် လူနေမှုအဆင့်အတန်းမြှင့်တင်ရန်၊စီးပွားရေး ရင်းနှီးမြှုပ်နှံမှုများကို ခွဲထွင်ရန်နှင့် ကမ္ဘာ့ကုန်သွယ်မှုတွင် အပြည်ပြည်ဆိုင်ရာ စည်းကမ်းများနှင့်အညီ အဆင့်အတန်းမခွဲခြားပဲစွေးကွက်တိုင်းတွင် ဘက်စုံပါဝင်ခွင့်ရရှိရန် စသည်တို့ဖြစ်သည်။

စီးပွား ပူးပေါင်းဆောင်ရွက်ရေးနှင့် တိုးတက်ရေး အဖွဲ့တွင် အဖွဲဝင် ၂၄ နိုင်ငံ ပါဝင်၏။ ယင်းတို့မှာ သြစတြေးလီးယား၊ သြစတြီးယား၊ ဗဲလဂျီယမ်၊ ကနေဒါ၊ ဒိန်းမတ်၊ ဖင်လန်၊ ပြင်သစ်၊ အနောက်ဂျာမနီ၊ ဂရိ၊ အိုက်စလန်၊ အိုင်ယာလန်၊ လူဇင်ဗတ်၊ နယ်သာလင်၊ နယူးဇီလန်၊ နော်ဝေ၊ ပေါ်တူဂီ၊ စပိန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ တူရကီ၊ ဗြိတိန်နှင့် အမေရိကန်ပြည်ထောင်စုတို့ ဖြစ်ကြသည်။ ယူဂိုစလားဗီးယားနိုင်ငံက အခွဲခြားသော အစိတ်အပိုင်းများတွင်အဖွဲနှင့် ပူးပေါင်းဆောင်ရွက်သည်။အဖွဲခွဲပ်ကိုပြင်သစ်နိုင်ငံပဲရစ်မြို့တွင်ထားရှိသည်။

စီးပွားရေး အပြန်အလှန် ကူညီမှု ကောင်စီ။ ။ဆိုရှယ်လစ်နိုင်ငံများ ပါဝင်ဖွဲ့စည်းထားသည့် စီးပွားရေး အပြန်အလှန်ကူညီမှုကောင်စီကို အင်္ဂလိပ်စာလုံးအတိုအားဖြင့် စီ–အမ်–အီး–အေ သို့မဟုတ် စီမီးယားဟုငင်း၊ ကိုမီကွန်ဟုငင်း ခေါ်ကြသည်။ ကမ္ဘာပေါ်တွင် .ထင်ရှားသော ထိပ်သီး စီးပွားရေးအဖွဲ့အစည်းများအနက် ဥရောပရှိ ထိပ်သီး စီးပွားရေးအဖွဲ့အစည်းတခု ဖြစ်သည်။

အနောက်ဥရောပ နိုင်ငံ အချင်းချင်း ပူးပေါင်းဖွဲ့စည်းသော အို–အီး–အီး–စီ ခေါ် ဥရောပစီးပွားရေး ပူးပေါင်းမှုအဖွဲ့ကို ဖွဲ့စည်းလိုက်သည့်နည်းတူအရှေ့ဥရောပနိုင်ငံများကလည်း စုပေါင်း၍ စီမီးယားခေါ် စီးပွားရေး အပြန် အလှန် ကူညီမှု ကောင်စီကို ဖွဲ့စည်းလိုက်ကြသည်။ (စီးပွားပူးပေါင်းဆောင်ရွက်ရေးနှင့် တိုးတက်ရေးအဖွဲ့ — ရှ။)

ယင်းကောင်စီကို ၁၉၄၉ ခုနှစ် ဇန်နဝါရီလတွင် မောစကိုမြို့တော်၌ ကျင်းပသော ဗူလဂေးရီးယား၊ ချက်ကိုစလိုဗားကီးယား၊ ဟန်ဂေရီ၊ ပိုလန်၊ ရူမေးနီးယားနှင့် ရုရှကိုယ်စားလှယ်များ ပါဝင်သည့် ကွန်ဖရင့်၌ စတင်ဖွဲ့စည်းခြင်းဖြစ်သည်။ ယင်းသို့ ဖွဲ့စည်းလိုက်ကြောင်း ကွန်ဖရင့်ကြီးက တရားဝင် ထုတ်ပြန်ကြေငြာခြင်း မပြုခဲ့သော်လည်း ၁၉၄၉ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် တပ်စသတင်း ဌာနမှ သတင်းအဖြစ် ဖော်ပြခဲ့သည်။ စတင် ဖွဲ့စည်းစဉ်က ပါဝင်သော အဖွဲဝင်နိုင်ငံများမှာ ဗူလဂေးရီးယားနိုင်ငံ၊ ချက်ကိုစလိုဗားကီးယားနိုင်ငံ၊ ဂျာမန်ဒီမိုကရက်တစ် သမ္မတနိုင်ငံ၊ ဟန်ဂေရီနိုင်ငံ၊ ပိုလန်နိုင်ငံ၊ ရူမေးနီးယားနိုင်ငံ၊ အယ်လဗေးနီးယားနိုင်ငံ၊ ရုရှနိုင်ငံတို့ ဖြစ်ထည်။ ယင်းကောင်စီ၏ ရည်ရွယ်ချက်မှာ အမျိုးသား စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုအတွက် အဖွဲဝင်နိုင်ငံအချင်းချင်း ညှိနှိုင်းတိုင်ပင်၍ ကုန်ထုတ်လုပ်မှု တိုးတက်ရေး၊ ကုန်ကြမ်း ကုန်ရိုင်းများကို လုံလောက်စွာ ထုတ်လုပ်၍ ဖလှယ်နိုင်ရေး၊ စက်မှုနှင့်

သိပ်သုံသုတေသန ပြုလုပ်ရေး စသည်တို့ကို အထူး ဦးစားပေး ဆောင်ရွက်ရန် ဖြစ်သည်။ ကောင်စီသည် ကျယ်ပြန့်စွာ ဖွဲ့စည်းထားသောအဖွဲ့ဖြစ်သောကြောင့် ကောင်စီက ချမှတ် ထားသော မူဝါဒအတိုင်း လိုက်နာ၍ စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိသည့် နိုင်ငံတိုင်းကို ကောင်စီ သို့ဝင်ရန် ဖိတ်ခေါ် လေသည်။ ယခုအခါ၌ ဤကောင်စီ တွင် တင်းပြည့်အဖွဲ့ဝင်ကိုးနိုင်ငံပါဝင်လျက်ရှိသည်။ ယင်းတို့ မှာ ဗူလဂေးရီယား၊ ဂျာမန်ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဟန် ဂေရီ၊ မွန်ဂိုးလီးယား၊ ရုရှ၊ ပိုလန်၊ ရူမေးနီးယားနှင့် ကျူး ဗားနိုင်ငံတို့ ဖြစ်ကြသည်။

အယ်လဗေးနီးယား နိုင်ငံသည် ၂၂ ကြိမ်မြောက် ရုရှ ကွန်မြူနစ်ပါတီ ကွန်ဂရက်ပြီးဆုံးသည့် ၁၉၆၁ ခုနှစ်ကုန်မှစ၍ အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ခြင်း မပြုတော့ပဲ အချို့ကျ ထည့်ဝင်ရန်ရှိသော ရန်ပုံငွေကိုလည်း မပေးပဲနေခဲ့သည်။

၁၉၆၄ ခုနှစ်တွင် ယူဂိုစလားဗီးယားနိုင်ငံကလည်း ဤ အဖွဲ့ကြီးနှင့် အထူးစာချုပ်တရပ် ချုပ်ဆိုကာ ပါဝင်ကူညီ ဆောင်ရွက်ခဲ့သည်။ ၁၉၇၃ ခုနှစ်တွင်လည်း ဖင်လန်နိုင်ငံ နှင့် စာချုပ်တရပ် ချုပ်ဆိုသည်။ ဤကဲ့သို့ အထူးစာချုပ် ချုပ်ဆိုသောနိုင်ငံများသည် အဖွဲ့ဝင်နိုင်ငံများနှင့် လူမှုရေး စီးပွားရေးစနစ်မတူပဲ တသီးတခြား ကွဲပြားကြသဖြင့် ယင်း တို့၏ ပူးပေါင်းဆောင်ရွက်မှုကို တရားဝင်ဖြစ်စေရန် ဖြစ် သည်။ ၁၉၇၅ ခုနှစ်တွင် ဤကောင်စီသည် အလားတူ စာချုပ်များကို အီရတ်၊ မက္ကဆီကို နိုင်ငံများနှင့် ချုပ်ဆိုခဲ့ လေသည်။။အာဂျင်တီးနားအစိုးရကလည်းပူးပေါင်းဆောင် ရွက်ရန် ဆန္ဒရှိကြောင်းသိရသည်။ ဆို့ဒင်နိုင်ငံအားလည်း ဤအဖွဲ့ကြီးနှင့် ပုံစံတမျိုးမျိုးဖြင့် ဆက်သွယ်သင့်ကြောင်း ဆို့ဒင်သတင်းစာများကတိုက်တွန်းရေးသားကြသည်။အထူး စာချုပ် ချုပ်ဆိုသော နိုင်ငံများသည် ကောင်စီ၏အမြဲတမ်း ကော်မတီများသို့ ကိုယ်စားလှယ်လွှတ်ခွင့်ရလေသည်။

၁၉၇၇ ခုနှစ် ဇွန်လ ၂၁ ရက်နေ့မှ ၂၃ ရက်နေ့အထိ ပိုလန်နိုင်ငံ ဝါဆောမြို့တွင် ကျင်းပသော စီးပွားရေးအပြန် အလှန်ကူညီရေးကောင်စီ၏ ဝန်ကြီးချုပ်အဆင့် အစည်း အဝေး၌ ၁၉၉၀ ပြည့်နှစ်အထိ နှစ်ရှည်ပူးပေါင်းဆောင်ရွက် ရေး အစီအစဉ်များ ချမှတ်ခဲ့သည်။



ရဲဘော်သုံးကျိပ်ဝင် ဗိုလ်စောနောင်

စောနောင်၊ ဗိုလ် (ရဲဘော်သုံးကျိပ်) (ခရစ် ၁၉၂၀–၁၉၇၆)။ ။ဗိုလ်စောနောင်ကို ၁၉၂၀ ပြည့်နှစ် စက် တင်ဘာလ ၂ ရက် ကြာသပတေးနေ့တွင် ရန်ကုန်မြို့ ကမာရွတ် ရှမ်းစုရပ် အဖ ကျောက်ကုန်သည် ဦးဘိုးညွှန့်၊ အမိ ဒေါ်ရွှေမှတ်တို့မှ မွေးဖွားခဲ့သည်။ အမည်ရင်းမှာ မောင်သစ် ဖြစ်လေသည်။ မောင်သစ်သည် ကမာရွတ် ရပ်ကွက်ရှိ ဦးစံလှ အလှတ်ပညာသင်ကျောင်းမှ အင်္ဂလိပ် မြန်မာနှစ်ဘာသာ သတ္တမတန်း စာမေးပွဲကို အောင်မြင်ခဲ့သည်။ အသက် ၁၅ နှစ်သားအရွယ်မှာပင် အစ်ကို ကြီးများ ဖြစ်ကြသော သခင်အောင်တင်၊ သခင်ငွေ (ရဲဘော်သုံးကျိပ် ဗိုလ်မှူးစောအောင်) တို့နည်းတူ သခင်သစ်အမည်ခံယူ၍ တို့ဗမာ အစည်းအရုံးကြီး၏ အမျိုးသားရေး လှုပ်ရှားမှုများတွင် တက်ကြွစွာ ပါဝင်ခဲ့သည်။ သခင်ဗစိန်တို့ဒေါင်းသတင်းစာထုတ်ဝေသည့် အခါ ၂၁ ဦးကိုဏ်းသားများ လွှမ်းမိုးသောဒေသတွင် ဒုက္ခ အမျိုးမျိုးခံ၍ ဒေါင်းသတင်းစာကို ဖြန့်ချိခဲ့သည်။

၁၉၃၉ ခုနှစ်တွင် တို့ဗမာအစည်းအရုံး ခေါင်းဆောင် သခင်ဗစိန်၊ သခင်ထွန်းအုပ်တို့က တာဝန်ပေးအပ် သဖြင့် ဂျပန်ပြည်သို့ သွားရန်အတွက် သခင်ကျော်စိန် (ရဲဘော် သုံးကျိပ်ဗိုလ်မှူးမိုးညို) နှင့် အတူမြန်မာ နယ်စပ်ဖြတ်ကျော်၍ ယိုးဒယားသို့ သွားရောက် ခဲ့ကြသည်။ ယိုးဒယားနိုင်ငံ မဲဆောက်မြို့တွင် ဂျပန်နှင့်အဆက်အသွယ်မရပဲ ယိုးဒယား ပုလိပ်အချုပ်စခန်းတွင်နှစ်ရက်ကြာချုပ်နှောင်ခြင်းခံရသည်။ ပြည်နှင်ဒဏ် ပေးသဖြင့် မြန်မာပြည်သို့ ပြန်လာခဲ့ရသည်။

၁၉၄၁ ခု ဇူလိုင်လတွင် သခင်ထွန်းအုပ် ခေါင်းဆောင် သော မျိုးချစ်လူငယ် ၁၁ ဦးနှင့် အတူ ဂျပန်နိုင်ငံသို့ ကေ ရီရိမာရူးသင်္ဘောဖြင့် လျှို့ဝှက်စွာ သွားရောက်ခဲ့ကြသည်။

ဟိုင်နန်ကျွန်းနှင့် ဖော်မိုးဆား (တိုင်းဝမ်ကျွန်း) တို့တွင် စစ်ပညာများ သင်ကြားပြီး မြန်မာ့လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ရန် ရဲဘော်သုံးကျိပ်နှင့် အတူ ယိုးဒယားနိုင်ငံသို့ ပြန်လည်ရောက်ရှိလာကြသည်။ သခင်သစ် အမည်မှ ဗိုလ် စောနောင် အမည်ခံယူခဲ့လေသည်။

ယိုးဒယားတွင် ဗမာ့လွတ်လပ်ရေးတပ်မတော်ဖွဲ့စည်းပြီး သည်နှင့် ဗိုလ်ချုပ်အောင်ဆန်းက ဗိုလ်စောနောင်အား စစ် သား စုဆောင်းရေးတာဝန်ပေးအပ်လိုက်သဖြင့် ဗန်ကောက် မှ ဇင်းမယ်အထိ ဟောပြော စစ်သားစုဆောင်းခဲ့ရာ မြန်မာ ယိုးဒယားကပြားများ၊ ရှမ်းအမျိုးသားများ အပါအဝင် တပ်သား ၁၀၀၀ကျော်စုဆောင်းနိုင်ခဲ့သည်။ဗိုလ်ချုပ်အောင် ဆန်းနှင့် ဂျပန်စစ်ဖက်ဆိုင်ရာမှ ချီးကျူးခြင်းခံရသည်။

ဇင်းမယ်ကြောင်းချီ တပ်ရင်း တရင်းကို ဦးစီးလျက် မြန်မာနိုင်ငံအတွင်းသို့ ချီတက်ခဲ့ရာ စစ်ချီရာခရီးတလျှောက် အင်္ဂလိပ် နယ်ခြဲ စစ်တပ်များနှင့် ရင်ဆိုင်တိုက်ပွဲပေါင်းများစွာ တိုက်ခိုက်ခဲ့ရသည်။ စစ်တောင်းမြစ်ကမ်းအနီး မြစ်ကျိုးတိုက်ပွဲ၊ ဝေါမြို့တိုက်ပွဲများတွင် အသေခံတပ်ဖွဲ့များဖွဲ့စည်း၍ လေယာဉ် တင့်ကားများဖြင့် ပါဝင်တိုက်ခိုက်သော ရန်သူ စစ်တပ်ကို ရွှပ်ရွှပ်ခွံခွံ တိုက်ခိုက်အောင်မြင်ခဲ့သည်။ ပဲခူးမြို့သိမ်းတိုက်ပွဲကြီးကို နောက်ဆုံးအောင်မြင်စွာ ဆင်နွှဲပြီး ရန်ကုန်သို့ ချီတက်ခဲ့လေသည်။

ဗမာ့ကာကွယ်ရေးတပ်မတော်ဖွဲ့စည်းသည့်အခါ ဗိုလ်မှူးကြီးနေဝင်း၏တပ်ရင်း (၁)တွင်ငင်း၊ စစ်ဝန်ကြီးရုံးတွင်ငင်း တာဝန်ထမ်းဆောင်ခဲ့ရသည်။

ဂျပန် ဖက်ဆစ် တော်လှန်ရေးတွင် ဗိုလ်ချုပ် အောင်ဆန်း၏ တော်လှန်ရေးဌာနချုပ် သရက်မြို့ သရက်ချောင်းရွာသို့လိုက်ပါ၍ တိုက်ပွဲများစွာ၌ ပါဝင်တိုက်ခိုက်ခဲ့ရသည်။ ဗိုလ်မှူး စောနောင်သည် ကုန်သွယ်ရေးဝန်ကြီးဌာန လုပ်ငန်းစစ်ဆေးရေးဌာနတွင် အထူးအရာရှိ တာဝန်ကို ထမ်းဆောင်နေစဉ် အသက် ၅၆ နှစ် အရွယ် ၁၉၇၆ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်တွင် ကွယ်လွန်ခဲ့လေသည်။

စက္ကူရွေ။ ။(အထူးငွေထုတ်ခွင့် — ရှု။)

စိုက်ပရပ် သမ္မတနိုင်ငံ။ ။(၃–၄၅၉ — ရှု။) ဂရိ၊ တူရကီနှင့်ပြိတိသျှတို့ လက်အောက်သို့ အဆင့်ဆင့်ကျရောက်ခဲ့ရသောစိုက်ပရပ်ကျွန်းသည် ၁၉၆၀ ပြည့်နှစ် ဩဂုတ်လ ၁၆ ရက်နေ့တွင် လွတ်လပ်ရေးရရှိခဲ့သည်။ ထိုသုံးနိုင်ငံ၏ သဘော တူညီ ချက် အရ သမ္မတ အဖြစ် ဂရိနွယ်ဖွား အမျိုးသား ခေါင်းဆောင်ဘုန်းတော်ကြီး မကာရီယို့စအားဎင်း၊ ဒုတိယသမ္မတအဖြစ် တူရကီနွယ်ဖွား အမျိုးသားခေါင်းဆောင် ဖေဇယ်ကွတ်ချတ်အားဎင်း ရွေးကောက်တင်မြှောက်ကြသည်။



စိုက်ပရပ်နိုင်ငံ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဂရိနွယ်ဖွားများကို ကာကွယ်ရေးအတွက် ဂရိတပ်သား ၉၅၀ ချထားပိုင်ခွင့်ရှိပြီး တူရကီနိုင်ငံကလည်း စိုက်ပရပ်ရှိတူရကီနွယ်ဖွားများအတွက် တူရကီတပ်သား ၆၅၀ ချထားပိုင်ခွင့်ရှိသည်။ စိုက်ပရပ်ရှိ ဂရိနွယ်ဖွားများနှင့် တူရကီနွယ်ဖွားများသည် သီးခြား ကိုယ်ပိုင် အုပ်ချုပ်ရေး ရရှိလိုကြခြင်းကြောင့် သဘောထားများ ကွဲလာကြကာ လူမျိုးစုအချင်းချင်း ပဋိပက္ခများမကြာခဏ ဖြစ်ပွားလာကြပြီး ဂရိနှင့် တူရကီတို့စစ်ဖြစ်ပွားရမည့်အခြေအနေသို့ ရောက်ရှိလာသည်။ ထို့ကြောင့် ၁၉၆၄ ခုနှစ်ကစ၍ ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းရေး တပ်ဖွဲ့များကို စိုက်ပရပ်နိုင်ငံသို့ စေလွှတ်ထားရသည်။

၁၉၇၄ ခု ဇူလိုင်လ ၁၅ ရက်နေ့တွင် ဂရိစစ်အရာရှိများ ဦးဆောင်သော စိုက်ပရပ်အမျိုးသား ကာကွယ်ရေးတပ်ကသမ္မတမကာရီယို့စထံမှ အာဏာသိမ်းယူလိုက်သဖြင့် ဘုန်းတော်ကြီး မကာရီယို့စသည် နိုင်ငံမှ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ (မကာရီယို့စ, ဘုန်းတော်ကြီး—ရှု။) အာဏာသိမ်းအပြီးတွင် ရွေးနေ နီကိုလပ်ဆင်မဆင်အား သမ္မတအဖြစ် တင်မြှောက်သည်။ ဇူလိုင်လ ၂၀ ရက်နေ့တွင် တူရကီနွယ်ဖွားနှင့် ဂရိနွယ်ဖွားများ အချင်းချင်း တိုက်ခိုက်ကြသည်။ ဤတိုက်ပွဲသည် လွတ်လပ်ရေးရပြီး စိုက်ပရပ်နိုင်ငံတွင် အခြေစိုက်ဖွဲ့စည်းထားသော ဂရိတပ်ဖွဲ့နှင့် တူရကီတပ်ဖွဲ့တို့ ပထမဦးဆုံး အကြိမ် တိုက်ခိုက်မှုပင်ဖြစ်သည်။ထိုအတောအတွင်း သမ္မတဆင်မဆင်က လွတ်တော်ဥက္ကဋ္ဌ ဂလပ်ဖကိုကလားရစ်အား ရာထူး လွှဲပေးသဖြင့် စိုက်ပရပ်ယာယီသမ္မတအဖြစ် ဇူလိုင်လ ၂၃ ရက်တွင် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။ ဇူလိုင် ၂၄ ရက်နေ့တွင် ဂရိအစိုးရအဖွဲ့သစ်က ဘုန်းတော်ကြီးမကာရီယို့စအား စိုက်ပရပ်နိုင်ငံ၏ တရားဝင်သမ္မတအဖြစ် အသိအမှတ်ပြုကြောင်း ကြေငြာသည်။ တူရကီနွယ်ဖွားစိုက်ပရပ် အမျိုးသား များကလည်း ၁၉၇၅ ခု ဇွန်လ ဂ ရက်နေ့တွင် တူရကီနွယ်ဖွား စိုက်ပရပ် အမျိုးသားကိုယ်ပိုင် အုပ်ချုပ်ရေး ထူထောင်လိုက်ကြသည်။ ၁၉၇၆ ခုနှစ်တွင် သမ္မတနှင့် လွှတ်တော်ကိုယ်စားလှယ် ရွေးကောက်ပွဲပြုလုပ်ကြသည်။ထိုအခါ ဂရိအမျိုးသား နှစ်သိန်းသည် တူရကီများ အုပ်ချုပ်မှုလက်အောက်မှ ထွက်ခွာသွားကြ၍ ထိုနေရာသို့တူရကီအမျိုးသား ထောင်ပေါင်းများစွာတို့ အစား ဝင်ရောက်လာကြသည်။

၁၉၇၇ ခုနှစ် ဩဂုတ်လ ၃ ရက်နေ့တွင် ဘုန်းတော်ကြီး မကာရီယို့စ ကွယ်လွန်သဖြင့် ထိုလ ၃၁ ရက်နေ့တွင် စပိုင်ရိုအာချီလီးစကိုင်ပရီယာနို သမ္မတဖြစ်လာသည်။

စက်ဘူ သမ္မတနိုင်ငံ။ ။(၃–၄၆၃—ရှု။) စက်ဘူသမ္မတ နိုင်ငံသည် ကျွန်းနိုင်ငံဖြစ်သည်။အရှေ့တောင်အာရှ၌ တည်ရှိပြီး မြောက်ဖက် တွင် မလေးရှားပြည်ထောင်စုနှင့် ထိုင်းနိုင်ငံ၊ အရှေ့ဖက်တွင် ဆားဗားနှင့် ဆရာဝပ်၊ တောင်ဖက်တွင် အင်ဒိုနီးရှား နိုင်ငံတို့ တည်ရှိကြသည်။ ကျွန်းငယ်




စစ်ကိုင်းတိုင်း

တခုပေါ်တွင် သီးခြားတည်ရှိသော်လည်း ဂျိုဟိုးရေလက်ကြားကို ဖြတ်၍ မီးရထားလမ်း၊ လူသွားလမ်းရှိသော တာရိုးဖြင့် မာလာယုကျွန်းဆွယ်နှင့်ဆက်သွယ်ထားလေသည်။

အကျယ်အဝန်းအားဖြင့် ၂၂၄ စတုရန်းမိုင်ခန့်ရှိသည်။ ၁၉၇၆ ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေ ၂,၂၅၀,၀၀၀ ခန့် ရှိလေသည်။ စက်ဘူနိုင်ငံတွင် မလေး ဘာသာကို အသုံးများ၍ အင်္ဂလိပ်ဘာသာစကားမှာ ရုံးသုံးဘာသာ ဖြစ်သည်။ မြို့တော်မှာ စက်ဘူမြို့ ဖြစ်သည်။ အိုက္ခတာရာသီဥတုမျိုးရှိပြီး တနှစ်လုံး မိုးမပြတ် ရွာသွန်းတတ်သည်။

စက်ဘူကျွန်းသည် ၁၃ ရာစုမှ အစပြုပြီး ကူးသန်းရောင်းဝယ်ရေးတွင် အချက်အချာဌာနတခု ဖြစ်ခဲ့သည်။ ၁၈၁၉ ခုနှစ်တွင် ဗြိတိသျှ အရှေ့ အိန္ဒိယ ကုမ္ပဏီမှ ဆာသောမတ် စတမ်းဖို့ ရာဖယ်က တွေ့ရှိခဲ့သည်။ ထိုအချိန်မှ အစပြု၍ စက်ဘူ ကျွန်းကြီးနှင့် ကျွန်းငယ်များသည် ဗြိတိသျှ တို့၏ အစိုးအမိုးခံ နယ်မြေများ ဖြစ်လာပြီး ၁၈၆၇ ခုနှစ်မှစ၍ ဗြိတိသျှ၏ ကရောင်းကိုလိုနီ နိုင်ငံဖြစ်ခဲ့သည်။ ဒုတိယ ကမ္ဘာစစ်ကြီးအတွင်းက စက်ဘူနိုင်ငံသည် ဂျပန်တို့၏ သိမ်းပိုက်ခြင်းကို ခံခဲ့ရသော်လည်း စစ်ကြီးအပြီးတွင် ဗြိတိသျှတို့က ပြန်လည်သိမ်းပိုက်ခဲ့သည်။

ဗြိတိသျှတို့သည် စက်ဘူကို ၁၉၅၅ ခု ဧပြီလမှစ၍ အုပ်ချုပ်ရေးစနစ်သစ်ဖြင့် အုပ်ချုပ်ခဲ့သည်။ ၁၉၅၉ ခုနှစ်တွင်မူ ဗြိတိသျှ ဓနသဟာယ အဖွဲ့ဝင် ကိုယ်ပိုင်အုပ်ချုပ်ရေးရှိသော နိုင်ငံတနိုင်ငံ ဖြစ်လာသည်။ ၁၉၆၃ ခု စက်တင်ဘာလ ၁၆ ရက်နေ့တွင် မလေးရှားနိုင်ငံ ဆရာဝပ်နှင့် ဆားဗား ပြည်နယ်တို့နှင့် ပူးပေါင်း၍ မလေးရှား ပြည်ထောင်စုအဖွဲ့တွင် ပါဝင်ခဲ့သည်။

သို့သော် ပြည်ထောင်စုအတွင်း၌ အများစုဖြစ်သော မလေး လူမျိုးများနှင့် စက်ဘူ နိုင်ငံတွင် အများစုဖြစ်သော တရုတ်လူမျိုး၏ နိုင်ငံရေး၊ စီးပွားရေး ပဋိပက္ခများကြောင့် ၁၉၆၅ ခုနှစ် သြဂုတ် ၉ ရက်နေ့တွင် စက်ဘူနိုင်ငံသည် မလေးရှားပြည်ထောင်စုမှ ခွဲထွက်ခဲ့ပြီး အချုပ်အခြာ အာဏာပိုင် လွတ်လပ်သော ဗြိတိသျှ ဓနသဟာယ အဖွဲ့ဝင် နိုင်ငံဖြစ်လာသည်။

နိုင်ငံ၏ အဓိက လုပ်ငန်းမှာ သဘော်ဘ တည်ဆောက်ခြင်း ဖြစ်သည်။ ရော်ဗာ၊ ရေနံထွက် ပစ္စည်းများ၊ အထည်အလိပ်၊ လျှပ်စစ် ပစ္စည်းများနှင့် အိမ်ထောင်ပရိဘောဂ ပစ္စည်းများကိုလည်း ထုတ်လုပ်သည်။ ခရီးသွားလာရေး လုပ်ငန်းမှလည်း အဓိက ဝင်ငွေရရှိသည်။ စက်ဘူမြို့သည် ကမ္ဘာတွင် စတုတ္ထ အကြီးဆုံး ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်၍ အရှေ့တောင်အာရှတွင်မူ အကြီးဆုံးဖြစ်သည်။

စင်းတိုး။ ။ (အလယ်ပိုင်းစာချုပ်အဖွဲ့ — ရှ။)

စစ်ကိုင်းတိုင်း။ ။ စစ်ကိုင်းတိုင်းသည် မြန်မာနိုင်ငံ၏ မြောက်ပိုင်းကျသော တိုင်းတတိုင်း ဖြစ်ပေသည်။ ယင်း၏ နယ်နိမိတ်မှာ အနောက်ဖက်တွင် ချင်းပြည်နယ်၊ တောင်ဖက်တွင် မကွေးတိုင်းနှင့် မန္တလေးတိုင်း၊ အရှေ့ဖက်တွင် ရှမ်းပြည်နယ်နှင့် အရှေ့မြောက်ဖက်တွင် ကချင်ပြည်နယ်တို့ ဖြစ်ကြပေသည်။

စစ်ကိုင်းတိုင်း၏ အကျယ်အဝန်းမှာ ၃၆,၅၃၄ စတုရန်းမိုင်ရှိ၍ မြန်မာနိုင်ငံတွင် အကျယ်ဆုံးသော တိုင်းတတိုင်းဟု ဆိုနိုင်ပေသည်။ လူဦးရေမှာ ၁၉၇၃ ခုနှစ် သန်းခေါင်စာရင်း အရ ၃,၁၁၄,၁၇၂ ယောက် (သုံးသန်းကျော်) ရှိသည်။ နေထိုင်လျက်ရှိသော တိုင်းရင်းသားများမှာ မြန်မာ၊ ကချင်၊ ချင်း၊ နာဂ၊ ရှမ်း၊ ကတူး၊ ကနန်း စသည်တို့ ဖြစ်သည်။

စစ်ကိုင်းတိုင်းတွင် မြို့နယ်ပေါင်း ၃၈ မြို့နယ်ပါဝင်သည်။ ယင်းတို့မှာ စစ်ကိုင်း၊ မြင်းမူ၊ မြောင်၊ ငန်းဇွန် (ငဇွန်)၊ ဖောင်းပြင်၊ မော်လိုက်၊ တမူး၊ ကလေး၀၊ ကလေးမြို့၊ မင်းကင်း၊ မုံရွာ၊ ဘုတလင်၊ အရာတော်၊ ချောင်းဦး၊ ယင်းမာပင်၊ ကနီ၊ ဆားလင်းကြီး၊ ပုလဲ၊ ရွှေဘို၊ ခင်ဦး၊ဝက်လက်၊ ကန့်ဘလူ၊ ကျွန်းလှ၊ ရေဦး၊ ဒီပဲယင်း၊တန့်ဆည်၊ကသာ၊အင်းတော်၊ ထီးချိုင့်၊ ဗန်းမောက်၊ ကောလင်း၊ ဝန်းသို့၊ ပင်လယ်ဘူး၊ ခန္ဓီး၊ ဟုမ္မလင်း၊ လေရှီး၊ လဟယ် (အုံပေါ်) နှင့် နန်းယွန်း တို့ဖြစ်ကြပေသည်။ တိုင်း၏မြို့တော်သည် စစ်ကိုင်းမြို့ ဖြစ်သည်။ မန္တလေးမြို့နှင့် ၁၃ မိုင်ဝေးကွာ၍ ရေလမ်း၊ မီးရထားလမ်း၊ မော်တော်ကားလမ်း ဆုံရာဖြစ်သဖြင့် အရောင်းအ၀ယ် စည်ကားသော မြို့ဖြစ်သည်။

ပထဝီဝင်အနေအထားအရစစ်ကိုင်းတိုင်းတောင်ပိုင်းသည် မိုးနည်းဒေသတွင် ပါဝင်သဖြင့် ခြောက်သွေ့သည်။ တိုင်း၏ မြောက်ဖက်ပိုင်းတခုလုံးနှင့် အနောက်ဖက်ပိုင်း ဒေသအချို့သည် မြောက်ဖက် တောင်ကုန်းဒေသတွင် ပါဝင်သော ကြောင့် စိုစွတ်သည်။ စစ်ကိုင်းတိုင်းကို မြေမျက်နှာပြင် အနေအထားအရ ခွဲခြမ်းကြည့်လျှင် ယင်းတိုင်း၌ အလယ်ပိုင်း မိုးနည်းဒေသ လွင်ပြင်ပိုင်း၊ အနောက်ဖက် တောင် တန်းဒေသပိုင်းနှင့် မြောက်ဖက်တောင်ကုန်းဒေသပိုင်းဟူ၍ သုံးပိုင်း ခွဲခြမ်းနိုင်ပေသည်။

တိုင်း၏ အဓိက စီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေး ဖြစ်သည်။ စပါး၊ ဂျုံ၊ မြေပဲ၊ ပဲမျိုးစုံနှင့် ဝါကို စိုက်ပျိုးကြသည်။ ဗာဂျီးနီးယား ဆေးလည်း ဖြစ်ထွန်းအောင်မြင်၍ ပြည်တွင်းစီးကရက် လုပ်ငန်းအတွက် များစွာအထောက်အကူ ဖြစ်စေသည်။ တနိုင်ငံလုံးတွင် ဂျုံနှင့် ပဲမျိုးစုံ အများဆုံး ထွက်သော တိုင်းတခုလည်း ဖြစ်သည်။

အဖိုးတန်ကျွန်းသစ်တောကြီးများ စစ်ကိုင်းတိုင်း အတွင်း၌ရှိ၍ သစ်ထုတ်လုပ်ရေး လုပ်ငန်းသည် အရေးပါသော စီးပွားရေး လုပ်ငန်းကြီး ဖြစ်သည်။ တိရစ္ဆာန်မွေးမြူရေး

စ်ပြလုပ်သားစီမံကိန်း။ ။ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံအစိုးရ အလုပ်သမား ဝန်ကြီးဌာနသည် ဆိုရှယ်လစ် စီးပွားရေးစနစ် အောင်မြင်ရေး၏ သော့ချက် ဖြစ်သော ကုန်ထုတ်စွမ်းအား တိုးတက်ရေးကို ဆောင်ရွက် ရာ၌ လုပ်သားထုအတွင်း ဆိုရှယ်လစ် လုပ်အားယှဉ်ပြိုင်မှု စိတ်ဓာတ်များပေါ် ပေါက်လာစေရေးအတွက် စ်ပြလုပ်သား ရွေးချယ်ခြင်းနှင့် အဖွဲ့လိုက် လုပ်အားယှဉ်ပြိုင်ခြင်း စီမံကိန်း ကို ၁၉၆၄ ခု စက်တင်ဘာလ အတွင်းက ချမှတ်ခဲ့သည်။ ယင်းစီမံကိန်းကို အကောင်အထည် ဖော်နိုင်ရန် အတွက် အလုပ်သမားဝန်ကြီးဌာန စက်မှုလက်မှုတိုးတက်ရေး ကော် ပိုရေးရှင်းနှင့် စက်မှုလက်မှု ဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ် များ တွေ့ဆုံဆွေးနွေးကြပြီး စီမံချက်များကို ချမှတ်ခဲ့သည်။

ယင်းစီမံချက်များကို အကောင်အထည် ဖော်ရာတွင် ကြီးကြပ်ကွပ်ကဲနိုင်ရန်အတွက် အလုပ်သမား များပြား သော ဝန်ကြီးဌာန အသီးသီးမှ ကိုယ်စားလှယ် ၁၈ ဦး ပါဝင်သော လုပ်သား သူရဲကောင်း ရွေးချယ်ခြင်းနှင့် အဖွဲ့လိုက် လုပ်အား ယှဉ်ပြိုင်ခြင်း ကြီးကြပ်မှုကော်မတီ ကို ၁၉၆၅ ခု ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ဖွဲ့စည်းခဲ့သည်။ ယင်းကော်မတီသည် စ်ပြလုပ်သား ရွေးချယ်ရေး ကိစ္စ တွင် လိုအပ်သလို ဆောင်ရွက်ရန် အာဏာကုန် လဲ့အပ် ထားခြင်း ခံရသည့်အတိုင်း လိုအပ်သည့် ဆပ်ကော်မတီ များကို ဖွဲ့စည်းခဲ့ပြီး လုပ်သား သူရဲကောင်း ရွေးချယ်ခြင်း နှင့် အဖွဲ့လိုက် လုပ်အား ယှဉ်ပြိုင်ရာတွင် လိုက်နာဆောင် ရွက်ရမည့် ညွှန်ကြားလွှာများ ရေးဆွဲခြင်း၊ ပညာပေး စည်းရုံးခြင်း၊ ကွင်းဆင်းအဖွဲ့များ စေလွှတ်၍ လုပ်အား ယှဉ်ပြိုင်မှုစနစ် မှန်ကန်စေရန် ကြီးကြပ် ဆောင်ရွက်ခြင်း၊ လုပ်သား သူရဲကောင်းအဆင့်သတ်မှတ်ခြင်း၊ ဆုတံဆိပ်များ သတ်မှတ်ခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့သည်။

အဆိုပါ ကြီးကြပ်ရေးကော်မတီ၏ ပထမအကြိမ် အ စည်းအဝေးကို ၁၉၆၅ ခု ဖေဖွဲ့ရီလ ၄ ရက်နေ့တွင် ကျင်းပ ပြီးဆပ်ကော်မတီရှစ်ခုကို အများသဘောတူဖွဲ့စည်းကာ အဖွဲ့ လိုက် လုပ်အားယှဉ်ပြိုင်မှုကို ရန်ကုန်နှင့် အင်းစိန်ခရိုင် နှစ်ခု တွင် စတင်၍ စမ်းသပ် အကောင်အထည် ဖော်ခဲ့သည်။ ယှဉ်ပြိုင်မှုကို နှစ်စဉ်သုံးလတကြိမ် တနှစ်လျှင် လေးကြိမ်မျှ ပြုလုပ်ရန် ရည်ရွယ်ခဲ့သည်။ သို့ရာတွင် လက်တွေ့အကောင် အထည် ဖော်ရာ၌ အခက်အခဲ အမျိုးမျိုး ကြုံတွေ့ရသဖြင့် ဆက်လက် ဆောင်ရွက်ခြင်း မပြုနိုင်တော့ပဲ ၁၉၆၅ ခုနှစ် အတွင်းမှာပင် အလိုအလျောက် ရပ်စဲသွားခဲ့လေသည်။

တဦးချင်း စ်ပြလုပ်သား ရွေးချယ်ခြင်း စီမံကိန်းကို ၁၉၆၄ ခု အောက်တိုဘာလ ၁ ရက်နေ့မှ စတင်အကောင် အထည်ဖော်ခဲ့ရာ ပြည်သူပိုင် အလုပ်ရုံ အလုပ်ဌာန ၅၃ ခု နှင့် ပုဂ္ဂလိက အလုပ်ရုံ အလုပ်ဌာန ၅၃ ခုတို့မှ စုစုပေါင်း

လုပ်ငန်း၊ ဆီလုပ်ငန်း၊ ဆားလုပ်ငန်း၊ အိုးလုပ်ငန်း၊ ထန်းလျက်လုပ်ငန်း၊ သင်ဖျာလုပ်ငန်းများလည်း လုပ်ကိုင် ကြသည်။ အင်းလုပ်ငန်းများလည်းရှိ၍ စစ်ကိုင်းမြို့အနီး ရွာထောင်ရွာမှ ငွေထည် လုပ်ငန်းသည်လည်း ကျော်ကြား လေသည်။ ရွာသစ်ကြီးမှ ချည်မျှင်စက်ကြီးသ ည်ၚင်း၊ ကလေးဝကျောက်မီးသွေး လုပ်ငန်းသည်ၚင်း တိုင်း၏ အရေး ပါသော လုပ်ငန်းများဖြစ်သည်။

မူးမြစ်ဝှမ်း စီမံကိန်းသည် စစ်ကိုင်းတိုင်းအတွက် အ ရေးပါသော လုပ်ငန်းကြီး တခုဖြစ်သည်။ မြန်မာနိုင်ငံ အစိုးရက ကုလသမဂ္ဂ၏ အကူအညီဖြင့် လုပ်ငန်းစတင်ခဲ့ သည်။ ယင်းစီမံကိန်းကြီး ပြီးစီးပါက စစ်ကိုင်း၊ ရွှေဘို၊ မုံရွာ၊ ဘုတလင်၊ ခင်ဦး၊ ရေဦး၊ အရာတော်၊ ဒီပဲယင်း၊ ကန့်ဘလူ၊ ဝက်လက်၊ တန့်ဆည်မြို့နယ်များတွင် စိုက်ပျိုး ၎ က တသန်းကျော်ကို ရေသွင်း စိုက်ပျိုးနိုင်ပေမည်။ ကာဘိုးဆည်ကြီးသည် တိုင်းအတွင်းရှိ ရေငတ်သော လယ် ယာက ငါးသောင်းကျော်ကို စိုက်ပျိုးရေး အောင်မြင်စေ ရန် ရေသွင်းပေးလေသည်။

တိုင်းအတွင်း၌ ပုလဲ–ဂန့်ဂေါလမ်းမကြီး၊ ရေဦး - က လေးဝ ကားလမ်းမကြီးနှင့် ပုသိမ်–မုံရွာ ကားလမ်းမကြီး များကို ငွေသိန်းပေါင်းများစွာ အကုန်အကျခံ၍ ဆောက် လုပ်လျက်ရှိရာ တိုင်းအတွင်း သာမက အခြားတိုင်းများ နှင့် ဆက်သွယ်ရေး တိုးတက်ကောင်းမွန် လာပေလိမ့်မည်။

မြန်မာနိုင်ငံ၌ ရောဝတီမြစ်ကို ဖြတ်ကျော်၍ ဆောက် လုပ်ထားသော တခုတည်းသော တံတားဖြစ်သည့် အင်းဝ တံတားသည် စစ်ကိုင်းတိုင်း အတွင်းရှိ ကျော်ကြားသော အဆောက်အအုံကြီး ဖြစ်သည်။ တံတား၏ အရှေ့ဖက် ထိပ်ရှိ သပြေတန်းခံတပ်သည် နယ်ခဲ့ရန်သူကို ခုခံရန် တည်ဆောက်ခဲ့သော အမှတ်တရ အထိမ်းအမှတ် တခုဖြစ် သည်။ ပြည်ထောင်စု စိတ်ဓာတ် ခိုင်မြဲရေးနှင့် တိုင်းရင်း သား ဓလေ့ထုံးစံများ ထိန်းသိမ်းစောင့်ရှောက်ရေး အတွက် တိုင်းရင်းသား လူမျိုးများ ဖွဲ့ဖြိုးရေး သိပ္ပံကျောင်းကို တော် လှန်ရေးအစိုးရက ၁၉၆၄ ခုနှစ်တွင် စစ်ကိုင်းမြို့၌ ဖွင့်လှစ်ပြီး ယခုအခါ စစ်ကိုင်းမြို့မှ ၂၃ မိုင်ဝေးသော ရွာသစ်ကြီးသို့ ပြောင်းရွှေ့ထားသည်။

မြန်မာနိုင်ငံသမိုင်းတွင် ထင်ရှားသော စစ်ကိုင်း၊ ရွှေဘို စသည့် မြို့ရွာဒေသများသည် စစ်ကိုင်းတိုင်းအတွင်းရှိသည်။ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ ခိုလှုံရာ စစ်ကိုင်းတောင်တန်း သည် စစ်ကိုင်းတိုင်း၏ ကျက်သရေဆောင်တခုပေတည်း။

စစ်စာချုပ်ဝင်နိုင်ငံများ။ ။ (မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့၊ ဝါဆောစာချုပ်အဖွဲ့၊ အရှေ့တောင်အာရှစာ ချုပ်အဖွဲ့၊ အလယ်ပိုင်း စာချုပ်အဖွဲ့တို့ကိုလည်း — ရှု။)

အလုပ်သမား (ကျား–မ)၅၄,၈၀၀ ဦး ပါဝင်ယှဉ်ပြိုင်ကြရာ ယင်းတို့အနက်မှ တတိယ အဆင့် စံပြလုပ်သား ၅၆၂ ဦး၏ အမည်စာရင်းကို ၁၉၆၅ ခု နိုဝင်ဘာ ၂၄ ရက်နေ့တွင် တိုင်းပြည်သို့ ထုတ်ပြန်ကြေငြာ နိုင်ခဲ့သည်။

ထိုသို့ရွေးချယ်ခံရသော စံပြလုပ်သားကြီးများ၏ ကုန်ထုတ်စွမ်းအား တိုးတက်ရေးတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့မှုကို နိုင်ငံတော်မှ အသိအမှတ်ပြု၍ ဂုဏ်ပြုချီးမြှင့်သော အားဖြင့် ငပလီ၊ အင်းလေး စသော အပန်းဖြေ စခန်းများသို့ ပို့ပေးပြီး ၁၀ ရက်တာမျှ အပန်းဖြေ အနားယူစေရန် စံပြလုပ်သား အပန်းဖြေရေး စီမံကိန်းကို အလုပ်သမား ဝန်ကြီးဌာနက ၁၉၆၅ ခုနှစ်အတွင်း ချမှတ် အကောင်အထည်ဖော်ခဲ့သည်။

စံပြလုပ်သားကြီးများအား လုပ်ငန်းခွင်မှ အနားရစေရန်၊ ကျန်းမာရေး ပိုမိုကောင်းမွန်လာစေရန်၊ ဆိုရှယ်လစ် အသိဉာဏ် ရင့်သန်ခိုင်မာရေးအတွက် ပညာပေး စည်းရုံးမှုများ တိုးတက်အောင် ဆောင်ရွက်နိုင်ရန်၊ လယ်ယာကုန်ထုတ်လုပ်မှုနှင့် စက်မှုကုန်ထုတ်လုပ်မှုတို့၏ အပြန်အလှန် အကျိုးပြု လုပ်ငန်းများကို လေ့လာ ဆည်းပူးနိုင်ရန်၊ အပြိုင်အဆိုင် လုပ်အားထုတ်လုပ်ခြင်းအားဖြင့် အလုပ်သမား လောကတွင် စိတ်ဓာတ်ပိုမို တက်ကြွလာစေရန်နှင့် လုပ်ငန်းမျိုးစုံမှ ဘဝတူလုပ်သားချင်း တွေ့ဆုံသိကျွမ်းခွင့်ရခြင်းဖြင့် ပိုမိုရင်းနှီးမှု ရရှိရန် တိုင်းပြည်၏ ဘဏ္ဍာငွေမှ အကုန်အကျခံပြီး အပန်းဖြေရေး စခန်းများသို့ ပို့၍ အပန်းဖြေစေခြင်း ဖြစ်သည်။

အလုပ်ရုံနှင့် အလုပ်ဌာန အသီးသီးတို့မှ ရွေးချယ်ခံရသော ဆိုရှယ်လစ် လုပ်သားကောင်းများ၊ စံပြလုပ်သားကြီးများအား ပုပ္ပား၊ ငပလီ၊ အင်းလေး စခန်းများ နောင် အခါတွင် တိုးခဲ့၍ ရတနာပုံ၊ လှိုင်ရောမော် စခန်းများသို့ အနားယူ အပန်း ဖြေနိုင်ရန် ပို့ပေးခဲ့လေသည်။

၁၉၆၄ ခုနှစ်မှ ၁၉၇၆ ခုနှစ်အထိ ၁၂ နှစ် ကာလအတွင်း စံပြလုပ်သားဆု (ပထမ၊ ဒုတိယ၊ တတိယ အဆင့်သုံးမျိုးလုံးအတွက်)ရရှိခဲ့သော အမျိုးသား အမျိုးသမီး လုပ်သားကောင်း အရေအတွက်မှာ ၁၉၆၄–၆၅ ခုနှစ်တွင် ၅၆၂ ယောက်၊ ၁၉၆၅–၆၆ ခုနှစ်တွင် ၈၀၃ ယောက်၊ ၁၉၆၆–၆၇ ခုနှစ်တွင် ၈၉၅ ယောက်၊ ၁၉၆၇–၆၈ ခုနှစ်တွင် ၇၆ ယောက်၊ ၁၉၆၈–၆၉ ခုနှစ်တွင် ၆၇၃ ယောက်၊ ၁၉၆၉–၇၀ ပြည့်နှစ်တွင် ၆၃၈ ယောက်၊ ၁၉၇၀–၇၁ ခုနှစ်တွင် ၆၇၃ ယောက်၊ ၁၉၇၁–၇၂ ခုနှစ်တွင် ၇၅၃ ယောက်၊ ၁၉၇၂–၇၃ ခုနှစ်တွင် ၆၀၄ ယောက်၊၁၉၇၃–၇၄ ခုနှစ်တွင် ၆၀၄ ယောက်၊ ၁၉၇၄–၇၅ ခုနှစ်တွင် ၅၅၉ ယောက်နှင့် ၁၉၇၅–၇၆ ခုနှစ်တွင် ၅၄၆ ယောက်ဖြစ်သည်။ နိုင်ငံတော်အစိုးရက အဆိုပါ စီမံကိန်းအတွက် ခွင့်ပြုသုံးစွဲသော ငွေမှာ ပထမ နှစ်တွင် ကျပ်ငွေ ၂.၁၃ သိန်း ဖြစ်၍ (၁၉၇၀–၇၁) ခုနှစ်မှ လွဲပြီး ကျန်နှစ်များတွင် တနှစ်ထက် တနှစ် တစတစ တိုးမြှင့်သုံးစွဲခဲ့ရာ ၁၉၇၅–၇၆ ခုနှစ်တွင် ကျပ်ငွေ ၃.၈၇ သိန်း ဖြစ်လေသည်။

တဦးချင်း စံပြလုပ်သားများ ရွေးချယ်ရေး လုပ်ငန်းသုံးနှစ် ပြည့်မြောက်သည့် ၁၉၆၆–၆၇ ခုနှစ်တွင် စံပြလုပ်သားဆု သုံးနှစ်ဆက်တိုက် ရရှိသော ဆိုရှယ်လစ် လုပ်သားကောင်းများ ပေါ်ထွက်လာခဲ့လေသည်။

ဆဒတ်,အန္နဝါအယ်(ခရစ် ၁၉၁၈ ဖွား)။ ။ အီဂျစ် အာရပ် သမ္မတနိုင်ငံ၏ တတိယမြောက် သမ္မတဖြစ်သည်။ ဆဒတ်ကို ၁၉၁၈ ခုနှစ်တွင် နိုင်းမြစ်ဝှမ်းရှိ မစ်အဘူအယ်ကွမ် တောရွာကလေး၌ ဆင်းရဲနွမ်းပါးသောမိဘများမှ မွေးဖွားခဲ့သည်။ ဖခင်မှာ စစ်ဆေးရုံ စာရေးဖြစ်ပြီး မိခင်မှာ ဆူဒန်အမျိုးသမီးဖြစ်သည်။ ဆဒတ်အထက်တန်းကျောင်းသား အရွယ်တွင် ကိုင်ရိုမြို့သို့ ပြောင်းရွှေ့လာခဲ့သည်။



အီဂျစ်နိုင်ငံသမ္မတ အန္နဝါဆဒတ်

ဆဒတ်သည် ငယ်စဉ်ကပင် စစ်ဗိုလ်လုပ်ရန် ဆန္ဒရှိခဲ့သည်။အထက်တန်းစာမေးပွဲကိုအောင်မှတ် ကောင်းကောင်းဖြင့် အောင်မြင်သောကြောင့် ၁၉၃၇ ခုနှစ်တွင် အဘာဆီးယားမြို့ စစ်တက္ကသိုလ်သို့ ဝင်ခွင့်ရသည်။ စစ်တက္ကသိုလ်တွင် ဂမယ်နတ်ဆာနှင့် တွေ့ဆုံရင်းနှီးခဲ့ရသည်။

၁၉၃၈ ခုနှစ်တွင် ဆဒတ်သည် အီဂျစ် တပ်မတော်တွင် ဒုဗိုလ်တဦး ဖြစ်လာသည်။ ဆာအစ်ပြည်နယ် မန်ကာဘတ် တပ်မြို့တွင် နတ်ဆာနှင့်အတူ တာဝန်ကျသည်။ ထိုစဉ် ဗြိတိသျှ သြဇာခံ အီဂျစ်ဘုရင်အစိုးရကို ဖြုတ်ချရန် ဖွဲ့စည်းသော တပ်တွင်း လျှို့ဝှက် တော်လှန်ရေးအဖွဲ့သို့ ဝင်သည်။ ဆဒတ်သည် ဗြိတိသျှ နယ်ချဲ့တို့အား အီဂျစ် မြေပေါ်မှ ထွက်ခွာသွားစေရန် ဗြိတိသျှရန်သူ ဂျာမန်များနှင့် လျှို့ဝှက်ဆက်သွယ်၍ အင်္ဂလိပ်တို့၏ စစ်သတင်းများကို ဖော်ထုတ်ရန် စီမံသည်။ ထိုသတင်းပေါက်ကြားသွား၍ ဆဒတ်သည် စစ်တပ်မှ ထုတ်ပယ်ခံရသည့်ပြင် မိနီယာမြို့ အကျဉ်း

စခန်းတွင် ထောင်ဒဏ်နှစ်နှစ်ကျခံခဲ့ရသည်။ အကျဉ်းခံနေရစဉ် အင်္ဂလိပ်၊ဂျာမန်၊ ပြင်သစ်နှင့် ပါးရှင်း ဘာသာမျာ်းကို အပြောအဆိုအရေးအဖတ် လေ့လာ တတ်မြောက်သည်။

ဆဒတ်သည် ဒုတိယကမ္ဘာစစ်အတွင်း ၁၉၄၄ ခုနှစ်တွင် အကျဉ်းစခန်းမှ ထွက်ပြေးလွတ်မြောက်လာသည်။ ကိုင်ရိုမြို့တွင် ဗိုလ်ကြီးဖြစ်နေသောမိတ်ဆွေနတ်ဆာနှင့်ပြန်ဆုံသည်။ နတ်ဆာ၏ အကူအညီဖြင့် ရာထူးပြန်ရသည်။ ၁၉၄၇ ခုနှစ်တွင် အစိုးရဆန့်ကျင်ရေး လျှို့ဝှက် အကြမ်းဖက်မှုမျာ်းတွင် ပါဝင်သည်ဟု ယူဆခံရ၍ ဒုတိယ အကြိမ် ထောင်ကျပြန်သည်။ နောင်တွင် အပြစ်ကင်းရှင်းကြောင်း တွေ့ရ၍ ပြန်လွှတ်သည်။

၁၉၄၈ ခုနှစ်တွင် အင်္ဂရိယယ် နိုင်ငံနှင့် အီဂျစ်နိုင်ငံ ဦးဆောင်သော အာရပ်နိုင်ငံမျာ်း စစ်ဖြစ်ပွားရာ ဆဒတ်သည် ဗိုလ်ကြီးအဆင့်ဖြင့် အီဂျစ် တပ်မတော်မှပါဝင်တိုက်ခိုက်သည်။ ထိုစစ်ပွဲတွင် အာရပ်နိုင်ငံမျာ်း အရေးနိမ့်ခဲ့သည်။ စစ်ရှုံးသည်ကို ခံပြင်းသော ဆဒတ်အပါအဝင် နတ်ဆာနှင့် အပေါင်းပါ စစ်အရာရှိမျာ်းသည် ၁၉၄၉ ခုနှစ်တွင် ယခင် လျှို့ဝှက် တော်လှန်ရေးအဖွဲ့ကို လွှတ်လပ်သော စစ်အရာရှိမျာ်းအဖွဲ့ဟူ၍ စနစ်တကျပြန်လည် ဖွဲ့စည်းသည်။ ၁၉၅၂ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် ထိုအဖွဲ့က ဖြိုတီသူ အချယ်အလှယ်ခံဖာရောက်ဘုရင် အစိုးရကို ဖြုတ်ချပြီး အာဏာသိမ်းလိုက်သည်။ အာဏာသိမ်းချိန်တွင် ဆဒတ်သည် ဒုဗိုလ်မှူးကြီးဖြစ်နေလေပြီ။

ဆဒတ်မှာ တော်လှန်ရေး ဦးစီးကောင်စီဝင် တဦးဖြစ်သော်လည်း နတ်ဆာ သမ္မတ ဖြစ်လာချိန်ထိ အရေးပါသော မည်သည့် ထိပ်တန်း ရာထူးတွင်မျ တာဝန်ပေးအပ်ခြင်း မခံရသေးချေ။ တပ်မတော် ပြည်သူ ဆက်ဆံရေး ဌာနညွှန်ကြားရေးမှူး၊ ပါတီသတင်းစာ အယ်ဒီတာ၊ အစ္စလာမ် ကုန်ဂရက်အဖွဲ့ အတွင်းရေးမှူးချုပ်၊ အာဖရိကပင်ပေါင်အဖွဲ့ချုပ် ဥက္ကဋ္ဌ စသည်ဖြင့် သာမန်တာဝန်မျာ်းကိုသာ ဆောင်ရွက်နေရသည်။ ဆဒတ်သည် ကျရာတာဝန်ကို ကျေပွန်အောင် မငြိုမငြင် ထမ်းဆောင်သဖြင့် တည်ကြည်သူ၊ သစ္စာရှိသူ တဦးအဖြစ် အမျာ်းလေးစား ချစ်ခင်မှုကို ရခဲ့သည်။ စစ်ဖက်ရာထူးအနေဖြင့်လည်း ဗိုလ်မှူးကြီးအဆင့် သို့ တိုးမြှင့်ခံခဲ့ရသည်။ ၁၉၆၆ ခုနှစ်တွင် အမျိုးသား လွှတ်တော် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရသည်။ ၁၉၆၉ ခုနှစ် ဒီဇင်ဘာလတွင်ကား သမ္မတကြီး နတ်ဆာက ဆဒတ်အား ဒုတိယ သမ္မတ အဖြစ် ခန့်အပ်လိုက်သည်။ ၁၉၇၀ ပြည့်နှစ် စက်တင်ဘာလ ၂၈ ရက်တွင် နတ်ဆာ ရုတ်တရက် ကွယ်လွန်သွားသည့်အခါ ဆဒတ်သည် ယာယီ သမ္မတအဖြစ် ရက်ပေါင်း ၆၀ တာဝန်ယူရသည်။ ၁၉၇၀ ပြည့်နှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် ရွေးကောက်ပွဲကျင်းပသောအခါ အီဂျစ်ပြည်သူ မဲဆန္ဒရှင် စုစုပေါင်း၏ ၉၀းဝ၎ ရာခိုင်နှုန်းက ဆဒတ်အား သမ္မတသစ်အဖြစ် ရွေးချယ်လိုက်ကြသည်။

၁၉၇၃ ခုနှစ်တွင် ဝန်ကြီးချုပ် ဆစ်ကီ ရာထူးမှနုတ်ထွက်သွားအဖြင့် သမ္မတ ဆဒတ်က ဝန်ကြီးချုပ်ရာထူးကိုပါ ပူးတွဲတာဝန်ယူသည်။ ထိုနောက် အစိုးရအဖွဲ့ကို မိမိ စိတ်ကြိုက်ပြန်လည် ဖွဲ့စည်းသည်။ ဆဒတ်သည်သမ္မတဖြစ်ချိန်မှစ၍ ၁၉၇၃ ခုနှစ်အထိ လျှို့ဝှက်စွာဖြင့် စစ်ပြင်နေခဲ့သည်။ ကမ္ဘာ့စစ်သမိုင်းတွင် အကြီးကျယ်ဆုံးနှင့် အကြမ်းဆုံး တင့်ကားတိုက်ပွဲကြီးဟု ခေါ် စမှတ်ပြုရသော ၁၉၇၃ ခုနှစ် စစ်ပွဲကို ဆဒတ်သည် သုံးနှစ်တိုင်တိုင် စစ်ရေးစီမံကိန်းကြီးအဖြစ် ကြိုးပမ်း၍ အကောင်အထည်ဖော်လိုက်ခြင်း ဖြစ်သည်။ ၁၉၆၇ ခုနှစ် ခြောက်ရက်စစ်ပွဲတွင် ဆုံးရှုံးခဲ့သော အာရပ်နယ်မြေအချို့ကို အင်္ဂရိယယ်တို့၏လက်မှ ပြန်လည်သိမ်းပိုက်နိုင်လိုက်သည်။ ဤစစ်ပွဲကြောင့်ဆဒတ်သည် အာရပ်ကမ္ဘာ၏ နံပတ်တစ် ခေါင်းဆောင်ကြီးအဖြစ် ဂုဏ်သိက္ခာ တက်လာသည်။ တချိန်တည်းတွင် အစ္စလာမ်ဘာသာဝင် မတ်စလင် နိုင်ငံမျာ်း၏ ဘာသာရေးခေါင်းဆောင်ကြီးတဦးအဖြစ်လည်း ထင်ပေါ်လာသည်။

သမ္မတဟောင်း နတ်ဆာလက်ထက် ၁၉၆၇ ခုနှစ်မှစ၍ ကိုးနှစ်တိုင်တိုင် ပိတ်ထားခဲ့ရသော အီဂျစ်ပိုင် ဆူးအက်တူးမြောင်းကို ဆဒတ်လက်ထက် ၁၉၇၅ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင် ပြန်ဖွင့်နိုင်ခဲ့သည်။ ဆဒတ်သည် အာရပ်အမျိုးသမီးမျာ်း အခွင့်အရေး၊ စာနယ်ဇင်းမျာ်း လွတ်လပ်ခွင့်၊ နိုင်ငံရေး လွှတ်ငြိမ်းချမ်းသာခွင့်၊ နိုင်ငံခြားသား အရင်းရှင်ကြီးမျာ်း အီဂျစ် မြေပေါ်တွင် ရင်းနှီးမြှုပ်နှံခွင့်နှင့် လွှတ်လပ်စွာ ကူးသန်းသွားလာခွင့်မျာ်းကို ခွင့်ပြုခဲ့သည်။ ဆဒတ်၏ နိုင်ငံရေး သြဇာမှာ အာရပ်ကမ္ဘာ၏ ဒုတိယ နတ်ဆာဟု ကင်ပွန်းတပ် ခံရသည်အထိ မြင့်မားလာခဲ့သည်။

နောက်ပိုင်းတွင်မူ ဆဒတ်သည် အီဂျစ်အာရပ် သမ္မတနိုင်ငံ၏ စစ်မက်ရေးရာမျာ်းကို သံတမန် နည်းဖြင့် ဖြေရှင်းရန် ကြိုးစားလာခဲ့သည်။ သို့ဖြင့် ဆဒတ်က အင်္ဂရိယယ် တို့နှင့် ငြိမ်းချမ်းရေးအတွက် ဆွေးနွေးရန်အသင့်ရှိကြောင်း ၁၉၇၇ ခုနှစ် နိုဝင်ဘာ ၁၀ ရက်နေ့တွင်ကမ်းလှမ်းလိုက်သည်။ ဆဒတ်၏ ကမ်းလှမ်းချက်ကို အင်္ဂရိယယ်ဝန်ကြီးချုပ် မီနာချင်ဗယ်ဂင်က လက်ခံလိုက်ပြီး ဆဒတ်အား အင်္ဂရိယယ် နိုင်ငံသို့လာရောက်ရန် နိုဝင်ဘာလ ၁၅ ရက်နေ့တွင် တရားဝင် ဖိတ်ကြားသဖြင့် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် အင်္ဂရိယယ် နိုင်ငံသို့ ဆဒတ် သွားရောက်ခဲ့သည်။ ငြိမ်းချမ်းရေး တမန်တော် သမ္မတဆဒတ်သည် ဂျရူးဆလမ်းမြို့ အင်္ဂရိယယ် ပါလီမန် လွှတ်တော်တွင် မိန့်ခွန်းပြောကြားရာ၌ အာရပ်ကမ္ဘာနှင့် အင်္ဂရိယယ် တို့၏အရှေ့ပိုင်းပြဿနာ မျာ်းကို ငြိမ်းချမ်းစွာ ဆွေးနွေး ညှိနှိုင်းကြရန် တပ်လှန့်နှိုးဆော်ခဲ့သည်။

ဆာအိုတိုမီနှင့် ပရင်စီပီ ဒီမိုကရက်တစ်သမ္မတနိုင်ငံ။ ဆာအိုတိုမီနှင့် ပရင်စီပီဒီမိုကရက်တစ် သမ္မတ နိုင်ငံသည် အတ္တလန္တိတ် သမုဒ္ဒရာ ဂင်းနီ ပင်လယ်ကွေ့ အတွင်း၌ တည်ရှိသော ကျွန်းစု နိုင်ငံ ကလေး ဖြစ်သည်။ အာဖရိကတိုက် အနောက်ဖက် ကမ်းခြေမှ ၁၂၅ မိုင်ခန့် အကွာအဝေးတွင် တည်ရှိသည်။ ယင်း နိုင်ငံသည် ၃၇၂ စတုရန်းမိုင် ကျယ်ဝန်းပြီး ၁၉၇၅ ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေ ဂဝ,ဝဝဝ ရှိသည်။ မြို့တော်မှာ ဆာအိုတိုမီမြို့ ဖြစ်သည်။ မီးတောင်များနှင့် စိုက်ပျိုးနိုင်သော မြေနိမ့်ပိုင်းများအနည်းငယ်ရှိသည်။ စိုက်ပျိုးရေးသည် အဓိက စီးပွားရေးဖြစ်ရာ ကိုကိုးနှင့် ကာဖီစေ့တို့ကို အဓိကထားစိုက်ပျိုးသည်။



၁၄၇၁ ခုနှစ်က ပေါ်တူဂီ လူမျိုးများက ယင်း ကျွန်းစုများကို စတင်တွေ့ရှိခဲ့ကြပြီး ပေါ်တူဂီဘုရင်ခံတဦးက အုပ်ချုပ်ခဲ့သည်။ ၁၉၇၅ ခုနှစ် ဇူလိုင်လ ၁၂ ရက်နေ့တွင် လွတ်လပ်ရေး ရခဲ့သည်။ စိုက်ပျိုးရေး လုပ်ငန်းများအတွက် အလုပ်သမားများကို အန်ဂိုလာနိုင်ငံနှင့် မိုဇမ်းဗစ်နိုင်ငံတို့မှ ခေါ်ယူအသုံးပြုခဲ့သည်။

ဆီတိုးအဖွဲ့။ ။(အရှေ့တောင်အာရှစာချုပ်အဖွဲ့—ရှု။)

ဆူကာနို့, အာမက် (ခရစ် ၁၉၀၁–၁၉၇၀)။ ။ အင်ဒိုနီးရှား သမ္မတဟောင်း ဒေါက်တာ ဆူကာနိုကို ၁၉၀၁ ခု ဇွန်လ ၆ ရက်နေ့တွင် ဂျာဗားကျွန်း အရှေ့ပိုင်း ဆူရာဗာဂျာမြို့တွင် မွေးဖွားသည်။ မိဘများမှာ ဂျာဗားကျွန်းသား ကျောင်းဆရာ ရာဒင် ဆူကီမီဆော့စနိုဒီ ဟာဒ်ဂျိုနှင့် ဗာလီကျွန်းသူ အီဒါနဂျိုမန်ရေးတို့ ဖြစ်သည်။

ငယ်စဉ်က အဖိုးအဖွားများနှင့် နေထိုင်ကြီးပြင်းခဲ့ရသဖြင့် လေးနက်ရင့်ကျက်သော အတွေးအခေါ်များ အမွေရခဲ့သည်။ ကျောင်းသားငယ်အရွယ်ကပင် အခြားကလေးများနှင့်မတူ ထူးခြားသော အရည်အသွေးရှိခဲ့၍ တိုက်ကြက်ဖလေးဟုပင် အမည်တွင်ခဲ့သည်။ အလယ်တန်းပညာအောင်မြင်ပြီးနောက်တွင် ဘာသာရေး ဆရာတဦးဖြစ်သူ အိုမာဆက်ဂျိုကရိုအာမီနိုတိုက ဆူကာနိုအား သားအဖြစ် မွေးစား၍ အထက်တန်းပညာ ဆက်လက်သင်ကြားပေးသည်။

ကျောင်းသားဘဝတွင် ဆူကာနိုသည် ဘာသာစကားဖက်တွင် ထူးချွန်သည်။ဂျာဗား၊ဆူဒန်၊ဗာလီ၊အာရေဗျနှင့် ခေတ်သစ် အင်ဒိုနီးရှား ဘာသာစကား တို့ကိုသာ တတ်

ယခုအခါ ဆဒတ်သည် ၁၉၇၃ ခုနှစ် မတ်လတွင် ပူးတွဲထမ်းဆောင်ခဲ့သော ဝန်ကြီးချုပ်ရာထူးကို ထိုနှစ် စက်တင်ဘာလတွင် ဒုတိယဝန်ကြီးချုပ် ဒေါက်တာ အဗ္ဗဒယ် အဇစ်ဟီဂါဇီလက်သို့ လွှဲအပ်ခဲ့ပြီးနောက် အီဂျစ် အာရပ် သမ္မတနိုင်ငံ၏ သမ္မတအဖြစ်ဌင်း၊ စစ်သေနာပတိချုပ်အဖြစ်ဌင်း ဆက်လက်၍ဦးဆောင်ထမ်းရွက်လျက်ရှိလေသည်။

ဆအူးဒီအာရေဗျနိုင်ငံ။ ။(၄–၁၃၃—ရှု။) ဆအူးဒီအာရေဗျ နိုင်ငံ သည်အာရေဗျ ကျွန်းဆွယ်မှနိုင်ငံတနိုင်ငံ ဖြစ်သည်။ မြောက်ဖက်တွင်ကူဝိတ်နိုင်ငံ၊အီရတ်နိုင်ငံ၊ကျော်ဒန်နိုင်ငံ၊ အရှေ့ဖက်တွင် ပါးရှင်း ပင်လယ်ကွေ့၊ ဗာရိန်းနိုင်ငံနှင့် ကာ့တာနိုင်ငံ၊ တောင်ဖက်တွင် အိုမန်နိုင်ငံနှင့် ယေမင်နိုင်ငံတို့ တည်ရှိပြီး အနောက်ဖက်တွင် ပင်လယ်နီတည်ရှိသည်။



ဆအူးဒီအာရေဗျနိုင်ငံသည် ၇၂၁,၀၀၀ ခန့် ကျယ်ဝန်းပြီး ၁၉၇၆ ခုနှစ် ခန့်မှန်းခြေအရ လူဦးရေ ၉,၂၄၀,၀၀၀ ခန့်ရှိသည်။မြို့တော်မှာ ရီယတ်မြို့ ဖြစ်သည်။အစ္စလာမ်ဘာသာကို ကိုးကွယ်သူများ၍ အများစုမှာ မွတ်စလင်လူမျိုးများ ဖြစ်သည်။

၁၈ ရာစုမှအစပြု၍ တူရကီအော်တိုမန်အင်ပါယာအတွင်း ပါဝင်ခဲ့သည်။ ၁၉၂၆ ခုနှစ်တွင် ဘုရင် အစ်ဗင်းဆအူးသည် ဟက်ဂျက်နိုင်ငံနှင့် နက်ဂျနိုင်ငံနှစ်ခုကို ပူးပေါင်း၍ ဆအူးဒီအာရေဗျနိုင်ငံအဖြစ် တည်ထောင်ခဲ့သည်။ ၁၉၃၀ ပြည့်နှစ်တွင် အမေရိကန် ရေနံကုမ္ပဏီတခုက ရေနံတွင်းများကို စတင်တွေ့ရှိခဲ့၍ နိုင်ငံအနှံ့ရှိနေသော ရေနံတွင်းများကြောင့် ချမ်းသာသော နိုင်ငံအဆင့်သို့ ရောက်ရှိခဲ့သည်။

၁၉၇၀ ပြည့်နှစ် မတ်လ ၂၅ ရက်နေ့တွင် ဆအူးဒီအာရေဗျနိုင်ငံ ဘုရင် ဖေဆယ်အဗင် အဗ္ဗဒူလာဇစ်သည် တူတော်သူ မင်းသားတဦး၏ လုပ်ကြံသတ်ဖြတ်မှုကြောင့် ကွယ်လွန်ခဲ့ရာ အိမ်ရှေမင်းသား ခါလစ်အဗင် အဗ္ဗဒူလာဇစ်က အရိုက်အရာကို ဆက်ခံခဲ့သည်။

ဆအူးဒီအာရေဗျ နိုင်ငံသည် အာရေဗျကျွန်းဆွယ်၌ ရေနံအထွက်ကောင်းသော နိုင်ငံတနိုင်ငံ ဖြစ်သည်။ ၁၉၆၇ ခုနှစ်က ဖြစ်ပွားခဲ့သော အာရပ်၊ အစ္စရေးယယ် စစ်ပွဲတွင် ညီအကို အာရပ်နိုင်ငံများဖက်မှ ရပ်တည်၍ ငွေကြေးနှင့် စစ်ရေးအကူအညီများကို ပေးပို့ထောက်ပံ့ခဲ့သည်။

ဆအူးဒီ အာရေဗျနိုင်ငံသည် ကုလသမဂ္ဂနှင့် အာရပ် အဖွဲ့ချုပ်ဝင် နိုင်ငံ ဖြစ်သည်။

မြောက်သည် မဟုတ်သေး၊ ထိုစဉ်က ရုံးသုံးဖြစ်သော ဒပ်ချ ဘဝသာအပြင် ပြင်သစ်၊ အဲဂ်လိပ်၊ ဂျာမန်နှင့် ဂျပန် ဘာသာစကားတို့ကိုလည်း သင်ယူခဲ့သည်။

အထက်တန်းပညာ အောင်မြင်ပြီးသောအခါ ဆူကာနိုသည် ဗန်ဒေါင်း စက်မှု တက္ကသိုလ်၌ ဆက်လက် ပညာဆည်းပူး၍ ၁၉၂၇ ခုနှစ်တွင် အင်ဂျင်နီယာဘွဲ့ ရခဲ့သည်။ တက္ကသိုလ် ကျောင်းသား ဘဝတွင်လည်း ဆူကာနိုသည် အသံသြဇာနှင့် ပြည့်စုံခြင်း၊ စကားပြော ကောင်းခြင်း၊ ဥပဓိရုပ်ကောင်းခြင်း၊ အနုပညာ မာတ်ခံရှိခြင်းတို့ကြောင့် လူသိများခဲ့သည်။ နိုင်ငံရေး မိတ်ဆွေ အပေါင်းအသင်းများလည်း တိုးပွားခဲ့သည်။

ဆူကာနိုသည် ၁၉၂၇ ခုနှစ်မှစတင်၍ ကိုလိုနီ စနစ်တိုက်ဖျက်ရေးများကို ဆောင်ရွက်ခဲ့ပြီး မိတ်ဆွေခြောက်ဦးနှင့်အတူ အင်ဒိုနီးရှား အမျိုးသား ပါတီ (ပီအင်အိုင်)ကို တည်ထောင်သည်။ ဒပ်ချအစိုးရက ယင်းအဖွဲ့ကို ပိတ်ပင်လိုက်၍ ဆူကာနိုအား ဖမ်းဆီးပြီး ၁၉၂၉–၃၁ အထိ ထောင်ချထားသည်။ ၁၉၃၂ ခုနှစ်တွင် ထောင်မှလွတ်ပြီး နောက်၌လည်း ပီအင်အိုင် ပါတီ၏ ဥက္ကဋ္ဌအဖြစ် ပြန်လည် ဆောင်ရွက်၍ နိုင်ငံရေး လှုပ်ရှားမှုများ ပြုပြန်သည်။ သို့ကြောင့် ၁၉၃၃ – ၄၂ အထိ ဆူကာနိုအား ဖလော်ရီ ကျွန်း၊ ဆူမတြာကျွန်းများသို့ ပြည်နှင်ဒဏ် ပေးထားရာ ဒုတိယ ကမ္ဘာစစ်ကြီးဖြစ်၍ ဂျပန်တို့ ဝင်ရောက်လာမှ လွတ်မြောက်ခဲ့ရသည်။

ဂျပန်တို့က ဆူကာနိုအား ၁၉၄၂ ခုနှစ်တွင် ဂျားဗား ဗဟိုကောင်စီ ဥက္ကဋ္ဌအဖြစ် ခန့်အပ်သည်။ ၁၉၄၅ ခုနှစ်တွင် ဂျပန်တို့ စစ်ရှုံးသောအခါ ဆူကာနိုနှင့် ဒေါက်တာ ဟတ္တာ ခေါင်းဆောင်သော တော်လှန်ရေးသမားများက ထိုနှစ် သြဂုတ်လ ၁၅ ရက်နေ့တွင် အင်ဒိုနီးရှား နိုင်ငံသစ်ကို ထူထောင်ကြောင်း ကြေငြာ၍ ဆူကာနိုက သမ္မတအဖြစ် ဒေါက်တာ ဟတ္တာက ဝန်ကြီးချုပ်အဖြစ် ဆောင်ရွက်ကြသည်။ ၁၉၄၉ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် လွတ်လပ်သော အင်ဒိုနီးရှား ပြည်ထောင်စု ဖြစ်လာသောအခါ ဆူကာနိုအား သမ္မတအဖြစ် တင်မြှောက်ကြသည်။ အင်ဒိုနီးရှား ပြည်သူ့ကွန်ဂရက်က ၁၉၅၃ ခု မေလ ၂၀ ရက်နေ့တွင် ဆူကာနိုအား အမြဲတမ်းသမ္မတအဖြစ် ခန့်အပ်ရန် ဆုံးဖြတ်ခဲ့လေသည်။

ယင်းသို့ အုပ်ချုပ်ရေးစနစ်များပြောင်း၍ပြောင်း၍လာခဲ့ယင်း အုပ်ချုပ်ရေး အာဏာသည် သမ္မတဆူကာနို၏ လက်ထဲသို့အများဆုံးရောက်လာခဲ့သည်။ ထိုကြောင့် အတိုက်အခံများက ဆူကာနိုသည် အာဏာရှင် စနစ် ကျင့်သုံးသည်ဟု ဝေဖန်ကြသည်။ ဆူကာနိုအတွက် ပဂ္ဂိုလ်ရေးအရ အောင်မြင်မှုများရရှိနေ၍ နိုင်ငံလူထု၏ ချစ်ကြည်ညိုမှုကိုလည်း ခံယူရရှိသည်။ နိုင်ငံတွင်း အခြေအနေများသည် ရှုပ်သည်ထက် ရှုပ်ထွေးလာသည်။ ၁၉၆၆ ခု မတ်လ ၁၂ ရက်နေ့တွင် ဗိုလ်ချုပ်ကြီးဆူဟာတိုအား တပ်မတော်၏အကြီးအကဲအဖြစ် တင်မြှောက်ပြီး အုပ်ချုပ်ရေး အာဏာဟူသမျှကို ဆူကာနိုက ဆူဟာတိုသို့ လွှဲပြောင်းပေးရသည်။

၁၉၆၈ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် အတိုင်ပင်ခံလွှတ်တော်က ဗိုလ်ချုပ်ကြီး ဆူဟာတိုအား သမ္မတအဖြစ် တရားဝင် ရွေးကောက်တင်မြှောက်လိုက်ကြသဖြင့် ဆူကာနိုသည် အလိုအလျောက် သမ္မတအဖြစ်မှ နုတ်ထွက်ပြီး ဖြစ်ခဲ့လေသည်။ ယင်းအချိန်တွင် ဆူကာနို၏ ကျန်းမာရေး အခြေအနေကလည်း ယိုယွင်းနေခဲ့ပေပြီ။ ၁၉၇၀ ပြည့်နှစ် ဇွန်လ ၂၁ ရက်နေ့တွင် ဆူကာနို ကွယ်လွန်သည်။

ဆူပါနိုဗာ။ ။ဆူပါနိုဗာ ဆိုသည်မှာ လင်းအား ကို မူလထက် အဆပေါင်း ဆယ်သန်းကျော်မျှ ရုတ်တရက် တိုး၍ ဆုတ်လှတ်လိုက်သော ကြယ်များပင် ဖြစ်သည်။ ယင်းကဲ့သို့ ရုတ်တရက် လင်းအား တိုးလာရခြင်းမှာ ကြယ်များပေါက်ကွဲသောကြောင့် ဖြစ်ရမည်ဟု ဆိုသည်။ ကနန်းနှင့် ပုံသဏ္ဌာန်တူသောကြောင့် ကနန်းနက်ဗျူလာဟု အမည်ပေးထားသော ဆူပါနိုဗာတခုသည် ကြယ်ပေါက်ကွဲရာမှ ထွက်လာသော အပိုင်းအစ ဖြစ်ရမည်ဟု ယုံကြည်ကြသည်။ ကနန်းနက်ဗျူလာသည် ကမ္ဘာမှ အလင်းနှင့် လေးထောင်မျှ ကွာဝေးသည်။ ပေါက်ကွဲခဲ့သော ကြယ်၏ ဗဟိုမှ ဓာတ်ငွေ့တို့သည် ပြန့်ထွက်လျက် ရှိသေးသည်။ ထိုနက်ဗျူလာ၌ ပြင်းထန်သော ပေါက်ကွဲမှုများ ဖြစ်ပေါ်လျက်ရှိပြီး ရေဒီယိုလှိုင်းများ ထွက်နေသည်။ ထို့ကြောင့် ရေဒီယိုလှိုင်းများထုတ်လုပ်သော ကြယ်တို့သည် သက်တမ်းကြီးရင့်သော ဆူပါနိုဗာများ ဖြစ်ရမည်ဟု ယူဆကြသည်။

ကျွန်ုပ်တို့ကမ္ဘာရှိ နဂါးငွေ့လမ်းတွင် ဆူပါနိုဗာ နှစ်ခု ပေါ်ခဲ့ဘူးသည်။ တခုမှာ ၁၀၅၄ ခုနှစ်တွင် ပေါ်ခဲ့ပြီး ထိုအချိန်က တရုတ်နှင့် ဂျပန်နက္ခတ်ဆရာတို့က တွေ့မြင်ခဲ့ကြသည်။ နောက်တခုမှာ ၁၅၇၂ ခုနှစ်တွင်ပေါ်ခဲ့ပြီး တိုက်ဗရာဟေးဆိုသူ ဒိန်းမတ်လူမျိုး နက္ခတ်ဆရာတဦးက တွေ့မြင်ခဲ့သည်။ ယင်း ဆူပါနိုဗာနှစ်ခုစလုံးသည် လင်းအား အလွန်ကြီးမားလှသဖြင့် နေ့ခင်းဖက်၌ပင် ယင်းတို့ကို မြင်နိုင်သည်ဟု ဆိုသည်။ ဆေးပိအေးခေါ် ကြယ်စုမှထွက်နေသည့် အားပြင်းသော ရေဒီယိုလှိုင်းများသည် ၁၅၇၂ ခုနှစ်တွင် တိကိုဗရားဟေး တွေ့မြင်ခဲ့သော ဆူပါနိုဗာမှ ကြွင်းကျန်ခဲ့သော ဓာတ်ငွေ့များကြောင့် ဖြစ်ရမည်ဟု ယူဆကြသည်။

ကြယ်များပေါက်ကွဲသောအခါ၌ ကြယ်များမှ ဒြပ်ပစ္စည်းအမျှားစုသည် အာကာသအတွင်းသို့ လွှင့်စဉ်သွားပြီး အာကာသအတွင်း၌ မူလကရှိနေသော ဟိုက်ဒရိုဂျင်



နိုင်ငံတော်သမ္မတကြီး ဦးနေဝင်းက လောနိုင်ငံသမ္မတကြီး ဆူဗန်နိုဗောင်မင်းသားကြီးအား တွေ့ဆုံနှုတ်ဆက်ခဲ့စဉ်

မောတ်ဇွေများနှင့် ရောနှောသွားသည်။ ကြယ်များ ပေါက်ကဲ့သောကြောင့် ဆူပါနိုဗာများ ဖြစ်ပေါ်လာရာတွင် အခြားဒြဗ်စင်များနှင့် ရောကုန်သောကြောင့် ဟိုက်ဒရိုဂျင်မောတ်ဇွေမှာ မသန့်စင်ပြန်တော့ပေ။ ထို့ကြောင့် ထိုမောတ်ဇွေတို့မှ ပေါ်ပေါက်လာသော ကြယ်သစ်များတွင် ကနဦးကတည်းက ဒြဗ်စင်အမျိုးမျိုး ပါရှိလာရမည်ဟု ယူဆကြသည်။ ကြယ်ပေါက်ကဲ့ခြင်းသည် ဖြစ်ခဲလှသည်။ ရာခိုင်နှုန်းအနည်းငယ်မျှလောက်သော ကြယ်များ၌သာ ဖြစ်တတ်သည်။

ဆူဗန်နိုဗောင်၊ မင်းသား (ခရစ် ၁၉၀၉ ဖွား)။ ။ လောနိုင်ငံ၏ သမ္မတနှင့် ပြည်သူ လွှတ် တော် ချုပ် ဥက္ကဋ္ဌဖြစ်သူ ဆူဗန်နိုဗောင်သည် ၁၉၀၉ ခုနှစ်တွင် မွေးဖွားပြီး ဘုရင့်အနွယ်တော် ဖြစ်သည့်ပြင် လောဝန်ကြီးချုပ်ဟောင်း သုဝဏ္ဏဖူးမား၏ ညီဝမ်းကွဲတော်လေသည်။ ဆူဗန်နိုဗောင်သည် ပဲရစ်မြို့မှ အင်ဂျင်နီယာဘွဲ့ကို ရရှိသည်။ ၁၉၃၇ ခုနှစ်တွင် အင်ဒိုချိုင်းနား နိုင်ငံတွင်း၌ လမ်းမကြီးဖောက်လုပ်သည့် အင်ဂျင်နီယာ အဖြစ် အမှုထမ်းခဲ့သည်။ လောနိုင်ငံရေးကို စိတ်ဝင်စားရာမှ ပြင်သစ် ဆန့်ကျင်ရေး အမျိုးသားလှုပ်ရှားမှုတွင် တက်တက်ကြွကြွ ပါဝင်ခဲ့သည်။ ၁၉၅၀ ပြည့်နှစ်တွင် ဗန်ကောက်မြို့၌ အမျိုးသားရေး ပါတီကို ဖွဲ့ပြီး နိုင်ငံရေးဆောင်ရွက်သည့်အပြင် ကုန်မြူနစ်ယိမ်းပသက်လောအဖွဲ့ကိုလည်း တည်ထောင်သူတဦးဖြစ်သည်။

ဒုတိယကမ္ဘာစစ်အပြီး၌ ပြင်သစ်တို့ ပြန်လည် အုပ်ချုပ်သည်ကို ဆူဗန်နိုဗောင်နှင့် သုဝဏ္ဏဖူးမားတို့တွဲ၍ ဆန့်ကျင်မှု ပြုကြသည်။ သို့သော်လည်း ပြင်သစ်တို့က ဖူးမားအား တိုင်းပြည်အာဏာအပ်နှင်းသဖြင့် ညီအကိုချင်းကွဲ၍သွားရသည်။

၁၉၅၄ ခုနှစ်ပြင်သစ်တို့ လောနိုင်ငံမှခွာသွားပြီးချိန်၌မူ ဆူဗန်နိုဗောင်နှင့် ဖူးမားတို့သည် စစ်ဖြစ်သည့် အခါလည်း ဖြစ်သည်။ ပူးပေါင်း၍ အစိုးရဖွဲ့စည်းကာ အုပ်ချုပ်သည်လည်း ရှိသည်။ ဆူဗန်နိုဗောင်သည်တိုက်ပွဲဝင်ရာ၌ မျိုးချစ်တပ်ဦး၏ ခေါင်းဆောင် အဖြစ်ဖြင့်လည်း ဝင်ရောက်ချိန်ကြုံလျက်၊ ညှိနှိုင်းအစိုးရ အုပ်ချုပ်ချိန် အဆုံးသတ်ခါနီး ၁၉၅၈ ခုနှစ် စီမံကိန်းဌာန၊ ပြန်လည်တည်ဆောက်ရေးဌာနနှင့် မြို့ပြတည်ထောင်ရေး ဌာနများ၏ ဝန်ကြီးအဖြစ် ဆောင်ရွက်ခဲ့၏။ သူသည် ပသက်လောတို့အား ခေါင်းဆောင်ကာ အစိုးရအဖွဲ့ပျက်ချိန် အတွင်း လက်ဝါအင်အားစုတို့နှင့် စစ်တိုက်ခဲ့ရသည်။ ယင်း ပြည်တွင်းစစ်ပွဲသည် ၁၉၆၂ ခုနှစ်တွင် ယာယီ အပစ်အခတ် ရပ်စဲသဖြင့် သူသည် သုဝဏ္ဏဖူးမားနှင့်တွဲလျက် လက်ဝဲဝါဒီများ၊လက်ဝါဝါဒီများနှင့် ဘက်မလိုက် အုပ်စုဝင်များစုပေါင်း၍ ဖွဲ့စည်းသောအစိုးရအဖွဲ့တွင် ပါဝင်ပြန်သည်။ ၁၉၆၁-၆၂ ခုနှစ်တွင် လောနိုင်ငံဆိုင်ရာ ဂျီနီဗာကွန်ဖရင့်သို့ ပသက်လော ကိုယ်စားလှယ်အဖြစ်ဖြင့်တက်ရောက်ခဲ့သည်။ ထို့နောက် ဒုတိယဝန်ကြီးချုပ်အဖြစ်ဖြင့် စီးပွားရေး စီမံကိန်းဝန်ကြီးဌာနကို တာဝန်ယူရပြန်သည်။

ညွှန့်ပေါင်းအစိုးအဖွဲ့သည် ၁၉၆၃ ခုနှစ်တွင် တဖန် ပျက်ပြန်၍ဆူဗန်နိုဗောင်သည်ဗီယင်ကျန်းမြို့မှခွာ၍ပြောက်ကျားစစ်ဆင်ရေးနည်းသစ်များဖြင့် ပသက်လောတပ်သားများကို ဦးဆောင်လေသည်။ ၁၉၇၃ ခုနှစ်တွင် ညွှန့်ပေါင်း အစိုးရထပ်မံပေါ်ပေါက်ချိန် အတွင်း ဖူးမားတို့ဖက်က တပိုင်း၊ ဆူဗန်နိုဗောင်တို့ဖက်ကတပိုင်း တိုင်းပြည်ကို အုပ်ချုပ်လာကြပြန်သည်။ ယင်းသို့ အုပ်ချုပ်နေရစဉ်တွင် သူသည် နှစ်ဖက် အုပ်စုကို ကိုယ်စားပြုကာ အမျိုးသားနိုင်ငံေ
ကောင်စီ ၄၂ ဦး အဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရ၏။

၁၉၇၆ ခုနှစ် ဒီဇင်ဘာလတွင် လောဘုရင် ဆဗန်ဝတ္ထာ ထီးနန်းစွန့်လွှတ်ပြီး လောအမျိုးသား ကွန်ဂရက်ကလည်း လော၏သက်တမ်း ၇၀၀ ကြာဘုရင်စနစ်ကိုဖျက်သိမ်းလျက် လောပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံကို ထူထောင်လိုက်သောအခါ မင်းသားကြီး ဆူဗန်နိုဗောင်အား သမ္မတနှင့် လွှတ်တော်ချုပ်ဥက္ကဋ္ဌ တင်မြှောက်လေသည်။

ဆူရီနမ်သမ္မတနိုင်ငံ။ ။ဗြိတိသျှ၊ ပြင်သစ်၊ ဒပ်ချတို့၏ လက်အောက်တွင် နှစ်ပေါင်း ၃၀၀ နှစ်ကြာမျှ အုပ်စိုးခံခဲ့ရသော ဒပ်ချ ဂိယာနာ အမည် တွင်ခဲ့သည့် ပြည်နယ်သည် ၁၉၇၅ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်နေ့တွင် လွတ်လပ်ရေးရပြီး ဆူရီနမ်သမ္မတနိုင်ငံ ဖြစ်လာသည်။ တောင်အမေရိကတိုက်



အရှေ့မြောက် ကမ်းခြေတွင် တည်ရှိ၍ အရှေ့ဖက်တွင်

ပြင်သစ်ပိုင်ဂီယာနာ၊ အနောက်ဖက်တွင်ဂိုင်ယာနာနိုင်ငံနှင့် တောင်ဖက်တွင် ဗရာဇီး နိုင်ငံတို့ ရှိကြသည်။ မြို့တော်မှာ ပါရာမာရီဗိုမြို့ ဖြစ်သည်။ နိုင်ငံ၏အကျယ်အဝန်းမှာ စတုရန်းမိုင် ၆၃,၂၅၁ ဖြစ်၍ ၁၉၇၆ ခုနှစ် ခန့်မှန်းခြေအရ လူဦးရေ ၄၄၀,၀၀၀ ခန့်ရှိသည်။ အရှေ့အိန္ဒိယ လူမျိုးများ ခရီအိုး၊ အင်ဒိုနီးရှား ဗွတ်ရှနီဂရိုးခေါ် ကပ္ပလီလူမျိုးများ နေထိုင်ကြ၍ ဥရောပတိုက်သားများ၊ တရုတ်လူမျိုးများ၊ အမေရိကန်အင်ဒီယန်းများလည်း အနည်းအကျဉ်းရှိသည်။ ဒပ်ချ ဘာသာစကားသည် ရုံးသုံးဖြစ်၍ အများသုံးမှာ ခရီအိုး ဘာသာစကားဖြစ်သည်။

နိုင်ငံ၏လေးပုံသုံးပုံမှာ လူသူမရောက်သေးသော တောင်ကုန်း တောင်တန်းများ ဖြစ်သည်။ ကုန်းတွင်း ပိုင်းသည် သစ်တောများထူထပ်သောကြောင့် မြေပြင်များရှိရာ အတ္တလန္တိတ် ကမ်းခြေတလျှောက်တွင်စိုက်ပျိုးလုပ်ကိုင်နိုင်သော တာတမံများရှိ၍ လူအနေများသည်။ ဆန်စပါး၊ ကြံ၊ သစ်သီးဝလံများ စိုက်ပျိုးကြသည်။ ပုဇွန်မွေးမြူရေးနှင့် ကျွဲနွား မွေးမြူရေးလည်း လုပ်ကိုင်ကြသည်။ တွင်းထွက် သတ္တုများဖြင့် ကြွယ်ဝသော နိုင်ငံဖြစ်ရာ ဗော့ဆိုက်သတ္တု အများအပြား ထွက်ရှိ၍ ကမ္ဘာတွင် ဗော့ဆိုက် သတ္တု လုပ်ငန်း တတိယ အကြီးဆုံးဖြစ်သည်။ နိုင်ငံခြားပို့အခြား ထွက်ကုန်များမှာ အလူမီနမ်နှင့် ရွှေဖြစ်သည်။

ဆူရီနမ်ကို ဒပ်ချတို့သည် ၁၆၆၇ ခုနှစ်က နယူးနယ်သာလန် (ယခုနယူးယော့မြို့) နှင့် အလဲအလှယ်ပြုကာ ဗြိတိသျှတို့ထံမှ ရခဲ့ခြင်းဖြစ်သည်။ ဒပ်ချအစိုးရလက်ထက်က ကြံစိုက်ပျိုးရေးအတွက် အာဖရိကတိုက်မှ ငွေဝယ်ကျွန် ကပ္ပလီ လူမျိုးများကို ခေါ်ယူစေခိုင်းခဲ့သည်။ ၁၈၆၃ ခုနှစ်တွင် ငွေဝယ်ကျွန်စနစ် ဖျက်သိမ်းသောအခါ အိန္ဒိယ၊ တရုတ်၊ ဂျားဗားကျွန်းတို့မှ အလုပ်သမားများကို ခေါ်ယူ အသုံးပြုခဲ့သည်။ သို့ဖြစ်၍ ဆူရီနမ်တွင် တိုင်းရင်းသား စစ်စစ် နည်းပါးပြီး ကပြားများ များပြားသည်။ ထိုကြောင့် ဒုတိယ ကမ္ဘာစစ်ပြီးခေတ်တွင် လွတ်လပ်ရေးအတွက် လှုပ်ရှားမှုများ ပြုလုပ်လာကြသောအခါ လူမျိုးစုံ ကပြားများ ရှိနေ၍ ပြဿနာများ ပေါ်ပေါက်လာခဲ့သည်။ အဖွဲ့အစည်းများကလည်း အမျိုးမျိုးရှိနေ၍ တဖွဲ့နှင့်တဖွဲ့ မကျေနပ်မှုများ၊ သစ္စာဖောက်မှုများ၊ အကြမ်းဖက်မှုများ တနေ့တခြားတိုးပွားခဲ့သည်။ သို့သော် နိုင်ငံလွတ်လပ်ရေးတောင်းဆိုမှုကိုမူ မလျှော့ကြပေ။

၁၉၅၄ ခုနှစ်တွင် ဒပ်ချအစိုးရက ဆူရီနမ်နှင့် အခြား ဒပ်ချကိုလိုနီတခု ဖြစ်သော ဒပ်ချအင်တီလီတို့တွင် အုပ်ချုပ်ရေးစနစ် ပြောင်းပေးသည်။ သို့သော် လွတ်လပ်ရေး တောင်းဆိုမှုများကား အသံစဲမသွားပေ။ အခြားနိုင်ငံများ ကလည်း ဒပ်ချအစိုးရအား ယင်း၏လက်အောက်ခံ ပြည်နယ်များကို လွတ်လပ်ရေးပေးရန်တိုက်တွန်းကြသည်။ ဖြစ်၍ ၁၉၇၅ ခု နိုဝင်ဘာ ၂၅ ရက်နေ့တွင် ဒပ်ချ [illegible] ကအင်တီလီ ကျွန်းနှင့်ဆူရီနမ်နိုင်ငံတို့အား လွတ် [illegible] ရေး ပေးခဲ့သည် ပါလီမန် ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကို [illegible] ရွေး ချယ်ခဲ့ကြသည်။ ဆူရီနမ် သမ္မတနိုင်ငံ၏လက်ရှိ သမ္မတမှာ မစ္စတာဂျိုဟန်ဖာရီယာ ဖြစ်၍ဝန်ကြီးချုပ်မှာ မစ္စတာ [illegible] အေရွန် ဖြစ်သည်။

ဆူရီနမ် သမ္မတ နိုင်ငံသည် ၁၉၇၅ ခု ဒီဇင်ဘာလ ၄ ရက်နေ့တွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၌ ၁၄၄ နိုင်ငံမြောက် အဖွဲ့ဝင်ဖြစ်လာသည်။ အနောက်ဖက်ရှိ ဂိုင်ယာနာနိုင်ငံနှင့် ၎င်း၊ အရှေ့ဖက်ရှိ ပြင်သစ် ဂီယာနာပြည်နယ်နှင့်၎င်း နယ်နိမိတ် အငြင်းပွားမှုများ ဖြစ်ပွားလျက်ရှိသည်။

ဆူဟာတို (ခရစ် ၁၉၂၁ ဖွား)။ ။အင်ဒိုနီးရှား ပြည်သူသမ္မတနိုင်ငံ၏ ဒုတိယမြောက်သမ္မတကြီး ဆူဟာတို သည် အစ္စလာမ် ဘာသာဝင် လယ်သမား ပက်ကာတိုနှင့်ဖာတီမာတို့၏ တဦးတည်းသောသား ဖြစ်သည်။သူကို ဂျားဗားကျွန်းအလယ်ပိုင်း ယော့ယာကားတားမြို့၏ အနောက်ဖက်ရှိ ရွာငယ်တရွာ၌ ၁၉၂၁ ခုနှစ် ဖေဖွာရီလ ၂၀ ရက် နေ့ တွင် ဖွားမြင်သည်။



အင်ဒိုနီးရှားနိုင်ငံ သမ္မတကြီး ဆူဟာတို

ဆူဟာတို နှစ်နှစ်သား အရွယ်တွင် သူ၏ မိဖ နှစ်ပါး အိမ်ထောင်ပျက်သွားခဲ့သည်။ သို့ဖြင့် ဆူဟာတို၏ ငယ်စဉ်ဘဝမှာ ပထွေး၊ အဖွား၊ အဒေါ်နှင့် ဖခင် မိတ်ဆွေ တို့၏ အိမ်များတွင် နေထိုင်ကြီးပြင်းခဲ့ရသည်။ ဆူဟာတိုသည် အလယ်တန်းပညာကို ဂျော့ဂျကာတာ မြို့တွင် ဆုံးခန်းတိုင် သင်ယူပြီးနောက် ပညာသင်စရိတ် မတတ်နိုင်၍ ကျောင်းမှ ထွက်ခဲ့သည်။ အသက် ၁၈ နှစ် အရွယ်တွင် ဝါဂျန်တိုရှိ ဒေသမှ ကျေးလက်ဘဏ် တခု၌ အကူစာရေးဝင်လုပ်သည်။ ထိုမှ ၁၉၄၀ ပြည့်နှစ်တွင် နယ်သာလန် အရှေ့အိန္ဒိယ တပ်မတော်သို့ဝင်သည်။ အခြေခံစစ်ပညာ သင်တန်းကို ထူးချွန်စွာ အောင်မြင်၍ သင်တန်းဆင်းပြီး မကြာမီတွင်ပင် တပ်ကြပ်ကြီး ဖြစ်လာသည်။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားလာသောအခါ ဂျပန်များ လ[illegible]အောက်သို့ ဒပ်ချ တပ်ပေါင်းစုအားလုံး လက်နက်ချ ရသ[illegible]ခြင် ဒပ်ချတပ်ဖွဲ့ဝင် ဆူဟာတိုသည် အဖမ်းမခံဘ ထွ[illegible]ပြီးလွတ်မြောက်လာခဲ့ပြီး ဇာတိရပ်ရွာသို့ ပြန်လာ [illegible]င်သည်။ ထိုနောက် ဂျပန်ခေတ်တွင်ကယ်ဘူဟိုခေါ် ပုလ[illegible]တပ်ဖွဲ့သို့ ဝင်ရောက်သည်။ ထိုမှ ပေတာခေါ် ဂျပန် အထော[illegible]ခံ အပျော်တမ်း ကာကွယ်ရေးတပ်ဖွဲ့သို့ ဝင် သည်။ ၁၉၄၄ ခုနှစ်တွင် စစ်တက္ကသိုလ်သို့ တက်ရောက်၍ စစ်ပညာများကို သင်ယူသည်။ ထိုနောက် တပ်ခွဲမှူးအဖြစ် တိုးမြှင့်ခန့်အပ်ခံရသည်။

ဒုတိယကမ္ဘာစစ် ပြီးခါနီး ၁၉၄၅ ခု နှစ်ဦးတွင် ဂျပန် များစစ်ရှုံး၍ အင်ဒိုနီးရှား လက်နက်ကိုင် တပ်ဖွဲ့အားလုံး ကိုလည်း ဖျက်သိမ်းလိုက်သောအခါ ဆူဟာတိုသည် ဒုတိယ အကြိမ် စစ်မှုထမ်းဘဝမှ တခန်းရပ်ခဲ့ပြန်လေသည်။ စစ်ပြီး နောက် ဆူဟာတိုသည် ဘီကေအာခေါ် ပြည်သူလုံခြုံရေး တပ်ဖွဲ့သို့ ဝင်ရောက်ကာ မဟာဗျူဟာမှူး တာဝန်ကို ထမ်းဆောင်ခဲ့သည်။ ဒပ်ချတို့ လက်အောက်မှ အပြီးတိုင် လွတ်မြောက်ရေးအတွက် ပြောက်ကျား စစ်ဆင်ရေးများ တွင် ပါဝင်တိုက်ခိုက်သည်။ ထိုစဉ်အထက်တန်းပညာနှင့် ပျံသန်းမှုဆိုင်ရာ ပညာရပ်များကိုစစ်ကျောင်းတက်၍ သင် ယူသည်။ ထိုနောက် အင်ဒိုနီးရှားတပ်မတော်တွင် ကျရာ တာဝန်ကို ကျေပွန်စွာထမ်းရွက်ရင်း ရာထူးအဆင့်ဆင့် တက် လာခဲ့သည်။

ဆူဟာတိုသည် ၁၉၅၅ ခုနှစ်တွင် ဗန်ဒေါင်း ကြည်းတပ် ကောလိပ်သို့ တက်ရောက်၍ အထက်တန်း စစ်ပညာများကို သင်ယူပြန်သည်။ ထိုနောက် ၁၉၅၇ ခုနှစ်တွင် ဗိုလ်မှူးကြီး အဆင့်သို့ ရာထူးတက်ခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် ဒု ဗိုလ်ချုပ် ကြီး ဖြစ်လာပြီး၊ ဒပ်ချ လက်အောက်မှ အနောက် အီရီယန် ကျွန်းစု လွတ်မြောက်ရေး တိုက်ပွဲတွင် တပ်မတော် ဒု ဦးစီး ချုပ်အဖြစ် ဦးဆောင် ကွပ်ကဲရသည်။ ယင်းတိုက်ပွဲကို အောင် မြင်စွာ ဦးဆောင်ဆင်နွဲနိုင်ခဲ့သဖြင့် ဆူဟာတို၏နာမည်မှာ ကျော်ကြားလာသည်။

၁၉၆၅ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့ညတွင်သမ္မတ ဆူကာနို၏ နန်းစောင့် တပ်မှူး ဒုဗိုလ်မှူးကြီး အန်တန်း ခေါင်းဆောင်သော ကွန်မြူနစ်များက နိုင်ငံတော် အာဏာ ကို သိမ်းယူလိုက်သည်။ ဆူဟာတိုသည် သူလက်အောက်ရှိ လက်နက်ကိုင်တပ်ဖွဲ့များကို စုစည်း၍ အာဏာသိမ်းအဖွဲ့ကို ချက်ချင်း ဖြိုခွဲနိုင်ခဲ့သည်။ ဆူဟာတိုသည် တပ်မတော် စစ်ဦးစီးချုပ် ရာထူးကိုယူ၍ နိုင်ငံတော်လုံခြုံရေးကို တာဝန် ယူ ဆောင်ရွက်သည်။

၁၉၆၇ ခုနှစ်တွင် ရာသက်ပန် သမ္မတ ဆူကာနိုထံမှ သမ္မတ အာဏာကို ရုပ်သိမ်း၍ ဗိုလ်ချုပ်ကြီး ဆူဟာတိုအား ယာယီသမ္မတအဖြစ် အတိုင်ပင်ခံ ပြည်သူကွန်ဂရက်က ရွေးချယ်တင်မြောက်လိုက်သည်။ ထိုနောက် ၁၉၆၈ ခုနှစ် တွင် အမြဲတမ်း သမ္မတအဖြစ် ငါးနှစ် ခန့်အပ်ခံရသည်။ ၁၉၇၃ ခုနှစ်တွင် ဒုတိယ ငါးနှစ်သက်တမ်းတိုး၍ သမ္မတ အဖြစ် ဆက်လက်ခန့်အပ်ပြန်သည်။

ဆူဟာတို လက်ထက်တွင် အင်ဒိုနီးရှား နိုင်ငံသည် ပြည်တွင်းပြည်ပ ငြိမ်းချမ်းရေး ရလာသည်။ တိုင်းပြည် စီးပွားရေးလည်း တဖြည်းဖြည်းဖြင့် ပြန်လည် နာလှန်ထ လာခဲ့သည်။ ၁၉၇၆ ခုနှစ်တွင်ပေါ် တူဂီ ကိုလိုနီနယ်ဟောင်း ဖြစ်သော အရှေ့တီမောကျွန်းကို အင်ဒိုနီးရှား နိုင်ငံနှင့် တရားဝင် ပူးပေါင်းခဲ့သည်။ ဆူကာနိုလက်ထက် ၁၉၆၅ ခုနှစ် က မလေးရှား အရေးနှင့် စပ်လျဉ်း၍ ကုလသမဂ္ဂ အဖွဲ့မှ အင်ဒိုနီးရှား နိုင်ငံ နုတ်ထွက်ခဲ့သည်ကိုလည်း ဆူဟာတို အာဏာရစဉ်ပင် မလေးရှားနှင့် ငြိမ်းချမ်းရေး ထူထောင် ပြီးနောက် ကုလသမဂ္ဂသို့ ပြန်ဝင်ခဲ့သည်။

ဘဝတလျှောက်လုံး စစ်ရေးတာဝန်များကိုသာ ထမ်း ရွက်လာသောဆူဟာတိုသည် ၁၉၇၆ ခုနှစ်တွင်ဗိုလ်ချုပ်ကြီး ရာထူးမှ အငြိမ်းစား ယူလိုက်သည်။ သို့သော် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ စစ်ဦးစီးချုပ်ရာထူးကိုမူ ဆက်လက်ခံယူ ထားသည်။

ဆူးအက်တူးမြောင်း။ ။(၄–၁၆၈—ရှု။) ဆူးအက် တူးမြောင်းသည် မြေထဲပင်လယ် ကမ်းခြေပေါ်ရှိ ပို့ဆက်မြို့ နှင့် ပင်လယ်နီကမ်းခြေပေါ်ရှိ ဆူးအက်မြို့တို့ကို ဆက်သွယ် ထားသည်။ ၁၀၃ မိုင် ရှည်လျား၍ အကျယ်ဆုံး အပိုင်းမှာ ၁၉၇ ပေရှိပြီး အနက်မှာ ၃၄ ပေ ရှိသည်။

ယင်း တူးမြောင်းကြီးကို ၁၈၅၉ ခုနှစ် ဧပြီလ ၂၅ ရက် နေ့တွင် ပြင်သစ်ကော်ပိုရေးရှင်းတခုမှ အင်ဂျင်နီယာ ဖာဒီ နန်မားရီးဒါလက်ဆက်က ဦးဆောင်၍ စတင် ဖောက်လုပ် ခဲ့သည်။ ပြီးစီးအောင် ၁၀ နှစ်ကြာမျှ ဖောက်လုပ်ခဲ့ရ သည်။ တူးမြောင်းအုပ်ချုပ်ရေးအဖွဲ့တွင် ပြင်သစ်၊ ဗြိတိန်၊ အီဂျစ်၊ အမေရိကန်နှင့် ဒပ်ချနိုင်ငံတို့ ပါဝင်သည်။ ၁၈၇၅ ခုနှစ်တွင် ဗြိတိန်က ဆူးအက်တူးမြောင်း ကုမ္ပဏီ၏ အစု ရှယ်ယာအများဆုံးကို ဝယ်ယူလိုက်၍ တူးမြောင်းအုပ်ချုပ်မှု အာဏာကို အများဆုံး ချုပ်ကိုင်ထားခဲ့သည်။

အီဂျစ်အမျိုးသား နိုင်ငံရေး လှုပ်ရှားမှုများကြောင့် သမ္မတနတ်ဆာက ၁၉၅၆ ခုနှစ်တွင် ဆူးအက်တူးမြောင်း ကြီးကို ပြည်သူပိုင်ပြုလုပ်လိုက်ပြီးနောက် ထိုနှစ် အောက် တိုဘာလကုန်ခါနီးတွင် ဗြိတိန်၊ပြင်သစ်နှင့် အဇူရီယယ်နိုင်ငံ တို့က အီဂျစ်နိုင်ငံပိုင်နက်အတွင်း ကျူးကျော် တိုက်ခိုက်ခဲ့ ကြသည်။ တူးမြောင်းအတွင်းရှိ နိုင်ငံတကာမှသင်္ဘောများ ကို နှစ်မြှုပ်၍ တူးမြောင်းကြီးကို ပိတ်ဆို့ခဲ့ကြသည်။

အမေရိကန်နှင့် ရုရှတို့၏ ဖျန်ဖြေပေးမှုကြောင့် ထိုနှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် အတိုက်အခိုက်များ ရပ်စဲကြသည်။ ဆူးအက်တူးမြောင်းကို ပြန်လည်ဖွင့်လှစ်ခဲ့သည်။ ပြည်သူပိုင်ပြုလုပ်ပြီးနောက်တွင် အီဂျစ်နိုင်ငံသည် ဆူးအက်တူးမြောင်းကို ပို၍ကျယ်၊ ပို၍နက်အောင် ပြုပြင်သည်။ သို့ဖြင့် သဘော်ဘများ ပို၍ ဝင်ထွက်နိုင်သဖြင့် အကောက်ခွန် ပိုမိုရသည်။

အီဂျစ်အစိုးရနှင့် ဆူးအက်တူးမြောင်း ကုမ္ပဏီတို့က အစုရှယ်ယာဝင်များဖြစ်ကြသော ဗြိတိန်နှင့် ပြင်သစ်နိုင်ငံတို့ကို လျော်ကြေးအသင့်အတင့် ပေးချေခဲ့ရာ ၁၉၆၃ ခုနှစ်တွင် ပြီးပြတ်သွားသည်။

၁၉၆၇ ခုနှစ်ဇွန်လ ၅ ရက်နေ့တွင် ဖြစ်ပွားသောအာရပ်၊ အစ္စရေးယယ် ခြောက်ရက်ကြာ စစ်ပွဲကြောင့် ဆူးအက်တူးမြောင်းကြီးသည် သုံးမရလောက်အောင်အပျက်အစီးများခဲ့၍ အီဂျစ်အစိုးရက တူးမြောင်းကြီးကိုရက်အကန့်အသတ်မရှိ ပိတ် လိုက် ကြောင်း ကြေငြာခဲ့ရပြန်သည်။ ထိုသို့ပိတ်ထားမှုကယက်ကြောင့် ကမ္ဘာ့ကုန်စျေးနှုန်းများ မြင့်မားလာခဲ့ရသည်။ အီဂျစ်နိုင်ငံ အဖို့လည်း တူးမြောင်း ပိတ်ထားရ၍ တနှစ်လျှင် တူးမြောင်းမှ ဝင်ငွေ ဒေါ်လာသန်း ပေါင်း ၂၅၀ ခန့် ဆုံးရှုံးခဲ့ရသည်။

ဆူးအက်တူးမြောင်းကြီးကို ပိတ်ထားရသည်မှာ ရှစ်နှစ်တိုင်အောင်ပင် ကြာခဲ့သည်။ ၁၉၇၅ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင် အီဂျစ် သမ္မတကြီး အန္နဝါဆဒတ်က ဆူးအက်တူးမြောင်းကို အခမ်းအနားဖြင့် ပြန်လည် ဖွင့်လှစ်ပေးလေသည်။ အီဂျစ် အစိုးရသည် အင်္ဂလိယယ် သဘော်ဘများကို ၁၉၄၈ ခုနှစ်မှစ၍ တူးမြောင်းအတွင်း ဝင်ထွက်မှုကို ပိတ်ပင်ထားခဲ့၏။ ယခုပြန်လည်ဖွင့်ပေးပြီးနောက်တွင် အင်္ဂလိယယ်တပ်များကို အရှေ့ဖက်သို့ရွှေ့ပေးရန် အင်္ဂလိယယ်အစိုးရက သဘောတူလိုက်သဖြင့် အင်္ဂလိယယ် နိုင်ငံသို့ ပို့မည့် ကုန်ပစ္စည်းများကို အခြားနိုင်ငံ သဘော်ဘများဖြင့် တင်၍ တူးမြောင်းဖြတ်သန်းခွင့်ကို အီဂျစ်အစိုးရက ခွင့်ပြုလိုက်သည်။

တူးမြောင်းကြီးကို ယနေ့အနေအထားထက် လေးဆခန့် အထိတိုးခဲ့တူးဖော်ရန် အီဂျစ်အစိုးရက စီစဉ်ထားလေသည်။



ပိုးသတ်ဆေးဖော်စပ်ရာတွင် အသုံးဝင်သော ဆေးဂန္ဓမာပင့်များ

ဆေးဂန္ဓမာ။ ။ဆေးဂန္ဓမာပင်များသည် ၁၈ လက်မမှ ၃၀ လက်မအထိသာ မြင့်သော အပင်ငယ်မျိုး ဖြစ်သည်။ ယင်းတို့၏ သက်တမ်းမှာ သုံးနှစ်မှ လေးနှစ်အထိဖြစ်သော်လည်း ခြောက်နှစ်အထိ ရှင်သန်သည်လည်း ရှိသည်။ ရုက္ခဗေဒအရ နေကြာနှင့် ဂန္ဓမာမျိုးတို့ကဲ့သို့ ကွန်ပိုဇီတီမျိုးရင်းတွင် ပါဝင်သည်။ အပင်၏ရိုးတံများမှာသေးငယ်၍ အမွေးနုကလေးများရှိသည်။ အရွက်များသည် သေးငယ်၍ ဂန္ဓမာရွက်များနှင့် တူသည်။ အပွင့်များ၏ အချင်းသည် လက်မဝက်သာသာခန့်ရှိ၍ အပွင့်၏ပုံသဏ္ဌာန်သည် ဒေစီပန်း သို့မဟုတ် နေကြာပန်းအသေးစားနှင့်တူသည်။ ပန်းပွင့်၏ အလယ်မှ ဗဟိုပွင့်စုသည် အဝါရောင်ဖြစ်၍ ယင်းပွင့်စုမှ ဖြာထွက်သော ပွင့်လက်များသည် အဖြူရောင် ဖြစ်သည်။

ဆေးဂန္ဓမာပင် မျိုးကွဲ သုံးမျိုးရှိသည်။ တမျိုးမှာ ရုက္ခဗေဒအမည်ဖြင့် ကော့ဆီနီယမ် သို့မဟုတ် ရိုဆီယမ် ဆေးဂန္ဓမာဟု ခေါ်ကြ၍ ပါးရှင်း ဆေးဂန္ဓမာမျိုးဖြစ်သည်။ အခြားတမျိုးမှာ ကော်ကေးရှပြည်နယ် ဇာတိ ဖြစ်သော မာရှယ်လိုင် ဆေးဂန္ဓမာမျိုးဖြစ်သည်။ ဆေးဂန္ဓမာ အစစ်သည် ယူဂိုစလားဗီးယား နိုင်ငံမှ ဒယ်လမာရှင်း ဆေးဂန္ဓမာမျိုးဟုဆိုကြ၍ အာနိသင် အကောင်းဆုံးဖြစ်၏။

ဆေးဂန္ဓမာပင်၏ အသုံးဝင်အပိုးတန်သောအစိတ်အပိုင်းမှာ အပွင့်များဖြစ်သည်။ အပွင့်များတွင် ပိုင်ရက်သရင်ဟု ခေါ်သည့် ဓာတ်ပေါင်းပါရှိသည်။ ယင်းဓာတ်ပေါင်းသည် လူနှင့် တိရစ္ဆာန်ကဲ့သို့ သွေးပူ သတ္တဝါများကို အန္တရာယ်မပြုပဲ၊ ခြင်၊ ယင်၊ သန်း စသော အင်းဆက်ပိုးများကဲ့သို့ သွေးအေး သတ္တဝါများကို သေကြေ ပျက်စီး စေနိုင်သော အဆိပ်သတ္တိရှိသည်။ သို့ဖြစ်၍ ခြင်၊ ယင် စသည်တို့ကို ဖျက်ဆီးရန် ခြင်ဆေးနှင့် ပိုးသတ်ဆေး အမျိုးမျိုးတို့ကို ထုတ်လုပ်ရန်အတွက် ဆေးဂန္ဓမာ ပန်းပွင့်များကို အသုံးပြုကြရသည်။ ယင်းပန်းပွင့်များကို အခြောက်လှန်းပြီးမှသာ ဆိုခဲ့သော အဆိပ်သတ္တိသည် အာနိသင် ပေါ်ထွက်လာသည်။ ထိုကြောင့် ဆေးဂန္ဓမာ ပန်းပွင့်များကို အခြောက်လှန်း၍ အမှုန့်ပြုလုပ်ပြီးမှ ပိုးသတ်ဆေး ဖော်စပ်သည်။

ဆေးဂန္ဓမာပင်တို့သည် ပေ ၆၀၀၀ မြင့်သော တောင်တန်းဒေသများတွင် စိုက်ပျိုးဖြစ်ထွန်းသည်။ နေရောင်ခြည်ရသော စိုက်ခင်းများတွင် စိုက်ပျိုးပြီး လေးလခန့်ကြာလျှင် အပွင့်များ စတင်ပွင့်သည်။ တနှစ်လျှင် ကိုးလမျှ အပွင့်များ ဆွတ်ခူးနိုင်သည်။ အပွင့်များကို ပွင့်အာစတွင် ဆွတ်ခူးမှသာလျှင် အာနိသင်ကောင်းကောင်းရသည်။

ဒုတိယကမ္ဘာစစ်ကြီးမတိုင်မီ ကာလက ဂျပန်နိုင်ငံသည် ဒယ်လမာရှင်း ဆေးဂန္ဓမာမျိုးကို စိုက်ပျိုး၍ နိုင်ငံခြားသို့ ဆေးဂန္ဓမာတင်ပို့ရောင်းချရေးကို အကြီးအကျယ်လုပ်ကိုင်ခဲ့သည်။ အာဖရိကတိုက် ကင်ညာနိုင်ငံသည် ဆေးဂန္ဓမာပင်များကို ၁၉၂၈ ခုနှစ်မှ စတင်စမ်းသပ်စိုက်ပျိုးခဲ့၏။ ၁၇ နှစ်ကြာသောအခါ ဂျပန်ကိုကျော်လွှမ်းပြီး ကမ္ဘာတွင် ဆေးဂန္ဓမာ အများဆုံး စိုက်ပျိုးထုတ်လုပ် ဖြန့်ဖြူးနိုင်သော နိုင်ငံတခုဖြစ်လာသည်။ ယခုအခါ ကမ္ဘာ့စျေးကွက်တွင် ဆေးဂန္ဓမာ ပွင့် ၈၀ ရာခိုင်နှုန်းကို ကင်ညာနိုင်ငံမှ ထုတ်လုပ်ရောင်းချလျက်ရှိနေ၏။ ဆေးဂန္ဓမာကို ကင်ညာပန်းပွင့်ခြောက်အဖြစ်ပင် လူသိများနေသည်။ ပန်းပွင့်ခြောက် တတန်မှ ပိုးသတ်ဆေးများတွင် အသုံးပြုနိုင်သောအဆီ ပေါင် ၁၂၀ ခန့်ရနိုင်သည်။

ဆေးဂန္ဓမာကို စိုက်ပျိုးထုတ်လုပ်လျက်ရှိကြသော နိုင်ငံများမှာ အရှေ့ အာဖရိက နိုင်ငံများ၊ အမေရိက ပြည်ထောင်စုမှ ကာလီဖိုးနီးယားပြည်နယ်၊ တောင်အမေရိက တိုက်မှ ဗရာဇီး၊ ပီရူးနှင့် အက်ကွာဒေါနိုင်ငံတို့အပြင် ဩစတြေးလီးယားတိုက်နှင့် ဣတလီနိုင်ငံတို့ ဖြစ်ကြသည်။

မြန်မာနိုင်ငံတွင် တော်လှန်ရေးအစိုးရ တက်ပြီးသည့်နောက် ဘိန်းခင်းများနေရာတွင် အစားထိုး စိုက်ပျိုးရန် ၁၉၆၈ ခုမှ စ၍ မြေယာ ကျေးလက် ကြီးပွားတိုးတက်ရေး ကော်ပိုရေးရှင်းမှ ဆေးဂန္ဓမာကို ဦးဆောင်စိုက်ပျိုးခဲ့ရာ အောင်မြင်လျက်ရှိ၏။ များသောအားဖြင့် ချင်းပြည်နယ် တောင်တန်းများနှင့် ရှမ်းပြည်နယ် တောင်တန်းများတွင် ဆေးဂန္ဓမာ ကြိုက်နှစ်သက်သော ရေမြေ သဘာဝများ ရှိသောကြောင့် ကောင်းစွာဖြစ်ထွန်းလျက်ရှိသည်။ မြေတဇကလျှင် ဆေးဂန္ဓမာအပွင့်ခြောက် ၆၀ မှ ၇၀ ပိဿာခန့်ရရှိသည်။

ဆေးဂန္ဓမာပွင့် အသုံးပြုမှုကို ၁၈ ရာစု အတွင်းက ဒယ်လမာရှင်း ပြည်နယ်သူ အမျိုးသမီး တဦးက စတင်ခဲ့သည်ဟု ဆိုကြသည်။

ပိုးသတ်ဆေးများတွင် ယင်းပန်းပွင့် မှုန့်များ ထည့်သွင်း အသုံးပြု၍ ထုတ်လုပ် ရောင်းချခြင်းကို ၁၈၂၈ ခုနှစ်တွင် ကမ္ဘာ၌ ပထမဆုံးအကြိမ် ပြုခဲ့ကြောင်းမှတ်တမ်းများတွင် တွေ့ရလေသည်။

ဆော်လဇနီဆင်,အယ်လက်ဇန္ဒာ (ခရစ် ၁၉၁၈ ဖွား)။ နိုဗဲဆုရ ရုရှ စာရေးဆရာဖြစ်၍ ၁၉၁၈ ခုနှစ်တွင် မွေးဖွားသည်။ ကော့ကေးရှတောင်ခြေရှိကဇ္ဇလော ဗော့မြို့ ကလေး၌ မွေးဖွား၍ ရော့စတော့-အွန်ဒွန်မြို့၌ ကြီးပြင်းခဲ့သည်။ ငယ်စဉ်က ဖခင် ကွယ်လွန်၍ ကျောင်းဆရာမ ဖြစ်သူ မိခင်က ကျွေးမွေး စောင့်ရှောက် ခဲ့ရသည်။ ရော့စတော့ တက္ကသိုလ်မှ ဘွဲ့ရရှိခဲ့၍ မောစကို တက္ကသိုလ်၏ စာပေးစာယူ သင်တန်းများလည်း တက်သည်။ ဘွဲ့ရပြီးသောအခါ တပ်မတော်သို့ဝင်၍ အမြောက်လက်နက် သင်တန်းကိုတက်ရာ ၁၉၄၂ ခုနှစ်တွင် ဗိုလ်ကလေးဖြစ်လာ၍ ဒုတိယ ကမ္ဘာစစ်အတွင်း ရှေ့တန်း စစ်မျက်နှာ၌ အမြောက်တပ် တပ်ရင်းမှူးအဖြစ် ပါဝင်တိုက်ခိုက်ခဲ့ရသည်။ သူရဆုတံဆိပ်ကိုလည်း နှစ်ကြိမ်တိုင်တိုင် ချီးမြှင့်ခံရသည်။



အယ်လက်ဇန္ဒာ ဆော်လဇနီဆင်

ဒုတိယ ကမ္ဘာစစ် ပြီးခါနီးတွင် စတာလင်အား ရှုတ်ချထားသောစာတစောင်ကိုရေးသားမိမှုကြောင့် အလုပ်ကြမ်းဖြင့် ထောင်ဒဏ်ရှစ်နှစ် အပြစ်ပေးခံရသည်။ မောစကိုမြို့တွင် ၁၉၄၅ ခုနှစ်မှ ၁၉၅၃ ခုနှစ်အထိ ဆောက်လုပ်ရေး ရဲဘက်လုပ်သား လုပ်ခဲ့ရသည်။ ဆော်လဇနီဆင်မှာ အပြစ်ဒဏ်ခံနေရစဉ် ကင်ဆာရောဂါစဖြစ်၍ ခွဲစိတ်ကုသခံရသေးသည်။

ဆော်လဇနီဆင် ထောင်က လွတ်သော အချိန်သည် စတာလင်ကွယ်လွန်သောနေ့ (၅-၃-၅၃) ဖြစ်သည်။ သို့သော် ဆိုက်ဗီးရီးယားဒေသသို့ နယ်နှင်လိုက်ခြင်းသာဖြစ်ရာ ယင်းဒေသ၌စာပေသင်ကြားပေးသောတာဝန်ကို ယူရသည်။ ထိုအတွင်း သူထောင်ထဲတွင် စုလာသောမှတ်စုများမှ ဝတ္ထုတိုများ စရေးလေသည်။ သို့စဉ်ကင်ဆာရောဂါ ထပ်မံပေါ်ပြန်၍ တာ့ရှကင့်ဆေးရုံတက်ရသည်။ ၁၉၅၆ ခုနှစ်တွင်မှ ဆော်လဇနီဆင်သည် ပြစ်ဒဏ်များမှကင်းရှင်းသွား၍ တရားဝင်သိက္ခာပြန်တင်ခံရသည်။ မောစကိုမြို့နှင့် မိုင် ၁၂၀ ဝေးသော ရီယာဇန်မြို့တွင် အထက်တန်းကျောင်း၌ သင်္ချာနှင့် ရူပဗေဒဘာသာရပ်များကို သင်ကြားပေးနေစဉ် ဗွေ့ဆော်ဦး ဝတ္ထုဖြစ်သော "အိုင်ဗန်ဒင်းနီဆိုဗစ်ချ၏တနေ့သောကာလ" ကို ရေးရာ ၁၉၆၂ ခုနှစ်တွင် ထုတ်ဝေခွင့်ရသည်။ စတာ

လင်၏ လက်ထက်က သူ၏ အကျဉ်းစခန်းတွင်း အတွေ့အကြုံများကိုရေးထားသော စာအုပ်ဖြစ်သည်။ လူကြိုက်များလှ၍ ယင်းဝတ္ထုကို အခြားဘာသာများသို့လည်း ပြန်ဆိုခဲ့ကြသည်။ ယင်းစာအုပ်ကြောင့်ပင် သူသည် ဆိုဗီယက်စာရေးဆရာများ သမဂ္ဂသို့ ဝင်ခွင့်ရခဲ့သည်။ သို့သော် စာပေဆင်ဆာလုပ်မှုနှင့် ပတ်သက်သော စာတစောင်ကို သမဂ္ဂသို့ ရေးပို့သဖြင့် ၁၉၆၉ ခုနှစ်၌ သမဂ္ဂမှ ထုတ်ပယ် ခံရသည်။ ထိုနှစ်မှစ၍ သူသည် အမေရိကန်ဝိဇ္ဇာနှင့်သိပ္ပံ အကယ်ဒမီ အသင်းဂင်ဖြစ်လာသည်။

ထို့နောက် ဆော်လဇနီဆင်သည် ထိုစဉ်က ဝန်ကြီးချုပ် ကရူးရှော့ကို ဝေဖန်သည့် "ဖော်သဂွတ်အော့သကော့စ" အမည်ရှိ ဝတ္ထုတိုတပုဒ်ကို ရေးသားခဲ့ရာ အာဏာပိုင်တို့၏ ငြိုငြင်မှုကိုခံရသည်။ စာပေလီနင်ဆုအတွက် လျာထားခံရသော်လည်း ဆုမပေးတော့ပဲ ၁၉၆၆ ခုနှစ်မှစ၍ ယင်း၏စာပေများကို ရုရှနိုင်ငံ၌ ထုတ်ခွင့်မပြုတော့ချေ။ သို့ဖြင့် "ကင်ဆာလူနာဆောင်" နှင့် "ပထမစက်ဝန်း" စာအုပ်တို့ကို အမေရိကန်နှင့် အင်္ဂလန်တို့၌ ၁၉၆၈ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့သည်။ ယင်းစာအုပ်တို့ကို ပြစ်သစ်နိုင်ငံက ၁၉၆၉ ခုနှစ် အကောင်းဆုံး နိုင်ငံခြားစာအုပ်ဆုအဖြစ် ချီးမြှင့်သည်။ ၁၉၇၀ ပြည့်နှစ်တွင် နိုဗဲဆုရရှိသည်။ ဆော်လဇနီဆင်သည် စာပေလောက၌ အောင်မြင် ကျော်ကြား လာသော်လည်း ဆိုဗီယက်နိုင်ငံရေးလောကမှမူ ကြဉ်ထားသူတဦးဖြစ်လာသည်။ သို့ဖြင့် ၁၉၇၄ ခုနှစ်တွင် ပြည်နှင်ဒဏ်ပေးခံရသည်မှစ၍ အမေရိကန်ပြည်ထောင်စု၌ နေထိုင်လျက်ရှိရာ ယခုတိုင် ဖြစ်သည်။

ဆိုဗီယက်ဆိုရှယ်လစ်ပြည်ထောင်စု သမ္မတနိုင်ငံ။ ။ (၁၁–၈၇—ရှ။) ဆိုဗီယက် ဆိုရှယ်လစ် ပြည်ထောင်စု သမ္မတနိုင်ငံသည်ကမ္ဘာပေါ်တွင် အကျယ်အဝန်းဆုံး နိုင်ငံ တနိုင်ငံဖြစ်၏။ ကမ္ဘာပေါ်ရှိ ကုန်းမြေ၏ ခြောက်ပုံတပုံမျှကျယ်ဝန်းသည်။ ဆိုဗီယက် ဆိုရှယ်လစ် သမ္မတ နိုင်ငံ ၁၅ နိုင်ငံဖြင့် ဖွဲ့စည်းထားသည့်အနက် ရုရှဆိုဗီယက် ဆိုရှယ်လစ် ပြည်ထောင်စု သမ္မတ နိုင်ငံသည် အကြီးဆုံး ဖြစ်သည်။ ပြည်ထောင်စုကြီးတခုလုံးတွင် တိုင်းရင်းသား လူမျိုးပေါင်း ၁၇၀ ကျော်ရှိသည့်အနက် ရုရှလူမျိုးသည် လူဦးရေအားလုံး၏ ထက်ဝက်ကျော်မကရှိသည်။ ထို့ကြောင့် ဆိုဗီယက် ဆိုရှယ်လစ် ပြည်ထောင်စုသမ္မတနိုင်ငံကြီးကို ရုရှနိုင်ငံဟုလည်း ခေါ်ဝေါ်ကြသည်။ မြို့တော်မှာ မောစကိုမြို့ ဖြစ်သည်။



အလွန်ကျယ်ပြန့်သော ပြည်ထောင်စု နိုင်ငံကြီးဖြစ်၍ တော တောင်ရေမြေ အခြေအနေမျိုးစုံနှင့် ရာသီဥတုအဖုံဖုံ ရှိသည်။ သယံဇာတပစ္စည်းများဖြင့်လည်း ပေါကြွယ်ဝလှ၍ အကြီးစား စက်မှုလုပ်ငန်းအရာတွင် အမေရိကန်ပြည်ထောင်စုမှလွဲလျှင် ဒုတိယအကြီးဆုံးဖြစ်သည်။ ရေနံနှင့် သံမဏိပစ္စည်းထုတ်လုပ်မှုတွင် ကမ္ဘာ့ရှေ့တန်းမှ နိုင်ငံကြီး တနိုင်ငံဖြစ်သည်။

ဝန်ကြီးချုပ် နီကီတာ ကရူးရှော့၏ လက်ထက်တွင် ဆိုဗီယက် ပြည်ထောင်စုသည် အယ်လဗေးနီးယား ပြည်သူ သမ္မတနိုင်ငံ၊ တရုတ်ပြည်သူသမ္မတနိုင်ငံတို့နှင့် သဘောတရားရေးရာနှင့်ပတ်သက်၍ မပြေမလည် ဖြစ်ခဲ့ရလေသည်။ ၁၉၆၄ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် ကရူးရှော့သည် ကွန်မြူနစ်ပါတီ အတွင်းရေးမှူးရာထူးနှင့် ဝန်ကြီးချုပ်ရာထူးတို့မှ အသီးသီး နုတ်ထွက်လိုက်ပြီးနောက် ထိုနှစ်နိုဝင်ဘာလတွင်တရုတ်ပြည်သူသမ္မတနိုင်ငံ ဝန်ကြီးချုပ် ချူအင်လိုင်းသည် ဆိုဗီယက် ပြည်ထောင်စုသို့ သွားရောက်၍ ခေါင်းဆောင်သစ်များနှင့် နှစ်နိုင်ငံပြဿနာများကို ဆွေးနွေးခဲ့သော်လည်း အောင်မြင်မှုမရရှိခဲ့ပေ။ ၁၉၆၅ ခုနှစ်တွင် ပေါ့ဒဂေါ်နီအား သမ္မတအဖြစ် ရွေးချယ်တင်မြှောက်သည်။

၁၉၆၈ ခုနှစ်တွင် ဆိုဗီယက်ပြည်ထောင်စုနှင့် အမေရိကန်ပြည်ထောင်စုတို့သည် အခြား ၅၉ နိုင်ငံတို့နှင့်အတူ နျူးကလီးယားလက်နက် တားဆီးရေးစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ထိုနှစ်ဩဂုတ်လအတွင်း၌ ရုရှ၊ ပိုလန်၊ အရှေ့ဂျာမနီ၊ ဟန်ဂေရီနှင့် ဗူလဂေးရီးယား စစ်တပ်များသည် ချက်ကိုဆလိုဗားကီးယားနိုင်ငံ၏ လျော့ရည်းသော ဆိုရှယ်လစ်ဝါဒကို ထိန်းကြပ်ပေးရန် ချက်နိုင်ငံအတွင်းသို့ ချင်းနင်း ဝင်ရောက်ခဲ့ကြသည်။ ဆိုရှယ်လစ်ဝါဒအတွက် အန္တရာယ်ရှိလာလျှင် မည်သည့်ဆိုရှယ်လစ်နိုင်ငံတွင်းသို့မဆို ဝင်ရောက်စွက်ဖက်ရန်မှာ ဗရက်ဇည်က်၏ မူဝါဒ ဖြစ်သည်ဟု ရုရှက ထုတ်ပြန်ကြေငြာခဲ့သည်။

၁၉၆၉ ခု မတ်လအတွင်း ဗလာဒီဗော့စတော့ မြောက်ဖက်အနီး နယ်စပ်တွင် ရုရှတပ်များနှင့် တရုတ်နီတပ်များ တိုက်ပွဲများ ဖြစ်ခဲ့သည်။ သို့သော် တိုက်ပွဲများ ဖြစ်ပွားပြီးနောက် အတန်ကြာ၍ ၁၉၇၀ ပြည့်နှစ်တွင် သံတမန်အလဲအလှယ် ပြုကြပြန်သည်။ နှစ်ဖက်စလုံးက နယ်ခြားတပ်များကို အင်အားဖြည့်ထားကြသည်။

၁၉၇၁ ခုနှစ်တွင် ရုရှသည် အီဂျစ်နိုင်ငံအား စစ်လက်နက်ပစ္စည်းများနှင့် စစ်အကြံပေးများကို ပေးပို့ အကူအညီပေးခဲ့သော်လည်း ၁၉၇၂ ခုနှစ် နောက်ပိုင်းတွင် နှစ်နိုင်ငံ ဆက်ဆံရေး မပြေမလည်၍ ရုရှစစ်အကြံပေးပေါင်း နှစ်သောင်းကို အီဂျစ်နိုင်ငံမှ ပြန်လည် ရုပ်သိမ်းခဲ့သည်။ ဆီးရီးယားနိုင်ငံသို့မူ လက်နက်ပစ္စည်းများ ပိုမိုပို့ခဲ့သည်။

၁၉၇၂ ခုနှစ် မေလတွင် အမေရိကန်သမ္မတ ရစ်ချတ် နစ်ကဆင်သည် ရုရှနိုင်ငံသို့သွားရောက်လည်ပတ်ခဲ့ပြီး မဟာဗျူဟာလက်နက်ကြီးမျှားကန့်သတ်ရေး၊ အာကာသစူးစမ်းလေ့လာရေး၊ စီးပွားရေးနှင့် နှစ်နိုင်ငံ ချစ်ကြည်ရေးကိစ္စမျှားကို ရုရှခေါင်းဆောင်မျှားနှင့် ဆွေးနွေးခဲ့သည်။ တဖန် ၁၉၇၃ ခုနှစ် ဇွန်လတွင် ဆိုဗီယက် ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူးချုပ် ဗရက်ဇျက်သည် အမေရိကန် ပြည်ထောင်စုသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ရာ နှစ်နိုင်ငံ၏ငြိမ်းချမ်းရေး၊ စီးပွားရေးအတွက် သမ္မတနစ်ကဆင်နှင့် သဘောတူစာချုပ် ကိုးခုကို လက်မှတ် ရေးထိုးခဲ့သည်။

၁၉၇၃ ခု အောက်တိုဘာလတွင် အီဂျစ်နှင့် ဆီးရီးယားတို့က အင်္ဂရိယယ်နိုင်ငံအား တိုက်ခိုက်ကြသောအခါ ရုရှက အာရပ်နှစ်နိုင်ငံသို့ လေယာဉ်ကြီးမျှားဖြင့် လက်နက်မျှား တင်ပို့ပေးသည်။ ၁၉၇၄ ခုနှစ်တွင်လည်း ယင်းနှစ်နိုင်ငံအား လက်နက်မျှား ထပ်မံ ဖြည့်တင်းပေးခဲ့သည်။

ဗီယက်နမ်စစ်ပွဲမျှားအတွင်း ရုရှသည် ဗီယက်ကောင်း (ကွန်မြူနစ်) တပ်မျှားအား စစ်လက်နက်ပစ္စည်းမျှားဖြင့် အကူအညီ ပေးခဲ့သည်။ အန်ဂိုလာနိုင်ငံ အရေးအခင်းတွင်၎င်း၊ အာဖရိကတိုက်မှ အယ်လဂျီးရီးယား၊ ဆိုမာလီယား၊ အီသီအိုးပီးယားနိုင်ငံ အရေးအခင်းမျှားအတွက်၎င်း ရုရှသည် လူ၊ လက်နက်ပစ္စည်းမျှားဖြင့် ကူညီထောက်ပံ့ခဲ့သည်။

ယင်းသို့ မိမိ၏အုပ်စုဝင်နိုင်ငံမျှား တိုးပွားအောင်တဖက်တွင် ဆောင်ရွက်လျက်ရှိစဉ် ပြည်တွင်း၌မူ ဆိုရှယ်လစ်ဝါဒကို သွေဖည်သူမျှားကို အပုပ်ချနေရာ၊ ရုရှဟိုက်ဒြိုဂျင်ဗုံးပြုလုပ်သူ အန်ဒရေဆာသာရော့လည်း အပုပ်ချခံရသူတဦးဖြစ်သည်။ ၁၉၇၇ ခု မေလအတွင်းက သမ္မတနီကိုလေပေါ့ဒဂေါ်နီကို ရာထူးမှ နုတ်ထွက်စေပြီး နောက် ဇွန်လတွင် ဆူပရင်းဆိုဗီယက်က ဗရက်ဇျက်အား သမ္မတအဖြစ် ခန့်ထားလိုက်သည်။ (ဗရက်ဇျက်, လီယိုနစ် — ရှု။)

ရုရှနိုင်ငံသည် အာကာသ စူးစမ်းရေးဖက်တွင် အောင်မြင်လျက်ရှိသည်။ကမ္ဘာပတ်ဂြိုဟ်တုနှင့် လူပါသောအာကာသယာဉ်မျှား အစုလိုက် ပစ်လွှတ်နိုင်ခဲ့၏။ အာကာသတွင် လမ်းလျှောက်ခြင်း၊ လူနာ ၉ အာကာသယာဉ်အား လမျက်နှာပေါ် ဆင်းသက်စေနိုင်ခြင်း၊ လကိုပတ်သည့် ဂြိုဟ်တုကိုလွှတ်တင်နိုင်ခြင်းစသည့် အာကာသဆိုင်ရာလုပ်ငန်းမျှားကို ပထမဆုံး အောင်မြင်စွာ လုပ်ကိုင်နိုင်ခဲ့သည်။ ရုရှမှ ပစ်လွှတ်ခဲ့သော ဗီနိုရာ ၄ သည် သောကြာဂြိုဟ်ပေါ် သို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့လေသည်။

ရုရှနိုင်ငံ၏ ပထမဗွဲစည်းပုံ အခြေခံဥပဒေကို ၁၉၁၈ ခုနှစ်တွင်၎င်း၊ ဒုတိယဗွဲစည်းပုံအခြေခံဥပဒေကို ၁၉၂၄ ခုနှစ်တွင်၎င်း၊တည်ဆဲဗွဲစည်းပုံ အခြေခံဥပဒေကို ၁၉၃၆ ခုနှစ်တွင်၎င်း သုံးခဲ့လေသည်။ ယခုအခါ ရုရှသည် နိုင်ငံတော်ဗွဲစည်းပုံအခြေခံဥပဒေသစ် မူကြမ်းတရပ်ကို စီစဉ်ဆောင်ရွက်လျက်ရှိသည်။ တည်ဆဲ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသည် လွန်ခဲ့သော နှစ်ပေါင်း ၄၀ ကျော်က ရေးဆွဲကျင့်သုံးခဲ့သဖြင့် အောက်တိုဘာ လူမှုခေတ်ပြောင်း တော်လှန်ရေးကြီး ဆင်နွဲအပြီး နှစ်ပေါင်း ၆၀ အကြာတွင် ပြောင်းလဲလာသော အခြေအနေ အရပ်ရပ်နှင့် ကိုက်ညီစေရန် ဖြစ်သည်။

ဆိုရှယ်လစ်ဒီမိုကရေစီ။ ။ဆိုရှယ်လစ် ဒီမိုကရေစီ ဟူသော ဝေါဟာရသည် ဆိုရှယ်လစ်နှင့် ဒီမိုကရေစီ ဟူသော စကားရပ်နှစ်ခုကို ပေါင်းစည်းထားခြင်းပင် ဖြစ်ပေသည်။ ဆိုရှယ်လစ်ဟူသော စကားရပ်သည် ဆိုကီယားလိစ်၊ ဆိုကီးယူစ်၊ ဆိုကီယေးတားစ ဟူသောလက်တင်ဘာသာစကားမှ ဆင်းသက်လာခြင်း ဖြစ်ပေသည်။ ယင်းတို့၏ အနက်အဓိပ္ပါယ်မှာ လူအပေါင်းအသင်း၊ လူအဖွဲ့အစည်းမျှားနှင့် သက်ဆိုင်သော အရေးအရာမျှားကို ဆိုလိုပေသည်။ ဒီမိုကရေစီ ဟူသော စကားရပ်သည် ဒီမိုကရားဆီးယားဟူသော ဂရိစကားမှ ဆင်းသက်လာခြင်း ဖြစ်ပေသည်။ ယင်း၏ အဓိပ္ပါယ်မှာ ဒေမို (ပြည်သူ ပြည်သားများ)၊ ကရားဆီးယား (အုပ်စိုးခြင်း) ဖြစ်၍ ပြည်သူ ပြည်သားလူအများ၏ အုပ်စိုးခြင်းကို ဆိုလိုပေသည်။

ထို့ကြောင့် ဆိုရှယ်လစ်ဒီမိုကရေစီ၏ မူရင်းအဓိပ္ပါယ်မှာ လူအဖွဲ့အစည်းနှင့်သက်ဆိုင်သောအရေးအရာမျှားကိုပြည်သူပြည်သား လူအများကိုယ်တိုင် ပါဝင်လုပ်ကိုင် ဆောင်ရွက်ခြင်း သဘောဖြစ်ပေ၏။ တနည်းအားဖြင့်ဆိုသော် ပြည်သူတို့၏ အာဏာလွှမ်းမိုးရေး ဘဝပင် ဖြစ်ပေသည်။ ဆိုရှယ်လစ် ဒီမိုကရေစီနှင့် စပ်လျဉ်း၍ နိုင်ငံနှင့်လူမျိုး အသီးသီးတို့သည် ကာလ၊ ဒေသနှင့် ပြောင်းလဲနေသော အခြေအနေမျှားနှင့်အညီ ဆိုရှယ်လစ်ဟူသော စကားရပ်ကို၎င်း၊ ဒီမိုကရေစီဟူသောစကားရပ်ကို၎င်း၊ ဆိုရှယ်လစ်ဒီမိုကရေစီဟူသောစကားရပ်ကို၎င်း တွဲ၍ဖြစ်စေ၊ ခွဲ၍ဖြစ်စေ ရှုထောင့်မျိုးစုံမှ အနက်အဓိပ္ပါယ် ဖွင့်ဆိုခဲ့ကြပေသည်။

ဆိုရှယ်လစ်ဒီမိုကရေစီ ဆိုသည်မှာ အလုပ် လုပ်သော လုပ်သားပြည်သူတို့အတွက် လုပ်သားပြည်သူတို့ ကိုယ်တိုင် နိုးကြားတက်ကြွစွာ ပါဝင်ဆောင်ရွက်ရသော လုပ်သားပြည်သူများ၏ အာဏာပိုင်စိုးမှုကို ပီပြင်စွာ ဖော်ဆောင်ထားသည့် နိုင်ငံရေး ကျင့်ထုံးတရပ်ပင် ဖြစ်ပေသည်။

ဆိုရှယ်လစ်ဒီမိုကရေစီကို ကျင့်သုံးရာ၌ အချုပ် အခြာအာဏာသုံးရပ်ဖြစ်သည့် ဥပဒေပြုမှုအာဏာ၊ တရားစီရင်မှုအာဏာနှင့် စီမံခန့်ခွဲမှုအာဏာရပ်မျှားကို လုပ်သားပြည်သူအများက ပိုင်စိုးပြီး နိုင်ငံ၏အရေးအရာမျှားကို ဆောင်ရွက်ရာတွင်လည်း လုပ်သားပြည်သူ အပေါင်းတို့က ထောက်ခံအားပေးကာ ပူးပေါင်းပါဝင် လှုပ်ရှားရပေသည်။

ဆိုရှယ်လစ်ဒီမိုကရေစီသည် လူအဖွဲ့အစည်း၏ကြီးကြပ် ထိန်းကိုင်မှုနှင့် တဦးချင်း ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်စုတို့၏ တီထွင်ကြံဆောင်မှုနှင့် ဆန္ဒပြုမှုတို့ကို သဟဇာတဖြစ်စေရန် ပေါင်းစပ်ထားခြင်း ဖြစ်ပေသည်။ နိုင်ငံတော်၏ ထိန်းကိုင်မှု မရှိလျှင် မင်းမဲ့စရိုက်ဆန်လာ၍ လူပုဂ္ဂိုလ်၏ တီထွင်ကြံဆမှု မရှိပြန်လျှင်လည်း အဖွဲ့ အစည်း အနေဖြင့် ယန္တရားဆန်ကာ တိုးတက်မှု ဆိတ်သုဉ်းလာတတ်ပေသည်။ ထို့ကြောင့် လူပုဂ္ဂိုလ်၏ တီထွင်ကြံဆမှုကို အားပေးရမည် ဖြစ်သကဲ့သို့ ဆိုရှယ်လစ်လူအဖွဲ့အစည်းကို ပျက်စီးစေမည့် စည်းမဲ့ကမ်းမဲ့ လုပ်ကိုင်ခြင်းမျိုးနှင့် ခေါင်းပုံဖြတ်စနစ်များကို အားပေးရာ ရောက်သည့်ဆောင်ရွက်မှုများကိုလည်း ဥပဒေအရတိကျစွာ တားမြစ်ထားရပေမည်။

ဆိုရှယ်လစ်ဒီမိုကရေစီသည်အရင်းရှင်ပါလီမန်ဒီမိုကရေစီ နှင့် တိုက်ရိုက်ဆန့်ကျင်သော ကျင့်နည်းကျင့်ထုံးတရပ် ဖြစ်ပေသည်။ အရင်းရှင် ဒီမိုကရေစီသည် ခေါင်းပုံ ဖြတ်သူ လူတန်းစား၏ အကျိုးစီးပွားဖက်မှ ရပ်တည်ကာကွယ်ပြီး ဆိုရှယ်လစ်ဒီမိုကရေစီသည် ခေါင်းပုံဖြတ် ခံခဲ့ရသော လုပ်သားပြည်သူများ အကျိုးစီးပွားဖက်မှ အစဉ် ရပ်တည် ကာကွယ်စောင့်ရှောက်ပေသည်။

ဆိုရှယ်လစ်ဒီမိုကရေစီ နိုင်ငံတော် ဆိုသည်မှာ ဆိုရှယ် လစ်စီးပွားရေးစနစ်ကို အခြေခံသော၊ ဆိုရှယ်လစ် စီးပွားရေးစနစ်ကိုလည်း ကာကွယ်စောင့်ရှောက်ရမည် ဖြစ်သော နိုင်ငံတော်ပင် ဖြစ်ပေ၏။ ယင်း နိုင်ငံတော်၏ အခြေခံ အဆောက် အအုံ ဖြစ်သည့် စီးပွားရေးနှင့် အပေါ်ထပ် အဆောက်အအုံဖြစ်သည့် နိုင်ငံရေး၊ လူမှုရေး၊စီမံခန့်ခွဲရေး၊ တရားဥပဒေရေး စသည်တို့ကို လုပ်သားပြည်သူများကိုယ် တိုင် ရေးဆွဲပြဋ္ဌာန်းကာ အကောင် အထည် ဖော်ရသော နိုင်ငံတော်မျိုး ဖြစ်ပေသည်။

ဆိုရှယ်လစ် စီးပွားရေးစနစ်၏ တရားကိုယ်သဘောမှာ အများကောင်းကျိုးအတွက် လူတိုင်းပါဝင်သော အများပိုင် လုပ်ငန်းများကို အများက ဝိုင်းလုပ်ပြီး ပေါ်ထွက်လာသည့် အကျိုးစီးပွားများကို အများအားလုံးပင် လုံလုံလောက်လောက်နှင့် ကျေကျေ နပ်နပ် ရရှိခံစားနိုင်အပ်သော စီမံမှုသဘောတရားဖြစ်ပေသည်။ ယင်း စနစ်ကိုပင် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံ သား‌တို့၏ အတ္တဟိတ (ကိုယ်ကျိုးစီးပွား)နှင့် ပရဟိတ (အမျိုးသား အကျိုးစီးပွား)တို့၏ ဒွန်တွဲမှု အပေါ်တွင် အခြေစိုက်ထား ပေ၏။ ပြည်သူလူထု၏ တဦးချင်း အကျိုးစီးပွားနှင့် အများ၏ အကျိုးစီးပွားတို့ကို မျှတအောင် ဆောင်ရွက်ရသော လုပ်ငန်းစနစ်ကြီးလည်း ဖြစ်ပေ၏။ ထို့ပြင် ဆိုရှယ်လစ် စီးပွားရေး ဥပဒေသများ၏ လမ်းညွှန်မှုကို ခံယူသွားရမည်ဖြစ်ပြီးလျှင် အလုပ် လုပ်သူ၏ ကာယ၊ ဉာဏ၊ ဝိရိယ စွမ်းအားအလိုက် အလုပ် လုပ်၍ လုပ်အားပေးသည်နှင့် အမျှ အကျိုးခံစားရသော စနစ်လည်း ဖြစ်ပေသည်။

ဆိုရှယ်လစ် ဒီမိုကရေစီ နိုင်ငံတော်ကို တည်ဆောက် သွားမည့် အဓိက အင်အားစုများမှာ တောင်သူလယ်သမား များ၊ အလုပ်သမားများနှင့် လူအများ ကောင်းစားရေးကို တည်တည်ကြည်ကြည် သစ္စာရှိရှိ လုပ်ဆောင်သွားကြမည့် အသိပညာရှင်များ၊ အတတ်ပညာရှင်များ ဖြစ်ကြသော လုပ်သားပြည်သူများပင် ဖြစ်ကြပေသည်။

လူလူချင်း ခေါင်းပုံဖြတ်ခြင်း ကင်းသည့် ဆိုရှယ်လစ် လူဘောင်တွင် နိုင်ငံတော် အာဏာသည် လုပ်သားပြည် သူတို့၏ ကံကြမ္မာကို လုပ်သားပြည်သူတို့ ကိုယ်တိုင် ဖန်တီး နိုင်သော အာဏာပိုင်စိုးမှုဖြစ်၏။ လုပ်သားပြည်သူတရပ် လုံး၏ အခြေခံ အကျိုးစီးပွားကိုလည်း ကာကွယ် စောင့် ရှောက်၏။ လုပ်သား ပြည်သူ တို့၏ အသိ စိတ်ဓာတ်နှင့် ယှဉ်သော နိုးကြား တက်ကြွစွာ ပါဝင်လှုပ်ရှားမှုများကို လည်း ခွင့်ပြုပေသည်။

ဆိုရှယ်လစ်ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်သွား မည့် အင်အားစုများနှင့် ရှေ့ဆောင်သွားကြရမည့် သူများ သည် ဆိုရှယ်လစ်ဒီမိုကရေစီကျင့်စဉ်များနှင့်အညီသာလျှင် ဆောင်ရွက်ကြရမည် ဖြစ်ပေသည်။

ဆိုရှယ်လစ်ဒီမိုကရေစီကျင့်စဉ် ဆိုသည်မှာ ပြည်သူတို့ ကိုယ်တိုင် ပါဝင်သော အဖွဲ့အစည်းများတွင် အချင်းချင်း အပြန်အလှန် အစီရင်ခံခြင်း၊ ဆန္ဒပေးခြင်း၊ ဆန္ဒယူခြင်း၊ ဆန္ဒသဘောထားကို အလေးဂရုပြုခြင်း၊ စုပေါင်းဦးဆောင် ခြင်း၊ စုပေါင်းဆုံးဖြတ်ခြင်း၊ ဆုံးဖြတ်ချက်ကို အားလုံးက လိုက်နာဆောင်ရွက်ခြင်း၊ အထက်အဖွဲ့အစည်း၏ ဆုံးဖြတ် ချက်များနှင့် ညွှန်ကြားချက်များကို အောက်အဖွဲ့အစည်းက လိုက်နာဆောင်ရွက်ခြင်း၊အောက်အဖွဲ့အစည်း၏တင်ပြချက် များကို အထက်အဖွဲ့အစည်းက အလေးဂရုပြုခြင်း စသည် တို့ပင် ဖြစ်ပေသည်။

စုပေါင်းဦးဆောင်မှု ဆိုခြင်းမှာ အဖွဲ့အစည်း တရပ်သည် ပြဿနာ တခုကို စုပေါင်း စဉ်းစား ညှိနှိုင်း ဆွေးနွေးပြီး စုပေါင်းဆုံးဖြတ်ခြင်းဖြင့် ဦးဆောင်မှုပေးခြင်း ဖြစ်ပေသည်။ ယင်း ဆုံးဖြတ်ချက်ကို သက်ဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်က တာဝန်ခံ၍ ဆုံးဖြတ်ထားသည့်အတိုင်း သက်ဆိုင်ရာ လုပ် ငန်းကို ကြီးကြပ်အကောင်အထည် ဖော်ရန် ဖြစ်ပေသည်။ ကြီးကြပ်သူနှင့် လက်တွေ့လုပ်ငန်းအကောင်အထည်ဖော်သူ များသည် တဦးချင်း တာဝန်ယူမှု အပိုင်းတွင် ပါဝင်သည်။ စုပေါင်းဆုံးဖြတ်ချက်သည် မှားယွင်းနေပါက အဖွဲ့အစည်း ဝင် အားလုံး၌ စုပေါင်းတာဝန်ရှိပြီးလျှင် ကြီးကြပ်မှုနှင့် လုပ်ငန်းအကောင်အထည်ဖော်မှုတို့ ချွတ်ယွင်း အားနည်းပါ က သက်ဆိုင်ရာ ပုဂ္ဂိုလ် တဦးချင်း၌ တာဝန် ရှိပေသည်။

ထို့ကြောင့် ဆိုရှယ်လစ်ဒီမိုကရေစီကျင့်စဉ်တွင် ဘဝနှင့် ထက်ချပ်မကွာ လိုက်ပါနေကြသော ဆိုရှယ်လစ် ဝါဒီများသည် အဖွဲ့အစည်းသဘောဖြင့် ဖော်ဆောင်ရသောစုပေါင်းဉီးဆောင်မှုနှင့် စုပေါင်း ဆုံးဖြတ်မှုတို့ အပေါ် တဦးချင်း တာဝန်ခံရသော လုပ်ငန်းကြီးကြပ်မှုနှင့် အကောင်အထည် ဖော်မှုတို့ဖြင့် မရောထွေးစေရန် ကြည်လင် ပြတ်သားစွာ ခွဲခြားရှုမြင်ထားကြရမည် ဖြစ်ပေသည်။

ဆိုရှယ်လစ် လူဘောင်အဖွဲ့အစည်းတွင် လူပုဂ္ဂိုလ်တဦးချင်း လိုက်နာရမည့် လောကီရေး ဆိုင်ရာ ကျင့်ဝတ်နှင့် စည်းကမ်းများရှိသကဲ့သို့ အသင်းအပင်းအဖွဲ့အစည်း အနေဖြင့် လိုက်နာစောင့်ထိန်း ကျင့်သုံးရမည့်ကျင့်ဝတ်နှင့် စည်းကမ်းများလည်း ရှိကြပေသည်။ လူတို့သည် အသင်းအပင်း အဖွဲ့အစည်းနှင့် နေထိုင်လေ့ ရှိသဖြင့် မိမိပါဝင်ရာ အဖွဲ့အစည်းတွင် တကိုယ်ကောင်းပြုလုပ်၍မရပဲ လူအများနှင့် စုပေါင်းတိုင်ပင်ပြီး မိမိ၏အကျိုးစီးပွား (အတ္တဟိတ) နှင့် အများ၏ အကျိုးစီးပွား (ပရဟိတ) နှစ်ရပ်ကို မျှတအောင် ပေါင်းစပ်ကျင့်သုံးမှသာလျှင် ရည်မှန်းသည့်အတိုင်း အောင်မြင်မှုရရှိနိုင်မည် ဖြစ်ပေသည်။

ဆိုမာလီယာ ဒီမိုကရက်တစ် သမ္မတနိုင်ငံ

ဆိုမာလီနိုင်ငံသည် အာဖရိကအရှေ့ပိုင်းနှင့် အိန္ဒိယသမုဒ္ဒရာတို့ဝန်းရံလျက်ရှိသော အာဖရိကအရှေ့မြောက်စွန်းဉီးချိုဒေသတွင် တည်ရှိသည်။ မူလက ဗြိတိသျှ ဆိုမာလီလန်၊ ပြင်သစ်ဆိုမာလီလန်နှင့် ဣတလျံ ဆိုမာလီလန်ဟူ၍ နယ်မြေသုံးခု ရှိခဲ့ရာမှ ၁၉၆၀ ပြည့်နှစ်ဇူလိုင်လတရက်နေ့တွင် ဣတလီနှင့် ဗြိတိသျှပိုင် ဆိုမာလီလန်တို့လွတ်လပ်ရေးရကာထိုနယ်နှစ်ခု ပေါင်းစည်းသွားပြီး နောက်ဆိုမာလီသမ္မတနိုင်ငံဟူ၍ ပေါ် ပေါက်လာသည်။



လွတ်လပ်ရေးမရမီ ၁၉၅၄ ခုနှစ်က ဗြိတိန်နှင့် အီသီအိုးပီးယား နှစ်နိုင်ငံ သဘောတူညီချက်အရ ဆိုမာလီ လူမျိုးများနေထိုင်သော အိုဂါဒင်ဒေသကို အီသီအိုးပီးယားနိုင်ငံအား ပေးအပ်ခဲ့သည်ကို ဆိုမာလီတို့က အသိအမှတ်မပြုသည့်နည်းတူ အီသီအိုးပီးယားနိုင်ငံကလည်း အိုဂါဒင်ဒေသ၌ ဆိုမာလီတို့ စားကျက်ပြုလုပ်ခွင့်ကို ရုပ်သိမ်းခဲ့သည်။ ထိုကြောင့် ၁၉၆၃ ခုနှစ်မှ စတင်ပြီး နှစ်ပေါင်းများစွာ နှစ်နိုင်ငံ နယ်စပ်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။

ဆိုမာလီယာနိုင်ငံတွင် ၁၉၆၉ ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့က စစ်တပ်မှ အာဏာသိမ်းသည်။ ဗိုလ်ချုပ် မိဟာမက်ဆီယဒ် ဗာရဲက သမ္မတအဖြစ် ဆောင်ရွက်သော စစ်ဖက်မှ ပုဂ္ဂိုလ် ၂၁ ဦးပါဝင်သည့် တော်လှန်ရေးကောင်စီက အမျိုးသား လွှတ်တော်ကို ဖျက်သိမ်းလိုက်သည်။ ဝန်ကြီးဒဖွဲ့တွင် နယ်ဖက်မှ ပုဂ္ဂိုလ်အများစု ပါဝင်သော အဖွဲ့ဝင် ၁၈ ဦးရှိသည်။ နိုင်ငံ၏အမည်ကိုလည်း ဆိုမာလီယာဒီမိုကရက်တစ် သမ္မတနိုင်ငံဟူ၍ ပြောင်းလဲခေါ် ဝေါ် သည်။ နိုင်ငံခြားရေးဝါဒတွင် ဘက်မလိုက်ဝါဒကို လက်ခံကျင့်သုံးသည်။

ဆိုမာလီနိုင်ငံသည် အကျယ်အဝန်းအားဖြင့် ၂၄၆,၂၀၁ စတုရန်းမိုင်ရှိသည်။ ၁၉၇၆ ခုနှစ် ခန့်မှန်းခြေအရ လူဦးရေ ၃,၂၅၀,၀၀၀ ရှိ၍ အများစုသည် အစ္စလာမ်ဘာသာကို ကိုးကွယ်ကြသည်။ မြို့တော်မှာ မိုဂါဒီရှူးမြို့ဖြစ်သည်။

၁၉၇၅ ခုနှစ်တွင် ဆိုမာလီနိုင်ငံ၌ ငတ်မွတ်ခေါင်းပါးခြင်းဘေး ဆိုက်ရောက်၍ ထောင်ပေါင်းများစွာသော လူများသေကြရသည်။ ဒုက္ခသည်ပေါင်း တသိန်းလေးသောင်းကို ဒုက္ခသည်စခန်းများတွင် လက်ခံထားရသည်။

ဆိုမာလီနိုင်ငံသည် အာဖရိကတိုက်တွင် ရုရှနိုင်ငံ၏ အရေးပါဆုံးသော စစ်အခြေစိုက်စခန်းဖြစ်ခဲ့သည်။ ၁၉၇၇ ခုနှစ်က ဆိုမာလီနိုင်ငံနှင့် ရုရှနိုင်ငံတို့သည် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ် ချုပ်သည်။ ရုရှတို့က စစ်ရေးအကူအညီများ ပေးခဲ့သဖြင့် ဆိုမာလီနိုင်ငံသည် ကြည်းတပ်အင်အား၊ တိုက်လေယာဉ်နှင့် တင့်ကားအင်အား တောင့်တင်းခဲ့သည်။

သို့ရာတွင် ၁၉၇၇ ခုနှစ် ဇွန်လတွင် အိုဂါဒင်ဒေသ ပိုင်ဆိုင်ရေးနှင့် စပ်လျဉ်း၍ ဆိုမာလီနှင့် အီသီအိုးပီးယားနိုင်ငံတို့ ရက်သတ္တကိုးပတ်ကြာ စစ်ပွဲဖြစ်ပွားသောအခါ ရုရှတို့က အီသီအိုးပီးယားနိုင်ငံအား စစ်ရေးအကူအညီပေးလိုက်ရာ ဆိုမာလီယာနှင့် ရုရှတို့၏ ဆက်ဆံရေး ပျက်ပြားသွားသည်။ ဆိုမာလီယာသမ္မတ ဗာရဲက ရုရှတို့နှင့်ချုပ်ဆိုခဲ့သော ချစ်ကြည်ရေးစာချုပ် ဖျက်သိမ်းကြောင်း ကြေငြာ၍ ရုရှအကြံပေး အရာရှိများကိုလည်း နိုင်ငံမှ ထုတ်ခွာသွားရန် အမိန့်ပေးသည်။ ကျူးဗားနိုင်ငံနှင့်လည်း သံအဆက်အသွယ် ဖြတ်တောက်ခဲ့သည်။

ဆိုမာလီယာနိုင်ငံအား မြောက်အတ္တလန္တိတ် အဖွဲ့ဝင်ငါးနိုင်ငံနှင့်ပါကစ္စတန်၊ အီရန်၊ ဆော်ဒီအာရေဗီးယား၊ ဣတလီ၊ ဆွစ်ဇာလန် စသောနိုင်ငံများက စစ်ရေးနှင့် စီးပွားရေး အကူအညီများပေးသည်။

အိုဂါဒင်စစ်ပွဲတွင် ပထမပိုင်း၌ ဆိုမာလီတို့အရေးသာ၍ အိုဂါဒင်ဒေသ၏ ၉၀ ရာခိုင်နှုန်းကို သိမ်းပိုက်နိုင်ခဲ့သည်။

ဆိုမာလီနိုင်ငံသည် မွေးမြူရေးနှင့် စိုက်ပျိုးရေးကို အဓိကထားသောတိုင်းပြည် ဖြစ်သည်။ ရှားပါးသော ယူရေနီယံသတ္တုလည်း တွေ့ထားသည်။ ပြည်ပသို့ ကျွဲ၊ နွားအသိုး ဆိတ်များနှင့် ငှက်ပျောသီးများ၊ သားရေများ တင်ပို့သည်။

ဆင်နီဂေါ သမ္မတ နိုင်ငံ။ ။အာဖရိကတိုက် အနောက်ဖက်ပိုင်း အတ္တလန္တိတ် ကမ်းရိုးတန်းတွင် တည်ရှိသည်။



မြောက်ဖက်တွင် မော်ရီတေးနီးယား၊အလ္ဂျေဖက်တွင် မာလီ၊တောင်ဖက်တွင် ဂင်းနီနှင့် ဂင်းနီဗစ်ဆော သမ္မတ နိုင်ငံတို့ရှိ၍ ဂမ်ဘီယာ နိုင်ငံကလေးကို ဆင်နီဂေါ နိုင်ငံက သုံးဖက် သုံးတန်မှ ဝိုင်းပတ်ထားသည်။ အကျယ်အဝန်းမှာ ၇၆,၁၂၄ စတုရန်းမိုင်ရှိသည်။ မြေနိမ့်လွင်ပြင်များ ပေါများသည်။ ရာသီဥတုမှာ ပူပြင်းစွတ်စိုသည်။ ၁၉၇၆ ခုနှစ်ခန့်မှန်းခြေ အရ လူဦးရေမှာ ၅,၁၁၀,၀၀၀ ရှိသည်။ မြို့တော်သည် ဒါကာမြို့ဖြစ်သည်။

နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသူများမှာ ဝိုလော့ဖ်ဟူလာဆရာမန်ဒင်ဂို၊တူကူလောစသောတိုင်းရင်းသား လူမျိုးစုများ ဖြစ်ကြသည်။ ယင်းတို့သည် မိမိတို့၏ ဘာသာစကားများကို ပြောဆိုကြသည်။ ပြင်သစ် ဘာသာစကားသည် ရုံးသုံး ဘာသာစကား ဖြစ်သည်။ လူများစုမှာ အစွဲလာမ် ဘာသာဝင်များ ဖြစ်ကြသည်။

စိုက်ပျိုးရေးကို အများဆုံး လုပ်ကိုင်ကြ၍ မွေးမြူရေး ငါးဖမ်းလုပ်ငန်းနှင့် သတ္တုတူးဖော်ရေးလုပ်ငန်းများကိုလည်း လုပ်ကိုင်ကြသည်။ နှံစားပြောင်း၊ ဖူးစားပြောင်း၊ ဆန်နှင့် မြေပဲတို့ကို စိုက်ပျိုးကြသည်။ ဆင်နီဂေါနိုင်ငံသည် ကမ္ဘာတွင် စတုတ္ထ မြေပဲအထွက်ဆုံး နိုင်ငံဖြစ်သည်။ မွေးမြူရေး လုပ်ငန်းတွင် ကျွဲ၊ နွား၊ ဆိတ်၊ သိုး၊ ဝက်နှင့် ကုလားအုပ်များကို မွေးမြူကြသည်။ မြေပဲဆီမှလွဲလျှင် ဖော့စဖိတ်သည် အရေးအပါဆုံးသော ပြည်ပပို့ ကုန်ပစ္စည်း ဖြစ်သည်။ တိုးတက် ကောင်းမွန်နေသော စက်မှု လုပ်ငန်းများမှာ စားနပ်ရိက္ခာ ထုတ်လုပ်ရေး၊ ဓာတုဗေဒ ပစ္စည်းများ ထုတ်လုပ်ရေးနှင့် ဗီလတ်မြေ လုပ်ငန်းတို့ ဖြစ်သည်။

၁၅ ရာစုနှစ်လောက်က ပြင်သစ်၊ဒပ်ချနှင့် ဗြိတိသျှ ကုန်သည်တို့သည် ဆင်နီဂေါသို့ ရောက်လာကြသည်။ ပြင်သစ် လူမျိုးတို့သည် လာရောက် အခြေချ နေထိုင်ကာ စိန့်လူဝီကျွန်းနှင့် ဂိုရေကျွန်းကို သိမ်းပိုက်လိုက်ကြသည်။ သို့သော် ဆင်နီဂေါ တစိတ်တဒေသကို ဗြိတိသျှတို့က သိမ်းသွင်းထားပြီး ဖြစ်သည်။ ယင်းကြောင့် ပြင်သစ်နှင့်ဗြိတိသျှတို့ စစ်ဖြစ်ပွားခဲ့ကြသည်။ ဗြိတိသျှတို့က အရေးသာသဖြင့် ဆင်နီဂေါကို သိမ်းပိုက်လိုက်သည်။ အမေရိကန် ပြည်တွင်းစစ် ဖြစ်ပွားသောအခါ ပြင်သစ်တို့သည် ဆင်နီဂေါကို ဗြိတိသျှတို့လက်မှ ပြန်လည်သိမ်းယူနိုင်ခဲ့သည်။

၁၉၅၈ ခုနှစ်တွင်ကိုယ်ပိုင်အုပ်ချုပ်ရေးရရှိခဲ့သည်။ ၁၉၅၉ ခုနှစ် ဧပြီလ ၄ ရက်နေ့တွင် ပြင်သစ်လက်အောက်ခံပြည်နယ်တခု ဖြစ်သော ဆူဒန်နှင့် ပူးပေါင်းကာမာလီဖက်ဒရေးရှင်းကို တည်ထောင်လိုက်သည်။ ဆင်နီဂေါနှင့် ဆူဒန်တို့သည် စည်းလုံးညီညွတ်မှု အင်အားအပြည့်အဝဖြင့် လွတ်လပ်ရေးကို တောင်းဆိုခဲ့သည်။ ပြင်သစ်အစိုးရသည် ၁၉၆၀ ပြည့်နှစ် ဇွန်လ ၂၀ ရက်နေ့၌ ယင်းနှစ်နိုင်ငံအား လုံးဝလွတ်လပ်ခွင့် ပေးခဲ့ရသည်။ လွတ်လပ်ရေး ရပြီးနောက်တွင် နှစ်နိုင်ငံ သဘောကွဲလွဲကြ၍မာလီဖက်ဒရေးရှင်း ပြိုကွဲသွားသည်။ ဆူဒန်နိုင်ငံသည် မာလီနိုင်ငံဟူသော အမည်သစ်ဖြင့် နိုင်ငံသစ် ထူထောင်သည်။

၁၉၆၃ ခုနှစ် မတ်လတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေဟောင်းကို ဖျက်သိမ်း၍ ဥပဒေသစ်ဖြင့် ဆင်နီဂေါအား သမ္မတနိုင်ငံအဖြစ် ကြေငြာခဲ့သည်။ ပထမဆုံးသော သမ္မတမှာ လွတ်လပ်ရေးအတွက် ကြိုးပမ်းခဲ့သော အမျိုးသားတိုးတက်ရေးပါတီ၏ ခေါင်းဆောင် လီယိုပိုဇေညော ဖြစ်သည်။ ၁၉၇၃ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့က ကျင်းပသော ရွေးကောက်ပွဲတွင်လည်း ဇေညောပင် ပြန်လည် အရွေးခံရသည်။ ဝန်ကြီးချုပ်မှာ အဗ္ဗဒူဒိုင်အော့ဖြစ်သည်။

၁၉၇၃ ခုနှစ်အတွင်း၌ မကြုံစဘူး ထူးကဲစွာ မိုးခေါင်မှုကြောင့် ဆင်နီဂေါ နိုင်ငံတွင် ရောဂါ ထူပြောခြင်းနှင့် ငတ်မွတ်ခေါင်းပါးခြင်း၊ သီးနှံပင်များ ပျက်စီး၍ တိရစ္ဆာန်များ မြောက်မြားစွာ သေဆုံးကြကာ လူအများအပြား အတိဒုက္ခ ရောက်ကြရသည်။

ဆိုင်ဗာနက်တစ်။ ။ဆိုင်ဗာနက်တစ်သည် သိပ္ပံပညာရပ် တရပ်ဖြစ်သည်။ စက်များဖြင့် အလုပ်လုပ်ရာ၌ ယင်းစက်များ၏ လှုပ်ရှားမှုကို ထိန်းသိမ်းပေးရာတွင် ဆိုင်ဗာနက်တစ်နည်းများကို သုံးရသည်။ ဆိုင်ဗာနက်တစ်ဟူသော ဝေါဟာရသည် ဂရိဘာသာ စကားမှ ဆင်းသက်လာပြီး အဓိပ္ပါယ်မှာ "ပဲ့နင်း"ဟူ၍ ဖြစ်သည်။ ၁၉၄၈ ခုနှစ်တွင် အမေရိကန်သိပ္ပံပညာရှင် နော်ဗတ်ဝီနာသည် ဆိုင်ဗာနက်တစ်ဟူသော ဝေါဟာရကို စတင်တီထွင်ခဲ့ပြီး ယင်း "ဆိုင်ဗာနက်တစ်"ဟူသော အမည်ဖြင့်ပင် စာအုပ်တအုပ် ထုတ်ဝေခဲ့သည်။ ထိုအချိန်မှစ၍ ဆိုင်ဗာနက်တစ် ဟူသော ဝေါဟာရသည်သိပ္ပံပညာလောက၌ ရေပန်းစားလာသည်။ ဆိုင်ဗာနက်တစ်သိပ္ပံသည် စက်များ၏ လှုပ်ရှားမှု ထိန်းသိမ်းရေးနှင့်သာမဟုတ်သေးပဲ သက်ရှိများ၏ လှုပ်ရှားမှု ထိန်းသိမ်းရေးနှင့်ပါ သက်ဆိုင်သည်။ အီလက်ထရွန်နစ် ထိန်းသိမ်းရေးဆိုင်ရာ ကရိယာများနှင့် လူနာပ်ကြောအဖွဲကြား တူညီသည့် အချက်အလက်များကို နော်ဗတ် ဝီနာက ဖော်ပေးခဲ့သည်။

ဇနကာဘိဝံသ၊ အရှင်၊မဟာဂန္ဓာရုံဆရာတော် (မြန်မာ ၁၂၆၁–၁၃၃၉)။ ။ပရိယတ္တိ သာသနာတော်အဓွန့် ရှည်ကြာတည် တံ့ ရေး အတွက် နှစ်ပေါင်း ၄၀ အတွင်းကျမ်းပေါင်း ၆၀ ရေးသားပြုစု၍ဂျင်း၊ မိမိနှင့် တကွ တပည့် ရဟန်းသံဃာများပါ ပဋိပတ် ဝိနည်းသိက္ခာ တော် အရစံပြ ကျင့်ကြံ နေထိုင်၍ဂျင်း၊ရဟန်းဘဝ အစမှသည် လွန် တော် မူသည့် အထိ ၅၈ နှစ်တိုင် စာဝါများ ပို့ချနိုင်ခဲ့သည့် အမရပူရတောင်မြို့ မဟာဂန္ဓာရုံဆရာတော်အဂ္ဂမဟာပဏ္ဍိတအရှင်ဇနကာဘိဝံသကို ၁၂၆၁ ခု တပို့တဲ့လဆုတ် ၁၄ ရက် အင်္ဂါနေ့တွင် ရွှေဘိုခရိုင်၊ဝက်လက်မြို့နယ်၊ သရိုင်ရွာ၌အဖ ဦးဇော်တိ၊ အမိ ဒေါ်အုန်းလှိုင်တို့မှ ဖွားမြင်သည်။ဆရာတော်သည် မြန်မာမင်းနှစ်ပါး၏ ရာဇဂုရုတံဆိပ်၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်သုံးတန်ရ မဟာ ဝိသုဒ္ဓါရုံဆရာတော်ကြီးနှင့် ထရံကာ ဆရာကြီးတို့၏ မြေးမြစ် ဖြစ်သည်။



အရှင်ဇနကာဘိဝံသဆရာတော်

ဆရာတော်အား ကလေးဘဝ စကားပီချိန်မှစ၍ အဘိုးဖြစ်သူက သင်ပုန်းကြီး၊ ဘုရားရှိခိုး အမျိုးမျိုးတို့ကို နှုတ်တိုက် သင်ချပေးခဲ့သည်။ အရွယ် ရောက်လာသည်နှင့် မန္တလေး ရွှေကျင်တိုက်ကြီး၌ ဓမ္မာစရိယ ဖြစ်တော်မူခဲ့သောသရိုင်ရွာ ပင်းကျောင်းဆရာတော်ထံ အပ်နှံ၍ပညာသင်ယူစေခဲ့သည်။ ပင်းကျောင်းဆရာတော်ကြီးသည် သက်တော် ကြီးရင့်သဖြင့် စာဝါများပို့ချခြင်းကိုတပည့်များနှင့် လဲအပ်ကာအနားယူပြီ ဖြစ်သော်လည်း ရှင်ဇနကာဘိဝံသ လောင်းလျာအား ကစ္စည်းသဒ္ဒါကျမ်းများကို ကိုယ်တော်တိုင်ပို့ချတော်မူခဲ့သည်။ ၁၂ နှစ်သားအရွယ်၌ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံကျောင်းတိုက် ဓမ္မာစရိယစာချုပ်ဂိုလ်အရှင် ဥဇဇာဘိဝံသ၊(ပရိယတ္တိသာသနာ့ဟိတဓမ္မာစရိယမန္တလေးသကျသီဟဘွဲ့တံဆိပ်ရ) မြောင်းမြ ပဇ္ဇောတာရုံ ဆရာတော်တို့ထံ၌ ပညာသင်ယူခဲ့သည်။

၁၅ နှစ်သား အရွယ်တွင် ပထမငယ်တန်းအောင်မြင်၍ ၁၆ နှစ်သား အရွယ်၌ သုတ်သီလကွန်ပါဠိတော် အဋ္ဌကထာတို့ကို တပြိုင်နက်ဆိုခဲ့ရပြီး အလတ်တန်း ညဝါကိုလည်း လေ့လာစေကာ ၁၆ နှစ်သားတွင် ပထမလတ်တန်းကိုအောင်မြင်ခဲ့သည်။ အလတ်တန်း အောင်မြင်ပြီးမှ ပဇ္ဇောတာရုံဆရာတော်ကိုဥပဇ္ဈာယ်ပြု၍သာမဏေဘဝသို့ ရောက်ခဲ့ရသည်။

ကိုရင်ဇနကာဘိဝံသသည် ၁၈ နှစ်သား အရွယ်မှာပင် ကျမ်းကြီးများစွာကို ပေါက်ရောက်ပြီးဖြစ်၍ ပထမကြီးတန်းကို လွယ်လွယ်ကူကူပင် ဖြေဆို အောင်မြင်ခဲ့သည်။ ၁၂၀၁ ပြည့် တပေါင်းလတွင် ပလိပ်မြို့ ဧကျောင်းသိမ်တော်၌ စစ်ကိုင်းတောင်ရိုး မဟာဂန္ဓာရုံဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ရဟန်းအဖြစ်ဆိုရောက်ရှိသည်။ ရဟန်းဘဝဖြင့် ပခုက္ကူသို့ သွားရောက် စာဝါတက်ရာ ရဟန်းသုံးဝါအရွယ်တွင် ဂဏဝါစကစာချအဖြစ် ချီးမြှောက်ခြင်း ခံရသည်။

ပခုက္ကူ၌၌ လေးဝါတိတိ စာချအပြီး မန္တလေး မဟာဝိသုဒ္ဓါရုံတိုက်သို့ ပြန်လည်ရောက်ရှိလာကာ ပရိယတ္တိ သကျသီဟ စာသင်တန်း၊ စာချတန်းနှင့် အစိုးရ ပထမကျော်တန်းများကို နှစ်နှစ်အတွင်း ဖြေဆိုအောင်မြင်ခဲ့သည်။

ထိုနောက် အဘယာရာမဆရာတော်က ခေါ်ယူသဖြင့် အဘယာရာမရွှေဂူတိုက်သစ်သို့ ပြောင်းရွှေ့၍ စာဝါများ ပို့ချခဲ့ရလေသည်။

ရဟန်းဝါ ကိုးဝါလွန် ဆယ်ဝါမြောက်လျှင် စာပေ ပရိယတ္တိ အားထုတ်လွန်ကဲမှုတို့ကြောင့် ကျန်းမာရေး အခြေအနေ ဆိုးဝါးလာရာ သာသနာတော်အတွက် မိမိကြိုးပမ်းချက် အမှတ်ထင်ထင် ကျန်ရစ်စေရန် ရည်ရွယ်လျက်သင်္ဂြိဟ်ဘာသာ ဋီကာကျမ်းကြီး ရေးသားပြုစုခဲ့ရာ ၁၂၉၇ ခု တပို့တဲ့လတွင် ပြီးစီးခဲ့လေသည်။ ထိုစဉ်အတွင်း ရတနာဂုဏ်ရည်ကျမ်း၊ အခြေပြုသင်္ဂြိဟ်၊ အခြေပြု သဒ္ဒါတို့ကို ရေးသားပြုစု ရိုက်နှိပ်ထုတ်ဝေပြီး ဖြစ်သည်။

၁၃၀၂ ခုနှစ်တွင် အမရပူရမြို့ယခု မဟာဂန္ဓာရုံကျောင်းတိုက်တည်ရာသို့ ကြွရောက်၍ နောက်ပါ တပည့် စာသင်သံဃာငယ် ငါးပါးနှင့် မဟာဂန္ဓာရုံ တိုက်ကို စတင်တည်ထောင်ခဲ့ရာ ၃၇ နှစ် အတွင်း ကျောင်းတိုက်ပေါင်း ၁၀၀ ကျော်၊ သံဃာပေါင်း ၅၀၀ ကျော်ဖြင့် မြန်မာပြည်၏ စံပြကျောင်းတိုက်ကြီး ဖြစ်လာသည်။

ဆရာတော်သည် ကျောင်းတိုက်ကြီး စတင်တည်ထောင်ရာမှ ပို့လွန်တော်မူသည့်အချိန်အထိ ၅၀၀ ကျော်မျှသော ကျောင်းနေသံဃာများအား နေ့စဉ် နံနက်တိုင်း ဩဝါဒပေးခြင်း၊ တနေ့လျှင် စာဝါသုံးဝါ ပို့ချခြင်း၊ နေ့စဉ်ဘုရားသာသနာ အဓွန့်ရှည် တည်တံ့ခိုင်မြဲရေးအတွက် ရည်ရွယ်လျက် စာပေကျမ်းဂန်များရေးသားပြုစုခြင်းတို့ပြုခဲ့သည်။

ဆရာတော် ပြုစုခဲ့သော ကျမ်းစာများမှာ သဒ္ဒါဖက်၊ အဘိဓမ္မာဖက်၊ ဝိနည်းဖက်များမှ စ၍ အဋ္ဌကထာဋီကာများ တိုင်အောင် ဘာသာစုံ၍ စာချစာသင် ရဟန်းသာမဏေများအတွက် အားထားရသည့် ကျမ်းကြီးများ

ဖြစ်သည်။ လူပုဂ္ဂိုလ်များအတွက်လည်း ကျမ်းစာများ ရေးသားပြုစုတော်မူခဲ့ရာ ကိုယ်ကျင့်အဘိဓမ္မာ၊ အနာဂတ်သာသနာ၊ ဘာသာသွေး စသောစာအုပ်များမှာ ထင်ရှားကျော်ကြားခဲ့သည်။

၁၃၁၂ ခုနှစ်တွင် နိုင်ငံတော်အစိုးရက ဆရာတော်အား အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို လှူဒါန်း ဆက်ကပ်ခဲ့သည်။ ဆရာတော်သည် ဆဋ္ဌသင်္ဂါယနာဝန်ဆောင် အဖွဲ့ဝင် အဖြစ်၎င်း၊ ဆဋ္ဌသင်္ဂါယနာသြသာနသောဓက အဖြစ်၎င်း ပါဝင်ဆောင်ရွက်တော်မူလျက် ၁၃၂၆ ခုနှစ် မှော်ဘီ သာသနာ သန့်ရှင်း ပြန့်ပွားရေး အစည်းအဝေး၏ ဦးဆောင် အဖွဲ့ဝင်အဖြစ်လည်းသာသနာ့တာဝန်ကို ထမ်းဆောင်တော်မူခဲ့သည်။ ၁၃၃၇ ခုနှစ် တန်ဆောင်မုန်းလတွင် ကျင်းပသော ရွှေကျင်နိကာယ ၁၁ ကြိမ်မြောက် ဂိုဏ်းလုံးကျွတ် အစည်းအဝေးကြီးမှ တွဲဘက်သာသနာပိုင် (ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ)အဖြစ် တင်မြှောက်ခြင်း ခံရသည်။

ပုံလွန်တော်မမူမီ နှစ်ရက် အလို ၁၃၃၉ ခု နတ်တော်လဆန်း ၁၄ ရက်နေ့၌ သုတ်မဟာဝါ ဘာသာဋီကာ ကျမ်းကြီးကို အပြီးသတ် ရေးသားပြုစု ပို့ချတော်မူခဲ့သည်။

အများလျှောက်ထား တောင်းပန်ချက်အရ ကိုယ်တိုင်ရေး ထေရုပ္ပတ္တိကိုလည်း ရေးသားပြုစုလျက်ရှိရာ ပုံလွန်တော်မမူမီ ၁၃ ရက် အလိုအထိ ရေးသားပြီးစီးခဲ့သည်။ ဆရာတော်သည် ၁၃၃၉ ခု နတ်တော်လဆုတ် ၂ ရက်နေ့ ညနေ ၄ နာရီမိနစ် ၃၀ အချိန် သက်တော် ၇၈ နှစ် သိက္ခာတော် ၅၉ ဝါအရတွင် ဘဝနတ်ထံစံလွန်တော်မူခဲ့လေသည်။

ဇီယာအူးရ်ရာမန်,ဗိုလ်ချုပ်မှူး(ခရစ် ၁၉၃၆ ဖွား)။ ။ ဗင်္ဂလားဒေ့ရှ နိုင်ငံ၏ သမ္မတ ဇီယာအူးရ်ရာမန်သည် ကာကွယ်ရေး စစ်ဦးစီးချုပ် ရာထူးနှင့် စစ် အုပ် ချုပ်ရေး အ ရာရှိ ချုပ် ရာထူး များ ကို ပါပူး တွဲ တာ ဝန် ယူလျက် ၁၉၇၇ခုနှစ် ဧပြီလ ၂၁ ရက်နေ့တွင် သမ္မတအဖြစ် ကျမ်း သစ္စာ ကျိန်ဆိုသည်။ ရာမန်သည် မိုဂရာမြို့၌ ၁၉၃၆ ခုနှစ် ကဖွား မြင် ခဲ့သူ ဖြစ်ပြီးလျှင် ၁၇ နှစ်



ဗင်္ဂလားဒေ့ရှ သမ္မတ ဇီယာအူးရ်ရာမန်

သား အရွယ်ကပင်တပ်မတော်သို့ ဝင်ခဲ့၍ ၁၉၅၅ ခုနှစ်တွင် ပြန်တမ်းဝင်တပ်မတော်အရာရှိ ဖြစ်လာသည်။ သူသည် ပန်ဂျပ်တပ်ရင်းတွင် နှစ်နှစ်ကြာမျှ အမှုထမ်းပြီးနောက် ၁၉၅၇ ခုနှစ်၌ အရှေ့ဗင်္ဂလားတပ်ရင်းသို့ ပြောင်းရသည်။ ၁၉၅၉ ခုနှစ်မှ ၁၉၆၄ ခုနှစ်အထိ တပ်မတော် ထောက်လှမ်းရေးအရာရှိအဖြစ် ဆောင်ရွက်ရပြန်သည်။

အိန္ဒိယ ပါကစ္စတန် စစ်ပွဲကာလဖြစ်သော ၁၉၆၅ ခုနှစ်အတွင်းတွင် မစ္စတာ ရာမန်သည် ပထမဆုံး အရှေ့ဗင်္ဂလားတပ်ရင်း၏ တပ်စုမှူးဖြစ်၍ ထိုစဉ်က ယင်းတပ်ရင်းမှ တဦးတည်းသော ဗင်္ဂါလီ တပ်စုမှူး ဖြစ်သည်။

ရာမန်သည် ပါကစ္စတန် တပ်မတော်ကို ပုန်ကန်ကာ ၁၉၇၁ ခုနှစ် မတ်လ ၂၇ ရက်နေ့၌ လွတ်လပ်ရေး မြတ်နိုးကြသည့် ဗင်္ဂလားဒေ့ရှ လူထု ခုနှစ် ကုဋ္ဌေခွဲအတွက် သမိုင်းတွင် ရစ်မည့် လွတ်လပ်ရေး ကြေငြာချက်ကို ထုတ်ပြန်ပေးခဲ့လေသည်။ ရာမန်သည် ထိုနှစ် သြဂုတ်လတွင် ဒုတိယ ဗိုလ်မှူးကြီးအဖြစ် ရာထူးတိုးမြင့်ရရှိသည်။

ဗင်္ဂလားဒေ့ရှနိုင်ငံ လွတ်လပ်ပြီး ကာလတွင် ရာမန်အား ကိုမင်လာတပ်ဖွဲ့၏ တပ်ရင်းမှူးအဖြစ် ခန့်အပ်သည်။ ၁၉၇၂ ခုနှစ်တွင် ဒုတိယ ကာကွယ်ရေး ဦးစီးချုပ်အဖြစ် ခန့်အပ်ခံရလေသည်။ အဆင့်ဆင့်ရာထူး တိုးမြှင့်ခံခဲ့ရရာ ၁၉၇၃ ခုနှစ်၌ ဗိုလ်မှူးချုပ်၊ ထိုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ဗိုလ်ချုပ်မှူး ဖြစ်လာပြန်သည်။ ၁၉၇၅ ခုနှစ် သြဂုတ်လ ၂၅ ရက်နေ့မှစ၍ မစ္စတာ ရာမန်သည် ဗင်္ဂလားဒေ့ရှနိုင်ငံ၏ ကာကွယ်ရေး ဦးစီးချုပ် ဖြစ်လာသည်။

၁၉၇၅ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့ နိုင်ငံအစိုးရအဖွဲ့အပြောင်းအလဲ နောက်ပိုင်းတွင် မစ္စတာ ရာမန်သည် စစ်အုပ်ချုပ်ရေးအဖွဲ့ ဒုတိယအရာရှိချုပ် အဖြစ်၎င်း၊ ၁၉၇၆ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်နေ့တွင် စစ်အုပ်ချုပ်ရေး အရာရှိချုပ်အဖြစ်၎င်း တာဝန်ယူပြန်သည်။ ယင်းသို့ တာဝန်မယူမီမေလတွင် ရာမန်းသည်လည်း အီစတန်ဗူမြို့၌ ကျင်းပသော အစ္စလာမ် ဘာသာဝင် နိုင်ငံခြားရေးဝန်ကြီးများ ကွန်ဖရင့်သို့ တက်ရောက်သည်။ ထိုနှစ် သြဂုတ်လ၌လည်း သူသည် သီရိလင်္ကာနိုင်ငံ ကိုလံဗိုမြို့၌ ကျင်းပသော ဘက်မလိုက်နိုင်ငံများ၏ ထိပ်သီးကွန်ဖရင့်သို့ တက်ရောက်ခဲ့သေးသည်။

၁၉၇၇ ခုနှစ် ဧပြီလတွင် ဗင်္ဂလားဒေ့ရှ သမ္မတ ဆယင် ရာထူးမှ နုတ်ထွက်၍ ရာမန်သည် ဗင်္ဂလားဒေ့ရှ၏ ငါးယောက်မြောက် သမ္မတအဖြစ် ဆက်ခံလေသည်။

ရာမန်သည် အိမ်နီးချင်း နိုင်ငံများနှင့် အညီအညွတ်ရှိရန် ကြိုးစားသည်။ ရာမန်းသည် ရွေးကောက်ပွဲဖြင့် တက်ရောက်လာရသော နိုင်ငံခေါင်းဆောင်မဟုတ်သည်နှင့်အညီ ၁၉၇၈ ခုနှစ်တွင် ရွေးကောက်ပွဲ ကျင်းပပေးမည်ဟု ကတိပြုထားသည်။ သို့ရာတွင် ၁၉၇၇ ခုနှစ် အောက်တိုဘာလက

တပ်တွင်း ပုန်ကန်မှုနှင့် အာဏာသိမ်းရန် ကြံစည်မှု ဖြစ်ခဲ့သည်ကိုသုံးသပ်လျက် ရာမန်သည်တိုင်းပြည်၏ အချုပ်အခြာအာဏာကို ထိန်းပေးနိုင်မည့် ပါတီသစ်တရပ် လိုအပ်ပြီဟု ယူဆ၍ တိုင်းပြည်အတွက် အနစ်နာခံနိုင်သော ရိုးသားသည့် ပုဂ္ဂိုလ်များ ပါဝင်သည့်ပါတီကို ဖွဲ့စည်းမည်ဟု ကြေငြာထားလေသည်။

ဇီယာ၊ အူးလဟတ်,မိုဟာမက် ဗိုလ်ချုပ်ကြီး (ခရစ် ၁၉၂၄ ဖွား)။ ။ဗိုလ်ချုပ်ကြီး မိုဟာမက် ဇီယာ အူးလဟတ်ကို ၁၉၂၄ ခုနှစ်တွင် ဖွားမြင်သည်။ ၁၉၄၅ ခုနှစ် မေလတွင် ပါကစ္စတန် တပ်မတော်၌စတင် တာဝန် ပေး အပ် ခြင်း ခံရသည်။



ပါကစ္စတန် သမ္မတ ဇီယာအူးလဟတ်

ဗိုလ်ချုပ်ကြီး ဇီယာ အူးလဟတ်သည် ကွက်တာမြို့ရှိ စစ်ဦး စီး တက္ကသိုလ်မှ ၁၉၅၅ ခုနှစ် တွင် ဘွဲ့ ရ ရှိသည်။ ထိုပြင် အမေရိကန်ပြည်ထောင်စုတွင် သင်ကြားပို့ချသော သံချပ်ကာကားတပ် အရာရှိများ၏ အဆင့်မြင့်သင်တန်းသို့ ၁၉၅၉ ခုနှစ်တွင်ဌင်း၊ စစ်ဦးစီးအရာရှိများသင်တန်းသို့ ၁၉၆၃ ခုနှစ်တွင်ဌင်း တက်ရောက်သင်ကြားခဲ့သည်။

တပ်မတော်လေ့ကျင့်ရေး၊ ရုံးဝန်ထမ်းလုပ်ငန်းနှင့် စစ်မှုရေးရာတွင် စီမံကွပ်ကဲရေး စသော လုပ်ငန်းများတွင် ရာထူးအဆင့်ဆင့်ဖြင့် ၁၉ နှစ်တိုင်တိုင် တာဝန်ယူဆောင်ရွက်ခဲ့ပြီးနောက် ၁၉၆၄ ခုနှစ်တွင် ဒု ဗိုလ်မှူးကြီးအဖြစ် ရာထူးတိုးမြှင့်ခြင်းခံရ၍ ပါကစ္စတန်နိုင်ငံ ကွက်တာမြို့ရှိ စစ်ဦးစီးတက္ကသိုလ်တွင် နည်းပြအရာရှိအဖြစ် ဆောင်ရွက်ရသည်။

၁၉၆၆ ခုနှစ်မှ ၁၉၆၈ ခုနှစ်အတွင်း၌ ဇီယာ အူးလဟတ် သည် မြင်းတပ်ရင်းတခုကို စီမံကွပ်ကဲရသည်။ ၁၉၆၈ ခုနှစ် မေလတွင် ဗိုလ်မှူးကြီးဖြစ်လာ၍ သံချပ်ကာကား တပ်မတခုတွင် တာဝန်ထမ်းဆောင်သည်။ ၁၉၆၉ ခုနှစ်တွင် ဗိုလ်မှူးချုပ်ရာထူးသို့ တိုးမြှင့်ခြင်းခံရပြီးနောက် သံချပ်ကာကား တပ်တခုကို စီမံကွပ်ကဲသည်။ နောက်သုံးနှစ်ကြာသောအခါ သူအား ဗိုလ်ချုပ်အဖြစ်ဌင်း၊ ၁၉၇၅ ခုနှစ်ဧပြီလတွင် ဒု ဗိုလ်ချုပ်ကြီးအဖြစ်ဌင်း တိုးမြှင့်ခန့်ထားခံရသည်။ တပ်မကြီး စစ်မှူးအဖြစ် တာဝန်ယူရသည်။ ထိုနောက် ၎င်းသည် ဗိုလ်ချုပ်ကြီးအဖြစ် ဆက်လက်၍ ရာထူးတိုးမြှင့်ခြင်းခံရပြန်ရာ ၁၉၇၆ ခု မတ်လတရက်နေ့တွင် ပါကစ္စတန် တပ်မတော် စစ်ဦးစီးချုပ်ဖြစ်လာသည်။

ဗိုလ်ချုပ်ကြီး ဇီယာ အူးလဟတ်သည် ဂျော်ဒန် တပ်မတော်တွင် အမှုထမ်းခဲ့သည့်အတွက် ဂျော်ဒန်ဘုရင်က ၎င်းအား **"ကောင့်ကက်နှင့် အစ်တစ်လာလ်"** ဘွဲ့ထူးကို အပ်နှင်းသည်။ ဗိုလ်ချုပ်ကြီး ဇီယာ အူးလဟတ်သည် ဒုတိယကမ္ဘာစစ်ကြီးအတွင်းက မြန်မာနိုင်ငံ၊ မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံများတွင်ဌင်း၊ ၁၉၆၅ ခုနှစ်နှင့် ၁၉၇၁ ခုနှစ်များအတွင်း ဖြစ်ပွားသော စစ်ပွဲများတွင်ဌင်း တက်ကြွစွာ ပါဝင်ထမ်းဆောင်ခဲ့သူဖြစ်သည်။

ဇီရော့စက်။ ။ဇီရော့စက်သည် မိတ္တူကူးစက်တမျိုးဖြစ်ပြီး ဇီရိုဂရပ်ဖီနည်းခေါ် မိတ္တူကူးနည်းတမျိုးကို သုံးထားသည်။ ဇီရိုဂရပ်ဖီနည်းဆိုသည်မှာ လျှပ်စစ်ငြိမ် ဓာတ်အားကို သုံးသည့် ပုံနှိပ်မင်မသုံးသော ပုံနှိပ်နည်းပင် ဖြစ်သည်။ ၁၉၃၇ ခုနှစ်တွင် ယင်းနည်းကို ချက်စတာ အက် ကာဆန် ဆိုသူ အမေရိကန် ပညာရှင် တဦးက တီထွင်ခဲ့ပြီး ၁၉၄၈ ခုနှစ်ကမှ လူသိရှင်ကြား ကြေငြာခဲ့သည်။

ဇီရိုဂရပ်ဖီနည်း၌ လျှပ်စစ်ငြိမ် ဓာတ်အားကို အသုံးပြုပြီး သတ္တုမဟုတ်သော ပုံနှိပ်ပလိတ်ပြားတွင် လျှပ်စစ်ဓာတ်ဝင်စေသည်။ ထိုအခါ ယင်းပုံနှိပ် ပလိတ်ပြားရှိ အနက်ရောင် နေရာများ၌ လျှပ်စစ်ဓာတ်ပိုဝင်ပြီး ဖျော့သောအနက်ရောင် နေရာများ၌ လျှပ်စစ်ဓာတ်အား နည်းနည်းသာ ဝင်သည်။ ထို့နောက် ယင်း ပုံနှိပ်ပလိတ်ပြားပေါ် သို့ သံမှုန့်နှင့် ပလပ်စတစ် အပိုင်းအစလေးများပါသော ပုံနှိပ်ပေါင်ဒါမှုန့်တမျိုးကို ဖြူးပေးလိုက်သည်။ ပုံနှိပ်ပလိတ်ပြားပေါ်ရှိ အနက်ရောင်နေရာများ၌ ပုံနှိပ်ပေါင်ဒါမှုန့်များ အများဆုံးကပ်ပြီး ဖျော့သော အနက်ရောင် နေရာများ၌ ပုံနှိပ်ပေါင်ဒါမှုန့် အနည်းငယ်သာ ကပ်သည်။ ထို့နောက် ပုံနှိပ်ပလိတ်ပြားပေါ်ရှိ ပုံနှိပ်ပေါင်ဒါမှုန့်ကို ပုံနှိပ်စက္ကူပေါ် သို့ ရောက်သွားစေပြီး ယင်းပုံနှိပ်စက္ကူကို မြန်မြန်အပူပေးလိုက်သည်။ ယင်းကဲ့သို့ အပူပေးလိုက်သည့်အခါ၌ ပုံနှိပ်ပေါင်ဒါမှုန့်ထဲ၌ ပါဝင်သော ပလပ်စတစ်အစလေးများသည် အရည်ပျော်ကုန်ပြီး ပုံနှိပ်စက္ကူပေါ်တွင် ပုံများကို ထင်ကျန်စေသည်။

ပုံနှိပ် စာမူများကိုသော်ဌင်း၊ လက်ရေး စာမူများကိုသော်ဌင်း၊ ရုပ်ပုံများကိုသော်ဌင်း မူရင်းအတိုင်း တမုဟုတ်ချင်း မိတ္တူပြန်လည် ကူးရာ၌ ဇီရော့စက်ကို အသုံးပြုကြသည်။ နောက်ဆုံးပေါ် ဇီရော့စက်များသည် ဆောင်စုံပုံများကိုပင် မူရင်းအရောင်များအတိုင်း ပြန်ကူးပေးနိုင်သည်။ ယခုအခါ၌ ဇီရော့စက်ဖြင့် မိတ္တူကူး၍ မရနိုင်သော နည်းလမ်း

များကိုလည်း တီထွင်ထားကြသည်။ အထူးဖော်စပ်ထားသော အရောင်တောက်သည့် ဆိုးဆေးတမျိုးကို အခြားသူများ မကူးယူစေချင်သော စာရွက်စာတန်းများအပေါ် တွင် ဖျန်းပေးထားပါကဗီရော့စက်ဖြင့်ပင် ပြန်လည်၍ မိတ္တူကူးယူသော်လည်း ပုံနှိပ်စက္ကူပေါ် တွင် ဘာမျှပေါ်လာမည် မဟုတ်ပေ။

ဇင်ဗာဗွေနိုင်ငံ။ ။(ရိုးဒီးဇီးယားနိုင်ငံ—ရှု။)

ဇိုင်ယာသမ္မတနိုင်ငံ။ ။(၂–၂၀၆၊ ၅၁၀—ရှု။) ဇိုင်ယာနိုင်ငံ၏ မူလအမည်မှာ ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံဖြစ်သည်။ဇိုင်ယာနိုင်ငံ၏ မြောက်ဖက်တွင် အလယ်ပိုင်း အာဖရိက သမ္မတနိုင်ငံ၊ အရှေ့ဖက်တွင် ယူဂန်းဒါး၊ အာဝမ်းဒါး၊ဗူရွန်ဒီနှင့် တန်ဇားနီးယားနိုင်ငံ၊ တောင်ဖက်တွင် ဇမ္ဗီးယားနိုင်ငံ၊ အန်ဂိုလာနိုင်ငံ၊ အနောက်ဖက်ဟွင် အတ္တလန္တိတ် သမုဒ္ဒရာနှင့် အနောက်မြောက်ဖက်တွင် ကွန်ဂို ပြည်သူသမ္မတနိုင်ငံတို့ တည်ရှိကြသည်။



ဇိုင်ယာနိုင်ငံသည် စတုရန်းမိုင် ၉၀၅,၀၆၃ ကျယ်ဝန်းပြီး ၁၉၇၆ ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေ ၂၄,၉၀၀,၀၀၀ ခန့် ရှိပေသည်။ မြို့တော်မှာ ကင်ရှာဆာမြို့ဖြစ်သည်။ ပြင်သစ်ဘာသာသည် ရုံးသုံးဘာသာ ဖြစ်သည်။

ကွန်ဂိုနိုင်ငံသည် ၁၉၆၀ ပြည့်နှစ် ဇွန်လ ၃၀ ရက်နေ့တွင် လွတ်လပ်ရေး ရခဲ့သည်။ မစ္စတာဂျိုးဇက်ကဆာဗူးဗူးသည် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရပြီး ပက်ထရစ် လူမွမ်းဗားသည် ဝန်ကြီးချုပ်ဖြစ်လာသည်။ လွတ်လပ်ရေးရပြီးနောက် ပြည်တွင်းစစ်များနှင့် ရင်ဆိုင်ခဲ့ရသည်။ နိုင်ငံရေးမတည်ငြိမ်မှုများ ရှိနေစဉ်အတွင်း အဓိကစီးပွားရေးလုပ်ငန်းများ တည်ရှိရာ ကတန်းဂါးပြည်နယ်သည် ကွန်ဂိုနိုင်ငံမှ ခွဲထွက်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ်တွင် ကတန်းဂါးပြည်နယ်သည် သီးခြားနိုင်ငံ ဖြစ်ကြောင်း ကြေငြာပြီး၊ ဗဲလ်ဂျီယမ် အာဏာပိုင်တို့နှင့် ပူးပေါင်း၍အမျိုးသား အရင်းရှင် တဦးဖြစ်သူ မစ္စတာရွန်ဗီက သမ္မတအဖြစ် အုပ်ချုပ်သည်။

ထို့ကြောင့် ဝန်ကြီးချုပ် လူမွမ်းဗားက ကုလသမဂ္ဂသို့ တိုင်ကြားအကူအညီတောင်းခဲ့ရာ ၁၉၆၀ ပြည့်နှစ် ဇူလိုင်လ ၁၅ ရက်နေ့တွင် ကုလသမဂ္ဂတပ်များကွန်ဂိုနိုင်ငံသို့ ရောက်ရှိခဲ့လေသည်။ ထိုအချိန်မှစ၍ ဗဲလ်ဂျီယမ်တပ်များကို စတင်ရုပ်သိမ်း ခဲ့လေသည်။ ၁၉၆၃ ခုနှစ်တွင် ခွဲထွက်ခဲ့သော ကတန်းဂါးပြည်နယ်သည် ကွန်ဂိုနိုင်ငံနှင့် ပြန်ပေါင်းသည်။

၁၉၆၅ ခုနှစ် နိုဝင်ဘာလတွင် စစ်ဦးစီးချုပ်ဖြစ်သူ ဗိုလ်ချုပ်ကြီး မိုဗူတူးက အာဏာသိမ်းခဲ့ပြီး ဝန်ကြီးချုပ် မစ္စတာရွန်ဗီကို ပြည်နှင်ဒဏ်ပေးခဲ့သည်။ ဗိုလ်ချုပ်ကြီး မိုဗူတူးသည် သမ္မတအဖြစ်ကိုခံယူပြီးယင်း၏အမည်ကို မိုဗူတူးဆဲဆီဆီးကိုးဟူသော အမည်သို့ပြောင်းသည်။ (မိုဗူတူး, ဆဲဆီဆီးကိုး—ရှု။) ၁၉၇၁ ခုနှစ်တွင် ကွန်ဂို ဒီမိုကရက်တစ်သမ္မတနိုင်ငံအား ဇိုင်ယာသမ္မတနိုင်ငံဟုငင်း၊ လီယိုပိုလဗီး မြို့တော်ကိုလည်း ကင်ရှာဆာမြို့တော်ဟုငင်း၊ကတန်းဂါးပြည်နယ်ကို ရှာဘားပြည်နယ်ဟုငင်း ဇိုင်ယာနိုင်ငံအတွင်းရှိ ကွန်ဂိုမြစ်ကိုလည်း ဇိုင်ယာမြစ်ဟုငင်း အမည်ပြောင်းလိုက်သည်။

သမ္မတမိုဗူတူး လက်ထက်တွင် ဇိုင်ယာနိုင်ငံ၏ နိုင်ငံရေးမှာ တည်ငြိမ်လာပြီး စီးပွားရေး ဖွံ့ဖြိုး တိုးတက်ခဲ့သည်။ ၁၉၇၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် သမ္မတမိုဗူတူးသည် နောက်ထပ် ခုနစ်နှစ် သမ္မတအဖြစ် ပြန်လည် ရွေးကောက်တင်မြှောက် ခံရလေသည်။

ဇိုင်ယာ နိုင်ငံ၏အဓိက စီးပွားရေး လုပ်ငန်းများမှာ ဓာတ်သတ္တုများ တူးဖော်ခြင်းလုပ်ငန်းဖြစ်သည်။

ဇမ္ဗီးယား သမ္မတနိုင်ငံ။ ။ဇမ္ဗီးယား သမ္မတနိုင်ငံသည် အာဖရိကတိုက်တောင်ပိုင်း အလယ်ဗဟိုတွင် တည်ရှိသည်။



မြောက်ဖက်တွင် ကွန်ဂို သမ္မတနိုင်ငံ၊ အရှေ့ဖက်တွင် မာလဝီနိုင်ငံ၊ တောင်ဖက်တွင် ရိုဒီးဇီးယားနိုင်ငံ၊ အနောက်ဖက်တွင် တောင်အာဖရိကနိုင်ငံတို့ရှိသည်။ မူလက ရိုးဒီးဇီးယားနယ်သည် မြောက်ပိုင်း ရိုဒီးဇီးယားနှင့် တောင်ပိုင်းရိုဒီးဇီးယားဟူ၍ နယ်နှစ်နယ် သီးခြားရှိခဲ့ရာမှ မြောက်ပိုင်း ရိုဒီးဇီးယားနယ်သည် ၁၉၆၄ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့မှစ၍ လွတ်လပ်ရေးရရှိကာ ဇမ္ဗီးယားသမ္မတနိုင်ငံ ဖြစ်လာသည်။ (၁၁ - ၂၃၁ — ရှု။)

အကျယ်အဝန်းမှာ ၂၉၀,၅၈၆ စတုရန်းမိုင် ဖြစ်သည်။ ၁၉၇၆ ခုနှစ် ခန့်မှန်းချက်အရ လူဦးရေ ၄,၈၅၅,၀၀၀ ရှိသည်။ မြို့တော်မှာ လူဆာကာမြို့ဖြစ်သည်။

ပြောင်းဖူး၊ ဆေး၊ ပီလောပီနံ၊ နှံစားပြောင်း၊မြေပဲနှင့် သစ်သီးများ စိုက်ပျိုးသည်။ အဓိက ထုတ်ကုန်မှာ ကြေးနီဖြစ်သည်။ ကမ္ဘာပေါ်တွင် ကြေးနီ တတိယအထွက်ဆုံးနိုင်ငံလည်းဖြစ်သည်။

ဇမ္ဗီးယားနိုင်ငံသည် ရွေးအခါက တိုင်းရင်းသားလူမျိုးစုအကြီးအကဲများ အုပ်စိုးရာဒေသဖြစ်ခဲ့သည်။ ၁၈၈၉ ခုနှစ်မှ

၁၉၂၄ ခုနှစ်အထိ ဗြိတိသျှ တောင်အာဖရိက ကုမ္ပဏီက အုပ်ချုပ်သည်။ ထိုမှတဖန် ဗြိတိသျှ အစောင့်အရှောက်ခံ နိုင်ငံ ဖြစ်လာသည်။

၁၉၅၃ ခုနှစ် ဩဂုတ်လတွင် မြောက်ပိုင်း ရိုဒီးဇီးယား နယ်၊ တောင်ပိုင်းရှိ ရိုဒီးဇီးယားနယ်နှင့် နိုယာစာလန်နယ် တို့ ပူးပေါင်း၍ရိုဒီးဇီးယားနှင့် နိုယာစာလန်ပြည်ထောင်စုဟု ဖွဲ့စည်းခဲ့၏။ သို့သော် ထိုပြည်ထောင်စုကို ၁၉၆၃ ခုနှစ် ဒီဇင်ဘာလတွင် ဖျက်သိမ်းခဲ့သည်။ ၁၉၆၄ ခုနှစ် ဇန္နဝါရီလ မှစ၍ မြောက်ပိုင်း ရိုဒီးဇီးယားနယ်တွင် ဖွဲ့စည်းပုံ အခြေခံ ဥပဒေအသစ် ပြဋ္ဌာန်းပေးခဲ့ရာ ပြည်တွင်း ကိုယ်ပိုင်အုပ်ချုပ် ခွင့်အာဏာများ ရရှိခဲ့၏။ ၁၉၆၄ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့တွင် လွတ်လပ်ရေးရရှိကာ ဇမ္ဗီးယားသမ္မတနိုင်ငံ ဟု အမည်ပြောင်းလိုက်လေသည်။ ဇမ္ဗီးယားနိုင်ငံသည် ဗြိတိသျှဓနသဟာယနိုင်ငံဖြစ်၍ ကုလသမဂ္ဂ အဖွဲဝင် နိုင်ငံ လည်းဖြစ်သည်။

ဇမ္ဗီးယား သမ္မတနိုင်ငံတွင် သမ္မတကင်းနက်ကအွန်းဒါး ဦးဆောင်သည့် **အမျိုးသားလွတ်လပ်ရေးပါတီ**နှင့် အာဖရိက အမျိုးသားကွန်ဂရက်ပါတီ ဟူ၍ အဓိက ပါတီကြီးနှစ်ရပ် ရှိသည်။ ဇမ္ဗီးယားသမ္မတနိုင်ငံ၏ ပထမဦးဆုံးလက်ရှိ သမ္မတ မှာကင်းနက်ကအွန်းဒါးဖြစ်သည်။ (ကအွန်းဒါး၊ ကင်းနက်—ရှု။) ဇမ္ဗီးယားနိုင်ငံ၏ ကုန်သွယ်မှု လမ်းကြောင်းမှာ ရိုဒီး ဇီးယားနိုင်ငံကိုဖြတ်၍ တင်ပို့ရသည်။ ၁၉၆၅ ခုနှစ်တွင် အီ ယန်စမစ်၏ လူဖြူအစိုးရက တဖက်သတ်လွတ်လပ်ရေး ကြေ ငြာခဲ့ရာ ဇမ္ဗီးယားနိုင်ငံသည် ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်ကို ထောက်ခံခဲ့သဖြင့် ရိုဒီးဇီးယား၏ ခြိမ်းခြောက် ခံခဲ့ရ၏။ ၁၉၆၇ ခုနှစ်တွင် ဇမ္ဗီးယားနိုင်ငံ၏ ကုန်သွယ်ရေး လမ်း ကြောင်းအသစ်အတွက် ငွေကြေးထောက်ပံ့ရန် ဗြိတိန်နိုင်ငံ က သဘောတူညီခဲ့သည်။ ၁၉၆၇ ခုနှစ်တွင် သမ္မတကင်းနက် ကအွန်းဒါးသည်တရုတ်ပြည်သူသမ္မတနိုင်ငံသို့ အလည်အပတ် သွားရောက်ခဲ့သည်။ တရုတ်ပြည်သူသမ္မတနိုင်ငံက ကြေးနီ တွင်းများမှ တန်ဇားနီးယားနိုင်ငံ ဒါရက်ဆလန်မြို့အထိ မိုင် ၁၀၀၀ ရှည်သည့် ရထားလမ်းကိုဖောက်လုပ်ရန် ငွေကြေး အကူအညီပေးသည်။

၁၉၆၉ ခုနှစ် ဩဂုတ်လတွင် သမ္မတ ကအွန်းဒါးသည် နိုင်ငံခြားသားပိုင် ဓာတ်သတ္တု တူးဖော်ရေးလုပ်ငန်းများကို နိုင်ငံပိုင်ပြုလုပ်ရန် ကြေငြာခဲ့သည်။ ၁၉၇၄ - ၇၅ ခုနှစ်တွင် ကမ္ဘာ့ကြေးနီ စျေးကျဆင်းသောကြောင့် ကြေးနီမှရသော နိုင်ငံခြားဝင်ငွေ ထက်ဝက်မျှ လျော့ကျသွားခဲ့သည်။ သမ္မတ ကင်းနက်ကအွန်းဒါးသည် တိုင်းပြည်စီးပွားရေး ပြန်လည် ကောင်းမွန်လာစေရန်အတွက် မြေယာ၊ပဂ္ဂလိကဆေးရုံ၊ ရုပ် ရှင်၊ ဇာတ်ရုံများနှင့် သတင်းစာတိုက်များကို ပြည်သူပိုင် ပြုခဲ့လေသည်။

ဥာဏစာရီ၊ ဒေါ် (မြန်မာ ၁၂၅၉ – ၁၃၃၇)။ ။ ခေတ်မှီသီလရှင် သာသနာပြု လုပ်ငန်းထူထောင်သူသီလရှင် ဆရာကြီး ဒေါ် ဥာဏစာရီကို ၁၂၅၉ခုနှစ်ကဆုန် လဆန်း၁၁ရက်နေ့ တွင် မြန်အောင်မြို့ ထန်းသုံးပင် တိုက် သူကြီး ဦး အင် ကြင်း၊ ဒေါ်ငွေယုံ တို့မှမွေးဖွားသည်၊



ဒေါ် ဥာဏစာရီ

မိဖ များမှာ လယ် တီ ဆရာ တော်၏ တပည့် ရင်းများ ဖြစ်ကြ သဖြင့် ငယ်စဉ်က ပင် တရားစာပေနှင့် ပွန်းတည်းခဲ့သည်။ ကျောင်းပညာ ပဉ္စမတန်းအထိသာ သင်ကြားခဲ့ရသော်လည်း ၁၂ နှစ်သမီး အရွယ်မှာပင် လယ်တီဆရာတော်ဘုရားကြီး၏ ပရမတ္ထသံခိပ် ခုနစ်ပိုင်း၊ ပဋ္ဌိစ္စသမုပ္ပါဒ်လင်္ကာနှင့် သင်္ဂဟပါဠိအချို့ အာဂုံ နှုတ်တက် ရွတ်ဆိုနိုင်ခဲ့သည်။ ငယ်ရွယ်စဉ်မှာပင် အရွယ်နှင့် မမျှ သင်္ဂဇာဆရာတော်၊ထွဋ္ဌခေါင်ဆရာတော်တို့၏ ကျမ်းစာ များ၊ ဆရာတော်ဦးတိက္ခိန္ဒြိယ၏ ဝိပဿနာ တရားတော် များကို လေ့လာခဲ့ပြီးဘာဝနာတရားနှင့် မွေ့လျော်ခဲ့သည်။

အသက် ၁၆ နှစ်အရွယ် ၁၂၇၆ ခုနှစ် တပေါင်းလတွင် မြန်အောင်မြို့ ဘာဝနာတိုက်ဟောင်း ရွှေဘိုဆရာတော် ကြီး၏တပည့် ဒေါ်ဝိလာသီထံတွင် မယ်ဥာဏစာရီဘွဲ့ဖြင့် သီလရှင်ဘဝ ခံယူခဲ့သည်။ ထိုတိုက်တွင် ငါးနှစ်တာမျှ ပညာဆည်းပူးပြီး ပါဠိပိဋကတ် စာပေများ ဆက်လက် သင်ကြားဆည်းပူး၍ စစ်ကိုင်းတောင် သမိဒ္ဓါဒယ ဆရာကြီး ဒေါ်မာလာရီထံသို့ သွားရောက် ဆည်းကပ်ခဲ့ပြန် သည်။ သမိဒ္ဓါဒယချောင်တွင်မြန်မာဘုရင်မင်းတုန်းမင်းနှင့် သီပေါဘုရင်တို့က ဆက်ကပ်လှူဒါန်းသည့် ဣန္ဒကာဘိဓဇ သီရိပဝရ မဟာဓမ္မရာဇာဓိဂုရုဘွဲ့နှင့် အဂ္ဂမဟာပဏ္ဍိတဘွဲ့ တံဆိပ်ရ ထရံကာဆရာတော် လူထွက် ထရံကာဆရာကြီး ထံ၌ သဒ္ဒါအဘိဓမ္မာများ သင်ယူခဲ့သည်။ သမိဒ္ဓါဒယ ချောင်၌ ကျင်းပသော ပထမငယ်၊ ပထမလတ်၊ ပထမကြီး စာမေးပွဲများတွင် အကြီးတန်း၌ ပထမ ရရှိခဲ့သည်။

စစ်ကိုင်းမှ မြန်အောင်သို့ ပြန်လာပြီး မြန်အောင်တိုက် သစ်တည်ကာ ၁၂၉၂ ခုနှစ်မှ စ၍ ဝေဠုဝန်ဆရာတော် အမှူးထား၍ ၁၆ နှစ်တိုင် အာဂမ၊ သဘာဝနှစ်ဌာနစာပြန် ပွဲများကျင်းပခဲ့သည်။ စေတနာရှင်များ၏ဒါနဖြင့် ၁၃၀၉

ခုနှစ်တွင် ကြည့်မြင်တိုင်ဟံသာဝတီရပ်၌ ကမ္ဘာ့စံပြ သမိဒ္ဓါဒယ သုခိတာရာမမြန်အောင်ကျောင်းတိုက်အမည်ဖြင့်တိုက်သစ်တည်ခဲ့ပြန်လေသည်။

ဒေါ်ဥာဏစာရီ၏ သီလရှင် စာသင်တိုက်တွင် သီလရှင်ပေါင်း တရာကျော်ရှိပြီး ပဋ္ဌိပတ်နှင့် ပရိယတ် လုပ်ငန်းများကိုဂုဏ်း၊ ခေတ်နှင့်အမီ သာသနာ့ဝန်ထမ်းဆောင်နိုင်ရန် ဆရာဆရာမများဌား၍ အင်္ဂလိပ်၊ သခ်ၤာစသည့် ဘာသာများကိုဂုဏ်း သင်ကြားစေခဲ့သည်။ ဒေါ်ဥာဏစာရီ၏ ကြိုးပမ်းမှုဖြင့် မော်လမြိုင်၊ ပဲခူး၊ မအူပင်၊ တံတေး၊ မြန်အောင်တိုက်ခဲ့များတွင်လည်း သီလရှင်ပေါင်း ရာနှင့်ချီပြီး ရှိနေသည်။ ဓမ္မာစရိယ၊ ပထမကြီး၊ ပထမလတ် စသည့် ပညာရည်ချန်တပည့်ပေါင်းများစွာ ပေါ်ထွက်လာသည်သာမက ဝိဇ္ဇာဘွဲ့ရသီလရှင်တပါးပင် ပေါ်ပေါက်လာခဲ့သည်။

ဒေါ်ဥာဏစာရီ၏စံပြသီလရှင်တိုက်ကြီးသည်နိုင်ငံခြားမှဧည့်သည်တော်များပင် သွားရောက်လေ့လာ၍မှတ်တမ်းတင်ရေးသားခဲ့ရသည်။ နွေရာသီ ကျောင်းပိတ်ရက်များတွင် မင်္ဂလာတရားတော်၊ ဘုရားဟောသုတ်တော်များနှင့် ဗုဒ္ဓဘာသာအခြေခံယဉ်ကျေးမှုများကိုသင်ကြားရန် လာရောက်ကြသည့် မြန်မာအမျိုးသမီးလေးများ၏ ဒုလ္လဘသီလရှင်ပြုပုံများဖြင့် စည်ကားလျက်ရှိနေပေသည်။ ဒေါ်ဥာဏစာရီသည် အသက်၇၀ နှစ်အရွယ် ၁၃၇၇ ခုနှစ် တန်ခူးလဆုတ် ၂ ရက်နေ့တွင် လူကြီးရောဂါဖြင့်ပင် ကွယ်လွန်ခဲ့လေသည်။

ညီရေးရေး,ဂျူးလယ်ကမ်ဗားရာဂေ (ခရစ် ၁၉၂၂ ဖွား)။

။တန်ဇားနီးယားသမ္မတနိုင်ငံ၏ သမ္မတညီရေးရေးကို၁၉၂၂ခုနှစ်တွင် တန်ဂန်ယီကမြောက်ပိုင်းရှိဗူတိယာမမြို့၌မွေးဖွားသည်။ညီရေးရေးသည် ငယ်စဉ်ကရိုမန် ကက်သလစ်သာသနာပြုကျောင်းများတွင် ပညာသင်ကြား၍ အသက် ၂၀ ၌ ကက်သလစ်ဂိုဏ်းဝင် အဖြစ် ခံယူသည်။ သူသည် ဇဂန်ဒါအရပ်မှ မာကရေးရေး ကောလိပ်တွင် ဆရာဖြစ်သင်တန်း တက်ပြီးနောက် ၁၉၄၉ ခုနှစ်အထိ စာပေပို့ချနေသည်။ ထိုနှစ်တွင် တန်ဂန်ယီကသားထဲမှ အဦးဆုံးအဖြစ် ဗြိတိန်နိုင်ငံရှိ အီဒင်ဗာရာတက္ကသိုလ်သို့ ပညာတော်သင် စေလွှတ်ခံရသည်။ သမိုင်းနှင့် နိုင်ငံရေးဘောဂဗေဒပညာရပ်တွင် ၁၉၅၂ ခုနှစ်က မဟာဝိဇ္ဇာဘွဲ့ယူ၍ တန်ဂန်ယီကသို့ စာပေပို့ချရန် ပြန်သည်။

ညီရေးရေးသည် ၁၉၅၄ ခုနှစ်၌ တာနုခေါ် တန်ဂန်ယီက၏ အာဖရိက အမျိုးသားသမဂ္ဂကို တည်ထောင်ပြီးနောက် သမဂ္ဂ၏ ဥက္ကဋ္ဌအဖြစ် အရွေးခံရသည်။ တန်ဂန်ယီကဥပဒေပြုကောင်စီတွင် ၁၉၅၄ ခုနှစ်နှင့် ၁၉၅၇ ခုနှစ်များအတွက် အဖွဲဝင် တဦးလည်း ဖြစ်သည်။ ညီရေးရေးသည် တန်ဂန်ယီက လွတ်လပ်ရေးအတွက် ကုလသမဂ္ဂတွင် ၁၉၅၅ ခုနှင့် ၁၉၅၆ ခုနှစ်များ၌ အပြင်းအထန် အရေးဆိုခဲ့သည်။ ဥပဒေပြု ကောင်စီတွင်လည်း ၁၉၅၈ ခုနှစ်၌ အရွေးခံရပြီးလျှင် ၁၉၆၀ ပြည့်နှစ်တွင် သူကိုပင်တဖန်ပြန်၍ ရွေးကောက်တင်မြှောက်ကြပြန်သည်။

သူသည် ၁၉၆၁ ခုနှစ်၌ ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခံရ၏။ သို့သော် ၁၉၆၂ ခုနှစ်တွင် သမဂ္ဂ(ပါတီ)ရေးရာများကို ဇောက်ချလုပ်လို၍ ရာထူးမှ နုတ်ထွက်လိုက်သည်။ ထိုမှနိုင်ငံ လွတ်လပ်ရေးရသော ၁၉၆၃ ခုနှစ်တွင် တန်ဂန်ယီကနိုင်ငံသမ္မတအဖြစ် ရွေးကောက်ခံရသည်။ တန်ဂန်ယီကနှင့် ဇန်ဇီဗာ နှစ်နိုင်ငံ ပူးပေါင်း၍ တန်ဇားနီးယား သမ္မတနိုင်ငံဖြစ်လာသော ၁၉၆၄ ခုနှစ်တွင်လည်း သမ္မတအဖြစ်ဆက်လက်ဆောင်ရွက်ရရာ ၁၉၆၅ ခုနှစ်၌ နောက်ဘဲနှစ်သက်တန်းထပ်မံအရွေး ခံရလေသည်။ (တန်ဇားနီးယား—ရှု။)

ညီရေးရေးသည် အဂျာမာအာခေါ် မိသားစုသဖွယ် နေထိုင်ရေး အယူအဆအပေါ် အခြေခံလျက် ဆန်းသစ်သော ဆိုရှယ်လစ်ဝါဒကို တီထွင်ချမှတ်ကာ ၁၉၆၇ ခုနှစ်တွင် အာရူရှာမြို့၌ ဖော်ထုတ်လိုက်သော အာရူရှာ ကြေငြာချက်၌ သူဝါဒကို ဖော်ပြထားသည်။ ညီရေးရေးသည် နိုင်ငံအတွင်း၌ ကျင့်သုံးသည့် ဒီမိုကရေစီ ပုံစံသစ်များကိုလည်း ထိရောက်စွာ ထုတ်ဖော် စမ်းသပ်ခဲ့သည်။ သူ၏ မိန့်ခွန်းများနှင့် သူ၏စာပေများကို ၁၉၆၇ ခုနှစ်ထုတ် လွတ်လပ်ရေးနှင့် စည်းလုံးမှု စာအုပ်၌ စုဆောင်းတင်ပြထား၏။

တတိယကမ္ဘာ။ ။ဒုတိယ ကမ္ဘာစစ်ကြီး အပြီးတွင် နိုင်ငံတကာ အခြေအနေများသည် စစ်ကြီးမတိုင်မီ ကာလနှင့် လုံးဝမတူ ကွဲပြားခြားနားသွားခဲ့ပေသည်။

အမေရိကန်ပြည်ထောင်စု ဦးဆောင်သော အရင်းရှင်နိုင်ငံများနှင့် ရုရှဦးဆောင်သော ဆိုရှယ်လစ် နိုင်ငံများသည် အနောက်အုပ်စုနှင့် အရှေ့အုပ်စုအဖြစ် အထင်အရှားကွဲပြားလာပြီး ကမ္ဘာ့ကုလသမဂ္ဂ အတွင်း၌သာမက ကမ္ဘာ့ကုလသမဂ္ဂ အပြင်၌ပါ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးအရ အားပြိုင်စုစည်းလာကြသည်။



တန်ဇားနီးယား သမ္မတ ညီရေးရေး


ထား:ဝယ်
၉
၁၂
၁၃
၁၄
၁၅
၁၆
၁၇
၁၈
၁၉
၂၀
ကျိုက်ခမီ
ဘိုးတလဲ
ကော့သောင်း
ပုလဲကျွန်း
ကံမဲကျွန်း
ဒေါ်ခရီကျွန်း
ဘုတ်ကျွန်း
ကာကူးကျွန်း
ဒုံးကျွန်း
ဘုတ်ကျွန်း
ကလာရ ကျွန်း
ကျွဲကျွန်း
ကျွဲမီးသီးကျွန်း
ကံမဲသီးကျွန်း
ပုလဲကျွန်း
ဆင်ကျွန်း
ကြာကျွန်း
ကြာကျွန်း
ကြာ

အုပ်စုကြီး နှစ်ခု အားပြိုင်နေစဉ် ကာလတွင် ကိုလိုနီနိုင်ငံများစွာသည် အမျိုးသား လွတ်မြောက်ရေး တိုက်ပွဲများကြောင့် လွတ်လပ်ရေးရရှိလာကြပြီး အချုပ် အခြာအာဏာပိုင် နိုင်ငံသစ်များအဖြစ်ပေါ်ထွန်းလာခဲ့ကြသည်။ ယင်း နိုင်ငံသစ်များသည် မိမိတို့၏ အမျိုးသားလွတ်လပ်ရေးကိုထိန်းသိမ်းပြီး ကိုလိုနီစနစ်၏ဒဏ်ဆာဒဏ်ချက်များကို ကုစား၍ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို လုပ်လိုကြသည်။ ထို့ကြောင့်နိုင်ငံတကာ တင်းမာမှုများကို လျော့ပါးစေလိုကြပြီး အုပ်စုကြီး နှစ်ခုဖြစ်သော အရှေ့အုပ်စုနှင့် အနောက်အုပ်စုတို့တွင် ပါဝင်လိုခြင်း မရှိကြသဖြင့် မိမိတို့ မည်သို့မည်ပုံ ရပ်တည်ရမည်ကို နည်းလမ်းများ ရှာဖွေစဉ်းစားလာကြသည်။

၁၉၄၇ ခုနှစ်တွင် အာရှ-အာဖရိက နိုင်ငံအချို့သည် အင်ဒိုနီးရှားနိုင်ငံ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်နေသော အမျိုးသား လှုပ်ရှားမှုကို ထောက်ခံသော အစည်းအဝေးတခု နယူးဒေလီမြို့၌ စည်းလုံး ညီညွတ်စွာဖြင့် ကျင်းပနိုင်ခဲ့ကြသည်။ ကိုလိုနီစနစ် ဆန့်ကျင်ရေးနှင့် လူမျိုးခွဲခြားရေးစနစ် ဆန့်ကျင်မှုများသည် နယူးဒေလီကွန်ဖရင့် အပြီးတွင် အာရှ-အာဖရိက နိုင်ငံများအတွင်းသို့ စိမ့်ဝင်ခဲ့လေသည်။

အာရှ-အာဖရိက နိုင်ငံအများသည်ပိုမိုစည်းလုံးလာပြီး ကုလသမဂ္ဂအတွင်း၌သာမက အပြင်၌ပါ နီးစပ်ပူးပေါင်းမိလာကြပြီး ကုလသမဂ္ဂ အတွင်းတွင် အာရှ - အာဖရိက အုပ်စုဟူ၍ ဖြစ်ပေါ်လာခဲ့လေသည်။ အာရှ - အာဖရိက နိုင်ငံများသည် ၁၉၅၅ ခုနှစ်တွင် ကျင်းပခဲ့သော ဗန်ဒေါင်းကွန်ဖရင့်အပြီးတွင်လည်း နိုင်ငံတကာနယ်ပယ်၌ မိမိတို့၏ အခန်းကဏ္ဍမြင့်မားလာသည့်အလျောက် ပိုမို စုစည်းမိပြီး ခိုင်မာတောင့်တင်းလာခဲ့သည်။ (၈–၁၈၉—ရှု။)

စုစည်းမိလာခဲ့ကြသောအာရှ- အာဖရိကနိုင်ငံ ၂၅ နိုင်ငံသည် ၁၉၆၁ ခုနှစ်တွင် ယူဂိုစလားဗီးယားနိုင်ငံ ဗဲလဂရိတ်မြို့တွင် ပထမဆုံးသော ဘက်မလိုက်နိုင်ငံ အစည်းအဝေးကို ကျင်းပနိုင်ခဲ့ကြပေသည်။ ယင်း အစည်းအဝေးသို့ လက်တင် အမေရိကတိုက်မှ နိုင်ငံများပါ စုစည်းပါဝင်လာခဲ့သဖြင့် ယင်း နိုင်ငံများ၏ အင်အားစုမှာ ပိုမိုအင်အားတောင့်တင်းလာခဲ့လေသည်။ ယင်း တိုက်ကြီး သုံးတိုက်မှ တက်ရောက်လာကြသော နိုင်ငံပေါင်း ၇၇ နိုင်ငံသည်ကမ္ဘာ့ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးရေး ကွန်ဖရင့် (အန်တက်)တွင် ညီညွတ်စွာဖြင့် မိမိတို့၏ အကျိုးကိုဖွင့်ဆိုတင်ပြလာနိုင်ခဲ့ကြသည်။ ယင်းကဲ့သို့ အကျိုးတူ စည်းလုံးညီညွတ်ခဲ့ကြသော ထိုနိုင်ငံများကို "၇၇ နိုင်ငံအုပ်စု" ဟူ၍ငင်း၊ "၇၇ နိုင်ငံ" ဟူ၍ငင်း ကင်ပွန်းတပ်ခဲ့ကြသည်။ ယင်း အုပ်စုတွင် နောက်ထပ် နိုင်ငံသစ်များ တိုးပွားလာခဲ့သော်လည်း "၇၇ နိုင်ငံအုပ်စု"ဟူ၍ပင် အမည်တွင်လျက် ရှိပေသည်။

အင်အား တောင့်တင်း စည်းလုံးလာခဲ့ကြသော နိုင်ငံငယ်များသည် အုပ်စုကြီးနှစ်ခုဖြစ်သော အရင်းရှင် အုပ်စုနှင့် ဆိုရှယ်လစ် အုပ်စုကြီးတို့တွင်ပါဝင်ခြင်းမပြုပဲ သီးခြားရပ်တည်၍ မိမိတို့ အကျိုးတူ ကိစ္စရပ်များကိုသာ ဆောင်ရွက်လာကြရာ အရေးပါ အရာ ရောက်လာပြီး အုပ်စုကြီး နှစ်စုမှ သီးခြားဟူသော သဘောဖြင့် တတိယအုပ်စုတခု ဖြစ်ပေါ်တည်ရှိ လာခဲ့လေသည်။

ယူဂိုစလားဗီးယားနိုင်ငံ ဗဲလဂရိတ်မြို့တွင် ၁၉၆၁ ခု နှစ်၌ ပထမဆုံး ကျင်းပခဲ့သော ဘက်မလိုက် နိုင်ငံများ အစည်းအဝေးတွင် နိုင်ငံပေါင်း ၂၅ နိုင်ငံသာ တက်ရောက်ခဲ့သော်လည်း သီရိလင်္ကာနိုင်ငံ ကိုလံဗိုမြို့တွင် ၁၉၇၆ ခုနှစ်၌ ကျင်းပခဲ့သော ပဉ္စမအကြိမ်မြောက် ဘက်မလိုက်နိုင်ငံများ အစည်းအဝေးတွင်မူ နိုင်ငံပေါင်း ၇၅ နိုင်ငံ အထိ တက်ရောက်ခဲ့သဖြင့် တဆယ့်ငါးနှစ်အတွင်း တတိယအုပ်စုတွင် နိုင်ငံပေါင်း သုံးဆခွဲမျှ တိုးတက်လာခဲ့ လေသည်။

ဘက်မလိုက် လှုပ်ရှားမှုတွင် ပါဝင်လာခဲ့ကြသော ယင်း တတိယအုပ်စု နိုင်ငံများကို ဘက်မလိုက်နိုင်ငံများ၊ ဖွံ့ဖြိုးဆဲ နိုင်ငံများ၊ ကြားနေနိုင်ငံများ၊ အခြေအနေအရ ပါဝင်ပတ်သက်ခြင်း မရှိသော နိုင်ငံများ၊ ၇၇ နိုင်ငံအုပ်စု၊ ၇၇ နိုင်ငံ၊ တတိယကမ္ဘာ စသည်ဖြင့် နေရာဌာနနှင့် အချိန်အခါကိုလိုက်၍ အမျိုးမျိုး ကင်ပွန်းတပ် ခေါ်ဝေါ်လျက် ရှိကြပေသည်။ ကမ္ဘာ့ကုလသမဂ္ဂကြီးတွင် ယင်းနိုင်ငံများ၏ အင်အားသည် တစတစ တိုးတက်၍ လာနေပေသည်။

တတိယ ကမ္ဘာသည် ပြည်သူတရုတ်ပြည်ကဖော်ဆောင်လာသော "ကမ္ဘာသုံးခုသီဝရီ"နှင့် တူညီချင်း မရှိပေ။ တရုတ်ပြည်၏ ကမ္ဘာသုံးခုသီဝရီမှာ စီးပွားရေးနှင့် လူမှုရေးတို့အပေါ်တွင် အခြေမပြုပဲ အင်အား တောင့်တင်းမှုများအပေါ် မူတည်၍ အင်အားလွန်နိုင်ငံများ ဖြစ်သော အမေရိကန်ပြည်ထောင်စုနှင့် ရုရှတို့ကို ပထမကမ္ဘာအဖြစ်၎င်း၊ ဖွံ့ဖြိုးပြီး နိုင်ငံများဖြစ်သောဗြိတိန်၊ပြင်သစ်၊ ဂျာမန် ဒီမိုကရက်တစ် သမ္မတနိုင်ငံ၊ ချက်ကိုဆလိုဗားကီးယား နိုင်ငံ စသည်တို့ကို ဒုတိယကမ္ဘာအဖြစ်၎င်း၊ တရုတ်ပြည်သူသမ္မတနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံတို့ကိုမူ တတိယကမ္ဘာအဖြစ်၎င်း ဖော်ဆောင်ခဲ့သည်။ တရုတ်တို့၏ "ကမ္ဘာ သုံးခု သီဝရီ"မှာ စည်းရုံးရေးမဟာဗျူဟာတရပ် ဖြစ်သည်ဟု ဆိုသည်။

တနင်္သာရီတိုင်း။ ။ယခင် တနင်္သာရီတိုင်းအား တောင်လှန်ရေးကောင်စီက ၁၉၇၂ ခု ဇွန်လ ၂၀ ရက်နေ့မှ စ၍ တနင်္သာရီတိုင်း အမှတ် ၁ နှင့် တနင်္သာရီတိုင်း အမှတ် ၂ ဟူ၍ သတ်မှတ်ခဲ့သည်။ ၁၉၇၄ ခု ဇန်နဝါရီလ ၃ ရက်နေ့တွင် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်

ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပြဋ္ဌာန်း အတည်ပြုလိုက်သောအခါ တနသ်ာရီတိုင်း အမှတ် ၁ သည် မွန်ပြည်နယ်ဖြစ်လာပြီး တနသ်ာရီတိုင်း အမှတ် ၂ သည် တနသ်ာရီတိုင်း ဖြစ်လာလေသည်။ ယင်း တိုင်းသည် မြန်မာနိုင်ငံ၏အရှေ့တောင်ဖက်ပိုင်းသို့ မိုင် ၅၀၀ ခန့်မျှ မြေကြောဆန့်လျက် ရှိသော တနသ်ာရီကမ်းမြောင်ဒေသဖြစ်ပေသည်။ တိုင်း၏အကျယ်အဝန်းမှာ စတုရန်းမိုင်ပေါင်း ၁၃,၇၃၆ ဖြစ်သည်။

တနသ်ာရီတိုင်းတွင် မြို့နယ်ပေါင်း ၁၀ ခု ပါဝင်သည်။ ယင်းတို့မှာ ထားဝယ်၊ လောင်းလုံ၊သရက်ချောင်း၊ ရေဖြူ၊ မြိတ်အရှေ့၊ မြိတ်အနောက်၊ ဘုတ်ပြင်း၊ ပုလော၊ တနသ်ာရီ၊ ကော့သောင်တို့ ဖြစ်ပေသည်။ ရပ်ကွက် ကျေးရွာအုပ်စု ၃၁၇ ပါဝင်သည်။ လူဦးရေမှာ ခုနစ်သိန်းကျော်ဖြစ်သည်။ ကရင်၊ ဆလုံ၊ ပသျှူး၊ မြန်မာ၊ မြန်မာ-ထားဝယ် တိုင်းရင်းသားတို့ စုပေါင်း နေထိုင်ကြသည်။ တိုင်းရုံးစိုက်မြို့မှာ ထားဝယ်မြို့ ဖြစ်သည်။

တနသ်ာရီတိုင်း၏ အနောက်ဖက်တွင် ကပ္ပလီပင်လယ်၊ အရှေ့နှင့် တောင်ဖက်တွင် ယိုးဒယားနိုင်ငံဟုလည်း ခေါ်သော ထိုင်းနိုင်ငံ၊ မြောက်ဖက်တွင် မွန်ပြည်နယ် တည်ရှိသည်။ တိုင်းအတွင်းပူအိုက်စွတ်စိုသော ရာသီဥတုရှိသည်။ အရေးပါသော စီးပွားရေး လုပ်ငန်းမှာ သတ္တုထုတ်လုပ်မှု ဖြစ်သည်။ ခဲမဖြူသန့်စင်နှင့် အဖြိုက်နက် သန့်စင်တို့သည် တနသ်ာရီတိုင်းမှသာ ထွက်ရှိသည်။ ခဲမဖြူ- အဖြိုက်နက် ရောရာသတ္တုအထွက်နှုန်းသည်လည်း တနိုင်လုံး၏ ၆၂.၇ ရာခိုင်နှုန်းဖြစ်သည်။ ယင်း သတ္တုများ ထုတ်လုပ်လျက်ရှိသည့်သတ္တုတွင်းများမှာ ဟိန္ဒား၊ဟာမြင်းကြီး၊ကံဘောက်၊ ရာဝ၊ကျောက်မဲတောင်၊ နန်းသီတာ၊ ရတနာပုံ စသည်တို့ ဖြစ်ကြလေသည်။ ကမ္ဘာ့ရတနာဈေးကွက်တွင် ရေပန်းစားလှသော အရည်အသွေးကောင်းလှသည့် ပုလဲရတနာများကို တနသ်ာရီတိုင်း မြိတ်ကျွန်းစုရှိ ပုလဲမွေးမြူရေးစခန်းမှ ထုတ်လုပ်ပေးလျက်ရှိသည်။

တနသ်ာရီတိုင်းတွင် မိုးများ၍ မြစ်ချောင်းများရေလျှံတက်ခြင်းကြောင့် အချို့သော သီးနှံ စိုက်မြေများကို တာတမံများဖြင့်ကာကွယ်၍စိုက်ပျိုးရသည်။ ထားဝယ်မြစ်ဝှမ်း တလျှောက်နှင့် ကမ်းရိုးတန်း တလျှောက်ရှိ ကမ်းမြောင်ဒေသ၌ စပါးစိုက်ပျိုးကြသည်။ အုန်းသီးနှင့် ကွမ်းသီးလည်း အများအပြား ထွက်သည်။ ထို့ပြင် ဓနိပင်၊ပီလော ပီနံပင်နှင့် ကြက်ပေါင်စေး၊ဒူးရင်း၊ မင်းကွတ်ပင်များလည်း စိုက်ပျိုးဖြစ်ထွန်းသည်။

တနသ်ာရီကမ်းရိုးတန်းတလျှောက်တွင်ပင်လယ်ငါးဖမ်း လုပ်ငန်းသည် ထင်ရှားသော လုပ်ငန်းကြီးတရပ်ဖြစ်သည်။ တနသ်ာရီတိုင်းထွက် ငါးပိ၊ ငံပြာရည်၊ ပုစွန်ခြောက်သည် ပြည်တွင်း ဈေးကွက်၌ လူကြိုက်များလှသည်။ မြိတ်ပုစွန်ခြောက်ကိုလည်း အသုံးများကြသည်။ တနသ်ာရီတိုင်း ကမ်းလွန်ကျွန်းအချို့တွင်ဇီဝဇိုးငှက်ငယ်များ အတက်ပြုလုပ်သော ငှက်သိုက်ကျွန်းများရှိ၍ ယင်းတို့ကို ခက်ခစာခွာယူရောင်းချသော ငှက်သိုက် လုပ်ငန်းလည်း ရှိသည်။

ဆီအုန်းစိုက်ပျိုးရေးကို တိုင်းအတွင်း၌ ဧက ၅၀၀ ခန့် စီမံကိန်းဖြင့် စိုက်ပျိုးလုပ်ကိုင်လျက် ရှိသည်။ ဆီအုန်းမှ ရရှိသည့် အဆီကို ဆပ်ပြာချက်ရာ၌ သုံးသကဲ့သို့ ဆီသုံး လုပ်ငန်းများအတွက် အထောက် အကူ ဖြစ်စေနိုင်သည်။

ထားဝယ်မြို့နယ်ရှိ သာယာလှပသော မောင်းမကန် ကမ်းခြေသည် နွေရာသီအပန်းဖြေ ဆိပ်ကမ်းသာတခု ဖြစ်ပေသည်။ ယခုအခါ ထားဝယ်မြစ်ကိုဖြတ်၍ ထားဝယ်မြို့တဖက်ကမ်းရှိ ကမျောကင်းသို့ တံတားကြီးတည်ဆောက်ပြီးပြီဖြစ်ရာ မောင်းမကန် ဆိပ်ကမ်းသာသို့ လွယ်ကူစွာသွားလာနိုင်ပေပြီ။ ကမျောကင်း တံတားကို အကြောင်းပြု၍ လောင်းလုံ၊ သရက်ချောင်းနှင့် ရေဖြူမြို့နယ်များ၏ သွားလာ ဆက်သွယ်ရေး ဖြောင့်ဖြူးသွားလေသည်။

နယ်ချဲရန်သူအား တွန်းလှန်တိုက်ခိုက်၍ မြန်မာနိုင်ငံအား ကိုလိုနီဘဝမှလွတ်လပ်စေခဲ့သော တရားသော စစ်ပွဲဆင်နွဲရန် ဗိုလ်ချုပ်အောင်ဆန်းဦးစီးသည့် ဗမာ့လွတ်လပ်ရေးတပ်မတော်သည် မြန်မာနိုင်ငံအတွင်းသို့ စစ်ကြောင်းချီလာရာ၌ တနသ်ာရီတိုင်း အတွင်းမှ စတင်၍ အောင်ပွဲခံနိုင်ခဲ့သည်။ ယင်းသို့ အောင်ပွဲခံနိုင်ခဲ့ခြင်းမှာ တနသ်ာရီတိုင်းအတွင်းမှ တိုင်းရင်းသားများ၏ စုပေါင်း ဘားပေး ကူညီပေးမှုကြောင့်ဖြစ်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ။ ။ (၄–၄၂၀—ရှ။) တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် အာရှတိုက်၏ လေးပုံ တပုံမျှမက ကျယ်ဝန်းသည်။ တရုတ်နိုင်ငံ၏ ကမ်း ရိုး တန်းသည်ကိုရီးယားနိုင်ငံနှင့် ဆက်စပ်လျက် ရှိသော ယာလူးမြစ်ဝမှ အစပြု၍ ဗီယက်နမ်နိုင်ငံ နှင့် ဆက်စပ် လျက် ရှိ သော ပေလွန်း မြစ်ဝ အထိ မိုင်ပေါင်း ၆,၇၃၅ မိုင်မျှ ရှည်လျားသည်။



တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင်ပြည်နယ်ပေါင်း ၂၂ နယ်၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရသောမွန်ဂိုးလီးယားဒေသနှင့် တိဗက်နိုင်ငံတို့ ပါဝင်လေသည်။ အကျယ်အဝန်း အားဖြင့် စတုရန်း မိုင်ပေါင်း ၃,၆၉၁,၅၀၂ ရှိလေသည်။ ၁၉၇၆ ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေသည် သန်းပေါင်း ၈၀၀ ကျော်ရှိသည်။ မြို့တော်မှာ ပီကင်းမြို့ ဖြစ်သည်။

ဒဟိယကမ္ဘာစစ်ကြီး အပြီးတွင်တရုတ်နိုင်ငံ၌မော်စီတုံး ဦးဆောင်သော ကွန်မြူနစ် ပါတီသည် တဖြည်းဖြည်း အာဏာလွှမ်းမိုးလာပြီး ၁၉၄၉ ခုနှစ် စက်တင်ဘာလ ၂၁ ရက်နေ့တွင်ပီကင်းမြို့တော်ကို ဗဟိုပြု၍ အစိုးရအဖွဲ့ဖွဲ့စည်း နိုင်ခဲ့သည်။ ထိုအခါ သမ္မတ ချန်ကေရှိတ်နှင့် အပေါင်းပါ တို့သည် တရုတ်ပြည်မကြီးမှ တိုင်းဝမ်ကျွန်းသို့ ပြောင်းရွှေ့ ခဲ့သည်။ ၁၉၄၉ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် မော်စီတုံး ဦးဆောင်၍ တရုတ်ပြည်သူသမ္မတနိုင်ငံကို တည် ထောင်ခဲ့သည်။ လွန်ခဲ့သည့် ၂၅ နှစ် အတွင်း ဥက္ကဋ္ဌကြီး မော်စီတုံးနှင့် တရုတ်ပြည် ကွန်မြူနစ်ပါတီ၏ခေါင်းဆောင်မှု ဖြင့် တရုတ်ပြည်သူများသည် ဆင်းရဲခေတ်နောက်ကျသည့် တရုတ်ပြည်ဟောင်းကို စည်ပင်ဝပြောသည့် ဆိုရှယ်လစ်နိုင်ငံ တော် ဖြစ်လာအောင် တည်ဆောက်ခဲ့ကြလေသည်။

ထိုသို့ တည်ဆောက်ခဲ့ရာတွင် ငါးနှစ် စီမံကိန်း သုံးခုနှင့် စတုတ္ထ ငါးနှစ် စီမံကိန်း၏ ရှေ့ပိုင်းသုံးနှစ်ခွဲ ကာလအတွင်း တွင် လုပ် ဆောင် ခဲ့ သော တိုင်း ပြည် တည်ဆောက် ရေး လုပ်ငန်းများကြောင့် ယနေ့ တရုတ်ပြည်၏ အခြေခံ အုတ်မြစ်သည် တစတစ ခိုင်မြဲတိုးတက်လာခဲ့သည်။ ဆိုရှယ် လစ် စီးပွားရေး တည်ဆောက်ရာတွင် "လယ်ယာ လုပ် ငန်းကို အခြေခံ၊ စက်မှုလုပ်ငန်းကို ရှေ့ဆောင်အဖြစ်ထား" ဟူသော အမျိုးသားစီးပွားတိုးတက်ရေး အထွေထွေ လမ်း ညွှန်ကို စွဲစွဲမြဲမြဲ လက်ကိုင်ထား၍ ဆောင်ရွက်ခဲ့ကြသည်။ ၁၉၅၈ ခုနှစ်တွင် တရုတ်ပြည်စီးပွားတိုးတက်မှု အခြေအနေ များ ပေါ်ပေါက်လာပြီးနောက် တနိုင်ငံလုံးရှိ ကျေးလက် ဒေသများတွင် ပြည်သူဘုံအဖွဲ့များဖွဲ့စည်း၍ ကုန်ထုတ်လုပ်မှု များကို တိုးတက်အောင် ကြိုးစားခဲ့ကြသည်။

တရုတ်ပြည်သူသမ္မတနိုင်ငံတွင် ကွန်မြူနစ်ပါတီအာဏာ ရလာပြီးနောက် ရုရှနိုင်ငံနှင့် တရုတ်နိုင်ငံတို့ မဟာမိတ် စာချုပ်များ ချုပ်ဆို၍ ရုရှနိုင်ငံမှ စီးပွားရေး အကူအညီ များကို ယူခဲ့သည်။ သို့သော် ၁၉၆၁ ခုနှစ် နောက်ပိုင်းတွင် နှစ်နိုင်ငံ ဆက်ဆံရေးများ ပျက်ပြားခဲ့ရသည်။ တရုတ်ပြည်ရှိ ရုရှပါရဂူများကို ပြန်ခေါ်ပြီး တရုတ်ပြည်အား အရေး ကြီးသော စက်ကရိယာ ပစ္စည်းများ ထောက်ပံ့မှုအားလုံးကို ရပ်ဆိုင်းခဲ့လေသည်။

၁၉၆၆ ခုနှစ်တွင်တရုတ်ပြည်သူသမ္မတ နိုင်ငံသည် မဟာ ပစ္စည်းမဲ့ ယဉ်ကျေးမှု တော်လှန်ရေးကြီး တရပ်ကို ဆင်နွဲ ရင်း တတိယ ငါးနှစ်စီမံကိန်းနှင့် စပ်လျဉ်းသော စီးပွား ရေး သတ်မှတ်ချက် အရပ်ရပ်ကို အောင်မြင်ပြီးမြောက် စေခဲ့သည်။ ယဉ်ကျေးမှုတော်လှန်ရေးကာလအတွင်း သမ္မတ လူရှောက်ချီကို ရာထူးမှ ဖယ်ရှားခဲ့လေသည်။

ဥက္ကဋ္ဌကြီး မော်စီတုံး၏အရိုက်အရာကို ဆက်ခံမည့်သူဟု သတ်မှတ်ထားခြင်း ခံခဲ့ရသည့် ကာကွယ်ရေးဝန်ကြီး လင် ပြောင်သည် ၁၉၇၁ ခုနှစ်တွင် တိုင်းပြည်၏အာဏာများကို သိမ်းပိုက်ရန် ကြံစည်ခဲ့ရာမအောင်မြင်၍ ရုရှနိုင်ငံသို့ ထွက် အပြေးတွင်လေယာဉ်ပျက်ကျ၍သေဆုံးခဲ့သည်ဟု ဆိုသည်။

တရုတ်ပြည်သူသမ္မတနိုင်ငံသည် ပထမဆုံးသော အနုမြူ ဗုံးကို ၁၉၆၄ ခုနှစ် အတွင်းကစမ်းသပ်ဖောက်ခွဲနိုင်ခဲ့သည်။ ထို့ကြောင့် တရုတ်နိုင်ငံသည် ကမ္ဘာ့ငါးနိုင်ငံမြောက်အနုမြူ အင်အားပိုင်ဆိုင်သော နိုင်ငံတနိုင်ငံဖြစ်လာခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင် ကမ္ဘာပတ်ဂြိုဟ်တု တလုံးကိုလည်း အောင် မြင်စွာ ပစ်လွှတ်နိုင်ခဲ့သည်။

ပထမပိုင်း၌ တရုတ်ပြည်သူ သမ္မတ နိုင်ငံ ထူထောင်ခဲ့ ခြင်းကို အမေရိကန်နိုင်ငံနှင့် နိုင်ငံ အချိုက အသိအမှတ် မပြုခဲ့ကြသော်လည်း ၁၉၇၅ ခုနှစ် နောက်ပိုင်းတွင် ကမ္ဘာ့ နိုင်ငံပေါင်း ၁၀၀ ကျော်က စတင် အသိအမှတ် ပြုလာကြ သည်။ ၁၉၇၁ ခုနှစ် ဧပြီလတွင် အမေရိကန်ပြည်ထောင်စုမှ စားပွဲတင် တင်းနစ် (ပင်ပေါင်) အသင်းအား တရုတ် နိုင်ငံသို့ ချစ်ကြည်ရေးအဖြစ် လာရောက်ကစားရန် ဖိတ် ကြားပြီးသည့်နောက်ပိုင်းတွင် တရုတ်နိုင်ငံသည်အမေရိကန် နိုင်ငံနှင့် ဆက်ဆံရေး ပြေလည်ခဲ့သည်။ ၁၉၇၂ ခု ဖေဖွာရီ လတွင် သမ္မတ နစ်ဆင်သည်၎င်း၊ ၁၉၇၅ ခုနှစ် ဒီဇင်ဘာ လတွင် သမ္မတ ဖို့ဒ်သည်၎င်း တရုတ်နိုင်ငံသို့ ချစ်ကြည်ရေး ခရီး လာရောက်ခဲ့လေသည်။

၁၉၇၁ ခုနှစ် အောက်တိုဘာလ ၂၅ ရက်နေ့တွင် ကျင်းပ သော ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံကြီးက တရုတ် ပြည်သူသမ္မတနိုင်ငံကိုကုလသမဂ္ဂအဖွဲ့ဝင်အဖြစ် အသိအမှတ် ပြုခဲ့ပြီး တိုင်းဝမ် တရုတ်သမ္မတနိုင်ငံကို ကုလသမဂ္ဂအဖွဲ့ဝင် အဖြစ်မှ ရပ်စဲခဲ့လေသည်။

၁၉၇၆ ခုနှစ် အတွင်းတွင်တရုတ်နိုင်ငံခေါင်းဆောင်ကြီး များဖြစ်ကြသော ဥက္ကဋ္ဌကြီးမော်စီတုံး၊ ဝန်ကြီးချုပ် ချူ အင်လိုင်းနှင့် ဗိုလ်ချုပ်ကြီး ချူတေးတို့ အသီးသီး ကွယ် လွန်ခဲ့ရာ ဟွကိုဖုန်းက မော်စီတုံး၏အရိုက်အရာကို ဆက်ခံခဲ့ လေသည်။ (ချူတေး၊ ချူအင်လိုင်း၊ မော်စီတုံး၊ ဟွကိုဖုန်း တို့ကိုလည်း — ရှု။)

တရုတ်ပြည်သူသမ္မတနိုင်ငံ၏ စက်မှုလုပ်ငန်း ဖွံ့ဖြိုး တိုး တက်မှုမှာ လျင်မြန်လှလေသည်။ ပစ္စည်းမဲ့ ယဉ်ကျေးမှု တော်လှန်ရေးကြီးမတိုင်မီ ၁၉၅၆ ခုနှစ်ကနှင့် နှိုင်းယှဉ်လျှင် ၁၉၇၃ ခုနှစ်တွင် သံမဏိအထွက်နှုန်းမှာ တဆင့်ကျော်ခဲ့ပြီး လျှပ်စစ်ဓာတ်အားပေးနှုန်းမှာ ၁.၄၈ အထိ တိုးတက်လာ သည်။ စက်ကရိယာ လုပ်ငန်း၊ ကျောက်မီးသွေး လုပ်ငန်း ဓာတုဗေဒလုပ်ငန်းနှင့် အထူးသဖြင့် ရေနံ လုပ်ငန်းတို့မှာ ပိုမိုလျင်မြန်စွာ တိုးတက်ခဲ့လေသည်။ ရေနံ ထုတ်လုပ်မှုမှာ ၁၉၇၅ ခုနှစ် စာရင်းအရ တနေ့လျှင် ရေနံ စည်ပေါင်း ၁.၅ သန်းခန့် ဖြစ်သည်။

တရုတ်နိုင်ငံသည် စီးပွားရေးအရ ဖွံ့ဖြိုးဆဲနိုင်ငံ တနိုင်ငံဖြစ်သည့်အလျောက် ကမ္ဘာ့နိုင်ငံပေါင်း ၁၅၀ ကျော်တို့နှင့် ကုန်သွယ်ရေး စီးပွားရေးနှင့် ကူးလူးဆက်ဆံမှုကို ဖွံ့ဖြိုးအောင် ကြိုးစား ဆောင်ရွက်နေသော နိုင်ငံ ဖြစ်သည်။ တရုတ်ပြည်သူသမ္မတနိုင်ငံသည် သမိုင်းက ကြွင်းကျန်ခဲ့သော ဆင်းရဲခြင်း အသွင်အပြင်ကို တစ တစ ပြုပြင်လျက်ရှိသည်။ သန်းပေါင်း ၈၀၀ သော ပြည်သူလူထု၏ အခြေခံဖြစ်သည့် စားဝတ်နေရေးတို့ကို ဖြည့်တင်းပေးနိုင်ပြီ ဖြစ်သည်။

ယခုအခါ ဥက္ကဋ္ဌ ဟူကိုဖုန်း ဦးဆောင်သော ကွန်မြူနစ်ပါတီက ဥက္ကဋ္ဌ မော်စီတုံး၏ ဇနီး ချန်ချင်း ခေါင်းဆောင်သော လေးယောက် ဂိုဏ်းဝင် နိုင်ငံရေး သမားများ ထံမှ အာဏာများကိုဖယ်ရှားခဲ့ပြီး တရုတ်ပြည်သူသမ္မတနိုင်ငံကို ဆက်လက်အုပ်ချုပ်နေလေသည်။

တီမောကျွန်း။ ။အိန္ဒိယသမုဒ္ဒရာဒတ်ငး သြစတြေးလီးယားတိုက်မြောက်ဖက်၊ အင်ဒိုနီးရှားနိုင်ငံ ဗာလီကျွန်း အရှေ့ဖက်အကြားတွင် တည်ရှိသည်၊ အကျယ်အဝန်းအား ဖြင့် ၇,၃၃၁ စတုရန်းမိုင် ရှိသည်၊ အနောက်တီမောသည် အင်ဒိုနီးရှားပိုင်ဖြစ်၍ အရှေ့တီမောသည် ပေါ်တူဂီပိုင်ဖြစ်သည်။

၁၉၇၅ ခုနှစ် ဇွန်လအကုန်တွင် ပေါ်တူဂီ ကိုလိုနီ အရှေ့တီမောအား လွတ်လပ်ရေးပေးရေးကိစ္စနှင့်စပ်လျဉ်း၍ ပေါ်တူဂီ အစိုးရ ကိုယ်စားလှယ်များနှင့် တီမောကျွန်း နိုင်ငံရေးပါတီ အဖွဲ့အစည်းများ မကာအိုကျွန်း၌ ကွန်ဖရင့် တရပ် ကျင်းပခဲ့သည်။ယင်းကွန်ဖရင့်သို့ တက်ရောက်ခဲ့သော နိုင်ငံရေးပါတီနှစ်ခုမှာ အေပိုဒီတီနှင့် ယူဒီတီတို့ ဖြစ်သည်။ ယင်းကွန်ဖရင့်က ၁၉၇၆ ခုနှစ် အောက်တိုဘာလတွင်အထွေထွေရွေးကောက်ပွဲများ ကျင်းပ၍ ပြည်သူလွှတ်တော်ကို ဖွဲ့စည်းပေးမည်။ တီမော ပြည်သူလွှတ်တော်က သဘောတူလျှင် ပေါ်တူဂီအစိုးရ၏ အချုပ်အခြာ အာဏာပိုင်ခွင့်ကို ၁၉၇၀ ခုနှစ်အထိ ဆက်လက်ထားရှိမည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။ ယင်းဆုံးဖြတ်ချက်နှင့် စပ်လျဉ်း၍ တီမောကျွန်းရှိ နိုင်ငံရေးပါတီများအကြားသဘောကွဲလွဲမှု ပေါ်ပေါက်လာသည်။ သဘောကွဲလွဲရခြင်းမှာ တီမောကျွန်း၏ အရှေ့ဖက်ခြမ်းမှာပေါ်တူဂီကိုလိုနီဖြစ်သော်လည်း အနောက်ဖက် ခြမ်းမှာ အင်ဒိုနီးရှားပိုင်ဖြစ်ရာ တီမောနိုင်ငံရေး အဖွဲ့တခုဖြစ်သည့် အေပိုဒီတီအဖွဲ့က အရှေ့တီမောအား အင်ဒိုနီးရှားနှင့် ပူးပေါင်းလိုသည်။ ယူတီဒီအဖွဲ့ကမူ ပေါ်တူဂီအစိုးရထံမှပင် လွတ်လပ်ရေးကို တဖြည်းဖြည်းရယူလိုသည် ကွန်ဖရင့်သို့ တက်ရောက်ခြင်းမရှိသော · ဖရီတီလင်အဖွဲ့ကမူ လွတ်လပ်ရေးအမြန်ဆုံးပေးရန် တောင်းဆိုခဲ့သည်။

ထိုနှစ် သြဂုတ်လဆန်းတွင် ပေါ်တူဂီ နိုင်ငံတွင် ပို၍ လက်ဝဲဆန်သော အစိုးရအဖွဲ့ တက်လာခဲ့သည်။ ဤတွင် တီမောကျွန်း အရေးအခင်းမှာ ပိုမိုပြင်းထန် လာသည်။ နိုင်ငံရေးပါတီများအတွင်း လက်နက်ကိုင်တိုက်ပွဲများဖြစ်ခဲ့သည်။ဒီလီမြို့တော်ရှိ ရဲဌာနချုပ် လက်နက်တိုက် ဆက်သွယ်ရေး ဗဟိုဌာနများကို ယူဒီတီ အဖွဲ့သားများက သြဂုတ်လ ၁၀ ရက်နေ့တွင် သိမ်းပိုက်ထားခဲ့သည်။ သြဂုတ်လကုန်တွင်မူ ဒီလီမြို့ရှိ စစ်ဌာနချုပ် ဆိပ်ကမ်းနယ်မြေနှင့် လူဦးရေထူထပ်သော လူနေရပ်ကွက်များကို သိမ်းပိုက် လိုက်ပြန်သည်။ တိုက်ပွဲများမှာ ပိုမိုပြင်းထန်လာပြီး ကျွန်းပေါ် အနှံ့အပြား တိုက်ပွဲပြန့်နှံ့သွားကာ အင်ဒိုနီးရှား တီမော နယ်စပ်အထိ ရောက်ရှိသွားသည်။ နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ဖရီတီလင်အဖွဲ့သားများက အရှေ့တီမော ဒီမိုကရက်တစ် သမ္မတနိုင်ငံဟု လွတ်လပ်ရေးကို တဖက်သတ် ကြေငြာခဲ့သည်။

ဒီဇင်ဘာလ ၇ ရက်နေ့တွင် အင်ဒိုနီးရှား လက်နက်ကိုင် တပ်သားပေါင်း ၁၀၀၀ ခန့်က ရေကြောင်းနှင့် လေကြောင်းများမှ ဒီလီမြို့သို့ဝင်၍မြို့ကို သိမ်းပိုက်လိုက်သည်။ ဤသို့ အင်ဒိုနီးရှားတပ်များ ဝင်ရောက်ရခြင်းမှာ တီမောရှိ ညီအစ်ကိုတော်များအား ဖရီတီလင်တို့၏ အန္တရာယ်နှင့် ကိုလိုနီ ဖိနှိပ်မှုအောက်မှ လွတ်မြောက်စေရန် အကူအညီပေးခြင်းသာ ဖြစ်ပြီး ယင်းတပ်မှာလည်း အပျော်တမ်းတပ်ဖွဲ့မျှသာဖြစ်၍ အစိုးရက တာဝန်မယူကြောင်း အင်ဒိုနီးရှားအစိုးရက ကြေငြာခဲ့သည်။ ဤကြေငြာချက် ထုတ်ပြန်လိုက်၍ ပေါ်တူဂီအစိုးရက အင်ဒိုနီးရှား နိုင်ငံအား လက်နက်ကိုင် ကျူးကျော်မှု ဖြစ်ကြောင်းစွပ်စွဲကာ သံတမန်အဆက်ဖြတ်လိုက်သည်။ တီမောမှ အင်ဒိုနီးရှားတပ်များ ဆုတ်ခွာပေးရေးအတွက် အရေးယူဆောင်ရွက်ပေးရန်ကုလသမဂ္ဂ လုံခြုံရေး ကောင်စီသို့လည်း တိုင်ကြားခဲ့သည်။ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် လုံခြုံရေးကောင်စီက အရှေ့တီမောမှ အင်ဒိုနီးရှားတပ်များ အမြန်ဆုံး ဆုတ်ခွာပေးရန် တောင်းဆိုကြောင်း တညီတညွတ်တည်း ဆုံးဖြတ်ခဲ့သည်။

ဤတွင် အင်ဒိုနီးရှား အစိုးရကလည်း ပေါ်တူဂီပိုင် အရှေ့တီမော၏နေရာသည် အင်ဒိုနီးရှား၏ လုံခြုံရေးအတွက် အရေးကြီးသဖြင့် တီမောနိုင်ငံအား ကွန်မြူနစ် အဖြစ်မခံနိုင်သည်တကြောင်း၊ကိုလိုနီအစိုးရ၏ လက်ပါးစေ ဖရီတီလင်အဖွဲ့သားများနှင့် လက်နက်ကိုင် တပ်ဖွဲ့များက ပြည်သူများအား ချောက်ချားအောင် လုပ်ဆောင်မှုကြောင့် တီမောပြည်သား ငါးသိန်းကျော်ခန့် အင်ဒိုနီးရှားနိုင်ငံတွင်းသို့ ခိုဝင်လာရခြင်းနှင့် ဖရီတီလင်တို့က တဖက်သတ် လွတ်လပ်ရေး ကြေငြာခဲ့ခြင်းတို့မှာ တီမောပြည်သူတို့၏ ဒီမိုကရေစီအခွင့်အရေးကို ချိုးဖျက်လိုက်ခြင်းသာ ဖြစ်ကြောင်း တို့ကြောင့် ပေါ်တူဂီအစိုးရ အနေဖြင့် အရှေ့တီမောကျွန်းကိုလိုနီ ဖျက်သိမ်းရေး အစီအစဉ် ပြုလုပ်ရန် မလိုတော့

ကြောင်း ဒီဇင်ဘာလ ၁၇ ရက်နေ့မှစ၍ အရွှေတိမော ယာယီအစိုးရကိုဖွဲ့စည်းပြီးဖြစ်၍ အင်ဒိုနီးရှား အပျော်တမ်း တပ်ဖွဲ့များ တိမောမှ ရုပ်သိမ်းပေးရန်ဟူသော လုံခြုံရေး ကောင်စီ၏ ဆုံးဖြတ်ချက်မှာ ပြဿနာနှင့် မဆိုင်ကြောင်း၊ အပျော်တမ်းတပ်ဖွဲ့များ ပြန်လည် ရုပ်သိမ်းရေးမှာ အေပို ဒီတီ၊ယူဒီတီ၊ ကိုတာနှင့် အခြားပါတီအဖွဲ့ အစည်းများ တိမောပြည်သူများနှင့် အရွှေတိမော ယာယီအစိုးရ၏ သဘောထားပေါ် တွင်သာ တည်ကြောင်း ပါရှိသော ကြေငြာချက် တရပ် ထုတ်ပြန်ခဲ့သည်။ ၎င်းနောက် ၁၉၇၆ ခုနှစ် မေလ ၃၁ ရက်နေ့တွင် အရွှေတိမော ယာယီအစိုးရသည် အိမ်နီးချင်း အင်ဒိုနီးရှား နိုင်ငံနှင့် အမြန်ဆုံး ပူးပေါင်းလိုက်ရန် တညီတညွတ်တည်း ဆုံးဖြတ်လိုက်ကြောင်း ကြေငြာ၏။

ပေါ် တူဂီ ကိုလိုနီဟောင်း အရွှေတိမောကျွန်းကို အင်ဒိုနီးရှားနိုင်ငံနှင့် ပူးပေါင်းရန် တရားဝင်လက်ခံလိုက်ပြီဖြစ်ကြောင်းဖြင့် အင်ဒိုနီးရှား အစိုးရက ၁၉၇၆ ခု ဇွန်လ ၂၉ ရက်နေ့တွင် ထုတ်ပြန်ကြေငြာ ခဲ့သည်။

တေဇလူငယ်။ ။(လူငယ်စည်းရုံးရေး—ရှု။)

တောင်အာဖရိက သမ္မတနိုင်ငံ။ ။(၅–၁၀၀—ရှု။)

တောင်အာဖရိက သမ္မတနိုင်ငံသည် လူဖြူ လူမည်း အသားအရောင် ခွဲခြားခြင်း စနစ်ကို လက်ကိုင်ထားကျင့်သုံးလျက် ရှိသည့် နိုင်ငံတနိုင်ငံ ဖြစ်သည်။ အထူးသဖြင့် အနောက်တောင်အာဖရိက (နမီးဗီးယား) ဒေသကို စွဲမြဲစွာ ချုပ်ကိုင်ထားပြီး တိုင်းရင်းသား လူမည်းအများစုကို ရက်စက်စွာ နှိပ်ကွပ်လျက်ရှိသည်။ နမီးဗီးယား နယ်မြေသည် ၁၈၇၈ ခုနှစ်တွင် ဂျာမန်ကိုလိုနီအဖြစ် သိမ်းပိုက်ခံရပြီး ၁၉၂၀ ပြည့်နှစ်တွင် နိုင်ငံပေါင်းချုပ် အသင်းကြီး၏ အစောင့် အရှောက်ခံ နယ်မြေအဖြစ်တောင်အာဖရိက ပြည်ထောင်စု၏ အုပ်ချုပ်မှု အောက်၌ ထားရှိခဲ့သည်။ တောင်အာဖရိက လူဖြူလူနည်းစု အစိုးရက ၁၉၅၀ နှင့် ၁၉၆၀ ပြည့် လွှန်နှစ်များတွင် ကိုယ်ပိုင်ပြည်နယ်တခုအဖြစ် အုပ်ချုပ်ခဲ့သည်။ လူမည်းတို့၏ နေထိုင်သွားလာမှုတို့ကို တင်းကျပ်စွာ ကန့်သတ်ချုပ်ချယ်ထားသည်။ တိုင်းရင်းသား လူမည်းများ၏ လက်နက်စွဲကိုင် လှုပ်ရှားမှုများကို အနောက်တောင်အာဖရိက ပြည်သူ့အဖွဲ့ (ဆွာပို)က ဦးဆောင်သည်။ တောင်အာဖရိက အစိုးရ အာဏာပိုင်များက ဆွာပို၏ လှုပ်ရှားမှုများကို ရက်စက်စွာ နှိပ်ကွပ်ခဲ့သည်။ ၁၉၇၂ ခုနှစ် ဖေဖွာရီလတွင် တောင်အာဖရိကအစိုးရက အိုဗမ်ဘို ဒေသအား ၁၉၇၂ ခုနှစ် မေလ ၁ ရက်နေ့မှစ၍ ဘူတူစတန် ဟူသော အမည်ဖြင့် ကိုယ်ပိုင်အုပ်ချုပ်ရေး ပေးအပ်မည်ဖြစ်ကြောင်း ကြေငြာခဲ့ရာ ယင်းဒေသအတွင်းရှိ တိုင်းရင်းသားတို့က သပိတ်မှောက် ဆန္ဒပြခဲ့သည်။

၁၉၇၄ ခုနှစ်တွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက နမီးဗီးယားကို တောင်အာဖရိက အစိုးရက သိမ်းပိုက်ထားခြင်းမှ စွန့်လွှတ်ရန် တောင်းဆိုခဲ့သည်။

၁၉၇၄ ခုနှစ်တွင် ကျင်းပခဲ့သော ၂၉ ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေ ညီလာခံ၌ အာဖရိကနိုင်ငံ အများစုက တောင်အာဖရိကနိုင်ငံအား ကုလသမဂ္ဂမှ ထုတ်ပယ်ရေး အဆိုကို လုံခြုံရေးကောင်စီ အစည်းအဝေးတွင် တင်သွင်းခဲ့သည်။ သို့ရာတွင် ယင်းအဆိုကို အမေရိကန်၊ ပြိတိန်နှင့် ပြင်သစ်တို့က ဗီတိုအာဏာဖြင့် ပယ်ချခဲ့သည်။

အာဖရိကတိုက် တောင်ပိုင်းနိုင်ငံ အချို့သည် ကိုလိုနီလက်အောက်မှ လွတ်လပ်ပြီး တိုင်းရင်းသား အမျိုးသားများ အာဏာရရှိလာ၍ပင်၊ အသားအရောင် ခွဲခြားခြင်း စနစ်အပေါ် နိုင်ငံတကာ ဆန့်ကျင်မှု တိုးတက်လာ၍ပင်း တောင်အာဖရိက နိုင်ငံသည် အထီးကျန် ဖြစ်လာသည်။ ထို့အပြင် အိမ်နီးချင်းနိုင်ငံများဖြစ်ကြသော မိုဇမ်းဗစ်နှင့် အန်ဂိုလာနိုင်ငံတို့တွင် လူမည်းအစိုးရများ အာဏာရရှိလာသဖြင့် တောင်အာဖရိကသမ္မတနိုင်ငံသည် မိမိတို့၏ လူဖြူအုပ်ချုပ်ရေး အခြေ ယိုင်လဲမည်ကို စိုးရိမ်ပြီး ယင်းနိုင်ငံများနှင့် ဆက်ဆံရေး ပိုမိုကောင်းမွန်ရန် ကြိုးပမ်းလာသည်။

တောင်အာဖရိက သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဂျန်ဗော်စတာသည် ၁၉၇၄ ခုနှစ်မှစ၍ အိုင်ဗရီကို့စ်၊ ဆင်နီဂေါ၊ လိုက်ဗီးရီးယား၊ ဇမ်ဘီးယားစသော နိုင်ငံများ၏ ခေါင်းဆောင်များနှင့် တွေ့ဆုံ ဆွေးနွေးသည်။ မာလာဝီ၊ ဗဟို အာဖရိက နိုင်ငံများသို့ စီးပွားရေး အကူအညီများ ပေးသည်။ ဝန်ကြီးချုပ် ဗော်စတာသည် အာဖရိကလူမည်းနိုင်ငံများနှင့် တင်းမာမှုလျော့ပါးရေးအတွက် ကြိုးပမ်းရင်း နမီးဗီးယားဒေသတွင် အသားအရောင် ခွဲခြားခြင်းစနစ်၏ ကန့်သတ်ချက်အချို့ကို လိုက်လျောခြင်း ပြုလုပ်ခဲ့သည်။

၁၉၇၆ ခုနှစ် ဇွန်လအတွင်းက ဆိုဝေးတိုးမြို့တွင်ကျောင်းသားတို့က အာဖရိကအစိုးရ၏ တရားမျှတမှုမရှိသော ပညာရေးစနစ်ကို ဆန့်ကျင်ကန့်ကွက် ဆန္ဒပြကြသည်။ ဆန္ဒပြသူများအား တောင်အာဖရိက ပုလိပ်တပ်ဖွဲ့က ပစ်ခတ်လူစုခဲ့ရာ လူပေါင်း ၁၀၀ ခန့် သေဆုံးပြီး ၁၀၀၀ ခန့် ဒဏ်ရာရရှိခဲ့သည်။ ယင်းသို့ အကြမ်းဖက်မှုများကြောင့် တောင်အာဖရိက အစိုးရကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက ရှုတ်ချလေသည်။

တန်ဇားနိုးယား ပြည်ထောင်စု သမ္မတနိုင်ငံ။ ။အာဖရိကတိုက် အရှေ့အလယ်ပိုင်းရှိ ယခင် တန်ဂန်ယီးကနှင့် ဇန်ဇီဗာ နှစ်နိုင်ငံ တို့သည် ၁၉၆၄ ခုနှစ် ဧပြီလတွင် ပူးပေါင်းဖွဲ့စည်းပြီး ထိုနှစ်အောက်တိုဘာလ ၂၉ ရက်နေ့တွင် တန်ဇားနိုးယား ပြည်ထောင်စု သမ္မတနိုင်ငံ ဟူသော အမည်ကို ခံယူခဲ့သည်။ (၅-၅၁၀၊ ၄-၅၁၄—ရှ။) ယင်းနိုင်ငံသည် အာဖရိကတိုက် အရှေ့အလယ်ပိုင်းတွင် တည်ရှိသည်။ မြောက်ဖက်တွင် ယူဂန်းဒါးသမ္မတနိုင်ငံနှင့် ကင်ညာသမ္မတနိုင်ငံ၊ အရှေ့ဖက်တွင် အိန္ဒိယသမုဒ္ဒရာ၊ တောင်ဖက်တွင် မိုဇမ်းဗစ်နိုင်ငံ၊ မာလာဝီ သမ္မတနိုင်ငံနှင့် ဇမ်ဘီးယားသမ္မတနိုင်ငံ၊ အနောက်ဖက်တွင် ဇိုင်ယာ သမ္မတနိုင်ငံ၊ ဗူရွန်ဒီ သမ္မတနိုင်ငံနှင့် အာဝမ်းဒါးသမ္မတနိုင်ငံတို့ တည်ရှိကြသည်။ တန်ဇားနိုးယားပြည်ထောင်စုတွင် ပါဝင်သည့် ဇမ်ဘီဗာနှင့် ပင်ဗာကျွန်းများသည် ပြည်မတန်ကန်ယီးက၏ အရှေ့ဖက် အိန္ဒိယသမုဒ္ဒရာအတွင်း မိုင် ၂၀ ခန့်အကွာ၌ တည်ရှိသည်။



တန်ကန်ယီးကသည် စတုရန်းမိုင် ၃၆၂,၆၈၀ ကျယ်ဝန်းပြီး ဇန်ဇီဗာနှင့်ပင်ဗာကျွန်းတို့သည် စတုရန်းမိုင် ၆၄၀ နှင့် ၃၈၀ အသီးသီး ကျယ်ဝန်းသည်။ တန်ဇားနိုးယားနိုင်ငံ၏ မြို့တော်မှာ ဒါရက်ဆလမ်းမြို့ ဖြစ်သည်။

တန်ဇားနိုးယားနိုင်ငံ၏ အလွန်ကျယ်ပြန့်သော မြောက်ဖက် မြေနိမ့်ဒေသတွင် ဝိတိုရိယရေအိုင်ရှိသည်။ အရှေ့မြောက်ဖက်တွင် အာဖရိကတိုက်၌ အမြင့်ဆုံးတောင်ဖြစ်သော ပေ ၁၉,၃၄၀ ရှိသည့် ကီလီမန်ဂျားရိုးတောင်နှင့် အမြင့်ပေ ၁၄,၉၇၉ ရှိသည့် မီးရူးတောင်များ တည်ရှိသည်။

၁၉၇၆ ခုနှစ် ခန့်မှန်းခြေအရ တန်ဇားနိုးယားနိုင်ငံ၏ လူဦးရေမှာ ၁၅,၆၁၀,၀၀၀ ရှိသည်။ တန်ကန်ယီးကတွင် နေထိုင်ကြသော အာဖရိကတိုင်းရင်းသား လူမျိုးစုပေါင်း ၁၂၀ ခန့်ရှိသည့်အနက် အများဆုံးမှာ ဗန်တူအနွယ်ဝင်များ ဖြစ်ကြသည်။ ဇန်ဇီဗာကျွန်းနှင့် ပင်ဗာကျွန်းတို့တွင်လည်း တိုင်းရင်းသားလူမျိုးစု အများအပြားရှိရာ ရှေးဟောင်းပါးရှင်းအနွယ်ဝင်ရှီရာဇီများနှင့် ပြည်မမှအာဖရိကတိုင်းရင်းသားများ၊ အာရပ်လူမျိုးများမှာ အများစု ဖြစ်သည်။ ဆွာဟီလီ ဘာသာစကားကို နိုင်ငံတဝှန်းလုံးအသုံးများပြီး အစွလာမ်ဘာသာကိုအများဆုံးကိုးကွယ်ကြသည်။

တန်ဇားနိုးယားနိုင်ငံ၏ စီးပွားရေးသည် စိုက်ပျိုးရေးကို အခြေခံသည်။တန်ဇားနိုးယားနိုင်ငံမှ စိန်၊ ရွှေ၊ အဖြိုက်နက်၊ ခဲမဖြူနှင့် လချေးများ ထွက်သည်။ နိုင်ငံ၏ ထွက်ကုန်များ အနက် စိန်၊ နာနတ်လျှော်၊ ကာဖီ၊ ဝါဂွမ်း၊ သီဟိုဠ်စေ့နှင့် လေးညှင်းပင့်များကို နိုင်ငံခြားတိုင်းပြည်များသို့ တင်ပို့ပြီး နိုင်ငံခြားတိုင်းပြည်များမှ ရေနံထွက်ပစ္စည်းများ၊ အထည်အလိပ်များ စက်ပစ္စည်းများ မှာယူတင်သွင်းသည်။

၁၉၆၄ ခုနှစ် အောက်တိုဘာလတွင် တန်ဇားနိုးယား သမ္မတနိုင်ငံဟု ပြောင်းလဲ ခေါ်တွင်ခဲ့သည်မှစ၍ သမ္မတအဖြစ် ဒေါက်တာ ဂျူးလယ်ပညီရေးရေးက ဆောင်ရွက်ပြီး ဝန်ကြီးချုပ်အဖြစ် ရာရှီဒီမဖော်မီကာဝါဝါက ဆောင်ရွက်ခဲ့သည်။ (ညီရေးရေး, ဂျူးလယ်—ရှ။) ၁၉၆၇ ခုနှစ် ဖေဖွဲ့ဝရီလတွင် တန်ဇားနိုးယား နိုင်ငံအတွင်းရှိ စက်မှုလုပ်ငန်းဌာန ခုနစ်ခု၊ သွင်းကုန်ထုတ်ကုန်လုပ်ငန်း ကုမ္ပဏီရှစ်ခုကို နိုင်ငံပိုင်သိမ်းယူခဲ့သည်။ မြေယာလယ်ကွက်များကိုလည်း စုပေါင်းထွန်ယက်နိုင်ရန် စုပေါင်းသမဝါယမအဖွဲ့ငယ်များ စုစည်းထူထောင်ပေးခဲ့သည်။

၁၉၇၇ ခုနှစ် ဖေဖွဲ့ဝရီလ ၁၃ ရက်နေ့တွင် သမ္မတညီရေးရေးက အစိုးရအဖွဲ့ကို ပြောင်းလဲဖွဲ့စည်းခဲ့ရာ သမ္မတအဖြစ် ညီရေးရေးကငင်း၊ ဝန်ကြီးချုပ်အဖြစ် ဒက်ဒဝပ်ဆို ကိုင်းကငင်း ဆောင်ရွက်သည်။

တန်ဇားနိုးယားပြည်ထောင်စု သမ္မတနိုင်ငံသည် ၁၉၆၁ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် ၁၀၄ နိုင်ငံမြောက် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံဖြစ်သည်။ အပြည်ပြည် ဆိုင်ရာ အလုပ်သမားရေးရာ အဖွဲ့ချုပ်၊ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ချုပ်၊ ကုလသမဂ္ဂပညာ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ချုပ်၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၊ ဓနသဟာယအဖွဲ့တို့၌ အဖွဲ့ဝင်အဖြစ် ပါဝင်သည်။

တန်ဇားနိုးယားနိုင်ငံသည် ၁၉၆၇ ခုနှစ် ဇွန်လ ၆ ရက်နေ့၌ ချုပ်ဆိုခဲ့သည့် စာချုပ်အရ ၁၉၆၇ ခု ဒီဇင်ဘာလ ၁ ရက်နေ့တွင် ကင်ညာနိုင်ငံ၊ ယူဂန်းဒါးသမ္မတ နိုင်ငံတို့နှင့် ပူးပေါင်း၍ အရှေ့အာဖရိက ဆက်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ သုံးဖွဲ့ဖွဲ့စည်းခဲ့သည်။ ယင်းတို့မှာ အရှေ့အာဖရိက လေကြောင်းကော်ပိုရေးရှင်း၊ အရှေ့အာဖရိက ဆိပ်ကမ်းကော်ပိုရေးရှင်း၊ အရှေ့အာဖရိက မီးရထားကော်ပိုရေးရှင်းတို့ ဖြစ်သည်။ နောက်ပိုင်းတွင် အရှေ့အာဖရိက စာတိုက်နှင့် ကြေးနန်းကော်ပိုရေးရှင်း၊ အရှေ့အာဖရိက မိုးလေဝသနှင့် အရှေ့အာဖရိက ဆေးသုတေသန ကောင်စီတို့ကို တိုးချဲ့ဖွဲ့စည်းခဲ့သည်။ သို့သော် ၁၉၇၅ ခုနှစ်အတွင်း ထိုသုံးနိုင်ငံအကြား ဆက်သွယ်မှုသည် အကြိမ်ကြိမ်ပြိုကွဲပျက်စီးခဲ့ရသည်။ တနိုင်ငံနှင့်တနိုင်ငံ အပြန်အလှန်စွဲချက်တင်ခြင်းအားဖြင့် ၁၉၇၇ ခုနှစ် ပထမလေးလအတွင်းတွင် ယင်းအရှေ့အာဖရိက ဆက်သွယ်မှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့သုံးဖွဲ့သည် ရပ်ဆိုင်းသွားရလေသည်။

တိုင်းဝမ်ကျွန်း။ ။(၅–၁၂၁––ရှ။) တရုတ်အမျိုးသားသမ္မတနိုင်ငံကို ၁၉၅၀ ပြည့်နှစ် မတ်လ ၁ ရက်နေ့တွင် ချန်ကေရှိတ် ခေါင်းဆောင်ပြီး တိုင်းဝမ်ကျွန်းသို့ ရွှေ့ပြောင်းတည် ထောင်ခဲ့သည်။ တိုင်းဝမ် အစိုးရအား ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံအဖြစ် ၁၉၄၅ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့တွင် အသိအမှတ် ပြုခဲ့သော်လည်း ၁၉၇၁ ခုနှစ် အောက်တိုဘာလ ၂၅ ရက်နေ့၌ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံအဖြစ်မှ ထုတ်ပယ်လိုက်ပြီး ယင်း၏နေရာတွင် တရုတ်ပြည်သူသမ္မတနိုင်ငံအား အဖွဲ့ဝင်နိုင်ငံအဖြစ်လက်ခံခဲ့သည်။ သို့ရာတွင် အမေရိကန်ပြည်ထောင်စု အပါအဝင် နိုင်ငံပေါင်း ၂၆ နိုင်ငံတို့သည် တိုင်းဝမ်အစိုးရအား ဆက်လက် အသိအမှတ်ပြုလျက်ပင်ရှိသည်။



တိုင်းဝမ်ကျွန်းသည် စီးပွားရေးတွင် လယ်ယာစိုက်ပျိုးရေးကို အဓိက လုပ်ကိုင်သော်လည်း စက်မှုလုပ်ငန်းဆိုင်ရာ ကုန်ပစ္စည်း ထုတ်လုပ်မှုများလည်း တိုးတက်လျက်ရှိသည်။ ၁၉၅၂ ခုနှစ်တွင် တိုင်းဝမ်ကျွန်း၏ လူဦးရေသည် ၈.၇ သန်းမျှသာရှိ၍ ၁၉၇၆ ခုနှစ်တွင် ၁၆.၄ သန်းအထိ တိုးလာခဲ့သည်။

အမေရိကန်ပြည်ထောင်စုထံမှ စီးပွားရေး ထောက်ပံ့မှုကို ၁၉၅၁ ခုနှစ်မှ ၁၉၆၅ ခုနှစ် ဇွန်လ ၃၀ ရက်နေ့အထိ အမေရိကန်ဒေါ်လာ ၁,၅၀၀ သန်းရရှိခဲ့ပြီး စစ်ရေးထောက်ပံ့မှု စုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၂,၅၀၀ သန်းရရှိသည်။ စစ်ရေးထောက်ပံ့မှုကို ဆက်လက်ကူညီလျက်ရှိသော်လည်း နောက်ပိုင်းတွင် လျော့သည်။

တိုင်းဝမ်ကျွန်း၌ အမေရိကန်ပြည်ထောင်စု၏ သီးခြားရင်းနှီးမြှုပ်နှံငွေမှာ အမေရိကန်ဒေါ်လာ သန်း ၅၀၀ ခန့်ရှိသည်။ တိုင်းဝမ်သည် မိမိနိုင်ငံမှ ကျွမ်းကျင်မှုဆိုင်ရာ ကူညီမှုများကို အာရှ၊ အာဖရိကနှင့် လက်တင်အမေရိကရှိ နိုင်ငံပေါင်း ၃၀ ထံသို့ တိုးချဲ့စေလွှတ်ထားခဲ့သည်။

၁၉၇၅ ခုနှစ် ဧပြီလ ၅ ရက်နေ့တွင် တိုင်းဝမ်ကျွန်း၌ တရုတ်သမ္မတနိုင်ငံကို စတင်တည်ထောင်ခဲ့သူ သမ္မတ ချန်ကေရှိတ် ကွယ်လွန်သွားသဖြင့် ယင်း၏နေရာတွင် ဒုတိယသမ္မတ ဒေါက်တာ စီကေယန်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတရာထူးကို ဆက်ခံခဲ့သည်။

တရုတ်သမ္မတနိုင်ငံ အစိုးရအဖွဲ့၏ ဝန်ကြီးချုပ်မှာ ကွယ်လွန်သူ သမ္မတချန်ကေရှိတ်၏သား ချန်ချင်ကို ဖြစ်သည်။
(ချန်ကေရှိတ်—ရှ။)

ထရူးဒိုး, ပီယဲအဲလီယော့ (ခရစ် ၁၉၁၉ ဖွား)။ ။ကနေဒါ နိုင်ငံ၏ ဝန်ကြီးချုပ် ပီယဲအဲလီယော့ ထရူးဒိုးကို ၁၉၁၉ ခုနှစ် အောက်တိုဘာလ ၁၈ ရက် နေ့တွင် ကနေဒါနိုင်ငံ မွန်ထရီအော်မြို့၌ ဖွားမြင်သည်။



ကနေဒါနိုင်ငံ ဝန်ကြီးချုပ် ထရူးဒိုး

ထရူးဒိုးသည် ကနေဒါနိုင်ငံ၏ နိုင်ငံရေး ပါတီတရပ် ဖြစ်သော လစ်ဗရယ် ပါတီ၏ ခေါင်းဆောင်တဦး ဖြစ်သည်။ ၁၉၆၇ ခုတွင် ကနေဒါနိုင်ငံ မွန်ထရီအော်မြို့နယ်မှ ကနေဒါနိုင်ငံပါလီမန် အောက်လွှတ်တော် အမတ်အဖြစ် ထရူးဒိုး ရွေးချယ်ခြင်းခံရလေသည်။ ဤသို့ ရွေးချယ်ခြင်း ခံရပြီးနောက် သုံးနှစ်ခန့် ကြာသောအခါ ထရူးဒိုးသည် လစ်ဗရယ်ပါတီ၏ ထိပ်တန်းခေါင်းဆောင်ကြီး ဖြစ်လာသည်။

၁၉၇၂ ခုနှစ် အောက်တိုဘာလ ၃၀ ရက်နေ့တွင်ကျင်းပသော အထွေထွေ ရွေးကောက်ပွဲ၌ သူ၏ လစ်ဗရယ်ပါတီသည် ပါလီမန်အမတ် ၂၆၇ နေရာရှိသည့်အနက် ၁၀၉ နေရာတွင်သာ အရွေးခံရလေသည်။ ထရူးဒိုးသည် ကနေဒါနိုင်ငံသူ နိုင်ငံသားအားလုံးအတွက်မားမားမတ်မတ် ဆောင်ရွက်ပေးမည့် တရားမျှတမှုအဖွဲ့ကို ထူထောင်ရာ လူထု၏ ထောက်ခံမှုကို ရရှိခဲ့လေသည်။ သူသည် အစိုးရဌာနများ၌ ပြင်သစ်ဘာသာကို အင်္ဂလိပ်ဘာသာနှင့် တန်းတူထားကာ အသုံးပြုနိုင်မည့် ရုံးသုံးဝေါဟာရ အက်ဥပဒေကို ပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်ခဲ့သည်။

သူသည် လူပျိုကြီးဘဝဖြင့် နိုင်ငံအတွက် ထမ်းဆောင်ခဲ့ရာ ၁၉၇၁ ခုနှစ်တွင်ဝန်ကြီးချုပ်ဘဝဖြင့် အသက် ၅၁ နှစ် အရွယ်ရောက်မှ အိမ်ထောင်ပြုခဲ့လေသည်။

ကနေဒါနိုင်ငံမှ ကုမ္ပဏီကြီးများကို နိုင်ငံခြားအရင်းရှင်ကြီးများ သိမ်းယူထားသည့်အတွက် ယင်းတို့ကို ပြန်လည် စစ်ဆေးရန် လိုအပ်သည်ဟူသော ဥပဒေကြမ်းကို ပါလီမန်တွင် တင်သွင်းခဲ့လေသည်။

ထရူးဒိုးသည် ကနေဒါဝန်ကြီးချုပ် အဖြစ်ဖြင့် ၁၉၇၄ ခုနှစ် အောက်တိုဘာလတွင် ပြင်သစ်နိုင်ငံနှင့် ဗဲလဂျီယမ်နိုင်ငံများသို့ ချစ်ကြည်ရေး ခရီးထွက်ခဲ့လေသည်။

ထရန်စစ္စတာ။ ။ထရန်စစ္စတာသည် အီလက်ထရွန်နစ်ကရိယာဖြစ်ပြီး အထဲ၌ ဂျမေနီယမ်သတ္တုစကလေး တခုနှင့် သတ္တုနန်းကြိုးကလေးများ အမျှားအပြားပါရှိသည်။ အီလက်ထရွန် ဓာတ်ငွေ့မဲ့မီးလုံးမျှားကဲ့သို့ လျှပ်စစ်လှိုင်းမျှားကို ဓာတ်ကူးပေးခြင်း၊အသံလှိုင်းပြုပြင်ပေးခြင်းနှင့် ခွဲခြင်းပြုလုပ်ပေးသည်။ သို့သော် ထူးခြားသည်ကား ထရန်စစ္စတာသည် ပြင်းထန်သောဒဏ်များကို ခံနိုင်ပြီး အလုပ်လုပ်ရန် လျှပ်စစ်ဓာတ်အား အနည်းငယ်သာလိုသည်။ ဓာတ်အားပေးလိုက်သည်နှင့် တပြိုင်နက် ချက်ချင်း အလုပ်လုပ်နိုင်စွမ်း ရှိသည်။ လျှပ်စစ်အားလည်း တဝပ်၏ တသန်းပုံ တပုံသာ လိုသည်။ ထို့ပြင် သက်တမ်းအားဖြင့်လည်း ဓာတ်ငွေ့မဲ့ မီးလုံးသည် သက်တမ်းနာရီတသောင်းသာ ရှိသော်လည်း ထရန်စစ္စတာသည် သက်တမ်း နာရီတသိန်းအထိ ကြာရှည်ခံသည်။အထူးခြားဆုံးမှာ ထရန်စစ္စတာသည် အရွယ်အစား အားဖြင့် လွန်စွာသေးငယ်ခြင်းပင်ဖြစ်သည်။ မည်မျှသေးငယ်သနည်း ဟူမူ နှလုံးခုန်မှုကို ထိန်းပေးသည့် ကရိယာအဖြစ် နှလုံးထဲ၌ပင် သွင်းထားနိုင်ပေသည်။

အမေရိကန် သိပ္ပံပညာရှင်များဖြစ်ကြသော ဂျွန်ဗာဒင်း၊ ဝေါလတာဗရက်တိန် နှင့် ဝီလျံရှော်ကလီ တို့သည် ၁၉၄၀ ပြည့်နှစ်တွင် ထရန်စစ္စတာကို စုပေါင်း တီထွင် ခဲ့ကြသည်။ ထရန်စစ္စတာကို တီထွင်နိုင်ခဲ့သည့်အတွက် ၁၉၅၆ ခုနှစ်တွင် ရူပဗေဒဆိုင်ရာ နိုဗယ်ဆုကို ချီးမြှင့်ခြင်းခံရသည်။

ထရန်စကိုင်းနိုင်ငံ။ ။ထရန်စကိုင်း နိုင်ငံသည် အာဖရိကတိုက် တောင်ပိုင်းတွင် တည်ရှိ၍ လူမည်းတို့၏ဒေသခံနယ်မြေတခု ဖြစ်သည်။



ထရန်စကိုင်း နိုင်ငံသစ်မှာ အကျယ်အဝန်းအားဖြင့် စတုရန်းမိုင် ပေါင်း ၁၉,၉၀၀ရှိသည်။ လူဦးရေ နှစ်သန်းခန့်ရှိရာတွင် လူဖြူ ၁၀,၀၀၀ နှင့် အသားအရောင် ကဲ့ပြားသူ ၇,၆၅၀ ရှိ၏။ ပြည်ပသို့ သွားရောက်အလုပ်လုပ်ကြပြီး အမိနိုင်ငံသို့ ငွေပြန်ပို့သော လူဦးရေမှာ ၃၆၀,၀၀၀ ရှိသည်။ ယင်းတို့ထံမှ ရရှိသော ဝင်ငွေမှာ ထရန်စကိုင်းနိုင်ငံ တော်ဝင်ငွေ၏ ၇၀ ရာခိုင်နှုန်း အထိ ဖြစ်သည်။

မြို့တော်မှာ အမ်တာတာမြို့ ဖြစ်သည်။ အင်္ဂလိပ်နှင့် ဇိုဆာဘာသာစကားကို ပြောဆိုသုံးနှုန်းကြ၍ ခရစ်ယန်နှင့် လူမျိုးစု အလိုက် ရိုးရာဘာသာကို ကိုးကွယ်ကြသည်။ ၁၈၆၆ ခုနှစ်မှ ၁၈၉၄ ခုနှစ် အတွင်း ထရန်စကိုင်း နယ်မြေသည် ဗြိတိသျှတို့၏ အုပ်ချုပ်မှု လက်အောက်တွင် ရှိ၍ ၁၉၀၃ ခုနှစ်တွင်ထရန်စကိုင်းနယ်မြေများကို ပဲ့စည်းသည်။ ၁၉၁၃ ခုနှစ်တွင် ဒေသခံနယ်မြေ အက်ဥပဒေ အရ ထရန်စကိုင်းနယ်မြေများကို လူမည်းတို့၏ ဒေသခံနယ်မြေအဖြစ် ထားရှိခဲ့သည်။

၁၉၇၆ ခုနှစ် အောက်တိုဘာလ ၂၆ ရက်နေ့တွင် ထရန်စကိုင်းနယ်မြေသည် လွတ်လပ်ရေး ကြေငြာနိုင်ခဲ့သည်။ ထရန်စကိုင်းနိုင်ငံ၏ ပထမဆုံး ဝန်ကြီးချုပ်မှာ ကိုင်ဇာ ဒါလီဝန်ဂါမတန်ဇီမာ ဖြစ်သည်။

လွတ်လပ်သော ထရန်စကိုင်းနိုင်ငံအား ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါဖြင့် ရပ်တည်နိုင်စေရန် ယင်းနိုင်ငံနှင့် စပ်လျဉ်း၍ စာချုပ်စာတန်းစုစုပေါင်း ၆၅ ခုမျှ ချုပ်ဆိုခဲ့သည်။ အဆိုပါ စာချုပ်များကို ပရိတိုးရီးယားမြို့တွင် တောင်အာဖရိက နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဗိုးစတာနှင့် အကြီးအကဲ ကိုင်ဇာဒါလီဝန်ဂါ မတန်ဇီမာတို့က လက်မှတ်ရေးထိုးခဲ့ကြခြင်း ဖြစ်သည်။ သဘောတူညီမှုပြုကြရာတွင် တဦးနှင့် တဦး မကျူးကျော်ရေး စာချုပ်လည်း တခုအပါအဝင်ဖြစ်သည်။

ထရန်စကိုင်းနိုင်ငံသစ်အတွက်ဖွဲ့စည်းပုံ ဥပဒေမူကြမ်းကို အမ်တာတာမြို့တွင် ၁၉၇၆ ခုနှစ် ဧပြီလ ၂၃ ရက်နေ့က ထုတ်ပြန်ခဲ့သည်။ လွတ်လပ်သော နိုင်ငံအဖြစ် မကြေငြာနိုင်သေးမီ ကာလအတွင်း ထရန်စကိုင်းနိုင်ငံအတွင်း ခိုလှုံနေသူ ၁၂,၀၀၀ ခန့်သည် ထွက်ခွာသွားကြသည်။ယင်းတို့အထဲတွင် ဂလင်းဂရေးမှ တင်းဗတ်များနှင့် ဟာဆဲမှ ဆိုသိုများ အများအပြားပါဝင်ကြသည်။ ၁၉၇၆ ခုနှစ် စက်တင်ဘာလ ၇ ရက်နေ့၌ ဆိုသိုတစုသည်ဘာဆိုသိုကွာဒေသနှင့် ဆက်သွယ်နေထိုင်ခွင့် ပြုရန် လူပေါင်း ၄၀,၀၀၀ က လက်မှတ်ရေးထိုးသော အသနားခံလွှာတစောင်ကို ကိုင်ဇာမတန်ဇီမာလက်သို့ ပေးအပ်၏။ သို့သော် ပေးအပ်ပြီး မကြာမီမှာပင် ယင်းတို့၏ လူမျိုးစုခေါင်းဆောင် နီယိုဆီဗီသည် အရေးပေါ်ဥပဒေအရ ဖမ်းဆီးခြင်း ခံရသည်။

၁၈၆၆ ခုနှစ်မှ ၁၈၉၄ ခုနှစ်အတွင်းထရန်စကိုင်းနယ်မြေသည် ဗြိတိသျှတို့၏ အုပ်ချုပ်မှု လက်အောက်တွင်ဖြစ်၍ ၁၉၀၃ ခုနှစ်တွင် ထရန်စကိုင်းနယ်မြေများကိုဖွဲ့စည်းသည်။ ၁၉၁၃ ခုနှစ် ဒေသခံနယ်မြေအက်ဥပဒေအရ နယ်မြေများကို လူမည်းတို့၏စီးပွားရေးနယ်မြေများအဖြစ်ထားရှိသည်။

ထရန်စကိုင်း၏ ဥပဒေကြမ်း ရှင်းလင်းချက်ကို ၁၉၇၆ ခုနှစ် ဇွန်လ ၁၁ ရက်နေ့၌ တောင်အာဖရိက လွတ်တော်တွင် ဖတ်ကြားရှင်းလင်းရာ ထောက်ခံသည့် ဖက် (အာဏာလက်ရှိ အမျိုးသားပါတီ)မှ ၁၀၃ မဲနှင့် အတိုက်အခံ (စည်းလုံးညီညွတ်ရေးပါတီနှင့် တိုးတက်ပြုပြင်ရေးပါတီ) တို့ ဖက်မှ ၄၁ မဲဖြင့် အဆုံးအဖြတ် ပေးလေသည်။ ဇွန်လ ၁၇ ရက်နေ့က တဖန် ဆီးနိတ်လွတ်တော်၌ရှင်းလင်းတင်ပြ

ပြန်သည်။ ပါလီမန်၌လည်း အတိုက် အခံ နှစ်ဖက်စလုံး ကပင် ကန့်ကွက်လေသည်။

အထွေထွေ ရွေးကောက်ပွဲကြီးကို စက်တင်ဘာလ ၂၉ ရက်နေ့တွင် ကျင်းပရာ အမျိုးသားလွှတ်တော်တွင်ရှိသော ၇၅ နေရာ အနက် အာဏာလက်ရှိ ထရန်စကိုင်းအမျိုးသား လွှတ်လပ်ရေးပါတီက ၆၉ နေရာတွင် အနိုင်ရရှိလေသည်။ ကျန် ခြောက်နေရာ အနက် နယူးဒီမိုကရက်တစ် ပါတီက နှစ်နေရာ ရရှိလေသည်။

အောက်တိုဘာလ ၂၆ ရက်နေ့၌ အမျိုးသားလွှတ်တော် သစ်ကို ပထမအကြိမ် စတင်ကျင်းပရာ အရွေးပွန်ဒိုလင်းမှ မြင့်မြတ်သော အကြီးအကဲ ဗိုသဂျန်ဂိလိဇဲဆစ်ကောကို နိုင်ငံသစ်၏ သမ္မတအဖြစ် တင်မြှောက်လေသည်။ဝန်ကြီး ချုပ်မှာ ကိုင်ဇာမတန်ဇီမာပင် ဖြစ်သည်။

ထရန်နေရှင်နယ်။ ။(နိုင်ငံစုံလုပ်ငန်းဖြန့် ကော်ပိုရေးရှင်း—ရှူ။)

ထိုင်းနိုင်ငံ။ ။(၅–၂၂၃—ရှူ။)အရွှေတောင်အာရှအခြေအနေ လူပ်လူပ်ရှရှ ဖြစ်နေသည့် အချိန်တွင် အရွှေတောင်



အာရှဒေသတွင် ဥရောပ လက် နက် နိုင်ငံကြီး တခုခု၏ အုပ်ချုပ်ခြင်း ကို မခံခဲ့ရသည့် တခု တည်းသော နိုင်ငံအဖြစ် ရပ်တည်နေခဲ့သောထိုင်း နိုင်ငံတွင်လည်းနိုင်ငံရေး တည်ငြိမ်မှု မရှိခဲ့ချေ။ ၁၉၅၇ ခုနှစ် စက်တင်ဘာလမှစ၍ စစ်တပ်က အာဏာ သိမ်းပြီး ဝန်ကြီးချုပ် ဖြစ်လာသူ ဗိုလ်ချုပ် ဆရစ်ထာနာ ရတ်သည် ၁၉၆၃ ခုနှစ် ဒီဇင်ဘာလ ၈ ရက်နေ့တွင် အသည်းကင်ဆာ ရောဂါဖြင့် ကွယ်လွန်သဖြင့် ထိုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့တွင် ထိုင်းဘုရင်က မာရှယ် ထနွမ်ကစ် တီကာချန်ကို ဝန်ကြီးချုပ် အဖြစ်ဌင်း၊ ကာကွယ်ရေးဝန်ကြီး အဖြစ်ဌင်း ခန့်အပ်ခဲ့သည်။

၁၉၆၉ ခုနှစ် ဖေဖွဲ့ဂရီလ ၁၀ ရက်နေ့တွင်ကျင်းပသော ရွေးကောက်ပွဲတွင် အာဏာရပါတီဖြစ်သည့် ညီညွတ်သော ထိုင်းပြည်သူ ပါတီက ၇၅ နေရာသာ ရရှိရာ တသီးပုဂ္ဂလ အမတ်အချို့ ပူးပေါင်းပြီး မာရှယ် ထနွမ်ကစ်တီကာချန်ကို ဝန်ကြီးချုပ်အဖြစ် တင်မြောက်၍ အစိုးရအဖွဲ့ဝင်ဝန်ကြီး ၂၀ ဦးကို ခန့်အပ်ခဲ့သည်။ ၁၉၇၁ ခုနှစ် အောက်တိုဘာလ အတွင်းက ကျောင်းသားများ ဆူပူမှုကြောင့် မာရှယ် ထနွမ်ကစ်တီကာချန် ဦးဆောင်သော အစိုးရ ပြုတ်ကျပြီး နောက်သမာဆတ် တက္ကသိုလ်ပါမောက္ခချုပ် ဆန်ညာသမာဆတ်သည် ဝန်ကြီးချုပ်တာဝန်ယူကာ အစိုးရဖွဲ့စည်းခဲ့သည်။

၁၉၇၄ ခုနှစ် မတ်လနှင့် ဧပြီလများတွင် ပညာရေးဝန်ကြီးကို မကျေနပ်သူ ကျောင်းဆရာများ ဆန္ဒပြခြင်းနှင့် ပတ်သက်၍ အစိုးရအဖွဲ့အတွင်း မပြေမလည်ဖြစ်ခဲ့၍ ထိုနှစ် မေလ ၂၁ ရက်နေ့တွင် ဝန်ကြီးချုပ် ဆန်ညာသမာဆတ်သည် ဝန်ကြီးများအဖွဲ့တဖွဲ့လုံးကို ကိုယ်စားပြု၍ နုတ်ထွက်စာတင်ခဲ့သည်။ သို့သော် အမျိုးသားလွှတ်တော်မှ ကိုယ်စားလှယ်အများစုက ဆန်ညာသမာဆတ်ကိုပင် ဝန်ကြီးချုပ် အဖြစ် အစိုးရသစ် ပြန်လည်ဖွဲ့စည်း၍ တာဝန်ယူရန် တိုက်တွန်းသဖြင့် မေလ ၂၈ ရက်နေ့မှစ၍ ပြန်လည်ထမ်းဆောင်သည်။

ရွေးကောက်ပွဲကို ၁၉၇၅ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်နေ့တွင်ကျင်းပခဲ့ရာ ၂၂ ပါတီမှ အမတ်များ အနိုင်ရရှိခဲ့သော်လည်း အမျိုးသားလွှတ်တော်၌ အမတ် ဦးရေ ၂၆၉ ဦး အနက် ထက်ဝက်ကျော် အနိုင်ရရှိသောပါတီ မရှိသဖြင့် ညွှန့်ပေါင်းအစိုးရဖွဲ့စည်းရေး ကြိုးပမ်းခဲ့ကြသည်။ သို့သော် အမျိုးသားလွှတ်တော် ကျင်းပသည့် နေ့အထိ မအောင်မြင်ခဲ့ချေ။ ဖေဖွဲ့ဂရီလ ၆ ရက်နေ့တွင် အမျိုးသား လွှတ်တော်ကို ကျင်းပပြီး ဖေဖွဲ့ဂရီလ ၁၃ ရက်နေ့တွင်အမျိုးသားလွှတ်တော်မှ ၁၈ နှစ်အတွင်း ထိုင်းနိုင်ငံ၏ ပထမဆုံးသော အရပ်သား အစိုးရသစ်ကို ဖွဲ့စည်းရန် ဒီမိုကရက်တစ်ပါတီ ခေါင်းဆောင် ဆီနီပရာမိုဂျ်အား ဝန်ကြီးချုပ်လောင်းအဖြစ် ရွေးချယ် တာဝန်ပေးခဲ့သည်။ ဖေဖွဲ့ဂရီလ ၁၅ ရက်နေ့တွင် ထိုင်းဘုရင် ဖူမိဖွန်အဒူလဒက်က ဝန်ကြီးချုပ်အဖြစ် ဆီနီပရာမိုဂျ်အား တရားဝင်ခန့်အပ်လိုက်သည်။

သို့ရာတွင် ဝန်ကြီးချုပ် ဆီနီပရာမိုဂျ် ဦးဆောင်သော အစိုးရအား အမျိုးသားလွှတ်တော်တွင် အယုံအကြည်မရှိ အဆိုတင်သွင်းရာ အဆိုဖက်မှ အနိုင်ရသွား၍ သက်တမ်းရှစ်ရက်အတွင်း ပြုတ်ကျသွားသည်။ ထိုနောက်တွင် လူမှုလုပ်ငန်း ဆောင်ရွက်ရေး ပါတီခေါင်းဆောင် ကူကရစ် ပရာမိုဂျ်အား ညွှန့်ပေါင်းအစိုးရတရပ် ဦးဆောင်ဖွဲ့ရန် နိုင်ငံရေး ပါတီကြီး အချို့မှ တိုက်တွန်းချက်အရ အရွေးခံရာ ကူကရစ်ပရာမိုဂျ်သည် ၁၉၇၅ မတ်လတွင်ထိုင်းနိုင်ငံဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသည်။

ကူကရစ် ပရာမိုဂျ် ခေါင်းဆောင်သော ညွှန့်ပေါင်းအစိုးရသည် တဖက်၌ ပြည်တွင်း စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ချမှတ်လုပ်ဆောင်ရင်း တဖက်တွင် အစိုးရအဖွဲ့အတွင်း မညီညွတ်မှု၊ နိုင်ငံရေး မတည်ငြိမ်မှုနှင့် ပြည်တွင်း လက်နက်ကိုင်လှုပ်ရှားမှု အန္တရာယ်တို့ကို ရင်ဆိုင်ခဲ့ရသည်။ တချိန်တည်းမှာပင် အိမ်နီးချင်း လောနိုင်ငံနှင့် နယ်စပ်ပြဿနာ ဖြစ်ပေါ်ခဲ့ရသည့်ပြင် ကမ္ဘောဒီးယား နိုင်ငံနှင့်လည်း ဆက်ဆံရေး မပြေမလည် ဖြစ်ခဲ့ရသည်။

၁၉၇၆ ခု ဇန္နဝါရီလဆန်းတွင် အတိုက်အခံပါတီများက ဦးဆောင်ပြီး လှုတ်တော် ကိုယ်စားလှယ် ၁၂၃ ဦး တို့က လှုတ်တော် အထူး စည်းဝေးခေါ်ပေးရန် တောင်းဆိုကာ အစိုးရအပေါ် အယုံအကြည်မရှိ အဆိုတင်သွင်းရန် စိုင်းပြင်း လာကြသည်။ ထို့ကြောင့် ထိုင်းဘုရင်က အမတ်များ၏ တောင်းဆိုချက်အရ လှုတ်တော် အထူးအစည်းအဝေးကို ဇန္နဝါရီလ ၁၄ ရက်နေ့တွင် ဆင့်ခေါ်ရန် အမိန့်ထုတ်ပြန်ခဲ့သည်။ ဝန်ကြီးချုပ် ကူကရစ်သည် အတိုက်အခံများ၏ အယုံအကြည်မရှိ အဆိုကို ချေဖျက်နိုင်ရန် ဇန္နဝါရီလ ၈ ရက်နေ့တွင် အတိုက်အခံ ပါတီဖြစ်သည့် ဆိုရှယ်အဂရေး ရိုးယန် ပါတီမှ အမတ်လေးဦးကို ဝန်ကြီးအဖွဲ့တွင် ထည့်၍ ပြင်ဆင်ဖွဲ့စည်းခဲ့သည်။

ထိုအခြေအနေတွင် အစိုးရအဖွဲ့ အရေးနိမ့်ပြီး လက်ဝဲ အင်အားစုများ အာဏာရလာမည်ကို ထိုင်း စစ်ဗိုလ် ချုပ်များက မလိုလားဟုဆိုကာ လှုတ်တော်ကို ဖျက်သိမ်း၍ ရွေးကောက်ပွဲအသစ် ကျင်းပရန် ဝန်ကြီးချုပ်အား တောင်းဆိုခဲ့သည်။ ထို့ကြောင့် ၁၉၇၆ ခုနှစ် ဇန္နဝါရီလ ၁၂ ရက်နေ့တွင် ထိုင်းဘုရင်က အမျိုးသား လှုတ်တော်ကို ဖျက်သိမ်းကြောင်း၊ အထွေထွေ ရွေးကောက်ပွဲကို ဧပြီလ ၄ ရက်နေ့တွင် ကျင်းပမည် ဖြစ်ကြောင်း ကြေငြာခဲ့သည်။ ရွေးကောက်ပွဲ မတိုင်မီ နိုင်ငံအုပ်ချုပ်ရေးအတွက် ကူကရစ် ပရာမိုဂ် ခေါင်းဆောင်သော အိမ်စောင့် အစိုးရအဖွဲ့ကို ဘုရင်က ခန့်ထားလိုက်သည်။

ဧပြီလ ၄ ရက်နေ့တွင် ရွေးကောက်ပွဲ ကျင်းပရာ မဲပေးခွင့် ရှိသူအားလုံး၏ ရာခိုင်နှုန်း ၄၀ သာ လာရောက်မဲပေးကြသည်။ ရွေးကောက်ပွဲတွင် မည်သည့် ပါတီကမျှ လှုတ်တော်အမတ် နေရာအများစုကို မရရှိသဖြင့် ရွေးကောက်ပွဲ အပြီး ဧပြီလ ၁၅ ရက်နေ့ ကျင်းပသော လှုတ်တော် အစည်းအဝေးတွင် အစိုးရသစ်ကို မဖွဲ့စည်းနိုင်ခဲ့ချေ။ ဧပြီလ ၂၀ ရက်နေ့တွင် အမတ်နေရာ အများဆုံး ရရှိသော ဒီမိုကရက်တစ် ပါတီခေါင်းဆောင် ဆီနီပရာမိုဂျ်အား ဝန်ကြီးချုပ်သစ်အဖြစ် ဘုရင်က ခန့်အပ်ပြီး အစိုးရသစ် ဖွဲ့ရန် တာဝန်ပေးသဖြင့် ဧပြီလ ၂၁ ရက်နေ့တွင် ညွှန့်ပေါင်းအစိုးရသစ်ဖွဲ့သည်။

ဤအခြေအနေ အရပ်ရပ်များကြောင့် ၁၉၇၆ ခုနှစ် အောက်တိုဘာလ ၆ ရက်နေ့မှ ၇ နာရီတွင် စစ်တပ်အာဏာပိုင်များက အာဏာ သိမ်းလိုက်သည်။ ဗိုလ်ချုပ် ဆင်တ်ချာလောယူက စစ်ဥပဒေထုတ်ပြန် ကြေငြာ၍ ပါလီမန်ကို ဖျက်သိမ်းပြီး ဖွဲ့စည်းပုံအခြေခံ ဥပဒေကိုလည်း ပယ်ဖျက်သည်။ စာများကိုလည်း ပြင်းပြင်းထန်ထန် ဆင်ဆာလုပ်သည်။ အမျိုးသား အုပ်ချုပ်မှု ပြန်လည်ပြုပြင်ရေး အဖွဲ့ကိုဖွဲ့စည်းသည်။ ထိုနေ့မှာပင် အသက် ၄၉ နှစ်ရှိလကျိ ဝါဒီစစ်စစ် ရွေနေထန္တင်ကရီဗီချိန်းအား ဝန်ကြီးချုပ်ခန့် အပ်ရာ ကရေဗီချိန်းက မိမိနှင့်ဝါဒတူ အပေါင်းအသင်းများ ပါဝင်သော အစိုးရ အဖွဲ့ငယ်ကလေးတခုကို ဖွဲ့စည်းလိုက်သည်။ ဤအစိုးရအဖွဲ့အား အမျိုးသား အုပ်ချုပ်မှု ပြုပြင်ပြောင်းလဲရေး ကောင်စီနှင့် တွဲဖက်၍ အာဏာခွဲဝေသုံးစွဲခွင့်ကို အမျိုးသား လှုတ်တော် ဖွဲ့စည်းပြီးသည့်အထိ တရားဝင် ခွင့်ပြုကြောင်း ဘုရင်က အောက်တိုဘာလ ၂၂ ရက်နေ့တွင် ကြေငြာသည်။ ဤအမျိုးသား အုပ်ချုပ်မှု ပြုပြင်ပြောင်းလဲရေး ကောင်စီက ထိုင်းနိုင်ငံအား ဒီမိုကရေစီနှင့် အရပ်သားအစိုးရ အုပ်ချုပ်ရေးအသွင် ပြောင်းရန် ၁၆ နှစ် စီမံကိန်း တရပ်ကို ထုတ်ပြန် ကြေငြာသည်။ ၁၉၇၆ ခု နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ကိုယ်စားလှယ် ၃၄၀ ပါဝင်သော အမျိုးသားလှုတ်တော်ကို ဖွဲ့စည်းလိုက်သည်။

အစိုးရအဖွဲ့သည် ပြည်သူတို့အပေါ် ဖိနှိပ်မှုများ ပြင်းထန်လာသောအခါ အစိုးရကိုမလိုလားမှုများဖြစ်ပေါ်လာပြန်ရာ ၁၉၇၇ ခု အောက်တိုဘာလ ၂၀ ရက်နေ့တွင် စစ်တပ်က အာဏာ သိမ်းလိုက်ကြောင်း ထိုင်းကာကွယ်ရေးဝန်ကြီး ရေတပ်ဗိုလ်ချုပ်ကြီး ဆင်တ်ချာလောယူ လက်မှတ်ရေးထိုးထားသော ကြေငြာချက်ကိုထုတ်ပြန်သည်။ လက်နက်ကိုင် တပ်ဖွဲ့သုံးခုမှ ပုဂ္ဂိုလ်များ ပါဝင်သော တော်လှန်ရေး ကောင်စီက တိုင်းပြည်တာဝန်ကို ရယူလျက်ရှိသည်။ ကောင်စီ၏ အမိန့်အာဏာများဖြင့် ခိုင်းစေမှုမှတပါး တပ်သားများ သို့မဟုတ် ရဲတပ်ဖွဲ့ဝင်များ၏ လူပ်ရှားမှုအားလုံးကို ပိတ်ပင်လိုက်သည်။

ကောင်စီက ဘုရင်စနစ်ကို ထောက်ခံပြီး ဘုရင်ဖူမိဖုန် အဒူလဒက်ကို နိုင်ငံ၏အကြီးအကဲအဖြစ် ဆက်လက်ထားရှိသည်။ ရေတပ်ဗိုလ်ချုပ်ကြီး ဆင်တ်ချာလောယူအား အမျိုးသား ငြိမ်းချမ်းမှု ထိန်းသိမ်းရေးအဏုရှိအဖြစ်ခန့်အပ်သည်။

တော်လှန်ရေးကောင်စီက စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ခရီယန်ဆတ်ချီမာနန်ကို ဝန်ကြီးချုပ်အဖြစ် ခန့်အပ်သည်။ ထိုင်း ဝန်ကြီးချုပ်သစ် ခရီယန်ဆတ်ချီမာနန်သည် ကွန်မြူနစ် ဗိယက်နမ်၊ ကမ်ပူးချား၊ လောနိုင်ငံများနှင့်ဆက်ဆံရေးတိုးတက်အောင် ဆောင်ရွက်မှုကို ၎င်း၏ နိုင်ငံခြားရေး ဝါဒ၏ အဓိက အချက်အဖြစ် ထားရှိပြီး ဆောင်ရွက်ခဲ့ရာ ရက်သတ္တ သုံးပတ်အတွင်း အကောင်အထည် ဖော်နိုင်ခဲ့သည်။

ထွန်းဖေဦး (ထွန်းနွေစဉ်) (ခရစ် ၁၉၀၀–၁၉၇၄)။ ။ လှုတ်တော်အမတ်၊ ဝန်ကြီးရာထူးများဖြင့် ခန့်အပ်ခြင်းခံရသော်လည်း ထိုရာထူး ရာခံအခွင့်အရေးများကို စွန့်ပယ်၍ မိမိယုံကြည်ရာဖက်မှ ရပ်တည်သော သတင်းစာလောကတွင်သာ ပျော်မွေ့ခဲ့သူ ဦးထွန်းဖေကို ၁၉၀၀ ပြည့်နှစ် ဇူလိုင်

လ ၂၁ ရက်နေ့တွင် မိတ္ထိလာခရိုင်မလှိုင်မြို့နယ်သရက်ကောင်းပင်ရွာတွင်အဖမြေတိုင်းစာရေး၊ရိုးကန်ရွာ အထူးအာဏာရသူကြီး ဦးဘိုးလှ၊ အမိ ဒေါ်နန်းအေးတို့မှ မွေးဖွားခဲ့သည်။



သတင်းစာ ဆရာကြီး ဦးထွန်းဖေ

ရိုးကန် ရွာဦးကျောင်းတွင် ကိုရင် တဝါ ဝတ်ခဲ့သည်။ မိတ္ထိလာ အေ ဘီ အမ်ကျောင်းတွင် အတန်းပညာများ ဆက်လက် သင်ကြားခဲ့သည်။ ၁၉၁၈ ခုနှစ် တွင် မန္တလေးဗုဒ္ဓ သာသန နုဂ္ဂဟကျောင်းမှ ၁၀ တန်းအောင်မြင်၍ ရန်ကုန်တက္ကသိုလ်တွင် ဆက်လက် ပညာသင်ကြားသည်။ ရန်ကုန်တက္ကသိုလ်တွင် နေစဉ် အဆိုအက ထူးချွန်ရုံသာမက ပတ္တလား၊စန္ဒယား၊ တယောတူရိယာများကို ကျွမ်းကျင်စွာ တီးနိုင်သဖြင့် ဂီတသမားအဖြစ် လူသိများခဲ့သည်။

ဦးထွန်းဖေသည်အထက်တန်းပညာသင်ယူနေစဉ်ဗြိတိသျှဗြူရိုကရေစီ ယူနီဗာစီတီအက် ဥပဒေကို ကန့်ကွက်သည့် ၁၉၂၀ ပြည့်နှစ် ပထမ ကောလိပ်သပိတ်ကြီး ပေါ်ပေါက်လာသည့်အခါ တက်ကြွစွာပါဝင် ဆောင်ရွက်၍ သပိတ်ခေါင်းဆောင် ၂၆ ဦး ကော်မတီ၌ ရွေးချယ်ခြင်းခံရသည်။

၁၉၂၁ ခုနှစ်တွင် ရွှေဘိုအမျိုးသမီးကျောင်း၊ ဘိုကလေး အမျိုးသားကျောင်းများတွင် ဆရာအဖြစ် ဝင်ရောက်ဆောင်ရွက်ပြီး ၁၉၂၂ ခုနှစ်တွင် ယောက္ခမ မိဖများအငြိုအငြင်ခံ၍ အစိုးရအမှုထမ်း လုပ်ကိုင်ခြင်းမပြုပဲ ဘဝအာမခံချက်မရှိသော သတင်းစာလောကသို့ ဝင်ခဲ့သည်။

၁၉၂၂ ခုနှစ် အသက် ၂၂ အရွယ် ဘားမားအော့ဗဇားဗား သတင်းစာ သတင်းထောက်၊ မြန်မာ့အလင်းနေ့စား သတင်းထောက်အဖြစ် လုပ်ကိုင်ရာ ဂျီစီဘီအေ နှစ်ခြမ်းကွဲ သတင်း အရေးကောင်းသဖြင့် သူရိယဦးလှဖေက ခေါ်ယူ၍ သူရိယ သတင်းစာ သတင်းထောက်အဖြစ် ခန့်ထားခဲ့သည်။ ထိုအချိန်မှစ၍ သူရိယ သတင်းစာ သတင်းထောက်၊ သတင်းထောက်ချုပ်၊ ညအယ်ဒီတာအဖြစ် နှစ်ပေါင်းများစွာ လုပ်ကိုင်ခဲ့သည်။ ဦးထွန်းဖေ၏ "မောင်"အမည်ဖြင့် ရေးသားခဲ့သောစာအုပ် ဝေဖန်ခန်းမှာ လူကြိုက်များခဲ့သည်။

ဦးထွန်းဖေသည် ဆရာစံ မကွယ်လွန်မီ သွားရောက်တွေ့ဆုံ အလှူခံ၍ ဆရာစံ၏ ချွေးနှီးစာ ဆေးကျမ်း စာမူခငွေဖြင့် လက်ဝဲစာအုပ်များဝယ်ပြီး ဆရာစံ ပိဋကတ်တိုက် တည်ထောင်ဖွင့်လှစ်ခဲ့သည်။

ဂျပန်ခေတ်တွင် ဗမာ့ခေတ် သတင်းစာ အယ်ဒီတာချုပ်အဖြစ် ဆောင်ရွက်ခဲ့ပြီး ၁၉၄၃ နိုဝင်ဘာလ ၁ ရက်နေ့တွင် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပသော မဟာအရှေ့အာရှတိုက် သတင်းစာ ညီလာခံသို့ တက်ရောက်ခဲ့ရသည်။

စစ်ပြီးခေတ်တွင် ဟံသာဝတီ သတင်းစာ အယ်ဒီတာချုပ်၊ ၁၉၄၇ ခုနှစ်တွင် မြန်မာနိုင်ငံ သတင်းစာဆရာအသင်း ဥက္ကဋ္ဌ အဖြစ် ရွေးချယ်ခံရပြီး သတင်းစာကိုယ်လှယ်အဖြစ် ဗြိတိန်နှင့် အမေရိကန် ပြည်ထောင်စုသို့ သွားရောက်လေ့လာခဲ့သည်။

၁၉၄၇ ခုနှစ်တွင် ဟင်္သာတ အနောက်မဲဆန္ဒနယ်မှဂင်း၊ ၁၉၅၁ ခုနှစ်တွင် ဝက်လက် မဲဆန္ဒနယ်မှဂင်း ပြည်သူလွှတ်တော်အမတ်အဖြစ် အရွေးခံရပြီး ၁၉၄၈ ခုနှစ်မှစတင်၍ ဖဆဖလ အစိုးရအဖွဲ့ ယဉ်ကျေးမှု ဝန်ကြီး၊ သာသနာရေးဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီး စသည့်တာဝန်များ ဆောင်ရွက်ခဲ့သည်။

ဦးထွန်းဖေသည် ၁၉၅၃ ခု သြဂုတ်လတွင် ဝန်ကြီးချုပ် ဦးနုနှင့် သဘောကွဲလွဲ၍ ဖဆပလ ဝန်ကြီးအဖွဲ့မှ နုတ်ထွက်ခဲ့သည်။ ထိုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့တွင် ထွန်းနေ့စဉ် သတင်းစာကို တည်ထောင်၍ အယ်ဒီတာချုပ်အဖြစ် ဆောင်ရွက်သည်။

၁၉၅၆ ခုနှစ်တွင် အိန္ဒိယနိုင်ငံ ဒေလီမြို့၌ ကျင်းပသည့် အရှေ့အာရှ ကွန်ဖရင့်သို့ဂင်း၊ ၁၉၆၀ ပြည့်နှစ်တွင် ဖိလစ်ပိုင်နိုင်ငံ မနီလာသို့ဂင်း သွားရောက်လေ့လာခဲ့သည်။

ဦးထွန်းဖေသည် ၁၉၆၂ ခုနှစ်တွင် မြန်မာနိုင်ငံစာနယ်ဇင်း ကောင်စီ ဥက္ကဋ္ဌ၊ ပြည်ထောင်စု အစိုးရ ရာထူးဝန်အဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၇၅ ခုနှစ် အမျိုးသားနေ့ ရွှေရတုသဘင် ကျင်းပရေး ကော်မတီ ဒုတိယ ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်၍ အမျိုးသားနေ့ ရွှေရတုသဘင်ပြဇာတ်ကို ရေးသားတင်ဆက်ခဲ့လေသည်။

ဦးထွန်းဖေ ရေးသားပြုစုခဲ့သော ထင်ရှားသည့် စာအုပ်များမှာ မြန်မာစာနိဒါန်း၊ တရုတ်အရေးတော်ပုံအတွင်းရေး၊ ဆိုဗီယက်ဒီမိုကရေစီနှင့် ကိုယ်တွေ့များနှင့် မြန်မာ့ မြေပေါ်မှ နေမင်း(ဆန်းအိုဗာဘားမား) အမည်ရှိ အင်္ဂလိပ် ဘာသာဖြင့် စာအုပ်တို့ဖြစ်သည်။

ဦးထွန်းဖေသည် ၁၉၇၄ ခုနှစ် နိုဝင်ဘာလ ၁၈ ရက် အသက် ၇၄ နှစ် အရွယ်တွင် ရန်ကုန်မြို့ အမှတ် ၁၂ ပြည်သာယာလမ်း နေအိမ်တွင် ကွယ်လွန်ခဲ့လေသည်။

ထွန်းမြင့်၊ဦး၊လင်းခေး (ခရစ် ၁၉၀၃–၁၉၇၆) ။ ။ဗာဂျီးနီးယား စီးကရက်ဆေးစိုက်ပျိုးရေးကို စတင်ခဲ့သူ လင်းခေး ဦးထွန်းမြင့်ကို ရှမ်းပြည် တောင်ပိုင်း လိုင်လင်ခရိုင် မောက်မယ်မြို့တွင် မွန် မြန် မာ ကုန် သည် မျိုးရိုး ဦး ကျော်စိန် နှင့် မောက်မယ် စော်ဘွားကြီး ခွန်မုတ်၏ သမီးကြီး ဒေါ်စောလုံတို့မှ ၁၉၀၃ ခုနှစ် ဖေဖော်ဝါရီလ ၂၈ နေ့တွင် ဖွားမြင်သည်။ မောင်ထွန်းမြင့်အား ငယ်စဉ်က ချစ်စနိုးဖြင့် စောဟတ်ဟုလည်း ခေါ်ကြသည်။



လင်းခေး ဦးထွန်းမြင့်

ငယ်စဉ်က မော်လမြိုင်မြို့ စိန့်ပက်ထရစ် ကျောင်းတွင် ဖခင်ဖြစ်သူက အပ်နှံသည်။ ကျောင်းနေပြီး ခုနစ်လအကြာ ကျောင်း၌ ဗရင်ဂျီဘုရား ရှိခိုးရသည်ကို မကျေမနပ်ဖြစ်ကာ ရှင်မဟာဗုဒ္ဓဃောသကျောင်းသို့ပြောင်းလေသည်။ သို့သော် ကျောင်းပညာကို စိတ်မဝင်စားပဲ ဓာတ်ပုံရိုက်ခြင်း၊ တယောထိုးခြင်းဖြင့် အချိန်ကုန်လေသည်။

အိမ်ထောင်ကျပြီးနောက် ဇနီး၏အဖိုးပိုင် ဒလမြို့ရှိ ဆန်စက်တွင် စာရင်းကိုင်နှင့် စပါးသိမ်း၊ ဆန်ကြိတ် တာဝန်ယူလုပ်ကိုင်ခဲ့သည်။ မိုးရာသီ အလုပ်အားလပ်ချိန် ကျိုက္ခမီမြို့တောင်ဖက် စက်စဲရွာအနီး၌ မြေရိုင်းကေ တရာကျော် ဂရန်ယူ၍ စပါးစိုက်ပျိုးရေး လုပ်ငန်း၊ ဆီမွေးထုတ်လုပ်ငန်း၊ အုန်းပင်စိုက်ပျိုးရေးလုပ်ငန်းတို့ကို လုပ်ကိုင်နေသည်။ ထိုအခိုက် ဇနီး၏အဖိုးဖြစ်သူက မြို့သုံးဆန်ကြိတ်ရန်ဆန်စက် ထောင်ပေးသဖြင့် ရန်ကုန်မြို့၌ ဆန်စက်လုပ်ငန်း လုပ်ကိုင်နေစဉ် မောက်မယ်မြို့မှ ဦးရီးတော် မောက်မယ်စော်ဘွားခွန်ဘိုးခေါင်နှင့် နိုင်ငံခြားတင်နိုင်မည့် စီးကရက်ဆေး လုပ်ငန်းလုပ်ရန် ဆွေးနွေးကြသည်။ ရှမ်းဆေးအစား ဗာဂျီးနီးယားဆေး စိုက်ရန် ကိုထွန်းမြင့် ကြိုးစားသည်။

နိုင်ငံခြားမှ ဆေးနှင့် သက်ဆိုင်သော စာအုပ်စာတန်းများမှာယူ၍ ဖတ်ရှုလေ့လာကာ လက်တွေ့ဆေး စိုက်ပျိုးရေးကို မောက်မယ်၌လုပ်သည်။ ငါးဆယ်ရာခိုင်နှုန်း အောင်မြင်သောအခါ ဆေးပေါင်းရုံတရုံ တည်ကာ ဆေးပေါင်းတင်လေသည်။ သို့ရာတွင် အစဖြစ်၍ မအောင်မြင်ချေ။ အမေရိကန်ဆေးနှင့် ရှေကျင်ဆေး ရောကာ ခေါင်းလိုးဆေး လုပ်ရောင်းသဖြင့် လူကြိုက်များ လာသည်။ ဆေးပေါင်းတင်သည့် လုပ်ငန်းကို အအိပ်ပျက်၊ အစားပျက်ခံကာ သုံးနှစ်ကျော်ကျော် ကိုယ်တိုင် ကြပ်မတ်၍ လုပ်ကိုင်လိုက်ရာ ရွှေရောင်ကဲ့သို့ ဝင်းထိန်ဝါ၍ သင်းပျံ့သော ဆေးရွက်များကို အောင်မြင်စွာ ထုတ်လုပ် နိုင်ခဲ့သည်။ ထို့နောက် ဗလူးဗင် ဆေးတံ သောက်ဆေးကို တွင်ကျယ်စွာ ထုတ်လုပ်နိုင်ခဲ့ပြီးနောက် ဦးရီးတော် မောက်မယ်နယ်စားက သူ့အား လင်းခေးတိုက်သူကြီး ဟိန်အဖြစ် လာရောက်လုပ်ကိုင်ရန် ခေါ်လေသည်။ ဆေးလုပ်ငန်းလည်း ကိုယ်ဖိရင်ဖိလုပ်ကိုင်နိုင်ခွင့်ရသဖြင့် ဟိန်ရာထူးကို လက်ခံလိုက်သည်။

ဟိန်အဖြစ် ဆောင်ရွက်စဉ် ကစားဝိုင်း ဖဲဝိုင်းများကို ကြပ်ကြပ်မတ်မတ် အရေးယူသည်။ တိုက်နယ်တခုလုံး ပြုပြင်ရန် လိုအပ်သောအကြောင်းကိစ္စများ ရှိလာလျှင် လူထု အစည်းအဝေးခေါ် အဆိုတင်ခြင်း၊ ထောက်ခံခြင်း၊ ဆုံးဖြတ်ခြင်းကို ပြုလုပ်စေကာ ဒီမိုကရေစီကို မျိုးစေ့ချပေးသည်။ လင်းခေးတိုက်နယ်အတွင်း ငွေဝင်များသော ကုလားဆိုင်များကို အခွန်တော် ပိုမိုစည်းကြပ်သည့် ကိစ္စနှင့်ပတ်သက်၍ အထက်အုပ်ချုပ်ရေးပိုင်းမှ ဝင်ရောက်စွက်ဖက်မှုများ ရှိလာသဖြင့် ဟိန်ရာထူးမှ နုတ်ထွက်လိုက်လေသည်။

ဒုတိယ ကမ္ဘာစစ်အတွင်းက ညီတော် မောက်မယ်စော်ဘွားက သူ့အားအုပ်ချုပ်ရေး ဝင်ကိုင်ပေးရန် တောင်းပန်သည်ကို လက်သင့် မခံခဲ့ပဲ အာရှလူငယ်အစည်းအရုံးအမည်နှင့် ပဒေသရာဇ် ဆန့်ကျင်ရေးနှင့် ဂျပန်ဆန့်ကျင်ရေး လုပ်ငန်းများလုပ်ခဲ့သည်။ ၁၉၄၅ ခု စက်တင်ဘာလတွင် ဒလမြို့သို့ ပြောင်းရွှေ့ နေထိုင်စဉ် ၁၉၄၃ ခုနှစ် ဒလ သဘော်ကျင်း အလုပ်သမားများ အထွေထွေ သပိတ်၌ သပိတ်ကော်မတီ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။ မကြာမီ ပင်လုံကွန်ဖရင့် တက်ရန် ဖိတ်စာ ရောက်လာသည်။

ဦးထွန်းမြင့်သည် ရှမ်းပြည်သူကိုယ်စားလှယ် ခုနစ်ဦးတွင် ပါဝင်၍ ပင်လုံ စာချုပ်လက်မှတ် ထိုးသောကိုယ်စားလှယ် ၂၃ ဦးတွင်လည်း တဦးအပါအဝင် ဖြစ်သည်။ ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံ ဥပဒေရေးဆွဲရာ၌လည်း ပါဝင်ခဲ့သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရသောအခါ ရှမ်းပြည်နယ် ဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်ဝန်ကြီးအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည်။ ထို့နောက် နုတ်ထွက်၍ စက်မှုလက်မှုနှင့် သတ္တုတွင်း ဌာနဝန်ကြီးအဖြစ် ဆောင်ရွက်၍ မကြာမီ နုတ်ထွက်ခွင့်တောင်းပြန်ရာ ဝန်ကြီးချုပ်က ဌာနလက်ကိုင်မရှိ ဝန်ကြီးအဖြစ် ဆက်လက်ဆောင်ရွက်စေရင်း၊ သူကျွမ်းကျင်သည့် ဗာဂျီးနီးယားဆေးအကြောင်း စာအုပ်ပြုစုစေသည်။ စာအုပ်အမည်မှာ အမေရိကန် ဆေးရွက်ဖြစ်သည်။ ယင်းစာအုပ်ကို ပုံနှိပ်ရန် ဝန်ကြီးချုပ်ထံပေးအပ်ပြီးနောက်ဝန်ကြီးရာထူးမှ နုတ်ထွက်လိုက်သည်။



နိုင်ငံခြားရေးဝန်ကြီး မိုရှေဒါယန်း

တိုင်းပြည်ပြု လုတ်တော်အမတ် ဘဝတွင် ဟသ်ာတ ဦးမြနှင့် ဆေးလုပ်ငန်းကို စတင်လုပ်ကိုင်သည်။ ၁၉၅၃ ခု နှစ်တွင် ဟသ်ာတ ဦးမြ၏ တိုက်တွန်းချက်အရ ဗာဂျီးနီးယား ဆေးစိုက်ပျိုးရေး ငါးနှစ် စီမံကိန်း ရေးဆွဲကာ အစိုးရထံတင်လိုက်သည်။ ရေးဆွဲထားသောစီမံကိန်း၏ စနစ်ကျမှုကြောင့် ဆုငွေ ၁၅၀၀ နှင့် သမ္မတ၏ ရွှေတံဆိပ်ဆုကို ရရှိသည်။ ၁၉၅၈ ခုနှစ်တွင် သီရိပျံချီဘွဲ့ဖြင့် ချီးမြှင့်ခံရသည်။

၁၉၆၂ ခုနှစ်တွင် တော်လှန်ရေး အစိုးရတက်လာသော အခါလည်း လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးဝန်ကြီး ဌာန ဗာဂျီးနီးယား ဆေးစိုက်ပျိုးရေး အကြံပေးအရာရှိနှင့် ပြည်သူစီးကရက်လုပ်ငန်း အုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်သည်။

၁၉၆၈ ခုနှစ်ကုန်ခါနီးတွင် တော်လှန်ရေးကောင်စီက ဖွဲ့စည်းပေးသော မြန်မာနိုင်ငံ ပြည်တွင်း ညီညွတ်ရေး အ ကြံပေးအဖွဲ့ဝင် ၃၇ ဦးတွင်လည်း ဦးထွန်းမြင့် ပါဝင်၏။

ဖွဲ့စည်းပုံ အခြေခံ ဥပဒေအသစ် ရေးဆွဲရာတွင် ဦးထွန်း မြင့်သည် ရှမ်းပြည် အရှေ့ပိုင်းတိုင်း ကော်မရှင်အဖွဲ့ခွဲ ၃ တွင် တဲဖက်ခေါင်းဆောင်အဖြစ် ဆောင်ရွက်ရသည်။ အခြေခံ ဥပဒေသစ်တွင် အဓိက ပါဝင်သည့် အခန်းကြီး ကိုးခန်းအ တွက် တာဝန်ယူရေးဆွဲမည့် အဖွဲ့ကိုးဖွဲ့တွင် ဦးထွန်းမြင့်သည် ဒေသန္တရ ပြည်သူ့ရေးရာ စီမံခန့်ခွဲရေး အဖွဲ့အစည်းများ နှင့် စပ်လျဉ်း၍ ရေးဆွဲရေး ကော်မတီ ဥက္ကဋ္ဌအဖြစ် ဆောင် ရွက်ရန် ၁၉၇၁ ခု ဇူလိုင်လတွင် ပါတီလုပ်ငန်း စီစစ်ရေး ကော်မတီဝင်အဖြစ် အရွေးခံရသည်။ ပထမ အကြိမ် ပြည်သူ့လွှတ်တော် ရွေးကောက်တင်မြှောက်ပွဲတွင် လင်း ခေးမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေး ချယ်တင်မြှောက်ခြင်းခံရသည်။ ထို့နောက် ပြည်သူ့လွှတ် တော်က ဦးထွန်းမြင့်အား နိုင်ငံတော်ကောင်စီဝင် အဖြစ် ရွေးချယ်တင်မြှောက်သည်။ ဦးထွန်းမြင့်သည် ၁၉၇၆ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ကွယ်လွန်လေသည်။

ဒဗလျူအိပ်ချ်အို။ ။(ကမ္ဘာ့ကျန်းမာရေးအဖွဲ့—ရှု။)

ဒါယန်း, မိုရှေ (ခရစ် ၁၉၁၅ ဖွား)။ ။မိုရှေဒါယန်း သည် ၁၉၁၅ ခုနှစ် မေလ ၂၀ ရက်နေ့တွင် အင်္ဂရိယယ်၏ ပထမဆုံး ကီဗွတ်ဇ်စံပြမြို့ကလေးဖြစ်သော ဒီဂါနီယာမြို့တွင် အဖ ဆင်မြူယယ်ဒါယန်းနှင့် အမိ ဒဗိုရာတို့မှ ဖွားမြင်သည်။ သူခြောက်နှစ်သားအရွယ်တွင် ဒါယန်းမိသားစုသည် မိုးရွာ ခေါ် ပထမဆုံး အသေးစားလယ်ယာသမဝါယမရွာကလေး ဖြစ်သော မိုရွက်ရွာသို့ ပြောင်းရွှေ့နေထိုင်သည်။ ထိုရွာ၌ စိုက်ပျိုးရေးကျောင်းတွင် ဒါယန်းသည် ဆက်လက် ပညာ သင်ကြားသည်။

ငယ်ရွယ်စဉ်က ပင် အင်္ဂရိယယ် လွှတ်လပ်ရေး ကြိုး ပမ်း လျက်ရှိ သော ဟာဂါနာ အဖွဲ့သို့ ဝင်ရောက်၍ အင်္ဂရိယယ် ကာကွယ် ရေးလုပ်ငန်းများစည်းရုံးခဲ့သည်။ ၁၉၃၆ ခုနှစ် အာရပ် အရေး အခင်းတွင် ဗြိတိသျှတို့ ကြီးမှူးဖွဲ့စည်း ပေးသော မြို့ စောင့် ရဲတပ်ဖွဲ့တွင် နည်းပြဆရာအဖြစ် အမှုထမ်းခဲ့ပြီးနောက် နာမည်ကျော် ဗြိတိသျှ ပြောက်ကျားစစ်ဗိုလ်၊ ဗိုလ်ကြီး ချားအော် ဒီဝင်း ဂိတ်၏အထူးညွှတ်ဖွဲ့တွင် အမှုထမ်းပြန်သည်။ ၁၉၃၉ ခုနှစ်တွင် ဟာဂါနာမျိုးချစ်တပ်ဖွဲ့၌ နည်းပြဆရာလုပ်နေစဉ် ဖမ်းဆီးခြင်းခံရပြီး ထောင်ဒဏ်ငါးနှစ် အပြစ်ပေးခံရ၏။ ၁၉၄၁ ခုနှစ်တွင် ထောင်မှ လွှတ်လာသည်။ ဒုတိယကမ္ဘာ စစ်အတွင်း မဟာမိတ်တပ်များဖြစ်သော သြစတြေးလီး ယားတပ်များသည် ဆီးရီးယားနိုင်ငံသို့ တက်ရောက်သိမ်း ပိုက်သောအခါ မိုရှေဒါယန်းသည် ကင်းထောက်အဖွဲ့ကို ဦးစီး၍ ပါဝင် တာဝန်ယူခဲ့သည်။ တိုက်ပွဲတွင် အပြင်းအထန် ဒဏ်ရာရ၍ မျက်လုံးတဖက် ဆုံးရှုံးခဲ့ရသည်။

အင်္ဂရိယယ် လွှတ်လပ်ရေးတိုက်ပွဲတွင် မိုရှေဒါယန်းသည် ဒုတိယဗိုလ်မှူးကြီး အဆင့်ဖြင့် ဆီးရီးယား စစ်မျက်နှာ၌ အလယ်ပိုင်း စစ်မျက်နှာနှင့် နီဂက် စစ်ကြောင်းတို့တွင် တိုက်ခိုက်ခဲ့လည်။ ၁၉၄၈ ခုနှစ်စက်တင်ဘာလတွင် ဗိုလ်မှူး ကြီးအဆင့်သို့ တိုးမြှင့် ခန့်ထားခြင်း ခံရပြီး ဂျရူးဆလမ်း တိုင်း၏ တပ်ရင်းမှူးအဖြစ် ဆောင်ရွက်ရသည်။ ၁၉၄၉ ခုနှစ် တွင် ဂျော်ဒန်နိုင်ငံနှင့် ပူးပေါင်းစစ်ပြေငြိမ်းရေးကော်မရှင် တွင် ပါဝင်ဆောင်ရွက်ခဲ့၍ တောင်ပိုင်းဒေသ တိုင်းမှူးကြီး အဖြစ် ထမ်းဆောင်ခဲ့သည်။ အင်္ဂလန်နိုင်ငံသို့ စစ်ပညာသင်ရောက်သင်ကြားခဲ့ပြီး မြောက်ပိုင်းဒေသ စစ်ဦးစီးချုပ်အဖြစ် ခန့်အပ်ခြင်းခံရသည်။ ၁၉၅၃ ခုနှစ်မှ ၁၉၅၈ ခုနှစ်အထိ ကာ ကွယ်ရေးဦးစီးချုပ်အဖြစ် အမှုထမ်းဆောင်ပြီး ပညာဆက် လက်သင်ကြားရန်အလို့ငှါတပ်မတော်မှ အခွင့်ဖြင့်နေသည်။

၁၉၅၉ ခုနှစ်တွင် ဒါယန်းသည် မာပိုင်းပါတီကိုယ်စား လှယ်အဖြစ် စတုတ္ထ နက်ဆက် ပါလီမန်သို့ အမတ်အဖြစ် အရွေးခံရသည်။ ဗင်ဂူရီယန်အစိုးရအဖွဲ့တွင် စိုက်ပျိုးရေး

ဝန်ကြီးအဖြစ် ၁၉၆၄ ခုနှစ်အထိ အမှုထမ်းဆောင်သည်။ ထိုနှစ်တွင် ရာထူးမှနုတ်ထွက်ပြီး ရာဖီ ပါတီထူထောင်သည်။ ၁၉၆၅ ခုနှစ်တွင် ပါလီမန်အမတ်ဖြစ်လာသည် ရာဖီပါတီသည် မာပိုင်းပါတီ၊ အဒွတ်ဟာအဗိုဒါးပါတီတို့နှင့် ပူးပေါင်းပြီး အင်္ဂရိယယ်အလုပ်သမားပါတီဖွဲ့စည်းလေသည်။ ၁၉၆၇ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင် အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့ဥမိုရွှေဒါယန်းသည် ကာကွယ်ရေးဝန်ကြီးဖြစ်လာသည်။ ထိုရာထူးတွင် ၁၉၇၄ ခုနှစ်အထိ ထမ်းဆောင်ခဲ့လေသည်။ ၁၉၇၂ ခုနှစ် ဇွန်လတွင် ဗယ်ဂင်အစိုးရအဖွဲ့၌ နိုင်ငံခြားရေးဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည်။ မိုရွှေဒါယန်းသည် "ဆိုင်းနိုင်းတိုက်ပွဲ"၊ "ဗီယက်နမ်ဒိုင်ယာရီ"နှင့် ကျွန်ုပ်၏ အကြောင်း စာအုပ်များကို ရေးသားခဲ့သည်။

ဒါဟိုမိနိုင်ငံ။ ။(ဗယ်နင်နိုင်ငံ—ရှု။)

ဒီ၊အင်၊အေ။ ။ဒီ၊အင်၊အေဆိုသည်မှာ ဒီအော့စီရီဘို နျူကလီအစ်အက်စစ်ခေါ် အက်စစ်တမျိုးကို အတိုကောက်ခေါ်ခြင်းဖြစ်သည်။ အီ၊အင်၊အေခေါ် ယင်းအက်စစ်ကို ဆဲများ၏ အတွင်းအကျဆုံးအပိုင်းဖြစ်သည့် နျူကလိယတ်များတွင် တွေ့ရသည်။ ဒီ၊အင်၊အေများကိုယ်၌သည် သက်ရှိများ မဟုတ်ပေ။ သို့သော် ဒီ၊အင်၊အေသည် သက်ရှိများဖြစ်ပေါ်မှုတွင် မပါမဖြစ်ပဲ အမြဲပါဝင်ရသည်။ ထို့ကြောင့် ဒီ၊အင်၊အေသည် ဇီဝ၏အစပင် ဖြစ်နိုင်သည်ဟု သိပ္ပံပညာရှင်များက ယူဆခဲ့ကြသည်။

ရှေးအခါကပင် ဒီ၊ အင်၊ အေနှင့် ပတ်သက်၍ သိသင့်သလောက် သိရှိခဲ့ကြသည်။ သို့သော် ဒီ၊ အင်၊ အေ၏ ဓာတုဗေဒသဘော အသေးစိတ်ကိုမူ ၁၉၅၃ ခုနှစ်ကျမှ ဖော်ထုတ်နိုင်ခဲ့ကြသည်။ ဖရန်စစ် အိတ် ခရစ်ဆိုသူ အင်္ဂလိပ်လူမျိုး သိပ္ပံပညာရှင်တဦးနှင့် ဂျိမ်း ဒီ ဝတ်ဆန်ဆိုသူ အမေရိကန် ဇီဝဓာတုဗေဒပညာရှင်တဦးသည် ၁၉၅၃ ခုနှစ်တွင် ဒီ၊အင်၊အေ၏ မော်လီကျူးတည်ဆောက်ပုံကို ပထမဦးဆုံး အကြိမ် ဖော်ထုတ်နိုင်ခဲ့သည်။ ထို့ပြင် ဒီ၊အင်၊အေသည် သက်ရှိများ၏ မျိုးရိုးဗီဇကိုလည်း အဆုံးအဖြတ်ပေးကြောင်းသိရှိလာသည်။ ယင်းကဲ့သို့ ဒီ၊အင်၊အေအကြောင်းပို၍ သိရှိလာရခြင်းသည် ဇီဝဗေဒလေ့လာရေးကို တမူဆန်းသစ်စေခဲ့သည်။ ဒီ၊အင်၊အေနှင့်ပတ်သက်သော မိမိတို့၏ လေ့လာမှုများကြောင့် ခရစ်နှင့်ဝတ်ဆန်တို့သည် မောရစ်အိတ် အက် ဝီလကင်ဆိုသူ အခြား ဗြိတိသျှသိပ္ပံပညာရှင်တဦးနှင့်အတူ ဆေးပညာဆိုင်ရာ နိုဗယ်ဆုကြီးကို ၁၉၆၂ ခုနှစ်တွင် ဆွတ်ခူးနိုင်ခဲ့သည်။ ယခုအခါ ဒီ၊အင်၊အေကိုအခြေခံ၍ ကျင်နက်တင်အင်ဂျင်နီးယားရင်းခေါ် ဆေးပညာဆိုင်ရာ သုတေသနလုပ်ငန်းများကိုကျယ်ပြန့်စွာ လုပ်ကိုင်နေသည်။

ဒေဆိုင်း,မိုရာကျီ (ခရစ် ၁၈၉၆ ဖွား)။ ။မိုရာကျီဒေဆိုင်းသည် ဂူဂျာရတ်ပြည်နယ်၌ ၁၈၉၆ ခုနှစ်တွင် မွေးဖွားပြီး ဆင်းရဲသောတောရွာ ကျောင်းဆရာတဦး၏ သားဖြစ်သည်။ အမည် အပြည့်အစုံမှာ မိုရာကျီရန် ချွတ် ကျီဒေဆိုင်းဖြစ်သည်။ ဘုံဘော တက္ကသိုလ်မှ ဘွဲ့ရပြီး အစိုးရဝန်ထမ်းအဖြစ် စတင် ထမ်း ရွက် သည်။ မဟတ္တမ ဂန္ဓီအား ဆရာ တ ဆူ ကိုး ကွယ်၍ ရိုးသားမှု ခြိုးခြံမှုကို အတု ယူ ကျင့်သုံးသည်။



ဝန်ကြီးချုပ် မိုရာကျီဒေဆိုင်း

၁၉၃၀ ပြည့်နှစ်တွင် ဒေဆိုင်းသည် အလုပ်မှ နုတ်ထွက်ပြီးနောက် ကွန်ဂရက်ပါတီဝင်၍ နိုင်ငံရေး လှုပ်ရှားမှုများ ဆောင်ရွက်သည်။ ယင်းလှုပ်ရှားမှုများကြောင့် ဖမ်းဆီးထိန်းသိမ်းခြင်း နှစ်ကြိမ် ခံခဲ့ရသည်။ ၁၉၃၇ မှ ၁၉၃၉ ခုနှစ်အထိ ဘုံဘေပြည်နယ် အစိုးရအဖွဲ့တွင် အခွန်တော်ဝန်ကြီးအဖြစ် အမှုထမ်းသည်။ ၁၉၄၁ မှ ၁၉၄၅ ခုနှစ်အထိ "အိန္ဒိယမှ ထွက်သွား" လှုပ်ရှားမှုတွင် ပါဝင်မှုအတွက် ထိန်းသိမ်းခြင်း ခံရသည်။ ၁၉၄၆ ခုနှစ်တွင် ဘုံဘေပြည်နယ်အစိုးရ၏ အခွန်တော်ဝန်ကြီး၊ ထိုနောက်တွင် ပြည်ထဲရေးဝန်ကြီးအဖြစ်၎င်း၊ ၁၉၅၂ ခုနှစ်တွင် ပြည်နယ်ဝန်ကြီးချုပ် အဖြစ်၎င်း ဆောင်ရွက်ခဲ့သည်။

၁၉၅၆ ခုနှစ်တွင် ဗဟိုအစိုးရအဖွဲ့၌ စက်မှုနှင့် ကုန်သွယ်ရေး ဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည်။ နောက်နှစ်နှစ်ကြာသောအခါ ဘဏ္ဍာရေး ဝန်ကြီး ဖြစ်လာသည်။ကမ္ဘာ့ရပ်စီမံကိန်းတွင် ပါတီ၏ လုပ်ငန်းများကို တက်ကြွစွာ ဆောင်ရွက်နိုင်ရန် ၁၉၆၃ ခုနှစ်တွင် အလုပ်မှ နုတ်ထွက်ခဲ့သည်။ ဝန်ကြီးချုပ် မစွတာနေရူး ကွယ်လွန်ပြီးနောက်တွင် မိုရာကျီဒေဆိုင်းနှင့် မစွတာ ဂျစ်ကျီဗင်ရမ်းတို့ နှစ်ဦးစလုံး ဝန်ကြီးချုပ်ရာထူးအတွက် ဝင်ရောက် အရွေးခံခဲ့ကြသည်။ သို့သော် ရှပ်စထြီသည် အများ၏ သဘောတူညီချက်အရ ဝန်ကြီးချုပ်အဖြစ် အရွေးခံခဲ့ရသည်။

၁၉၆၆ ခုနှစ်တွင် ရှပ်စထြီကွယ်လွန်သောအခါ မိုရာကျီဒေဆိုင်းသည် ကွန်ဂရက် ပါတီ၏ ခေါင်းဆောင်အဖြစ် ခန့်အပ်ခြင်း ခံရသည်။ သို့သော် ဝန်ကြီးချုပ်ရာထူးအတွက်မူမစွဲ

အင်ဒီရာဂန္ဓီ အရွေးခံရသည်။ ၁၉၆၇ ခုနှစ် အထွေထွေ ရွေးကောက်ပွဲတွင် ကွန်ဂရက်ပါတီသည် နေရာအများအပြား ဆုံးရှုံးခဲ့သော်လည်း မိုရာဂျီဒေဆိုင်းသည် အင်ဒီရာဂန္ဓီ၏ ဝန်ကြီးအဖွဲ့တွင် ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး အဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။ ဘဏ်များကို ပြည်သူပိုင် လုပ်ရန် မိုရာဂျီဒေဆိုင်းသည် ဆန့်ကျင်ခဲ့သောကြောင့် ၁၉၆၉ ခုနှစ် ဇူလိုင်လတွင် ရာထူးအားလုံးမှ နုတ်ထွက်ခဲ့ရသည်။

၁၉၇၅ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင်အတိုက်အခံပါတီတို့၏ အစိုးရ ဆန့်ကျင်ရေး လှုပ်ရှားမှုများ ပြင်းထန်လာသောကြောင့် အိန္ဒိယ သမ္မတသည် နိုင်ငံတဝှန်းလုံး၌ အရေးပေါ် အခြေအနေကြေငြာခဲ့ပြီး အတိုက်အခံ ထိပ်တန်းခေါင်း ဆောင်များကို ဖမ်းဆီးထိန်းသိမ်းခဲ့ရာ မိုရာဂျီဒေဆိုင်းသည် ၁၉ လလုံးလုံး ထိန်းသိမ်းခြင်း ခံရသည်။ ထို့နောက် အရေးပေါ် အခြေအနေကြောင့် တနှစ်တာရှေ့ဆိုင်းခဲ့ရသော အိန္ဒိယနိုင်ငံ အထွေထွေ ရွေးကောက်ပွဲကို ၁၉၇၆ ခုနှစ် မတ်လ ၁၆ ရက်နေ့မှ ၂၀ ရက်နေ့အတွင်းကျင်းပခဲ့ရာ မိုရာဂျီဒေဆိုင်း ပါတီဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော ဂျနာတာ ပါတီသည် ၂၇၁ မဲဖြင့် အနိုင်ရခဲ့သောကြောင့် မတ်လ ၂၄ ရက်နေ့တွင် ဒေဆိုင်းသည် အိန္ဒိယနိုင်ငံ၏ စတုတ္ထမြောက် ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာ ကျိန်ဆိုခဲ့လေသည်။

ဒေဆိုင်းသည် ရိုးသားခြင်း၊ ဖြောင့်မတ်ခြင်းကို ခိုင်ခိုင်မာမာ ကျင့်ကြံပြီး အရက်လည်း မသောက်၊ ဆေးလိပ်လည်း မသောက်ပေ။ သူသည် အိမ်ရက်အထည် ခဒီမှလွဲ၍ မည်သည့် အဝတ်အထည်ကိုမျှ ဝတ်ဆင်ခြင်း မပြုပေ။ ဒေဆိုင်းသည် ဗြာဟ္မဏပုဏ္ဏား အနွယ်ဝင်ဖြစ်ပြီး ဟင်းသီး ဟင်းရွက် ကောက်ပဲသီးနှံကိုသာ စားသောက်ခြင်းကို တင်းကျပ်စွာလိုက်နာသူဖြစ်သည်။ ကိုယ်ကျင့်တရား ထိန်းသိမ်းသူ ပီပီ အသက် ၂၅ နှစ်မှစ၍ အဗြဟ္မစရိယာကျင့်သုံးသည် ဟု မှတ်တမ်းတွင် အထူး ဖော်ပြကြသည်။

နေတိုးအဖွဲ့။ ။(မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့–ရှု။)

နမ်းဗီးယား။ ။(တောင်အာဖရိကသမ္မတနိုင်ငံ—ရှု။)

နိုဗဲဆုများ။ ။(၆၇ — ရှု။) နိုဗဲဆုသည် ငွေကြေး ပမာဏအားဖြင့်၎င်း၊ ဂုဏ်ရည်အားဖြင့်၎င်း ကမ္ဘာတွင် အမြင့်မားဆုံး ဆုဖြစ်သည်။ ဤဆုသည် ယမ်းဘီလူး (ဒိုင်းနမိုက်)ကို တီထွင်သူ ဆွီဒင်အမျိုးသား ဓာတုဗေဒ ပညာရှင် အယ်လဖရက်နိုဗဲ (၁၈၃၃–၁၈၉၆)၏ ကျေးဇူးကြောင့် ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်သည်။

နိုဗဲဆုများကို ၁၉၀၁ ခုနှစ်မှစ၍ (နိုဗဲ ကွယ်လွန်သည့် နှစ်ပတ်လည် အထိမ်းအမှတ်အဖြစ်) နှစ်စဉ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ဆွီဒင်နိုင်ငံစတော့ဟုမ်းမြို့၌ ဆုနှင်းသဘင်ကျင်းပကာ ဆွီဒင်ဘုရင်မင်းမြတ်ကိုယ်တိုင် ချီးမြှင့်သည်။ မူလက ဆေးပညာ သို့မဟုတ် ဇီဝကမ္မဗေဒဆု၊ ရူပဗေဒဆု၊ ဓာတုဗေဒဆု၊ ငြိမ်းချမ်းရေးဆုနှင့် စာပေဆုဟူ၍ ငါးဆုသာ ချီးမြှင့်ခဲ့သော်လည်း ၁၉၆၉ ခုနှစ်တွင် စီးပွားရေး သိပ္ပံဆုကိုပါ ထပ်မံ ဖြည့်စွက်ခဲ့သည်။ ယင်းဆုကို စတော့ဟုမ်းမြို့ရှိ ဆွီဒင်နိုင်ငံ ဗဟိုဘဏ်က ဘဏ်တည်ထောင်သည့် နှစ် ၃၀၀ မြောက် အထိမ်းအမှတ်အဖြစ်ဖြင့် ယခင်ရှိပြီး နိုဗဲဆုများတွင် ထပ်ဖြည့်ခဲ့ခြင်းဖြစ်သည်။

ငြိမ်းချမ်းရေးဆိုင်ရာ နိုဗဲဆုကို လူပုဂ္ဂိုလ်များကိုသာ မက နိုင်ငံတကာ အသင်းအဖွဲ့များကိုပါ ချီးမြှင့်လေ့ရှိသည်။ နိုဗဲဆုများအနက် ရူပဗေဒနှင့် ဓာတုဗေဒဆုများကို စတော့ဟုမ်းမြို့ ဆွီဒင်သိပ္ပံအကယ်ဒမီက၎င်း၊ ဆေးပညာ သို့မဟုတ် ဇီဝကမ္မဗေဒဆုကို စတော့ဟုမ်းမြို့ ကာရိုလင်း ဆေးသိပ္ပံက၎င်း၊ စာပေဆုကို စတော့ဟုမ်းမြို့ ဆွီဒင် စာပေအကယ်ဒမီက၎င်း၊ ငြိမ်းချမ်းရေးဆုကို နော်ဝေးနိုင်ငံ ပါလီမန်လွှတ်တော်က၎င်း အသီးသီး ရွေးချယ်သည်။ ဆုရပုဂ္ဂိုလ်များသည် ဆုငွေအပြင် ဂုဏ်ပြုလက်မှတ်နှင့် ရွှေတံဆိပ်များကိုပါ ရရှိကြသည်။ ဆုငွေမှာမူသေမရှိပဲ ဘဏ်၌ အပ်ထားသော ရန်ပုံငွေမှ ရရှိသည့်အတိုးအနည်းအများကို လိုက်၍ ချီးမြှင့်ခြင်းဖြစ်သည်။ ၁၉၇၆ ခုနှစ်တွင် ဆုရပုဂ္ဂိုလ်တို့သည် တဦးလျှင် အမေရိကန် ဒေါ်လာငွေ ၁၄၃,၀၀၀ (တသိန်းခွဲနီးပါး)စီ အသီးသီး ရရှိခဲ့ကြသည်။ ၁၉၇၇ ခုနှစ်တွင်မူ ဆုတဆုလျှင် ဒေါ်လာငွေ ၁၄၀,၀၀၀ (တသိန်းလေးသောင်းခန့်)စီ ချီးမြှင့်ခဲ့လေသည်။

နိုဗဲဆုရှင်များအား ပြိုင်ပွဲသဘော ရွေးချယ်ခြင်းမျိုး မဟုတ်သော်လည်း ချီးမြှင့်ထိုက်သည့် ပုဂ္ဂိုလ်များစာရင်းကို နိုင်ငံအသီးသီးရှိ သက်ဆိုင်ရာ အဖွဲ့အစည်းများက ဆုရွေးချယ်ရေး ကော်မတီသို့ အမည်စာရင်း သွင်းကြရသည်။ နိုဗဲဆုများအတွက် ချီးမြှင့်ရန် ထိုက်တန်သော ပုဂ္ဂိုလ်မရှိဟူ၍ ကော်မတီကဆုံးဖြတ်သောနှစ်များတွင် လုံးဝ ဆုချီးမြှင့်ခြင်းမပြုချေ။ အချို့နှစ်များတွင် ဆုတမျိုးတည်းကို တဦးထက်ပို၍ နှစ်ဦးသုံးဦးအထိ ပူးတွဲချီးမြှင့်လေ့ရှိရာ ပူးတွဲဆုရှင်တို့သည် ဆုငွေကို အချိုးကျခွဲဝေရရှိကြသည်။ လေယာဉ်ပျက်ကျ၍ ကွယ်လွန်သွားသူ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဒက်ဟမ္မားရှိုး(၁၉၀၅–၁၉၆၁)အား ကွယ်လွန်ပြီးမှ ငြိမ်းချမ်းရေးဆုကို ချီးမြှင့်ခဲ့သည်။ အချို့ပုဂ္ဂိုလ်များမှာဆု ချီးမြှင့်ခြင်းခံရသော်လည်း အကြောင်းအမျိုးမျိုးဖြင့် ဆုကို ငြင်းပယ်ခဲ့ကြသည်။ ပမာအားဖြင့် ၁၉၅၈ ခုနှစ်အတွက် စာပေနိုဗဲဆုရ ရုရှအမျိုးသား စာရေးဆရာကြီး ဗောရစ်

၁၉၀၁ မှ ၁၉၂၂ ရုန်စ်ထိ နိုဗဲဆုရ နိုင်ငံများ၊ အသင်းအဖွဲ့များနှင့် ဆုအရေအတွက် စာရင်း

နိုင်ငံနှင့်အသင်းအဖွဲ့	စာပေ	ငြိမ်းချမ်းရေး	ဆေးပညာ	ရူပဗေဒ	ဓာတုဗေဒ	စီးပွားရေး	မှတ်ချက်
ကနေဒါ		၁	၁		၁		
ချီလီ	၂						
ချက်ကိုဆလို ဗာကီးယား					၁		
ဂရိ	၁						
ဂွာတီမာလာ	၁						
ဂျပန်	၁	၁		၃			
ဂျာမနီ	၆	၅	၁၃	၁၃	၂၂		
စပိန်	၄		၁				
ဆွီဒင်	၃	၄	၃	၃	၄	၂	
ဆွစ်ဇာလန်	၂	၃*	၄	၁	၅		*အသင်းအဖွဲ့ ၁
တရုတ်ပြည်သူ့သမ္မတနိုင်ငံ				၂			
တောင်အာဖရိက		၁	၁				
ဒိန်းမတ်	၃	၁	၄	၃			
နယ်သာလန်			၃	၄	၂	၁	
နော်ဝေး	၃	၂			၁	၁	
ပေါ်တူဂီ			၁				
ပိုလန်	၂						
ပြင်သစ်	၁၂	၈	၃	၃	၅		
ဖင်လန်	၁				၁		
ဗီယက်နမ် (မြောက်)		*၁					*ဆုကိုငြင်းပယ်သည်။
ဗဲလ်ဂျီယမ်	၁	၄*	၃		၁		*အသင်းအဖွဲ့ ၁
ယူဂိုစလားဗီးယား	၁						
ရုရှ	၄	၁	၂	၆	၁	၁	
ဟော်လန်		၁					
ဟန်ဂေရီ			၁		၁		
အမေရိက	၃	၁၃*	၅၂	၃၉	၂၀	၆	*အသင်းအဖွဲ့ ၁
အာဂျင်တီးနား		၁	၁		၁		
ဣတလီ	၅	၁	၂	၂	၁		
ဩစတြီးယား		၂	၄	၃	၁	၁	
ဩစတြေလီးယား	၁		၂		၁		
အင်္ဂလန်	၆	၈*	၁၆	၁၃	၁၈	၂	*အသင်းအဖွဲ့ ၁
အာဇင်္ဂရီယန်	၁						
အိုက်စလန်	၂						
အိုင်ယာလန်	၁	၃		၁			
ကမ္ဘာ့ကြက်ခြေနီအဖွဲ့		၂					
ကမ္ဘာ့အလုပ်သမားအဖွဲ့		၁					
ကုလသမဂ္ဂဒုက္ခသည်များ							
ကယ်ဆယ်ရေးအဖွဲ့		၁					
ယူနီဆက်		၁					
အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်း		၁					
သာခွင့်အဖွဲ့ စုစုပေါင်း	၇၅	၈၅	၁၂၁	၁၀၄	၇၃	၁၄	

ပါစတာညက်(၁၈၉၀–၁၉၆၀)၊ ၁၉၆၄ ခုနှစ်အတွက် စာပေဆုရှင် ပြင်သစ်အမျိုးသား စာရေးဆရာနှင့် တွေးခေါ်ရှင်ကြီး ယွန်ပေါဆတ် (၁၈၀၅) နှင့် ၁၉၇၃ ခုနှစ်အတွက် ငြိမ်းချမ်းရေးဆု ချီမြှင့်ခြင်းခံရသော မြောက်ဗီယက်နမ်မှ ငြိမ်းချမ်းရေးသံတမန် လီဒပ်သို တို့သည် ဆုကိုမယူပဲ ငြင်းပယ်ခဲ့ကြသည်။ တခါတရံ အချို့ဆုများကို သက်ဆိုင်ရာနှစ်တွင် ချီးမြှင့်ခြင်းမပြုပဲ တနှစ်ဆုတ်၍နောက်နှစ်တွင်မှချီးမြှင့်သည်လည်းရှိသည်။ သို့ဖြင့် ၁၉၇၆ ခုနှစ်အတွက် ငြိမ်းချမ်းရေးဆုရှင် အိုင်ယာလန်သူ အမျိုးသမီး နှစ်ဦးတို့အား ၁၉၇၇ ခုနှစ်တွင်မှ ရွေးချယ်၍ ဆုချီးမြှင့်ခဲ့လေသည်။

၁၉၇၇ ခုနှစ်အတွက် နိုဗဲဆုရပုဂ္ဂိုလ်များ စာရင်းကို စတော့ဟုမ်းမြို့ရှိ နိုဗဲဆုများ စိစစ်ရွေးချယ်ရေး ကော်မတီမှ အောက်တိုဘာလအတွင်းက ထုတ်ပြန်ကြေငြာခဲ့သည်။

ရူပဗေဒဆုကို အမေရိကန် အမျိုးသားများ ဖြစ်ကြသော ပါမောက္ခဂျွန်ဗန်ဗလက်(၇၀နှစ်)၊ပါမောက္ခဖိလစ်အင်ဒါဆင် (၅၄ နှစ်) နှင့် ဗြိတိသျှ အမျိုးသား ဆာနယ်ဗီးလ်မုတ် (၇၂ နှစ်) တို့အား ပူးတွဲချီးမြှင့်လိုက်သည်။

ဂျပိုဂ္ဂိုလ် သုံးဦးတို့သည် ဓာတ်လိုက်ဓာတ်နှင့် စပ်လျဉ်းသော အီလက်ထရွန်နစ် သဘောတရားကို ဖော်ထုတ်နိုင်ခဲ့ကြသည်။ အပူ၏လှုပ်ရှားမှုနှင့် သာမိုဒိုင်းနမစ်သဘောတရားကို ရှာဖွေတွေ့ရှိသူ ဗဲလဂျီယမ် ပါမောက္ခအီလျာပရီဂိုဂျင်း (၆၀ နှစ်) က ဓာတုဗေဒဆုကို ရရှိသည်။ ဆေးပညာသို့မဟုတ် ဇီဝကမ္မဗေဒဆုကို အမေရိကန် အမျိုးသမီး ဒေါက်တာ ရိုစလင်ယာလို (၅၆ နှစ်)၊ အမေရိကန် အမျိုးသား ဒေါက်တာ ရော်ဂျာဂီလမင်နှင့် ဗြိတိသျှ အမျိုးသား ဒေါက်တာအင်ဒရူးရဲလီ တို့အား ခွဲဝေချီးမြှင့်လိုက်သည်။

၎င်းတို့သည် လူခန္ဓာကိုယ်အတွင်းရှိ ဟော်မုန်းဓာတ်နှင့် စပ်လျဉ်း၍ အချက်အလက်သစ်များကိုစူးစမ်းတွေ့ရှိနိုင်ခဲ့ကြသောကြောင့် ဆုချီးမြှင့်ခဲ့ခြင်းဖြစ်သည်။ နိုင်ငံတကာ ကုန်သွယ်ရေးတွင် ထုက်ကုန်သွင်းကုန်ဆိုင်ရာ အရေးပါသော နည်းနာသစ်များကို ကြံဆနိုင်ခဲ့ကြသော ဆွီဒင်အမျိုးသား ဗားတီးအိုလင် (၇၈ နှစ်)၊ဗြိတိသျှအမျိုးသား ဂျိမ်းမယ်ဒီ (၇၀ နှစ်) တို့ကစီးပွားရေးဆုကို တဝက်စီ ရရှိကြသည်။

လူသားတိုင်းအသွေးအရောင်မရွေး၊တိုင်းပြည်နိုင်ငံမရွေး တန်းတူညီမျှလူအခွင့်အရေးများရရှိရေးနှင့်ရိုင်းစိုင်းရက်စက်သောပြစ်ဒဏ်ကြီးများကို အသုံးမပြုရေးတို့အတွက် ထူးထူးခြန်ခြန် ကြိုးပမ်းဆောင်ရွက်နိုင်မှုအတွက် လန်ဒန်မြို့၌ ဌာနချုပ် ဖွင့်လှစ်ထားသော အပြည်ပြည်ဆိုင်ရာ လုတ်ငြိမ်းချမ်းသာခွင့်အဖွဲ့အား ငြိမ်းချမ်းရေးဆုကိုချီးမြှင့်လိုက်သည်။ စာပေနိုဗဲဆုကိုမူ စပိန်အမျိုးသား ကဗျာစာဆိုကြီး ဗစ်စင့် အလက်ဇန္ဒား(၇၉ နှစ်)က ဆွတ်ခူးခဲ့သည်။ ကဗျာ ဆရာကြီးသည် စပိန်အာဏာရှင် ဖရန်ကို အုပ်ချုပ်ရေးကာလ (၁၉၃၉–၁၉၇၅)တလျှောက် စပိန်ပြည်သူတို့၏ စိတ်ဓာတ်ရေးရာ ကြံခိုင်တိုးတက်မှုအတွက် တိုင်းပြည်ပြု ကဗျာ စာပေများကို ရေးဖွဲ့နိုင်မှုကြောင့် ချီးမြှင့်ခံရခြင်း ဖြစ်သည်။

နက္ခတ်ကြည့်မှန်ပြောင်း။ ။နက္ခတ်ကြည့်မှန်ပြောင်းနှစ်မျိုးရှိသည်။ပထမအမျိုးမှာ အလင်းယိုင်ခြင်းကို အခြေခံ၍ ပြုလုပ်ထားသော နက္ခတ်ကြည့်မှန်ပြောင်းဖြစ်ပြီး ဒုတိယအမျိုးမှာ အလင်းပြန်ခြင်းကို အခြေခံ၍ ပြုလုပ်ထားသော နက္ခတ်ကြည့် မှန်ပြောင်း ဖြစ်သည်။ အလင်းယိုင်ခြင်းကို အခြေခံ၍ ပြုလုပ်ထားသော နက္ခတ်ကြည့် မှန်ပြောင်း၌ မှန်ဘီလူးနှစ်ခု ပါရှိသည်။ ပထမ မှန်ဘီလူးသည် အလွန်ဝေးသော အရာဝတ္ထုများမှ ထွက်သော အလင်းရောင်များကို စုစည်းပြီး တနေရာတွင် ဆုံပေးသည်။ ဒုတိယ မှန်ဘီလူးဖြစ်သော ကြည့်မှန်ဘီလူးသည် အဆိုပါ အရာဝတ္ထုများ၏ပုံကို အကြီးခွဲပေးသည်။ ထိုအခါကျမှ မှန်ပြောင်းကြည့်သူသည် မိမိကြည့်သော အရာဝတ္ထုများကို စစ်ဆေးခြင်း၊ သို့မဟုတ် ဓာတ်ပုံရိုက်ယူခြင်း ပြုနိုင်သည်။

ဓာတ်ပုံရိုက်မှန်ပြောင်း

ဓာတ်ပုံရိုက်မှန်ပြောင်းမှာ နက္ခတ်များ၏ ပုံကိုသာဓာတ်ပုံရိုက်ယူရန် သက်သက် တီထွင်ထားသဖြင့် အခြားနက္ခတ်ကြည့် မှန်ပြောင်းများနှင့် မတူပေ။ ယင်းမှန်ပြောင်းတွင် အရာဝတ္ထုများ၏ အလင်းရောင်သည် မှန်ပြောင်း၏ တဖက်စွန်းမှ မှန်ပြောင်းအတွင်းသို့ ဝင်လာကာ အလင်းရောင်လမ်းကြောင်းထိန်း မှန်ဘီလူးတခုကြောင့် ယင်းအလင်းရောင်များသည် အနည်းငယ် ယိုင်သွားသည်။ ဤကဲ့သို့ ယိုင်သွားသော အလင်းရောင်များကို မှန်ပြောင်းအတွင်းရှိ ကြေးမုံခွံတခုက အလင်းပြန်စေသည်။ ယင်းကဲ့သို့ ဖြစ်ပေါ်လာသော အရာဝတ္ထုများ၏ အလင်းရောင်များ ကြေးမုံခွံဆီသို့ ပျံဝင်သွားသောအခါ အဆိုပါ ဆုံတာတွင် တပ်ဆင်ထားသော ကင်မရာက အလိုအလျောက်ဓာတ်ပုံရိုက်ယူလိုက်သည်။ ယင်းမှန်ပြောင်းများတွင် တွက်ချက်မှုလွယ်ကူစေရန်အတွက်မှန်ပြောင်း၏ အခြမ်းကို ကိန်းဂဏန်းနှစ်ခုဖြင့် ဖော်ပြထားသည်။ ပထမ ကိန်းဂဏန်းမှာ အလင်း

ရောင် လမ်းကြောင်းထိန်း မှန်ဘီလူး၏ အချင်း ဖြစ်ပြီး ဒုတိယ ကိန်းဂဏန်းမှာ ကြေးမုံခုံး၏ အချင်း ဖြစ်သည်။

ရှေးအခါက အများအားဖြင့် နက္ခတ်ကြည့် မှန်ပြောင်းကြီးများကို ကမ္ဘာမြောက်ခြမ်းတွင်သာ ထားရှိကြသည်။ သို့သော် အာကာသအတွင်း ထူးဆန်းသည့် ဖြစ်ရပ်များမှာ ကမ္ဘာ့ တောင်ပိုင်းခြမ်း၌သာ ဖြစ်ပေါ်မှုများသောကြောင့် ယခုအခါ ကမ္ဘာ့ တောင်ပိုင်းခြမ်း၌လည်း နက္ခတ်ကြည့် မှန်ပြောင်းကြီးများကို ထားရှိကြသည်။

ရေဒီယိုမှန်ပြောင်း

အာကာသအတွင်းမှ လာသော ရေဒီယိုလှိုင်းများကို လေ့လာရာ၌ ရေဒီယိုမှန်ပြောင်းကို အသုံးပြုသည်။ ယင်းမှန်ပြောင်းတွင် ကောင်းကင်ကြိုး သို့မဟုတ် သတ္တုဖြင့်သော်၎င်း၊ အကွက်စိပ်သော သံဇကာများ ဖြင့်သော်၎င်း ကတော့ပုံသဏ္ဌာန် ပြုလုပ်ထားသည့် အလင်းပြန် ကရိယာဖြင့် ရေဒီယိုလှိုင်းများကို ဖမ်းယူသည်။ ယင်းသို့အားဖြင့် နေ၊ လ၊ ဂြိုဟ်များနှင့် နဂါးငွေ့တန်းများမှ ထုတ်လွှတ်သော ရေဒီယိုလှိုင်းများကို ဖမ်းယူနိုင်သည်။

ရေဒီယိုမှန်ပြောင်း တည်ဆောက်နည်းကို အမေရိကန်နိုင်ငံ၊ နယူးဂျာစီပြည်နယ်၊ ဟုမ္မဒယ်မြို့ရှိ ဗဲ တယ်လီဖုန်းလက်တွေ့စမ်းခန်း၌ အမှုထမ်းနေသူ ကား ဂျန်စကီဆိုသူ ရေဒီယို အင်ဂျင်နီယာ လူငယ် တဦးက ၁၉၃၁ ခုနှစ်တွင် မတော်တဆတွေ့ရှိခဲ့သည်။ ဂျန်စကီ၏ တာဝန်မှာ အတ္တလန္တိတ်သမုဒ္ဒရာကို ကျော်ဖြတ်၍၎င်း၊ သင်္ဘောများမှကမ်းခြေသို့၎င်း ရေဒီယိုအဆက်အသွယ်များ ပြုလုပ်ရာ၌အနှောင့်အရှက်ပေးလျက်ရှိသော လေထုအတွင်းမှ လျှပ်စစ် နှောင့်ရှက်သံများ အကြောင်းကို တိုးတက်လေ့လာရန်ပင် ဖြစ်သည်။ ဂျန်စကီသည် အလွန်ကြီးမားသော ရေဒီယိုကောင်းကင်ကြိုးတခုကိုတည်ဆောက်ပြီး အလျား ပေ ၁၀၀ အနံ ၁၀ ပေခန့် ရှိသည့် သစ်သားခုံပေါ်တွင် ကြေးဝါ ပိုက်လုံးဘောင်များကို တံခါးပေါက်များသဏ္ဌာန် တပ်ဆင်သည်။ သစ်သားခုံတွင် ဘီးများတပ်ထားသောကြောင့် လိုသည့်ဖက်သို့ လှည့်ပေးနိုင်သည်။ ကောင်းကင်ကြိုးကို နားကျပ်ကရိယာနှင့် ဆက်လိုက်သောအခါ၌ အရပ်မျက်နှာ အဖက်ဖက်မှ လေထုလျှပ်စစ်နှောင့်ရှက်သံများကို ကြားရသည်။ သို့သော် ထိုအသံများထဲမှ အသံအလွန်တိုးပြီး မှန်မှန် လာနေသော အသံကလေးတခုကို ထူးဆန်းစွာ ကြား ရ သည်။ ထိုအသံကလေးကို မနားမနေ ဆက်လက် လေ့လာခဲ့ရာမှ နောက်ဆုံးတွင် ထိုအသံမှာ အခြား မဟုတ်ပဲ၊ နဂါးငွေ့တန်း အလယ်ဗဟိုမှ ထွက်ပေါ် နေသည့် ရေဒီယိုလှိုင်းများ၏ အသံဖြစ်ကြောင်း ဂျန်စကီ တွေ့ရှိလာသည်။ ဤသို့အားဖြင့် ဂျန်စကီသည်ရေဒီယို တယ်လီစကုပ်တည်ဆောက်ပုံ သဘောကို တွေ့ရှိခဲ့ပြီး ရေဒီယို နက္ခတ္တဗေဒပညာမှာလည်း ထိုအချိန်မှစ၍ ပေါက်ဖွားလာခဲ့ပေသည်။ (ရေဒီယိုနက္ခတ္တဗေဒ—ရှု။)

ရေဒီယို တယ်လီစကုပ် ပေါ် ပေါက်လာသည့် ကျေးဇူးကြောင့် ကျွန်ုပ်တို့သည်အာကာသအတွင်းရှိ ယခင်က မြင်ခွင့်မရခဲ့သော အာကာသတန်ဆာများကို လေ့လာနိုင်ကြသည်။ အလွန်ဝေးကွာသော အာကာသ တန်ဆာများကို လေ့လာရာ၌ ရေဒီယို တယ်လီစကုပ်များကို အစက သုံးကြသော်လည်း ရေဒီယို တယ်လီစကုပ်ဖြင့်ပင် ကမ္ဘာပတ်ဂြိုဟ်တုများကိုလည်း ခြေရာခံ၍ ထောက်လှမ်းနိုင်သည်။

ရေဒီယို မှန်ပြောင်း၏ ပုံသဏ္ဌာန်မှာ အဝေးကြည့်မှန်ပြောင်းနှင့် လုံးဝမတူပေ။ အများအားဖြင့် ကြီးမားသော သတ္တုခွက် သဏ္ဌာန်ရှိပြီး ဟင်းကို လိုသည့်ဖက်သို့ လှည့်ပေးနိုင်သည်။ နောက် ရေဒီယို မှန်ပြောင်း တမျိုး၌ ကောင်းကင်ကြိုးငယ်များကို မြေကြီးပေါ်၌ အတန်းလိုက်စိုက်ထူထားသည်။ ယခုခေတ် ရေဒီယိုမှန်ပြောင်းများတွင် ဂျန်စကီ၏ မူလ ကောင်းကင်ကြိုး သဘောနှင့် ဒုတိယ ကမ္ဘာစစ် အတွင်းက တိုးတက်လာခဲ့သော ရေဒါကရိယာ သဘောတို့ကို ပေါင်းစပ်ထားသည်။ ရေဒီယိုမှန်ပြောင်း အမျိုးမျိုးရှိပြီး အသုံးကိစ္စ အလိုက်တမျိုးစီ တည်ဆောက်ထားသည်။ အမေရိကန်နှင့် ရုရှနိုင်ငံတို့တွင် အလွန်အားကောင်းသော ရေဒီယို မှန်ပြောင်းများကို တည်ဆောက်လျက် ရှိသည်။ ကမ္ဘာတွင် အကြီးဆုံးသော ရှေ့ရှားနိုင်သည့် ရေဒီယို မှန်ပြောင်းမှာ အနောက်ဂျာမနီနိုင်ငံ၊ ဗွန်းမြို့ အနီး အိုက်ဖဲ့ ကုန်းမြင့်ပေါ်၌ တည်ရှိပြီး အလေးချိန် တန် ၃,၂၀၀ ခန့် ရှိသည်။

နိုင်ဂျာသမ္မတနိုင်ငံ။ ။ အာဖရိကတိုက် အနောက်အလယ်ပိုင်းတွင် တည်ရှိသော နိုင်ဂျာ သမ္မတနိုင်ငံသည် ကုန်း တွင်း နိုင်ငံ ဖြစ်သည်။မြောက်ဖက်တွင် လစ်ဗျ၊ အရှေ့ဖက်တွင် ချဒ်၊ တောင်ဖက်တွင် နိုင်ဂျီးရီးယားနှင့် ဗယ်နင်၊ အနောက်ဖက်တွင် အ ထက် ဗိုလ တာနှင့် မာလီ၊ အနောက်မြောက်ဖက်တွင် အဲလဂျီးရီးယား နိုင်ငံတို့နှင့် နယ်နိမိတ်ချင်း စပ်လျက်ရှိသည်။ စတုရန်း မိုင်ပေါင်း ၄၉၇,၆၃၃ ကျယ်ဝန်းသည်။



မြစ်ဝှမ်းလွင်ပြင်ပိုင်း ကုန်းမြေမြင့်ပိုင်းနှင့်သဲကန္တာရပိုင်း ဟူ၍ သုံးပိုင်းရှိနေသည်။ မြောက်ပိုင်း သဲကန္တာရဒေသ

တွင် ပူအိုက်ခြောက်သွေ့သည်။ မိုးအလွန်နည်းပါးသည်။ တောင်ပိုင်းဒေသတွင် မိုးရွာ၍ စိုစွတ်သည်။

လူဦးရေမှာ ၁၉၇၆ ခုနှစ် ခန့်မှန်းခြေအရ ၄,၇၂၅,၀၀၀ ယောက်ရှိသည်။ နိုင်ကျောသမ္မတနိုင်ငံ တိုင်းရင်းသားလူမျိုးစု အများအပြားရှိသည်။ လူမျိုးစုအလိုက် မိမိတို့တိုင်းရင်းသား ဘာသာစကားကို ပြောဆိုကြသည်။ ရုံးသုံးဘာသာစကား အဖြစ်မူ ပြင်သစ်ဘာသာကို သုံးသည်။ အများစုသည် အစွလာမ်ဘာသာကို ကိုးကွယ်ကြသည်။ ရာခိုင်နှုန်းအနည်း အကျဉ်းမျသာ နတ်ကိုးကွယ်သူများ ဖြစ်ကြသည်။ စာ မတတ်သူ ၉၅ ရာခိုင်နှုန်းခန့်ရှိသည်။

နိုင်ကျောနိုင်ငံ၏ အဓိကလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးဖြစ်သည်။ စိုက်ပျိုး သီးနှံများမှာ နှံစားပြောင်း၊ မြေပဲအမျိုးမျိုး၊ ပီလောပီနံ၊ ဆန်နှင့် ဝါဂွမ်းတို့ ဖြစ်ကြသည်။ မွေးမြူရေးတွင် ကျဲ၊ နွား၊ သိုး၊ ဆိတ်၊ မြင်းနှင့် ကုလားအုပ်များကို မွေးမြူကြသည်။ မင်းဂနိစ်၊ ရွှေ၊ နေထရွန်၊ ခဲမဖြူ၊အဖြိုက်နက် သတ္တုနှင့် ဆားတို့ထွက်သည်။

နိုင်ကျောနေရာတွင် ၁၄ ရာစုနှစ်လောက်မှစ၍ အရွှေ မြောက်ဖက်မှ ရောက်လာသည်ဟု ယူဆရသော ဟော်ဆာ လူမျိုးများသည် မြို့ပြနိုင်ငံများ ထူထောင်ခဲ့ကြသည်။ ၁၈၉၀ ပြည့်နှစ်တွင် ပြင်သစ်တို့ သိမ်းယူရာ ၁၈၉၅ ခု နှစ်တွင် နိုင်ကျောသည် အနောက်အာဖရိက အုပ်ချုပ်ရေး နယ်ပယ်၏ တစိတ်တဒေသ ဖြစ်လာသည်။ ဒုတိယ ကမ္ဘာ စစ်ကြီးအပြီးတွင် ပြင်သစ်ပိုင် နယ်မြေဖြစ်ခဲ့သည်။ ၁၉၄၆ ခုနှစ်တွင် နိုင်ကျောနိုင်ငံသည် ပြင်သစ်၏ ပင်လယ်ရပ်ခြား နယ်မြေအဖြစ် အုပ်ချုပ်ခံခဲ့ရသည်။ လွတ်မြောက်ရေး အတွက် နှစ်ပေါင်းများစွာ တိုက်ပွဲဝင်ခဲ့ကြသည်။

နိုင်ကျောနိုင်ငံသည် ပြင်သစ်လက်အောက်ခံ ကိုလိုနီအဖြစ် မှ ၁၉၆၀ ပြည့်နှစ် သြဂုတ်လ ၃ ရက်နေ့တွင် လုံးဝလွတ်လပ် ရေးရရှိသည်။ ၁၉၆၀ ပြည့်နှစ် စက်တင်ဘာလ ၂၀ ရက်နေ့ တွင် ကုလသမဂ္ဂသို့ဝင်ခွင့်ရသည်။ အိုအေယူခေါ် အာဖရိက ညီညွတ်ရေးအဖွဲ့ဝင် နိုင်ငံလည်း ဖြစ်သည်။ ထိုနှစ်တွင်ပင် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်ကို ရေးဆွဲသည်။ လွတ်တော် အမတ် ၅၀ ပါဝင်သောဥပဒေပြု လွတ်တော်တရပ်ကိုဖွဲ့စည်း သည်။ ၁၉၆၀ ပြည့်နှစ် နိုဝင်ဘာလတွင် ဥပဒေပြု လွတ် တော်သည် ဟာမန်နီဒိုင်အိုရီအား ပထမဆုံးသော သမ္မတ အဖြစ် ရွေးချယ်တင်မြှောက်သည်။

၁၉၇၄ ခု ဧပြီလ ၁၅ ရက်နေ့တွင် စစ်ဦးစီးချုပ် ဒုဗိုလ် မှူးကြီး ဆေနီကွန်ရှေး ခေါင်းဆောင်သောစစ်တပ်က နိုင်ငံ အာဏာကို သိမ်းပိုက်ခဲ့သည်။ ၁၉၇၆ ခုနှစ် မေလ ၂၁ ရက် နေ့တွင် ဆေနီကွန်ရှေးသည် နိုင်ကျောနိုင်ငံတွင် အရပ်သား အစိုးရဖွဲ့စည်းကြောင်းကြေငြာသည်။ ကွန်ရှေးသည် သမ္မတ အဖြစ် တာဝန်ယူ ထမ်းဆောင်သည်။

အယ်လကျီးရီးယား၊ နိုင်ကျော၊ လစ်ဗျ သမ္မတနိုင်ငံ သုံးပြည်ထောင် ကော်မရှင်သည် မိမိတို့ ဒေသတိုးတက် ဖွံ့ဖြိုးရေးအတွက် ဆွေးနွေးရန် အယ်လကျီးရီးယားနှင့် နိုင်ကျောမှ ခေါင်းဆောင်တို့သည် ၁၉၇၇ နိုဝင်ဘာလ ၂၃ ရက်နှင့် ၂၄ ရက်နေ့က လစ်ဗျနိုင်ငံ ထရီပိုလီမြို့၌ ကာနယ် ကဒတ်ဖီနှင့် သွားရောက်တွေ့ဆုံကြသည်။

နိုင်ကျီးရီးယား သမ္မတနိုင်ငံ။ ။နိုင်ကျီးရီးယားသမ္မတ နိုင်ငံသည် အာဖရိကတိုက် အနောက်ပိုင်းတွင် တည်ရှိပြီး



အနောက်ဖက်တွင်ဗယ် နင်နိုင်ငံ၊ မြောက်ဖက် တွင် နိုင်ကျောနိုင်ငံ၊ အ ရှေ့ မြောက် ဖက် တွင် ချဒ်နိုင်ငံ၊ အရှေ့ဖက် တွင် ကမ္မရွန်းနိုင်ငံနှင့် တောင်ဖက်တွင် ဂင်းနီ ပင်လယ်ကွေ့တို့ ဝန်းရံ ထားသည်။ အကျယ်အဝန်း ၃၅၆,၆၆၉ စတုရန်းမိုင်ရှိပြီး ၁၉၇၆ ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေ ၆၄,၆၃၀,၀၀၀ ခန့်ရှိသည်။ လူဦးရေ အများစုမှာ အစွလာမ်ဘာသာဝင် များဖြစ်ပြီး ဟော်စာ၊ အိုင်ဘို၊ ယိုရူဘာနှင့် အင်္ဂလိပ်ဘာ သာ စကားများကို ပြောဆိုကြ၏။ အင်္ဂလိပ်ဘာသာသည် ရုံးသုံး ဘာသာဖြစ်သည်။ မြို့တော်မှာ လာဂို့မြို့ဖြစ်သည်။

နိုင်ဂျီးရီးယားနိုင်ငံသည် ယခင်က မြောက်မြားလှစွာ သော ဗြိတိသျ အစောင့်အရှောက်ခံ နယ်မြေများကို စုပေါင်းဖွဲ့စည်းထားခြင်း ဖြစ်သည်။ ၁၉၅၄ ခုနှစ်တွင် ဗြိတိသျ အစိုးရက ထိုနယ်မြေများကို စုပေါင်း၍ ဘုရင်ခံ ချုပ်လက်အောက်ခံ ပြည်ထောင်စုအဖြစ် ဖွဲ့စည်းခဲ့သည်။ ၁၉၆၀ ပြည့်နှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ဗြိတိသျ ဓနသဟာယအတွင်း လွတ်လပ်သော နိုင်ငံ တနိုင်ငံ ဖြစ် လာပြီး ၁၉၆၃ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် အချုပ်အခြာ အာဏာပိုင် သမ္မတ နိုင်ငံဖြစ်လာ၍ ဘုရင် ခံချုပ် ဒေါက်တာ နမ်ဒီအဇီးကွေးသည် ပထမဆုံးသော သမ္မတ ဖြစ်လာသည်။

၁၉၆၆ ခုနှစ် ဇန္နဝါရီလ ၁၅ ရက်နေ့တွင် နိုင်ကျီးရီး ယား အရှေ့ပိုင်းသား ဗိုလ်ချုပ်ကြီး ဂျွန်ဆင်အဂိုယီအိုင် ရွန်ဆီ ခေါင်းဆောင်သော စစ်တပ်က အာဏာသိမ်းလိုက် သည်။ ယင်းနှစ် ဇူလိုင်လ ၂၉ ရက်နေ့တွင် ဒုတိယ ဗိုလ်မှူးကြီး ယာကူဘူဂိုဝမ် ခေါင်းဆောင်သော မြောက် ပိုင်းသားများက အိုင်ရွန်ဆီထံမှ အာဏာသိမ်းယူလိုက် ပြန်သည်။ ထို့နောက် နိုင်ကျီးရီးယား နိုင်ငံကို မြောက် ပိုင်း၊ အနောက်ပိုင်း၊ အနောက်အလယ်ပိုင်းနှင့် အရှေ့ပိုင်း

ပြည်နယ်ဟူ၍ ပြည်နယ်လေးခုသတ်မှတ်ပြီး ပြည်နယ်တခုစီတွင် စစ်ဘုရင်ခံတဦးစီခန့်ထားကာဗဟိုအစိုးရအဖွဲ့ဥက္ကဋ္ဌအဖြစ် ဂိုဝမ်ခေါင်းဆောင်သော စစ်အစိုးရကိုဖွဲ့စည်းခဲ့သည်။ ဂိုဝမ်သည်စစ်ဦးစီးချုပ်အဖြစ်လည်းဆောင်ရွက်သည်။

ထို့နောက်တွင် နိုင်ကျိုးရိုးယားနိုင်ငံတွင်း၌ လူမျိုးရေးပြဿနာများ အပြင်းအထန် ဖြစ်ပွားခဲ့သည်။ အထူးသဖြင့် မြောက်ပိုင်းပြည်နယ်နှင့် အရှေ့ပိုင်းပြည်နယ်တို့၏ ဆက်ဆံရေးမှာ ပိုမိုပျက်ပြားလာသည်။ ၁၉၆၇ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် အရှေ့ပိုင်းပြည်နယ် အစိုးရက ဗဟိုအစိုးရကို အခွန်ဘဏ္ဍာပေးဆောင်ခြင်း မပြုရန် ဆုံးဖြတ်လိုက်သည်။ ထိုအခါ ဗဟိုအစိုးရကလည်း အရှေ့ပိုင်းပြည်နယ်ကို တစိတ်တဒေသအားဖြင့် စီးပွားရေးပိတ်ဆို့မှုများ ပြုလုပ်လိုက်လေသည်။

၁၉၆၇ ခုနှစ် ဧပြီလ ၂၀ ရက်နေ့တွင် ဗိုလ်ချုပ်ကြီး ဂိုဝမ်က စစ်အစိုးရ စစ်ဦးစီးကောင်စီ ညီလာခံကို ကျင်းပသည်။ ယင်းညီလာခံသို့ အခြားပြည်နယ် စစ်ဘုရင်ခံများအစုံအညီ တက်ရောက် လာကြသော်လည်း အရှေ့ပိုင်းပြည်နယ် စစ်ဘုရင်ခံ ဒုတိယ ဗိုလ်မှူးကြီး အိုဂျတ်ဝူကမူ တက်ရောက်ခြင်း မပြုပေ။ ထို့ကြောင့် ဂိုဝမ်အစိုးရက အရှေ့ပိုင်း ပြည်နယ်ကို ပြင်းထန်စွာ အရေးယူရန် ဆုံးဖြတ်ခဲ့သည်။ ထိုအတွင်း အရှေ့ပိုင်းပြည်နယ်၌လည်း လူထုအစည်းအဝေးပွဲများ ကျင်းပကာ အရှေ့ပိုင်းပြည်နယ်ကို အချုပ်အခြာအာဏာပိုင် သမ္မတ နိုင်ငံအဖြစ် ကြေငြာရန် လူထုက တောင်းဆိုကြသည်။

ထို့ကြောင့် ၁၉၆၇ ခုနှစ် မေလ ၃၀ ရက်နေ့တွင် နိုင်ကျိုးရိုးယား အရှေ့ပိုင်းပြည်နယ် စစ်ဘုရင်ခံ ဒုတိယ ဗိုလ်မှူးကြီး အိုဂျတ်ဝူက အရှေ့ပိုင်းပြည်နယ်သည် နိုင်ကျိုးရိုးယား နိုင်ငံမှ ခွဲထွက်လိုက်ပြီး ဗီယာဖရာ သမ္မတနိုင်ငံအဖြစ် တည်ထောင်လိုက်ပြီ ဖြစ်ကြောင်း ရေဒီယိုမှ ကြေငြာခဲ့သည်။ ဗီယာဖရာဟူသော အမည်မှာ ဂင်းနီပင်လယ်အော်အတွင်းရှိ ဗီယာဖရာပင်လယ်ကွေကို အစွဲပြု၍ ခေါ်ဆိုခြင်းဖြစ်၏။

ဗီယာဖရာနိုင်ငံ တည်ထောင်ကြောင်း ကြေငြာသည့်နေ့တွင်ပင် ဗိုလ်ချုပ်ကြီး ဂိုဝမ်က အရှေ့ပိုင်း ပြည်နယ်၏ အပြုအမူသည် ပုန်ကန်မှုတရပ် ဖြစ်သောကြောင့် အရှေ့ပိုင်းပြည်နယ်အား ကုန်းလမ်း၊ရေလမ်း ပိတ်ဆို့၍တိုက်ခိုက်မည်ဖြစ်ကြောင်း ကြေငြာသည်။ ထိုနေ့မှစ၍ နိုင်ကျိုးရိုးယား နိုင်ငံတွင် လပေါင်း ၃၁ လကြာသည်အထိ ပြည်တွင်းစစ် ဖြစ်ပွားသည်။ ၁၉၇၀ ပြည့်နှစ် ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ဗီယာဖရာတပ်များက လက်နက်ချသဖြင့် စစ်ပြီးဆုံးသည်။ ပြည်တွင်းစစ်ကြောင့် နိုင်ကျိုးရိယားနိုင်ငံတွင် အရှေ့ပိုင်းပြည်နယ်သား တသန်းခန့် အစာရေစာငတ်မွတ်ကာ အိုးအိမ်မဲ့ဖြစ်ခဲ့ရသည်။ စစ်စရိတ်ငွေ အမေရိကန်ဒေါ်လာ သန်းပေါင်း ၇၀ ခန့် ကုန်ကျခဲ့သည်။ စစ်ပြီးသည့်နောက် ဗိုလ်ချုပ်ကြီး ဂိုဝမ်သည် နိုင်ကျိုးရိုးယားနိုင်ငံ၏ အကြီးအကဲအဖြစ် ဆက်လက် ဆောင်ရွက်သည်။

နိုင်ကျိုးရိုးယားနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံ ဖြစ်ပြီး အဓိက စိုက်ပျိုးပင်မျိုးမှာ ကိုကိုး၊ ဆေးရွက်၊ မြေပဲ၊ ဝါဂွမ်းနှင့် ကြက်ပေါင်စေးတို့ ဖြစ်သည်။ သံဖြူ၊ ရေနံစိမ်းသံရိုင်း စသည့် သယံဇာတများ ထွက်ရှိသည်။ အဓိကပြည်ပပို့ကုန်မှာ ရေနံစိမ်းနှင့် ကိုကိုး ဖြစ်သည်။

နိုင်ငံစုံလုပ်ငန်းဖြန့်ကော်ပိုရေးရှင်း။ ။ကမ္ဘာလုံးဆိုင်ရာ ကုမ္ပဏီ၊ လူမျိုးပေါင်းစုံ ကော်ပိုရေးရှင်း၊ လူမျိုးပေါင်းစုံ အထူးလုပ်ငန်းကြီး၊ နိုင်ငံအနှံ့ ကုမ္ပဏီ၊ နိုင်ငံစုံလုပ်ငန်းဖြန့် ကော်ပိုရေးရှင်းစသည့် ဝေါဟာရသစ်များကို ဒုတိယ ကမ္ဘာစစ်နောက်ပိုင်းတွင် ခေါ်ဝေါ်သုံးစွဲလာကြသည်။ အင်္ဂလိပ်ဘာသာဖြင့်မူ မာလတီနေရှင်နယ်၊ ထရန်း နေရှင်နယ် စသည်ဖြင့် ခေါ်သည်။

ဒုတိယကမ္ဘာစစ်ဖြစ်ချိန်မှစ၍ အမေရိကန် ပြည်ထောင်စု၊ ဥရောပတိုက်ရှိ နိုင်ငံများ၊ ဂျပန်နိုင်ငံ စသည်တို့သည် ကမ္ဘာအနှံ့ လုပ်ငန်းများဖြန့်၍ လုပ်ကိုင်လျက်ရှိကြသည်။ ယင်းလုပ်ငန်းများသည် ပုံစံအမျိုးမျိုး စနစ်အဖုံဖုံရှိကြသော်လည်း ဦးတည်ချက်မှာ နိုင်ငံစုံလုပ်ငန်းဖြန့် ကော်ပိုရေးရှင်း အဖြစ်သို့ ရောက်ရှိအောင် ဆောင်ရွက်လုပ်ကိုင်နေသကဲ့သို့ ရှိနေသည်ဟု ဆိုသည်။

နိုင်ငံစုံ လုပ်ငန်းဖြန့် ကော်ပိုရေးရှင်းတို့နှင့် စပ်လျဉ်း၍ ပညာရှင်များက အမျိုးမျိုး အဓိပ္ပါယ်ဖွင့်ဆိုလျက်ရှိသည်။

နိုင်ငံစုံလုပ်ငန်းဖြန့် ကော်ပိုရေးရှင်းတို့သည် ကမ္ဘာပေါ်ရှိ သဘာဝ အရင်းအမြစ်များကို ခေတ်မီကောင်းမွန်သော စက်မှုနည်းပညာများဖြင့် ထုတ်ယူ၍ လူသားများသုံးစွဲနိုင်ရေးကို ဆောင်ရွက်ပေးနေသည်ဟူ၍ငင်း၊ အမျိုးသားစိတ်ဓာတ် အခြေခံဖြင့် တည်ဆောက်လျက်ရှိသည့် ကမ္ဘာ့ငြိမ်းချမ်းရေး မအောင်မမြင်ဖြစ်နေသော ယခုလိုအချိန်အခါမျိုးတွင် နိုင်ငံတကာရေးရာစနစ်တခုကို အခြေခံ၍ ဖွဲ့စည်းထားသည့် ယင်းကော်ပိုရေးရှင်းတို့ဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေးကို ရယူနိုင်ရေးအတွက် ဆောင်ရွက်ပေးရန် ပေါ်ပေါက်လာသည်ဟူ၍ငင်း၊ စီးပွားရေး ကျဆင်းမှုကို ထိန်းညှိပေးလျက်ရှိသည် ဟူ၍ငင်း၊ ယင်းတို့အခြေစိုက် လုပ်ကိုင်နေသောနိုင်ငံများထက်ပင် နိုင်ငံရေး၊ စီးပွားရေး မြင့်မားနေကြသည်ဟူ၍ငင်းဖြစ်သည်။ နိုင်ငံစုံလုပ်ငန်းဖြန့် ကော်ပိုရေးရှင်းများနှင့် စပ်လျဉ်း၍ နားလည် တတ်ကျွမ်းကြပါသည်ဆိုသော ပါရဂူများပင် ဂဃနဏာ မသိကြပေ။ တခါတရံတွင် ယင်းကော်ပိုရေးရှင်းများ၏ တူညီသော လုပ်ရပ်အချို့အပေါ် တွင်

စဉ်းစား တွေးခေါ်အကဲဖြတ်ရာ၌ ပညာရှင်တဦးနှင့်တဦး ဆန့်ကျင်သည့်အယူအဆများ ထွက်ပေါ်လာသည်။

မည်သို့ဆိုစေကာမူ ယခုအခါတွင် နိုင်ငံစုံ လုပ်ငန်းဖြန့် ကော်ပိုရေးရှင်းများ၏ ခေတ်မီ၍ ပြည့်စုံကျယ်ပြန့်သော စီးပွားရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အမျိုးသား အစိုးရများ၏နိုင်ငံရေးကန့်သတ်ချက်များသည် ယင်းတို့အတွက် ကျပ်တည်းကျဉ်းမြောင်းနေသည်ဟုဆိုကြသည်။ စီးပွားရေး ကွပ်ကဲဆောင်ရွက်နေသူများသည် နိုင်ငံရေး အဟန့်အတားများကို ဖယ်ရှား၍ လွတ်လပ်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဖွဲ့စည်းဆောင်ရွက်မှုများကို နည်းမျိုးစုံဖြင့် ဖြစ်သလို ဆောင်ရွက်နေကြသည်။ ခေတ်မီစီးပွားရေး လုပ်ငန်းများကို ကမ္ဘာနှင့် အဝှန်း ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံစုံလုပ်ငန်းဖြန့် ကော်ပိုရေးရှင်းများသည် လုပ်ငန်းစုံကို အစည်တိုးခဲ့လျက်ရှိကြသည်။

ယင်းကော်ပိုရေးရှင်း ကြီးများသည် ဥပဒေပညာရှင်များ၏ ဖန်တီး ဆောင်ရွက်ချက်အရ လူသားတဦးကဲ့သို့ ခေါင်း ခြေလက် ကိုယ်အင်္ဂါ စုံလင်စွာဖြင့် လှုပ်ရှားလျက်ရှိကြပြီး ဌေရင်းများကို အမျိုးမျိုးသော ဌေကြေးရရှိနိုင်သည့် အခြေခံ လုပ်ငန်းများမှ ရှာဖွေနေကြသည်။ အိမ်ရှင် နိုင်ငံများသည် မူလက နိုင်ငံစုံလုပ်ငန်းဖြန့်ကော်ပိုရေးရှင်းများကို မိမိတို့နိုင်ငံသား အကျိုးစီးပွားရေးကို မြော်ကိုး၍ လက်ခံခဲ့ကြခြင်းဖြစ်သည်။ နှစ်ကြာလာသည်နှင့်အမျှ ယင်းတို့သည် တိုးတက် ကျယ်ပြန့်လာပြီး ကမ္ဘာအနှံ့ လွတ်လွတ်လပ်လပ် ရှင်သန်ကြီးထွားလာသည်။ ယင်းကော်ပိုရေးရှင်းများသည် ကုန်ပစ္စည်း အမျိုးမျိုးကို အမြောက်အမြားထုတ်လုပ်၍ နိုင်ငံစေ့ကွက်များတွင် ရောင်းချလာကြသည်။ ဤနည်းအားဖြင့် အမျိုးသားနိုင်ငံ အများအပြားသည် နိုင်ငံစုံ လုပ်ငန်းဖြန့် ကော်ပိုရေးရှင်းများ၏ စိုးမိုးချယ်လှယ်မှုအောက်သို့ ကျရောက်ကြရသည်။

ကုန်ပစ္စည်း အရေအတွက် အမျိုးမျိုး အများအပြားကို ကမ္ဘာတဝှန်းက လိုအပ်လျက်ရှိကြသဖြင့် အလေအလွင့် နည်းပါးပြီး စရိတ်အကုန်အကျ သက်သက်သာသာနှင့် ထုတ်လုပ်ရောင်းချရေးမှာ ကြီးမားသော အခက်အခဲတရပ်ပင် ဖြစ်နေသည်။ ထို့ကြောင့် နိုင်ငံစုံ လုပ်ငန်းဖြန့် ကော်ပိုရေးရှင်းတို့က ကုန်ပစ္စည်း အမျိုးမျိုးကို အများအပြား ထုတ်လုပ်၍ ကမ္ဘာသူကမ္ဘာသားများသို့ ဖြန့်ဖြူးရောင်းချနေသော်လည်း သုံးစွဲနေသူများ၏ ဆန္ဒကို ပြည့်ဝစွာဖြည့်စွမ်းနိုင်ခြင်းမရှိသေးဟု ဆိုသည်။

နိုင်ငံစုံလုပ်ငန်းဖြန့် ကော်ပိုရေးရှင်းများ ပေါ်ပေါက်လာခြင်းသည် ကမ္ဘာ့စီးပွားရေး နယ်ပယ်တွင် အရေးပါသော ကြီးမားသည့် ပြောင်းလဲမှုကြီးတရပ် ဖြစ်ပေသည်။ထိုကော်ပိုရေးရှင်းတို့သည် အခြေခံအားဖြင့် ကိုယ်ပိုင်စီမံခန့်ခွဲမှုများ၊ ကိုယ်ပိုင်လှုပ်ရှား လုပ်ဆောင်မှုများ၊ ကိုယ်ပိုင်ဝယ်ယူသုံးစွဲမှုပုံစံများ၊ ကိုယ်ပိုင်လုပ်ငန်းဌာနများ ရှိသည့်အပြင် ကိုယ်ပိုင်ချေးငွေများနှင့် ကိုယ်ပိုင်ငွေကြေး သဘောမျိုးပင် ထားရှိသုံးစွဲလျက် ရှိကြသည်။ ယင်း ကော်ပိုရေးရှင်းများသည် နိုင်ငံတနိုင်ငံတွင် အခြေပြု၍ စီးပွားရေးလုပ်ငန်းကြီး တခုကို ထူထောင်ပြီး အခြားနိုင်ငံများတွင်လည်း ယင်း၏ ကုန်ထုတ်လုပ်ငန်း ဌာနခွဲများ ထားရှိ လုပ်ဆောင်ကြလေသည်။ ပုံစံအားဖြင့် အမေရိကန်ပြည်ထောင်စု အိုင်ဘီအမ် ကုမ္ပဏီကြီးသည် နိုင်ငံကြီးငယ်ပေါင်း ၁၂၆ နိုင်ငံတွင် ကုမ္ပဏီခွဲများဖွင့်လှစ်၍ လုပ်ငန်းများလုပ်ဆောင်လျက်ရှိရာ အလုပ်သမားပေါင်း ၁၂၅,၀၀၀ ကျော်ရှိလေသည်။ ယင်း ကုမ္ပဏီကြီးရှိ ဝန်ထမ်းများသည် ဘာသာစကားမျိုးပေါင်း ၃၀ ကိုပြောဆိုကြရပြီး နိုင်ငံစုံ ဌေကြေးအမျိုးပေါင်း ၁၀၀ ကို ထားရှိသုံးစွဲနေကြရသည်။ နိုင်ငံစုံလုပ်ငန်းဖြန့် ကော်ပိုရေးရှင်းများသည် တခါတရံတွင် အိမ်ရှင်နိုင်ငံများ၏အစိုးရပြောင်းလဲမှုများကို စွမ်းဆောင်နိုင်ခဲ့သည်ဟု ဆိုသည်။ ပုံစံဆိုသော် ချီလီနိုင်ငံရှိအိုင်တီတီကုမ္ပဏီသည် ချီလီသမ္မတ အာယန်ဒေးကိုဖြုတ်ချရာတွင် လမ်းညွှန်ခဲ့သည်ဟု ဆိုသည်။ ကမ္ဘာပေါ်တွင် နိုင်ငံစုံလုပ်ငန်းဖြန့် ကော်ပိုရေးရှင်းအဖြစ် အရည်အချင်း ပြည့်မီသည့် ကုမ္ပဏီကြီးပေါင်း ၄၀၀၀ ခန့် ရှိသည်။

နိုင်ငံစုံလုပ်ငန်းဖြန့် ကော်ပိုရေးရှင်းကိုတွင် စီးပွားရေး သာမက နိုင်ငံရေး လက္ခဏာများပါ ပေါ်လွင်လျက်ရှိသည်ဟု ဆိုသည်။ ကြီးမားသော စက်ရုံ အလုပ်ရုံကြီးပေါင်း ၂၀၀ ကျော် ၃၀၀ ခန့်သည် အတူတကွပူးပေါင်း၍ စီမံအုပ်ချုပ်ရေးစနစ်များချမှတ်ပြီး နိုင်ငံပေါင်း ၂၀ ကျော် ၃၀ ခန့်တွင် တပြိုင်တည်း ဆောင်ရွက်လျက် ရှိကြသည်။ လွန်စွာကြီးမားသော နိုင်ငံစုံ လုပ်ငန်းဖြန့် ကော်ပိုရေးရှင်းများသည် ၂၀ ရာစု ကုန်လောက်တွင် အရေအတွက် ၃၀၀ ကျော်မျှ ရှိလာပြီး ကမ္ဘာ့စက်မှုလုပ်ငန်း ထုတ်ကုန်ပစ္စည်း အများစုကြီးကို ထုတ်လုပ်လာကြကာ ဒေသခံနိုင်ငံများ၏ စီးပွားရေးလွတ်လပ်မှုတို့ကို ရပ်ဆိုင်းသွားစေပေလိမ့်မည်ဟု စီးပွားရေးကျွမ်းကျင်သူများက ဟောကိန်းထုတ်ကြသည်။ အချို့သော အမျိုးသားနိုင်ငံအစိုးရများသည် ယင်း ကော်ပိုရေးရှင်းများ၏ အန္တရာယ်ကို စိုးရိမ်လာကြသည့်အတွက် ယင်းတို့၏ဘေးရန်ကို တားဆီးထိန်းချုပ်ရန်နည်းလမ်းများ ရှာဖွေလျက် ရှိကြသည်။

နိုင်ငံစုံလုပ်ငန်းဖြန့်ကော်ပိုရေးရှင်းများသည် နိုင်ငံအစိုးရများနှင့်ယှဉ်၍ ရပ်တည်နိုင်ပြီးယခုအခါတွင်ပိုမိုကွဟာလျက် ရှိသောချစ်ကြည်ရေး ကွဟာမှုကို ကျဉ်းမြောင်းလာအောင် စွမ်းဆောင်နိုင်ခြင်း ရှိမည် မရှိမည်ဆိုသည်ကိုမူ ကြိုတင်ခန့်မှန်းရန် ခဲယဉ်းပေသည်ဟု ကျွမ်းကျင်သူများကဆိုသည်။

နက်ဖသားကတ္တရာစေး။ ။နက်ဖသား ကတ္တရာစေး သည် ရေနံ၊ ကျောက်မီးသွေးနှင့် သစ်သားတို့မှ ပေါင်းခံထုတ်ယူရရှိသော ဓာတုပစ္စည်းဖြစ်သည်။ အနံ့ပြင်းပြီး အငွေ့ပျံလွယ်သော အရည်တမျိုး ဖြစ်သည်။ သုတ်ဆေးများ ဖော်စပ်ရာ၌၎င်း၊ ချေးချွတ်ဆေးနှင့် အခြောက်လျှော်ဆေး အဖြစ်၎င်း အသုံးပြုသည်။ ရေမွှေးလုပ်ငန်းတွင် အနံ့ထွက်ဆီအဖြစ် နက်ဖသားကတ္တရာစေးကို အသုံးပြုသည်။ ရာဗာကို အရည်ဖြစ်အောင် ပြုလုပ်ရာ၌ နက်ဖသား ကတ္တရာစေးကို သုံးရသည်။ ချက်ပြုတ်ရန်နှင့် အပူပေးရန်အတွက်အထူးကောင်းမွန်သော လောင်စာတမျိုးလည်းဖြစ်သည်။ သစ်သားများကို မှိုတက်ခြင်းနှင့် ပိုးကိုက်ခြင်း ဘေးရန်များကို ကာကွယ်ရန်အတွက် ပိုးသတ်ဆေး အဖြစ်၎င်း၊ အရောင်တင်ဆီအဖြစ်၎င်း သုံးသည်။

နတ်ဆာ, အဗ္ဗဒယ်ဂမယ် (ခရစ် ၁၉၁၈ – ၁၉၇၀)။ ။ အာရပ်ပြည်ထောင်စု သမ္မတနိုင်ငံ၏ ကွယ်လွန်သူ သမ္မတကြီးဖြစ်သော နတ်ဆာကို ၁၉၁၈ ခု၊ ဇန္နဝါရီလ ၁၅ ရက်နေ့တွင် အလက်ဇန္ဒရီးယားမြို့၌ ဖွားမြင်သည်။ ဖခင်သည် စာပို့တိုက်အမှုထမ်းတဦးဖြစ်သည်။

အရွယ်ရောက်သောအခါ ကိုင်ရိုမြို့၊ အယ်လမာဆရီယာ အလယ်တန်းကျောင်းတွင် ပညာသင်ကြားသည်။ ခရစ် ၁၉၃၅ - ၃၆ ခုနှစ်အတွင်း ကျောင်းသားများ ဆန္ဒပြရာတွင် ပါဝင်ခဲ့သည်။ ၁၉၃၇ ခုနှစ် ဗိုလ်သင်တန်းကျောင်းတက်၍ ၁၉၃၈ ခုနှစ်တွင် သင်တန်း ဆင်းလျှင်ဆင်းချင်းအီဂျစ် တပ်မတော်တွင် ဒု ဗိုလ်အဖြစ် အမှုထမ်းသည်။

၁၉၄၃ ခု မေလ ၁၅ ရက်နေ့တွင် အာရပ် - အဇ္ဇရီယယ် စစ်ပွဲဖြစ်ပွားရာ နတ်ဆာ ပါဝင်တိုက်ခိုက်ခဲ့သည်။ ၁၉၄၉ ခု ဇူလိုင်လတွင် နတ်ဆာသည် တပ်မတော် အုပ်ချုပ်ရေး ကျောင်းတွင် နည်းပြဖြစ်လာသည်။ ၁၉၄၉ ခုနှစ်ကုန်ခါနီးတွင် နတ်ဆာသည် အဖွဲ့ဝင် ၁၁ ဦးပါသော လွတ်လပ်သော စစ်အရာရှိများအဖွဲ့ကို လျှိဝှက်ဖွဲ့ခဲ့ရာ ယင်းအဖွဲ့၏ အလုပ်အမှုဆောင်ကော်မတီတွင် ဥက္ကဋ္ဌဖြစ်လာသည်။

လွတ်လပ်သော အရာရှိများအဖွဲ့ ဦးဆောင်သည့် တပ်မတော်က ၁၉၅၂ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် တိုင်းပြည်အာဏာကို သိမ်းယူလိုက်လေသည်။ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌအဖြစ် ဂျင်နရယ်နာဂစ်အား တင်မြှောက်လေသည်။ ၁၉၅၃ ခုနှစ် ဇန္နဝါရီလ ၂၃ ရက်နေ့တွင် လွတ်မြောက်ရေးအဖွဲ့ အမည်ရှိသောအဖွဲ့ကို တည်ထောင်၍ နတ်ဆာက အထွေထွေအတွင်းရေးမှူးအဖြစ် ဆောင်ရွက်လေသည်။

၁၉၅၃ ခုနှစ် ဇွန်လ ၁၈ ရက်နေ့တွင် အီဂျစ်နိုင်ငံအား သမ္မတနိုင်ငံအဖြစ် ကြေငြာသောအခါ ဗိုလ်ချုပ်နာဂစ်အား သမ္မတနှင့် ဝန်ကြီးချုပ်ရာထူးတွင် ခန့်အပ်၍ နတ်ဆာကမူ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးရာထူးကိုယူသည်။ ၁၉၅၄ ခု ဧပြီလ ၁၇ ရက်နေ့တွင် အစိုးရသစ် ပြန်လည်ဖွဲ့စည်းသောအခါ နတ်ဆာသည် ဝန်ကြီးချုပ် ဖြစ်လာသည်။ ၁၉၅၆ ခု ဇန္နဝါရီလ ၁၆ ရက်နေ့တွင် နိုင်ငံတော်၏ သမ္မတအဖြစ် ရွေးကောက် တင်မြှောက်ခြင်း ခံရလေသည်။

အက်စွမ်ရေကာတာကြီး တည်ဆောက်ရေး စီမံကိန်းအတွက် အမေရိကန်အုပ်စုက ငွေချေးရန် အစီအစဉ်ကို ဖျက်လိုက်သဖြင့် နတ်ဆာသည် စူးအက်တူးမြောင်းကို ပြည်သူပိုင် သိမ်းပြီး ယင်းမှရရှိသော အကောက်အခွန်များဖြင့် ယင်းစီမံကိန်းကို အကောင်အထည် ဖော်မည်ဟု ကမ္ဘာသို့ ကြေငြာပြီး ၁၉၅၆ ခုနှစ် ဇူလိုင်လ ၂၆ ရက်နေ့တွင် ပြည်သူပိုင် သိမ်းလိုက်လေသည်။ သမ္မတ နတ်ဆာသည် ရေကာတာ တည်ဆောက်ရန်အတွက် လိုအပ်သော အကူအညီကို ရုရှနိုင်ငံမှ ရယူရန် ကြိုးပမ်းလေသည်။

နိုင်ငံတော်၏ စီးပွားရေးကိုလည်း ဆိုရှယ်လစ်စနစ်နှင့် အညီ ချီတက်စေခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် နတ်ဆာသည် မြေယာပိုင်ဆိုင်မှု ပမာဏကို ဥပဒေပြဋ္ဌာန်း၍ ကန့်သတ်လိုက်သည်။ ၁၉၅၈ ခု ဖေဖွာရီလ ၁ ရက်နေ့တွင် အီဂျစ်၊ ဆီးရီးယားနှင့် ယေမင်နိုင်ငံတို့ပေါင်း၍ အာရပ်ပြည်ထောင်စု သမ္မတနိုင်ငံ ထူထောင်သောအခါ နတ်ဆာသည် အာရပ်ပြည်ထောင်စုသမ္မတနိုင်ငံ၏ သမ္မတကြီးဖြစ်လာလေသည်။

အာရပ် ပြည်ထောင်စုသမ္မတ နိုင်ငံတဝှန်းလုံး၏ လေးစားခြင်းခံရသော သမ္မတ နတ်ဆာသည် ၁၉၇၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့ ကိုင်ရိုစံတော်ချိန် ည ၆ နာရီ ၁၅ မိနစ်အချိန်တွင် နှလုံးသွေးရပ်သည့်ရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားလေသည်။

ချုုထရှန်ဗုံး။ ။(သေမင်းတမန် လက်နက်ဆန်းများ —ရှု။)

နှလုံးခုန်နှုန်းထိန်းစက်။ ။နှလုံးခုန်နှုန်းထိန်းစက် ဆိုသည်မှာ နှလုံးခုန်နှုန်း ကျဆင်းသွားသောကြောင့် သတိလစ်ပြီး အသက်အန္တရာယ်နှင့် ရင်ဆိုင်နေရသော ရောဂါသည်ကို နှလုံးခုန်နှုန်း ပုံမှန်အတိုင်း ပြန်လည်ဖြစ်လာရန် ဆောင်ရွက်ပေးနိုင်စွမ်းရှိသည့် ကရိယာတမျိုးပင် ဖြစ်သည်။ အမေရိကန် ဆေးသိပ္ပံပညာရှင် ဒဗလျူ ဒဗလျူအယ် ဂလန်း နှင့် အလက်ဇန္ဒာ မော်ရိုး တို့သည် လျှပ်စစ်ဓာတ်အားစီးခြင်းကို အခြေခံ၍ တီထွင်ထားသော နှလုံးခုန်နှုန်းထိန်း စက်ကို ၁၉၅၉ ခုနှစ်၊ ဇန္နဝါရီလ ၂၉ ရက်နေ့တွင် ပထမဆုံးအကြိမ် စမ်းသပ်အသုံးပြုခဲ့သည်။ ၁၉၅၉ ခုနှစ်ထဲ၌ပင် ဆေးသိပ္ပံပညာရှင် အေ့ ဆန်နင်း သည် ခန္ဓာကိုယ်အတွင်း ထည့်သွင်းအသုံးပြုနိုင်သော နှလုံးခုန်နှုန်းထိန်းစက်



ကိုယ် တွင်း ၌ ထည့် ၍ အသုံးပြု ရသော နှလုံးခုန် နှုန်း ထိန်း စက် (ဝဲ ပုံ) ဝမ်းပိုက်နှင့် ရင်ခေါင်းအထိ ခဲ့စိတ်၍ နှလုံးရောဂါခုန်နှုန်း ထိန်းစက်ကို သွင်း၍ ကုသ ထား သည် ကို အ နီး ကပ် တွေ့ရပုံ



ငယ်ကို အောင်မြင်စွာ စမ်းသပ် အသုံးပြု နိုင်ခဲ့ကြောင်း ကြေငြာသည်။ တဖန် အမေရိကန် ဆေးသိပ္ပံပညာရှင်ဝီလျံ အေ ချာဒက် သည် ဝီလဆင် ဂရိတ်ဗတ် ဆိုသူအင်္ဂျင် နီယာတဦးနှင့် ပူးပေါင်းပြီး ကိုယ်ခန္ဓာအတွင်း မြှုပ်နှံ အသုံး ပြုနိုင်သော ဓာတ်ခဲသုံး နှလုံးခုန်နှုန်းထိန်းစက်ငယ်တမျိုးကို တီထွင်ပြီး ၁၉၆၀ ပြည့်နှစ်တွင် အောင်မြင်စွာ စမ်းသပ်ခဲ့သည်။ နောက်သုံးနှစ် အတွင်း၌ နှလုံးခုန်နှုန်းထိန်းစက် ထုတ်လုပ်မှုနှင့် အသုံးချမှုများ ပိုမိုများပြားလာခဲ့သည်။

အမှန်စင်စစ် နှလုံးခုန်နှုန်းထိန်းစက်ဆိုသည်မှာ ရေဒီယို အသံဖမ်းစက်တမျိုးပင် ဖြစ်သည်။ ယခုအခါ အသုံးပြုနေ ကြသည့် နှလုံးခုန်နှုန်းထိန်းစက်များ၌ ဓာတ်ခဲ၊ အီလက် ထရွတ်ခေါ် လျှပ်ခေါင်းများနှင့် ဇယားခွက်တခုပါရှိသည်။ အများအားဖြင့် နှလုံးခုန်နှုန်းထိန်းစက်များသည် တမိနစ် လျှင် နှလုံးကိုအကြိမ်ပေါင်း ၇၀ ခန့်အထိ ခုန်စေနိုင်သည်။ လူနာ၏အခြေအနေပေါ် မူတည်ပြီး နှလုံးခုန်နှုန်းကို လိုအပ် သလို ပြုပြင်ပေးနိုင်သော နှလုံးခုန်နှုန်းထိန်းစက်များရှိသော်လည်း ရှားပါးလှသည်။

နှလုံးခုန်နှုန်းထိန်းစက်များသည် နှစ်မျိုးနှစ်စားရှိသည်။ ပထမအမျိုးအစားမှာ လူနာ၏ကိုယ်ခန္ဓာအပြင်ပတွင်ထား၍ အသုံးပြုနိုင်သော စက်မျိုးဖြစ်ပြီး ဒုတိယ အမျိုးအစား မှာ လူနာ၏ ကိုယ်ခန္ဓာအတွင်း ထည့်သွင်း၍ အသုံးပြုနိုင် သော စက်မျိုးဖြစ်သည်။ နှလုံးခုန်နှုန်းထိန်း စက်များသည် အလွန်သေးငယ်သော ဓာတ်ခဲအားဖြင့် လည်ပတ်ရသော ကရိယာများဖြစ်သည်။ အခြို့စက်များတွင် အသုံးပြုထား သော ဓာတ်ခဲများမှာ အင်္ဂျီကြယ်သီးအရွယ်ခန့်သာ ရှိပြီး စက်၏အရွယ်မှာလည်း စီးကရက်ဘူးခန့်သာရှိသည်။ ဓာတ် ခဲများ၏ သက်တမ်းမှာ ငါးနှစ်ခန့်ရှိသည်။ ယခုအခါ ပို၍ ကြာရှည်ခံသော ဓာတ်ခဲမျိုး တီထွင်၍ အသုံးပြုသည်ဟု သိရသည်။ ခန္ဓာကိုယ် ပြင်ပတွင် ထား၍သုံးသော စက် မျိုးကို အသုံးပြုရာ၌ လူနာ၏ရင်ပတ်တွင် စက်ကို ကြိုးဖြင့် ပတ်ပေးထားရသည်။ ထိုစက်အတွက် ဓာတ်ခဲများကိုမူ အိတ်တခုတွင်ထည့်၍ ပခုံးတွင်လွယ်၍ရင်း၊ ခါးတွင်ပတ်၍ ရင်း သယ်ဆောင်ရသည်။ ကိုယ်ခန္ဓာအတွင်းထည့်သွင်း၍ သုံးရသော စက်မျိုးကိုသုံးရာ၌ လူနာ၏ဝမ်းပိုက်ကိုခဲ့၍ နှလုံး ခုန်နှုန်းထိန်းစက်ကို ခန္ဓာကိုယ်အတွင်း သွင်းရသည်။ ထို့ နောက် စက်ဖြင့် ဆက်သွယ် ထားသော ငါးမျှားချိတ် သဏ္ဌာန်ရှိ အီလက်ထရွတ်ငယ်များကို နှလုံးကြွက်သားများ အတွင်း မြှုပ်ထည့်ပေးရသည်။ ဝမ်းပိုက်အတွင်း သွင်းရာ၌ စက်ကို အရေပြားအောက် ရောက်ရုံလောက်သာ ထည့်ပေး ရခြင်းမှာ အကယ်၍ ယင်းစက်သည် နှလုံးခုန်နှုန်း အနည်း အများ ပြုပြင်နိုင်သော စက်မျိုးဖြစ်ပါက ယင်းစက်များ ကို ပြင်ပမှနေ၍ အလွယ်တကူ ထိန်းပေးနိုင်ရန်အတွက် ဖြစ်သည်။

ပနားမားတူးမြောင်း။ ။ (၆-၂၂၇—ရှု။) ပနားမား တူးမြောင်းသည် မြောက်အမေရိကတိုက်နှင့် တောင်အမေ ရိကတိုက်တို့ကြားရှိ ပနားမားကျွန်းဆက်ကိုဖြတ်၍ အတ္တ လန္တိတ် သမုဒ္ဒရာကမ်းခြေရှိ ကိုလုံးမြို့နှင့် ပစိဖိတ် သမုဒ္ဒရာ ကမ်းခြေပေါ် ရှိ ဗဲလဗိုးအာမြို့တို့ကို ဆက်သွယ်ဖောက်လုပ် ထားခြင်း ဖြစ်သည်။ ၅၁ မိုင်ရှည်လျားပြီး ၁၀ မိုင်ကျယ် သော တူးမြောင်းဒေသ၏ အလယ်တွင် ရှိသော ပနားမား တူးမြောင်းသည် ၅၀.၇၂ မိုင် ရှည်လျားပြီး ရေအတိမ် ဆုံးမှာ ၄၁ ပေရှိ၍အောက်ခြေသည် အနည်းဆုံး ပေ ၃၀၀

ကျယ်ဝန်းသည်။ တူးမြောင်းသည် အတ္တလန္တိတ် သမုဒ္ဒရာ ဖက်တွင် ရှားဂရိုးမြစ်ကြောင်းအတိုင်း သွားပြီး ပစိဖိတ် သမုဒ္ဒရာ ကမ်းခြေဖက်တွင် ရီအိုဂရန်ဒီမြစ်ကြောင်းအတိုင်း လိုက်သွားသည်။

ပနားမား တူးမြောင်းကို အသုံးပြုခြင်းဖြင့် အတ္တလန္တိတ် သမုဒ္ဒရာကမ်းခြေနှင့် ပစိဖိတ် သမုဒ္ဒရာ ကမ်းခြေရှိ အမေရိကန် ပြည်ထောင်စု၏ ဆိပ်ကမ်းမြို့များသည် ဆက်သွယ်ရေး လမ်းကြောင်း ရေမိုင် ၈၀၀၀ ခန့်၊ မြောက်အမေရိကတိုက် အရှေ့ဖက်ပိုင်းရှိ ဆိပ်ကမ်းမြို့များနှင့် တောင်အမေရိကတိုက် အနောက်ဖက်ပိုင်းရှိ ဆိပ်ကမ်းမြို့များသည် ဆက်သွယ်ရေးလမ်းကြောင်း ရေမိုင် ၄၀၀၀ ခန့်၊ ဥရောပမှ အာရှတိုက်နှင့် ဩစတြေးလီးယား တိုက်ရှိ ဆိပ်ကမ်းမြို့များသို့ ဆက်သွယ်ရေးလမ်းကြောင်း ရေမိုင် ၂၀၀၀ ခန့်ခရီးကို တိုတောင်းသွားစေသည်။ တူးမြောင်းအတွင်းသို့ အလျားပေ ၉၅၀ အနံ ၁၀၆ ပေနှင့် ရေစူးပေ ၄၀ ရှိသည့် သင်္ဘောထက် ကြီးသော သင်္ဘောကြီးများ မဝင်ရောက်နိုင်ချေ။

ပနားမားတူးဖော် အောင်မြင်မှုသည် အမေရိကန်ပြည်ထောင်စု၏ ဂုဏ်ယူဖွယ်ကောင်းသော စွမ်းဆောင်အောင်မြင်မှုတရပ် ဖြစ်သည်။

ပထမ ကမ္ဘာစစ်အတွင်းက အမေရိကန်ပြည်ထောင်စုက ပနားမား နိုင်ငံမှ မြေရိယာများစွာနှင့် ကျွန်းစုတို့ကို သိမ်းယူခဲ့၏။ ၁၉၀၃ ခုနှစ် စာချုပ်ပါ ချုပ်ဆိုချက် များကို ၁၉၂၆ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုက ပြင်ဆင်ရန် ကြိုးပမ်းခဲ့သော်လည်း ပနားမားအစိုးရကငြင်းဆန်ခဲ့သည်။ ၁၉၃၆ ခုနှစ်တွင် ပနားမား အစိုးရ၏ တောင်းဆိုချက်အရ အမေရိကန် ပြည်ထောင်စုက ပနားမား နိုင်ငံ၏ လွတ်လပ်ရေးအား အာမခံရန် တာဝန်ယူထားမှုကို ပယ်ဖျက်ပေးခဲ့ရပြီး တူးမြောင်း ဒေသပြင်ပမှ နယ်မြေနှင့် ရေပြင်ပိုင်နက်တိုးချဲ့ခွင့်ကိုလည်း စွန့်လွှတ်ပေးခဲ့ရသည်။

၁၉၆၄ ခု ဒီဇင်ဘာလတွင် အမေရိကန် သမ္မတ ဂျွန်ဆင်က တည်ရှိဆဲ တူးမြောင်းနှင့် စပ်လျဉ်း၍ငင်း၊ ပင်လယ်ရေမျက်နှာပြင်နှင့် တညီတညွတ်တည်းတွင် တူးမြောင်းတခု ဖောက်လုပ်မှုနှင့် စပ်လျဉ်း၍ငင်း၊ အမေရိကန်တို့၏ စစ်အခြေစိုက် စခန်းများနှင့် စပ်လျဉ်း၍ငင်း ပနားမားနိုင်ငံနှင့် စာချုပ်သစ် သုံးရပ်ကို ချုပ်ဆိုရန် တင်ပြခဲ့သည်။ ထိုစာချုပ်ကို ၁၉၆၇ ခုနှစ်တွင် ပနားမား အစိုးရက ပယ်ချခဲ့သည်။ ဤသို့ဖြင့် ပနားမား တူးမြောင်းနှင့် စပ်လျဉ်း၍ ပနားမားနိုင်ငံနှင့် အမေရိကန် ပြည်ထောင်စုတို့ ပြေလည်မှုရရန် အလှမ်းဝေးခဲ့ပြန်သည်။ ၁၉၇၁ ခုနှစ် ဇွန်လ ၂၃ ရက်နေ့တွင် တူးမြောင်း စာချုပ်သစ်အတွက် ဆွေးနွေးခဲ့သည်။ ၁၉၇၃ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့တွင် ဗိုဂို တာမြို့တွင် အစည်းအဝေး ကျင်းပခဲ့သည်။ ပနားမား တူးမြောင်းပြဿနာသည် လက်တင်အမေရိက နိုင်ငံအား လုံးနှင့် သက်ဆိုင်သောပြဿနာဖြစ်ပြီး ဦးစားပေးစဉ်းစား သင့်ကြောင်း တညီတညွတ်တည်း ကြေငြာခဲ့သည်။ အမေရိက နိုင်ငံများ အဖွဲ့ (အိုအေအက်စ) အစည်းအဝေးတွင်လည်း လက်တင်အမေရိက နိုင်ငံများက ၁၉၀၃ နှစ်က ချုပ်ဆိုခဲ့သော စာချုပ် ဖျက်သိမ်းရန် တောင်းဆိုခဲ့ကြသည်။ ထို့ကြောင့် ၁၉၇၄ ခုနှစ် ဖေဖွဝါရီလတွင် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟင်နရီကစ်ဆင်းဂျားနှင့် ပနားမားနိုင်ငံခြားရေးဝန်ကြီး ဂျူအင်တက်တို့ တွေ့ဆုံဆွေးနွေးပြီး အစားထိုးမည့်အချက်ချစ်ချက်ပါသောသဘောတူညီချက်ကို လက်မှတ် ရေးထိုးကြသည်။ သို့သော် ယင်းပြဿနာသည် လုံးဝမပြေလည်ခဲ့ချေ။

တူးမြောင်းပြဿနာကို မကြာခဏ ဆွေးနွေးခဲ့ကြရာ ပနားမားမြို့တွင် နောက်ဆုံးအကြိမ် စေ့စပ်ဆွေးနွေးခဲ့ပြီး ၁၉၇၇ ခုနှစ် စက်တင်ဘာ ၇ ရက်နေ့တွင် ဝါရှင်တန်မြို့၌ အမေရိကန် သမ္မတ ဂျင်မီကာတာ၊ ပနားမား နိုင်ငံအကြီးအကဲ ဗိုလ်ချုပ်မှူး အိုမာတော်ရိယ်ိုစတို့ တူးမြောင်းစာချုပ်သစ်နှစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ စာချုပ်တရပ်မှာ ပနားမားတူးမြောင်းအား ပနားမားနိုင်ငံသို့ ခရစ် ၂၀၀၀ ပြည့်နှစ်မှစ၍ လွှဲပေးရန်နှင့် အခြားတရပ်မှာ တူးမြောင်း၏ ကြားနေမှုကို အမေရိကန် ပြည်ထောင်စုက တာဝန်ယူရန် ဖြစ်သည်။ ယင်းစာချုပ်များအား အမေရိကန်ကွန်ဆာပေးတစ်အမတ် အများစုက ကန့်ကွက်ကြသည်။

ပနားမားသမ္မတနိုင်ငံ။ ။(၆ - ၂၂၉—ရှု။) ပနားမားနိုင်ငံသည် တောင်အမေရိကတိုက်၏ ရှေးအကျဆုံး နယ်တနယ် ဖြစ်သည်။



ပနားမား သမ္မတနိုင်ငံ သည် အမေရိကန် ပြည်ထောင်စုနှင့် ၁၉၀၃ ခုနှစ်နိုဝင်ဘာလ ၁၈ ရက် နေ့၌ စာချုပ်တရပ်ချုပ်ဆိုသည်။ ထိုစာချုပ်အရ တူးမြောင်းဒေသ တဝိုက်ကို အမေရိကန်က အသုံးပြုနိုင်ခွင့်ရလေသည်။ တူးမြောင်း၏တဖက်တချက် ငါးမိုင်အတွင်းရှိ နယ်မြေ တို့ကိုလည်း အမေရိကန်က အုပ်ချုပ်ပိုင်ခွင့်ရသည်။

၁၉၅၆ ခုနှစ် သမ္မတ အီနစ္စတိုဒီလာ ဂါးဒီးယား လက်ထက်တွင် ပြည်တွင်းဆူပူမှုများဖြစ်လာသည်။ ၁၉၆၀ ပြည့်နှစ် သမ္မတဖြစ်လာသော ရောဗတ်တိုဖရန်စီ ဆိုချယ်ရီလက်ထက်တွင် စီးပွားရေး ကျပ်တည်းမှုများ ဖြေရှင်း၍ ပြည်တွင်းပြုပြင်မှုများပြုလုပ်ခဲ့သည်။ ၁၉၆၈ ခုနှစ် အောက်တို့

ဘာလ ၁၂ ရက်နေ့တွင် အမျိုးသား ကာကွယ်ရေး ပုလိပ် အဖွဲ့မှ လက်ဖတင်နင် ကာနယ်အိုမာတိုရီယို့စက အရာရှိ တစုကို ခေါင်းဆောင်ပြီး သမ္မတအေးရီယဉ့စအား ဖြုတ်ချ၍ အာဏာသိမ်းခဲ့သည်။ ထို့နောက် ကာနယ်ဂျိုစမာရီယာ ပီနိုလာကို သမ္မတအဖြစ်၎င်း၊ ကာနယ်ဗိုလီဗာအူရူတီယားကိုဒုတိယသမ္မတအဖြစ်၎င်းခန့်အပ်၍အစိုးရအဖွဲ့သစ်ကို ပြန်လည်ဖွဲ့စည်းခဲ့သည်။ ၁၉၇၂ ခုနှစ် ဩဂုတ်လတွင် ပြည်သူ့လွှတ်တော်အတွက် ရွေးကောက်ပွဲ ကျင်းပခဲ့သည်။ လွှတ်တော်က တိုရီယို့စအား နိုင်ငံခေါင်းဆောင် ဖြစ်ကြောင်း ကြေငြာခဲ့ပြီး နောက်ထပ်ခြောက်နှစ်နိုင်ငံခြားရေးနှင့် ပြည်ထဲရေးတာဝန်ယူရန် အာဏာအပ်နှင်းသည်။ စက်တင်ဘာ ၁၈ ရက်နေ့တွင် လွှတ်တော်က ဒီမိထရိုဘာစီလီယိုလကာ့စအားသမ္မတအဖြစ်၎င်း၊ အတူရိုဆူကရီပီရီအား ဒုတိယသမ္မတအဖြစ်၎င်း ရွေးချယ်ခန့်အပ်ခဲ့သည်။ အောက်တိုဘာ ၁၁ ရက်နေ့တွင် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်တရပ် ပြဋ္ဌာန်းအတည်ပြုပြီး အောက်တိုဘာလ ၁၈ ရက်တွင် အိုမာတိုရီယို့စသည် အစိုးရသစ် ပြန်လည်ဖွဲ့စည်းသည်။

ပနားမားနိုင်ငံသည် ၁၉၀၃ ခုနှစ်စာချုပ်အရ တူးမြောင်းဇုံ၏အချုပ်အခြာအာဏာပိုင်မှုကို အမေရိကန်ပြည်ထောင်စုကို လွှဲပြောင်းပေးခဲ့ရသော်လည်း ၁၉၂၇ ခုနှစ်မှ စ၍ ယင်းနယ်မြေပြန်လည်ရလိုကြောင်းတောင်းဆိုခဲ့သည်။ ထို့ကြောင့် အမေရိကန်ပြည်ထောင်စုသည် တူးမြောင်းဇုံ အတွက် နှစ်စဉ်ကြေးများ ပိုမိုပေးခဲ့ရပြီး စေ့စပ်မှုများပြုလုပ်ခဲ့ရသည်။ ခရစ်နှစ် ၂၀၀၀ တွင် တူးမြောင်းအား ပနားမားနိုင်ငံ အစိုးရသို့လွှဲပေးရန် အမေရိကန်အစိုးရက သဘောတူလက်မှတ်ထိုးပြီးဖြစ်သည်။ (ပနားမားတူးမြောင်း—ရှု။)

ပါကစ္စတန်သမ္မတနိုင်ငံ။ ။(၆ - ၂၇၉—ရှု။) ပါကစ္စတန်နိုင်ငံ၏ မြောက်ဖက်တွင်ဂျမ္မူးနှင့် ကသ္မီယပြည်နယ်၊ အရှေ့ဖက်တွင် အိန္ဒိယနိုင်ငံ၊ တောင်ဖက်တွင် အာရေဗျ ပင်လယ်၊ အနောက်ဖက်တွင် အိရန်နိုင်ငံနှင့် အနောက်မြောက်ဖက်တွင် အာဖဂန်စတန် နိုင်ငံတို့ရှိကြသည်။ အကျယ်အဝန်း စတုရန်းမိုင်ပေါင်း ၃၁၀,၄၀၃ ရှိသည်။ လယ်ယာစိုက်ပျိုးရေး အခြေခံသော စီးပွားရေးဖြစ်သည်။



ပူလွန်းအေးလွန်းသော ရာသီဥတုရှိသည်။ မြေပြန့်တွင် မိုးရေချိန် ၁၅ လက်မခန့်ရှိ၍ ကုန်းမြင့်တွင် လက်မ ၆၀ ခန့်ရှိသည်။ ၁၉၇၆ ခုနှစ် ခန့်မှန်းခြေအရ ၇၂,၃၇၀,၀၀၀ လူဦးရေရှိသည်။ မြို့တော်မှာ အစ္စလာမ္မာဗတ်မြို့ ဖြစ်သည်။ သဘော်ဆိပ်မြို့မှာ ကရာချီမြို့ ဖြစ်သည်။ ၁၉၄၇ ခုနှစ် ဇွန်လ ၃ ရက်နေ့တွင် ဗြိတိသျှဓနသဟာယအဖွဲ့ဝင် ဒိုမီနီယံအဆင့်အတန်းဖြင့် ပါကစ္စတန်နိုင်ငံဟု ဖွဲ့စည်းတည်ထောင်လိုက်သည်။

ပထမဆုံး ဘုရင်ခံချုပ်မှာ မိုဟာမက်အလီဂျင်းနားဖြစ်သည်။ ၁၉၅၆ ခုနှစ် ဖေဖွဝါရီလ ၂၉ ရက်နေ့တွင် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်အရ ပါကစ္စတန် နိုင်ငံသည် လွှတ်လပ်သော သမ္မတနိုင်ငံ ဖြစ်လာခဲ့လေသည်။ ထိုစဉ်က အရှေ့ပါကစ္စတန်နှင့် အနောက်ပါကစ္စတန်ဟူ၍ တခုနှင့်တခု မိုင်ပေါင်း ၉၀၀ ကွာဝေးသော နိုင်ငံ နှစ်ပိုင်းပေါင်း ဖြစ်သည်။ ၁၉၅၈ ခုနှစ်တွင် သမ္မတ မာရ်ရှာက ပါကစ္စတန် တဝှန်းလုံး၏ စစ်အုပ်ချုပ်ရေးဥပဒေ ပြဋ္ဌာန်းလိုက်ပြီး ဗဟိုယာယီအစိုးရနှင့် အမျိုးသားဒေသဆိုင်ရာ လွှတ်တော်များကို ဖျက်သိမ်းလိုက်သည်။ စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးမိုဟာမက် အယ္ယတ်ခန်အား စစ်အုပ်ချုပ်ရေးတာဝန်ခံနှင့် စစ်သေနာပတိချုပ်အဖြစ် ခန့်အပ်ခဲ့သည်။ အောက်တိုဘာ ၂၇ ရက်နေ့တွင် သမ္မတမာရ်ရှာ ရာထူးမှ နုတ်ထွက်ကာ ဗိုလ်ချုပ်ကြီး အယ္ယတ်ခန်အား အာဏာလွှဲအပ်ခဲ့သည်။

၁၉၇၉ ခု ဇွန်လ ၁၃ ရက်နေ့တွင် ဗိုလ်ချုပ်ကြီး အယ္ယတ်ခန်က ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ရန် စီမံကိန်းတရပ် ကြေငြာခဲ့သည်။ အခြေခံဒီမိုကရေစီခေါ် စနစ်သစ်တရပ် ကျင့်သုံးရန် ပြဋ္ဌာန်းခဲ့သည်။ ၁၉၆၀ ပြည့်နှစ်တွင် အခြေခံဒီမိုကရေစီ စနစ်သစ်အရ လူထုဆန္ဒခံယူပွဲ၌ ဗိုလ်ချုပ်ကြီး အယ္ယတ်ခန် သမ္မတ ဖြစ်လာသည်။ ၁၉၆၆ ခုနှစ်တွင် အရှေ့ပါကစ္စတန် ကိုယ်ပိုင်အုပ်ချုပ်ရေး ရရှိရေးနှင့် ပတ်သက်၍ အစည်းအဝေးတရပ် ကျင်းပခဲ့သည်။ ၁၉၆၈ ခုနှစ်တွင် အရှေ့ပါကစ္စတန်နှင့် အနောက်ပါကစ္စတန် အနှံ့အပြား၌ အစိုးရ ဆန့်ကျင်ဆန္ဒပြမှုများ၊ အဓိကရုဏ်းများ ဖြစ်ပွားခဲ့သည်။ ၁၉၆၉ ခုနှစ် မတ်လတွင် ဗိုလ်ချုပ်ကြီး ယာယာခန် ဦးစီး၍ အာဏာသိမ်းကာ သူကိုယ်တိုင် သမ္မတအဖြစ် ဆောင်ရွက်၍ အစိုးရအဖွဲ့သစ်ပြန်လည်ဖွဲ့စည်းသည်။

၁၉၇၁ ခု ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် အရှေ့ပါကစ္စတန်ကို အကြောင်းပြု၍ ဖြစ်ပွားခဲ့သော် အိန္ဒိယပါကစ္စတန် စစ်ပွဲအပြီး၌ ပါကစ္စတန်နိုင်ငံ၏ အာဏာကို ဗိုလ်ဖီကာအလီဘူတိုက သမ္မတအဖြစ် လွှဲပြောင်းယူသည်။ ၁၉၇၃ ခုနှစ် ဧပြီလတွင် ပါကစ္စတန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို အမျိုးသားလွှတ်တော်က အတည်ပြု ပြဋ္ဌာန်းခဲ့သည်။ ၁၉၇၄ ခုနှစ် ဖေဖွဝါရီလ ၂၈ ရက်နေ့တွင် သွေးထွက်သံယိုမှုများစွာ ဖြစ်ပွားပြီးနောက် အရှေ့ပါကစ္စတန်သည် ပါကစ္စတန်သမ္မတနိုင်ငံမှ ခွဲထွက်ကာ ဗင်္ဂလားဒေ့ရှ်နိုင်ငံအဖြစ် ထူထောင်သည်။ (ဗင်္ဂလားဒေ့ရှ်နိုင်ငံ — ရှု။)

၁၉၇၅ ခုနှစ်တွင် ဗင်္ဂလားဒေ့ရှနှင့် သံတမန် ပြန်လည် ဆက်သွယ်ခဲ့သည်။ အခြေခံ ဥပဒေအရ အထွေထွေ ရွေးကောက်ပွဲကို သြဂုတ်လတွင် ကျင်းပရမည်ဖြစ်သော် လည်း ထိုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့တွင် အမျိုးသား လွှတ်တော်ကို ဖျက်သိမ်းလိုက်ကာ မတ်လ ၇ ရက်နေ့တွင် အထွေထွေ ရွေးကောက်ပွဲ ကျင်း ပ မည် ဖြစ် ကြောင်း ကြေငြာသည်။ အတိုက်အခံပါတီ ကိုးပါတီ ပူးပေါင်း၍ တခုတည်းသော ပါကစ္စတန် နေရှင်နယ် မဟာမိတ်ပါတီ ဖွဲ့စည်းခဲ့သည်။ အလီဘူတို၏ ပြည်သူပါတီနှင့် အတိုက်အခံ ပါတီတို့ ရွေးကောက်ပွဲအတွက် ပြင်ဆင်လှုပ်ရှားကြသည်။ ယင်းသို့ မဲဆွယ်လှုပ်ရှားရာ၌ အကြမ်းဖက်မှုများ ဖြစ်ပွား၍ အသေအပျောက်ပင် ရှိခဲ့သည်။ ယင်းရွေးကောက်ပွဲတွင် အလီဘူတို၏ ပြည်သူပါတီက ကိုယ်စားလှယ်နေရာ ၂၀၀ ရှိသည့်အနက် ၁၅၅ နေရာရ၍ အလီဘူတိုအစိုးရပင် အာဏာ ဆက်လက် ရရှိသည်။ ရွေးကောက်ပွဲကို မတရား ရွေးကောက်ပွဲအဖြစ် စွပ်စွဲပြောဆိုကြသည်။ အတိုက်အခံတို့ ဆန္ဒပြရာ ရုန်းရင်းဆန်ခတ် အဓိကရုဏ်းများဖြစ်ပွားကာ လူပေါင်း ၃၅၀ ခန့် သေဆုံးခဲ့သည်။ အတိုက်အခံများလည်း အ ဖမ်း ခံ ရ သည်။ အ တိုက် အ ခံ ပါ တီ များ က လည်း ရွေးကောက်ပွဲမှာ မတရားရွေးကောက်ပွဲဖြစ်သဖြင့် အသစ် ပြန်လည် ကျင်းပပေးရန် တောင်းဆိုလေသည်။

၁၉၇၇ ခုနှစ် ဇူလိုင်လ ၅ ရက်နေ့တွင် ပါကစ္စတန်နိုင်ငံ ဝန်ကြီးချုပ် အလီဘူတို အစိုးရလက်မှ နိုင်ငံတော် အုပ်ချုပ်ရေးအာဏာကို ပါကစ္စတန်ကြည်းတပ်၏ ဦးစီးချုပ် ဗိုလ်ချုပ်ကြီး မိုဟာမက် ဇီယာ အူးလဟတ် ဦးဆောင် သော စစ်ကောင်စီက သိမ်းယူခဲ့လေသည်။ (ဇီယာအူး လဟတ်, ဗိုလ်ချုပ်ကြီး—ရှု။) ဝန်ကြီးချုပ် အလီဘူတိုနှင့် ပါကစ္စတန် ပြည်သူပါတီမှ ထိပ်တန်းခေါင်းဆောင်များ၊ အ တိုက်ခံပါတီတို့မှ ခေါင်းဆောင်များကို ထိန်းသိမ်းခဲ့သည်။ အမျိုးသားလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်များဆိုင်ရာ အထွေထွေ ရွေးကောက်ပွဲကို အောက်တိုဘာ ၁၈ ရက်တွင် ကျင်းပမည့်အကြောင်း သြဂုတ်လ ၁ ရက်နေ့တွင် ကြေငြာ ခဲ့ပြီးနောက် အလီဘူတိုအပါအဝင် ခေါင်းဆောင်ကြီးများ ကို ပြန်လွှတ်ပေးခဲ့သည်။

စက်တင်ဘာလ ၉ ရက်နေ့တွင် ဝန်ကြီးချုပ်ဟောင်း အလီဘူတိအား လူသတ်မှုဖြင့် ပြန်လည် ဖမ်းလိုက်သည်။ အောက်တိုဘာလ ၁ ရက်နေ့တွင် ဗိုလ်ချုပ်ကြီး ဇီယာ အူးလဟတ်က ကြေငြာ၍ နိုင်ငံရေး လှုပ်ရှားမှုများကိုပါ ပိတ်လိုက်သည်။ အလီဘူတို၏အမှုနှင့် အမတ်လောင်းများ၏ ဝင်ငွေကြေငြာချက်တို့ကို စစ်ဆေးမပြီးမချင်း ရွေးကောက်ပွဲ မကျင်းပသေးဟုဆိုကာ အထွေထွေ ရွေးကောက်ပွဲကို ရွှေ့ဆိုင်းလိုက်ကြောင်း ကြေငြာထားလေသည်။

ပါပူယာ နယူးဂင်းနီ နိုင်ငံ။ ။ဗြိတိသျှ ဓနသဟာယ အဖွဲ့ဝင်နိုင်ငံဖြစ်သော ပါပူယာ နယူးဂင်းနီသည် အနောက် တောင်ပစိဖိတ် သမုဒ္ဒရာ အတွင်း ပင်မနယူးဂင်းနီ ကျွန်းကြီး၏ အရှေ့ဖက် ပိုင်းတွင် တည်ရှိသည်။



နယူးဂင်းနီကျွန်းကို ခရစ်နှစ် ၁၅၁၁ ကပေါ်တူဂီလူမျိုး ရေကြောင်း ခရီးသည် အန်တိုနီယို ဒီအေဗရူးဆိုသူက စတင်တွေ့ရှိခဲ့သည်။ ၁၇၇၀ ပြည့်နှစ်တွင်မှ အင်္ဂလိပ်လူမျိုး ကပ္ပတိန်ကွတ် ရောက်ရှိလာပြီး ထိုကျွန်းကို နယူးဂင်းနီဟု မှည့်ခေါ်ခဲ့သည်။ ထိုအချိန်မှစ၍ နယူးဂင်းနီကျွန်းပေါ်တွင် ဥရောပတိုက်သား တို့အပြိုင်အဆိုင် သြဇာခွဲထွင်လာကြသည်။ ဒပ်ချ်နှင့် အင်္ဂလိပ်တို့သည် စီးပွားရေးနယ်ပယ်တွင် အပြိုင်အဆိုင် ကြိုးစားကြသည်။

၁၈၂၈ ခုနှစ်တွင် နယူးဂင်းနီကျွန်းကို အရှေ့လောင်ဂျီတွဒ် ၁၄၁ ဒီဂရီဖြင့် နယ်နိမိတ်မျဉ်းသတ်ကာ အရှေ့ပိုင်းကို ဗြိတိသျှ အစိုးရ အုပ်ချုပ်ပြီး အနောက်ပိုင်းကို ဒပ်ချ်တို့က သိမ်းပိုက်ခဲ့သည်။ ၁၉၀၁ ခုနှစ်တွင် သြစတြေးလီးယား နိုင်ငံက ဗြိတိသျှပိုင် နယူးဂင်းနီကျွန်းကို ထိန်းသိမ်း စောင့် ရှောက်ခွင့်ရကာ ကျွန်းအမည်ကိုလည်း ပါပူယာဟု ပြောင်း လဲခေါ်ဝေါ်စေခဲ့သည်။

၁၉၄၉ ခုနှစ် ဇွန်လတွင် သြစတြေးလီးယား အစိုးရ သည် ကုလသမဂ္ဂအဖွဲ့၏ အစီအမံဖြင့် ပါပူယာနှင့် နယူး ဂင်းနီတို့ကို နယ်မြေချင်း ပေါင်း၍ အုပ်ချုပ်သည်။ သို့ဖြင့် ထိုနှစ် ဇူလိုင်လ ၇ ရက်နေ့တွင် ပါပူယာနယူးဂင်းနီဟူသော အမည်ဖြင့် နိုင်ငံသစ် ပေါ်ထွန်းလာလေသည်။

၁၉၇၃ ခုနှစ် ဒီဇင်ဘာလတွင် ပြည်တွင်းရေး၌ ကိုယ် ပိုင် အုပ်ချုပ်ခွင့် စတင်ရသည်။ အာဏာကို တစတစ လွှဲပြောင်းယူရင်း ၁၉၇၅ ခုနှစ် စက်တင်ဘာလ ၁၆ ရက် နေ့၌ လုံးဝလွတ်လပ်သော နိုင်ငံ ဖြစ်လာလေသည်။

အကျယ်အဝန်းမှာ စတုရန်းမိုင် ၁၇၈,၂၆၀ ဖြစ်သည်။ ယင်းအနက် စတုရန်းမိုင်ပေါင်း ၁၅၂,၄၂၀ ခန့်မှာ ပင်မ ကျွန်းကြီးပေါ်တွင် တည်ရှိသည်။ ၁၉၇၆ ခုနှစ် ခန့်မှန်းခြေ အရ လူဦးရေ ၂,၇၃၀,၀၀၀ ရှိသည်။

အဓိက မြို့ကြီးများမှာ ပို့မောရက်စဘီ၊ လေး၊ ဆာဗောလ်၊ မဒန်၊ ဝီဝက်၊ ဂိုရိကာနှင့် မောင့်ဟဂင်တို့ ဖြစ်သည်။ ပို့မောရက်စဘီမြို့သည် မြို့တော်ဖြစ်သည်။

ပါပူယာနယူးဂင်းနီ၏ ရာသီဥတုမှာ ကမ်းရိုးတန်း တလျှောက်တွင် စိုစွတ်ပြီး အတွင်းကျသော ကုန်းမြင့်ပိုင်း များဖက်နှင့် နီးလေ တဖြည်းဖြည်း ခြောက်သွေအေးမြ

လာသည်။ ထို့ကြောင့် အပူပိုင်းဒေသ စိုက်ပျိုးပင်များဖြစ်ထွန်းသည်။ အဓိက စိုက်ပျိုးရေး ထွက်ကုန်များမှာ ကာဖီ၊ အုန်းသီးဆံခြောက်၊ ဆီအုန်း၊ ကိုကိုး၊ သစ်၊ ကြက်ပေါင်စေးနှင့် လက်ဖက်တို့ ဖြစ်ကြသည်။

ပါပူယာ နယူးဂင်းနီ နိုင်ငံသည် ၁၉၇၅ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ ၁၄၂ နိုင်ငံမြောက် အဖွဲဝင်နိုင်ငံ ဖြစ်သည်။

ပီကာဆို, ပက်ဗလို (ခရစ် ၁၈၁၁–၁၉၇၃) ။ ။ပက်ဗလို ပီကာဆိုကို ၁၈၁၁ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့တွင် စပိန်နိုင်ငံ မာလာဂါမြို့၌ ဖွား မြင်သည်။ ဖခင်သည် ဗာစီလိုးနား အုန်ပညာသိပ္ပံကျောင်းကြီး မှ ပါမောက္ခတဦးဖြစ်ရှိဖခင်၏လမ်းညွှန်မှုကြောင့် သူသည် ငယ်စဉ်ကပင် ပန်းချီ အနုပညာနှင့် ရင်းနှီးခဲ့သည်။

၁၅ နှစ် အရွယ်တွင် ပီကာဆိုသည် ဗာစီလိုးနား အနုပညာသိပ္ပံကျောင်းသို့ လက်စွမ်းပြ ပန်းချီကားတင်သွင်းနိုင်၍ တက်ရောက် သင်ကြားခွင့်ရသည်။ သူသည် ပန်းချီအနုပညာထွန်းကားသော ပြင်သစ်နိုင်ငံ ပဲရစ်မြို့သို့ မကြာခဏ သွားရောက်၍ ပန်းချီပညာကို လေ့လာရာမှ ၁၉၀၃ ခုနှစ်တွင် ပဲရစ်မြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့လေသည်။



ကမ္ဘာကျော်ပန်းချီပညာရှင် ပီကာဆို

ပန်းချီကားများရေးဆွဲရာတွင်ရွေးချယ်သောအကြောင်းအရာများမှာ သူရောက်ခဲ့သည့် လမ်းမများ၊ သဘော်ဆိပ်များမှ အလုပ်သမားများ၊ ဆပ်ကပ်အဖွဲ့များမှ လူပြက်စသည်တို့၏ဘဝသရုပ်ဖော်ပုံများ၊ မိန်းမပျက်များ စသည်ဖြင့် စုံလင်လှသည်။ အသက် ၂၀ အရွယ်တွင် သူအဆက်မပြတ်ရေးဆွဲတတ်သောပုံများမှာ ဆင်းရဲငတ်ပြတ်ကာ ပိန်ချုံးစုတ်ပြတ်နေသူများ၏ ပျော် ရွှင်ခြင်းကင်းမဲ့သော ရုပ်ပုံများသာ ဖြစ်သည်။ ထိုပန်းချီကားများ၌ ဝမ်းနည်းခြင်း၊ စိတ်အားပျက်ခြင်းတို့ကို အဓိပ္ပါယ်ဆောင်သည့် ပြာမှိုင်းမှိုင်းအရောင်တို့ကို သုံးစွဲခဲ့သည့်အတွက် ထိုပန်းချီကားများကိုအပြာရောင်ခေတ် လက်ရာများဟုသတ်မှတ်ကြသည်။ နောင်တွင် ပီကာဆိုသည် မှိုင်းပြာပြာ အေးစက်စက် အရောင်များအစား လွှင်သော၊ တောက်ပြောင်သောအနီရောင်၊ နှင်းဆီရောင်၊ ပန်းရောင်တို့ကို သုံးစွဲလာခဲ့သော်လည်း ပန်းချီကားထဲမှ လူတို့၏ရုပ်လက္ခဏာများမှာမူ ယခင်အတိုင်းပင် ပျော်ရွှင်မှုကင်းမဲ့လှသည်။ ယင်းကားများ ဆွဲချိန်ကို ပန်းရောင်ခေတ်ဟု သတ်မှတ်ပြန်သည်။

ပီကာဆိုသည် အသက် ၂၅ နှစ်လောက်ကပင် ပြင်သစ်ပန်းချီလောကတွင်ထင်ရှားသောပန်းချီပညာရှင်တဦးဖြစ်နေလေပြီ။ ထို့ပြင် ပီကာဆိုသည် ပန်းချီမူသစ်ဘမျိုးဖြစ်သော ကုဗပုံ ပန်းချီကို တီထွင်သူ ခေါင်းဆောင်တဦး ဖြစ်သည်။ ကုဗပုံပန်းချီစနစ်သည် ပတ်ဝန်းကျင် ရေမြေတောတောင်နှင့် သက်ရှိသက်မဲ့ အရာဝတ္ထုတို့ကို သုံးမြောင့်များ၊ ထုချွန်များစသည့် ဂျီသြမေတြီ ပုံသဏ္ဌာန်များဖြင့် ရေးဆွဲခြင်းဖြစ်သည်။ ယင်းသို့ ရေးဆွဲရုံသာမက ပန်းချီကားချပ်များပေါ်၌ ပကတိ ဝတ္ထု ပစ္စည်းများဖြစ်သည့် သတင်းစာဖြတ်ပိုင်းများ၊ ကြိုးစများ၊ ဂီတသင်္ကေတများ၊ အဝတ်စ၊ ဖန်ကွဲစ၊ သစ်သားစ စသည်များကို ပန်းချီအမြင်ဖြင့် ရေးကပ်ခြယ်လှယ်ခြင်းကို တီထွင်စမ်းသပ်ခဲ့သည်။

အသက် ၃၄ နှစ်ခန့်တွင် သဘာဝအရှိတရားကို ပကတိအမြင်အတိုင်း ပြန်လည်ရေးဆွဲခဲ့ပြန်ရာ ထိုကာလ ပန်းချီကားများကို ပီကာဆို၏ ဂန္ထဝင်ခေတ်ဟု သတ်မှတ်ကြသည်။ ပီကာဆိုသည် ပန်းချီဟန်သစ်မူသစ်များကို တခုပြီးတခု ဖေါ်ထုတ်ခဲ့သည်။ ၁၉၄၀ ပြည့်ကျော်နှစ်များတွင် ကမ္ဘာကျော် ပန်းချီပညာရှင်ကြီးဖြစ်လာခဲ့၍ ၁၉၇၀ ပြည့်ကျော်နှစ်များတွင် ၂၀ ရာစုနှစ်၏ ပန်းချီ အနုပညာ သမိုင်းတွင် အထူးခွန် အပြောင်မြောက်ဆုံး ပန်းချီကျော်ကြီးအဖြစ် လက်ခံထားကြသည်။

ပဲရစ်မြို့တွင် ၁၉၂၃ ခုနှစ်ခန့်က ဆူရီရယ်လစ်ဇင်း ပန်းချီစနစ်ပေါ်လာသောအခါ ထိုစနစ်မှာ သဘာဝ ယုတ္တိမတန်ပဲ ပန်းချီဆရာက စိတ်ကူးရသလို အဆန်းတကြယ် ရေးဆွဲခြင်းဖြစ်သည်ဟုဆိုကာ ပီကာဆိုသည် ပထမတွင် လက်မခံချေ။ သို့သော် နောင်အခါတွင် ပီကာဆိုသည် ဆူရီရယ်လစ်ဇင်း ပန်းချီကျော်တဦး ဖြစ်လာသည်။

ပီကာဆိုသည် စစ်ဆန့်ကျင်ရေးသမား၊ ငြိမ်းချမ်းရေးသမားဖြစ်သည့်အလျောက် စစ်၏ ရက်စက်ယုတ်မာမှု၊ ကြမ်းကြုတ်မှုတို့ကို သရုပ်ဖော်ထားသည့် "ဂွာနီကာ" ခေါ် နံရံပန်းချီကားကြီးကို စပိန်ပြည်တွင် စစ်ကာလအတွင်းက ရေးဆွဲခဲ့သည်။ ဒုတိယကမ္ဘာစစ်အတွင်းက ပီကာဆိုသည် ပဲရစ်မြို့၌ပင် နေထိုင်ခဲ့ရာ နာဇီအစိုးရက သူ့ကို မလိုလားသော်လည်း အနှောင့်အရှက် မပြုချေ။

စစ်ပြီးကာလတွင် ပီကာဆိုက မိမိသည် ကွန်မြူနစ်ဝါဒီဖြစ်ကြောင်း ကြေငြာခဲ့သည်။ ပဲရစ်မြို့ကွန်မြူနစ် ကမ္ဘာ့ငြိမ်းချမ်းရေးအဖွဲ့က ပီကာဆို ရေးဆွဲပေးသော ချိုးချပ်ကို ငြိမ်းချမ်းရေး သရုပ်ပြပုံအဖြစ် လက်ခံသုံးစွဲခဲ့သည်။

ပီကာဆိုသည် အနုပညာနှင့် စပ်လျဉ်း၍ တီထွင်မှု အမျိုးမျိုးကို တီထွင်ခဲ့သည်။ ရုရှ ဗဲလေးဇာတ်ခုံ အပြင် အဆင်များတွင်လည်း သူ၏လက်ရာများ ပါဝင်ခဲ့သည်။ ကပွလီတို့၏ ရုပ်တုပညာ၌ ထူးခြားနက်နဲမှုရှိသည်ကိုလည်း ဖော်ထုတ်ခဲ့သည်။

၁၉၇၃ ခုနှစ် အသက် ၉၂ နှစ်အရွယ် ကွယ်လွန်မည့်ည အထိ ပန်းချီကားများကို ရေးဆွဲသွားခဲ့သေးသည်။ သူကွယ် လွန်သောအခါ သူ့လက်ရာကား ပေါင်း ၁၂၀၀၀ မှ ၂၅၀၀၀ ထိ ရှိလိမ့်မည်ဟု ခန့်မှန်းကြ၍ ဒေါ်လာသန်း ၇၅၉ သန်းမျှ ကြွယ်ဝသည်ဟု ဆိုကြသည်။

ပီရွန်,ဟွန်ဒိုမင်ကို(ခရစ် ၁၈၉၅–၁၉၇၄)။ ။ဟွန်ဒိုမင်ကို ပီရွန်သည် အာဂျင်တီးနား သမ္မတ နိုင်ငံ၏ သမ္မတကြီးအ ဖြစ် ၁၉၄၆ ခုနှစ် တွင် တကြိမ်၊ ၁၉၅၁ ခုနှစ်တွင် တကြိမ် ၁၉၇၃ ခုနှစ် တွင် တကြိမ်၊ ပေါင်း သုံး ကြိမ် တိုင်တိုင် အရွေးခံ ခဲ့ရသူ ဖြစ်သည်။



အာဂျင်တီးနားနိုင်ငံသမ္မတ ပီရွန်

ပီရွန် သည် ၁၈၉၅ ခုနှစ် အောက်တိုဘာလ ၈ ရက်နေ့တွင်အာ ဂျင်တီးနား နိုင်ငံ ကို ဘူစ မြို့ တွင် တောသူငှေး လယ် သမား မိဘတို့မှ မွေးဖွားခဲ့သူ ဖြစ်သည်။

ပီရွန်သည် ငယ်စဉ်ကပင် စစ်ဖက်သို့ ဝင်ရောက်အမှုထမ်း ခဲ့ပြီးဗိုလ်မှူးကြီးအဆင့်သို့ ရောက်သောအခါ ဣတလီနိုင်ငံ ဆိုင်ရာအာဂျင်တီးနားသံရုံးတွင် စစ်သံမှူးအဖြစ်ဆောင်ရွက် ရလေသည်။ ထိုအခါမှစ၍ နိုင်ငံရေးအသိဉာဏ်များ ပွင့်လင်း လာခဲ့သည်။ ထို့နောက် ဥရောပ နိုင်ငံများသို့ စစ်ဖက်ဆိုင်ရာ အကဲခတ် ပုဂ္ဂိုလ်တဦးအဖြစ်ဖြင့် လှည့်လည်လေ့လာခွင့်ရခဲ့ သည်။ ထိုမှစ၍ ဂျာမနီ အာဏာရှင် ဟစ်တလာ၊ ဣတလီ အာဏာရှင် မူဆိုလီနီတို့ကို တွေ့ခဲ့ရပြီး အားကျစိတ် ကိန်း အောင်းလာခဲ့သည်။

ဒုတိယ ကမ္ဘာစစ်ကြီး ပြီးခါနီး ဖြစ်သော ခရစ်နှစ် ၁၉၄၄ ခုတွင် ဂျာမနီ လိုလားသူများ၏ ဆန္ဒအရ အာဂျင် တီးနားတွင် ဗိုလ်ချုပ်ကြီး ဖယ်ရယ်က အာဂျင်တီးနား နိုင်ငံ၏ သမ္မတ အဖြစ်ဖြင့် နိုင်ငံအာဏာကို သိမ်းယူလိုက် သောအခါ ဖယ်ရယ်၏ ဘက်တော်သား တဦးဖြစ်သော ပီရွန်သည် ဒုတိယ သမ္မတ ဖြစ်လာခဲ့သည်။ အာဂျင်တီး နားတွင် အင်အားအကြီးဆုံး ဖြစ်သော အလုပ်သမား အ ဖွဲ့ချုပ်ကြီး၏ အကြီးအကဲလည်း ဖြစ်လာပြီး အလုပ်သမား ရေးရာများကို ပိုင်ပိုင် နိုင်နိုင် ကိုင်တွယ်ဖြေရှင်း ခဲ့သည်။

ပီရွန်သည် ပင်ကိုယ်ကပင် ပရိသတ် ကြည်ညိုဘွယ်ရာ ရုပ်ဆင်းသဏ္ဌာန်ရှိခြင်း၊ ထက်မြက်ခြင်း၊ အဟောအပြော ကောင်းခြင်း စသော အရည်အချင်းများ ရှိသည့် အပြင် အဆိုပါ အလုပ်သမားရေးရာများ တွင် စွမ်းစွမ်းတမံ ဆောင်ရွက်ပေးနိုင်ခြင်းကြောင့် အာဂျင်တီးနား နိုင်ငံရေး ဇာတ်ခုံတွင် လူကြိုက်များသည်။ ပီရွန်၏ ဇနီးအီဗာပီရွန် ကလည်း အလုပ်သမားအရေး လက်မနှေးပဲ ဆောင်ရွက် ပေးသူ ဖြစ်သဖြင့် သြဇာအာဏာရှိသူ၊ လူချစ်လူခင် များသူ ဖြစ်သည်။

၁၉၄၆ ခု ဖေဖွဝါရီလတွင် ကျင်းပသော အာဂျင်တီး နား သမ္မတ ရွေးကောက်ပွဲတွင် ပီရွန်သည် ပါတီဒိုလာတို ရီစတာ ပါတီ၏သမ္မတ လောင်းအဖြစ်ဝင်ရောက်အရွေးခံရာ သမ္မတ အဖြစ် ရွေးချယ်ခြင်း ခံရသည်။ သမ္မတ သက်တမ်း မှာ ခြောက်နှစ်ဖြစ်ရာ ပထမသက်တမ်း ကုန်ဆုံး၍ ၁၉၅၁ ခုနှစ်တွင် ကျင်းပသော သမ္မတ ရွေးကောက်ပွဲ တွင်လည်း ပီရွန်ပင်လျှင် ဒုတိယအကြိမ် ရွေးချယ်ခြင်းခံရသည်။ ဒုတိယ အကြိမ် သမ္မတဖြစ်ပြီး၍ သုံးနှစ်အကြာ ၁၉၅၅ ခုနှစ်တွင် စစ်တပ်က အာဏာသိမ်း၍ သမ္မတ ပီရွန်သည် လက်တင်အ မေရိက နိုင်ငံများတွင် ၃ နှစ်၊ စပိန်နိုင်ငံတွင် ၁၄ နှစ် စုစု ပေါင်း နိုင်ငံခြားတွင် ၁၇ နှစ်မျှ သွားရောက် နေထိုင်ရပြီး ၁၉၇၃ ခုနှစ်တွင် အာဂျင်တီးနားနိုင်ငံသို့ ပြန်လာကာ တတိယအကြိမ် သမ္မတ အဖြစ် ရွေးကောက် တင်မြှောက် ခြင်း ခံရပြန်လေသည်။

ပီရွန်သည် တတိယအကြိမ် သမ္မတအဖြစ် ထမ်းဆောင် နေစဉ် ၁၉၇၄ ခု ဇူလိုင်လ ၁ ရက် တနင်းလာနေ့ နံနက် ၁ နာရီ ၁၅ မိနစ် အချိန်တွင် ကွယ်လွန် သွားခဲ့သည်။

သူကွယ်လွန်သောအခါ သူမကွယ်လွန်မီတရက်ကသမ္မတ ရာထူးကို လွှဲအပ်ခံရသူ သူ၏ တတိယဇနီး အစ္စဗဲပီရွန်သည် သမ္မတ ရာထူးကို ဆက်ခံသည်။ အစ္စဗဲပီရွန်သည်ကမ္ဘာပေါ် တွင် ပထမဆုံးနှင့် တဦးတည်းသော အမျိုးသမီးသမ္မတ ဖြစ် ၍ လက်တင်အမေရိက နိုင်ငံများတွင် အသက်အငယ်ဆုံး သော သမ္မတ ဖြစ်သည်။

ပဲခူးတိုင်း။ ။(ဖ–၃၆၄—ရှ။)ပဲခူးတိုင်းသည် ၁၅,၂၁၄ စတုရန်းမိုင် ကျယ်ဝန်းပြီး မြောက်ဖက်တွင်မန္တလေးတိုင်းနှင့် မကွေးတိုင်း၊. အနောက် မြောက်ဖက်တွင် ရခိုင်ပြည်နယ်၊ အနောက်ဖက်တွင် ဧရာဝတီတိုင်း၊ တောင်ဖက်တွင် ရန်ကုန်


ပဲခူးတိုင်း

တိုင်းနှင့် အရှေ့ဖက်တွင် ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့ တည်ရှိသည်။

ယင်း တိုင်းတွင် ရောဝတီ မြစ်ဝကျွန်းပေါ် အရှေ့ပိုင်းနှင့် အောက်ပိုင်း၊ စစ်တောင်းမြစ်ဝှမ်းတို့ ပါဝင်သည်။ အရှေ့ဖက်သည် စစ်တောင်းမြစ်အခြမ်း ဖြစ်၍ အနောက်ဖက်သည် ရောဝတီမြစ်အခြမ်းဖြစ်သည်။ မြေနိမ့်လွင်ပြင်ဒေသ ဖြစ်သော်လည်း ပခူးရိုးမသည် ပဲခူးတိုင်းကို တောင်နှင့် မြောက် ဖြတ်လျက် ကျောရိုးသဖွယ်ရှိနေသည်။ပဲခူးတိုင်း၏ ရာသီဥတုမှာ တောင်ဖက်ပိုင်းတွင် ပိုမိုစွတ်စိုပြီး၊ မြောက်ဖက်ပိုင်းသို့ကျလေလေမိုးရေချိန်တဖြည်းဖြည်း လျော့နည်းလာလေလေ ဖြစ်သည်။

ပဲခူးတိုင်းတွင် ပါဝင်သော မြို့နယ်များမှာ ပြည်၊ပေါက်ခေါင်း၊ ပန်းတောင်း၊ ပေါင်းတည်၊ သဲကုန်း၊ ရွှေတောင်၊ သာယာဝတီ၊ လက်ပံတန်း၊ မင်းလှ၊ အုတ်ဖို၊ ဇီးကုန်း၊ နတ်လင်း၊ မိုးညို၊ ကြို့ပင်ကောက်၊ တောင်ငူ၊ ရေတာရှည်၊ ကျောက်ကြီး၊ ဖြူး၊ အုတ်တွင်း၊ ထန်းတပင်၊ ပဲခူး၊ သနပ်ပင်၊ ကဝ၊ ဝေါ၊ ညောင်လေးပင်၊ ကျောက်တံခါး၊ ဒိုက်ဦး၊ ရွှေကျင်မြို့နယ်ဟူ၍မြို့နယ် ၂၀ ခုနှင့် ကျေးရွာ ၁,၆၂၃ ရွာတို့ ပါဝင်လေသည်။ ပဲခူးမြို့သည် တိုင်းမြို့တော် ဖြစ်သည်။ ရန်ကုန်မြို့မှ မိုင် ၅၀ ကျော်သာ ကွာဝေးသည်။

ပဲခူးတိုင်းအတွင်း လမ်းပန်းဆက်သွယ်ရေးမှာ ရထားလမ်း၊ ကားလမ်း၊ ရေလမ်း သုံးမျိုးစလုံး စုံလင်လှသည်။ ဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး အဆင် ပြေသဖြင့် အရောင်းအဝယ် စည်ကားသည်။ တိုင်း၏ အဓိက စီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေး ဖြစ်သည်။ ဆန်စပါးသည် အဓိကထွက်ကုန်ဖြစ်၍ ရောဝတီတိုင်းပြီးလျှင် ဒုတိယစပါး အထွက်ဆုံးသည် ပဲခူးတိုင်းဖြစ်သည်။ မြစ်ဝှမ်း မြေနုကျွန်းနှင့် ချောင်းကမ်းပါးများတွင် ဆန်စပါး၊ မြေပဲ၊ ပဲမျိုးစုံ၊ ဂုန်လျော်၊ ဆေးရွက်ကြီးနှင့်ကြံများ ကောင်းစွာဖြစ်ထွန်းသည်။ ပြည်မြို့အနီးရှိမြောက်နဝင်းဆည်ကြီးသည် စိုက်ပျိုးဧက ၁၈၂,၅၀၀ ကို ရေသွင်းစိုက်ပျိုးနိုင်မည်။ အခြို့ဒေသများတွင် ဆည်မြောင်း တာတမံနှင့် ရေနုတ်မြောင်းများ ဖောက်လုပ်ပေးထားလေသည်။ တိရစ္ဆာန် မွေးမြူရေးနှင့် ရေလုပ်ငန်းများကိုလည်း လုပ်ကိုင်ကြသည်။

ပဲခူးတိုင်းအတွင်း ပြည်သူပိုင်စက်ရုံ ၅၀ နီးပါးရှိသည်။ အများစုမှာ ဆန်စက်၊သစ်စက်နှင့် လျှပ်စစ်ဓာတ်အားပေးစက်များ ဖြစ်ကြသည်။ ပြည်မြို့ တဖက်ကမ်းရှိ ဆင်တဲစက်မှုလုပ်ငန်း အကြီးစားစက်ရုံမှ လယ်ထွန်စက်၊ ရေစုတ်စက် စသည်တို့ကို ထုတ်လုပ်လျက်ရှိသည်။

ပဲခူးရိုးမမှ ကျွန်း၊ အင်၊ ပျဉ်းကတိုး အင်ကြင်း စသော အဖိုးတန်သစ်များ ထွက်ရှိသော သစ်တောများသည်လည်း နိုင်ငံ၏ စီးပွားရေးကို အထောက်အကူ ပေးလျက် ရှိသည်။

ပဲခူးတိုင်း၏ ထူးခြားချက်တရပ်မှာ မြန်မာ့သမိုင်းတွင် ထင်ရှားကျော်ကြားခဲ့သော ရှေးမင်းနေ မြို့တော်ဟောင်းများ တည်ရှိခြင်းပင် ဖြစ်ပေသည်။ ပဲခူးတိုင်း၏ အရှေ့မြောက်ပိုင်းတွင် တပင်ရွှေထီးနှင့် ဘုရင့်နောင်တို့ လက်ထက်က ကေတုမတီဟူ၍ ထင်ရှားခဲ့သော တောင်ငူမြို့တည်ရှိသည်။ တိုင်း၏ အနောက်မြောက်အစွန် ပြည်မြို့အနီးတွင် ရှေးခေတ် ပျူမြို့တော်ဖြစ်ခဲ့သောသရေခေတ္တရာမြို့ဟောင်း တည်ရှိသည်။ ပဲခူးမြို့သည်လည်း ရှေးဟံသာဝတီမွန်ဘုရင်များ၏ မင်းနေပြည် ဖြစ်ခဲ့ပေသည်။

ဒုတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲအပြီးတွင် မြန်မာ နိုင်ငံအား နယ်ခွဲအင်္ဂလိပ်တို့ သိမ်းပိုက်ထားခဲ့စဉ်က ပဲခူး ဒေသအား ကိုလိုနီစနစ်ဖြင့် စတင်ဖွဲ့စည်းအုပ်ချုပ်ခဲ့သည်။ အင်္ဂလိပ်နယ်ခွဲတို့အား ကရင်၊ မွန်၊ မြန်မာ၊ ရှမ်း စသော တိုင်းရင်းသားတို့က ခုခံတွန်းလှန်ခဲ့၍ အင်္ဂလိပ်တို့ ခဲခဲယဉ်းယဉ်း သိမ်းသွင်းခဲ့ရသော ဒေသဖြစ်သည်။ ပဲခူးတိုင်း အတွင်း ပြည်မြို့အနီးတွင် ဖြစ်ပွားခဲ့သော ဝက်ထီးကန့်တိုက်ပွဲသည် မြန်မာနှင့် ရှမ်းတို့၏ စွမ်းရည်သတ္တိကိုပြခဲ့သည်။ သာယာဝတီနယ်မှ ဂဠုန်ဆရာစံ၏ တောင်သူလယ်သမား အရေးတော်ပုံကြီးကလည်း နယ်ခွဲတို့အား တွန်းလှန်ခဲ့သော အဓိကရ သမိုင်းမှတ်တိုင်ကြီးတခုဖြစ်ခဲ့သည်။ ဒုတိယကမ္ဘာစစ်အတွင်းက ရွှေတောင်တိုက်ပွဲဖြင့် အင်္ဂလိပ် နယ်ခွဲတို့အား ပဲခူးတိုင်းသားတို့က တိုက်ထုတ်ခဲ့၍အောင်ပွဲရမှတ်တမ်းတင် တိုက်ပွဲတခု ဖြစ်ခဲ့လေသည်။

ပဲခူးတိုင်း အတွင်းရှိ တန်ခိုးကြီး စေတီပုထိုးများလည်း မနည်းလှပေ။ ပဲခူးမြို့ရှိ ရွှေမော်ဓော စေတီတော်ကြီးသည် ရှေးအကျဆုံးသော စေတီတဆူဖြစ်သည်။ ပဲခူးမြို့ ရွှေသာလျောင်းဘုရားကြီးသည် ကမ္ဘာတွင် အကြီးဆုံး လျောင်းတော်မူများအနက် တဆူအပါအဝင် ဖြစ်သည်။ ရှေးတန်ခိုးကြီးစေတီတော်များ ဖြစ်ကြသော ရွှေဆံတော် စေတီနှင့် မြဟ်စောညီနောင် ဘုရားများသည် တောင်ငူမြို့တွင် တည်ရှိပေသည်။ ပြည်မြို့ရှိ ရွှေဆံတော် စေတီသည် တန်ခိုးကြီးစေတီတော်တဆူ ဖြစ်သည်။

ပဲခူးတိုင်း၏ လူဦးရေမှာ ၁၉၇၃ ခုနှစ် သန်းခေါင် စာရင်းအရ ၃,၇၀၉,၀၀၃ (သုံးသန်းကျော်)ရှိပေသည်။

ပယ်လက်စတိုင် လွတ်မြောက်ရေးအဖဲ့။ ။ပယ်လက်စတိုင်ကို ပထမ ကမ္ဘာစစ်အတွင်း ဗြိတိသျှတို့က သိမ်းပိုက်အုပ်ချုပ်ရာ နှစ်ပေါင်း ၃၀ ကြာ သြဇာခံအဖြစ် ထားရှိအုပ်ချုပ်သည်။ ယင်းသို့အုပ်ချုပ်စဉ် ယဟူဒီနိုင်ငံပြန်လည် ထူထောင်ရေးဂိုဏ်းဖြစ်သော ဇိုင်ယွန်ဂိုဏ်းဝင် ဗြိတိသျှ သိပ္ပံပညာရှင် ရှိမ်ဝေဇမန်၏ တိုက်တွန်း နှိုးဆော်မှုကြောင့် ဗြိတိသျှတို့က ယဟူဒီများ၏ ဇာတိနိုင်ငံအဖြစ် ပယ်လက်

ပြောက်ကျားတပ်ဖွဲ့များ

ပယ်လက်စတိုင် လွတ်မြောက်ရေးအဖွဲ့ကား မကွိုင်အဖွဲ့ကြီးဖြစ်၍ ယင်းတွင် အဓိက ဖေဒီယင် ပြောက်ကျားတပ်ဖွဲ့ခြောက်ဖွဲ့ပါဝင်သည်။ ယင်းအဖွဲ့ကြီး၏ နိုင်ငံရေးအဖွဲ့အစည်းမှာ ပယ်လက်စတိုင် အမျိုးသားကောင်စီ ဖြစ်သည်။

အဲလဖာတာ ပြောက်ကျား တပ်ဖွဲ့သည် ပြောက်ကျားအဖွဲ့များအနက် အင်အား အများဆုံး ဖြစ်သည်။ ခေါင်းဆောင်မှာ ယာဆာအာရဖတ် ဖြစ်ပြီး ပယ်လက်စတိုင် လွတ်မြောက်ရေးကိုသာ ဦးတည်သည်။

ဒုတိယ အင်အား အများဆုံးမှာ ပယ်လက်စတိုင် လွတ်မြောက်ရေးတပ်ဦးဖြစ်ပြီး ခေါင်းဆောင်မှာ ဂျော့ချ်ဟားမတ်ရှ်ဖြစ်သည်။ မတ် – လိနင်ဝါဒကို လက်ကိုင်ထားသည့် အဖွဲ့ ဖြစ်သည်။

တတိယအဖွဲ့မှာ ပယ်လက်စတိုင် ပြည်သူဒီမိုကရက်တစ် တပ်ဦး ဖြစ်သည်။ ယင်းကို နာရက်ဖဟာဓါတ်မယ်က ဦးဆောင်သည်။ ယင်းအဖွဲ့သည် ကျော်ဓနန်နိုင်ငံနှင့် အင်္ဂရိယ နိုင်ငံတို့က သိမ်းပိုက်ထားသော နယ်မြေအတွင်းရှိ ပယ်လက်စတိုင် လူမျိုးများအား နိုင်ငံရေးအရ စည်းရုံးလှုပ်ရှားမှုကို အဓိကထား၍ လုပ်ဆောင်သည်။

ပယ်လက်စတိုင် လွတ်မြောက်ရေး ပြည်သူတပ်ဦး (အထေ့ထေ့ကွပ်ကဲမှုအဖွဲ့)သည် စတုတ္ထ အင်အားအကြီးဆုံး အဖွဲ့ဖြစ်သည်။ ယင်းအဖွဲ့ကို အာဗမက်ဂျက်ဗရီးက ခေါင်းဆောင်ပြီး လွှတ်လပ်ရေးအတွက် ဦးတည်သည်။

ပဉ္စမအဖွဲ့မှာ ဆီးရီးယားနိုင်ငံ ဗဒ္ဓသပါတီက ဦးဆောင်ဖွဲ့စည်းသော အဲလ်ဆိုက်ကာအဖွဲ့ဖြစ်၍ ခေါင်းဆောင်မှာ ဇူဟဲမိုကင် ဖြစ်သည်။

ဆဋ္ဌမအဖွဲ့မှာ အာရပ် လွတ်မြောက်ရေးတပ်ဦး ဖြစ်၍ ယင်းကို အဲဒလကေယာလိက ခေါင်းဆောင်ပြီးအီရတ်နိုင်ငံ ဗဒ္ဓသပါတီက ထောက်ပံ့သည်။

ပြောက်ကျားတပ်ဖွဲ့ ခြောက်ဖွဲ့တွင် တပ်သား ၁၃,၇၀၀ ယောက်နှင့် အမာခံတပ်သား ၃,၆၅၀ ယောက်ခန့် ရှိသည်။ ထို့အပြင် ပယ်လက်စတိုင် လွတ်မြောက်ရေးအဖွဲ့ဝင် အချိန်ပြည့်တပ်သား ၁၇,၀၀၀ ဖြင့် ဖွဲ့စည်းထားသည့် ပယ်လက်စတိုင် လွတ်မြောက်ရေးတပ်တပ် ရှိသည်။ ပယ်လက်စတိုင် လွတ်မြောက်ရေးအဖွဲ့ကို အာရပ်အဖွဲ့ချုပ်နှင့် အာရပ်နိုင်ငံများက ငွေကြေးတစိတ်တဒေသ ထောက်ပံ့ကြသည်။

တရားဝင်ခေါင်းဆောင်

ဂျီနီဗာငြိမ်းချမ်းရေးညီလာခံနှင့် ကုလသမဂ္ဂ ညီလာခံတွင် ပယ်လက်စတိုင် ပြဿနာကို ပယ်လက်စတိုင် အမျိုးသားကိုယ်စား တရားဝင်တက်ရောက်ဆွေးနွေးတင်ပြနိုင်မည့် စတိုင်ကို ကြေငြာပေးခဲ့သည်။ (၆ – ၃၅၈ — ၎။) ထိုအချိန်ကပင် အာရပ်တို့က မကျေမနပ်ဖြစ်ကာ အာရပ်နှင့် ယဟူဒီ ပဋိပက္ခ မကြာခဏ ဖြစ်ပွားခဲ့လေသည်။

၁၉၄၇ ခုနှစ်တွင် ပယ်လက်စတိုင် ပြဿနာကို ကုလသမဂ္ဂက စုံစမ်းစစ်ဆေးပြီးနောက် ပယ်လက်စတိုင်အား ယဟူဒီ နိုင်ငံနှင့် အာရပ် နိုင်ငံဟု နှစ်ပိုင်း ခွဲခြား သတ်မှတ်လိုက်သည်။ ဇိုင်ယွန်ဝါဒီ ယဟူဒီတို့က ယင်းအစီအစဉ်ကို လက်ခံ၍ ၁၉၄၈ ခုနှစ် မေလတွင် အင်္ဂရိယယ်နိုင်ငံဟူ၍ ထူထောင်ကြသည်။ (၁၅ – ၃၃၇၊ အင်္ဂရိယယ်နိုင်ငံ — ရှု။) အာရပ်တို့ကမူ လက်မခံပဲ ယဟူဒီတို့နှင့် ဆက်လက် တိုက်ခိုက်ကြသည်။ ၁၉၄၈ ခုနှစ်တွင် ပယ်လက်စတိုင် အာရပ် ၇၅၀,၀၀၀ သည် လယ်ယာ အိုးအိမ်များ စွန့်ပစ် ထွက်ပြေး ကြရသည်။ ဤအချိန်မှစ၍ ပယ်လက်စတိုင် ဒုက္ခသည်ဟူ၍ ပေါ်ပေါက်လာသည်။

၁၉၆၇ ခုနှစ်တွင် အာရပ် – အင်္ဂရိယယ် တတိယ အကြိမ် စစ်ပွဲအပြီး ပယ်လက်စတိုင် ပြောက်ကျားလှုပ်ရှားမှုသည် အရှေ့ အလယ်ပိုင်း အရေးအခင်း၌ အင်အားစု တရပ်အဖြစ် ထင်ထင်ရှားရှား ပေါ်ထွက်လာသည်။ ပယ်လက်စတိုင် ပြောက်ကျားများသည် ၁၉၆၈ ခုနှစ်မှစ၍ အင်္ဂရိယယ်နိုင်ငံကို မဲကာ တိုက်ခိုက်ခဲ့သည်။ အင်္ဂရိယယ် လေယာဉ်များကို အနုကြမ်းစီးခြင်း၊ ဗုံးဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ အင်္ဂရိယယ်နိုင်ငံအတွင်း ဝင်ရောက်ကာ လေဆိပ်များ၊ မြို့များကို စီးနင်းတိုက်ခိုက်ခြင်း၊ မျူးနစ်အားကစားပွဲတော်၌ အင်္ဂရိယယ် အားကစားသမားများအား ဓားစာခံအဖြစ် ဖမ်းဆီးခြင်း စသည့် အကြမ်းဖက်မှုများပြုလုပ်ခဲ့ကြသည်။ ယင်း ပြောက်ကျားလှုပ်ရှားမှုတွင် အဓိကအဖွဲ့အစည်းမှာ ပယ်လက်စတိုင် လွတ်မြောက်ရေးအဖွဲ့ ဖြစ်သည်။

နိုင်ငံမဲ့ စစ်ပြေး ဒုက္ခသည်ဘဝသို့ ရောက်ခဲ့ကြသော ပယ်လက်စတိုင်သား အာရပ်များသည် ပယ်လယ်စတိုင် ဒေသ ပြန်လည်ရရှိရေးဦးတည်ချက်ဖြင့် လူငယ်လူရွယ်များကို စုစည်းကာ စစ်အင်အားများပေး၍ တော်လှန်ရေး လှုပ်ရှားမှုကို လုပ်ဆောင်ကြလေသည်။ ယင်းမျိုးချစ် လူငယ်အဖွဲ့အစည်းကို ဖေဒါယင်ဟု ခေါ်သည်။

၁၉၆၉ ခုနှစ်တွင် ပယ်လက်စတိုင် အမျိုးသားရေးဝါဒီတဦးဖြစ်သော အာမက်ရှူကိုင်ရီ ဦးဆောင်၍ ပယ်လက်စတိုင် လွတ်မြောက်ရေးအဖွဲ့ကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။ အာမက်ရှူကိုင်ရီသည် ကုလသမဂ္ဂ၌ ဆအူးဒီအာရေဗျနိုင်ငံတော်၏ ကိုယ်စားလှယ်အဖြစ် ခေတ္တ အမှုထမ်းဘူးသည်။ ပယ်လက်စတိုင် လွတ်မြောက်ရေး အဖွဲ့ကို အင်္ဂလိပ်ဘာသာဖြင့် အတိုကောက် ပီ - အယ် - အို ဟုခေါ်သည်။ ယင်းအဖွဲ့သည် ပြောက်ကျားအဖွဲ့များ၏ လှုပ်ရှားမှုနှင့် မူဝါဒများကို လမ်းညွှန်ပေးသည်။

ကိုယ်စားလှယ်အဖြစ် ယာဆာအာရဖတ် ဦးဆောင်သော ပယ်လက်စတိုင် လွှတ်မြောက်ရေး အဖွဲ့အား ၁၉၇၄ ခုနှစ် အောက်တိုဘာလတွင် ကျင်းပသော ရာဗတ်အာရပ် ထိပ်သီး ညီလာခံမှ တည်အညွှတ်တည်း ရွေးချယ်ပေးခဲ့သည်။ ထို့ပြင် အဇရီယယ်လက်အောက်မှ လွှတ်မြောက် လာမည့် ပယ်လက်စတိုင် နယ်မြေတွင် ပယ်လက်စတိုင် လွှတ်မြောက်ရေးအဖွဲ့မှ ဦးဆောင်၍ ပယ်လက်စတိုင် အမျိုးသားများ၏ လွှတ်လပ်သောအစိုးရအဖွဲ့ကို ဖွဲ့စည်းရမည်ဟု ကြေငြာခဲ့သည်။

အာရဖတ်သည် အဲလဖာတာ ပြောက်ကျားတပ်ဖွဲ့များ၏ ခေါင်းဆောင်အဖြစ် ဂျော်ဒန်နိုင်ငံ အာမန်မြို့တော်တွင် ပြောက်ကျားဌာနချုပ် ဖွင့်လှစ်ကာ အမြဲ လှုပ်ရှားလျက်ရှိသည်။ အာရဖတ်၏ လျှို့ဝှက်အမည်မှာ အဘူအာမန် ဖြစ်သည်။ (အာရဖတ်,ယာဆာ — ရှု။)

ကုလသမဂ္ဂနှင့် ပယ်လက်စတိုင်

၂၉ ကြိမ်မြောက် ကုလသမဂ္ဂ ညီလာခံတွင် ပယ်လက်စတိုင် ပြဿနာကို အစီအစဉ်တရပ်အဖြစ် ပါဝင်ရေးနှင့် ပတ်သက်၍ ညီလာခံကိုယ်စားလှယ်အချို အပြေအလည် ဆွေးနွေးကြပြီး ပယ်လက်စတိုင် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ရေးအဆိုကို မဲခွဲဆုံးဖြတ်ရာ ထောက်ခံမဲ ၁၀၅ မဲ၊ ကန့်ကွက်မဲ ၄ မဲ၊ ကြားနေမဲ ၂၀ နှင့် အတည်ပြုခဲ့သည်။

ထို့ကြောင့် ပယ်လက်စတိုင် ပြဿနာကို စစ်ပြေး ဒုက္ခသည်များ ပြဿနာအဖြစ် သတ်မှတ်ထားခြင်းမှ ပယ်ဖျက်ပြီး နိုင်ငံရေးပြဿနာတရပ်အဖြစ် လက်ခံခဲ့သည်။

ညီလာခံ ဆုံးဖြတ်ချက်အရ ပယ်လက်စတိုင်အမျိုးသားများ၏ ကိုယ်စား ယာဆာအာရဖတ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ညီလာခံသို့ တက်ရောက်၍ ပယ်လယ်စတိုင် ပြဿနာကို ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် ပယ်လက်စတိုင် လွှတ်မြောက်ရေးအဖွဲ့အား ကုလသမဂ္ဂအထွေထွေညီလာခံနှင့် အခြားကုလသမဂ္ဂညီလာခံများတွင် လေ့လာသူအဖြစ် တက်ရောက်ခွင့် အဆိုမူကြမ်းကို မဲခွဲဆုံးဖြတ်ရာတွင် ထောက်ခံမဲ ၉၅ မဲ၊ ကန့်ကွက်မဲ ၁၇ မဲ၊ ကြားနေမဲ ၁၉ မဲဖြင့် အတည်ပြုခဲ့သည်။

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ကုဗားလဟိုင်းက အရှေ့အလယ်ပိုင်းပြဿနာနှင့် စပ်လျဉ်း၍ မည်သည့် ဖြေရှင်းမှုမျိုးတွင်မဆို ပယ်လက်စတိုင် လွှတ်မြောက်ရေး အဖွဲ့သည် ပယ်လက်စတိုင် အမျိုးသားများကိုယ်စား တက်ရောက်ပါဝင်သင့်ကြောင်း ပြောကြားသည်။

ပေါ်လီဗိုင်နယ်ကလိုရိုက်။ ။ပေါ်လီဗိုင်နယ် ကလိုရိုက်သည် ပလပ်စဟစ် ပေါ်လီမာတမျိုးဖြစ်သည်။ ရုပ်ပိုင်းနှင့် လျပ်စစ်ဆိုင်ရာ ဂုဏ်သတ္တိတို့ဖြင့် ပြည့်စုံပြီး တောင့်တင်းခိုင်မာသော အပူခံ ပလပ်စတစ်မျိုး ဖြစ်သည်။ အဆက်တီလင်းနှင့် ဟိုက်ဒရိုကလောရစ် အက်ဆစ်တို့ကို ပေါင်းစပ်ခြင်းအားဖြင့် ပေါ်လီဗိုင်နယ်ကလိုရိုက်ကိုရရှိသည်။ ရုန်းကန်သတ္တိကောင်းခြင်းကြောင့် ယင်းတို့ကို ပိုက်လုံး၊ သီချင်းဓာတ်ပြား၊ မိုးကာ၊ ကြမ်းခင်း၊ ရေဇလုံ၊ ပုလင်းဖုံး၊ ထုပ်ပိုးစနှင့် ကစားစရာအရုပ်များ ထုတ်လုပ်ရာ၌ သုံးလေ့ရှိသည်။ လျှပ်စစ်နှင့် ဓာတုခုခံအားကောင်းသော ပစ္စည်းများအဖြစ်လည်း အသုံးချသည်။ (ပေါ်လီမာ—ရှု။)

ပေါ်လီမာ။ ။ပေါ်လီမာ ဆိုသည်မှာ ကြီးမားသော မော်လီကျူး အလေးဆရှိသည့် ဓာတုပစ္စည်းများဖြစ်သည်။ ပလပ်စတစ်၊ ဓာတ်ချက် ကော်ဖတ်၊ နိုင်လွန် အစရှိသည့် ဓာတု ဒြဗ်ပေါင်းတို့သည် ပေါ်လီမာများ ဖြစ်ကြသည်။ ပေါ်လီမာများသည် ဓာတု ဒြဗ်ပေါင်း ပစ္စည်းများ ဖြစ်ကြသော်လည်း သဘာဝအလျောက်လည်း တည်ရှိနိုင်သည်။ ဥပမာ အပင်များမှ ရရှိသော ဆဲလျူလို့သည် သဘာဝအလျောက်ရှိနေသောပေါ်လီမာပင်ဖြစ်သည်။ သိပ္ပံပညာရှင်များသည် ဓာတုဒြဗ်ပေါင်းတခုတည်း၏ ရိုးရိုးမော်လီကျူး ကလေးများကိုဖြစ်စေ၊ တခြားသော ဓာတု ဒြဗ်ပေါင်းတို့၏ မော်လီကျူးများကိုဖြစ်စေ တခုနှင့် တခု ပေါင်းစပ်စေခြင်းအားဖြင့်ပေါ်လီမာခေါ် အလွန်ကြီးမားသော မော်လီကျူးများကို ဖန်တီး ယူကြသည်။ အဓိကအားဖြင့် ပေါ်လီမာများကိုကျောက်မီးသွေး၊ရေနံနှင့် ဓာတ်ငွေ့တို့မှ ထုတ်ယူလေ့ရှိသည်။

ပိုလာရှိုက်လန်း ကင်မရာ။ ။ကင်မရာများကို ပုံစံအမျိုးမျိုး၊ အရွယ်အမျိုးမျိုးတိုးတက်ပြုပြင် ထုတ်လုပ်ခဲ့ရာ၌ ၁၉၄၇ ခုနှစ်တွင် အမေရိကန်လူမျိုး ဒေါက်တာအက်ဒွင် အိပ်ချလန်း တီထွင်လိုက်သောပိုလာရှိုက်ခေါ် ကင်မရာသည် တမူထူးခြားသည်။

ပိုလာရှိုက်လန်း ကင်မရာ၏ ထူးခြားချက်မှာ ဓာတ်ပုံရိုက်ပြီး တမိနစ်အတွင်း ပုံချောကူးပြီးသား ရရှိခြင်းပင်ဖြစ်သည်။ ဤသို့အားဖြင့် ဓာတ်ပုံရိုက်ပြီးနောက် နက်ဂတစ်ဖလင်ကို ချုပ်ဆေးဖြင့် ကူးရခြင်း၊ ပုံဖော်ဆေးများဖြင့် ပုံကူးစက္ကူတွင် ပုံကူးရခြင်းစသည့် အမှောင်ခန်းအတွင်း ပြုလုပ်ရသည့် လုပ်ငန်းများမလိုတော့ပေ။ ဓာတ်ပုံရိုက်ပြီး ပုံချောကူးနိုင်ရန်အတွက် ပိုလာရှိုက်ကင်မရာ၏ နောက်ကြောတွင် နက်ဂတစ်စက္ကူထည့်ထားသည်။ တဖန် ယင်း နက်ဂတစ် စက္ကူနောက်တွင်ပုံချောကူးရန် ပေါ့ဆစ်တစ်စက္ကူနှင့် ကူးဆေးကိုပါ ထပ်ထည့်ထားပြန်သည်။ ပိုလာရှိုက်လန်း ကင်မရာဖြင့် ရောင်စုံဓာတ်ပုံများကိုပင် ရိုက်ကူးနိုင်ပြီ ဖြစ်သည်။

ပတ်ချုန်ဟီး (ခရစ် ၁၉၁၇ ဖွား) ။ ။တောင်ကိုရီးယားဟု ခေါ်သော ကိုရီးယား သမ္မတနိုင်ငံ၏ သမ္မတကြီး ပတ် ချုန် ဟီး ကို ၁၉၁၇ ခုနှစ် စက်တင်ဘာလ ၃ ရက်နေ့တွင် မြောက်ပိုင်း ကျုံဆန်းနယ် ဆွန်းဆန်းရှိ မို့ရွာ၌ ဖွားမြင်သည်။ သူ၏အမည်ကိုပက်ချန် ဟ်ီး ဟု လည်း ရေးကြသည်။ သူသည် လယ်သမားတဦး၏ ရင်သွေးခုနစ်ယောက် အနက်အငယ်ဆုံးဖြစ်သည်။ ၁၉၃၇ ခုနှစ်တွင် တေဂူးနော်မန်ကျောင်းမှ ဘွဲ့ရပြီးနောက် ကျောင်းဆရာအဖြစ် သုံးနှစ်ဝင်လုပ်ကာ ထိုစဉ်က မန်ချူးကိုးဟု တွင်သော မန်ချူးရိုးယားနိုင်ငံသို့သွား၍ မန်ချူးကိုး စစ်အကယ်ဒမီကျောင်းတက်သည်။ ဤတွင် ဂျပန်တို့က ၎င်းတို့၏ စစ်ကျောင်းဌာန စာရင်းသွင်းလိုက်၍ ဒုတိယ ကမ္ဘာစစ်အပြီး ၁၉၄၅ ခုနှစ် ဂျပန် လက်နက်ချခါနီး၌ ပတ် သည် မန်ချူးရိုးယား အခြေစိုက် ဂျပန် ကွမ်တုံတပ်မတော်တွင် ဗိုလ်တဦး ဖြစ်လာသည်။



တောင်ကိုရီးယားနိုင်ငံ သမ္မတ ပတ်ချုန်ဟီး

ထိုနောက်တွင် ပတ် သည် တောင်ကိုရီးယားသို့ ပြန်လာပြီးကိုရီးယားစစ်အကယ်ဒမီ တက်ရာ ၁၉၄၆ ခုနှစ် ဒီဇင်ဘာလ၌ သင်တန်းပြီးသည်။ထိုမှ ၁၉၅၀ ပြည့်နှစ် စက်တင်ဘာလတွင်မူ ဒုတိယ ဗိုလ်မှူးကြီးအဆင့်သို့ ရောက်၍ ၁၉၅၃ ခုနှစ်တွင်လည်း ကိုရီးယားစစ်ပွဲ (၁၉၅၀–၅၃)၌ ပါဝင်ခဲ့သူအဖြစ်ဖြင့် ဗိုလ်မှူးချုပ်ရာထူးကို ရရှိသည်။ သူသည် ကိုရီးယား စစ်အတွင်း ထောက်လှမ်းရေးနှင့် စစ်ထောက်ပို့တပ်တွင် ဝင်ရောက်အမှုထမ်းခဲ့ရသည်။

၁၉၅၃ခုနှစ်၌ စစ်ပြေငြိမ်းသောအခါ ပတ်သည် အမေရိကန် ပြည်ထောင်စုရှိ အမြောက်လက်နက်သင်တန်းကျောင်းတွင် ခြောက်လခန့် တက်ရောက် သင်ယူသည်။ ပတ်ချုန်ဟီးသည် ၁၉၅၆ ခုနှစ်တွင် အမြောက်တပ်၏ တပ်မတခု၌ တပ်မှူး ဖြစ်လာသည်။ ထိုမှတဖန် တပ်မတော် အမှတ် ၂ တွင် ဒုတိယ တပ်မှူး ဖြစ်ပြန်ကာ ၁၉၆၁ ခုနှစ် မေလ ၁၆ ရက်နေ့တွင် ဝန်ကြီးချုပ် ချန်မျုံ (ဂျန်အပ်ချန်း)၏ လက်မှ အစိုးရ အာဏာကို သိမ်းယူသည်။ ၁၉၆၃ ခုနှစ်တွင် တပ်မတော် ဗိုလ်ချုပ်ကြီးအဖြစ်မှ နုတ်ထွက်၍ သမ္မတရွေးပွဲကို ဝင်သည်။ ယင်းသို့ ရွေးကောက်ပွဲ ဝင်ရာ၌ တူတော်သူ ကင်ချန်ပီလနှင့် တွဲ၍ ဒီမိုကရက်တစ် လစ်ဗရယ် ပါတီကို ထောင်ကာ ယှဉ်ပြိုင်ခြင်းဖြစ်ရာ သမ္မတ အရွေးခံရသည်။ ၁၉၆၇ ခုနှစ်တွင် ဒုတိယအကြိမ် သမ္မတအဖြစ် အရွေးခံရပြန်သည်။

၁၉၇၂ ခုနှစ် ပြည်သူ့ မဲဆန္ဒခံယူပွဲတွင် ပတ်သည် သမ္မတ အာဏာများ တိုးတက်ရရှိလာသည့်အပြင် သမ္မတသက်တမ်း ခြောက်နှစ် သတ်မှတ်၍ ပြန်လည် အရွေးခံရပြန်သည်။

ပတ်ချုန်ဟီးနှင့် သူ၏ အစိုးရအဖို့ နိုင်ငံကို အဖက်ဖက်မှ တိုးတက်အောင် ကြိုးပမ်းထူထောင် နေစဉ်တွင် တောင်မြောက်ကိုရိုးယား ငြိမ်းချမ်းစွာ ပူးပေါင်းရေးကိစ္စ၊တောင်ကိုရိုးယားမှ အမေရိကန် တပ်များ ရုပ်သိမ်းမည့်ကိစ္စ၊ ယင်းသို့ ရုပ်သိမ်းချိန်၌လည်း စစ်ပစ္စည်း အထောက်အပံ့စသည် ဆက်လက်ရရှိရေး ကိစ္စနှင့် ကိုရိုးယား ဂိတ်ဟုအမည်တွင် လာသော အမေရိကန်အမတ်များအား တောင်ကိုရိုးယားကို ပင်း၍ စစ်အထောက်အပံ့တိုးပေးရေးကို ဆောင်ရွက်စေရန် လာဘ်ထိုးသည် ဆိုသည့် အရေးကိစ္စစသည်များနှင့် ရင်ဆိုင်နေရသည်။

ပြဒါးလင်းဂူ။ ။ပြဒါးလင်းဂူ ဆိုသည် ထက် "ပြဒါးလင်းဂူစု"ဟု အမည် ပေးရလျှင် ပိုမိုသင့်လျော်ပေမည်။ အကြောင်းမူကား ပြဒါးလင်းဂူသည် တခုထဲ မဟုတ်ချေ။ ဂူအမှတ် ၁ နှင့် ၂ ဟူ၍ ရှိနေသောကြောင့် ဖြစ်၏။ ဤဂူစုသည်ရှမ်းပြည်နယ်တောင်ပိုင်း ရွာငံမြို့နယ်အတွင်း ညောင်ကြတ်ကျေးရွာ၏ အရှေ့မြောက်ဖက် လေးမိုင်ခန့် အကွာ ရေပုပ်ရွာဟောင်း၏ အနောက်ဖက် တမိုင်ခန့်အကွာတွင် တည်ရှိ၏။ ပေတထောင်ကျော် မြင့်သော ကုန်းမြေပေါ်တွင် တည်ရှိသည့် ဤဂူများ၏ ဂူပေါက်အနေအထားသည် တောင်ကမ်းပါးယံ အမြင့်ပေ ၇၀ ကျော်ခန့်တွင်ရှိနေပြီး တောင်ဖက်သို့ မျက်နှာမူနေကြ၏။ ဘူမိသဘာဝဘားဖြင့် ထုံးကျောက်ဂူများ ဖြစ်ကြသည်။

ဘူမိဗေဒပညာရှင်တဦး ဖြစ်သူ ဦးခင်မောင်ကျော်သည် ဤဂူများအတွင်းရှိ ရှေးဟောင်းနံရံ ပန်းချီလက်ရာ အချို့ကို စတင်တွေ့ရှိခဲ့ရာမှ သက်ဆိုင်ရာသို့ သတင်းပေးပို့ခဲ့သည်။ သို့နှင့် ၁၉၆၉ ခု ဇန်နဝါရီလတွင် ရှေးဟောင်းသုတေသနပညာရှင်၊ သမိုင်းပညာရှင်၊ ဘူမိဗေဒပညာရှင်၊ မနုဿဗေဒပညာရှင်၊ သတ္တဗေဒပညာရှင်နှင့် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီဌာနချုပ်မှ ပုဂ္ဂိုလ်များ ပါဝင်သော အဖွဲ့သည် ပြဒါးလင်းဂူစုရှိရာသို့ ကွင်းဆင်းသုတေသန ပြုခဲ့ကြ၏။

ပြဒါးလင်းဂူစုများအနက် ဂူအမှတ် ၂ သည် ဂူအမှတ် ၁ ထက် ပိုမို ကြီးမားကျယ်ဝန်း၏။ သို့ရာတွင် အလွန်



ပြဒါးလင်းဂူစုတွင် တွေ့ရသော ဂူအမှတ်(၂)မှ သဘာဝအလျောက် ဖြစ်ပေါ်နေသောကျောက် စက်မိုးမျှော်များကို တွေ့ရပုံ

စိုထိုင်းသောကြောင့် ဂူအမှတ် ၂ တွင် ရှေးခေတ်လူသားတို့ နေထိုင်ခဲ့ကြဟန်မတူချေ။ ဂူအမှတ် ၁ တွင်သာ နေထိုင်ခဲ့ကြလိမ့်မည်ဟု သုတေသီတို့က ကောက်ချက်ချခဲ့ကြ၏။ ပြဒါးလင်းဂူစုမှရှေးဟောင်း ကျောက်လက်နက်ပေါင်း ၁၅၀၀ ကျော် တူးဖော်တွေ့ရှိခဲ့ကြသည်။ ယင်းတို့အနက် ၅၀၀ ခန့် ကိုရှေးဟောင်းသုတေသန ဌာနရုံးသို့ သိမ်းဆည်းယူဆောင်လာခဲ့ကြ၏။

ပြဒါးလင်းဂူစုတွင် တွေ့ရှိရသမျှ ကျောက်လက်နက်တို့သည် ကျောက်ကြမ်း လက်နက်ရော၊ ကျောက်ချောလက်နက်တို့ပါ ဖြစ်ကြ၏။ အမျိုးအစားအားဖြင့် လုပ်လက်စ ကျောက်လက်နက်များ၊ ကျောက်တူများ၊ ခုတ်စဉ်းကရိယာများ၊ လက်ကိုင်မဲ့ပဲခွပ်များ စသည်တို့ ပါဝင်ကြ၏။ ယင်း ကျောက်လက်နက်များကို ပြုလုပ်ရန်အတွက် ထိုခေတ် လူ သား တို့ သည် ပြဒါးလင်းဂူ ပတ်ဝန်းကျင်ရှိ ထုံးကျောက်၊ သလင်းကျောက်၊ နှမ်းဖတ်ကျောက်၊ သဲကျောက်နှင့် မီးသင့်ကျောက်များကို ကုန်ကြမ်း ပစ္စည်းအဖြစ် အသုံးပြုခဲ့ကြ၏။ ထို့ပြင် ကျောက်စရစ်ခဲဖြင့်လည်း ကျောက်လက်နက်အချို့ကိုပြုလုပ်ခဲ့ကြသည်။ တွေ့ရှိရသောကျောက်လက်နက်များ၊ လုပ်လက်စ ကျောက်လက်နက်များကို ထောက်ရှုခြင်းဖြင့် ဂူအမှတ် ၁ သည် ထိုခေတ်လူသားတို့၏ ခို အောင်းနေထိုင်ရာ အိုးအိမ်ဖြစ်ခဲ့ရုံသာမက ကျောက်လက်နက်များ ထုတ်လုပ်ရာ နေရာဌာနလည်း ဖြစ်ခဲ့ပေသည်။ ကျောက်ကြမ်းခေတ်ရော၊ ကျောက်ချော လက်နက်တို့ကိုပါ တွေ့ရှိရသဖြင့် ဤဂူတွင် နေထိုင်ခဲ့သူတို့၏ ယဉ်ကျေးမှုအဆင့်အတန်းသည် ကျောက်ချောခေတ်သို့ရောက်ရှိနေပြီဟု သုတေသီတို့က မှတ်ချက် ချကြကုန်၏။ သို့ရာတွင် ထူးခြားချက်သည်ကား ကျောက်ချောခေတ် လက်နက်နည်းနည်းသာ တွေ့ရခြင်း ဖြစ်သည်။ သဘာဝအားဖြင့် ကျောက်ချော လက်နက်တို့သည် မြေသားထုပေါ် တွင်သာ ကျန်ရစ်တတ်ပေရာ နှောင်းခေတ် လူသားတို့တွေ့ရှိသဖြင့် ကောက်ယူသွားခဲ့ကြလေသလောဟူ၍စဉ်းစားဘွယ်ရာ ဖြစ်သည်။

ကျောက်လက်နက်တို့ အပြင် စားကြွင်း စားကျန်အရိုးများ၊ လူအရိုးဟုယူဆရသော အရိုးများ၊ အိုးခြမ်းပဲ့များ၊ မီးသွေးစများ၊ ပန်းချီ ရေးဆွဲရာတွင် သုံးသည့် ဆေးနီကျောက်ခဲများနှင့် ကျောက်လက်နက်ကို အချောကိုင်ရန် သွေးသည့် ကျောက်ပျဉ်များကိုပါ တွေ့ရှိရသည်။

ဤ ဂူအမှတ် ၁ တွင် အထူးခြားဆုံး တွေ့ရှိရချက်သည်ကား ဂူနံရံပန်းချီများ ဖြစ်ပါသည်။ ပန်းချီ ရုပ်ပုံပေါင်း ၁၂ ပုံ ရှိသည့်အနက် ကိုးပုံကိုသာလျှင် အမျိုးအမည် ခန့်မှန်းနိုင်၏။ အဆိုပါ ပုံတို့မှာ ငါးပုံ၊ နွားရိုင်းသားအမိပုံ၊ နွားရိုင်းဝွေနေပုံ၊လက်ဝါးပုံနှင့် နေပုံတို့ဖြစ်ကြသည်။ ပန်းချီဆေးအဖြစ် မြေနီခေါ် သံဓာတ် ပါသော ကျောက်နု အခဲများကို အသုံးပြုခဲ့ကြ၏။ ယင်းတို့ကို ကျောက်လက်နက် သွေးသည့် ကျောက်ပျဉ်ပေါ် တွင် သွေးပြီး အရည်ဖျော်ကာ ဝက်မွှေးစုတ်ဖြင့် ရေးဆွဲခဲ့ခြင်း ဖြစ်မည်ဟု ယူဆရ၏။ ပန်းချီရုပ်ပုံအချို့သည် အသက်ဝင်လှုပ်ရှားသောမက ပြင်သစ်နှင့်

စပိန်ပြည်ရှိ ရှေးဟောင်း ကျောက်ဂူ အချို့ရှိ နံရံပန်းချီတို့ အောက် အဆင့်အတန်းမနိမ့်ကျဟု သုတေသီတို့က အကဲဖြတ်ခဲ့ကြပါသည်။

လောလောဆယ် တူးဖော်တွေ့ရှိခဲ့ရသမျှ ရှေးဟောင်း ပစ္စည်းများအရ ပြဒါးလင်းဂူတွင် နေထိုင်သွားခဲ့သူတို့သည် အစာရှာဖွေစုဆောင်းသော အဆင့်မှ အစာထုတ်လုပ်သည့် အဆင့်သို့ ကူးပြောင်းနေပြီဟု ကောက်ချက်ချနိုင်သည်။ အိုးခြမ်းပဲ့များ၊ မီးသွေးအစအနများကို ထောက်ရှုခြင်းဖြင့် ထိုခေတ် လူသားတို့သည် မီးကို အသုံးပြုပြီး အစာအစာများကို ချက်ပြုတ်စားသောက်နိုင်သော အဆင့်သို့ရောက်ရှိနေပြီဖြစ်ကြောင်း ထင်ရှားသည်။ ထို့ပြင် မိမိတို့၏ခံစားရချက်များကို ပန်းချီအနုပညာအဖြစ် ဖန်တီးရေးဆွဲနိုင်သော အနုပညာရှင်များလည်း ဖြစ်ကြောင်း၊ ဂူနံရံ ပန်းချီတို့က သက်သေခံနေပေသည်။ နေပုံကို ရေးဆွဲရာ၌ ရောင်ခြည်တန်းများ ပါဝင်ပြီး၊ ဂူအတွင်းနံရံနှစ်ခု သို့မဟုတ် တောင်နှစ်လုံး၏ အကြားဟု ထင်ရသော ကောက်ကြောင်း နှစ်ခုကြားမှ ထွက်ပြူနေပုံကိုသဘာဝကျကျရေးခြယ်ထားသည်။ လက်ဝါးပုံကို ရေးဆွဲရာ၌လည်း လက္ခဏာအရေးအကြောင်းများ ဗေဒမျှားကိုပါ ထည့်သွင်းရေးခြယ်ထားသည်။



ပြဒါးလင်းဂူအမှတ် ၁ နံရံများပေါ်မှတွေ့ရသော နွားသားအမိဆွေးရေးပန်းချီများ



ကျောက်လက်နက်မူရင်းများ

ပြဒါးလင်းဂူ၌ ရှေးဟောင်းသုတေသန ဆိုင်ရာ တူးဖော်တွေ့ရှိရမှုတို့သည် မြန်မာ့ကျောက်ခေတ်ယဉ်ကျေးမှုလေ့လာဖော်ထုတ်ရေး အတွက်သာမက အရှေ့တောင် အာရှနှင့် ကမ္ဘာ့ကျောက်ခေတ်ယဉ်ကျေးမှု လေ့လာဖော်ထုတ်ရေးတို့အတွက်ပါ အကျိုးသက်ရောက်မှု ရှိစေပေသည်။ မြောက်ဗီယက်နမ် ဘက်ဆိုနီယန် ကျောက်ချောခေတ်ယဉ်ကျေးမှုနှင့် ခေတ်ပြိုင် ဖြစ်မည်ဟု ပညာရှင်တို့က ခန့်မှန်းကြသည်။

ပြဒါးလင်းဂူစုမှ တူးဖော် တွေ့ရှိခဲ့ရသော ကျောက်လက်နက်အချို့၊ ဂူပုံစံငယ်၊ မိတ္တူကူးဆွဲထားသည့် ပန်းချီရုပ်ပုံများကို ယခုအခါ ရန်ကုန်မြို့ ပန်းဆိုးတန်း အမျိုးသား ပြတိုက်ကြီး၏ ပထမထပ်တွင်ရှိသော ကျောက်ခေတ် ပြခန်းထဲ၌ ပြသထားလေသည်။

ပြင်သစ်နိုင်ငံ။ ။(၇–၁၂၁—ရှ။) ပြင်သစ်နိုင်ငံသည် ပီးရနီးတောင်တန်းနှင့်မြေထဲပင်လယ်တို့ကို အခြေပြုထားပြီး



ဥရောပ အနောက်ပိုင်း၏အချက်အချာ နေရာတွင် တည်ရှိသည်။ အနောက်ဥရောပ၏အရေးပါသော နိုင်ငံတခုလည်း ဖြစ်သည်။ ၁၉၇၆ခုနှစ် သန်းခေါင် စာရင်းအရ လူဦးရေ ၅၃,၂၅၀,၀၀၀ ရှိသည်။ ပြင်သစ် နိုင်ငံသည် ပါတီစုံစနစ်ကို ကျင့်သုံးသော နိုင်ငံဖြစ်သည်။ နိုင်ငံရေး တည်ငြိမ်မှုမရှိခဲ့သဖြင့် ၁၉၄၄ ခုနှစ်မှ စတုတ္ထ သမ္မတ နိုင်ငံ ခေတ်ကုန်ဆုံးသော ၁၉၅၈ ခုနှစ်အတွင်း အစိုးရအဖွဲ့ ၂၆ ကြိမ် ပြောင်းလဲခဲ့သည်။ ၁၉၅၈ ခုနှစ်တွင်ပြင်သစ် လက်အောက်ခံအယ်လဂျီးရီးယား၌ ပြင်သစ် စစ်တပ် ပုန်ကန်မှု ဖြစ်ပွားပြီး အစိုးရအဖွဲ့ပြုတ်ကျသွားခဲ့သည်။ အယ်လဂျီးရီးယား အရေးအခင်းတွင် ပါလီမန်နှင့် စစ်တပ်ခေါင်းဆောင်ပိုင်း ပဋိပက္ခများ သဘောကွဲလွဲမှုများ ရှိလာသဖြင့် ဂျင်နရယ်ချားဒဂိုးအား အာဏာအပ်နှင်းပြီး ဖွဲ့စည်းပုံအခြေခံ ဥပဒေ ရေးဆွဲရန် တာဝန်ပေးခဲ့သည်။

ဂျင်နရယ်ချားဒဂိုးသည် ၁၈၅၈ ခုနှစ် ဇွန်လ ၂ ရက်နေ့တွင် ကွန်မြူနစ်ပါတီမှအပ အခြားနိုင်ငံရေး ပါတီစုံပါဝင်သည့် ပြင်သစ် အမျိုးသား ညွှန်ပေါင်း အစိုးရကို ဖွဲ့စည်းခဲ့သည်။ ထိုနောက် လူထုဆန္ဒခံယူပွဲ ကျင်းပပြီး ထိုနှစ် အောက်တိုဘာလ ၅ ရက်နေ့တွင် ပဉ္စမ သမ္မတ နိုင်ငံကို ဖွဲ့စည်းထူထောင်ခဲ့သည်။ ဒီဇင်ဘာလတွင် ကျင်းပသော သမ္မတ ရွေးကောက်ပွဲ၌ ဂျင်နရယ် ချားဒဂိုးအနိုင်ရရှိသဖြင့် ပဉ္စမ သမ္မတ နိုင်ငံ၏ ပထမဆုံး သမ္မတ ဖြစ်လာသည်။

သမ္မတ ဒဂိုးသည် ပြင်သစ်နိုင်ငံကို အနုမြူလက်နက်ပိုင် ဆိုင်သော အင်အားကြီး နိုင်ငံဖြစ်လာရေးအတွက်ဦးဆောင် အမြောက်အမြား သုံးစွဲပြီးကြိုးပမ်းခဲ့သည်။ ၁၉၆၀ ပြည့်နှစ် ဖေဖွာရီလ ၁၃ ရက်နေ့တွင် ပြင်သစ်နိုင်ငံ၏ ပထမဆုံး အနုမြူဗုံးကို ဆဟာရသဲကန္တာရထဲတွင် စမ်းသပ်ဖောက်ခဲ့ နိုင်ခဲ့သည်။

၁၉၆၂ ခုနှစ်မှစ၍ သမ္မတကို ပြည်သူလူထုက တိုက်ရိုက် ရွေးချယ်ရပြီး သမ္မတ သက်တမ်းကို ခုနစ်နှစ် သတ်မှတ် သည်။ ဝန်ကြီးချုပ်နှင့် အစိုးရ အဖွဲဝင် ဝန်ကြီးများကို သမ္မတက ခန့်ထားသည်။ ၁၉၆၂ ခုနှစ်တွင် ပြည်သူလူထု၏ ဆန္ဒမဲအများဆုံးဖြင့် ဒဂိုးသည် သမ္မတ ဖြစ်လာသည်။ ဂျော့ပွန်ပီဒိုးကို ဝန်ကြီးချုပ်အဖြစ်ခန့်ထားသည်။ ဒဂိုးသည် နိုင်ငံတကာအရေးအခင်းများတွင် အနောက်မဟာမိတ်နိုင်ငံ များနှင့်မတူသောလွတ်လပ်သည့် ဝါဒသဘောထားကိုချမှတ် ခဲ့သည်။ ဥရောပဘုံစျေးသို့ ဗြိတိန်နိုင်ငံ ဝင်ရောက်ခွင့်ရရေး ကိုလည်း ပြင်သစ်နိုင်ငံက အမြဲတမ်း အတားအဆီးပြုခဲ့ သည်။ ၁၉၆၃ ခုနှစ်တွင် အနောက်ဂျာမနီ နိုင်ငံနှင့် ချစ် ကြည်ရင်းနှီးမှုရရန် ဆွေးနွေးသည်။ ၁၉၆၄ ခုနှစ် ဇွန်လ ၂၇ ရက်နေ့တွင် တရုတ်ပြည်သူ သမ္မတ နိုင်ငံကို အသိအ မှတ်ပြုပြီး နှစ်နိုင်ငံ သံတမန် အလဲအလှယ်ပြုလုပ်ခဲ့သည်။ တချိန်တည်းမှာပင် ရုရှနှင့် ပြေလည်အောင် ဆက်ဆံရင်း အမေရိကန် ပြည်ထောင်စုနှင့်လည်း ချစ်ကြည် ရင်းနှီးမှု ရရှိအောင် ကြိုးပမ်းခဲ့သည်။

၁၉၆၈ ခုနှစ် မေလ ၃ ရက်နေ့တွင် နန်းတဲယားတက္ကသိုလ် ကျောင်းသားများ ဆန္ဒပြလှုပ်ရှားမှုမှ ကျောင်း သားများ၊ ကျောင်းဆရာများနှင့် အလုပ်သမားများပါဝင် သော အထွေထွေသပိတ်ကြီး ဖြစ်ခဲ့သည်။ ယင်း သပိတ် တိုက်ပွဲကြောင့် စီးပွားရေး အခက်အခဲ ဖြစ်ပေါ်လာပြီး ကမ္ဘာ့ငွေလဲလှယ်မှုတွင် ပြင်သစ် ဖရန့်ငွေ အကျပ်အတည်း နှင့် ရင်ဆိုင်ခဲ့ရသည်။

သမ္မတ ဒဂိုးက ၁၉၆၈ ခုနှစ် မေလ ၃၀ ရက်နေ့တွင် အမျိုးသား လွှတ်တော်ကို ဖျက်သိမ်းလိုက်ပြီး ရွေး ကောက်ပွဲ အသစ်ကို ဖွဲစည်းပုံ အခြေခံ ဥပဒေနှင့်အညီ ကျင်းပပေးမည်ဖြစ်ကြောင်း ကြေငြာခဲ့သည်။ ယင်းကြေ ငြာချက်အရ ဇွန်လအတွင်းကျင်းပသော ရွေးကောက်ပွဲတွင် အာဏာရ ဂေါလစ်ပါတီနှင့် မဟာမိတ်တို့ပင် အနိုင်ရရှိခဲ့ သည်။ သို့ရာတွင် အစိုးရအဖွဲအနေနှင့် ပြည်တွင်းရေး၊ နိုင်ငံ ရေး၊ စီးပွားရေး အခက်အခဲများကို ပြေလည်အောင်မဖြေ ရှင်းနိုင်ခဲ့ချေ။ ထို့ကြောင့် သပိတ်တိုက်ပွဲများ၊ ဆူပူမှုများ ဖြစ်ပွားခဲ့သည်။ သမ္မတ ဒဂိုးသည် မိမိပါတီကို သိက္ခာ ဆယ်ရန်အတွက် ၁၉၆၉ ခုနှစ် ဧပြီလ ၂၇ ရက်နေ့တွင် ဒေသန္တရ အုပ်ချုပ်ရေးနှင့် ဆီးနိတ်လွှတ်တော်ပြုပြင်ပြောင်း လဲရေး လူထုဆန္ဒခံယူပွဲ ကျင်းပခဲ့သည်။ ထိုဆန္ဒခံယူပွဲတွင် လူထု၏ ထောက်ခံမဲ အပြည့်အဝ မရရှိခြင်းကြောင့် သမ္မတ ဒဂိုးသည် ၁၉၇၂ ခုနှစ်တွင်မှ သမ္မတ သက်တမ်းကုန်ဆုံး မည် ဖြစ်သော်လည်း ၁၉၆၉ ခု ဧပြီလ ၂၈ ရက်နေ့တွင် သမ္မတ ရာထူးမှ နုတ်ထွက်သွားခဲ့သည်။

၁၉၆၉ ခုနှစ် ဇွန်လတွင် ကျင်းပသည့် သမ္မတ ရွေး ကောက်ပွဲဥဂေါလစ် အဖွဲမှ ဂျော့ပွန်ပီဒိုး အနိုင် ရရှိသည်။ ဂျော့ပွန်ပီဒိုးသည် ဒဂိုး၏ လမ်းစဉ်ကို ဆက်လက်ကျင့်သုံး ခဲ့သည်။ ကုလသမဂ္ဂ အဖွဲကြီးက ကုန်သွယ်မှုတားမြစ်ထား သော တောင်အာဖရိကနိုင်ငံသို့ဂုဏ်း၊ လစ်ဗျနှင့် ဂရိနိုင်ငံများ သို့ဂုဏ်း ပြင်သစ် နိုင်ငံက လက်နက်များရောင်းချခဲ့သည်။

သမ္မတ ဒဂိုး လက်ထက်က ကြိုးပမ်းခဲ့သော ကွန်မြူ နစ် အုပ်စုဝင် နိုင်ငံများနှင့် ဆက်ဆံမှုတိုးတက်ရေး အထူး သဖြင့် ရုရှ၊ တရုတ် ပြည်သူသမ္မတနိုင်ငံတို့နှင့် ဆက်ဆံမှု တိုးတက်ရေး ရရှိအောင် ဆက်လက် ဆောင်ရွက်ခဲ့သည်။ ဗြိတိန် နိုင်ငံပေါ်တွင် ထားရှိခဲ့သော သဘောထားကို ပြောင်းလဲကျင့်သုံးပြီး ဥရောပ ဘုံစျေးအဖွဲသို့ ဗြိတိန် နိုင်ငံ ဝင်ခွင့်ရရှိရေးကို လက်ခံကြိုဆိုခဲ့သည်။

သမ္မတ ပွန်ပီဒိုးသည် ပြည်ပရေးရာများတွင် တည်ငြိမ် မှုရှိအောင် ဆောင်ရွက်နိုင်ခဲ့ သော်လည်း လူထုအများစု လိုလားသည့် ပြည်တွင်းရေး လုပ်ငန်းများ ပြေလည်အောင် မဆောင်ရွက်နိုင်မှုကြောင့် မကျေနပ်မှုများ ဆက်လက် ဖြစ် ပေါ်လျက်ရှိသည်။ယင်းအခြေအနေတွင် ဖရန်ဆွာ,မစ်ထရန် ခေါင်းဆောင်သော ပြင်သစ် ဆိုရှယ်လစ်ပါတီနှင့်ကျော့မာရှဲ တို့ဦးဆောင်သော ပြင်သစ်ကွန်မြူနစ်ပါတီတို့ မဟာမိတ်ဖွဲပြီး ရွေးကောက်ပွဲ၌ အာဏာရ ဂေါလစ်ပါတီကို အနိုင်ရရှိရန် ကြိုးပမ်းလာသည်။ပထမအကြိမ် ရွေးကောက်ပွဲနှင့် မတ်လ ၁၁ ရက်နေ့တွင် ကျင်းပသော ဒုတိယ အကြိမ်ရွေးကောက် ပွဲတွင် လက်ရှိအာဏာရ ဂေါလစ်ပါတီနှင့် မဟာမိတ်တို့ အနိုင်ရရှိခဲ့၍ ဒဂိုးရအဖွဲ ဖွဲနိုင်ခဲ့သည်။

၁၉၇၁ ခုနှစ် ဧပြီလ ၅ ရက်နေ့တွင် အဖွဲဝင် ၂၁ ဦး ပါဝင်သော အစိုးရအဖွဲသစ်ကို ပြန်လည် ဖွဲစည်းသည်။

သမ္မတ ပွန်ပီဒိုးသည် ၁၉၇၄ ခုနှစ် ဧပြီလတွင် ကင်ဆာ ရောဂါဖြင့် ကွယ်လွန်သွားသဖြင့် ၁၉၆၉ ခုနှစ်မှစ၍ စီးပွား ရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဖြစ်သူ ဗလာရီဂစ်စကတ်ဒက် စတိုင်းသည် ရွေးကောက်ပွဲတွင် အနိုင်ရပြီး ပြင်သစ် သမ္မတ ဖြစ်လာသည်။ (ဂစ်စကတ်-ဒက်စတိုင်း,ဗလာရီ—ရှု။)

သမ္မတ ဂစ်စကတ် ဒက်စတိုင်းသည် ဂေါလစ်အဖွဲဝင် မဟုတ်သော်လည်း ဒဂိုးနှင့် ပွန်ပီဒိုးတို့၏ အခြေခံ နိုင်ငံခြား ရေးဝါဒကိုပင် ဆက်လက်ကျင့်သုံးသွားသည်။ သို့သော် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးမူမှာ ဂစ်စကတ် ဒက်စတိုင်း၏ ပေါ်လစီပင်ဖြစ်သည်။

ဝန်ကြီးချုပ်၏အာဏာကို ပိုမိုတိုးမြှင့်ပေးရေးနှင့် စပ်လျဉ်းပြီး သမ္မတနှင့် ဝန်ကြီးချုပ်အကြား သဘောကွဲလွဲမှုကို အကြောင်းပြု၍ ဝန်ကြီးချုပ် ဂျက်ချီရက် ဦးဆောင်သော အစိုးရအဖွဲ့သည် ၁၉၇၆ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့တွင် နုတ်ထွက်သွားသည်။ ထိုနေ့ည၌ပင် သမ္မတဂစ်စကတ်-ဒက်စတိုင်းက နိုင်ငံခြား ကုန်သွယ်ရေးဝန်ကြီးဟောင်းရေမွန်ဗားကို ဝန်ကြီးချုပ်သစ်အဖြစ်ခန့်အပ်သည်။ ဝန်ကြီးချုပ် ရေမွန်ဗားသည် ဩဂုတ်လ ၂၇ ရက်နေ့တွင် အစိုးရသစ်ကို ဖွဲ့စည်းသည်။ ၁၉၇၇ ခု မတ်လမှစ၍ ဝန်ကြီးချုပ် ရေမွန်ဗား ဦးဆောင်သော အစိုးရအဖွဲ့သစ်က ပြင်သစ်ဖရန့်ငွေတန်ဖိုး ကျဆင်းခဲ့ခြင်းကို ပြန်လည် နာလန်ထူစေရန် ဆောင်ရွက်ရင်း ပြည်တွင်းပြည်ပ စီးပွားရေးကောင်းမွန်စေရန် ဇောက်ချ ဆောင်ရွက်လျက်ရှိသည်။

ဖရန်ကို, ဖရန်စစ္စကို (ခရစ် ၁၈၉၂–၁၉၇၅) ။ ။စပိန်နိုင်ငံ၏အဓိပတိ၊ ဝန်ကြီးချုပ်၊စစ်သေနာပတိချုပ်နှင့် ဖလန်ဂေးပါတီ (စပိန်ဖက်ဆစ်ပါတီ)၏ ဥက္ကဋ္ဌကြီး တည်းဟူသော ရာထူးလေးခုကို တပြိုင်တည်း ရယူထားသော ဂျင်နရယ်လစ်စီမိုဖရန်စစ္စကို ဖရန်ကိုသည် ၁၉၃၆ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှစ၍ နိုင်ငံအဓိပတိအဖြစ် တင်မြှောက်ခံရရာ ကွယ်လွန်သည်အထိ ၃၉ နှစ်တိုင် အာဏာရခဲ့သော ပုဂ္ဂိုလ်ဖြစ်သည်။ ဖရန်ကိုအား စစ်တပ်က နိုင်ငံအဓိပတိအဖြစ် တင်မြှောက်စဉ်ကာလတွင် စပိန်နိုင်ငံ၌ ပြည်တွင်းစစ်ဖြစ်ပွားလျက်ရှိသည်။ သမ္မတဂိုဏ်းသား လက်ဝါအုပ်စုက အာဏာရချိန်ဖြစ်ပြီး လစ်ဗရယ်များ၊ဘုရင့်ဂိုဏ်းသားများနှင့် ဆိုရှယ်လစ်များက တော်လှန်ကြသည်။ သမ္မတဂိုဏ်းသားများသည် ဂျင်နရယ်ဖရန်ကို၏ဩဇာခံတပ်များနှင့် တိုက်ခိုက်ကြသည်။

ဂျင်နရယ်ဖရန်ကိုသည် ဘုရင့်ဂိုဏ်းသားများ အပါအဝင် အတိုက်အခံ ဂိုဏ်းများအား အစုအပြုံလိုက် ဖမ်းဆီးကာ အကျဉ်းချခဲ့သည်။ အခြား တဖက်မှလည်း ဘုရင့်ဂိုဏ်းသားများ ထောက်ခံမှုရစေရန် စပိန်နိုင်ငံကို ဘုရင့်နိုင်ငံအဖြစ် ပြောင်းလဲမည်ဟုကြေငြာကာ ၁၉၄၇ ခုနှစ်တွင် အရိုက်အရာ ဆက်ခံရေးဥပဒေပြဋ္ဌာန်းသည်။ ယင်းဥပဒေကို ၁၉၆၇ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ပြင်ဆင်ချက် ဥပဒေများဖြင့် ဖြည့်စွက်အတည်ပြုသည်။ ယင်းရာထူးဆက်ခံရေးဥပဒေအရ ဖရန်ကိုသည် လက်ရှိ အာဏာရှင် ဖြစ်ရုံမက စပိန်နိုင်ငံ၏ အနာဂတ်ရေးကိုပါ စိုးပိုင်သူ ဖြစ်လာသည်။ ဖရန်ကို သဘောကျသူမှ ရှင်ဘုရင်ဖြစ်နိုင်လေသည်။

၁၉၆၉ ခုနှစ် ဇူလိုင်လ ၂၂ ရက်နေ့ည၌ တော်ရသမမြောက် အယ်လဖွန်ဆိုဘုရင်၏မြေး ဟွမ်းကာလို့အား သူကွယ်လွန်လျှင် ထီနန်းပေးရန်ဖရန်ကိုက အမည်တင်၍ လွှတ်တော်က သဘောတူကာ တရားဝင် ကြေငြာသည်။

၁၉၇၄ ခုနှစ် ဇူလိုင်လ ၉ ရက်နေ့တွင် ဖရန်ကိုသည် အစာအိမ်နှင့် သွေးလည်ပတ်မှု ချွတ်ယွင်းသည့် ရောဂါဖြစ်လာ၍ ဇူလိုင်လ ၁၉ ရက်နေ့တွင် မင်းသားဟွမ်းကာလို့အား နိုင်ငံတော် အဓိပတိရာထူးကို ခေတ္တ လွှဲအပ်ကြောင်း စပိန်အစိုးရက တရားဝင်ကြေငြာသည်။ ပြန်လည် ကျန်းမာလာသောအခါ ထိုနှစ် စက်တင်ဘာလ ၂ ရက်နေ့တွင် ရာထူးနှင့် အာဏာတို့ကို ဟွမ်းကာလို့ထံမှ ပြန်လည်ရယူလိုက်သည်။ တဖန် ၁၉၇၅ ခု အောက်တိုဘာလတွင် ဖရန်ကိုသည် နှလုံးရောဂါဖြစ်လာပြန်သဖြင့် မင်းသား ဟွမ်းကာလို့အား ရာထူးလွှဲပြောင်း ပေးရပြန်သည်။ ထိုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ဖရန်ကို ကွယ်လွန်သည်။

ဖိလစ်ပိုင်သမ္မတနိုင်ငံ။ ။(၇ – ၂၄၁—ရှု။) နိုင်ငံ၏အကျယ်အဝန်းသည် ၁၁၅,၈၃၁ စတုရန်းမိုင်ရှိသည်။ ၁၉၇၆ ခုနှစ် ခန့် မှန်းခြေအရ လူဦးရေ ၄၃,၇၅၀,၀၀၀ ရှိသည်။ မြို့တော်မှာ မနီလာမြို့ ဖြစ်သည်။



၁၉၄၆ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့တွင် အမေရိကန်တို့ထံမှ လွတ်လပ်ရေးရရှိခဲ့သည်။ယင်းနေ့တွင် အမေရိကန်သည် ဖိလစ်ပိုင် တိုင်းရင်းသားများကို တူညီသော အခွင့်အရေး ပေးရန်၊ နှစ်နိုင်ငံ အပြန်အလှန် ကူးသန်းရောင်းဝယ်ရေးကို လွတ်လပ်စွာပြုလုပ်ရန် စာချုပ် ချုပ်ဆိုသည်။ ဖိလစ်ပိုင်နိုင်ငံ၌ စစ်စခန်းများ ၉၉ နှစ်ကြာ ဖွင့်လှစ်ထားရှိရန် နှစ်နိုင်ငံအစိုးရတို့ သဘောတူစာချုပ်တရပ်ကို ၁၉၄၇ ခုနှစ်တွင် ချုပ်ဆိုကြသည်။ ဖိလစ်ပိုင် အမေရိကန် ကူးသန်းရောင်းဝယ်ရေး စာချုပ်နှင့် စစ်အခြေခံစခန်းများ ထားရှိရေးစာချုပ်တို့ကို ဖိလစ်ပိုင်ပြည်သူတို့က ဆန့်ကျင်ကြသည်။

၁၉၅၀ ပြည့်နှစ်တွင် ပြည်တွင်းစစ် ပြင်းထန်လာသည်။ ၁၉၅၃ တွင် ဖက်ဆစ်ဆန့်ကျင်ရေးအသင်းကို ဖိလစ်ပိုင်အစိုးရက နှိပ်ကွပ်ခဲ့သည်။ ၁၉၅၄ တွင် ဖိလစ်ပိုင်သမ္မတနိုင်ငံသည် အရှေ့တောင်အာရှစာချုပ်အဖွဲ့ဝင်နိုင်ငံ ဖြစ်လာသည်။

၁၉၅၇ ခုနှစ် ရွေးကောက်ပွဲတွင် ကာလိုပီဂါစီယာသည် သမ္မတအဖြစ် အရွေးခံရသည်။ ၁၉၆၁ ခုနှစ်တွင် လစ်ဗရယ်ပါတီမှ ဒိုင်အိုစဒက်ဒိုမက်ကယ်ပါဂေး သမ္မတဖြစ်လာသည်။ ၁၉၆၅ ခုနှစ်တွင် မြေယာတော်လှန်ရေး ဥပဒေတရပ် ထုတ်ပြန် ပြဋ္ဌာန်းခဲ့ပြီး ယင်းဥပဒေအရ မြေယာငှားခနှုန်းထားများ လျော့ချသတ်မှတ်ခဲ့သည်။ ထိုနှစ်၌ပင် မလေး၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင် သုံးနိုင်ငံပါဝင်သော မက်ဖီလင်ဒိုအဖွဲ့

ကို ဖွဲ့စည်းသည်။ ယင်းအဖွဲ့သည် ပြန်လည်ထူထောင်ရေးကို သုံးနိုင်ငံပူးပေါင်းဆောင်ရွက်ကြရန် ရည်ရွယ်သည်။

၁၉၆၅ ခုနှစ်တွင် မားကို့စ သမ္မတဖြစ်လာသည်။ ၁၉၆၆ ခုနှစ် အောက်တိုဘာလတွင် ခုနစ်နိုင်ငံအစိုးရခေါင်းဆောင် များ ပါဝင်သော မနီလာထိပ်သီးညီလာခံသို့ တက်ရောက်ရန် အမေရိကန်သမ္မတ ဂျွန်ဆင် ဖိလစ်ပိုင်နိုင်ငံသို့ ရောက်စဉ် သမ္မတမားကို့စက အမေရိကန် စစ်အခြေခံစခန်းများကို ၉၉ နှစ်ကြာထားမည့်အစား ၂၅ နှစ်သို့လျှော့ရန် တောင်းဆို ရာ သမ္မတ ဂျွန်ဆင်က လိုက်လျောမည်ဟု ကတိပေးခဲ့သည်။ ၁၉၆၈ ခုနှစ်တွင် မလေးရှားနှင့် ဖိလစ်ပိုင် နှစ်နိုင်ငံ ဆက်သွယ်ရေး ပျက်ပြားသွားခဲ့သည်။ ၁၉၆၉ ခုနှစ် ရွေး ကောက်ပွဲတွင် သမ္မတအဖြစ် မားကို့စပင် ပြန်လည် အရွေး ခံရသည်။

၁၉၇၂ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံတွင် စပါးအထွက်နှုန်း တိုးသော်လည်း ရေလွှမ်းမိုးဒဏ် ခံရ၍ စပါး ၇၂ သန်း ပျက် စီးဆုံးရှုံးသဖြင့် အစာရေစာ ရှားပါးလာသောကြောင့် ပြည် တွင်းဆူပူသောင်းကျန်းမှုပိုမိုပြင်းထန်လာခဲ့ရာထိုနှစ်စက်တင် ဘာလ ၂၁ ရက်နေ့တွင် စစ်အုပ်ချုပ်ရေးကို ထုတ်ပြန်သည်။

သမ္မတမားကို့စသည် အမျိုးသား စီးပွားရေးကို စီမံကိန်း များချမှတ်၍ ဆောင်ရွက်သည်။ တရုတ်နိုင်ငံ၊ ရုရှနိုင်ငံ တို့နှင့်လည်း ဆက်သွယ်သည်။ အမေရိကန်နိုင်ငံကလည်း နှစ်စဉ် ပေါင် ၁၄ သန်းထောက်ပံ့သည်။ ၁၉၇၅ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် ဖိလစ်ပိုင်နှင့် တရုတ် နှစ်နိုင်ငံ သံတမန် ဆက် သွယ်မှုပြုသည်။ ၁၉၇၆ ခုနှစ် သြဂုတ်လ ၁၆ ရက်နေ့တွင် ငလျင် အကြီးအကျယ်လှုပ်သဖြင့် လူပေါင်း ၅ သောင်း ကျော် သေဆုံးပြီး တသိန်းငါးသောင်းကျော် အိုးမဲ့အိမ်မဲ့ ဖြစ်သွားခဲ့သည်။ ၁၉၇၇ ခုနှစ် ရွေးကောက်ပွဲတွင်လည်း မားကို့စပင်သမ္မတအဖြစ် အရွေးခံရသည်။

ဖူကူဒါ, တာကေအို (ခရစ် ၁၉၀၅ ဖွား)။ ။ တာကေအိုဖူကူဒါကို ၁၉၀၅ ခုနှစ် ဇန်နဝါရီလ ၁၄ ရက်နေ့ တွင် တိုကျိုမြို့တော်၏ အနောက်မြောက်ဖက်ရှိ ဂမ္ဘာမြို့နယ် တွင် ဖွားမြင်သည်။ ဖူကူဒါ၏ အဖိုးသည် ဂမ္ဘာမြို့ (ယခင်က နေကိုမာချီမြို့) ၏ ပထမဆုံး မြို့တော်ဝန် ဖြစ်သည်။ ကျောင်း နေချိန်အရွယ်ရောက်သောအခါဖူကူဒါသည် တာကာဆာကီ မြို့ရှိ အလယ်တန်းကျောင်းတွင် ပညာသင်သည်။ ပညာ သင်ယူစဉ် ဘာသာရပ်တိုင်း၌ တော်သူဖြစ်ပြီး အထူးသဖြင့် သခ်ၤာဘာသာရပ်၌အတော်ဆုံးဖြစ်သည်။ ထို့နောက်တိုကျို မြို့တော်ရှိ အထက်ဟန်းကျောင်းတွင် ပြောင်းရွှေ့ ပညာ သင်ကြားသည်။ ယင်းမှ တိုကျိုဘုရင့်တက္ကသိုလ်တွင် ဥပဒေ ပညာကို ဆက်လက်ဆည်းပူးသည်။ ဘွဲ့ရပြီးနောက် ၁၉၂၉ ခုနှစ်တွင် ဘဏ္ဍာရေးဝန်ကြီးဌာန၌ စတင်လုပ်ကိုင်ခဲ့သည်။ ထို့ပြင် ယူနိုက်တက် ကင်း ဒမ်းနှင့် ပြင်သစ် နိုင်ငံ များရှီ ဂျပန်သံရုံးတွင် ဘဏ္ဍာတော်မင်း ကြီး၏ အတွင်း ဝန် အဖြစ် ၁၉၃၀ မှ ၁၉၃၃ ခုနှစ်အထိ သုံးနှစ်တိုင် တိုင် သွားရောက် တာ ဝန်ထမ်း ဆောင် ရသည်။ ၁၉၄၆ မှ ၁၉၄၈ ခုနှစ်တို့တွင် ဘဏ္ဍာရေးဝန်ကြီး ဌာန ဗတ်ဂျက်ဗျူရိုတွင် အထွေထွေညွှန်ကြားရေးမှူးအဖြစ် ဆောင်ရွက်ရသည်။ ဖူကူဒါသည် ဘဏ္ဍာရေးဝန်ကြီးဌာန ဗတ်ဂျက် ဗျူရိုမှအငြိမ်းစားယူပြီးနောက် ၁၉၅၂ ခုနှစ်တွင် ဂမ္ဘာနယ် အောက်လှတ်တော်အမတ်အဖြစ် ကိုးကြိမ်တိုင် အရွေးခံခဲ့ရသည်။



ဂျပန်နိုင်ငံဝန်ကြီးချုပ် ဖူကူဒါ

ထိုနှစ်မှစ၍ နိုင်ငံရေးလောကသို့ ဝင်ရောက်လာခဲ့သည်။ ၁၉၅၄ တွင် ဂျပန်လစ်ဗရယ်ပါတီသို့ ဝင်ရောက်ခဲ့ပြီး ကွန် ဆာဗေးတစ်ဂိုဏ်းများကိုစုစည်း၍ လစ်ဗရယ်ဒီမိုကရက်တစ် ပါတီသစ်ကို တည်ထောင်ခဲ့သည်။ ၁၉၅၇ ခုနှစ် လစ်ဗရယ် ဒီမိုကရက်တစ် ပါတီခေါင်းဆောင် တဦးဖြစ်သူ ကိရှိဝန်ကြီး ချုပ် ဖြစ်လာသောအခါ ဖူကူဒါသည်အရေးပါသော နေရာ များတွင် တာဝန်ထမ်းဆောင်ရန် အရွေးခံရသည်။ ၁၉၅၈ ခုနှစ်တွင် လစ်ဗရယ် ဒီမိုကရက်တစ်ပါတီ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌအဖြစ်၎င်း၊ ၁၉၅၉ ခုနှစ်တွင် ပါတီ အထွေထွေအတွင်း ရေးမှူးအဖြစ်၎င်း၊ လယ်ယာနှင့် သစ်တောရေးဌာနဝန်ကြီး အဖြစ်၎င်း ဆောင်ရွက်ခဲ့သည်။

တဖန် ၁၉၆၄ ခုနှစ်တွင် ဆာတိုးဝန်ကြီးအဖွဲ့ တက်လာ သောအခါ ယင်းအစိုးရအဖွဲ့ ရှစ်နှစ်တာ ကာလ အတွင်း ဘဏ္ဍာရေးဝန်ကြီးအဖြစ် နှစ်ကြိမ်၊ လစ်ဗရယ်ဒီမိုကရက်တစ် ပါတီအထွေထွေအတွင်းရေးမှူးအဖြစ်တကြိမ်နှင့် နိုင်ငံခြား ရေးဝန်ကြီးအဖြစ်တကြိမ် တာဝန် ထမ်းဆောင်သည်။

ထို့နောက် ဝန်ကြီးချုပ် မိကီ လက်ထက်တွင် ဖူကူဒါ သည် ဒုတိယ ဝန်ကြီးချုပ်အဖြစ်၎င်း၊ စီးပွားရေးစီမံကိန်း အေဂျင်စီ၏ အထွေထွေ အတွင်းရေးမှူးချုပ် အဖြစ်၎င်း အမှုထမ်းသည်။ ၁၉၇၆ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် ကျင်းပသော အထွေထွေရွေးကောက်ပွဲ၌တာကေအိုဖူကူဒါ သည် ဝန်ကြီးချုပ် အဖြစ် အရွေးခံရသည်။

ဖေမောင်တင်၊ ဦး (ခရစ် ၁၈၈၈–၁၉၇၉) ။ ။ စာပေ သုတ၊ ဂဝေသီ ပုဂ္ဂိုလ်ကြီးဦးဖေမောင်တင်သည် ၁၈၈၈ ခု ဧပြီလ ၂၄ ရက်နေ့ အင်္ဂါနေ့တွင် အဖ ဦးဖေ၊ အမိ ဒေါ်မြိုင်တို့မှအင်းစိန်မြို့တွင် ဖွားမြင်သည်။ ၁၈၉၆ခုနှစ်ကစတင်၍ရန်ကုန်မြို့ အစိုးရ အထက်တန်းကျောင်းတွင် ပညာ သင်ကြားခဲ့သည်။ ၁၉၀၉ခုနှစ်တွင် ဝိဇ္ဇာ ဘွဲ့ကို ဆွတ် ခူး ခဲ့သည်။



စာပေပညာရှင်ကြီး ဦးဖေမောင်တင်

၁၉၁၁ ခုနှစ်တွင် ပါဠိဘာသာတွင် မဟာဝိဇ္ဇာဘွဲ့ (ကာလကတ္တား) ကိုရရှိခဲ့သည်။ ပညာဥာဏ် အလွန်ထူးချွန်ရကား ရန်ကုန်ကောလိပ်တွင် နေစဉ်က ဂျာဒင်းဆုရပြီး ကာလကတ္တား တက္ကသိုလ်တွင် ဒပ်စကောလားရှစ်ဆုများကို ရရှိသည်။

၁၉၁၁ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ၁၉၁၂ ခု ဇူလိုင်လ ၂၃ ရက်နေ့ထိ ရန်ကုန်မြို့ အစိုးရ အထက်တန်းကျောင်းတွင် အင်္ဂလိပ်တန်းပြဆရာအဖြစ်၎င်း၊ ထိုနှစ် ဇူလိုင်လ ၂၄ ရက်နေ့မှ ၁၉၂၄ခုနှစ်ဩဂုတ်လ ၂၁ ရက်နေ့အထိရန်ကုန် တက္ကသိုလ် ပါဠိဘာသာဌာနတွင် ပါမောက္ခ အဖြစ်၎င်း၊ ၁၉၂၄ မှ ၁၉၃၆ခုနှစ်ဇွန်လ ၁၇ရက်နေ့အထိမြန်မာစာပေနှင့် ပါဠိစာပေ နှစ်ရပ်ကို ပူးတွဲထားသော အရှေ့တိုင်းဘာသာရေးဌာနတွင် ပါမောက္ခအဖြစ်၎င်း ထမ်းဆောင်ခဲ့ရသည်။

ဆရာကြီးသည် ၁၉၃၆ ခု ဇွန်လ ၁၈ ရက်နေ့မှ ၁၉၄၁ ခု ဧပြီလ ၂၄ ရက်နေ့ ဒုတိယကမ္ဘာစစ် မြန်မာပြည်သို့ ကူးစက်လာချိန် အထိ ရန်ကုန်တက္ကသိုလ် ကျောင်းအုပ်ကြီးအဖြစ် မြန်မာလူမျိုးများထဲမှ ပထမဆုံး ထမ်းဆောင်ခဲ့ရသည်။

ဆရာကြီးသည် ရန်ကုန်တက္ကသိုလ် အုပ်ချုပ်ရေးအဖွဲ့၏ ဥက္ကဋ္ဌအဖြစ်ဖြင့် ၁၉၄၃ ခု မေလ ၁ ရက်နေ့မှ ၁၉၄၅ ခုနှစ် ဧပြီလ ၃၀ ရက်နေ့အထိ ဆောင်ရွက်ခဲ့သည်။ စစ်ပြီးသည့်နောက် ၁၉၄၈ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှ ၁၉၅၀ ပြည့်နှစ် မေလ ၃၁ ရက်နေ့အထိ ရန်ကုန်တက္ကသိုလ်တွင် ပါဠိဂုဏ်ထူးဆောင် ပါမောက္ခအဖြစ် ထမ်းရွက်ခဲ့သည်။ ထိုမှဆက်လက်ပြီး ၁၉၅၀ ပြည့်နှစ် ဇွန်လ ၁ ရက်နေ့မှစ၍ ရန်ကုန်တက္ကသိုလ်၌ ပါဠိသုတေသီ ကဝိကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၂၀ ပြည့်နှစ်မှ ၁၉၂၄ ခုနှစ် အထိ အင်္ဂလန် နိုင်ငံ အောက်စဖို့တက္ကသိုလ်တွင် ဘီ၊လစ်ဘွဲ့ကိုဆွတ်ခူးရရှိခဲ့သည်။ ယင်းသို့ဆည်းပူးနေစဉ် ပါဠို ဘာသာဖြင့် ရေးသားထားသော အဋ္ဌသာလိနီနှစ်ကျမ်းနှင့် ဝိသုဒ္ဓိမဂ် သုံးကျမ်း တို့ကို အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုရေးသားခဲ့သည်။ ယင်း ဘာသာပြန် စာအုပ်များကို လန်ဒန်မြို့ ပါဠိ စာပေ အသင်းမှ ပုံနှိပ်ထုတ်ဝေခဲ့သည်။ လန်ဒန်မြို့ အောက်စဖို့ တက္ကသိုလ်တွင် ပညာဆည်းပူးနေစဉ် လန်ဒန်ရောက် မြန်မာကျောင်းသားများ အသင်း၏ ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ခဲ့သည်။

ဆရာကြီးသည်မြန်မာနိုင်ငံသုတေသနအသင်း၏ အယ်ဒီတာချုပ်၊ မြန်မာနိုင်ငံ ပညာ ပြန့်ပွားရေး အသင်း၏ဥက္ကဋ္ဌ စသည်ဖြင့် တာဝန် အသီးသီးတို့ကို ထမ်းဆောင်ခဲ့သည်။ ပညာပြန့်ပွားရေးအသင်းဥက္ကဋ္ဌအဖြစ်ဆောင်ရွက်နေစဉ်တွင် အနုမြူသဘောကျမ်းနှင့် ပရမာနုမြူကျမ်းတို့ကို မြန်မာဘာသာဖြင့် ရေးသားပြုစုခဲ့သည်။ ရန်ကုန်တက္ကသိုလ်တွင် ခေတ်စမ်းစာရေးဆရာများကို မြေတောင်မြောက်ပေးကာ ခေတ်စမ်းစာပေများကို ချီးမြှင့်ခဲ့လေသည်။ သို့ဖြင့်ခေတ်စမ်းမြန်မာကဗျာကောက်နုတ်ချက် စာအုပ်နှင့် ခေတ်စမ်းမြန်မာစကားပြေ စာအုပ်များကို ထုတ်ဝေခဲ့လေသည်။

ဆရာကြီးသည် ထိုအခါက ဗားနတ် ပိဋကတ်တိုက်တွင် အစိုးရဖက်မှ ဥက္ကဋ္ဌအဖြစ်ဖြင့်ဆောင်ရွက်ခဲ့ရသည်။ မြန်မာနိုင်ငံပါဠိပထမပြန် ကော်မတီတွင် စာစစ်အရာရှိအဖြစ်၎င်း၊ လန်ဒန်ပါဠိစာပေ အဖွဲ့တွင် မြန်မာနိုင်ငံ ဆိုင်ရာ အကျိုးဆောင်အတွင်းရေးမှူးအဖြစ်၎င်း ဆောင်ရွက်ခဲ့ရလေသေးသည်။ မြန်မာအသံထွက် ဖတ်စာကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားကာ လန်ဒန်မြို့တွင် ပုံနှိပ်ခဲ့လေသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးသည့် နောက်ပိုင်းတွင် ဆရာကြီး ဦးဖေမောင်တင်သည် မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း သုခမိန်အဖွဲ့ကြီး၏ ဥက္ကဋ္ဌ အဖြစ်၎င်း၊ မြန်မာ့စွယ်စုံကျမ်း စီစဉ်ရေး အဖွဲ့၏ ဥက္ကဋ္ဌ အဖြစ်၎င်း၊ ရန်ကုန် တက္ကသိုလ် ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာနအကြံပေးအဖွဲ့ကြီး၏ ဥက္ကဋ္ဌအဖြစ်၎င်း၊ မြန်မာနိုင်ငံ ယဉ်ကျေးမှုဗိမာန်အဖွဲ့၏ အမှုဆောင်လူကြီး အဖြစ်၎င်း၊ မြန်မာနိုင်ငံ သမိုင်းကော်မရှင်၏ ဥက္ကဋ္ဌအဖြစ်ဖြင့်၎င်း ထမ်းဆောင်ခဲ့သည်။

ဦးဖေမောင်တင်သည် ၁၉၇၃ ခု မတ်လ ၂၂ ရက်နေ့တွင် လူကြီးရောဂါဖြင့် ကွယ်လွန်သည်။

ဆရာကြီး မြန်မာ ဘာသာဖြင့် ရေးသားတည်းဖြတ်ခဲ့သော ကျမ်းများမှာ မြန်မာဖတ်စာ (သူငယ်တန်းမှ ပဉ္စမတန်းအထိ)၊ ပုဂံကျောက်စာဥန္ဒာပေါင်း (ဂျီ၊အိပ်၊လုစ်နှင့် တွဲ၍ တည်းဖြတ်)၊ အနုမြူ၊ အနုမြူဒီပနီ၊ မြန်မာကြည့်စာ (သုံးတွဲ)၊ ပါဠိဖတ်စာ၊ အခြေပြု ပါဠိသဒ္ဒါ၊ မြန်မာစာပေသမိုင်း၊ မြန်မာဝါကျဖွဲ့ထုံးကျမ်း၊ မြန်မာသဒ္ဒါ၊ ကျောင်းသုံး မြန်မာသဒ္ဒါ၊ အလယ်တန်း မြန်မာသဒ္ဒါ၊ မြစေတီ မွန်

ကျောက်စာ၊ ရွှေစည်းခုံမွန်ကျောက်စာ၊ တန်းမြင့် မြန်မာ သဒ္ဒါနှင့် အသုံးအနှုန်း၊ ကျန်စစ်သားမင်းတရားကြီး၏ နန်း တော်မွန်ကျောက်စာ၊ ဘာသာလောကကျမ်း၊ ဇမ္ဗူဒီပ ဥဆောင်းကျမ်း (ဒေါက်တာဂျေ၊အက်စ၊ ဖာနီဗနှင့်တွဲ၍ တည်းဖြတ်) တို့ ဖြစ်သည်။

ထို့ပြင် ဆရာကြီး အင်္ဂလိပ် ဘာသာဖြင့် ပြန်ဆိုခဲ့သော ပါဠိစာအုပ်များနှင့် မြန်မာကျမ်းစာအုပ်များမှာ ဒီပဝံသ မှတ်စုများ၊ ခုဒ္ဒကပါဌ၊ ဓမ္မပဒ၊ မိလိန္ဒပဥှာ၊ ပါဠိဖတ်စာ၊ အခြေပြု ပါဠိ သဒ္ဒါ၊ အဌသာလိနီ (နှစ်တွဲ)၊ ဝိသုဒ္ဓိမဂ္ဂ (သုံးတွဲ)၊ မှန်နန်းရာဇဝင် (ပထမတွဲ)၊ အသံထွက်နည်း မြန်မာဖတ်စာ၊ ပထဝီဝင် ဝေါဟာရများ၊ ဗုဒ္ဓဘာသာဆု တောင်းပုံနှင့် ဘာဝနာပွားပုံ စသော ကျမ်းများဖြစ်သည်။

ဖိုးကွန်း၊ ဗိုလ်မှူး (ခရစ် ၁၈၉၈–၁၉၇၀)။ ။ဗြိတိသျှ ဗြူရိုကရေစီယူနီဗာစီတီ ဥပဒေကို ရိုက်ချိုးခဲ့သည့် ၁၉၂၀ ပြည့် နှစ် ကော လိပ် သပိတ်ကြီးမှ သည်ဗြိတိသျှနယ် ချဲ့ ဆန့်ကျင် ရေး၊ အမျိုးသား ရေး၊ ဖက် ဆစ် တော် လှန် ရေး၊ လွတ် လပ်ရေး တိုက်ပွဲ များ တွင် အစဉ် တစိုက် တိုက်ပွဲဝင် ခဲ့သူဆရာကြီးဗိုလ် မှူး ဖိုး ကွန်း ကို ၁၈၉၈ ခုနှစ် ဧပြီ လ ၁၈ ရက် နေ့ တွင် တောင်ငူမြို့ ငွေလှံရပ် အဖ ဦးကြီးညို(ကေ အက်စအမ်၊ အေ တီ အမ်) အမိ ဒေါ်ညွှန့်တို့မှ ဖွားမြင်ခဲ့သည်။



ဗိုလ်မှူးဖိုးကွန်း

ငယ်စဉ်က တောင်ငူမြို့ ငွေလှံရပ် ဘုန်းတော်ကြီး ကျောင်းတွင် မြန်မာစာ သင်ကြားခဲ့ပြီးနောက် ရှင်လုကာ အက်စပီဂျီ အင်္ဂလိပ်ကျောင်း၊ မန္တလေး စိန့်ပီတာကျောင်း တို့သို့ပြောင်းရွှေမညာသင်ကြားရာ ၁၉၁၆ ခုနှစ်တွင် ကာလ ကတ္တားတက္ကသိုလ်ဝင် စာမေးပွဲကို ပထမဆင့်မှ အောင်ခဲ့ သည်။ တန်းမြင့် ကျောင်းထွက်စာမေးပွဲလည်း စကော လားရှစ်နှင့် အောင်မြင်ခဲ့သည့်အပြင် သခ်ျာဘာသာထူးချန် မှုအတွက် မှတ်တမ်းတင်ခြင်း ခံရသည်။ ၁၉၁၈ ခုနှစ်တွင် ရန်ကုန်ကောလိပ်မှ အိုင် အက် စီ အထက်တန်းစာမေးပွဲကို ပထမဆင့်မှ အောင်မြင်ပြန်သည်။

ဘီအက်စီ အထက်တန်းပညာကို ဆက်လက် သင်ကြား နေစဉ် ကိုဖိုးကွန်းနှင့် သပိတ်မှောက်ကျောင်းသား ၁၀ ဦး တို့သည် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၃ ရက်နေ့တွင် ရွှေ တိဂုံရင်ပြင်ပေါ်၌ သစ္စာအဓိဋ္ဌာန်ပြု၍ လက်မှတ်ရေးထိုးကြ ပြီး သမိုင်းတွင်ရစ်မည့် ကောလိပ်သပိတ်ကြီးကို ဦးဆောင် လှုံ့ဆော်ခဲ့သည်။ ၁၉၂၁ ခုနှစ် အမျိုးသားပညာရေး ကောင် စီ ပေါ်ပေါက်လာသည့်အခါ အမျိုးသားကျောင်းများစွာ ပေါ်ထွက်လာရေးအတွက် အမျိုးသားပညာဝန် တာဝန်ကို တနှစ်တာမျှ ထမ်းဆောင်ခဲ့သည်။

၁၉၂၂ ခုနှစ်မှစတင်၍ မိမိဇာတိနယ် တောင်ငူ အမျိုး သား အထက်တန်းကျောင်းကို ပျိုးထောင်ကာ ကျောင်း အုပ်ဆရာကြီးအဖြစ် ၁၄ နှစ်တိုင် ဆောင်ရွက်ခဲ့သည်။ ယင်း သို့ ဆောင်ရွက်နေဆဲကာလမှာပင် မြန်မာလူငယ်လေးများ အား ကျန်းမာရေး၊ မျိုးချစ်စိတ်၊ တော်လှန်ရေးစိတ်ဓာတ် ဇာတိသွေး ဇာတိမာန် ထက်သန်လာစေရန် အမျိုးသား အပျော်ထမ်း ရဲတပ်ရဲညွှန့် အဖွဲ့များ ဦးဆောင် ဖွဲ့စည်းပေး သည်။ ကိုယ်တိုင်လည်း တောင်ငူခရိုင် ရဲတပ်ဗိုလ်မှူးအဖြစ် တာဝန်ယူ ဆောင်ရွက်ခဲ့သည်။

တောင်ငူ ယုဝအသင်း၊ ကာယဗလအဖွဲ့၊ ခြေလျင်အဖွဲ့၊ ဘောလုံးအသင်းများကိုလည်း တာဝန်ယူဖွဲ့စည်းပေးသည်။ တောင်ငူ တို့ဗမာ အစည်းအရုံးကိုလည်း စတင်တည်ထောင် ခဲ့သည်။ ဒုတိယ တက္ကသိုလ် သပိတ်တွင်လည်း ကျောင်း သားခေါင်းဆောင် ကိုအောင်ဆန်း(ဗိုလ်ချုပ်အောင်ဆန်း) က ကြေးနန်းရိုက် ဖိတ်ကြားသဖြင့် သပိတ်စခန်းသို့ လာ ရောက် ဟောပြောဆွေးနွေးခဲ့ရသည်။

၁၉၃၆ ခုနှစ်မှာပင် သီပေါ စော်ဘွား စောအုံကြာက အကူအညီတောင်းခံသဖြင့် ကျောက်မဲအထက်တန်းကျောင်း ဖြစ်မြောက်ရေး ကူညီဆောင်ရွက်ပေးကာ ရှမ်းအမျိုးသား ကျောင်းသားလေးများကို မျိုးချစ်စိတ် တော်လှန်ရေးစိတ် ဓာတ်လှုံ့ဆော်ပေးသည့်စာများ သင်ကြားပေးသည်။ ၁၉၃၈ ခုနှစ်တွင် ကြို့ပင်ကောက် အမျိုးသား အထက်တန်းကျောင်း ၌ရင်း၊ ၁၉၄၁ ခုနှစ်တွင် ပုဇွန်တောင်အမျိုးသား အထက် တန်းကျောင်း၌ရင်း ကျောင်းအုပ်ကြီးအဖြစ်လုပ်ကိုင်သည်။

၁၉၄၂ ခုနှစ်ဦးပိုင်းတွင် ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) နှင့်အတူ မြင်းခြံ၊ ကျောက်ဆည်၊ မန္တလေး အထိ အကြံပေး လူကြီးအဖြစ် လိုက်ပါဆောင်ရွက်ရသည်။ ဗမာ့ကာကွယ်ရေး တပ်မတော်(ဘီဒီအေ) ပြန်လည်ဖွဲ့စည်း သည့်အခါ ဗိုလ်ကြီးရာထူးဖြင့် စစ်ဥပဒေ အရာရှိအဖြစ်ရင်း၊ ဗိုလ်မှူးရာထူးဖြင့် စစ်ဝန်ကြီးရုံး စစ်ပညာဌာန တာဝန်ခံ အဖြစ်ရင်း တာဝန်ယူ ဆောင်ရွက်ရသည်။ ဖက်ဆစ်ဂျပန် တော်လှန်ရေးတွင်လည်း ဗိုလ်ချုပ်နှင့်အတူ ရှေ့တန်းဌာန ချုပ်တွင် တာဝန်ယူခဲ့ရသည်။



ဝန်ကြီးချုပ် ဖန်ဗန်ဒေါင်း

တော်လှန်ရေးအပြီး ဗိုလ်ချုပ်အောင်ဆန်းတို့ ကန့်ဆွေးနွေးပွဲသို့ သွားရောက်ကြသည့်အခါ ဗိုလ်မှူးဖိုးကွန်းအား သူကိုယ်စား တပ်မတော်ကို ထိန်းသိမ်းရန် ယာယီစစ်သေနာပတိအဖြစ် တာဝန်ပေးအပ်ခဲ့သည်။ ဗိုလ်မှူးဖိုးကွန်းသည် ဗမာ့တပ်မတော် ပြန်လည်ဖွဲ့စည်းသည့်အခါ ဝင်ရောက်ခြင်းမပြုတော့ပဲ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ပြည်သူ့ရဲဘော်တပ်ဖွဲ့ဝင်နှင့် ဖဆပလအဖွဲ့ဝင်အဖြစ် လှုတ်လပ်ရေးတိုက်ပွဲတွင် ပါဝင်တိုက်ပွဲဝင်ခဲ့သည်။

တိုင်းပြည်ပြု လှုတ်တော် ဖွဲ့စည်းသောအခါ တောင်ဥမြောက်ပိုင်းအမတ်အဖြစ် ရွေးကောက် တင်မြောက်ခြင်းခံရသည်။ ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးပြီးနောက် ပြည်သူ့ရဲဘော်တပ်ဖွဲ့ကို ဆက်လက်ထိန်းသိမ်း ခေါင်းဆောင်ခဲ့သည်။ အစိုးရအဖွဲ့တွင်လည်း ပြန်လည်ထူထောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး၊ ပညာရေးနှင့် ကျန်းမာရေးဝန်ကြီး စသည့်တာဝန်များ ဆောင်ရွက်ခဲ့သည်။

၁၉၄၉ ခုနှစ်တွင် ပြည်သူ့ရဲဘော်တပ်ဖွဲ့ ရဲဘော်ဖြူ၊ ရဲဘော်ဝါ နှစ်ခြမ်းကွဲသွားသောအခါ ရဲဘော်ဖြူဖက်မှ ရပ်တည်ခေါင်းဆောင်ခဲ့ပြီး ဝန်ကြီးအဖြစ်မှ နုတ်ထွက်ခဲ့လေသည်။ ထိုနှစ်မှာပင် ပြည်တွင်းငြိမ်းချမ်းရေး ကြိုးပမ်းရင်း တောခိုခဲ့ပြီး ၁၉၅၈ ခုနှစ် အိမ်စောင့်အစိုးရ လက်ထက်တွင် လက်နက်စွန့်၍ ဒီမိုကရေစီ ဘောင်အတွင်းမှ တိုက်ပွဲဝင်ခဲ့သည်။ ပါတီကွန်ဂရက်ဥက္ကဋ္ဌ၊ ပမည်တဌာနချုပ်သဘာပတိ အဖွဲ့ဝင်အဖြစ် တာဝန်ယူခဲ့သည်။

၁၉၆၀ ပြည့်နှစ်တွင် ပီကင်းတရုတ်ဗမာနယ်ခြားစာချုပ် ချုပ်ဆိုရေး ကိုယ်စားလှယ်အဖြစ်၎င်း၊ ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ဂရက် မြန်မာနိုင်ငံ၊ မြန်မာ ဆိုဗီယက်ယဉ်ကျေးမှု မိတ်ဆွေဖြစ်အသင်း ဒုတိယဥက္ကဋ္ဌ အဖြစ်၎င်း ဆောင်ရွက်ခဲ့သည်။ ၁၉၆၃ ခုနှစ် နိုဝင်ဘာလတွင် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ်၎င်း၊ ၁၉၆၈ ခုနှစ် ဖေဖွဝါရီလတွင် ရုရှနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ်၎င်း ခန့်အပ်ခြင်းခံရသည်။ သံအမတ်ကြီး အဖြစ်မှ အနားယူသော အခါ ရာထူးခန့်ထားရေး အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ရသည်။ ယင်းသို့ ဆောင်ရွက်နေစဉ် ဆရာကြီး ဗိုလ်မှူး ဖိုးကွန်းသည် ၁၉၆၉ ခုနှစ် ဇွန်လ ၈ ရက်နေ့တွင် ကွယ်လွန်သည်။

ဖန်ဗန်ဒေါင်း (ခရစ် ၁၉၀၆ ဖွား)။ ။ဗီယက်နမ်သမ္မတနိုင်ငံ၏ ဝန်ကြီးချုပ်ဖြစ်သူ ဖန်ဗန်ဒေါင်းသည် ၁၉၀၆ ခုနှစ်တွင် ကွမ်ဝိုင်နယ်၌ အထက်တန်းလွှာ ပညာတတ် မျိုးရိုးမှ မွေးဖွားလာခဲ့သည်။ သူ၏ဖခင်မှာ ယခင် ဗီယက်နမ် အင်ပိုင်ယာဘုရင်မင်းမြတ်၏ အပါးတော်မြဲတဦးဖြစ်သည်။ သူသည် ကျောင်းသားဘဝ၌ပင် တိုးတက်သော အတွေး အခေါ်များကို ခံယူခဲ့သူ ဖြစ်သည်။ ၁၉၂၅ ခုနှစ်တွင် ဟနွိုင်မြို့တော်တွင် ကျောင်းသားဘဝဖြင့် သူ၏တည်ကြည်သောသဘောနှင့် လျှို့ဝှက်သိပ်သည်းသော အနေအထိုင် အပြောအဆိုများကို အထူးသဘောကျကာ ဟိုချီမင်းက နှိုင်ငံရေးသင်တန်းပေးသည်။ ထိုနောက် ဗီယက်နမ်သို့ ပြန်လှတ်၍ ဟနွိုင်မြို့တော်တွင် မြေအောက်လုပ်ငန်းများ ဦးစီးလုပ်ကိုင်ရသည်။

ဖန်ဗန်ဒေါင်းသည် ၁၉၂၉ ခုနှစ် မေလတွင် နိုင်ငံလုံးဆိုင်ရာ လူငယ်တော်လှန်ရေး အဖွဲ့၏ ကော်မတီဝင် ဖြစ်လာပြန်သည်။ ယင်းသို့ဖြင့် ၎င်းတို့၏ ခေါင်းဆောင်မှုသည် တဟုန်ထိုး တိုးတက်လာသဖြင့် ဖန်ဗန်ဒေါင်းနှင့် နောင်တွင် ဒုတိယသမ္မတ ဖြစ်လာမည့် တွန်ဒတ်သန် အပါအဝင် ခေါင်းဆောင် အချို့အား ထောင်ဒဏ် ၁၀ နှစ်ချ၍ တကျွန်းသို့ အပို့ခံရလေသည်။ ၁၉၃၆ ခုနှစ်၌ ပြန်လွှတ်လာရာ ဖန်ဗန်ဒေါင်းသည် ဟနွိုင်မြို့တော်၌ နိုင်ငံရေး လှုပ်ရှားမှုများ ပြန်လုပ်နေသည်။

၁၉၄၀ ပြည့်နှစ် အစောပိုင်းတွင် ဖန်ဗန်ဒေါင်းသည် ပြင်သစ်အာဏာပိုင်တို့၏ ဖမ်းဆီးမှုဘေးမှရှောင်ရင်း တရုတ်ပြည် တောင်ပိုင်းသို့ ထွက်ပြေးခဲ့ရာ ဟိုချီမင်းနှင့် ပြန်တွေ့သည်။ ဟိုချီမင်းက သူ့အား တရုတ်ပြည်နှင့် ဆက်စပ်နေသော ဗီယက်နမ်နယ်အချို့တွင် တော်လှန်ရေး စခန်းများ ဖွင့်စေလျက် ကျန်ရဲဘော်များနှင့် အဆက်အသွယ် လုပ်နေရန် တာဝန်ပေးအပ်လေသည်။ ဗီယက်မင်း ဟူ၍ ထင်ရှားကျော် ကြားလာမည့် ဗီယက်နမ် လှုတ်လပ်ရေး အဖွဲ့ချုပ်ကြီးကို ဖွဲ့စည်းလိုက်သောအခါ ဖန်ဗန်ဒေါင်းလည်း ပါဝင်လေသည်။ ၁၉၅၄ ခုနှစ် ဇူလိုင်လတွင် ဂျီနီဗာမြို့၌ ကျင်းပသော အင်ဒိုချိုင်းနားဆိုင်ရာ ညီလာခံကြီးက ဗီယက်နမ်နိုင်ငံအား လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံအဖြစ် အသိအမှတ်ပြုသည်။ ၁၉၄၆ ခုနှစ်တွင်

ကွမ်ဝိုင်နယ်အတွက် အမျိုးသားလွတ်တော် ဒုတိယဥက္ကဋ္ဌ ဖြစ်လာသည်။ ၁၉၄၇ ခုနှစ်တွင် ပါတီဗဟိုကော်မတီ၏ အာလှည့်ကျ ကော်မတီဝင်ဖြစ်၍ ၁၉၄၉ ခုနှစ်တွင်မူ တင်းပြည့် ကော်မတီဝင်ဖြစ်လာသည်။ ထိုနှစ် သြဂုတ်လတွင် ဖန်ဗန်ဒေါင်းသည် ဒုတိယဝန်ကြီးချုပ် ခန့်အပ်ခံရလေသည်။

ဖန်ဗန်ဒေါင်းသည် ၁၉၅၁ ခုနှစ် ပါတီဒုတိယကွန်ဂရက် တွင်လည်း ဗဟိုကော်မတီ၏ တင်းပြည့် ကော်မတီဝင်နှင့် ပေါ်လစ်ဗျူရို အဖွဲဝင်ဖြစ်၏။ ဗီယက်နမ်နိုင်ငံ လွတ်လပ် သည့်နှစ်ဖြစ်သော ၁၉၅၄ ခုနှစ်တွင် အင်ဒိုချိုင်းနား အရေး ဆွေးနွေးသော ဂျနီဗာကွန်ဖရင့်သို့ အစိုးရ ကိုယ်စားလှယ် အဖွဲ ခေါင်းဆောင်အဖြစ် ဖန်ဗန်ဒေါင်း ဦးဆောင်ခဲ့သည်။ ပြင်သစ်က မူလ အာနမ်ကေရာင်အား အသိအမှတ် ပြုထား သဖြင့် မြောက်ပိုင်းနှင့် တောင်ပိုင်း ဗီယက်နမ်ဟူ၍ ပေါ် ပေါက်ကာ မြောက်ပိုင်း ဗီယက်နမ်အစိုးရ အဖွဲတွင် ဖန်ဗန် ဒေါင်းသည် ဝန်ကြီးချုပ်ဖြစ်လာသည်။

ဖန်ဗန်ဒေါင်းသည် အမျိုးသားပါတီ ကွန်ဂရက်၏ ၁၉၆၀ ပြည့်နှစ်နှင့် ၁၉၇၆ ခုနှစ်တို့တွင် ကျင်းပသည့် တတိယနှင့် စတုတ္ထအကြိမ်မြောက် နိုင်ငံလုံးဆိုင်ရာ ပါတီညီလာခံတို့၌ ဗဟိုကော်မတီဝင်နှင့် ပေါ်လစ်ဗျူရို အဖွဲဝင်အဖြစ် တင် မြှောက်ခံရသည်။ တောင်နှင့်မြောက် ဗီယက်နမ်နိုင်ငံ ပူး ပေါင်း၍ ဗီယက်နမ်သမ္မတနိုင်ငံ ထူထောင်လိုက်သောအခါ ဖန်ဗန်ဒေါင်းပင် ဝန်ကြီးချုပ် ဖြစ်လာသည်။

ဗရက်ဇည်က်, လီယိုနစ်အိလီယစ် (ခရစ် ၁၉၀၆ ဖွား)။ ဆိုဗီယက် ရုရှနိုင်ငံ ကွန်မြူနစ်ပါတီ အထွေထွေအတွင်း ရေးမှူးနှင့် သမ္မတ ဖြစ်သူ လီယိုနစ် အိလီယစ် ဗရက် ဇည်ကို ယူက ရိန်းပြည်နယ် ဒနီ ပရိုစာင့် မြို့က လေး၌ ၁၉၀၆ ခု နှစ် ဒီဇင်ဘာလ ၂၉ ရက် နေ့တွင် ဖွားမြင်သည်။



ဆိုဗီယက်သမ္မတ ဗရက်ဇည်က်

ဗရက်ဇည်က်၏ ဖခင်ဖြစ်သူ အိလီ ယစ် ဗရက်ဇည်က် သည် ယူကရိန်း ပြည်နယ် ကပ်မြို ရှိ သံရည်ကျိုစက်ရုံမှ အလုပ်သမားတဦးဖြစ်သည်။

၁၉၁၅ ခုနှစ်တွင် သံမဏိစက်ရုံမှ တည်ဆောက်ဖွင့်လှစ် ထားသည့် မူလတန်းကျောင်းကလေးသို့ လီယိုနစ်ဗရက် ဇည်က် တက်ရောက်သင်ကြားခွင့်ရရှိခဲ့သည်။ ဗရက်ဇည်က် သည် အားကစားနှင့် ရုရှဘာသာတို့တွင်မူ ထူးချွန်ခဲ့သည်။ မူလတန်းကျောင်းတွင် ခြောက်နှစ်တာမျှ ပညာဆည်း ပူးခဲ့ပြီးနောက် ၁၉၂၁ ခုနှစ် နွေဦးတွင် သတ္တုဗေဒဆိုင်ရာ အသက်မွေးဝမ်းကျောင်း ပညာသင်ကျောင်းသို့ တက် ရောက် ဆည်းပူးခဲ့ပြန်သည်။

၁၉၁၇ ခုနှစ်တွင် မဟာအောက်တိုဘာ တော်လှန်ရေး ကြီးအတွင်းက တိုင်းပြည်နှင့် လူမျိုးအတွက် ကိုယ်ကျိုးစွန့် ၍ တိုက်ပွဲဝင်ခဲ့ကြသော ဗော်ရှီဗစ်ရဲဘော်များ၏ သတ္တိဗျတ္တို ကို အထူးပင်အားကျခဲ့သော ဗရက်ဇည်က်သည် ဗော်ရှီဗစ် ပါတီ လက်အောက်ခံ အဖွဲအစည်းတခုဖြစ်သော ကွန်ဆိုမို ခေါ် ကွန်မြူနစ်လူငယ်အဖွဲသို့ ၁၉၂၃ ခုနှစ်တွင်ဝင်ရောက် ခဲ့သည်။

၁၉၂၃ မှ ၁၉၂၇ ခုနှစ်များတွင် ကပ်မြို့ မြေယာ အသုံးချ ရေး သိပ္ပံကျောင်းကို တက်၍ သင်တန်း ဆင်းပြီးသောအခါ မောစကိုမြို့တော်နှင့် မိုင် ၃၆၀ ကျော်မျှ ကွာဝေးသည့် အော်ရှား မြို့ကလေး၏ မြေတိုင်းဌာနခွဲဝင်ရောက်အမှုထမ်း ခဲ့သည်။

၁၉၃၀ ပြည့်နှစ်တွင် ဆဗာဒ်လော့ခ်မြို့ လယ်ယာစိုက် ပျိုးရေးဌာနတွင် ဒုတိယ ဌာနမှူးအဖြစ် တိုးမြှင့်ခန့်ထားခံရ သည်။ တခြိန်တည်းတွင် လုပ်ခွင်မပျက် ပညာဆက်သော ကြောင့် ၁၉၃၅ ခုနှစ်တွင် သတ္တုဗေဒ အင်ဂျင်နီယာဘွဲ့ကို ဆွတ်ခူးနိုင်ပြီး ဇာတိမြို့ ဖြစ်သည့် ဒနီပရိုဇာဇင့် မြို့၏ သတ္တု စက်ရုံတွင် အင်ဂျင်နီယာအဖြစ် ဝင်ရောက်လုပ်ကိုင်သည်။ ထိုနောက်တွင်ကား ဗရက်ဇည်သည် ဒနီပရိုဇာဇင့်မြို့၏ အုပ်ချုပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့ဝန်) အဖြစ် ၎င်း၊ ယူကရိန်းပြည်နယ်၏ စက်မှုလုပ်ငန်းများဆိုင်ရာ ပါတီ ကော်မတီဝင်အဖြစ်၎င်းအဆင့်ဆင့်တိုးမြှင့်ထမ်းရွက်ရသည်။

ဒုတိယ ကမ္ဘာစစ်ကြီးဖြစ်သောအခါ တပ်နီတော်သို့ ဝင်ရောက်ခဲ့ပြီး နာဇီကျူးကျော်ရေးသမားများကို ရွှပ် ရွှပ်ခွံ့ခွံ့ တိုက်ခိုက်ခဲ့သည်။ ၁၉၄၂ ဧပြီလတွင် ဗိုလ်မှူးကြီး အဆင့်ထိ တိုးမြှင့်ခန့်ထားခြင်း ခံရသည့်အပြင် အမှတ် ၁၈ တပ်မတော်၏ ဗိုလ်မှူးကြီး နိုင်ငံရေးမှူးချုပ်တာဝန်ကိုလည်း တဲ့ဖက်ဆောင်ရွက်ခဲ့သည်။ ဒုတိယ ကမ္ဘာစစ်ကြီး ပြီးဆုံး သောအခါ ဗရက်ဇည်သည် ဗိုလ်ချုပ်ရာထူးသို့ တိုးမြှင့် ခန့်ထားခြင်းခံခဲ့ရသည်။ ထို့ပြင် ပါတီမှပေးအပ်သော လုပ် ငန်း တာဝန်ကြီးများကိုလည်း တဲ့ဖက်ဆောင်ရွက်ခဲ့ရသည်။

၁၉၄၆ ခုနှစ် သြဂုတ်လတွင် တပ်နီတော်မှ အနားယူ ခဲ့သည်။ ထိုနောက် မော်လဒေးဗီးယား ပြည်နယ် ပါတီ၏ အကြီးအကဲအဖြစ် တာဝန်ပေးအပ်ခြင်း ခံခဲ့ရပြန်သည်။ ၁၉၅၀ ပြည့်နှစ်တွင် မော်လဒေးဗီးယားပြည်နယ် ကွန်မြူ

နစ်ပါတီ ဗဟိုကော်မတီ၏ ပထမ အတွင်းရေးမှူးအဖြစ်ဖြင့် ဆိုဗီယက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တဦး ဖြစ် လာခဲ့သည်။ ၁၉၅၅ ခုနှစ် ဩဂုတ်လတွင် ကာဇက်စတန် ပြည်နယ်၏ ပါတီအတွင်းရေးမှူးဖြစ်လာခဲ့ပြီး ကာဇက်စတန် ပြည်နယ်ကို ရုရှနိုင်ငံ၏ အဓိကပေါင်မုံဖိုကြီး ဖြစ်စေရမည် ဟူသော ကြွေးကြော်သံဖြင့် သီးနှံအထွက်တိုးရေးကိုဆတက် ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ခဲ့သည်။ ထိုကြောင့်လည်း သူ၏နှစ် ၅၀ မြောက်မွေးနေ့တွင် ကွန်မြူနစ်ပါတီ ဗဟိုကော်မ တီက လီနင်ဘွဲ့တံဆိပ်ဖြင့် ဂုဏ်ပြုခံခဲ့ရခြင်းဖြစ်သည်။

၁၉၅၈ ခုနှစ်တွင် ရုရှနိုင်ငံလုံးဆိုင်ရာ ပါတီဗျူရို၏ ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခြင်းခံခဲ့ရပြီး ၁၉၆၀ ပြည့်နှစ် မေလ ၇ ရက်နေ့တွင် ရုရှနိုင်ငံ၏ ပဉ္စမမြောက် သမ္မတ ဖြစ်လာ သည်။ ၁၉၆၃ ခုနှစ် ဇွန်လ ၂၂ ရက်နေ့တွင်မူ ရုရှကွန်မြူနစ် ပါတီဗဟိုကော်မတီ အတွင်းရေးမှူးများ အဖွဲ့ဝင်ဖြစ်ခဲ့သည်။

၁၉၆၄ ခု ဇူလိုင်လ ၁၅ ရက်နေ့တွင် ခေါင်းဆောင်ကြီး ကရူးရှော့ဗ်၏ အရိုက်အရာကို ဆက်ခံမည့်သူ နံပါတ် ၂ အဖြစ် ဗရက်ဇည်က်အား ရွေးချယ်ခဲ့ကြသည်။ ၁၉၆၄ အောက်တို ဘာလ ၁၄ ရက်နေ့တွင် ကရူးရှော့ နုတ်ထွက်သွားပြီးသည့် နောက်တွင် ဗရက်ဇည်က်သည် ရုရှ ကွန်မြူနစ်ပါတီ ဗဟို ကော်မတီ အတွင်းရေးမှူး ဖြစ်လာခဲ့သည်။

၁၉၆၆ ခုနှစ် ဧပြီလနှင့် မေလများအတွင်း ကျင်းပခဲ့ သည့် ၂၃ ကြိမ်မြောက် ပါတီညီလာခံတွင် ဗရက်ဇည်က်၏ ရာထူးတာဝန်ကို ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး ဟု ပြောင်းလဲ ခေါ်တွင်ခဲ့သည်။ ထို့ပြင် ၁၉၇၇ ခုနှစ် ဇွန်လ ၁၆ ရက်နေ့တွင် နိုင်ငံဦးသျှောင်အဖွဲ့၏ သဘာပတိ (သမ္မတ) အဖြစ်ရင်း၊ နိုဝင်ဘာ ၁၂ ရက်နေ့တွင် တပ်နီတော် ၏ စစ်သေနာပတိချုပ်အဖြစ်ရင်း တာဝန်ယူခဲ့သည်။

ဗရက်ဇည်က်ရရှိခဲ့သော ဘွဲ့တံဆိပ်များမှာ ဆိုရှယ်လစ် လုပ်သားသူရဲကောင်း ဘွဲ့တံဆိပ်၊ ရွှေကြယ်တံဆိပ်၊ တူတံဇင် ရွှေတံဆိပ်၊ လီနင်ဘွဲ့တံဆိပ် (သုံးကြိမ်)၊ အလံနီဘွဲ့တံဆိပ် (နှစ်ကြိမ်)၊ စစ်သူကြီး ဘွဲ့တံဆိပ်နှင့် ကားလမတ် ရွှေ တံဆိပ်ဘွဲ့တို့ ဖြစ်သည်။

ဗရောင်း, ဝမ်ဟာဗွန် (ခရစ် ၁၉၁၂–၁၉၇၇)။ ။လကမ္ဘာ သို့ ဆင်းသက်ရာ အစီအစဉ်၌ အသုံးပြုခဲ့သော ဆေတန် ဒုံး ပျံများ အပါအဝင် အမေရိကန် ပြည်ထောင်စု၏ အာကာ သ ဉူးစမ်းလေ့လာရေး ဒုံးပျံများကို တီထွင်ထုတ်လုပ်ခဲ့သူ ဝမ်ဟာဗွန်ဗရောင်းကို ၁၉၁၂ ခုနှစ် ၌ ဂျာမနီနိုင်ငံတွင် မွေး ဖွားသည်။ ဖခင်မှာ ဗေရွန်ဘွဲ့ရ မှူးမတ်မျိုးနွယ်ဖြစ်သည်။

ဗွန်ဗရောင်းသည် အသက် ၁၈ နှစ်အရွယ်တွင် အထက် တန်း အောင်မြင်၍ ဘာလင်စက်မှု တက္ကသိုလ်သို့ တက် ရောက် သင်ကြားခဲ့မလသည်။ ဘာလင် စက်မှု တက္က သိုလ် ကျောင်း သား ဘဝမှာပင် ငယ် စဉ် ကတည်း က စိတ်ပါဝင်စား ခဲ့သော ဒုံးပျံတည် ဆောက်ခြင်း အ တတ်ပညာကို ဦး စွဲး စိုက် စိုက် လေ့ လာခဲ့ရာ များ စွာ တိုး တက် မှု ရရှိ လာသည်။ စက်မှု တ က္က သို လ် ပါ မောက္ခ ဟားမန်း အိုဘက်၏ ကူ ညီ အား ပေးမှု ရရှိ



ဒုံးပျံပညာရှင် ဗွန်ဗရောင်း

လာသည့်အခါ ဒုံးပျံ တည်ဆောက်ခြင်း အတတ်ပညာတွင် ထူးချွန်လာသဖြင့် ဝပ်ရှမက်ချ သုတေသန စီမံကိန်းဌာနမှ ခေါ် ယူခန့်ထားခြင်း ခံရသည်။

ဗရောင်း၏ အရည်အချင်းကို သိရှိလာကြသည့်အခါ ဂျာမန် တပ်မတော်အတွက် တင့်ကားဖျက် ဒုံးပျံများ တီထွင်ရန် တာဝန်ပေးအပ်ခဲ့သည်။ ဗွန်ဗရောင်းနှင့် သူလက် ထောက်တို့သည် ၁၉၃၄ နှစ်တွင် ၂.၅ ကီလိုမီတာအထိ ပစ်လွှတ်နိုင်သော အောတူး တင့်ကားပစ် အရက်လောင်စာ သုံးဒုံးပျံကို တီထွင်ထုတ်လုပ်ပေးနိုင်ခဲ့သည်။ ထိုနှစ်မှာပင် လသွား ဒုံးပျံယာဉ် ပုံစံကိုစတင်တီထွင် ရေးဆွဲလေသည်။

၁၉၃၇ ခုနှစ်တွင် ဝမ်ဟာဗွန်ဗရောင်းနှင့် သူအဖွဲ့ဝင် ဂဝ ကျော်တို့သည် ပီနီမန်ဒီသို့ ပြောင်းရွှေ့၍ ဝပ်ရှမက်ချ လှုပ်ဖ် စီမံကိန်းနှင့် ဆက်သွယ် ဆောင်ရွက် ရသည်။ ပီနီမန်ဒီစခန်းသည် ထင်ရှားသည့် ဒုံးပျံ စခန်းဖြစ်ခဲ့သည်။

၁၉၃၉ ခုနှစ်မှစတင်၍ ဂျာမန်တပ်မတော် စစ်အောင် နိုင်ရေးအတွက် အေဖိုး တာဝေးပစ်ဒုံးပျံ စီမံကိန်းကို အဓိကထား တီထွင်ခဲ့ရာ ၁၉၄၂ ခုနှစ် အောက်တိုဘာလ ၃ ရက်နေ့တွင်ဒုတိယကမ္ဘာစစ်အတွင်း မဟာမိတ်နိုင်ငံများ တထိတ်တလန့် ဖြစ်ခဲ့ရသည့် နာမည်ကျော် တာဝေးပစ် ဗီတူးဒုံးပျံကို အောင်မြင်စွာ စမ်းသပ်ထုတ်လုပ်နိုင်ခဲ့သည်။

၁၉၄၅ ခုနှစ် ဥိးပိုင်း ဒုတိယ ကမ္ဘာစစ်ကြီး ပြီးဆုံး ခါနီးတွင် ဆိုဗီယက် ရုရှတပ်များ ပီနီမန်ဒီ ဒုံးပျံစခန်း ရှိရာသို့ ချီတက်တိုက်ခိုက်လာသည့်အခါ ဗွန်ဗရောင်းနှင့် အဖွဲ့ဝင်များသည် ဗာရီယာသို့ ထွက်ပြေးတိမ်းရှောင်ကာ အမေရိကန်တပ်တွင် လက်နက်ချလိုက်ကြသည်။

၁၉၄၅ ခု စက်တင်ဘာလတွင် အမေရိကန်သို့ လိုက် ပါ၍ အမေရိကန်တို့၏ မေတ္တာရပ်ခံချက်အရ တက်ဆက်ရှိ

ဖေ့ဘာလစ်ဒုံးပျံ တိုးတက်ဖွံ့ဖြိုးရေးဌာန ဒါရိုက်တာအဖြစ် ဆောင်ရွက်၍ အစွမ်းထက်သော ဗီတူး ဒုံးပျံထုတ်လုပ်ရေးကို ဆက်လက်တီထွင်ခဲ့ရာ ဟာမက်စတူးကဲ့သို့ အစွမ်းထက်သည့် လေယာဉ်ခွင်း ဒုံးပျံများ ထုတ်လုပ်ပေးနိုင်ခဲ့သည်။

၁၉၅၀ ပြည့်နှစ်တွင် ဝမ်ဟာဗွန်ဗရောင်းနှင့် အဖွဲ့သည် အယ်လဗားမားဟန်းစဗီးသို့ ရွှေပြောင်း၍ ရက်စတုန် ဒုံးပျံလက်နက်များ တိုးတက်ထုတ်လုပ်ရေးဆောင်ရွက်ခဲ့ရာ အမေရိကန်စစ်တပ်အဖို့ ပထမဆုံး ဒုံးပျံများ အဓိကထား အသုံးပြုနိုင်ခဲ့သည်။

၁၉၅၅ ခုနှစ် ဧပြီလ ၁၄ ရက်နေ့တွင် ဗွန်ဗရောင်းသည် အမေရိကန် နိုင်ငံသားအဖြစ် ခံယူခွင့်ရရှိလေသည်။ ဗွန်ဗရောင်း၏ ကြိုးပမ်းမှုကြောင့်ပင် ဂျီပီတာဒုံးပျံစွမ်းအား ဖြင့် အိပ်စ ပလိုရာ(၁)ဂြိုဟ်တုကို အမေရိကန် ပြည်ထောင်စုက အာကာသသို့ ပစ်လွှတ်နိုင်ခဲ့သည်။ လကမ္ဘာ သွားရောက်ရေးတွင် အရေးအပါဆုံးဖြစ်သည့် ဆေတန် ဒုံးပျံ (၄)၊ ဆေတန် ဒုံးပျံ (၅) တို့ကို ၁၉၅၅ ခု စက်တင်ဘာလတွင် အောင်မြင်စွာ ဆောက်လုပ်နိုင်ခဲ့သည်။

ဝမ်ဟာဗွန်ဗရောင်းသည် ၁၉၇၀ ပြည့်နှစ်တွင် နာဆာ မာရှယ်အာကာသပျံသန်းရေးဗဟိုဌာန၏ညွှန်ကြားရေးမှူး အဖြစ်၎င်း၊ ဝါရှင်တန် နာဆာအဖွဲ့ကြီး၏ ဒုတိယ ညွှန်ကြားရေးမှူး အဖြစ်၎င်း ခန့်အပ်ခြင်းခံရသည်။ ၁၉၇၂ ခုနှစ်မှ ကွယ်လွန်သည့် အချိန်အထိ အမေရိကန် ဖားယားချိုင်း စက်မှု အာကာသ ကော်ပိုရေးရှင်းတွင် ဒုတိယဥက္ကဋ္ဌ အဖြစ် ဆောက်ရွက်သည်။

ဗွန်ဗရောင်းသည် ဝေဖန်မှု၊ ချီးမွမ်းမှုများကို လျစ်လျူရှုထားပြီး အာကာသရေးရာ ပြိုင်ဆိုင်မှုကို အပြည့်ပြည် ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးသို့ ပြောင်းလဲပစ်ရန် ရည်မှန်း ကြိုးပမ်းခဲ့သည်။

ဝမ်ဟာဗွန် ဗရောင်းသည် အသက် ၆၅ နှစ် အရွယ် ၁၉၇၇ ခုနှစ် ဇွန်လ ၁၇ ရက်နေ့တွင် ကင်ဆာ ရောဂါဖြင့် ဝါရှင်တန်မြို့တွင် ကွယ်လွန်ခဲ့သည်။

ဗရန့်, ဝီလီ(ခရစ် ၁၉၁၃ ဖွား)။ ။ အနောက်ဂျာမနီ အဓိပတိဟောင်း ဝီလီဗရန့်သည် ၁၉၁၃ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် လူးဗက်မြို့၌ ဖွားမြင်ခဲ့သည်။ ငယ်စဉ်ဘဝကပင် ဆင်းရဲပင်ပန်းစွာဖြင့် ကြီးပြင်းလာခဲ့ရသူဖြစ်သည်။

အသက် ၁၃ နှစ်အရွယ်တွင် အထက်တန်းကျောင်းသို့ ဝင်ခွင့်ရသည်။ ကျောင်းနေစဉ်စကောလားရှစ်ဆု ရရှိသည်။ နောက်တန့်တွင် ဂျိုဟန်နီယန် အထက်တန်းကျောင်းသို့ ဝင်ခွင့်ရခဲ့သည်။ ထိုနှစ်တွင် မိခင်ဖြစ်သူသည် နောက်အိမ်ထောင် ပြုသွားသည်။ မိခင်၊ ပထွေးနှင့် အဖိုးတို့သည် ဆိုရှယ် ဒီမိုကရက်တစ် ပါတီ၏ တက်ကြွသောပါတီဝင်များ ဖြစ် ကြသည့် အလျောက် သူသည်လည်း လူငယ် ဆိုရှယ်ပါတီဝင်တဦး ဖြစ်လာသည်။



အဓိပတိ ဝီလီဗရန့်

ဝီလီဗရန့် အသက် ၁၇ နှစ် အရွယ်တွင် ဆိုရှယ် ဒီမိုကရက်တစ် ပါတီသို့ ဝင်ရောက် သည်။ ဂျာမနီတွင် ဟစ်တလာ အာဏာရလာ သော အခါ သူသည် ဂျာမန်လျှို့ဝှက်စုံထောက်အဖွဲ့၏ စုံစမ်းခြင်း ခံရသဖြင့် နော်ဝေးနိုင်ငံသို့ထွက်ပြေး တိမ်းရှောင်ခဲ့လေသည်။

စစ်ကြီး ပြီးဆုံးသောအခါ နျူရင်ဗတ် ခုံရုံးဥ့ နော်ဝေးနှင့်ဆွီဒင်နိုင်ငံတို့၏ သတင်းထောက်အဖြစ် လုပ်ကိုင်ခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် ဆိုရှယ်ဒီမိုကရက်တစ်ပါတီ အမှုဆောင်အဖွဲ့က ပါတီ၏ ဘာလင်ကိုယ်စားလှယ်အဖြစ် လွှဲအပ်ခြင်း ခံရသည်။ ၁၉၄၉ ခုနှစ်တွင် ပြည်ထောင်စု ဂျာမနီနိုင်ငံ၏ ရွေးကောက်ပွဲတွင် ပါလီမန်အမတ်အဖြစ် ရွေးချယ်ခြင်း ခံရသည်။ အနောက်ဘာလင်၏ မြို့တော်ဝန်အဖြစ်လည်း ဆောင်ရွက်ခဲ့သည်။

၁၉၆၄ ခုနှစ် ဖေဖွာရီလတွင် ဂျာမနီ ဆိုရှယ် ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌအဖြစ်၎င်း၊ ၁၉၆၆ ခုနှစ် ဒီဇင်ဘာလတွင် အဓိပတိ ဒေါက်တာကိုင်ဆင်ဂျာ၏ ညွှန်ပေါင်းအစိုးရအဖွဲ့၌ နိုင်ငံခြားရေး ဝန်ကြီးနှင့် ဒုတိယ အဓိပတိအဖြစ်၎င်း ဆောင်ရွက်ခဲ့သည်။ သူသည် ၁၉၆၁ ခုနှစ်တွင် တကြိမ်၊ ၁၉၆၅ ခုနှစ်တွင် တကြိမ်၊ အနောက်ဂျာမနီ အဓိပတိအဖြစ် ဝင်ရောက် ယှဉ်ပြိုင်ခဲ့ရာ နှစ်ကြိမ်စလုံးပင်ရှုံးနိမ့်ခဲ့လေသည်။ သို့သော် ၁၉၆၉ ခုနှစ်တွင် အဓိပတိအဖြစ် ရွေးချယ်ခြင်း ခံရလေသည်။

၁၉၇၁ ခုနှစ်တွင် ဝီလီဗရန့်သည် နိုဗဲငြိမ်းချမ်းရေးဆုချီးမြှင့်ခြင်း ခံရသည်။

ဝီလီဗရန့်၏ ဆိုရှယ်လစ် ဒီမိုကရက်တစ် ပါတီသည် အနောက်ဂျာမနီ လွှတ်တော်တွင် အင်အား အတောင့်တင်းဆုံး ပါတီတရပ်ဖြစ်သည်။ ၁၉၇၂ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ကျင်းပသော လွှတ်တော် ရွေးကောက်ပွဲတွင် ဆိုရှယ်လစ် ဒီမိုကရက်တစ် ပါတီက အနိုင်ရရှိသဖြင့် ဝီလီဗရန့်သည် အနောက်ဂျာမနီ နိုင်ငံ၏ အဓိပတိအဖြစ် ဒုတိယ အကြိမ် ဆက်လက်တင်မြောက်ခြင်း ခံရလေသည်။

ဝိလိဗရန်၏ နိုင်ငံခြားရေးဝါဒမှာ အနောက်နှင့် အရှေ့အုပ်စု ဥရောပနိုင်ငံများနှင့် ပို၍ အဆင်ပြေစွာဆက်ဆံရေး ဖြစ်သည်။

ရုရှနိုင်ငံ၊ ပိုလန်နိုင်ငံ တို့နှင့်လည်း နှစ်နိုင်ငံ ချစ်ကြည်ရေး စာချုပ်များ ချုပ်ဆိုခဲ့ရာ ၁၉၇၂ ခုနှစ် မေလတွင် ဂျာမနီပြည်ထောင်စု သမ္မတနိုင်ငံ လွတ်တော်က အတည်ပြု ကြေငြာခဲ့သည်။

သူလျှိုကိစ္စနှင့် ပတ်သက်ပြီး ဝိလိဗရန်သည် ၁၉၇၄ ခုနှစ်တွင် ရာထူးမှနုတ်ထွက်ခဲ့ရသည်။ သို့သော်လည်း ဆိုရှယ်လစ် ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌနှင့် ကမ္ဘာ့ဆိုရှယ်လစ်အဖွဲ့ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက် ရှိသည်။

ဗရန်းဒေ့, အော်ဗရီ (ခရစ် ၁၈၈၇–၁၉၇၅)။ ။ အော်ဗရီဗရန်းဒေ့ကို ၁၈၈၇ ခုနှစ် စက်တင်ဘာလ ၂၈ ရက်နေ့တွင် ဖွားမြင်သည်။ သူသည် ခေတ်သစ်အိုလံပစ် အားကစားပွဲများ၏ ဘိုးအေဖြစ်သည်။

ဗရန်းဒေ့သည် ၁၉၁၄ ခု၊ ၁၉၁၆ ခုနှင့် ၁၉၁၈ ခုနှစ်များတွင် အမေရိကန်နိုင်ငံ၏ အပျော်တမ်း ဘက်စုံ အားကစား ချန်ပီယံဖြစ်သည်။ သူသည် ကြွယ်ဝသော စက်မှုလုပ်ငန်းရှင်တဦးဖြစ်သည်သာမက အနုပညာဟစ္စည်း စုဆောင်း သိမ်းဆည်းသူလည်း ဖြစ်သည်။ သူသည် နှစ်ပေါင်းများစွာတိုင်အောင် အရှေ့တိုင်း အနုပညာ ပစ္စည်းများကို ဒေါ်လာသန်းပေါင်း ၅၀ ဘိုးမျှ ဝယ်ယူစုဆောင်းကာ အမေရိကန်နိုင်ငံ ဆန်ဖရန်ဆစ္စကိုမြို့သို့ လှူဒါန်းခဲ့လေသည်။

အော်ဗရီဗရန်းဒေ့သည် နှစ်ပေါင်း နှစ်ဆယ် တိုင်အောင် အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် အိုလံပစ် အားကစားပွဲများတွင် စည်းကမ်းမဲ့စွာ ရှုပ်ရှုပ်ထွေးထွေး ဖြစ်သည့် အချိန်တွင် သူသည် အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၏ ရာထူးမှ နုတ်ထွက်ခဲ့သည်။

အပျော်တမ်း အားကစား လောကတွင် မပင်မပန်း တီထွင်လိုက်စားခဲ့သူဖြစ်ရကား ဗရန်းဒေ့သည် အားကစားပွဲများနှင့် စပ်လျဉ်းသော အငြင်းအခုန်ကိစ္စများနှင့် အမြဲတစေ ယဉ်ပါးလျက် နေသူဖြစ်သည်။

ဗရန်းဒေ့သည် အိုလံပစ်ကော်မတီဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်သောအခါ အသက် ၅၈ နှစ်ရှိ အိုင်ရစ်လူမျိုး လေ့ကိလာနင်ဆိုသူက သူ့နေရာကို ဆက်ခံခဲ့လေသည်။

၁၉၇၅ ခုနှစ် မေလ ၈ ရက်နေ့တွင် ဗရန်းဒေ့ ကွယ်လွန်သည်။

ဗာဆူတိုလန်။ ။(လီဆိုသို — ရှု။)

ဗာဗေးဒိုးနိုင်ငံ။ ။ဗာဗေးဒိုးနိုင်ငံသည် အတ္တလန္တိတ် သမုဒ္ဒရာအတွင်း အနောက် အိန္ဒိယကျွန်းစုရှိ ကျွန်းများ အနက် အရွှေဖက်အစွန်ဆုံးမှ ကျွန်းငယ်ကလေး ဖြစ်သည်။ ဗာဗေးဒိုးကျွန်းသည် အလျား ၂၁ မိုင်နှင့် အနံ ၁၄ မိုင် ရှိပြီး အကျယ် အဝန်းမှာ ၁၆၆ စတုရန်းမိုင် ဖြစ်သည်။ မြေမျက်နှာပြင်မှာ ကမ်းရိုးတန်း တလျှောက်မှ အတွင်းပိုင်းသို့ တဖြည်းဖြည်း မြင့်တက်သွားသည်။ အရွှေမြောက်ဖက် ၌ ပေ ၁,၁၀၄ မြင့်သော မောင့်ဟီလဗီတောင်ရှိသည်။



ကျွန်း၏ ၄၆ ကေခန့်မှာ သစ်တောများ ဖုံးလွှမ်းနေပြီး ၆၀,၀၇၅ ကေမှာ စိုက်ပျိုးမြေများ ဖြစ်သည်။ ကျွန်းပတ်လည် ကမ်းရိုးတန်းသည် သန္ဓာကျောက်တန်းများဖြင့် ဝိုင်းရံလျက်ရှိသည်။ လူဦးရေမှာ ၁၉၇၆ ခုနှစ် ခန့်မှန်းခြေအရ ၂၅၂,၀၀၀ ရှိသည်။ မြို့တော်မှာဗရစ်ဂျတောင်းမြို့ ဖြစ်သည်။ ဗရစ်ဂျတောင်းမြို့ကို ဗဟိုပြု၍ အရှည်မိုင် ၁၄၀ ခန့် ရှိသော မော်တော်ကားလမ်းမကြီးများ ဖောက်လုပ်ထားခြင်းဖြင့် ကျွန်းတွင်း ခရီးလမ်း သွားလာမှုပြုကြသည်။ မီးရထားလမ်း မရှိ၊ ဗရစ်ဂျတောင်းမြို့မှ ၁၂ မိုင်အကွာတွင် ဆီးဝဲလ်နိုင်ငံတကာ လေဆိပ်ရှိသည်။

ဗာဗေးဒိုး ကျွန်းသားများကို ဗာဂျန် လူမျိုးများဟု ခေါ်ကြသည်။ ယင်းတို့အနက် အာဖရိက အဆက်အနွယ်များ၊ အာဖရိက ကပြားနှင့် ဥရောပ အဆက်အနွယ်များ ပါဝင်ကြသည်။ လူဦးရေ ၉၀ ရာခိုင်နှုန်းမှာ လူမည်းများဖြစ်၏။ ခရစ်ယန်ဘာသာကို ကိုးကွယ်သူများ၍ အင်္ဂလိပ်ဘာသာ စကားအပြောများသည်။

ဗာဗေးဒိုး ဟူသော အမည်ကို နယ်သစ်ရှာ ပေါ်တူဂီ လူမျိုးများ မှည့်ခေါ်ခြင်းဖြစ်သည်။ အဓိပ္ပါယ်မှာ မုတ်ဆိတ်ကြီးဟူ၍ ဖြစ်သည်။ ထိုစဉ်က မုတ်ဆိတ်သဏ္ဌာန် စပျစ်နွယ်ပင်များ တကျွန်းလုံး ပေါက်ရောက်နေသဖြင့် ယင်းကို အစွဲပြုကာ အမည်မှည့်ခဲ့ကြခြင်း ဖြစ်သည်။

၁၆၅၂ ခုနှစ်မှစ၍ ပြိတိသျှလက်အောက်ခံ ကိုလိုနီအဖြစ် နှစ်ပေါင်း ၃၉၉ နှစ် ကြာခဲ့ရသည်။ ၁၉၃၀ ပြည့်နှစ်နောက်ပိုင်းမှ ပညာတတ် လူလတ်တန်းစား နိဂရိုးများက ဦးဆောင်ကာ နိုးကြားလာကြသည်။ ၁၉၃၇ ခုနှစ်တွင် လှုပ်ရှားမှုများပို၍ ပြင်းထန်လာသည်။ ထို့ကြောင့် ပြိတိသျှ အစိုးရက မိုင်နီကော်မရှင် စေလွှတ်ကာ စုံစမ်းစေသည်။ ၁၉၅၈ ခုနှစ် ဇန္နဝါရီလထဲတွင် အနောက်အိန္ဒိယကျွန်းစုများ ပြည်ထောင်စုဖြင့် အစားထိုး တည်ထောင်သည်။ ၁၉၄၂ ခုနှစ်မှစ၍

ဗာဗေးဒိုးနိုင်ငံ ဝန်ကြီးချုပ်ဖြစ်ခဲ့သော ဆာဂရန်တလေအဲဒမ်းစသည် အနောက်အိန္ဒိယကျွန်းစုများ ပြည်ထောင်စုအဖွဲ့၏ ပထမဆုံး ဝန်ကြီးချုပ် ဖြစ်လာသည်။

၁၉၆၁ ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့တွင် ကိုယ်ပိုင်အုပ်ချုပ်ရေးရသည်။ ဗာဗေးဒိုးနိုင်ငံသည် ၁၉၆၆ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့က ဗြိတိသျှအစိုးရထံမှ လွတ်လပ်ရေးရပြီး ထိုနှစ်ဒီဇင်ဘာလ ၉ ရက်နေ့တွင် ကုလသမဂ္ဂ၏ ၁၂၂ နိုင်ငံမြောက် အဖွဲဝင်နိုင်ငံ ဖြစ်လာသည်။

ဗာဗေးဒိုး နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံ ဖြစ်သည်။ နိုင်ငံ၏ စီးပွားရေးသည် သကြားထွက်ကုန် အပေါ် ၉၀ ရာခိုင်နှုန်း မှီခိုရသည်။ ခရီးသွားလာရေး လုပ်ငန်းမှလည်း နိုင်ငံခြားငွေ အမြောက်အမြားရသည်။ ပြည်ပပို့ကုန်များမှာ သကြား၊ ဝါဂွမ်း၊ ပြောင်း၊ ပီလောပီနံ့၊ ရမ်အရက်၊ တင်လဲရည်၊ ကြံသကာနှင့် ထုံးတို့ ဖြစ်၏။

ဗာဗေးဒိုးသည် ကမ္ဘာတွင် စာပေတတ်မြောက်သူ အများဆုံး နိုင်ငံဖြစ်သည်။ နိုင်ငံလူဦးရေ၏ ၉၉ ရာခိုင်နှုန်းကျော် စာတတ်မြောက်ကြသည်။

ဗာမျူဒါတြိဂံ။ ။ဗာမျူဒါတြိဂံဒေသသည် ကမ္ဘာ့ရေသန့်ရှင်းများအနက် ကြောက်မက်ဖွယ်အကောင်းဆုံးဖြစ်ရုံမျှမက လျှို့ဝှက် ဆန်းကြယ်၍ အသိရခက်လှသောရေပြင်ကြီးလည်းဖြစ်သည်။ ယင်းဒေသတွင် ရေပြင်၌သာသဘော်နှင့်လူတို့ ပျောက်ကြရသည် မဟုတ်၊ ထိုရေပြင်အထက်မှ ကောင်းကင် ပြင်တွင် ဖြတ်ကျော်ပျံသန်းသွားသော လေယာဉ်များပင် ထူးဆန်းစွာ ပျောက်ခဲ့ကြရသည်။ ထို့ကြောင့် ဗာမျူဒါတြိဂံဒေသကို မရဏာလမ်းဆုံဟူ၍တင်စားကြသည်။

ဗာမျူဒါတြိဂံဟူသော ဝေါဟာရကို ပထဝီဝင် သုတေသီတဦးဖြစ်သည့် ဗင်ဆင့်အိတ်ချဂါဒစ် ဆိုသူက ၁၉၆၄ ခုနှစ်တွင် သူ၏ ဆောင်းပါးတပုဒ်၌ အမှတ်မထင်သုံးစွဲလိုက်ရာမှ ပေါ်ပေါက်လာခြင်း ဖြစ်သည်။

ထိုတြိဂံဒေသသည် အမေရိကန်ပြည် ဖလော်ရစ်ဒါကမ်းခြေမှ ပင်တိုရီကိုသို့ မျဉ်းကြောင်းဆွဲ၍ ယင်းမှ မြောက်ဖက်ရှိ ဗာမျူဒါကျွန်းသို့ ဆက်လက်၍ ဆွဲသွားပြီးထိုမှတဖန် မူလ ဖလော်ရစ်ဒါ ကမ်းခြေသို့ ပြန်ဆွဲသည့်စိတ်ကူးထဲမှ တြိဂံတခုသာဖြစ်သည်။ ယင်း ဖိုခနောက်သုံးဆိုင်အတွင်း သက်ဆင်းမိသော ရေယာဉ်၊ လေယာဉ်ဟူသမျှ မည်သည့် သတင်းမျှနောက်ထပ်မကြားသိရတော့ပဲ စုပ်စမြုပ်စပျောက်ကွယ်ရသည်ချည်း ဖြစ်နေသည်မှာ ယခုကဲ့သို့ သိပ္ပံပညာထွန်းကားမှု အားကောင်းနေသောခေတ်ကြီးတွင် ခေါင်းရှုပ်စရာ ပြဿနာတရပ် ဖြစ်နေလေသည်။

ပင်လယ်တွင်း၌ သဘော်ပျက်သည်ဆိုလျှင် သာမန်အားဖြင့် သဘော်ပေါ်မှ ဖိတ်အန်ကျလာဘော ဆီကွက်

ကြီးများသည် ရေပြင်တကြော၌ မိုင်ပေါင်း များစွာ အထိ ပံ့ချဲ့နေတတ်သည်။ သဘော်ပေါ်ရှိ အသုံးအဆောင် ပစ္စည်းတို့သည်လည်း ရေပေါ်တွင် ပေါလော မျောနေနိုင်ကြသည်။ နောက်ဆုံးတွင် လူသေလောင်းများပင် ရေစီးအတိုင်း ပါလာနိုင်ကြသည်။ ဗာမျူဒါတြိဂံဒေသအတွင်း၌ ပျောက်သွားသော သဘော်များကမူ သဲလွန်စ ဟူ၍ ဘာမျှမတွေ့ရတော့ချေ။ အလွန်အလွန် ကံကြီးလွန်းသူများသာလျှင် မိမိတို့၏ သဲထိတ်ရင်ဖို အတွေ့အကြုံကို ပြန်လည်ပြောနိုင်ခဲ့ကြသည်။

ထိုသူတို့၏ ပြောပြချက်များအရ ထိုဒေသတွင် ဖြတ်သန်းမိသော လေယာဉ်များသည် ကောင်းကင်၌ နိမ့်ချည်မြင့်ချည် နှင့် လှိုင်းပေါ်မှ လေ့ကဲ့သို့ ခံစားကြရသည်ဟု သိရ၏။ လေယာဉ်မှူးတို့သည်လည်း ရှေ့တူရူဆိတ်ဘာကိုမျှ မမြင်ရပဲ ပတ်ဝန်းကျင် မြင်ကွင်း အားလုံးပျောက်ကွယ်၍ နေကြသည်။ မိမိတို့ လေယာဉ် မည်သည့်ဒေသ ရောက်နေသည်ကို မသိနိုင်ကြတော့ဟု ဆိုလေသည်။ လေယာဉ်စက်ခန်းထဲရှိ စက်ခလုတ်ခုံပေါ်တွင် ကရိယာအားလုံး ရပ်ဆိုင်းနေသည်ကိုသာ တွေ့ရတတ်ကြသည်။ ယင်းသည် ဗာမျူဒါတြိဂံဒေသတွင် အချိန်နှင့် နေရာတို့ပျောက်နေခြင်း သဘောပင် ဖြစ်လေသည်။ ထိုမျှမက ရေဒီယို အဆက်အသွယ်လည်း လုံးဝပျောက်ကွယ်သွားကာ အသံတိတ် ကမ္ဘာလေးတခု အဖြစ် ဖန်တီးဖြစ်ပေါ်လာတတ်လေ့ရှိသည်။

ဗာမျူဒါတြိဂံကဲ့သို့ အုတ်အော် သောင်းနင်းမဖြစ်သော်လည်း အလားတူ ကြောက်မက်ဖွယ် ကောင်းသော ရေသန့်ရှင်းကြီး တခုလည်း ရှိပေသေးသည်။ ယင်းမှာ ပစိဖိတ် သမုဒ္ဒရာတွင်းမှ ဗိုနင်ကျွန်းစု၏ အရှေ့ဖက်တွင်ရှိသည်။ ဂျပန်ပြည်မှဆိုလျှင် တောင်ဖက်ကျသည်။ ထို့ကြောင့် ယင်းရေသန့်ရှင်းထဲတွင် ဂျပန် ငါးဖမ်းသဘော်များ အများဆုံး ပျောက်ဆုံးခဲ့ကြရသည်။ ဒုတိယ ကမ္ဘာစစ်ပြီးဆုံးသော အခါ အမေရိကန် လေတပ် အခြေစိုက်စခန်း ထားရှိရာ ဂူအမ်ကျွန်းနှင့် ဂျပန်ပြည်တို့ အကြား ကူးလူးပျံသန်းကြ

ဗာမျူဒါတြိဂံဒေသ တည်နေရာပြမြေပုံ



သော အမေရိကန် စစ်လေယာဉ်တို့ပါ ထပ်မံပျောက်ဆုံးကြရပြန်သည်။

သိပ္ပံပညာဖြင့် ဖြေရှင်း၍ မရသေးသော ကိစ္စရပ်များလေ့လာရေးအသင်းကြီးကို လက်မှန်မဆွတည်ထောင်ခဲ့သော အိုင်ဗန်တီ ဆင်ဒါ့ဆန် ဆိုသူ သုတေသီ၏အလိုအရ ကမ္ဘာ့သမုဒ္ဒရာခုနစ်စင်းတို့တွင်အန္တရာယ်ကြီးသောရေသခဲ်ကြီးပေါင်း ၁၂ ခုရှိသည်ဟု သိရသည်။ ထိုစာရင်းမှ အထက်ပါရေသခဲ်ကြီး နှစ်ခုကိုနုတ်လိုက်သော် ဆယ်ခုကျန်သည်။ ယင်းတို့သည် ကမ္ဘာ့မြောက်ဖက်ခြမ်း၌ ငါး ခု၊ တောင်ဖက်ခြမ်း၌ ငါးခုစီရှိကြသည်။ မြောက်ဖက်မှ ရေ သခဲ်ကြီးများသည် လောင်ဂျီတွဒ် ၇၂ ဒီဂရီခန့်တွင် ဗဟိုပြုလျက်ရှိသည်။

အခု်ိသောသိပ္ပံပညာရှင်တို့ကမူ ထိုရေသခဲ်ကြီးများရှိရာ ဒေသတဝိုက်၌ သံလိုက်ဆွဲအားများ ပြင်းထန်ကျရောက်နေလိမ့်မည်ဟု ထင်မြင်ကြသည်။ အခု်ိကလည်း အာကာသထဲမှ ကော့စမစ် ရောင်ခြည်တို့က စုပ်ယူလိုက်သဖြင့် အဋ္ဌေဖြစ်ပြီး ပျောက်ကွယ်သွားခြင်း ဖြစ်သည်ဟု ယူဆကြသည်။

အမှန်ဆိုသော် အာကာသထဲမှ ကျလာသော ဓာတ်မှုန်တို့ကား မျိုးမည်မခဲ့ခြား နိုင်လောက်အောင်ပင် များပြားရှုပ်ထွေးကြပါပေ၏။ ထိုဓာတ်မှုန်တို့သည် အချိန်နှင့်အမျှ လူတို့နေရာ ဤကမ္ဘာကို ထိမှန်ကျရောက်လျက် ရှိသည်။ ယင်းတို့အနက် အခု်ိမှာ အလွန်ထူးခြား ဆန်းကြယ်သော ဂုဏ်သတ္တိရှိကြလေသည်။

နျူထရီနိုခေါ် ဓာတ်မှုန်သည် ယင်းဓာတ်မှုန်ကျရောက်ရာ နယ်ပယ်တွင် မြေဆွဲအားမရှိပဲ ပျောက်နေတတ်သည်။ လျှပ်စစ်ဓာတ် အဖိုအမတို့လည်း မရှိပေ။ ဒြဗ်ကိုလည်း အကောင်အထည် ပျောက်သွား စေနိုင်သည်။ အချုပ်အားဖြင့် ရူပဗေဒ ဂုဏ်သတ္တိအားလုံးပင် ယင်း နျူထရီနို စက်ကွင်းနယ်ပယ်တွင် ပျောက်ကွယ်နေနိုင်ပေသည်။

ဗာမျှဒါတြိဂံရေပြင်တဝိုက်၌ နျူထရီနိုစက်ဝန်းဖြစ်ပေါ်နိုင်သလောဟု အခု်ိသိပ္ပံပညာရှင်တို့ကယူဆကြသည်။

ဗာရိန်းနိုင်ငံ။ ။အရှေ့အလယ်ပိုင်းတွင် ဒုတိယအငယ်ဆုံး ကျွန်းနိုင်ငံဖြစ်သည်။ ပါးရှင်းပင်လယ်ကွေ့တွင် တည်ရှိသည်။ စတုရန်းမိုင် ၂၄၀ ကျယ်ဝန်းသည်။ ၁၉၇၆ ခုနှစ် ခန့်မှန်းခြေအရ လူဦးရေသည် ၂၇၂၀၀ ရှိသည်။



ပူပြင်း ခြောက်သွေသော ရာသီဥတု ရှိသည်။ နှစ်စဉ်ပျမ်းမျှ ရေချိန် ၃ လက်မခန့်သာ ရွာသွန်းသည်။ မြို့တော်မှာ မင်နာမာမြို့ဖြစ်သည်။ ဗာရိန်းလူမျိုးများအပြင် လူဦးရေ၏ထက်ဝက်နီးပါးမှာ အီရန်လူမျိုးများဖြစ်သည်။ အမေရိကန်၊ ဥရောပ၊ အိန္ဒိယနှင့် ပါကစ္စတန်လူမျိုးများလည်း နေထိုင်ကြသည်။

စက်မှုနိုင်ငံဖြစ်သည်။ လောင်စာဆီ လုပ်ငန်းများကို ဆအူးဒီ အာရေဗျနိုင်ငံမှ ပိုက်လိုင်းများနှင့် ဆက်သွယ်တူးဖော်လုပ်ကိုင်သည်။

၁၇၇၂ ခုနှစ်တွင် အာရေဗျ ကျွန်းဆွယ်မှ အယ်လခါလီဖာ မိသားစုသည် ပါးရှင်းပင်လယ်ကို ဖြတ်ကျော်လာပြီး ပင်လယ်ကွေ့ရှိ ဗာရိန်းကျွန်းတွင် စော်ဘွားနိုင်ငံတည်ထောင်ခဲ့သည်။ ၁၈၂၀ ပြည့်နှစ်တွင် ဗြိတိသျှ သြဇာခံနယ်မြေအဖြစ် သတ်မှတ်ခြင်းခံခဲ့ရသည်။ ၁၉၃၂ ခုနှစ်တွင် ရေနံကို ရှာဖွေတွေ့ရှိ လာခဲ့သည်။ အရွှေအလယ်ပိုင်း၏ ရေနံဆီတင်ပို့ဆောင်းချရာ အချက်အခြာဒေသဖြစ်လာခဲ့သည်။

ဗာရိန်း နိုင်ငံသည် ၁၉၆၀ ပြည့်နှစ်အထိ အယ်လခါလီဖာ အမျိုးအနွယ် အကြီးအကဲများက စဉ်ဆက်မပြတ် အုပ်စိုးခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် ရှိတ်အစ်ဇာဗင်ဆူလမန် အယ်လခါလီဖာသည် နိုင်ငံ၏အကြီးအကဲဖြစ်လာသည်။

၁၉၇၁ ခု သြဂုတ် ၁၄ ရက်နေ့တွင် ဗာရိန်းနိုင်ငံသည် လွတ်လပ်ရေးကြေငြာခဲ့သည်။ ၁၉၇၁ ခုနှစ်တွင် ပထမဦးဆုံးသော ရွေးကောက်ပွဲကို ကျင်းပသည်။ အခြေခံဥပဒေသစ်ရေးဆွဲပြဋ္ဌာန်းခဲ့သည်။ ထိုရွေးကောက်ပွဲတွင်ဆူလမန်အယ်လခါလီဖာ ဝန်ကြီးချုပ်အဖြစ် ရွေးချယ် တင်မြှောက်ခံရသည်။

၁၉၇၆ ခုနှစ် သြဂုတ်လတွင် အာရပ်ကွန်မြူနစ်လှုပ်ရှားမှုများ ဖြစ်ပွားလာ၍ ကာကွယ်ရေးဥပဒေသစ်တရပ် ထုတ်ပြန်လိုက်သည်။ လှုပ်ရှားမှုတွင် ပါဝင်သည်ဟု ယူဆရသော အမျိုးသား ရွှေတန်းတပ်ဖွဲ့ဝင် အခု်ိနှင့် ပြည်သူ့တပ်ဖွဲ့ဝင် အခု်ိကို ဖမ်းဆီးလိုက်သည်။ ယင်းဥပဒေကို ဆန့်ကျင်ဆူပူမှုများ ပေါ် ပေါက် လာသဖြင့် သြဂုတ်လ ၂၄ ရက်နေ့တွင် ခါလီဖာခေါင်းဆောင်သော အစိုးရအဖွဲ့အား လုံး နုတ်ထွက်လိုက်သည်။ ထို့ကြောင့် ဝန်ကြီးချုပ်၏ အစ်ကိုဖြစ်သူ နိုင်ငံခေါင်းဆောင် ရှိတ်အစ်ဇာဗင်ဆူလမန်အယ်လခါလီဖာက အစိုးရအဖွဲ့ ပြန်လည်ဖွဲ့စည်းရန် အမိန့်ထုတ်ပြန်လိုက်သည်။

သြဂုတ်လ ၂၅ ရက်နေ့တွင် ဝန်ကြီး ၁၆ ဦးပါသော အစိုးရအဖွဲ့သစ်ကို ပြန်လည် ဖွဲ့စည်း ပြီးကြောင်း ကြေငြာလိုက်သည်။ ဝန်ကြီးချုပ်ဟောင်းက အမျိုးသားလှုတ်တော်ကို ဖျက်သိမ်းပေးရန် အဆိုပြုပြီး မကြာမီ ရွေးကောက်ပွဲသစ် ကျင်းပပေးမည်ဟု ကတိပြုသည်။ သြဂုတ်လ ၂ ရက်နေ့တွင် အမျိုးသား လှုတ်တော်ကို ဖျက်သိမ်းလိုက်သည်။

၁၉၇၆ ခုနှစ် ဧပြီလတိုင် ရွေးကောက်ပွဲမကျင်းပဖြစ်သေးသဖြင့် ဧပြီလ ၂၀ ရက်နေ့တွင် ကမ္ဘာ့လှုတ်တော်သမဂ္ဂက ဗာရိန်းနိုင်ငံကို အဖွဲ့ဝင်အဖြစ်မှ ထုတ်ပယ်လိုက်သည်။

ဗားလဟိုင်း, ကု(ခရစ် ၁၉၁၈ ဖွား)။ ။ကုဗားလဟိုင်းသည် ကမ္ဘာ့ ကုလသမဂ္ဂအဖွဲ့ကြီး၏ စတုတ္ထမြောက်အတွင်းရေး မှူး ချုပ် ဖြစ်သည်။ ၁၉၁၈ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက် နေ့တွင် သြစတြီးယား နိုင်ငံ ဗီယင်းနားမြို့ အနီးရှိ စိန့်အန်ဒရေဝေါ် အာဒင် အရပ်၌ ဖွားမြင်ခဲ့သည်။ ဖခင်သည် ချက်ကို စလို ဗက်ကီးယား သွေးပါသော ကျောင်းဆရာ ဖြစ်သည်။ ဗားလဟိုင်း ၁၉နှစ် အရွယ်တွင် ဗီယင်းနား ကောင်စစ်ဝန် အကယ်ဒမီသို့ တက်ရောက်ခွင့်ရသည်။ ၁၉၄၄ ခုနှစ်တွင် ဗီယင်းနား တက္ကသိုလ်မှ ဥပဒေပါရဂူဘွဲ့ရသည်။



အတွင်းရေးမှူးချုပ် ကုဗားလဟိုင်း

၁၉၄၅ ခုနှစ်တွင် နိုင်ငံခြားရေး ဌာန၌ ဝင်ရောက်၍ ပြင်သစ်နိုင်ငံ ပဲရစ်မြို့ နိုင်ငံခြားရေးရုံးသို့ သွားရောက်အမှုထမ်းရသည်။ ၁၉၅၁ ခုနှစ်၌ ဗီယင်းနားမြို့သို့ ပြန်လာကာ နိုင်ငံခြားရေး ဝန်ကြီးဌာန လက်အောက်ရှိ ဝန်ထမ်းရေးရာ ဌာနခွဲမှူးအဖြစ် ထမ်းရွက်ရသည်။ ၁၉၅၅–၅၆ ခုနှစ်ပိုင်းတွင် ကမ္ဘာ့ကုလသမဂ္ဂ၌ သြစတြီးယားနိုင်ငံ၏ အမြဲတမ်း လေ့လာရေးအရာရှိ အဖြစ်ရင်း၊ ၁၉၅၆ ခုနှစ်မှ၁၉၆၀ ပြည့်နှစ်အထိ ကနေဒါ နိုင်ငံဆိုင်ရာ သံအမတ်ကြီး အဖြစ်ရင်း ထမ်းရွက်သည်။

၁၉၅၈ ခုနှစ်တွင်း၌ သြစတြီးယား နိုင်ငံကို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံအဖြစ် လက်ခံလိုက်သောအခါ ဗားလဟိုင်းသည် ကုလသမဂ္ဂ အထွေထွေညီလာခံသို့ သြစတြီးယား နိုင်ငံ၏ အမြဲတမ်းကိုယ်စားလှယ် အဖွဲ့ကို ခေါင်းဆောင်၍ တက်ရောက်ရသည်။ ထိုမှနှစ်နှစ်ကြာသော် ဗီယင်းနားမြို့သို့ ပြန်လာပြီး နိုင်ငံခြားရေးဝန်ကြီးဌာနလက်အောက်တွင် နိုင်ငံခြားရေး ဌာနခွဲ ညွှန်ကြားရေးမှူးအဖြစ် ဆောင်ရွက်သည်။ ၁၉၆၄ ခုနှစ်မှ ၁၉၆၈ ခုနှစ်အထိမူ သြစတြီးယား နိုင်ငံ၏ ကုလသမဂ္ဂအမြဲတမ်း ကိုယ်စားလှယ်ဖြစ်၍ ၁၉၆၅ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂအပြင် အာကာသ ကော်မတီ၏ နာယက ရွေးချယ်ခံရသည်။ ထိုနောက် သြစတြီးယား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ၁၉၆၈ ခုနှစ်မှသည် ၁၉၇၀ ပြည့်နှစ်အထိ ဆောင်ရွက်ကာ ၁၉၇၀ ပြည့်နှစ် အတွင်း၌ ကမ္ဘာ့ကုလသမဂ္ဂတွင် အမြဲတမ်း ကိုယ်စားလှယ်အဖြစ် ထမ်းဆောင်ရပြန်သည်။

ကုဗားလဟိုင်းသည် ၁၉၇၁ ခုနှစ် ဧပြီလတွင် သြစတြီးယား နိုင်ငံ သမ္မတ ရွေးပွဲ၌ ကွန်ဆာဗေးတစ် ပြည်သူပါတီ ကိုယ်စားလှယ်အဖြစ် ဝင်ရောက်အရွေးခံရာ ၄၇.၂ ရာခိုင်နှုန်း မဲဖြင့် ရှုံးနိမ့်သွားသည်။ ထိုနှစ် ဒီဇင်ဘာလတွင်မူ ကုလသမဂ္ဂ လုံခြုံရေးကောင်စီက အတွင်းရေးမှူးချုပ်ဦးသန့်၏ နေရာကို ဆက်ခံရန် ဖင်လန်သံအမတ် မက်ဂျေကော့နှင့် ယှဉ်၍ မဲဆန္ဒယူရာ ဗားလဟိုင်းအား အထွေထွေညီလာခံက တညီတညွတ်တည်း အတွင်းရေးမှူးချုပ်အဖြစ် ၁၉၇၂ ခုနှစ် ဇန္နဝါရီလ ၁ ရက်နေ့မှစ၍ ရွေးချယ် ခန့်အပ်လိုက်သည်။ ၁၉၇၆ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ပထမ လေးနှစ်သက်တန်းကုန်ဆုံးသောအခါ ၁၉၈၀ပြည့်နှစ် ဒီဇင်ဘာ ၃၁ ရက်နေ့ထိ ဒုတိယလေးနှစ်ထပ်မံခန့်အပ်သည်။

ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ။ ။ဂျီနီဗာသဘောတူညီချက်အရ ၁၉၅၄ ခုနှစ်တွင် လတ္တီတွဒ် ၁၇ မျဉ်းပြိုင်ကို ယာယီ နယ်နိမိတ်သတ် မှတ်၍ မြောက်ပိုင်း ဗီယက်နမ်ကို ဗီယက်နမ် ဒီမိုကရက်တစ် သမ္မတ နိုင်ငံ၊ တောင်ပိုင်း ဗီယက် နမ်ကို ဗီယက်နမ် သမ္မတ နိုင်ငံ ဟူ၍ နှစ်ပိုင်းခွဲခဲ့သည်။ (၇–၄၆၄—ရှု။) ၁၉၅၆ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ ပြန်လည် ပေါင်းစည်းရေးအတွက် ပြည်သူဆန္ဒ ရယူဖို့အထွေထွေရွေးကောက်ပွဲ ကျင်းပရန် သဘောတူခဲ့ကြသော်လည်း အကောင်အထည်ကား မပေါ်ခဲ့ချေ။



၁၉၆၀ ပြည့်နှစ်တွင် တောင်ဗီယက်နမ် အမျိုးသားလွတ်မြောက်ရေးတပ်ဦးကို ဖွဲ့စည်းကာ သမ္မတ ငိုဒင်ဇင်း၏ အုပ်ချုပ်မှုကိုတော်လှန်ခဲ့ကြရာ တနေ့တခြား အောင်ပွဲများ ရရှိလာခဲ့သည်။ အမေရိကန်တို့ကလည်း တောင်ဗီယက်နမ်တပ်များကို လူအား ပစ္စည်းအားဖြင့် ကူညီသည်။ ဗီယက်နမ် အမျိုးသားလွတ်မြောက်ရေးတပ်ဦးကို ဗီယက်နမ်ဒီမိုကရက်တစ် သမ္မတနိုင်ငံ အစိုးရက ကူညီလေသည်။ ထိုသို့ဖြင့် ဗီယက်နမ်စစ်မီးသည် မြောက်ဗီယက်နမ်၊ လောနှင့် ကမ္ဗောဒီးယားနိုင်ငံများအပါအဝင် အင်ဒိုချိုင်းနား ဒေသတခုလုံးသို့ ကူးစက်ခဲ့သည်။ တဖက်ကစစ်တိုက်၍ အခြားတဖက်ကလည်း စေ့စပ်ဖြေရှင်းရေးနည်းလမ်းဖြင့် ကြိုးပမ်းခဲ့ရာ ၁၉၇၃ ခုနှစ် ဇန္နဝါရီလ ၂ ရက်နေ့တွင် ပဲရစ်မြို့၌ အပစ်အခတ်ရပ်စဲရေးစာချုပ် လက်မှတ်ထိုး၍ ဗီယက်နမ်မှ အမေရိကန်တပ်

များ ပြန်လည်ရုပ်သိမ်းရလေသည်။ ၁၉၇၅ ခုဧပြီလ ၃၀ ရက်နေ့တွင် အမျိုးသား လွတ်မြောက်ရေးတပ်ဦးက ဆိုင်းဂွန်မြို့ကို သိမ်းပိုက်၍ စစ်ပြီးဆုံးသွားသည်။

အမျိုးသား လွတ်မြောက်ရေး တပ်ဦးက အောင်ပွဲခံပြီးနောက် တောင်ဗီယက်နမ် ယာယီတော်လှန်ရေး အစိုးရ တက်လာသည်။ တော်လှန်ရေး အစိုးရ ခေါင်းဆောင်များနှင့် ဒီမိုကရက်တစ် ဗီယက်နမ် သမ္မတ အစိုးရခေါင်းဆောင်တို့ အကြိမ်ကြိမ် တွေ့ဆုံ၍ ဗီယက်နမ် ပြန်လည် ပေါင်းစည်းရေး ဆွေးနွေးကြသည်။

၁၉၇၆ ခုနှစ် ဧပြီလတွင် ဗီယက်နမ် နိုင်ငံ တဝှန်းလုံး၌ အထွေထွေ ရွေးကောက်ပွဲ ကျင်းပရာ အမျိုးသား လွတ်တော် ကိုယ်စားလှယ်အဖြစ် မြောက်ဗီယက်နမ် ကိုယ်စားလှယ် ၂၄၉ ယောက်၊ တောင်ဗီယက်နမ် ကိုယ်စားလှယ် ၂၄၃ ယောက် ပေါင်း ကိုယ်စားလှယ် ၄၉၂ ယောက် ရွေးချယ်တင်မြှောက်ခံရသည်။ ၁၉၇၆ ခု ဇွန်လ ၂၄ ရက်နေ့တွင် အမျိုးသားလွတ်တော်၏ ပထမ အစည်းအဝေးကို ဟနွိုင်းမြို့ ဘာဒင်း လွတ်တော် ခန်းမ၌ ကျင်းပသည်။ ယင်း လွတ်တော်က ဗီယက်နမ်နှစ်နိုင်ငံ ပူးပေါင်းရန် သဘောတူ ဆုံးဖြတ်ကြရာ ထိုနှစ် ဇူလိုင်လ ၂ ရက်နေ့တွင် နှစ်နိုင်ငံ ပြန်လည် ပေါင်းစည်း၍ ဗီယက်နမ် ဆိုရှယ်လစ် သမ္မတ နိုင်ငံအဖြစ် တရားဝင် ကြေငြာခဲ့သည်။

ဗီယက်နမ် ဆိုရှယ်လစ် သမ္မတ နိုင်ငံ၏ သမ္မတ အဖြစ် မြောက်ဗီယက်နမ်သမ္မတတွန်ဒတ်ထန်အား၎င်း၊ဝန်ကြီးချုပ်အဖြစ် မြောက်ဗီယက်နမ် ဝန်ကြီးချုပ် ဖန်ဗန်ဒေါင်းအား၎င်း တင်မြှောက်ကြသည်။ ဟနွိုင်းမြို့ကိုပင် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ မြို့တော်အဖြစ် ထားရှိသည်။ ဆိုင်းဂွန်မြို့ကို ဟိုချီမင်းမြို့ဟု ပြောင်းလဲမှည့်ခေါ်သည်။

ပြန်လည်ပေါင်းစည်းခဲ့သော ဗီယက်နမ် ဆိုရှယ်လစ် သမ္မတ နိုင်ငံ၏ ထူထောင်ရေး လုပ်ငန်းများတွင် ပြည်သူလူထု တရပ်လုံးနှင့်အတူ ဗီယက်နမ် တပ်မတော်သည် ပြန်လည် ထူထောင်ရေး လုပ်ငန်း အရပ်ရပ်ကို အင်တိုက်အားတိုက် လုပ်ကိုင်ကြသည်။ ကွာဟနေသော မြောက်ပိုင်းနှင့် တောင်ပိုင်းကို တန်းတူရည်တူ ဖြစ်လာစေရန် တောင်ပိုင်းကို ဆိုရှယ်လစ်အသွင် ကူးပြောင်းရေး ရည်မှန်း၍ မြောက်ပိုင်းကို ဆိုရှယ်လစ် တည်ဆောက်မှု တိုးတက်အောင် ဆောင်ရွက်ရသည်။

ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံတွင် လူဦးရေလည်း တိုးတက်လျက်ရှိသည်။ ၁၉၇၆ ခုနှစ် ခန့်မှန်းခြေအရ သန်း ၅၀ ခန့် ရှိသည်။ နိုင်ငံ၏ အကျယ်အဝန်းမှာ ၁၂၇,၂၄၃ စတုရန်းမိုင်ဖြစ်သည်။

ကုလသမဂ္ဂအဖွဲဝင်ဖြစ်ရေးအတွက် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတ နိုင်ငံ၏ လျှောက်ထားချက်ကို အမေရိကန်က ပထမ အကြိမ် ဗီတိုအာဏာသုံး၍ ပယ်ချခဲ့သည်။ ဒုတိယအကြိမ် ၁၉၇၇ ခုနှစ် ၃၂ ကြိမ်မြောက် အထွေထွေညီလာခံတွင် တင်ပြရာ ၁၄၇ နိုင်ငံမြောက် အဖွဲဝင်အဖြစ် ဝင်ခွင့်ရသည်။

ဗူမီဒီယန်, ဟူဝါးရီ (ခရစ် ၁၉၂၅ ဖွား)။ ။အယ်လ်ဂျီးရီးယားနိုင်ငံ အမျိုးသားခေါင်းဆောင် ဗူမီဒီယန်သည် ၁၉၂၅ ခုနှစ် တွင် အယ်လ်ဂျီးရီးယားရှိ ဂူအယ်မာအရပ်၌ မွေးဖွားပြီး ငယ်နာမည်မှာ မိုဟာမက် ဗူခါရူဗာ ဖြစ်သည်။ ပြင်သစ်ကိုလိုနီဘဝမှလွတ်လပ်ရေး အတွက် တိုက်ခိုက်သော အယ်လ်ဂျီးရီးယားစစ်ပွဲအတွင်း ဗူမီဒီယန် ဟူသောအမည် ဝှက်ကို ခံယူခဲ့သည်။



အယ်လ်ဂျီးရီးယားနိုင်ငံ ခေါင်းဆောင် ဗူမီဒီယန်

ဗူမီဒီယန်သည် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ရှိ အာအချာတက္ကသိုလ်တွင် ပညာဆည်းပူး၍ ကိုင်ရိုမြို့၌ကျောင်းဆရာလုပ်ပြီးနောက် ၁၉၅၄ ခုနှစ်တွင် အယ်လ်ဂျီးရီးယား အမျိုးသားလွတ်မြောက်ရေးတပ်ဦးသို့ ဝင်ရန် ထိုအလုပ်မှ နုတ်ထွက်ခဲ့သည်။ ၁၉၅၇ ခုနှစ်တွင် အိုရန်ဒေသရှိ ဝီလယဗို့၌ စစ်ရေးကွပ်ကဲသော တပ်မှူးဖြစ်လာသည်။ အယ်လ်ဂျီးရီးယား တော်လှန်ရေးဆိုင်ရာ အမျိုးသားကောင်စီတွင် ပါဝင်လာပြီးနောက်တွင် အမျိုးသား လွတ်မြောက်ရေးတပ်မတော်၏ စစ်အရာရှိကြီး ဖြစ်လာသည်။ ၁၉၆၀ ပြည့်နှစ်တွင်ကား သူသည် အမျိုးသား လွတ်မြောက်ရေး တပ်မတော်၏ စစ်ဦးစီးချုပ်အဖြစ် ဆောင်ရွက်ရသည်။ သို့သော် ၁၉၆၂ ခုနှစ် ဇွန်လ ၁၀ ရက်နေ့၌ အယ်လ်ဂျီးရီးယား သမ္မတနိုင်ငံ၏ ယာယီအစိုးရအဖွဲ့ အကြီးအကဲ ဗင်ခေးဒါက ဗိုလ်မှူးကြီး ဗူမီဒီယန်နှင့် သူလက်အောက်မှ စစ်ဗိုလ်များအား ရာထူးမှ ထုတ်ပယ်လိုက်၍ ဗူမီဒီယန်သည် ဒုတိယဝန်ကြီးချုပ် ဗင်ဘဲလားကိုထောက်ခံနေလေသည်။ ထိုမှ စစ်တပ်အကူအညီဖြင့် ဗင်ဗဲလားက အယ်လ်ဂျီးရီးယား- မြို့တော်ကို သိမ်းပိုက်နိုင်သောအခါ ဗူမီဒီယန်သည် ၁၉၆၂ ခု စက်တင်ဘာလ ၂၀ ရက်နေ့တွင် ကာကွယ်ရေးဝန်ကြီး ဖြစ်လာသည်။ နောက်တနှစ်တွင်လည်း ထိုရာထူးနှင့်တကွ ဒုတိယ

သမ္မတအဖြစ် ပူးတွဲဆောင်ရွက်ရသည်။ သို့သော် သမ္မတ ဗင်ဗဲလားသည် ဗူမီဒီယန်၏အယူအဆများကို မကြိုက်၊ ထို့ကြောင့် အခြားပုဂ္ဂိုလ်များ၏ ထောက်ခံမှုကို ရှာကြံလျက် ရှိသည်။ ဤသည်ကို ဗူမီဒီယန်က သိသဖြင့် ၁၉၆၅ ခုနှစ် ဇွန်လ ၁၉ ရက်နေ့တွင် သွေးထွက်သံယိုမဖြစ်သော စစ်တပ်၏ အာဏာသိမ်းမှုဖြင့် ဗင်ဗဲလားကို ဖြုတ်ချလိုက်ကာ ဗူမီဒီယန်ကိုယ်တိုင် သမ္မတအဖြစ် ဦးဆောင်သော တော်လှန်ရေးကောင်စီကိုဖွဲ့စည်း၍ အုပ်ချုပ်လေ၏။

ဗူရွန်ဒီသမ္မတနိုင်ငံ။ ။ဗူရွန်ဒီ သမ္မတနိုင်ငံသည် အာဖရိကတိုက် အရှေ့အလယ်ပိုင်း အီကွေတာ ဒေသတွင် တည်ရှိသည်။ မြောက်ဖက်တွင် အာဝမ်းဒါး သမ္မတ နိုင်ငံ၊ အရှေ့ဖက်နှင့် တောင်ဖက်တွင် တန်ဇားနီးယားသမ္မတနိုင်ငံ အနောက် တောင်ဖက်တွင် တန်ဂန် ယီးကရေကန် ကြီးနှင့် အနောက်ဖက်တွင် ဇိုင်ယာ သမ္မတ နိုင်ငံတို့ ဝန်းရံလျက်ရှိသည်။ ၁၀,၇၄၇ စတုရန်းမိုင် ကျယ်ဝန်းသည်။ မြေမျက်နှာပြင်သည် ကုန်းပြင်မြင့်များ၊ ရေအိုင်များဖြင့်သာ ဖွဲ့စည်းထားသည်။ ဗူရွန်ဒီနိုင်ငံ၏ မြို့တော်မှာ ဗူဂျမ်ဗူရာမြို့ဖြစ်သည်။



ဗူရွန်ဒီ နိုင်ငံ ရာသီဥတုသည် ပူသည်။ ဇွန်လမှ ဩဂုတ်လအထိသည် ခြောက်သွေ့သော ရာသီဖြစ်ပြီး စက်တင်ဘာလမှ မေလအထိသည် စွတ်စိုသော ရာသီဥတုဖြစ်သည်။

ဗူရွန်ဒီနိုင်ငံ လူဦးရေမှာ ၁၉၇၆ ခုနှစ် ခန့်မှန်းခြေအရ ၃,၈၅၅,၀၀၀ ခန့်ရှိသည်။ အာဖရိကတိုက်တွင်လူနေအထူထပ်ဆုံးသော နိုင်ငံများအနက် တနိုင်ငံ ဖြစ်သည်။ ရုံးသုံးဘာသာစကားအဖြစ် ပြင်သစ်ဘာသာကို အသုံးပြုသည်။

ဗူရွန်ဒီနိုင်ငံသည် စိုက်ပျိုးရေးကို အားထားရသောနိုင်ငံဖြစ်သည်။ ကာဖီ၊ ဝါ၊ ပဲအမျိုးမျိုး၊ ကန်ဇွန်း၃၊ ပြောင်းတို့ကို အဓိကထား၍စိုက်ပျိုးသည်။ ပြည်ပမှ နည်းပညာအကူအညီဖြင့် လက်ဖက်ကိုလည်း စိုက်ပျိုးသည်။ အဓိက ပြည်ပ ပို့ကုန်မှာ အာရာဗီကာ ကာဖီဖြစ်သည်။

၁၈၉၉ ခုနှစ်တွင် ဂျာမနီနိုင်ငံက အရှေ့အာဖရိက၏ အစိတ်အပိုင်းတခုအဖြစ် ယင်းဒေသကို အုပ်စိုးခဲ့သည်။ ၁၉၁၆ ခုနှစ် ပထမ ကမ္ဘာစစ် ဖြစ်ပွားချိန်တွင် ဗဲလဂျီယမ်နိုင်ငံက ဂျာမန်ပိုင်နယ်မြေများကို သိမ်းပိုက်ခဲ့သည်။ ၁၉၂၃ ခုနှစ်မှစ၍ ဗဲလဂျီယမ် နိုင်ငံ၏ စောင့်ရှောက်ခံ နယ်မြေဖြစ်ခဲ့သည်။ ၁၉၅၀ ပြည့်လွန်နှစ်များတွင် ဗူရွန်ဒီနိုင်ငံ၌ နယ်ချဲ့ဆန့်ကျင်ရေး လှုပ်ရှားမှုများ ဖြစ်ပေါ်လာပြီး ဒေသခံလူထု လူတန်းစားဆိုင်ရာ နိုင်ငံရေးအဖွဲ့အစည်းများ ပေါ်ပေါက်လာကြသည်။

၁၉၆၂ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် လွတ်လပ်ရေးရခဲ့သော ဗူရွန်ဒီနိုင်ငံသည် ဘုရင်စနစ်ကိုပင် ဆက်လက်ကျင့်သုံးခဲ့သည်။ လွတ်လပ်ရေး ရပြီးနောက်ပိုင်းတွင် နိုင်ငံရေး လှုပ်ရှားမှုများ ပိုမိုပြင်းထန်လာသည်။ ၁၉၆၆ ခုနှစ် နိုဝင်ဘာ ၂၇ ရက်တွင် ဝန်ကြီးချုပ် မိုက်ကယ်မိုက်ကွမ်းဗဲရိုးက အာဏာသိမ်းပြီး ဘုရင်စနစ်ကိုဖျက်သိမ်းကာသမ္မတနိုင်ငံအဖြစ် ကြေငြာသည်။ သမ္မတမိုက်ကယ်မိုက်ကွမ်းဗဲရိုး၏ အစိုးရသစ်သည် မြို့တော် စည်ပင်သာယာရေး၊ စီးပွားရေး၊ အခက်အခဲများ ပြေလည်ရေးများအတွက် အထူးကြိုးပမ်းခဲ့သည်။

၁၉၇၆ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့တွင် ဒုတိယ စစ်ဦးစီးချုပ် ဗိုလ်မှူးကြီး ဂျင်းဗက်ပတစ်ဗာဂါဇာ ခေါင်းဆောင်သော စစ်တပ်က သမ္မတ မိုက်ကွမ်းဗဲရိုး၏ အစိုးရအဖွဲ့ကို ဖြုတ်ချလိုက်ပြီး ပါတီကိုလည်း ဖျက်သိမ်းလိုက်သည်။ အစိုးရသစ်ကို ထပ်မံဖွဲ့စည်း၍ ဗိုလ်မှူးကြီး ဗာဂါဇာကိုယ်တိုင် သမ္မတ အဖြစ် ဆောင်ရွက်ပြီး ဒုတိယ ဗိုလ်မှူးကြီး အက်ဒွပ်ဇမ်ဗီနားမားကို ဝန်ကြီးချုပ်ခန့်အပ်သည်။ အစိုးရအဖွဲ့သစ်တွင် စစ်ဖက်အရာရှိ လေးဦးနှင့် အရပ်သားအရာရှိ ၁၁ ဦးပါဝင်သည်။

ဗယ်ဂင်, မီနာချင် (ခရစ် ၁၉၁၃ ဖွား)။ ။ မစ္စတာဗယ်ဂင်သည် ပိုလန်နိုင်ငံတွင် ၁၉၁၃ ခုနှစ်က ဖွားမြင်ပြီး တက္ကသိုလ်ပညာကို ဝါဆောတက္ကသိုလ်၌ ဆည်းပူးကာ ဥပဒေဘွဲ့ ယူခဲ့သည်။ ငယ်စဉ်ကပင် ရွေပိုင်းလက်ျာ ဇိုင်ယွန်ဝါဒီ ခေါင်းဆောင် နှင့် သဘော တရားရေး သမား ဇီးယက်ဂျဗိုကင်စကီး၏ အယူ အဆများ အလွန် လွှမ်းမိုး ခံရလျက် ဇိုင်ယွန်လှုပ် ရှား မှုတွင် တက်တက်ကြွကြွ ပါဝင်ခဲ့သူ ဖြစ်သည်။ ၁၉၃၉ ခုနှစ်တွင် ဝါဆောမြို့ကို ဂျာမန်တို့ သိမ်းပိုက်သောအခါ ပိုလန်မှ ရုရှနိုင်ငံသို့ သွားရောက်နေထိုင်စဉ် အဖမ်းခံရသဖြင့် အာတိတ်



အင်္ဂလန်ရိယယ်နိုင်ငံဝန်ကြီးချုပ် မီနာချင်ဗယ်ဂင်

ဒေသအတွင်း အလုပ်ကြမ်းနှင့် ထောင်ဒဏ် ရှစ်နှစ် ကျခံနေရလေသည်။ သို့သော် ၁၉၄၁ ခုနှစ်တွင် ထောင်မှ လွှတ်သောအခါ ပိုလန် လွှတ်မြောက်ရေး တပ်မတော်သို့ဝင်ရာ ၁၉၄၂ ခုနှစ်တွင် ပယ်လက်စတိုင်သို့တပ်မတော် ကိုယ်စားလှယ်အဖွဲ့ဝင် အဖြစ် ရောက်ရှိသည်။ ပိုလန်တပ်မတော်က ၁၉၄၃ ခုနှစ်၌ တာဝန်မှ ရပ်ဝဲပြီးနောက် မကြာမီတွင် ဂျူးလူမျိုးတို့ နိုင်ငံတည်ထောင်ရန် လှုပ်ရှားလျက်ရှိသော အကြမ်းဖက် တော်လှန်ရေးသမား အီဂွန်းဇဗေးလျူမီ ခေါင်းဆောင်သည့်ပြောက်ကျားအဖွဲ့ စစ်ဦးစီးချုပ် ဖြစ်လာသည်။

၁၉၄၈ ခုနှစ်တွင် အဇ္ဇရီယယ်နိုင်ငံ လွှတ်လပ်ရေး ကြေငြာသောအခါ ဗယ်ဂင်က ဟီရွတ် (လွှတ်လပ်ရေး)ပါတီကို တည်ထောင်၍ ၁၉၄၉ ခုနှစ် ဇန္နဝါရီလတွင် ကျင်းပသော ပထမဆုံး ပါလီမန်ရွေးကောက်ပွဲမှစ၍ ဆက်ကာဆက်ကာ ဝင်ရောက် အရွေးခံသည်။ ပါလီမန်တွင် အတိုက်အခံခေါင်းဆောင်အဖြစ် ထင်ရှားသူ ဖြစ်သည်။ ၁၉၆၅ ခုနှစ်တွင် လစ်ဗရယ်ပါတီနှင့် သူ၏ ဟီရွတ်ပါတီတို့ ပူးတွဲ၍ ဂါဟားလရွေးကောက်ပွဲ အုပ်စုဟူ၍ ထူထောင်သည်။ ၁၉၆၇ ခုနှစ် မေလတွင် ခြောက်ရက်စစ်ပွဲ မတိုင်မီကလေး၌ ဗယ်ဂင်၏ ဂါဟားလအုပ်စုသည်အမျိုးသားညီညွတ်ရေး အစိုးရအဖွဲ့ဝင် အဖြစ် ပါဝင်လိုက်သည်။ သူကိုယ်တိုင်လည်း ၁၉၆၇ မှ ၁၉၇၀ ပြည့်နှစ်အကြား၌ ဌာနလက်ကိုင်မရှိ ဝန်ကြီး အဖြစ် ခန့်အပ်ခံရသည်။

ဗယ်ဂင်သည် အဇ္ဇရီယယ် လွှတ်တော်အမတ်အဖြစ် အနှစ် ၃၀ တိုင်တိုင် ထမ်းရွက်နေစဉ်အတွင်း နိုင်ငံခြားရေး လုံခြုံရေး၊ ဥပဒေနှင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ ကော်မတီများတွင် ဆောင်ရွက်ရသည်။ ဗယ်ဂင်သည် ဝါဆော တက္ကသိုလ်မှ ဥပဒေဘွဲ့ ရရှိခဲ့သည်။ ၁၉၇၃ ခုနှစ်တွင် ဂါဟားလအုပ်စုသည် အခြားအတိုက်အခံပါတီ နှစ်ပါတီနှင့် ပေါင်း၍ လီကွတ်တပ်ဦး ဖွဲ့စည်းသောအခါ ဗယ်ဂင်သည် ခေါင်းဆောင် ဖြစ်လာသည်။

၁၉၇၆ ခုနှစ် ဒီဇင်ဘာလတွင် ဝန်ကြီးချုပ်မစ္စတာရာဗင်ရာထူးမှ နုတ်ထွက်ရသဖြင့် ၁၉၇၇ ခုနှစ် မေလ ၁၇ ရက်နေ့တွင် ကျင်းပသော နဝမ အကြိမ်မြောက် အထွေထွေရွေးကောက်ပွဲကြီးတွင် လီကွတ်ပါတီ အနိုင်ရသောကြောင့် ဗယ်ဂင်သည်ညွှန့်ပေါင်းအစိုးရအဖွဲ့ကိုဦးစီးဖွဲ့စည်းလိုက်သည်။

လွှတ်တော်၌ မိန့်ခွန်းပြောကြားရာတွင် ဗယ်ဂင်သည် အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးအတွက်အာရပ်ခေါင်းဆောင်များကို ဖိတ်ခေါ်ကြောင်း ထည့်သွင်းပြောကြားလေသည်။ ယင်းဖိတ်ခေါ်ချက်ကြောင့် အီဂျစ်သမ္မတ ဆဒတ်သည် အဇ္ဇရီယယ်သို့ လာရောက်၍ အဇ္ဇရီယယ် ဝန်ကြီးချုပ် ဗယ်ဂင်နှင့် အရှေ့အလယ်ပိုင်း ကိစ္စများ ဆွေးနွေးသည်။ ဗယ်ဂင်ကလည်း အီဂျစ်နိုင်ငံ အစ္စမေးလီးယားမြို့သို့သွားရောက် ဆွေးနွေးလေသည်။ ဗယ်ဂင်သည် အာရပ်နိုင်ငံသို့ ပထမဆုံး ခြေချသော အဇ္ဇရီယယ်ဝန်ကြီးချုပ် ဖြစ်သည်။

ဗယ်ဂင်သည် စာအုပ်များလည်း ရေးသည်။ သူစာအုပ်များအနက် အင်္ဂလိပ် ဘာသာသို့ပြန်ဆိုသည့် စာအုပ်များမှာ ၁၉၅၀ ပြည့်နှစ်က ထုတ်ဝေသော "ပုန်ကန်မှု" နှင့် ၁၉၅၃ ခုနှစ်က ထုတ်ဝေသော "ညဖြူများ"စာအုပ်တို့ ဖြစ်သည်။ ပုန်ကန်မှုအမည်ရှိ စာအုပ်ကို ရုပ်ရှင်ရိုက်ကူးရန် အမေရိကန် ရုပ်ရှင်ကုမ္ပဏီကြီးငါးခုက အပြိုင်အဆိုင် စကားကမ်းလှမ်းလျက်ရှိသည်။ ယင်းစာအုပ်မှာ အဇ္ဇရီယယ်နိုင်ငံ လွှတ်လပ်ရေးအတွက် ကြိုးပမ်းစဉ်က မြေအောက်လျှိုဝှက် အဖွဲ့ခေါင်းဆောင်အဖြစ် သူ၏ သက်စွန့်ဆံများ ဆောင်ရွက်မှုများကို မှတ်တမ်းတင်ထားခြင်းဖြစ်သည်။

ဗယ်နင်ပြည်သူသမ္မတနိုင်ငံ။ ။ (၅ – ၅၁၄—ရှု။)

၁၉၇၅ ခုနှစ် နိုဝင်ဘာ ၃၀ ရက်နေ့တွင် သမ္မတမက်သျူး



ကီရီကိုသည်ဒါဟိုမီနိုင်ငံအား ဗယ်နင်ပြည်သူသမ္မတနိုင်ငံ အဖြစ် သို့အမည် ပြောင်းလဲသည့် ကြေငြာချက် တရပ်ကို ထုတ်ပြန်ခဲ့၏။ ယင်းသို့ ဗယ်နင် အမည် ပြောင်းလိုက်ခြင်းမှာ ၁၇ ရာစု၌ သာယာ စည်ကားခဲ့သော ဂင်းနီ ပင်လယ်ကွေ့ရှိ အာဖရိက နိုင်ငံတခုအား ပြန်လည်အမှတ်ရစေခြင်းငှာဖြစ်သည်။ တချိန်တည်းမှာပင် သမ္မတကီရီကိုသည် ဗယ်နင် ပြည်သူတော်လှန်ရေး ပါတီဟူသော နိုင်ငံရေး အဖွဲ့အစည်း တရပ်ကို ဖွဲ့စည်းခဲ့သည်။ ဤသို့ဖွဲ့စည်းခြင်းသည် မတ်လီနင်ဝါဒကို လမ်းညွှန်ပြု၍ သမ္မတကီရီကို ကြေငြာခဲ့သော လူဘောင်သစ်၏တနှစ်မြောက် အထိမ်းအမှတ်လည်းဖြစ်သည်။

ဗယ်နင်နိုင်ငံသည် ၁၀ နှစ်အတွင်း အာဏာသိမ်းပွဲ ငါးကြိမ်တိုင်တိုင် ဖြစ်ပွားခဲ့သော နိုင်ငံဖြစ်သည်။ ၁၉၆၉ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်နေ့တွင် တပ်မတော်မှ အာဏာသိမ်းခဲ့ပြီး သုံးဦးပေါင်း စစ်အစိုးရအဖွဲ့မှ ၁၉၇၀ ပြည့်နှစ်တွင် ရွေးကောက်ပွဲ ကျင်းပပေးခဲ့သည်။ အဆိုပါ ရွေးကောက်ပွဲသို့ သမ္မတဟောင်းသုံးဦးနှင့် လက်ရှိသမ္မတအီမိုင်းလ်ဒီဇန်ဆူးတို့ ဝင်ရောက်အရွေးခံခဲ့ကြသော်လည်း သမ္မတဟောင်းမက်ဂါမဲ အရေအတွက် အများဆုံးဖြင့် အနိုင်ရနေသည့် မြောက်ပိုင်းတိုင်းနှစ်ခုတွင် အကြမ်းဖက်မှုများ ဖြစ်ပွားနေသည်ဆိုသော အကြောင်းဖြင့် ယင်းတို့၏ ယှဉ်ပြိုင်မှုများကို ရပ်ဆိုင်းခဲ့သည်။ ထို့နောက် တပ်မတော်သည် သမ္မတသုံးဦးပေါင်း

ကော်မရှင်ဖြင့် ၁၉၇၀ ပြည့်နှစ် မေလတွင် တိုင်းပြည်အား အုပ်ချုပ်စေခဲ့သည်။ ကော်မရှင်၏ သက်တမ်းမှာ ခြောက်နှစ်ဖြစ်၍ တဦးလျှင် နှစ်နှစ်ကျစီ တာဝန်ထမ်းဆောင်ရမည် ဖြစ်သည်။ သမ္မတမက်ဂါသည် ယင်းသက်တမ်းနှစ်နှစ်ပြည့်ပြီးနောက် ဂျပ်စတင် အေဟိုမာဒက်ဘီအား ၁၉၇၂ ခုနှစ် မေလ၌ အာဏာလွှဲပြောင်းပေးခဲ့သည်။ သို့သော် ခြောက်လ အကြာတွင်စစ်တပ်မှအာဏာပြန်သိမ်းပြီးနောက် ဒုတိယဗိုလ်မှူးကြီး မက်သျှူးကီရီကိုအားသမ္မတရာထူးအပ်နှင်းခဲ့သည်။

ဗယ်နင်နိုင်ငံ၏ လူဦးရေမှာ ၁၉၇၆ ခုနှစ် ခန့်မှန်းခြေအရ ၃,၁၉၀,၀၀၀ ရှိသည်။ ဗယ်နင်နိုင်ငံသည် မာလီ၊ မောရစ်တေးနီးယား၊ အိုင်ဗရီကို့စ်၊ ဆင်နီဂေါ၊ နိုင်ဂျာ၊ အထက်ဗိုလတာနိုင်ငံတို့နှင့် စီးပွားရေးဆိုင်ရာ အဖွဲ့အစည်းတရပ်ကို စာချုပ်ချုပ်ဆို ဖွဲ့စည်းခဲ့သည်။

ဗော့ဆွာနာသမ္မတနိုင်ငံ။ ။အာဖရိက တောင်ပိုင်းရှိ ကုန်းတွင်းပိုင်းနိုင်ငံဖြစ်သည်။ ပြိတိသျှအစောင့်အရှောက်ခံ



နယ်မြေ ဗက်ချူးအာနာလန်ကို ၁၉၆၆ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် လွတ်လပ် ရေးရရှိပြီးနောက် ဗော့ဆွာနာ သမ္မတနိုင်ငံဟု အမည် ပြောင်း လိုက်သည်။

ဗော့ဆွာနာနိုင်ငံကို ဇမ္မီးယားနိုင်ငံ၊ ရိုဒီးဇီးယားနိုင်ငံ၊ တောင်အာဖရိကနိုင်ငံ၊ နမီးဗီးယားနိုင်ငံတို့ ဝန်းရံလျက် ရှိသည်။

နိုင်ငံ အကျယ်အဝန်းမှာ ၂၃၁,၈၀၄ စတုရန်းမိုင် ဖြစ်သည်။ ၁၉၇၆ ခုနှစ် ခန့်မှန်းခြေအရ လူဦးရေ ၇၂၀,၀၀၀ ယောက်ရှိသည်။ မြို့တော်မှာ ဂါဗိုရုန်းမြို့ဖြစ်သည်။

ဗော့ဆွာနာနိုင်ငံရှိ လူမျိုးစုမှာ ဗန်တူ စကားပြောဆိုသော ဗက်ချူးအာနာ လူမျိုးများဖြစ်ကြသည်။ ထို့ပြင် ဗွတ်ရှမင်များ၊ ဥရောပတိုက်သားများနှင့် အာရှတိုက်သား အနည်းငယ်လည်း ရှိသည်။ အင်္ဂလိပ် ဘာသာစကားသည် တရားဝင် ရုံးသုံးဘာသာစကား ဖြစ်သည်။ ဆက်ဆွာနာ ဘာသာ စကားကိုလည်း ပြောသည်။

ဗော့ဆွာနာနိုင်ငံတွင် နှံစားပြောင်း၊ ဖူးစားပြောင်း၊ ပဲအမျိုးမျိုးနှင့် အခြားဟင်းသီးဟင်းရွက်များ စိုက်ပျိုးသည်။ အခြေခံ စီးပွားရေးလုပ်ငန်းမှာ တိရစ္ဆာန်မွေးမြူရေး ဖြစ်သည်။ ၁၉၆၆ ခုနှစ် လွတ်လပ်ရေးရပြီးနောက် သဘာဝတူးဖော်ရေးလုပ်ငန်းကိုတိုးတက်လုပ်ဆောင်လာသည်။ဗော့ဆွာနာနိုင်ငံ၏ အရှေ့မြောက်ဖက်ရှိ အိုရာပါဒေသတွင် ကမ္ဘာ့အကြီးဆုံး စိန်ကြောကြီးကို တွေ့ရှိထားပြီး ၁၉၇၁ ခုနှစ်တွင် စတင်ထုတ်လုပ်သည်။ ကြေးနီပါသော နီကယ်ကို စီလီဗီပစ်ဝီဒေသမှ၎င်း၊ ကျောက်မီးသွေးကို မိုရူပူဒေသမှ၎င်း၊ ဆားကို မဂါဒီဂါဒီဆားကန်မှ၎င်း ထုတ်ယူသည်။

၁၉၆၀ ပြည့်နှစ် နောက်ပိုင်း၌ ဗက်ချူးအာနာလန်တွင် နိုင်ငံရေးပါတီများ ပေါ်ပေါက်လာသည်။ ၁၉၆၁ ခုနှစ်တွင် ဗက်ချူးအာနာလန် ပြည်သူ့ပါတီကို တည်ထောင်ခဲ့သည်။ ၁၉၆၅ ခုနှစ်တွင် ဆီရက်ဆီခါမာသည် ဒီမိုကရက်တစ်ပါတီကို တည်ထောင်သည်။

၁၉၆၄ ခုနှစ်တွင် ဖွဲ့စည်းပုံ အခြေခံဥပဒေ မူကြမ်းကို ပြိတိန်နိုင်ငံက လက်ခံကာ အစောင့်အရှောက်ခံ နယ်မြေ အဖြစ်မှ ဖျက်သိမ်းခဲ့သည်။ ၁၉၆၅ ခုနှစ် မတ်လ ၁ ရက်နေ့တွင် အထွေထွေ ရွေးကောက်ပွဲကျင်းပရာ ဗက်ချူးအာနာလန် ဒီမိုကရက်တစ်ပါတီက အနိုင်ရရှိခဲ့သည်။ နှစ်ပေါင်း ၈၁ နှစ်ကြာ ပြိတိသျှအစောင့်အရှောက်ခံ နယ်မြေ အဖြစ်မှ ၁၉၆၆ ခုနှစ် စက်တင်ဘာလ ၃၀ ရက်တွင် ပြိတိသျှ ဓနသဟာယအဖွဲ့ဝင် လွတ်လပ်သော ဗော့ဆွာနာ သမ္မတနိုင်ငံဖြစ်လာသည်။ထိုနေ့မှာပင် ဆီရက်ဆီခါမာသည် ပထမဆုံး သမ္မတအဖြစ် ကျမ်းကျိန်ဆိုခဲ့သည်။

ရိုဒီးဇီးယား တပ်ဖွဲ့များသည် ဗော့ဆွာနာနိုင်ငံအတွင်း အကြိမ်ကြိမ် ကျူးကျော်ခဲ့သည်ဟု ဗော့ဆွာနာအစိုးရက ၁၉၇၆ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့က ပြစ်တင် ပြောဆိုသည်။ ဗော့ဆွာနာနိုင်ငံ အတွင်းသို့ ရိုဒီးဇီးယား တပ်များ ကျူးကျော်ဝင်ရောက်ခြင်းနှင့်ပတ်သက်၍ ဗော့ဆွာနာအစိုးရ၏တိုင်တန်းချက်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီကအရေးယူဆောင်ရွက်သည်။ ၁၉၇၇ ခုနှစ် ဖေဖော်ဝါရီလအတွင်း ကုလသမဂ္ဂ မစ်ရှင်အဖွဲ့သည် ဗော့ဆွာနာနိုင်ငံရောက်ရှိစဉ် ရိုဒီးဇီးယားအစိုးရက ဗော့ဆွာနာနယ်မြေအတွင်းသို့ ယင်း၏တပ်ဖွဲ့များ ဝင်ရောက်တိုက်ခိုက်ခဲ့ကြောင်းကို ပထမဦးဆုံးအကြိမ် ဝန်ခံသည်။ ကုလသမဂ္ဂမစ်ရှင်အဖွဲ့သည် ဗော့ဆွာနာနိုင်ငံ နယ်ခြားဖက်တွင် ဖျက်ဆီးခံခဲ့ရသည့် အထောက်အထားများကို မြင်တွေ့ရကြောင်း၊ တောင်အာဖရိကနှင့် ရိုဒီးဇီးယားနိုင်ငံတို့မှ ဒုက္ခသည်များကို လက်ခံထားရှိရသဖြင့် ဗော့ဆွာနာနိုင်ငံသည် စီးပွားရေးအခက်အခဲများနှင့် လုံးပန်းနေရကြောင်း၊ ယင်းအခက်အခဲများကြောင့် ဗော့ဆွာနာနိုင်ငံတွင် သုံးနှစ်အတွက် ကူညီ ထောက်ပံ့ငွေ ဒေါ်လာသန်း ၅၀ မက လိုအပ်လိမ့်မည်ဖြစ်ကြောင်း၊ အကူအညီထောက်ကျေငှ်ကို ဒုက္ခသည်များ ထိန်းသိမ်းစောင့်ရှောက်မှုနှင့် ရဲတပ်ဖွဲ့ အင်အားဖြည့်ရန် လိုအပ်လိမ့်မည် ဖြစ်ကြောင်း၊ ၁၉၇၇ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် အစီရင်ခံစာတင်သည်။ အမျိုးသားလွတ်တော်က ကာကွယ်ရေးဥပဒေကြမ်းတခုကို ၁၉၇၇ ခုနှစ်မတ်လ ၃၁ ရက်နေ့တွင်ခွင့်ပြုလိုက်သည်။

ဗိုကာဆာ, ဂျင်းဗီဒဲ (ခရစ် ၁၉၂၀ ဖွား)။ ။ဗိုကာဆာကို ၁၉၂၀ ပြည့်နှစ် ဖေဖွာရီလ ၂၂ ရက်နေ့တွင် မွေးဖွားခဲ့သည်။ အာဖရိက အင်ပိုင်ယာ၏ ကောင်အဖြစ် ၁၉၇၇ ခုနှစ်တွင် ခံယူခဲ့သူဖြစ်သည်။ သူဖခင်သည် အူဗန်ဂီရဂွရီနယ်မှ အာဖရိက တိုင်းရင်းသား အကြီးအကဲ တဦးဖြစ်သည်။ ငယ်စဉ်က သာသနာပြုကျောင်းတွင် ပညာသင်ခဲ့ပြီးနောက် ဒုတိယ ကမ္ဘာစစ် ဖြစ်သောအခါ စစ်ထဲသို့ ဝင်ရောက်အမှုထမ်းရာ ၁၉၅၀ ပြည့်နှစ်တွင် တပ်ကြပ်ကြီး ဖြစ်သည်။ ဒုတိယကမ္ဘာစစ် ပြီးသောအခါ ဗိုလ်ကြီးအဆင့်ဖြင့် တပ်မှ အငြိမ်းစားယူလေသည်။



သမ္မတ ဗိုကာဆာ

၁၉၆၀ ပြည့်နှစ်တွင် သူ၏ ဝမ်းကွဲအစ်ကိုဖြစ်သူ ဒေးဗစ် ဒက်ကိုသည် အလယ်ပိုင်း အာဖရိက သမ္မတနိုင်ငံ၏ သမ္မတဖြစ်လာသောအခါ ဗိုကာဆာအား ကာကွယ်ရေးဦးစီးချုပ် အဖြစ်ခန့်အပ်သည်။ (အလယ်ပိုင်းအာဖရိကအင်ပိုင်ယာ—ရှု။) ၁၉၆၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်မှူးကြီး ဗိုကာဆာ ဦးဆောင်သော စစ်တပ်အရာရှိတစုက အာဏာ သိမ်းလိုက်ပြီးနောက် ဗိုကာဆာသည် သမ္မတနှင့် နိုင်ငံအကြီးအကဲဖြစ်လာသည်။

ဗိုကာဆာသည် အထွေထွေပျက်စီးယိုယွင်းမှုနှင့် ခြစားမှုများကို နှိမ်နင်းရန် ဥပဒေများ ပြဋ္ဌာန်း ဆောင်ရွက်စေသည်။ နိုင်ငံ၏ လေတပ်ကိုလည်း ၁၉၇၁ ခုနှစ်ကတည်း ကပင် ပြင်သစ်တို့၏ ကွပ်ကဲမှုကို မခံစေပဲ အမျိုးသားများကိုယ်တိုင် ကြီးကြပ် အုပ်ချုပ်စေခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် နိုင်ငံအတွင်း ခိုးမှုများလွန်းသဖြင့် မြို့လယ် လူစည်ရာနေရာတွင် သူခိုး ၄၅ ဦးအား သူကိုယ်တိုင် စစ်တပ်နှင့် ဦးစီး၍ အပြင်းအထန် ရိုက်ရာ သုံးဦးသေ၍ ကျန်ဒဏ်ရာပြင်းထန်ခံနေရသူတို့အား နေပူထဲတွင် ခြောက်နာရီကြာ နေပူလှန်း ပြထားလေသည်။

ဗိုကာဆာသည် မိမိ တက်လာစက တရုတ်ပြည်သူသမ္မတနိုင်ငံနှင့် သံအဆက်အသွယ် ဖြတ်တောက်ခဲ့စေကာမူ ၁၉၇၆ ခုနှစ် ဩဂုတ်လ ၂၀ ရက်နေ့တွင် ပြန်လည်ဆက်သွယ်သည့်ပြင် ထိုနှစ်ထဲမှာပင် တရုတ်နိုင်ငံသို့ အလည်သွားပြီး စီးပွားရေးနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး စာချုပ်များ ချုပ်ဆိုခဲ့သည်။

ဗိုကာဆာသည် သူ၏အစိုးရအဖွဲ့အပေါ် ကျေနပ်မှုမရှိတိုင်း ဝန်ကြီးများအား ဖြုတ်ပစ်၍ သူကိုယ်တိုင် ဝန်ကြီးဌာနပေါင်းများစွာကို တပြိုင်တည်း ကိုင်တွယ် အုပ်ချုပ်သည်။

၁၉၇၅ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့တွင် ဗိုကာဆာသည် ဝန်ကြီးအဖွဲ့ကို အာဖရိက၏ ပထမဆုံး အမျိုးသမီး ဝန်ကြီးချုပ် အယ်လစ်ဇဗက် ဒိုမီတီယန်အား ဦးဆောင်စေ၍ ပြန်ဖွဲ့စေလေသည်။ သို့သော် တနှစ်ခန့်အကြာ၌ ဒိုမီတီယန်ကို ထုတ်ပယ်လိုက်ပြီး မိမိကိုယ်တိုင် ဝန်ကြီးချုပ် ရာထူးကိုပါ ပူးတွဲတာဝန်ယူသည်။

၁၉၇၃ ခုနှစ်တွင် ဝန်ကြီး အပ်ဗွန်ဂိုနှင့်အဖွဲ့က အာဏာသိမ်းရန် ကြံသော်လည်း မအောင်မြင်၊ ၁၉၇၆ ခုနှစ်တွင် တဖန် စစ်အရာရှိ သုံးဦးနှင့်အဖွဲ့က ဗိုကာဆာအား လုပ်ကြံရန် ကြိုးပမ်းရာတွင်လည်း အချည်းနှီးသာ ဖြစ်ခဲ့သည်။

ဗိုကာဆာသည် တရုတ်ပြည်သူ သမ္မတနိုင်ငံသို့ အလည်မသွားမီ နှစ်လခန့်အလိုတွင် လက်ရှိအစိုးရ အဖွဲ့ကို ဖျက်သိမ်းပြီး၊တော်လှန်ရေးကောင်စီအစိုးရအဖွဲ့ကို ထူထောင်ကာ သူကိုယ်တိုင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည်။ သူသည် လက်နက်ကိုင်တပ်များ အားလုံး၏ စစ်သေနာပတိချုပ်အဖြစ်နှင့် ဘလက် အာဖရိက လူမှုအဆင့်ဆင့်တိုးတက်ရေးလှုပ်ရှားမှု ပါတီ၏ ရာသက်ပန် ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်သည်။

ဗင်္ဂလားဒေ့ရှ ပြည်သူသမ္မတနိုင်ငံ။ ။ဗင်္ဂလားဒေ့ရှ ပြည်သူသမ္မတနိုင်ငံသည် ယခင်က အရှေ့ပါကစ္စတန်နိုင်ငံ ဖြစ်ခဲ့ပြီး ၁၉၇၁ ခုနှစ် ဒီဇင်ဘာလတွင် သီးခြား လွတ်လပ်သော နိုင်ငံ ဖြစ် လာ ခဲ့ လေသည်။



အနောက် ဖက်၊ မြောက်ဖက်နှင့် အရှေ့ဖက်တွင် အိန္ဒိယ သမ္မတနိုင်ငံ၊ အရှေ့တောင်ဖက်တွင် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံ၊ တောင်ဖက်တွင် ဗင်္ဂလားအော်တို့ ဝန်းရံတည်ရှိသည်။ စတုရန်းမိုင်ပေါင်း ၅၅,၁၂၆ ခန့်ကျယ်ဝန်းသည်။ ဂင်္ဂါ၊ ဗြဟ္မပုတ္တရနှင့် မက်နာ မြစ်ကြီးသုံးသွယ် ဖြတ်သန်းစီးဆင်းလျက် ရှိသည်။

အပူပိုင်း မုတ်သုံရာသီဥတု ရှိသည်။ နှစ်စဉ် ပျမ်းမျှ မိုးရေချိန် ၁၀၀ ကျော် ရွာသွန်းသည်။

လူဦးရေမှာ ၁၉၇၅ ခုနှစ် ခန့်မှန်းခြေအရ ၇၆,၈၂၀,၀၀၀ ရှိသည်။ မြို့တော်မှာ ဒက္ကားမြို့ ဖြစ်သည်။ သဘော်ဆိပ်မြို့မှာ စစ်တကောင်းမြို့ ဖြစ်သည်။ လူများစုသည် ဗင်္ဂါလီများဖြစ်သည်။ ဗင်္ဂါလီစကားသည် တရားဝင် ရုံးသုံးစကား

ဖြစ်ပြီး အူရဒူဘာသာစကားလည်း ပြောသည်။ ရာခိုင်နှုန်း ၈၀ သည် အစွလာမ်ဘာသာ ကိုးကွယ်ကြသည်။

ကမ္ဘာ့ဂုန်လျော်အထွက်၏ ရာခိုင်နှုန်း ၈၀ သည် ဗင်္ဂလားဒေ့ရှ်နိုင်ငံမှ ထွက်သည်။ ပြည်ပသို့ ဂုန်လျော်၊ လက်ဖက်၊ စက္ကူ၊ ချည်မျှင်၊ အထည်နှင့် ငါးတို့ တင်ပို့ရောင်းချသည်။

၁၉၄၇ ခုနှစ်တွင် ပါကစ္စတန်နိုင်ငံ လွတ်လပ်ရေးရသော အခါ အရှေ့ပါကစ္စတန်၊ အနောက်ပါကစ္စတန်ဟူ၍ ပြည်နယ် တနယ်နှင့် တနယ် မိုင်ပေါင်းများစွာ ကွာ၍ နေလေသည်။ (၆ – ၂၇၉ — ရှု။) အနောက်ပါကစ္စတန် ခေါင်းဆောင်များက နိုင်ငံအာဏာတို့နှင့် အုပ်ချုပ်မှု ယန္တရားကို ချုပ်ကိုင် ထားကြလေသည်။ ပါကစ္စတန်နိုင်ငံ၏ လူဦးရေ အများဆုံးဖြစ်သော ဗင်္ဂါလီတို့၏ စကားကို နိုင်ငံတော် ဘာသာစကားအဖြစ် သတ်မှတ်မပေးပဲ အနောက်ပါကစ္စတန်သုံး အူရဒူဘာသာစကားကိုသာ သတ်မှတ်ခဲ့သည်။ အရှေ့ပါကစ္စတန်သားတို့က ဗင်္ဂါလီစကားနှင့် အူရဒူစကားတို့ကို တန်းတူအမျိုးသား ဘာသာစကားအဖြစ် သတ်မှတ်ပေးရန် အုံကြွတောင်းဆိုကြသည်။ ၁၉၄၈ ခုနှစ်တွင် အရှေ့ပါကစ္စတန်ပြည်နယ်တခုလုံးတွင် လယ်သမား၊ အလုပ်သမား၊ စာပေလုပ်သား၊ ကျောင်းသူကျောင်းသားများ ပါဝင်သည့် အမျိုးသားရေး လှုပ်ရှားမှုကြီး ပေါ်လာသည်။ ပါကစ္စတန် တနိုင်ငံလုံး၌လည်း အာဏာသိမ်းပွဲများ မကြာခဏဖြစ်ကာ မငြိမ်မသက်ဖြစ်ခဲ့သည်။ (ပါကစ္စတန် သမ္မတနိုင်ငံ — ရှု။)

၁၉၇၀ ပြည့်နှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် ပါကစ္စတန် နိုင်ငံ အထွေထွေရွေးကောက်ပွဲ ကျင်းပရာ ရှိတ်မုဂျိ၏ အဝါမိပါတီက နေရာတဝက်ကျော်ရရှိသော်လည်း ယာယာခန်၏ စစ်အစိုးရက ထိုနှစ်မတ်လ ၃ ရက်နေ့တွင် ကျင်းပရန်ဖြစ်သော လွှတ်တော်ကိုပါ သမ္မတအမိန့်ဖြင့် ရွှေဆိုင်းလိုက်သည်။ ဤသည်ကို အရှေ့ပါကစ္စတန် နယ်သားတို့က ဆန္ဒပြ ဆန့်ကျင်ကြသည်။ ထိုနှစ် မတ်လ ၂၆ ရက်နေ့တွင် အဝါမီအဖွဲ့ချုပ်ခေါင်းဆောင် ရှိတ်မုဂျိက လွှတ်လပ်သော ဗင်္ဂလားဒေ့ရှ်နိုင်ငံ ထူထောင်ကြောင်း ကြေငြာသည်။ (ရာမန်, ရှိတ်မုဂျိဗူ — ရှု။) ထိုအခါ ပါကစ္စတန်အစိုးရက ရှိတ်မုဂျိဗူရာမန်အား ဖမ်းဆီး အကျဉ်းချထားလိုက်သည်။ ထိုမှစ၍ ဗင်္ဂလားဒေ့ရှ်နှင့်ပါကစ္စတန်နိုင်ငံတို့ မကြေငြာသော ကိုးလကြာ စစ်ပွဲဖြစ်ပွားခဲ့သည်။ ဒီဇင်ဘာ ၁၆ ရက်တွင် ပါကစ္စတန်တပ်ဖွဲ့များ လက်နက်ချခဲ့သဖြင့် စစ် ပြီးဆုံးသွားသည်။ ၁၉၇၂ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်တွင် ရှိတ်မုဂျိဗူရာမန်သည် ဖမ်းထားရာမှ ပြန်လည် လွှတ်မြောက်လာပြီး ဗင်္ဂလားဒေ့ရှ်အစိုးရ အဖွဲ့တွင် ဝန်ကြီးချုပ် ဖြစ်လာသည်။ အဗူဆာယီချောင်ဒရီ သမ္မတ ဖြစ်လာသည်။

၁၉၇၂ ခုနှစ် ဧပြီလ ၁၀ ရက်တွင် တိုင်းပြည်ပြုလွှတ်တော် ကျင်းပ၍ ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ကို ရေးဆွဲအတည်ပြုခဲ့သည်။ ၁၉၇၃ ခုနှစ် မတ်လတွင် ကျင်းပသော အထွေထွေ ရွေးကောက်ပွဲ၌ အဝါမီ အဖွဲ့ချုပ်က နိုင်၍ ရှိတ်မုဂျိ ခေါင်းဆောင်သော အစိုးရအဖွဲ့တက်သည်။ သမ္မတ အဖြစ် မစွတာချောင်ဒရီကိုပင် ဆက်လက်တင်မြှောက်ခံရသည်။ ၁၉၇၃ ခု ဒီဇင်ဘာလတွင် မစွတာချောင်ဒရီ နုတ်ထွက်၍ မစွတာမိုဟာမက်ဒူလာ သမ္မတ ဖြစ်လာသည်။

၁၉၇၄ ခုနှစ်တွင် ရေလွှမ်းမိုးခြင်းကြောင့် လူနေအိမ်၊ ဆန်နှင့် ဂုန်လျော်စိုက်ခင်းများပျက်စီးခဲ့သည်တွင် စားနပ်ရိက္ခာပြဿနာနှင့် ရင်ဆိုင်ကြရသည်။ ယင်းသို့သော အခြေအနေတွင် ရှိတ်မုဂျိဗူရာမန် အစိုးရကို ဖြုတ်ချရန် နိုင်ငံရေးပါတီများကကြိုးပမ်းခဲ့ခြင်း၊ အကြမ်းဖက်မှုများ ပေါ်ပေါက်လာခြင်းတို့ကြောင့် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် အရေးပေါ် အခြေအနေ ကြေငြာချက် ထုတ်ခဲ့ရသည်။

၁၉၇၅ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံတော် အခြေခံဥပဒေကို ပြင်ဆင်ပြဋ္ဌာန်း၍ ရှိတ်မုဂျိဗူရာမန်အား သမ္မတအဖြစ် တင်မြှောက်ကာ သမ္မတအုပ်ချုပ်ရေးစနစ်သို့ ပြောင်းလဲ ထူထောင်လိုက်သည်။ ဖေဖွဝါရီလ ၂၄ ရက်နေ့တွင် ဗင်္ဂလားဒေ့ရှ်ခရစ်ရှတ်ဆရာမစ်အဝါမီလိဂ် (တောင်သူလယ်သမားနှင့် အလုပ်သမား ပြည်သူ့အဖွဲ့ချုပ်)ကို နိုင်ငံတော်၏ တခုတည်းသော ပါတီအဖြစ် ထူထောင်လိုက်သည်။ ပါတီဥက္ကဋ္ဌမှာ ရှိတ်မုဂျိဗူရာမန်ပင် ဖြစ်သည်။ ထိုနှစ် မတ်လတွင် ဗင်္ဂါလီစာကို ရုံးသုံးအဖြစ်ပြဋ္ဌာန်ခဲ့သည်။

၁၉၇၅ ခုနှစ် သြဂုတ်လ ၁၅ ရက်သောကြာနေ့တွင် ခွန်ဒါကာမူရွတပ်အာမက် ခေါင်းဆောင်သော စစ်တပ်က အာဏာသိမ်း၍ ရှိတ်မုဂျိအား ဖမ်းဆီး လုပ်ကြံသတ်ဖြတ်လိုက်ကြသည်။ ခွန်ဒါကာမူရွတပ်အာမက်က သမ္မတအဖြစ် အစိုးရအဖွဲ့သစ်ကို ဖွဲ့စည်းလိုက်သည်။ ၁၉၇၅ ခု နိုဝင်ဘာလ ၃ ရက်တွင် သမ္မတ ခွန်ဒါကာမူရွတပ်အာမက် နုတ်ထွက်ပြီးနောက် တရားသူကြီး မိုဟာမက်ဆာယင်း သမ္မတ ဖြစ်လာသည်။ သမ္မတဆာယင်း လက်ထက်တွင် တပ်တွင်းပုန်ကန်မှု ဖြစ်သည်။ ထိုနှစ် နိုဝင်ဘာလတွင် သမ္မတ မိုဟာမက်ဆာယင်း နုတ်ထွက်၍ ဗိုလ်ချုပ် ဇီယာအူးရာမန် သမ္မတ ဖြစ်ခဲ့သည်။ ၁၉၇၆ ခုနှစ်တွင် ဗင်္ဂလားဒေ့ရှ်နိုင်ငံ ဂင်္ဂါမြစ်ရေကို ဖရက္ကာရေကာတာကြီးမှ ဗဂျဝလီမြစ်သို့ လွှဲပြောင်းပေးရ၍ အိန္ဒိယနိုင်ငံနှင့် ပြဿနာပေါ်ခဲ့သည်။ ယင်းကိစ္စကို အိန္ဒိယနှင့် ဗင်္ဂလားဒေ့ရှ်နိုင်ငံတို့ တရားဝင် သဘောတူညီချက် ရရှိသဖြင့် ၁၉၇၇ ခုနှစ် နိုဝင်ဘာလ ၅ ရက်နေ့တွင် နှစ်နိုင်ငံ လက်မှတ်ရေးထိုးလိုက်ကြလေသည်။

၁၉၇၇ ခုနှစ် ဧပြီလ ၂၁ ရက်နေ့တွင် ဆန္ဒခံယူပွဲ ကျင်းပရာ ၉၉ ရာခိုင်နှုန်းသော ဗင်္ဂလားဒေ့ရှ် ပြည်သူတို့၏ ဆန္ဒပြုချက်အရ ဇီယာအူးရာမန်ပင် ပဋိမမြောက် သမ္မတ ဖြစ်လာခဲ့သည်။

ဘမော်၊ ဒေါက်တာ (ခရစ် ၁၈၉၃ – ၁၉၇၇)။ ။ ဒေါက်တာဘမော်ကို ၁၈၉၃ ခု ဖေဖွာရီလ ၈ ရက်နေ့တွင် မ အူ ပင် မြို့ ၌ ဦး ကျေး - ဒေါ် သိန်း တင် တို့မှ ဖွားမြင် သည်။



ဒေါက်တာဘမော်

ဒေါက် တာ ဘမော်သည် စိန် ပေါ ကျောင်း မှ တက္ကသိုလ်ဝင် စာ မေးပွဲ အောင်မြင် ၍ ၁၉၁၃ခုနှစ်တွင် ရန်ကုန် ကောလိပ် မှ ဝိ ဇ္ဇာ ဘွဲ့ ရ ရှိ သည်။ ရန်ကုန်မြို့ အ စိုး ရ အ ထက် တန်းကျောင်းတွင် ကျောင်းဆရာအဖြစ် ခေတ္တ ဝင်ရောက်လုပ်ကိုင်ပြီး ကာလ ကတ္တား တက္ကသိုလ်မှ ၁၉၁၇ ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့ ရရှိခဲ့ သည်။ ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာပေဌာနတွင် ပထမဆုံး မြန်မာလူမျိုး ကထိကအဖြစ် လေးနှစ်တာမျှ ဆောင်ရွက်ခွင့် ရရှိသည်။ ၁၉၂၁ ခုနှစ်တွင် ကိန်းဗရစ်တက္ကသိုလ်သို့ သွား ရောက်ပညာသင်ကြားခဲ့ပြီး ၁၉၂၃ ခုနှစ်တွင် လန်ဒန်ဂရေး အင်းမှဝတ်လုံဘွဲ့ရရှိခဲ့သည်။ ၁၉၂၄ ခုနှစ်မှာပင် ပြင်သစ်နိုင်ငံ ဘောရိုးတက္ကသိုလ်မှ ဗုဒ္ဓဘာဘာကျမ်းပြု၍ ပီအိပ်ချ်ဒီ ပါရဂူ ဘွဲ့ ရရှိလေသည်။

၁၉၂၄ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိပြီး ဝတ်လုံလိုက်ရာ ၁၉၃၀ ပြည့်နှစ် သာယာဝတီဂဋ္ဌုန်ဆရာစံနှင့် မျိုးချစ် တော်လှန်ရေးသမားများဖက်မှ လိုက်ပါ ဆောင် ရွက်ရာမှဒေါက်တာ ဘမော်အမည်မှာ ထင်ရှားလာသည်။

၁၉၃၂ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ခွဲရေး တွဲရေး ပြဿနာ အငြင်းအခုံ ဖြစ်နေသည့်အခါ ဝတ်လုံ ဦးကျော်မြင့်၊ ရမ်းဗြဲ ဦးမောင်မောင် စသူတို့ပါဝင်သည့် တွဲရေးအသင်း၊ (မော် မြင့် ဗြဲ ပါတီ) ကို တည်ထောင်၍ တွဲရေး ခေါင်းဆောင် အဖြစ် နိုင်ငံရေးလောကသို့ ဝင်ရောက်ခဲ့သည်။

၁၉၃၂ ခု နိုဝင်ဘာလ ရွေးကောက်ပွဲတွင် အမတ်အဖြစ် အရွေးခံရပြီး ၁၉၃၃ ခုနှစ်တွင် ဗြိတိသျှ ပါလီမန် တွဲဘက် ကော်မတီနှင့် ဆွေးနွေးရန် မြန်မာကိုယ်စားလှယ် ၁၁ ဦးနှင့် အတူ ဗိလတ်သို့ သွားရောက်ဆွေးနွေးခဲ့သည်။ ဒေါက်တာ ဘမော်သည် ၁၉၃၄ ခုနှစ် မတ်လတွင် ပညာရေးနှင့် ကျန်း မာရေးဝန်ကြီးအဖြစ် လက်ခံဆောင်ရွက်ခဲ့လေသည်။ ထိုနှစ် မှာပင် ဆင်းရဲသား ဝံသာနု ပါတီကို တည်ထောင်သည်။

၁၉၃၆ ခု နိုဝင်ဘာလ၌ကျင်းပသည့် ၉၁ ဌာန အုပ်ချုပ် ရေး ဥပဒေပြု လွှတ်တော်တွင် ရမည်းသင်း တောင်ပိုင်း အမတ်အဖြစ် အရွေးခံရသည်။ ၁၉၃၇ ခုနှစ် ဧပြီလတွင် ဒေါက်တာဘမော်သည် အခြားပါတီများနှင့် ပူးပေါင်း၍ ညွှန့်ပေါင်း အစိုးရဖွဲ့စည်းနိုင်သဖြင့် မြန်မာ အမျိုးသားထဲမှ ပထမဆုံး နန်းရင်းဝန် ဖြစ်လာလေသည်။

၁၃၀၀ ပြည့် အရေးတော်ပုံကြီးတွင် နယ်ချဲ့လက်ပါးစေ များ၏ ရက်စက်မှုဖြင့် ဗိုလ်အောင်ကျော်နှင့် မန္တလေး အာဇာနည် ၁၇ ဦးကျဆုံးခဲ့ရသည့်အခါ ပြည်သူများကညွှန့် ပေါင်းအစိုးရခေါင်းဆောင် နန်းရင်းဝန် ဒေါက်တာဘမော် နှင့် အပေါင်းပါများအားဝိုင်းဝန်းရှုတ်ချခဲ့ကြသည်။ လွှတ် တော်တွင်လည်း အတိုက် အခံ များက အယုံအကြည်မရှိ အဆိုတင်၍ နန်းရင်းဝန်ရာထူးမှဖြုတ်ချခြင်းခံလိုက်ရသည်။

၁၉၃၉ ခုနှစ်တွင် လွှတ်လပ်ရေးအတွက် သွေးစည်း ဆောင်ရွက်ရန် တို့ဗမာအစည်းအရုံးသခင်များ၊ ငါးပွင့်ဆိုင်၊ ဆင်းရဲသား ဝံသာနု၊ နေပြည်တော် စသည့် အဖွဲ့များ ပူး ပေါင်းလက်တွဲ၍ ဗမာ့ထွက်ရပ်ဂိုဏ်း ဖွဲ့စည်း တည်ထောင် လိုက်သည့်အခါ အဖွဲ့ခေါင်းဆောင် ဖြစ်လာသည်။ ၁၉၄၀ ပြည့် ဩဂုတ်လ ၂၉ ရက်နေ့တွင် ထွက်ရပ်ဂိုဏ်းခေါင်း ဆောင် ဒေါက်တာဘမော်ကို ကာကွယ်ရေး ပုဒ်မဖြင့် ထောင်ဒဏ်တနှစ် အပြစ်ပေးကာ မိုးကုတ်ထောင်သို့ ပို့လိုက် သည်။

ဂျပန်များ မြန်မာပြည်ကို သိမ်းပိုက်ပြီးသည့် အခါ ၁၉၄၂ ခု မေလ တတိယပတ်တွင် ဂျပန် စစ်သေနာပတိ အီးဒါးက ဒေါက်တာဘမော်အား ခေါင်းဆောင်အဖြစ်ခန့် ထား၍ အုပ်ချုပ်ရေး စိစစ်မှု ကော်မတီကို ဖွဲ့စည်းပေး သည်။ ထိုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် အစိုးရအဖွဲ့ ဖွဲ့စည်းသောအခါ ဝန်ကြီးချုပ် ဖြစ်လာသည်။ နိုင်ငံရေး ဦးဆောင်အဖွဲ့အဖြစ် တို့ဗမာဆင်းရဲသား အစည်းအရုံး ဖွဲ့စည်းသည့် အခါတွင်လည်း အစည်းအရုံး ခေါင်းဆောင် အာဏာရှင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၄၃ ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြ စသူများနှင့် အတူ ဗမာ့ လွှတ်လပ်ရေး ပြင်ဆင်မှု ကော်မရှင်ကို ခေါင်းဆောင်၍ တိုကျိုမြို့သို့ သွားရောက်ဆွေးနွေးရာ ဂျပန်ဧကရာဇ်ဘုရင် က တက်နေဝင်းတံဆိပ်ဖြင့် ဂုဏ်ပြုချီးမြှင့်ခဲ့သည်။

ဂျပန်နိုင်ငံက မြန်မာနိုင်ငံအား ၁၉၄၃ ခု ဩဂုတ်လ ၁ ရက်နေ့တွင် လွှတ်လပ်ရေးပေး၍ ဗမာနိုင်ငံအစိုးရဖွဲ့စည်း သည့်အခါ နိုင်ငံတော်အဓိပတိ အဖြစ် ဗမာနိုင်ငံ အစိုးရ အဖွဲ့ကို ဦးဆောင်ခဲ့သည်။

ဒေါက်တာဘမော်သည် ၁၉၇၇ ခု မေလ ၂၉ ရက်နေ့ တွင်အသက် ၈၅ နှစ် အရွယ်၌လူကြီးရောဂါဖြင့် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

ဘာမေး,ဗီနို့ဗာ (ခရစ် ၁၈၉၅ ဖွား)။ ။ကွယ်လွန်သူ အိန္ဒိယ လွတ်လပ်ရေး ခေါင်းဆောင်ကြီး မဟတ္တမဂန္ဒီ၏ ခြေရာကို နင်း သူ အဖြစ် ဗီနို့ဗာ ဘာမေးကို သတ်မှတ်ကြသည်။ ဂန္ဒီကဲ့သို့ပင် အကြမ်းမဖက်သော မေတ္တာလက်နက်ကိုစွဲကိုင်သူဖြစ်သည်။ သူ အမည်ရွေတွင်အာစရိယဟူသော ဘွဲ့ကို တပ်ခေါ်ကြသည်။ သူကို အကြောင်းပြု၍ ဘူမိဒါနခေါ် ကမ္ဘာကျော်မြေယာလှူ ဒါန်းပွဲကြီးတရပ် အိန္ဒိယတွင် ပေါ်ပေါက်ခဲ့ရသည်။



ဘူမိဒါနရှင်ဗီနို့ဗာဘာမေး

မြေယာဝေခြမ်းရေး ပြဿနာသည် အိန္ဒိယ နိုင်ငံလွတ်လပ်ရေးမရမီ ပဝေသဏီကပင် ရှုပ်ထွေးနေခဲ့သည်။ ၁၉၅၁ ခုနှစ် ဧပြီလတွင် ဟိုက်ဒြာဘတ်နယ်၌ ပြင်းထန်သောဆူပူမှုများ ပေါ်ပေါက်ခဲ့သည်။ မြေရှင်နှင့် မြေမဲ့တို့အကြား အဓိကရုဏ်းမီးပုံးသည် လျင်မြန်စွာ ကူးစက်ပျံနှံ့နေရာ စစ်တပ်၊ ရဲတပ်တို့ပင် နှိမ်နင်း၍ မရနိုင်ဖြစ်နေသည်။ အစိုးရအာဏာဖြင့် နှိပ်ကွပ်၍ မရသော လူရှုပ်သန်း၏အဓိကရုဏ်းကို ဗီနို့ဗာက မေတ္တာလက်နက်ဖြင့် ငြိမ်းအေး၍ ရခဲ့သည်။

ဗီနို့ဗာက မြေရှင်တို့အား လူလူချင်း ထားအပ်သော မေတ္တာတရား ဟောကြား၍ မြေကို အလှူခံလေသည်။

မြေရှင်များက ကျေကျေနပ်နပ်ပင် ပေးလှူကြသည်။ ဤသို့ အလှူခံ၍ရရှိသော မြေများကို အိန္ဒိယ ဆင်းရဲသား မြေမဲ့ယာမဲ့တို့အား ဗီနို့ဗာက ဝေခြမ်းပေးလေသည်။ ဤသို့ မြေကို လှူဒါန်းခြင်းကြောင့် ဘူမိဒါနအရေးတော်ပုံဟု ဗီနို့ဗာက သူ၏လုပ်ငန်းကို အမည်ပေးလိုက်သည်။ ဤအရေးတော်ပုံသည် တေလင်္ဂန အရပ်မှစ၍ အိန္ဒိယတပြည်လုံးသို့ ပျံသွားလေသည်။

ဗီနို့ဗာသည် လေးငါးနှစ်အတွင်း မြေကေ လေးသိန်းနှစ်သောင်းမျှ အလှူခံရရှိသည်။ မြေသာမက ငွေများကိုလည်း ပေးလှူကြသည်။ လယ်မဲ့ယာမဲ့ ၁၄၉ သိန်းအတွက် တအိမ်ထောင် ငါးကနွန်းအခြေခံဖြင့် ဝေငှပေးရန် လိုအပ်သော မြေကေ သန်း ၅၀ ကို ၁၉၅၇ ခုနှစ်တွင် အလှူခံရရှိရန် ဗီနို့ဗာသည် တရွာဝင် တရွာထွက် လှည့်လည် သွားလာခဲ့လေသည်။

ဗီနို့ဗာတွင် ရန်သူဟူ၍မရှိ လက်ဝဲဝါဒဖြစ်စေ၊ လက်ျာဝါဒ ဖြစ်စေ သူတွင် ခွဲခြား၍မမြင်တတ်၊ လူဟူသော မိသားစုမှ ပေါက်ပွားလာသူများသည် သွေးချင်းသားချင်း များပင်ဖြစ်သည် ဟူသော အကျယ်ပြန့်ဆုံး မေတ္တာတရားကို ထားရှိလေသည်။ ထို့ကြောင့် အိန္ဒိယ နိုင်ငံရေးပါတီ အားလုံးကပင် သူလုပ်ငန်းကို ထောက်ခံကြသည်။

ဗီနို့ဗာကို ၁၈၉၅ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့တွင် ဘုံဘေပြည်နယ် ကိုလာဘခရိုင်၌ ဇာတ်မြင့်သော ပြာဟ္မဏ ပုဏ္ဏားမျိုးမှ ဖွားမြင်ခဲ့သည်။ မိခင် ရုခ်မိနီဒေဝီနှင့် ဖခင် ရှရိနာဟာရှန် ဘုရောဘာမေးဖြစ်သည်။

၁၉၁၅ ခုနှစ်တွင် ၁၀ တန်းစာမေးပဲ့ အောင်မြင်သည်။ ဥပစာတန်း ဆက်တက်သည်။ မကြာမီ ပညာသင်ကြားရေးကို စွန့်လွှတ်လိုက်သည်။ ၁၉၁၆ ခုနှစ်ထဲတွင် အောင်လက်မှတ်နှင့် စာရွက်စာတမ်းအားလုံးမီးပုံရှို့ပစ်ခဲ့လေသည်။

၁၉၁၆ ခုနှစ် ဇွန်လ ၇ ရက်နေ့တွင် ဂန္ဓီနှင့် တွေ့ဆုံရာမှ သူဘဝ တမျိုးတဖုံ ပြောင်းလဲသွားလေသည်။ ဂန္ဓီ၏ အဟိ ံသဝါဒကို လက်ခံခြင်းဖြင့် အန္တေဝါသိက တပည့်တဦး ဖြစ်လာသည်။ ဒုတိယ ကမ္ဘာစစ်တွင် အိန္ဒိယပြည် အား မပါဝင်စေရေးအတွက် ဂန္ဓီအမှူးပြုသော အဟိ ံသဝါဒီများက အနုနည်းဖြင့် ဆန္ဒပြခဲ့ရာတွင် ဗီနို့ဗာလည်း တက်ကြွစွာ ပါဝင်ခဲ့သည်။ နိုင်ငံလွတ်လပ်ရေး ကြိုးပမ်းမှုတွင် အင်္ဂလိပ် အစိုးရက သူအား ခြောက်ကြိမ်တိုင်တိုင် ထောင်သွင်းအကျဉ်းထားခြင်း ခံခဲ့ရ၏။

ဗီနို့ဗာသည် အသက်ထက်ဆုံး အိမ်ထောင်မပြုပဲနေသည်။ ဂန္ဓီကြီးကိုယ်တိုင်က ဤအချက်တွင် ဗီနို့ဗာသည် မိမိထက်သာသည်ဟု ဖွင့်ဟ ချီးကျူးခဲ့ဖူး၏။ အနေအထိုင် အမူအကျင့်များတွင် ဂန္ဓီနှင့် မခြား ကျင့်သုံး၏။

ဗီနို့ဗာသည် ပညာရည် အားဖြင့်လည်း ထက်မြက်ထူးချွန်သူဖြစ်သည်။ အိန္ဒိယပြည်၏ ပညာရှိကြီးများအနက် တယောက်အပါအဝင် ဖြစ်သည်။ အင်္ဂလိပ်၊ သင်္သကရိုက်၊ ပါးရှင်း၊အူရဒူ၊ ဟင်ဒီ၊ မာရသီ၊ ဂူဂျာရတီ၊ဗင်္ဂါလီ၊ တေလဂူ၊ မလေး စသော ဘာသာစကားများကိုတတ်ကျွမ်းသည်။

သူသည် ဘူမိဒါန လုပ်ငန်းကြီးကို ဆောင်ရွက်စဉ်က ခရီးမိုင်ပေါင်းများစွာ ခြေလျင်လှည့်လည်သွားလာခဲ့သည်။ ထိုစဉ်က အိန္ဒိယ အစိုးရက ဒေလီမြို့သို့ လေယာဉ်လွှတ်၍ ပင့်ခေါ်သည်ကိုပင် ဗီနို့ဗာသည်မလိုက်ပဲ ကုန်းကြောင်းဖြင့် ၇၀၅ မိုင်ခရီးကို နှစ်လကြာမျှ ခြေလျင် လျှောက်သွားခဲ့သည်။ ထို့ကြောင့် သူအား အနောက်နိုင်ငံ သတင်းစာများက "ခြေလျင်သူတော်စင်" ဟူ၍ ရေးသားခဲ့ကြသည်။

သူသည်ယခု အသက် ၇၃ နှစ်ရှိသည့်တိုင် ကျန်းမာစွာရှိနေဆဲဖြစ်သည်။ အိန္ဒိယ နိုင်ငံရေး ခေါင်းဆောင်များက သူထံ မကြာခဏ သွားရောက်ဂါရဝ ပြုကြသည်။

ဘူတို့ဇူလဖီကာ အလီ (ခရစ် ၁၉၂၈ ပွား)။ ။ပါကစ္စတန် နိုင်ငံ၏ ဝန်ကြီးချုပ် အဖြစ် ၁၉၇၁ ခု ဒီဇင်ဘာလ ၂၀ ရက်နေ့မှ ၁၉၇၇ ခုနှစ် ဇူလိုင်လအ' ထိ ဆောင်ရွက်ခဲ့သူဇူလဖီကာအလီဘူတိုကို ပါကစ္စတန်နိုင်ငံဆင်းဒါဒ်ပြည်နယ် လာကနာမြို့တွင် မြေပိုင်ရှင်မိဖများမှ ဖွားမြင်သည်။



ဇူလဖီကာအလီဘူတို

အမေရိကန်ပြည်ထောင်စုကာလီဖိုးနီးယားတက္ကသိုလ်မှ ၁၉၅၀ ပြည့်နှစ်တွင် နိုင်ငံရေး သိပ္ပံဘာသာဂုဏ်ထူးဖြင့်ဝိဇ္ဇာဘွဲ့ရရှိသည်။ ၁၉၅၂ ခုနှစ်တွင်အောက်စဖို့ တက္ကသိုလ်မှဥပဒေဘာသာဂုဏ်ထူးဖြင့် မဟာဝိဇ္ဇာဘွဲ့ကို ရရှိသည်။ ၁၉၅၃ ခုနှစ်တွင် ပါကစ္စတန်နိုင်ငံသို့ ပြန်၍ ရှေနေ လုပ်သည်။ အပြည်ပြည်ဆိုင်ရာဥပဒေကိုလည်း ပို့ချ သင်ကြားသည်။

၁၉၅၇ ခုနှစ်တွင် ဘူတိုသည် ကုလသမဂ္ဂ အထွေထွေညီလာခံတွင် ပါကစ္စတန်ကိုယ်စားလှယ်အဖြစ် တက်ရောက်ရသည်။ ၁၉၅၈ ခုနှစ်တွင် သမ္မတ အယ္ယတ်ခန်က သူ့အား ကူးသန်းရောင်းဝယ်ရေးဝန်ကြီးအဖြစ်၎င်း၊ ၁၉၆၁ ခုနှစ်တွင် ပြန်ကြားရေး ဝန်ကြီးအဖြစ်၎င်း ထိုနှစ်တွင်ပင် နိုင်ငံခြားရေးဝန်ကြီးအဖြစ်၎င်း ဆောင်ရွက်ရသည်။ ၁၉၆၆ ခုနှစ်တွင် အစိုးရအဖွဲ့မှ နုတ်ထွက်ပြီး ၁၉၆၈ ခုနှစ်တွင်သမ္မတအယ္ယတ်ခန်နှင့်တက်ရှကင့်သဘောတူ စာချုပ်ကိစ္စအတွက်သဘောကွဲလွဲရာမှ ထောင်လေးလ ကျခဲ့သည်။ ဤတွင် အလီဘူတိုအား ဖမ်းဆီးခြင်းနှင့် စပ်လျဉ်း၍ အနောက် ပါကစ္စတန်ပြည်နယ်တွင် လူထုအုံကြွမှုကြီး ဖြစ်ပေါ်လာသည်။ ထိုနှစ်တွင်ပင် ဘူတိုသည် ပါကစ္စတန် ပြည်သူပါတီကို ထူထောင်သည်။

နိုင်ငံရေးအရ ဘူတိုသည် ပီကင်းကိုလိုလားသူဟူ၍ ထင်ရှားသည်။ သူ့အာဏာရလျှင် ပါကစ္စတန်နိုင်ငံကို အစွဲလာမ်ဆိုရှယ်လစ်လမ်းစဉ်ဖြင့် တည်ဆောက်မည်ဟု ဆိုသည်။

၁၉၇၁ ခုနှစ်တွင် အရှေ့ပါကစ္စတန် ကိစ္စနှင့် စပ်လျဉ်း၍ အိန္ဒိယပါကစ္စတန်ပဋိပက္ခဖြစ်လာရာပါကစ္စတန်ပြည်သူ့ပါတီခေါင်းဆောင် အလီဘူတိုသည် ယာယာခန်၏ ကိုယ်စားလှယ်အဖြစ် နိုင်ငံခြားရေးဝန်ကြီး ကုန်း၊ ရေ၊ လေ တပ်မတော် ဦးစီးချုပ်တို့အား ဦးဆောင်၍ ထိုနှစ် နိုဝင်ဘာလ ၅ ရက်နေ့မှ ဂ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတ နိုင်ငံသို့ သွားရောက်ကာ အိန္ဒိယပါကစ္စတန်အရေး ဆွေးနွေးသည်။

၁၉၇၁ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ယာယာခန် ရာထူးမှနုတ်ထွက်လိုက်ရာ အလီဘူတိုသည် ပါကစ္စတန် ဝန်ကြီးချုပ် အဖြစ် တင်မြှောက်ခံရသည်။ အလီဘူတိုသည် အိန္ဒိယပါကစ္စတန် ငြိမ်းချမ်းမှုရရေး၊ အရှေ့ပါကစ္စတန်နှင့် ငြိမ်းချမ်းစွာ ဆွေးနွေးရေးကို ဆောင်ရွက်ခဲ့သည်။ အရှေ့ပါကစ္စတန်ခေါင်းဆောင် ရှိတ်မူဂျီအားလည်း ဇန္နဝါရီလ ဂ ရက်နေ့တွင် လွှတ်ပေးလိုက်သည်။ ထိုနှစ်ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် ဗင်္ဂလားဒေ့ရှနိုင်ငံကို အသိအမှတ် ပြုကြောင်း ပါကစ္စတန် ဝန်ကြီးချုပ် ဘူတိုက ကြေငြာလေသည်။

၁၉၇၇ ခုနှစ် ဇူလိုင်လ ၅ ရက်နေ့တွင် ဗိုလ်ချုပ်ကြီး ဇီယာအူးလဟတ် ခေါင်းဆောင်သော စစ်အာဏာရှိများက အလီဘူတိုအား ဖမ်း၍ အာဏာသိမ်းလိုက်ကြသည်။ အလီဘူတိုအား ထိန်းသိမ်းထားရာ ရာဝါပင်ဒီမြို့ မြောက်ဖက်မိုင် ၄၀ အကွာ မူးရီတောင်ကုန်းစခန်းသို့ ဇီယာအူးလဟတ်ကိုယ်တိုင် သွားရောက်ဆွေးနွေးသည်။ ဇူလိုင်လ ၂၈ ရက်နေ့တွင် အလီဘူတိုအား ပြန်လွှတ်လိုက်သည်။ ၁၉၇၆ ခုနှစ်က လာဟိုမြို့၌ မစ္စတာနဝက် အာမက်ခန် ဆိုသူအား ချုံခိုတိုက်ခိုက်၍ သေဆုံးမှုနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်ဟောင်းအလီဘူတိုက စေခိုင်း၍ စီစဉ်ဆောင်ရွက်ပေးရပါသည်ဟု ထောက်လှမ်းရေးအဖွဲ့ ညွှန်ကြားရေးမှူး မာဆွတ်မာမွတ်က ကိုယ်တိုင်တရားဝင်စွဲချက်တင်သဖြင့် အလီဘူတိုအဖမ်းခံရပြန်သည်။

ထိုနှစ် စက်တင်ဘာလ ၁၃ ရက်နေ့တွင် အလီဘူတိုအား အာမခံနှင့်လွှတ်လိုက်သည်။ အလီဘူတိုက အောက်တိုဘာလတွင် ကျင်းပမည့် ရွေးကောက်ပွဲဝင်မည်ဟုကြေငြာကာ မဲဆွယ်ရန် စီစဉ်နေစဉ် စက်တင်ဘာလ ၁၇ ရက်နေ့တွင် စစ်ဥပဒေအရ ထပ်မံ ဖမ်းဆီးခံရလေသည်။

ဘက်မလိုက်နိုင်ငံများ။ ။ဒုတိယ ကမ္ဘာစစ်ကြီးပြီးသောအခါ အင်အားကြီး လက်ဝဲလက္ခာ အုပ်စုကြီးနှစ်ခု ကမ္ဘာပေါ်တွင် ပေါ်ပေါက်လာခဲ့သည်။ ယင်းအုပ်စုကြီးနှစ်ခုအနက် မည်သည့်ဖက်သို့မျှ မပါဝင်လိုသော နိုင်ငံများသည် ကြားနေနိုင်ငံများအဖြစ် ရပ်တည်ခဲ့ကြ၏။ မူလကမူ ကြားနေနိုင်ငံများသည် အုပ်စုကြီးနှစ်စုတွင် မည်သည့်ဖက်သို့မျှ မပါဝင်လိုခြင်းနှင့် အားပြိုင်တိုးတက်မှုများမှ သီးခြားကင်းလွတ်စွာ နေလိုခြင်းဟူသည့် ကျဉ်းမြောင်းသောသဘောကိုသာ ဆောင်ပေသည်။

သို့သော် နောက်ပိုင်းတွင်မူ ကြားနေနိုင်ငံများသည် ကမ္ဘာ့ငြိမ်းချမ်းရေး၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး၊ နိုင်ငံအချင်းချင်း နားလည်ချစ်ကြည်ရေး၊ လူမှုရေး၊စီးပွား

ရေး၊ ပညာရေးနှင့် ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေး စသည့်သဘောလက္ခဏာများကို ဆောင်လာသည်။ သို့ဖြင့် ကြားနေနိုင်ငံများဟူသည့် အမည်မှ အဓိပ္ပါယ်ပိုမို ကျယ်ပြန့်သော ဘက်မလိုက်နိုင်ငံများဟူသည့် အမည်သို့ပြောင်းခဲ့ကြခြင်းဖြစ်၏။

အိန္ဒိယ၊ မြန်မာ၊ အင်ဒိုနီးရှား၊ သီဟိုဠ် (ယခုသီရိလင်္ကာ)နှင့် ပါကစ္စတန် နိုင်ငံတို့သည် ၁၉၅၄ ခုနှစ်က သီရိလင်္ကာနိုင်ငံ ကိုလံဗိုမြို့တွင် အာရှငါးနိုင်ငံ အစည်းအဝေးကို ကျင်းပခဲ့ကြ၏။ ယင်းသည် ဘက်မလိုက်နိုင်ငံများ၏ ရှေ့ပြေးလှုပ်ရှားမှုပင် ဖြစ်ဇတာ့သည်။ အထက်ပါ ငါးနိုင်ငံမှ ဝန်ကြီးချုပ်များသည် ၁၉၅၄ ခုနှစ် ဒီဇင်ဘာလတွင် အင်ဒိုနီးရှားနိုင်ငံ ဗိုဂိုမြို့၌ အစည်းအဝေးတရပ် ကျင်းပခဲ့ပြီး အာရှ–အာဖရိက ညီလာခံ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ခဲ့ကြ၏။ သို့ဖြင့် ၁၉၅၅ ခုနှစ် ဧပြီလတွင် အင်ဒိုနီးရှားနိုင်ငံ ဗန်ဒေါင်းမြို့၌ အာရှ–အာဖရိက ညီလာခံကို ကျင်းပခဲ့လေသည်။ ယင်းညီလာခံသို့ ၂၉ နိုင်ငံမှ ဝန်ကြီးချုပ်များ တက်ရောက်ခဲ့ကြပြီး ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးတက်ရေးကို ဦးတည်သည့် အခြေခံမူ ၁၀ ချက်ကို ထုတ်ပြန်ခဲ့ပေသည်။

ထို့နောက် ဘက်မလိုက်နိုင်ငံများ၏ ပထမအကြိမ် ထိပ်သီးအစည်းအဝေးကို ၁၉၆၁ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့မှ ၆ ရက်နေ့အထိ ယူဂိုဆလားဗီးယားနိုင်ငံ ဗဲလဂရိတ်မြို့တွင် ကျင်းပခဲ့ရာ အာရှ၊ အာဖရိကနှင့် လက်တင်အမေရိကမှနိုင်ငံပေါင်း ၂၅ နိုင်ငံတက်ရောက်၍ နိုင်ငံခြားစစ်စခန်းများဖျက်သိမ်းရေး၊ချမ်းသာသောနိုင်ငံများနှင့်ဆင်းရဲသောနိုင်ငံများ အကြား ကွာဟမှု နည်းပါးရေး စသည်တို့ ပါဝင်သော ကြေငြာချက်တစောင်ကို ထုတ်ပြန်ခဲ့၏။

ဘက်မလိုက်နိုင်ငံများ၏ ဒုတိယအကြိမ် ထိပ်သီးအစည်းအဝေးကို အာရပ်ပြည်ထောင်စု သမ္မတနိုင်ငံ(အီဂျစ်နိုင်ငံ)ကိုင်ရိုမြို့၌ ၁၉၆၃ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့မှ ၁၀ ရက်နေ့အထိ ကျင်းပခဲ့ရာ ၄၇ နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက် ခဲ့ကြသည်။ ယင်းအစည်းအဝေးနောက်ဆုံးနေ့တွင် ငြိမ်းချမ်းရေးနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး ကြေငြာချက်ကို ထုတ်ပြန်ခဲ့၏။ တတိယအကြိမ် ထိပ်သီး အစည်းအဝေးကိုမူ ၁၉၇၀ ပြည့်နှစ် စက်တင်ဘာလ ၈ ရက်နေ့မှ ၁၀ ရက်နေ့အထိ ဇမ္ဗီးယားနိုင်ငံ လူဆာကာမြို့တွင် ကျင်းပရာ ဘက်မလိုက် ၅၄ နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ ယင်းအစည်းအဝေးမှ အရေးကြီးသော ကမ္ဘာ့ပြဿနာရပ်များအား အင်အားကြီး နိုင်ငံများက အဆုံးအဖြတ်ပေးမှုကို ရပ်တန့်ရေး၊ ဖွံ့ဖြိုးဆဲ နိုင်ငံများအတွက် ကြွေးမြီများ လျှော့ပေါ့ရေး စသည့်ဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ပေသည်။

တဖန် ဘက်မလိုက် နိုင်ငံများ၏ စတုတ္ထအကြိမ် ထိပ်သီးအစည်းအဝေးကို အယ်လဂျီးရီးယားနိုင်ငံ အယ်လဂျီးယားမြို့တွင် ၁၉၇၃ ခုနှစ် စက်တင်ဘာလ ၅ ရက်နေ့မှ ၉ ရက်နေ့ အထိ ကျင်းပခဲ့သည်။ ထိုအစည်းအဝေးသို့ ဘက်မလိုက် ၇၆ နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံငယ်များ လွတ်လပ်ရေးတို့အတွက် အရေးကြီးသော ဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ပေသည်။

ဘက်မလိုက် နိုင်ငံများ၏ ပဥ္စမအကြိမ်မြောက် ထိပ်သီးအစည်းအဝေးကိုမူ သီရိလင်္ကာနိုင်ငံ ကိုလံဗိုမြို့တွင် ၁၉၇၆ ခုနှစ် ဩဂုတ်လ ၁၆ ရက်နေ့မှ ၁၉ ရက်နေ့အထိ ကျင်းပခဲ့သည်။ ယင်းအစည်းအဝေးက အန်ဂိုလာ၊ ဆေရှဲ၊ မော်လဒိုက်နှင့် ကိုမိုးရိုး ကျွန်းစု နိုင်ငံတို့ကို ဘက်မလိုက်အဖွဲ့ဝင် နိုင်ငံများအဖြစ် အတည်ပြုလက်ခံလိုက်၏။ သို့ဖြစ်၍ ဘက်မလိုက်အဖွဲ့ဝင် ၈၆ နိုင်ငံဖြစ်လာသည်။

ယင်းဘက်မလိုက်အဖွဲ့ဝင် ၈၆ နိုင်ငံမှာအာဖဂန်နိစတန်၊ အယ်လဂျီးရီးယား၊ အန်ဂိုလာ၊ အာဂျင်တီးနား၊ ဗာရိန်း၊ ဗင်္ဂလားဒေ့ရှ၊ဗူတန်၊ ဗော့ဆွာနာ၊ မြန်မာ၊ ဗူရွန်ဒီ၊ ကမ္ဗောဒီးယား၊ ကမ္မရွန်း၊ ကိပ်ဗာဒီကျွန်းစု၊ အလယ်ပိုင်း အာဖရိကနိုင်ငံ၊ ချဒ်၊ ကိုမိုးရိုးကျွန်းစု၊ ကွန်ဂို၊ ကျူးဗား၊ စိုက်ပရပ်၊ ဒါဟိုမီ (ဗယ်နင်)၊ အီဂျစ်၊ အီကွေတိုးရီးယဲဂင်းနီ၊ အီသီအိုးပီးယား၊ ဂါဗွန်၊ ဂမ္ဗီးယား၊ ဂါနာ၊ ဂင်းနီ၊ ဂင်းနီဗစ်ဆော၊ ဂိုင်ယာနာ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ အီရတ်၊ အိုင်ဗရီကို့စ၊ ဂျမေကာ၊ ဂျော်ဒန်၊ ကင်ညာ၊ ကူဝိတ်၊ လော၊ လက်ဗန္ဒန်၊ လီဆိုသို၊ လိုက်ဗီးရီးယား၊ လစ်ဗျ၊ မက်ဒက်ဂက်စကာ၊ မလေးရှား၊ မော်လဒိုက်၊ မာလီ၊ မော်လတာ၊ မောရိတေနီးယား၊ မော်ရစ်ရှပ်၊ မိုရိုကို၊ မိုဇမ်ဗစ်၊ နီပေါ၊ နိုင်ဂျာ၊ နိုင်ဂျီးရီးယား၊ မြောက်ကိုရီးယား၊ မြောက်ဗီယက်နမ်၊ အိုမန်၊ ပယ်လက်စတိုင် လွတ်မြောက်ရေးအဖွဲ့၊ ပနားမား၊ ပီရူး၊ ကော့တာ၊ အာဝမ်းဒါး၊ဆာအိုတိုမေနှင့် ပရင်စပီ၊ ဆအူးဒီအာရေဗျ၊ ဆင်နီဂေါ၊ ဆေရှဲ၊ ဆီယားရာလေအွန်း၊ စင်္ကာပူ၊ ဆိုမာလီယာ၊ တောင်ဗီယက်နမ်၊ သီရိလင်္ကာ၊ ဆူဒန်၊ ဆွာဇီလန်၊ ဆီးရီးယား၊ တန်ဇားနီးယား၊ တိုဂို၊ ထရင်နီဒက်နှင့် တိုဗာဂို၊ တျူနီရှား၊ ယူဂန်းဒါး၊အာရပ်စော်ဘွားနယ်ပေါင်းစုနိုင်ငံ၊အထက်ဗိုလတာ၊တောင်ယေမင်၊ မြောက်ယေမင်၊ ယူဂိုဆလားဗီးယား၊ ဇိုင်ယာနှင့် ဇမ္ဗီးယား တို့ဖြစ်ကြသည်။

ပဥ္စမအကြိမ်ဘက်မလိုက်ထိပ်သီး အစည်းအဝေးမှ နိုင်ငံရေး ကြေငြာချက်နှင့် စီးပွားရေး ကြေငြာချက်တို့ကို ထုတ်ပြန်ခဲ့သည်။ နိုင်ငံရေးကြေငြာချက်တွင် ကမ္ဘာတဝှန်းလုံး၌ တင်းမာမှု လျော့ပါးရေးနှင့် နိုင်ငံအားလုံးတို့သည် ကမ္ဘာ့ပြဿနာရပ်များတွင် တန်းတူရည်တူ ရပ်တည်ပါဝင်

ကြရန်၊ ဘက်မလိုက် သတင်းစုပေါင်း ဖြန့်ချိရေးအဖွဲ့ကို ဥပဒေနှင့်အညီ အမြန်ဆုံး အကောင်အထည်ဖော်ရန် စသည့် အချက်များ ပါဝင်သည်။ စီးပွားရေး ကြေငြာချက်တွင် နိုင်ငံတကာ စီးပွားရေး ပုံစံသစ် တည်ထောင်ရေးအတွက် ခိုင်မာစွာ ဆုံးဖြတ်ထားကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အရေးတကြီး လုပ်ငန်းမှာ စက်မှုပစ္စည်း၊ လယ်ယာထွက်ပစ္စည်းနှင့် စားနပ်ရိက္ခာ ထုတ်လုပ်မှုများတိုးမြှင့်ရန်ဖြစ်ကြောင်းစသည့် အချက်များ ပါဝင်သည်။ ယင်း ပဋိညာဉ်ကြိမ် ဘက်မလိုက် ထိပ်သီးအစည်းအဝေးသို့ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်မှ ဝန်ကြီးချုပ် ဦးစိန်ဝင်း ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့လေသည်။

ယခုအခါတွင် ဘက်မလိုက်နိုင်ငံများ၏ အခန်းကဏ္ဍသည် ပို၍ ကြီးမားကျယ်ပြန့်လာပေသည်။ ဘက်မလိုက်နိုင်ငံများက လိုက်နာကျင့်သုံးသော ဘက်မလိုက်မူဝါဒ၏ အနှစ်သာရမှာ ဘက်မလိုက်ရေးနှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးတို့ကို အခြေခံပြီး လွတ်လပ်သောမူဝါဒကို ကျင့်သုံးခြင်း၊ အမျိုးသား လွတ်လပ်ရေး လှုပ်ရှားမှုများကို ထောက်ခံခြင်း၊ စစ်အုပ်စုများတွင် မပါဝင်ခြင်း၊ အင်အားကြီး နိုင်ငံများက ဘက်မလိုက် နိုင်ငံများ၏ နယ်မြေကို စစ်အခြေခံ စခန်းအဖြစ် အသုံးပြုခြင်းကို ငြင်းပယ်ခြင်း စသည်တို့ပင် ဖြစ်လေသည်။

မကာရီယို့စ၊ ဘုန်းတော်ကြီး (ခရစ် ၁၉၁၃--၁၉၇၇)။ ဘုန်းတော်ကြီး မကာရီယို့စသည် စိုက်ပရပ်နိုင်ငံ ပနာယီယာအရပ်တွင် ၁၉၁၃ ခုနှစ် သြဂုတ်လ ၁၃ ရက်နေ့၌ ဖွားမြင်သည်။ ဖခင်ဖြစ်သူသည် လယ်သမား ဖြစ်သည်။ ငယ်စဉ်က စိုက်ပရပ်တွင် ပညာသင်ပြီးနောက် ဂရိနိုင်ငံ အက်သင်မြို့တော်သို့ သွားရောက် နေထိုင်ကာဥပဒေနှင့်ဘာသာရေး စာပေများ သင်ကြားရာမှ ဒုတိယ ကမ္ဘာစစ်ကြီး အပြီးတွင် ဘာသာရေးပညာတော်သင် အရွေးခံရသည်။ ၁၉၄၈ ခုနှစ်တွင် ကိတီယွန် ခရစ်ယန် ဂိုဏ်းအုပ်အဖြစ်ဆောင်ရွက်ရန် စိုက်ပရပ်သို့ ပြန်လာသည်။



ဘုန်းတော်ကြီး၊ မာကာရီယို့စ

နှစ်နှစ်အကြာအသက် ၃၇ နှစ် အရွယ်တွင် စိုက်ပရပ် ခရစ်ယန်ဂိုဏ်းချုပ်အဖြစ် တင်မြှောက်ခံရ၏။ စိုက်ပရပ်နိုင်ငံကို ဗြိတိသျှတို့အုပ်စိုးနေချိန်၌ မကာရီယို့စသည် စိုက်ပရပ်နှင့် ဂရိ ပူးပေါင်းရေးအတွက် မနားတမ်းကြိုးပမ်းရင်း ဗြိတိန်၊ အမေရိကန်နှင့် ကမ္ဘာ့အရှေ့အလယ်ပိုင်း နိုင်ငံများသို့လှည့်လည်ကာ နိုင်ငံခေါင်းဆောင်များနှင့်ဆွေးနွေးလေသည်။

၁၉၆၀ ပြည့်နှစ် သြဂုတ်လ ၁၆ ရက်နေ့၌ ဂရိနွယ်ဖွားခရစ်ယန်အများစုနှင့် တူရကီနွယ်ဖွား မွတ်ဆလင်အနည်းစုတို့ နေထိုင်ရာ စိုက်ပရပ်နိုင်ငံသည် ဂရိ၊ တူရကီနှင့် ဗြိတိန်နိုင်ငံတို့၏ သဘောတူညီချက်ဖြင့် သမ္မတနိုင်ငံ ဖြစ်လာပြီးလျှင် ဂရိနွယ်ဖွား မျိုးချစ်တပ်ဦး ပါတီ ခေါင်းဆောင် မကာရီယို့စကို နိုင်ငံ၏ သမ္မတအဖြစ် တင်မြှောက်ကြသည်။ ဓနသဟာယ ဝန်ကြီးများအစည်းအဝေးများသို့ စိုက်ပရပ် နိုင်ငံ ကိုယ်စားလှယ်အဖြစ်ဖြင့် အကြိမ်ကြိမ် တက်ရောက်ခဲ့သည်။

မကာရီယို့စသည် ဥာဏ်ရှင်သလောက် ဟာသလည်း ဖောက်တတ်သည်။ စွဲမက်ဖွယ်သွင်ပြင်မူရာလည်း ရှိသည်။ နိုင်ငံရေးနှင့် နိုင်ငံခြား ဆက်ဆံမှုတို့တွင် ရံဖန်ရံခါပင်သူ၏ ထက်မြက် ကျွမ်းကျင်သော စွမ်းရည်ကို ပြနိုင်ခဲ့သူဖြစ်သည်။

မကာရီယို့စက ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ လက်တွေ့အလုပ် မဖြစ်သောကြောင့် အခြေခံဥပဒေတွင် အပြောင်းအလဲများ လုပ်သင့်သည်ဟု ၁၉၆၃ ခုနှစ်တွင် အကြံပြုလိုက်သည်။ သို့သော် ပြောင်းလဲလာမည့်အချက်များတွင် လူနည်းစု တူရကီနွယ်ဖွားတို့၏ အခွင့်အရေးများ လျော့သွားမည်ဟု တူရကီနွယ်ဖွားတို့က ထင်ကြသဖြင့် ဂရိနွယ်ဖွားနှင့် တူရကီနွယ်ဖွားလူမျိုးစုချင်းရင်း၊ ဆိုင်ရာသဘောတူညီချက် အရ ဂရိနှင့် တူရကီ နိုင်ငံတို့မှ ချထားပိုင်ခွင့်ရှိသော တပ်ဖွဲ့ချင်းရင်း တိုက်ပွဲဖြစ်ကြရာ မကာရီယို့စ၏ သမ္မတသက်တမ်းအတွင်း ပထမဆုံး အရေးအခင်းကြီး ပေါ်ပေါက်လေသည်။ လူမျိုးစုချင်း တိုက်ခိုက်ကြ၍ ဂရိနှင့် တူရကီ နိုင်ငံနှစ်ခုတို့လည်း စစ်ဖြစ်မည့်အခြေသို့ ရောက်လေသည်။ ကမ္ဘာ့နိုင်ငံကြီးများနှင့် ကုလသမဂ္ဂတို့၏ ကြိုးပမ်းမှုကြောင့်သာ ၁၉၆၄ ခုနှစ် သြဂုတ်လတွင် ယင်းအရေးကြီးမှာ ငြိမ်းအေးသလောက် ဖြစ်ခဲ့ရသည်။

၁၉၇၄ ခုနှစ်တွင် လူမျိုးစုနှစ်စုတို့၏ ပဋိပက္ခ ကြီးထွားနေစဉ် ဇူလိုင်လ ၁၅ ရက်နေ့၌ဂရိစစ်အရာရှိများက သမ္မတ မကာရီယို့စထံမှ အာဏာသိမ်းလိုက်ပြီး သမ္မတသစ်နှင့် ခရစ်ယန် ဂိုဏ်းချုပ်သစ်ကို တင်လိုက်ရာ ဘုန်းတော်ကြီး မကာရီယို့စသည် ထွက်ပြေးတိမ်းရှောင် နေရလေသည်။ သို့သော် ပြေးရင်း လွှားရင်းပင် ဗြိတိန်နှင့် အမေရိကန်ပြည်ထောင်စုသို့သွား၍ စိုက်ပရပ်အခြေအနေ ပိုဆိုးမလာစေရန် ဆွေးနွေးသည်။ ထိုအတွင်း စိုက်ပရပ်နိုင်ငံသို့ တူရကီ တပ်


ဖားကန့်
ဟုမ်လင်း
ပြင်ဦးလွင်
ကသာ
ပျဉ်းမနား
ရေစကြိုး
ပေါက်
မုံရွာ
ဒီပဲယင်း
ကျောက်ထူ
ဆော
ကြွံဖိုး
ရေနံချောင်း
လမ်းမတော်
ဆီတိုက်ကြီး
ရန်ကုန်
ပုသိမ်
ကျိုက်မရော
ဒလ
ဗဟန်း
ဘုတလောင်
ဝါးခယား
ဘုတ်ကြီး
ပန်းတေး
ပုဂံ
ချောက်
ကျိုင်းတုံ
ကျိုင်းလုံ
ကျိုင်းတောင်
ကျိုင်းဟိုင်
ကျိုင်းလုံ
ကျိုင်းတောင်
ကျိုင်းဟိုင်
ကျိုင်းတုံ

များ ဝင်လာရာမှအစ စိုက်ပရပ်တွင် ဂရိနှင့်တူရကီတို့တိုက်ကြသည်။ ဇူလိုင်လ ၂၂ ရက်နေ့တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီမေတ္တာရပ်ခံချက်ဖြင့် အတိုက်ရပ်ပြီး ဂရိအစိုးရဟောင်း ပြန်လည်အာဏာရလာသောအခါ ဘုန်းတော်ကြီး မကာရီယို့စ်အား ၁၉၇၄ ခုနှစ် ဒီဇင်ဘာလတွင် သမ္မတအဖြစ် ပြန်လည်တင်မြှောက်လေသည်။

သမ္မတ ဖြစ်လာပြီးနောက် မကြာမီ ၁၉၇၅ ခုနှစ်တွင် တူရကီ ဘက်တော်သားများက စိုက်ပရပ် ပြည်ထောင်စုဖွဲ့စည်းရေးနှင့် တူရကီနွယ်ဖွား စိုက်ပရပ် အမျိုးသားများ၏ သီးခြားပြည်နယ် ထူထောင်ရေးအတွက် ကြိုးပမ်းသည်။ ၁၉၇၆ ခုနှစ်တွင်လည်း သူတို့၏ သမ္မတကိုသူတို့ ရွေးကောက်တင်မြှောက်သည်။ မကာရီယို့စက သူတို့၏ ကိုယ်ပိုင် အစိုးရအဖွဲ့အစည်း ထူထောင်မှုကို ခွင့်ပြုသော်လည်း လူများအပြန်အလှန် အပြောင်းအလဲလုပ်ခြင်း၊ စိုက်ပရပ်နိုင်ငံ နှစ်ခြမ်းကွဲခြင်းတို့ကို လက်မခံပေ။

လူနည်းစုပိုင်း၏ လိုလားချက်ကို မလိုက်လျောနိုင်ခြင်း၊ မျိုးနွယ်စုများအရေး အေးငြိမ်းအောင် မဆောင်ရွက်နိုင်ခြင်းတို့ဖြင့် နိုင်ငံအားချောက်ထဲကျအောင် ဖန်တီးလျက်ရှိသည်ဟုတဖက်ကဝေဖန်စေကာမူ တဖက်ကချီးမွမ်းထောပနာ ပြုနေဆဲ မကာရီယို့စသည် ၁၉၇၇ ခုနှစ် ဩဂုတ်လ ၃ ရက်နေ့တွင် နှလုံးရောဂါဖြင့် ကွယ်လွန်သည်။

မကွေးတိုင်း။ ။မကွေးတိုင်းသည် မြန်မာနိုင်ငံအလယ်ပိုင်းတွင် တည်ရှိ၍ အရှေ့ဖက်တွင် မန္တလေးတိုင်း၊ မြောက်ဖက်တွင်စစ်ကိုင်းတိုင်း၊ အနောက်ဖက်တွင် ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်၊ တောင်ဖက်ခြမ်းတွင် ပဲခူးတိုင်းတို့ တည်ရှိသည်။ မကွေးမြို့သည် တိုင်းရုံးစိုက်မြို့ဖြစ်သည်။

မကွေးတိုင်းသည်မြန်မာနိုင်ငံမိုးနှံးရေရှား ဒေသကြီး၏ အောက်ပိုင်းထက်ဝက်ခန့်တွင် တည်ရှိသည်။ အကျယ်အဝန်းမှာ ၁၇,၃၀၅ စတုရန်းမိုင် ရှိသည်။

ရောဝတီမြစ်သည် မကွေးတိုင်း၏ အလယ် ဗဟိုတွင် မြောက်မှတောင်သို့ ဖြတ်သန်းစီးဆင်းသည်။ မြန်မာနိုင်ငံတွင် ရေနံစတင်ထုတ်ရာဒေသနှင့် ရေနံအများဆုံးထုတ်ရာဒေသများသည် မကွေးတိုင်း အတွင်း၌ တည်ရှိသည်။

မကွေးတိုင်းရှိ မြို့နယ် အများစုသည် ရောဝတီမြစ်၏ အနောက်ဖက်ခြမ်းတွင် တည်ရှိသည်။ယင်း တိုင်းအတွင်း မြို့နယ် ၂၅ ခု ပါဝင်၍ ကျေးရွာအုပ်စု ၁,၆၉၄ အုပ်စု ပါဝင်သည်။မြို့နယ်များမှာ နတ်မောက်၊မြို့သစ်၊ တောင်တွင်းကြီး၊ မကွေး၊ ရေနံချောင်း၊ ချောက်၊ ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ပေါက်၊ ဆိတ်ဖြူ၊ ဆော၊ ဂန့်ဂေါ၊ ထီးလင်း၊ စကု၊ မင်းဘူး၊ ပွင့်ဖြူ၊ ငဖဲ၊ စလင်း၊ စေတုတ္တရာ၊သရက်၊ မင်းလှ၊ မင်းတုန်း၊ ကမ္မ၊ အောင်လံနှင့် ဆင်ပေါင်ဝဲမြို့နယ်တို့ ဖြစ်ကြသည်။

မကွေးတိုင်း၏အဓိက ဆက်သွယ်ရေးခရီးလမ်းကြောင်းကား ရောဝတီမြစ်ကြီးပင် ဖြစ်သည်။ မကွေးတိုင်း၏အရှေ့ဖက်အစွန်၌ ပျဉ်းမနား၊ ကျောက်ပန်းတောင်း၊ ကြေးနီမီးရထားလမ်းရှိ၍တောင်တွင်းကြီး၊မြို့သစ်နှင့်နတ်မောက်မြို့များကို ဖြတ်သန်းသွားသည်။ ယင်းရထားလမ်းကို ချောက်မြို့အထိဖောက်လုပ်ရန်လုပ်ဆောင်ဆဲဖြစ်သည်။မကွေးတိုင်းအတွင်း ရောဝတီမြစ်၏အနောက်ဖက်ခြမ်းဒေသတခွင်လုံး၌ မီးရထားလမ်းများလုံးဝမရှိ၊ မော်တော်ကားလမ်းများသာရှိသည်။ ပုသိမ်-မုံရွာ ကားလမ်းကြီးသည်လည်း မကွေးတိုင်းကို ဖြတ်၍ ဖောက်လုပ်ဆဲ ဖြစ်သည်။ မင်းဘူးမြို့မှ အမ်းတောင်ကြားလမ်းကို ဖြတ်၍ ရခိုင်ပြည်နယ်အမ်းမြို့သို့ ကားလမ်း ဖောက်လုပ်ထားသည်။ မကွေးမြို့၊ပခုက္ကူ၊မြို့နှင့် ပေါက်မြို့တို့တွင် ပြည်တွင်းလေကြောင်း ကော်ပိုရေးရှင်းမှ လေယာဉ်ကွင်းများ ရှိသည်။

မကွေးတိုင်း ရောဝတီမြစ်၏ အနောက်ဖက် ဒေသကို သုနာပရန္တတိုင်း၊ အရှေ့ဖက် ဒေသကို တမွဒိပတိုင်းဟူ၍ မြတ်ဘုရားသက်တော်ထင်ရှား ရှိစဉ်ကစပြီး သမိုင်း အစဉ်အဆက် ခေါ်ဝေါ်သုံးစွဲခဲ့ကြသည်။ ရှေးခေတ် ပျူလူမျိုးတို့၏ မြို့တော်ဟောင်းဖြစ်သော ဗိဿနိုးမြို့သည် တောင်တွင်းကြီးမြို့အနီးတွင် တည်ရှိသည်။ ကုန်းဘောင်မင်းဆက် မြန်မာဘုရင်များလက်ထက်က မြန်မာ့ ခံတပ်ဟောင်းတခု ဖြစ်သော မင်းလှခံတပ်သည် မင်းလှမြို့အနီး ရောဝတီမြစ်ကမ်းခြေတွင် တည်ရှိသည်။ ယင်း ခံတပ်နှင့် တည့်တည့် ရောဝတီမြစ်၏တဖက်ကမ်းတွင် ဂွေးချောင်း ခံတပ် တည်ရှိခဲ့သည်။ မကွေးတိုင်းအတွင်းမှ ချင်း၊ မြန်မာ၊ ရှမ်း တိုင်းရင်းသားတို့သည် နယ်ခြဲ အင်္ဂလိပ်တို့အား ခုခံတွန်းလှန်ခဲ့ကြ၍ အင်္ဂလိပ်အစိုးရသည် အလွယ်တကူ မအုပ်ချုပ်နိုင်ခဲ့ချေ။ မကွေးမြို့ ရောဝတီ မြစ်ကမ်းနဖူးတွင် တည်ထားသော မြသလွန်စေတီတော်သည် မြန်မာ့သမိုင်းဝင် စေတီတဆူ ဖြစ်ပေသည်။ မင်းဘူးဖက်ကမ်း အနောက်ဖက်၌လည်း ထင်ရှားသော မန်းစက်တော်ရာ ဘုရားရှိသည်။

မကွေးတိုင်း အတွင်းရှိ သရက်မြို့ ဗီလတ်မြေ စက်ရုံ၊ ဆင်တဲရှိ အကြီးစားစက်မှုလက်မှုဌာန၊ စလေမြို့မှ ကျွန်းချောင်းခေတ်မြေဩဇာစက်ရုံ၊စလေမြို့အနီးရှိ ဝါဗီစက်ရုံနှင့် ပခုက္ကူစီးကရက်စက်ရုံတို့သည် ခေတ်သစ် မြန်မာနိုင်ငံ၏ အရေးပါသော စက်မှုလက်မှုဌာနများ ဖြစ်ပေသည်။

မကွေးတိုင်း၏ အဓိက ထွက်ကုန် သီးနှံများမှာ နှမ်း၊ မြေပဲ၊ ပဲအမျိုးမျိုး၊ ဆေး၊ ပြောင်း၊ ဝါနှင့် အာလူးတို့ဖြစ်ကြသည်။ မကွေးတိုင်းသည် စားသုံးဆီအထွက်ဒေသကောင်းဆုံးဖြစ်သည်။ ရေသွင်းစိုက်ပျိုးရေးကို အားထားလုပ်ကိုင်ကြရသည်။ ပခုက္ကူ၊ ဂန့်ဂေါမြို့နယ်တို့မှ ကျွန်းသစ်နှင့် သစ်မာ ထုတ်လုပ်ရေးသည် တိုးတက်လျက်ရှိသည်။ ကြိမ်၊ ဝါး၊

မီးသွေး၊ရွားစေးစသောသစ်တောထွက်ပစ္စည်းများကိုလည်း ထုတ်လုပ်လျက်ရှိသည်။ တိုင်းအတွင်း ရေချိုငါးဖမ်း အင်း ၁၀၀ ကျော်ရှိ၍ ကဲ့ နွားသိုး ဆိတ် မွေးမြူရေးလုပ်ငန်းများလည်း အောင်မြင်ဖြစ်ထွန်းသည်။

မကွေးတိုင်း၏ လူဦးရေမှာ ၁၉၇၃ ခုနှစ် သန်းခေါင်စာရင်းအရ ၂,၆၃၂,၃၁၀ ခန့်ရှိပေသည်။

မလေးရှားပြည်ထောင်စု။ ။ အရှေ့တောင်အာရှ၏ နိုင်ငံသစ်ဖြစ်သော မလေးရှားပြည်ထောင်စုကို တွန်ကူ အဗ္ဗဒူလ္လာမန်အား ဝန်ကြီး ချုပ် အဖြစ် တင်မြှောက်ပြီး ၁၉၆၃ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့တွင် ဖွဲ့စည်း ထူထောင် ခဲ့သည်။ တည်ထောင်စဉ်က မလေးရှား ပြည်ထောင်စုတွင်



မလေးယားပြည်နယ်၊ စင်္ကာပူပြည်နယ်နှင့် ဗြိတိသျှ ကိုလိုနီများဖြစ်သည့် ဗြိတိသျှ မြောက်ပိုင်း ဗော်နီယိုခေါ် ဆားဗားပြည်နယ်၊ ဆရာဝပ်ပြည်နယ်တို့ ပါဝင်သည်။ စင်္ကာပူပြည်နယ် ဝန်ကြီးချုပ် လီကွမ်ယူက အခွင့်အရေးမညီမျှဟု အကြောင်းပြကာ မလေးရှားပြည်ထောင်စုမှ ခွဲထွက်ရန် ကြိုးပမ်းသည်။ ၁၉၆၅ ခု ဩဂုတ်လ ၉ ရက်နေ့တွင် မလေးရှားပါလီမန် နှစ်ရပ်ပေါင်း အစည်းအဝေးက စင်္ကာပူပြည်နယ်ကို နုတ်ထွက်ခွင့် ပြုလိုက်သဖြင့် ယခုအခါ မလေးယားပြည်နယ်၊ဆားဗားနှင့် ဆရာဝပ်ပြည်နယ်တို့သာ မလေးရှားပြည်ထောင်စုတွင် ပါဝင်တော့သည်။ မလေးယားပြည်နယ်ကို အနောက် မလေးရှားဟု ခေါ်၍ ဆားဗားနှင့်ဆရာဝပ် ပြည်နယ်ကို အရှေ့မလေးရှားဟု ခေါ်သည်။ မလေးရှားပြည်ထောင်စုတခုလုံး၏အကျယ်အဝန်းသည် ၁၂၇,၃၂၇ စတုရန်းမိုင်ရှိသည်။မြို့တော်မှာ ကွာလာလမ်ပူမြို့ ဖြစ်သည်။

မလေးရှားပြည်ထောင်စုတွင် ပါဝင်သော ပြည်နယ်များသည် ၁၇၀၆ ခုနှစ်တွင် ဗြိတိသျှတို့ မသိမ်းပိုက်မီက ပေါ်တူဂီနှင့် ဒပ်ချ အစိုးရပိုင်နယ်များဖြစ်ကြသည်။၁၈၂၆ ခုနှစ်တွင် အင်္ဂလိပ်တို့သည် ယင်းနယ်များကို ပူးပေါင်း၍ အင်္ဂလိပ်ပိုင် ရေလက်ကြား နယ်ပယ်များအဖြစ် သတ်မှတ်ခဲ့သည်။ ၁၈၅၁ ခုနှစ်တွင် ရေလက်ကြား နယ်မြေများကို အိန္ဒိယ ဘုရင်ခံချုပ်အောက် လွှဲပြောင်းယူသည်။ ၁၈၆၇ ခုနှစ်တွင် ဗြိတိသျှ ကိုလိုနီအဖြစ် တိုက်ရိုက် အုပ်ချုပ်သည်။ ဒုတိယ ကမ္ဘာစစ်အတွင်းက ဂျပန်တို့ သိမ်းပိုက်ထားစဉ် ကွန်မြူနစ် ပြောက်ကျားများသည် မဟာမိတ်တို့၏ အကူအညီဖြင့် ပြန်လည် တိုက်ခိုက်ခဲ့ကြသည်။ ၁၉၄၅ ခုနှစ်တွင် မဟာမိတ်တပ်တို့က ပြန်လည် သိမ်းပိုက်လိုက်သည်။ အင်္ဂလိပ်တို့သည် ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် စီမံကိန်းအသစ်ချ၍ မလေးယားဖက်ဒရေးရှင်း ဟူ၍ ပြန်နှင့် 'မလေးပြည်နယ်ကိုပေါင်း၍ဖွဲ့စည်းပေးခဲ့သည်။ ၁၉၅၇ ခုနှစ် သြဂုတ်လ ၃၁ ရက်နေ့တွင် မလေးဖက်ဒရေးရှင်းသည် ဗြိတိသျှ ဓနသဟာယ အဖွဲ့ဝင် လွတ်လပ်သော နိုင်ငံဖြစ်လာသည်။ ၁၉၆၁ ခုနှစ်မှစ၍ မလေးရှားပြည်ထောင်စု ဖွဲ့စည်းရန် ဆွေးနွေးခဲ့ရာ ၁၉၆၃ ခုနှစ်ကျမှ မလေးရှား ပြည်ထောင်စု ဖွဲ့စည်းဖြစ်သည်။

၁၉၇၀ ပြည့် စက်တင်ဘာလ ၂၂ ရက်နေ့တွင် တွန်ဟာဂျီအဗ္ဗဒူလ္လာဇတ်သည် ဝန်ကြီးချုပ်ဖြစ်လာသည်။၁၉၇၆ ခုနှစ် ဇန္နဝါရီလ ၁၄ ရက်နေ့တွင် ဝန်ကြီးချုပ် တွန်အဗ္ဗဒူလ္လာဇတ် ကွယ်လွန်သဖြင့် ဒါတုတ်ဟူစိန်အုန်းသည် ဝန်ကြီးချုပ် ဖြစ်လာသည်။

၁၉၇၅ ခုနှစ် သန်းခေါင်စာရင်း အရ လူဦးရေ ၁၁,၉၃၀,၀၀၀ ရှိသည်။ အများစုသည် မလေးလူမျိုးနှင့် တရုတ်လူမျိုးများဖြစ်ကြသည်။ မလေးဘာသာစကားသည် ရုံးသုံးဘာသာစကားဖြစ်သည်။ တရုတ်၊ တမီလ်နှင့် အင်္ဂလိပ် ဘာသာစကားများလည်း ပြောကြသည်။ အများစုသည် အစ္စလာမ် ဘာသာ ကိုးကွယ်ကြပြီး ဗုဒ္ဓဘာသာဝင်နှင့် ခရစ်ယန်ဘာသာဝင်များလည်း ရှိကြသည်။

မလေးရှားပြည်ထောင်စုသည် စိုက်ပျိုးရေး နိုင်ငံဖြစ်သည်။ ရာဗာ၊ ခဲမဖြူ၊ သံရိုင်း၊ သစ်၊ အုန်းဆီ၊ အုန်းဆံ၊ ငရုတ်ကောင်း၊ သဘက်စေ့၊ ဓာတ်သတ္တုတို့ကို နိုင်ငံခြားသို့ တင်ပို့ရောင်းချသည်။ ကမ္ဘာတွင် သံဖြူအများဆုံး ထွက်သော နိုင်ငံဖြစ်သည်။ နိုင်ငံခြားမှ စားသုံးကုန်ပစ္စည်း၊ စက်ပစ္စည်း၊ ဓာတုဗေဒပစ္စည်း၊ အထည်အလိပ်များနှင့် ဆေးဝါးများတင်သွင်းသည်။

မဟာဗျူဟာ လက်နက်ကန့်သတ်ရေး။ ။မဟာဗျူဟာလက်နက်ဆိုသည်မှာ တိုက်ချင်းပစ် ဒုံးပျံ၊ ဒုံးပျံတင် ရေငုပ်သင်္ဘော၊ဗုံးကြဲလေယာဉ်၊ ချူးကလီးယားလက်နက်၊ ဒုံးခွင်းဒုံးစသည့် မဟာဗျူဟာမြောက် ထိုးစစ်နှင့် ခံစစ် လက်နက်ကြီးများပင် ဖြစ်သည်။ (သေမင်းတမန်လက်နက် ဆန်းများ—ရှု။) အမေရိကန်နှင့် ရုရှနိုင်ငံတို့သည် အနုမြူလက်နက်များ စတင်ပိုင်ဆိုင်လာချိန်မှစ၍ မိမိတို့နိုင်ငံကို ကာကွယ်ရန်ဟု ဆိုကာ လက်နက်များ ယှဉ်ပြိုင် ထုတ်လုပ်တပ်ဆင်လာခဲ့ကြသည်။ ယင်းသို့ ယှဉ်ပြိုင်ထုတ်လုပ်ရာမှ စွမ်းအားကြီးမားသောမဟာဗျူဟာလက်နက်များ တခုပြီး ဘခု ပေါ်ပေါက်လာခဲ့ပေသည်။

ထိုအခါ တနိုင်ငံနှင့် တနိုင်ငံ မယုံသင်္ကာမှုများ ပိုမိုတိုးပွားလာခဲ့ပြီး ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် စိုးရိမ်ဖွယ်ရာ

အခြေအနေသို့ပင် ဆိုက်ရောက်လာခဲ့၏။ သို့ဖြစ်၍ မဟာဗျူဟာလက်နက်ကန့်သတ်ရေး ကြိုးပမ်းမှုများကို ပြုလုပ်လာခဲ့ကြရပေသည်။

အမေရိကန်နှင့် ရုရှနိုင်ငံတို့သည် မဟာဗျူဟာ လက်နက်ကန့်သတ်ရေး ဆွေးနွေးပွဲများကို ဖင်းလန်နိုင်ငံ ဟဲလဆင်းကီမြို့နှင့်ဩစတြီးယားနိုင်ငံ ဗီယင်းနားမြို့များ၌ ၁၉၆၉ ခု နိုဝင်ဘာလ ၁၇ ရက်နေ့မှ ၁၉၇၂ ခု မေလ တတိယပတ်အထိ ခုနစ်ကြိမ်တိုင်တိုင် ကျင်းပခဲ့သည်။ သို့သော် နှစ်နိုင်ငံစလုံးက လက်ခံသဘောတူညီသည့်အဆင့်သို့ မရောက်ရှိခဲ့ချေ။ ထို့နောက် ၁၉၇၂ ခုနှစ် မေလ ၂၂ ရက်နေ့က အမေရိကန်သမ္မတနစ်ဆင် မောစကိုမြို့သို့ ရောက်ရှိလာပြီး ရုရှခေါင်းဆောင်များနှင့် ဆွေးနွေးရာတွင်မူ သဘောတူညီမှုရရှိပြီး ထိုနှစ် မေလ ၂၆ ရက်နေ့တွင် မဟာဗျူဟာ လက်နက်ကန့်သတ်ရေး စာချုပ်ကို အကောင်အထည်ဖော်ရန် လက်မှတ်ရေးထိုးခဲ့ကြသည်။

ယင်းစာချုပ်တွင် တိုက်ချင်းပစ် ဒုံးပျံများ၊ ဒုံးပျံတင်ရေငုပ်သင်္ဘောများနှင့် ရေငုပ်သင်္ဘောတွင်တင်မည့် ဒုံးပျံများ ထုတ်လုပ်မှုကို အမေရိကန်နှင့် ရုရှနိုင်ငံ နှစ်နိုင်ငံလုံးက ငါးနှစ်ကြာ ရပ်ဆိုင်းထားရန်၊ နှစ်နိုင်ငံလုံးတွင် ဒုံးခွင်းဒုံး ၅၀၀ စီသာ လက်ဝယ် ထားရှိရန် စသည့် အချက်များ ပါဝင်သည်။

မဟာဗျူဟာလက်နက် ကန့်သတ်ရေး ဒုတိယ အကြိမ် ဆွေးနွေးပွဲကို ဂျီနီဗာမြို့တွင် ၁၉၇၂ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်မှ ၁၉၇၃ ခုနှစ် ဇွန်လ ၁၂ ရက်နေ့အထိ ၃၄ ကြိမ်တိုင် ဆွေးနွေးကြပြီးနောက် ရုရှ ခေါင်းဆောင် မစ္စတာ ဗရက်ဇဉက် အမေရိကန်ပြည်ထောင်စုသို့ ချစ်ကြည်ရေးခရီးသွားရောက်သဖြင့် ဆွေးနွေးပွဲကို ရပ်နားခဲ့သည်။ ယင်းသို့ ချစ်ကြည်ရေးခရီးသွားရောက်နေစဉ် ၁၉၇၃ ခုနှစ်ဇွန်လ ၂၁ ရက်နေ့တွင် မစ္စတာဗရက်ဇဉက်နှင့် မစ္စတာ နစ်ဆင်တို့သည် နျူးကလီးယား လက်နက်များကို ၁၉၇၄ ခုနှစ် ကုန်တွင် အရေအတွက်ရော၊ အရည်အချင်းပါ ကန့်သတ်ရေး သဘောတူညီချက် စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြလေသည်။

ထို့နောက် ၁၉၇၄ ခု နိုဝင်ဘာလ ၂၄ ရက်နေ့၌ ရုရှနိုင်ငံ ဗလာဒီဗော့စတော့မြို့တွင် အမေရိကန်သမ္မတ ဖို့ဒ်နှင့် ရုရှ ခေါင်းဆောင် ဗရက်ဇဉက် တို့သည် ၁၉၇၅ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ ၁၀ နှစ်ကြာ လက်နက် ကန့်သတ်ရေး သဘောတူညီချက်တရပ်ကို ထပ်မံ လက်မှတ်ရေးထိုးခဲ့ကြလေသည်။

ယင်းသဘောတူညီချက်တွင် ရုရှနှင့် အမေရိကန် နှစ်နိုင်ငံစလုံးသည် တိုက်ချင်းပစ်ဒုံးပျံ၊ ရေငုပ်သင်္ဘောတွင်တင်မည့်ဒုံးပျံနှင့် ဗုံးကြဲလေယာဉ်ကြီးများကို ၁၉၈၅ ခုနှစ် အထိ စုစုပေါင်းအရေအတွက် ၂,၄၀၀ သာ ထုတ်လုပ်ထားရှိရမည်။ယင်း ၂,၄၀၀ အနက် ၁,၃၂၀ ကိုသာအမ်အိုင်အာဗီဒုံးပျံအဖြစ် ထားရှိကြရမည် စသည့် စည်းကမ်းချက်များပါဝင်သည်။

ထို့နောက် မဟာဗျူဟာ လက်နက် ကန့်သတ်ရေး ဆွေးနွေးပွဲကို ဂျီနီဗာမြို့တွင် ၁၉၇၅ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့မှစ၍ ကျင်းပခဲ့ရာ ဆိုဗီယက်ပြည်ထောင်စု၏ ဗက်ဗိုင်းယား ဗုံးကြဲလေယာဉ်ကို မဟာဗျူဟာလက်နက်အဖြစ် သတ်မှတ်ရေး၊ မသတ်မှတ်ရေးကိစ္စတွင် သဘောကွဲလွဲကြသဖြင့် သဘောတူညီချက် တစုံတရာ မရရှိခဲ့ချေ။ ၁၉၇၆ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်နေ့တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကစ်ဆင်းဂျား မောစကိုမြို့သို့ သွားရောက်ပြီး မစ္စတာဗရက်ဇဉက်နှင့် ဆက်လက် ဆွေးနွေးရာတွင်မူ တိုးတက်မှုအချို့ရရှိခဲ့သော်လည်း သဘောတူညီချက်ရရှိသည့်အဆင့်သို့ကား မရောက်ခဲ့ပေ။

အမေရိကန် ပြည်ထောင်စုသည် ၁၉၇၅ ခုနှစ်တွင် ခရုဒုံးပျံနှင့် ၁၉၇၇ ခုနှစ်တွင် နျူထရွန်ဗုံး လက်နက်သစ်များကို ထုတ်လုပ်ခဲ့၏။ ယင်းလက်နက်သစ်များ ထုတ်လုပ်မှုကြောင့် နောင်ဆက်လက်ကျင်းပမည့် မဟာဗျူဟာလက်နက် ကန့်သတ်ရေး ဆွေးနွေးပွဲများတွင် သဘောတူညီမှုရရှိရန် ပိုမိုခက်ခဲလိမ့်မည်ဟု ရုရှ ခေါင်းဆောင်များက ထုတ်ဖော်ပြောကြားသည်။

၁၉၇၇ ခုနှစ်မတ်လအတွင်းက အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဗန့်စသည် မောစကိုမြို့သို့ ရောက်ရှိလာပြီး ရုရှ ခေါင်းဆောင်များနှင့် မဟာဗျူဟာ လက်နက်ကန့်သတ်ရေးကိစ္စများကို ဆွေးနွေးခဲ့သော်လည်း သဘောတူညီချက်တစုံတရာမရရှိခဲ့ပေ။ ၁၉၇၇ ခုနှစ်မေလအတွင်းကလည်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာဗန့်စနှင့် ရုရှ နိုင်ငံခြားရေးဝန်ကြီးမစ္စတာ ဂရိုမီကိုတို့သည် ဆုစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် တွေ့ဆုံကာ ညှိနှိုင်းဆွေးနွေးပွဲများ ပြုလုပ်ခဲ့ကြသည်။

အမေရိကန် ပြည်ထောင်စုနှင့် ရုရှ နိုင်ငံတို့၏ မဟာဗျူဟာ လက်နက် ကန့်သတ်ရေး ဆွေးနွေးပွဲများသည် ကမ္ဘာ့ငြိမ်းချမ်းရေး အတွက်၎င်း၊ နိုင်ငံတကာ ချစ်ကြည်ရင်းနှီးမှုအတွက်၎င်း အရေးပါသော ဆောင်ရွက်ချက်များပင် ဖြစ်ပေသည်။

မာလတီနေရှင်နယ်။ ။(နိုင်ငံစုံ လုပ်ငန်းဖြန့် ကော်ပိုရေးရှင်း — ရှ။)

မာလာဂါဆီနိုင်ငံ။ ။(မက်ဒက်စကားဒီမိုကရက်တစ်သမ္မတနိုင်ငံ — ရှ။)

မာလီသမ္မတနိုင်ငံ။ ။အာဖရိကတိုက် အနောက်ပိုင်း၌ တည်ရှိသည့် ကုန်းတွင်းနိုင်ငံဖြစ်သည်။ မြောက်ဖက်တွင် အယ်လ်ဂျီးရီးယား သမ္မတနိုင်ငံ၊ အရှေ့ဖက်တွင် နိုင်ဂျာ နိုင်ငံ၊ အရှေ့တောင် ဖက် တွင် အထက် ဗို့လတာသမ္မတ နိုင်ငံ၊ တောင်ဖက်တွင် အိုင်ဗရီကို့စသမ္မတနိုင်ငံ နှင့် ဂင်းနီသမ္မတ နိုင်ငံ၊ အနောက်ဖက်တွင် ဆင်နီဂေါသမ္မတနိုင်ငံနှင့် မော်ရီတေးနီးယားသမ္မတနိုင်ငံတို့ ရှိသည်။ မာလီနိုင်ငံ၏ မြောက်ပိုင်းသည် ဆဟာရ သဲကန္တာရဒေသ ဖြစ်ပြီး အရှေ့ဖက်ပိုင်းနှင့် တောင်ပိုင်းသည် တောင်ကုန်းဒေသဖြစ်သည်။ (၄–၁၅၆—ရှု။) မာလီနိုင်ငံ၏ မြို့တော်သည် ဗာမာကိုမြို့ဖြစ်သည်။ မာလီနိုင်ငံသည် ယခင်က ပြင်သစ်ပိုင် ဆူဒန်နယ်ဖြစ်သည်။ မာလီနိုင်ငံကို ပြင်သစ်တို့က ၁၉၂၀ ပြည့်နှစ်တွင် ပြင်သစ်ဆူဒန်ဟု ခေါ်တွင်စေ၍ ၁၉၄၆ ခုနှစ်တွင် ပြင်သစ်နိုင်ငံ၏ ပင်လယ်ရပ်ခြာ ပြည်နယ်တခုအဖြစ် အုပ်ချုပ်ခဲ့လေသည်။ ပြည်နယ်လွှတ်တော်ကိုလည်း ဖွဲ့စည်းခွင့်ရသည်။ ၁၉၅၈ ခုနှစ်တွင် ယင်းနိုင်ငံအား ပြင်သစ်ခနသဟာယအတွင်း၌ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပေးခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် ဆင်နီဂေါနှင့် ဒါဟိုမီနယ်တို့နှင့်အတူ ပြင်သစ် ဆူဒန်သည် မာလီဖက်ဒရေးရှင်းအဖြစ် ဖွဲ့စည်း ထူထောင်လိုက်သည်။



၁၉၆၀ ပြည့် သြဂုတ်လတွင် ဆင်နီဂေါနယ်က မာလီဖက်ဒရေးရှင်းမှ နုတ်ထွက်သွားရာ ပြင်သစ်ဆူဒန်နယ်သည် စက်တင်ဘာလ ၂၂ ရက်နေ့တွင် မာလီသမ္မတနိုင်ငံအဖြစ် ကြေငြာသည်။ ပြင်သစ်တို့ကလည်း မာလီသမ္မတနိုင်ငံကို လွှတ်လပ်ရေးပေးလိုက်သည်။ နိုင်ငံအကြီးအကဲအဖြစ် ဆူဒန် သမဂ္ဂပါတီခေါင်းဆောင် မိုဒီဗိုကိတ်တာအား အပ်နှင်းသည်။

၁၉၆၈ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ဗို့လ်မူ ဆာထရာအို ခေါင်းဆောင်သော အမျိုးသား လွှတ်မြောက်ရေးကော်မတီက အာဏာသိမ်းကာ သမ္မတမိုဒီဗိုကိတ်တာအား ဖမ်းဆီးလိုက်သည်။ မူဆာထရာအိုသည် ထိုနှစ်ဒီဇင်ဘာလ ဂ ရက်နေ့တွင် နိုင်ငံအကြီးအကဲဖြစ်လာသည်။

မာလီသမ္မတနိုင်ငံသည် ၁၉၆၀ ပြည့် စက်တင်ဘာလ ၂၉ ရက်နေ့တွင် ကုလသမဂ္ဂဝင်ခွင့်ရသည်။ အိုအေယူခေါ် အာဖရိကညီညွတ်ရေးအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံလည်းဖြစ်သည်။

မာလီသမ္မတနိုင်ငံသည် စတုရန်း ၄၆၄,၇၃၃ မိုင်ကျယ်၍ ၁၉၇၅ ခုနှစ် ကုလသမဂ္ဂ ခန့်မှန်းခြေအရ လူဦးရေ ၅,၇၀၀,၀၀၀ ရှိသည်။ အာဖရိက တိုင်းရင်းသားလူမျိုး ၂၃ မျိုးခန့် နေထိုင်ကြရာ ဗမ်ဗရာ၊ ပေအားနှင့် ဆီနူကိုတို့သည် အရေးပါသည့် လူမျိုးများဖြစ်သည်။ ပြင်သစ် ဘာသာစကားသည် တရားဝင်ရုံးသုံးဘာသာစကား ဖြစ်သည်။ လူဦးရေ၏ ၆၆ ရာခိုင်နှုန်းသည် မန်ဒင်ဂိုးဘာသာစကား ပြောဆိုကြ၍ နိုင်ငံမြောက်ပိုင်းတွင် အာရပ် ဘာသာစကား ပြောဆိုသည်။

မာလီနိုင်ငံ၏စီးပွားရေးသည် စိုက်ပျိုးရေးအခြေပြုသည်။ အဓိကစိုက်ပျိုးသီးနှံများမှာ နှံစားပြောင်း၊ ဆန်နှင့် ပြောင်းဖူးတို့ ဖြစ်သည်။ ဝါဂွမ်းနှင့် ဆန်စပါးစိုက်ပျိုးခြင်း၊ မြစ်တွင်းငါးဖမ်းခြင်း လုပ်ငန်းသည်လည်း အရေးပါသော လုပ်ငန်း ဖြစ်သည်။ အလယ်ပိုင်းနှင့် မြောက်ပိုင်း ဒေသတို့တွင် ကျွဲ၊ နွား၊ သိုး၊ ဆိတ်များ မွေးမြူသည်။ မာလီနိုင်ငံ၏ ထွက်ကုန်မှာ မြေပဲ၊ သားရေ၊ ကြက်ပေါင်စေး၊ ဝါဂွမ်း၊ သိုးမွေး၊ ဖယောင်းတို့ဖြစ်သည်။ မာလီနိုင်ငံသည် ကုလသမဂ္ဂ စာရင်းဇယားအရ အဆင်းရဲဆုံး သုံးနိုင်ငံတွင် တနိုင်ငံဖြစ်သည်။ ကုလသမဂ္ဂ အထူးရန်ပုံငွေအဖွဲ့နှင့် နိုင်ငံများစွာတို့က စားနပ်ရိက္ခာ စသည့် အကူအညီများ ပေးခဲ့ရသည်။ ပြင်သစ်နိုင်ငံသမ္မတကြီး ဂစ်စကတ်ဒက်စတိုင်းသည် ၁၉၇၇ ခုဖေဖွဲ့ဂရီလ ၁၃ ရက်မှ ၁၅ ရက်နေ့အထိ သွားရောက်လည်ပတ်၍ လိုအပ်သည့် အကူအညီများ ပေးပို့မည် ဖြစ်ကြောင်း ကြေငြာခဲ့လေသည်။

မားကို့စ်, ဟာဒီနန်အီး (ခရစ် ၁၉၁၇ ဖွား)။ ။ဖီလစ်ပိုင်သမ္မတနိုင်ငံ၏ သမ္မတ ဟာဒီနန်အီဒရာလင် မားကို့စသည် ၁၉၁၇ ခုနှစ် စက်တင် ဘာ လ ၁၁ ရက်နေ့၌ဖီလစ်ပိုင်နိုင်ငံ ဆာရတ် အရပ်တွင် ဖွားမြင်ခဲ့သူ ဖြစ်သည်။ ဒုတိယကမ္ဘာစစ် စစ်မှုထမ်း ဟောင်း ထဲတွင် ဆုတံဆိပ် အများဆုံး ရရှိခဲ့ သူလည်း ဖြစ်သည်။



ဖီလစ်ပိုင်သမ္မတ မားကို့စ

မားကို့စသည် တက္ကသိုလ် ပညာကို ဖီလစ်ပိုင်တက္ကသိုလ်၌ ဆည်း ပူးသည်။ဥပဒေကျောင်းသားဘဝတွင် လွှတ်တော်အမတ်ဂျူလီယိုနာလွန်ဒါဆန်အား သတ်မှုဖြင့် တရားစွဲခံရ၍ သူအမှုကို သူကိုယ်တိုင် လျှောက်လဲရင်း ၁၉၄၀ ပြည့်နှစ်တွင် တရားရုံးတော်၏ အပြစ်မရှိကြောင်း စီရင်ချက်ကိုရရှိသွားသည်။

မားကွိုစသည် ဒုတိယကမ္ဘာစစ်အတွင်းဖိလစ်ပိုင်နိုင်ငံကို ဂျပန်တို့ သိမ်းပိုက်ထားစဉ် ထောက်လှမ်းရေး အရာရှိနှင့် ပြောက်ကျား ခေါင်းဆောင် ဖြစ်ခဲ့ရာမှ ဆုတံဆိပ်ပေါင်း ၂၇ ခုကို ချီးမြှင့်ခံခဲ့ရသည်။ ဒုတိယကမ္ဘာစစ်ကြီး အပြီးဌ မားကွိုစသည် သမ္မတ မယ်နျူးအယ်ရောကွဆတ်၏ လက်ထောက် အကူအရာရှိ ဖြစ်လာသည်။ ဖိလစ်ပိုင် နိုင်ငံသည် ၁၉၄၆ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့တွင် လွတ်လပ်သော သမ္မတနိုင်ငံ ဖြစ်လာသည်။ မားကွိုစသည် ၁၉၄၉ ခုနှစ်မှ စ၍ ဖိလစ်ပိုင် အောက်လွတ်တော်ဌ လစ်ဗရယ်လူနည်းစု ခေါင်းဆောင် ဖြစ်လာသည်။ မားကိုစသည် ၁၉၅၉ ခုနှစ်မှ ၁၉၆၅ ခုနှစ်အထိ အထက်လွတ်တော် အမတ်အဖြစ်ဌင်း၊ ၁၉၆၁ ခုနှစ်ဌ် အထက်လွတ်တော် ဥက္ကဋ္ဌအဖြစ်ဌင်း ရွေးချယ်တင်မြှောက်ခံရသည်။ လစ်ဗရယ် ပါတီမှ အမျိုး သားရေးပါတီသို့ ကူးပြောင်းသွားသည်။

မားကွိုစသည် ၁၉၆၅ ခုနှစ်တွင် သမ္မတရွေးကောက်ပွဲကို ဝင်ရာ ယာယီသမ္မတဖြစ်သူ ဒိုင်ယိုဒါဒိုမကာပါဂါးကို အနိုင် ရရှိပြီး ထိုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့ဌ် သမ္မတအဖြစ် စတင်ဆောင်ရွက်သည်။ မားကွိုစသည် နိုင်ငံအတွင်း ဆန်စပါးစိုက်ပျိုးသူများအား အစိုးရ အထောက်အပံ့ပေးသည်။ ယခင် သမ္မတများ ဆောင်ရွက်ခဲ့သော မြေယာပြုပြင် ပြောင်းလဲရေး စီမံကိန်းကိုလည်း မြေတောင်မြှောက်သည်။

မားကွိုစသည် ၁၉၆၆ ခုနှစ်ဌ် အမေရိကန် ပြည်ထောင်စုနှင့် ဂျပန်နိုင်ငံသို့ သွားရောက်ကာ ဖိလစ်ပိုင်တွင် အမေရိကန် စစ်စခန်းများ ထားခွင့်သက်တမ်းကို ၉၉ နှစ်မှ ၂၅ နှစ် အထိ လျှော့ချမည့် စာချုပ်အတွက် အပြီးသတ်နိုင်ခဲ့သည်။ ဌေကြေးအကူအညီ ပေးမည်ဟူသောအာမခံချက်များကိုလည်း ရရှိခဲ့သည်။ အရွှေတောင်အာရှဌ် အမေရိကန်တို့ ဆက်လက်၍ တည်ရှိနေရေးကိုလည်း ထောက်ခံခဲ့သည်။

မားကွိုစသည် ၁၉၆၉ ခုနှစ်တွင် ဒုတိယအကြိမ်သမ္မတအဖြစ် အရွေးခံရသည်။ ဖိလစ်ပိုင်သမိုင်းဌ် ဒုတိယအကြိမ် အရွေးခံရသောတဦးတည်းသော သမ္မတဖြစ်သည်။ သူသည် အမေရိကန် ပြည်ထောင်စုအပေါ် မှီခိုမှု လျော့စေရမည်။ ကွန်မြူနစ် နိုင်ငံများနှင့် ဆက်သွယ်မည် ဟူသော ရွေးကောက်ပွဲ ကြွေးကြော်သံများဖြင့် သမ္မတ ပြန်ဖြစ်လာခြင်းဖြစ်သည်။ သို့သော် ၁၉၇၂ ခုနှစ်ဌ်မားကွိုစသည် စစ်အုပ်ချုပ်ရေးအမိန့်ကို ထုတ်ပြန်ခဲ့ရသည်။ ဘုရင်ဂျီဂိုဏ်းဝင် အများစုရှိသော ဖိလစ်ပိုင်နိုင်ငံဌ် မွတ်ဆလင် လူနည်းစုတို့က တောင်ပိုင်းတွင်ထကြွခဲ့ကြ၏။ စစ်အုပ်ချုပ်ရေးကိုမကျေနပ်၍ဘရင်ဂျီဂိုဏ်းဝင် အတိုက်အခံ တိုက်ပွဲဝင်များက ဝေဖန်ကြပြန်၏။ ထို့ပြင် ဝေဖန်သူများက ၁၉၇၃ ခုနှစ်၏ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ယူသင့်၊မယူသင့် ဖိလစ်ပိုင် တရားလွှတ်တော်ချုပ်မှ သံသယရှိနေသည်ဟု ဆို၍ မားကွိုစက အတည်ဖြစ်ကြောင်းကို ကြေငြာကာ အမေရိကန် ဒီမိုကရေစီဟန်အတိုင်း အုပ်စိုးမှုမှ ငြိတိသျ ပါလီမန် စနစ်ကို ပြောင်းလဲကျင့်သုံးစေမည့် အခြေခံဥပဒေဖြစ်သည်ဟုသိစေသည်။ သို့ဖြင့် ယင်းစနစ်အရ မားကွိုစသည် သမ္မတရာထူးရော၊ ဝန်ကြီးချုပ်ရာထူးပါယူလျက် အချိန်အကန့်အသတ်မရှိ အုပ်စိုးနိုင်လေသည်။

၁၉၇၅ ခုနှစ် ဧပြီလတွင်မားကွိုစက မွတ်ဆလင် သူပုန်များအားနိုင်ငံရေးနှင့်စီးပွားရေးရာပိုင်းများဌ်လိုက်လျောမှုများ ပြုလုပ်သည်။ သို့သော် မွတ်ဆလင် ကိုယ်ပိုင် အုပ်ချုပ်ရေးစနစ်ကိုမူ လက်မခံပဲထားသည်။ မော်ရို အမျိုးသားလွတ်မြောက်ရေးတပ်ဦး၏ ခေါင်းဆောင် နူးမီဇူဝါရီ၏ လက်အောက်ရှိ ယင်း မွတ်ဆလင် သူပုန်များသည် ၁၉၇၇ ခုနှစ် အစခန့်က အပစ်အခတ် ရပ်စဲရေးကို သဘောတူညီခဲ့သည်။ထို့နောက် စစ်အုပ်ချုပ်ရေးအတွင်း ၁၉၇၇ ခုနှစ်ဌ်လည်း ထကြွမြဲဖြစ်နေ၍ ဆက်လက်၍ နှိမ်နင်းနေရ၏။ ထိုအတွင်း ဖိလစ်ပိုင် ဥပဒေပြု အကြံပေး အဖွဲ့ကလည်း ၁၉၇၈ ခုနှစ်ကို လွန်၍ နိုင်ငံအကြီးအကဲအဖြစ် ကျယ်ပြန့်သော အာဏာများဖြင့် မားကွိုစဆက်လက် အုပ်ချုပ်သင့် မသင့် ဒီဇင်ဘာ ၇ ရက်နေ့ဌ်လူထုဆန္ဒခံယူပွဲကျင်းပရန် သဘောတူလိုက်ပြီ ဖြစ်သည်။

မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်ရေး။ ။လူတို့၏ ဗဟိုနှလုံးကြောအဖွဲ့အား ထုံထိုင်းမူးယစ်စေသော ဆေးဝါးများကို မူးယစ်ဆေးဝါးဟု ခေါ်သည်။

မူးယစ်ဆေးဝါးများတွင် ဘိန်း၊ မော်ဖင်း၊ ဟယ်ရိုအင်၊ ဆေးခြောက်(မာရီယွမ်နာ)၊ ဟာရှိ၊ ကုတ်ကင်း၊အယ်လအက်စဒီ၊ အမ်ဖီတိုမင်းနှင့် ဗာဗီကျူရိတ်၊ ပက်သင်းစသည်တို့ ပါဝင်သည်။

မူးယစ်ဆေးဝါးများကို လွဲမှားစွာသုံးစွဲခြင်း အလေ့ဆိုးသည် ခေတ်လူငယ် လူရွယ်များလောကဌ် ကူးစက်လျက်ရှိရာ ဆေးစွဲသူများသည် ဆေးပမာဏကို တကြိမ်ထက်တကြိမ် တိုး၍ သုံးစွဲကြသဖြင့် မူးယစ်ဆေးဝါး၏ ကျေးကျွန်များဖြစ်လာကာ အိပ်မပျော် စားမဝင် အော့အန် ဝမ်းပျက်အသားအရေ ခြောက်ခန်း ပိန်ချုံးလာကာ နောက်ဆုံးဌ် ဗဟိုနှလုံးကြောအဖွဲ့ သေ၍ အသက်အန္တရာယ် ဖြစ်လာလေသည်။

မူးယစ်ဆေးဝါးသုံးစွဲမှု အန္တရာယ်သည် ကမ္ဘာနှင့်အဝှန်းကြောက်ခမန်းလိလိ ကျရောက်လျက်ရှိသည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် မူးယစ်ဆေးဝါးများ ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ သုံးစွဲခြင်း၊ သိုလှောင်ခြင်းတို့ကို အပြင်းအထန် ကာကွယ်နှိမ်နင်းနေရလေသည်။ ယင်းသို့



မူးယစ်ဆေးဝါးများ ထုတ်လုပ်ရောင်းချခြင်း၊ သိုလှောင်ခြင်းတို့ကို မြန်မာနိုင်ငံက ဤသို့ကာကွယ်နှိမ်နင်းပေးခဲ့သည်။

လူညွှန့်တုံး၍ အသက်ကိုပင်ဆုံးရှုံးသည်အထိ ဒုက္ခပေးတတ်သော မူးယစ်ဆေးဝါးများကို ယခင်က ယစ်မျိုးဥပဒေဖြင့်သာ တားဆီးခဲ့ကြသည်။ သို့ရာတွင် မူးယစ်ဆေးဝါးများကို ဥပဒေမဲ့ ထုတ်လုပ်ခြင်း၊ ရောင်းဝယ် သုံးစွဲခြင်းများ ကြောက်ဖွယ်လိလိ များပြားလာသောအခါ မူးယစ် ဆေးဝါးအန္တရာယ်နှိမ်နင်းရေးဥပဒေများ ပြဋ္ဌာန်းကာ အရေးယူကာကွယ်တားဆီးနှိမ်နင်းလာရလေသည်။

မန်းချူးမင်းများလက်ထက် တရုတ်ပြည်တွင် ဘိန်းစစ်ပွဲများ ဖြစ်ပွားလာရသည်အဆို ဘိန်းစွဲသူ ပေါများလာရာ ၁၉၀၉ ခုနှစ်တွင် အရှေ့ဖျားရေးရာကို စိတ်ဝင်စားသော နိုင်ငံပေါင်း ၁၃ နိုင်ငံသည် ရှန်ဟဲမြို့တွင် တွေ့ဆုံဆွေးနွေးခဲ့ကြပြီးနောက် ရှန်ဟဲဘိန်းရေးရာများ လေ့လာရေးကော်မရှင် ဖွဲ့စည်းခဲ့သည်။ ယင်းကော်မရှင်သည် ဘိန်းသုံးစွဲမှု၏ အခြေအနေနှင့် အခြေခံ အကြောင်းရင်းများကို လေ့လာ သုံးသပ်ခဲ့သည်။ ၁၉၁၁ ခုနှစ် ဒီဇင်ဘာလတွင် ဟိတ်မြို့၌ကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာ ဘိန်းရေးရာ လေ့လာရေးကွန်ဖရင့်က မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သောဆေးဝါးများ ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းများကို အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်ဥပဒေတရပ်၏ ကြီးကြပ်ကွပ်ကဲမှု အောက်တွင် ထားရှိရေး စည်းမျဉ်း အပိုဒ် ၂၃ (ဂ) ကို ဘိန်းနှင့် အခြား ဘေးဖြစ်စေတတ်သော ဆေးဝါးများကြီးကြပ်ကွပ်ကဲရန် ထည့်သွင်းထားလေသည်။

၁၉၂၅ ခုနှစ် ဂျီနီဗာပဋိညာဉ် စာချုပ်တွင် နိုင်ငံတိုင်းသည် ဘိန်းစိမ်းနှင့် အခြား မူးယစ်ဆေးပင်များ စိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်းနှင့် မူးယစ်ဆေးဝါးတိုင်း၏ ထုတ်ကုန်သွင်းကုန်စာရင်း ဇယားများကို အစီရင်ခံစာ ထုတ်ပြန်ရန် ပါရှိလေသည်။ ထို့ပြင် နိုင်ငံပေါင်းချုပ်အသင်း၏ စီမံခန့်ခွဲမှုဖြင့် အဖွဲ့ဝင်ရှစ်ဦးပါဝင်သော ဘိန်းထိန်းချုပ်ကွပ်ကဲမှု အမြဲတမ်းဗဟိုအဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့သည်။ ၁၉၂၆ ခုနှစ်တွင် ဂျီနီဗာစာချုပ်၌မူ နိုင်ငံတိုင်းမှ သက်ဆိုင်ရာ အာဏာပိုင်များသည် တရားမဝင် ခိုးသွင်းသော မူးယစ်ဆေးဝါး မှောင်ခို ရောင်းဝယ်သူများကို ပြင်းထန်စွာ အရေးယူ အပြစ်ပေးရန် ပါရှိလေသည်။

ကုလသမဂ္ဂကြီး ဖွဲ့စည်းလိုက်သော အခါ၌လည်း ယင်းလက်အောက်ရှိ စီးပွားရေးနှင့် လူမှုရေးကောင်စီက မူးယစ်ဆေးဝါးများ လေ့လာရေးကောင်စီတရပ်ကို ဖွဲ့စည်းပေးခဲ့သည်။ ၁၉၅၁ ခုနှစ်မေလမှ ဇွန်လအတွင်း ကုလသမဂ္ဂကကြီးမှူးကာ ဘိန်းရေးရာ လေ့လာရေး ကွန်ဖရင့်ကို ကျင်းပ၍ ဘိန်းစိုက်ပျိုးကေ ကန့်သတ်ရန်နှင့် လိုင်စင်ရသူများသာ ဘိန်းစိုက်ပျိုးရန်တို့ကို ဆုံးဖြတ်သည်။

၁၉၆၀ ပြည့်နှစ်များတွင် ကုလသမဂ္ဂကြီး၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မူးယစ်ထုံထိုင်းဆေးဝါးများ လေ့လာရေးကော်မရှင်၊ ဘိန်းထိန်းချုပ်ကွပ်ကဲမှု အမြဲတမ်းဗဟိုအဖွဲ့၊ မူးယစ်ဆေးဝါး ကြီးကြပ်ကွပ်ကဲမှုကော်မတီနှင့် ကမ္ဘာ့ကျန်းမာ

ရေးအဖွဲ့ ကျွမ်းကျင်သူများကော်မတီတို့က မူးယစ်ဆေးဝါး ထုတ်လုပ်မှု၊ ရောင်းချမှု၊ သိုမှီးမှု၊ သုံးစွဲမှုတို့ကို ကွပ်ကဲ ကြီးကြပ်လျက် ရှိသည်။

အမေရိကန် ပြည်ထောင်စုတွင် ၁၉၁၉ ခုနှစ်၌ ဘိန်း စိုက်ပျိုးခြင်းလုံးဝပိတ်ပင်၍ ၁၉၅၆ ခုနှစ်တွင် မူးယစ်ဆေး ဝါး ထိန်းချုပ်ရေး အက်ဥပဒေကို ထုတ်ပြန် ခဲ့လေသည်။ ဗြိတိန်နိုင်ငံ၌ ၁၉၂၀ ပြည့်နှစ်တွင် မူးယစ်ဆေးဝါး တားဆီး သည့်ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ထိုင်းနိုင်ငံ၌ ၁၉၅၉ ခုနှစ် တွင် ဘိန်းရှူခြင်းကို တရားဥပဒေနှင့်ဆန့်ကျင်သည့် အပြု အမူဟု သတ်မှတ်ခဲ့သည်။ ရုရှနိုင်ငံ၌ ၁၉၇၂ ခုနှစ်တွင် မူး ယစ်ဆေးဝါးအန္တရာယ် တားဆီးရေးဥပဒေ ပြဋ္ဌာန်းလေ သည်။ ယင်းနှစ်တွင်ပင် လောနိုင်ငံ၌ မူးယစ်ဆေးဝါး ကုန် သွယ်ခြင်းကို ပိတ်ပင်တားမြစ်သည်။ ဘိန်းစိုက်ပျိုးခြင်းကို တားဆီးသည့်ဥပဒေ ထုတ်ပြန် ခဲ့သည်။ မြန်မာ၊ တူရကီ၊ နယ်သာလန်၊ ဖိလစ်ပိုင်၊ ဟောင်ကောင်၊ အင်ဒိုနီးရှားစသော နိုင်ငံအများအပြား၌လည်း မူးယစ်ထုံထိုင်းနှင့် ဘေးဖြစ် စေတတ်သော ဆေးဝါးများ ကာကွယ်တားဆီးရေးကို အမျိုးသားရေး ကိစ္စတရပ်အဖြစ် ကျယ်ကျယ်ပြန့်ပြန့် ဥပ ဒေဖြင့် ပြဋ္ဌာန်းခဲ့ကြသည်။

ထို့ပြင် လူထုဆက်သွယ်ရေးကရိယာများဖြစ်သော ရေဒီ ယို၊ ရုပ်ရှင်၊ စာနယ်ဇင်းနှင့် ပြပွဲများဖြင့် မူးယစ်ဆေးဝါး၏ အန္တရာယ်များကို ပြည်သူတို့ သိရှိရှောင်ရှားနိုင်စေရန် သက် ဆိုင်ရာအစိုးရတို့က ဆောင်ရွက်ကြသည်။

နှိမ်နင်းခြင်း

မူးယစ်ဆေးဝါးများအန္တရာယ် တားဆီးရေး ဥပဒေများ ပြဋ္ဌာန်းပြီး ဆောင်ရွက်ခဲ့သော်လည်း ထင်သလောက် မထိ ရောက်သည်ကို သက်ဆိုင်ရာအစိုးရတို့သည် သိရှိလာကြ သည်။ထို့ကြောင့် ဘိန်းစိုက်ပျိုးခြင်း၊ ဘိန်းကိုအခြေခံ၍ ထုတ်လုပ်ရသော ဟယ်ရိုအင်နှင့် မော်ဖင်း စသည်များကို တရားမဝင်ထုတ်လုပ်ခြင်း၊ သယ်ဆောင်ခြင်းနှင့် အသုံးပြု ခြင်းများကို တိုနိုင်ခံျင်းအနေဖြင့်ရင်း၊ နိုင်ငံအများ စုပေါင်း၍ရင်း ပြင်းထန်စွာ နှိမ်နင်းခဲ့သည်။

ထို့ကြောင့် တူရကီနိုင်ငံကလည်း ဘိန်းစိုက်ပျိုးခြင်းကို ၁၉၇၂ ခုနှစ်တွင် လုံးဝပိတ်ပင်ခဲ့သည်။ မက္ကဆီကိုနိုင်ငံတွင် လည်း အစိုးရသည် အမေရိကန်ပြည်ထောင်စု၏ မူးယစ် ထုံထိုင်းနှင့်ဘေးအန္တရာယ် ဖြစ်စေတတ်သည့် ဆေးဝါးများ ဆိုင်ရာအဖွဲ့နှင့် ပူးပေါင်း၍ ဘိန်းစိုက်ခင်းနှင့် ဆေးခြောက် ခင်းများကို ဖျက်ဆီးခဲ့သည်။

ပြည်ထောင်စု မြန်မာနိုင်ငံ၌မူ ဘိန်းအစား အစားထိုး သီးနှံများစိုက်ပျိုးရေးစီမံကိန်းကို ၁၉၆၅ ခုနှစ်ကပင် စတင် ဆောင်ရွက်ခဲ့သည်။ ထို့နောက် ၁၉၇၅ ခုနှစ်၊ ၁၉၇၆ ခုနှစ် နှင့် ၁၉၇၇ ခုနှစ်တို့တွင်လည်း ကောက်ရိုး၊ မဲလုံး၊ ပေါက် ပန်း၊ ငရဲပန်း စသော စစ်ဆင်ရေးများ ပြုလုပ်ကာ ဘိန်း စိုက်ခင်းများကို ဖျက်ဆီးခြင်း၊ ဟယ်ရိုအင် တရားမဝင် ထုတ်လုပ်မှုများကို တိုက်ဖျက်ခြင်းတို့ကို ဒေသအလိုက် ပြုလုပ်ခဲ့သည်။

ထိုင်းအစိုးရကလည်း မိမိနိုင်ငံမြောက်ပိုင်းရှိ ဘိန်းခင်း များကို ဖျက်ဆီးကာ ကောက်ပဲသီးနှံအမျိုးမျိုးကို အစား ထိုး၍ စမ်းသပ်စိုက်ပျိုးလျက်ရှိသည်။

၁၉၇၀ ပြည့် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ကျင်းပခဲ့ သော ကုလသမဂ္ဂ အထွေထွေ ညီလာခံတွင် ကမ္ဘာအနှံ့၌ ဆေးဝါးများ လွဲမှားစွာအသုံးချခြင်းကို တားဆီးရန် ကုလ သမဂ္ဂအဖွဲ့လက်အောက်ခံ ရန်ပုံငွေအဖွဲ့တခုကို ဖွဲ့စည်းပေးခဲ့ သည်။ ယင်းအဖွဲ့သည် နိုင်ငံပေါင်းများစွာနှင့် ပူးပေါင်း ကာ စီမံကိန်း ၇၉ ခုကို ချထားသည့် အနက် ၂၁ ခုကို အောင်မြင်စွာလုပ်ဆောင်ပြီးပြီဖြစ်သည်။ စီမံကိန်းများကို အကောင်အထည် ဖော်ရာ၌လည်း ကနှစ်ထက်တနှစ် ငွေ ကြေးပိုမိုသုံးစွဲလာခဲ့ရာ ၁၉၇၅ ခုနှစ်နှင့် ၁၉၇၆ ခုနှစ်တို့တွင် အမေရိကန်ဒေါ်လာ ခြောက်သန်း ကိုးသိန်းခန့်ကို သုံးစွဲခဲ့ သည်။ ၁၉၇၇ ခုနှစ်တွင်လည်း ဒေါ်လာ ၁၀ သိန်းအကုန်ကျ ခံ၍ မူးယစ်ဆေးဝါးအန္တရာယ်ကို တိုက်ဖျက်ရန် လျာထား သည်။ အဆိုပါအဖွဲ့သို့ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံပေါင်း ၅၇ နိုင်ငံကျော်၊ ပဂ္ဂလိကအလှူရှင်များကျော်း အလှူငွေများ ထည့်ဝင်ကြသည်။

ဆေးစွဲသူများအား ကုသခြင်း

ဘိန်းစိုက်ခင်းများ ဖျက်ဆီးခြင်း၊ မူးယစ်ဆေးဝါး ကုန် ကူးသူများအား ဖမ်းဆီးအရေးယူခြင်းတို့ဖြင့် မူးယစ်ဆေး ဝါးအန္တရာယ် ကာကွယ်နှိမ်နင်းကြခြင်းဖြင့် မပြီးပဲ ဆေးစွဲ နေသူများအား ဆေးကုသပေးပြီး လူမှုရေးဘောင်အတွင်း သို့ ပြန်လည်ဝင်ရောက်နိုင်စေရန် ဆောင်ရွက်ပေးဖို့လည်း ကြိုးစားလျက်ရှိလေသည်။ ၁၉၄၈ ခုနှစ်ဩဂုတ်လ ၃ ရက် နေ့က ကျင်းပခဲ့သော ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေး ကောင်စီ အစည်းအဝေးကလည်း ယင်းကိစ္စနှင့်ပတ်သက်၍ လိုအပ်သောအကူအညီပေးရန် အကြံပေးဆုံးဖြတ်ကြသည်။ အထူးသဖြင့် ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးက ဆေးစွဲသူ များအား ကုသရေးကို အဖက်ဖက်မှ ကူညီလျက်ရှိလေသည်။ မြန်မာနိုင်ငံ၌ ရန်ကုန်မြို့ စိတ်ရောဂါကု ဆေးရုံကြီးနှင့် မန္တလေးစိတ်ရောဂါကုဆေးရုံတို့၌ ဆေးစွဲသူများအား မှတ်ပုံ တင်စေ၍ ဆေးကုသပေးလျက်ရှိသည်။ လူငယ်လူရွယ်နှင့် မိဘများအတွက် ဗဟုသုတအလို့ငှာ မူးယစ်ဆေးဝါး အန္တ ရာယ် ပြပွဲများကို ဒေသ ခပ်များများ၌ ပြသ၍ ကာကွယ် ရေးကို ဆောင်ရွက်လျက်ရှိလေသည်။

မေထုန်မဲ့ သားစပ်ခြင်း။ ။မေထုန်မဲ့ သားစပ်ခြင်းကို ၁၇၀ ပြည့်နှစ်တွင် ဣတလီလူမျိုး သိပ္ပံပညာရှင် တဦးက သုတေသန ပြုခဲ့သော်လည်း လက်တွေ့ကျစွာ အသုံးချမှု မရှိခဲ့ချေ။

၁၉၁၉ ခုနှစ်တွင် ရုရှ သိပ္ပံပညာရှင် အိုင်ယာအိုင်ဗင် နော့ဗဆိုသူသည် မောစကိုမြို့တွင် ဗဟို တိရစ္ဆာန်မွေးမြူရေး ဌာန တည်ထောင်ကာ လွန်ခဲ့သော နှစ် ၂၀ ခန့်က စမ်းသပ် လက်စ ရှိခဲ့သော မေထုန်မဲ့သားစပ်ခြင်းကို လက်တွေ့ကျစွာ ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်ခဲ့သည်။ ၁၉၃၆ ခုနှစ်ဦးပိုင်း အထိ ဤနည်းဖြင့် နွားနှင့် သိုးကောင်ရေ ခြောက်သန်းခန့် ကို ရုရှနိုင်ငံ တဝှန်းလုံးတွင် ပွားများစေခဲ့သည်။

ယင်းသို့ မေထုန်မဲ့သားစပ် အောင်မြင်မှုရသည့် အချက် ကို အကြောင်းပြု၍ နိုင်ငံအများမှ သိပ္ပံပညာရှင်များသည် ယင်းကို သုတေသနပြုလာခဲ့ကြသည်။ ယင်းသို့ဖြင့် ဒိန်း မတ်နိုင်ငံသည် ၁၉၃၀ ပြည့်နှစ်များတွင်၎င်း၊ အမေရိကန် ပြည်ထောင်စုသည် ၁၉၃၈ ခုနှစ်တွင်၎င်း မေထုန်မဲ့သားစပ် နည်း စတင်ပြုလုပ်နိုင်ခဲ့သည်ဟုဆိုသည်။ သိပ္ပံနှင့်နည်းပညာ များ ထွန်းကားလာသည်နှင့်အမျှ နိုင်ငံတကာ၌ လက်တွေ့ အသုံးပြုလာခဲ့သော နည်းဖြစ်သည်။

မေထုန်မဲ့ သားစပ်နည်း

မျိုးကောင်းမျိုးသန့် အင်္ဂါနှင့် ညီညွတ်သော နွားသိုး တကောင်၏ မျိုးရည်များ ရရှိရန် ရွေးချယ်ထားသော နွားသိုးတကောင်ကို အင်္ဂါတူ ထည့်သွင်းပေးထားသော နွားမနှင့်သော်၎င်း၊ အတူ ပြုလုပ်ထားသော အရုပ်နှင့် သော်၎င်း မိတ်လိုက်ခြင်းကို ပြုစေရသည်။ ယင်းနည်းဖြင့် စုဆောင်းရရှိသော မျိုးရည်အား ကိုယ်ခန္ဓာ၏ ပြင်ပဌ် ရက်အတန်ကြာသည့်တိုင် မပျက်မစီးရန် ထိန်းသိမ်းထား နိုင်သည်။ ရေခဲစိမ်အတတ်ပညာနည်းဖြင့် မျိုးရည်ခဲအဖြစ် စီမံပြုလုပ်ထားသော မျိုးရည်ကို ၁၀ နှစ်ကျော်ခန့် အထိ သိုမှီးထားနိုင်သည် ဟူ၍ အဆိုရှိသည်။ မေထုန်မဲ့သားစပ် ခြင်းပြုရာတွင် ယင်းမျိုးရည်ကို ဟိုမုန်းဆေးများ ထိုးပေး ထားသော မျိုးကောင်းမျိုးသန့်အင်္ဂါနှင့်ညီညွတ်သော နွား မ၏ သားအိမ်တွင်းသို့ ထည့်သွင်းပေးရသည်။ ထိုမျိုးရည် သည် အမ၏ သားအိမ်အတွင်းတွင် ဟိုမုန်းဆေးကြောင့် ဖြစ်ပေါ် နေသည့်အမမျိုးစေ့များနှင့်ပေါင်းယှက်ကာ ထောင် ပေါင်းများစွာသော သန္ဓေသားများကို တည်စေသည်။

ထို့နောက် ရက်သား သန္ဓေသားများကို တကောင်စီ ထုတ်ယူကာ မြို့ငထလျက် ရှိနေသည့် မျိုးညံ့နွားမများ၏ သားအိမ်များအတွင်း ပြောင်း၍ ထည့်ပေးခြင်းဖြင့် အဆို ပါ နွားမများအား ကိုယ်ဝန်ဆောင်စေသည်။ ယင်းနည်း ဖြင့် ရရှိလာသော ကိုယ်ဝန်မှာ မွေးဖွားရက် စေ့သောအခါ တွင် သဘာဝနည်းဖြင့်တည်သော ကိုယ်ဝန်ကဲ့သို့ မွေးဖွား လာသည်ဟု ဆိုသည်။

သန္ဓေသားများ တင်ပို့ခြင်း

ယခင်က မျိုးကောင်းမျိုးသန့်အင်္ဂါနှင့် ညီညွတ်သော နွားမျိုးရည်ခဲကို တင်ပို့၍ ဌာနေ မျိုးကောင်းမျိုးသန့် အင်္ဂါနှင့် ညီညွတ်သော နွားမများနှင့် သားစပ်သောအခါ မျိုးကောင်းမျိုးသန့်အင်္ဂါနှင့် ညီညွတ်သော နွားများရရန် ချုတ်ယွင်းချက်များ ရှိခဲ့သည်ဟု ဆိုသည်။ ထို့ကြောင့် ယင်း နည်းအစား သန္ဓေသားတင်ပို့သည့် နည်းသစ်များ ကြံဆ တီထွင်ခဲ့ရာ ယခုအခါ တွေ့ရှိ အောင်မြင်နေပြီဟု ဆိုသည်။

အဆိုပါ နည်းသစ်မှာ သန္ဓေရက်သားများကို သားအိမ် မှ ခွဲထုတ်ပြီးလျှင်ပြီးခြင်း ယုန်အမ၏ သားအိမ်အတွင်း သွတ်သွင်း၍ လိုအပ်သောနေရာသို့ တင်ပို့ခြင်းဖြစ်သည်။ ယင်းသို့ တင်ပို့သော သန္ဓေရက်သားများမှာ ၁၅ ရက် အတွင်း ယုန်မ၏ သားအိမ်အတွင်းမှ ဌာနေမျိုးညံ့ နွားမ များ၏ သားအိမ်များအတွင်းသို့ တကောင်စီ လွှဲပြောင်း ကိုယ်ဝန်ဆောင်နိုင်လျှင် အပျက်အစီး မရှိနိုင်ဟု ဆိုသည်။

စာရင်းဇယားများအရ မေထုန်မဲ့ သားစပ်နည်းမှ ပေါက် ဖွား ကြီးထွားလာသော နွားမများသည် မွေးမြူရေးခြံရှိ သာမန်နွားမများထက် နို့အထွက်နှုန်း ပိုမိုသည့်အပြင် ထော ပတ်ချက်လုပ်နိုင်သည့် ဆီဥဇာခိုင်နှုန်းပြည့် နို့တွင် ပိုမိုပါဝင် သည်ကိုပါ တွေ့ရသည်။ ထို့အပြင် အဆိုပါနည်းဖြင့် သား ဖောက်ထားသော နွားထီးတကောင်သည် နှစ်စဉ် နွားမ ကောင်ရေ ၂၀၀၀ ခန့်ကို သားတင်အောင် မျိုးရည် ပေးစွမ်း နိုင်စွမ်းရှိသည်။ သဘာဝနည်းဖြင့် ပေါက်လာသော နွားထီး တကောင်သည် တနှစ်လျှင် နွားမကောင်ရေ ၃၀ ခန့်ကို သားတင်အောင် သားမျိုးရည် ပေးနိုင်စွမ်း ရှိသည်။ ထို့ အပြင် မေထုန်မဲ့ သားစပ်နည်းဖြင့် သားဖောက်၍ ရရှိ လာသော နွားထီးများသည် မွေးမြူရေးခြံတွင် မွေးမြူထား သော နွားမများနှင့် သားဖောက်ရန် အကောင်းဆုံး ဖြစ် သည်။ ယင်း မေထုန်မဲ့ သားစပ်နည်းဖြင့် မြင်း၊ သိုး၊ ဆိတ် နှင့် ဝက်များကိုလည်း သားစပ်ပေးနိုင်သည်ဟု ဆိုသည်။

မြန်မာနိုင်ငံနှင့် မေထုန်မဲ့သားစပ်နည်း

မေထုန်မဲ့သားစပ်နည်းကို မြန်မာနိုင်ငံတွင် ၁၉၆၇ ခုနှစ် မှ စတင်၍ လုပ်ကိုင်ခဲ့သည်။ ဗဟိုမေထုန်မဲ့ သားစပ်ဓာတ် ခွဲခန်းကို ကုလသမဂ္ဂ ဖွံ့ဖြိုးရေး အစီအစဉ်၏ အကူအညီဖြင့် ရန်ကုန်မြို့တွင် တည်ထောင်ခဲ့သည်ဟု သိရသည်။

၁၉၆၇ ခုနှစ်မှ ၁၉၇၃ ခုနှစ်အထိ မေထုန်မဲ့သားစပ်

စခန်းပေါင်း ၂၆ ခု ဖွင့်လှစ်ခဲ့သည်။ ၁၉၆၇ ခုနှစ်မှ ၁၉၇၅ ခုနှစ်အထိ ကာလအတွင်း နွားကောင်ရေ ၁၀,၂၅၅ ကို မေထုန်မဲ့သားစပ်ခဲ့ရာ နွားပေါင်း ၅,၃၅၂ တွင် သန္ဓေတည်ခဲ့သည်ဟု သိရသည်။

လတ်ဆတ်မျိုးရည်များကို ရန်ကုန်မြို့ရှိ အစိုးရမွေးမြူရေးခြံ ငါးခြံမှထုတ်လုပ်၍ ဗဟိုဓာတ်ခွဲခန်းသို့ပို့ပြီး မေထုန်မဲ့သားစပ် စခန်းများသို့ ဖြန့်ဖြူးပေးသည်။

လျာထားချက်

၁၉၇၇-၇၈ ခုနှစ်အတွင်း လတ်ဆတ်မျိုးရည် စီစီ ၄၂,၀၀၀ နှင့် မျိုးရည်ခဲအဆပေါင်း ၁၀,၀၀၀ ကို ဗဟိုမေထုန်မဲ့ သားစပ်ဓာတ်ခွဲခန်းမှ ထုတ်လုပ်သွားမည်ဖြစ်ပြီး အခြေစိုက်စခန်းများသို့ စနစ်တကျ ပေးပို့ဖြန့်ဖြူးသွားမည်။ ထို့ပြင် ယင်းမေထုန်မဲ့ သားစပ်လုပ်ငန်းအတွက် တနှစ်လျှင် သင်တန်းသား ၁၂၀ ထိ လက်ခံ သင်ကြားပေးသွားမည်ဟု သိရသည်။ မျိုးကောင်းမျိုးသန့် ပွားများစေရန် ယင်းနှစ်အတွင်း နွားကောင်ရေ ၂၀,၀၀၀ ကို မေထုန်မဲ့သားစပ်နည်းဖြင့် သားစပ်ရန် လျာထားကြောင်းကိုလည်း သိရသည်။

မေထုန်မဲ့သားစပ်ခြင်းကို တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနက ဦးစီးဆောင်ရွက်လျက်ရှိသည်။

မေယာ, မစ္စက်ဂိုလဒါ (ခရစ် ၁၈၉၈ ဖွား)။ ။ဂိုလဒါမေယာသည် နှစ်ဆယ်ရာစုနှစ်၏ ထိပ်သီးခေါင်းဆောင်အမျိုး သမီး ကြီး တဦး ဖြစ်သည်။ ပယ် လက် စ တိုင် နယ်မြေတွင် ယဟူဒီ အမျိုး သား တို့ ခြေ ချ ခိုလှုံ စ ရာ နိုင် ငံ သစ် ကို ထူ ထောင် ပေး သူ များအနက် တဦး အပါအဝင်ဖြစ်၏။



နိုင်ငံရေးခေါင်းဆောင် မစ္စက်ဂိုလဒါမေယာ

ဂိုလဒါမေယာ ကို ၁၈၉၈ ခုနှစ် မေလ ၃ ရက်နေ့တွင်ရှရှနိုင်ငံ ကီးဗမြို့၌ မွေး ဖွား ခဲ့သည်။ ဖခင်မှာ လက်သမားဆရာ မိုရှီမာဗိုဗစ်ချ ဖြစ်၏။ ၁၉၀၆ ခုနှစ်တွင် ဂိုလဒါတို့ မိသားစုသည် အမေရိကန်ပြည်ထောင်စုရှိ မိလဝေါကီမြို့သို့ ပြောင်းရွှေ အခြေစိုက်ခဲ့ကြလေသည်။

၁၉၁၅ ခုနှစ်တွင် ဂိုလဒါသည်မီလဝေါကီမြို့ ပိုလီဇီယွန် အလုပ်သမားပါတီဝင် ဖြစ်လာခဲ့သည်။ ဂိုလဒါသည် ယဟူဒီ အမျိုးသားစိတ်ဓာတ် လှုံ့ဆော်ရေး တရားပွဲများကို ဟောပြော စည်းရုံးရာ၌ အာဝဇ္ဇန်းကောင်းသူဖြစ်သည်။

၁၉၁၇ ခုနှစ်တွင် ဂိုလဒါသည် ယဟူဒီလူငယ် မောရစ္စမိုင်ယာဆန်နှင့် လက်ထပ်သည်။ ၁၉၂၁ ခုနှစ်တွင် ပါတီ၏ ဦးတည်ချက်ကို လက်တွေ့ဖော်ဆောင်ရန် ခင်ပွန်းသည်နှင့် အတူ ပယ်လက်စတိုင်သို့ ထွက်ခွာလာခဲ့၏။ ရှုံ့နွံထူထပ်သော မာဟာဗီးယား စုပေါင်းကျေးရွာ၌နေထိုင်ရသည်။ ၎င်းဖျားရောဂါထူထပ်၍ အစားအသောက်အနေအထိုင် ပင်ပန်းဆင်းရဲမှုကို ဂိုလဒါကြံ့ကြံ့ခံ၍ ရင်ဆိုင်ခဲ့သည်။ ထို့ကြောင့်လည်း ဂိုလဒါကို အလုပ်သမားသမဂ္ဂသို့ မာဟာဗီးယားကျေးရွာ ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခဲ့ကြသည်။

ဂိုလဒါသည် နိုင်ငံရေးမှ လေးနှစ်ခန့် အနားယူခဲ့ပြီးနောက် ၁၉၂၈ ခုနှစ်တွင် ဟစ္စတဒရုခေါ် ယဟူဒီအလုပ်သမားသမဂ္ဂ၏ အမျိုးသမီးကောင်စီ အတွင်းရေးမှူးတာဝန်ကို လက်ခံဆောင်ရွက်ရသည်။

၁၉၃၂ ခုနှစ်တွင် အမေရိကန်နိုင်ငံရှိ ရှေ့ဆောင်အမျိုးသမီးများအသင်းတွင် နှစ်နှစ်ခန့် သွားရောက်ထမ်းဆောင်သည်။ ၁၉၃၄ ခုနှစ်တွင် ပယ်လက်စတိုင်သို့ပြန်၍ အလုပ်သမားသမဂ္ဂ၏ အလုပ်အမှုဆောင်အဖြစ် တာဝန်ယူရလေသည်။ အလုပ်သမားများ၏ ကျန်းမာရေးနှင့် လူမှုအခွင့်အရေးများကို ဆောင်ရွက်ပေးယင်း တဖက်မှလည်း ကမ္ဘာအရပ်ရပ်ရှိ ယဟူဒီအမျိုးသားများကို ပယ်လက်စတိုင်၌ ခိုလှုံခွင့်ရစေရန် နည်းမျိုးစုံဖြင့် ကြိုးပမ်းကူညီပေးခဲ့သည်။

တခါသော် ဗြိတိသျှတို့သည် ပယ်လက်စတိုင်သို့ ခိုးဝင်မည့် ယဟူဒီ ရာပေါင်းများစွာကို တင်ဆောင်လာသော သင်္ဘောကို လမ်းမှဖြတ်၍ ဖမ်းဆီးလိုက်၏။ ယင်းတို့ကို ပြန်လွှတ်ပေးရန် ဂိုလဒါနှင့် နိုင်ငံရေးခေါင်းဆောင်များသည် ၁၀၄ နာရီ ကြာသည်အထိ အစာငတ်ခံ ဆန္ဒပြခဲ့ကြသည်။

ဒုတိယကမ္ဘာစစ်ကာလအတွင်း ယဟူဒီနိုင်ငံတော် ပေါ်ပေါက်ရေးအတွက် အကြမ်းဖက် ဆောင် ရွက် မှု များများပြားလာခဲ့ရာ ဗြိတိသျှတို့ကလည်း ဟီးဗရူးနိုင်ငံရေးခေါင်းဆောင်များကို ဖမ်းဆီး အရေးယူခဲ့သည်။ ၁၉၄၆ ခုနှစ်တွင် ယဟူဒီအမျိုးသား အေဂျင်စီ၏ နိုင်ငံရေးဌာန တာဝန်ခံဖြစ်သူ မိုရှေရှာရတ် အဖမ်းခံရသောအခါ ယင်း၏ နေရာတွင် ဂိုလဒါကပင် ဆက်ခံ ထမ်းရွက်ခဲ့သည်။

၁၉၄၆ ခုနှစ်တွင် ယဟူဒီ အမျိုးသားများအတွက် အင္ဇရီယယ်နိုင်ငံတော်ကို ထူထောင်နိုင်ကြသည်။ (၁၅–၃၃၇—ရှု။) မစ္စက်ဂိုလဒါ မိုင်ယာဆန်သည် ရှရှနိုင်ငံဆိုင်ရာ အင္ဇရီယယ် သံအမတ်ကြီးအဖြစ် ဦးစွာ ထမ်းရွက်ရသည်။ ၁၉၄၉ ခုနှစ်မှ ၁၉၅၆ ခုနှစ်အထိ အင္ဇရီယယ်အစိုးရအဖွဲ့တွင်

အလုပ်သမားဌာန ဝန်ကြီးအဖြစ် ထမ်းဆောင်ရလေသည်။ အိုးအိမ်ဆောက်လုပ်ရေး၊ လပ်းပန်းဆက်သွယ်ရေးနှင့် အလုပ်လက်မဲ့ပြဿနာတို့ကို ဦးစားပေးဆောင်ရွက်ခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် ထိုစဉ်ကဝန်ကြီးချုပ် ဗင်ဂူရီးယန်း၏ တိုက်တွန်းချက်အရ ဂိုလဒါမိုင်ယာဆန်အမည်မှ ဂိုလဒါမေယာဟူသော ဟီးဗရူးအမည် ပြောင်းခဲ့သည်။

၁၉၅၆ ခုနှစ်မှ ၁၉၆၆ ခုနှစ်အထိ နိုင်ငံခြားရေးဌာန ဝန်ကြီးအဖြစ် တာဝန်ယူရသည်။ ၁၉၅၆ ခုနှစ် အောက်တိုဘာလတွင် ဖြစ်ပွားခဲ့သော ဆိုင်နိုင်းတိုက်ပွဲကို အကြောင်းပြု၍ အဇ္ဇရီယယ်တို့ကို ကျူးကျော်သူဟု စွပ်စွဲလေရာ မစ္စက်မေယာသည် ကုလသမဂ္ဂ၌ ထိုပြဿနာကို ပိုင်နိုင်စွာ အချက်ကျကျ ဖြေရှင်းတင်ပြနိုင်ခဲ့၏။

၁၉၆၅ ခုနှစ်တွင် မစ္စက်မေယာသည် နိုင်ငံခြားရေးဝန်ကြီးအဖြစ်မှ နုတ်ထွက်၍ အနားယူခဲ့သည်။ သို့သော် မကြာမီပင် မာပိုင်းပါတီ၏ အထွေထွေအတွင်းရေးမှူး တာဝန်ကို ယူရပြန်၏။ ၁၉၆၉ ခုနှစ်တွင် အဇ္ဇရီယယ် ဝန်ကြီးချုပ် လေဗီအက်ရှကိုးသည် ရုတ်တရက် ကွယ်လွန်သွားရာ ဂိုလဒါမေယာကို ယာယီဝန်ကြီးချုပ်အဖြစ် ခန့်အပ်ကြသည်။ အသက် ၇၁ နှစ်ရွယ်ရှိ မစ္စက်မေယာသည် ဝန်ကြီးချုပ်အဖြစ် ၁၉၇၄ ခုနှစ်အထိ ဆောင်ရွက်သည်။

၁၉၇၃ ခုနှစ် အောက်တိုဘာလတွင် ဖြစ်ပွားသော ယွန်ကပ်ပူစစ်ပွဲတွင် အဇ္ဇရီယယ်တို့ဖက်မှ အထိနာခဲ့၏။ ယင်းကိစ္စအတွက် ဝန်ကြီးချုပ်တွင် တိုက်ရိုက် တာဝန်မရှိသော်လည်း အကြောင်းအမျိုးမျိုးကို ထောက်ထားလျက် ၁၉၇၄ ခုနှစ် ဧပြီလ ၁၁ ရက်နေ့တွင် ဂိုလဒါမေယာသည် ဝန်ကြီးချုပ်အဖြစ်မှ နုတ်ထွက်ပေးခဲ့၏။

နိုင်ငံရေးအယူအဆချင်း မတူသော ခင်ပွန်းသည်သည် ၁၉၅၁ ခုနှစ်တွင် ကွယ်လွန်သည်။ မိမိ၏ အိမ်ထောင်ရေး အဆင်ပြေမှုကို ဦးစားမပေးပဲ တိုင်းပြည်အတွက် ဇောက်ချလုပ်ကိုင်ခဲ့သော ဂိုလဒါမေယာကို ပြည်သူလူထုက ရာထူးဂုဏ်ပုဒ်အရ ခေါ်ဝေါ်ဆက်ဆံခြင်းမပြုပဲ "ကျွန်ုပ်တို့၏ ဂိုလဒါ"ဟူ၍သာ အမြတ်တနိုး ခေါ်ဝေါ်ကြသည်။

မော်စီတုံး(ခရစ် ၁၈၉၃--၁၉၇၆)။ ။တရုတ် ကွန်မြူနစ်ပါတီ၏ ဥက္ကဋ္ဌကြီး မော်စီတုံးကို ၁၈၉၃ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ဟူနန်နယ် ဆီယန်တန်ရွာကလေး၌ လယ်သမားကြီး မော်ဂျန်ရှင်းနှင့် ဇနီးတို့မှ ဖွားမြင်သည်။ (၉–၁၀၉—ရှူ။) စည်းကမ်း တင်းကျပ်သူ ဖခင်ကြီး၏ အောက်တွင် မော်စီတုံးသည် အားလပ်သည်ဟူ၍ မရှိ။ ကျောင်းကို တဖက်က တက်ရ၍ အားသည့်အချိန်တွင် လယ်အလုပ်ကို ဝင်လုပ်ရလေသည်။

မော်စီတုံးသည် စာဖက်ဝါသနာပါသည်။ စာအုပ်၏ လွတ်နေသော အဖြူသားတွင် မိမိအမြင်အယူအဆကို ရေးမှတ်ထားလေ့ရှိသည်။ အသက် ၁၆ နှစ် အရွယ်တွင်ခေတ်ပညာ သင်ကြားရန် နေအိမ်မှ ထွက်ခဲ့သည်။ ၁၉၁၃ မှ ၁၉၁၈ ခုနှစ်အထိ ချန်ရှားမြို့ ဆရာဖြစ်သင် ကျောင်းတွင် တက်ရောက်သင်ကြားသည်။ ထို့နောက် ပီကင်း တက္ကသိုလ်လက်ထောက်စာကြည့်တိုက်မှူးအဖြစ် ခေတ္တလုပ်ကိုင်သည်။ ၁၉၁၉ ခုနှစ်တွင် တရုတ် ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး ဖြစ်လာမည့် ချန်တူရူးနှင့် တွေ့ဆုံ ရင်းနှီးကာ မတ်ဝါဒလေ့လာခဲ့သည်။ နောက်နှစ်နှစ် ကြာသောအခါ တရုတ် ကွန်မြူနစ် ပါတီကို ၁၃ ဦးနှင့်စတင်ဖွဲ့စည်းခဲ့သူ ဖြစ်သည်။ တရုတ် တပ်နီတော် တည်ဆောက်ရေး အစီအစဉ်ကိုလည်းရေးဆွဲခဲ့သူ ဖြစ်သည်။ ၁၉၄၉ ခုနှစ်တွင် တရုတ် ပြည်သစ်ထူထောင်သည့်အခါမှာ မော်သည် တရုတ်ပြည်လုံး ဆိုင်ရာ နိုင်ငံရေး အတိုင်ပင်ခံ ဗဟိုပြည်သူ အစိုးရကောင်စီ ဥက္ကဋ္ဌ နိုင်ငံဥသျှောင် သမ္မတအဖြစ် ဆောင်ရွက်ခဲ့သည်မှာ ၁၉၅၉ ခုနှစ်အထိ ဖြစ်သည်။၁၉၅၉ ခုနှစ် တွင် သမ္မတ ရာထူးကို လူရှောချီအား လွှဲပေး၍ ပါတီဥက္ကဋ္ဌကြီးအဖြစ်သာ ဆောင်ရွက်လေသည်။ ၁၉၅၀ ပြည့်နှစ်တွင် မြေယာတော်လှန်ရေး၊ ၁၉၅၅ ခုနှစ်တွင်စုပေါင်းလယ်ယာ ကုန်ထုတ်လုပ်ငန်း၊ ၁၉၅၈ ခုနှစ်တွင် ဘုံလုပ်ငန်း၊ ၁၉၅၆ ခုနှစ်တွင် ပန်းတိုင်းပွင့်ပါစေ ကြွေးကြော်သံနှင့်အတူ တရုတ်ပြည်ဘက်စုံ ဖွံ့ဖြိုးရေး လုပ်ငန်း၊ ၁၉၅၈ ခုနှစ်တွင် မဟာခုန်ပျံကျော်လွှား တိုးတက်ရေး လုပ်ငန်း၊ ၁၉၆၆ ခုနှစ်တွင် မဟာယဉ်ကျေးမှု တော်လှန်ရေးတို့ကို ဦးဆောင်ခဲ့သူမှာ မော်စီတုံးပင် ဖြစ်သည်။

သန်းပေါင်း ၈၀၀ ရှိသော တရုတ်ပြည်သူတို့က ထာဝရ ကယ်တင်ရှင်ကြီးကဲ့သို့ လေးစားခဲ့ရသော မော် သည် ၁၉၇၁ ခုနှစ် အလုပ်သမားနေ့ နောက်ပိုင်းတွင် လူထုမြင်ကွင်းသို့ ထွက်ခြင်းမပြုတော့သော်လည်း ၁၉၇၆ ခုနှစ် မေလ ၂၆ ရက်နေ့အထိ နိုင်ငံခြား ဧည့်သည်တော် ခေါင်းဆောင်များကိုမူ ရွေးချယ် လက်ခံခဲ့သည်။ ထိုနှစ် ဇူလိုင်လတွင် ကျန်းမာရေး အခြေအနေ ဆိုးရွားလာသဖြင့် မည်သည့် ဧည့်သည်ကိုမျှ လက်ခံတွေ့ဆုံခြင်း မပြုတော့ချေ။

၁၉၇၆ ခု စက်တင်ဘာလ ၉ ရက်အကူး ပီကင်းစံတော်ချိန် ည ၁၂ နာရီ ၁၀ မိနစ်(မြန်မာ စံတော်ချိန် စက်တင်ဘာလ ၈ ရက်၊ ည ၁၀ နာရီ ၄၀ မိနစ်) တွင် ဥက္ကဋ္ဌကြီး မော် ကွယ်လွန်သည်။ကွယ်လွန်ချိန်၌ အသက် ၈၂ ရှိသည်။

မော်စီတုံး ကွယ်လွန်ခြင်းကို ဝမ်းနည်းသော အထိမ်းအမှတ်ဖြင့် စက်တင်ဘာလ ၁၁ ရက်နေ့မှစ၍ တရုတ်တပြည်လုံး၌ နိုင်ငံအလံကို တဝက်ချပြီး လွှင့်ထူကြသည်။ ကြွင်းကျန်သော ရုပ်ကလပ်ကိုလည်း ပီကင်းပြည်သူ ခန်းမဆောင်၌ ခုနှစ်ရက် တိုင်တိုင် ထားရှိခဲ့သည်။

ဥက္ကဋ္ဌကြီး မော်ကို ဝမ်းနည်းတသခြင်း အထိမ်းအမှတ်

ဖြင့် ၁၉၇၆ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် ပီကင်း "ထင်အာမင်" ရင်ပြင်၌ လူထုအစည်း အဝေးကြီး ကျင်းပ ပြုလုပ်၏။ အစည်းအဝေးပွဲသို့ တရုတ်ပြည် ထိပ်တန်းခေါင်း ဆောင်များနှင့် ပြည်သူတသန်း တက်ရောက်ခဲ့ကြသည်။ နိုင်ငံခြားတိုင်းပြည်မှ ခေါင်းဆောင်များကို မဖိတ်ကြား ခဲ့သော်လည်း အစည်းအဝေး အခမ်းအနားတခုလုံးကို ဂြိုဟ် တုမှတဆင့် ရုပ်မြင်အသံလွှင့်ခဲ့သည်။ တချိန်တည်းမှာပင် ပြည်နယ်တိုင်းမှာလည်း ပြည်သူ ၁၀ သိန်းကျော် ပါဝင်သော ဒေသဆိုင်ရာ အခမ်းအနားများကို ပြုလုပ်ခဲ့ကြ၏။

တရုတ် ကွန်မြူနစ် ပါတီ ဥက္ကဋ္ဌကြီး မော်စီတုံး ကွယ်လွန် ခြင်းသည် တရုတ် ကွန်မြူနစ် ပါတီအဖို့ အနှစ် ၄၀ တိုင်တိုင် ကမ္ဘာက လူသိများခဲ့သော တဦးတည်းခေါင်းဆောင်ကြီး ဆုံးရှုံးသွားရခြင်း ဖြစ်သည်။ မော် ကွယ်လွန်ခြင်းသည် တရုတ်ပြည် ကွန်မြူနစ် ပါတီသမိုင်းတွင် မဟာခရီးရှည် ချီတက်ပွဲကြီးတွင် ပါဝင်ခဲ့သော တပ်သားဟောင်းကြီးများ၏ အဆုံးသတ်ဖြစ်သတည်း။

၁၉၇၇ ခုနှစ် မေလ ၂၄ ရက်နေ့တွင် ဥက္ကဋ္ဌကြီး မော် စီတုံး ဗိမာန် တည်ဆောက်ပြီးသည်။

မော်ရီတေးနီးယား အစ္စလာမ် သမ္မတနိုင်ငံ။ ။

မော်ရီတေးနီးယား အစ္စလာမ်သမ္မတနိုင်ငံသည် အာဖရိက တိုက်အနောက်မြောက် ပိုင်း၌ တည်ရှိသည်။ အ နောက်ဖက် တွင် အတ္တ လန္တိတ် သ မု ဒ္ဒ ရာ၊ မြောက်ဖက်တွင် အယ် လဂျီးရီးယားနိုင်ငံ၊ အ ရှေ့ဖက်တွင် မာလီနိုင်ငံ၊ တောင်ဖက်တွင် ဆင်နီ ဂေါနိုင်ငံတို့ရှိသည်။ နိုင်ငံ၏ အစိတ်အပိုင်း အများစုသည် ဆာဟာရသဲကန္တာရအတွင်းပါဝင်နေသောကြောင့် သဲထူထပ်၍ ကုန်းမြေသည် နိမ့်သည်။ ရာသီဥတုပူပြင်းသည်။ တနှစ်လျှင် ပျမ်းမျှမိုးရေချိန်မှာ ၁၀ လက်မသာ ရှိသည်။



၁၉၇၆ ခုနှစ် ခန့်မှန်းခြေအရ လူဦးရေ ၁,၃၅၀,၀၀၀ ရှိပြီး အများဆုံး နေထိုင်ကြသူများမှာ မိုးလုံးများ ဖြစ်ကြ သည်။ အစ္စလာမ်ဘာသာကိုသာ အများဆုံး ကိုးကွယ်ကြ သူများ နေထိုင်ရာနိုင်ငံဖြစ်၍ မော်ရီတေးနီးယား အစ္စလာမ် သမ္မတနိုင်ငံဟုခေါ် သည်။ မြို့တော်မှာနေ့ချေ့မြို့ဖြစ်သည်။

အမိကစိုက်ပျိုးသော အပင်များမှာ ပြောင်း၊ လူး၊ ဆပ် နှင့် စွန်ပလွံတို့ဖြစ်ကြသည်။ မွေးမြူရေးသည် မော်ရီတေး နီးယားနိုင်ငံ၏အဓိကစီးပွားရေးလုပ်ငန်း ဖြစ်သည်။ သယံ ဇာတပစ္စည်းများအဖြစ်သံနှင့် ကြေးနီတို့ တူးဖော်ရရှိသည်။

မော်ရီတေးနီးယားသို့ ၁၉ ရာစုတွင် ပြင်သစ်တို့ဝင်ရောက် အခြေချ နေထိုင်ခဲ့ကြသည်။ ၁၉၂၀ ပြည့်နှစ်တွင် ပြင်သစ် ကိုလိုနီနယ်အဖြစ် သတ်မှတ်ခြင်း ခံခဲ့ရသော်လည်း ၁၉၅၈ ခုနှစ်ခန့်တွင် ကိုယ်ပိုင်အုပ်ချုပ်ရေးရရှိခဲ့သည်။ ၁၉၆၀ ပြည့် နှစ် နိုဝင်ဘာလ ၂၈ ရက်နေ့တွင် လွတ်လပ်ရေး ရရှိခဲ့ပြီး နောက် ၁၉၆၁ ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့တွင် ၁၀၁ နိုင်ငံမြောက် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ဖြစ်လာသည်။ မော်ရီတေးနီးယားနိုင်ငံ၏ ပထမဦးဆုံး သမ္မတအဖြစ် မို့က တာအွဒ်ဒက်ဒက်ကို ရွေးချယ်ခန့်ထားခဲ့သည်။

၁၉၆၄ ခုနှစ် အောက်တိုဘာလတွင် စပင်းနစ်ဆဟာရ ဒေသနယ်မြေများကို ပိုင်ဆိုင်လိုကြောင်း မော်ရီတေးနီး ယားနိုင်ငံက တောင်းဆိုခဲ့သည်။ ယင်းကိစ္စနှင့် စပ်လျဉ်း၍ မို့ရော့်ကို နိုင်ငံကလည်း ၁၉၅၆ ခုနှစ် လွတ်လပ်ရေးရရှိပြီးချိန် မှစ၍ အရေးဆိုခဲ့သည်။ မော်ရီတေးနီးယားနိုင်ငံသည် မို့ရော့ ကိုနိုင်ငံကဲ့သို့ စပင်းနစ် ဆဟာရဒေသ တခုလုံးကိုတောင်း ဆိုခြင်းမပြုပဲ စပင်းနစ် ဆဟာရဒေသ တောင်ပိုင်း ရီအိုဒီအို ရိုခရိုင်ကို တောင်းဆိုခဲ့သည်။ (စပင်းနစ်ဆဟာရ — ရှု။)

စပိန်၊ မို့ရော့ကိုနှင့် မော်ရီတေးနီးယား သုံးနိုင်ငံ ဆွေး နွေးပွဲမှ ၁၉၇၅ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်နေ့တွင် စပင်း နစ်ဆဟာရဒေသကို မို့ရော့ကိုနိုင်ငံနှင့် မော်ရီတေးနီးယား နှစ်နိုင်ငံသို့ ခွဲဝေလွှဲပြောင်းပေးရန် သဘောတူညီကြောင်း ကြေငြာသည်။ ယင်းသဘောတူညီချက် အရ ၁၉၇၆ ခုနှစ် ဖေဖော်ဝါရီလတွင် စပင်းနစ် ဆဟာရဒေသအား မို့ရော့ကိုနှင့် မော်ရီတေးနီးယားတို့ ခွဲဝေပိုင်ဆိုင်ခဲ့ကြသည်။

စပင်းနစ် ဆဟာရဒေသ တောင်ပိုင်းကို သိမ်းပိုက်ပြီး နောက် မော်ရီတေးနီးယား စစ်တပ်များသည် စပင်းနစ် ဆဟာရနယ်မြေအတွင်း ဝင်ရောက်ခဲ့ကြရာ စပင်းနစ် ဆဟာ ရ လွတ်လပ်ရေးကို လိုလားသော မို့လီဆာရီယိုတပ်ဦး၏ ခုခံတိုက်ခိုက်မှုကို ရင်ဆိုင်ခဲ့ရသည်။ ၁၉၇၆ ခုနှစ်နှင့် ၁၉၇၇ ခုနှစ်အတွင်း အနောက်ဆဟာရနယ်မြေတွင် စစ်ပွဲများ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။

မို့ဇမ်ဗစ်ပြည်သူ့သမ္မတနိုင်ငံ။ ။

မို့ဇမ်ဗစ်နိုင်ငံသည် အာဖရိကတိုက် အရှေ့ဖက်ကမ်းတွင် တည်ရှိသည်။ အရှေ့ ဖက်တွင် အိန္ဒိယ သမုဒ္ဒရာနှင့် မို့ဇမ်ဗစ် ရေ လက်ကြား၊ အ နောက်ဖက်တွင် ရိုဒီး ဒီးယားနိုင်ငံ၊ ဇမ်ဘီး ယား သမ္မတ နိုင်ငံနှင့် မာလာဝီ သမ္မတနိုင်ငံ၊ တောင်ဖက်တွင် ဆွာဇီ



လန်နိုင်ငံနှင့် တောင်အာဖရိကနိုင်ငံ၊ မြောက်ဖက်တွင် တန်ဇားနီးယားပြည်ထောင်စု သမ္မတ နိုင်ငံတို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိနေသည်။

မိုဇမ်ဗစ်နိုင်ငံ၏ ရာသီဥတုသည် နိုဝင်ဘာလသည် အပူဆုံးလဖြစ်၍ ဇူလိုင်လသည် အအေးဆုံးလဖြစ်သည်။ နှစ်စဉ် ပျမ်းမျှ မိုးရေချိန်မှာ လက်မ ၆၀ ဖြစ်သည်။

မိုဇမ်ဗစ်နိုင်ငံသည် စတုရန်း ၃၀၃,၃၇၃ မိုင်ကျယ်ဝန်းသည်။ ၁၉၇၆ ခုနှစ်ခန့်မှန်းခြေအရ လူဦးရေ ၉,၄၅၀,၀၀၀ ရှိသည်။ နိုင်ငံ၏ မြို့တော်မှာ မပူတိုမြို့ဖြစ်သည်။

မိုဇမ်ဗစ်နိုင်ငံ၏ အဓိက စီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးဖြစ်သည်။ ဆန်နှင့်ပြောင်းကို အဓိကစိုက်ပျိုးသည်။ သကြား၊ ဝါဂွမ်း၊ လက်ဖက် တို့မှာ အဓိက ပြည်ပပို့ကုန်များဖြစ်သည်။ လူဦးရေ၏ ၉၀ ရာခိုင်နှုန်းမှာ အာဖရိက တိုင်းရင်းသားများ ဖြစ်ကြသည်။ ပေါ်တူဂီ ဘာသာစကားမှာ တရားဝင် ရုံးသုံး ဘာသာစကား ဖြစ်သည်။ အာဖရိက တိုင်းရင်းသားများက ဗန်တူဘာသာစကားကိုသာ ပြောကြသည်။

၁၉ ရာစုတွင် အာဖရိကတိုက်ကို ဥရောပအင်အားကြီးနိုင်ငံများက ခွဲဝေကြသောအခါ ပေါ်တူဂီသည် အာဖရိကတိုက် ကမ်းခြေဒေသများကို ဦးစွာရှာဖွေ တွေ့ရှိမှုပေါ်အခြေခံပြီး မိုဇမ်ဗစ်ဒေသကို ခွဲဝေပိုင်ခွင့် ယူခဲ့သည်။ ၁၉၁၇ ခုနှစ်တွင် ပေါ်တူဂီ အုပ်ချုပ်ရေး စနစ်ကို ဆန့်ကျင်သော မက္ခန်ဇီ ပုန်ကန်မှုဖြစ်သည်။

၁၉၅၀ ပြည့်နှစ်လယ်ခန့်တွင် မိုဇမ်ဗစ်နိုင်ငံ၏ ရှေးဦးဆုံးနိုင်ငံရေး အဖွဲ့အစည်းများသည် ပြည်ပ၌ စတင်ခဲ့သည်။ ၁၉၆၀ ပြည့် နှစ်ဦးပိုင်းတွင် နိုင်ငံရေး ပါတီ နှစ်ခုဖြစ်သော မိုဇမ်ဗစ် အမျိုးသား သမဂ္ဂနှင့် မိုဇမ်ဗစ် အမျိုးသား ဒီမိုကရက်တစ် သမဂ္ဂ တို့ ဖွဲ့စည်းခဲ့သည်။ ၁၉၆၂ ခုနှစ် ဇွန်လ ၂၅ ရက်နေ့တွင် အဆိုပါ နိုင်ငံရေးပါတီနှစ်ခု ပေါင်းစည်းပြီး မိုဇမ်ဗစ်လွတ်မြောက်ရေး တပ်ဦး (ဖရီလီမို) ကို ဖွဲ့စည်း၍ တန်ဇားနီးယားနိုင်ငံ ဒါရက်ဆလမ်မြို့၌ ဌာနချုပ်ကို ဖွင့်လှစ်ထားရှိသည်။ တပ်ဦး၏ ပထမဆုံး ဥက္ကဋ္ဌမှာ ဒေါက်တာ အက်ဒွာဒိုမွန်ဒလိန်း ဖြစ်သည်။

၁၉၆၃ ခုနှစ် လယ်ခန့်တွင် တပ်ဦးအတွင်း သဘောကဲလွဲမှုများ ပေါ်ပေါက်ခဲ့သော်လည်း မွန်ဒလိန်းက မူလဖရီလီမိုအမည်နှင့်ပင် ဆက်လက်၍ စည်းရုံးလှုပ်ရှားခဲ့သည်။

၁၉၆၄ ခုနှစ်တွင် တပ်ဦးညီလာခံကို ကျင်းပပြီး မိုဇမ်ဗစ်နိုင်ငံ၌ ပထဆုံးစစ်ရေးလှုပ်ရှားမှုများ ပြုခဲ့ကြရာ တပ်ဦးအဖွဲ့ဝင်တပ်သားများသည် အခက်အခဲများစွာနှင့် ရင်ဆိုင်ခဲ့ရသော်လည်း နိုင်ငံရေးစိတ်ဓာတ် နိုးကြားမှု ပြင်းထန်သဖြင့် ၁၉၇၀ ပြည့် မေ၊ ဇွန်နှင့် ဇူလိုင်လများတွင် ပေါ်တူဂီတပ်သားတို့ကို ချေမှုန်းနိုင်ခဲ့သည်။

၁၉၇၄ ခုနှစ် ဧပြီလ ၁၅ ရက်နေ့တွင် ပေါ်တူဂီနိုင်ငံ၌ စစ်အာဏာပိုင်အဖွဲ့က အာဏာသိမ်းပိုက်ခဲ့ပြီးနောက် အစိုးရသစ်၏ အာဖရိကဆိုင်ရာ သဘောထား ပြောင်းလဲခဲ့သည်။ ဇွန်လ ၅ ရက်နေ့တွင် တပ်ဦးခေါင်းဆောင် ဆမိုရာမာရှဲလနှင့် ပေါ်တူဂီနိုင်ငံခြားရေးဝန်ကြီး မာရီယိုဆွာရက်စတို့ ဇမ်ဘီးယားနိုင်ငံ လူဆာကာမြို့တွင် ဆွေးနွေးခဲ့ကြပြီး နှစ်ဖက်ခေါင်းဆောင်များက ထိုနှစ်စက်တင်ဘာလ ၂၀ ရက်နေ့တွင် အဖွဲ့ဝင် ကိုးဦး ပါဝင်သောကြားဖြတ် အစိုးရဖွဲ့စည်းခဲ့သည်။

နှစ်ပေါင်း ၄၇၀ ကျော် ပေါ်တူဂီတို့၏ အုပ်ချုပ်မှုအောက်မှ မိုဇမ်ဗစ်နိုင်ငံသည် ၁၉၇၅ ခုနှစ် ဇွန်လ ၂၅ ရက်နေ့တွင် လွတ်လပ်ရေးရရှိခဲ့သည်။ဖရီလီမိုခေါင်းဆောင် ဆမိုရာမာရှဲလသည် မိုဇမ်ဗစ်နိုင်ငံ၏သမ္မတ ဖြစ်လာသည်။

၁၉၇၅ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့၌ အင်အား ၄၀၀ ရှိသော အာဖရိက တပ်ဖွဲ့နှင့် ရဲတပ်ဖွဲ့သည် သမ္မတ ဆမိုရာမာရှဲလ၏ အစိုးရကို ဖြုတ်ချရန် ကြိုးပမ်းချက်ကို သစ္စာရှိသော ဖရီလီမိုတပ်ဖွဲ့က ချေမှုန်းနိုင်ခဲ့သည်။

၁၉၇၅ ခုနှစ် ဇူလိုင် ၂၄ ရက်နေ့တွင် နိုင်ငံရှိ ကိုယ်ပိုင်ကျောင်းများ၊ ကောလိပ်များ၊ ဆေးရုံ၊ ဆေးခန်းများကို ၎င်း၊ ၁၉၇၆ ခုနှစ် ဖေဖွဝရီလ ၃ ရက်နေ့တွင် ပုဂ္ဂလိက မြေယာများ၊ အဆောက်အအုံများကိုလည်း နိုင်ငံပိုင်ပြုသည်။ ထိုနေ့၌ မြို့တော် လိုရင်ဇိုမာ(ခ)ကို မပူတိုမြို့ဟု အမည်ပြောင်းသည်။

အာဖရိကအမျိုးသားရေးပြောက်ကျားတပ်ဖွဲ့များ မိုဇမ်ဗစ်နိုင်ငံတွင် အခြေခံစခန်းများရှိသော ရိုဒီးဇီးယားနိုင်ငံ၏ အရှေ့ဖက် နယ်မြေတလျှောက်တွင် ရိုဒီးဇီးယားနိုင်ငံက စစ်မျက်နှာဖွင့်ခဲ့ရာ နှစ်နိုင်ငံပြဿနာများ ရှုပ်ထွေးခဲ့သည်။

၁၉၇၇ ခုနှစ် မေလ ၂၉ ရက်တွင် ရိုဒီးဇီးယား တပ်များသည် မိုဇမ်ဗစ် နိုင်ငံအတွင်းရှိ ဇင်ဗာဗွေ အာဖရိက အမျိုးသား လွတ်မြောက်ရေးတပ်ဖွဲ့ (ဇန်လာ) အခြေခံစခန်းများကို တိုက်ခိုက်ခဲ့သည်။ မိုဇမ်ဗစ် သမ္မတ ဆမိုရာမာရှဲလက ရိုဒီးဇီးယားနိုင်ငံသည် မိုဇမ်ဗစ်နိုင်ငံကို စစ်ပြုခဲ့ကြောင်း စွပ်စွဲပြောဆိုပြီး ယင်းကိစ္စကို အရေးယူပေးဖို့ ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစည်းအဝေး ကျင်းပပေးရန် တောင်းဆိုခဲ့သည်။

မိုဗူတူဆက်ဆီဆီကို (ခရစ် ၁၉၃၀ ဖွား)။ ။မိုဗူတူသည် အာဖရိကတိုက် ဇိုင်ယာနိုင်ငံ၏ သမ္မတဖြစ်၍ ခရစ်နှစ် ၁၉၃၀ ပြည့်နှစ် အောက်တိုဘာလ ၁၄ ရက်နေ့တွင် ကွန်ဂိုနိုင်ငံ အီကွေတော် ပြည်နယ်ရှိ လစ်ဆလာမြို့တွင် မွေးဖွားခဲ့လေသည်။ ထိုစဉ်က ကွန်ဂိုနိုင်ငံသည် ဗဲလ်ဂျီယမ်နိုင်ငံ၏ လက်အောက်ခံဖြစ်သည်။

၁၉၅၁ ခု အောက်တိုဘာလတွင် ကွန်ဂိုနိုင်ငံကို ဇိုင်ယာ

နိုင်ငံဟူ၍ အမည်ပြောင်းလဲပြီးနောက် နိုင်ငံခြား အမည်ဖြင့် မှည့်ခေါ်ထားသော ဒေသအမည်များနှင့် လူအမည်များကို အာဖရိက တိုင်းရင်း အမည်များဖြင့် ပြောင်းလဲမှည့်ခေါ်ခဲ့လေသည်။ ထို့အတူ မိုဗူတူသည် သူ၏ ခရစ်ယန်အမည်ဖြစ်သော ဂျိုးဇက်ဒီဇာရီဟူသော အမည်ကို ပယ်ဖျက်၍ သူ၏ မျိုးစုအမည်ဖြစ်သော ဆက်ဆီဆီကိုဟူသော အမည်ကို မိုဗူတူနှင့် ပေါင်းစပ်ကာ မိုဗူတူဆက်ဆီဆီကိုဟူသော အမည်ကို မှည့်ခေါ် ခဲ့လေသည်။ ဆက်ဆီဆီကို၏ အဓိပ္ပါယ်မှာ "သတ္တိပြောင်သော အောင်စစ်သည်" ဟူ၍ အဓိပ္ပါယ်ရလေသည်။

မိုဗူတူသည် ရိုမန်ကက်သလစ် ခရစ်ယန်ဘာသာအသိုင်းအဝန်းတွင် ကြီးပြင်းခဲ့ပြီး သူကိုယ်တိုင် ခရစ်ယန်ဘာသာဝင် ဖြစ်သော်လည်း အာဖရိကနိုင်ငံသားများသည် မိမိတို့၏ ဘဝမှန်၊ အခြေနေမှန်များကို လေးစား ယုံကြည်ရမည်ဟူသော ခံယူချက်ကို ကြွေးကြော်ကာ တိုက်ပွဲဝင်ခဲ့လေသည်။

သူသည် ဗဲလဂျီယမ်တက္ကသိုလ်တွင် တနှစ်တာမျှ တက်ရောက် သင်ကြားခွင့် ရရှိပြီး လူမှုရေး သိပ္ပံပညာကို သင်ကြား တတ်မြောက်ခဲ့လေသည်။ တက္ကသိုလ်မှ ထွက်လာလျှင် သူသည် သတင်းစာဆရာ ဖြစ်လာပြီး ပက်ထရစ် လူမွမ်ဗာ၏ အမျိုးသား လှုပ်ရှားမှုတွင် ပါဝင်ဆောင်ရွက်ခဲ့လေသည်။ ၁၉၆၀ ပြည့်နှစ် ကွန်ဂိုနိုင်ငံ လွတ်လပ်ရေးရသောအခါ သူသည် လူမွမ်ဗာအစိုးရအဖွဲ့၌ ကာကွယ်ရေးအတွင်းဝန် ဖြစ်လာသည်။ ထို့နောက် ကွန်ဂိုတပ်မတော်၏ ကာကွယ်ရေးဦးစီးချုပ် ဖြစ်လာလေသည်။ ငါးနှစ်အကြာတွင် သူသည် နိုင်ငံအာဏာကို သိမ်းယူလိုက်သည်။ အာဏာသိမ်းစဉ်က အသက် ၃၅ နှစ်မျှသာ ရှိသေးသော်လည်း သူသည် နိုင်ငံကို စနစ်တကျထိန်းသိမ်း ကုပ်ကဲနိုင်သူဖြစ်သည်။

မိုဗူတူသည် လေ့ကျင့်မှုနည်း၍ ဖရိုဖရဲဖြစ်နေသော သူ၏ တပ်မတော်ကို ခေတ်မှီ၍ စည်းစနစ်ကျသော တပ်မတော် ဖြစ်အောင် ပြုပြင်ပြောင်းလဲခဲ့သည်။

ကြေးနီအများအပြားထွက်ရှိသော ဗဲလဂျီယမ်ပိုင်သတ္တုတွင်း ကော်ပိုရေးရှင်းကို နိုင်ငံပိုင်ပြုလုပ်ခြင်း စသော အပြောင်းအလဲများစွာတို့ကို ဆောင်ရွက်ခဲ့လေသည်။ သို့ရာတွင် ဗဲလဂျီယမ်အစိုးရနှင့် အကျိုးတူ ဆက်လက် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့လေသည်။

မိုရော့ကိုနိုင်ငံ။ ။(၉-၁၃၉---ရှု။) ပြင်သစ်အုပ်ထိန်းခံ မိုရော့ကိုပြည်သည် ၁၉၅၆ ခုနှစ် မတ်လ ၂ ရက်နေ့တွင် အချုပ်အခြာ အာဏာပိုင်လွတ်လပ်သော မိုရော့ကိုနိုင်ငံအဖြစ်သို့ ရောက်ရှိသည်။ ဆီဒင်ဗင်ယူဆွတ်သည် ပဉ္စမမဟာမက် ဘုရင်အဖြစ်နန်းတက်သည်။ ၁၉၆၁ ခုနှစ် ဖေဖွာရီ



လ၂၆ ရက်နေ့တွင်မဟာမက်ဘုရင် နတ်ရွာစံ သဖြင့် အိမ်ရှေနန်းလျာ မူလေဟာဆန်က ထီးနန်းကို ဆက်ခံသည်။

မိုရော့ကို နိုင်ငံသည် မိမိ၏ အနောက်တောင်ဖက်၌ ရှိသော စပင်းနစ် ဆဟာရဒေသ ပိုင်ဆိုင်ရေးနှင့် စပ်လျဉ်း၍အရေးဆိုခဲ့သည်။ တဖန် ၁၉၆၅ ခုနှစ် ကုလသမဂ္ဂအထွေထွေညီလာခံတွင်လည်း တင်ပြတောင်းဆိုခဲ့သည်။ မော်ရီတေးနီးယားနိုင်ငံကလည်း ၁၉၆၄ ခုနှစ် အောက်တိုဘာလတွင်စပင်းနစ် ဆဟာရအရေးနှင့် စပ်လျဉ်း၍ ကုလသမဂ္ဂသို့ အကြောင်းကြားခဲ့သည်။ (စပင်းနစ် ဆဟာရ၊ မော်ရီတေးနီးယား အစ္စလာမ် သမ္မတနိုင်ငံ—တို့ကိုလည်း ရှု။)

၁၉၆၆ ခုနှစ်တွင် ကုလသမဂ္ဂ အထွေထွေညီလာခံကယင်းဒေသနေ လူထုကိုယ်တိုင်က မိမိတို့ အနာဂတ်ရေးကို အဆုံးအဖြတ်ပေးနိုင်ရေးအတွက် ပြည်သူဆန္ဒခံယူပွဲ ကျင်းပရန် စပိန်၊ မိုရော့ကိုနှင့် မော်ရီတေးနီးယား သုံးနိုင်ငံတို့ကို တိုက်တွန်းခဲ့သည်။

စပိန်နိုင်ငံသည် ကုလသမဂ္ဂ အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်အရ စပင်းနစ် ဆဟာရဒေသကို စွန့်လွှတ်ပြီး ၁၉၇၅ ခုနှစ် ပထမနှစ်ဝက်၌ ပြည်သူဆန္ဒခံယူပွဲ ကျင်းပရန် သဘောတူခဲ့သည်။ သို့ရာတွင် စပင်းနစ် ဆဟာရအရေးနှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ တရားရုံး၏ ထင်မြင်ယူဆချက်ကို ရရှိသည်အထိ ဆိုင်းငံထားရန် ကုလသမဂ္ဂ အထွေထွေညီလာခံက တောင်းဆိုသဖြင့် ပြည်သူဆန္ဒခံယူပွဲ ကျင်းပရေးကို စပိန်နိုင်ငံက ရက်ရွှေ့ဆိုင်းခဲ့သည်။

၁၉၇၅ ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ တရားရုံးက အငြင်းပွားလျက်ရှိသော စပင်းနစ် ဆဟာရဒေသသည် ကိုလိုနီမဖြစ်မီအချိန်က မည်သည့်နိုင်ငံကမျှ ပိုင်ဆိုင်ခြင်းမရှိကြောင်း၊ မိုရော့ကိုနှင့် မော်ရီတေးနီးယား နှစ်နိုင်ငံစလုံးသည် ထိုဒေသတွင် အချုပ်အခြာ နယ်မြေပိုင်ဆိုင်ခြင်း မရှိကြောင်း၊ မိုရော့ကိုနိုင်ငံနှင့် မော်ရီတေးနီးယားနိုင်ငံတို့သည် ဆဟာရဒေသနေ လူမျိုးစုများနှင့် တရားဝင် ကူးလူးဆက်ဆံခြင်း ရှိခဲ့သော်လည်း နယ်မြေအရအုပ်ချုပ်ခြင်းမပြုခဲ့ကြောင်း ထင်မြင်ယူဆချက်ပေးခဲ့သည်။

ထိုနေ့မှာပင် မိုရော့ကိုနိုင်ငံမှ လက်နက်ကိုင်ဆောင်ခြင်းမပြုကြသောလူပေါင်း ၃၅၀,၀၀၀ တို့သည် စပင်းနစ် ဆဟာရဒေသသို့ ချီတက်မည်ဖြစ်ကြောင်း မိုရော့ကိုဘုရင်ဟာဆန်က ကြေငြာခဲ့သည်။ နိုဝင်ဘာလ ၆ ရက်နေ့တွင် တာဖာယာ၌ စုရုံးရောက်ရှိနေကြသော လူထု ၃၅၀,၀၀၀ အနက်မှ

၄၀,၀၀၀ ခန့်တို့သည် ကိုရန်ကျမ်းစာအုပ်နှင့် မိုရော့ကိုအလံများ လွှင့်ထူကာ စပင်းနစ် ဆဟာရဒေသအတွင်းသို့ ချီတက်ခဲ့သည်။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ချီတက်ပွဲကို အမြန်ရုပ်သိမ်းရန် တောင်းဆိုခဲ့သည်။

ထိုစဉ် စပိန်နိုင်ငံ ဝန်ကြီးချုပ်ရုံးမှ ဝန်ကြီး အာနက်စတိုကာရိုသည် မိုရော့ကိုနိုင်ငံသို့ ရုတ်တရက်သွားရောက်ကာ ဆွေးနွေးခဲ့သည်။ ၁၉၇၅ ခု နိုဝင်ဘာလ ၉ ရက်နေ့တွင် မိုရော့ကိုဘုရင်ဟာဆန်သည် ချီတက်ပွဲကိုပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း ရုပ်မြင်သံကြားမှ ပြောကြားခဲ့သည်။ ချီတက်ပွဲပြီးဆုံးပြီးနောက် သုံးနိုင်ငံ ဆွေးနွေးပွဲကို စပိန်နိုင်ငံ မက်ဒရစ်မြို့တွင် နိုဝင်ဘာလ ၁၂ ရက်နေ့၌ စတင်ပြုလုပ်ခဲ့သည်။

၁၉၇၆ ခုနှစ် ဖေဖွာရီလ ၂၈ ရက်နေ့တွင် စပင်းနစ် ဆဟာရဒေသကို မိုရော့ကိုနိုင်ငံနှင့် မော်ရီတေးနီးယားနှစ်နိုင်ငံအား လွှဲပြောင်းပေးမည်ဖြစ်ကြောင်း ကုလသမဂ္ဂ ဆိုင်ရာ စပိန်သံအမတ်ကြီးက ၁၉၇၅ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ကြေငြာခဲ့သည်။

မက်ဒါဂက်စကာ ဒီမိုကရက်တစ် သမ္မတနိုင်ငံ။ ။ ၁၉၇၅ ခုနှစ် မတိုင်မီက မာလာဂါစီသမ္မတနိုင်ငံဟူ၍ ခေါ်



တွင်ခဲ့သည့် မက်ဒါဂက်စကာ သမ္မတ နိုင်ငံသည် အိန္ဒိယသမုဒ္ဒရာ အတွင်းအာဖရိကတိုက် ၏ အရှေ့ တောင်ဖက်ပင် လယ် ကမ်း မှ မိုင် ၂၄၀အကွာတွင် တည်ရှိနေ သော ကျွန်း ကြီး တကျွန်းပင်ဖြစ်သည်။ ကမ္ဘာပေါ်တွင် စတုတ္ထအကြီးဆုံး ကျွန်းကြီးဖြစ်ပြီး ၂၂၆,၆၅၈ စတုရန်းမိုင် ကျယ်ဝန်းသည်။ ၁၉၇၆ ခုနှစ်ခန့်မှန်းခြေအရလူဦးရေ ၈,၀၂၀,၀၀၀ရှိ၍မြို့တော်မှာ တာနာနာရိုက်မြို့ ဖြစ်သည်။

ရာသီဥတုသည် မိုးနည်း၍ပူပြင်းခြောက်သွေ့သည်။ အဓိက ထွက်ကုန်မှာ ဆန်စပါး၊ပီလောပီနံ၊ ကြံ၊ မြေပဲ၊လေးညှင်းပွင့်၊ မနီလာသစ်ခွမ္ဘေး၊ ကော်ဖီ၊ ရာဗာ၊ ပြောင်း၊ သစ်ကြမ်းပိုးနှင့် ဆေးရွက်တို့ စိုက်ပျိုးကြသည်။ စိုက်ပျိုးရေးအပြင် ကျွဲ နွား မွေးမြူရေးကိုပါ ပူးတွဲ လုပ်ကိုင်ကြသည်။ နိုင်ငံထွက်သယံဇာတပစ္စည်းများမှာ ဂရက်ဖိုက်၊ ယူရေနီယံ၊ ကျောက်မီးသွေး၊ လချေးနှင့် မန်းဂနိတို့ဖြစ်သည်။

မက်ဒါဂက်စကာ ကျွန်းတွင် ၁၇ ရာစုဌ် ပြင်သစ်တို့အခြေချ နေထိုင်လာကြသည်။ ၁၈၉၆ ခုနှစ်တွင် ပြင်သစ်ကိုလိုနီဘဝသို့ရောက်ရှိခဲ့ရသည်။ ၁၉၅၈ ခုနှစ်တွင် ပြင်သစ်ပြည်ထောင်စုအတွင်း ကိုယ်ပိုင် အုပ်ချုပ်ရေး ရရှိခဲ့သည်။ ၁၉၆၀ ပြည့်နှစ် ဇွန်လ ၂၆ ရက်နေ့တွင် လုံးဝလွတ်လပ်ရေး ရရှိခဲ့ပြီး မာလာဂါစီအမည်သစ်ဖြင့် သမ္မတနိုင်ငံကြေငြာခဲ့သည်။ ထိုနှစ်စက်တင်ဘာလ ၂၀ ရက်နေ့တွင် ၉၂ နိုင်ငံမြောက် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ တနိုင်ငံ ဖြစ်လာသည်။

လွတ်လပ်ရေးရပြီးနောက် ပထမဦးဆုံး သမ္မတ အဖြစ် ဖီးလစ်ဗတ်ဆီရာနာနာအား ရွေးချယ် တင် မြှောက် ခဲ့ကြသည်။ ၁၉၇၃ ခုနှစ် မေလတွင် ဗိုလ်ချုပ်ရာမန်နန်ဆွာခေါင်းဆောင်သည့် စစ်တပ်က ရုတ်တရက် အာဏာ သိမ်းမှု ဖြစ်ပွားခဲ့သည်။ နိုင်ငံအား စစ်ဖက် အရာရှိ လေးဦးနှင့် နိုင်ငံဝန်ထမ်းခြောက်ဦး ပါဝင်သည့် ဝန်ကြီးအဖွဲ့က အုပ်ချုပ်ခဲ့သည်။

အလုပ်လက်မဲ့နှင့် ငွေကြေးဖောင်းပွမှု တိုးမြင့်လာခြင်းနှင့် ပတ်သက်၍ ၁၉၇၅ ခုနှစ် ဖေဖွာရီလ ၅ ရက်နေ့တွင် ဗိုလ်ချုပ်ရာမန်နန်ဆွာရာထူးမှ နုတ်ထွက်ခဲ့သည်။ ရက်သတ္တငါးပတ်ကြာသောအခါ စစ်ဖက် အာဏာသိမ်းမှု ဖြစ်ခဲ့ပြန်သည်။

ဗိုလ်ချုပ် ဂီးအန်ဒရီယာမဟာဇို ခေါင်း ဆောင် သည့် စစ်ဖက် အုပ်ချုပ်သူများက စစ်အုပ်ချုပ်ရေးကို ပြဋ္ဌာန်းခဲ့သည်။ မာလာဂါစီသမ္မတနိုင်ငံသည် ၁၉၇၅ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် မက်ဒါဂက်စကာဒီမိုကရက်တစ် သမ္မတနိုင်ငံအဖြစ် ကြေငြာသည်။ သမ္မတဒစ်ဒီရက်စီရာခါသည် ၁၉၇၆ ခုနှစ် ဇန္နဝါရီလ ၄ ရက်နေ့တွင် မက်ဒါဂက်စကာ ဒီမိုကရက်တစ် သမ္မတနိုင်ငံ၏ ပထမဦးဆုံး သမ္မတအဖြစ် ကျမ်းကျိန်ဆို၍ ဆိုရှယ်လစ်လမ်းစဉ်ကို လိုက်နာကျင့်သုံးမည်ဖြစ်ကြောင်း ကြေငြာသည်။

မက်လူးအန်, ဟားဗတ်မာရှယ် (ခရစ် ၁၉၁၁ ဖွား)။ ။ ကနေဒါ နိုင်ငံ ပညာရေးပိုင်းတွင် ကျော်ကြားခဲ့သော မက်လူးအန်သည် လူထုဆက်သွယ်ရေး နည်းနာဖက်တွင် ထင်ရှားသော စာရေးဆရာတဦးဖြစ်သည်။ သူသည် ၁၉၁၁ ခုနှစ် ဇူလိုင်လ ၂၁ ရက်နေ့တွင် ကနေဒါနိုင်ငံ အက်ဒမွန်တန်မြို့၌ အဖ ဟားဗတ်အနှုက်နှင့် အမိ အယ်လဆီညိုမီ (ဟော)မက်လူးအန်တို့မှ ဖွားမြင်သည်။ အထက်တန်းလွန်ပညာကို အင်ဂျင်နီယာ ဘာသာဖြင့် ခေတ္တသင်ယူပြီး အင်္ဂလိပ်စာပေ ဘာသာရပ်သို့ ကူးပြောင်းလျက် ဝိဇ္ဇာနှင့် မဟာဝိဇ္ဇာဘွဲ့များကို မနီတိုဘာ တက္ကသိုလ်မှ ရရှိခဲ့သည်။ တဖန် အင်္ဂလန်နိုင်ငံရှိ ကိန်းဗရစ် တက္ကသိုလ်၏ ထရီနီတီဟော ကျောင်းတော်ကြီးမှ ဝိဇ္ဇာနှင့် မဟာဝိဇ္ဇာဘွဲ့များကို အင်္ဂလိပ်ဘာသာစာပေ အဓိကဖြင့် ထပ်မံရယူကာ ၁၉၄၃ ခုနှစ်တွင် ဆက်သွယ်ရေး လုပ်ထုံးလုပ်နည်းများ ရှေးခေတ်



တဇေကာင်း
ကြံညွှန်
သပိတ်ကျင်း
မိုးကုပ်
စဉ်ကူ
မတ္တရာ
ပုသိမ်ကြီး
မေမြို့
မန္တလေး
အနီးခေမ်း
အမရပုရ
ပျင်သာ
တံတားဦး
ဖြစ်ငယ်
စဉ်ကိုင်
ရဲရွာ
ကျောက်ဆည်
ကျင်ပြင်
ပြင်ဦး
နွားထိုးကြီး
မြစ်သား
တောင်သာ
ကူမဲ
မလှိုင်
ဝမ်းတွင်း
ပုပ္ပားတောင်ထိပ်
ကျောက်ပန်းတောင်း
ဒိတ္တီလာ
သာစည်
ပျော်ဘွယ်
ရမည်းသင်း
တပ်ကုန်း
ကျည်ထောင်ကန်
ပျဉ်းမနား
လယ်ဝေး
သာဝတ္တိ
ရေနီ

မန္တလေးတိုင်း

အလယ်ခေတ်နှင့် ပြုပြင်ရေးခေတ်ကျမ်းဖြင့် ပါရဂူဘွဲ့ကို ဆွတ်ခူးသည်။

ပါရဂူဘွဲ့မရမီကပင် ၁၉၃၆–၃၇ ခုနှစ်တွင် အမေရိကန် ပြည်ဝစ္စကွန်ဆင်တက္ကသိုလ်၌ စာပေပို့ချခဲ့သည်။ ၁၉၃၇–၄၄ ခုနှစ်များတွင် စိန့်လူဝီ တက္ကသိုလ်၊ ၁၉၄၄–၄၆ ခုနှစ်များတွင် အဆန်းရှင်း တက္ကသိုလ်၊ ၁၉၄၆ ခုနှစ်နောက်ပိုင်းတွင် စိန့်မိုင်ကယ် ကောလိပ်နှင့် တိုရွန်တို တက္ကသိုလ်တို့၌ ပညာသင်ကြားပေးရင်း ၁၉၅၂ ခုနှစ်တွင် တိုရွန်တို တက္ကသိုလ်၌ ပါမောက္ခအဖြစ် ခန့်ထားခြင်းခံရသည်။

မက်လူးအန်သည် ၁၉၅၄–၅၉ ခုနှစ်များတွင် အိတ်စပလိုရေးရှင်း မဂ္ဂဇင်းတိုက်၌ တဲဖက်အယ်ဒီတာအဖြစ်ထင်း၊ ၁၉၆၃ ခုနှစ်မှစပြီး တိုရွန်တိုတက္ကသိုလ် ယဉ်ကျေးမှုနှင့် နည်းပညာဌာန၌ ညွှန်ကြားရေးမှူးအဖြစ်ထင်း၊ ၁၉၆၇–၆၈ ခုနှစ်များတွင် ဖို့ဒ်ဟန် တက္ကသိုလ်၌ ပါမောက္ခအဖြစ်ထင်း၊ ၁၉၇၀ ပြည့်နှစ်တွင် ကနေဒါနိုင်ငံ အသင်းတော်၏ ဘွဲ့ထူးရှင်တဦး ဖြစ်လာပြန်သည်။ ၁၉၇၃ ခုနှစ်၌ လူမှုရေးရာဆက်သွယ်ရေး အကြံပေးကော်မတီဝင်အဖြစ် ဆောင်ရွက်ရသည်။ မက်လူးအန် ရရှိသော ဂုဏ်ထူးဆောင်ဘွဲ့များကား မနည်းပေ။

သူသည် ဆက်သွယ်ရေးပိုင်း၏ နည်းပညာပြောင်းလဲမှုဆိုင်ရာ လူပယောဂများကို လေ့လာတင်ပြခဲ့ရာ လူထုဆက်သွယ်ရေးပိုင်းမှ ထိတ်ထိတ်ကြဲတို့ကပင် သူတင်ပြချက်ကို အာရုံစိုက် လာကြသည်။

မက်လူးအန်သည် လူထုဆက်သွယ်ရေး နည်းနာများဆိုင်ရာ သူ၏ အယူအဆများကို စာအုပ်များဆက်တိုက် ထုတ်၍တင်ပြသည်။ တင်ပြရာတွင်လည်း ကျယ်ကျယ်ပြန့်ပြန့် ထုတ်ဖော်သည်။

မန္တလေးတိုင်း။ ။မြန်မာ နိုင်ငံ၏ အလယ်ဗဟိုတွင် ရှိနေသော မန္တလေးတိုင်းသည် တောင်ဖက်တွင် ပဲခူးတိုင်း၊ အနောက်ဖက်တွင် မကွေးတိုင်း၊ မြောက်ဖက်တွင် စစ်ကိုင်းတိုင်းနှင့် အရှေ့ဖက်တွင် ရှမ်းပြည်နယ်တို့ဖြင့် ဝိုင်းရံလျက် ရှိသည်။ တိုင်း၏အကျယ်အဝန်းမှာ ၁၄,၂၉၅ စတုရန်းမိုင် ဖြစ်သည်။ မြို့နယ်ပေါင်း ၂၉ မြို့နယ်၊ကျေးရွာအုပ်စု ၁,၇၉၇ ခုတို့ဖြင့် ဖွဲ့စည်းထားသည်။ ပါဝင်သော မြို့နယ်များမှာ မန္တလေး အရှေ့တောင်၊ မန္တလေးအရှေ့မြောက်၊ မန္တလေး အနောက်တောင်၊ မန္တလေး အနောက်မြောက်၊ အမရပူရ၊ ပုသိမ်ကြီး၊ မတ္တရာ၊ စဉ့်ကူး၊ မိုးကုတ်၊ မေမြို့၊ သပိတ်ကျင်း ကျောက်ဆည်၊စဉ့်ကိုင်၊မြစ်သား၊တံတားဦး၊ မြင်းခြံ၊တောင်သာ၊ နွားထိုးကြီး ကျောက်ပန်းတောင်း၊ ပုဂံ (ညောင်ဦး)၊ ရမည်းသင်း၊ ပျော်ဘွယ်၊ တပ်ကုန်း၊ ပျဉ်းမနား၊ လယ်ဝေး၊ မိတ္ထိလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းတို့ ဖြစ်ကြသည်။

မန္တလေးတိုင်းအတွင်းတွင် လေယာဉ်လမ်း၊ ရေလမ်း၊ ရထားလမ်း၊ ကားလမ်းများဖြင့် လမ်းပန်း ဆက်သွယ်ရေး ကောင်းမွန်ပေသည်။

မြေမျက်နှာပြင် အနေအထားအရ မန္တလေးတိုင်းတွင် ဧရာဝတီမြစ်ဝှမ်းလွင်ပြင်၊ အလယ်ပိုင်း တောင်ကုန်းဒေသ၏ အရှေ့ဖက်လွင်ပြင်ပိုင်းနှင့် စစ်တောင်းမြစ်၏ အထက်ပိုင်းတို့ ပါဝင်သည်။ သို့ဖြစ်၍ ဤတိုင်း၏ ရာသီဥတုမှာ မြောက်ဖျားပိုင်းနှင့် အရှေ့ဖျားပိုင်းတွင် စိုစွတ်၍ ကျန်အပိုင်းများအားလုံး ခြောက်သွေ့လေသည်။

တိုင်းတခုလုံး၏ လူဦးရေမှာ သုံးသန်း ခြောက်သိန်းကျော် ရှိသည်။ အများစုဖြစ်သော မြန်မာများအပြင် ကရင်၊ ကယား၊ ချင်း၊ ပအို၀်၊ မွန်၊ ရှမ်း တိုင်းရင်းသားများလည်း နေထိုင်လျက် ရှိကြသည်။

တိုင်း၏ မြို့တော်သည် မန္တလေးမြို့ ဖြစ်သည်။ မေမြို့၊ အမရပူရ၊ ကျောက်ဆည်၊ မြင်းခြံ၊ မိတ္ထိလာ၊ သာစည်၊ ရမည်းသင်း၊ ပုဂံ(ညောင်ဦး) နှင့် ကျောက်ပန်းတောင်းစသော ထင်ရှားသည့် မြို့ကြီးများ ရှိသည်။

မန္တလေးမြို့သည် နောက်ဆုံး မြန်မာဘုရင် မင်းမြတ်တို့၏ နေပြည်တော်ကြီး ဖြစ်ခဲ့သဖြင့် မြန်မာ့ ရှေးခေတ် ယဉ်ကျေးမှု အမွေအနှစ်များကို စုဆောင်း ထိန်းသိမ်းထားသော ပြတိုက်ကြီးသဖွယ် ဖြစ်သည်။ မြန်မာ့လက်မှု အနုပညာရပ်များ ထွန်းကားသော မြို့ကြီးလည်း ဖြစ်သည်။ အထက်မြန်မာနိုင်ငံတွင် အရောင်းအဝယ် အစည်ကားဆုံး မြို့ကြီးဖြစ်၍ နိုင်ငံတော်၏ ဒုတိယ မြို့တော်ဟု အသိအမှတ်ပြုထားသည်။ ပြင်ဦးလွင်ခေါ် မေမြို့သည် မန္တလေးမြို့မှ ၄၃ မိုင်ကွာဝေး၍ ရာသီဥတုနှင့် တောတောင်ရေမြေ အေးချမ်း သာယာသော နွေရာသီစခန်းမြို့ဖြစ်သည်။ စစ်တက္ကသိုလ်နှင့် မြန်မာသစ်တောကျောင်းလည်း ရှိသည်။ ပုဂံမြို့ဟောင်းသည် မြန်မာနိုင်ငံအား ကမ္ဘာက သိစေသော မြို့ဖြစ်သည်။ အဲ့မခန်းဖွယ်ရာ ပုဂံခေတ် ဗိသုကာလက်ရာ မွန်များစုဝေးရာ ဖြစ်သည်။ သမိုင်းသုတေသီများနှင့် ကမ္ဘာလှည့် ခရီးသည်တို့အတွက် တန်ဘိုးမဖြတ်နိုင်သောရတနာသိုက်ကြီးပေတည်း။ အမရပူရမြို့သည်လည်း ရှေးဟောင်း မြို့တော်ကြီးဖြစ်သည်။ မန္တလေးတိုင်းအတွင်း အဓိက လုပ်ကိုင်သော စီးပွားရေး လုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေး ဖြစ်သည်။ အဓိကသီးနှံမှာ မြေပဲဖြစ်၍ နှမ်းစိုက်ပျိုးရေးကိုလည်း ကျယ်ကျယ်ပြန့်ပြန့်လုပ်ကိုင်ကြသည်။မဟူရာနေကြာကိုလည်း တိုင်းအတွင်း စိုက်ပျိုးဖြစ်ထွန်းနေသည်။ ဝါဆိုက် နှူန်းလည်း ကောင်းသည်။ ပဲမျိုးစုံ၊ ငရုတ်၊ ကြက်သွန်၊ ဆေးရွက်ကြီးကိုလည်း စိုက်ပျိုးလုပ်ကိုင်ကြသည်။ ကျွန်းနှင့် သစ်မာထုတ်လုပ်ရေးလည်း ဆောင်ရွက်လျက်ရှိသည်။

မိုးပါးရေရှား ရပ်ဝန်းအတွင်း ရှိနေသဖြင့် မန္တလေး

တိုင်းအတွင်း ဆည်မြောင်း၊ တာတမံများ တည်ဆောက်၍ ရေသွင်းစိုက်ပျိုး လုပ်ကိုင်ကြရသည်။ မိတ္ထိလာမှ မုန်တိုင် ဆည်၊ ကျောက်ပန်းတောင်းမှ ကြက်မောက်တောင်ဆည်၊ နွားထိုးကြီးမှပြောင်းပြာဆည်၊ရေနီချောင်းဆည်၊ပျော်ဘွယ် သစ်ဆုံဆည်နှင့် ပျဉ်းမနား ရေဇင်းဆည်တို့သည် တိုင်း အတွင်း ရေသွင်းစိုက်ပျိုးရေးအတွက်အားထားရသောဆည် ကြီးများဖြစ်သည်။ပျဉ်းမနားမှ ၁၁ မိုင်ခန့်ဝေးသောရေဇင်း ရွာအနီးတွင် စိုက်ပျိုးရေး တက္ကသိုလ် ဖွင့်လှစ်ထားသည်။

မန္တလေးတိုင်းအတွင်းရှိ မိုးကုတ်မြို့ ပတ္တမြားမြေမှ အ ရည်အသွေးကောင်း ကျောက်မျက်ရတနာ များကြောင့် ကမ္ဘာ့စျေးကွက်တွင် ဂုဏ်သတင်းကြီးလှပေသည်။

မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့။ ။ဗဲလဂျီယမ် ပြင်သစ်၊ လပ်ဇင်ဗူး၊ နယ်သာလန်နှင့် ဗြိတိန်နိုင်ငံတို့မှ နိုင်ငံ ခြားရေးဝန်ကြီးများသည် ၁၉၄၈ ခုနှစ် မတ်လ ၁၇ ရက် နေ့တွင် ဗရပ်ဆဲစာချုပ်ကို ချုပ်ဆိုကာ လက်မှတ်ရေးထိုးခဲ့ ကြသည်။ ယင်းစာချုပ်တွင် ဥရောပကို ကျူးကျော်လာပါ က ပူးပေါင်းကာကွယ်ရေး၊ စီးပွားရေး၊လူမှုရေး၊ယဉ်ကျေးမှု စသည်တို့တွင် ပူးပေါင်းဆောင်ရွက်ရေးစသည့် အချက်များ ပါဝင်သည်။ ထို့နောက်တွင် အမေရိကန် ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံတို့က ဗရပ်ဆဲစာချုပ်ကို ထောက်ခံကြောင်း ကြေငြာခဲ့ကြ၏။ ယင်းစာချုပ်သည် မြောက်အတ္တလန္တိတ် စာချုပ်ဖြစ် ပေါ်လာမည့် ရွှေပြေးစာချုပ်ပင်ဖြစ်သည်။

များမကြာမီတွင် ဗရပ်ဆဲစာချုပ်ဝင် နိုင်ငံများနှင့် အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ ဒိန်းမတ်၊ အိုက်စလန် ဂျတလီ၊ နော်ဝေနှင့် ပေါ်တူဂီ နိုင်ငံတို့သည် ဥရောပ ကာကွယ်ရေးအတွက် တွဲဆုံဆွေးနွေးကြပြီးနောက် ကာ ကွယ်ရေးစာချုပ်တရပ်ချုပ်ဆိုရန် ဆုံးဖြတ်ခဲ့ကြသည်။ယင်း ဆုံးဖြတ်ချက်နှင့်အညီ မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့ ဖွဲ့စည်းရန် စာချုပ်မူကြမ်းကို ၁၉၄၈ ခုနှစ် အောက်တိုဘာ လတွင် သဘောတူညီခဲ့ကြပြီး ၁၉၄၉ ခုနှစ် ဧပြီလ ၄ ရက် နေ့တွင် မြောက်အတ္တလန္တိတ် စာချုပ်ကို လက်မှတ်ရေး ထိုးကြကာ မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ကို ဖွဲ့စည်းခဲ့ ကြသည်။ အင်္ဂလိပ်ဘာသာဖြင့် အစ စကားလုံးများကို ယူကာ နေတိုးအဖွဲ့ဟု ခေါ်သည်။

မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့၏ မူလအဖွဲ့ဝင်နိုင်ငံ များမှာ ဗဲလဂျီယမ်၊ ပြင်သစ်၊ လပ်ဇင်ဗူး၊ နယ်သာလန် ဗြိတိန်၊ အမေရိကန် ပြည်ထောင်စု၊ ကနေဒါ ၊ ဒိန်းမတ်၊ အိုက်စလန်၊ ဂျတလီ၊ နော်ဝေနှင့် ပေါ်တူဂီ စုစုပေါင်း ၁၂ နိုင်ငံဖြစ်သည်။ ထို့နောက် ၁၉၅၂ ခုနှစ်တွင် ဂရိနှင့် တူရကီ နိုင်ငံတို့သည်ရင်း၊ ၁၉၅၅ ခုနှစ်တွင် ပြည်ထောင်စု သမ္မတ ဂျာမနီ နိုင်ငံ(အနောက်ဂျာမနီ)သည်ရင်း အဖွဲ့သို့ ဝင်ရောက်လာကြသဖြင့် မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့ တွင် အဖွဲ့ဝင် ၁၅ နိုင်ငံ ဖြစ်လာသည်။

နေတိုးအဖွဲ့ခေါ် မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့၏ ရည်ရွယ်ချက်များမှာ အဖွဲ့ဝင်နိုင်ငံများသည် မိမိတို့၏ အစိုးရ အဖွဲ့များကို အင်အားတောင့်တင်းအောင် ပြုလုပ် ရန်၊ အဖွဲ့ဝင် နိုင်ငံများကို အခြားနိုင်ငံက လာရောက် တိုက်ခိုက်ပါက ခုခံနိုင်စွမ်းရှိအောင် အဖွဲ့က လုပ်ဆောင် ပေးရန်၊ အဖွဲ့ဝင်နိုင်ငံ တနိုင်ငံကို အဖွဲ့ဝင် မဟုတ်သည့် အခြားနိုင်ငံက လာရောက် တိုက်ခိုက်ပါက အဖွဲ့ဝင် နိုင်ငံ အားလုံးကို တိုက်ခိုက်သည်ဟု ယူဆပြီး အဖွဲ့ဝင်နိုင်ငံတိုင်းက အကူအညီပေးရန်၊ မြောက်ယဉ်စွန်းတန်း မြောက်ဖက် မြောက်အတ္တလန္တိတ် သမုဒ္ဒရာအတွင်းရှိအဖွဲ့ဝင်နိုင်ငံများပိုင် ကျွန်းများ၊ ရေယာဉ်များနှင့် လေယာဉ်များကို အခြား နိုင်ငံက တိုက်ခိုက်လာခဲ့လျှင်လည်း အကူအညီပေးရန် စသည်တို့ဖြစ်သည်။

မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့တွင် မြောက်အတ္တ လန္တိတ် ကောင်စီသည် အမြင့်ဆုံး အာဏာပိုင် အဖွဲ့အစည်း ဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံခြားရေး ဝန်ကြီးများဖြင့် ဖွဲ့စည်းထားသည်။ မြောက်အတ္တလန္တိတ် ကောင်စီတွင် သဘာပတိတဦးနှင့် ဥက္ကဋ္ဌ တဦးထားရှိပြီး မြောက်အတ္တ လန္တိတ်စာချုပ်အဖွဲ့၏ အထွေထွေ အတွင်းရေးမှူးချုပ်သည် ကောင်စီ၏ ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ရ၏။ ကောင်စီ၏ အောက်တွင်စစ်ရေးကော်မတီနှင့် နိုင်ငံရေးအကြံပေး အရာ ရှိများကော်မတီ၊စီးပွားရေးအကြံပေးအရာရှိများကော်မတီ၊ ကာကွယ်ရေး ပစ္စည်း ထုတ်လုပ်ရေး ကော်မတီ၊ သိပ္ပံကော် မတီ စသည့်အဖွဲ့ခွဲများ ရှိသည်။

စစ်ရေးကော်မတီ၏ အောက်တွင် ဥရောပမဟာမိတ် တပ်များ၏ စစ်ဌာနချုပ်(ပဲရစ်မြို့)၊ အတ္တလန္တိတ် သမုဒ္ဒရာ ဆိုင်ရာ စစ်ဌာနချုပ်(နော်ဖေ့မြို့၊အမေရိကန်ပြည်ထောင် စု)၊အင်္ဂလိပ် ရေလက်ကြားဆိုင်ရာ စစ်ဌာနချုပ်(လန်ဒန်) နှင့် အမေရိကန် ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံ ဆိုင်ရာ စစ်ရေး စီမံကိန်းအဖွဲ့ (ဝါရှင်တန်) ဟူ၍ စစ်ဦးစီးအဖွဲ့ လေးဖွဲ့ ထားရှိသည်။ နေတိုး ကာကွယ်ရေး ကောလိပ် ကျောင်းတကျောင်းကိုလည်း ပြင်သစ် နိုင်ငံ ပဲရစ်မြို့တွင် ဖွင့်လှစ်ထားရှိသည်။

မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့၏ စစ်တပ်အင်အား မှာ တပ်မ ၅၆ တပ်၊ နည်းဗျူဟာ လေတပ် ငါးတပ်နှင့် စစ်သင်္ဘောအမြောက်အမြားပါဝင်သော ရေတပ်တပ်တို့ ဖြစ်သည်။ အဖွဲ့၏ကာကွယ်ရေး အသုံးစရိတ်သည် နှစ်စဉ် တဖြည်းဖြည်း တိုးတက်လျက်ရှိ၏။ နေတိုးအဖွဲ့ ကာကွယ် ရေး အသုံးစရိတ်၏ လေးပုံသုံးပုံကို အမေရိကန်ပြည်ထောင် စုက ကျခံသည်။



ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် တည်နေရာပြမြေပုံ

မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့တွင် အဖွဲဝင်နိုင်ငံများ အချင်းချင်း အကြီးအကျယ် သဘောကွဲလွဲခြင်းများမရှိခဲ့ပေ။ သို့သော် ပြင်သစ်နိုင်ငံသည် မဟာမိတ်တပ်များနှင့် သဘောထားချင်း မတူညီသဖြင့် ၁၉၅၉ ခုနှစ်တွင် မိမိပိုင်ရေတပ်ကိုငင်း၊ ၁၉၆၆ ခုနှစ်တွင် မိမိပိုင်တပ်အားလုံးကိုငင်း နေတိုးအဖွဲ့၏ ကွပ်ကဲမှုအောက်မှ ပြန်လည် ရုပ်သိမ်းခဲ့သည်။ သို့ရာတွင် အဖွဲဝင်အဖြစ်မှ နုတ်ထွက်ခဲ့ခြင်းကား မဟုတ်ပေ။ ၁၉၆၈ ခုနှစ်တွင်မူ ပြင်သစ်နိုင်ငံသည် မိမိစစ်တပ်များကို နေတိုးစစ်အုပ်စုနှင့် ပြန်လည်ပူးပေါင်းစေခဲ့သည်။

မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့သည် ၁၉၅၄ ခုနှစ်မှစ၍ ကာကွယ်ရေးအင်အားကို တိုးချဲ့လာခဲ့သည်။ အနုမြူလက်နက်များနှင့် တာလတ်ဒုံးပျံများကို နေတိုးစစ်သေနာပတိချုပ်၏ ကွပ်ကဲမှုအောက်တွင် ထားရှိရန် ၁၉၅၇ ခုနှစ်တွင် ဆုံးဖြတ်ခဲ့သည်။ ထို့ပြင် စစ်သည် အင်အားကို လည်း တပ်မ ၉၆ တပ်အထိ တိုးချဲ့ဖွဲစည်းရန် ရည်မှန်းချက်ထားရှိသည်။

မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့၏ ဌာနချုပ်ကို မူလက ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ထားရှိသော်လည်း ၁၉၆၇ ခုနှစ်မှစ၍ဗဲလ်ဂျီယမ်နိုင်ငံဗရပ်ဆဲမြို့သို့ ရွှေ့ပြောင်းထားသည်။

မြန်မာနိုင်ငံတော်၊ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ။ (၁၀–၁၀၀—ရှု။) ဗိုလ်ချုပ်ကြီး နေဝင်း ခေါင်းဆောင်သော တော်လှန်ရေးကောင်စီသည် ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့တွင် နိုင်ငံတော် အာဏာကို ထိန်းသိမ်းပြီးနောက် ထို့နှစ် မေလ ၉ ရက်နေ့တွင် ဗဟိုလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီကို ဖွဲ့စည်းခဲ့သည်။ တဆက်တည်းမှာပင် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ မြို့မ သို့မဟုတ် ကျေးရွာလုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မတီများကို ဖွဲ့စည်းခဲ့သည်။

တော်လှန်ရေးကောင်စီသည် ဆိုရှယ်လစ် ဒီမိုကရေစီအုပ်ချုပ်ရေး ယန္တရားတပ်ဆင်ရန် ရည်စူး၍ အုပ်ချုပ်ရေးစနစ်ဟောင်းကို ၁၉၇၂ ခုနှစ် မတ်လ ၁၅ ရက်နေ့တွင် ဖျက်သိမ်းပြီး အုပ်ချုပ်ရေးစနစ်သစ်ကိုဖော်ထုတ်ခဲ့သည်။ ယင်းစနစ်သစ်အရ ဗဟိုရှိကရေစီအုပ်ချုပ်ရေးယန္တရား၏အခြေခံဖြစ်သည့်အတွင်းဝန်များရုံးကိုဖျက်သိမ်းပြီး အစိုးရဝန်ကြီးဌာနများကို ပြုပြင်ဖွဲစည်းခဲ့သည်။ ထို့နှစ် ဇူလိုင်လ ၁ ရက်နေ့တွင် ဗဟိုလုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မတီကိုငင်း၊ ၂၀ ရက်နေ့တွင် ပြည်နယ်နှင့်တိုင်း ၁၄ ခုစလုံးတွင် လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီများကိုငင်း၊ ဩဂုတ်လ ၁ ရက်နေ့တွင် မြို့နယ်၊ ရပ်ကွက်၊ကျေးရွာလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီများကိုငင်း၊လမ်းစဉ်ပါတီကိုယ်စားလှယ်၊ ပြည်သူတောင်သူလယ်သမား ကောင်စီနှင့် ပြည်သူ အလုပ်သမား ကောင်စီကိုယ်စားလှယ်၊ အစိုးရခန့်ပုဂ္ဂိုလ်တို့ဖြင့် ပြုပြင်ဖွဲစည်းခဲ့သည်။

ပြည်သူ့တရားကို ပြည်သူ့စီရင်ရမည်ဟူသောမူကို မြန်မာ့ဆိုရှယ်လစ် လမ်းစဉ် ပါတီက ချမှတ်၍ တော်လှန် ရေးကောင်စီကပြဋ္ဌာန်းခဲ့သည်။ ယင်းမူကို လက်တွေ့အကောင်အထည်ဖော်ရာ၌ အထူးရာဇဝတ်ရုံးများ၊ ဒေသ ပြည်သူ့တရားရုံးများ၊ ဒေသတရားရုံးများတွင် ပြည်သူများပါ ပါဝင်ခဲ့ကြသည်။ ဗဟိုလုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မတီက ပြည်သူ့ ကိုယ်စားလှယ်များဖြင့် ပြင်ဆင် ဖွဲစည်းခဲ့သော တရားရေး ကော်မတီ အဆင့်ဆင့်တို့ အား ၁၉၇၂ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့မှစ၍ တရားစီရင်မှု အာဏာများကို ခဲ့ဝေအပ်နှင်းခဲ့လေသည်။ ပြည်သူ့တရားစီရင်ရေးစနစ် အရ ပြည်သူတို့၏ အရေးအခင်းများကို ပြည်သူတို့ ကိုယ်တိုင် ပါဝင်ကြသော အဖွဲက ဥပဒေထုံးတမ်းနှင့်အညီညှိနှိုင်းစီရင်ဆုံးဖြတ်ခဲ့ကြသည်။

ပြည်ထောင်စုကြီး တခုလုံး၏ စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးကို ရည်စူး၍ တော်လှန်ရေး ကောင်စီသည် ၁၉၆၃ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်ကို ထုတ်ပြန်ကြေငြာသည်။ ထို့နောက် ပြည်တွင်းငြိမ်းချမ်းရေးကို တွေ့ဆုံဆွေးနွေးခြင်းဖြင့် လက်တွေ့အကောင်အထည်ဖော်ရန် တောတွင်း လက်နက်ကိုင်အဖွဲအစည်းများကို ၁၉၆၃ ခုနှစ် ဇွန်လ ၁၁ ရက်နေ့တွင် ကမ်းလှမ်းဖိတ်ခေါ် ခဲ့သည်။

ဆွေးနွေးပွဲများတွင်တောတွင်းအဖွဲအစည်းများ၏ ကိုယ်စားလှယ်များအား လွတ်လပ်စွာ ပြောဆို ဆွေးနွေးခွင့် ပြုသည်သာမက သတင်းစာဆရာများ၊ နိုင်ငံရေးအဖွဲအစည်းများနှင့်လည်း ဆွေးနွေးခွင့် ပြုခဲ့သည်။ တော်လှန်ရေးကောင်စီနှင့် လာရောက်ဆွေးနွေးကြသော ရခိုင်ကွန်မြူနစ်ပါတီကိုယ်စားလှယ်အဖွဲ၊ ကေအင်ယူပါတီ၊ မွန်ပြည်သစ်ပါတီ၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီတို့၏ သုံးပါတီကိုယ်စားလှယ်အဖွဲ၊ အလံနီ ကွန်မြူနစ်ပါတီကိုယ်စားလှယ်အဖွဲ၊ ကရင်တော်လှန်ရေးကောင်စီ ကိုယ်စားလှယ် အဖွဲ၊ ရှမ်းအမျိုးသား တပ်ပေါင်းစုနှင့် ရှမ်းပြည်နယ်လွတ်မြောက်ရေးတပ်၏ ကိုယ်စားလှယ်အဖွဲ၊ ဗမာပြည် ကွန်မြူနစ်ပါတီကိုယ်စားလှယ်အဖွဲ၊ ကချင်လွတ်မြောက်ရေးကောင်စီ ကိုယ်စားလှယ်အဖွဲ၊ မ-ဒ-ည-တ ကိုယ်စားလှယ်အဖွဲ ဟူ၍ အဖွဲရှစ်ဖွဲရှိသည့်အနက် ကော်ကဆာစောဟန်တာသာမွေးခေါင်းဆောင်သည့် ကရင်တော်လှန်ရေးကောင်စီနှင့်သာ ၁၉၆၄ ခုနှစ် မတ်လ ၁၂ ရက်နေ့တွင် သဘောတူညီချက် ရရှိပြီး ကျန်အဖွဲများနှင့်မူ သဘောတူညီချက်များမရ၍ ဆွေးနွေးပွဲများကို ရပ်ဆိုင်းခဲ့ရလေသည်။

အမျိုးသား စည်းလုံးညီညွတ်ရေး တည်ဆောက်ရာတွင်

နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့်စပ်လျဉ်း၍ နိုင်ငံအတွက် အကျိုးရှိမည့် အကြံဉာဏ်များ ပေးရန် တော်လှန်ရေးကောင်စီဥက္ကဋ္ဌကြီးက နိုင်ငံရေးသမားဟောင်း ပုဂ္ဂိုလ်ကြီးများ ၃၃ ဦး ပါဝင်သော ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်တွင်း ညီညွတ်ရေး အကြံပေးအဖွဲ့ကို ၂၀၆၈ ခု ဒီဇင်ဘာလ ၄ ရက်နေ့တွင် ဖွဲ့စည်းလိုက်သည်။ တော်လှန်ရေးကောင်စီအစိုးရအဖွဲ့နှင့် ယင်း အကြံပေး အဖွဲ့တို့အကြိမ်ကြိမ်တွေ့ဆုံဆွေးနွေးခဲ့ကြသော်လည်းယင်းအဖွဲ့၏အကြံပေးချက်များကို တော်လှန်ရေး ကောင်စီက လက်မခံနိုင်ခဲ့ချေ။

နိုင်ငံတော်ကိုဦးဆောင်လျက်ရှိသော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီသည် ၂၀၆၂ ခု ဇူလိုင်လ ၄ ရက်နေ့တွင် စတင်အောင်မြင်စွာဖွဲ့စည်းခဲ့ပြီးနောက်ပါတီနှီးနှောပွဲများကို လေးကြိမ် ကျင်းပ၍ ရွေလုပ်ငန်းစဉ်များ ချမှတ်ခဲ့သည်။ ပါတီဥက္ကဋ္ဌကြီးမှာ ဦးနေဝင်းဖြစ်၍ အထွေထွေအတွင်းရေးမှူးချုပ်မှာ ဗိုလ်ချုပ်ကြီးစန်းယုဖြစ်သည်။ ပါတီသည် အမြဲတစေပါတီမှ ပြည်သူပါတီ အဖြစ် တည်ဆောက်ရန်နှင့် ပြည်သူလက်သို့ နိုင်ငံတော်အာဏာ ပြန်အပ်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ရေးဆွဲရန် ဆုံးဖြတ်ခဲ့သည်။

မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီသည် ပါတီ တည်ဆောက်ရေးလုပ်ငန်းများကို ကိုးနှစ်ခန့်လုပ်ကိုင်ခဲ့ပြီးနောက် ပထမအကြိမ်ပါတီညီလာခံကို ၂၀၇၁ ခု ဇွန်လ ၂၀ ရက်မှ ဇူလိုင်လ ၁၁ ရက်နေ့အတွင်း ကျင်းပခဲ့သည်။ ယင်း ပါတီညီလာခံတွင် တော်လှန်ရေးကောင်စီက နိုင်ငံတော် အာဏာကို မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီသို့ လွှဲအပ်သည်။ ပါတီဗဟိုကော်မတီက ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီကို ပုဂ္ဂိုလ် ၁၅ ဦးဖြင့် ပြန်လည်ဖွဲ့စည်း၍ ပြည်သူ့ လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့်တို့ မပေါ်ပေါက်မီကာလအတွင်း တော်လှန်ရေးကောင်စီကပင် ဆက်လက်ဆောင်ရွက်ရန် ပြန်၍ လွှဲအပ်သည်။ ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်အရ တော်လှန်ရေးကောင်စီ၏အတိုင်ပင်ခံအဖွဲ့ကိုအဖွဲ့ဝင် ၃၀ ဖြင့် ၂၀၇၁ ခု ဇူလိုင်လ ၁၀ ရက်နေ့တွင် ဖွဲ့စည်းသည်။

လမ်းစဉ်ပါတီသည် ဒုတိယအကြိမ် ပါတီ ညီလာခံကို ၂၀၇၃ ခု အောက်တိုဘာလတွင်၎င်း၊ တတိယအကြိမ်ပါတီ ညီလာခံကို ၂၀၇၇ ခု ဖေဖော်ဝါရီလတွင်၎င်း ကျင်းပ၍ နှစ်ရှည် စီမံကိန်းများ၊ နှစ်တိုစီမံကိန်း လမ်းညွှန်မှုများကို ဆုံးဖြတ် ချမှတ်ပေးလေသည်။

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ် ပါတီ၏ ဦးဆောင်မှုဖြင့် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းရေး လုပ်ငန်းကြီးကို အကောင်အထည် ဖော်ခဲ့သည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုကော်မတီက အဖွဲ့ဝင် ၉၇ ဦး ပါဝင်သော နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ(မူကြမ်း) ရေးဆွဲရေး ကော်မရှင်ကို ၂၀၇၁ ခုနှစ် စက်တင်ဘာလ ၂၅ ရက်နေ့တွင် ဖွဲ့စည်းခဲ့သည်။ ကော်မရှင်သည် ကော်မရှင်အဖွဲ့ခွဲ ၁၅ ခုကို ဖွဲ့စည်းပြီးလျှင် ပြည်သူများ၏ဆန္ဒနှင့် သဘောထားများကိုလည်း ခံယူခဲ့သည်။ ထိုနောက်နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(ပထမမူကြမ်း)ကို မူကြမ်းရေးဆွဲရေးကော်မတီကိုးရပ် ဖွဲ့စည်းကာ ပြုစုရေးဆွဲခဲ့သည်။

ရေးဆွဲပြီးစီးခဲ့သော (ပထမမူကြမ်း)ကို ရှင်းလင်းရေး အဖွဲ့ဝင်များက နိုင်ငံတဝှန်းလုံးသို့ သွားရောက်၍ ရှင်းလင်းတင်ပြကြသည်။ လုပ်သားပြည်သူများ၏ ဆန္ဒသဘောထားများနှင့်အညီ ပြင်ဆင်ဖြည့်စွက်ကာ(ဒုတိယမူကြမ်း)ကို ရေးဆွဲပြီး ပြည်သူ လူထုအား ရှင်းလင်း တင်ပြခဲ့ပါသည်။ လုပ်သားပြည်သူများ၏ ဆန္ဒသဘောထားများနှင့်အညီ (တတိယမူကြမ်း)ကို ရေးဆွဲပြီး ဒုတိယအကြိမ်ပါတီညီလာခံသို့တင်ပြခဲ့ရာပါတီညီလာခံက ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ(မူကြမ်း)ကို ပြင်ဆင် ဖြည့်စွက်ချက်ဖြင့် အတည် ပြုပြီး လုပ်သားပြည်သူတို့၏ ဆန္ဒခံယူရန်အတွက် တော်လှန်ရေးကောင်စီသို့လွှဲအပ်ပေးခဲ့သည်။

တော်လှန်ရေးကောင်စီသည် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကို ၂၀၇၃ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့မှ ၃၁ ရက်နေ့အထိကျင်းပခဲ့၍ ပြည်သူတို့ကထောက်ခံ အတည်ပြု ပြဋ္ဌာန်းကြောင်း တော်လှန်ရေး ကောင်စီက ၂၀၇၄ ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့တွင်ကြေငြာခဲ့သည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့်ရွေးချယ်တင်မြှောက်ပွဲများကို ၂၀၇၄ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့မှ ဖေဖော်ဝါရီလ ၁၀ ရက်နေ့အထိ အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။ ဤကဲ့သို့ရွေးချယ်တင်မြှောက်ပွဲများ ကျင်းပပြီးနောက် တိုင်းရင်းသား လုပ်သားပြည်သူတရပ်လုံးက ရွေးချယ် တင်မြှောက်လိုက်သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသော နိုင်ငံတော်၏ အမြင့်ဆုံးအာဏာပိုင်အဖွဲ့ဖြစ်သည့် ပြည်သူ့ လွှတ်တော်သို့ တော်လှန်ရေးကောင်စီသည် နိုင်ငံတော် အာဏာကို လွှဲပြောင်းပေးအပ်ခဲ့လေသည်။ နိုင်ငံတော်၏အမြင့်ဆုံးအာဏာပိုင်အဖွဲ့ကိုဦးဆောင်သူမှာ သမ္မတကြီး ဦးနေဝင်းဖြစ်၍ အစိုးရအဖွဲ့၏ ခေါင်းဆောင်မှာ ဝန်ကြီးချုပ် ဦးစိန်ဝင်း ဖြစ်သည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော်၏ သက်တမ်း ကာလအတွင်းတွင် အထူးအစည်းအဝေးတရပ် အပါအဝင် ပုံမှန်အစည်းအဝေးကိုးကြိမ်ကို ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေါ်ယူကျင်းပခဲ့ပြီး ပြည်သူ့ရေးရာ အဖြာဖြာကို ဆောင်ရွက်ခဲ့သည်။


ကျိုက်ထီးရိုးဘုရား
သိမ်ဆိပ်
သထုံ
အလံတရာဘုရား
မရမ်းကုန်း
ထိုနှင်
သဲကုန်း
ကျိုက်ထို
ကျိုက်သာ
ဒဂုံ
မြို့
ကျိုက်မရော
ကျိုက်မဲ
ကျိုက်ဘို
ကျိုက်ဟိုး
ကျိုင်းတုံ
ကျိုင်းလုံ
ကျိုင်းမြစ်
မော်လမြိုင်
ပုသိမ်
ပုဂံ
ပြည်
ပဲခူး
ပဲခူးရိုးမ
ပင်လုံ
ပင်လုံတောင်
ပန်းတနဲ
ပန်းတောင်း
ပန်းတောင်းတောင်
ပန်းဒေါင်း
ပန်းဒေါင်းဆင်
ပန်းဒေါင်းပလဲ
ပန်းရင်းဆိပ်
ပန်းလောင်း
ပန်းလောင်းကြီး
ပန်းလောင်းတောင်
ပန်းလောင်းတောင်ကြီး
ပန်းလောင်းတောင်ငယ်
ပန်းလောင်းတောင်ဆင်
ပန်းလောင်းတောင်ဆင်ကြီး
ပန်းလောင်းတောင်ဆင်ငယ်
ပန်းလောင်းတောင်ဆင်ဆင်
ပန်းလောင်းတောင်ဆင်ဆင်ကြီး
ပန်းလောင်းတောင်ဆင်ဆင်ငယ်
ပန်းလောင်းတောင်ဆင်ဆင်ဆင်
ပန်းလောင်းတောင်ဆင်ဆင်ဆင်ကြီး
ပန်းလောင်းတောင်ဆင်ဆင်ဆင်ငယ်
ပန်းလောင်းတောင်ဆင်ဆင်ဆင်ဆင်
ပန်းလောင်းတောင်ဆင်ဆင်ဆင်ဆင်ကြီး
ပန်းလောင်းတောင်ဆင်ဆင်ဆင်ဆင်ငယ်
ပန်းလောင်းတောင်ဆင်ဆင်ဆင်ဆင်ဆင်
ပန်းလောင်းတောင်ဆင်ဆင်ဆင်ဆင်ဆင်ကြီး
ပန်းလောင်းတောင်ဆင်ဆင်ဆင်ဆင်ဆင်ငယ်
ပန်းလောင်းတောင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်
ပန်းလောင်းတောင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ကြီး
ပန်းလောင်းတောင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ငယ်
ပန်းလောင်းတောင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်
ပန်းလောင်းတောင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ကြီး
ပန်းလောင်းတောင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ငယ်
ပန်းလောင်းတောင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်
ပန်းလောင်းတောင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ကြီး
ပန်းလောင်းတောင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ငယ်
ပန်းလောင်းတောင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်
ပန်းလောင်းတောင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ကြီး
ပန်းလောင်းတောင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ငယ်
ပန်းလောင်းတောင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်
ပန်းလောင်းတောင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ကြီး
ပန်းလောင်းတောင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ငယ်
ပန်းလောင်းတောင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်
ပန်းလောင်းတောင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ကြီး
ပန်းလောင်းတောင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ငယ်
ပန်းလောင်းတောင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်
ပန်းလောင်းတောင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ကြီး
ပန်းလောင်းတောင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ငယ်
ပန်းလောင်းတောင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်
ပန်းလောင်းတောင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ကြီး
ပန်းလောင်းတောင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ငယ်
ပန်းလောင်းတောင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်
ပန်းလောင်းတောင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ကြီး
ပန်းလောင်းတောင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ငယ်
ပန်းလောင်းတောင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်
ပန်းလောင်းတောင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ကြီး
ပန်းလောင်းတောင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ငယ်
ပန်းလောင်းတောင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်
ပန်းလောင်းတောင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ကြီး
ပန်းလောင်းတောင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ငယ်
ပန်းလောင်းတောင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်
ပန်းလောင်းတောင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ကြီး
ပန်းလောင်းတောင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ငယ်
ပန်းလောင်းတောင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်
ပန်းလောင်းတောင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ကြီး
ပန်းလောင်းတောင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ငယ်
ပန်းလောင်းတောင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်
ပန်းလောင်းတောင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ကြီး
ပန်းလောင်းတောင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ဆင်ငယ်
ပန်းလောင်းတောင်ဆင်
ပန်းလောင်းတောင်ဆင်ကြီး
ပန်းလောင်းတောင်ဆင်ငယ်
ပန်းလောင်းတောင်ဆင်
ပန်းလောင်းတောင်ဆင်ကြီး
ပန်းလောင်းတောင်ဆင်ငယ်
ပန်းလောင်းတောင်ဆင်
ပန်းလောင်းတောင်ဆင်ကြီး
ပန်းလောင်းတောင်ဆင်ငယ်
ပန်းလောင်းတောင်ဆင်
ပန်းလောင်းတောင်ဆင်ကြီး
ပန်းလောင်းတောင်ဆင်ငယ်
ပန်းလောင်းတောင်ဆင်
ပန်းလောင်းတောင်ဆင်ကြီး
ပန်းလောင်းတောင်ဆင်ငယ်
ပန်းလောင်းတောင်ဆင်
ပန်းလောင်းတောင်ဆင်ကြီး
ပန်းလောင်းတောင်ဆင်ငယ်
ပန်းလောင်းတော

၁၉၇၄ ခုနှစ် မတ်လ ၂ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သည့် ပထမအကြိမ်ပြည်သူလွှတ်တော်၏ သက်တမ်းသည် ၁၉၇၈ ခုနှစ် မတ်လ ၁ ရက်နေ့တွင် လေးနှစ်တင်းတင်း ပြည့်သဖြင့် ဒုတိယအကြိမ်ပြည်သူလွှတ်တော်နှင့်ပြည်သူကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပုံကို ၁၉၇၈ ခု ဇန်နဝါရီလ ၁ ရက်နေ့မှ ၁၅ ရက်နေ့ အထိ အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။ နိုင်ငံတော်၏ အထွတ်အထိပ်မှာ သမ္မတကြီး ဦးနေဝင်းဖြစ်၍ အစိုးရ အဖွဲ့၏ ခေါင်းဆောင်မှာ ဝန်ကြီးချုပ် ဦးမောင်မောင်ခ ဖြစ်လေသည်။

မွန်ပြည်နယ်။ ။မွန်ပြည်နယ်သည် တနင်္သာရီကမ်းမြောင်ဒေသ၏ မြောက်ပိုင်းတပိုင်းလုံးဖြစ်သည်။ တနည်းအားဖြင့်ဆိုသော် ဘီလူးကျွန်း ကမ်းရိုးတန်းဒေသ တလျှောက်နှင့် ယင်း၏ အရှေ့ဖက်ရှိ တောင်တန်းများ ပါဝင်သည်။

ယင်းဒေသသည် ယခင်က တနင်္သာရီတိုင်းအတွင်းတွင် ပါဝင်ခဲ့ပြီး ၁၉၇၄ ခု ဇန်နဝါရီလ ၃ ရက်နေ့တွင် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ကို ပြဋ္ဌာန်းအတည်ပြုပြီး တိုင်းနှင့်ပြည်နယ်များ အသစ်ပြန်လည်ဖွဲ့စည်းသောအခါ မွန်ပြည်နယ်ဟူ၍ ထီးထီးမားမား ပေါ်ပေါက်လာပေသည်။ ယင်းပြည်နယ်သည်ပဲခူးတိုင်း၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းနှင့် မုတ္တမပင်လယ်ပြင်တို့နှင့် နယ်ချင်းစပ်လျက်ရှိသည်။ပင်လယ်ကမ်းမြောင်ဒေသဖြစ်သည့်ပြင် တောင်တန်းများ ရှိနေသဖြင့် မြေမျက်နှာပြင် ကျဉ်းမြောင်းသည်။ ပင်လယ်ကမ်းရိုးတန်းနှင့် နီးကပ်စွာ ရှိနေသောတောင်တန်းများမှာ မုတ္တမတောင်တန်းနှင့် တောင်ညိုတောင်တန်းတို့ ဖြစ်သည်။ ပြည်နယ်အတွင်း ထင်ရှားသောမြစ်ချောင်းများမှာ သံလွင်မြစ်နှင့် ယင်း၏ မြစ်လက်တက်များ ဖြစ်ကြသော အတ္ထရံမြစ်၊ ဂျိုင်းမြစ်တို့အပြင် ဘီးလင်းချောင်း၊ ဒုံသမိချောင်းနှင့် တောင်ဖက်ပိုင်းရှိ ရေးချောင်းတို့ ဖြစ်ကြသည်။ ပင်လယ်ကမ်းရိုးတန်းရှိ ထင်ရှားသော ကျွန်းများမှာ ဘီလူးကျွန်း၊ ဟင်္သာကျွန်း၊ကုလားဂုတ်ကျွန်း၊ ဝါးကျွန်းနှင့် နတ်ကျွန်းတို့ ဖြစ်ကြသည်။ ကျိုက္ခမီမြို့အနီးရှိ ဂရင်းကျွန်းနှင့် ကြက်သွန်ကျွန်းတို့တွင် မီးပြတိုက်များ ရှိသည်။

မွန်ပြည်နယ်ကို မြို့နယ် ၁၀ ခုနှင့် ကျေးရွာအုပ်စု ၄၄၃ အုပ်စုတို့ဖြင့် ဖွဲ့စည်းထားသည်။မြို့နယ်များမှာ မော်လမြိုင်၊ မုဒုံ၊ သံဖြူဇရပ်၊ ကျိုက်မရော၊ ချောင်းဆုံ၊ ရေး၊ ပေါင်၊ ကျိုက်ထို၊ ဘီးလင်းနှင့် သထုံတို့ ဖြစ်သည်။ ပြည်နယ်၏ မြို့တော်မှာ မြန်မာနိုင်ငံ၌ တတိယ အကြီးဆုံး မြို့ဖြစ်သော မော်လမြိုင်မြို့ ဖြစ်သည်။

မွန်ပြည်နယ်၏ အကျယ်အဝန်းမှာ ၄,၇၄၈ စတုရန်းမိုင် ရှိသည်။ လူဦးရေမှာ တသန်း သုံးသိန်းကျော် ရှိသည်။ မွန်လူမျိုးများအပြင် ကရင်၊ထားဝယ်၊ပအို၊မြန်မာ၊ ရှမ်းစသည့် တိုင်းရင်းသားများ နေထိုင်လျက်ရှိကြသည်။

နုန်းမြေလွှင်ပြင်နှင့် ဂဝံ ကမ်းရိုးတန်းများ ရှိသဖြင့် စိုက်ပျိုးရေး ဖြစ်ထွန်းသည်။ သို့ဖြစ်၍ ပြည်နယ်၏ အဓိက စီးပွားရေး လုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်သည်။ စပါး၊ ရော်ဗာ၊ ကြံ၊ ကွမ်းသီး၊ အုန်းသီး တို့ကို အထူးစိုက်ပျိုးလုပ်ကိုင်ကြသည်။ရော်ဗာသည် ပြည်နယ်၏ ဒုတိယ အရေးပါဆုံးထွက်ကုန်ဖြစ်၍ သံဖြူဇရပ်မြို့နယ်တွင် အကြီးအကျယ် လုပ်ကိုင်ကြသည်။ အရသာထူးသော ဒူးရင်း၊ မင်းကွတ်၊ ကြက်မောက်၊ ကဲ့ကော၊တည်းစသည့် သီးနှံများလည်း အထွက်ကောင်းလှသည်။ ပြည်နယ် အကျယ် အဝန်း၏ ၅၀.၅ ရာခိုင်နှုန်းသည် သစ်တောများဖြင့် ဖုံးလွှမ်းနေသည်။

သတ္တုတူးဖော်ရေး လုပ်ငန်းများကိုလည်း ပြည်နယ်အတွင်း လုပ်ကိုင်လျက် ရှိသည်။ မော်လမြိုင် မြို့နယ်၊ ကျိုက်မရောမြို့နယ်၊ မုဒုံမြို့နယ်၊ ပေါင်မြို့နယ်တို့မှ ခနောက်စိမ်းကို တူးဖော်ရရှိသည်။ ခဲမဖြူကို ချောင်းဆုံ၊ သံဖြူဇရပ်နှင့် ပေါင်မြို့နယ်တို့မှ ရရှိသည်။ တောင်စွန်း ပြည်သူ့ကျောက်မိုင်း၊ မုပွလင်မိုင်း၊ ဇင်းကျိုက်မိုင်းနှင့် ကျောက်တလုံးမိုင်းတို့မှ ၌စေးဖြူ ထုတ်လုပ်မှု တိုးတက်လျက်ရှိသည်။

ပြည်နယ်အတွင်း ပြည်သူပိုင် စက်ရုံပေါင်း ၄၀ ခန့် ရှိသည်။ ဆန်စက်၊ သစ်စက်နှင့် လျှပ်စစ်ဓာတ်အားပေးစက်တို့သည် အများစုဖြစ်သည်။ စက်မှုလုပ်ငန်းထွန်းကား၍ ကျော်ကြားသော မြို့နယ်သည် ချောင်းဆုံမြို့နယ်ဖြစ်သည်။ ဘီလူးကျွန်းဟု လူသိများသည်။ ယင်းဒေသထွက် ပစ္စည်းများဖြစ်သော ဆေးတံ၊ ရေနွေးအိတ်၊ ရော်ဗာ ပစ္စည်းများသည် နိုင်ငံခြားဖြစ်များနှင့် ယှဉ်နိုင်အောင် ကောင်းမွန်ကြပေသည်။ စစ်တောင်းစက္ကူစက်၊ ဘီးလင်းသကြားစက်၊ သံဖြူဇရပ် ရော်ဗာစက်၊ မုပွန်ပန်းကန်စက်တို့သည်လည်း အရေးပါသော စက်ရုံကြီးများဖြစ်ကြသည်။ မုဒုံမြို့သည် ချည်ထည်လုပ်ငန်းဖြင့် ထင်ရှားသည်။

ပြည်နယ်စီးပွားရေး လုပ်ငန်းကို အထောက်အကူပြုလျက်ရှိသော ပဉနေလှုန်းဆား လုပ်ငန်း၊ စက်စဲဆား လုပ်ငန်း၊ ကျိုက်ကွမီ ဆားလုပ်ငန်း၊ ဇီးဖြူသောင် ငါးခြောက်လုပ်ငန်း၊ အစင်ကျေးရွာ ငံပြာရည် လုပ်ငန်းနှင့် ငါးဖမ်းပိုက် လုပ်ငန်းတို့သည် နာမည်ကျော်ကြားကြပေသည်။

မွန်ပြည်နယ်အတွင်း ဒေသသုံး အတွက် ရေချိုငါးဖမ်းလုပ်ငန်းလည်း ရှိပေသည်။ ပင်လယ်ကမ်းရိုးတလျှောက် တည်ရှိသော မြို့ရွာတိုင်းလိုပင် ရေလုပ်ငန်းကို အနည်းနှင့် အများ လုပ်ကိုင်ကြသည်။ ရေးမြို့နယ် ရေးမြစ်ဝအနီးရှိ ဇီးဖြူသောင်ရွာကြီးသည် ပင်လယ် ငါးဖမ်း လုပ်ငန်းတွင် အထူးကြီးမားထင်ရှားလှပေသည်။

ပြည်နယ်အတွင်းရှိမြို့ရွာများသို့သဘော်လမ်း၊မော်တော်

ကားလမ်း၊ မီးရထားလမ်းများဖြင့် ဆက်သွယ်နိုင်သည်။ ပြည်နယ်အတွင်းရှိ သထုံမြို့သည်။ မြန်မာနိုင်ငံ၌ ဗုဒ္ဓသာသနာ စတင်ထွန်းကားရာ ဒေသတခု ဖြစ်သည်။ ကျိုက်ထိုမြို့အနီးရှိကျိုက်ထီးရိုးစေတီတော်သည် မြန်မာနိုင်ငံတွင် ကျော်ကြားလှသော တန်းခိုးကြီး ဘုရားတဆူဖြစ်သည်။ ကျိုက္ခမီပင်လယ်ကမ်းခြေ၊ စက်စဲဆိပ်ကမ်းသာ၊ ဝဲကလီရေပူစမ်းစခန်းတို့သည် အများပြည်သူများ အပန်းဖြေစခန်းများဖြစ်ကြသည်။စက်စဲဆိပ်ကမ်းသာသည် မော်လမြိုင်ဝိဇ္ဇာသိပ္ပံကောလိပ်မှအဏ္ဏဝါဇီဝဗေဒပညာရပ်လက်တွေ့ သင်ကြားပို့ချရန် စခန်းချရာလည်း ဖြစ်သည်။ သံဖြူဇရပ်သည် ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ယိုးဒယား မြန်မာ မီးရထားလမ်းဖောက်လုပ်ရေးအတွက် နာမည်ကြီးခဲ့သည်။ သမိုင်းဝင်ကမ္ဘာသိ စစ်သင်္ချိုင်းကြီးလည်း ဤမြို့မှာပင် ရှိလေသည်။

ယူဂန်းဒါးနိုင်ငံ။ ။(၁၀–၄၅၂ — ရှု။) ယူဂန်းဒါး ဟူသည် ဘဂန်းဒါး၊ ဘူဂန်းဒါး၊ လူဂန်းဒါး စသော ဂန်းဒါး ပြည် နယ် ကြီး များ ကို စု ပေါင်း ထား သော အင်္ဂလိပ်လိုယူနိုက်တက် ဂန်းဒါး၊ မြန်မာလို ဂန်းဒါး ပြည်ထောင်စု ဖြစ်သည်။ ယင်းကို အတိုကောက် ပြုလိုက်သော အ ခါ ယူ ဂန်း ဒါး ဖြစ်လာသည်။



ယူဂန်းဒါးနှင့် နယ်နိမိတ်ချင်း ဆက်စပ်နေသော နိုင်ငံများမှာ မြောက်ဖက်တွင် ဆူဒန်ဒီမိုကရက်တစ် သမ္မတ နိုင်ငံ၊ အရှေ့ဖက်၌ ကင်ညာနိုင်ငံ၊ တောင်ဖက်၌ တန်ဇားနီးယား သမ္မတ နိုင်ငံနှင့် အာဝမ်းဒါးနိုင်ငံ၊ အနောက်ဖက်၌ ဇိုင်ယာနိုင်ငံတို့ ရှိကြသည်။

အကျယ်အဝန်းမှာ စတုရန်းမိုင်ပေါင်း ၉၁,၀၇၆ ရှိ၍ လူဦးရေ ၁၂ သန်းခန့် ရှိသည်။ ယူဂန်းဒါးသည် အာဖရိကတိုက်၏ အဓိကရရေအိုင်ကြီးများရှိရာ ဒေသတွင် တည်ရှိသဖြင့် နိုင်ငံ၏ အကျယ်အဝန်း ၁၅ ရာခိုင်နှုန်း ခန့်မှာ ရေပြင် ဖြစ်နေသည်။ ထိုရေပြင်များအနက် စတုရန်းမိုင်ပေါင်း ၂၆,၈၂၈ ကျယ်ဝန်းသည့် ဝိတိုရိယ ရေအိုင်ကြီးက ထက်ဝက်မက ပါဝင်သည်။

အီကွေတာမျဉ်းပေါ်တွင်ရှိ၍ အပူပိုင်းဒေသတွင် ကျရောက်နေသော်လည်း ယူဂန်းဒါး၏ ရာသီဥတုမှာ ကုန်းမြေအမြင့်ကိုလိုက်ပြီး သင့်တင့်သော ရာသီဥတုမျိုးရှိသည်။

ယူဂန်းဒါးသည် ဗြိတိသျှဓနသဟာယ အဖွဲ့ဝင် နိုင်ငံဖြစ်သည်။ နိုင်ငံ၏ အဓိက ထွက်ကုန်မှာ ကာဖီစေ့နှင့် ဝါဂွမ်းဖြစ်သည်။ လက်ဖက်ခြောက်၊ ပြောင်း၊ မြေပဲ၊ ဆေးရွက်ကြီး၊ သကြား တို့လည်း စိုက်ပျိုးဖြစ်ထွန်းသည်။

ယူဂန်းဒါး နိုင်ငံ၏ ထက်ဝက်ခန့်မှာ ဆဗားနားမြက်ခင်းများဖြစ်သဖြင့် တောရိုင်း တိရစ္ဆာန် ပေါများသည်။ စတုရန်းမိုင် ၆၀၀၀ ခန့်သည် သစ်တောကြီးများ ဖြစ်၍ နှစ်စဉ်သစ်တန်ချိန် ၂၈,၀၀၀ ကျော် ထွက်လျက်ရှိသည်။

မြေအောက် သယံဇာတများအဖြစ် ကြေးနီ၊ ခဲမဖြူ၊ ရွှေ၊ မြ၊ ထုံးကျောက်တို့ တူးဖော်ရရှိသည်။

၁၉၆၂ ခုနှစ် မတ်လ ၁ ရက်နေ့တွင် ယူဂန်းဒါး နိုင်ငံသည် ဗြိတိသျှ အစောင့်အရှောက်ခံ နိုင်ငံဘဝမှ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒိုမီနီယံနိုင်ငံအဖြစ်သို့ တိုးမြှင့်ရရှိခဲ့သည်။ ထိုနှစ် ဧပြီလထဲတွင် ပြုလုပ်သော ရွေးကောက်ပွဲ၌ အေမိလ်တန်အိုဘိုတေး ဦးဆောင်သော ယူဂန်းဒါးပြည်သူ ကွန်ဂရက်က မဲအပြတ်ဖြင့် အနိုင်ရရှိလိုက်သဖြင့် ၁၉၆၂ ခုနှစ် ဧပြီလ ၃၀ ရက်နေ့တွင် အိုဘိုတေးဝန်ကြီးချုပ် ဖြစ်လာသည်။ ထိုနှစ် အောက်တိုဘာလ ၉ ရက်နေ့တွင် ဗြိတိသျှ တို့ထံမှ လုံးဝလွတ်လပ်ရေး ရရှိသည်။ ဘူဂန်းဒါးဘုရင် ဒုတိယမြောက် မူတီဆာကို ပထမဆုံး သမ္မတ အဖြစ် ရွေးကောက်တင်မြှောက်လိုက်ကြသည်။

သို့သော် ၁၉၆၆ ခုနှစ်တွင် ဘူဂန်းဒါးနယ်က ယူဂန်းဒါး နိုင်ငံအတွင်းမှ ခွဲထွက်ရန် ကြံစည်သောကြောင့် ဝန်ကြီးချုပ် အိုဘိုတေးက သမ္မတ မူတီဆာကို ရာထူးမှ ဖြုတ်ချလိုက်သည်။ ဖွဲ့စည်းပုံ အခြေခံ ဥပဒေကိုလည်း ဖျက်သိမ်းခဲ့သည်။သို့ဖြင့်ဝန်ကြီးချုပ်အိုဘိုတေး သမ္မတဖြစ်လာသည်။

သမ္မတအိုဘိုတေးက ဆိုရှယ်လစ်လမ်းစဉ်ကျင့်သုံးမည်ဟုချက်ချင်း ကြေငြာလိုက်သည်။ ဘူဂန်းဒါး လူမျိုးတို့က ဆိုရှယ်လစ်လမ်းစဉ်ကို မလိုလားချေ။ ယူဂန်းဒါး စစ်တပ်ကလည်း မကျေနပ်ချေ။ ၁၉၇၁ ခုနှစ် ဇန္နဝါရီလ ၂၅ ရက်နေ့တွင် ဗိုလ်ချုပ်အာမင် ဦးဆောင်သော ယူဂန်းဒါးစစ်တပ်က အာဏာသိမ်းလိုက်သည်။ ထိုအချိန်က သမ္မတအိုဘိုတေးမှာ စင်္ကာပူနိုင်ငံတွင် ကျင်းပသော ဓနသဟာယနိုင်ငံများ ကွန်ဖရင့်သို့ တက်ရောက်နေခိုက် ဖြစ်သည်။

ဗိုလ်ချုပ်အာမင် အာဏာသိမ်းပြီးချိန်မှစ၍ ယူဂန်းဒါး နိုင်ငံတွင် အစုလိုက်၊ အပြုံလိုက် လူသတ်ပွဲများ ဖြစ်ပွားလာသည်။ ဗိုလ်ချုပ်အာမင်က ဝန်ကြီးတဖွဲ့လုံးကို အပန်းဖြေ အနားယူခိုင်းပြီး မကြာမီပင် နိုင်ငံခြားရေးဝန်ကြီး ပျောက်သွားသည်။

၁၉၇၂ ခုနှစ် မတ်လ ၉ ရက်နေ့တွင် မိမိနိုင်ငံအား စစ်ရေး၊ စီးပွားရေး အကူအညီများ ပေးနေသော အဇ္ဇရီယယ် နိုင်ငံနှင့် သံတမန်အဆက်အသွယ် ဖြတ်တောက်ပစ်လိုက်သည်။ ယူဂန်းဒါး နိုင်ငံတွင်းရှိ အဇ္ဇရီယယ် လူမျိုး ၇၀၀ ကျော်ကို ထွက်ခွာသွားရန် အမိန့်ထုတ်သည်။ တဖန်

ထိုနှစ် ဩဂုတ်လ ၅ ရက်နေ့တွင် ဗြိတိသျှ နိုင်ငံကူး လက်မှတ် ကိုင်ဆောင်ထားသော အာရှတိုက်သားများရက်ပေါင်း ၉၀ အတွင်း တိုင်းပြည်မှ ထွက်ခွာသွားကြရပြန်သည်။

ထိုအတွင်း အိမ်နီးချင်း တန်ဇားနီးယား နိုင်ငံက ယူဂန်းဒါး နိုင်ငံကို ဝင်တိုက်သည်။ အာဝမ်းဒါး နိုင်ငံနှင့်လည်း မပြေမလည် ဖြစ်လာသည်။

၁၉၇၄ ခုနှစ်တွင် ယူဂန်းဒါးက မိမိနိုင်ငံရှိ သံချပ်ကာကားများအတွက် လိုအပ်သော အပိုပစ္စည်းများကို အင်္ဂလန်မှ မှာယူသည်။ သို့သော် လေဘာအစိုးရက မရောင်းရန် ဆုံးဖြတ်သဖြင့် သမ္မတ အာမင်က ဗြိတိသျှ အစိုးရအပေါ် မကျေမနပ်ဖြစ်သည်။ သို့နှင့် ယူဂန်းဒါးနိုင်ငံတွင် လာရောက်နေထိုင်သော ဗြိတိသျှ စာရေးဆရာ ဒင်းနစ် ဟီးလ်အား သူ၏ပုံမနှိပ်ရသေးသော စာမူတခုနှင့် ပတ်သက်ပြီး ဖမ်းဆီး၍ စစ်ခုံရုံးက သေဒဏ်ပေးသည်။ နောက်ဆုံး ဗြိတိသျှ နိုင်ငံခြားရေးဝန်ကြီး ကိုယ်တိုင် သွားရောက်၍ တောင်းပန် ကယ်ထုတ်ခဲ့ရသည်။

၁၉၇၅ ခုနှစ် ဇူလိုင်လ ၂၈ ရက်နေ့တွင် အာဖရိကညီညွတ်ရေးအဖွဲ့ (အိုအေယူ)၏ ၁၂ ကြိမ်မြောက် ထိပ်သီး ကွန်ဖရင့်ကို ယူဂန်းဒါး နိုင်ငံတွင်လက်ခံကျင်းပသည်။ အန်ဂိုလာ အရေးကို အကြောင်းပြု၍ ၁၉၇၅ ခုနှစ် နိုဝင်ဘာလကဲတွင် ရုရှနှင့် သံတမန် အဆက်ဖြတ်လိုက်သည်။

၁၉၇၆ ခုနှစ်ထဲသို့ ရောက်သောအခါ တနိုင်ငံလုံး၏ စီးပွားရေး အခြေအနေမှာ ခွတ်ချုံကျသွားသည်။ ထိုနှစ် မတ်လ ၂၈ ရက်နေ့တွင် သယ်ယူပို့ဆောင်ရေးနှင့် ကုန်သွယ်ရေး ဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးတို့ ရာထူးမှ အဖြုတ်ခံကြရသည်။

၁၉၇၆ ခုနှစ် ဇွန်လ ၂၅ ရက်နေ့တွင် အာမင်အား ရာသက်ပန် သမ္မတကြီးအဖြစ် ခန့်အပ်ကြောင်း ယူဂန်းဒါးနိုင်ငံ ကာကွယ်ရေး ကောင်စီက ထုတ်ပြန် ကြေငြာလိုက်သည်။

၁၉၇၇ ခုနှစ်ဦးတွင် အမေရိကန် သမ္မတသစ် ဂျင်မီ ကာတာက လူအခွင့်အရေးနှင့် စပ်လျဉ်း၍ ယူဂန်းဒါး နိုင်ငံအား ကဲ့ရဲ့ပြစ်တင်ခဲ့သည်။ ဤတွင် သမ္မတ အာမင်က လက်တုံ့ပြန်သောအနေဖြင့် ယူဂန်းဒါးတွင် ရှိသော အမေရိကန် လူမျိုး ၂၀၀ ခန့်အား ၎င်းနှင့် တပတ်အတွင်းလာတေရန် ဆင့်ဆိုလိုက်သည်။ နှစ်နိုင်ငံ ဆက်ဆံရေးမှာလည်း တင်းမာသွားခဲ့သည်။ ၁၉၇၇ ခု ဖေဖွဝါရီလထဲမှာပင် ခရစ်ယန် ဘုန်းတော်ကြီး လွန်ဝန်နှင့် ဝန်ကြီးအဖွဲ့၏ ဝန်ကြီးနှစ်ဦးတို့ အသတ်ခံခဲ့ရသဖြင့် ယူဂန်းဒါးနိုင်ငံအား ကမ္ဘာက ဝိုင်းဝန်းပြစ်တင်ကြသည်။

ယူနက်စကို။ ။(ကုလသမဂ္ဂပညာ, သိပ္ပံ, ယဉ်ကျေးမှုအဖွဲ့ — ရှု။)

ယူနိုက်တက် ကင်းဒမ်း။ ။(၁၀–၄၅၆—ရှု။) ယူနိုက်တက်ကင်းဒမ်းသည် အင်္ဂလန်ပြည်၊ဝေလပြည်၊စကော့တလန်ပြည်၊ အိုင်ယာလန်ပြည် မြောက် ပိုင်း တို့ ပါ ဝင် သော နိုင်ငံ အမည် ဖြစ် သည်။ တ ခေတ် က ကမ္ဘာတွင် နေမဝင်နိုင်သော အင်ပိုင်ယာ နိုင်ငံ ဖြစ်သည်။ စည်းမျဉ်းခံဘုရင်စနစ်ဖြင့်အုပ်ချုပ်သော နိုင်ငံဖြစ်သည်။



နိုင်ငံအကျယ်အဝန်းမှာ စတုရန်းမိုင်ပေါင်း ၉၄,၂၀၉ ရှိသည်။ ၁၉၇၆ ခုနှစ် ခန့်မှန်းခြေအရ လူဦးရေ ၅၅,၉၆၂,၀၀၀ ရှိသည်။ ၁၉၅၁ ခုနှစ်မှ ၁၉၆၄ ခုနှစ်အထိ ကွန်ဆာဗေးတစ် ပါတီသည်ရွေးကောက်ပွဲတွင် ဆက်တိုက် အနိုင်ရပြီး အစိုးရ အဖွဲ့ဖွဲ့နိုင်ခဲ့သည်။ ၁၉၆၄ ခုနှစ်နှင့် ၁၉၆၆ ခုနှစ် ရွေးကောက်ပွဲတွင် လေဘာပါတီ အနိုင်ရပြီး ဟာရိုဝီလဆန်သည် ဝန်ကြီးချုပ် ဖြစ်လာသည်။ ၁၉၇၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ကွန်ဆာဗေးတစ် ပါတီမှ အနိုင်ရရှိပြီး ဝန်ကြီးချုပ် အက်ဒွပ်ဟီသ် ဦးဆောင်သည့် အစိုးရအဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့သည်။

ကွန်ဆာဗေးတစ် အစိုးရသည် ဌေကြေး ဖောင်းပွမှု ပြဿနာ၊ အလုပ်လက်မဲ့ ပြဿနာ၊ ကုန်စျေးနှုန်း မြင့်တက်မှု ပြဿနာ၊ အလုပ်သမားများ ဆန္ဒပြမှု ပြဿနာများနှင့် ဆက်တိုက်ရင်ဆိုင်ရသည်။ ၁၉၇၀ ပြည့်နှစ် ဒီဇင်ဘာလ ၃ ရက်နေ့တွင် အလုပ်သမားများ သပိတ်မှောက် ဆန္ဒပြမှု တားမြစ်ရန် ဥပဒေသစ်တရပ် ထုတ်ပြန်သည်။

ဥရောပဘုံစျေးအဖွဲ့ဝင် နိုင်ငံဖြစ်ရန် အစဉ်တစိုက် ကြိုးပမ်းခဲ့ရာ ၁၉၇၁ ခုနှစ် ဇွန်လတွင်မှ ဝင်ခွင့်ရခဲ့သည်။ သို့သော် နိုင်ငံ၏ လူဦးရေ သုံးပုံနှစ်ပုံက ဆန့်ကျင်ကြသဖြင့် ၁၉၇၁ ခုနှစ်ဇန္နဝါရီလ ၁ ရက်နေ့တွင်အောက်လွတ်တော်ကလက်ခံမှုသာ ဝင်ခွင့်ရသည်။

မြောက်အိုင်ယာလန် ဝန်ကြီးချုပ်နှင့် အက်ဒွပ်ဟီသ်တို့၏ ဆွေးနွေး သဘောတူညီချက်အရ မြောက်အိုင်ယာလန်ကို ဗြိတိသျှ အစိုးရက တိုက်ရိုက် အုပ်ချုပ်မည် ဖြစ်ကြောင်း ၁၉၇၂ ခုနှစ် မတ်လ ၂၅ ရက်တွင် ကြေငြာခဲ့သည်။

၁၉၇၄ ခုနှစ် ဖေဖွဝါရီလ ၂၈ ရက်နေ့တွင် ကျင်းပသော ရွေးကောက်ပွဲ၌ လေဘာပါတီ အနိုင်ရသည်။ ပါတီခေါင်းဆောင် ဝီလဆန်က ဝန်ကြီးချုပ်အဖြစ် ဆောင်ရွက်ပြီး အစိုးရ အဖွဲ့ကို ဖွဲ့သည်။ လေဘာ အစိုးရသည် ပြည်တွင်းအကျပ်အတည်းများကို ပြေလည်အောင် မဆောင်ရွက်နိုင်ခဲ့ချေ။ ဌေကြေး ဖောင်းပွမှု ပြဿနာ၊ အလုပ်လက်မဲ့ ပြဿနာ၊ ပြည်ပကုန်သွယ်ရေးတွင် လိုငွေပြမှု ပြဿနာ၊

မြောက်အိုင်ယာလန် အရေးအခင်းနှင့် စကော့အမျိုးသား ဝါဒီတို့၏ ကိုယ်ပိုင် အုပ်ချုပ်ရေး တောင်းဆိုမှု ပြဿနာများနှင့် ရင်ဆိုင်နေရသည်။

၁၉၇၆ ခုနှစ် ဖေဖွာရီလ ၁၃ ရက်နေ့တွင်အလုပ်လက်မဲ့ပြဿနာ ဖြေရှင်းရေးအတွက် စတာလင်ပေါင် သန်း ၂၂၀ သုံးစွဲမည့် စီမံကိန်း တရပ်ကို ထုတ်ပြန် ကြေငြာခဲ့သည်။ ၁၉၇၆ ခုနှစ် ဖေဖွာရီလတွင် အများပြည်သူဆိုင်ရာ အသုံးစရိတ်များထဲမှ ပေါင်စတာလင် သန်းပေါင်း ၃၀၀ ခန့်ဖြတ်တောက်ရန် အစီအစဉ်တရပ်ကို ထုတ်ပြန် ကြေငြာခဲ့သည်။ ယင်းကြေငြာချက်သည် အောက်လုတ်တော်တွင် အရေးနိမ့်သွားသည်။ အတိုက်အခံ ကွန်ဆာဗေးတစ် ပါတီက အစိုးရအဖွဲ့ နုတ်ထွက်ပေးရန် တောင်းဆို ခဲ့သော်လည်း ယင်းအဆိုသည် ရှုံးနိမ့်သွားသည်။

၁၉၇၆ ခုနှစ် မတ်လ ၁၆ ရက်နေ့တွင် ဝန်ကြီးချုပ် ဝီလဆန်သည် လေဘာပါတီ ခေါင်းဆောင်နှင့် ဝန်ကြီးချုပ် အဖြစ်မှ နုတ်ထွက်ကြောင်း ကြေငြာသည်။ လေဘာပါတီမှ မစ္စတာ ကယ်လာဟန်သည် ဝန်ကြီးချုပ် ဖြစ်လာသည်။ (ကယ်လာဟန်, မစ္စတာ—ရှု။)

ဝန်ကြီးချုပ် ကယ်လာဟန်သည် ဗတ်ဂျက်သစ် တရပ် ရေးဆွဲခဲ့သည်။ ၁၉၇၇ ခုနှစ်တွင် တောင်အာဖရိကနှင့် ရှိဒီးဇီးယားရှိလူဖြူလူမည်းပြဿနာကို ဖြေရှင်းရန် ရိုဒီးဇီးယား ဝန်ကြီးချုပ် အီယန်စမစ်နှင့် ဆွေးနွေးခဲ့သည်။

၁၉၇၇ ခုနှစ်အတွင်း ကျင်းပမည့် ဘုရင်မ၏နန်းသက် ၂၅ နှစ်မြောက် အထိမ်းအမှတ် အခမ်းအနားကို ဆန့်ကျင် တိုက်ပွဲဝင်ရန် လက်ဝဲဂိုဏ်းနှင့် မင်းမဲ့ဝါဒီ အုပ်စုများက အစုံမ်းကုန် ကြိုးပမ်းလျက်ရှိသည်။ အာဏာရ လေဘာပါတီ လက်ဝဲအုပ်စုက ဗြိတိန်နိုင်ငံတွင် ဘုရင်စနစ် ဖျက်သိမ်းရန် အဆိုပြုသည်။

ယူရာတွမ်။ ။(ဥရောပ အနုမြူ စွမ်းအင်အဖွဲ့ — ရှု။)

ယေမင်ပြည်သူ ဒီမိုကရက်တစ် သမ္မတ နိုင်ငံ။ ။ ၁၉၆၇ ခုနှစ်နိုဝင်ဘာ ၃၀ ရက်နေ့တွင် ဗြိတိသျှလက်အောက် ခံဘဝမှ လွတ်မြောက်၍ လွတ်လပ်ရေး ရရှိသည့် နိုင်ငံဖြစ်သည်။ ၁၉၇၀ ပြည့်နှစ် နိုဝင်ဘာ ၃၀ ရက် တွင် တောင်ပိုင်း ယေမင်နိုင်ငံ ဟူသော အမည်မှယေမင်ပြည်သူ ဒီမိုကရက်တစ် သမ္မတ နိုင်ငံဟု အမည် ပြောင်းလဲသည်။ (၅-၅၀၇ — ရှု။)

အကျယ်အဝန်းအားဖြင့် ၁၁၁,၀၇၄ စတုရန်း မိုင်ရှိ၍ ၁၉၇၆ ခုနှစ် ခန့်မှန်းခြေ အရ လူဦးရေ ၁,၇၀၀,၀၀၀ ရှိသည်။

အမျိုးသားလွတ်မြောက်ရေးတပ်ဦးအစိုးရသည် အမေရိကန် ပြည်ထောင်စုနှင့် သံတမန်အဆက်အသွယ် ဖြတ်လိုက်ပြီး ရုရှ၊တရုတ်နိုင်ငံတို့နှင့်အဆက်အသွယ်ပြုသည်။ ရုရှနိုင်ငံက စစ်တပ်အကူအညီ အများဆုံးပေးသည်။ ၁၉၇၂-၇၃ ခုနှစ်များတွင် ယေမင်အာရပ်သမ္မတနိုင်ငံနှင့် နယ်ခြားတိုက်ပွဲငယ်များ မကြာခဏ ဖြစ်ပွားသည်။ အိမ်နီးချင်း အိုမန်နိုင်ငံကိုလည်း ပြောက်ကျားတပ်များ အကူအညီပေးသည်။ ၁၉၇၂ ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့တွင် ယေမင်နှစ်နိုင်ငံစလုံးက ပေါင်း၍ စည်းလုံးညီညွတ်သော ယေမင်သမ္မတနိုင်ငံအဖြစ် ထူထောင်ရန် သဘောတူကြသည်။

၁၉၇၁ ခု မေလတွင် နိုင်ငံအုပ်ချုပ်မှုအာဏာကို အမျိုးသားလွတ်မြောက်ရေးတပ်ဦးအစိုးရက ပြည်သူ ကောင်စီသို့ လွှဲပြောင်းပေးသည်။ ယေမင်ပြည်သူဒီမိုကရက်တစ်သမ္မတနိုင်ငံအကြီးအကဲ မစ္စတာဆလင်ရူဘေယီအလီသည် အာရပ်ထိပ်သီးညီလာခံမှပြန်လာပြီး ရာထူးမှ နုတ်ထွက်သည်။ ဝန်ကြီးချုပ် မိုဟာမက်အလီဟိုင်ထမ်၏ ဝန်ကြီး အဖွဲ့လည်း နုတ်ထွက်ကြသည်။ ပြည်သူ အာဏာရ ကောင်စီသည် မစ္စတာရူဘေယီအလီကိုပင်နိုင်ငံအကြီးအကဲအဖြစ် ပြန်လည် တင်မြှောက်သည်။ မစ္စတာအလီ နက်ဆာဟတ်ဆန်နီသည် ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခြင်းခံရသည်။ ၁၉၇၆ ခု မတ်လတွင် ဆအူးဒီအာရေဗျနိုင်ငံနှင့် သံတမန် ဆက်သွယ်သည်။ ၁၉၇၇ ခုနှစ်တွင် ကျူးဗား၊ အီဂျစ်၊ အီရန်၊ ဂျော်ဒန်နှင့် ဆူဒန် နိုင်ငံများမှလည်း သံတမန် အဆက်အသွယ်ပြုသည်။

ယေမင်ပြည်သူဒီမိုကရက်တစ် သမ္မတ နိုင်ငံတွင် ဝါကို အဓိကထား၍ စိုက်ပျိုးသည်။ နိုင်ငံခြားသို့ ဝါ၊ သိုးမွေး၊ ဂျုံ၊ ထောပတ်နှင့် ငွေ တင်ပို့ရောင်းချသည်။

မြို့တော်မှာ မဒီနာအယ်အက်ရှ်မြို့ဖြစ်သည်။ အုပ်ချုပ်ရေးရုံးစိုက်မြို့နှင့် အကြီးဆုံးမြို့မှာ အေဒင်မြို့ဖြစ်သည်။

ယေမင်အာရပ် သမ္မတနိုင်ငံ။ ။ယေမင်အာရပ် သမ္မတနိုင်ငံသည် အာရေဗျ ကျွန်းဆွယ်အနောက်တောင်ထောင့်



ယေမင်ပြည်သူ ဒီမို ကရက်တစ် သမ္မတ နိုင်ငံ၏ အနောက်တောင်ဖက်တွင် တည်ရှိသည်။ အနောက်ဖက်တွင် ပင်လယ်နီ၊တောင်ဖက်တွင် အာရေဗျ ပြည်ထောင်စု၊အရှေ့ဖက်နှင့်မြောက်ဖက်တွင် ဆအူးဒီအာရေဗျ နိုင်ငံတို့ ရှိသည်။ စတုရန်း

မိုင်ပေါင်း ၇၅,၂၉၁ ကျယ်ဝန်း၍ ၁၉၇၆ ခုနှစ် ခန့်မှန်းခြေ အရ လူဦးရေမှာ ၆,၀၆၀,၀၀၀ ဖြစ်သည်။ယင်းနိုင်ငံတွင် နေထိုင်ကြသူ လူမျိုးမျာ်းအနက် အမျာ်းစုသည် အာရပ် လူမျိုးမျာ်း ဖြစ်ကြသည်။ (၁၄–၃၀၂—ခ)။)

ယေမင်နိုင်ငံကို ၁၉၄၈ ခုနှစ်မှစ၍ အုပ်ချုပ်ခဲ့သော ဘုရင် အီမံအာမက်သည် ၁၉၆၂ ခု စက်တင်ဘာလ ၂၆ ရက်နေ့တွင် လုပ်ကြံသတ်ဖြတ်ခြင်း ခံခဲ့ရသဖြင့် ဗိုလ်မှူးချုပ် အဗ္ဗဒူလာအယ်ဆာလာ ခေါင်းဆောင်သည့် တော်လှန်ရေး အုပ်စုက ယီမင်နိုင်ငံကို ယေမင် အာရပ်သမ္မတ နိုင်ငံဟု ကြေငြာ၍ အယ်ဆာလာအား သမ္မတအဖြစ် တင်မြှောက်ခဲ့လေသည်။

တော်လှန်ရေးအစိုးရ ဖွဲ့စည်းခဲ့သော်လည်း သမ္မတ အုပ်ချုပ်သောနိုင်ငံအဖြစ် ကမ္ဘာ့ကုလသမဂ္ဂနှင့်နိုင်ငံအများစုက အသိအမှတ် ပြုသည်။ အီမံအာမက်၏ သားတော် အီမံမိုဟမ္မဒ် အယ်ဗေဒါ ခေါင်းဆောင်သောဘုရင့်ဂိုဏ်းသားများနှင့် သမ္မတဂိုဏ်းသားများအကြား ပြည်တွင်းစစ် ဖြစ်ပွားခဲ့ရာ အီဂျစ်သမ္မတနတ်ဆာက သမ္မတဂိုဏ်းသားများဖက်မှ စစ်တပ်အကူအညီများ ပေးခဲ့၍ ဆအူးဒီအာရေဗျက ဘုရင့်ဂိုဏ်းသားများဖက်မှ အလားတူ အကူအညီများ ပေးခဲ့လေသည်။

၁၉၆၇ ခုနှစ်တွင် သမ္မတ အစား သမ္မတ ကောင်စီ ဥက္ကဋ္ဌဟု အခေါ်အဝေါ်ပြောင်းလဲသည်။ ဥက္ကဋ္ဌမှာ သမ္မတ အဗ္ဗဒူလာ အယ်ဆာလာပင် ဖြစ်သည်။ ၁၉၆၇ ခုနှစ် နိုဝင်ဘာလတွင် အယ်ဆာလာ၏ အစိုးရအဖွဲ့ကို သွေးမြေမက္ခ စေဘဲ ဖြုတ်ချလိုက်ပြီး အဗ္ဗဒူရာမန်အယ်အိရီယာနီ ခေါင်းဆောင်သည့် သမ္မတ ကောင်စီက တိုင်းပြည်ကို ဦးဆောင်သည်။ အီရီယာနီသည် သမ္မတ ဖြစ်လာခဲ့သည်။

သမ္မတ ဂိုဏ်းသားများနှင့် ဘုရင့် ဂိုဏ်းသားများ အကြား တိုက်ပွဲများ ဆက်လက်ဖြစ်ပွားခဲ့ရာ တောင်ပိုင်း ယေမင်နိုင်ငံက သမ္မတ ဂိုဏ်းသားများကို ကူညီခဲ့၍ ဆအူးဒီအာရေဗျ နိုင်ငံကလည်း ဘုရင့် ဂိုဏ်းသားများကို ပြန်လည် ကူညီလာခဲ့လေသည်။

၁၉၇၀ ပြည့်နှစ် ဧပြီလတွင်ယေမင်နိုင်ငံနှင့် ဆအူးဒီအာရေဗျ နိုင်ငံတို့အကြား သဘောတူညီမှုများ ရရှိခဲ့၍ဌင်း၊ အစိုးရအဖွဲ့တွင် ဘုရင့်ဂိုဏ်းသားများ အမြောက်အများ ခန့်ထားခဲ့၍ဌင်း တိုက်ခိုက်မှုများပြီး ဆုံးသွားခဲ့လေသည်။ သို့သော် ၁၉၇၂–၇၃ ခုနှစ်များအတွင်း ယေမင်ပြည်သူ ဒီမိုကရက်တစ် နိုင်ငံနှင့် နယ်ခြားတိုက်ပွဲငယ်များ ဖြစ်ပွားခဲ့သည်။

၁၉၇၄ ခုနှစ် ဇွန်လ ၁၃ ရက် နေ့တွင် ကာနယ်အီဗရာဟင်အယ်ဟာမီဒီခေါင်းဆောင်သော စစ်တပ် အုပ်စုက အစိုးရအဖွဲ့အား ဖြုတ်ချလိုက်သည်။ ထိုနောက် အဖွဲ့ဝင် ခုနစ်ဦး ပါဝင်သော စစ်အုပ်ချုပ်ရေးကောင်စီ တရပ်ကို ဖွဲ့စည်းပြီး မစ္စတာ မူဆင်အယ်အိနီအား ဝန်ကြီးချုပ် ခန့်အပ်သည်။

၁၉၇၅ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်နေ့တွင် စစ်အုပ်ချုပ်ရေးကောင်စီ အကြီးအကဲ ဗိုလ်မှူးချုပ် အီဗရာဟင် မိုဟမ္မဒ် အယ်ဟာမီဒီက မစ္စတာ မူဆင်အယ်အိနီအား ထုတ်ပယ်လိုက်ပြီး ပြည်သူ့လုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အဗ္ဗဒယ်လတစ် ဒီဖာလာအား ယာယီဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခဲ့လေသည်။

ဇန်နဝါရီလ ၂၃ ရက်နေ့တွင် ဗဟို ဘဏ်အုပ်ချုပ်ရေးမှူး မစ္စတာ အဗ္ဗဒယ်အဇစ် အဗ္ဗဒယ်ဂါနီအား ဝန်ကြီးချုပ်ခန့်အပ်၍ ဝန်ကြီးအဖွဲ့ ဖွဲ့စည်းစေသည်။ ထိုနှစ် အောက်တိုဘာလတွင် စစ်အရာရှိများသာ ပါဝင်သော စစ်အုပ်ချုပ်ရေးကောင်စီကို အဖွဲ့ဝင် ၁၀ ဦးအထိ တိုးချဲ့ခန့်ထားသည်။ စစ်ကောင်စီနှင့် အစိုးရအကြား ပဋိပက္ခများ မဖြစ်ပေါ်စေရန် မစ္စတာ အယ်အိနီကိုလည်း အဖွဲ့ဝင်တဦးအဖြစ် ခန့်သည်။ နိုဝင်ဘာလတွင် ရှေးကောက်ပွဲ ဆိုင်ရာ ဥပဒေသစ်များ ပြင်ဆင်ပြဋ္ဌာန်းသည်။

၁၉၇၇ ခု မတ်လ ၂၃ ရက်နေ့တွင် ဆိုမာလီယာ၊ဆူဒန်၊ ယေမင် အာရပ် သမ္မတနိုင်ငံ၊ ယေမင် ပြည်သူဒီမိုကရက်တစ် သမ္မတနိုင်ငံများမှအကြီးအကဲများသည်တာအစ်မြို့တွင် တွေ့ဆုံကာ ငြိမ်းချမ်းရေး၊ လုံခြုံရေးဆိုင်ရာအချက်များကို ဆွေးနွေးသည်။

၁၉၇၇ ခု ဇွန်လ ၁ ရက်နေ့တွင် ပေါ်တူဂီနှင့် သံတမန်အဆက်အသွယ် ဖြတ်သည်။ ယေမင်အာရပ် သမ္မတနိုင်ငံသည် ၅၇ နိုင်ငံမြောက် ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ဝင် နိုင်ငံတနိုင်ငံဖြစ်ပြီး အာရပ်အမျိုးသား အဖွဲ့ချုပ်ဝင် နိုင်ငံတနိုင်ငံလည်း ဖြစ်သည်။

ယေမင်အာရပ် သမ္မတနိုင်ငံသည် အာရေဗျ ကျွန်းဆွယ်တွင် စိုက်ပျိုးရေး အကောင်းဆုံးဒေသ ဖြစ်သဖြင့် ကာဖီ၊ ဝါဂွမ်း၊ စွန်ပလွံသီး၊ နှမ်း၊ ဂျုံ၊ ဗာလီတို့ကို စိုက်ပျိုးသည်။ ဝါဂွမ်းကို အဓိကထားပြီး စိုက်ပျိုးသည်။ ဝါဂွမ်းအထွက်နှုန်း၏ ၃၆ ရာခိုင်နှုန်းတို့ကို နိုင်ငံခြားသို့ တင်ပို့ရောင်းချနိုင်သည်ကို တွေ့ရသည်။ မိုချာကာဖီသည် ယေမင်အာရပ် သမ္မတနိုင်ငံမှ ထွက်ရှိသော ထွက်ကုန်ပစ္စည်းများအနက် ကမ္ဘာကျော် ထွက်ကုန်ပစ္စည်းတမျိုးအဖြစ် ကျော်ကြားသည်။

မိုချာကာဖီ၊ သားရေစိမ်းများ၊ စွန်ပလွံသီး၊ နှမ်း၊ သစ်သီးသစ်ဥများနှင့် အဖိုးတန်ကျောက်မျက်များ တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံခြားငွေများရရှိသည်။

ယေမင်အာရပ် သမ္မတ နိုင်ငံ၏ မြို့တော်မှာ ဆန်နာမြို့ ဖြစ်သည်။

ရခိုင်ပြည်နယ်။ ။မြန်မာနိုင်ငံ၏ အနောက်ဖက် အကျဆုံး ပြည်နယ်သည် ရခိုင်ပြည်နယ် ဖြစ်သည်။ အနောက် မြောက်ဖက်တွင် ဗင်္ဂလားဒေ့ရှနိုင်ငံ၊ မြောက်ဖက်တွင် ချင်းပြည်နယ်၊ အရှေ့ဖက်တွင် မကွေးတိုင်း၊ ပဲခူးတိုင်း၊ ရောဝတီတိုင်း၊ အနောက်ဖက်နှင့် တောင်ဖက်တို့တွင် ဗင်္ဂလား ပင်လယ်အော်တို့ တည်ရှိကြသည်။ ကမ်းရိုးတန်း တလျှောက်တွင် ရမ်းဗြဲကျွန်း၊ မာန်အောင်ကျွန်း စသည်ဖြင့် ကျွန်းကြီး ကျွန်းငယ်တို့ ရှိကြသည်။

ရခိုင်ပြည်နယ်သည် ၁၉၇၄ ခု ဇန္နဝါရီလ ၃ ရက်နေ့တွင် ပြဋ္ဌာန်းအတည်ပြုခဲ့သော ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ပေါ် ပေါက်လာခဲ့သည်။ စတုရန်းမိုင်ပေါင်း ၁၄,၂၀၀ ကျယ်ဝန်း၍ မြို့နယ်ပေါင်း ၁၇ ခု၊ ကျေးရွာ အုပ်စု ၁,၁၆၀ တို့ဖြင့် ဖွဲ့စည်းထားသည်။ လူဦးရေ ၁၇ သိန်းကျော် နေထိုင်လျက်ရှိရာ ရခိုင်၊ မြို့၊ သက်၊ မရမာကြီး၊ ဒိုင်းနက်၊ ကမန်၊ လင်းကဲ၊ အနူး၊ ရှမ်းဒူး၊ ခေါင်စို၊ ချင်းနှင့် မြန်မာ တိုင်းရင်းသားများ ရောနှောနေထိုင်လျက် ရှိကြသည်။

ရခိုင်ရိုးမတောင်တန်းကြီးသည် ပြည်မနှင့် ပြည်နယ်ကို ကာခြားထားသော အဓိကရ တောင်တန်းကြီးဖြစ်၍ အခြို့နေရာများတွင် ပေ ၆၀၀၀ ကျော်မြင့်သည်။ ကမ်းမြောင်ဒေသဖြစ်၍ မြေပြန့် လွင်ပြင်ဒေသနည်းပါးသည်။

ရခိုင်ပြည်နယ်အတွင်း ပါဝင်သော မြို့နယ်များမှာ စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ မြို့ဟောင်း၊ ကျောက်တော်၊ မင်းပြား၊ ပေါက်တော၊ မောင်းတော၊ ဘူးသီးတောင်၊ ကျောက်ဖြူ၊ မာန်အောင်၊ ရမ်းဗြဲ၊ မြေပုံ၊ အမ်း၊ သံတွဲ၊ တောင်ကုတ်နှင့် ဂု တို့ ဖြစ်ကြသည်။ စစ်တွေမြို့သည် ပြည်နယ်၏ မြို့တော်ဖြစ်သည်။

ပြည်နယ်၏ အရေးအပါဆုံးသော စီးပွားရေး လုပ်ငန်းမှာ စပါးစိုက်ပျိုးရေးဖြစ်သည်။ ဆားငန်ရေဝင်ရောက်နိုင်သော ပင်လယ်ကမ်းခြေဒေသများမှ မြေလွှတ်များကိုဆည်ဖို့ကာကွယ်၍ လယ်မြေများ ဖော်ထုတ် လုပ်ကိုင်လျက်ရှိကြသည်။ ရခိုင်ရိုးမကျောတွင် ပေါက်ရောက်နေသောသစ်တော ကြိုးဝိုင်း ၎ရိယာမှာ ၅၂,၅၃၀ စတုရန်းမိုင်ရှိသည်။ ဘူးသီးတောင်၊ မင်းပြား၊ တောင်ကုတ်၊ သံတွဲမြို့နယ်များတွင် ပင်ပျိုစိုက်ခင်း ၎ကများကို တိုးချဲ့စိုက်ပျိုးလျက်ရှိသည်။ ကရင်ဝါးနှင့် ကြိမ်များလည်း ထွက်ရှိသည်။

သံတွဲမြို့နယ်၊ ဂုမြို့နယ်၊ တောင်ကုတ်မြို့နယ်တို့တွင် သစ်စက်များရှိသည်။ တောင်ကုတ်မြို့နယ်အတွင်းရှိ နေပူတောင်မှ လှုပသော အခင်းကျောက်ပြားများ နံရံကာကျောက်ပြားများ ထုတ်လုပ်နိုင်သော အမျိုးအစားကောင်းသော ကျောက်သား ရရှိနိုင်၍ ကျောက်ပြား ထုတ်လုပ်သော လုပ်ငန်းလည်း ရှိသည်။

ရခိုင်ပြည်နယ်သည် ပြည်မရှိ အခြားပြည်နယ်များဖြင့် ဆက်သွယ်ရာ၌ ကမ်းရိုးတန်းသွား ရေကြောင်းပို့ဆောင်ရေးကို အဓိကထားရသည်။ လေကြောင်း ဆက်သွယ်ရေးသည် အရေးပါသဖြင့် စစ်တွေနှင့် သံတွဲအပြင် လေယာဉ်ကွင်းသစ်များ တိုးခွဲရန် စီစဉ်လျက်ရှိသည်။ ကျောက်ဖြူဆိပ်ကမ်းသည် နိုင်ငံခြား ကုန်တင်သင်္ဘောကြီးများ ဆိုက်ကပ်ရန် လက်ခံနိုင်သော ပင်လယ်ဆိပ်ကမ်းဖြစ်သည်။ စစ်တွေ၊ ကျောက်ဖြူ၊ သံတွဲမြို့များတွင် ပြည်သူပိုင် ငါးဖမ်းလုပ်ငန်းအတွက် ငါးဖမ်းစခန်းများ ဖွင့်လှစ်လုပ်ကိုင်လျက်ရှိသည်။ ပြည်နယ်၏ထွက်ကုန်များမှာ ဆန်စပါး၊ ငါးပိနှင့် ငါးခြောက်မျိုးစုံ အုန်းသီး၊ ကွမ်းသီးနှင့် တည်းသီးတို့အပြင် ပြည်နယ်အတွင်း အသုံးများသည့် ဆေးရွက်ကြီးဖြစ်သည်။

သံတွဲမြို့ အနီးမှ ငပလီ ဆိပ်ကမ်းသာသည် လူရည်ချွန်များနှင့် စံပြလုပ်သားများအတွက် နှစ်စဉ်အပန်းဖြေစခန်းတခု ဖြစ်သည်။ ကမ္ဘာလှည့် ခရီးသည်များ နိုင်ငံခြားသွေ့သည်တော်ကြီးများ အနားယူအပန်းဖြေရာ စခန်းဖြစ်၍ ပြည်နယ်၏ ကျက်သရေဆောင်တခု ပေတည်း။

ရခိုင်ပြည်နယ်သည် ပင်လယ်နှင့် နီးကပ်နေသဖြင့် မိုးများဒေသတခု ဖြစ်သည်။

ရှေးခေတ်က ရခိုင်ဘုရင်များ စိုးစံ အုပ်ချုပ်ခဲ့သော ယခုခေတ် အခေါ် မြို့ဟောင်း ရှေးခေတ်အခေါ် မြောက်ဦးမြို့တွင် သမိုင်းဝင်ထင်ရှားကျော်ကြားသော ရှစ်သောင်းဘုရား၊ အံတော်ဘုရား၊ ဒုက္ခံသိမ်ဘုရားတို့ ရှိသည်။

ရခိုင်ပြည်နယ်၏ အနေအထားသည် နိုင်ငံခြားနှင့် အဆက်အသွယ် အရောက်အပေါက် လွယ်ကူသဖြင့် နယ်ခြားအင်္ဂလိပ် ကိုလိုနီဘဝသို့ အစောဆုံး ကျရောက်ခဲ့သည်။ ကိုလိုနီဘဝမှ တနိုင်ငံလုံး လွတ်မြောက်ရေးကို စတင်မျက်စိဖွင့်ပေးခဲ့သော ပုဂ္ဂိုလ်သည် ရခိုင်ဆရာတော် ဦးဥတ္တမဖြစ်ပေသည်။ ဒုတိယ ကမ္ဘာစစ်ကြီး ခေတ်က ဖက်ဆစ်တို့အား တွန်းလှန်ခဲ့၍ ဗမာ့တပ်မတော်နှင့် လက်တွဲကာ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့ကြသော မျိုးချစ် သူရဲကောင်းများတွင် ရခိုင်ဘုန်းတော်ကြီးများနှင့် ရခိုင်အမျိုးသမီး၊အမျိုးသားများလည်းအများအပြားပါဝင်ခဲ့ပေသည်။

ရာဇတ်, တွန်အဗ္ဗဒူ (ခရစ် ၁၉၂၂–၁၉၇၆)။ ။တွန်အဗ္ဗဒူရာဇတ်သည် ၁၉၂၂ ခုနှစ် မတ်လ ၁၁ ရက်နေ့တွင် ပါလန်နယ် ပီကန်ရှိ ပူလောကေလာဒီဒ်၌ ဖွားမြင်ခဲ့ပြီး အစွလာမ်ဘာသာကိုးကွယ်သူဖြစ်သည်။အမည်ရင်းမှာ တွန်ဟာဂျီအဗ္ဗဒူရာဇတ်ဗင်းဟူစိန်ဖြစ်သည်။ ရာဇတ်သည် ငယ်စဉ်က ပီကန်ရှိ မလေးကျောင်းတွင် ပညာ သင်ကြား၍ အရွယ်ရောက်သော် ပီရတ်နယ်ကွာလာကန်ဆာမြို့ရှိ မလေး


ဒဂုံ
ဒဂုံ
ဒဂုံ

ကောလိပ်၌ ပညာဆက်လက် ဆည်းပူးသည်။ ၁၉၄၇ ခုနှစ်တွင် အင်္ဂလန်ပြည်သို့ သွားရောက်၍ ဥပဒေပညာသင်ပြန်ကာ ၁၉၅၀ ပြည့်နှစ်တွင်ဝတ်လုံအဖြစ် ပြန်ရောက်လာသည်။ ဒုတိယကမ္ဘာစစ်ဖြစ်စအချိန်တွင် ရာဇတ်သည် မလေး အုပ်ချုပ်ရေး ဝန်ထမ်းအဖြစ် ဝင်ရောက်အမှုထမ်းသည်။



ဝန်ကြီးချုပ် တွန်အဗ္ဗဒူရာဇတ်

၁၉၅၀ ပြည့်နှစ်တွင် ယူနိုက်တက် မလေး အမျိုးသားအသင်းဝင်၍ နောက်တန့်စ်၌ အသင်း၏ ဒုတိယ ဥက္ကဋ္ဌ ဖြစ်လာသည်။ ထိုမှ ၁၉၅၅ ခုနှစ် ဇူလိုင်လတွင် ရာဇတ်သည် ပညာရေးဝန်ကြီးအဖြစ် တင်မြှောက်ခံရသည်။ ထို့နောက် မလေးယားနိုင်ငံ လွတ်လပ်ရေး ရသော ၁၉၅၇ ခုနှစ်တွင် ဝန်ကြီးချုပ်ရာမန်၏ လက်အောက်၌ ဒုတိယ ဝန်ကြီးချုပ်အဖြစ်ဖြင့် ကာကွယ်ရေးဝန်ကြီး ဌာနကို တာဝန်ယူရသည်။ ဝန်ကြီးချုပ်ရာမန်သည် ၁၉၅၉ ခုနှစ် ဖေဖွဲ့ရီလမှ ဩဂုတ်လ အထိ ရွေးကောက်ပွဲ မဲဆွယ်ရေး အတွက် နားသောအခါ ရာဇတ်သည် ဝန်ကြီးချုပ် အဖြစ် ဆောင်ရွက်ရသည်။ ၁၉၆၀ ပြည့် နှစ်တွင် မလေးယားနိုင်ငံကို စင်္ကာပူ၊ မြောက်ဗော်နီယို(ယခု ဆားဗား)၊ ဆာရာဝပ်တို့နှင့် ပေါင်းလျက် မလေးရှား သမ္မတ နိုင်ငံဟူ၍ တည်ထောင်ရန် ကြိုးပမ်းမှု၌ အစိုးရခန့် ကော်မတီ၏ ဒုတိယ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရသည်။ ၁၉၆၃ ခုနှစ်တွင် မလေးရှား ပြည်ထောင်စု သမ္မတနိုင်ငံဟူ၍ အောင်မြင်စွာ ပေါ်လာပြီးနောက် ၁၉၆၄ ခုနှစ် အထေထေ ရွေးကောက်ပွဲများ ကျင်းပအပြီး၌ ရာဇတ်သည် ပြန်လည်ရွေးကောက်ခံရသည့်ပြင် ဒုတိယဝန်ကြီးချုပ်အဖြစ် ဆောင်ရွက်ရသည်။

၁၉၇၀ ပြည့်နှစ် စက်တင်ဘာလတွင် ဝန်ကြီးချုပ်ရာမန် နုတ်ထွက်သောအခါ ရာဇတ်သည် ဝန်ကြီးချုပ် ရာထူးကို ဆက်ခံရသည်။

ရာဇတ်သည် ဝန်ကြီးချုပ် ဖြစ်လာပြီးနောက်၌ ၁၉၇၀ ပြည့်နှစ်၏ မခဲ့ရေးအမိန့်ပြန်တမ်းဖြင့် လူမျိုးရေး ပြဿနာများကို နိုင်ငံရေးပြဿနာမဖြစ်အောင် ပိုလုပ်ရန်၊ ထုတ်ပြန်ကြေငြာသည်။

ရာဇတ်ဝန်ကြီးချုပ်ဖြစ်ချိန် အတွင်း၌ မလေးရှားနိုင်ငံသည် အရှေ့တောင်အာရှအသင်း (အေစီယင်) တွင် ရှေ့ဆောင်နိုင်ငံ ဖြစ်လာသည်။

ရာဇတ်သည် ၁၉၅၄ မှ ၁၉၇၆ ခုနှစ်အတွင်း နိုင်ငံပေါင်းများစွာသို့ ချစ်ကြည်ရေးခရီး ရောက်ခဲ့သည်။ မြန်မာနိုင်ငံသို့လည်း ၁၉၆၅ ခုနှစ်တွင် ရောက်ခဲ့၏။

တွန်အဗ္ဗဒူဟာဂျီရာဇတ်သည် ၁၉၇၆ ခုနှစ် ဇန္နဝါရီလ ၁၄ ရက်နေ့တွင် လန်ဒန်မြို့၌ သွေးကင်ဆာရောဂါဖြင့် ကွယ်လွန်သည်။

ရာမန်,ရှိတ်မူဂျီဗူ (ခရစ် ၁၉၂၁–၁၉၇၂) ။ ။သန်းပေါင်းများစွာသော ဗင်္ဂါလီပြည်သူတို့၏ အမျိုးသားခေါင်းဆောင်ကြီးဖြစ်ခဲ့သူ ရှိတ်မူဂျီဗူရာမန်ကို ၁၉၂၁ ခုနှစ်တွင် ဒက္ကားမြို့၏ အနောက်တောင်ဖက် မိုင် ၆၀ ခန့်ဝေးသော တုန်ဂီပူရာမြို့တွင် ဖွားမြင်သည်။ သူမိဖများသည် ဗင်္ဂါလီလူမျိုး လယ်သမားများဖြစ်သည်။ ငယ်စဉ်ကျောင်းနေစဉ်က ပင်ငြိတိသျှအာအုပ်ချုပ်ခံဘဝကို ရွံမုန်းရကားအိန္ဒိယပြည် လွတ်လပ်ရေးအတွက် လှုံ့ဆော်မှုဖြင့် ခြောက်ရက်ခန့် ထောင်ကျခဲ့ဘူးသည်။



ဗင်္ဂါလီအမျိုးသားခေါင်းဆောင် ရှိတ်မူဂျီဗူရာမန်

အရွှေပါကစ္စတန်ပြည်နယ် အမျိုးသားရေး လှုပ်ရှားမှုကြီးတွင် ရှိတ်မူဂျီသည် အရွှေပါကစ္စတန် ကျောင်းသားများ သမဂ္ဂကို ဦးဆောင်၍ တိုက်ပွဲဝင်ခဲ့ရာ ထောင်ချခံရသည်။ မကြာမီ ထောင်မှ လွတ်လာကာ ကာလကတ္တားမြို့အစ္စလာမ်ကောလိပ်တက်၍ ဘွဲ့ရသည်။ ၁၉၄၉ ခုနှစ်တွင် နိုင်ငံရေး အစဉ်အလာရှိသော လူငယ်မျိုးချစ်ခေါင်းဆောင်များ မွေးထုတ်ပေးရာ ဒက္ကားတက္ကသိုလ်တွင် ရှိတ်မူဂျီသည် ဥပဒေပညာ ဆည်းပူးသည်။ ထိုနှစ်မတ်လတွင် ဒက္ကားတက္ကသိုလ်မှ အလုပ်သမားသပိတ် ပေါ်ပေါက်လာရာ ရှိတ်မူဂျီ ဦးဆောင်သော ကျောင်းသားများ သမဂ္ဂက ထောက်ခံ၍ ကူညီအရေးဆိုပေးခဲ့သည်။ ဤတွင် ရှိတ်မူဂျီအား အလုပ်သမား အရေးအခင်း ဖန်တီးသူအဖြစ် ဖမ်းဆီးစွဲချက်တင်၍ ထောင်ချပြန်သည်။ ကျောင်းမှလည်း ထုတ်

ပစ်ခံရသည်။ ဤအကြိမ်အထိန်းအသိမ်းခံရခြင်းကား သူအဖို့ နိုင်ငံရေးလောကထဲသို့ ခြေစုံပစ်ဝင်ရန် ဖန်လာပေတော့သည်။ ထောင်ထဲတွင်ရှိနေခိုက် တိုးတက်သော လက်ဝဲလမ်းစဉ်ကိုကျင့်သုံးသည့်အဝါမီပါတီ၏တွဲဖက်အတွင်းရေးမှူးအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသည်။မကြာမီ ထောင်မှ လွတ်လာပြန်သောအခါအရှေ့ပါကစ္စတန်နိုင်ငံ၌ကျရောက်နေသောငတ်မွတ်မှု ဘေးဆိုးကြီးကိုအစိုးရက တာဝန်မဲ့စွာနေမှုကို ရှုတ်ချကန့်ကွက်သဖြင့် ထောင်နန်းစံရပြန်သည်။ ရှိတ်မူဂျီသည် သုံးနှစ်သုံးမိုး အထိန်းအသိမ်းခံရပြီးနောက် ၁၉၅၂ ခုနှစ်တွင် လွတ်မြောက်လာခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် ရှိတ်မူဂျီသည် အဝါမီပါတီ၏ အထွေထွေ အတွင်းရေးမှူးဖြစ်လာသည်။

၁၉၅၄ ခုနှစ်တွင် အရှေ့ပါကစ္စတန် အထွေထွေ ရွေးကောက်ပွဲ၌ အဝါမီပါတီနှင့်ရီပတ်ဗလိကင်ပါတီတို့ မဟာမိတ်ဖွဲ့ထားသော ညီညွတ်ရေးတပ်ဦးက အမတ်အများဆုံးအရွေးခံခဲ့ရသည်။ ရှိတ်မူဂျီလည်း အရွေးခံရသည်။ အာဏာရမွတ်ဆလင်ပါတီက ရှုံးနိမ့်သည်။ ဝန်ကြီးချုပ် အေကေဖာဇလား၏အစိုးရအဖွဲ့တွင် ရှိတ်မူဂျီသည် လပိုင်းမျှ သမဝါယမနှင့်လယ်ယာစိုက်ပျိုးရေးဝန်ကြီး ဖြစ်လာသည်။ ဂိုဏ်းဂဏစိတ်ပြင်းထန်သောဗဟိုအစိုးရနှင့် အပေါင်းပါများကညီညွတ်ရေးတပ်ဦး အစိုးရအဖွဲ့ကို ၁၉၅၄ ခု အောက်တိုဘာလတွင် ဖြုတ်ချသည်။ ရှိတ်မူဂျီလည်းအဖမ်းခံရသည်။

၁၉၅၅ ခုနှစ်တွင် ရှိတ်မူဂျီ ထောင်မှ လွတ်လာသည်။ ပါကစ္စတန် ပြည်နယ်၌လည်း အထွေထွေရွေးကောက်ပွဲ၌ အဝါမီပါတီက မဲအပြတ်အသတ်ရ၍အစိုးရဖွဲ့ရာရှိတ်မူဂျီသည် စီးပွားရေး၊ အလုပ်သမားနှင့် စက်မှုလက်မှုဌာနဝန်ကြီး ဖြစ်လာသည်။ ၁၉၅၇ ခုနှစ်တွင် ပါတီ၏ စည်းရုံးရေးကို အားသွန် ဆောင်ရွက်လိုသဖြင့် ဝန်ကြီးရာထူးမှ နုတ်ထွက်သည်။

၁၉၅၈ ခုနှစ် အောက်တိုဘာလတွင် စစ်ဦးစီးချုပ်ဗိုလ်ချုပ်ကြီး အယွတ်ခန်က အာဏာသိမ်းသည်ကို ပြည်သူနှင့် ယှဉ်တွဲကာ တိုက်ပွဲဝင်မည်ဖြစ်ကြောင်း ရှိတ်မူဂျီက ဟောပြောကြေငြာလိုက်ရာ သူအား ချက်ချင်း ဖမ်း၍ နိုင်ငံတော် သစ္စာဖောက်မှု အပါအဝင် စွဲချက်ပေါင်း သုံးဒါဇင်ကျော်ဖြင့် တရားစွဲရန် ကြိုးစားခံရသည်။ ရှိတ်မူဂျီအား စစ်ခုံရုံးတင်ကာ အပြစ်ပေးရန်စီစဉ်တိုင်း "မတရားမလုပ်နှင့်၊ ရှိတ်မူဂျီထိလျှင် မီးပွင့်သွားမည်"ဟု ခေါင်းဆောင်အတွက် အသက်ပေးကာကွယ်မည့် အရိပ်လက္ခဏာများ ပြလာကြသည်။ သို့ဖြင့် အယွတ်ခန်အစိုးရသည် အဆိုပါအမှုကို ၁၄ လ လုံးလုံး အချိန်ဆွဲလာခဲ့ပြီးနောက် ၁၉၅၉ ခု ဒီဇင်ဘာလတွင် ရှိတ်မူဂျီအား ထောင်မှ လွတ်ပေးခဲ့ရလေသည်။ ၁၉၆၂ ခုနှစ်တွင် အဝါမီပါတီဥက္ကဋ္ဌ စူရဝတီကွယ်လွန်ရာ ရှိတ်မူဂျီသည် ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခံရသည်။

၁၉၆၆ ခုနှစ် ဇွန်လတွင် ကျင်းပသော အဝါမီပါတီ၏ ဗဟိုအလုပ်အမှုဆောင်အစည်းအဝေး၌ ဥက္ကဋ္ဌ ရှိတ်မူဂျီက အရှေ့ပါကစ္စတန်အား ကိုယ်ပိုင်အုပ်ချုပ်ရေးပေးရန်ဟူသော အဆိုပါသည့် မူခြောက်ချက်ကို တင်သွင်းသည်။ ယင်းအဆိုကို ပြည်သူအများက တခဲနက် ထောက်ခံ၍ အစိုးရအား ဆန့်ကျင်သည်။ လူထု လှုပ်ရှားမှုများ ပြုလုပ်ကြသည်။ အစိုးရကလည်း ရှိတ်မူဂျီနှင့် နိုင်ငံရေးခေါင်းဆောင် ၂၀ တို့အား ဖမ်းလိုက်သည်။ ရှိတ်မူဂျီအား ၂၁ လ လုံးလုံး ချုပ်နှောင် ထားပြီးသည့်နောက် ၁၉၆၈ ခုနှစ် ဇွန်လ ၁၇ ရက်နေ့တွင် စစ်ဖက်သို့ လွှဲပြောင်းပေးကာ အာဂါတာလာ လုပ်ကြံမှုကြီးကို ကျူးလွန်သူအဖြစ် စစ်ခုံရုံးတင်၍စစ်ဆေးခဲ့သည်။ ဤတွင် ဗင်္ဂါလီအမျိုးသားထုက မခံမရပ်နိုင်ဖြစ်ကာ လေးလမျှ ဆူပူ လှုပ်ရှားလိုက်ရာ အစိုးရက အမှုကို ဆက်လက်မစစ်ဆေးတော့ပဲ ၁၉၆၉ ခု ဖေဖွာရီလ ၂၂ ရက်နေ့တွင် ရှိတ်မူဂျီနှင့် အပေါင်းပါတို့အား လွှတ်ပေးလိုက်သည်။ ဖေဖွာရီလ ၂၄ ရက်နေ့တွင် အရှေ့ပါကစ္စတန် ကျောင်းသား လှုပ်ရှားမှုကော်မတီက ဦးဆောင်၍ လူထုစည်းဝေးပွဲကြီးကျင်းပကာ ရှိတ်မူဂျီကို တခဲနက်ကြိုဆို၍ "ဗင်္ဂါလီနိုင်ငံ၏ ချစ်မိတ်ဆွေ"ဟု အဓိပ္ပါယ်ရသော ဗန်ဂါဗန်ဒူးဟူသည့်ဘွဲ့ဖြင့် ချီးမြှင့်ဂုဏ်ပြုသည်။ အယွတ်ခန်ကပင် ရှိတ်မူဂျီအား ဝန်ကြီးချုပ်ရာထူးလက်ခံရန် မြှူဆွယ်လာသော်လည်း ရှိတ်မူဂျီက လက်မခံချေ။

၁၉၇၁ ခုနှစ်တွင် ရှိတ်မူဂျီက လွတ်လပ်သော ဗင်္ဂလားဒေ့ရှနိုင်ငံ ထူထောင်လိုက်ပြီဖြစ်ကြောင်း ကြေငြာလိုက်သည်။ သမ္မတယာယာခန်၏တပ်က ရှိတ်မူဂျီအားတိတ်တဆိတ်ဖမ်းကာ အနောက်ပါကစ္စတန် စစ်အကျဉ်းစခန်းသို့ပို့လိုက်သည်။ ထိုနှစ် ဩဂုတ်လတွင် ရှိတ်မူဂျီအား စစ်ခုံရုံးတင်စစ်ရန် စီစဉ်ထားသည်ကို ကုလသမဂ္ဂ အပါအဝင် နိုင်ငံအတော်များများက ကန့်ကွက်ကြသည်။

၁၉၇၁ ခု ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ဇူလဖီကာအလီဘူတို သမ္မတ ဖြစ်လာသောအခါ ရှိတ်မူဂျီအား အကျဉ်းထောင်မှလွှတ်၍ အကျယ်ချုပ်ဖြင့် ပြောင်းလဲထားကာ ရှိတ်မူဂျီနှင့် အခါခါဆွေးနွေးခဲ့ပြီးနောက် ၁၉၇၂ ခု ဇန္နဝါရီလ ၈ ရက်နေ့တွင် လုံးဝလွှတ်လိုက်သည်။ ယာယီအခြေခံဥပဒေသစ်အရ ရှိတ်မူဂျီသည် ဝန်ကြီးချုပ်ရာထူးကို လက်ခံပြီး အစိုးရအဖွဲ့သစ် ဖွဲ့လိုက်လေသည်။

ထိုနှစ် ဇန္နဝါရီလ ၂၅ ရက်နေ့တွင် ကျင်းပသည့် ပြည်သူလွှတ်တော် အစည်းအဝေး၌ သမ္မတအုပ်ချုပ်ရေးစနစ်ကို ထူထောင်ရန် ဝန်ကြီးချုပ် ရှိတ်မူဂျီအား သမ္မတအဖြစ် တင်မြှောက်လိုက်ကြသည်။ အုပ်ချုပ်ရေးအာဏာများကို သမ္မတလက်ဝယ် အပ်နှင်းထားလေသည်။ သမ္မတ ရှိတ်မူဂျီအား တခုတည်းသော အမျိုးသားပါတီ ထူထောင်ခွင့် အာ

ဏာကိုလည်း ပေးအပ်ထားလေသည်။ သို့ရာတွင် အနောက်အုပ်စုအပေါ် လိုလားသော နိုင်ငံရေးနှင့် စစ်တပ်အင်အားစုက ထိုနှစ် ဩဂုတ်လ ၁၅ ရက်နေ့ အရုဏ်ဦးအချိန်တွင် ဒန်မန်ဒီ အိမ်တော်၌ သမ္မတ ရှိတ်မူဂျီအား လုပ်ကြံ၍ အာဏာသိမ်းလိုက်လေသည်။

ရေဒီယိုတယ်လီစကုပ်။ ။(ရေဒီယို မှန်ပြောင်း—ရှု။)

ရေဒီယိုမှန်ပြောင်း။ ။(နက္ခတ်ကြည့်မှန်ပြောင်း—ရှု။)

ရေဒီယိုနက္ခတ္တဗေဒ။ ။ရေဒီယို နက္ခတ္တ ဗေဒသည် နက္ခတ္တဗေဒ၏ ပညာရပ်ခွဲတခုဖြစ်ပြီး အာကာသ တွင်းမှ ကမ္ဘာသို့ရောက်ရှိလာသော ရေဒီယိုလှိုင်းများကို လေ့လာသည့် ပညာဖြစ်သည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၄၀ ကျော်ကမှ ရေဒီယို နက္ခတ္တဗေဒ ပေါ်ထွန်းခဲ့သည်။ ရေဒီယို နက္ခတ္တဗေဒသည် သက်တန်း နုသေးသော်လည်း ရှေ့သို့ တိုးတက်ရန် အလားအလာ များစွာ ရှိသည် (ရေဒီယို တယ်လီစကုပ်—ရှု။)

ရေနံ။ ။(၁၀–၁၅၆—ရှု။) မြန်မာနိုင်ငံတွင် ပြည်သူပိုင် လုပ်ငန်းအဖြစ်ဖြင့် လုပ်ကိုင်နေသော ရေနံမြေ များစွာတို့အနက် ချောက်၊ ရေနံချောင်း၊ မြန်အောင်၊ ပြည်၊ မန်း(မင်းဘူး)၊ အရာတော်၊ လက်ပံတို၊ ပြလို့ ဟူ၍ ရေနံမြေများ ရှိသည်။ ယင်းတို့အပြင် သမဝါယမစနစ်ဖြင့် လုပ်ကိုင်နေသော အင်းတော်ဒေသ ရေနံမြေလည်း ရှိသေးသည်။ ထိုရေနံမြေတို့တွင် ၁၉၇၅–၇၆ ခုနှစ်၌ ရေနံတွင်း ၄၄၅ တွင်းမှ ထုတ်နုတ်ယူငင်သော ရေနံပမာဏမှာ တန်စ်အဖို့ စည်ပေါင်း ၇,၀၉၄,၀၀၀ ရှိခဲ့သည်။ ၁၉၇၆–၇၇ ခုနှစ်တွင် ယာယီခန့်မှန်းခြေအရ တွင်းပေါင်း ၄၆၇ တွင်းကို လုပ်ကိုင်နိုင်မည်ဟု မျှော်မှန်းထား၍ စည်ပေါင်း ၉,၄၉၁,၀၀၀ ထုတ်လိမ့်မည်ဟု ခန့်မှန်းသည်။ ယင်း ကိန်းဂဏန်းတို့က ပြဆိုသည်မှာ ၁၉၇၆–၇၇ ရေနံစိမ်းအထွက်နှုန်းသည် ယမန်နှစ်ကထက် ၃၃.၈ ရာခိုင်နှုန်း တိုးလာခြင်းကို ပြဆိုသည်။

ရေနံ ရှာဖွေရေးအဖွဲ့သည် ရေနံကို မြေပြင်၌သာမက ကမ်းလွန်ပင်လယ်၌လည်း ရှာဖွေလျက်ရှိ၏။ မြေပြင်ဘူမိအဖွဲ့ပေါင်းများစွာဖြင့် ရှာဖွေလျက်ရှိရာ ဆိုက်စမစ်အဖွဲ့သည် စတုရန်းမိုင်ပေါင်း ၁,၄၃၂ မိုင် အကျယ်အဝန်း၌ရင်း၊ မြေဆွဲအား တိုင်းတာရေးအဖွဲ့သည် ၃,၀၁၇ စတုရန်းမိုင် အကျယ်အဝန်းကိုရင်း၊ ၁၉၇၄–၇၅ ခုနှစ် အတွင်းတိုင်းတာခဲ့ပြီး ဖြစ်သည်။ အဏုဝါဆိုက်စမစ် အဖွဲ့က ၁၉၇၂ – ၇၃ တွင် စတုရန်းမိုင်ပေါင်း ၁၂,၉၆၉ ကို ရှာဖွေခဲ့သည်။

ဤကဲ့သို့ ရေနံရှာဖွေခြင်းလုပ်ငန်းသည် တိုးတက်လျက်ရှိခြင်းကြောင့် ၁၉၇၆–၇၇ ခုနှစ် ရေနံစိမ်းထုတ်လုပ်မှု တိုးတက်လာသဖြင့် ရေနံသယ်ယာဉ်များကို တိုးချဲ့ဝယ်ယူခဲ့ရသည့်အပြင် ရေနံပိုက်လိုင်းများကိုလည်း ထပ်မံတိုးချဲ့ဆက်သွယ်လာရသည်။ ၁၉၇၅–၇၆ ခုနှစ်တွင် လေးမိုင်ရှည်သော ချောက်–ကြေးနီပိုက်လိုင်းကို စတင် သုံးစွဲခဲ့၏။ ၁၉၇၆–၇၇ ခုနှစ်တွင် ၃၁ မိုင် ရှည်သော ရေနံချောင်း–ချောက် ပိုက်လိုင်းကို ထပ်ဖြည့်သုံးစွဲခဲ့၏။ ၁၉၇၇ ခုနှစ် ဩဂုတ်လ ၄ ရက်နေ့တွင် မန်း(မင်းဘူး)ရေနံမြေမှ ပြည် ရေနံမြေ ကွေ့မအထိ ၁၄၁ မိုင် ရှည်သည့် ၁၀ လက်မ ရေနံပိုက်လိုင်းကို အဆင့်သုံးဆင့်ဖြင့် အောင်မြင်စွာ ဆက်ပြီး ဖြစ်သည်။

ယခုခေတ်၌ ကမ်းလွန်ပင်လယ်ထဲတွင် ရေနံ ရှာဖွေခြင်းလုပ်ငန်းသည် များစွာ တွင်ကျယ်လျက် ရှိသည်။ ဗြိတိသျှ ရေနံကုမ္ပဏီတို့က မြောက်ပင်လယ်တွင် ရေနံရှာဖွေကြသည်မှာ များစွာအောင်မြင်ခဲ့သည်မှစ၍ အမေရိကန်နှင့် ဥရောပ နိုင်ငံတို့သည် ကမ်းလွန်ပင်လယ်၌ ရေနံရှာဖွေခြင်းကို အားသွန်၍ ဆောင်ရွက်နေကြသည်။ အရှေ့တောင်အာရှဒေသတွင် အင်ဒိုနီးရှားနိုင်ငံသည် ရေနံအများဆုံး ထွက်ရှိသော နိုင်ငံဖြစ်သည်။ ထိုနိုင်ငံတွင်ရေနံကို မြေပြင်ပေါ် မှသာမက ကမ်းလွန်ပင်လယ်မှလည်း ထုတ်နုတ်ယူငင်သည်။ ၁၉၇၃–၇၄ တွင် မလေးရှားနိုင်ငံ ကမ်းလွန်ဒေသတို့၌ ရေနံများ တွေ့ရှိခဲ့ရာ ရေနံရှာဖွေထုတ်လုပ်ရေးအတွက် ကုမ္ပဏီသစ် တည်ထောင်၍ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် စိုင်းပြင်းလျက်ရှိကြသည်။ ထိုင်းနိုင်ငံနှင့် ဖိလစ်ပိုင် နိုင်ငံတို့သည်လည်း မိမိတို့ပိုင်နက်အတွင်းရှိ ကမ်းလွန်ဒေသတွင်ရေနံရှာဖွေရန် ကြိုးပမ်းနေကြသည်။

ရေနံစိမ်း ထွက်နှုန်းသည် အရှေ့အလယ်ပိုင်း ဒေသကြီး တခုလုံး၌ အများဆုံး ဖြစ်သည်။ ၁၉၇၄ ခုနှစ်က ထိုဒေသတွင် ရေနံစိမ်း အမေရိကန်စည် ၇,၉၀၆,၀၃၁ ထွက်သည်။ ၁၉၇၅ ခုနှစ်တွင် ထွက်နှုန်းသည် ၁၀.၆ ရာနှုန်း ကျဆင်းသော်လည်းတနှစ်လုံးအတွက် စည်ပေါင်း ၇,၁၄၃,၄၉၄ သည် ထိပ်တန်းပင်ဖြစ်သည်။ တကမ္ဘာလုံး၏ ရေနံစိမ်း အထွက်နှုန်းသည် ၁၉၇၄ ခုနှစ်တွင်စည်ပေါင်း ၂၀,၅၃၇,၇၂၇ ဖြစ်၍ ၁၉၇၅ ခုနှစ်တွင် စည်ပေါင်း ၁၉,၄၇၃,၉၀၃ ဖြစ်သည်။ ထွက်နှုန်းသည် ၅.၂ ရာခိုင်နှုန်းကျဆင်းသည်။

ထွက်နှုန်းလျော့ခြင်းအကြောင်းများအနက် ၁၉၆၀ ပြည့်နှစ်တွင် ဖွဲ့စည်းသော အာရပ်ဒေသနှင့် အီရန်နိုင်ငံ ရေနံထုတ်လုပ်တင်ပို့ရောင်းချသော နိုင်ငံများ၏ အုပ်စုသည် အကြောင်းတခုဖြစ်သည်။ ထိုအဖွဲ့သည် ရေနံဈေးကို တိုးမြှင့်သည်။ ရေနံထုတ်လုပ်နှုန်းကိုလည်း ဈေးကွက်အခြေအနေကိုကြည့်၍ လျော့ချသည်။ အုပ်စုအဖွဲ့က ယင်းကဲ့သို့ ဆောင်ရွက်သောအခါ ရေနံမှ ဝင်ငွေသည် မကြုံစဖူး များစွာ တိုးလာသည်။ ၁၉၇၄ ခုနှစ် တနှစ်တည်းတွင် အုပ်စု

အဖွဲ့၏ အကျိုးအမြတ်ငွေများမှာ အမေရိကန်ဒေါ်လာသန်း ပေါင်း ၆၀,၀၀၀ ဖြစ်လာသည်။ ဤကဲ့သို့ ရေနံမှရသော ငွေများကို သတင်းစာတို့က ပက်ထရိဒေါ်လာဟူ၍ပင်ခေါ် ဝေါ်သုံးစွဲနေကြပြီ။ ကမ္ဘာ့စီးပွားရေးပါရဂူတို့သည် အိုပက်အဖွဲ့ဝင်နိုင်ငံများက ထိုမျှလောက်ကြွယ်ဝလာသည်ကို တွေ့မြင်ရသောအခါ ကမ္ဘာ့စီးပွားရေး၏ အနာဂတ်ကို အမျိုးမျိုးတွေးတော၍ ကြောင့်ကြနေကြသည်။ ထို့ကြောင့် အဆိုပါပက်ထရိဒေါ်လာများ မည်သည့်နေရာဌာနသို့ ရောက်နေသည်ကို တွက်ဆကြည့်ကြသည်။ ၁၉၇၄ ခုနှစ်အမေရိကန်ပြည်ထောင်စု ဘဏ္ဍာငွေတော်ဌာန၏ ခန့်မှန်းချက်အရဆိုလျှင် ယင်းပက်ထရို ဒေါ်လာများသည် ကမ္ဘာ့ဘဏ်နှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ထဲ၌ ခြောက်ရာခိုင်နှုန်း၊ ဖွံ့ဖြိုးဆဲ နိုင်ငံများသို့ ထောက်ပံ့သော ရန်ပုံငွေအဖွဲ့ထဲ၌ လေးရာခိုင်နှုန်း ဝင်နေသည်ကို တွေ့ရ၏။ ယင်းရေနံမှရသော ဝင်ငွေ ၅၀ ရာခိုင်နှုန်း နီးပါးမှာကား အင်္ဂလိပ်နှင့် အမေရိကန်တို့၏ ဘဏ်များတွင် အပ်ငွေ အဖြစ်ဖြင့်ငင်း၊ အာမခံစာချုပ်များ အဖြစ်ဖြင့်ငင်း ရှိနေကြသည်။ အခြား ဥရောပနှင့် ဂျပန်နိုင်ငံတို့က ချေးငှားသော ငွေနှင့် အာမခံစာချုပ်များ၏ တန်ဖိုးမှာကား ၁၅ ရာခိုင်နှုန်းမျှရှိသည်။ ကျန် ၃၅ ရာခိုင်နှုန်းမှာမူ ဥရောပတိုက်တွင် ယူရိုဒေါ်လာခေါ် ဥရောပသုံး ငွေကြေးအဖြစ်ဖြင့် လည်ပတ်လျက်ရှိသည်။ ယင်း ငွေကြေးမှာ မတ် ဒဂ်ါး၊ ဖရန့်ဒဂ်ါး၊ အမေရိကန် ဒေါ်လာ စသည်များပင် ဖြစ်၏။ ယင်းကဲ့သို့ ဥရောပငွေစျေးကွက်ထဲ ဝင်နေသော အိုပက်၏ ငွေကြေးပမာဏမှာ ဒေါ်လာ သန်း ၂၁,၀၀၀ ဖိုးရှိသည်။

ရေနံတင်ပို့ရောင်းချသော နိုင်ငံများအဖွဲ့။ ။ရေနံတင်ပို့ရောင်းချသော နိုင်ငံများအဖွဲ့ ဟူသည့် စကားရပ်ကို အင်္ဂလိပ်ဘာသာအားဖြင့် အို၊ ပီ၊ အီး၊ စီ ဟု အတိုကောက်ရေးမှတ်၍ ယင်းအက္ခရာလေးလုံးကို စကားတလုံးတည်း ဖြစ်အောင် ပေါင်းစပ်၍ အိုပက်ဟုခေါ်သည်။ ယင်းအဖွဲ့ကို အီရန်၊ အီရတ်၊ ကူဝိတ်၊ ဆော်ဒီ အာရေဗျနှင့် ဗင်နီဇွဲလား ငါးနိုင်ငံတို့က ၁၉၆၀ ပြည့်နှစ် စက်တင်ဘာလတွင် ဗဂ္ဂဒတ်မြို့၌ စတင်ဖွဲ့စည်းတည်ထောင်သည်။ ယင်းမူလငါးနိုင်ငံအပြင် နောက်ထပ်ရှစ်ဦးတိုးလာသောအခါ တိုးလာသော အဖွဲ့ဝင်နိုင်ငံများကို အခွင့်အရေး အပြည့်အဝပေး၍ လက်ခံသည်။ ယင်းနိုင်ငံတို့မှာ ကော့တာ (၁၉၆၁)၊ အင်ဒိုနီးရှား (၁၉၆၂)၊ လစ်ဗျ (၁၉၆၂)၊ အပူဓာဗီ (၁၉၆၇)၊ အယ်လ်ဂျီးရီးယား (၁၉၆၉)၊ နိုင်ဂျီးရီးယား (၁၉၇၁)၊ အက်ကွာဒေါ် (၁၉၇၃) နှင့် ဂါဗွန် (၁၉၇၅) ဟူ၍ ဖြစ်သည်။

အိုပက်အဖွဲ့ကိုဖွဲ့စည်းရန် ပေါ်ပေါက်သော အကြောင်းမှာ နိုင်ငံခြား အရင်းရှင်တို့က မိမိတို့၏ ကိုယ်ကျိုးတခုတည်းကိုသာ ကြည့်၍ တိုင်းရင်းသားတို့၏ အကျိုးကို နစ်နာအောင်ပြုသော ချယ်လှယ်မှုကြောင့် ဖြစ်သည်။ မြန်မာနိုင်ငံတခုလုံးကို ဗြိတိသျှတို့က သိမ်းပိုက်လိုက်သော ၁၈၆၆ ခုနှစ်မှစ၍ ပါးရှင်းပင်လယ်ကွေ့ရှိ အီရန်နှင့် အာရပ်နိုင်ငံများသို့ နိုင်ငံခြားသား အရင်းရှင်တို့ ဝင်ရောက်၍ စီးပွားရေးချယ်လှယ်ခွင့်ကို ရယူခဲ့ကြသည်။ ဦးစွာ၌ ဂျာမန်တို့ပိုင်သော အနာတိုလီယန် မီးရထားကုမ္ပဏီက ဘာလင်မြို့တော်ကို ဗဂ္ဂဒတ် မြို့တော်နှင့်ဆက်ရန် မီးရထားလမ်းဖောက်သည်မှစ၍ ပြင်သစ်၊အင်္ဂလိပ်၊ ရုရှစသောနိုင်ငံတို့က လည်း မိမိတို့ အသီးသီးပိုင်ဆိုင်ထိုက်သော ဩဇာနယ်ပယ်များကို သတ်မှတ်ကာ စိုးမိုးခဲ့ကြလေသည်။ ဗြိတိသျှတို့သည်လည်း မတ်စကျစ် အီဆူလေမန်အရပ်တွင် ရေနံရှာဖွေတွေ့ရှိသဖြင့် ၁၉၀၉ ခုနှစ်တွင် အင်္ဂလို အီရာနီယန်ရေနံကုမ္ပဏီကို ဖွဲ့စည်းတည်ထောင်သည်။

ဤသည်မှစ၍ ပါးရှင်းပင်လယ်ကွေ့ဝန်းကျင် ရေနံမြေနိုင်ငံများတွင် နယူးဂျာစီပြည်နယ် စတင်းဒတ်ရေနံ ကုမ္ပဏီ၊ ဗြိတိသျှ ရေနံကုမ္ပဏီ၊ ဒပ်ချပိုင် ရှဲ ကုမ္ပဏီ၊ (ပါရှင်း) ပင်လယ်ကွေ့ ရေနံကုမ္ပဏီ၊ တက္ကဆာကိုး ကုမ္ပဏီ၊ ကာလီဖိုးနီးယားပြည်နယ် စတင်းဒတ် ရေနံကုမ္ပဏီ၊ မိုဘိုအိုင်း ကုမ္ပဏီ၊ ပြင်သစ်ရေနံကုမ္ပဏီ စသောနိုင်ငံခြားပိုင် ရေနံကုမ္ပဏီများသည် အပူဓာဗီ၊ အီရန်၊ အီရတ်၊ ကော့တာ၊ ဆော်ဒီအာရေဗျ၊ကူဝိတ်၊မတ်စကတ်နှင့် အိုမန်စသောဒေသတို့၌ အခွင့်အရေးများရယူကာ ရေနံလုပ်ငန်းများကို တည်ထောင်ကြသည်။ ယင်းကုမ္ပဏီများက ထုတ်လုပ်သော ရေနံစိမ်း ပမာဏမှာ ၁၉၆၅ ခု စာရင်းအရ တနေ့လျှင် ၄၂ ဂါလံစည်ပေါင်း ၂၀၉ ကုဋေမျှရှိသည်။

ပါးရှင်းပင်လယ်ကွေ့ ရေနံမြေဒေသအားလုံးသည် တနေ့လျှင် ရေနံစိမ်းစည်ပေါင်းကုဋေ ၄၀၀ ထုတ်သဖြင့်ကမ္ဘာပေါ်တွင် အထွက်ဆုံးဒေသဖြစ်သည်။ အမေရိကန်ကစည်ပေါင်း ၃၃၁ ကုဋေနီးပါး၊ ရုရှက စည်ပေါင်း ၂၂၅ ကုဋေ ကျော်၊ ဗင်နီဇွဲလားက စည်ပေါင်း ၁၃၂ ကုဋေခန့်ထုတ်သည်။

၁၉၆၀ ပြည့်နှစ်မတိုင်မီက ရေနံရောင်းချသော ကုမ္ပဏီပိုင်ရှင်တို့သည် ရေနံရှာဖွေတူးဖော်ခြင်း၊ ရေနံစိမ်းကို စက်ရုံပို့ခြင်း၊ ရေနံချက်လုပ်ခြင်း၊ ရေနံလက္ကားလက်လီ ရောင်းချခြင်း စသော လုပ်ငန်းအစိတ်အပိုင်း အားလုံးကို အထက်မှအောက်သို့ ထောင်လိုက် ဆက်စပ်ပေါင်းစည်း၍ မိမိတို့ကချည်း လက်ဝါးကြီးအုပ် လုပ်ကိုင်ကြသည်။

ရေနံလုပ်ငန်းရှင်ကြီးများသည် ရေနံမြေဒေသ၌ နယ်မြေစတုရန်းမိုင်ပေါင်းများစွာ တို့ကိုင်၊ ယင်းတို့နှင့် ဆက်စပ်နေသော ရေပိုင်နက်တို့ကိုင်း ရေနံရှာဖွေခွင့်အတွက် အပိုင်စီး၍ ထားကြလေရာ ယင်းတို့မလုပ်နိုင်သော နယ်မြေတို့၌ တိုင်းရင်းသား အစိုးရတို့ကပင်လျှင် ဝင်ရောက်လုပ်ကိုင်

နိုင်ခွင့်မရှိချေ။ ယေဘုယျအားဖြင့် ရွိုင်ယယ်လတီနှုန်းထားကို ရေနံစိမ်းတတန်လျှင် ရွှေဒင်္ဂါးရှစ်သျှီလင်ဟု အသေချည်၍ သတ်မှတ်သည်။ ရေနံကုမ္ပဏီတို့သည် ရေနံရောင်းချ၍ရသော အမြတ်ငွေကို ခွဲဝေရယူပိုင်ခွင့်မရှိချေ။ ထိုကြောင့် ၁၉၄၈ ခုနှစ်တွင် ဗင်နီဇွီးလားနိုင်ငံက ရေနံမှရသော အကျိုးအမြတ်တို့ကို မိမိအား ခွဲဝေပေးရမည်ဟု တောင်းဆိုသောအခါ ဆအူးဒီအာရေဗျ၊အီရက်နှင့် ကူဝိတ်နိုင်ငံတို့ကလည်း အလားတူ တောင်းဆိုကြသည်။ အီရန်၌ ရေနံကို အစိုးရက ပြည်သူပိုင်လုပ်ရန် အားထုတ်သောအခါ စစ်ဖြစ်သည်။

၁၉၅၉ ခုနှစ်တွင် အမေရိကန် ပြည်ထောင်စုက မိမိနိုင်ငံသို့ ရေနံတင်သွင်းခြင်းကို ပိတ်ပင်ချုပ်ချယ်လာသည်။ ဤအတွင်း ရေနံကုမ္ပဏီ အစုအဖွဲ့တို့က မူလက သဘောတူ သတ်မှတ်ခဲ့သော ရေနံဈေးနှုန်းကို တဖက်သတ် ပြင်ဆင်လျှော့ချသည်။ ဤသို့ လျှော့ချလိုက်ခြင်းကြောင့် ရေနံတစည်လျှင် အမေရိကန်ငွေ ၂၇ ဆင့်မျှ နစ်နာသည်။ ထို့ကြောင့် ၁၉၆၁-၇၁ ကာလအတွက် ဒေါ်လာသန်းပေါင်း ၄၀၀၀ အထိ ဆုံးရှုံးရသည်။

ဤကဲ့သို့ အနစ်နာခံခဲ့ရသောကြောင့် တိုင်းရင်းသားနိုင်ငံများသည် သည်းမခံနိုင်တော့သဖြင့် အိုပက်အဖွဲ့ကြီးကို ၁၉၆၀ ပြည့်နှစ် စက်တင်ဘာလ ၁၀ ရက်မှ ၁၄ ရက်အတွင်း ကျင်းပသော အထက် အဆိုပါ ငါးနိုင်ငံကွန်ဖရင့်က ပြဋ္ဌာန်း၍ ဖွဲ့စည်းလိုက်လေသည်။

ရှေးအခါက ရေနံဈေးကို အသေချုပ်ထားသည်။ နိုင်ငံခြား စက်မှုနှင့် စားသုံးကုန်ပစ္စည်းဈေးသည် ၁၉၅၀-၇၀ အတွင်း ရာခိုင်နှုန်း ၃၀၀ တက်သော်လည်း ရေနံဈေးမတက်ခဲ့ချေ။ ၁၉၇၁ ခုနှစ်တွင်လည်း နောက်ထပ် ရာခိုင်နှုန်း ၃၁၀ ထပ်မံတက်ရာ၌ ရေနံဈေးသည် ရှေးနည်းတူပင် မပြောင်းလဲခဲ့ချေ။ ထိုရေနံဈေးမှာ မက္ကဆီကို ပင်လယ်ကွေ့ ရေနံမြေဒေသက ဆုံးဖြတ်လိုက်သော ဈေးအတိုင်းသာဖြစ်သည်။ အိုပက်ဖွဲ့စည်းပြီးသောအခါ နိုင်ငံခြားစက်မှုနှင့် စားသုံးကုန်ပစ္စည်း ဈေးနှုန်း အတက်အကျကိုလိုက်၍ ရေနံဈေးကို သတ်မှတ်လိုက်သည်တွင် ၁၉၆၈ ခုနှစ် လစ်ဗျနိုင်ငံ ရေနံဈေးသည် တစည်လျှင် ဆင့် ၃၀၊ အီရက်နှင့် ဆအူးဒီအာရေဗျ ရေနံဈေးသည် ဆင့် ၂၀ စသည်ဖြင့် ယနေ့အထိ တဆင့်ပြီးတဆင့် ဈေးတက်လာသည်။

အိုပက်အဖွဲ့သည် ရေနံထွက်သော နိုင်ငံအစိုးရတို့ကရေနံကုမ္ပဏီများပိုင်သော ရေနံလုပ်ငန်းတွင် ပါဝင်ဖက်စပ်လုပ်ကိုင်ခွင့်ရအောင် ကောင်းဆိုသည်။ တောင်းဆိုထားသော နှုန်းများမှာ ၁၉၇၃ မှ ၁၉၇၇ ခုနှစ်အတွင်း လုပ်ပိုင်ခွင့် ၂၅ ရာခိုင်နှုန်းထားနှင့် ၁၉၇၈ မှ ၁၉၈၂ အတွင်း လုပ်ပိုင်ခွင့် ၃၀ ရာခိုင်နှုန်းမှ ၅၁ ရာခိုင်နှုန်းထားအထိ တနှစ်လျှင် ၅ ရာခိုင်နှုန်းကျ ဘိုးသွားရမည့် နှုန်းထားဖြစ်သည်။ ဤနှုန်းထားများ ချမှတ်ဆဲတွင် အီရက်၊ လစ်ဗျနှင့် အယ်လဂျီးရီးယား စသော နိုင်ငံတို့က ရေနံလုပ်ငန်းကို ပြည်သူပိုင်ပြုကြသည်။

အိုပက်အဖွဲ့ ပေါ်လာခြင်းကြောင့် အရှေ့အလယ်ပိုင်း ရေနံမြေဒေသ နိုင်ငံတို့မှာ အလွန်ကြွယ်ဝလာသည်။ ရေနံတင်ပို့ရောင်းချနေသော နိုင်ငံများသည် ရေနံဈေးမြှင့်၍ ထိခိုက်သော ဖွံ့ဖြိုးစနိုင်ငံများ၊အခြား မဖွံ့ဖြိုးသေးသော နိုင်ငံနှင့်ဖွံ့ဖြိုးဆဲနိုင်ငံတို့ကို အကူအညီပေးလျက်ရှိသည်။ ၁၉၇၄ ခုနှစ်တွင်အိုပက်သည် ဖွံ့ဖြိုးဆဲနှင့် မဖွံ့ဖြိုးသေးသော တတိယကမ္ဘာနိုင်ငံများသို့ ဒေါ်လာသန်းပေါင်း ၄,၇၅၀ အကူအညီပေးခဲ့ရာ ယင်းမှာစုစုပေါင်း တိုင်းပြည်ထွက် ကုန်တန်ဖိုး၏ ၃ ဒသမ ၄ ရာခိုင်နှုန်းဖြစ်သည်။

၁၉၇၇ ခုနှစ် ဇန္ဇဝါရီလမှ စ၍ အိုပက် အထူးရန်ပုံငွေအဖွဲ့သည် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံအား ပထမအကြိမ်အမေရိကန် ဒေါ်လာ ၂.၂၅ သန်းကိုငှင်း၊ ထိုနောက် ဒုတိယအကြိမ် အမေရိကန်ဒေါ်လာ ၄.၄၂ သန်းကိုငှင်း ထုတ်ချေးသည်။

ရေနံဒေါ်လာ။ ။(ရေနံတင်ပို့ ရောင်းချသော နိုင်ငံများအဖွဲ့ — ရှု။)

ရိုဒီးဇီးယားနိုင်ငံ။ ။(၁၁–၂၃၁—ရှု။) အာဖရိက တိုက် တောင်ပိုင်းတွင် တည်ရှိသော ရိုဒီးဇီးယားနိုင်ငံ (ယခင် တောင် ရိုဒီးဇီးယားနယ်)ကို ရိုဒီးဇီးယား တိုင်း ရင်း သားများက ဇင်ဗာဗွေနိုင်ငံဟု ပြောင်းလဲ ခေါ်ဆိုကြသည်။မြောက်ဖက်၌ ဇမ္ဗီးယားနိုင်ငံ၊ တောင်ဖက်တွင် တောင်အာဖရိကနိုင်ငံ၊ အနောက်နှင့် အနောက်မြောက်ဖက်တွင် ဗော့ဆွာနားနိုင်ငံနှင့် အရှေ့ဖက်တွင် မိုဇမ်ဗစ်နိုင်ငံတို့ဝန်းရံတည်ရှိလေသည်။ စတုရန်းမိုင်ပေါင်း ၁၅၀,၃၃၃ ကျယ်ဝန်းပြီး ၁၉၇၅ ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေ ၆,၄၂၀,၀၀၀ ခန့်ရှိလေသည်။ မြို့တော်မှာ ဆော့စဗာရီမြို့ ဖြစ်သည်။



ရိုဒီးဇီးယားနိုင်ငံတွင် နေထိုင်သော အာဖရိက တိုင်းရင်းသားများမှာ ဘူတန်အနွယ်ဝင် လူမျိုးများဖြစ်သည်။လူဖြူများမှာ လူနည်းစုဖြစ်သည်။ လူဖြူ ၂၅၅,၀၀၀ ခန့်ရှိလေသည်။ အင်္ဂလိပ်ဘာသာစကားမှာ ရုံးသုံး ဘာသာဖြစ်သော်လည်း ဘူတန်ဘာသာစကားကို အသုံးများသည်။

စိုက်ပျိုးရေးအပြင် ဓာတ်သတ္တု တူးဖော်ခြင်းကိုလည်း လုပ်ကိုင်ကြသည်။ ဆေးရွက်ကြီးစိုက်ပျိုးခြင်းလုပ်ငန်းသည် ရိုဒီးဇီးယားနိုင်ငံ၏ အဓိကလုပ်ငန်းတခု ဖြစ်သည်။ ရိုဒီးဇီးယားနိုင်ငံမှ ထွက်ရှိသော ဆေးရွက်ကြီးများကို ၅၁ ရာခိုင်နှုန်းခန့် နှစ်စဉ်တင်ပို့ရောင်းချနိုင်သည်။ ဂွေ၊ ခရမ်းသတ္တု၊ ကြေးနီ၊ နီကယ် သံနှင့် ကျောက်မီးသွေး အစရှိသည့် သယံဇာတ ပစ္စည်းများ ထွက်ရှိလေသည်။ ရိုဒီးဇီးယားနိုင်ငံမှ ထွက်ရှိသော သယံဇာတပစ္စည်းများကို အများဆုံးဝယ်ယူခဲ့သော နိုင်ငံသည် အမေရိကန် ပြည်ထောင်စု ဖြစ်သည်။

၁၉၂၃ ခုနှစ်မတိုင်မီက ဤနယ်မြေကို ဗြိတိသျှ တောင်အာဖရိက ကုမ္ပဏီက အုပ်ချုပ်ခဲ့လေသည်။ ထိုနှစ်တွင်ပင် ဗြိတိသျှတို့က မိမိတို့ပိုင်နက်အဖြစ် ကြေငြာ၍ ဘုရင်ခံတဦးက အုပ်ချုပ်ခဲ့သည်။ ၁၉၆၄ ခုနှစ်မှ အစပြု၍ ရိုဒီးဇီးယား အစိုးရနှင့် ဗြိတိသျှ အစိုးရတို့ လွတ်လပ်ရေးအတွက် ဆွေးနွေးခဲ့ရာ မပြေမလည်ပဲ ရှိခဲ့သည်။ ၁၉၆၅ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ဝန်ကြီးချုပ်ဖြစ်သော အီယန်စမစ် ခေါင်းဆောင်သည့် အစိုးရအဖွဲ့က တဖက်သတ်လွတ်လပ်ရေးကြေငြာခဲ့သည်။ ထိုအခါ ဗြိတိသျှဘုရင်ခံက အီယန်စမစ်နှင့် ယင်း၏အစိုးရအဖွဲ့ကို ရာထူးမှနုတ်ပယ်ခဲ့လေသည်။

ဝန်ကြီးချုပ်စမစ် ခေါင်းဆောင်သော အစိုးရအဖွဲ့က တိုင်းရင်းသား လူမည်းများအပေါ် အသားအရောင်ခွဲခြားကာ ဖိနှိပ်ချုပ်ချယ်ခဲ့သည်။ နိုင်ငံတွင်းရှိ လူဖြူနှစ်သိန်းကျော်က တိုင်းရင်းသား လူမည်းခြောက်သန်းအပေါ် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးကိစ္စတို့တွင် ဖိနှိပ်ချုပ်ချယ်ခဲ့သည်။ ဥပဒေပြုလွှတ်တော်တွင် တိုင်းရင်းသား လူမည်းများ ပါဝင်ယှဉ်ပြိုင်ခွင့်မရစေရန် ဥပဒေအမျိုးမျိုးထုတ်ပြန်၍ ကန့်သတ်ခဲ့သည်။

ထိုအချိန်မှ အစပြု၍ အာဖရိက အမျိုးသား လွတ်မြောက်ရေး လှုပ်ရှားမှုအဖွဲ့များနှင့် စမစ်အစိုးရ၏တပ်များသည် ၁၉၇၂ ခုနှစ်မှ အစပြု၍ တိုက်ပွဲများ ဖြစ်ပွားခဲ့ရသည်။ ပြောက်ကျား တိုက်ပွဲများ အရှိန်မြင့်မားလာပြီး နှစ်ဦးနှစ်ဖက်လုံးမှ အကျအဆုံး များခဲ့ရာ ဗြိတိန်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့က ဝင်ရောက် ဆွေးနွေးစေ့စပ်ပေးခဲ့သော်လည်း အောင်မြင်မှုမရရှိခဲ့ပေ။

၁၉၇၆ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့မှအစပြု၍ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ဗြိတိန်နှင့် အမေရိကန်ပြည်ထောင်စုတို့မှ ဦးဆောင်ပြီး ရိုဒီးဇီးယားနိုင်ငံ၏ ပြဿနာများကို ဆက်လက် ဖြေရှင်း ဆွေးနွေးနေဆဲ ဖြစ်လေသည်။

၁၉၇၇ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့တွင် အထွေထွေရွေးကောက်ပွဲကျင်းပရာ အမတ် ၆၆ နေရာရှိသော လွှတ်တော်ရှိ လူဖြူအမတ်နေရာ ၅၀ စလုံးကို အီယန်စမစ်၏ တပ်ဦးပါတီက ရရှိခဲ့သည်။ အီယန်စမစ်က အစိုးရနှင့် လူမည်းအမျိုးသား ခေါင်းဆောင်များအကြား ပြည်တွင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ကျင်းပသွားမည် ဖြစ်ကြောင်း ပြောကြားသွားသည်။

ဗြိတိန်နှင့် အမေရိကန်တို့ အဆိုပြုသည့် လူမျိုးစုအုပ်ချုပ်ရေးအဆိုပြုချက်ကို အီယန်စမစ်သည် လက်မခံပဲ ဘုန်းတော်ကြီး မူဇိုရီဝါဦးဆောင်သည့် ယူနိုက်တက်အာဖရိကန် နေရှင်နယ်ကောင်စီ ဘုန်းတော်ကြီး နဒါဆီထိုက် အာဖရိကန် နေရှင်နယ်ကောင်စီ၊ လူမျိုးစုအကြီးအကဲ ဂျိယာမီယာချိရော ခေါင်းဆောင်သော ဇင်ဗာဗွေ ယူနိုက်တက် ပြည်သူအဖွဲ့တို့နှင့် လူမျိုးစုအုပ်ချုပ်ရေးကိစ္စကို ဆွေးနွေးညှိနှိုင်းခဲ့သည်။ ယင်းသို့ သုံးလကြာမျှ ဆွေးနွေးပြီးနောက် လူမျိုးစုအုပ်ချုပ်ခွင့်ရပြီး လူဖြူလူနည်းစုအတွက် အာမခံချက်များပါဝင်သည့် ဖွဲ့စည်းပုံဥပဒေတရပ်ရေးဆွဲရန်သဘောတူညီခဲ့ကြသည်။ ယင်းသဘောတူညီချက်အရ ၁၉၇၉ ခုနှစ် ဇန္နဝါရီလ ၁ ရက်နေ့တွင် လွတ်လပ်သော ဇင်ဗာဗွေနိုင်ငံ ထူထောင်မည်ဖြစ်ပြီး ကြားဖြတ်အစိုးရကို လူဖြူလူမည်းတို့ ပူးတွဲအုပ်ချုပ်သွားမည်ဖြစ်သည်။

ရိုဒီးဇီးယား မျိုးချစ်တပ်ဦးခေါင်းဆောင်များ ဖြစ်ကြသော နကိုမိုနှင့် မူဂါဗီတို့က ပြည်တွင်းသဘောတူညီချက်သည် အတုအယောင်ဖြစ်ကြောင်း ကြေငြာသည်။

ရန်ကုန်တိုင်း။ ။ယခင်က မော်ဘီခရိုင် (အင်းစိန်ခရိုင်) နှင့် ဟံသာဝတီခရိုင်တို့ကို ၁၉၇၂ ခုနှစ် အုပ်ချုပ်ရေး စနစ်သစ်အရ ဖျက်သိမ်းလိုက်သောအခါ ယင်းခရိုင်နှစ်ခုကို တိုးခဲ့၍ ရန်ကုန်နယ်နိမိတ်အတွင်းသို့ သွတ်သွင်း၍ ရန်ကုန်တိုင်း အဖြစ် ဖွဲ့စည်းလိုက်သည်။ တိုးခဲ့၍ ရန်ကုန်နယ်နိမိတ်အတွင်း၌ စစ်ပြီးခေတ်တွင် တည်ဆောက်သော ရန်ကင်းမြို့သစ်၊ အိမ်စောင့်အစိုးရ လက်ထက်တွင် တည်ဆောက်သော တောင် ဥက္ကလာပမြို့သစ်၊ မြောက်ဥက္ကလာပမြို့သစ်၊ သာကေတမြို့သစ်နှင့် တော်လှန်ရေး အစိုးရ လက်ထက်တွင် ဆောက်လုပ်သော သုဝဏ္ဏမြို့သစ်တို့ ပါဝင်သည်။

ရန်ကုန်တိုင်းသည် အနောက်ဖက်၌ ရောဝတီတိုင်း၊ မြောက်ဖက်နှင့် အရှေ့မြောက်ဖက်တွင် ပဲခူးတိုင်းတို့ဖြင့် နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိ၍ တောင်ဖက်တွင် ကပ္ပလီပင်လယ်ပြင်ကို အခြေပြုထားသည်။ တိုင်းတခုလုံး၏ အကျယ်အဝန်းမှာ စတုရန်းမိုင် ၃,၉၂၇ ရှိ၍ ၁၉၇၃ ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေ ၃၂ သိန်း နီးပါးရှိသည်။ မြို့နယ်ပေါင်း ၃၉၊ ကျေးရွာအုပ်စုပေါင်း ၁,၁၄၄ အုပ်စုဖြင့် ဖွဲ့စည်းထားသည်။ ပါဝင်သော မြို့နယ်များမှာ အင်းစိန်၊ မင်္ဂလာဒုံ မြောက်ဥက္ကလာပ၊ ကမာရွတ်၊ လှိုင်၊ မရမ်းကုန်း၊ သာကေတ၊ ကျန်းကျွန်း၊ ရန်ကင်း၊ တောင်ဥက္ကလာပ၊ ကြည့်မြင်တိုင်၊ စမ်းချောင်း၊ အလုံ၊ လမ်းမတော်၊ ပန်းဘဲတန်း၊


ဥက္ကံ
တိုက်ကြီး
မှော်ဘီ
လှည်းကူး
ထန်းတပင်
မင်္ဂလာဒုံ
ဘင်းစိန်
သယ်ခင်းကျွန်း
ရန်ကုန်
ဆိပ်ကြီး
ဒဂုံ
သံလျင်
ခရမ်း
သုံးခွ
တွံတေး
ကျောက်တန်း
ကော့မှူး
ကွမ်းခြံကုန်း

ရန်ကုန်တိုင်း

လသာ၊ ဗိုလ်တထောင်၊ ပုစွန်တောင်၊ ကျောက်တံတား၊ ဒဂုန်၊ ဗဟန်း၊ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ သာကေတ၊ ဒေါပုံ၊ ဆိပ်ကမ်း၊ ဒလ၊ ဆိပ်ကြီး(ခနော်တို)၊ကိုကိုးကျွန်း၊ သန်လျင်၊ ကျောက်တန်း၊ သုံးခွ၊ ခရမ်း၊ တုံတေး၊ ကွမ်းခြံကုန်း၊ ကော့မူး၊ မှော်ဘီ၊ လှည်းကူး၊ တိုက်ကြီး၊ ထန်းတပင်တို့ ဖြစ်လေသည်။ တိုင်း၏ မြို့တော်မှာ ပြည်ထောင်စုမြန်မာနိုင်ငံ၏ မြို့တော် ရန်ကုန် ပေတည်း။

မိုးရေချိန် ကောင်းစွာ ရရှိ၍ မြစ်ဝကျွန်းပေါ် ဒေသဖြစ်သဖြင့် တိုင်းအတွင်းရှိ မြို့နယ်များတွင် စပါးစိုက်ပျိုးရေးသည် ဖြစ်ထွန်း အောင်မြင်သည်။ ခရမ်း၊ ကျောက်တန်း၊ သုံးခွ၊ ကွမ်းခြံကုန်း၊ ကော့မူး၊ တိုက်ကြီး၊ လှည်းကူး၊ ထန်းတပင်၊ သန်လျင်မြို့နယ်တို့သည်။ ဆန်စပါး အထွက်ကောင်းသည်။ အိုးလုပ်ငန်းဖြင့် နာမည်ကြီးသော တုံတေးမြို့အနီးရှိ တုံတေးတောကြီးတန်းတွင် သစ်ပင် သီးပင် အမျိုးစုံလှသည်။ ရန်ကုန်မြို့၏ ဆင်ခြေဖုံးဖြစ်သော ကမာရွတ်၊ လှိုင်၊ မရမ်းကုန်း၊ အင်းစိန်၊ မင်္ဂလာဒုံ၊ ထောက်ကြံ့၊ မှော်ဘီ၊ လှည်းကူး၊ တိုက်ကြီး စသည့် မြို့နယ်များတွင် ဥယျာဉ်ခြံမြေများ၊ ဟင်းသီး ဟင်းရွက် စိုက်ခင်းများအများ အပြား ရှိသည်။ ကြက်၊ ဘဲ မွေးမြူရေးလည်း လုပ်ကိုင်ကြသည်။

စက်မှုလုပ်ငန်းသည် ရန်ကုန်တိုင်း၏ အရေးပါသောလုပ်ငန်းကြီး ဖြစ်သည်။ တနိုင်ငံလုံးရှိ လုပ်သား ၁၀၀ အထက် ရှိသော စက်ရုံအလုပ်ရုံများ၏ ၇၀ ကျော် ရာခိုင်နှုန်းသည် ရန်ကုန်တိုင်းအတွင်း၌ရှိသည်။ကမာရွတ်မြို့နယ်၊ လှိုင်မြို့နယ်၊ မရမ်းကုန်းမြို့နယ်၊ အင်းစိန်မြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ်စသည် တို့တွင် စက်ရုံ အလုပ်ရုံများပေါများသည်။ရန်ကုန်မြို့၏ တဖက်ကမ်းရှိ သန်လျင်မြို့မှ ရေနံချက် စက်ရုံနှင့် ဖန်ချက်စက်ရုံကြီးတို့သည် အဓိကရ စက်ရုံကြီးများဖြစ်သည်။ရန်ကုန်မြို့၏ ကမ်းနားလမ်းတွင် အစိုးရ သစ်စက်ကြီးများရှိ၍ တဖက်ကမ်းမှခနော်တိုတွင် ဆန်စက်များ အများအပြားရှိသည်။ ဒလမှ သဘော်ကျင်းသည် ရေကြောင်းပို့ဆောင်ရေးကော်ပိုရေးရှင်းပိုင် သဘော် ကြီးငယ်များကို ပြုပြင်ပေးခြင်း၊ အသစ်တည်ဆောက်ခြင်းများကိုလည်း ဆောင်ရွက်သည်။

ရန်ကုန်တိုင်း၏အရှေ့ဖက်စစ်တောင်းမြစ်ဝှမ်းတလျှောက်တွင်ရင်း၊ အနောက်ဖက်တွင် ဧရာဝတီမြစ်ဝှမ်းတလျှောက်တွင်ရင်း မော်တော်ကားလမ်း၊ မီးရထားလမ်းတို့ဖြင့် အထက်နိုင်ငံမြို့များနှင့် ဆက်သွယ်နိုင်သည်။ သို့ဖြင့်အညာအကြေမွထွက်ကုန်များနှင့် မြစ်ဝကျွန်းပေါ်မှ ထွက်ကုန်များကို ရန်ကုန်မှတဆင့် အရောင်းအဝယ်ပြုကြသည်။

ရန်ကုန်မြို့သည် မြစ်ဝကျွန်းပေါ် ဒေသသွားသဘော်ကြီးငယ်တို့၏ လမ်းဆုံလည်းဖြစ်သည်။ တုံတေးတူးမြောင်းသည် ရန်ကုန်မြို့နှင့်မြစ်ဝ ကျွန်းပေါ် ရေလမ်းခရီးကို မျှားစွာကျုံ့စေခဲ့သည်။ မင်္ဂလာဒုံရှိ လေဆိပ်ကြီးသည် ပြည်တွင်းလေကြောင်းဆက်သွယ်ရေးအတွက် သာမက နိုင်ငံတကာ လေဆိပ်ကြီးလည်း ဖြစ်သည်။

ရန်ကုန်–မန္တလေးကားလမ်းမကြီးရှိ လှည်းကူးမြို့မှ ၁၈ မိုင်ကွာဝေးသော ဖောင်ကြီးရွာတွင်ပြည်သူ့ဝန်ထမ်းကောင်းများကို မွေးထုတ် ပေးနေသော ဗဟို ဝန်ထမ်းတက္ကသိုလ် ရှိသည်။ မှော်ဘီမြို့နယ်ရှိ စိုက်ပျိုးရေးသင်တန်းနှင့်စမ်းသပ် စိုက်ပျိုးရေးလုပ်ငန်း များသည် နိုင်ငံတော်၏ စိုက်ပျိုးရေးတိုးတက်မှုအတွက်စိုက်ပျိုးရေးပညာပြန့်ပွားရေးကို ဆောင်ရွက်ပေးနေသည်။

ရှမစ်, ဟဲလမွတ် (ခရစ် ၁၉၁၈ ဖွား)။ ။ဟဲလမွတ် ရှမစ်သည် ၁၉၁၈ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်နေ့၌ ဟမ်းဗတ် မြို့တွင် ဖွားမြင်သူဖြစ် သည်။ ရှမစ်သည် ကျောင်းဆရာတဦး၏ သားဖြစ်သည်။ တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင် ပြီးသောအခါစစ်တပ်သို့ ဝင်ရောက် အမှုထမ်းသည်။ ဒုတိယ ကမ္ဘာစစ် အတွင်းက အရှေ့ပိုင်းစစ် မျက်နှာရှိ သံချပ်ကာကား တပ်တွင် အမှုထမ်းသည်။ အနောက်ဥရောပ စစ်မျက်နှာတွင် ဗိုလ်အဆင့်ဖြင့် စစ်ကြီးပြီးသည့်အထိ အမှုထမ်းခဲ့သည်။



ဝန်ကြီးချုပ် ရှမစ်

စစ်ကြီး ပြီးသော အခါ ဟမ်းဗတ်မြို့တွင် ဘောဂဗေဒပညာကို သင်ယူ၍ဘောဂဗေဒဘွဲ့ကိုရရှိခဲ့သည်။ဟမ်းဗတ်မြို့ အုပ်ချုပ်ရေးဌာနလက်အောက်ရှိ စီးပွားရေးနှင့် သယ်ယူပို့ဆောင်ရေးဌာနတွင် ဝင်ရောက် အမှုထမ်းခဲ့လေသည်။

သူသည် ၁၉၄၆ ခုနှစ်ကတည်းက ဆိုရှယ်လစ်ဒီမိုကရက်တစ်ပါတီအဖွဲ့ဝင်တဦးဖြစ်သည်။ ၁၉၄၇-၄၈ ခုနှစ် အတွင်းက ဂျာမန်ဆိုရှယ်လစ် ကျောင်းသားအဖွဲ့၏ ဥက္ကဋ္ဌလည်း ဖြစ်သည်။ အသက် ၃၄ နှစ် အရွယ် ၁၉၅၃ ခုနှစ်တွင် ဘွန်းနိုင်ငံရေးလောကသို့ ဝင်ခဲ့သည်။ရွေးကောက်ပွဲတွင် ဆိုရှယ်လစ်ဒီမိုကရက်တစ်ပါတီ အမတ် အဖြစ် ရွေးကောက်တင်မြှောက်ခံရသည်။ ၁၉၆၁ ခုနှစ်ကုန်တွင် ပါလီမန် အမတ်အဖြစ်မှ နုတ်ထွက်သော်လည်း ဟန်းဗတ်မြို့၌ အထက်လွှတ်တော်အမတ်ဖြစ်လာသည်။

၁၉၆၅ ခုနှစ်တွင် ပါလီမန်၌ ဆိုရှယ်လစ် ဒီမိုကရက်တစ် ပါတီ၏ ဥက္ကဋ္ဌဖြစ်လာပြီး နောက် လေးနှစ် ကြာသောအခါ ဝိလီဗရန်အစိုးရအဖွဲ့တွင် ကာကွယ်ရေးဝန်ကြီး ဖြစ်လာသည်။ ယင်း ရာထူး၌ရှိစဉ် အနောက်ဥရောပ ကာကွယ်ရေးမဟာမိတ်အဖွဲ့ကို အင်အား တိုးဖြည့်ဖွဲ့စည်းရန် အဆိုပြုခဲ့သည်။

၁၉၇၂ ခုနှစ် ဇူလိုင်လတွင် စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဖြစ်လာသည်။ရှမစ်သည် အနောက်ဂျာမနီ နိုင်ငံ၏ စီးပွားရေးပါရဂူတဦးဖြစ်သည့်အတိုင်း အတိုက် အခံ နိုင်ငံရေးပါတီများ၏ စီးပွားရေးဆိုင်ရာ ဝေဖန်မှုများကိုကောင်းစွာ ရင်ဆိုင်ဖြေရှင်းခဲ့သည်။

၁၉၇၃ ခုနှစ် ဇန္နဝါရီလ ၁၁ ရက်နေ့တွင် အမေရိကန် ပြည်ထောင်စု တောင်ကယ်ရိုလီးနား နယူးဟာရီ ကောလိပ်မှ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ အပ်နှင်းခြင်း ခံရသည်။

၁၉၇၄ ခုနှစ် မေလတွင် အနောက်ဂျာမနီအဓိပတိ ဝိလီဗရန့်သည် ရာထူးမှ နုတ်ထွက်သောအခါ ဘဏ္ဍာရေးဝန်ကြီး ဟဲလမွတ်ရှမစ်သည် ဂျာမန် ပြည်ထောင်စု သမ္မတနိုင်ငံ၏ ဝန်ကြီးချုပ်ဖြစ်လာသည်။

ရွှေဆောင်လူငယ်။ ။(လူငယ် စည်းရုံးရေး—ရှ။)

ရှိန်၊ ဦး၊ ကာယဗလ (ခရစ် ၁၈၉၆–၁၉၇၄)။ ။ မြန်မာနိုင်ငံတွင် နှစ်ပေါင်း ၆၀ ကျော်တိုင် လူမျိုးကျန်းမာကြံခိုင်ရေးဖြင့် နိုင်ငံဂုဏ် မြှင့်တင်ရန် တစိုက် မတ် မတ် စေတနာ့ ဝန်ထမ်းကြိုး ပမ်း ဆောင် ရွက်ခဲ့သူ ကာယ ဗလ ဖခင်ကြီး ဦး ရှိန်ကို ၁၈၉၆ ခု ဇန္နဝါရီ လ ၃၀ ရက် နေ့တွင် သာ ယာဝတီခရိုင် နတ္တ လင်းမြို့၌ အဖ ဦး ဖိုးဆိတ် အမိ ဒေါ် ဖွားစိန် တို့မှ ဖွား မြင်သည်။



ကာယဗလ ဦးရှိန်

ဦးရှိန်သည် ရန်ကုန်မြို့ လန်ကက်စတာလမ်းရှိ မင်းကြီးကတော်ဒေါ်မြမေ၏ ကေရှိဝတိုရိယ ဗုဒ္ဓဘာသာယောကျ်ားကလေးကျောင်း၌သတ္တမတန်းအထိပညာသင်ကြားခဲ့သည်။ ကျောင်းနေစဉ်မှာပင် ကျောင်းသားကြီးများ ကာယဗလလေ့ကျင့် နေကြသည်ကို အားကျ၍ ၁၉၁၁ ခု နိုဝင်ဘာလ ၂၃ ရက်နေ့မှ စတင်ပြီး အလေးမလေ့ကျင့်ခဲ့သည်။

မြန်မာလူငယ်များ ကျန်းမာသန်စွမ်းရေးတွင် အတုယူအားကျစေရန် ရည်ရွယ်လျက် သီတာဖလင်းမှ စာရေးဆရာကြီးပီမိုးနင်း ဇာတ်ညွှန်းရေးသားသည့် နဖူးစာရွာလည် ရုပ်ရှင်ဇာတ်ကား၊ ခင်လေးသစ္စာ မောင့်မေတ္တာ ရုပ်ရှင်ဇာတ်ကားတို့တွင် အခကြေးငွေ တပြားတချပ်မျှမယူပဲ ညီဖြစ်သူ ဦးစိန် (ဦးဟျိုင်) နှင့်အတူ ဇာတ်ဆောင်များအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့ရာ ပထမဆုံး မြန်မာစတန့်မင်းသားများ ဖြစ်ကြသည်။

ဦးရှိန်သည် ၁၉၂၈ ခုနှစ်တွင် မြန်မာအမျိုးသားများသာ ပါဝင်သော မြန်မာပြည် ကာယဗလအဖွဲ့ကို တည်ထောင်ဖွဲ့စည်းပြီး မြန်မာလူငယ်လေးများ အစုအဝေးနှင့် ရှိရာ မြို့မကျောင်း၊ အစိုးရဟိုက်စကူးကျောင်းများသို့ သွားရောက်၍ အလေးမပြိုင်ပွဲ၊ ကာယဗလပြပွဲ၊ စံချိန်ချိုးပွဲများ ကျင်းပ၍ မြန်မာလူငယ်လေးများ ကျန်းမာသန်စွမ်းရေးဖက်တွင် စိတ်ပါဝင်စားလာအောင် ဟောပြောစည်းရုံးလေ့ကျင့်ပေးခဲ့သည်။

၁၉၃၀ ပြည့်နှစ်မှ စတင်၍ မြန်မာကို ကမ္ဘာသိစေရမည်ဟူသော အမျိုးသားရေး ရည်ရွယ်ချက်ဖြင့် ဇော်ဝိတ်၊ ညွန့်ဖေ၊ စံသင်၊ လှမောင်လေး၊ ထွန်းမြင့်စသည့် လူငယ်မြန်မာအလေးမချန်ပီယံများကို မွေးထုတ်ပေးခဲ့သည်။ဦးရှိန်၏ လေ့ကျင့်ပေးမှုဖြင့် ဇော်ဝိတ်က ၁၉၃၀ ပြည့်နှစ်တွင် အာရှစံချိန်ချိုးနိုင်၍ ၁၉၃၃ ခုနှစ်တွင် ဗြိတိသျှ အလေးမစံချိန်များကို ထပ်မံချိုးလိုက်သည့်အခါ မျိုးချစ်ပုဂ္ဂိုလ်များ၊ စာနယ်ဇင်းများကပါ ဝိုင်းဝန်း အား ပေး လာ ကြ သ ဖြင့် ကာယဗလ ဦးရှိန် အမည်တွင်ခဲ့သည်။

၁၉၃၅ ခုနှစ်တွင် မိမိစရိတ်ဖြင့်တပည့်ဖြစ်သူ ဇော်ဝိတ်ကိုခေါ်၍ အိန္ဒိယပြည်လုံးဆိုင်ရာ အလေးမပြိုင်ပွဲကြီးသို့ သွားရောက်ယှဉ်ပြိုင်ခဲ့ရာ ဇော်ဝိတ်သည် အိန္ဒိယ ချန်ပီယံဘွဲ့ရရှိခဲ့သည်။ ဒုတိယမြောက် အိန္ဒိယအင်ပိုင်ယာ အလေးမပြိုင်ပွဲတွင်လည်း ဇော်ဝိတ်၊ ထွန်းမြင့်၊ စံသင်တို့ အိန္ဒိယချန်ပီယံဘွဲ့များ ရရှိပြန်သည်။

၁၉၃၆ ခုနှစ် ဘာလင် ကမ္ဘာ့အိုလံပစ်သို့ ဦးရှိန်နှင့် တပည့်ဖြစ်သူ ဇော်ဝိတ် သွားရောက်ယှဉ်ပြိုင်ရာ မျိုးချစ်ပုဂ္ဂိုလ်များကကျူဗလီဟောတွင် ကပွဲများပြုလုပ်၍ အိုလံပစ်ရန်ပုံငွေရှာဖွေပေးခဲ့ကြသည်အထိ အမျိုးသားရေးလုပ်ငန်းအဖြစ် ဝိုင်းဝန်းကူညီခဲ့ကြသည်။

ဦးရှိန်သည် မြန်မာများ ကျန်းမာ ကြံခိုင်ရေးတွင် ပါဝင်လာစေရန် ရည်ရွယ်လျက် မြန်မာ့အလင်း ဦးတင်၊ လူထုဦးလှ၊ သူရိယဦးပုလေး၊ ဦးအုန်းခင် (ဗမာ့ခေတ်–မိုးကြိုး)၊ ဦးဇော်ဝိတ်တို့နှင့်အတူ မြန်မာပြည် ခြေလျင်အဖွဲ့ကို

ဦးဆောင်ဖွဲ့စည်း၍ လူထုလမ်း လျှောက်ပွဲများ လှုံ့ဆော် ကျင်းပခဲ့ရာ များစွာ အောင်မြင်ခဲ့သည်။

စစ်ပြီးခေတ်တွင်လည်း နိုင်ငံအတွက် လူငယ်များကို အလေးမ လေ့ကျင့်ပေးခဲ့ရာ ၁၉၅၄ ခုနှစ် မနီလာမြို့၌ ကျင်းပသော အာရှအိုလံပစ်တွင် ဦးရှိန်၏ တပည့်တပ်ကြပ်ကြီး ထွန်းမောင်နှင့် မောင်မောင်လွင်တို့က ဖယ်သာဝိတ်နှင့် ဟဲဗီးဝိတ်တန်းတို့တွင် အာရှချန်ပီယံ ရွေတံဆိပ်များ အသီးသီးရရှိခဲ့ကြသည်။

၁၉၅၅-၅၆ ခုနှစ်များတွင် ဦးရှိန်နှင့်တပည့် တပ်ကြပ်ကြီး ထွန်းမောင်တို့ ကမ္ဘာ့အလေးမပြိုင်ပွဲများသို့ သွားရောက်ယှဉ်ပြိုင်ခဲ့ရာ ကမ္ဘာ့အလေးမ ပြိုင်ပွဲများတွင် နှစ်ကြိမ်တိုင်တိုင် တတိယဆု ဆွတ်ခူး၍ နိုင်ငံဂုဏ်ကိုမြှင့်တင်ခဲ့ကြသည်။

ဦးရှိန်သည် အားကစား ကျန်းမာရေးဖက်တွင်သာမက စာပေလောက အတွက်လည်း များစွာအကျိုးပြုခဲ့သူဖြစ်သည်။ စစ်ကြိုခေတ် နဂါးနီ စာအုပ်အသင်း၊ မြန်မာပြည် စာအုပ်တိုက်မှ စာအုပ်ကောင်းများထုတ်ဝေရာတွင် ဝိုင်းဝန်းပါဝင်ကူညီခဲ့သူ ဖြစ်သည်။ ၁၉၂၄ ခုနှစ်တွင် မြန်မာလူငယ်လေးများ တိုးတက်ကြီးပွားရေးအတွက် ရည်ရွယ်လျက် စာရေးဆရာကြီး ပီမိုးနင်းနှင့် ပူးပေါင်း၍ ကမ္ဘာ့အလင်း စာအုပ်ကို မိမိငွေဖြင့် ထုတ်ဝေခဲ့သည်။ စစ်ပြီးခေတ်တွင်လည်း နိုင်ငံအကျိုးပြု စာအုပ်ကောင်းများပေါ် ထွက်လာရေး ကြိုးပမ်း အားပေးကူညီခဲ့သူ တဦးဖြစ်သည်။

ဦးရှိန်သည် အသက် ၈၀ အရွယ်တိုင် အမျိုးသားစိတ် အမျိုးသားမာန်ဖြင့် အလေးမအဖွဲ့ချုပ် ဥက္ကဋ္ဌ နာယက အမှုဆောင်စသည့် တာဝန်များအပြင် နိုင်ငံအတွက် ကျန်းဆယ်ချန်ပီယံ လူငယ် အလေးမသမားများ မွေးထုတ် လေ့ကျင့်ပေးခဲ့သည်။

ဦးရှိန်အား သူ၏ စွမ်းစွမ်းတမန် ကြိုးပမ်းဆောင်ရွက်မှုကို ဂုဏ်ပြုသောအားဖြင့် ကမ္ဘာ့အလေးမအဖွဲ့ချုပ်မှ ဂုဏ်ထူးဆောင်ရွေတံဆိပ် ပေးအပ်ချီးမြှင့်ခဲ့သည်။ မြန်မာနိုင်ငံကမူ ဝက္ကာကျော်ထင်ဘွဲ့ဖြင့် ချီးမြှင့်ခဲ့သည်။

ဦးရှိန်သည် သက်ရွယ်နှင့်မမျှ နိုင်ငံနှင့်လူမျိုး တာဝန်များကို ဆောင်ရွက်ရင်း အသက် ၈၀ အရွယ် ၁၉၇၄ ခု စက်တင်ဘာလ ၁၀ ရက်နေ့တွင် ကွယ်လွန်သွားခဲ့သည်။

ရှမ်းပြည်နယ်။ ။(၁၁ - ၃၇၄ — ရှ။) ပြည်ထောင်စု မြန်မာနိုင်ငံ၏ အရှေ့အလယ်ပိုင်းတွင်တည်ရှိသော ရှမ်းပြည်နယ်သည် ပြည်ထောင်စု မြန်မာနိုင်ငံ၏ လေးပုံတပုံခန့်ရှိ၍ အကြီးဆုံး ပြည်နယ်ဖြစ်သည်။ ရှမ်းပြည်နယ်သည် အရှေ့မြောက်ဖက်တွင် တရုတ်ပြည်သူ သမ္မတနိုင်ငံ၊ အရှေ့ဖက်တွင် လောနိုင်ငံနှင့် ထိုင်းနိုင်ငံ၊ တောင်ဖက်တွင် ကယားပြည်နယ်နှင့် ကရင်ပြည်နယ်၊ အနောက်ဖက်တွင် မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းတို့ဖြင့် နယ်ချင်း ဆက်စပ်လျက်ရှိသည်။ ဧရိယာစတုရန်းမိုင်ပေါင်း ၆၀,၁၅၅ ရှိသည်။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ မြို့နယ် ကျေးရွာအုပ်စုတို့ဖြင့် ဖွဲ့စည်းလိုက်ရာ မြို့နယ် ၅၂ မြို့နယ် ကျေးရွာအုပ်စုပေါင်း ၁,၆၂၀ အုပ်စုဖြင့် ဖွဲ့စည်းထားသည်။

ရေတံခွန်စိမ့်စမ်း၊ တောစခန်း၊ တောင်စခန်းများ ပေါများ၍ တောင်ယာစိုက်ခင်းကြီးများနှင့်အတူ ယူကလစ်ပင်၊ ကျွန်းပင်နှင့် ထင်းရူးပင်ပျိုတို့ဖြင့် စိမ်းလန်းစိုပြေလျက်ရှိသည်။

ရှမ်းပြည်နယ်သည် ကျယ်ဝန်းသည်နှင့်အမျှ တိုင်းရင်းသား လူမျိုးများစွာတို့လည်း နှစ်ပေါင်း ကြာမြင့်စွာကပင် အတူတကွနေထိုင်ခဲ့ကြသည်။ ၁၉၇၃ - ၇၄ ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေ ၂.၉၉ သန်းခန့်ရှိသည်။ တောင်ပိုင်းတွင် ရှမ်းလူမျိုးများအပြင် အင်းသား၊ ဓနု၊ တောင်ရိုး၊ ပအို၀်၊ မူဆေး၊ ပလောင်၊ ယင်းကြား၊ ယင်းနက်၊ မြန်မာလူမျိုးတို့ နေထိုင်ကြသည်။ အလယ်ပိုင်းတွင် ရှမ်း၊ ပအို၀်၊ တောင်ရိုးနှင့် ဓနုတို့ရှိကြသည်။ မြောက်ပိုင်းတွင်မူ ရှမ်း၊ ပလောင်၊ ကချင်၊ မိုင်းသာ၊ လီရှော၊ မြောင်ဇီး၊ ဝ၊ လားဟူ၊ ထိုင်းနေစသည့် တိုင်းရင်းသားများ နေထိုင်ကြသည်။ ရှမ်းတိုင်းရင်းသားများမှာ အများစုဖြစ်သဖြင့် ဘာသာစကား၊ ယဉ်ကျေးမှုဓလေ့ထုံးစံများတွင် ရှမ်းယဉ်ကျေးမှုများ လွှမ်းနေသည်။

ရှမ်းပြည်နယ်တွင် ဘာသာရေးအားဖြင့် ကိုးဆယ်ရာခိုင်နှုန်းမှာ ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြ၍ ခရစ်ယန်နှင့် နတ်ကိုးကွယ်မှုများလည်းရှိသည်။ အများစုမှာ ရှမ်းစကားကိုသာ ပြောကြ၍ ရှမ်းရိုးရာနှစ်သစ်ကူးပွဲတော်ကို တန်ခူးလတွင် ကျင်းပလေ့ရှိသည်။

ရှမ်းမျိုးချစ်ခေါင်းဆောင် များသည် ကိုလိုနီ လွတ်မြောက်ရေး တိုက်ပွဲများတွင်၎င်း၊ ဖက်ဆစ် တော်လှန်ရေးတွင်၎င်း၊ အခြားတိုင်းရင်းသားများနှင့်လက်တွဲကာ တိုက်ပွဲဝင်ခဲ့ကြသည်။ ရှမ်းအမျိုးသားတို့သည် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်စွာ နေထိုင်လိုသည့်ဆန္ဒဖြင့် ပင်လုံစာချုပ်ကြီး ဖြစ်မြောက်အောင် ဝိုင်းဝန်းဆောင်ရွက်ခဲ့ကြသည်။

လယ်ယာလုပ်ငန်းသည် ရှမ်းပြည်နယ်၏ အဓိကလုပ်ငန်းဖြစ်၍ စိုက်ကေမှာ ၁၂.၃ သိန်းခန့်ရှိသည်။ အဓိကသီးနှံများမှာ စပါး၊ လက်ဖက်၊ မြေပဲ၊ ဂျုံ၊ ပဲမျိုးစုံနှင့် အာလူးတို့ဖြစ်သည်။ ဆန်စပါးကို အများဆုံး စိုက်ပျိုးကြသည်။ စိုက်ကေအား‌လုံး၏ ၄၇ ရာခိုင်နှုန်းရှိသည်။ လက်ဖက်နှင့် မြေပဲကို ဒုတိယနှင့် တတိယအများဆုံး စိုက်ပျိုးကြသည်။ အေးမြသော ရာသီဥတုနှင့် လိုက်ဖက်သည့် လိမ္မော်၊

သစ်တော်၊ မက်မန်း၊ ပန်းသီးနှင့် စပျစ်သီးများမှာ ရှမ်းပြည်နယ်၏ ခြံထွက်ဆီးနှုံများဖြစ်ကြသည်။

ဟဲဟိုး ချိုင့်ဝှမ်း ဆည်မြောင်း၊ ဘန်းယဉ်ဆည်မြောင်း၊ နမ်းလပ်ဆည်၊ နန်းခွပ်ဆည်၊ မိုင်းပါလျှိုဆည်၊ နန်းရန်ရေလွှဲဆည်၊ မိုင်းဆတ် ချိုင့်ဝှမ်းဆည်မြောင်း၊ မိုင်းလွှဲရေလွှဲဆည်၊ မိုင်းလုံဆည်တို့မှ လယ်ယာကေပေါင်း နှစ်သောင်းကျော်ကို ရေပေးသွင်းစိုက်ပျိုးသည်။ ဟိုပုံးချိုင့်ဝှမ်းစီမံကိန်းလည်း အကောင်အထည်ဖော်လျက်ရှိသည်။

ပြည်နယ်တခုလုံး၏ သုံးပုံနှစ်ပုံတွင် တောင်ကုန်းတောင်တန်းများက နေထုယူဇား၍ ယခင်က ရွှေပြောင်းတောင်ယာစနစ်ဖြင့် စိုက်ပျိုးမှုများသည်။ ယခုမူ ထိုစနစ်ကို လှေကားထစ် စိုက်ပျိုးရေးဖြင့် အစားထိုး လုပ်ကိုင်လျက်ရှိသည်။ ကျွန်းသစ်နှင့် သစ်မာထုတ်လုပ်မှုအတွက် သစ်တောကြိုးဝိုင်းရေယာတိုးခဲ့လျက်ရှိ၍ သစ်တောထွက်ပစ္စည်းများဖြစ်သည့် ထင်း၊ မီးသွေး၊ ရှားစေး၊ သစ်ခေါက်၊ လျှော်၊ ထင်းရူးဆီ၊ လင်းနို့ခဲများ၊ သစ်စေးတို့ကို တနှစ်ထက်တနှစ် ပိုမိုထုတ်လုပ်လျက်ရှိသည်။

နမ့်တူဘော်တွင်း၊ရတနာသိဒ္ဓိသတ္တုတွင်းနှင့် ဘော်ဆိုင်းသတ္တုတွင်းများကိုလည်း တိုးခဲ့လုပ်ကိုင်လျက်ရှိသည်။ ခဲ၊ သွပ်၊ ငွေ၊ ကြေးနီ၊ သံရိုင်း၊ ကျောက်မီးသွေး၊ အဖြိုက်နက်၊ ခနောက်စိမ်း၊ ခဲမဖြူနှင့် အဖိုးတန် ကျောက်မျက်ရတနာများသည် ရှမ်းပြည်နယ်၏ သယံဇာတပစ္စည်းများ ဖြစ်ကြသည်။ သတ္တုတူးဖော်ရေး လုပ်ငန်းသည် ရှမ်းပြည်နယ်၏ ဒုတိယအရေးအကြီးဆုံး စီးပွားရေးလုပ်ငန်းဖြစ်သည်။

သစ်စက်၊ ဓာတ်သတ္တုသန့်စင်စက်၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံစသည်ဖြင့် ပြည်သူပိုင်စက်ရုံ အလုပ်ရုံ ၄၆ ရုံရှိသည်။ မြို့နယ်ပေါင်း ၂၅ မြို့နယ်တွင် အစိုးရမတည်ငွေဖြင့် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည်။

ကျောက်စက် ပန်းဆွဲ၊ ကျောက်စက် မိုးမျှော်တို့ဖြင့် သဘာဝဆန်းကြယ်သော ပင်းဒယဂူကြီးသည်၎င်း၊ တောင်တန်းကြီးများကြားဝယ် အရှည် ၁၂ မိုင်၊ အကျယ် ၄ မိုင်ရှိရှိသော လှပသည့် အင်းလေးကန်ကြီးသည်၎င်း အထူးစိတ်ဝင်စားဖွယ်ကောင်းပေသည်။ အင်းလေးရေပြင်ပေါ်မှ ခြေထောက်ဖြင့် လှေလှော်သူတို့ကို ကမ္ဘာလှည့်ခရီးသည်များ အံ့သြကြသည်။ စံပြလုပ်သားကြီးများနှင့် လူရည်ချွန်များအတွက် ခေါင်တိုင်အပန်းဖြေစခန်းကို အင်းလေးကန်စောင်းတွင် ဖွင့်လှစ်ထားသည်။

ရွှေပြည်အေး၊ စန္ဒယား (ခရစ် ၁၉၀၉–၁၉၇၇)။ ။ နှစ်ဆယ်ရာစု မြန်မာ့ခေတ်သစ်ဂီတသမိုင်းတွင် စန္ဒယားကို သူမတူအောင် တီထွင် တီးနိုင်ခဲ့ရုံမျှမက ဂန္ဓဝင်တေးများကို ပါ ရေးစပ်နိုင်ခဲ့သူ အလင်္ကာကျော်စွာ စန္ဒယားရွှေပြည်အေး



အလင်္ကာကျော်စွာ စန္ဒယားရွှေပြည်အေး

ကို ၁၂၇၀ ပြည့်နှစ် တပို့တွဲလ စနေနေ့တွင် ရန် ကုန် မြို့လမ်း ၄၀ ၌ အဖ ရေဝန်ရုံး ဝန်ထမ်း ဦးနု၊ အမိ ဒေါ်လှိုင်တို့မှ ဖွားမြင်သည်။ ငယ် နာမည်မှာတင်မောင်အေး ဖြစ် ခဲ့ သည်။

ရွှေပြည် အေး ကို မွေးကင်းစ က ပင် ရန်ကုန် အ နာက်ပိုင်း ၄ လမ်းနေ ဦးနု၏ ယောက်ဖနှင့် နှမဖြစ်သူ ဦးအောင်ဖြိုး ဒေါ်ခင်တို့က ဖခင်၏ နေ့နံနှင့် မသင့်၍ ခေါ်ယူမွေးစားခဲ့သည်။ ရွှေပြည်အေး၏ မွေးစားဖခင် ဦးအောင်ဖြိုးအိမ်၌ ဦးအောင်ဖြိုး၏ နှမဖြစ်သူ ဒေါ်အုန်းပွင့်၏ ခင်ပွန်း ဗိုလ်ပြန် စောင်းဆရာညိမ်းတို့လည်း အတူတကွ နေထိုင်ကြရာ ရွှေပြည်အေးမှာ ငယ်စဉ်ကပင် ဂီတအနုပညာနှင့် ပွန်းတီးခဲ့ရသည်။ ငယ်စဉ် ၆ နှစ်သား အရွယ်ကပင် အကအခုန် ဝါသနာထုံသဖြင့် အဆိုရခက်သော ဖိုးစိန်နှင့် အောင်ဗလတို့၏ သီချင်းများကို မထစ်မငေါ့ သီဆိုနိုင်လေသည်။

ကိုးနှစ်သားအရွယ် မင်းပဲစိုးပဲများဦ စောင်းဆရာညိမ်း၊ စန္ဒယား ဦးဘလတ်၊ ဦးသာဒင် စသည့် ဂီတပညာရှင်ကြီးများ သီဆိုတီးမှုတ်သော တူရိယာဝိုင်းတွင် သီချင်းကြီး သီချင်းခန့်များကို ပိုင်ပိုင်နိုင်နိုင် သီဆိုနိုင်သဖြင့် ကလေးအဆိုတော် တင်မောင်အေး အမည်ဖြင့် လူသိများခဲ့သည်။

ရွှေပြည်အေးသည် စောင်း ဆရာညိမ်း၊ တယော ဘရီ၊ ရကန် ဦးတင် စသည့် ပညာရှင်များထံမှ တွေ့မြင်မှတ်သားသင်ကြားရာ ၁၀ နှစ်သား အရွယ်မှာပင် တယောထိုးကောင်းစွာ တတ်ကျွမ်းခဲ့သည်။ ၁၃ နှစ်သားတွင် မွေးစားဖခင် မိခင်များ ကွယ်လွန်သွားသော်လည်း စောင်း ဆရာညိမ်းနှင့် ဇနီးတို့က သားအဖြစ် ဆက်လက် မွေးစားသည်။ ဆရာညိမ်းသည် မြန်မာ့တူရိယာ ဂီတ ပညာရှင်များကို ချီးမြှင့် အားပေးနေသော သီပေါစော်ဘွားကြီး ဆာစောချယ်ထံသို့ သွားရောက်သည့်အခါ သားတပည့်ရွှေပြည်အေးကို ခေါ်ဆောင်သွား၍ စော်ဘွားကတော် ဒေါ်စောမြအေးကြည် ထံတွင် သီချင်းကြီး သီချင်းခန့်၊ ကြိုးသီချင်းများကို သင်ကြားစေခဲ့သည်။

ရွှေပြည်အေးအား ငယ်စဉ်ကပင် မိဖများက စိန်ဂျန်း

အထက်တန်းကျောင်း၌ အပ်နှံပညာ သင်ကြားပေးသော်လည်း အင်္ဂမတန်းအထိသာ ပညာသင်ကြားခဲ့ပြီး ဂီတနယ်တွင်သာ ပျော်မွေ့ခဲ့သည်။ ဖခင်ဖြစ်သူ ဦးနု၊ စောင်းဆရာညီမ်း၊ စန္ဒယားဦးဘလတ်၊ စန္ဒယားဦးသာဒင်တို့က စန္ဒယားအတီး သင်ကြားပြသပေးသဖြင့် စန္ဒယားကို ကျွမ်းကျင်စွာတီးလာနိုင်သည်။ ဗာဂျာနှင့် ပတ္တလားဆရာလှဘ၊ စောင်းဂျန္ဒာဒေဝ မောင်မောင်ကြီးတို့ ထံမှ ဗာဂျာ ပတ္တလားနှင့် ဂီတပညာများ ဆည်းပူးသင်ကြားခဲ့ပြန်ရာ ၁၉၃၁ ခုနှစ်တွင် စန္ဒယား မောင်အေး အမည်တွင်၍ ကျော်ကြား လာသည်။

၁၉၃၂ ခုနှစ်ကိုလံဗီယာခေတ်ပြားတိုက်တွင် ခေတ်ပြားသွင်းသည့်အခါ အဆိုတော် မကြည်အောင်နှင့် ဘင်ဂျို ကိုနှစ်တို့ အမည်ပေးသည့် ရွှေပြည်အေးအမည်ခံယူခဲ့သည်။

ရွှေပြည်အေးသည် အသံတိတ် ရုပ်ရှင်ခေတ် တီးဝိုင်းများကို ဦးဆောင် တီးမှုတ်ရာ သူ၏ တီးကွက်တီးလက်များမှာ တမျိုးတဖုံဆန်းသစ်၍ ခေတ်တခေတ် ဖြစ်လာလေသည်။ မြန်မာနိုင်ငံတွင် စန္ဒယားကို လက်ဆယ်ချောင်းဖြင့် သိမ်မွေ့နူးညံ့စွာ စတင် တီးခဲ့သူမှာ ရွှေပြည်အေးပင်ဖြစ်သည်။ အိန္ဒိယပြည် ဘုံဘေမြို့၌ ငွေပေးလို့မရ မြန်မာ့ပထမအသံထွက်ဇာတ်ကား သွားရောက် ရိုက်ကူးသည့်အခါ ရွှေပြည်အေးလည်းလိုက်၍ အသံများသွင်းပေးခဲ့ရသည်။

စစ်ကြိုခေတ်တွင် ရွှေပြည်အေး၏ အကျော်ကြားဆုံးသော စန္ဒယားလက်သံခေတ်ပြားမှာ မအေးမိ သီဆိုသော သည်ပန်းဟေဝန် ယိုးဒယားဖိန်းခြားကလေးနှင့် ပန်းမြိုင်လယ် ယိုးဒယားသီချင်း၊ ရွှေကုသိုလ်၊ နန်းကေသီ၊ ဇွတ်ချစ်မယ် စသည် ရွှေပြည်အေး၏ လက်ရာတို့ဖြစ်သည်။

ဂျပန်ခေတ် မြို့ရိုးပြဇာတ်များတွင် ရွှေပြည်အေး ရေးစပ်ခဲ့သော ဗမာ့သွေးခဲ၊ ဤစစ်ကြီးမှာ၊ အော်မိန်းမ၊ ရတနာသိုက်၊ လွမ်းငွေဝေဝေ ပြဇာတ် ဇာတ်ဝင် သီချင်းများကြောင့် ရွှေပြည်အေးအမည်မှာ ပိုမို ထင်ရှားခဲ့သည်။

၁၉၄၉ ခုနှစ် ပြည်တွင်းသောင်းကျန်းမှုများကို တိုက်ပဲ့ဝင်နေရသော တပ်မတော်သားများအတွက် ဂုဏ်ပြုရေးစပ်ဖြေဖျော်သည့် ကျေးစေတမန်သီချင်းကို ဂန္ဓဝင်တေးတပုဒ်အဖြစ် ဂီတပညာရှင်များက လက်ခံခဲ့ကြသည်။

ရွှေပြည်အေးသည် ၁၉၅၂ ခုနှစ်၌ ဖွဲ့စည်းတည်ထောင်သော ဗမာနိုင်ငံ ကာလပေါ် တူရိယာအဖွဲ့ချုပ် ဥက္ကဋ္ဌအဖြစ် တာဝန်ယူ၍ မြန်မာ့ဂီတ တိုးတက်စည်ပင်ရေး အတွက် ဆောင်ရွက်ခဲ့သည်။ ၁၉၅၄ ခုနှစ်တွင် နိုင်ငံတော်အစိုးရက အလင်္ကာကျော်စွာဘွဲ့ဖြင့် ချီးမြှင့်ခဲ့လေသည်။ ၁၉၆၃ ခုနှစ်တွင် ပထမဆုံး စတင်ဖွဲ့စည်းသော မြန်မာနိုင်ငံ ဂီတကောင်စီတွင် ခုနစ်နှစ်တိုင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၆၉ ခုနှစ်မှ စတင်၍ကွယ်လွန်ချိန်အထိ မြေပဒေသာတွင် ဂီတမှူးအဖြစ် ဝင်ရောက်အမှုထမ်းခဲ့ပြီး တိုင်းပြူပြည်ပြူတေးများစွာ ရေးစပ်ခဲ့သည်။ ၁၉၇၅ ခုနှစ်တွင် ကိုယ်ရေးအတ္ထုပ္ပတ္တိကို အခြေခံ၍ အတိတ်က တနာရီ ဟူသော အမည်ဖြင့် လုံးချင်း ဝတ္ထု တပုဒ် ရေးသားထုတ်ဝေခဲ့ပြီး စောလှစန္ဒီ ဝတ္ထုကို ရေးသားပြုစုဆဲ ဖြစ်သည်။

ရွှေပြည်အေးသည် ၁၉၃၁ ခုနှစ် ပဲရော့ရုပ်ရှင် ၃၆ ကောင် ဇာတ်ကားမှသည် ကွယ်လွန်ချိန်အထိ သီချင်းပေါင်း ပုဒ်ရေ နှစ်ထောင်ကျော် ရေးစပ်ခဲ့ရာ နန်းကေသီ၊ ချစ်မိုးစွေ၊ ကျေးစေတမန်၊ ရွှေလည်တိုင်၊ ရွှေအိုးစည်၊ နပန်းဆံ၊ ပွေးတုတ်၊ ဥတုသုံးလီ၊ ခြင်းလုံး စသည့် တေးသီချင်းများမှာ ဂန္ဓဝင်တေးများ အဖြစ် ထင်ရှားခဲ့သည်။ သူနောက်ဆုံး ရေးစပ်သွား၍ ထင်ရှားကျော်ကြားသော တေးသီချင်းမှာ စိမ်းနှင့် စိမ်းသင့်မှ စိမ်း သီချင်းများ ဖြစ်လေသည်။

ရွှေပြည်အေးသည် အသက် ၆၉ နှစ်အရွယ် ၁၉၇၇ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့တွင် ရန်ကုန်မြို့ ဗဟန်းရပ်၌ နှလုံးရောဂါ၊ သွေးတိုးရောဂါတို့ဖြင့် ကွယ်လွန်သည်။

ရွှေဥဒေါင်း (ခရစ် ၁၈၉၉–၁၉၇၃) ။ ။ရွှေဥဒေါင်း၏ အမည်ရင်းသည် ဦးဖေသိန်း ဖြစ် သည်။ ဦးဖေသိန်းကို ၁၈၉၉ ခု အောက်



သတင်းစာဆရာကြီး ရွှေဥဒေါင်း

တိုဘာလ ၂၄ ရက် ကြာသပတေး နေ့တွင် အဖ ဦးဇော နှင့် အမိ ဒေါ်ရွှေတို့မှ မန္တလေးမြို့ ၎ ချိုင့် (ဓားတန်း) ရပ် ၌ ဖွား မြင် သည်။

ဖခင် ဦးဇော သည် ရွှေဘို ခရိုင် မန် ကျည်း တံု ရွာ ဇာတိဖြစ်၍ ကုန်း ဘောင်ခေတ် သိ ပေါ် ဘုရင် လက် ထက် လှတ်တော်စာရေးအဖြစ်အမှုထမ်း၍ မိခင်ဒေါ်ရွှေမူ ကား သီပေါဘုရင်၏စာတော်ဖတ်အဖြစ် အမှုထမ်းရသည်။

အသက်အရွယ် လေးနှစ်သားမှ စ၍ သီလရှင်ကျောင်းတွင် စတင် ပညာဆည်းပူး၍ ခုနစ်နှစ်သား အရွယ်တွင် မန္တလေးမြို့ အိမ်တော်ရာဘုရားတောင်ဖက်ရှိ ဒကွိဏ်ဝံတိုက် မြိတ်ဘုန်းကြီးကျောင်းသို့ ပြောင်းရွှေ့ ပညာသင်ယူသည်။ ၁၉၀၀ ပြည့်နှစ်တွင် ထိုကျောင်းမှပင်အစိုးရစစ်စာတွဲတန်း စာမေးပွဲအောင်သည်။ပဉ္စမတန်းသို့ ရောက်သောအခါ ယင်း

မြိတ် ဘုန်းကြီးကျောင်းကို ဗုဒ္ဓသာသနာ့ နုဂ္ဂဟကျောင်း ဟူ၍ အမည်သစ် ပြောင်းလိုက်သည်။ ပဉ္စမတန်း အောင် လျှင် အေဘီအမ် ခေါ် အမေရိကန်သာသနာပြုကျောင်း သို့ ပြောင်းရွေ့ ပညာသင်ကြားခဲ့သည်။ ၁၉၀၈ ခုနှစ်၌ ကာလကတ္တားတက္ကသိုလ်မှ ကြီးမှူးကျင်းပခဲ့သော အင်း ထရင့် စာမေးပွဲကို အောင်မြင်ခဲ့သည်။ ထိုစာမေးပွဲ အောင် မြင်ပြီးနောက် ဗုဒ္ဓဘာသာကျောင်းတွင်၎င်း၊ အေဘီအမ် ကျောင်းတွင်၎င်း ကျောင်းဆရာအဖြစ် အမှုထမ်းခဲ့သည်။ ထိုသို့ ကျောင်းဆရာအဖြစ် အမှုထမ်းပြီးနောက်ရွှေဘိုမြို့ အရေးပိုင်ရုံး၌ အကူစာရေးကလေးအဖြစ်၎င်း၊ ၎င်းမြို့ သစ် တောရုံး၌ စာရေးကလေးအဖြစ်၎င်း လုပ်ကိုင်ခဲ့သည်။

၁၉၁၀ ပြည့်နှစ်မှ ၁၉၁၄ ခုနှစ် ဧပြီလကုန်အထိ မန္တလေး မြို့ရှိ စိုက်ပျိုးရေးနှင့် သမဝါယမမင်းကြီးရုံး၌ စာရေးအဖြစ် ခန့်ထားခြင်းခံရသည်။ မင်းကြီးနယ်လှည့်ရာလိုက်ပါရသဖြင့် ကိုဖေသိန်းသည် အထက်အောက် မြန်မာ နိုင်ငံ အနှံ့အပြား ရောက်ရှိခဲ့လေသည်။ ယင်းသို့လခစားအလုပ်လုပ်ကိုင်စဉ်ပင် ကိုဖေသိန်းသည် အင်္ဂလိပ်ဝတ္ထုစာအုပ်များအများအပြားကို ဖတ်ရှုခဲ့သည်။

အသက် ၂၆ နှစ်အရွယ် ၁၉၁၅ ခုနှစ် နိုဝင်ဘာလ ဂ ရက် နေ့တွင် ကိုဖေသိန်းသည် သူ၏ပထမဆုံးသော ဝတ္ထုဖြစ် သည့် ရန်ကြီးအောင် ဝတ္ထုကို စတင် ရေးသားခဲ့သည်။

၁၉၁၆ ခုနှစ်တွင် မစ္စက်ဟင်နရီဝုဒ် ရေးသည့် အိစ်လင်း ဝတ္ထုကို မှီငြမ်းပြုကာ ရတနာပုံ ဝတ္ထုကို ရေးသားခဲ့၏။ ၁၉၁၇ ခုနှစ် ဖေဖွာရီလ ၁ ရက်နေ့မှ စ၍ သူရိယမဂ္ဂဇင်း တွင် အယ်ဒီတာအဖြစ် ခန့်ထားခြင်း ခံရပေသည်။

ရန်ကြီးအောင်နှင့် ရတနာပုံလုံးချင်းဝတ္ထု နှစ်အုပ် ရေး ပြီးသောအခါ ဦးဖေသိန်းသည် သူ၏ ကလောင်အမည်ကို ရွှေဥဒေါင်းဟူ၍ ရွေးချယ်ခံယူလိုက်သည်။

ဝတ္ထုများ ရေးရုံမျှသာမကသေး၊ သူရိယမဂ္ဂဇင်းအယ်ဒီ တာအဖြစ် ဆောင်ရွက်နေစဉ်တွင်မြန်မာ့ဗျူဟာဂျာနယ်ကို လည်း ဦးစီးထုတ်ဝေခဲ့ပေသည်။ ၁၉၂၆ ခုနှစ် မတ်လတွင် နယူးဘားမား အင်္ဂလိပ် သတင်းစာတိုက်တွင် ဝင်ရောက် လုပ်ကိုင်သည်။

၁၉၃၀ ပြည့်နှစ် ဖေဖွာရီလ ၁ ရက်နေ့မှစ၍ ပဲခူးမြို့ရှိ ခရစ်ယန်စာပေ အသင်းကြီး၏ ဘာသာပြန် ဆရာအဖြစ် ပြောင်း၍ လုပ်သည်။ ပြန် ဆို ခဲ့ သော ဘာ သာ ပြန် စာအုပ်များမှာ ယဉ်ကျေးမှု၏ မှတ်တိုင်များ၊ ဗုတ်ကာတီ ငါရှင်တန်၏အတ္ထုပ္ပတ္တိ၊ ဝတ္ထုတိုကလေးများနှင့် ခရစ်တော် အကဲ့စသည်များ ဖြစ်သည်။

ဦးဖေသိန်းသည် မန္တလေးမြို့ လူထုသတင်းစာ၌အယ်ဒီ တာချုပ်အဖြစ် ဆောင်ရွက်ခဲ့သည်။ ဟံသာဝတီ သတင်း စာတွင်ဗုဒ္ဓဃောသ (၂) အမည်နှင့် သာသနာရေးဆောင်း ပါးများကိုလည်း၊ ရွှေဥဒေါင်းအမည်ဖြင့် 'ဗဟုသုတ ဟင်း လေးအိုး' အခန်းကိုလည်း ရေးသားခဲ့သည်။

ရွှေဥဒေါင်းသည် ၁၉၂၂ ခုနှစ် စက်တင်ဘာလ ၃၀ ရက် နေ့တွင် သခင်ကိုယ်တော်မှိုင်း ခေါင်းဆောင်သော ကမ္ဘာ့ ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့နှင့် တရုတ်ပြည်သို့ လိုက်ပါ သွားခဲ့သည်။ အပြန်တွင် "တရုတ်ပြည်သစ် ကိုယ်တွေ့" စာအုပ်ကို ရေးသည်။ ၁၉၆၂ ခုနှစ် နှစ်ဦးပိုင်းကလည်း အာဖရိအေရှန် (အာရှအာဖရိက) ချစ်ကြည်ရေး အသင်းမှ ရုရှနိုင်ငံသို့ စေလွှတ်သော ကိုယ်စားလှယ် အဖွဲ့တွင်လည်း အဖွဲ့ဝင်အဖြစ် သွားရောက်ခဲ့ဘူးပေသည်။

ရွှေဥဒေါင်းသည် ၁၉၆၃ ခု အောက်တိုဘာလတွင် တော်လှန်ရေးအစိုးရ ပြန်ကြားရေးဌာနမှ ထုတ်ဝေသော လုပ်သားပြည်သူ နေ့စဉ်သတင်းစာတွင် အယ်ဒီတာချုပ် အဖြစ် ခန့်ထားခြင်းခံရသည်။

ရွှေဥဒေါင်းသည်ဘာသာပြန်ဝတ္ထုနှင့် ပင်ကိုယ်ရေးဝတ္ထု ပေါင်း များစွာကို ရေးသားခဲ့ရာ ထင်ရှားသော စာအုပ် များမှာ ရတနာပုံ၊ ရူပနန္ဒီ၊ရတနာပူရ၊ ခင်စက်မေ၊ ဂျာမဒါ ကိုကိုကြီး ဝတ္ထုတိုများ၊ ရန်အောင်မင်္ဂလာ၊ လမ်းနှစ်သွယ်၊ ဝသုံးလုံး၊ ပထမံဆရာသိန်း၊ အိုင်ဗင်ဟို၊ သူရဲကောင်း သုံး ယောက်၊ ဇော်ဟိတ်ဝတ္ထုတိုများ၊ကိုယ်ရံတော်၊မျော်တလင့် လင့်၊ တရုတ်ပြည်သစ်ကိုယ်တွေ့၊ ဦးဖေသိန်း၏ ရွှေဥဒေါင်း နှင့် တသက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ စာအုပ် တို့ ဖြစ်ပေသည်။ရွှေဥဒေါင်းသည် ၁၉၇၃ ခုနှစ် ဩဂုတ်လ ၁၀ ရက်သောကြာနေ့ည ၇ နာရီခန့်တွင်အနိစ္စရောက်သည်။

လီကွမ်ယူ (ခရစ် ၁၉၂၃ ဖွား)။ ။စင်္ကာပူသမ္မတနိုင်ငံ၏ ဝန်ကြီးချုပ်လီကွမ်ယူသည် ကိုလိုနီ ဆန့်ကျင်ရေးနှင့် ကွန်မြူ နစ် ဆန့်ကျင်ရေး ဝါဒီအဖြစ်ဖြင့် ပါလီမန် ဒီမိုကရေစီကို ထောက်ခံသည့် အရှေ့တောင်အာရှနိုင်ငံရေး ခေါင်းဆောင် တဦးဖြစ်သည်။ လီကွမ်ယူသည် အာရှနှင့်ဓနသဟာယ အဖွဲ့ ဝင်နိုင်ငံများအတွင်း ပိုမိုထင်ရှားသူ ဖြစ်၏။

လီကွမ်ယူကို ၁၉ ရာစုမှစ၍ စင်္ကာပူမြို့၌ အခြေခိုင်လာ သော လူချမ်းသာ တရုတ် မိသားစုမှ ၁၉၂၃ ခုနှစ် စက် တင်ဘာလ ၁၆ ရက်နေ့တွင် ဖွားမြင်သည်။

လီကွမ်ယူသည် စင်္ကာပူ၌ ပညာစ၍ သင်ယူပြီးနောက် ထက်မြက်သော ကျောင်းသား ဖြစ်သည့်အတိုင်း ရတ်ဖဲ့ ကောလိပ်သို့ တက်ရောက်သင်ကြားရန် ပညာတော်သင်ဆု ရခဲ့သည်။ ရတ်ဖဲ့ ကောလိပ်မှ အောင်မြင်ပြီးနောက် အင်္ဂ လန်ပြည်ရှိ ကိန်းဗရစ် တက္ကသိုလ်တွင် ဥပဒေပညာရပ်နှစ်ခု တွင် ဂုဏ်ထူးတန်း တက်ရပြီး ဂုဏ်ထူးကျောင်းသားများ၏ ရွှေတန်းမှဖြစ်လေသည်။ထိုမှ ၁၉၅၀ ပြည့်နှစ်တွင် အင်္ဂလန် ပြည် ဝတ်လုံအဖွဲ့၌ ဝင်ခွင့်ရသည်။ထိုနှစ်တွင်ပင် စင်္ကာပူမြို့



ဝန်ကြီးချုပ် လီကွမ်ယူ

သို့ပြန်လာရာ စာပို့တိုက် သမဂ္ဂ၏ ဥပဒေအကြံပေး အဖြစ် ခန့်အပ်ခံရသည်။ ထိုစဉ်သူသည် စာပို့တိုက် လုပ်သားများအခကြေးငွေပိုရရေး အတွက် ညှိနှိုင်းဆွေးနွေးပွဲများတွင် ပါဝင်ပြီး အခြား ဝါဏိဇ္ဇ သမဂ္ဂများ အတွက်လည်း အလားတူ ဆောင်ရွက်ပေးခဲ့ရလေသည်။

စက်ာပူ၏ ဥပဒေပြု ကောင်စီ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပြန်လည် ပြုပြင်ရေးအတွက် စိုင်းပြင်းနေကြဆဲ၌ လီကွမ်ယူသည် နိုင်ငံရေးခေါင်းဆောင်သစ် နှစ်ဦးနှင့် ပူးပေါင်းလျက် ဥပဒေပြု ကောင်စီအတွင်း တရုတ်ကုန်သည်များ ချုပ်ကိုင်မှုရနေသည်ကို တိုက်လေသည်။ မကြာမီ ပြည်သူ လှုပ်ရှားမှု ပါတီ(ပီအေပီ)၏ အတွင်းရေးမှူးချုပ် ဖြစ်လာခဲ့သည်။

၁၉၅၆ ခုနှစ်တွင် လီကွမ်ယူသည် လန်ဒန်မြို့သို့ စက်ာပူ ကိုယ်ပိုင်အုပ်ချုပ်ရေး တောင်းရန်သွားသည်။ သို့သော် မအောင်မြင်ပဲ နိုင်ငံလှုပ်လှုပ်ရှားရှား ဖြစ်လာသဖြင့် ပီအေပီ ခေါင်းဆောင်များ အဖမ်းခံရသည်။ ထိုအခါ ပီအေပီပါတီ အတွင်းအာဏာလုပွဲများပေါ်လာပြီး ပါတီ၏ လက်ဝဲ သမားများကသူအား အတွင်းရေးမှူးချုပ် ရာထူးမှ ထုတ်ပယ်လိုက်သည်။ သို့သော် မကြာမီ ထိုရာထူးကို ပြန်ရပြီး ၁၉၅၈ ခုနှစ်တွင်စက်ာပူနိုင်ငံကို ဓနသဟာယ အဖွဲ့ဝင်နိုင်ငံများ အတွင်း ကိုယ်ပိုင် အုပ်ချုပ်ရေးရသော နိုင်ငံဖြစ်စေရန် လန်ဒန်တွင် ဆွေးနွေးရာ၌ အကူအညီ ပေးခဲ့သည်။ ၁၉၅၉ ခုနှစ် မေလရွေးကောက်ပွဲတွင် လီကွမ်ယူ၏ ပါတီသည် မဲအပြတ်အသတ်ဖြင့် အနိုင်ရသော်လည်း သူ့ပါတီမှ လက်ဝဲသမားများကို ထောင်မှ လွှတ်မပေးသေးသမျှ အစိုးရမဖွဲ့ဟု ဆိုသဖြင့် ထောင်မှ လွှတ်ပေးရသည်။ ထိုအခါမှ သူကိုယ်တိုင် ဝန်ကြီးချုပ်အဖြစ် အစိုးရအဖွဲ့ကို ဖွဲ့စည်းသည်။ ယူ သည်အမျိုးသမီး လွှတ်မြောက်ရေးနှင့် ပညာရေးဝန်ဆောင် လုပ်ငန်းများ ချဲ့ထွင်ရေးစသည် အခြေခံသော ပြုပြင်မှုများ လုပ်နိုင်မည့် ငါးနှစ်စီမံကိန်းကို ချမှတ်ဆောင်ရွက်သည်။

၁၉၆၁ ခုနှစ်တွင် ပါတီမှ လက်ဝဲ သမားများက ဆိုရှယ်လစ် တပ်ဦးဖွဲ့ရန်ခွဲထွက်၍ ယူ၏ခေါင်းဆောင်မှုကို အန်တုခဲ့သည်။ သို့သော် ၁၉၆၂ ခုနှစ် ပြည်သူ့ဆန္ဒခံယူပွဲ၌ ယူပင် အနိုင်ရ၍ ၁၉၆၃ ခုနှစ်တွင် စက်ာပူနိုင်ငံကို မလေးရှား ပြည်ထောင်စု သမ္မတနိုင်ငံထဲသို့ ယူက ပါဝင်စေသည်။ သို့သော် ၁၉၆၅ ခုနှစ် ဩဂုတ်လတွင်စက်ာပူနိုင်ငံ ခွဲထွက်ကာ စက်ာပူ သမ္မတ နိုင်ငံ ထူထောင်၍ လီကွမ်ယူက ဝန်ကြီးချုပ်အဖြစ် ဆောင်ရွက်သည်။

လီကွမ်ယူ၏ ခေါင်းဆောင်မှု အောက်တွင် စက်ာပူနိုင်ငံ၌ ကုန်သွယ်ရေးနှင့် စက်မှုလက်မှု ဖွံ့ဖြိုး၍ လူနေမှု အဆင့် အတန်း မြင့်မားလာရာ တဦးချင်းပျမ်းမျှ ဝင်ငွေတွင် စက်ာပူနိုင်ငံသည် ဂျပန်နောက် ဒုတိယ လိုက်လျက်ရှိ၏။

လီဆိုသိုနိုင်ငံ။ ။လီဆိုသိုနိုင်ငံ၏ မူရင်းအမည်မှာဗာဆူတိုလန် ဖြစ်သည်။တောင်အာဖရိက သမ္မတနိုင်ငံက လီဆိုသိုနိုင်ငံအား အဖက်ဖက်မှ ဝိုင်းရံ ထားလျက် ရှိသည်။ လီဆိုသို နိုင်ငံ၏ အကျယ်အဝန်းမှာ စတုရန်း မိုင် ၁၁,၇၂၀ ဖြစ်သည်။ မြို့တော်မှာ မဆေရူးမြို့ဖြစ်သည်။မြေမျက်နှာပြင် အနေအထားကို ခြုံ၍ ကြည့်လျှင် တနိုင်ငံလုံးသည် ပင်လယ်ရေမျက်နှာပြင်ထက်မြင့်သည်။



မြေမျက်နှာပြင်တခုလုံးသည် နေထွက်ရာဖက်သို့ အနည်းငယ် စွေစောင်းနေပြီး တောင်တန်းများသည် တခုနှင့်တခု ဆက်စပ်နေပြီး မိုးကုတ်စက်ဝိုင်း ပျောက်နေသဖြင့် လီဆိုသို နိုင်ငံကို မိုးကုတ်စက်ဝိုင်းပျောက်နေသော နိုင်ငံဟုလည်း ခေါ်ကြသည်။ ရာသီ ဥတုမှာသာယာသည်။

လီဆိုသို နိုင်ငံ၏ လူဦးရေမှာ ၁၉၇၆ ခုနှစ် ခန့်မှန်းခြေအရ ၁,၀၆၅,၀၀၀ ဦးရှိသည်။ ဗာဆူတို သို့မဟုတ်ဆိုသို တိုင်းရင်းသားတို့သာ များသည်။ လူဦးရေ ၇၀ ရာခိုင်နှုန်းမှာ ခရစ်ယန် ဘာသာဝင်များ ဖြစ်ကြသည်။

ယခုအချိန်အထိ လီဆိုသို နိုင်ငံတွင် စိန်ရိုင်းအနည်းငယ်မှအပ အခြား သယံဇာတ ပစ္စည်းများ တူးဖော်ရရှိခြင်း မရှိပေ။ ထို့ကြောင့်လည်း စက်မှုလုပ်ငန်း ထွန်းကားခြင်းမရှိပေ။ စိုက်ပျိုးရေးနှင့် မွေးမြူရေးမှာ နိုင်ငံ၏ အဓိက စီးပွားရေးဖြစ်သည်။ အဓိက စိုက်ပျိုးသီးနှံမှာ ဂျုံ ပြောင်း၊ အုတ်၊ ဘာလီနှင့် ဟင်းသီး ဟင်းရွက်များ ဖြစ်သည်။ ကမ္ဘာကျော် စီးမြင်းများလည်း မွေးမြူသည်။

၁၉၀၈ ခုနှစ်တွင် တောင်အာဖရိက လေးနိုင်ငံစုပေါင်း၍ ပြည်ထောင်စုဖွဲ့စည်းရန် အကြံပြုသည့်အခါ ဗာဆူတိုလန် ခေါင်းဆောင်များက အင်္ဂလန်သို့ ကိုယ်စားလှယ်လွှတ်၍

မည်သည့် အနာဂတ်တွင် ဖွဲ့စည်းမည့် ပြည်ထောင်စုတွင်မှ မပါဝင်လိုကြောင်း အရေးဆိုရာ တောင်အာဖရိက ပြည်ထောင်စု အက်ဥပဒေကို ထုတ်ပြန်သည့်အခါ ဗာဆူတိုလန်သည် ဗြိတိသျှကိုလိုနီအဖြစ်နှင့်ပင်ဆက်လက်တည်ရှိခဲ့သည်။

၁၉၁၀ ပြည့်နှစ်တွင် အမျိုးသားအဖွဲ့ဝင် ၉၉ ဦး ပါဝင်သည့် ဗာဆူတိုလန် ကောင်စီဟုတွင်သောအကြံပေးအဖွဲ့ကို ဖွဲ့စည်းပေးသည်။ မကြာမီ နိုင်ငံရေးအသင်းအဖွဲ့များ ပေါ်ပေါက်လာသည်။ ဗာဆူတိုလန် အမျိုးသား ကွန်ဂရက် ပါတီက ပြည်သူ ကိုယ်စားလှယ်များဖြင့် အုပ်ချုပ်သော အစိုးရ ဖွဲ့စည်းရေးကို တောင်းဆိုခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် ဗာဆူတိုလန် ကောင်စီက ဥပဒေပြု ကောင်စီ ဖွဲ့စည်းပေးရေးကို တောင်းဆိုခဲ့ရာ ၁၉၆၀ ပြည့်နှစ်တွင် ဥပဒေပြုအဖွဲ့၊ ဗာဆူတိုလန် အမျိုးသား ကောင်စီနှင့် အုပ်ချုပ်ရေး ကောင်စီတို့ကို ဖွဲ့စည်းခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် အခြေခံဥပဒေကော်မရှင်ကို ဖွဲ့စည်း ရေးဆွဲစေသည်။ ၁၉၆၄ ခုနှစ် မေလ ၁၅ ရက်နေ့တွင် လန်ဒန်မြို့၌ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကွန်ဖရင့် တရပ်ကို ကျင်းပကာ ၁၉၆၅ ခုနှစ် ဧပြီလ ၃၀ ရက်နေ့မှစ၍ ဗာဆူတိုလန်အား ကိုယ်ပိုင် အုပ်ချုပ်ခွင့် ပေးမည်ဖြစ်ပြီး ပထမ ရွေးကောက်ပွဲပြီးချိန်မှ တနှစ်အတွင်း လွတ်လပ်ရေး တောင်းဆိုပါက ဗြိတိသျှ အစိုးရက တိုင်းရင်းသားတို့၏ လိုလားချက်ကို အမြန်ဆုံး ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။

ပထမဆုံး ရွေးကောက်ပွဲကို ၁၉၆၅ ခုနှစ် ဧပြီလ ၂၉ ရက်နှင့် ၃၀ ရက်နေ့များတွင် ကျင်းပရာ အမျိုးသား ပါတီက အနိုင်ရသဖြင့် လေဘွဂျိုနာသန်ဝန်ကြီးချုပ်အဖြစ်တာဝန်ယူ၍ ဇူလိုင်လ ၁ ရက်နေ့တွင်အစိုးရအဖွဲ့သစ်ကို ဖွဲ့စည်းခဲ့သည်။

၁၉၆၅ ခု နိုဝင်ဘာလတွင် လန်ဒန်မြို့၌ ကျင်းပသော ကွန်ဖရင့်၌ ဝန်ကြီးချုပ် ဂျိုနာသန်က လွတ်လပ်ရေးကို ၁၉၆၆ ခု ဧပြီလ ၂၉ ရက်နေ့ နောက်ပိုင်းတွင် အမြန်ဆုံး ပေးရန်တင်ပြရာ ဗြိတိသျှ အစိုးရက ၁၉၆၆ ခု ဩဂုတ်လ ၃ ရက်နေ့တွင် လီဆိုသို လွတ်လပ်ရေး အက် ဥပဒေကို ပြဋ္ဌာန်းအတည်ပြုခဲ့သည်။ ထို့ကြောင့် ၁၉၆၆ ခုနှစ် အောက်တိုဘာလ ၄ ရက်နေ့တွင် ဗာဆူတိုလန် နိုင်ငံသည် လီဆိုသို ဟူသော အမည်သစ်ဖြင့် လုံးဝ လွတ်လပ်သော နိုင်ငံဖြစ်လာ ခဲ့ပေသည်။

ဤလွတ်လပ်သော လီဆိုသို နိုင်ငံ၏ ဘုရင်မှာ ဒုတိယမြောက် မိုးရှူးရှူး ဖြစ်၍ ဝန်ကြီးချုပ်မှာ လေဘွဂျိုနာသန် ဖြစ်သည်။စည်းမျဉ်းခံ ဘုရင်စနစ်ကိုကျင့်သုံးသော ဗြိတိသျှ ဓနသဟာယအဖွဲ့ဝင် နိုင်ငံဖြစ်သည်။

၁၉၇၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲတွင် မိုခ်ဟီ အနိုင်ရသော်လည်း လက်ရှိဝန်ကြီးချုပ် ဂျိုနာသန်က အရေးပေါ် ဥပဒေကို ထုတ်ပြန်ကာ ရွေးကောက်ပွဲကို ခေတ္တရပ်ဆိုင်းပြီး ၁၉၆၆ ခုနှစ်က ထုတ်ပြန်ခဲ့သော အခြေခံဥပဒေကို ၁၉၇၀ ပြည့်နှစ် ဇန္ဇဝါရီလ ၃၀ ရက်နေ့မှစ၍ ဖျက်သိမ်းလိုက်ကြောင်း ဖေဖွာရီလ ၁၀ ရက်နေ့တွင် မာဘီရှမြို့မှ ကြေငြာချက် ထုတ်ပြန်လိုက်သည်။ မိုခ်ဟီနှင့် အပေါင်းပါ အတိုက်အခံ နိုင်ငံရေး ခေါင်းဆောင် ၄၅ ဦးအား ဖမ်းဆီး၍ ထောင်ချပြီး ဘုရင်ကိုလည်း အတိုက်အခံ ပါတီဖက်သို့ ပင်းသည်ဟုဆိုကာ ရာထူးမှ စွန့်လွှတ်စေကာ နယ်သာလန် နိုင်ငံသို့ ပြည်နှင်ဒဏ် ပေးလိုက်သည်။ ထိုနောက် မိဖုရားနှင့် ခုနစ်နှစ်အရွယ် သားတော်ကလေးအား ရင်ခွင်ပိုက်ဘုရင်အမည်ခံယူ၍ အုပ်ချုပ်စေသည်။

၁၉၇၃ ခုနှစ်တွင် လီဆိုသို နိုင်ငံ၏ အခြေခံ ဥပဒေသစ်ကို ရေးဆွဲကြသည်။ ဘုရင် ဒုတိယ မိုးရှူးရှူးသည် ဝန်ကြီးချုပ် ဂျိုနာသန်နှင့် စေ့စပ်ပြီး သဘောတူညီမှုရယူကာ လီဆိုသို နိုင်ငံသို့ ပြန်လာခဲ့သည်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်တွင် ဘုရင် မိုးရှူးရှူးအား နိုင်ငံ၏အကြီးအကဲ ဘုရင်အဖြစ် နာမည်ခံစေသော်လည်း နိုင်ငံရေးတွင် ဝင်ရောက်စွက်ဖက် ဆောင်ရွက်ခွင့် မပေးချေ။

လူငယ်စည်းရုံးရေး။ ။မြန်မာ့ ဆို ရှယ် လစ် လမ်းစဉ် ပါတီသည် ပါတီဝင်သစ်များဖြင့် အစဉ်အားသစ် လောင်းနိုင်ရန်နှင့် ဆိုရှယ်လစ်လောကသို့ချီတက်ရာတွင် လုပ်သား ပြည်သူများနှင့်အတူ လူငယ်လူရွယ်များကိုပါ စည်းရုံးခေါ် ဆောင်သွားရန် လိုအပ်သည်ဟု အလေးအနက်ခံယူထားပေသည်။ ဤခံယူချက်ဖြင့် လူငယ်စည်းရုံးရေးလုပ်ငန်းများ ကိုနယ်ပယ်အသီးသီးမှ ပါဝင် လှုပ်ရှားနိုင်ရန် စီစဉ်ခဲ့သည်။ ပထမဦးစွာ တစုတစည်းတည်းရှိနေသော ကျောင်းသား နယ်ပယ်တွင် အလေးပေး စည်းရုံးခဲ့သည်။

ထို့ကြောင့်ပင် ၁၉၆၄ ခုနှစ်မှစ၍ ကျောင်းသား လူငယ့်ရေးရာ ဌာနကို ဖွင့်လှစ် တည်ထောင်ကာ ကျောင်းသား လူငယ်များကို စည်းရုံးခဲ့သည်။ ကျောင်းအသီးသီးတွင် ကျောင်းကောင်စီများကို ဖွဲ့စည်းပေးခဲ့သည်။ ထို့နောက် ကြွံခိုင်ပျော်ရွှင်သင်တန်း၊ ရေကြောင်း လူငယ် သင်တန်း၊ လေကြောင်းလူငယ်သင်တန်း၊ နွေရာသီ လေ့ကျင့်ရေးသင်တန်း၊ ပန်းချီသင်တန်း၊ ကြက်ခြေနီ သင်တန်း စသော သင်တန်းများကို ဖွင့်လှစ်ကာ လူငယ်များကို အလေးပေး စည်းရုံးခဲ့သည်။

၁၉၇၁ ခုနှစ်က ကျင်းပခဲ့သော ပထမအကြိမ်ပါတီညီလာခံတွင် ပါတီကတိုက်ရိုက်ဦးဆောင်မည့် အဖွဲ့အစည်းတရပ်ကို ထူထောင်ရန် လူငယ် တည်ထောင်ရေး ကာလ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို ပြဋ္ဌာန်းပေးခဲ့ပေသည်။ ယင်း စည်းမျဉ်းနှင့်အညီ မြန်မာနိုင်ငံ လူငယ်ထု တရပ်လုံးအား လမ်းစဉ်လူငယ် အဖွဲ့ဝင်များ အဖြစ် စည်းရုံးဦးဆောင်သွားရန်



လမ်းစဉ်လူငယ်များ၏ စုပေါင်းလုပ်အားပေးပွဲ

လည်းလမ်းစဉ်လူငယ်စည်းရုံးရေးဗဟိုကော်မတီကို ၁၉၇၁ ခု ဩဂုတ်လတွင် ဖွဲ့စည်းပေးခဲ့သည်။ ထိုအချိန်မှစ၍ လမ်းစဉ် လူငယ် စည်းရုံးရေး,ဗဟိုကော်မတီသည်ကျေးလက်လူငယ်၊ လုပ်သားလူငယ်၊ ကျောင်းသားလူငယ်များနှင့် တပ်မတော် လူငယ်များအား အမာခံထား၍ လူငယ်ထု တရပ်လုံးကို စည်းရုံး လေ့ကျင့်ပေးခဲ့ပေသည်။

လွှမ်းစဉ်လူငယ် အဖွဲ့ကို ဖွဲ့စည်းသည့် ရည်ရွယ်ချက်မှာ လူငယ်များ အားလုံး မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၏ အရန်အင်အားများ ဖြစ်လာစေရေး၊လမ်းစဉ်ပါတီ၏ စည်းရုံးမှု ထိရောက်ထက်မြက်စေရေး အတွက် အထောက်အကူ ဖြစ်ရေး၊ လူငယ်ထု အတွင်း မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ် အတွေးအခေါ်များ ပြန့်ပွားရေးနှင့် ဆိုရှယ်လစ်စနစ် တည် ဆောက်သူများ၊ ကာကွယ် စောင့်ရှောက်မှုများ ဖြစ်လာ ရေးတို့ကို ရည်ရွယ်၍ လမ်းစဉ်လူငယ်အဖွဲ့ကို ဖွဲ့စည်းခဲ့ကြ သည်။ လမ်းစဉ်လူငယ်အဖွဲ့သည် အမိနိုင်ငံကို သစ္စာရှိ၍ လုပ်သားပြည်သူများကို ချစ်မြတ်နိုးသော လူငယ် လူရွယ် များ ဖြစ်စေရန်၊ ကျန်းမာသန်စွမ်း၍ အလုပ်ကြိုးစားသော လူငယ်များဖြစ်စေရန်၊ ဆိုရှယ်လစ် တည်ဆောက်ရေးတွင် လူငယ်တို့ စုပေါင်းညီညွတ်စွာ ပါဝင်ကြစေရန် အလုပ် လုပ် ခြင်းကို ဂုဏ်ယူသော လူငယ် လူရွယ်များ ဖြစ်စေရန်နှင့် ဆိုရှယ်လစ် အသိစိတ်ဓာတ် ရင့်သန်သော လမ်းစဉ်ပါတီ ကေဒါလောင်းများနှင့် တက်ကြွသော ပါတီဝင်များ ဖြစ် လာစေရန်အတွက် လမ်းစဉ်လူငယ်များကို လေ့ကျင့် ပျိုး ထောင်သွားဖို့ အဓိကထား ဆောင်ရွက်လျက်ရှိသည်။

တဖက်တွင်လည်း လမ်းစဉ်လူငယ်အဖွဲ့၏ အဝန်းအဝိုင်း ဘောင်အတွင်း၌ပင် အသက် အုပ်စုနှင့် အသိအမြင် ကွာ ခြားမှုကိုလိုက်၍ ရွှေဆောင်လူငယ် အဖွဲ့နှင့် တေဇလူငယ် အဖွဲ့တို့ကိုလည်း ခွဲခြားဖွဲ့စည်းပြီး လူငယ်များကို အသက် အရွယ်အလိုက် လေ့ကျင့် ပျိုးထောင်ပေးလေသည်။

ယင်းသို့ ပျိုးထောင်ရာ၌ ယနေ့ လူငယ်များအားပြည်သူ ဘဝကို ခံယူသော လုပ်အားပေးပွဲများဖြင့်ရင်း၊သင်တန်း များ ပို့ချပေးခြင်းဖြင့်ရင်း၊ ဒေသန္တရဗဟုသုတ ရှာဖွေရေး ဖြင့်ရင်း နည်းလမ်း အသွယ်သွယ်ဖြင့် စည်းရုံးပျိုးထောင် ပေးသည်။

လူငယ်လုပ်အားပေး လုပ်ငန်းများကိုလည်း အမျိုးမျိုး ဖွင့်လှစ်ပေးထားပေသည်။ အခြေခံ ပညာရေး အထက်တန်း အောင်သူတို့ အတွက် အခြေစိုက် လုပ်အားပေး လုပ်ငန်း၊ ဌာနဆိုင်ရာလုပ်အားပေးလုပ်ငန်း၊ နွေရာသီ စက်ရုံအလုပ်ရုံ လုပ်အားပေးလုပ်ငန်း၊မိုးရာသီစိုးပွားရေး စစ်တမ်း ကောက် ယူရေးလုပ်ငန်း၊ စာတတ်မြောက်ရေးလုပ်ငန်း စသည်တို့ကို စီစဉ်ထားလေသည်။

၁၉၆၄ ခုနှစ်က စတင်ခဲ့သော စာတတ်မြောက်ရေး လှုပ် ရှားမှုကြီးတွင် တက္ကသိုလ်၊ ကောလိပ်သိပ္ပံနှင့် ကျောင်းများမှ စေတနာရှင် လုပ်အားပေးလူငယ်များ အမြောက် အများ ပါဝင်ဆင်နွှဲခဲ့ကြသည်။ ယနေ့ဆိုလျှင် လူငယ် လုပ်အားပေး သူပေါင်း ၂၂၀,၂၄၁ ဦး၏ လုံ့လဖြင့် ပြည်သူ့,၁၁၉၄,၅၀၅ ဦး စာတတ်မြောက်သည် အထိ အောင်မြင်ခဲ့ပေပြီ။
(စာတတ်မြောက်ရေးလုပ်ငန်း—ရှု။)

လူငယ်ပညာပေး လုပ်ငန်းပိုင်းအနေဖြင့် လမ်းစဉ်လူငယ် စီမံခန့်ခွဲမှုသင်တန်း ခုနစ်ခု ပို့ချခဲ့ပြီး ဖြစ်သည်။ သင်တန်း ခုနစ်ခုအတွင်း သင်တန်းသားပေါင်း ၈၃၁ ဦး တက်ရောက် သင်ကြားခဲ့သည်။ ထို့ပြင် လမ်းစဉ်လူငယ်စည်းရုံးရေးဗဟို ကော်မတီ ဌာနချုပ်မှ ဖွင့်လှစ်ခဲ့သော လမ်းစဉ်လူငယ် ခေါင်းဆောင်သင်တန်း ခုနစ်ခုတွင်လည်း လူငယ်ပေါင်း ၅,၄၅၆ ဦး တက်ရောက်ခဲ့သည်။ လမ်းစဉ် လူငယ် မှမ်းမံ သင်တန်း ရှစ်ခု ပို့ချပြီးခဲ့ရာတွင် လူငယ် ၉၃၂ ဦး သင်တန်း တက်ခဲ့သည်။အလားတူပင်မြို့နယ်အလိုက်၊ လူငယ်သင်တန်း များကိုလည်း အခါအားလျော်စွာ ပို့ချပေးလျက်ရှိသည်။

၁၉၇၆ ခုနှစ် ဇူလိုင်လအထိ အဖွဲ့ဝင်အဖြစ် အသိအမှတ် ပြုပြီးသော လမ်းစဉ်လူငယ် အဖွဲ့ဝင် ဦးရေ စုစုပေါင်းမှာ ၄၇၂,၄၆၅ ယောက် ရှိသည်။ ယင်းတို့တွင် အမျိုးသား ၂၀၀,၅၁၀ နှင့် အမျိုးသမီး ၁၉၁,၉၅၅ ဖြစ်သည်။

လူတန်းစားအလိုက် ကြည့်ပါ ကျောင်းသားလူငယ် ၂၅၇,၇၃၀ ယောက်၊ လုပ်သားလူငယ် ၂၀,၄၆၁ ယောက်၊ ကျေးလက် လူငယ်က ၁၃၇,၀၇၁ ယောက်နှင့် အခြား လူငယ် ပမာဏ ၄၀,၃၉၅ ယောက်တို့ဖြစ်သည်။

၁၉၇၆ ခု မတ်လအထိ မြန်မာနိုင်ငံ၏ လူငယ် ဦးရေ စာရင်းကို ကြည့်လျှင် အသက် ၆ နှစ်မှ ၉ နှစ် အထိ ၃,၁၀၅,၃၀၆ ယောက်၊၁၀ နှစ်မှ ၁၄ နှစ် အထိ ၃,၅၁၁,၀၀၀

ယောက်နှုန် ၁၅ နှစ်မှ ၂၄ နှစ် အောက်အထိ ၅,၆၆၁,၀၀၀ ယောက် ရှိကြောင်း သိရသည်။

ထို့ကြောင့် ယေဘုယျ လူငယ် စည်းရုံးရေး အခြေအနေကို ကြည့်လျှင် လမ်းစဉ် လူငယ် စည်းရုံးရေး ဗဟို ကော်မတီကို စတင် တည်ထောင်သည့် နှစ်မှ စ၍ ယနေ့အထိ လူငယ်များကို စုစည်း၊ စည်းရုံး ပျိုးထောင်ခဲ့ရာ မြန်မာနိုင်ငံတွင် လူငယ်အင်အား ၁၂,၃၅၇,၃၀၆ ယောက် ရှိသည့်အနက် လူငယ်အင်အား ၄၇၂,၄၆၅ ယောက်ကို လမ်းစဉ်လူငယ် အင်အားအဖြစ် စုစည်းစည်းရုံး နိုင်ခဲ့သည်။

ဤ အခြေအနေကို ကြည့်ခြင်းအားဖြင့် နိုင်ငံတော်သည် လူငယ်အမျိုးသားအင်အား ၄ ဒသမ ၅၃၉ ရာခိုင်နှုန်းနှင့် လူငယ်အမျိုးသမီး အင်အား ၃ ဒသမ ၁၀၉ ရာခိုင်နှုန်းသာ စည်းရုံးနိုင်သေးကြောင်း တွေ့ရလေသည်။ ထို့ကြောင့် လမ်းစဉ်လူငယ် စည်းရုံးရေး ဗဟိုကော်မတီသည် လူငယ် အတော်များများကို ဆက်လက် စည်းရုံးသွားရဦးမည် ဖြစ်သည်။

လူရည်ချွန် စီမံကိန်း။ ။ပြည်ထောင်စုမြန်မာနိုင်ငံတွင် တော်လှန်ရေးကောင်စီသည် သမိုင်းပေး တာဝန်အရ နိုင်ငံတော်၏အခြေအနေကိုထိန်းသိမ်းခဲ့ရပြီးနောက် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်နှင့်အညီ ပညာရေးစနစ်သစ် တရပ်ကို ချမှတ်၍ စတင် အကောင် အထည်ဖော် ကျင့်သုံးခဲ့သည်။

ပညာရေးစနစ်သစ်တွင် "ဘက်စုံဖွံ့ဖြိုးသူများ ပေါ်ထွန်းလာစေရေး"ဟူသော အခြေခံရည်မှန်းချက်တရပ်ပါရှိလာရာ ယင်းရည်မှန်းချက်ကို အကောင်အထည် ဖော်သည့်အနေဖြင့် ပညာရေး လက်တွေ့ဖွံ့ဖြိုးမှု လုပ်ငန်းများကို တဲ့ဘက်သင်ရိုးညွှန်းတန်းအဖြစ်သတ်မှတ်ပြီးလျှင် ကျောင်းများ၌ လေ့ကျင့်သင်ကြားစေခဲ့သည်။ ယင်းသို့ သင်ကြားလေ့ကျင့်ပေးသည့်အမျှ ကျောင်းသားလူငယ်များနှင့် မိဖများပါ ပိုမို စိတ်ထက်သန်လာကာ သင်ကြား နာယူရေးအတွက် လူရည်ချွန် စီမံကိန်းကို ၁၉၆၄ ခုနှစ်မှစ၍ အကောင်အထည် ဖော်လေသည်။ ယင်း စီမံကိန်း၏ ရည်မှန်းချက်မှာ ပညာရည်ချွန် ကျောင်းသား ကျောင်းသူများ ပိုမို ပေါ်ထွက်စေရေး၊ ပညာရေး လက်တွေ့ဖွံ့ဖြိုးမှု လုပ်ငန်းများ၌ ကျောင်းသား ကျောင်းသူများပိုမိုတက်ကြွစွာပါဝင်လာစေရေး၊ဆိုရှယ်လစ် အတွေးအခေါ်များ ရှင်သန်တိုးတက်မှု အတွက် ဗဟုသုတ ရှာဖွေ စုဆောင်းတတ်သည့် အလေ့ အကျင့်များ တိုးတက် ထွန်းကားလာစေရေး၊ အားကစားနှင့် ကိုယ်လက်ကြံ့ခိုင်မှု တို့ကို ပိုမိုကျယ်ပြန့်စွာ လှုပ်ရှား လုပ်ဆောင်လာစေရေး၊ ဆိုရှယ်လစ်လူဘောင်သစ် တည်ဆောက်ရေးတွင်အမာခံများ စုစည်းရရှိနိုင်ရေး၊လူရည်ချွန်ရရှိသူများအား စံနမူနာဖြစ်ရန် လေ့ကျင့် လမ်းညွှန်မှုများ ပေးကာ၊ ယင်းတို့ကိုတဖန် သက်ဆိုင်ရာ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများ၊ မြို့နယ်နှင့် တိုင်းများတွင် နမူနာပြ ကျောင်းသားများအဖြစ် ရောက်ရှိစေရေးတို့ ဖြစ်သည်။

စတင်အကောင်အထည် ဖော်သည့် ၁၉၆၄ ခုနှစ်မှ ၁၉၇၆ ခုနှစ်အထိ တက္ကိုမ်ရ ရိုးရိုး လူရည်ချွန်ပေါင်း ၂,၉၇၅ ဦး၊ နှစ်ထပ်ကွမ်း လူရည်ချွန်ပေါင်း ၆၃၂ ဦး၊ သုံးထပ်ကွမ်း လူရည်ချွန်ပေါင်း ၂၄၅ ဦး၊ လေးထပ်ကွမ်း လူရည်ချွန်ပေါင်း ၆၂ ဦး၊ ငါးထပ်ကွမ်း လူရည်ချွန်ပေါင်း ၇ ဦး၊ ခြောက်ထပ်ကွမ်း လူရည်ချွန်ပေါင်း ၂ ဦး၊ စုစုပေါင်း ၃,၉၃၃ ဦး ရွေးချယ် ခြီးမြှင့်နိုင်ခဲ့လေသည်။

၁၃နှစ်တာကာလအတွင်းနှစ်အလိုက်ပျမ်းမျှခြင်းအားဖြင့် ပြည်နယ်နှင့်တိုင်းများတွင် အခြေခံပညာသင်ကျောင်းများမှ သတ္တမတန်း၊ အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်း လူရည်ချွန် ၂၁၉ ဦး၊ တက္ကသိုလ် ကောလိပ်များမှ လူရည်ချွန် ၆၂ ဦး၊ သိပ္ပံမှ လူရည်ချွန် ၂၉ ဦး တို့ကို ရွေးချယ်ပေးရန် ခဲ့ဝေလျာထားပြီး တနှစ်လျှင် ပျမ်းမျှခြင်းအားဖြင့် ကျောင်းသား လူငယ် ၃၀၃ ဦးခန့်ကို လူရည်ချွန်အဖြစ် ရွေးချယ်ဂုဏ်ပြုဆုချီးမြှင့်ခဲ့သည်။

လူရည်ချွန်စီမံကိန်း အတွက် တနှစ်လျှင် ပျမ်းမျှခြင်းအားဖြင့် ကျပ်ငွေ ၁,၇၀,၅၆၀.၉၉ မျှကို ကျခံသုံးစွဲခဲ့သည်။ သို့ဖြစ်၍ တနှစ်လျှင် ပျမ်းမျှခြင်း အားဖြင့် လူရည်ချွန်တဦးစီအတွက် နိုင်ငံတော်က ကျပ်ငွေ ၅၇၇ ကို ကျခံသုံးစွဲခဲ့သည်။ နိုင်ငံတော်၏ ရေရှည်အကျိုးစီးပွားကို ဦးတည်မျှော်ကိုး၍ နိုင်ငံတော်၏ အရင်းအနှီးတရပ်အဖြစ် ယင်းကဲ့သို့ မြှုပ်နှံသုံးစွဲနေခြင်းပင် ဖြစ်ပေသည်။

လူရည်ချွန်စီမံကိန်းအရ လူရည်ချွန်များကို ရွေးချယ်ရာတွင် အောက်ပါအခြေခံမူများကို ချမှတ်၍ အဆင့်ဆင့်စိစစ်ရွေးချယ်ရာ၌ ကျောင်းအဆင့်တွင် ဥာဏဗလနှင့် ဖွံ့ဖြိုးရေးတို့ကို အမှတ်ပေးစိစစ်ပြီး ဖွံ့ဖြိုးရေးတွင် ပညာရေးလက်တွေ့ဖွံ့ဖြိုးမှု လုပ်ငန်းများ၊ကျောင်းကောင် စီလုပ်ငန်းများ၊အခြား

လူရည်ချွန်အဖြစ် ရွေးချယ်ဂုဏ်ပြုခံရသူများကိုတွေ့ရပုံ



အသင်းအဖွဲများတွင် ခေါင်းဆောင်မှု၊ ဝတ်စားဆင်ယင်မှု၊ ကျောင်းတက်မှန်ကန်မှု၊ကျောင်းတွင်းဖွံ့ဖြိုးရေးဆောင်ရွက်မှု၊ ကြွံခိုင်စွမ်းရည်တို့ကို အသေးစိတ် စိစစ်လေသည်။ မြို့နယ်၊ ပြည်နယ်/တိုင်း အဆင့်ဆင့်တွင် စာတွေ့ စစ်ဆေးခြင်းနှင့် ဖွံ့ဖြိုးရေးအတွက် ကာယဗလ၊ အခြား ဖွံ့ဖြိုးမှုနှင့် လက်တွေ့ နှုတ်ဖြေတို့၌ အမှတ်ပေးရှင်းလင်း ယှဉ်ပြိုင်စေခဲ့သည်။

ဤသို့လျှင် လူရည်ချွန်များကို အဆင့်ဆင့်ရွေးချယ်စိစစ်ပြီးနောက် ငပလီ လူရည်ချွန်စခန်း၊ အင်းလေး လူရည်ချွန်စခန်း၊ မြစ်မင်းရောစခန်းနှင့် ရန်ကုန်စုပေါင်း လူရည်ချွန်စခန်းများတွင် စုစည်း၍ အပန်းဖြေစေခြင်း၊ ဗဟုသုတ အတွေ့အကြုံရရှိစေရန် လေ့လာရေး အစီအစဉ်များ ချမှတ်ပေးခြင်းစသော လုပ်ငန်းများကိုဆောင်ရွက်လေသည်။

ယင်းသို့ ဆောင်ရွက်ခဲ့ခြင်းဖြင့်လူရည်ချွန် စီမံကိန်းအား ကျောင်းသားလူငယ်များ၏ စိတ်ပါဝင်စားမှု အရှိန်အဟုန် မြင့်မား တိုးတက်လာစေခဲ့ပေသည်။ လူရည်ချွန် ဖြစ်ရေး၊ လူရည်ချွန် အရွေးချယ်ခံရရေးအတွက် စိတ်အား ထက်သန်စွာ ယှဉ်ပြိုင်ကြိုးစားအားထုတ်မှုများရှိခဲ့သည်။

လူအရိပ် အကဲဟန်ပန် လေ့လာမှုပညာ။ ။လူ မျိုးတိုင်းတွင် ယဉ်ကျေးမှုအလိုက် အရိပ် အကဲ ဟန်ပန်ပြမှုများ ရှိကြ၏။ သို့ရာတွင် အမှတ်မထင် ပြုမိကြသည်။ ကလေးငယ်များသည် စကားပြောသင်ရင်း အရိပ်အကဲဟန်ပန်ပြမှုတို့ကိုပါ အမှတ်မထင် တပါတည်း သင်ယူမိကြသည်။ လူအရိပ်အကဲဟန်ပန်တို့သည် ဘာသာစကား တရပ်ကဲ့သို့ပင် စနစ် ဇယားများရှိ၏။ စိတ်ဝင်စားသူ မနုဿဗေဒပညာရှင်အချို့က ဤ အချက်ကို သုတေသနပြု တွေ့ရှိခဲ့ကြသည်။ လူမျိုး အသီးသီး၏ အရိပ် အကဲ ဟန်ပန်များကို စနစ်တကျ လေ့လာခဲ့သည်။ မျက်နှာထား ပြောင်းလဲပုံ၊ မျက်ခုန်း၊ မျက်လုံးများ လှုပ်ရှားပုံမှအစ၊ခြေထောက်များ ဂဏာမငြိမ်ပုံပါမကျန် ဓာတ်ပုံရိုက်ကူးမှတ်တမ်းတင်၍သုတေသနပြုခဲ့ကြရာမှ "ကိုင်နက်ဆစ်" ခေါ် အရိပ် အကဲဟန်ပန် လေ့လာမှုပညာ ပေါ်ပေါက်လာသည်။ ဤပညာကို ဖော်ထုတ်ပေးခဲ့သူမှာ မနုဿဗေဒပညာရှင် ဒေါက်တာရေး အဲလဗတ် စစ်စတယ် ဖြစ်သည်။

လူတဦး၏ လိင်၊ လူမျိုး၊ ဦးနှောက်စံ၊ နေထိုင်သောနယ်မြေဒေသ၊ လူမှုရေး အဆင့်အတန်းနှင့် ကိုယ်ရည် ကိုယ်သွေးတို့က ထိုသူ၏ အရိပ် အကဲ ဟန်ပန်တို့ကို လွှမ်းမိုးပုံဖော်ပေးလျက်ရှိသည်။ ကျွမ်းကျင်သူ သုတေသီတဦးအဖို့ စကားပြောနေသူ၏ အရိပ်အကဲဟန်ပန်ကို လေ့လာသုံးသပ်မိရုံမျှဖြင့် ထိုသူသည် မည်သည့်ဒေသမှ ဖြစ်ကြောင်း သိနိုင်သည်။ ဘာသာစကား နှစ်မျိုးကို ပြောဆိုနေရသူအဖို့၊သူ၏ အရိပ်အကဲဟန်ပန်ပြမှု၌ သဏ္ဌာန် နှစ်မျိုး ပေါ် ထွက်နေ၏။

အရိပ်အကဲ ဟန်ပန် ပြရာတွင် အမျိုးသားများသည် အမျိုးသမီးတို့ထက် မျက်ခုန်း လှုပ်ရှားမှုကို ပိုမိုအသုံးပြုကြသည်။ အရိပ်အကဲဟန်ပန် ပြရာတွင် အရေးအပါဆုံးသည်ကား မျက်လုံးဖြစ်သည်။ အမေရိကန်များသည် တဦးနှင့်တဦး တွေ့ဆုံကြလျှင် မျက်လုံးအရိပ်အကဲ ဟန်ပန်ပြမှုကို အထူးပင် အလေးဂရုပြုကြ၏။ သာမန်ရိုးရိုးစကားပြောဆိုကြသည့်အခါ သူတို့သည် တဦးနှင့် တဦး မျက်လုံးချင်းဆုံပြီးကြာမြင့်စွာစိုက်ကြည့်လေ့မရှိချေ။ စက္ကန့်ပိုင်းလောက်သာကြည့်ပြီး အဝေးတနေရာဆီသို့ငဲ့၊ ကြမ်းပြင်ကိုသော်ငဲ့ငေးစိုက်ကြည့်နေတတ်ကြသည်။ လူနှစ်ဦး စကားလက်ဆုံကျနေချိန်တွင် ပြောသူ၏ မျက်နှာအား တချိန်လုံးငေးစိုက်ကြည့်နေခြင်းမျိုးကို ရိုင်းစိုင်းသောအပြုအမူအဖြစ် အရွေ့ဖျား နိုင်ငံအချို့၌ သတ်မှတ်ထားကြ၏။ အင်္ဂလန်နိုင်ငံ၌မူကား၊ စကားပြောနေသူ၏ မျက်လုံးကို စိတ်ဝင်စားစွာ ငေးစိုက်ကြည့်ရှုခြင်းဖြင့် နားထောင်သူက သူ၏ စိတ်ပါဝင်စားမှုကို ပြကြရသည်။

အရိပ်အကဲ ဟန်ပန်တို့သည် ပြောဆိုနေသော စကားလုံးများ၏ အနက်အဓိပ္ပါယ်ကို ပိုမို ပီပြင်လေးနက်စေ၏။ ထို့မျှသာမက လူတဦးချင်း၏ စိတ်လှုပ်ရှားနေပုံကိုလည်း အကဲခတ်သိသာနိုင်စေသည်။ လူတယောက်သည် အရေးကြီးသော သတင်းစကား တခုကို လာရောက် ပြောကြားသည်ဆိုပါစို့။ သူပြောဆိုသမျှ စကားတို့ကို ခဲ့ခြားစိတ်ဖြာကြည့်မည်ဆိုလျှင်၊ စကား(၇%)+အသံ (၃၈%)+မျက်နှာရိပ် မျက်နှာက(၅၅%) ဖြစ်သည်ကို တွေ့ရှိရပေမည်။ ဤအချက်ကို စတင်တွေ့ရှိခဲ့သူမှာ စိတ်ပညာရှင်ကြီး အဲလဗတ် မယ်ရာဘီယန် ဖြစ်လေသည်။

အရိပ်အကဲ ဟန်ပန်ပြမှုတွင် ကိုယ်ဟန် အနေအထား သည်လည်း တခုအပါအဝင် ဖြစ်၏။ လူတဦးသည် မိမိ မနှစ်သက်သော ပုဂ္ဂိုလ်တယောက်နှင့် ရင်ဆိုင်ကြုံတွေ့နေရလျှင်၊ သို့မဟုတ် ယှဉ်တွဲထိုင်နေရလျှင် ကိုယ်ဟန် အနေအထားကို ခပ်လျော့လျဲလျဲပြုထားတတ်ကြသည်။ တဖက်လူက သူ့ကို ခြိမ်းခြောက်နေသည်ဟု အထင်ရောက်လျှင် ထိမထင်သည့် သဘောဖြင့် ကိုယ်ဟန်အနေအထားကို ပို၍ လျော့လျဲပြုထားတတ်ကြ၏။ အမျိုးသား တဦးသည် မိမိ မနှစ်သက်သော အမျိုးသမီး တဦးနှင့် ယှဉ်တွဲထိုင်ရလျှင် ကိုယ်ဟန်အနေအထားသည် တောင့်တောင့်ကြီး ဖြစ်နေတတ်၏။

အရိပ်အကဲဟန်ပန် လေ့လာမှု ပညာသည် ပုဂ္ဂိုလ်တဦးချင်းစီ၏ သီးခြားအဓိပ္ပါယ် ဆောင်နေသော အရိပ်အကဲပြမှု၊ အချက်ပြ ဆက်သွယ်မှုမျိုးကို လေ့လာခြင်းမဟုတ်၊ လူမျိုးအလိုက်၊ ဒေသအလိုက်၊ လူသားတို့၏ ရုပ်ခန္ဓာလှုပ်ရှားမှု(၀၀) အရိပ်အကဲဟန်ပန်ပြမှုများ၊ အရိပ်အကဲ ဟန်

ပန်ဖြင့် လူလူချင်း ဆက်သွယ်နေပုံမျှားကို ပုံစံ ပြုလျက် လေ့လာသော ပညာဖြစ်သည်။ နှစ်ဆယ်ရာစုနှစ် မနုဿဗေဒ ပညာ၏ ဆင့်ပွားကိုင်းခက်တခု ဖြစ်သည်ဟု ဆိုရပေမည်။

လေဇာရောင်ခြည်။ ။(၁၂–၈၁—ရှ။) လွန်ခဲ့သော ၁၅ နှစ်ခန့်က ဆိုလျှင် လေဇာရောင်ခြည် သည် စမ်းသပ်ခန်းအတွင်း လူတို့ ဖန်တီးယူသော သိပ္ပံတီထွင်မှုတရပ် သာဖြစ်သည်။ ယခုအခါ လေဇာရောင်ခြည်ကို စက်မှုအာ တတ်ပညာပိုင်းတွင် တွင်ကျယ်စွာ အသုံးပြုလျက် ရှိသည်။ ရေဒီယို လှိုင်း၊ သို့မဟုတ် လျှပ်စစ်ဓာတ်အားအစား လေဇာ ရောင်ခြည်ကို ဆက်သွယ်ရေးလုပ်ငန်းများတွင် အသုံးများ လာသည်။ အကြီးစားစက်မှု လုပ်ငန်းများ၌ အင်အား ကြီး မားသော လေဇာရောင်ခြည်မှထွက်သော အပူကို အသုံး ပြုသည်။ သတ္တုများကို ဖြတ်ရာ၌ရင်း၊ တခုနှင့်တခု ဂဟေ ဆက်ရာ၌ရင်း လေဇာ ရောင်ခြည်ကိုသုံးသည်။ မျက်လုံး များ ခဲစိတ်ကုသရာ၌လည်း လေဇာရောင်ခြည်ကို ခားသဖွယ် သုံး၍ ခဲစိတ်ပေးနိုင်သည်။ လေဇာရောင်ခြည်ကို ခားသဖွယ် အသုံးပြုသော ခဲစိတ်ကုသမှုများ၌ သွေးထွက်မှု လုံးဝမရှိ ပေ။ ကင်ဆာရောဂါများကို ရှာဖွေရာ၌ လေဇာရောင်ခြည် ကိုပင် သုံးသည်။ သုံးဖက်မြင် ရုပ်ပုံများ ပေါ်စေသော ဟိုလိုဂရမ်ခေါ် ဓာတ်ပုံရိုက်နည်းတွင် လေဇာရောင်ခြည်ကို သုံးကြည့်သည်။ ယင်းကဲ့သို့ ရိုက်ယူသော ဓာတ်ပုံများ သည် ပို၍ ကြည်လင်သည်။

ကမ္ဘာ့ ပြဿနာ တရပ်ဖြစ်သည့် ပတ်ဝန်းကျင် လေထု၊ ရေထု ညစ်ညမ်းမှုများကိုပင် လေဇာရောင်ခြည်ဖြင့် ဖြေရှင်း လျက်ရှိသည်။ လေယာဉ်ပေါ်တွင် လေဇာရောင်ခြည်သုံး ထောက်လှမ်းရေးကရိယာကို တပ်ဆင်ပြီး လေထု အညစ် အကြေးများကို လျင်မြန်စွာ စိစစ်နိုင်သည်။ ထို့ပြင် မြေ အောက်ရှိ သဘာဝသယံဇာတပစ္စည်းများ ရှာဖွေရာ၌လည်း သုံးသည်။ အာကာသတန်ဆာများ၏ အကွာအဝေးကိုပင် လေဇာရောင်ခြည်ဖြင့် တိတိကျကျတိုင်းတာနိုင်သည်။ အမေ ရိကန် အာကာသယာဉ်မှူးများ လကမ္ဘာပေါ် ရောက်ခဲ့ စဉ်က ရောင်ပြန်ပြားလေးခုကို စိုက်ထူပစ်ခဲ့ပြီး ယင်း ရောင် ပြန်ပြား လေးခုကို ကမ္ဘာမှ လှတ်လိုက်သော လေဇာရောင် ခြည်၏ ပစ်မှတ်သဖွယ်ထား၍ လ၏ လည်ပတ်မှု၊ ကမ္ဘာ မြေကြီး၏ ပုံသဏ္ဌာန်နှင့် ပြောင်းလဲမှုများကို ကမ္ဘာမှနေ၍ တိုးစမ်းယူသည်။ နောင်အခါတွင် အင်္ဂါဂြိုဟ်နှင့် အခြား ဂြိုဟ်များပေါ် သို့ ဆင်းသက်သော အာကာသယာဉ်များ၏ ပုံများကို လေဇာ ရောင်ခြည်သုံး ကရိယာဖြင့် ကမ္ဘာသို့ ပေးပို့ရာ၌ သာမန် ဓာတ်ပုံများထက်ပို၍ အချက်အလက် ပြည့်စုံမည်ဟု ဆိုသည်။ အာကာသယာဉ်များကို သယ် ဆောင်သွားမည့် ဒုံးပျံများကိုလည်း အင်အားကြီးမားသော

လေဇာရောင်ခြည်ကို သုံး၍ လွှတ်တင်လိမ့်မည် ဖြစ်သည်။ ပါကဗေဒပညာရှင်များကလည်း သက်ရှိများ၏ ပွဲစည်းပုံကို လေဇာရောင်ခြည်ကို အသုံးပြု၍ ဖော်ထုတ်နိုင်ပြီဖြစ်သည်။ စစ်ရေး၌ ဗုံးကြဲရာတွင်၎င်း၊ အမြောက်ပစ်ခတ်ရာတွင်၎င်း ပစ်မှတ်ကို အတိအကျ မှန်အောင် ပစ်ခတ်နိုင်ရေးအတွက် လေဇာရောင်ခြည်ကိုပင် အသုံးပြုကြသည်။

လောနိုင်ငံ၊ ပြည်သူ့ဒီမိုကရက်တစ်။ ။(၁၂ – ၁၃၃ — ရှ။) လောနိုင်ငံတွင် ၁၉၆၇ ခုနှစ် ဇန်နဝါလရီ ၁ ရက်နေ့၌



အမျိုးသား လွှတ်တော် ရွေးကောက်ပွဲကို ကျင်း ပရာ မင်း သား ကြီး သုဝဏ္ဏဖူးမား ခေါင်း ဆောင်သည့် ကြားနေ အုပ်စုမှပင် အနိုင် ရခဲ့ သည်။ (သုဝဏ္ဏ ဖူး မား—ရှ။)

၁၉၆၈ ခုနှစ်တွင် မင်းသားကြီး ဆူဗန်နုဗောင် ခေါင်း ဆောင်သော ပသက်လော တပ်များသည် လောနိုင်ငံ မြောက်ပိုင်းရှိ ဂျားစ လွင်ပြင်နှင့် အရှေ့မြောက်ပိုင်း ဒေသ အချို့ကို တိုက်ယူသိမ်းပိုက်နိုင်ခဲ့သည်။ ၁၉၆၉ ခုနှစ် စက်တင် ဘာလတွင် အစိုးရတပ်ဖွဲ့များက ယင်းဒေသတို့ကို ပြန်လည် သိမ်းယူနိုင်ခဲ့သော်လည်း ၁၉၇၀ ပြည့်နှစ်ဖေဖွာရီလအတွင်း ၌ ပသက်လောတပ်များသည် စစ်ရေးအရ အရေးသာလာ ပြီးလျှင် ယင်းဒေသကို ပြန်လည်သိမ်းယူလိုက်ပြန်သည်။

ယင်းသို့ ပြည်တွင်းရေး မငြိမ် မသက် ဖြစ်နေသည်ကို လောဝန်ကြီးချုပ် မင်းသားကြီး သုဝဏ္ဏဖူးမားက ဂျီနီဗာ ကွန်ဖရင့်၏ ပူးတွဲ သဘာပတိများဖြစ်သော ရုရှနှင့် ပြိတိန် နိုင်ငံတို့ထံ တင်ပြ၍အကူအညီတောင်းခံသော်လည်း ရုရှက လောနိုင်ငံ၏ ပြဿနာကို လောအမျိုးသားတို့အချင်းချင်း စေ့စပ်ညှိနှိုင်း ဆွေးနွေးခြင်းဖြင့်သာ အဖြေရှာသင့်သည်။ ဂျီနီဗာ ကွန်ဖရင့် ကျင်းပ၍ စဉ်းစားဆုံးဖြတ်ရမည့် အနေ အထားမျိုးမဟုတ်ဟု ဆိုခဲ့၏။

ဤသို့ဖြင့် လောနိုင်ငံသည် ပြည်တွင်းငြိမ်းချမ်းမှုမရခဲ့ပဲ နေလာခဲ့ရာမှ ၁၉၇၂ ခုနှစ် အောက်တိုဘာလ ၁၄ ရက်နေ့ တွင် ပသက်လော ကိုယ်စားလှယ်အဖွဲ့နှင့် အစိုးရ အဖွဲ့တို့ သည် ဗီယင်တျန်းမြို့၌ တွေ့ဆုံညှိနှိုင်းဆွေးနွေးနိုင်ခဲ့သည်။ ယင်း ဆွေးနွေးပွဲကို ကျင်းပနေဆဲမှာပင် နှစ်ဖက် စစ်တပ် များသည် အကြိတ်အနယ် တိုက်ပွဲများ ဆင်နွှဲလျက် ရှိကြ သည်။ ၁၉၇၃ ခုနှစ် ဖေဖွာရီလ ၂၁ ရက်နေ့တွင် အပစ် အ့ခတ်ရပ်စဲရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်

ခဲ့ကြသည်။ ယင်း သဘောတူညီချက်အရ နှစ်ဖက်တပ်ဖွဲ့များသည် အပစ်အခတ်ရပ်စဲရေးစာချုပ် လက်မှတ်ရေးထိုးချိန်အထိ မိမိတို့ သိမ်းယူနိုင်ထားသော နယ်မြေများကို ဆက်လက် သိမ်းပိုက်ထားကြသည်။

၁၉၇၄ ခုနှစ် ဧပြီလတွင် လောအမျိုးသား ညီညွတ်ရေး ယာယီ အစိုးရ အဖွဲ့ကို မင်းသားကြီး သုဝဏ္ဏဖူးမား ခေါင်းဆောင်၍ ဖွဲ့စည်းနိုင်ခဲ့သည်။ ယင်း ယာယီအစိုးရ အဖွဲ့တွင် လက်ယာအုပ်စု၊ ကြားနေအုပ်စုနှင့် ပသက်လော တို့၏ လက်ဝဲအုပ်စုတို့ ပါဝင်သည်။

၁၉၇၅ ခုနှစ်တွင် ယင်း ညွှန်ပေါင်းအစိုးရ အဖွဲ့အတွင်း၌ သဘောကွဲလွဲမှုများ ပေါ်ပေါက်လာခဲ့သည်။ ၁၉၇၄ ခုနှစ် ကုန်ပိုင်းနှင့် ၁၉၇၅ ခုနှစ် နှစ်ဆန်းပိုင်းခန့်ကပင် အစိုးရ အဖွဲ့ဝင် ဝန်ကြီးများသည် နိုင်ငံခြားတိုင်းပြည်များသို့လည့်လည်၍ အကူအညီ တောင်းခံကြသည်။ လက်ဝဲယိမ်းသော ပသက်လောတို့က ကွန်မြူနစ် နိုင်ငံများ၏ အကူအညီရယူသကဲ့သို့ လက်ယာယိမ်း အုပ်စုမှ ဝန်ကြီးများကလည်း အနောက်နိုင်ငံများမှ အကူအညီကို တောင်းခံခဲ့သည်။

၁၉၇၅ ခုနှစ် မေလတွင် ပသက်လောတို့ဖက်မှ အရေးသာလာပြီးလျှင် လက်ယာအုပ်စုဝင်ဝန်ကြီးများ နုတ်ထွက်သွားခဲ့ကြသည်။ ၁၉၇၅ ခုနှစ်ဒီဇင်ဘာလတွင် ဘုရင်သီရိဝတ္ထနာနန်းစွန့်သွားခဲ့သည်နှင့်အတူ အမျိုးသားညီညွတ်ရေး ယာယီအစိုးရအဖွဲ့လည်း နုတ်ထွက်ပေးခဲ့ရသည်။ ဤသို့ဖြင့်လောနိုင်ငံ၌ ဘုရင့်အုပ်ချုပ်ရေးစနစ် ချုပ်ငြိမ်းခဲ့ပြီးလျှင် ၁၉၇၆ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့တွင် လောနိုင်ငံကို ပြည်သူ့ဒီမိုကရက်တစ် လောနိုင်ငံအဖြစ် ကြေငြာခဲ့သည်။ ပသက်လောတို့၏ ပြည်သူ့တပ်ဦးအဖွဲ့ခေါင်းဆောင် မင်းသားကြီး ဆူဗန်နိုဗောင်ကို သမ္မတအဖြစ် တင်မြှောက်၍ လောပြည်သူ့တော်လှန်ရေးပါတီ အတွင်းရေးမှူး ကေဆွန်ဖွန်ဗီဟန်က အစိုးရအဖွဲ့ကို ဦးဆောင်ဖွဲ့စည်းခဲ့သည်။

လက်ဗန္ဓနသမ္မတနိုင်ငံ။ ။(၁၂–၁၅၉—ရှ။) ၁၉၄၁ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်နေ့တွင် လွတ်လပ်ရေးရပြီး နောက်ပိုင်းတွင် လက်ဗန္ဓန် နိုင်ငံ၌ ခရစ်ယာန် ဘာသာဝင် များ နှင့် အစွလာမ် ဘာသာဝင် များ မကြာခဏ အဝိက ရုဏ်း ဖြစ် ပွား ခဲ့သည်။ ၁၉၅၀ ခုနှစ်တွင် ယင်းတို့ အချင်းချင်း အဝိကရုဏ်း အပြင်းအထန်ဖြစ်ပွားရာ အခြေအနေမှာ ထိန်းချုပ်မရတော့သဖြင့် လက်ဗန္ဓန်သမ္မတ ရှမန်း၏ တောင်းခံချက်



အရ အမေရိကန် ကမ်းတက် တပ်သားများ လက်ဗန္ဓန်နိုင်ငံတွင် ဝင်ရောက်တပ်စွဲခဲ့သည်။ လက်ဗန္ဓန်နိုင်ငံတွင် ရွေးကောက်ပွဲများကျင်းပ၍ စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဖူယက်ရှိဟက် သမ္မတဖြစ်လာသောအခါမှသာ အမေရိကန် ကမ်းတက်တပ်များကို ရုပ်သိမ်းသွားခဲ့သည်။

ထို့နောက်တွင် နိုင်ငံတွင်း ဆူပူလှုပ်ရှားမှုများဖြစ်ပေါ်လာပြန်သဖြင့် ၁၉၆၄ ခုနှစ်တွင် အစိုးရအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းရာ ချားဟေလူး သမ္မတ ဖြစ်လာသည်။ ၁၉၇၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အပြီးတွင် ဆူလေမန် ဖရန်ဂျီယဲအား သမ္မတအဖြစ်၎င်း၊ တက်ကိဒင်ဒယ်ဆိုးအား ဝန်ကြီးချုပ်အဖြစ်၎င်း တင်မြှောက်လေသည်။

လက်ဗန္ဓန် နိုင်ငံတွင် ဆီးရီးယားနိုင်ငံမှ ပြည်နှင်ဒဏ်ခံရသူများခိုလှုံသည့်ကိစ္စကြောင့် ဆီးရီးယားနိုင်ငံနှင့် ဆက်ဆံရေးကို ထိခိုက်ခဲ့သည်။ အာရပ် ပြောက်ကျားများသည် ၁၉၆၅ ခုနှစ်မှစ၍ အင်္ဂရိယယ်နိုင်ငံတွင်းသို့ ဝင်ရောက်တိုက်ခိုက်ခဲ့ကြရာ လက်ဗန္ဓန်နိုင်ငံဖက်မှ တဆင့် ဝင်ရောက် တိုက်ခိုက်ခြင်းများရှိခဲ့သည်။ ထိုအခါ ယင်း တိုက်ခိုက်မှုကို လက်တုံ့ပြန်သည့် အနေဖြင့် အင်္ဂရိယယ်နိုင်ငံက လက်ဗန္ဓန်နိုင်ငံအတွင်း ပြောက်ကျားများရှိသည့် နေရာများကို တိုက်ခိုက်လာခဲ့သည်။ ဤသို့ဖြင့် လက်ဗန္ဓန်နိုင်ငံသည် အာရပ်အင်္ဂရိယယ် ပဋိပက္ခတွင် ပါဝင်ပတ်သက်လာခဲ့ရတော့သည်။ ယင်းသို့ ပါဝင်ပတ်သက်ခဲ့သည်ဟု ဆိုရသော်လည်း ထိရောက်စွာ ပါဝင်ခြင်းမရှိပေ။ လက်ဗန္ဓန်နိုင်ငံသည် အာရပ်အဖွဲ့ချုပ် အဖွဲ့ဝင်နိုင်ငံ ဖြစ်သော်လည်း အာရပ်အင်္ဂရိယယ် ပဋိပက္ခ အပေါ် ထားရှိသောယင်း၏ နိုင်ငံရေးနှင့် စစ်ရေးသဘောထားများကြောင့် အမေရိကန်ပြည်ထောင်စု၏ သြဇာခံဖြစ်သည်ဟု အာရပ်တို့က သံသယရှိနေကြသည်။ ၁၉၇၅ ခုနှစ် နှစ်ဦးပိုင်းမှစ၍ ပယ်လက်စတိုင် ပြောက်ကျားနှင့် အစွလာမ် ဘာသာဝင် လက်ဝဲ လက်ဗန္ဓန် နိုင်ငံသားတို့က တဖက်၊ ဆီးရီးယားပြောက်ကျားနှင့် ခရစ်ယန်ဘာသာဝင် လက်ယာ လက်ဗန္ဓန် နိုင်ငံသားတို့က တဖက်၊ လက်ဗန္ဓန် နိုင်ငံတွင် ပြည်တွင်းစစ် ဖြစ်ပွားခဲ့သည်။ ယင်း ပြည်တွင်းစစ်သည် ယနေ့တိုင် ဆက်လက်ဖြစ်ပွားဆဲဖြစ်သည်။

၁၉၇၇ ခုနှစ်နိုဝင်ဘာလအတွင်းတွင်အီဂျစ်သမ္မတဆဒတ်သည် အင်္ဂရိယယ် နိုင်ငံသို့ ငြိမ်းချမ်းရေးဆွေးနွေးရန်သွားရောက်ခဲ့ ပြီးနောက် သမ္မတဆဒတ်က အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးအတွက် ကိုင်ရှိမြို့တွင် ဆွေးနွေးပွဲတရပ်ကျင်းပရန် ဆီးရီးယား၊ ဂျော်ဒန်၊ လက်ဗန္ဓန်၊ အင်္ဂရိယယ်၊ ယယ်လက်စတိုင် လွတ်မြောက်ရေးအဖွဲ့၊ အမေရိကန်၊ ရုရှနှင့် ကုလသမဂ္ဂ ကိုယ်စားလှယ်တို့ကို ဖိတ်ကြား လိုက်သည်။ ထိုအခါ လက်ဗန္ဓန်နိုင်ငံက " ၁၉၆၇ ခုနှစ် အာရပ် အင်္ဂရိယယ် စစ်ပွဲတွင် မိမိပါဝင်ခဲ့ခြင်းမရှိ၊ အသိမ်းပိုက်ခံ နယ်မြေ

လည်းမရှိ၍ ပြန်တောင်းစရာလည်းမလို၊ ထို့ကြောင့် ကိုင်ရှိ ဆွေးနွေးပွဲသို့ တက်ရန်မလို" ဟူ၍ ငြင်းဆိုလိုက်သည်။

လက်ဗနွန်နိုင်ငံ၏ လက်ရှိသမ္မတမှာ အီလီယာဆာကစ် ဖြစ်ပြီး ဝန်ကြီးချုပ်မှာ ရာရှစ်ကရာမီ ဖြစ်၏။

လက်ဗနွန်နိုင်ငံ၏ လူဦးရေမှာ ၁၉၇၆ ခုနှစ်ခန့်မှန်းခြေအရ ၂,၉၆၀,၀၀၀ ဖြစ်သည်။

လစ်ဗျ အာရပ် ပြည်သူ့ သမ္မတနိုင်ငံ။ ။ (၁၂–၂၁၇—ရှု။)လစ်ဗျ အာရပ်ပြည်သူ့သမ္မတ နိုင်ငံသည် အာဖရိကတိုက် မြောက်ပိုင်း၌ မြေထဲ ပင်လယ် အီဂျစ်၊ ဆူဒန်၊ ချဒ်၊ နိုင်ဂျာ၊ အယ် လဂျီး ရီးယားနှင့် တျူး နစ် ဇီး ယားနိုင်ငံတို့ ကြားတွင် ရှိလည်။ အကျယ်အဝန်းမှာ စတုရန်း၆၇၉,၄၀၀ ရှိသည်။



အာဖရိကတိုက်၌ စတုတ္ထအကြီးဆုံးနိုင်ငံဖြစ်သည်။ လူဦးရေမှာ ၁၉၇၆ ခုနှစ် ခန့်မှန်းခြေအရ ၂,၄၄၀,၀၀၀ ဖြစ်သည်။

လစ်ဗျနိုင်ငံ၏ မြောက်ပိုင်းသည် တောင်ထူထပ်သောကမ်းရိုးတန်းရှိ၍ အလယ်ပိုင်းနှင့် တောင်ပိုင်းတွင် သဲကန္တာရရှိသည်။ ရာသီဥတုမှာ ခြောက်သွေ့ ပြင်းထန်သည်။အခြေခံအားဖြင့် လစ်ဗျနိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးနိုင်ငံဖြစ်သည်။ ၁၉၅၉ ခုနှစ်တွင် ရေနံအများအပြားကို ရှာဖွေတွေ့ရှိသဖြင့် အာရပ်ကမ္ဘာတွင် ဆင်းရဲဆုံးသောနိုင်ငံအဖြစ်မှချမ်းသာသော နိုင်ငံအဖြစ်သို့ ရောက်ရှိသွားသည်။ လစ်ဗျ နိုင်ငံ၏ ၁၉၆၉ ခုနှစ်က ထွက်ကုန်တန်ဘိုးစုစုပေါင်းတွင် ရေနံမှ ၉၉ ရာခိုင်နှုန်း ရရှိခဲ့သည်။ ရေနံတွင်းများသည် တနေ့လျှင် စည်သုံးသန်းအထိ ထွက်ရှိနေသည်။

၁၉၅၁ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် လစ်ဗျနိုင်ငံသည် အချုပ်အချာ အာဏာပိုင်သည့် လွတ်လပ်သောနိုင်ငံအဖြစ် ကြေငြာနိုင်ခဲ့သည်။ ဆယက်မို့ဟမ္မဒ် အိဒရစ် အယ်ဆင်နွတ်ဆီးသည် လစ်ဗျနိုင်ငံ၏ ပထမအိဒရစ်ဘုရင်ဖြစ်လာသည်။

၁၉၆၄ ခုနှစ် ဇန္နဝါရီလတွင် လစ်ဗျနိုင်ငံ၌ နိုင်ငံရေးမတည်ငြိမ်မှုကြောင့် လူထုအုံကြွမှုများ ပေါ်ပေါက်လာသည်။ ဘုရင် အိဒရစ်၏ သမရိုးကျအုပ်ချုပ်ရေးစနစ်ကို ကန့်ကွက်ကြသည်။ အစိုးရနှင့် ဘုရင်စနစ် ဆန့်ကျင်ရေးလှုပ်ရှားမှုများကြီးထွားလာခဲ့သည်။

ထိုသို့ရှိစဉ် အိဒရစ်ဘုရင်သည် ဆေးဝါး ကုသရန် တူရကီနိုင်ငံသို့ ထွက်ခွာသွားသည်။ ဤတွင် အခွင့်ကောင်း စောင့်နေသော လစ်ဗျ စစ်အရာရှိများက ၁၉၆၉ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် ဗိုလ်မှူးကြီး ဆာဒူဒင်အဗူရှဝီယာဦးဆောင်သော လစ်ဗျစစ်တပ်က အာဏာ သိမ်းပိုက်လိုက်ကာ လစ်ဗျသမ္မတ နိုင်ငံဟုလည်း ကြေငြာလိုက်သည်။

၁၉၇၁ ခုနှစ် ဩဂုတ်လတွင် လစ်ဗျ နိုင်ငံ တော်လှန်ရေး ကောင်စီ ဥက္ကဋ္ဌ ကာနယ်မိုအမ္မာအယ်ကဒတ်ဖီ (ကဒတ်ဖီ,ကာနယ်မိုအမ္မာ အယ်—ရှု။)က အစိုးရအဖွဲ့ကို ပြောင်းလဲဖွဲ့စည်းပြီး ကိုယ်တိုင် ဝန်ကြီးချုပ်နှင့် ကာကွယ်ရေး ဝန်ကြီးအဖြစ် ဆောင်ရွက်သည်။ မကြာမီ နိုင်ငံအကြီးအကဲ (သမ္မတ)အဖြစ် ကြေငြာသည်။

၁၉၇၃ ခုနှစ် အောက်တိုဘာလတွင် အဇ္ဇရီယယ်နှင့် အာရပ်တို့ စတုတ္ထအကြိမ်မြောက် စစ်ဖြစ်ကြသည်။ ဤစစ်ပွဲတွင် လစ်ဗျက ကိုယ်ထိလက်ရောက် မပါဝင်သော်လည်း အီဂျစ်အား နောက်ပိုင်းမှ ကူညီထောက်ပံ့မှု ပြုခဲ့သည်။

သို့သော် အီဂျစ်၏ အဇ္ဇရီယယ်အပေါ် အလျှော့ပေးမှုကို အကြောင်းပြု၍ ကဒတ်ဖီက ဝေဖန် ပြစ်တင်ခဲ့သည်။ ထိုအချိန်မှစ၍ လစ်ဗျနှင့် အီဂျစ်တို့ အပြန်အလှန် ပုတ်ခတ်စွပ်စွဲနေခဲ့ကြရာမှ ၁၉၇၇ ခုနှစ်ထဲတွင် နှစ်နိုင်ငံအကြားသံတမန်အဆက်အသွယ် ဖြတ်တောက်လိုက်ကြသည်အထိ ပြင်းထန်ခဲ့သည်။

၁၉၇၇ ခု မတ်လ ၃ ရက်နေ့တွင် တော်လှန်ရေးကောင်စီကို ဖျက်သိမ်း၍ အာဏာကို ပြည်သူများလက်ထဲသို့ ပြန်လည်လွှဲပြောင်းပေးအပ်လိုက်ကြောင်း ကြေငြာသည်။နိုင်ငံ၏ အမည်ကိုလည်း လစ်ဗျအာရပ် ပြည်သူ့ သမ္မတနိုင်ငံဟူ၍ ပြောင်းလဲလိုက်လေသည်။

လမ်းစဉ်လူငယ်အဖွဲ့။ ။(လူငယ် စည်းရုံးရေး—ရှု။)

ဝါဆော စာချုပ်အဖွဲ့။ ။ဝါဆော စာချုပ်အဖွဲ့ခေါ် အရှေ့ဥရောပနိုင်ငံများ အပြန်အလှန်ကူညီရေးစာချုပ်အဖွဲ့ကို ၁၉၅၅ ခုနှစ် မေလ ၁၄ ရက်နေ့တွင် ပိုလန်နိုင်ငံ ဝါဆောမြို့တွင် ဖွဲ့စည်းခဲ့သည်။ ယင်းနေ့တွင် အယ်လဗေးနီးယား၊ ဗူလဂေးရီးယား၊ ချက်ကိုစလိုဗားကီးယား၊ အရှေ့ဂျာမနီ၊ ဟန်ဂေရီ၊ ပိုလန်၊ ရူမေးနီးယားနှင့် ရုရှနိုင်ငံတို့သည် ဝါဆောစာချုပ်ကို လက်မှတ်ရေးထိုးကာ မူလအဖွဲ့ဝင်နိုင်ငံများအဖြစ် ပါဝင်ခဲ့ကြသည်။ သို့သော်လည်း ဇွန်လ ၅ ရက်နေ့မှစ၍သာ အဖွဲ့၏လုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့သည်။

ဝါဆောစာချုပ်၏ ရည်ရွယ်ချက်များမှာ စာချုပ်ဝင်နိုင်ငံအချင်းချင်း အပြန်အလှန် ကူညီပူးပေါင်းဆောင်ရွက်ရေး၊ အဖွဲ့ဝင်နိုင်ငံများ၏ လက်နက်ကိုင် တပ်များသည် တညီတညွတ်တည်းဖြင့် ရန်သူကို တွန်းလှန်ကာကွယ်နိုင်ရေး၊ ဝါဆောစာချုပ်ပါ အချက်များနှင့် ဆန့်ကျင်နေသော

အခြားမည်သည့် စာချုပ်ကိုမဆို ဝါဆောစာချုပ်ဝင်နိုင်ငံများက ပါဝင်လက်မှတ်မထိုးရေး၊ အဖွဲ့ဝင် နိုင်ငံတနိုင်ငံကို အခြားနိုင်ငံက လာရောက်တိုက်ခိုက်လျှင် အဖွဲ့ဝင်နိုင်ငံအားလုံးကအဖွဲ့ဝင်နိုင်ငံဖက်မှကူညီရေးစသည်တို့ဖြစ်သည်။

ဝါဆောစာချုပ်အဖွဲ့ဝင်နိုင်ငံများသည် ဆိုရှယ်လစ်ဝါဒကို ကျင့်သုံးသောနိုင်ငံများဖြစ်သည်။ သို့သော် ဝါဒချင်း၊ အစိုးရဖွဲ့စည်းပုံချင်း မတူသော်လည်း ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ကမ္ဘာ့လုံခြုံမှုထိန်းသိမ်းရေးကို လိုလားသောနိုင်ငံတိုင်းသည် ဝါဆောစာချုပ်အဖွဲ့တွင် ပါဝင်ခွင့်ရှိသည်။

ဝါဆောစာချုပ်အဖွဲ့တွင် လက်နက်ကိုင်တပ်ပေါင်းစု၊ စစ်ဦးစီးအဖွဲ့နှင့် နိုင်ငံရေးအတိုင်ပင်ခံ ကော်မတီတို့ကို ဖွဲ့စည်းထားရှိသည်။ လက်နက်ကိုင်တပ်ပေါင်းစုတွင် အဖွဲ့ဝင်နိုင်ငံများမှ လက်နက်ကိုင်တပ်များ အချိုးကျပါဝင်စုစည်းထားသည်။ စစ်ဦးစီးအဖွဲ့နှင့် နိုင်ငံရေးအတိုင်ပင်ခံအဖွဲ့တို့တွင် အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များပါဝင်သည်။ နိုင်ငံရေး အတိုင်ပင်ခံကော်မတီသည် ဝါဆောစာချုပ်အဖွဲ့၏ အမြင့်ဆုံး အာဏာပိုင်အဖွဲ့အစည်းတရပ်ပင်ဖြစ်သည်။

အယ်လဗေးနီးယား နိုင်ငံသည် ၁၉၆၂ ခုနှစ်မှ စ၍ ဝါဆောစာချုပ်အဖွဲ့အစည်းအဝေးများသို့ တက်ရောက်ခြင်း မပြုတော့ပဲ ၁၉၆၈ ခုနှစ်တွင် အဖွဲ့မှနုတ်ထွက်ခဲ့သည်။

ဝါဆောစာချုပ်အဖွဲ့၏ ဌာနချုပ်ကို ရုရှနိုင်ငံ မောစကိုမြို့တွင်ထားရှိသည်။

ဝေဘူဆရာတော် ဦးကုမာရ(မြန်မာ ၁၂၇၇ – ၁၃၃၉)။ ပရိယတ္တိသာသနာဝင် သမိုင်းတွင်ထင်ရှားကျော်ကြားသော ဝေဘူဆရာတော်ကို ၁၂၇၇ ခုနှစ် တပေါင်းလဆန်း ၆ ရက် တနလ်ာနေ့တွင် စစ်ကိုင်း တိုင်း ခင်ဦးမြို့နယ် အင်ကြင်းပင်ကျေးရွာတွင် အဖဦးလူဖေ၊ အမိဒေါ်ကြင်နုတို့မှ မွေးဖွားသည်။ အဖွား (ဖခင်၏ မိခင်ကြီး) သည် အိမ်ရှေ့စံ မိဖုယားတပါး ဖြစ် သည်။ အဖိုးကားအတွင်းဝန် ဖြစ်သည်။



ဝေဘူဆရာတော် ဦးကုမာရအရွယ်

ဆရာတော်သည် အင်ကြင်းပင် ကျေးရွာ စာသင်ကျောင်း၌ စတုတ္ထတန်းအထိ သင်ကြားခဲ့ပြီး သီပေါမင်းရဟန်းခံခဲ့သော အင်ကြင်းမြို့ဆရာတော် ဦးသုမနထံတွင် ရှင်သာမဏေ ဝတ်ခဲ့သည်။ ဘွဲ့အမည်မှာ ရှင်ကုမာရ ဖြစ်သည်။

အင်ကြင်းမြို့ဆရာတော်ထံမှာပင် သာမဏေ သင်ရိုးစာများ ကုန်အောင် သင်ယူခဲ့သည်။ ၁၂၇၇ ခုနှစ်တွင် ရဟန်းဖြစ်သည်။ ၁၂၈၀–၈၁ ခုနှစ်များတွင် မန္တလေးသို့သွားရောက်၍ အဘိဓဇ မဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ထံ ပညာသင်ကြားခဲ့သည်။ ထိုနောက် ဇာတိရွာ အင်ကြင်းမြို့ဆရာတော်ထံ ဝိသုဒ္ဓိမဂ် သင်ယူစဉ်ဆရာတော်က သပိတ်တလုံး သင်္ကန်းသုံးထည်နှင့် တရားရှာရန် သတိပေးချက်နှင့် လယ်တီဆရာတော် ဘုရားကြီး၏ ဒီပနီများကို ဖတ်ရှုခဲ့ရာ ကြီးစွာ သံဝေဂရ၍ ၁၂၈၅ ခု နယုန်လ အသက် ၂၈ နှစ်အရွယ်တွင် တောထွက်ခဲ့သည်။

ထိုနှစ် ရွှေဘိုမြို့ ပုသိမ်တောရကျောင်း၌ ဝါဆိုပြီး ဝါကျွတ်သည်နှင့် မင်းဘူးရွှေစက်တော်မှ စတင်၍ တောတောင်အနှံ့တွင် သီတင်းသုံး၍ တရားအလုပ် လုပ်ခဲ့သည်။ ကျောက်ဆည် ဝေဘူတောင်ဝှမ်းရှိမြောင်အကြား၌ သီတင်းသုံးနေစဉ် ဟင်းရွက်ခူးသူ၊ ထင်းခွေသူများက ဂူထဲတွင် မကျန်းမမာလဲနေသည်ကို တွေ့မြင်ကြရာမှ အစ ဆန်စက်သူဌေး ဦးပျော့က နေ့ချင်းပြီး ကျောင်းငယ် တဆောင် ဆောက်လုပ်လှူဒါန်း ကိုးကွယ်သဖြင့် ဝေဘူချောင်မှာပင် သီတင်းသုံးရင်း ကိုယ်တွေ့ ကမ္မဋ္ဌာန်း တရားကို စူးစိုက် အားထုတ်နေခဲ့သည်။

၁၂၈၉ ခုနှစ်တွင် သတင်းစကားအရ ဖခင်ကြီး ဝေဘူကျောင်းသို့လိုက်လာရာ ဖခင်ကြီးအား ရဟန်းပြုပေးပြီးနောက် ဖခင် ဦးပဉ္စင်းကြီး ဦးဥယျနှင့်အတူ အင်ကြင်းပင်သို့ ကြွရပြန်သည်။ ထိုအချိန်မှစ၍ အင်ကြင်းပင် တောရကျောင်းနှင့် ကျောက်ဆည် ဝေဘူချောင်တွင် ခြောက်လစီ သီတင်းသုံးခဲ့ရသည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ ရွှေဘိုအောင်မြေ သာသနာပြု နာယကဆရာတော် ဖြစ်ပြီးနောက် ရွှေဘိုအောင်မြေရိပ်သာ၌လည်း အလှည့်ကျ သီတင်းသုံးတော်မူခဲ့သည်။

အင်ကြင်းမြို့ဆရာတော်ကြီးသည် ဝေဘူဆရာတော်၏ နိဗ္ဗာန်ဖြတ်လမ်း ကမ္မဋ္ဌာန်းကို နှစ်သက်သဘောကျလှသဖြင့် တပည့်ငယ်ထံနည်းခံ၍ ကိုယ်တော်တိုင် ကျင့်ကြံအားထုတ်တော်မူသည်။

ကျောင်းတိုက်ရှိ ဦးပဉ္စင်းကိုရင်များ၊ ရပ်ရွာ ဒါယကာ ဒါယိကာမများကိုလည်း အားထုတ်ခိုင်းရာ ကျောင်းဝင်း၊ ခြံစည်းရိုး ကန်ဘောင်းရိုး တလျှောက် တရားအားထုတ်ကြသည်မှာ နေ့စဉ် ရဟန်းသာမဏေ ၇၀ ကျော်နှင့် လူပုဂ္ဂိုလ် ၄၀၀ ကျော် လေသည်။

ဆရာတော်၏ ရဟန်းကိစ္စ ပေါက်ဖော်က်မှု၊ ဂုဏ်ကျေးဇူးစွမ်းရည်မျှားကို အကဲဖြတ်ကြရာ၌ အင်ကြင်းမြို့ဝင် ဆရာတော်က "ငါ့အထင်တော့ မောင်ကုမာရဟာ အနည်းဆုံး အနာဂါမ်လောက်ဖော်က်နေပြီကွဲ့" ဟူ၍ဖြင်း၊ စွန်းလွန်းဆရာတော်ဘုရားကြီး ဝေဘူချောင်သို့ သိမ်သမုတ်ရန်ကြွဖော်က် လာစဉ်က ကျောင်းဒကာကြီး ဦးပေါ့အား "မောင်ပဉ္စင်းကို ပျော်အောင်သာမေးနော်၊ ဇမ္မူမှာ တဆူဘဲရှိတယ်။ မလွတ်တမ်းကိုးကွယ်ကြပေတော့" ဟူ၍ဖြင်း မိန့်ကြားခဲ့ကြလေသည်။

လူပုဂ္ဂိုလ် ရဟန်း ပုဂ္ဂိုလ်မျှားကလည်း ဝေဘူဆရာတော်သည် ရဟန်းကိစ္စပြီးမြောက်၍ ဆဋ္ဌဝဿည ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်အဖြစ် ယုံကြည်ကြလေသည်။

ဝေဘူဆရာတော်ကြီးသည် သက်တော် ဂ၂ နှစ် ဝါတော် ၆၂ ဝါ ၁၃၃၉ ခု ပထမဝါဆိုလဆန်း ၁၁ ရက်နေ့ ည ၇ နာရီ မိနစ် ၃၀ အချိန်ဇာတိရပ်မြေ အင်ကြင်းပင်တောရ ကျောင်း၌ပင် ဘဝနတ်ထံပျံလွှန်တော် မူခဲ့လေသည်။

သပြေပင်ဆရာတော် (ဟသ်ာတ) (မြန်မာ ၁၂၅၅–၁၃၃၉)။ ။ဟသ်ာတမြို့ သပြေပင်ဆရာတော် ဘုရားကြီးသည် ဟသ်ာတခရိုင် သမ္ဘာရာတိုင်းရွာ၌ မြန်မာသက္ကရာဇ် ၁၂၅၅ ခုနှစ် တပေါင်းလဆန်း ၄ ရက်သောကြာနေ့ နံနက် ၄ နာရီ ၃၀ မိနစ်အချိန်တွင် ဖွားမြင်တော်မူသည်။ အဖမှာ ဦးစံလှဖြစ်၍ အမိမှာ ဒေါ်ဝိုင်းကြီး ဖြစ်သည်။



သပြေပင်ဆရာတော် အရှင်သောဘန

ခုနစ်နှစ်သားအရွယ်တွင် သမ္ဘာရာတိုင်းရွာ ကျောင်းသစ်ကျောင်း(ကံခွဲကျောင်း) ကျီးသဲလေးထပ်ကျောင်းဆရာတော်၏ တပည့်ဆရာတော် ဦးဇာဂရိန္ဒမထေရ်ထံ ပညာသင်ယူသည်။ ကိုးနှစ်သားအရွယ်တွင် ဟသ်ာတမြို့ ပထမဘုရားကြီး ဆရာတော် ဦးသာဂရဇုဒ္ဓိမထေရ်ထံ ပြောင်းရွှေ့ပညာသင်ကြားခဲ့သည်။ ၁၅ နှစ်သားအရွယ်တွင် ပထမ ဘုရားကြီး ဆရာတော် ဘုရားကြီးထံ၌ ရှင်သာမဏေအဖြစ် ရောက်ရှိသည်။ ၁၂၇၅ ခု နယုန်လပြည့်နေ့တွင် ဒုတိယ ဘုရားကြီး ဆရာတော် အရှင်ရာဇာ

မထေရ်ကို ဥပဇ္ဈာယ်ပြုကာ ဘုရားကြီးတိုက် အရှေ့ဘဝတိသိမ်၌ ရဟန်းအဖြစ်သို့ ရောက်သည်။ ဘွဲ့တော်မှာ ဦးသောဘနဖြစ်သည်။

အရှင် သောဘနသည် စာပေအရပ်ရပ်ကို ဟသ်ာတမြို့ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ မဟာဒွါရနိကာယ မဟာနာယက တတိယ ဘုရားကြီး ဆရာတော် အရှင် စာရိန္ဒာသဘ၊ မဟန္တာရုံ ဆရာတော် အရှင်နေမိန္ဒ၊ စစ်ကွင်းမြို့ နိဂြောဓာရုံ ဆရာတော် အရှင်သဒ္ဓမ္မာလင်္ကာရ၊ ပြည်မြို့ အဂ္ဂမဟာ ပဏ္ဍိတ **ကန်တွင်း ဆရာတော် အရှင်သုဘာသိတ**၊ ပန်းတောင်းမြို့ အဂ္ဂမဟာ ပဏ္ဍိတ မဟာနာယက ဆုတောင်းပြည့်ကျောင်းတိုက် **ဆရာတော် အရှင်ဝါသဝ**၊ ဖား အံမြို့ အဂ္ဂမဟာပဏ္ဍိတ အမိတာရာမ ရဲကျောင်းတိုက် ဆရာတော် အရှင် ဂုဏ္ဏတ္တရ၊ ရန်ကုန်မြို့ ကြည့်မြင်တိုင် လင်းလုန်းပင်ကျောင်းတိုက် ဆရာတော် အရှင်သီဟာသန မထေရ်မြတ်၊ ဥပဇ္ဈာယ်ဆရာဖြစ်သူ ဒုတိယ ဘုရားကြီး ဆရာတော် အရှင်ရာဇာ၊ နှုတ်ခမ်းမွေး ဆရာတော်ဟု ကျော်ကြားသော ညောင်ချောင်း ဆရာတော် အရှင်ဉာဏဝံသတို့ထံ၌ ဆည်းပူးလေ့လာသည်။

၁၂၉၅ ခုနှစ် ကဆုန်လဆန်း ၁၃ ရက်နေ့တွင် တတိယ ဘုရားကြီး ဆရာတော်၏ အမိန့်အရ အရှင်သောဘနသည် ဟသ်ာတမြို့ရွှေဂူတောင်ရပ်သပြေပင်ကျောင်းတိုက်၌သီတင်းသုံးနေထိုင်ခဲ့ရသည်။ ယင်းသို့ သီတင်းသုံးရင်း တပည့်တပန်း ရဟန်းသာမဏေများအား ပရိယတ္တိစာပေများ သင်ကြားပို့ချပေးခြင်း၊ ကျမ်းစာများ ရေးသားပြုစုခြင်းတို့ကြောင့် သပြေပင် ဆရာတော်ဟု ထင်းရှား ကျော်ကြားလာသည်။

မြန်မာနိုင်ငံသုံး ပက္ခဒိန်သည် အစဉ်အဆက်ကပင် မှားယွင်း ချွတ်ချော် လာခဲ့သည်ဟု သပြေပင်ဆရာတော်က ယူဆသည့်အတိုင်း အမှန်အကန်သို့ ရောက်အောင် ၁၂၉၇ ခုနှစ်မှစ၍ ကြိုးစား ဆောင်ရွက်ခဲ့သည်။ ယင်းသို့ ကြိုးစားခဲ့သည်ကို အကြောင်းပြု၍ လွတ်လပ်ရေးခေတ်တွင် နိုင်ငံတော်အစိုးရက ဖွဲ့စည်းသော ပက္ခဒိန်တော်ဆက် အဖွဲ့တွင် ပါဝင်ဆောင်ရွက်ခဲ့ရသည်။အောက်မြန်မာပြည် ပညာရှိစု၏ ဥက္ကဋ္ဌအဖြစ်ဖြင့်လည်း တာဝန်ယူခဲ့သည်။

ဆရာတော်သည် နိုင်ငံတော် အစိုးရ ပထမပြန် စာမေးပွဲကြီးကြပ်ရေးအဖွဲဝင် အဖြစ်ဖြင့်၎င်း၊ ပါဠိဘာသာ ပညာရေးအဖွဲ့ နာယက အဖြစ်ဖြင့်၎င်း၊ ပါဠိတက္ကသိုလ် ဗဟိုအဖွဲဝင် အဖြစ်ဖြင့်၎င်း တာဝန်ယူ ဆောင်ရွက်ခဲ့သည်။

ဆဋ္ဌသံဂါယနာ ကိစ္စ၌လည်း သီဟိုဠ်သွား သာသနာရေး မစ်ရှင်အဖြစ်ဖြင့်၎င်း၊ ဩဝါဒါစရိယ သံဃနာယက အဖြစ်ဖြင့်၎င်း၊ဘာရာနိရဋ္ဌကဝန်ဆောင် သံဃအဖွဲဝင် အဖြစ်ဖြင့်၎င်း၊ ပါဠိဝိသောဓကအဖြစ်ဖြင့်၎င်း၊ သင်္ဂီတိကာရက အဖြစ်ဖြင့်၎င်း တာဝန် ယူဆောင်ရွက်ခဲ့သည်။ ထို့ပြင် ခုံ

ဝိနိစ္ဆယ ဥပဒေကိစ္စ၌လည်း ပါဝင် ဆောင်ရွက် ခဲ့သည်။ ၁၃၁၅ ခုနှစ်၌ နိုင်ငံတော် အစိုးရက ပေးလှူဆက်ကပ်သော အင်္ဂမဟာ ပဏ္ဍိတ ဘွဲ့တံဆိပ်ကို ခံယူရရှိပေသည်။

ဒွါရဝါဒီဂိုဏ်းကြီးအနေဖြင့်လည်း သပြေပင် ဆရာတော်ကို အင်္ဂမမြောက် ဒွါရသာသနာပိုင် ဆရာတော်အဖြစ် တင်မြောက်ခဲ့သည်။

ဆရာတော်သည် ၁၃၃၉ ခုနှစ် တန်ဆောင်မုန်း လဆုတ် ၃ ရက် တနင်းလာနေ့ ညနေ ၅ နာရီ ၄၅ မိနစ်အချိန်တွင် သက်တော် ၈၄ နှစ် ဝါတော် ၆၅ ဝါတွင် ပျံလွန်တော်မူသည်။

သပြေပင်ဆရာတော်သည် ၁၂၉၂ ခုနှစ်က သာသနာ့ ဝံသဒီပနီခေါ် ဒွါရဂိုဏ်း သာသနာဝင် ကျမ်းကြီးကိုရင်း ၁၃၂၃ ခုနှစ်တွင် စွယ်စုံကျော်ထင် ဝိသောခနီကျမ်းကိုရင်း ရေးသားပြုစုသည်။ ဆရာတော်ပြုစုခဲ့သောအခြားကျမ်းများမှာ သင်္ခနာဘိနန္ဒိတကထာ၊ ဒွါရပဟာမဒီပနီ၊ မိစ္ဆာဥာဏပဟာကာသနီ၊ ဝတ္ထာရောစနဒီပနီ၊ အနုသန္ဓိဋ္ဌစကားပြေ၊ အနုသန္ဓိဋ္ဌဗလဝဏ္ဏနာ၊ အနုသန္ဓိဋ္ဌဝိဓိ၊ အနုသန္ဓိဋ္ဌ စကားပြေတမျိုး၊ အနုမကာရန္တစကားပြေ၊ အနုမကာရန္တဝိဓိ၊ မြန်မာပကွဒိန် အစီအရင်၊ လထပ်ရက်ငင်ပြုပြင်ရေး၊ မဟာနာယက သဘင် စာတမ်းအစရှိသော ကျမ်းပေါင်း ၇၀ ကျော်တို့ကို ရေးသားပြုစုတော်မူခဲ့သည်။

သီရိလင်္ကာ သမ္မတ နိုင်ငံ။ ။(၁၃ – ၁၄၁ — ရှု။)

၁၉၄၈ ခုနှစ် ဖေဖွဝါရီလ ၄ ရက်နေ့မှစ၍ နှစ်ပေါင်း ၂၀ ကျော်ကြာမျှ ဗြိတိသျှ ဓနသဟာယ အဖွဲဝင် နိုင်ငံအဖြစ် နေလာခဲ့ရာမှ ၁၉၇၂ ခုနှစ် မေလ ၂၂ ရက်နေ့တွင် သီဟိုဠ်နိုင်ငံကို သီရိလင်္ကာသမ္မတနိုင်ငံ ဟူသောအမည်ဖြင့် သမ္မတနိုင်ငံအဖြစ် ကြေငြာခဲ့သည်။ (အဓိပ္ပါယ်မှာ အလွန် ထွန်းလင်းတောက်ပသော ကျွန်းဖြစ်သည်။)



တချိန်တည်းမှာပင် ၁၉၄၆ ခုနှစ် အခြေခံဥပဒေကို အစားထိုးသော အခြေခံဥပဒေအသစ် တရပ်ကို ပြဋ္ဌာန်းခဲ့သည်။ မစ္စတာကိုပါလာဝါ (ယခင် ဘုရင်ခံချုပ်) အား ပင်သမ္မတအဖြစ် တင်မြှောက်ပြီး မစ္စစ်သီရိမာဗိုအာရ်ဒီဗန္ဒာရနိုက်ကေးက ဝန်ကြီးချုပ်အဖြစ် ဆက်လက် တာဝန်ယူထမ်းဆောင်သည်။ အခြေခံဥပဒေသစ် ရေးဆွဲပြီး လွှတ်တော် နှစ်ရပ်ကို ဖျက်သိမ်းကာ အမျိုးသားလွှတ်တော်တခုတည်းသာထားရှိခဲ့သည်။ လွှတ်တော်၏ သက်တမ်းကိုလည်း ယခင်က ငါးနှစ်မှ ခြောက်နှစ်သို့ တိုးမြှင့် သတ်မှတ်ခဲ့သည်။ လွှတ်တော်ကိုယ်စားလှယ်များကို လူဦးရေအရရွေးကောက်ပြီး နယ်မြေများ သီးခြားသတ်မှတ် အုပ်ချုပ်စေသည်။

ဝန်ကြီးချုပ် မစ္စစ်ဗန္ဒာရနိုက်ကေးသည် အမျိုးသားညီညွတ်ရေးပါတီ အစိုးရ လက်ထက်က ချွတ်ခြုံကျခဲ့သော စီးပွားရေးအခြေအနေဆိုးများကို ရင်ဆိုင်ဖြေရှင်းခဲ့ရသည်။ ပြည်တွင်း ပဋိပက္ခလိကပိုင်နှင့် နိုင်ငံခြားသားပိုင် လက်ဖက်၊ ရာဗာနှင့် အုန်းခြံ စိုက်ခင်းများကို ပြည်သူပိုင် သိမ်းခြင်း၊ ကုန်စျေးနှုန်း ကန့်သတ်ခြင်းစသည့် ဆောင်ရွက်မှုများကို ပြုလုပ်ခဲ့သည်။ ယင်းသို့ဆောင်ရွက်မှုများကြောင့် နိုင်ငံ၏ စီးပွားရေး အခြေအနေ အတော်အသင့် တိုးတက်ခဲ့သော်လည်းမဖြေရှင်းနိုင်သောစီးပွားရေးပြဿနာများရှိခဲ့သည်ကို အကြောင်းပြု၍ ၁၉၇၆ ခုနှစ် ကုန်ပိုင်းမှစကာ အဆိုးရွားဆုံး နိုင်ငံရေးအခြေအနေနှင့် ရင်ဆိုင်လာခဲ့ရသည်။ နိုဝင်ဘာလတွင် သီရိလင်္ကာ တက္ကသိုလ်၌ ကျောင်းသား ဆူပူမှုများ ဖြစ်ပွားခဲ့၍ ယင်းတက္ကသိုလ်ကို ပိတ်ထားခဲ့သော်လည်း ဆူပူလှုပ်ရှားမှုများသည် ကိုလံဗို၊ ကန်ဒီနှင့် အခြား မြို့များရှိ ကောလိပ်များနှင့် အထက်တန်းကျောင်းများသို့ ကူးစက်ပြန့်နှံ့ခဲ့သည်။ အမျိုးသားညီညွတ်ရေးပါတီ၊ လင်္ကာသမ္မာသမ္မဇယပါတီနှင့် ကွန်မြူနစ်ပါတီတို့ ဩဇာလွှမ်းသော အလုပ်သမား သမဂ္ဂများက ဦးဆောင်၍ ၁၉၇၆ ခုနှစ် ဒီဇင်ဘာလအတွင်း လုပ်ခ တိုးမြှင့်ရရှိရေးနှင့် ပတ်သက်၍ မီးရထား အလုပ်သမားများ စတင် သပိတ်မှောက်ခဲ့သည်။ တဖန် ဆိပ်ကမ်း အလုပ်သမားများ၊ ကြေးနန်းဆက်သွယ်ရေးဝန်ထမ်းများ၊ ဘတ်စကားလုပ်သားများ၊ စာရေးစာချီ ပါဝင်သော အလုပ်သမား လေးသိန်းကျော်တို့ သပိတ်မှောက်လိုက်ရာ တနိုင်ငံလုံးရှိ ဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ရပ်ဆိုင်းသွားခဲ့သည်။

ဤအခြေအနေတွင် အစိုးရအဖွဲ့အတွင်း သဘောကွဲလွဲမှုများပေါ် ပေါက်ခဲ့သည်။ ဖေဖွဝါရီလ ၁၉ ရက်နေ့တွင် ကွန်မြူနစ်ပါတီဝင် နှစ်ဦးဖြစ်သော အိုးအိမ်နှင့် ဆောက်လုပ်ရေးဝန်ကြီး မစ္စတာပီ ယက်တာကူနီမန်နှင့် ပညာရေး ဌာနဒုတိယဝန်ကြီး မစ္စတာတူဒါဝီတို့သည် အစိုးရအဖွဲ့မှ နုတ်ထွက်သွားခဲ့ပြီး ကွန်မြူနစ်ပါတီကလည်း အစိုးရအပေါ် ထောက်ခံမှုကို ပြန်လည်ရုပ်သိမ်းခဲ့သဖြင့် ညွှန့်ပေါင်းအစိုးရအဖွဲ့တွင် သီရိလင်္ကာ လွှတ်လပ်ရေးပါတီ တခုတည်းသာ ကျန်ခဲ့သည်။ ဤအတွင်း၌ပင် သီရိလင်္ကာ လွှတ်လပ်ရေးပါတီမှ အမတ် ငါးဦး နုတ်ထွက်သွားပြီး မတ်လ ၁ ရက်နေ့တွင် စက်မှုဝန်ကြီး ဆူဘာဆင်ဂီက ပါတီ၏ ဌေးကြီးမူဝါဒများကို မကျေနပ်၍ ပါတီနှင့် အစိုးရအဖွဲ့ နှစ်ခုစလုံးမှနုတ်ထွက်သွားသည်။ ဤအခြေအနေများကြောင့် သမ္မတကိုပါလာဝါသည် ၁၉၇၇ ခုနှစ် မေလ ၁၈ ရက်နေ့တွင်

လှတ်တော်ကို ဖျက်သိမ်းပြီး အထွေထွေ ရွေးကောက်ပွဲကို ဇူလိုင်လ ၂၁ ရက်နေ့တွင် ကျင်းပရန် ကြေငြာသည်။

ဤတွင် သီရိလင်္ကာသမ္မတနိုင်ငံ၏ဆင္ဒမမြောက် အထွေထွေရွေးကောက်ပွဲကို ၁၉၇၇ ခု ဇူလိုင်လ ၂၁ ရက်နေ့တွင် ကျင်းပခဲ့ရာ ဂျူးနီးယပ်ရစ်ချတ် ဂျေယျဝါဒိန် ဦးဆောင်သော အတိုက်အခံ အမျိုးသား ညီညွတ်ရေးပါတီက ဝန်ကြီးချုပ် သီရိမာဗို ဗန္ဓာရနိုက်ကေး ဦးဆောင်သော အာဏာရ သီရိလင်္ကာ လွတ်လပ်ရေး ပါတီကို မဲအပြတ် အသတ်ဖြင့် အနိုင်ရရှိခဲ့သည်။ ဂျေယျဝါဒိန်သည် ၁၉၇၇ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုပြီး အဖွဲ့ဝင် ၂၄ ဦးပါဝင်သော အစိုးရအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ (ဂျေယျဝါဒိန်,ဂျူးနီးယပ် ရစ်ချတ်—ရှု။) ဂျေယျဝါဒိန်သည် ကာကွယ်ရေးဝန်ကြီး၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး၊ စီမံကိန်း အကောင်အထည်ဖော်ရေး ဝန်ကြီးရာထူးများကိုပါ ပူးတွဲတာဝန်ယူသည်။ အစိုးရသစ် အနေဖြင့် နိုင်ငံခြားရေးဝါဒတွင် ဘက်မလိုက်ဝါဒကို ဆက်လက်ကျင့်သုံးမည်ဖြစ်ပြီး ပြည်တွင်းရေးရာတွင်မူ ဆိုရှယ်လစ် သီရိလင်္ကာနိုင်ငံကို ထူထောင်ပြီး နိုင်ငံပိုင်ကဏ္ဍနှင့် ပုဂ္ဂလိကပိုင် ကဏ္ဍကို ပူးတွဲလုပ်ကိုင်မည့် ရောထွေးသော စီးပွားရေးစနစ်ကို ကျင့်သုံးမည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

သီဟာနု,နိုရိုဒွန် (ခရစ် ၁၉၂၂ ဖွား)။ ။မင်းသားကြီး သီဟာနုသည် ၁၉၂၂ ခုနှစ်တွင် ကမ္ဘောဒီးယား ပြည့်ရှင်ဘုရင် နိုရိုဒွန်ဆူရာမာရစ်နှင့် မိဖုရားကြီး ဆီစိုးစပ်ကော စမတ် နယူရီတို့မှ ဖွားမြင်သည်။ ဗီယက်နမ်ပြည် ဆိုင်ဂုံမြို့ရှိ ချက်စီလေ ဘယ်လိုင်စီကျောင်းတွင် ပညာ သင်ကြားနေစဉ် ၁၉၄၁ ခုနှစ် ဧပြီလ ၂၆ ရက်နေ့တွင် အသက် ၁၉ နှစ် အရွယ် ဘုရင် ကမ္ဘောဒီးယား ဘုရင်အဖြစ် တင်မြှောက်ခြင်း ခံရသည်။ ၁၉၄၇ ခုနှစ်တွင် ဖွဲ့စည်းပုံ အခြေခံ ဥပဒေကိုရေးဆွဲပြဋ္ဌာန်းပြီး ပြည်သူကိုယ်စားလှယ်များ ပါဝင်သောပါလီမန်တရပ် တည်ထောင်ခဲ့သည်။ ဘုရင်ကို နိုင်ငံအကြီးအကဲအဖြစ် သတ်မှတ်သော်လည်း ပါလီမန်မှတဆင့် အုပ်ချုပ်သော စနစ်ကို ကျင့်သုံးသည်။ ဘုရင်အဖြစ် တာဝန်ထမ်းဆောင် နေစဉ်ပင် ၁၉၄၆ ခုနှစ်၌ တကြိမ်၊ ၁၉၄၈ ခုနှစ်၌ တကြိမ် ပြင်သစ်ပြည် ဆီအောမား စစ်တက္ကသိုလ်သို့တက်ရောက်၍ စစ်ပညာများ သင်ကြားသည်။ ၁၉၅၅ ခုနှစ်တွင် ထီးနန်းကို စွန့်ကာ ခမည်းတော်အား လွှဲအပ်၍ နိုင်ငံရေးနယ်ပယ်သို့ ဝင်ရောက်ပြီး ပေါ်ပြူလာ ဆိုရှယ်လစ် ပါတီကို ဖွဲ့စည်းတည်ထောင်သည်။ ၁၉၅၅၊ ၁၉၅၈၊ ၁၉၆၂ နှင့် ၁၉၆၆ ခုနှစ်များတွင် ပါလီမန် ရွေးကောက်ပွဲများကျင်းပခဲ့ရာ လွှတ်တော်ကိုယ်စားလှယ်နေရာများများတွင် ၎င်း၏ပါတီဝင်များကရရှိခဲ့သည်။

သီဟာနုသည် ကမ္ဘောဒီးယား အစိုးရအဖွဲ့တွင် ဝန်ကြီးချုပ်ရာထူးနှင့် နိုင်ငံခြားရေး ဝန်ကြီးရာထူးတို့ကို ကြိမ်ဖန်များစွာ တာဝန်ယူ ဆောင်ရွက်ခဲ့သည်။ သို့သော်ပြည်ပ အန္တရာယ်တို့ကို လွှတ်လပ်စွာ ရင်ဆိုင်ဖြေရှင်းနိုင်ရန်အတွက် ၁၉၅၆ ခုနှစ်တွင်အစိုးရရာထူးများမှ နုတ်ထွက်လိုက်သည်။ ၁၉၆၀ ပြည့်နှစ် ဧပြီလတွင် ခမည်းတော် ဘုရင်ကြီး နတ်ရွာစံပြီး ၁၉၆၀ ပြည့်နှစ် ဇွန်လ ၁၄ ရက်နေ့တွင် နိုင်ငံတော် အကြီးအကဲ နိုင်ငံဥသျောင် ဟူသော ဘွဲ့မည်ဖြင့် ကမ္ဘောဒီးယားနိုင်ငံ၏ အာဏာပိုင်အဖြစ် ရွေးချယ်ခြင်း ခံခဲ့ရသည်။ ထိုအချိန်မှစ၍ ကမ္ဘောဒီးယား နိုင်ငံ၏ ဘုရင် အုပ်ချုပ်ရေး စနစ်သည် ဆုံးခန်းတိုင် ရောက်ရှိခဲ့ပေသည်။

မင်းသားကြီး နိုရိုဒွန် သီဟာနုသည် ကြားနေရေးဝါဒကို အကြွင်းမဲ့ယုံကြည် လက်ခံထားသူ ဖြစ်သည်။

၁၉၇၀ ပြည့်နှစ် မတ်လ ၁၈ ရက်နေ့တွင် နိုင်ငံဥသျောင် မင်းသားကြီး သီဟာနုသည် ဇနီးဖြစ်သူ မင်းသမီး မိုနစ်နှင့်အတူရုရှနိုင်ငံသို့ ခရီးထွက်နေခိုက် လုန်နောခေါင်းဆောင်သော အတိုက်အခံ အုပ်စုက နိုင်ငံတော်အာဏာကို သိမ်းပိုက်ခဲ့လေသည်။ ထိုအခါ သီဟာနုသည် တရုတ်ပြည်သူသမ္မတ နိုင်ငံတွင် အခြေစိုက်ကာ လုန်နော အစိုးရအား ပြန်လည် ဖြုတ်ချရန် ခမာအမျိုးသား ညီညွတ်ရေးတပ်ဦးကို ဖွဲ့စည်းပြီး ဥက္ကဋ္ဌ အဖြစ်ဖြင့် စည်းရုံးလှုပ်ရှားခဲ့သည်။ ၁၉၇၂ ခုနှစ် မတ်လ အတွင်းတွင် သီဟာနု၏ တပ်များသည် ကမ္ဘောဒီးယားနိုင်ငံတွင် အစွမ်းကုန် ထိုးစစ်ဆင်ခဲ့လေသည်။ ၁၉၇၅ ခုနှစ် ဧပြီလ ၁၇ ရက်နေ့တွင် ကမ္ဘောဒီးယား နိုင်ငံ ဖနုံပင်မြို့တော်ကို သီဟာနု၏ တပ်များက သိမ်းပိုက်နိုင်ခဲ့သဖြင့် သီဟာနုသည်။ နိုင်ငံဥသျောင် ရာထူးတွင် ပြန်လည် တင်မြှောက်ခြင်း ခံခဲ့ရပေသည်။



မင်းသားကြီး သီဟာနု

၁၉၇၆ ခုနှစ်တွင် ဖွဲ့စည်းပုံ အခြေခံဥပဒေအသစ်အတည် ပြုပြီးနောက် ကမ္ဘောဒီးယားနိုင်ငံကို ဒီမိုကရက်တစ် ကမ်ပူးချား နိုင်ငံဟု ပြောင်းလဲ မှည့်ခေါ်ကာ ထိုနှစ် မတ်လ ၂၀ ရက်နေ့တွင် ပြည်သူ လွှတ်တော် ရွေးကောက်ပွဲ ကျင်းပသည်။ (ကမ်ပူးချားနိုင်ငံ၊ ဒီမိုကရက်တစ် — ရှု။) သီဟာနု

လည်း နိုင်ငံ့ညီသျှောင်အဖြစ်မှ နုတ်ထွက် လိုက်သဖြင့် ဒုတိယ ဝန်ကြီးချုပ် ခေဆန်ဖန် သမ္မတဖြစ်လာသည်။

သုဝဏ္ဏဖူးမား၊ မင်းသားကြီး(ခရစ် ၁၉၀၁ ဖွား)။ ။ လောနိုင်ငံ၏ ခေါင်းဆောင်တဦး ဖြစ်သူ မင်းသားကြီး သုဝဏ္ဏဖူးမား သည် ၁၉၀၁ ခုနှစ် အောက်တိုဘာလ ၇ ရက် နေ့ တွင် လောနိုင်ငံ ဗီယန်တျန်းမြို့၌ ဘုရင့်အနွယ်မှ ဖွားမြင်လာ သူ ဖြစ် ပြီး ဖခင်မှာ မင်းသားကြီးဘွန်ခေါင်းဖြစ်၏။ ငယ်စဉ်ကပင် အဖမဲ့သားဖြစ်ခဲ့၍ နောင်တော် မင်းသားကြီး ဖက်ဆာရက်က ပြုစုစောင့်ရှောက်ခဲ့ရသည်။



လောနိုင်ငံခေါင်းဆောင် မင်းသားကြီး သုဝဏ္ဏဖူးမား

သုဝဏ္ဏဖူးမားသည် လောနိုင်ငံ ဗီယန်တျန်းမြို့၌ ဘုရင့်အနွယ်မှ ဖွားမြင်လာသူ ဖြစ်သော်လည်း နိုင်ငံခြားတွင် ပညာသင်ကြားခဲ့ရသဖြင့် ပြင်သစ်ယဉ်ကျေးမှုကို ခံယူကျင့်သုံးခဲ့ရသည်။ ပြင်သစ်နိုင်ငံ ပဲရစ်တက္ကသိုလ်မှ ရေကြောင်းအတတ်၊ လျှပ်စစ်အတတ်နှင့် ဆောက်လုပ်ရေး အင်ဂျင်နီယာ ဘာသာရပ်များတွင် ဘွဲ့ရရှိကာ အင်ဒိုချိုင်းနားပြည်သူလုပ်ငန်းဌာန၌ ဝင်ရောက် အမှုထမ်းလေသည်။

လောနိုင်ငံအား ဒုတိယ ကမ္ဘာစစ်အပြီး၌ ပြင်သစ်တို့ ပြန်လည် အုပ်ချုပ်သည်ကို ဖူးမား၏ ဦးရီးတော်ဘုရင် သီသာဗန်ဗောင်က ကြိုဆိုလက်ခံ လိုက်သောအခါ ဖူးမား ညီဝမ်းကွဲ ဆူဗန်နုဗောင်နှင့်တွဲ၍ ကွန်မြူနစ်မဟုတ်သည့် လွတ်လပ်သော လောလှုပ်ရှားမှုအဖွဲ့သို့ဝင်ကာ တိုင်းတပါး အုပ်စိုးမှုကို မလိုလားကြောင်း ထုတ်ဖော်သည့် အနေဖြင့် လွတ်လပ်ရေး တောင်းဆိုသည်။ ဆူဗာနုဗောင်က ကွန်မြူနစ်ယိမ်း ပသက်လောအဖွဲ့ကို ဖွဲ့စည်းခိုန်၌ ပြင်သစ်တို့က ဖူးမားကို အာဏာပေးသဖြင့် သုဝဏ္ဏဖူးမားသည် ၁၉၅၁ ခုနှစ်တွင်မှ ဝန်ကြီးချုပ်အဖြစ် တင်မြှောက်ခံရသည်။

၁၉၅၆ ခုနှစ်တွင် ညွှန့်ပေါင်း အစိုးရအဖွဲ့၌ ဖူးမားသည် ဝန်ကြီးချုပ် ဖြစ်လာသည်။ ၁၉၅၈ ခုနှစ်အတွင်း ညွှန့်ပေါင်း အစိုးရ ပြိုကွဲသောအခါတွင် ပသက်လောတို့က တဖက်၊ လက်ျာအင်အားစုများ ဖြစ်ကြသော မင်းသားကြီး ဘွန် အုန်းနှင့် ဖူနန်နိုသာဗန်တို့က တဖက် ပြည်တွင်းစစ် ဖြစ်ပွားသည်။ ၁၉၆၂ ခုနှစ် အပစ်အခတ် ခေတ္တရပ်စဲခိုန်တွင်မှ သုဝဏ္ဏဖူးမားသည် ဝန်ကြီးချုပ် ပြန်ဖြစ်သည်။

၁၉၅၈-၅၉ ခုနှစ် အတွင်းတွင် သူသည် ပြင်သစ်နိုင်ငံသို့ လောသံအမတ်အဖြစ်ရင်း ၁၉၆၀ ပြည့်နှစ်တွင် လွတ်တော် ဥက္ကဋ္ဌအဖြစ်ရင်း ဆောင်ရွက်ခဲ့သည်။

၁၉၇၁ ခုနှစ် စက်တင်ဘာလ နောက်ပိုင်းတွင် ညွှန့်ပေါင်းအစိုးရ ပြန်လည် ပေါ်ပေါက်သောအခါ ဖူးမား အစိုးရက တပိုင်း၊ ပသက်လော တို့က တပိုင်း လောနိုင်ငံကို အုပ်ချုပ်ကြသည်။ ထိုစဉ် သုဝဏ္ဏဖူးမားသည် ဝန်ကြီးချုပ် ဖြစ်သည်။

၁၉၇၆ ခုနှစ် ဒီဇင်ဘာလတွင် လောဘုရင် ဆဗန်ဝတ္ထဏက ထီးနန်း စွန့်လွှတ်ကြောင်း ကြေငြာလိုက်ရာ လောနိုင်ငံတွင် သက်တမ်း နှစ် ၇၀၀ ရှိ ဘုရင် စနစ်ကို လောအမျိုးသား ကွန်ဂရက်က ဖျက်သိမ်းကာ လောပြည်သူ ဒီမိုကရက်တစ် သမ္မတနိုင်ငံ ထူထောင်လိုက်သည်။ မင်းသားကြီး ဆူဗန်နိုဗောင်အား နိုင်ငံသမ္မတ အဖြစ်ရင်း၊ ပြည်သူ့လွှတ်တော်ချုပ် ဥက္ကဋ္ဌ အဖြစ်ရင်း ရွေးချယ်တင်မြှောက်၍ သုဝဏ္ဏ ဖူးမားကိုမူ အစိုးရအဖွဲ့ အကြံပေး အရာရှိအဖြစ် ခန့်အပ်သည်။

သူတပါးထိခိုက်မှုအာမခံစနစ်။ ။သူတပါး ထိခိုက်မှု အာမခံစနစ်ဆိုသည်မှာ မော်တော်ကား၊ မီးရထား စသည့် စက်တပ်ယာဉ်တခုခုဖြင့် မတော်တဆထိခိုက်မိသည့်အတွက် ပစ္စည်းဆုံးရှုံးရခြင်း၊ ခန္ဓာကိုယ် အစိတ်အပိုင်း တခုခုဒဏ်ရာရခြင်း၊ အသက်သေဆုံးခြင်းများ ဖြစ်ခဲ့လျှင် ထိုသို့နစ်နာဆုံးရှုံးသူများအား ခွင့်ပြုထားသော နစ်နာကြေးများ ပေးနိုင်ရန် ဥပဒေဖြင့် သတ်မှတ်ပြဋ္ဌာန်းထားသည့် အာမခံစနစ်ဖြစ်သည်။ အင်္ဂလိပ်ဘာသာဖြင့် "သတ်ပါတီအင်ရှူးဝါးရင့်"ဟု ခေါ်သည်။

သူတပါးထိခိုက်မှု အာမခံစနစ်ကို မြန်မာနိုင်ငံတွင် ၁၉၇၆ ခုနှစ် မတ်လ ၂၉ ရက်နေ့က ပြည်သူ့လွှတ်တော်မှ ပြဋ္ဌာန်းအတည်ပြုခဲ့ပြီး ၁၉၇၆ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့မှ စတင်ကျင့်သုံးခဲ့သည်။ ထိုအာမခံ စနစ်အရ နိုင်ငံပိုင်၊ သမဝါယမပိုင်၊ ပုဂ္ဂလိကပိုင် ဟူ၍ မခွဲခြားပဲ စက်တပ်ယာဉ်မှန်သမျှ (ဝန်ချီစက်၊ မြေတူးစက်၊လယ်ထွန်စက်ပါမကျန်) အာမခံထားကြရပြီး သတ်မှတ်ထားသော အာမခံကြေး (ပရီမီယံ)များကို နှစ်စဉ်ယာဉ်လိုင်စင် လဲလှယ်သည့်အခါ တိုင်း အပြေအလည်ပေးသွင်းကြရသည်။ ထိုပရီမီယံကြေးများ ပေးသွင်းပြီးမှသာ ယာဉ်လိုင်စင် လဲလှယ်ခွင့်ပြုသည်။ ထို့အပြင် ပုဂ္ဂလိက ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းသူအား လုံးနှင့် ကားစပယ်ယာ လက်မှတ်ရောင်းများပါ သူတပါး ထိခိုက်မှု အာမခံ ထားရသည်။

စက်တပ်ယာဉ် တခုခုကြောင့် ထိခိုက်ဒဏ်ရာရမှုဖြစ်၍ နစ်နာရလျှင် သူတပါးထိခိုက်မှု အာမခံ နည်းဥပဒေများ

အရ နစ်နာသူသည် အာမခံ လုပ်ငန်း ကော်ပိုရေးရှင်းသို့ နစ်နာကြေးတောင်းခံပိုင်ခွင့် ရှိသည်။အသက်သေဆုံးလျှင် ကျပ် ၁၀၀၀၀ နှင့် အသက်မသေပဲ ဒဏ်ရာရလျှင် ဒဏ်ရာရရှိသော ခန္ဓာကိုယ် အစိတ်အပိုင်း ဒဏ်ရာအတိမ်အနက် အလိုက် နစ်နာကြေးရနိုင်သည်။ထို့ပြင်ယာဉ်တိုက်မှုကြောင့် စက်တပ်ယာဉ် ပျက်စီးသွားလျှင် ထိုစက်တပ်ယာဉ် ပေါ်တွင် တင်ဆောင်လာသော ပစ္စည်းများ ပျက်စီးသွားပါက ကျပ် ၂၀၀ မှ ၅၀၀၀ အထိပျက်စီးဆုံးရှုံးမှုအလိုက် နစ်နာကြေးများ ပေးသည်။

သက်ကြီးပညာသင်ကြားရေး။ ။(စာတတ်မြောက်ရေးလုပ်ငန်း—ရှု။)

သခ်ၤာသစ်။ ။သခ်ၤာသစ် ဟူသည် တွေး ခေါ် နည်းများကို လေ့လာခြင်းဖြစ်သည်။ သခ်ၤာဟောင်း ဟူသည် တွက်ချက်နည်းများကိုလေ့လာခြင်းဖြစ်သည်။ ထို့ကြောင့် သခ်ၤာဟောင်းကို လေ့လာသူသည် တွက်ချက်တတ်ရန် လို သကဲ့သို့ သခ်ၤာသစ်ကို လေ့လာသူသည်လည်း စဉ်းစားတတ်ရန် လိုသည်။

အခြေခံ သခ်ၤာတွင် ဂဏန်းသခ်ၤာ၊ အက္ခရာ သခ်ၤာ၊ ဂျီသြမေတြီဟူ၍ရှိသည်။ဤ သခ်ၤာဘာသာရပ်ခွဲ သုံးခုတွင် ဂဏန်းသခ်ၤာနှင့် အက္ခရာ သခ်ၤာတို့တွင် စဉ်းစားနည်း၊ တွေးခေါ် နည်းများ အသင့်အတင့်ပါဝင်သော်လည်း တွက်ချက်ခြင်းကိုသာ အဓိကထားသည်။ ဂျီသြမေတြီသည် သာလျှင် အတွေး အခေါ် နှင့် ပတ်သက်၍ တော်တော်များများ ပါသည်။ ထို့ကြောင့် သခ်ၤာသစ်နှင့် အနီးစပ်ဆုံး ဘာသာရပ်မှာ ဂျီသြမေတြီဖြစ်သည်။

ဂျီသြမေတြီကို အပိုင်း သုံးပိုင်း ခွဲကြည့်နိုင်သည်။

၁။ သိပ္ပံသားဟု ယူဆထားသော အချက်များ။ ပုံစံ–အမှတ်၊ အက္ခာအဝေး၊ မျဉ်းဖြောင့်စသော ဝေါဟာရများကို အဓိပ္ပါယ် သိပ္ပံးဟု ယူဆထားသည်။

၂။ အဓိပ္ပါယ် သတ်မှတ်ချက်များ။ အဓိပ္ပါယ် သတ်မှတ်ချက်ဟူသည် သိပ္ပံးသား ဖြစ်သော ဝေါဟာရများကို သုံးပြီးအခြားမသိသေးသောဝေါဟာရများ၏ အဓိပ္ပါယ်ကို ဖော်ပြခြင်း ဖြစ်သည်။ ပုံစံ – တြိဂံဟူသည် မျဉ်းဖြောင့် သုံးခု အနားသုံးဖက်အဖြစ် တည်ရှိသော ပုံကိုခေါ် သည်။

၃။ သီအိုရမ်များ။ သီအိုရမ်ဟူသည်အဓိပ္ပါယ် သတ်မှတ်ချက်များမှ ဖြစ်ပေါ် လာသောအကျိုးဆက်များ ဖြစ်သည်။ ပုံစံ – တြိဂံတခု၏ အတွင်းထောင့်များ ပေါင်းလဒ်သည် ၁၈၀ ဒီဂရီ ဖြစ်သည် ဟူသော အချက်သည် သီအိုရမ်တခု ဖြစ်သည်။

သခ်ၤာသစ်ဟူသည် ဂဏန်းသခ်ၤာ၊ အက္ခရာသခ်ၤာနှင့် အခြားသောသခ်ၤာဘာသာခွဲများကို ဂျီသြမေတြီနည်းတူ

သိပ္ပံးသားဟု ယူဆထားသော အချက်များ၊ အဓိပ္ပါယ် သတ်မှတ်ချက်များနှင့် သီအိုရမ်များဟူ၍ သုံးပိုင်းခွဲ၍လေ့လာခြင်းဖြစ်သည်ဟုဆိုနိုင်သည်။တနည်းအားဖြင့်ဆိုသော် သခ်ၤာသစ် ဟူသည် သခ်ၤာ ဟောင်း တွင် ပါဝင် သည့် အကြောင်းအရာများကိုအတွေးသစ်၊ အမြင်သစ်ဖြင့် ပြန်လည်လေ့လာခြင်းပင် ဖြစ်သည်။

သခ်ၤာသစ်တွင် အစု သီအိုရီသည် အဓိက ဖြစ်သည်။ အလီသည်ဂဏန်းသခ်ၤာ၏ အခြေခံဖြစ်သကဲ့သို့ အစုသီအိုရီသည်လည်း သခ်ၤာသစ်၏ အခြေခံဖြစ်သည်။ အစု ဟူသော ဝေါဟာရသည် သခ်ၤာဝေါဟာရ သက်သက်မဟုတ်ပါ။ အစု၊ သို့မဟုတ် အစုအဝေးဟူသည် အရာဝတ္ထုများစုထားခြင်းကို ခေါ် သည်။ အစု သီအိုရီတွင် A, B, C, D,.... စသည့် အင်္ဂလိပ် စာလုံးအကြီးများသည် အစုများကို ကိုယ်စားပြုသည်။ အစုထဲတွင် ပါဝင်သော အရာဝတ္ထုများကို { }ဟူသော ကွင်းများထဲတွင် ထည့်သွင်းရေးပေးလေ့ရှိသည်။

ပုံစံ A= {ဝင်းဦး, ဇော်လင်း, မာမာအေး} ဟု ရေးထားခြင်း အဓိပ္ပါယ်မှာ A သည် ကွင်းထဲတွင် ပါဝင်သည့် အစုတခု ဖြစ်သည်ဟု ဆိုလိုသည်။

B={1, 3, 6, 7, 8,}ဟု ရေးထားခြင်းအဓိပ္ပါယ်မှာ B သည် 1, 3, 6, 7, 8 ဟူသော ဂဏန်းများ ပါဝင်သည့် အစုတခု ဖြစ်သည်ဟု ဆိုလိုသည်။ ထို နည်း တူ စွာ ပင် P သည် မြန်မာနိုင်ငံရှိ မဲပေးနိုင်သော သူများ အစုဟု ဆိုကြပါစို့။ ယင်းဝါကျကို သခ်ၤာသစ်နည်းဖြင့်ရေးရလျှင် နှစ်နည်း ရေးနိုင်သည်။ တနည်းမှာ P = {.... ....}ဟု ရေးပြီး ကွင်းထဲတွင် မြန်မာနိုင်ငံရှိ မဲပေးနိုင်သော သူများ၏ အမည်အားလုံး ထည့်ရမည်။ ဤကဲ့သို့ ရေးရန် မလွယ်ကူသဖြင့် ဖော်ပြပါ နည်းစနစ်ကို သုံးရသည်။

P={ ၁၈/၁၈သည် မြန်မာနိုင်ငံရှိ မဲပေးနိုင်သူများဖြစ်သည်။} " P သည် မြန်မာနိုင်ငံရှိ မဲပေးနိုင်သူများ ပါဝင်သောအစုဖြစ်သည်" ဟူသောဝါကျကို ဤသကဲ့တက ကိုယ်စားပြုသည်။

အစု သီအိုရီတွင် ခေါမ အက္ခရာတခုဖြစ်သော အက်စီလွန် E ဟူသော သင်္ကေတကို အမြဲတမ်း သုံးသည်။ ယင်း သင်္ကေတ၏ အဓိပ္ပါယ်မှာ အစုတွင် ပါဝင်သည်ဟူ၍ ဖြစ်သည်။ ပုံစံဆိုသော် A, B, နှင့် P တို့သည် အထက်တွင် ဖော်ပြထားသည့် အဓိပ္ပါယ်ကို ဆောင်သည် ဆိုကြပါစို့။ ထိုအခါ ဝင်းဦး A ဟု ရေးသားဖော်ပြလျှင် ဝင်းဦး သည် A ဟူသော အစုထဲတွင် ပါဝင်သည်ဟု အဓိပ္ပါယ်ရသည်။ ခင်မောင်ဝင်း P ဟု ရေးသား ဖော်ပြလျှင် ခင်မောင်ဝင်းသည် P ဟူသော အစုထဲတွင် ပါဝင်သည်ဟု အဓိပ္ပါယ်ရသည်။ ဤ သင်္ကေတကို ရိုးရိုးစာသားဖြင့် ပြန်

ရေးလျှင် "ခင်မောင်ဝင်းသည် မြန်မာနိုင်ငံရှိ မဲပေးနိုင်သူ တဦး ဖြစ်သည်"ဟူ၍ ဖြစ်သည်။ ဤကဲ့သို့သကေ်တများ၏ အဓိပ္ပါယ်ကိုဖော်ပြခြင်းဖြင့် အစု သီအိုရီဟူသောဘာသာရပ် ဖြစ်ပေါ်လာသည်။ အစုသီအိုရီကို အခြေခံ၍ သခ်ၤာသစ် ဖြစ်ပေါ်လာသည်။

သစ်မွှေး။ ။သစ်မွှေးကို အကျော်ဟူ၍လည်း ခေါ်သည်။ သစ်မွှေးခေါ် အကျော်သည် နံ့သာဖြူ၊ နံ့သာနီ၊ ကရမက်၊ အကျော်၊ စမွာဟူသော နံ့သာမျိုး ငါးပါးတွင် ပါဝင်သည်။ ရက္ခဗေဒ အလိုအားဖြင့် သစ်မွှေးပင်များသည် တင်မီးလေအီးစီး မျိုးရင်းတွင် ပါဝင်ပြီး ရက္ခဗေဒ အမည်မှာ အကိုလေးရီးယား အဂလိုချာ ဖြစ်သည်။ အပင်ကြီးမျိုး ဖြစ်ပြီး တနှစ် ပတ်လုံး စိမ်းလန်းသည်။ အမြင့်ပေ ၇၀ မှ ၁၀၀ ထိ ရှိသည်။ ပင်စည်နှင့် အကိုင်းအခက်တို့မှာ ဖြောင့်မတ်ခြင်း မရှိပေ။ အခက်အလက်များ ဖြာပြီး အရွက်များ ခပ်ကျဲကျဲ ထွက်သည်။ အရွက်များသည် အလျား ၂ လက်မမှ ၃ လက်မအထိ ရှိပြီး အနံမှာ ၁½ လက်မခန့် ရှိသည်။ အရွက်သည် သားရေကဲ့သို့ ပျော့ပြောင်းတောက်ပသည်။ အပွင့်မှာ အဖြူရောင် ဖြစ်ပြီး ပိုးသားကဲ့သို့ နူးညံ့သည်။ အရွယ်မှာ အလွန် သေးငယ်သည်။ တပေါင်း တန်ခူးလများတွင် ပွင့်သည်။ အသီးများမှာလည်း ကတ္တီပါကဲ့သို့ နူးညံ့ပြီး ဘဲဥပုံသဏ္ဌာန်ရှိသည်။ အရွယ်မှာ ၁ လက်မမှ ၂ လက်မ အထိ ရှိသည်။

သစ်မွှေးကို စုဆောင်းရာ၌ အနှစ် ရှိမည် ထင်ရသော သစ်မွှေးပင်များကို ရှာဖွေ ခုတ်လှဲပြီး သစ်အကာများစင် အောင် သစ်လုံးလိုက် မြေစိုတွင် မြှုပ်ရသည်။ မြေစိုတွင် မြှုပ်သောကြောင့် ဆွေးမြေပြီး အကာများ ကင်းစင်သွားသော အနှစ်မှာ သစ်မွှေးပင် ဖြစ်သည်။ သစ်မွှေးပင်၏ အသားစိုတွင် အမွှေးနံ့ လုံးဝ မရှိပေ။ အခြိန်ကြာမြင့်စွာ

မြန်မာနိုင်ငံထွက် အဖိုးတန်သစ်မွှေးများကို အာရပ်နိုင်ငံများမှ ကုန်သည်ကြီးများ လာရောက်ဝယ်ယူနေစဉ်



ခုတ်လှဲထားစဉ် သစ်မွှေးအနှစ်တွင် မို့တမျိုး စွဲလာသည်။ ထိုအခါ သစ်မွှေးအနှစ်သည် ဆွေးမြေ့လာသည်။ ယင်းကဲ့သို့ မို့များစွဲကပ်၍ ဆွေးမြေ့လာမှသာ သစ်မွှေးအနှစ်သည် မွေးလာသည်။ ပိုးစားထားသည့် အရာများကိုလည်း သစ်မွှေးဥ်တွေ့ရသည်။ သစ်မွှေးအနှစ်မှ အဆီထုတ်ယူနိုင်ပြီး ယင်း အဆီကို ရေမွှေး ပြုလုပ်ရာတွင် သုံးသည်။ သစ်မွှေးကို အမွှေးတိုင်များ လုပ်ရာတွင်လည်း အသုံးပြုသည်။ သစ်မွှေးအနံ့ကို ပိုးမွှားများ အလွန်ကြောက်သည်။ အခေါက်ကို စက္ကူပြုလုပ်ရာ၌ရင်း၊ ကြိုးများပြုလုပ်ရာ၌ရင်း အသုံးပြုသည်။ မြန်မာ့ ဆေးမီးတိုအရ အနာများ ရောင်ရမ်းလျှင် သစ်မွှေးကို သွေး၍ လိမ်းသည်။ အညှောမိလျှင်လည်း သစ်မွှေးကိုသွေး၍ ဆားအနည်းငယ်ရောပြီး တိုက်သည်။

စစ်ကိုင်းတိုင်း၊ ချင်းတောင် မြောက်ပိုင်း၊ တနင်္သာရီ ရိုးမနှင့် မြိတ်ကျန်းစုများ၌ သစ်မွှေးပင်များ ပေါက်ရောက်သည်။ အိန္ဒိယ၊ ဗင်္ဂလားဒေ့ရှ၊ မလေးရှား၊ အင်ဒိုနီးရှားနှင့် တရုတ်နိုင်ငံများ၌လည်း သစ်မွှေးပင်များကိုတွေ့ကြရသည်။

သိမ်းမောင်၊ ဦး၊ သတိုးသီရိသုဓမ္မ၊အဂ္ဂမဟာသရေစည်သူ (ခရစ် ၁၈၉၀–၁၉၇၅)။ ။ဦးသိမ်းမောင်ကို ၁၈၉၀ ပြည့်နှစ် ဇူလိုင်လ ၁၇ ရက် နေ့တွင် ပြည်ခရိုင် ပေါင်းတည်မြို့နယ် ကျောင်းကုန်းရွာ တိုက်သူကြီး ဦးဘိုးစံ ဒေါ်သောင်တို့မှ ဖွားမြင်သည်။

ဦးသိမ်းမောင်သည် ၁၄ နှစ်သားအရွယ်တွင်သတ္တမတန်း စကောလားရွှေစ် စာမေးပွဲကို အောင်မြင်သည်။ ၁၉၀၆ ခုနှစ်တွင် ရန်ကုန်အစိုးရ ဟိုက်စကူးကျောင်းမှ တက္ကသိုလ်ဝင် စာမေးပွဲ ဝင်ရောက်ဖြေဆိုရာ မြန်မာတနိုင်ငံလုံးတွင် ပထမရခဲ့သဖြင့် ပညာသင်ဆုများ ဆက်တိုက် ရရှိပြီး ဝိဇ္ဇာတန်းတွင် ပါဠိဘာသာ ပထမတန်း ဂုဏ်ထူးဖြင့် အောင်မြင်သည်။ ကာလကတ္တား တက္ကသိုလ်မှ မဟာဝိဇ္ဇာတန်း ပညာသင်ဆုများ ဆက်လက်ချီးမြှင့်ခဲ့သော်လည်း ထိုပညာသင်ဆုကို လက်လွှတ်၍ ၁၉၁၀ ပြည့်နှစ် အသက် ၂၀ အရွယ်တွင် အင်္ဂလန်နိုင်ငံသို့ ဥပဒေပညာများ သွားရောက် သင်ယူခဲ့သည်။

လန်ဒန်မြို့ လင်ကွန်းအင်းဝတ်လုံတော်ရ ရိပ်သာနှင့် ကိန်းဗရစ် တက္ကသိုလ်များမှ အသက် ၂၃ နှစ် အရွယ်တွင် ဝတ်လုံဘွဲ့ကို ပထမတန်းမှ ဖြေဆို အောင်မြင်သည်။ ၁၉၁၅ ခုနှစ်တွင် ကိန်းဗရစ်တက္ကသိုလ်မှ မဟာဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ ထိုနှစ်မှာပင် မြန်မာနိုင်ငံပညာရေးဆင်ဒီကိတ်က ဗီဂန်းဒက် ရွှေတံဆိပ်ဆုကြီးဖြင့် ချီးမြှင့်ခဲ့သည်။

မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသည့်အခါ ပြည်မြို့သို့ ပြောင်းရွှေ့၍ ဝတ်လုံလိုက်ရာ ပြည်မြို့တွင် ထင်ရှားသော မြို့မျက်နှာဖုံး လူကြီးတဦး ဖြစ်လာခဲ့သည်။ ပြည်ရွှေဆံတော်ဘုရားဂေါပက အဖွဲ့တွင် ပါဝင်ဆောင်ရွက်ရသည့်အခါ

ထို ခေတ် မြန် မာ နိုင် ငံ ဘု ရား ကျောင်းကန်များ ၌ မြင်တွေ့ရသည့် "ဥရောပနှင့်အမေရိကန် လူမျိုးမှတပါးမည်သူမျှဘိနပ်မစီးရ" ဟူ သော ဆိုင်း ဘုတ် ကို ဖြုတ်၍ ပြည်ရှေ့ဆံတော် ဘုရား တွင် "မည်သူ မျှ ဖိ နပ် မစီးရ" ဟူ သော ဆိုင်းဘုတ်ကို တင် ခဲ့ သူ ဖြစ် သည်။



သတိုးသီရိသုဓမ္မာ အဂ္ဂမဟာသရေစည်သူ
ဦးသိမ်းမောင်

ထိုဖိနပ်ပြဿနာကြောင့်ပင် ဦးသိမ်းမောင်သည် ဖိနပ်သိမ်းမောင် အမည်တွင်ခဲ့လေသည်။

၁၉၁၈ ခုနှစ်တွင် ပဲခူး ရွှေမော်ဓော စေတီတော်ကြီး ငလျင်ဒဏ်ကြောင့် ပြိုကျမြေခသွားသဖြင့် မြန်မာပြည် ဘုရင်ခံ ဆာရယ်ဂျီနယ် ကရက်ဒေါက်က ဖိနပ်စီးလျက် ဘုရား ရင်ပြင်ပေါ် သို့ တက်ရောက်ကြည့်ရှုလေရာ တနိုင်ငံလုံးရှိ ဗုဒ္ဓဘာသာမှန်သမျှ လှုပ်ရှားအုံကြွသွားလေသည်။ ထိုကိစ္စကိုဦးသိမ်းမောင် အတွင်းရေးမှူးအဖြစ် ဆောင်ရွက်လျက်ရှိသော ဗုဒ္ဓဘာသာကလျာဏယုဝ အသင်းကြီးမှ ဦးဆောင်၍ ၁၉၁၈ ခုနှစ် မေလ ၁၉ ရက်နေ့တွင် ဂျူဗလီဟောဒ်၌ မြို့လုံးကျွတ် အစည်းအဝေး ကျင်းပအရေးဆိုရာ အစိုးရက ဘုရားမြေ၊ ကျောင်းမြေများတွင် မည်သူမျှ ဖိနပ်မစီးရဟူသော အမိန့်ကို ထုတ်ပြန်ပေးခဲ့ရသည်။

၁၉၂၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံအား အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲပေးရန်အတွက် အရေးဆိုရန် အင်္ဂလန်သို့ သွားရောက်မည့်အဖွဲ့တွင် ဦးဘဖေ၊ ဦးပုတို့နှင့်အတူ လိုက်ပါခဲ့ရသည်။ ရွှေတိဂုံ ဂေါပကအဖွဲ့ဝင် ဦးသိမ်းမောင်နှင့် လိုက်ပါသွားကြသော ပဂ္ဂိုလ်များ၏ ကြိုးပမ်းမှုကြောင့် ရွှေတိဂုံကုန်းတော် အနောက်ဖက်တွင် အင်္ဂလိပ်စစ်တပ်က တည်ဆောက်ထားသော လက်နက်တိုက်နှင့် စစ်ဖက်ဆိုင်ရာ အဆောက်အအုံများကိုအင်္ဂလိပ်တို့ကဖယ်ရှားပေးခဲ့ရသည်။

ဂျီစီဘီအေ နှစ်ခြမ်းကွဲသောအခါခွဲခွာရေးလိုလားသော ဦးသိမ်းမောင်သည် ၂၁ ဦး အဖွဲ့တွင် ပါဝင်၍ နိုင်ငံရေးလောကသို့ ဝင်ရောက်ခဲ့သည်။ ၁၉၃၃ ခုနှစ် လန်ဒန်မျက်နှာစုံညီ အစည်းအဝေးသို့ တက်ရောက်ခဲ့ရသည်။

၁၉၃၆ ခုနှစ်တွင် ပုသိမ်တောင်ပိုင်းအမတ်အဖြစ် အရွေးခံရပြီး ပညာရေးဝန်ကြီးချုပ် အဖြစ် ဆောင်ရွက်ရသော် လည်း အင်္ဂလိပ် ကုလား အမတ်များနှင့် အပေး အယူ လုပ်၍ အတိုက်အခံဖက်မှ အနိုင်ရရှိသွားသဖြင့် ဝန်ကြီး အဖြစ်မှ နုတ်ထွက်လိုက်ရသည်။ လွှတ်တော်တွင် မြန်မာ အချင်းချင်းရာထူးလုမှု၊ မဲရောင်းဝယ်မှု စသည့် အပြုအမူများကို ခါးသီးရှုရှာ၍ မြန်မာနိုင်ငံရေး လောက အခြေအနေမှာ ကုသိုလ်တပဲ ငရဲတပိဿာဟု ကြေငြာပြီး နိုင်ငံရေးကို စွန့်လွှတ်ခဲ့လေသည်။

၁၉၃၈ ခုနှစ်တွင် မြန်မာလူမျိုးထဲမှ ပထမဆုံး လွှတ်တော် ရွေးနေချုပ်အဖြစ် ခန့်အပ်ခံရသည်။ ဂျပန်ခေတ်တွင် မြန်မာနိုင်ငံ လွှတ်လပ်ရေး အခြေခံဥပဒေရေးဆွဲရေး၌ ပါဝင်ခဲ့ပြီး တရားဥာနဝန်ကြီး အဖြစ်ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံ လွှတ်လပ်ရေး ရသည့်အခါ ဦးသိမ်းမောင် သည်လည်း လွှတ်တော်တရားဝန်ကြီးချုပ် ဖြစ်လာသည်။ လွှတ်လပ်သော မြန်မာနိုင်ငံ ဖြစ်လာပြီးသည့် အလျောက် တရားသူကြီးများ မြန်မာလို ဝတ်ဆင်ရန်၎င်း၊ တရားရုံးများတွင် မြန်မာစကားအသုံးပြုရန်၎င်း ဆောင်ရွက်ခဲ့သည်။

ဦးသိမ်းမောင်အား နိုင်ငံတော်အစိုးရက အဂ္ဂမဟာသရေစည်သူဘွဲ့တံဆိပ်နှင့် သတိုးသီရိသုဓမ္မ ဘွဲ့တံဆိပ်တို့ဖြင့် ချီးမြှင့်ရုံမက ရန်ကုန်တက္ကသိုလ်မှ ဥပဒေပါရဂူဘွဲ့ဖြင့်လည်း ချီးမြှင့်ခဲ့သည်။

၁၉၅၈ ခုနှစ် ဗိုလ်ချုပ်ကြီးနေဝင်းဦးဆောင်သော အိမ်စောင့် အစိုးရ အဖွဲ့တွင်လည်း ဒုတိယ ဝန်ကြီးချုပ်၊သာသနာရေးနှင့် ကျန်းမာရေးဝန်ကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။

ဦးသိမ်းမောင်သည် ပထမပြန်စာမေးပွဲ၊သံယုတ်စာမေးပွဲ စသည့်စာမေးပွဲများအတွက်၎င်း၊ ဗုဒ္ဓသာသနာ့အဖွဲ့အတွက်၎င်း၊ ငွေပင် ငွေရင်း စိုက်ထူ လှူဒါန်းခြင်း၊ ဘုရားတန်ဆောင်း၊ သံဃ ဆေးရုံ တည်ဆောက်ရေးတို့တွင်လည်း စေတနာ ထက်ထက်သန်သန်ဖြင့် ပါဝင်ကူညီလှူဒါန်းခဲ့ခြင်းတို့ ပြုခဲ့သည်။

ဦးသိမ်းမောင်သည် အသက် ၈၅ နှစ်အရွယ် ၁၉၇၅ ခု မတ်လ ၁၁ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့လေသည်။

ဟူး ဗား ဂျန်, အက် ဂါ (ခရစ် ၁၈၉၅ – ၁၉၇၂)။ ။

အက်ဖဘီအိုင်ခေါ် အမေရိကန် စုံထောက်အဖွဲ့ကြီး၏ ပဉ္စမမြောက် ညွှန်ကြားရေးဝန် ဂျန်အက်ဂါဟူးဗားသည် အက်ဖဘီအိုင် အကြီးအကဲအဖြစ် ၄၈ နှစ်တိုင်တိုင် တသမတ်တည်း ဆောင်ရွက်ခဲ့ရုံမက အက်ဖဘီအိုင် တန်ခိုးဩဇာ ထက်မြက်အောင် ဆောင်ရွက်ခဲ့သူ ဖြစ်သည်။

သူ့ကို ခါးခါးသီးသီး မုန်းတီးသူများ ရှိသလို လို့က်လို့က်လဲလဲ ကြည်ညို လေးစားသူများလည်း မရှားချေ။ လည်ဂုတ်တိုတို၊ နဖူးမောက်မောက်၊ နှာယောင်ကောက်ကောက်နှင့် မျက်နှာပေါက်ဆိုးလှသော အက်ဂါဟူးဗားကို

"ခွေးဘီလူးရုပ်ပေါက်နေသူ" ဟူ၍ ဆိုကြသည်။ သူ့ကို လိုလားသူများကမူ အက်ဂါဟူးဗားသည် အရုပ်ဆိုး သလောက် စိတ်ရင်းစေတနာကောင်းသည်၊ တော်တည့် ဖြောင့်မတ်သည်ဟု ချီးကျူးကြ၏။ အပြောအဆို ပြတ် သလောက် အလုပ်အကိုင်တွင် စေ့စပ် သေချာလှသည်ဟု အမှတ်မီးတင်ကြသည်။

မည်သို့ဖြစ်စေ သူသည် အမေရိကန် ပြည်ထောင်စုကြီး တခုလုံး၏ မြို့ရွာအေးချမ်းသာယာရေး၊ ငြိမ်ဝပ် ပိပြားရေး နှင့် တရားဥပဒေစိုးမိုးရေးတို့ကို အသက်ထက်ဆုံး လုပ် ဆောင်ပေးခဲ့သူဖြစ်သည်။

အက်ဂါဟူးဗားကို ဝါရှင်တန်မြို့ ဆီးဝါဒ်ပတ် ရပ်ကွက်တွင် ၁၈၉၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့၌ ဖွားမြင်ခဲ့ သည်။ ဖခင်မှာ ဒစ်ကာဆင်ဟူးဗားအမည်ရှိ သာမန်အစိုးရ အမှုထမ်းတဦးဖြစ်၍ မိခင်မှာ ဆွစ်ဇာလန်သူ အင်နီရှိုက် တလင်ဖြစ်သည်။

၁၉၁၃ ခုနှစ်တွင် အစိုးရအထောက်အပံ့ဖြင့် အထက် တန်းပညာ အောင်သောအခါ ဗာဂျီးနီးယား တက္ကသိုလ်သို့ ဆက်တက်ရန် စီစဉ် ခဲ့သော်လည်း ကြီးလေး လှသည့် တက္ကသိုလ်ပညာသင်စရိတ်ကို ဖခင်ဖြစ်သူက မထောက်ပံ့ နိုင်သဖြင့် ကွန်ဂရက်လွှတ်တော် စာကြည့်တိုက်ကြီးတွင် စာရေးကလေးအလုပ် ဝင်လုပ်ရသည်။ တဖက်ကလည်း ညနေပိုင်းများတွင် ဂျော့ဝါရှင်တန် တက္ကသိုလ် တက်၍ ဥပဒေပညာကို သင်ယူလေသည်။ ၁၉၁၆ ခုနှစ်တွင် ဂျော့ ဝါရှင်တန်တက္ကသိုလ်မှ ဥပဒေဘွဲ့ကို ရရှိသောအခါ စာကြည့် တိုက် စာရေးအလုပ်မှထွက်ကာ တရားရေးဌာနသို့ ကူး ပြောင်းသည်။

တရားရေးဌာနတွင် သူ၏ကြိုးစားမှု၊ လုံ့လဝိရိယရှိမှုနှင့် စေ့စပ်သေချာမှုများကြောင့် နောင်အခါ၌ အက်ဖဘီအိုင် ဟူ၍ ထင်ရှားလာမည့် စုံစမ်းထောက်လှမ်းရေး အဖွဲ့တွင် နိုင်ငံခြားသားများ မှတ်ပုံတင်ဆိုင်ရာဌာန တာဝန်ခံအဖြစ် နှစ်နှစ်အတွင်း တိုးမြှင့်ပေးခြင်း ခံရသည်။ ဟူးဗားသည် အရည်အသွေး ဓာတစတထက်မြက်လာသည်နှင့်အမျှ ရာထူး များ တဆင့်ပြီးတဆင့်တက်လာခဲ့ရာ နောက်ဆုံး ၁၉၂၄ ခုနှစ်တွင် သူအား အက်ဖဘီအိုင် အဖွဲ့ကြီး၏ အမြင့်ဆုံး ညွှန်ကြားရေးဝန်ရာထူးတွင်ခန့်အပ်လိုက်လေသည်။ထိုစဉ်က သူအသက်မှာ ၂၉ နှစ်မျှသာ ရှိသေးသည်။

ဟူးဗားသည် အက်ဖဘီအိုင် အဖွဲ့ကြီးကို မည်သည့် အစိုးရဌာနလက်အောက်ခံမှ မဖြစ်စေရပဲ တရားရေးဌာန ကိုသာ တိုက်ရိုက်တာဝန်ခံသော သီးခြား လွတ်လပ်သည့် အဖွဲ့ကြီးအဖြစ် ရပ်တည်စေနိုင်ရန် အစဉ်အလာ ချမှတ် ပေးခဲ့သည်။ ဝန်ထမ်းများအပေါ် ထုတ်ပြန်သော စည်း ကမ်းများမှာလည်း တင်းကျပ်လှသည်။ အက်ဖဘီအိုင် စုံထောက်များအား အရက်မသောက်ရ၊ ညကလပ်မတက်ရ စသည်အထိ ချုပ်ချယ် ပညတ်ခဲ့သည်။ ဟူးဗားသည် သူ ကိုယ်တိုင်ကလည်း အရက်မသောက်၊ ဆေးလိပ်မသောက်။ ၁၉၃၀ ခုနှစ် မိခင်ကွယ်လွန်ပြီးချိန်မှစ၍ တကိုယ်တည်း နေထိုင် လာခဲ့သူဖြစ်သည်။ အပျော်အပါး လောင်းကစား မှုမျှလည်း မရှိ။ သူ့အလုပ်တွင်သာ စိတ်ဝင်စားပါ မြှုပ်နှံထားခဲ့သည်။အက်ဖဘီအိုင် အဖွဲ့ကြီးကို သူ့စိတ်ကြိုက် ပုံသွင်းဖန်တီးခဲ့ခြင်းဖြစ်သည်။ ဟူးဗားသည် အားလပ်ချိန် များတွင် စာရေးခြင်း၊ စာဖတ်ခြင်း၊ ပင်လယ်ကမ်းခြေသို့ အနားယူ သွားခြင်းဖြင့်အချိန်ကို အသုံးချလေ့ရှိသည်။

ဟူးဗားသည် ၁၉၇၂ ခုနှစ် မေလ ၃ ရက်နေ့ အသက် ၇၇ နှစ်အရွယ်တွင် ကွယ်လွန်သည်။

ဟိုဗာယာဉ်။ ။ဖင်လန်နိုင်ငံမှ ကာရီအို ဆိုသူ တီထွင်သူ တဦးသည် ရေပြင်၊ ရွှံညွန်နှင့် ရေခဲပြင်များပေါ်၌ ဖြတ် ကျော်ပျံသန်းနိုင်သည့် ဟိုဗာယာဉ်ခေါ် ရေယာဉ်တမျိုးကို ၁၉၃၅ ခုနှစ်တွင် ပထမဦးဆုံး တီထွင်ခဲ့သည်။သို့သော် ထိုတီ ထွင်မှုသည် လူတို့၏အာရုံကို ဆွဲဆောင်နိုင်ခဲ့ခြင်းမရှိခဲ့ပေ။ ၁၉၅၀ ပြည့်နှစ်လောက်တွင် ကမ္ဘာ့နိုင်ငံအများအပြား၌ပင် ဟိုဗာယာဉ်ကဲ့သို့သော ရေယာဉ်မျိုးကို တီထွင်ခဲ့ကြသည်။

အင်္ဂလန်နိုင်ငံမှ ခရစ္စတိုဖာ ကော့ကရဲ ဆိုသူ သင်္ဘော တည်ဆောက်ရေး ဗိသုကာတဦးသည် ၁၉၅၃ ခုနှစ်တွင် မိမိစရိတ်ဖြင့် ဟိုဗာယာဉ်တစီးကို တည်ဆောက်ခဲ့သည်။ ၁၉၅၅ ခုနှစ်တွင် သူ၏ တီထွင်မှုကို ဗြိတိသျှအစိုးရက အသိအမှတ်ပြုပြီး ထိုရောက်စ္စာ အကူအညီပေးခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် ပဌမဦးဆုံး ခေတ်မှီ ဟိုဗာယာဉ်ကို တည်ဆောက်ခဲ့သည်။၁၉၅၉ ခုနှစ်တွင် ယင်းဟိုဗာယာဉ်ဖြင့် အင်္ဂလိပ်ရေလက်ကြားကို ကျော်ဖြတ် မောင်းနှင်ပြခဲ့သည်။

ဟိုဗာယာဉ်တွင် အောက်ဖက်သို့ လေမှုတ်ထုတ်ပေးရန် ရဟတ်တခု တပ်ဆင်ထားသည်။ ထိုရဟတ်သည် ရေ ယာဉ်၏ ကိုယ်ထည်အောက်ရှိ ရေယာဉ်၏ အနားဝန်း တလျှောက်အထိ သွယ်ထားသော ပိုက်ခေါင်းများမှလေကို မှုတ်ထုတ်ပေးပြီး ထိုလေကို ရေယာဉ်၏ အလယ်သို့ ဦးတည် ပေးထားသည်။ ဤသို့အားဖြင့် ရေယာဉ်၏ နံဘေးတ လျှောက်၌ လေကန့်လန့်ကာဖြစ်အောင် ဖန်တီးပေးထား သည်။အထက်ဖက်၌ရေယာဉ်၏ ကိုယ်ထည်ကဂင်း၊အောက် ဖက်၌ ရေယာဉ်ကျော်ဖြတ်သော မျက်နှာပြင်ကဂင်း၊ ရေ ယာဉ်နံဘေး တလျှောက်၌ ဖြစ်ပေါ်နေသော လေကန့် လန့်ကာကဂင်း ကာဆီးထားသောကြောင့် အတွင်းဖက်၌ ပိတ်မိနေသော လေသည် လေမွှေယာသဖွယ် ဖြစ်နေသည်။ ထိုလေမွှေယာသည် ပတ်ဝန်းကျင်ရှိ လေထက် ဖိအားပို

များသောကြောင့် ရေယာဥ်ကို အပေါ်သို့ ပေအနည်းငယ် မြင့်တက်နေအောင် ပင့်မထားသည်။

မူလ တည်ဆောက်ခဲ့သော ဟိုဗာယာဥ်တွင် ရဟတ်ကို လည်စေရန်အတွက် စက်တလုံးတပ်ထားပြီး ထိုရဟတ်ကို ပင် အသုံးပြုကာ ရေယာဥ်အထက်ဖက်ရှိ ပြွန်နှစ်ခုမှလေ အချို့ကို ပန်းထုတ်၍ ရေယာဥ်ကို ရွှေ့သို့ ခုတ်မောင်းစေ သည်။ သို့သော် ၁၉၆၀ ပြည့်နှစ်တွင် တိုက်လေယာဥ်ပျံ၌ အသုံးပြုသော ဂျက်အင်ဂျင်စက်ကို သီးခြားတပ်ဆင်၍ ခုတ်မောင်းကြသည်။ မူလတည်ဆောက်ခဲ့သော ဟိုဗာ ယာဥ်သည် အလေးချိန် လေးတန်ရှိပြီး ယာဥ်မောင်းနှင့် လေ့လာသူ တဦးကို တင်ဆောင်ကာ တနာရီမိုင် ၆၀ နီးပါး အမြန်နှုန်းဖြင့် ခုတ်မောင်းနိုင်ခဲ့သည်။ နောက်ပိုင်း၌ ပေါ်ပေါက်လာသော ဟိုဗာယာဥ်များ၌ ရွှေ့သို့ခုတ်မောင်း ရန်အတွက် လေယာဥ်များမှာကဲ့သို့ ပန်ကာများ တပ်ဆင် ပေးခဲ့သည်။

ဟိုဗာယာဥ်သည် ရေပြင်၊ သို့မဟုတ် မြေပြင်နှင့် ပွတ် တိုက်ခြင်း မရှိသောကြောင့် မည်သည့်ဖက်ကိုမဆို စက် အား အနည်းငယ်မျှဖြင့် လွတ်လပ်စွာ သွားနိုင်သည်။ ဟိုဗာယာဥ်များကို စီးရသည်မှာ ငြိမ့်ညောင်းလှသည်။ ထို့ပြင် ရေရောကုန်းပါ သွားနိုင်ပြီး ယင်းအတွက် ဆိပ် ကမ်းများနှင့် လမ်းများလည်း သီးသန့်ပြုလုပ်ပေးရန် မလို ပေ။ ထို့ကြောင့် ဟိုဗာယာဥ်များကို ရေလမ်း ကုန်းလမ်းမရှိ သော သွားလာရ ခက်ခဲသည့် ဒေသများ၌ အသုံးပြုကြ သည်။ ခရီးသည်များနှင့် ကုန်ပစ္စည်းတန်ချိန် ၁,၀၀၀ ကျော် တင်ဆောင်ကာ တနာရီမိုင် ၂၀၀ ကျော် အမြန် နှုန်းဖြင့် သွားနိုင်သည့် ဟိုဗာယာဥ်ကြီးများကိုပင် ယခု အခါ တည်ဆောက် အသုံးပြုလျက်ရှိသည်။

ဟိုက်ဒရိုပလိန်း။ ။ဟိုက်ဒရိုပလိန်းသည် ရေမျက်နှာ ပြင်ပေါ်၌အရှိန်ဖြင့်ရွှေ့၍သွားသော ရေယာဥ်မျိုးဖြစ်သည်။ ရေထဲ၌ မြှုပ်သည်ထက် မြှုပ်အောင် သွားနိုင်မည့် ရေယာဥ် မျိုးကို ကြံစည်စိတ်ကူးခဲ့ကြရာမှ ဤရေယာဥ်ပုံစံမျိုးကို တီထွင်နိုင်ခဲ့ခြင်းဖြစ်သည်။ ရေယာဥ်၏အမြန်နှုန်းကို တိုးစေ လိုလျှင် ရေ၏ပွတ်တိုက်ခုခံမှုကို အနည်းဆုံးသာရှိစေရမည် ဖြစ်ရာ ဟိုက်ဒရိုပလိန်း ရေယာဥ်တွင် ရေနှင့်ထိတွေ့သော နေရိယာကိုသေးငယ်နိုင်သမျှ သေးငယ်အောင် ပြုလုပ်ထား သည်။ ဤသို့အားဖြင့် သင်္ဘောကို အမြန်ခုတ်မောင်းသည့် အခါ သင်္ဘော၏ ကိုယ်ထည်သည် ရေမျက်နှာပြင်ပေါ်သို့ ကြွတက်လာကာ ရေပေါ်၌ရှပ်၍ လျင်မြန်စွာသွားသည်။

ရေပေါ်၌ ရှပ်၍ လျင်မြန်စွာ သွားနိုင်မည့် ရေယာဥ် ပုံစံကို ပထမဦးဆုံးစိတ်ကူးမိသူမှာ စီ၊ အမ်၊ ရေးမပ် ဆိုသူ အင်္ဂလိပ် ဘုန်းတော်ကြီးဖြစ်သည်။ ၁၈၅၂ ခုနှစ်တွင် သူ၏ စိတ်ကူးကို တင်ပြခဲ့ဘူးသည်။ တဖန် ၁၈၇၇ ခုနှစ်တွင် သင်္ဘော တည်ဆောက်ရာ၌ နာမည် ကျော်ကြားသော ဗြိတိသျှလူမျိုး သင်္ဘောဗိသုကာ ဆာ ဂျွန် သွန်နီကရော့ သည် ရေပေါ်၌ ရှပ်၍သွားမည့် သင်္ဘောပုံစံများကို တင်ပြ ပြန်သည်။ထိုသင်္ဘောပုံစံများမှာ ခေတ်သစ် ဟိုက်ဒရိုပလိန်း ရေယာဥ်များ၏ ရှေ့ပြေးများပင် ဖြစ်သည်။

ဟိုက်ဒရိုပလိန်း ရေယာဥ်တွင် ရေကို ခွဲသွားစေရန် ဖန်တီးယူရသည်။ ရေယာဥ်ပုံစံကို ဦးဖက်တည့်တည့်မှကြည့် လျှင် အင်္ဂလိပ် စာလုံး "ဗွီ" ပုံစံ ဖြစ်အောင် တည်ဆောက် ရသည်။ ထို "ဗွီ" ပုံစံသည် ရေယာဥ်ပဲ့ပိုင်းသို့ ရောက်သော အခါ လုံးဝပြားသလောက်ဖြစ်သွားသည်။ ထို့ပြင် ရေယာဥ် နံဘေးများကိုလည်း ပြားအောင် ပြုလုပ်ထားပြီး သင်္ဘော နံဘေးနှင့် ရေယာဥ်ဝမ်းပိုင်း ထိသည့် နေရာ၌ ထောင့်ချိုး ဖြစ်အောင် ပြုလုပ်ထားသည်။ တဖန် ရေယာဥ်တွင် ရေနှင့် ထိတွေ့သော ဧရိယာကို သေးငယ်စေရန်အတွက် ရေယာဥ် အလယ်လောက်တွင် ရေယာဥ်ဝမ်း၌ အထစ်တခု၊ သို့မဟုတ် တခုထက် ပို၍ဖြစ်စေ ပြုလုပ်ထားသည်။ရေယာဥ်ကို အမြန် ခုတ်မောင်းသော အခါ ရေယာဥ်ဝမ်းမှာ ပြားနေသဖြင့် ရေယာဥ်သည် ရေမျက်နှာပြင်ပေါ်သို့ ကြွတက်လာပြီး ရေပေါ်၌ ဝမ်းဖြင့် ရှပ်၍ သွားသည်။ ထို့ပြင် ရေယာဥ် ဝမ်းတွင် အထစ်များ ပြုလုပ်ထားသောကြောင့် ရေပေါ်၌ ဝမ်းဖြင့် ရှပ်၍ သွားစဉ် ရေယာဥ်ပဲ့ပိုင်းသည် ရေမျက်နှာပြင် နှင့် လုံးဝမထိပဲ အပေါ်သို့ ကြွတက်နေသည်။

အမြန်မောင်း ရေယာဥ် ပြိုင်ပဲ့များကြောင့် ဟိုက်ဒရို ပလိန်း ရေယာဥ်များ ခေတ်စားလာသည်။ ဟိုက်ဒရိုပလိန်း ရေယာဥ်ပုံစံများ မပေါ်သေးမီက အမြန်မောင်း မော်တော် ဘုတ်များ၏ အမြန်ဆုံးစံချိန်မှာ တနာရီ မိုင် ၄၀ ကျော်မျ သာ ရှိသည်။ နောင်အခါ အမြန်မောင်း ရေယာဥ်ပြိုင်ပဲ့ ဝင်သူများသည် ပြိုင်ရေယာဥ်များကို ဟိုက်ဒရိုပလိန်း ရေ ယာဥ်ပုံစံသစ်ဖြင့် စမ်းသပ်တည်ဆောက်လာကြသည်။

ဟိုက်ဒရိုပလိန်း ရေယာဥ်ပုံစံဖြင့် တည်ဆောက်ခဲ့ကြ သော ပြိုင်ရေယာဥ်များအနက် ထင်ရှားသော ရေယာဥ်များ မှာ အမေရိကန်နိုင်ငံမှ "မစ္စအမေရိက"၊ အင်္ဂလန်နိုင်ငံမှ "မစ္စအင်္ဂလန်"နှင့် "ဗလူးဗဒ်" အမည်ရှိ ရေယာဥ်များ ဖြစ်ကြ သည်။ပြိုင်ရေယာဥ်များ၏ အမြန်စံချိန်ကိုလည်း အမေရိက နှင့် အင်္ဂလန်နိုင်ငံများသည် အပြိုင်အဆိုင် တင်နိုင်ခဲ့ကြ သည်။ ၁၉၆၀ ပြည့်နှစ်တွင် အင်္ဂလန်နိုင်ငံမှ ဗလူးဗဒ် အမည် ရှိ ဟိုက်ဒရိုပလိန်း ပြိုင်ရေယာဥ်ကို တနာရီလျှင် ၂၆၀ မိုင် ကျော် အမြန်နှုန်း မောင်းနှင်နိုင်ခဲ့သည်။

ပထမကမ္ဘာစစ်နှင့် ဒုတိယကမ္ဘာစစ်အတွင်းက အမြန် မောင်းနှင်ရန် လိုသော တော်ပီဒို သင်္ဘောများ၊ အသက် ကယ် သင်္ဘောများနှင့် အမြောက်တင် သင်္ဘောများကို

ဟိုက်ဒရိုပလိန်း ရေယာဉ်ပုံစံအတိုင်း တည်ဆောက်ခဲ့သည်။ ထိုသဘော်ဘျားသည် အလျား ပေ ၄၀ မှ ၇၅ ပေအထိရှိပြီး တနာရီ ၄၆ မိုင်နှုန်း နီးပါး မြန်အောင် ခုတ်မောင်းနိုင်သည်။ ၁၉၆၀ ပြည့် နှစ်တွင် အင်္ဂလန် နိုင်ငံမှ ဟိုက်ဒရိုပလိန်း ရေယာဉ်ပုံစံဖြင့် "ဗရေဗော်ဒါရာ" အမည်ရှိ တော်ပီဒို သဘော်ဘတစီးကို တည်ဆောက်ခဲ့သည်။ ထိုသဘော်ဘသည် အလျား ၉၆ ပေ ရှည်ပြီး တနာရီ ၅၇ မိုင်ကျော် ခုတ်မောင်းနိုင်သည်။

ဟိုက်ဒရိုဖိုင်ယာဉ်။ ။ဟိုက်ဒရိုဖိုင်ယာဉ်သည်ရေယာဉ်တမျိုးဖြစ်ပြီး ရေယာဉ်တခုလုံး ရေမျက်နှာပြင် အပေါ်သို့ ကြွတက်သွားစေရန် စီမံထားသည်။ ဤကဲ့သို့ ဖြစ်စေရန် အတွက် ရေယာဉ်၏ ဦးပိုင်းနှင့် ပဲ့ပိုင်းတွင် ကိုယ်ထည် အောက်၌ အရှည် နှစ်ပေမှငါးပေခန့် ရှိသော ခြေထောက် သဖွယ် ထောက်များသုံး လေးချောင်း တပ်ဆင်ထားသည်။ တဖန် ထိုထောက်များ၏ အဖျားခွ် ရေလွှာလျှောစီးဖိနပ်ကဲ့သို့သော ဟိုက်ဒရိုဖွိုင်ခေါ် ရေလျှောတောင်များ တပ်ထားသည်။ ထိုရေလျှောတောင်များမှာ လေယာဉ်ပျံ အတောင်ပုံစံမျိုး ရှိပြီး ယင်းတို့ကို အပေါ်သို့ အနည်းငယ် မော့ကာ ခပ်စောင်းစောင်း ပြုလုပ်ထားသည်။ ရေယာဉ် ရှေ့သို့ သွားသောအခါ၌ ရေလျှောတောင်များ၏ အောက်ဖက်မျက်နှာကို ရေက ဝင်တိုးသဖြင့် ရေလျှောတောင်များနှင့်တကွ ရေယာဉ်ကိုယ်ထည်သည် အပေါ်သို့ ကြွတက်သွားသည်။ လေယာဉ်များ မြေပြင်မှ ပျံတက်ခါစ၌ အတောင်များကို လေဝင်တိုးသဖြင့် လေယာဉ်များအပေါ်သို့ မြင့်တက်သွားသည့် သဘောမျိုးပင် ဖြစ်သည်။ ဟိုက်ဒရိုဖွိုင်ခေါ် ရေလျှောတောင်များ တပ်ထားသောကြောင့် ဟိုက်ဒရိုဖွိုင်ယာဉ်ဟု ခေါ်ခြင်းဖြစ်သည်။

တနည်းအားဖြင့် ဖော်ပြရမူ ဟိုက်ဒရိုဖွိုင်ယာဉ်သည် လှေပုံသဏ္ဌာန်နှင့် အနိမ့်ပျံ လေယာဉ်၏ ဂုဏ်သတ္တိများကို ပေါင်းစပ်ထားသော ရေယာဉ်တမျိုးပင် ဖြစ်သည်။ အရှိန်ဖြင့်သွားစဉ် ရေယာဉ် ကိုယ်ထည်ကို ရေမျက်နှာပြင်သို့ ကြွတက်နေစေသောကြောင့် ရိုးရိုးရေယာဉ်များနှင့်စာလျှင် လှိုင်းလုံးများ ကြားခွ်ပင် စက်အားအနည်းငယ်ဖြင့် ပို၍ လျင်မြန်စွာ မောင်းနှင်နိုင်သည်။ ထို့ပြင် ရေယာဉ်ကို လျင်မြန်စွာ ရပ်နားနိုင်သည်။ လိုက်ပါစီးနင်းရသည်မှာလည်း အလွန်ပင် ငြိမ့်ညောင်းသည်။

ရေယာဉ်၏ ကိုယ်ထည်ကို ရေမျက်နှာပြင် ပေါ်သို့ ပင့်တင်ပေးနိုင်သည့် ရေလျှောတောင်ကို စတင်တီထွင်သူမှာ အင်ရိခိုဖော်လာနီနီဆိုသူ လူတာလ်လူမျိုး စက်မှုပညာပါမောက္ခတဦး ဖြစ်သည်။ ဖော်လာနီနီသည် ၂၀ ရာစုနှစ် အစလောက်က ရေယာဉ်တွင် ရေလျှောတောင်များ တပ်ဆင်၍ တနာရီမိုင် ၄၀ အမြန်နှုန်းဖြင့် စမ်းသပ်ခုတ်မောင်းပြခဲ့ဘူးသည်။ သို့သော် ထိုအချိန်က ယင်းတီထွင်မှုကို လူအများ စိတ်ဝင်စားခြင်းမရှိကြသေးပေ။

၁၉၁၉ ခုနှစ်ကမှ အလက်ဇန္ဒာ ဂရေဟမ် ဗဲ ဆိုသူ အမေရိကန်သိပ္ပံပညာရှင်တဦးက ဟိုက်ဒရိုဖွိုင်ယာဉ်တစီးကို တည်ဆောက်ပြီး အမြန်မောင်း ရေယာဉ်၏ အမြန်နှုန်းစံချိန်သစ်များကို တင်ခဲ့သည်။ ထိုအခါကလည်း လူအများ စိတ်ဝင်စားခြင်း မရှိကြသေးသောကြောင့် တိမ်မြုပ်သွားခဲ့ရပြန်သည်။ သို့သော် ဒုတိယ ကမ္ဘာစစ်အတွင်း၌ ဂျာမန် သိပ္ပံပညာရှင်များသည် ရေတပ်သဘော်ဘအခွ်ါ၌ ရေလျှောတောင်များကို တပ်ဆင်၍ အသုံးပြုခဲ့ကြသည်။ ဂျာမန်ရေတပ်အတွက် ဟိုက်ဒရိုဖွိုင်ယာဉ်ပုံစံများ ရေးဆွဲပေးခဲ့သူမှာ ဟန်ဖွန်ရှာတယ်ဆိုသူ ဂျာမန်လူမျိုး သဘော်ဘတည်ဆောက်

ရေယာဉ်တစင်းလုံး ရေမျက်နှာပြင်အပေါ်သို့ ကြွတက်စေရန် စီမံထားသော ဟိုက်ဒရိုဖွိုင်ယာဉ်တမျိုး



ရေး ဗိသုကာ တဦးဖြစ်သည်။ ရှာတယ်သည် တခါက ရေလျှောတောင် တီထွင်ခဲ့သူ အင်ရိုခိုဖော်လာနီနီ၏တပည့် ဖြစ်ခဲ့ဘူးသည်။ သို့သော် မဟာမိတ်တို့၏ အပြင်းအထန် ဗုံကြဲမှုကြောင့် ယင်းစမ်းသပ်မှုလုပ်ငန်းများ ရပ်ဆိုင်းသွားခဲ့ရသည်။ အခက်အခဲများကြားမှ ဂျာမန်သိပ္ပံပညာရှင်များ အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့သော ဟိုက်ဒရိုဖိုင်ယာဥ်သည် တနာရီ ၅၇ မိုင် အမြန်နှုန်းဖြင့် ခုတ်မောင်းနိုင်သည်။

၁၉၅၂ ခုနှစ်တွင် ရှာတယ်သည် ဆူပရာမာအမည်ရှိ ဆွစ်ဇာလန်နိုင်ငံ သဘော်ပုံစံ ထုတ်လုပ်ရေး ကုမ္ပဏီတခုနှင့် တွဲမိသွားပြီး ထိုအချိန်မှစ၍ ဟိုက်ဒရိုဖိုင်ယာဥ်များ သိသိသာသာ တိုးတက်လာခဲ့သည်။ ပထမဦးဆုံး ခရီးသည်တင် ဟိုက်ဒရိုဖိုင်ယာဥ်ကို ဆူပရာမာ ကုမ္ပဏီက ပုံစံရေးဆွဲပြီး လ္ဂတလီနိုင်ငံ၌ တည်ဆောက်ခဲ့သည်။ ထိုရေယာဥ်သည် အလျား ၆၈ ပေရှည်ပြီး ခရီးသည် ၇၂ ယောက် တင်နိုင်ကာ တနာရီလျှင် ၄၅ မိုင်ကျော် အမြန်နှုန်းဖြင့် ခုတ်မောင်းနိုင်သည်။ ၁၉၆၀ ပြည့်နှစ် အကုန်လောက်တွင် ရုရှနိုင်ငံက တည်ဆောက်ခဲ့သည့် ဟိုက်ဒရိုဖိုင်ယာဥ်သည် အလျား ၁၁၃ ပေ ရှည်ပြီး ခရီးသည် ၁၅၀ တင်နိုင်ကာ တနာရီ ၄၆ မိုင် အမြန်နှုန်းဖြင့် ခုတ်မောင်းနိုင်သည်။ အမေရိကန်နိုင်ငံကလည်း ၁၉၆၁ ခုနှစ်နောက်ပိုင်းတွင် ဟိုက်ဒရိုဖိုင်ယာဥ် တစီးကို တည်ဆောက်ခဲ့သည်။ ထိုယာဥ်သည် အလျား ၁၀၄ ပေရှည်ပြီး တနာရီ မိုင် ၁၀၀ နီးပါးအမြန်နှုန်း ခုတ်မောင်းနိုင်သည်။ ယခုအခါ ဟိုက်ဒရိုဖိုင်ယာဥ်များကို ခရီးတိုသွား အမြန်မောင်း ခရီးသည်တင် ရေယာဥ်များအဖြစ် အသုံးပြုလျက်ရှိသည်။

ရုရှနိုင်ငံ တခုတည်းမှာပင် ယခုအခါ ပြည်တွင်းရေကြောင်းခရီးများ၌ ဟိုက်ဒရိုဖိုင်ယာဥ်အစီး ၁၀၀၀ ခန့်ပြေးဆဲလျက်ရှိ၍ ဥရောပနှင့် အာရှနိုင်ငံများတွင် အစီး၁၅၀ ခန့် ပြေးဆဲလျက်ရှိသည်။ ရုရှနိုင်ငံသည် ကောမက်အမည်ရှိ အမြန်မောင်းဟိုက်ဒရိုဖိုင်ယာဥ်များကို နောက်ဆုံး ထုတ်လုပ်ခဲ့၍ ရုရှတို့၏ဟိုက်ဒရိုဖိုင်ယာဥ်များသည် ကမ္ဘာပေါ်၌ ပုံစံအလှဆုံးအနေဖြင့် ကျော်ကြားကာ လူကြိုက်လည်းများသည်။

အမေရိကန်နိုင်ငံတွင်လည်း ဗိုးအင်းကုမ္ပဏီမှ ဂျက်ဖိုင်အမည်ဖြင့် နောက်ဆုံးပေါ် အမြန်မောင်း ဟိုက်ဒရိုဖိုင်ယာဥ်များကို ထုတ်လုပ်ခဲ့သည်။ ယင်းတို့သည် ပင်လယ်ပြင်၌ ၁၈ ပေမြင့်သောလှိုင်းလုံးများအကြားမှာပင် အမြန်ဆုံးခုတ်မောင်းနိုင်သည်။ ယင်းတို့၏ရေလျှောတောင်များတွင် ကွန်ပျူတာစက်ဖြင့် ထိန်းထားသော လေယာဥ်ပံ့ အတောင်ရှိ အကွေ့ထိန်းတက်မကဲ့သို့ လှုပ်ရှားနိုင်သည့် တက်မရွက်များ တပ်ထားသောကြောင့် တနာရီမိုင် ၅၀ အမြန်နှုန်းဖြင့် ကွေ့သည့်တိုင်အောင် ငြိမ်သက်စွာကွေ့နိုင်သည်။

ဟွ ကိုဖုန်း (ခရစ် ၁၉၂၂ ဖွား) ။ ။တရုတ် ပြည်သူသမ္မတ နိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မိတီ ဥက္ကဋ္ဌဖြစ်သူ ဟွ ကိုဖုန်း သည် ကွယ်လွန်သူဥက္ကဋ္ဌ ကြီး မော်စီတုံး ၏ အရိုက် အရာ ကို ဆက်ခံထားသူ အဖြစ်ဖြင့် ထင်ရှား ကျော်စော နေသူ ဖြစ်သည်။ တရုတ် ပြည် သူ သမ္မတ နိုင်ငံ ဝန်ကြီးချုပ် တာဝန် ကိုလည်း ပူးတွဲ ထမ်းဆောင် နေသူ ဖြစ်သည်။



ဥက္ကဋ္ဌကြီး ဟွကိုဖုန်း

ဟွ ကိုဖုန်းကို တရုတ် ပြည် သူ သမ္မတနိုင်ငံ ဟူနန်ပြည်နယ်တွင် ၁၉၂၂ ခုနှစ်က မွေးဖွားခဲ့သည်။ တရုတ်ပြည်တွင် ကွန်မြူနစ် ပါတီအာဏာ ရလာပြီးနောက် ဟွ ကိုဖုန်းသည် ဟူနန်ပြည်နယ်၏ ဒုတိယ အုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ပေးအပ်ခြင်း ခံရသည်။ ၁၉၆၆ ခုနှစ်တွင် တရုတ်ပြည်၌ ဖြစ်ပေါ်ခဲ့သော မဟာပစ္စည်းမဲ့ ယဉ်ကျေးမှု တော်လှန်ရေးကြီး အပြီးတွင် ဟွ ကိုဖုန်းသည် ဟူနန်ပြည်နယ် တော်လှန်ရေး ကော်မတီ၏ ဒုတိယ ဥက္ကဋ္ဌအဖြစ် ထင်ပေါ်လာသည်။ ထို့နောက် တရုတ်ပြည် ကွန်မြူနစ်ပါတီဗဟိုကော်မတီဝင် အဖြစ်ငင်း၊ ၁၉၇၃ ခုနှစ်တွင် ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖြစ်ငင်း ရွေးချယ်တင်မြှောက်ခံရပြီး ၁၉၇၅ ခုနှစ်တွင် ဒုတိယ ဝန်ကြီးချုပ် အဖြစ် တာဝန်ပေးအပ်ခြင်းခံခဲ့ရသည်။

ဝန်ကြီးချုပ် ဟွ ကိုဖုန်းသည် တရုတ်ပြည်၏ စိုက်ပျိုးရေး လုပ်ငန်းများကို စိတ်ဝင်စားခဲ့သူ ဖြစ်သည်။ ဟူနန်ပြည်နယ် ရှောင်ရှန်းဒေသ စိုက်ပျိုးရေးစိမံ ကိန်းကြီးကို အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ခဲ့သူအဖြစ် ထင်ရှား ကျော်ကြားခဲ့သည်။ ၁၉၇၆ ခုနှစ်တွင် ကျင်းပခဲ့သော တရုတ်နိုင်ငံလုံးဆိုင်ရာ စိုက်ပျိုးရေး ကွန်ဖရင့်၌ နာယကအဖြစ် ဆောင်ရွက်ကာ အလွန် ခေတ်နောက်ကျနေသော တရုတ်လယ်ယာစနစ်ကို ရှေ့သို့တလှမ်းတက်၍ စက်မှုလယ်ယာစနစ်ဖြင့် တိုင်းပြည်၏ ကုန်ထုတ် စွမ်းအားကို အရယူရန် အစီရင် ခံစာ တင်သွင်းခဲ့သည်။

တရုတ်ပြည်သူ သမ္မတ နိုင်ငံ ဝန်ကြီးချုပ် ချူအင်လိုင်း ကွယ်လွန်သောအခါ ဟွ ကိုဖုန်းအား ဝန်ကြီးချုပ်အဖြစ် ဆောင်ရွက်ရန် တာဝန်ပေးခဲ့သည်။ ၁၉၇၆ ခုနှစ်

တွင် ဥက္ကဋ္ဌကြီး မော်စီတုံး ကွယ်လွန်အပြီးတွင် ဝန်ကြီးချုပ် ဟွကိုဖုန်းသည် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ဥက္ကဋ္ဌ အဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရပြန်သည်။ ယင်းသို့ တင်မြှောက်ခြင်းကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ တဝှန်းလုံးရှိ လုပ်သား ပြည်သူများက တခဲနက် ထောက်ခံ ကြိုဆိုခဲ့ကြ လေသည်။

ဟွကိုဖုန်းသည် ကွန်မြူနစ်ပါတီ ဥက္ကဋ္ဌ အဖြစ် မော်စီတုံး၏ အရိုက်အရာကို ဆက်ခံခဲ့ပြီးနောက် တရုတ်ပြည်အား မတ်(စ)လီနင်ဝါဒကို အခြေခံ၍ မော်စီတုံး ချမှတ်ခဲ့သော လမ်းစဉ်အတိုင်း တိုင်းပြည်ကို တည်ဆောက်သွားရန် ဆုံးဖြတ်ခဲ့သည်။ ထို့နောက် ဥက္ကဋ္ဌ ဟွကိုဖုန်း ဦးဆောင်သော ကွန်မြူနစ် ပါတီက မော်စီတုံး၏ ဇနီးဖြစ်သူ ချန်ချင်း ခေါင်းဆောင်သော လေးယောက် ဂိုဏ်းဝင်နိုင်ငံရေး သမားများသည် တော်လှန်ရေးကို ဆန့်ကျင်လုပ်ကြံရေးနှင့် ပြန်လည် ပြင်ဆင်ရေး ဝါဒသမားများ အုပ်စုတစုဖြစ်သည်ဆိုကာ ယင်းတို့ထံမှ နိုင်ငံရေး အာဏာများကို ဖယ်ရှားစေခဲ့လေသည်။

၁၉၇၇ ခုနှစ် ဩဂုတ်လတွင် ကျင်းပခဲ့သော တရုတ်ပြည် ကွန်မြူနစ်ပါတီ ၁၁ ကြိမ်မြောက် ပြည်လုံးကျွတ် ညီလာခံကြီးကို ဥက္ကဋ္ဌ ဟွကိုဖုန်းက ဦးဆောင်၍ကျင်းပခဲ့သည်။ ယင်းညီလာခံကြီးတွင် ဥက္ကဋ္ဌ ဟွကိုဖုန်းက ပြန်လည် ပြင်ဆင်ရေး ဝါဒကို ဆန့်ကျင်ရေး ပစ္စည်းမဲ့အာဏာရှင်စနစ် ခိုင်မြဲစေရေးနှင့် အရင်းရှင်စနစ် ပြန်လည်လွှမ်းမိုးမလာရအောင် တားဆီးကာကွယ်ရေးတို့ကို ဆက်လက်ဆင်နွဲသွားကြရမည်ဟု မိန့်ကြားခဲ့လေသည်။

ကွယ်လွန်သူ ဥက္ကဋ္ဌ မော်စီတုံး၏ လမ်းစဉ်ကို လိုက်၍ တိုင်းပြည်ကို ဆက်လက် ထူထောင်ရန် ကြိုးပမ်းနေသော ဥက္ကဋ္ဌ ဟွကိုဖုန်းသည် လယ်ယာလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ ကာကွယ်ရေးအင်အား၊သိပ္ပံနှင့် အတတ်ပညာဖက်များတွင် တရုတ်ပြည်အား ခေတ်မီ၍ စီးပွားရေး တောင့်တင်းသည့် ဆိုရှယ်လစ်နိုင်ငံတနိုင်ငံအဖြစ် ထူထောင်သွားရန် နိုင်ငံတကာနှင့် ဆွေးနွေးညှိနှိုင်း ကမ်းလှမ်းမှုများဖြင့် ဆက်သွယ်ဆောင်ရွက် နေလေသည်။

အကောက်ခွန်များနှင့် ကုန်သွယ်မှုဆိုင်ရာအထွေထွေသဘောတူညီချက်။ ။အကောက်ခွန်များနှင့် ကုန်သွယ်မှုဆိုင်ရာအထွေထွေသဘောတူညီချက်အဖွဲ့သည် ကုလသမဂ္ဂနှင့် ဆက်စပ်လျက်ရှိသော အပြည်ပြည်အစိုးရဆိုင်ရာ အဖွဲ့အစည်းတရပ်ဖြစ်ပြီး ၁၉၄၈ ခုနှစ် ဇန္နဝါရီလ ၁ ရက်နေ့မှစ၍ အကောင်အထည် ပေါ်လာခဲ့သည်။ ယင်းကို အင်္ဂလိပ် အမည်တို အခေါ်အဝေါ်ဖြင့် ဂတ်အဖွဲ့ဟုလည်း ခေါ်ကြသည်။

ဂတ်အဖွဲ့သည် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးလုပ်ငန်းနှင့်ပတ်သက်၍ အတူအမျှ လိုက်နာကျင့်သုံးကြရန် ပြဋ္ဌာန်းချက်တရပ်ကို သတ်မှတ်ထားပေသည်။ အကောက်ခွန်နှုန်းထားများ လျှော့ပေါ့ရေးနှင့် တည်တံ့ရေးအတွက်၎င်း၊ အချိန်ကာလအလျောက် ပေါ်ပေါက်လာတတ်သော ကုန်သွယ်မှု ပြဿနာရပ်များနှင့် ပတ်သက်၍ ပုံမှန် အနေအထားဖြင့် တိုင်ပင် ဆွေးနွေးရန်နှင့် ညှိနှိုင်း ဆုံးဖြတ်ရန် အတွက်၎င်း အဖွဲ့ကဆောင်ရွက်လျက် ရှိပေသည်။ ယင်းအဖွဲ့သည် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ပြည်ပပို့ကုန်မှဝင်ငွေ တိုးပွား များပြားလာစေရန်၎င်း၊ ပြည်ပ စျေးကွက်ကို ချဲ့ထွင်၍ ပိုမိုကျယ်ပြန့်လာစေရန်၎င်း ကူညီဆောင်ရွက်ပေးလျက် ရှိပေသည်။

ဂတ်အဖွဲ့ရုံးချုပ်သည် ဖွံ့ဖြိုးဆဲနိုင်ငံများအား အဖွဲ့ဝင်ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ မိမိတို့အကျိုးစီးပွားများကို သတ်မှတ်ကြရန် သက်ဆိုင်ရာပညာအကူအညီများကို ပေးလျက်ရှိသည်။

ထို့ပြင် ဂတ်သည် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေး ဗဟိုဌာနတခုကိုပါ ဖွင့်လှစ်ထားရှိပြီး ဖွံ့ဖြိုးဆဲနိုင်ငံများမှ ပညာရှင်များကို ခေါ်ယူကာ ထုတ်ကုန်မြှင့်တင်ရေး နည်းလမ်းများကို သင်တန်းပို့ချပေးလျက်ရှိပေသည်။အကောက်ခွန်များနှင့်ကုန်သွယ်မှုဆိုင်ရာအထွေထွေသဘောတူညီချက် အဖွဲ့တွင် အဖွဲ့ဝင်နိုင်ငံ ၈၅ နိုင်ငံရှိပြီး ဌာနချုပ်ရုံးမှာ ဂျီနီဗာမြို့တွင် တည်ရှိပေသည်။

အထူးငွေထုတ်ခွင့်များ။ ။ကမ္ဘာ့ကုန်သွယ်ရေး ပိုမိုများလာသလောက် ကမ္ဘာ့အရန်ငွေကြေးဖြစ်သည့် ရွှေ၊ ဒေါ်လာစသည်တို့ရှားမှုကို ဖြေရှင်းရန် ကမ္ဘာ့စက်မှုဆယ်နိုင်ငံ၊ ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့တို့ ညှိနှိုင်းဆုံးဖြတ်ချက်အရ အထူးငွေထုတ်ခွင့်များကို ၉.၅ ဘီလီယန်ကိုဖန်တီး၍ ၁၉၇၀–၇၂ ခုနှစ်များအတွက် ခွဲဝေပေးရန် ဖြစ်ပေသည်။

သာမန်ငွေလဲလှယ်ခွင့်အစီအစဉ်များ

အဖွဲ့ဝင်နိုင်ငံများသည် ၂၅ ရာခိုင်နှုန်းကို ရွှေဖြင့်၎င်း၊ ၇၅ ရာခိုင်နှုန်းကို မိမိတို့ငွေဖြင့်၎င်း အစု ထည့်ဝင်ငွေအဖြစ် ထည့်ဝင်ရပေသည်။ အဖွဲ့ဝင်နိုင်ငံများ ထည့်ဝင်ထားသော အထွေထွေ ရန်ပုံငွေမှ သဘောတူ သတ်မှတ် ထားသော စည်းကမ်းများနှင့်ညီက မိမိငွေကြေးနှင့် အရန်ငွေကြေးကို လဲလှယ်ထုတ်ယူနိုင်ပေသည်။

အဖွဲ့ဝင်နိုင်ငံများ ရွှေဖြင့်ထည့်ဝင်ထားသော အစုကို ငွေပေးငွေယူရှင်းတမ်း လိုငွေအတွက် အလွယ်တကူအသုံးပြုရန် ထုတ်ခြင်းဖြစ်သဖြင့် အချိုက စက္ကူရွှေဟုလည်းခေါ်

သည်။ မိမိတို့ ငွေကြေးဖြင့် ထည့်ဝင်ထားသော အစု အတွက် အရန်ငွေကြေးလဲလှယ်ရာတွင် အဆင့်များထားရှိ ရာ ပထမဆင့်တွင် စည်းကမ်းချက် လျော့ရဲပြီး ဒုတိယနှင့် တတိယဆင့်များ၌ စည်းကမ်းများ တင်းကြပ်လာသည်။ အရန်ငွေကြေးကို ထုတ်ယူသုံးစွဲသောနိုင်ငံများသည် အတိုး နှုန်းများပေးရပြီး ချေးငွေများကို သုံးနှစ်မှ ငါးနှစ်အတွင်း ပြန်လည်ပေးဆပ်ရပေသည်။

ငွေကြေးအဖွဲ့၏ အခြားအစီအစဉ်များမှာ အဖွဲ့ဝင်နိုင်ငံ များ၏ စီးပွားရေးပြဿနာကို အထောက်အကူဖြစ်စေရန် တိုးချဲ့စီစဉ်ထားသည့် အစီအစဉ်များ ဖြစ်လေသည်။ ပို့ကုန် ကျဆင်းမှုကို ကာမိရန် ချေးငှားသည့် အစီအစဉ်၊ ကြားခံ ကုန်စည်များတွင် ပါဝင်နိုင်ရန် ချေးငှားသည့် အစီအစဉ်၊ ရေနံစျေးတက်မှုကြောင့် ချေးငှားသည့်အစီအစဉ်၊ မကြာမီ လပိုင်းအတွင်းက တီထွင်သည့် ဝိတီဗင် ဖြည့်စွက်ချက်တို့ ဖြစ်သည်။

အထူးငွေထုတ်ခွင့်အစီအစဉ်

အထူးငွေထုတ်ခွင့်အစီအစဉ်သည် ကမ္ဘာ့အရန်ငွေကြေး လိုအပ်ချက်ကို ဖြည့်တင်းရန်နှင့် အရန်ငွေကြေးများနှင့် တွဲဖက် သုံးစွဲနိုင်ရန် ဖြစ်သည်။ အထူးငွေထုတ်ခွင့်များနှင့် အရန်ငွေကြေးများကို အဖွဲ့ဝင်နိုင်ငံများ လဲလှယ်နိုင်သည်။ အထူးငွေထုတ်ခွင့် များသည် အရန်ငွေကြေးများနှင့်မတူပဲ တမူထူးခြားစွာ စီစဉ်ထားသဖြင့် ယင်း၏ သွင်ပြင်လက္ခဏာ များနှင့် အသုံးပြုပုံများကို သိရှိနိုင်ရန် ထည့်သွင်း ဖော်ပြ လိုပေသည်။

အထူးငွေထုတ်ခွင့်များ၏ တန်ဖိုး

အထူးငွေထုတ်ခွင့်ကို တီထွင်စဉ်က အထူးငွေထုတ်ခွင့် တယူနစ်သည် အမေရိကန် တဒေါ်လာနှင့် ညီမျှသည်။ အထူးငွေထုတ်ခွင့်တယူနစ်သည် ရွှေအလေးချိန် ၀.၈၈၆၇၁ ရမ်ဖြစ်လာသည်။ ငွေကြေးအဖွဲ့ ပဋိညာဉ်စာချုပ် ဒုတိယ အကြိမ်ပြင်ဆင်ချက်အရ အထူးငွေထုတ်ခွင့်များကို ရွှေဖြင့် တန်ဖိုးဆက်ခြင်းကို ပယ်ဖျက်ခဲ့သည်။ အမေရိကန်အစိုးရက ဒေါ်လာနှင့် ရွှေကို လွတ်လပ်စွာ လဲလှယ်နိုင်သည်ဟူသော ခံဝန်ချက်ကို ရုပ်သိမ်းလိုက်သဖြင့် အထူးငွေထုတ်ခွင့်များကို အမေရိကန်ဒေါ်လာနှင့် တန်ဖိုးချိန်စက်ထားခြင်းကို ပြန် လည်စဉ်းစားခဲ့ရသည်။ ကျန်နိုင်ငံငွေကြေးများကို နှုန်းရှင် မျှခဲ့သည်။

၁၉၇၄ ခု ဇူလိုင်လ ၁ ရက်နေ့တွင် အထူးငွေထုတ်ခွင့် တယူနစ်၏ တန်ဖိုးသည် တဖက်တွင် ဖော်ပြ ထားသော ဇယားပါ နိုင်ငံပေါင်း ၁၆ နိုင်ငံတို့၏ ငွေတန်ဖိုးများကို ပေါင်းခြင်းဖြင့် ရရှိသည်။ ဇယားကိုကြည့်ပါ။

အထူးငွေထုတ်ခွင့်တန်ဘိုး သတ်မှတ်ရာတွင် ပါဝင်သည့် နိုင်ငံခြားငွေများနှင့် ယင်းငွေများ၏ အရေးပါမှု

အမှတ်စဉ်	ငွေအမျိုးအစား	အရေးပါမှု %	သက်ဆိုင်ရာ နိုင်ငံ၏ ငွေကြေးပမာဏ
၁	အမေရိကန်ဒေါ်လာ	၃၃.၀	၀.၄၀
၂	ဒို့ကိ်ရှ်မတ်	၁၂.၅	၀.၃၈
၃	ပေါင်စတာလင်	၉.၀	၀.၀၄၅
၄	ပြင်သစ်ဖရန့်	၇.၅	၀.၄၄
၅	ဂျပန်ယန်း	၇.၅	၂၆.၀၀
၆	ကနေဒီယန် ဒေါ်လာ	၆.၀	၀.၀၇၁
၇	ဣတာလျံလီယာ	၆.၀	၄၇.၀၀
၈	နယ်သာလင်ဂီလဒါ	၄.၅	၀.၁၄
၉	ဗယ်လ်ဂျီယမ်ဖရန့်	၃.၅	၁.၆၀
၁၀	ဆွီဒင်ကရိုနာ	၂.၅	၀.၁၃
၁၁	ဩစတြေးလီယန် ဒေါ်လာ	၁.၅	၀.၀၁၂
၁၂	ဒိန်နစ်ကရုံး	၁.၅	၀.၁၁
၁၃	နော်ဝေဂျီယန်ကရုံး	၁.၅	၀.၀၉၉
၁၄	စပင်နစ်ပစက်တာ	၁.၅	၀.၁၀
၁၅	ဩစတြေးလီယန်း ရှီလင်	၁.၀	၀.၂၂
၁၆	တောင်အာဖရိကယန်း	၁.၀	၀.၀၀၈၂

အထူးငွေထုတ်ခွင့်ကို အသုံးပြုပုံ

ရည်ရွယ်ချက်မှာ အထူးငွေထုတ်ခွင့်များကို အရန်ငွေ ကြေးများနှင့် ဖြည့်စွက်အသုံးပြုရန် ဖြစ်ပေသည်။ အဖွဲ့ဝင် နိုင်ငံများသည် ငွေကြေးအဖွဲ့၏ စီစဉ်ပေးချက်အရ အထူး ငွေထုတ်ခွင့်များကို အရန်ငွေကြေးများနှင့် ဖလှယ်၍ အသုံး ပြုနိုင်ပေသည်။ ရှေးဦးစွာ အဖွဲ့ဝင်နိုင်ငံက အထူးငွေထုတ် ခွင့်များကို ပိုင်ဆိုပြသော နိုင်ငံငွေကြေးဖြင့် လဲလှယ်လို

အထူးဌေးထုတ်ခွင့်နှင့်ဖွံ့ဖြိုးဆဲ နိုင်ငံများ

မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများသည် မိမိတို့၏ ငွေလဲလှယ်မှုတန်ဖိုးကို အထူးငွေထုတ်ခွင့်များနှင့် ချိတ်ဆက်၍ သတ်မှတ်ထားသည်။ ယင်းသို့ဆောင်ရွက်ခြင်းဖြင့် ငွေလဲလှယ်မှုတန်ဖိုး အတက်အကျကို တည်ငြိမ်မှုရရှိခြင်း ပင်ဖြစ်သည်။ အထူးငွေထုတ်ခွင့်များကို ၁၆ နိုင်ငံ၏ ငွေကြေးများနှင့် ချိတ်ဆက်ထားသဖြင့် ယင်းငွေကြေးများကိုလည်း လဲလှယ်နိုင်ပေသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများသည် နိုင်ငံခြားသုံးငွေ အခက်အခဲရှိသဖြင့် အထူးငွေထုတ်ခွင့်များကို အထိုက်အလျောက် အထောက်အပံ့ရရှိခဲ့သည်။ အထူးငွေထုတ်ခွင့်များကို ငွေကြေးအဖွဲ့၏ ထည့်ဝင်ငွေပေါ် မူတည်ရကား အစုနည်းသော ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အကျိုးရှိသင့်သလောက်မရှိပေ။ ဖွံ့ဖြိုးဆဲနိုင်ငံများသည် ငွေကြေးအဖွဲ့၌ အစုငွေများကို တိုးတက်ထည့်ဝင်ရန် ကြိုးပမ်းလျက်ရှိကြသည်။ အထူးသဖြင့် ရေနံရောင်းသော ဖွံ့ဖြိုးဆဲနိုင်ငံများမှ အစုငွေများ တိုးတက်စုနိုင်ခွင့် ရရှိခဲ့သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများသည် ငွေကြေးအဖွဲ့၌ အစုပိုတိုးမြင့်ရေးနှင့် အထူးငွေထုတ်ခွင့်များကို ဒုတိယအကြိမ်ထုတ်ဝေရေးနှင့် ဖွံ့ဖြိုးရေးအကူအညီပေးမှုကိုလည်း ချိတ်ဆက်ထားရန် အရေးဆိုလျက်ရှိကြသည်။

အထူးငွေထုတ်ခွင့်များ၏ ကောင်းကျိုးတခုမှာ ကမ္ဘာ့ကုန်ပစ္စည်းထုတ်လုပ်မှု၊ ကမ္ဘာ့ကုန်သွယ်မှုများ တိုးတက်လာသည်နှင့်အမျှ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့သည် အဖွဲ့ဝင်အများစု၏ ဆုံးဖြတ်ချက်ဖြင့် ကမ္ဘာ့စီးပွားရေး တိုးတက်မှုအတွက် အထူးငွေထုတ်ခွင့်များကို လိုအပ်သလို ဖန်တီးနိုင်ပေသည်။ ကမ္ဘာ့စီးပွားရေးစနစ်တွင် ငွေများ ဖောင်းပွနေပါကလည်း အထူးငွေထုတ်ခွင့်များ ပယ်ဖျက်ခြင်း၊ အရေအတွက်လျော့ချခြင်း၊ အဖွဲ့ဝင်များစွာ၏ စုပေါင်းဆုံးဖြတ်ချက်ဖြင့် အထူးငွေထုတ်ခွင့်များ၏ ပမာဏကို လိုအပ်သလို အလျော့အတိုးများပြုလုပ်နိုင်ပေသည်။

တနည်းအားဖြင့် အထူး ငွေထုတ်ခွင့်များကို ဖန်တီးရာတွင် အလျော့ အတိုးများကို ညှိနှိုင်း စုပေါင်းဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်နိုင်သောကြောင့် ကမ္ဘာ့စီးပွားရေး တိုးတက်မှုကိုအထောက်အကူဖြစ်နိုင်စရာရှိပေသည်။ အချုပ်အားဖြင့် အထူးငွေထုတ်ခွင့်များ၏ အလားအလာမှာ ကမ္ဘာ့နိုင်ငံရေး၊ စီးပွားရေးဖြစ်ရပ်များပေါ် များစွာမူတည်နေပေသည်။ အထူးငွေထုတ်ခွင့်များကို လေ့ယာဉ်ပျံလက်မှတ်နှင့် သဘော်လက်မှတ်များ ဝယ်ရာတွင် အသုံးပြုနေကြသည်။ အမေရိကန်က သူ၏အထူးငွေထုတ်ခွင့်များကို အိမ်ရန်နိုင်ငံအား ပြန်လည်ရောင်းချခဲ့သည်။

ကြောင်း အကြောင်းပြရပေသည်။ ငွေကြေးအဖွဲ့က ယင်းနိုင်ငံအား ၎င်း၏ငွေကြေးဖြင့် ပေးဆောင်ရန် ညွှန်ကြားရပေသည်။ ဒုတိယအမျိုးအစားမှာ နိုင်ငံအချင်းချင်း မိမိတို့နှစ်ဦးသဘောတူညီချက်ဖြင့် အထူး ငွေထုတ်ခွင့်များနှင့် သက်ဆိုင်ရာ နိုင်ငံငွေကြေးကို လဲလှယ်နိုင်ပေသည်။ တတိယအမျိုးအစားမှာ အဖွဲ့ဝင်နိုင်ငံများ ငွေကြေးအဖွဲ့မှ ထုတ်ယူသုံးစွဲထားသော ငွေများကို ပြန်လည် ပေးဆပ်ရခြင်း၊ အတိုးနှင့်အခကြေးငွေများကို ပေးဆပ်ရခြင်း၊ အထူးငွေထုတ်ခွင့်များကို အနည်းဆုံး ကိုင်ဆောင်ထားရမည့် သတ်မှတ်ချက်ကို ပြန်လည်ဖြည့်တင်းခြင်း စသည်ဖြင့် အမျိုးအစား များစွာရှိပေသည်။

အထူးငွေထုတ်ခွင့်များ အသုံးပြုမှုကို ကျယ်ပြန့်လာစေရန် ရှေးဦးစွာ အထူးငွေထုတ်ခွင့်နှင့် အရန်ငွေကြေးလဲလှယ်ရာတွင် ငွေပေး ငွေယူရှင်းတမ်း အခက်အခဲအတွက် အသုံးပြုရန်ဖြစ်ကြောင်း ဖော်ပြရသည်။ စာချုပ်ဒုတိယအကြိမ်ပြင်ဆင်ချက်အရ ငွေပေးငွေယူ ရှင်းတမ်းလိုအပ်ချက်ကို ဖော်ပြရန်မလိုပဲ အလွယ်အကူ လဲလှယ်အသုံးပြုနိုင်ပေသည်။ အဖွဲ့ဝင်နိုင်ငံအချင်းချင်း ဆက်သွယ်၍ အထူးငွေထုတ်ခွင့်များကို လဲလှယ်အသုံးပြုနိုင်ပေသည်။ အဖွဲ့ဝင် နိုင်ငံများသည် ငွေကြေးအဖွဲ့၌ အစုငွေ တိုးမြှင့်ထည့်ဝင်သည့်အခါ အထူးငွေထုတ်ခွင့်များ စာဖြင့်ထည့်ဝင်နိုင်ပေသည်။ အထူးငွေထုတ်ခွင့်များသည် အရန်ငွေကြေးများ၏ ငါးရာခိုင်နှုန်း သာရှိပေသည်။

အတိုးနှုန်းနှင့် အခကြေးငွေ

အထူးငွေထုတ်ခွင့်များ အသုံးပြုမှုနှင့် ကိုင်ဆောင်မှုအပေါ် ပေးရသော အတိုးနှုန်းကို မူလက ၁$\frac{၁}{၂}$ ရာခိုင်နှုန်းဟု သတ်မှတ်ခဲ့သည်။ အဖွဲ့ဝင်နိုင်ငံများသည် မိမိတို့ရရှိသော ခဲတမ်းထက်ပို၍ အထူးငွေထုတ်ခွင့်များကို ကိုင်ဆောင်ထားပါက အတိုးနှုန်းပိုပေးရပေသည်။ သတ်မှတ်ထားသော ခဲတမ်းထက်လျော့၍ ကိုင်ဆောင်ထားသော အဖွဲ့ဝင်နိုင်ငံများသည် ယင်းလျော့ငွေ ပမာဏအတွက် အတိုးနှုန်း ပေးရပေသည်။ အတိုးနှုန်းကို အမေရိကန်၊ ပြင်သစ်၊ အနောက်ဂျာမနီ၊ အင်္ဂလန်နှင့် ဂျပန်နိုင်ငံတို့၏ နှစ်တိုချေးငွေအတိုးနှုန်းများပေါ် အခြေခံ၍ တွက်ချက်ရသည်။ ၁၉၇၄ ခု၊ ဇူလိုင်လတွင် အထူးငွေထုတ်ခွင့်အပေါ် အတိုးနှုန်းမှာ ၅ ရာခိုင်နှုန်းဖြစ်ပြီး ၁၉၇၆ ခု ပထမနှစ်ဝက်တွင် ၃.၅ ရာခိုင်နှုန်းဖြစ်သည်။ အထူးငွေထုတ်ခွင့်အပေါ် အတိုးနှုန်းမှာ ဖော်ပြပါ ငါးနိုင်ငံ၏ နှစ်တိုချေးငွေပေါ် တွင် တွက်ချက်သော စျေးကွက်၏ အတိုးနှုန်း အတက်အကျနှင့် ဆက်စပ်လျက် ရှိပေသည်။

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့။ ။အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (အိုင်အယ်အို)ကို ၁၉၁၉ ခုနှစ်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည်။ အဖွဲ့၏ ရည်ရွယ်ချက်များမှာ လူမှုရေး တရားမျှတမှုကို ရှေ့ဆောင်ရွေ့ရွက်ပြုရန်နှင့် ထာဝစဉ်တည်တံ့သော ကမ္ဘာ့ငြိမ်းချမ်းရေးကို အထောက်အကူပြုရန်ပင် ဖြစ်သည်။ ၁၉၄၆ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့သည် ကုလသမဂ္ဂ၏ အထူးသီးခြားအဖွဲ့တခုအဖြစ်သို့ ရောက်ရှိလာ၏။

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ အဖွဲ့သည် အလုပ်လုပ်ကိုင်မှု အဆင့်အတန်းများ တိုးတက်ကောင်းမွန်လာစေရန်အတွက် အလုပ်သမား၊ အစိုးရနှင့် အလုပ်ရှင်တို့ သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်နိုင်ကြရန် စုရုံးပေးသည်။ အစိုးရများအားလည်း ကျွမ်းကျင်သူ အကူအညီနှင့် ပညာသင်ဆုများပေးကာ ကူညီလျက်ရှိသည်။

အပြည်ပြည်ဆိုင်ရာ အလုပ်သမား ရေးရာအဖွဲ့၏ညီလာခံကို နှစ်စဉ် တနှစ်တကြိမ်ကျင်းပပြီး အစိုးရကိုယ်စားလှယ် ၂၄ ဦး၊ အလုပ်သမားကိုယ်စားလှယ် ၁၂ ဦးနှင့် အလုပ်ရှင်ကိုယ်စားလှယ် ၁၂ ဦး ပါဝင်သော အုပ်ချုပ်ရေးအဖွဲ့ကို ညီလာခံက ရွေးချယ်တင်မြှောက်ပေးရသည်။ ညီလာခံက ချမှတ်သော သဘောတူညီချက်များနှင့် အကြံပေးချက်များအပေါ် မူတည်၍ အလုပ်သမားစံနှုန်းများနှင့် အလုပ်သမားဥပဒေများကို သတ်မှတ်သည်။

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ အဖွဲ့တွင် အဖွဲ့ဝင် ၁၂၆ နိုင်ငံပါဝင်ပြီး အဖွဲ့၏ ဌာနချုပ်ကို ဂျီနီဗာမြို့တွင် ထားရှိသည်။ အဖွဲ့၏ အနှစ် ၅၀ မြောက်ရွေရတု သဘင်ကို ၁၉၆၉ ခုနှစ် ဇွန်လအတွင်းက ဂျီနီဗာမြို့တွင် ကျင်းပခဲ့ရာ နိုင်ငံအသီးသီးမှ ကိုယ်စားလှယ် ၁၃၀၀ ခန့် တက်ရောက်ခဲ့ပေသည်။

အမေရိကန် ပြည်ထောင်စု။ ။(၁၆–၁၉၀ — ရှု။)
အမေရိကန်ပြည်ထောင်စုသည် ၁၉၇၀ ပြည့်နှစ် နောက်ပိုင်း



၌ ထူးခြားသော အဖြစ်အပျက်များနှင့် ဆက်တိုက် ကြုံတွေ့ခဲ့ရလေသည်။ အထူးသဖြင့် ၃၇ ဆက် မြောက် သမ္မတနှစ်ဆင် လက်ထက်တွင် အမှိုက်ကစ ပြဿဒါမီးလောင်ရသော အရေးအခင်းကြီးတခုသည် အမေရိကန် ပြည်ထောင်စုအတွင်း၌ သာမက ကမ္ဘာသို့ပင် ဂယက် ရိုက်ခတ်ခဲ့သည်။

ဝါရှင်တန်မြို့ လူကုံထံရပ်ကွက်ရှိ ဒီမိုကရက်တစ် ပါတီ

ကြီး၏ ဌာနချုပ်ရုံးစိုက်ရာ ဝါးတားဂိတ်အဆောက်အအုံ၌ ၁၉၇၂ ခုနှစ် ဇွန်လ ၁၇ ရက်နေ့ လင်းအားကြီးအချိန်တွင် လူငါးယောက်တို့အား ဖောက်ထွင်းကရိယာများ၊ ခဲတံပုံရိုက်ပစ္စည်းများ၊ အီလက်ထရွန်နစ် တယ်လီဖုန်း ခိုးယူနားထောင်သော ပစ္စည်းများနှင့် အတူကတ္တ ပုလိပ်ဘက်ကလက်ပူး လက်ကြပ် ဖမ်းဆီးရလိုက်သည်။ အမေရိကန်ပြည်သူလူထုမှာလည်း နိုဝင်ဘာလတွင် ကျင်းပတော့မည့် သမ္မတရွေးကောက်ပွဲတွင် အာရုံ ရောက်နေသဖြင့် ယင်းအမှုကိုသာမန်ပုလိပ်မှုမျှသာဟုရှုမစိုက်မိကြချေ။ သို့သော် ဝါရှင်တန် ပို့စသတင်းစာကြီး၏ လူငယ် သတင်းထောက် နှစ်ယောက်ဖြစ်သော ဘော့ဘ်ဝုဝါဒ်နှင့် ကားလ်ဗန်စတိန်းတို့၏ သတင်း အလိုက် ကောင်းမှုကြောင့် ဝါးတားဂိတ် အပုပ်နုံကြီး ထွက်ပေါ်လာရလေသည်။ ထိုအပုပ်နုံကြောင့် အမေရိကန်တနိုင်ငံလုံး မရှုနိုင်၊မကယ်နိုင်ဖြစ်ကာ နောက်ဆုံးတွင် သမ္မတနစ်ဆင်ကိုယ်တိုင် ၁၉၇၄ ခုနှစ် သြဂုတ်လ ၉ ရက်နေ့၌ သမ္မတရာထူးမှ နုတ်ထွက်သွားခဲ့ရလေသည်။

အမေရိကန်ပြည်ထောင်စုသည် ကမ္ဘောဒီးယား နိုင်ငံနှင့် ပြဿနာ ပေါ်လာရပြန်သည်။ဗီယက်မင်း (ပြောက်ကျား) နှင့် တောင်ဗီယက်နမ် လွတ်မြောက်ရေး တပ်ဦးတို့သည် တောင်ဗီယက်နမ်အစိုးရ စစ်တပ်များနှင့် အမေရိကန် စစ်အခြေခံစခန်းများကို တိုက်ခိုက်ပြီး တဖက်ရှိ ကမ္ဘောဒီးယားနယ်ထဲသို့ ပြေးဝင်ခိုလှုံလေ့ရှိကြသည်။ထို့ပြင် မြောက်ဗီယက်နမ်မှလူ၊လက်နက်၊ရိက္ခာများကို ကမ္ဘောဒီးယားနယ်မြေထဲမှ တဆင့် ကျော်ဖြတ်ပြီး တောင်ဗီယက်နမ် လွတ်မြောက်ရေး တပ်ဦးတို့က ရရှိနေကြသည်။ အကယ်၍ ကမ္ဘောဒီးယားတွင် သီဟာနု၏ကြားနေရေး အစိုးရမဟုတ်ပဲ အမေရိကန်လိုလားသော အစိုးရတက်လာပါက ယင်းထောက်ပံ့ရေးလမ်းကြောင်းနှင့် ခိုလှုံရေးစခန်းများကို ပိတ်ဆို့ဖျက်ဆီးနိုင်လိမ့်မည်ဟု အမေရိကန် ပြည်ထောင်စုက ယူဆသည်။သို့ဖြင့် ၁၉၇၁ ခုနှစ် ရောက်သောအခါ အမေရိကန် ပြည်ထောင်စုအလို ပြည့်ဝစေမည့် အာဏာသိမ်းပွဲတရပ် ကမ္ဘောဒီးယားတွင် ပေါ်ပေါက်လာသည်။ကမ္ဘောဒီးယားစစ်တပ်မှ မာရှယ်လုန်နောက အာဏာသိမ်းခဲ့ခြင်း ဖြစ်သည်။ သို့သော် လုန်နော အစိုးရမှာ အဖက်ဖက်မှ အားနည်းလှသည်။ အမေရိကန် ပြည်ထောင်စုက မည်သို့ပင် ကျားကန် ထောက်ပံ့နေသော်လည်း ခမာနီပြောက်ကျားတို့ကို နှိမ်နင်းနိုင်စွမ်းမရှိချေ။ နောက်ဆုံးအချိန် ဒေါ်လာသန်း ၂၂၂ ဖိုး ရှိသော စစ်ရေးအကူများ ပုံအောချ ထောက်ပံ့ရန် ကြံရွယ်သည့်တိုင် ကမ္ဘောဒီးယား အခြေအနေကို မကယ်တင်နိုင်တော့ပေ။ ၁၉၇၅ ခုနှစ် ဧပြီလ ၁၇ ရက်နေ့တွင် ကမ္ဘောဒီးယားနိုင်ငံသည် ခမာနီတို့လက်သို့ လုံးဝကျရောက်သွားတော့သည်။

ကမ္ဘောဒီးယားမှ အမေရိကန်တို့ ထွက်ခွာလာ၍တလမျှ

မရှိသေးမီ မေလ ၁၂ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု အစိုးရအဖို့ ဘေးကျပ်နံကျပ် ဖြစ်စေသော အရေး အခင်း တရပ် မမျှော်လင့်ပဲ ပေါ်ပေါက်လာသည်။

ယင်းမှာ အမေရိကန် ကုန်တင်သင်္ဘော မာယာဂွတ်ကို ကမ္ဘောဒီးယားအစိုးရ ခမာနီရေတပ်သင်္ဘောများက လမ်း ခရီးမှ ဖမ်းဆီးသွားခြင်း ဖြစ်သည်။ မာယာဂွတ် အရေး အခင်းကြောင့် ကမ္ဘာက စိုးရိမ်မကင်း ဖြစ်ကြသည်။ နောက်ဆုံးတွင် အမေရိကန်ပြည်ထောင်စုအစိုးရက ရဟတ် ယာဉ်များဖြင့် သွားရောက် တိုက်ခိုက်သော အခါတွင်မှ မာယာဂွတ် သင်္ဘောကို ပြန်လည်ရရှိခဲ့သည်။

စီအိုင်အေသည် အမေရိကန် ပြည်ထောင်စု၏ ၁၉၄၇ ခုနှစ် အမျိုးသားလုံခြုံရေးအက်ဥပဒေပါ ပြဋ္ဌာန်းချက်များ နှင့်အညီ အမေရိကန်ပြည်ထောင်စုနယ်နိမိတ်ပြင်ပ၌အမေရိ ကန် ပြည်ထောင်စု၏ လုံခြုံရေးအတွက် ထောက်လှမ်းရေး တာဝန်အရပ်ရပ်ကို ဆောင်ရွက်နေသော အဖွဲ့အစည်းကြီး ဖြစ်သည်။ နောက်ပိုင်း၌ စီအိုင်အေသည် ပြင်ပတွင်သာ မဟုတ်ပဲ ပြည်တွင်း၌လည်း မပြတ်စောင့်ကြည့်နေသည်ဟု အမေရိကန် စာနယ်ဇင်းများက ထုတ်ဖော်ရေးသားလာကြ သည်။ ထို့ကြောင့် အမေရိကန် ကွန်ဂရက် လွှတ်တော်က စီအိုင်အေလုပ်ရပ်များကို စုံစမ်းရေးအဖွဲ့ ဖွဲ့၍စုံစမ်းခဲ့သည်။ အမေရိကန်သမ္မတဖို့ဒ်ကလည်း ဒု သမ္မတ နယ်လဆင်ရော့က ဗဲလား ခေါင်းဆောင်သော အဖွဲဝင်ရှစ်ဦးပါ ကော်မရှင် ဖွဲ့၍ စုံစမ်းစစ်ဆေးစေခဲ့သည်။ ထိုကော်မရှင်သည် ငါးလ ကြာ စုံစမ်းစစ်ဆေးပြီးနောက် ၁၉၇၅ ခုနှစ်ဇွန်လ ဒုတိယ အပတ်ထဲတွင် သမ္မတထံ အစီရင်ခံစာ တင်သွင်းခဲ့သည်။ ကော်မရှင်၏ အစီရင်ခံစာ၌ စီအိုင်အေသည် အမေရိကန် ပြည်ထောင်စုအတွင်း၌ ဥပဒေကခွင့်ပြုထားခြင်း မရှိသော ထောက်လှမ်းရေးဆိုင်ရာ ဆောင်ရွက်မှုများ လုပ်ခဲ့သည်ဟူ သော စွပ်စွဲချက်များ မှန်ကန်ကြောင်းဖြင့် ဖော်ပြထား လေသည်။ စီအိုင်အေ၏ ပြည်တွင်းထောက်လှမ်းရေး လုပ် ငန်းရပ်များတွင် အမေရိကန်လူမျိုး ၇,၂၀၀ ခန့်၏ ကိုယ် ရေးဖိုင်များ၊ နိုင်ငံတွင်းရှိ အဖွဲ့အစည်း ၁၀၀၀ ခန့်၏ မှတ် တမ်းများ၊ လူသုံးသိန်းခန့်၏ အမည်များကို ကွန်ပျူတာ စက်ဖြင့် မှတ်တမ်းတင်ထားရှိခြင်း ဖြစ်သည်ဟု ဆို၏။

စီအိုင်အေ၏ ပြည်တွင်း ထောက်လှမ်းရေး လုပ်ငန်းကို သမ္မတကျန်ဆင်လက်ထက်တွင် စတင်ခဲ့ပြီး သမ္မတ နစ်ဆင် လက်ထက်၌ ပိုမို ကျယ်ပြန့်စွာ ဆောင်ရွက်လာခဲ့သည်။ သမ္မတဖို့ဒ်ကမူ သူ၏အစိုးရသက်တမ်းမကုန်မီမှာပင် စီအိုင် အေနှင့် ပတ်သက်၍ပြုပြင်ဘွယ်ရာတို့ကို ပြုပြင်ပေးခဲ့သည်။

၁၉၇၇ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် တက်ရောက် လာသော သမ္မတသစ် ကျင်မီကာတာသည် သူ၏ နိုင်ငံခြား ရေးဝါဒ၌လူ့အခွင့်အရေးကိစ္စကို ပဓာနပြု၍ထားလေသည်။ ကျင်မီကာတာက သမ္မတအဖြစ် ကျမ်းသစ္စာ ကျိန်ဆိုပွဲတွင် မိန့်ခွန်းပြောကြားရာ၌ တရားဥပဒေက ပေးအပ်ထားသော လူ့အခွင့်အရေးများကို အားရှိသူ အားမဲ့သူ မရွေး သာတူ ညီမျှခံစားကြရန် မိမိဆောင်ရွက်မည် ဖြစ်ကြောင်း ထည့် သွင်း ပြောကြားခဲ့သည်။ (ကာတာ, ကျင်မီ — ရှု။)

အမျိုးသား စာပေဆု။ ။၁၉၄၇ ခုနှစ်တွင် စတင် ဖွဲ့စည်းသော မြန်မာနိုင်ငံ ဘာသာပြန် စာပေအသင်းသည် လူထု ပညာရေးတိုးပွား ကောင်းမွန်လာမှုကို ရှေးရှု၍ မြန် မာစာပေနှင့် မြန်မာ အနုပညာရပ်များကို စူးစမ်းရှာဖွေ ရန် သို့မဟုတ် စူးစမ်းရှာဖွေမှုကို အားပေးရန်ဟူသည့် ရည်ရွယ်ချက်ဖြင့် စာပေဗိမာန်ဆု ဟူသော စာပေဆုတရပ် တီထွင်ချီးမြှင့်ခဲ့သည်။ (၃–၁၉၉၉–ရှု။) ၁၉၄၈ ခုနှစ်မှ ၁၉၆၁ ခုနှစ်အထိ စာပေဗိမာန်ဆု အမည်ဖြင့် ချီးမြှင့်ခဲ့ပြီး ၁၉၆၂ ခုနှစ်မှ စ၍အနုပညာ စာပေဆိုင်ရာ ဆုဟု အမည် ပြောင်းလိုက်သည်။ တဖန် ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရ ချီးမြှင့်သော အနုပညာစာပေဆိုင်ရာ ဆုများသည် တမျိုးသားလုံး အတွက် ချီးမြှင့်သောဆုများ ဖြစ်သည်ဟူ သောသဘော သက်ဝင်ငံ့မိစေရန် ၁၉၆၅ ခုနှစ်မှ အစပြု ကာ အမျိုးသားစာပေဆုဟူသော အမည်သို့ ပြောင်းလဲ၍ ချီးမြှင့်သည်။

အမျိုးသား စာပေဆုကို ဘာသာရပ် ဆယ်မျိုးခွဲခြား ၍ ချီးမြှင့်ခဲ့သည်။ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ဘာသာ ပြန်၊ စာပဒေသာ၊ ပြဇာတ်၊ ကဗျာပေါင်းချုပ်၊ ကလေး သူငယ်များဆိုင်ရာစာပေ၊ နိုင်ငံရေးဆိုင်ရာစာပေ၊ မြန်မာ့ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ၊ သုတပဒေသာ ဟူ၍ ဖြစ်သည်။ဘာသာရပ်တမျိုးအတွက် ပထမ၊ ဒုတိယ တတိယ၊ စတုတ္ထ ဆုလေးမျိုးနှင့် ဝတ္ထုရှည် ပထမဆု အ တွက် ကျပ် ၂၀၀၀၊ ဒုတိယ ဆုအတွက် ကျပ် ၁၅၀၀၊ တတိယ ဆုအတွက် ကျပ် ၁၀၀၀၊ စတုတ္ထ ဆုအတွက် ကျပ် ၅၀၀ ချီးမြှင့်ရန် ကျန်ဘာသာရပ် ကိုးမျိုးအတွက် ပထမ ဆု ကျပ် ၁၅၀၀၊ ဒုတိယဆု ကျပ် ၁၀၀၀၊ တတိယ ဆု ကျပ် ၇၅၀၊ စတုတ္ထဆု ကျပ် ၅၀၀ စီ ချီးမြှင့်ရန် သတ်မှတ်သည်။ ၁၉၆၅ ခုနှစ်မှ ၁၉၆၈ ခုနှစ်အထိ ယင်း စနစ်အတိုင်း ချီးမြှင့်ခဲ့ပြီး ၁၉၆၉ ခုနှစ်မှစ၍ ပြိုင်ပွဲပုံစံမှ ရွေးပွဲပုံစံသို့ ပြောင်းလိုက်သည်။ပုံစံသစ်အရ ပြက္ခဒိန်တနှစ် အတွင်း ပုံနှိပ်ထုတ်ဝေသမျှ စာအုပ်များအနက်မှ ကြေငြာ ထားသည့် အခြေခံမူ ငါးချက်နှင့် ကိုက်ညီသော စာအုပ် များကို ဖတ်ရှုရွေးချယ်၍ ဆုချီးမြှင့်ခြင်းဖြစ်သည်။ ယခင် ပြိုင်ပွဲပုံစံကဲ့သို့ ဘာသာရပ်တခုစီအတွက် ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ ဆုလေးမျိုး မပေးတော့ပဲ အကောင်းဆုံး စာအုပ်တအုပ်ကိုသာ ရွေးချယ်၍ ဆုတဆုစီသာ ချီးမြှင့်

ခြင်္သေ့ကြီးခြေရာ ကဲ့သို့ – ဝိသေသန

သည်။ ဆုငွေကိုလည်း ကျပ် ၃၀၀၀ အထိ တိုးမြှင့်လိုက်သည်။ ၁၉၇၆ ခုနှစ် အမျိုးသား စာပေဆုမှစ၍ ဆုငွေကို ကျပ် ၅၀၀၀ အထိ ထပ်မံ တိုးမြှင့်လိုက်ပြန်သည်။

ယခင်က ဆုရွေးချယ်ရန် ဘာသာရပ် ၁၀ မျိုးသတ်မှတ်ခဲ့သော်လည်း ပုံစံသစ်အရ သုတပဒေသာဆုတွင် ဝိဇ္ဇာပညာရပ်အတွက် တဆု၊ သိပ္ပံနှင့် အသုံးချသိပ္ပံ ပညာရပ်အတွက်တဆုဟု ခွဲခြားလိုက်သဖြင့် ဘာသာရပ် ၁၁ မျိုးအတွက် ဆု ၁၁ ဆု ရွေးချယ်ချီးမြှင့်ရန် သတ်မှတ်လေသည်။ ၁၉၇၀ ပြည့်နှစ်တွင် လူငယ်စာပေဆုပါ ပါဝင်လာသဖြင့်ချီးမြှင့်ရန် ဆုပေါင်း ၁၂ ဆု ဖြစ်လာသည်။

ပြိုင်ပွဲဝင်သော စာအုပ်စာမူများသည် ၁။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို အထောက်အကူပြုရမည်။ ၂။ မြန်မာ့ဟန်၊ မြန်မာ့ယဉ်ကျေးမှု အစစ်အမှန် ထွန်းကားရေးကို ရှေးရှုရမည်။ ၃။ မျိုးချစ်စိတ်ဓာတ်ထက်သန်စေသော စာပေဖြစ်ရမည်။ ၄။ အကျင့်စာရိတ္တပြုပြင်ရေးနှင့် အတွေးအခေါ် တိုးတက်ရေးအတွက် အထောက်အကူ ဖြစ်စေရမည်။ ၅။ နည်းလမ်းမှန်ကန်သော ဗဟုသုတတိုးပွားများပြားစေရမည်ဟူသော အခြေခံမူငါး ချက်နှင့် ကိုက်ညီရပေမည်။ ယင်းအခြေခံမူငါးချက်သည် ၁၉၆၂ ခုနှစ်တွင်မှ စတင်ချီးမြှင့်သော အနုပညာ စာပေဆိုင်ရာ ဆုအတွက် ရေးချယ်စဉ်က ချမှတ်ခဲ့သော မူဖြစ်သည်။ အမျိုးသား စာပေဆုကိုလည်း ဤအခြေခံမူ ငါးချက်အရ ရွေးချယ်ခြင်းဖြစ်သည်။ ၁၉၇၆ ခုနှစ် အမျိုးသားစာပေဆုရ စာအုပ်များမှာ အောက်ပါတို့ဖြစ်သည်။

ဝတ္ထုတိုပေါင်းချုပ် အဖြူကို မည်သူအနက်ဆိုးသနည်း (မင်းကျော်)

ကလေးစာပေ သားသားကလေးတွက် လက်ဆောင် ကဗျာ (သိပ္ပံစိုးမြင့်နိုင်)

အမျိုးသား စာပေဆုနှင်း သဘင်ကို နှစ်စဉ် နတ်တော်လဆန်း တရက် စာဆိုတော်နေ့တွင် ကျင်းပလေသည်။

အရှေ့ကျောမနီ။ ။(ကျောမန် ဒီမိုကရက်တစ်သမ္မတနိုင်ငံ—ရှု။)

အရှေ့တောင် အာရှ စာချုပ်အဖွဲ့။ ။အရှေ့တောင်အာရှ စာချုပ်အဖွဲ့ ခေါ် ဆီးတိုးအဖွဲ့ကို ၁၉၅၄ ခုနှစ် စက်တင်ဘာလ ဂ ရက်နေ့တွင် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ စာချုပ် ချုပ်ဆို၍ စတင်ဖွဲ့စည်း တည်ထောင်ခဲ့သည်။ ယင်းအဖွဲ့သည် ၁၉၅၅ ခုနှစ် ဖေဖွာရီလ ၁၉ ရက်နေ့တွင် စတင် အကောင်အထည်ပေါ် လာခဲ့သည်။ အဖွဲ့ဝင်နိုင်ငံများမှာ ဩစတြေးလီးယား၊ ပြင်သစ်၊ နယူးဇီလန်၊ ပါကစ္စတန် ဖိလစ်ပိုင်၊ ထိုင်း၊ ဗြိတိန်နှင့် အမေရိကန် ပြည်ထောင်စုတို့ ဖြစ်သည်။

အရှေ့တောင်အာရှစာချုပ်ခေါ် မနီလာစာချုပ်တွင် ပါဝင်သော အဓိကအချက်များမှာ အဖွဲ့ဝင်နိုင်ငံတို့သည် တဦးချင်းအနေဖြင့်၎င်း၊ အပြန်အလှန် စုပေါင်းကူညီခြင်းဖြင့်၎င်း ကျူးကျော်တိုက်ခိုက်လာမှုကို ကာကွယ်ရမည်။ မိမိတို့၏ တနိုင်ငံချင်း သို့မဟုတ် စုပေါင်းကာကွယ်ရေးအင်အားများကို ထိန်းသိမ်းထားပြီး တိုးတက်ဖြည့်တင်းထားရမည်။ စာချုပ်အဖွဲ့ဝင်နိုင်ငံတို့၏ နယ်မြေ (သို့မဟုတ်) စာချုပ်အကျုံးဝင်နယ်မြေများကို ကျူးကျော် တိုက်ခိုက်လာသည့်အခါ သက်ဆိုင်ရာအစိုးရတို့၏ ဖိတ်ကြားချက်၊ သဘောတူညီချက်အရ အဖွဲ့ဝင်နိုင်ငံတိုင်းသည်မိမိတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖြစ်ပေါ် လာသော ဘေးအန္တရာယ်ကို ရင်ဆိုင်၍ အရေးယူဆောင်ရွက်ရန် သဘောတူညီကြသည်။ စာချုပ်အရ ကာကွယ်ရန် သတ်မှတ်ထားသော အကျုံးဝင်ဒေသတို့မှာ စာချုပ်အဖွဲ့ဝင် အာရှသုံးနိုင်ငံ အပါအဝင် အရှေ့တောင် အာရှဒေသမြောက်လတ္တီတွဒ် ၂၁ ဒီဂရီ ၃၀ မိနစ် တောင်ဖက်ရှိပစိဖိတ် အရပ်ဒေသများ ဖြစ်သည်။ စာချုပ်ပါ ကျူးကျော်မှုဟူသော စကားရပ်မှာ ကွန်မြူနစ် ကျူးကျော်မှုကိုသာ ဆိုလိုခြင်း ဖြစ်သည် စသည်တို့ ဖြစ်၏။

အရှေ့တောင် အာရှစာချုပ်အဖွဲ့သည် စာချုပ်ပါ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် အရှေ့တောင်အာရှ စာချုပ်အဖွဲ့ကောင်စီအမည်ရှိ နိုင်ငံခြားရေးဝန်ကြီးများပါသော ထိပ်တန်း အာဏာပိုင် အဖွဲ့အစည်းတခုကို ၁၉၅၅ ခု ဖေဖွာရီလ ၂၃ ရက်နေ့တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဖွဲ့စည်းခဲ့သည်။

အရှေ့တောင်အာရှ စာချုပ်အဖွဲ့၏ ဌာနချုပ်ကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ထားရှိပြီး ၁၉၅၇ ခုနှစ်မှစ၍ အထွေထွေ အတွင်းရေးမှူးချုပ်တဦး ခန့်ထားခဲ့သည်။

စာချုပ်အဖွဲ့ဝင် နိုင်ငံတို့သည် စောစောပိုင်း ကာလများက စာချုပ်ပါရည်ရွယ်ချက်များ အတိုင်း လုပ်ဆောင်ခဲ့ကြသည်။ နောက်ပိုင်းကာလများတွင်မူ အဖွဲ့ဝင် နိုင်ငံများသည်အဖွဲ့အပေါ် စိတ်ဝင်စားမှု နည်းပါးလာကြသည်။ ပါကစ္စတန်နိုင်ငံသည် အရှေ့ပါကစ္စတန်ကို လက်လွှတ်လိုက်ရပြီးသည့်နောက်တွင် ၁၉၇၂ ခုနှစ် နိုဝင်ဘာလ၌ အဖွဲ့မှ နုတ်ထွက်သွားခဲ့သည်။ ပြင်သစ်နိုင်ငံသည် ဆီးတိုးအဖွဲ့အပေါ် စိတ်ဝင်စားမှု လျော့နည်းလာပြီး ၁၉၆၇ ခုနှစ်တွင် တရုတ်ပြည်သူ့ သမ္မတ နိုင်ငံနှင့် သံတမန် ဆက်သွယ်ခဲ့သည်။ ထို့နောက် ၁၉၆၇ ခုနှစ်မှစ၍ ဆီးတိုး၏ စစ်ရေးလှုပ်ရှားမှုများတွင် ပြင်သစ် နိုင်ငံက မပါဝင်ခဲ့တော့ပဲ၊ ၁၉၇၄ ခုနှစ်တွင် အဖွဲ့မှ နုတ်ထွက်ခဲ့သည်။ သို့သော် နုတ်ထွက်ကြောင်း တရားဝင် ကြေငြာခြင်း မပြုခဲ့ပေ။

ဖိလစ်ပိုင် နိုင်ငံသည် အဖွဲ့ဝင်အဖြစ် ပါဝင်နေခဲ့သော်လည်း အဖွဲ့၏ လုပ်ငန်းများတွင် ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ခြင်းမရှိခဲ့ပေ။ ထို့ပြင် ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံကိုသည် တရုတ်ပြည်သူ သမ္မတနိုင်ငံနှင့် ကုန်သွယ်မှုများ ပြုလုပ်လာခဲ့ကြပြီး ၁၉၇၅ ခုနှစ် ဇူလိုင်လတွင် သံတမန်ဆက်သွယ်ခဲ့ကြသည်။

ထို့နောက် ၁၉၇၅ ခုနှစ်တွင် တောင်ဗီယက်နမ် နှင့် ကမ္ဘောဒီးယား နိုင်ငံတို့၌ အစိုးရ အပြောင်းအလဲဖြစ်ပေါ်ပြီး နိုင်ငံရေးအခြေအနေများ ပြောင်းလဲခဲ့သဖြင့် ၁၉၇၆ ခုနှစ်တွင် အမေရိကန် ပြည်ထောင်စုသည် ယင်း၏တပ်များကို ထိုင်းနိုင်ငံမှ ရုပ်သိမ်းခဲ့သည်။

ဆီးတိုးအဖွဲ့ဝင် ခြောက်နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများသည် ၁၉၇၅ ခုနှစ် စက်တင်ဘာလတွင် ကျင်းပသည့် အကြိမ် ၃၀ မြောက် ကုလသမဂ္ဂ အထွေထွေ ညီလာခံသို့ တက်ရောက်ရင်း နယူးယောဂ်မြို့တွင် တွေ့ဆုံ ဆွေးနွေးခဲ့ကြ၏။ ယင်းနောက် ပူးတွဲကြေငြာချက် ထုတ်ပြန်ရာတွင် မိမိတို့သည် ဆီးတိုးအဖွဲ့ ဒေသ၏ အဖြစ်အပျက်များကို သုံးသပ်ကြပြီး ပြောင်းလဲလာသော အခြေအနေများအရ ဆီးတိုးအဖွဲ့ကို တစတစ ဖျက်သိမ်းသင့်သည်ဟု ယူဆကြကြောင်း ဖော်ပြခဲ့၏။

အထက်ပါ အကြောင်းများကြောင့် ဆီးတိုးအဖွဲ့ကို ၁၉၇၇ ခုနှစ်တွင် အပြီးဖျက်သိမ်းရန် အဖွဲ့ဝင် နိုင်ငံများက ဆုံးဖြတ်ခဲ့ကြသည်။ ၁၉၇၇ ခုနှစ် ဇွန်လ ၂၉ ရက်နေ့တွင် ဆီးတိုးအဖွဲ့၏ နောက်ဆုံး အထွေထွေ အတွင်းရေးမှူးချုပ်ဖြစ်သူ ထိုင်းအမျိုးသား မစ္စတာဆွန်သွန်ဟောင်လာဒါရွမ်က ဆီးတိုးအဖွဲ့ကို ဇွန်လ ၃၀ ရက်နေ့တွင် ဖျက်သိမ်းမည်ဖြစ်ကြောင်း ကြေငြာသည်။ ဇွန်လ ၃၀ ရက်နေ့တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ဆီးတိုးဌာနချုပ်ရုံးကို ပိတ်လိုက်ပြီး အဆောက်အဦကို ထိုင်းအစိုးရက ဝယ်ယူလိုက်သည်။

အရှေ့တောင်အာရှ နိုင်ငံများအဖွဲ့။ ။အရှေ့တောင်အာရှ နိုင်ငံများအဖွဲ့ကို အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ စင်္ကာပူ၊ ထိုင်းနှင့် မလေးရှား နိုင်ငံ ငါးနိုင်ငံတို့ အညီအညွတ် ပူးပေါင်း၍ ၁၉၆၇ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ စတင်တည်ထောင်သည်။ ထိုအဖွဲ့ကို အင်္ဂလိပ်လိုအတိုကောက်အားဖြင့် အေစီယင်ဟူ၍လည်း ခေါ်ကြသည်။

၁၉၅၅ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ဖိလစ်ပိုင်၊ ထိုင်း၊ ပါကစ္စတန်၊ ဗြိတိန်၊ အမေရိကန်၊ သြစတြေးလီးယား၊ နယူးဇီလန်နှင့် ပြင်သစ်နိုင်ငံတို့ ပါဝင်သော ဆီတိုးခေါ် အရှေ့တောင်အာရှစာချုပ်အဖွဲ့၏ မူလအဓိက ရည်ရွယ်ချက်သည် အင်ဒိုချိုင်းနား ဒေသ၌ လှုပ်ရှားနေသော ကွန်မြူနစ်အင်အားစုတို့ကို အရှေ့တောင်အာရှဒေသသို့ ပြန့်နှံ့မလာစေရန် ခုခံကာကွယ်ဖို့ ဖြစ်သည်။ (အရှေ့တောင်အာရှစာချုပ်အဖွဲ့—ရှု။) သို့သော် ထိုဒေသတွင် ကွန်မြူနစ်ဆန့်ကျင်ရေးအင်အားစုတို့သည် အာနိသင် ပျော့ညံ့လာကြ၏။ ထိုအခါ အရှေ့တောင်အာရှဒေသ အုပ်စုဖွဲ့၍ ပူးပေါင်းကာကွယ်ရေးလုပ်ရန် ဟူသည့် အဓိပ္ပါယ်သို့ မသက်ရောက်သော အရှေ့တောင်အာရှ နိုင်ငံများ၏ စီးပွားရေး လူမှုရေးကိုသာ ရှေးရှုမည့် အဖွဲ့တဖွဲ့ကို ဖွဲ့စည်းရန် အကြံပြုကြသည်။ ထိုသို့ဖွဲ့စည်းလျှင် ဆီးတိုး၏ဂုဏ်ဒြပ်လည်းတိုးတက်လာမည်ဟုမျှော်လင့်ကြ၏။

ထို့ကြောင့် ၁၉၆၁ ခုနှစ် ဇူလိုင်လ၌ ထိုင်း၊ မလေးရှား နှင့် ဖိလစ်ပိုင် သုံးနိုင်ငံတို့ပေါင်း၍ အရှေ့တောင်အာရှအသင်းကို တည်ထောင်သည်။ သို့ရာတွင် ဖိလစ်ပိုင်နှင့် မလေးရှား နှစ်နိုင်ငံသည် ဆာဗားပြည်နယ် ကိစ္စနှင့်စပ်လျဉ်း၍ မသင့်မတင့်ဖြစ်ကြလေသော် ထိုအသင်း၏ လုပ်ငန်းဆောင်တာတို့သည် မှန်းခြေအတိုင်း မဖြစ်ပေါ်ခဲ့ချေ။ ဤအတွင်း၌ ဗီယက်နမ်စစ်ပွဲသည် အဆပေါင်းများစွာ ပြင်းထန်လျက် ရှိပါသော်လည်း ဆီးတိုးအဖွဲ့သည် ဇာတ်မျှနေခဲ့လေသည်။ ထို့ကြောင့် အရှေ့တောင်အာရှအသင်း၏ စီးပွားရေး၊ လူမှုရေးရည်ရွယ်ချက်တို့ကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည့် အဖွဲ့တဖွဲ့ကို တဆင့်တက်၍ ဖွဲ့ကြရန် အာရုံပြုလာကြပြန်သည်။

၁၉၆၇ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် ဗန်ကောက်မြို့၌ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ထိုင်း၊ စင်္ကာပူနှင့် မလေးရှား ငါးနိုင်ငံတို့သည် အရှေ့တောင်အာရှနိုင်ငံများအဖွဲ့(အေစီယင်)ကို ဖွဲ့စည်း တည်ထောင်ကြလေသည်။ ထိုအဖွဲ့၏ ရည်ရွယ်ချက်မှာ အရှေ့တောင်အာရှဒေသ နိုင်ငံချင်းချင်း စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုတို့၌ တိုးတက် ဖွံ့ဖြိုးအောင် ဆောင်ရွက်ရန် စက်မှု၊ သိပ္ပံ၊ စီမံအုပ်ချုပ်မှုတို့တွင် အပြန်အလှန် ကူညီရန် သယ်ဇာတ ပစ္စည်းတို့ကို ပိုမိုထိရောက်စွာ အသုံးပြုရန် နိုင်ငံချင်းချင်းကုန်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေး လုပ်ငန်းများကို လေ့လာ ညှိနှိုင်း၍ အချင်းချင်း ဖြေရှင်းစရာရှိသည်တို့ကို ဖြေရှင်းရန် စသည်ဖြင့် ဖြစ်လေသည်။

သို့သော် ထိုစဉ်က ဖိလစ်ပိုင်ကဲ့သို့သော ဒေသတွင် နိုင်ငံခြားစစ်စခန်းများ ရှိနေသေးသည်။ ထို့ကြောင့် အေစီယင်အဖွဲ့က ကြေငြာသောအခါ နိုင်ငံခြား စစ်စခန်းများကို ထားရှိရာ၌ နိုင်ငံလွတ်လပ်ရေးကို တိုက်ရိုက်သော်၎င်း၊ သွယ်ဝိုက်၍သော်၎င်း မထိခိုက်စေရဟူသော အချက်ကို ထည့်သွင်းကြေငြာသည်။

အေစီယင်အဖွဲ့ဖွဲ့ပြီး ကိုးနှစ်အကြာ ၁၉၇၆ ခုနှစ် ဖေဖော်ဝါရီလ ၂၃-၂၄ ရက်တို့တွင် အင်ဒိုနီးရှားနိုင်ငံ ဗာလီကျွန်း၌ ပထမဆုံးအကြိမ် ထိပ်သီးအစည်းအဝေးကို ကျင်းပသည်။

ထိုအစည်းအဝေး၌ ငြိမ်းချမ်း၍ လွတ်လပ်သော ကြားနေနိုင်ငံဖန်တီးရေးကို အကောင်အထည်ဖော်ရန် ကြိုးပမ်းမည်ဟူ၍ ကြေငြာသည်။ နိုင်ငံရေး၊စီးပွားရေး၊စက်မှု ထူထောင်ရေး၊ ကုန်သွယ်ရေး ကိစ္စတို့တွင် အဖွဲ့ဝင်နိုင်ငံအချင်းချင်း တိုင်ပင်ပူးပေါင်း ဆောင်ရွက်ရန်ကိုလည်း အလေးဂရုပြုသည်။ လုံခြုံရေး၌ အေစီယင် အဖွဲ့အနေဖြင့် မဟုတ်ပဲ ဒေသနိုင်ငံအချင်းချင်းတို့၏ လုံခြုံရေးအတွက် အပြန်အလှန်ကူညီမည့်သဘောကိုလည်း ချမှတ်သည်။ အဖွဲ့ဝင်နိုင်ငံ အချင်းချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး စာချုပ်ကိုလည်း ချုပ်သည်။ အေစီယင်အဖွဲ့သည် ဒေသတွင်းရှိ အခြားလွတ်လပ်သော ကြားနေနိုင်ငံတို့ကို စည်းရုံးလိုသော ဆန္ဒရှိသည်။

အေစီယင်အဖွဲ့ဖွဲ့၍ ဆယ်နှစ်မြောက်သော ၁၉၇၇ ခုနှစ် သြဂုတ်လ ၄-၅ ရက်တို့တွင် ဒုတိယမြောက် အေစီယင် ထိပ်သီးအစည်းအဝေးကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပသည်။ ထိုအစည်းအဝေး၌ အရှေ့တောင်အာရှဒေသတွင်း စီးပွားရေး ပူးပေါင်းဆောင်ရွက်ခြင်းကို၎င်း၊ အခြားဒေသ(တတိယ နိုင်ငံ) များနှင့် ဆက်သွယ်ခြင်းကို၎င်း ဦးစားပေး၍ ဖော်ပြသည်။ စက်မှုထူထောင်ရေးနှင့် စပ်လျဉ်း၍ အင်ဒိုနီးရှားနှင့် မလေးရှား နိုင်ငံတို့တွင် အမိုးနီယားနှင့် ယူရီယာ ထုတ်လုပ်မှု လုပ်ငန်းတို့ကို၎င်း၊ စက်ပူနိုင်ငံ၌ ဒီဇယ်လုပ်ငန်းတို့ကို၎င်း၊ထိုင်းနိုင်ငံ၌ဆိုဒါပြာထုတ်လုပ်မှု လုပ်ငန်းတို့ကို၎င်း၊ ဖိလစ်ပိုင်နိုင်ငံ၌ ဖော့စဖိတ်ဓာတ်မြေဩဇာ ထုတ်လုပ်မှုလုပ်ငန်းကို၎င်း တည်ထောင်ကြရန် သဘောတူကြ၏။ အေစီယင် ဦးစားပေးကုန်သွယ်မှုအစီအစဉ်အရ ကုန်စည်ပစ္စည်း ၇၁ မျိုးကိုလည်း သတ်မှတ်၏။ ၁၉၇၈ ခုနှစ် ဇန္နဝါရီမှစ၍ ယင်း၇၁ မျိုးကို အရောင်းအဝယ် လုပ်ရန်ကြံရွယ်ထားသည်။ ဩစတြေးလီးယား၊ ကနေဒါ၊ ဂျပန်၊ နယူးဇီလန်၊ ဥရောပဘုံစျေးအဖွဲ့တို့နှင့် စီးပွားရေး ပူးပေါင်းရန်ကိုလည်း သဘောတူသည်။

ဤဒုတိယ အေစီယင် ထိပ်သီးညီလာခံသည် အေစီယင်အဖွဲ့၏ သက်တမ်းကို ရှည်အောင် နောက်ထပ် ဖန်တီးပေးသော ညီလာခံဖြစ်သည်ဟု ဆိုနိုင်ရာသည်။ ထိုညီလာခံမတိုင်မီ ၁၉၇၇ ခုနှစ် ဇွန်လ ၃၀ ရက်နေ့တွင် ဆီးတိုးအဖွဲ့ကို အပြီးအပိုင် ဖျက်သိမ်းလိုက်သည်။စင်စစ် ၁၉၇၅ ခုနှစ်၌ အင်ဒိုချိုင်းနား ကျွန်းဆွယ်တွင် အမေရိကန်တို့ အရေးနိမ့်၍ တောင်ဗီယက်နမ်၊ လော နိုင်ငံနှင့် ကမ္ဘောဒီးယား နိုင်ငံတို့သည် ကွန်မြူနစ် အစိုးရများ၏ လက်အောက်သို့ ရောက်သောအခါမှစ၍ ဆီးတိုးသည် ခေတ်ကာလနှင့် မသင့်လျော်တော့ချေ။ ယခင် ၁၉၆၁ ခုနှစ်၌ ဖွဲ့စည်းခဲ့ရာ ယခုခေတ်နောက်ကျလာပြီဖြစ်သော အရှေ့တောင်အာရှအသင်းကိုလည်း ဖျက်သိမ်းလိုက်ခြင်း ဖြစ်သည်။

အေစီယင်အဖွဲ့ဝင် နိုင်ငံတို့၏ သပိုင်းကြောင်းကို ပြန်ကြည့်လျှင် ထိုင်းနိုင်ငံသည် ဗုဒ္ဓဘာသာနိုင်ငံဖြစ်သည်။ မလေးရှားနှင့်အင်ဒိုနီးရှားတို့ကား အစ္စလာမ်နိုင်ငံဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံကား ခရစ်ယန်နိုင်ငံဖြစ်သည်။ ယင်းတို့၏ ရှေးခေတ်နိုင်ငံရေး သြဇာမျှားကိုပြန်ကြည့်လျှင် ဖိလစ်ပိုင်၌ စပိန်နှင့် အမေရိကန်တို့၏ သြဇာ၊ မလေးရှားနှင့် စင်္ကာပူတို့၌ ဗြိတိသျှသြဇာ၊ အင်ဒိုနီးရှား၌ ဒပ်ချသြဇာဟူ၍တွေ့ရ၏။ ထိုင်းနိုင်ငံ တနိုင်ငံတည်းသာလျှင် လွတ်လပ်ခဲ့သော သဘာဝရှိသည်။ ဤကဲ့သို့ သမိုင်းကြောင်း၌ ထူးခြားကဲ့ပြားသော အကြောင်းရင်းခံရှိခြင်းကြောင့် ညီညွတ်မှုရနိုင်ရန် မျှားစွာ ကြိုးပမ်းရဘွယ်ရှိသည်။ သို့ရာတွင် တစတစ အချင်းချင်းရင်းနှီးနားလည်မှု၊ ယုံကြည်မှု ရလာကြလိမ့်မည်ဟု ကမ္ဘာ့နိုင်ငံရေး အကဲဖြတ်သမားတို့က ဆိုကြ၏။

အေစီယင်အဖွဲ့နှင့် စပ်လျဉ်း၍ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ တတိယအကြိမ် ပါတီညီလာခံသို့ တင်သွင်းသော ပါတီဗဟို ကော်မတီ၏ အစီရင်ခံစာ၌ ''အေစီယင်အဖွဲ့သည် စီးပွားရေးနှင့် လူမှုရေးအရ ပူးပေါင်းဆောင်ရွက်ရန် ဦးတည်ဖွဲ့စည်းခဲ့ကြောင်း၊ ယင်းအဖွဲ့သည် ယခုအခါ အရှေ့တောင်အာရှကို ငြိမ်းချမ်းသော၊ လွတ်လပ်သော ကြားနေဒေသအဖြစ် ဖန်တီးရန် တဆင့်လုံးပမ်းလာကြကြောင်း၊ ယင်းအဖွဲ့သို့ အရှေ့တောင်အာရှနိုင်ငံများပါဝင်လာစေရန်နှင့် ယင်းတို့၏ ထောက်ခံမှုကိုရရန် ကြိုးပမ်းလျက်ရှိကြောင်း အရှေ့တောင်အာရှ နိုင်ငံများအဖွဲ့မှ ဆော်ဩဆောင်ရွက်လျက်ရှိသော ဦးတည်ချက်မှာ မူအားဖြင့် ကောင်းမွန်သော်လည်း ယင်းဒေသရှိ နိုင်ငံအားလုံး စိတ်တူသဘောတူ ပါဝင်လာရန် လိုအပ်သကဲ့သို့ ယင်းနိုင်ငံများကိုယ်တိုင်က လွတ်လပ်စွာ ကြားနေသော နိုင်ငံဖြစ်ရန်နှင့် နိုင်ငံခြားစစ်တပ်နှင့် စစ်ဓာန်းများ ကင်းရှင်းရန်လိုအပ်သည်ဟု မြန်မာနိုင်ငံက ယူဆကြောင်း''ဟူ၍ ဖော်ပြပါရှိ၏။ ယင်းမြန်မာ့သဘောထားသည် ယနေ့ထောက်ရှုနေဆဲ အေစီယင်အဖွဲ့၏ အခြေအနေကို သရုပ်ဖော်လျက် ရှိနေသည်။

အရှေ့ဥရောပနိုင်ငံများ အပြန်အလှန် ကူညီရေးအဖွဲ့။ ။(၀ါဆောစာချုပ်အဖွဲ့—ရှ။)

အလယ်ပိုင်းစာချုပ်အဖွဲ့။ ။စင်တိုးခေါ် အလယ်ပိုင်းစာချုပ်အဖွဲ့သည် ဗဂ္ဂဒက်စာချုပ်အဖွဲ့ကို ပြန်လည်ပြုပြင်ပွဲစည်းထားခြင်းဖြစ်သည်။ ၁၉၅၅ ခုနှစ် ဖေဖော်ဝါရီလတွင် အီရတ်နှင့် တူရကီနိုင်ငံတို့သည် အရှေ့အလယ်ပိုင်းဒေသငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက် ရည်ရွယ်ချက်များပါရှိသော ဗဂ္ဂဒက်စာချုပ်ကို အီရတ်နိုင်ငံ ဗဂ္ဂဒက်မြို့

တွင် ချုပ်ဆိုခဲ့ကြသည်။ ထိုနှစ်မှာပင် ဗြိတိန်၊ ပါကစ္စတန်နှင့် အီရန်နိုင်ငံတို့သည်လည်း ဗဂ္ဂဒက်စာချုပ်ဝင်နိုင်ငံများဖြစ်လာကြသည်။

အမေရိကန်ပြည်ထောင်စုသည် ဗဂ္ဂဒက်စာချုပ်အဖွဲ့ဝင်နိုင်ငံမဟုတ်သော်လည်း ဗဂ္ဂဒက်စာချုပ်အဖွဲ့၏ စီးပွားရေးကော်မတီတွင် ပါဝင်ကာ အဖွဲ့ကြီး၏ အစည်းအဝေးများတွင်လည်း လေ့လာသူအဖြစ် တက်ရောက်ခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုသည် ဗဂ္ဂဒက်စာချုပ်ဝင် နိုင်ငံများနှင့် ပူးပေါင်း ဆောင်ရွက်ရေး သဘောတူစာချုပ်များချုပ်ဆိုခဲ့သည်။

၁၉၅၈ ခုနှစ် ဇူလိုင်လတွင် အီရတ်နိုင်ငံတွင်း၌ တော်လှန်ရေးဖြစ်ပွားခဲ့သဖြင့် ၁၉၅၉ ခုနှစ် မတ်လတွင် အီရတ်နိုင်ငံသည် ဗဂ္ဂဒက်စာချုပ်ဝင်အဖြစ်မှ နုတ်ထွက်ခဲ့၏။ ထို့ကြောင့် ၁၉၅၉ ခုနှစ် ဩဂုတ်လ ၂၁ ရက်နေ့တွင် ဗဂ္ဂဒက်စာချုပ်ကိုပြုပြင်၍ အလယ်ပိုင်းစာချုပ်ဟု အမည်ပြောင်းကာ အီရန်နိုင်ငံ တီဟီရန်မြို့၌ အလယ်ပိုင်းစာချုပ်အဖွဲ့ (စင်တိုးအဖွဲ့)ကို ဖွဲ့စည်းခဲ့သည်။ အဖွဲ့ဝင်နိုင်ငံများမှာ ပါကစ္စတန်၊ အီရန်၊ တူရကီနှင့် ဗြိတိန်နိုင်ငံတို့ဖြစ်ကြသည်။ အမေရိကန်ပြည်ထောင်စုသည် အရန်အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်သည်။

စာချုပ်အရ အဖွဲ့ဝင်နိုင်ငံများသည် ကာကွယ်ရေးနှင့် လုံခြုံရေးကိစ္စများတွင် ပူးပေါင်းဆောင်ရွက်ရန်၊ တနိုင်ငံ၏ ပြည်တွင်းရေးတွင် တနိုင်ငံက ဝင်၍ မနှောင့်ရှက်ရန်၊ အငြင်းပွားမှုများကိုကမ္ဘာ့ကုလသမဂ္ဂပဋိညာဉ်စာတန်းအရ ဖြေရှင်းရန်စသည်တို့ကို လိုက်နာရမည်ဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံများသည် နိုင်ငံရေးနှင့် စစ်ရေးသာမက စီးပွားရေးနှင့် လူမှုရေးကိစ္စရပ်များတွင်လည်း ပူးပေါင်းဆောင်ရွက်ကြသည်။

အလယ်ပိုင်း စာချုပ်အဖွဲ့၏ ဌာနချုပ်ကို အီရန်နိုင်ငံ တီဟီရန်မြို့တွင် ရုံးစိုက်သည်။

အလယ်ပိုင်းအာဖရိကအင်ပိုင်ယာ။ ။ အလယ်ပိုင်းအာဖရိကအင်ပိုင်ယာနိုင်ငံသည် ဂင်းနီပင်လယ်ကွေ့၏ အရှေ့မြောက်ဖက် မိုင်ပေါင်း ၃၅၀ ခန့် အကွာတွင် တည်ရှိသည်။ မြောက်ဖက်တွင် ချဒ်နိုင်ငံ၊ အရှေ့ဖက်တွင် ဆူဒန်နိုင်ငံ၊ တောင်ဖက်တွင် ကွန်ဂိုနိုင်ငံနှင့်အနောက်ဖက်တွင် ကမ္ဘရွန်းနိုင်ငံတို့ တည်ရှိသည်။ ယင်းနိုင်ငံသည် တောင်ပေါ်မြေပြန့်



ဒေသဖြစ်သည်။ ပင်လယ်ရေမျက်နှာပြင်ထက် ပေပေါင်း ၂၀၀၀ ကျော် မြင့်သည်။အိုကွေတာ ဝန်းကျင်တွင် တည်ရှိသော်လည်း ကုန်းမြေမြင့် ဒေသဖြစ်သဖြင့် ရာသီဥတု ညီညွတ် မျှတသည်။

နိုင်ငံ၏အကျယ်အဝန်းမှာ ၂၄၁၃၃၃ စတုရန်းမိုင်ရှိသည်။ လူဦးရေ ၂,၆၁၀,၀၀၀ ယောက်ရှိသည်။ မြို့တော်မှာ ဗင်ဂွိမြို့ဖြစ်သည်။လူဦးရေ၏ ဂ၂ ရာခိုင်နှုန်းသည် စာမတတ်သူများဖြစ်သည်။ ပြင်သစ်ဘာသာစကားကို ရုံးသုံးအဖြစ် အသိအမှတ်ပြုသော်လည်း စန်ဂိုဘာသာ စကားကို အပြောများသည်။ဘန်ဒါ၊ အမ်သာကာ၊ ဇန်ဒီနှင့် မန်ဂျီယာဟူ၍ မျိုးနွယ်ကြီး လေးစုရှိသည်။ ရာခိုင်နှုန်း အများဆုံးမှာ နတ်ကိုးကွယ်သူများ ဖြစ်ကြသည်။ ကျန်လူတို့သည် ခရစ်ယန်ဘာသာနှင့် အစ္စလာမ် ဘာသာဝင်များ ဖြစ်ကြသည်။

အလယ်ပိုင်း အာဖရိက အင်ပိုင်ယာ နိုင်ငံသည် လယ်ယာ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကထား လုပ်ကိုင်သော နိုင်ငံဖြစ်သည်။ ဆန်စပါး၊ ဝါဂွမ်း၊ ကာဖီ၊ ပီလောပီနံ၊ ရာဗာ၊ မြေပဲနှင့် ဆီအုန်း အများအပြား စိုက်ပျိုး၍ သိုးဆိတ်နှင့် နွားများကို မွေးမြူကြသည်။ စိန်တူးဖော်ရေး လုပ်ငန်းမှလည်း နိုင်ငံခြားဝင်ငွေ ရရှိသည်။

၁၈၀၆ ခုနှစ်တွင် ပြင်သစ်တို့ သိမ်းပိုက်၍ အူဗန်ဂီနှင့် ရှရီမြစ်တို့ကို အစွဲပြု၍ အူဗန်ဂီရှရီဒေသဟု ခေါ်ဝေါ်ခဲ့သည်။ ၁၉၁၀ ပြည့်နှစ်တွင် ပြင်သစ် အစိုးရသည် အူဗန်ဂီရှရီ၊ ချဒ်၊ ကွန်ဂိုနှင့်ဂါဗွန်ဒေသတို့ကို စုစည်းကာ ပြင်သစ် အီကွေတိုရီရယ်အာဖရိက ပြည်ထောင်စု အဖြစ် ပေါင်းစုအုပ်ချုပ်သည်။ဒုတိယ ကမ္ဘာစစ်အပြီး ၁၉၄၆ ခုနှစ်တွင် ပြင်သစ် အစိုးရသည် အုပ်ချုပ်ရေးကို ပြန်လည် ဖွဲ့စည်းကာ ဒေသဆိုင်ရာ လွှတ်တော်များကို စတင်ဖွင့်လှစ် ပေးခဲ့သည်။ ၁၉၄၆ ခုနှစ်တွင် ဘာသာလမီ ဗိုဂန်ဒါက ဦးဆောင်၍ ဗလက်အာဖရိက လူမှုအဆင့်ဆင့် တိုးတက်ရေး လှုပ်ရှားမှုပါတီကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။ယင်းပါတီတွင် တောင်သူလယ်သမားများ အလုပ်သမားများနှင့် အရင်းရှင် များပါဝင်သည်။ ၁၉၅၆ ခုနှစ်တွင် အူဘန်ဂီရှရီဒေသဆိုင်ရာ လွှတ်တော်အတွက် ရွေးကောက်ပွဲ ကျင်းပရာ ယင်းပါတီကပင် အမတ်နေရာအားလုံး၌ အနိုင်ရရှိခဲ့သည်။ ၁၉၅၈ ခုနှစ်က ကျင်းပသော အူဗန်ဂီရှရီဒေသဆိုင်ရာလွှတ်တော်က အူဗန်ဂီရှရီဒေသအား ပြင်သစ်ခနသဟာယအဖွဲ့ဝင် သီးခြားနိုင်ငံအဖြစ် တည်ထောင်ရန် ဆုံးဖြတ်လိုက်သောအခါ ပြင်သစ်အစိုးရကလည်းလိုက်လျောခွင့်ပြုလိုက်ရာ အလယ်ပိုင်း အာဖရိက သမ္မတနိုင်ငံ ဟူသောအမည်ဖြင့် ပါတီ ခေါင်းဆောင် ဗိုဂန်ဒါက ဝန်ကြီးချုပ်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၅၉ ခုနှစ် ဖေဖွဝါရီလတွင် အလယ်ပိုင်း အာဖရိကသမ္မတ နိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ထိုနှစ်တွင်

အမှုတွင် အထွတ်အထိပ်သို့ ရောက်သောစနစ် ဖြစ်သည်။

၁၇ ရာစုနှစ်အစပိုင်းတွင်ဒပ်ချလူမျိုးတို့သည် ဂွဒ်ဟုတ်အင္ဂဒေသ၌ ကိုလိုနီထူထောင်ပြီးလျှင် တိုင်းရင်းသား လူမည်းတို့ကိုကျန်ပြု၍ သယံဇာတပစ္စည်းများကို ထုတ်နုတ် ချယ်လှယ်ကာ ကုန်စည်ကူးသန်း ရောင်းဝယ်ကြသည်။ ယင်းတို့မင်းမူနေသောကာလတွင် လူမည်း စသော အသားအရောင်ရှိသူလူမျိုးတို့သည် ကိုးကွယ်ရာဘာသာ အယူဝါဒ ရေးရာတို့ဌာနင်း၊ တိုင်းပြည်ကိုအုပ်ချုပ်သော နိုင်ငံ့အရေးအရာတို့၌ဌာနင်း လူဖြူတို့နှင့် တန်းတူညီမျှသော အခွင့်အရေးမရှိ ဟူသည့်မူဝါဒကို တည်ဆောက်ခဲ့ကြသည်။ ဤအကြောင်းကြောင့်ကျေးပိုင်ကျန်ပိုင် စနစ်သည် အလွန်ကြီးထွား လာလေသည်။သာဓကတခု ပြရလျှင် ၁၈၀၆ ခုနှစ်၌ ကိုလိုနီထူထောင်သူလူဖြူ ၂၅,၀၀၀ တို့သည် တိုင်းရင်းသားကျေးကျန် ၃၀,၀၀၀ ကို ပိုင်ဆိုင်ကြသည်။ ပိုင်ဆိုင်သည်ဆိုရာ၌ လူတို့က ပစ္စည်းဥစ္စာကို ပိုင်ဆိုင်ဘိသကဲ့သို့ ပိုင်ဆိုင်ခြင်းကို ဆိုလိုသည်။ ၁၈၂၀ ပြည့်နှစ်ခေတ်ကာလတွင် ဗြိတိသျှတို့လည်း ထိုဒေသသို့ ဝင်ရောက်၍ ကိုလိုနီ နယ်များကို ထူထောင်ကြကာ ကျန်စနစ်ကို ပယ်ဖျက်လေသည်။ထိုအခါ ဒပ်ချအနွယ်ဗိုဝါးတို့က မကျေမနပ်ဖြစ်၍ ထရန်စဗားလ်စသော နယ်တို့သို့ ရွှေပြောင်း၍ နယ်သစ်ထူထောင်ကြပြန်သည်။ ထိုနောက် ဗိုဝါးစစ်ပွဲ ဖြစ်ပွားရာ ထိုစစ်ပွဲ၌ ဗိုဝါးတို့အရေးနိမ့်၍ ထရန်စဗားလ်နယ် စသည်တို့သည် အင်္ဂလိပ်လက်အောက်သို့ ကျရောက်သည်။ သို့ရာတွင် ကျေးပိုင်၊ ကျန်ပိုင်စနစ်မှ သက်ဆင်းလာသော အသားအရောင် ခွဲခြားခြင်းစနစ်သည် ပျက်ပြယ်ခြင်း မရှိပဲ ၁၉၀၉ ခုနှစ်၌ အော်ရိန်းဖရီးစတိတ်၊ ကိပ်ပရော်ဗင့်၊ ထရန်စဗားလ်နှင့် နာတယ်ပြည်နယ်တို့ကို ပူးပေါင်း၍ တောင်အာဖရိကပြည်ထောင်စု တည်ထောင်သောအခါ ထိုစနစ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေထဲ၌ အခိုင်အမာ အမြစ်တွယ်လာလေသည်။

ဒုတိယကမ္ဘာစစ်ပြီး၍ အာဖရိကတိုက်၌ အမျိုးသားလွတ်မြောက်ရေးစိတ်ဓာတ်တက်ကြွလာသောအခါ တောင်အာဖရိကပြည်ထောင်စုနိုင်ငံ အစိုးရသည် မူဝါဒ အားဖြင့် ပျော့ပျောင်းလာခြင်း မရှိသည့်အပြင် ၁၉၄၈ ခုနှစ်တွင် အသားအရောင်ခွဲခြားခြင်းစနစ်ကို နိုင်ငံတော်၏မူဝါဒ အဖြစ်ဖြင့်ပင်လျှင် သတ်မှတ်လိုက်လေသည်။ ၁၉၆၁ ခုနှစ်တွင် တောင်အာဖရိက ပြည်ထောင်စုကို ဓနသဟာယနယ်ပယ်ပြင်ပရှိ သမ္မတနိုင်ငံတနိုင်ငံ အဖြစ်ဖြင့် ကြေငြာသည်။ ထိုအခါမှစ၍ လူမည်းနှင့် အသားအရောင်ရှိသော လူမျိုးအားလုံးတို့ လက်တွင် မဆိုစလောက်မျှသာ ရှိခဲ့သော ပြည်သူ့အခွင့်အရေးများသည် အားလုံး ဆုံးပါးသွားလေသည်။ ၁၉၆၃ ခုနှစ်တွင် တောင်အာဖရိက သမ္မတနိုင်ငံ

ကိုလိုနီအုပ်ချုပ်ရေးကို လုံးဝ ဖျက်သိမ်းပစ်ရန် မလိုလားသောဘူဇွာများ၊ မျိုးနွယ်စုအကြီးအကဲ လူချမ်းသာများနှင့် ကိုလိုနီ အုပ်ချုပ်ရေး စနစ်ကို ဖြိုဖျက်ပစ်လိုသော အင်အားစုတို့ အကြိတ်အနယ် အရေးဆိုကြသည်။ ထိုအခိုက်ပင် ဝန်ကြီးချုပ် ဗိုဂန်ဒါ လေယာဉ်ပျက်ကျ၍ ကွယ်လွန်ခဲ့သည်။ ၁၉၅၉ ခုနှစ် ဧပြီလ ၃၀ ရက်နေ့တွင် အထွေထွေရွေးကောက်ပွဲ ပြုလုပ်ရာ ဗလက် အာဖရိက လူမှုအဆင့်ဆင့် တိုးတက်ရေး လှုပ်ရှားမှုပါတီက မဲအများဆုံးရရှိကာ ဒေးဗစ် ဒက်ကိုအား ဝန်ကြီးချုပ်အဖြစ် တင်မြှောက်ကြသည်။

၁၉၆၀ ပြည့်နှစ် မေလတွင် ပါတီတွင်း၌ အုပ်စုနှစ်ခု ကွဲသွားခဲ့သည်။ ပြင်းထန်သော လက်ဝဲ အယူအဆရှိသည့် ခေါင်းဆောင်များက လက်ရှိပါတီမှ နုတ်ထွက်လိုက်သည်။ အဗဲဂိုဝမ်ဘာက ခေါင်းဆောင်၍ အလယ်ပိုင်း အာဖရိက ဒီမိုကရက်တစ် အဆင့်ဆင့် တိုးတက်ရေး လှုပ်ရှားမှု ပါတီကို တည်ထောင်လိုက်သည်။ ၁၉၆၀ ပြည့်နှစ် မေလ ၂၇ ရက်နေ့တွင် ဥပဒေပြု ကောင်စီက အလယ်ပိုင်း အာဖရိက သမ္မတနိုင်ငံ၏ ပဋိညာဉ်စာတမ်းကို အတည်ပြုခဲ့ပြီး ထိုနေ့မှာပင် လွတ်လပ်ရေးကြေငြာ၍ ဝန်ကြီးချုပ် ဒက်ကိုအား သမ္မတ ရာထူးသို့ တိုးမြှင့်ခန့်ထားခဲ့သည်။

၁၉၆၆ ခုနှစ်တွင် ကာနယ်ဗိုကာဆာ ဦးဆောင်သော စစ်တပ်အရာရှိတစုက အာဏာကို သိမ်း၍ ဗိုကာဆာက သမ္မတအဖြစ် ခံယူသည်။ (ဗိုကာဆာ, ဂျင် ဗဲဒဲ—ရှု။)

၁၉၇၆ ခုနှစ် ဒီဇင်ဘာလတွင် အလယ်ပိုင်းအာဖရိက သမ္မတနိုင်ငံအားအလယ်ပိုင်းအာဖရိကအင်ပိုင်ယာဟုအမည် ပြောင်းလဲ ခေါ်ဝေါ်ကာ သမ္မတ ဗိုကာဆာက ကေရာင် ဘွဲ့ခံယူသည်။အာဖရိက အင်ပိုင်ယာ နိုင်ငံသည် ပါလီမန် ဘုရင် စနစ်ကို ကျင့်သုံးမည် ဖြစ်ကြောင်း ကြေငြာခဲ့သည်။ ဝန်ကြီးချုပ်မှာ အင်ဂီပါတာစီ ဖြစ်သည်။

အသားအရောင် ခွဲခြားခြင်းစနစ်။ ။တောင်အာဖရိကသမ္မတနိုင်ငံ အစိုးရသည် လူဖြူ၊လူမည်းအသွေးအရောင် အမျိုးမျိုးရှိသော လူ စသည်ဖြင့် လူမျိုးတို့ကို အသားအရောင်အလိုက် ဒေသသတ်မှတ်ခွဲခြား၍ နှိပ်ကွပ်ချယ်လှယ်သောစနစ်ဖြင့် အုပ်ချုပ်သည်။ အာဖရိကန်ဘာသာစကားဖြင့် ယင်းစနစ်ကို အပါတိုက်ဟုခေါ်လေရာ ထိုစကား၏ အနက်မှာ ခွဲခြားခြင်းပင်ဖြစ်၏။ထိုစနစ်အရ တောင်အာဖရိကသမ္မတနိုင်ငံ လူဦးရေစုစုပေါင်း၏ ငါးပုံတပုံမျှသာရှိသော ဥရောပအနွယ်လူဖြူတို့က ကျန်လူမည်းနှင့် တကွသော လူမျိုးများကို အတိုင်းအဆမရှိ ချုပ်ချယ်စီမံဖန်တီးနိုင်ခွင့်ရှိသည်။ထိုစနစ်သည်လူကလူကိုချယ်လှယ် အမြတ်ထုတ်သော

ဝန်ကြီးချုပ်ဖာဗာဒ်ကိုယ်တိုင်က "တောင်အာဖရိကနိုင်ငံကို လူဖြူနိုင်ငံဟု ကြေငြာသည်မှာ လူဖြူတို့က ဦးစီးခေါင်းဆောင်၍ ညွှန်ကြားရုံမျှသာမဟုတ်၊ လူဖြူတို့က အပေါ်မှနေ၍ ထိန်းကျောင်းအုပ်ချုပ်ရန်ဖြစ်သည်" ဟု အတိအလင်း ပြောဆိုသည်။

၁၉၇၄ ခုနှစ် သန်းခေါင်စာရင်းအရ တောင်အာဖရိက သမ္မတ နိုင်ငံလူဦးရေမှာ အောက်ပါအတိုင်းဖြစ်သည်။

တိုင်းရင်းအာဖရိကန်လူမျိုး	၁၇,၇၄၀,၀၀၀
လူဖြူ	၄,၁၆၀,၀၀၀
အရောင်အဆင်းရှိသူလူမျိုး	၂,၃၀၆,၀၀၀
အာရှတိုက်သားအနွယ်	၇၀၉,၀၀၀
	၂၄,၉၂၃,၀၀၀

ဤစာရင်းအရ လူဦးရေ ၄ သန်းမျှ ရှိသော ဥရောပအနွယ်လူဖြူတို့သည် လူမည်း၊လူညို၊ လူဝါ စသော သန်း ၂၀ နီးပါးရှိသည့် အခြားလူမျိုးတို့ အပေါ် ၌ လွှမ်းမိုးလျက် ရှိသည်။

လူဖြူက လူမည်းအပေါ် လွှမ်းမိုးသည်ဆိုရာ၌ လူဖြူသည် သာလျှင် တောင်အာဖရိကသမ္မတနိုင်ငံသား ပြည်သူစစ်စစ် ဖြစ်၍ ကျန်အသားမည်း စသော အာဖရိကန်ဇာတိနှင့် ပဝတ္တိတို့မှာ ပြည်သူမဟုတ်ဟူသော အဓိပ္ပါယ်ရသည်။ ထို့ကြောင့် လူဖြူတို့က လူမည်းနှင့် အသားအရောင်ရှိသူတို့ကို သီးခြားနေရာချထားပေးသည်။ တနိုင်ငံလုံးရှိ မြေအကျယ်အဝန်း၏ ၁၃ ရာခိုင်နှုန်းကို လူမျိုးစုတို့ နေထိုင်ရန် သီးသန့် ထားသည်။ သို့သော် ထိုသီးသန့်သောနေရာ၌ နေသူတို့သည် ပိုင်ဆိုင်ခွင့်ကို မရကြချေ။ သတ်မှတ်ထားသော စည်းကမ်းချက်အတိုင်းသာလျှင် နေထိုင်ရသည်။ အလုပ်အကိုင်၌လည်း လူဖြူအစိုးရတို့က သတ်မှတ် ပေးသမျှကိုသာ လုပ်ကိုင်ရသည်။ လူမည်းစသည်တို့၏ပညာရေးကိုလည်း လူဖြူအစိုးရကပင် သတ်မှတ်ပေးသည်။ နိုင်ငံရေး အခွင့်အရေး ဟူ၍လည်း မရှိသလောက်ဖြစ်ရာ ထိုမရှိသလောက် အခွင့်အရေးကိုလည်း လူဖြူအစိုးရကပင် သတ်မှတ်ပေးသည်။ လူမှုရေး၌လည်း အိမ်ထောင်ရေး ကိစ္စ၌ပင်လျှင် အကန့်အသတ်အချုပ်အချယ်ရှိသည်။ လင်နှင့်မယား၊ သားနှင့်သမီးအတူတကွနေထိုင်ကြသော ကိစ္စ၌ပင်လျှင် သတ်မှတ်ထားသော စည်းကမ်းအရသာလျှင် နေထိုင်ကြရသည်။ လူမျိုးတို့၏ ယဉ်ကျေးမှု ထုံးတမ်းတို့ကို၎င်း၊ ပေါင်းသင်း ဆက်ဆံရေးတို့ကို၎င်း၊ အပန်းဖြေအနားယူခြင်းဆိုင်ရာ အားကစားနှင့်တကွသော လုပ်ငန်းဆောင်တာတို့ကို၎င်း လူဖြူအစိုးရတို့က အသားအရောင်ခွဲခြားခြင်းမူဝါဒအရ သတ်မှတ်ပေးသည်။

တောင်အာဖရိက ပြည်ထောင်စု အစိုးရသည် ၁၉၅၀ ပြည့်နှစ်တွင် လူဦးရေမှတ်ပုံတင် အက်ဥပဒေကို ပြဋ္ဌာန်းခဲ့ရာ ထိုဥပဒေအရ လူမည်းနှင့် အသားအရောင်ရှိသူလူမျိုးထဲမှ အသက် ၁၆ နှစ်ပြည့်သူတိုင်းသည် မှတ်ပုံတင်ရမည်ဖြစ်သည်။ ၁၉၅၂ ခုနှစ်၌ကား အသက် ၁၆ နှစ်အရွယ် ပြည်သူတိုင်းသည် မိမိနှင့်ဆိုင်သော အကြောင်းအရာတို့ကို ရေးမှတ်ထားသည့်အညွှန်းစာအုပ်ကို ဆောင်ထားရမည်ဟု ပြဋ္ဌာန်းပြန်သည်။ ထိုအညွှန်းစာအုပ်သည် စာမျက်နှာ ၉၀ ရှိ၏။ လက်မပုံစံ၊ ဓာတ်ပုံ၊ အလုပ်အကိုင်မှတ်တမ်း၊ အခွန်ဆောင်ခြင်းဆိုင်ရာမှတ်တမ်း၊ သတ်မှတ်ထားသော ဒေသအတွင်း နေထိုင်ခွင့်လက်မှတ်၊ အလုပ်အကိုင်ရှာဖွေရန် သွားလာလည်ပတ်နိုင်ခွင့်လက်မှတ် စသည်တို့ကို အညွှန်းစာအုပ်တွင် ဖော်ပြထားရသည်။ တောင်အာဖရိကသမ္မတနိုင်ငံဟူ၍ ထူထောင်သောအခါ၌ ထိုစည်းကမ်းတို့သည် ဆက်လက်တည်မြဲလေသည်။

လူဖြူများ ပညာသင်သောကျောင်း၊ လူဖြူများဝတ်ပြုရာ ဘုရားကျောင်းတန်ဆောင်း၊ လူဖြူများ စားသောက်ရာထမင်းဆိုင်၊ လူဖြူများကြည့်ရှု ရုပ်ရှင်ပြဇာတ်၊ လူဖြူများကစား၊ကစားရုံစသည်တို့၌ လူမည်းများမဝင်ဆန့်ဟူသော ဖြစ်ရပ်များနှင့်တကွ အာဏာပိုင်တို့က မူလတိုင်းရင်းသားတို့ကို ညှဉ်းပန်း နှိပ်စက်သတ်ဖြတ်ခြင်း အကြောင်းတို့ကို အများသိကြပြီးဖြစ်၍ အသားအရောင် ခွဲခြားခြင်း စနစ်ကြောင့် လူတို့၏မူလအခွင့်အရေးများ ဆုံးပါးရသည်ကို အကျယ်မဆိုတော့ပြီ။ ထိုစနစ်၏ မသမာသော ရည်ရွယ်ချက်မှာ လူဖြူတို့က လူဖြူမဟုတ်သော အမျိုးသားတို့ကို တသက်ပန်လုံးကျွန်ပြု၍ စိုးမိုးချယ်လှယ် အမြတ်ထုတ်ခြင်း ဖြစ်သည်ကိုသာ အထူးသတိမူကြရန်ရှိသည်။

ဤဖြစ်ရပ်တို့ကို အကြောင်းပြု၍ နိုင်ငံပေါင်းချုပ်အဖွဲ့ကြီးသည်၎င်း၊ ကုလသမဂ္ဂအဖွဲ့ကြီးသည်၎င်း နည်းအမျိုးမျိုးဖြင့် အရေးယူခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် တောင်အာဖရိကသမ္မတနိုင်ငံသို့ လက်နက်နှင့်တကွ လက်နက်ထုတ်လုပ်ရာ၌ လိုအပ်သော စစ်ပစ္စည်းများကို နိုင်ငံတကာတို့က မတင်သွင်းကြစေတမ်းဟု ဆုံးဖြတ်ခဲ့၏။ ၁၉၆၅ ခုနှစ်၌ တောင်အာဖရိက၌ နှိပ်စက်ညှဉ်းပန်းခြင်းခံရသော အမျိုးသားတို့ကို ကယ်ဆယ်ရေးပြုလုပ်ရန်အလို့ငှာ ရန်ပုံငွေဖွင့်လှစ်ပေးခဲ့၏။ ၁၉၇၂ ခုနှစ်တွင် လက်နက်တင်သွင်းခြင်းကို တားမြစ်သော ပြဋ္ဌာန်းချက်များ ထိရောက်စေရန် ထပ်မံဆုံးဖြတ်ခဲ့၏။ ၁၉၇၅ ခုနှစ်တွင် ကုလသမဂ္ဂ၏ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်၍ တောင်အာဖရိကအစိုးရအား စီးပွားရေး ကုန်သွယ်ရေးသဘောဖြင့် ဆက်ဆံနေကြသော နိုင်ငံတို့ကို ပြင်းထန်စွာ ရှုတ်ချခဲ့၏။ သို့ပါသော်လည်း များစွာ အရာမရောက်ခဲ့ချေ။ ၁၉၇၉ ခုနှစ်တွင် နိုင်ငံခြားအရင်းရှင်တို့က တောင်အာဖရိက၌ ဒေါ်လာငွေ ၇,၇၀၁ သန်းကို ရင်းနှီးမြှုပ်နှံခဲ့

သည်။ ၁၉၇၂ ခုနှစ်သို့ ရောက်သော် ထိုအရင်းအနှီးသည် ဒေါ်လာ ၁၀,၀၉၃ သန်းအထိ တိုးပွားလာသည်။

၁၉၇၆ ခုနှစ်တွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီသည် အထူးကော်မတီတရပ်ဖွဲ့၍ ကမ္ဘာပေါ်ရှိ ကုလသမဂ္ဂအသင်းဝင်နိုင်ငံအားလုံးတို့က တောင်အာဖရိက ·သမ္မတနိုင်ငံနှင့် သံတမန်ရေးရာဌာနချင်း၊ စီးပွားရေးဌာနချင်း အဆက်ဖြတ်၍ လက်နက် ပေးပို့ခြင်းကို ရပ်စဲပစ်ရန် တောင်းဆိုသည်။ အထူးကော်မတီက ကုလသမဂ္ဂ အထွေထွေညီလာခံအား ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ပေးရန်ကိုလည်း တိုက်တွန်းသည်။ ကုလသမဂ္ဂအသင်းဝင်နိုင်ငံအားလုံးတို့ကိုလည်း တောင်အာဖရိကသမ္မတနိုင်ငံနှင့် ကုန်သွယ်ခြင်းမပြုကြရန်၊ အဆက်အသွယ်လည်း မလုပ်ကြရန်၊ အသားအရောင်ခွဲခြားခြင်းစနစ်ကို ရာဇဝတ်မှုကဲ့သို့ သဘောထား၍ အရေးယူကြရန်၊ အဖိနှိပ်ခံအမျိုးသားတို့အား နိုင်ငံရေးနှင့် ပစ္စည်းအကူအညီများကို ပေးကြရန်၊ တောင်အာဖရိကရဲအဖွဲ့က သေနတ်နှင့်ပစ်၍ ဖိနှိပ်ချုပ်ချယ်စိုးမိုးခြင်းခံရသောသူတို့ကိုကူညီကြရန်နှိုးဆော်ခဲ့လေသည်။ ၁၉၇၇ ခုနှစ် အတွင်း၌ တောင်အာဖရိကသမ္မတနိုင်ငံကို နိုင်ငံတကာတို့က စီးပွားရေး အဆက်ဖြတ်ကြစေရန် ကုလသမဂ္ဂကဦးဆောင် ဆော်သြပေးနေဆဲပင်ဖြစ်သည်။

အသုံးလုံးကျေသင်တန်း။ ။(စာတတ်မြောက်ရေး လုပ်ငန်း—ရှု။)

အာကာသစူးစမ်းရှာဖွေခြင်း။ ။(၁၄–၃၂၇—ရှု။) အာကာသတွင် စူးစမ်းရှာဖွေ လေ့လာခြင်းများကို အာကာသ သိပ္ပံပညာရှင်တို့သည် အဆင့်ဆင့် ကြိုးပမ်းခဲ့ကြရာ ၁၉၆၉ ခုနှစ်တွင် လသို့ အောင်မြင်စွာ ရောက်ရှိခဲ့လေပြီ။ ယနေ့အထိအာကာသ အတွင်း၌ လူသားတို့ အောင်မြင်စွာ ပျံသန်းခဲ့သည်မှာ အောက်ပါအတိုင်း ဖြစ်သည်။

၁၉၇၃ ခုနှစ် မေလ ၁၄ ဇွန်လ ၂၂ ရက်။ ။အမေရိကန်တိုသည် ရေဒီးစွာ စကိုင်းလက် ၁ ဟုအမည် ပေးထားသော အာကာသစခန်းယာဉ်ကို ၁၉၇၃ ခုနှစ် မေလ ၁၄ ရက်နေ့တွင် အာကာသသုတေသနလုပ်ငန်းဆိုင်ရာ ပစ္စည်းကရိယာနှင့်တကွ အာကာသထဲသို့ ပစ်လွှတ်သည်။ စကိုင်းလက် ၁ သည် လူမပါသော အာကာသစခန်းယာဉ်တို့တွင် ပထမဖြစ်သည်။ ထိုနောက် ၁၉၇၃ ခုနှစ် မေလ ၂၅ ရက်နေ့တွင် ချားကွန်ရဒ်၊ ဂျို့ဝ်ကာဝင်နှင့် ပေါဝိတ်ဇ သုံးဦးတို့သည် စကိုင်းလက် ၂ ကို စီးနင်း၍စကိုင်းလက်၁ ကို အမှီလိုက်ပြီးလျှင် ယင်း အာကာသစခန်းယာဉ်ထဲမှနေ၍ သိပ္ပံနှင့်ဆေးပညာဆိုင်ရာ သုတေသန လုပ်ငန်းတို့ကို ဆောင်ရွက်သည်။ စကိုင်းလက် ၂ သည် ပထမဆုံး အောင်မြင်စွာ လူလိုက်ပါ

စီးနင်းသော အာကာသယာဉ်ဖြစ်သည်။ ယာဉ်မှူးတို့သည် အာကာသစခန်းထဲတွင် ရက်ပေါင်း တာရှည်စွာ နေထိုင်၍ နေအကြောင်းကို သုတေသနပြုရာ၌ အောင်မြင်ကြသည်။ ထို စကိုင်းလက် ၂ သည် ကမ္ဘာကို ၃၅၅ ပတ် ပတ်၍ ၂၀ ရက် မိနစ် ၅၀ ကြာ လှည့်ခဲ့လေသည်။

၁၉၇၃ ခုနှစ် ဇူလိုင်လ ၂၀ ရက်။ ။အမေရိကန် ယာဉ်မှူးများဖြစ်သော အလန်ဘင်း၊ ဂျက်လူစမာနှင့် အိုဝင်ဂဲရီယော့တို့ သုံးဦးသည် နောက်ထပ် စကိုင်းလက် ၃ နှင့် အထက်ကပြုလုပ်ခဲ့သော သုတေသနလုပ်ငန်းကို ဆက်လက်လုပ်ကိုင်ရာ အာကာသထဲတွင် ၅၉ ရက်ကြာ နေထိုင် ခဲ့ကြလေသည်။

၁၉၇၃ ခုနှစ် စက်တင်ဘာလ ၂၇ ရက်။ ။ရုရှတို့သည် ၁၉၇၁ ခုနှစ် ဇွန်လထဲတွင် လူပါသော ဆာယု ၁၁ အာကာသယာဉ်ကို ပစ်လွှတ်ခဲ့ရာ၊ မြေပြင်ပေါ်ရှိ လေထုထဲသို့ ယာဉ် ပြန်မဝင်ရသေးမီ ယာဉ်မှူးများ သေဆုံးကြသောကြောင့်၊ သုတေသနလုပ်ငန်းမအောင်မြင်ခဲ့ချေ။ သို့ရာတွင် အထက်၌ ပြဆိုခဲ့သော နွေရက်တွင် ဗာဆီလီလာဇရက်၊ အိုလက်မကရော့ နှစ်ဦးတို့ လိုက်ပါသော ဆာယု ၁၂ အာကာသယာဉ်ကိုပစ်လွှတ်ရာ အောင်မြင်လေသည်။

၁၉၇၃ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်။ ။အမေရိကန်တို့သည် ယာဉ်မှူးကျရယ်ကား၊အက်ဒွပ်ကျစ်ဗဆင်နှင့်ဝီလျံပုတ်သုံးဦးတို့ လိုက်ပါသော စကိုင်းလက် ၄ ကို ပစ်လွှတ်ရာ ထိုယာဉ်သည် အာကာသထဲ၌ ၈၄ ရက် လှည့်လည်၍ ၁၉၇၄ ခုနှစ် ဖေဖွာရီလ ၈ ရက်နေ့တွင် ကမ္ဘာသို့ ပြန်ရောက်သည်။ အာကာသယာဉ်မှူး တဦးသည် အာကာသထဲ၌ လေးကြိမ်လမ်းလျှောက်ခဲ့ရာ စုစုပေါင်း ၄၄ နာရီ နှင့် မိနစ် ၄၀ကြာလေသည်။

၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်။ ။၁၉၇၅ ခုနှစ်တွင် အမေရိကန်အာကာသယာဉ်မှူးတို့နှင့် အာကာသထဲတွင်တွေ့ဆုံရန်အလို့ငှာ စမ်းသပ်သော အားဖြင့် ပီယောတာကလီပုနှင့် ဗလင်တင်လက်ဘဲဒက်တို့ လိုက်ပါသော ဆာယု ၁၃ အာကာသယာဉ်ကို ရုရှတို့က ပစ်လွှတ်ရာ အောင်မြင်သည်။

၁၉၇၅ ခုနှစ် ဇွန်၁၆ရီလ ၁၁ ရက်။ ။ရုရှ အာကာသယာဉ်မှူး ကာနယ်အယ်လက်ဆေဂူဗာရက်နှင့်ဂရီဂိုရီဂရက်ကို တို့ စီးနင်းလိုက်ပါသော ဆာယု ၁၇ သည် ၁၉၇၄ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့က ကြိုလွှတ်၍ထားသော ဆာယု ၁၄ အာကာသစခန်းယာဉ်ကို အမှီလိုက်၍ ထိုယာဉ်ထဲသို့ ဝင်ပြီးလျှင် ရက်ပေါင်း ၃၀ ကြာ နေထိုင်ရင်းနှင့် သုတေသနပြုခဲ့ကြသည်။

၁၉၇၅ ခုနှစ် ဇူလိုင်လ ၁၅ ရက်။ ။အမေရိကန်နှင့် ရုရှတို့သည်အပိုလိုနှင့် ဆာယုအာကာသယာဉ်များကို တွဲဖက်၍ စမ်းသပ်သော စီမံချက်ကို ဆောင်ရွက်ကြသည်။ ရှေးဦးစွာ ဇူလိုင်လ ၁၅ ရက်နေ့တွင် ဗရီဂေဒီးယားဂျင်နရယ်

တောမတ်စတက်ဖို့၊ ဗန်ဘရန်းနှင့် ဒိုနယ်ဆလေတန်ဟူသော အမေရိကန် သုံးဦး လိုက်ပါသည့် အပိုလိုယာဉ်သည် အာကာသထဲသို့ဝင်သည်။ ထိုနောက် ဇူလိုင်လ ၁၆ ရက်နေ့တွင် ကာနယ်လီယွန်နော့နှင့် ကူဗာဆော့ ဟူသော ရုရှနှစ်ဦးလိုက်ပါသည့် ဆာယုယာဉ်သည် အပိုလိုယာဉ် ရှိရာသို့ လိုက်သည်။ အပိုလိုနှင့် ဆာယုယာဉ်နှစ်စင်းသည် ၁၉၇၅ ခုနှစ် ဇူလိုင် လ ၁၇ ရက်နေ့တွင် အာကာသထဲ၌ ချိတ်ဆက်မိကြလေသည်။ ယာဉ်မှူးများသည် တဖက်မှ တဖက်သို့ ချိတ်ဆက်လမ်းကြောင်းမှ တဆင့် သွားရောက်၍ မိတ်ဆွေဖြစ် စကားပြောကြသည်။ အမေရိကန်နှင့် ရုရှယာဉ် နှစ်မျိုး စလုံးသည် အာကာသထဲ၌ ကိုးရက်ကျော်မျှ နေခဲ့ပြီးနောက် မြေပြင်သို့ ရွှေဆင့် နောက်ဆင့် ပြန်ဆင်းကြသည်။

၁၉၇၅ ခုနှစ် အောက်တိုဘာလ ၉ ရက်။ ။ရုရှအာကာသယာဉ်မှူးများဖြစ်ကြသော လက်ဖတင်နင် ကာနယ်ဗလာဒီမိယာကိုဗလေနောက်နှင့် ဗလာရီရူးမင်းတို့ နှစ်ဦးပါဝင်သော ဆာယု ၂၅ ယာဉ်သည်စက်တင်ဘာလ ၂၉ ရက်နေ့ကြို၍ လွှတ်ထားသော အာကာသစခန်းယာဉ် ဆားလျု ၆ နှင့် တွဲမိရန်အလို့ငှာ အာကာသထဲသို့ ဝင်သွားခဲ့ကြသည်။ ထိုယာဉ်မှူး နှစ်ဦးတို့သည် မူလက ရုရှ အောက်တိုဘာတော်လှန်ရေးနေ့သို့ ရောက်သည်အထိ အာကာသ စခန်းထဲတွင်နေ၍ သုတေသနပြုလုပ်ရန် ရည်ရွယ်ခဲ့ကြသော်လည်း အကြောင်းမည်သည့်တ်သောကြောင့် အောက်တိုဘာလ ၁၁ ရက်နေ့တွင် မြေပြင်သို့ သက်ဆင်းခဲ့ကြရသည်။

အာဆီမော့ဗ,အိုင်ဆက်(ခရစ် ၁၉၂၀ ဖွား)။ ။ရုရှပြည်ဘွား အမေရိကန်လူမျိုး သိပ္ပံစာရေးဆရာ အာဆီမော့ဗသည် စာကိုစက်နှင့် လှည့်ထုတ်သကဲ့သို့ ရေးသားနိုင်သူ ဖြစ်သည်။ သူသည် နံနက် ၈ နာရီတွင် စာရေးစားပွဲ၌ ထိုင်လေ့ရှိပြီး မျှးသော အားဖြင့် ည ၁၀ နာရီထိုးအထိရေးတတ်သည်။ စာရေးရာတွင် လျှပ်စစ်လက်နှိပ်စက်ကို အသုံးပြုသည်။လက်နှိပ်စက်အပို နှစ် လုံး လည်း အရန်အသင့်ဆောင်ထား သေး သည်။ တမိနစ်လျှင် စာလုံးရေး ၉၀ ရိုက်နိုင်၏။



စာရေးဆရာ အိုင်ဆက်အာဆီမော့ဗ

သူသည် ရက်သတ္တတပတ်လျှင် စာဖတ် ပရိသတ်ထံမှ စာ ပေါင်း ၇၀ ကို လက်ခံရရှိသည်။ စာအားလုံးကိုပင် မပျက်မကွက် ပြန်ကြား ရေးသားသည်။

အသင်း အပင်းအဖွဲ့အစည်းများသို့လည်း တနှစ်လျှင် အကြိမ် ၃၀ ကျော်လိုက်လံ ဟောပြော နိုင်သေးသည်။ သခ္ခါ၊သိပ္ပံဝတ္ထုစသော သိပ္ပံအကြောင်းရပ်များကို အဓိကထား၍ ရေးသားသည် ဆိုသော်လည်း ရံဖန်ရံခါ ပြဇာတ်၊ ကဗျာ၊စာပေအနုပညာ အဖွင့်ကျမ်းများကိုလည်း ရေးတတ်သည်။ သမိုင်း၊ လျှို့ဝှက်သဲဖိုဝတ္ထုနှင့် ဟာသတို့လည်း ကြိုးစားရေးလိုက်သေး၏။

အာဆီမော့ဗအား ၁၉၂၀ ပြည့်နှစ်တွင် ရုရှနိုင်ငံမောစကိုမြို့အနောက်ဖက် မိုင် ၂၀၀ အကွာရှိ ပီထရိဗီချိမြို့ငယ်၌ ဖွားမြင်သည်။ သုံးနှစ်သား အရွယ်တွင် သူဖခင်သည် အမေရိကန်ပြည် ဗရွတ်ကလင်း ရပ်ကွက်သို့ ပြောင်းရွှေ့ လာသဖြင့် အာဆီမော့ဗနှင့် မိသားစုလည်း လိုက်ပါလာခဲ့ရ၏။ ထိုစဉ်က အာဆီမော့ဗသည် ကုန်စုံဆိုင်နှင့် ပြည်သူစာကြည့်တိုက်တို့အကြား ကလေးသဘာဝဖြင့် ပြေးလွှားဆော့ကစားရင်း အချိန်ကုန်ခဲ့သည်။

ငါးနှစ်သား အရွယ်တွင် မိမိဖာသာ အရေးအဖတ် သင်ယူပြီးမှ ကျောင်းစတင်နေသည်။ ငယ်စဉ်ကပင် စာတော်၏။ စာမေးပွဲများတွင် အမှတ် ရာပြည့်ရလေ့ရှိသည်။

အသက် ခြောက်နှစ်အရွယ်တွင် စာကြည့်တိုက်အသင်းဝင်ခွင့်ရ၏။ တကြိမ်လျှင် စာအုပ်နှစ်အုပ်သာ ငှားရမ်းဖတ်ရှုခွင့် ရသဖြင့် စာဖတ်သွားလှသော အာဆီမော့ဗသည် အထူးဆုံးစာအုပ်များကို ရွေး၍ ငှားရမ်းလေ့ရှိသည်။

ကျောင်းဖွင့်ချိန်တိုင်း အားဆီမော့ဗသည် ပြဋ္ဌာန်းစာအုပ်များ အားလုံး ဖတ်ရှုပြီး ဖြစ်နေတတ်သည်။ ဖတ်သမျှအားလုံးမှတ်မိ၏။ ယခု သိပ္ပံစာရေးဆရာဘဝ၌လည်း သိပ္ပံကြောင်းရပ်များ ရေးသားနေရာတွင် မည်သည့်အခါမျှ အကိုးအကား အချက်အလက်များ ရှာဖွေသုတေသနပြုရခြင်းမရှိ စာကိုတောက်လျှောက်ချ၍ ရေးသားသွားနိုင်စွမ်းသည်အထိ သူ၏မှတ်ဉာဏ်စွမ်းရည်က ကောင်းမွန်ထူးခြားလှပေသည်။

၁၁ နှစ်သားအရွယ်တွင် စာကို စတင်ရေးသားခဲ့သည်။ စာပေသက် အနှစ် ၄၀ ကျော်အတွင်း စာအုပ်ပေါင်း ၁၈၈ အုပ်နှင့် မဂ္ဂဇင်းနှင့် သတင်းစာ ဆောင်းပါးပုဒ်ရေ ၁၀၀၀ ကျော်တို့ ရေးသား ပြီးစီးခဲ့သည်။ တဖက်မှာလည်း သူပိုင် သိပ္ပံမဂ္ဂဇင်းကို ဦးစီးထုတ်ဝေ နေသည်။သူသည် တနှစ်လျှင် စာအုပ် ၁၂ အုပ်၊ မဂ္ဂဇင်း ဆောင်းပါး ပုဒ်ရေ ၄၀ အပြင် မိန့်ခွန်းများ မိတ်ဆက်စာများနိဒါန်းများလည်း ဒိုင်ခံရေးသား ပေးနေရသည်။ လောကတွင်သူအစိုးရိမ်ဆုံး အရာမှာ စာမရေးရမှာကို ဖြစ်ကြောင်းမကြာခဏ ပြောလေ့ရှိသည်။

အာဆတ်, ဗိုလ်ချုပ်ကြီးဟာဖစ် (ခရစ် ၁၉၂၂ ဖွား) ။ ။ ဆီးရီးယား နိုင်ငံ၏ သမ္မတ ဟာဖစ်အာဆတ်သည် ၁၉၂၂ ခုနှစ်တွင် ကွာဒ ဟာမြို့၌ ဖွားမြင်သည်။ ဆီးရီးယား တပ်မတော် အရာရှိ နှင့် နိုင် ငံ ရေး ခေါင်း ဆောင် အ မှ ဖြစ်တက်လာသူ ဖြစ်သည်။



ဆီးရီးယားနိုင်ငံသမ္မတအာဆတ်

ဆီး ရီး ယား နိုင်ငံသည် ၁၉၄၈ ခု ဧပြီလ ၁၅ ရက် နေ့တွင် လွတ်လပ် ရေးရရှိ၍ အချုပ် အခြာအာဏာပိုင် နိုင်ငံဖြစ်လာသော်လည်း နိုင်ငံရေးတည်ငြိမ်မှု မရှိခဲ့ချေ။ နိုင်ငံရေးအစိုးရအဖွဲ့ များ မကြာခဏပြုတ်ကျ၍ စစ်တပ်မှ အာဏာသိမ်းမှုများလည်း မကြာခဏဖြစ်ခဲ့သည်။ ၁၉၆၃ ခုမတ်လ ဂ ရက်နေ့တွင် အာဏာသိမ်းမှု ဖြစ်ပြီးနောက်တွင် ဆာလာ အယ်ဗီကာခေါင်းဆောင်သော (ဆိုရှယ်လစ်) ဗာတ်ပါတီ အစိုးရ တက်လာသည်။ ယင်း အစိုးရ တက်လာပြီးသည့် နောက်ပိုင်းတွင် နိုင်ငံ၏ အခြေအနေပြောင်းလာသည်။ ဗာတ်ပါတီသည် လက်ဝဲ ယိမ်းသည်။ ပါတီတွင်း၌ လူငယ်ပိုင်းက ခေါင်းဆောင်ပိုင်း နေရာအယူများသည်။ ထိုလူငယ်ပိုင်းတွင် တပ်မတော်အရာရှိများကလွှမ်းမိုးသည်။ ၁၉၆၆ ခု ဖေဖော်ဝါရီလ ၂၅ ရက် နေ့တွင် အာဏာသိမ်းမှုဖြစ် ပွားပြန်ပြီး ချုရက် ဒင်အယ် အတ္တစိက သမ္မတ အဖြစ်ရင်း၊ ယူဆက် ဇေယင်က ဝန်ကြီးချုပ်အဖြစ်ရင်း ဆောင်ရွက်သည်။ ထို အစိုးရအဖွဲ့တွင် လေတပ်မတော်၏တပ်မှူးကြီး ဒုဗိုလ်ချုပ်ကြီး ဟာဖက် အာဆတ်သည် ကာကွယ်ရေးဝန်ကြီးအဖြစ် ဆောင်ရွက်သည်။

၁၉၇၀ ပြည့်နှစ် နိုဝင်ဘာလတွင် ဒုတိယ ဗိုလ်ချုပ်ကြီး အာဆတ်သည် သမ္မတ အတ္တစိအား ရာထူးမှ ဖယ်ရှား၍ အာဏာသိမ်းယူလိုက်သည်။ တချိန်တည်းမှာပင် ဗာတ်ပါတီ၏ အထွေထွေအတွင်းရေးမှူး တာဝန်ကိုလည်း ထမ်းဆောင်သည်။

သမ္မတ အာဆတ်၏ လက်ထက်တွင် ဆိုဗီယက် ပြည်ထောင်စု၊ ဗူလဂေးရီးယားစသော ဆိုရှယ်လစ် နိုင်ငံများနှင့် ဆက်ဆံရေး ပြေလည်ခဲ့၍ ဆိုဗီယက် ရုရှ၏ စစ်လက်နက် ပစ္စည်းအထောက်အပံ့များစွာ ရရှိခဲ့သည်။ ပယ်လက်စတိုင် ပြောက်ကျားများကို အကူအညီပေးခဲ့၍ ၁၉၇၀–၇၁ ခုနှစ်များတွင် ဂျော်ဒန်နိုင်ငံနှင့် အဆက်အသွယ်ဖြတ်ခဲ့သည်။ သို့သော် ၁၉၇၅ ခုနှစ်တွင် ပြန်၍အဆက်အသွယ်ပြုသည်။ သမ္မတအာဆတ်သည် အင်္ဂရိယယ်နှင့် ဖြစ်ပွားနေသော စစ်အရေးအခင်းများတွင် အီဂျစ်သမ္မတ ဆဒတ်နှင့် အတူ လက်တွဲဆောင်ရွက်ခဲ့သည်။ သို့သော် ၁၉၇၇ ခုနှစ် ကုန်ဆုံးလုနီးအချိန်တွင် အကောင်အထည် ပေါ်လာသော ဆဒတ်နှင့် အင်္ဂရိယယ်နိုင်ငံ ဝန်ကြီးချုပ်တို့ တနိုင်ငံနှင့်တနိုင်ငံ အပြန်အလှန် သွားရောက်၍ ငြိမ်းချမ်းရေး အတွက် ဆွေးနွေးခဲ့ကြခြင်းကိုမူ ထောက်ခံအားပေးခြင်း မပြုခဲ့ချေ။

အာဖရိကညီညွတ်ရေးအဖွဲ့။ ။အာဖရိကတိုက်ရှိ နိုင်ငံ ၃၀ မှ နိုင်ငံအကြီးအကဲများသည် ၁၉၆၃ ခုနှစ် မေလ ၂၅ ရက်နေ့တွင် အီသီအိုးပီးယားနိုင်ငံ အဒစ်အဗားဗားမြို့တွင် အာဖရိကညီညွတ်ရေးအဖွဲ့ စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြပြီး အာဖရိကညီညွတ်ရေး အဖွဲ့ကို ဖွဲ့စည်းခဲ့ကြသည်။ ယင်းအဖွဲ့ကို အင်္ဂလိပ်ဘာသာဖြင့် အိုအေယူဟုအတိုကောက် ခေါ်လေသည်။

အာဖရိက ညီညွတ်ရေးအဖွဲ့၏ ရည်ရွယ်ချက်များမှာ အာဖရိက နိုင်ငံများ သွေးစည်းညီညွတ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ ယဉ်ကျေးမှု၊ သိပ္ပံနှင့် ကျန်းမာရေးကိစ္စများတွင် အချင်းချင်း ပူးပေါင်း ဆောင်ရွက်ရေးနှင့် အပြန်အလှန် ကူညီရေးတို့ဖြစ်သည်။

ကိုလိုနီဝါဒ ချုပ်ငြိမ်းစေရေးနှင့် အဖွဲဝင်နိုင်ငံများ၏ အချုပ်အချာ အာဏာပိုင်ဆိုင်မှုနှင့် လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်ရေးတို့မှာ အာဖရိက ညီညွတ်ရေအဖွဲ့၏ အဓိက ရည်ရွယ်ချက် ဖြစ်လေသည်။

အာဖရိကညီညွတ်ရေးအဖွဲ့၏ အာဏာပိုင် အဖွဲ့အစည်းများမှာ နိုင်ငံအကြီးအကဲများညီလာခံ၊ နိုင်ငံခြားရေး ဝန်ကြီးများကောင်စီ၊ အထွေထွေ အတွင်းရေးမှူးချုပ်ရုံးနှင့် ဖြန်ဖြေစေ့စပ်ရေး ကော်မရှင်တို့ ဖြစ်သည်။

အာဖရိကညီညွတ်ရေး အဖွဲ့၏ အစည်းအဝေး များကို ကျင်းပရာတွင် နိုင်ငံခြားရေးဝန်ကြီးများကောင်စီ အစည်းအဝေးကို ပဏာမကျင်းပပြီးမှသာ နိုင်ငံအကြီးအကဲများညီလာခံကို ကျင်းပလေ့ရှိ၏။ နိုင်ငံခြားရေးဝန်ကြီးများကောင်စီ အစည်းအဝေး၏ ဆွေးနွေးသုံးသပ်ချက်များကို နိုင်ငံအကြီးအကဲများ ညီလာခံတွင် ထပ်မံဆွေးနွေး သုံးသပ်ပြီး ဆုံးဖြတ်ချက်များ ချမှတ်လေ့ရှိသည်။

ယခုအခါ အာဖရိကညီညွတ်ရေးအဖွဲ့တွင် အဖွဲဝင် ၄၆ နိုင်ငံပါဝင်ပြီး အဖွဲ့၏ ဌာနချုပ်ကို အီသီအိုးပီးယားနိုင်ငံ အဒစ်အဗားဗားမြို့တွင် ဖွင့်လှစ်ထားရှိသည်။

အာမင်, အီဒီ(ခရစ် ၁၉၂၅ ဖွား)။ ။ဖီးမာရှယ် အီဒီ အာမင် ဒါဒါသည် ၁၉၂၅ ခုနှစ်တွင်မွေးဖွား၍ ၁၉၇၁ ခုနှစ် ဇန္နဝါရီလ ၂၅ ရက် နွေမှသည် ယနေ့တိုင် ယူဂန်းဒါးနိုင်ငံ၏ သမ္မတ ဖြစ်သည်။



ယူဂန်းဒါးသမ္မတအာမင်

ဗြိတိသျှ လက်အောက်ခံ ကိုလိုနီဘဝတွင် အာမင် စစ်ထဲဝင်၍ သာမန်စစ်သည်အဖြစ် အမှု ထမ်း ရာမှ ဒုတိယ ကမ္ဘာစစ်အတွင်း မြန်မာပြည် စစ်မျက်နှာတွင် ဗြိတိသျှ ဖက်မှ တိုက်ပဲ့ဝင်ခဲ့သည်။ စစ်တပ်သည်သာသူ၏ ဘဝကျောင်းရာ အလုပ်ခွင်ဖြစ်သည်နှင့်အညီ အာမင်သည် တပ်တွင်း၌ ၁၀ နှစ်တိုင်တိုင် ဟဲဗီးဝိတ် လက်ဝှေ့ချန်ပီယံဖြစ်ခဲ့၏။

၁၉၆၂ ခုနှစ်တွင် ယူဂန်းဒါး နိုင်ငံလွတ်လပ်ရေး ရပြီးနောက်ဗိုလ်ချုပ်မှူး ရာထူးအထိ တိုးတက်ခန့်ထားခြင်း ခံရသည်။ အီဒီအာမင်နှင့် အပေါင်းပါ စစ်ဖက် ပုဂ္ဂိုလ်တို့က စက်ဘူဓနသဟာယအစည်းအဝေးသို့သမ္မတအိုဘိုတေးတက် ရောက်နေစဉ် အာဏာ သိမ်းယူလိုက်ကြသည်။

အာမင်သည် အာဏာရသည်နှင့် တပြိုင်နက် ပါလီမန်ကို ဖျက်သိမ်းသည်။ မြို့ပြအုပ်ချုပ်ရေးကို ရပ်ဆိုင်းသည်။ နိုင်ငံရေး လှုပ်ရှားမှု အားလုံးကို အဆုံးသတ်၍ စစ်တပ်အား အထူးအာဏာများ ပေးထားသည်။ စစ်သေနာပတိ ရာထူးကိုပါ ပူးတွဲကိုင်ကာ စစ်တပ်နှင့် နိုင်ငံကို အုပ်ချုပ်သည်။

၁၉၇၂ ခုနှစ် စက်တင်ဘာလတွင်အိုဘိုတေးတို့အုပ်စုက အာမင်အား ဖယ်ရှားရန် ကြံစည်တိုက်ခိုက်သည်။ မအောင်မြင်ခဲ့ချေ။ အီဒီအာမင်သည် အထူးသဖြင့် အရင်းရှင်နိုင်ငံနှင့် ထိုနိုင်ငံသားများ၊ ထိုနိုင်ငံတို့၏ ဘက်တော်သားများနှင့် ဆက်ဆံမှုအလွန်အမင်း မပြေမလည် ဖြစ်ခဲ့သည်မှာ ယနေ့တိုင်အောင်ပင်။ အင်္ဂလိပ် လူမျိုးတဦးကို အာမင်အား တောသား အဓမ္မလက်ကျား ဆိုရပါမည်လောဟု မျက်မှောက်ပွား လျက် သတ်ပစ်မည်ဖြစ်ကြောင်း ခြိမ်းချောက်နေ၍ ထိုစဉ်က ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီးကယ်လာဟန်ကိုယ်တိုင် မေတ္တာရပ်ခံပေးရသည်။ သတင်းစာသမား တဦးနှင့် မာကရေးရေး တက္ကသိုလ် ကထိကတဦး (ပေါင်းအမေရိကန်နှစ်ဦး) အား လူသတ်သတင်း စူးစမ်းမှုကြောင့် သတ်ပစ် လိုက်သည်။

ယင်းကိစ္စအတွက် အပြည်ပြည်ဆိုင်ရာ ဂျူရီကော်မရှင်က အဓမ္မမှု ကြီးစိုးခိုက်ဖြစ်နေပြီဟု ကမ္ဘာသို့ တင်ပြခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် အာရှသားမျာစွာအား ညှဉ်းပန်းခြင်း၊ နိုင်ငံမှ နှင်ထုတ်ခြင်းတို့ပြုသည့်အပြင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ထံသို့ မိမိသည် ဟစ်တလာက ဂျူးခြောက်သန်းအား သုတ်သင်ခဲ့မှုကို ထောက်ခံကြောင်းသတင်းပို့သည်။ နီးဂရိုး ဘုန်းတော်ကြီး ဂျာနာနီ လူဝမ်နှင့်ယူဂန်းဒါးဝန်ကြီး နှစ်ဦးကို အိုဘိုတေးတို့၏ လှုပ်ရှားမှုနှင့်ပတ်သက်သည်ဟု သက်သေမကင်း၍ဖမ်းဆီးထားပြီး တနေရာမှတနေရာသို့ အပို့တွင်ကားချင်းတိုက်၍အသက်ဆုံးသည်ဟုဆိုသည်။

၁၉၇၆ ခုဇူလိုင်လတွင် အကြမ်းဖက်သမား တစုက လေယာဉ်နှင့် ခရီးသည်များကို ပြန်ပေးဆွဲလျက် ယူဂန်းဒါးရှိ အင်တက်ဘီလေဆိပ်တွင် လိုလားချက်များကို ဖော်ပြရင်းဆင်းသက်နေစဉ် အဇူရီယယ် ကွန်မန်ဒို တို့က စွမ်းစွမ်းတမံ တိုက်ခိုက်ကယ်တင်ခဲ့သည်။ ဤအရေးတွင် လေဆိပ်မှ တာဝန်ရှိသူများကို အာမင်က အကျဉ်းနည်းစစ်ဆေးစီရင်သည်။

အာမင်သည် သူအား ကိုးကြိမ် လုပ်ကြံရန် စိုင်းပြင်းခဲ့ကြသည်ကိုလည်း ဂုဏ်ယူ၍ မဆုံးချေ။ ၁၉၇၂ ခုနှစ်က တန်းဇားနီးယားကို ဝင်တိုက်မည်ဟုကြိမ်းခဲ့သလို ယခုလည်း ယူဂန်းဒါးမှ ထွက်ပြေးနေကြသူများ ကျက်စား၍ အာမင်အကြောင်း သွားပုပ်လေလွင့်ပြုရာ စခန်းဖြစ်သော ကင်ညာနိုင်ငံအား ချေမှုန်းမည်ဟုခြိမ်းခြောက်လျက်ရှိသည်။

အာမင်သည် ၁၉၇၆ ခုနှစ်တွင် မိမိကိုယ်မိမိ ရာသက်ပန် သမ္မတ တင်မြှောက်ခဲ့လေသည်။

အာရဖတ်, ယာဆာ (ခရစ် ၁၉၂၉ ဖွား)။ ။ပယ်လက်စတိုင် လွတ်မြောက်ရေးအဖွဲ့ (ပီအယ်အို)၏ ဥက္ကဋ္ဌ ဖြစ်သူ ယာဆာအာရဖတ်ကို ဂျရူးဆလမ်းမြို့တွင် ၁၉၂၉ ခုနှစ် က ဖွား မြင်သည်။ ကုန်သည်ကြီးတဦး၏ သားဖြစ်၍ အထင်ရှားဆုံး ဖြစ် သည့် ဟူစိန် ရီ မျိုး နွယ်ဝင် တဦး လည်း ဖြစ်သည်။ အမည်ရင်းမှာ မိုဟာမက် အာဇက် အာရာဖတ် ဖြစ်သည်။ကိုင်ရိုတက္က



ပယ်လက်စတိုင် ခေါင်းဆောင် ယာဆာအာရဖတ်

သိုလ်တွင် ပညာဆည်းပူးခဲ့ရသည်။ ထိုအတွင်း ဒေသဆိုင်ရာ ပယ်လက်စတိုင်ကျောင်းသားများ အဖွဲ့ချုပ် ဥက္ကဋ္ဌ အဖြစ် ရွေးကောက် တင်မြှောက်ခြင်း ခံရ၏။

အာရဖတ်သည် ၁၉၄၇–၄၈ ခုနှစ်၌ ဖြစ်ပွားခဲ့သော အာရပ် အင်္ဂရိယယ်စစ်ပွဲတွင် လူငယ်တယောက်အနေဖြင့် ပါဝင်ပြီး၊ မိဖများ ဂါဇာဒေသသို့ ထွက်ပြေးတိမ်းရှောင်ကြသဖြင့် သူလည်း စစ်ပြေးဒုက္ခသည်တဦး ဖြစ်ခဲ့ရသေးသည်။

၁၉၅၀ ပြည့်နှစ်တွင် အာရဖတ်သည် ပယ်လက်စတိုင်ကျောင်းသားများအဖွဲ့၌ အမှုဆောင်ကော်မတီဝင်ဖြစ်ပြီး ၁၉၅၂–၅၆ ခုနှစ်များတွင်မူ ဥက္ကဋ္ဌဖြစ်လာသည်။ ၁၉၅၆ ခုနှစ်တွင် အီဂျစ် တပ်မတော်၌ ပါဝင်အမှုထမ်းသည်။ ထို့နောက် ကူဝိတ်သို့ပြောင်းရွှေကာ ပြည်သူလုပ်ငန်းဝန်ကြီးဌာနတွင် အလုပ်ဝင်လုပ်သည်။ ယင်းအလုပ်မှ ၁၉၆၄ ခုနှစ်တွင် ထွက်ခဲ့ပြီး အယ်ဖာတာပြောက်ကျားအဖွဲ့ကို အခြားသူများနှင့်ပူးတွဲ၍ တည်ထောင်သည်။ ၁၉၆၈ခုနှစ် ဇွန်လမှစ၍ ပီအယ်အို အမှုဆောင် ကော်မတီတွင် ဥက္ကဋ္ဌဖြစ်လာသည်။

သူသည် အာရပ်အဝတ်အစားကို ဝတ်ဆင်လျက် ဖြူနက်ကျားတဘက် ခေါင်းဆောင်းကို အမြဲဆောင်းတတ်သည်။နေကာမျက်မှန်မည်းကို တပ်ဆင်လေ့ရှိသည်။ စကားပြောရာတွင် ပွင့်လင်းရိုးသားသည်။အာရဖတ်သည် အရက်သေစာကို မဆိုထားဘိ၊ ဆေးလိပ်ပင် သောက်သူမဟုတ်။ အမြဲနေထိုင်သောအိုးအိမ်ဟူ၍လည်း သူမှာမရှိချေ။ သူဘယ်ရောက်၍ နောက်ထပ်ဘယ်စခန်းသို့ ပေါက်မည်ကို သူကိုယ်ရံတော်များပင် တခါတရံ ကောင်းစွာမသိလိုက်ပေ။ စင်စစ် သူသည် အဖွဲ့အတွက် ရန်ပုံငွေနှင့် ထောက်ခံ အားပေးမှုတို့ကို ရရှိရန်အတွက်ဒမက်စကတ်မြို့သို့သွားလိုက်၊အယ်လဂျီးရီးယားနိုင်ငံဖက်သို့ ထွက်လိုက်၊ ကိုင်ရိုသို့ရောက်လိုက် စသည်ဖြင့် ဗီရှတ်မြို့မှမကြာခဏ ထွက်ခွာရလေ့ရှိပေသည်။

အလွန်လျင် အေးချမ်း ငြိမ်သက်စွာ နေတတ်သူ အာရဖတ်သည် သူ၏အကြောင်းကိုသော်၎င်း၊ ပုဂ္ဂိုလ်ရေးထိပ်တန်းတင်မှုကိုသော်၎င်း ထုတ်ဖော်လိုစိတ် မရှိခဲ့ပေ။ အစည်းအဝေးဆိုလျှင် မည်သူတင်ပြသည့် အယူအဆပင်ဖြစ်စေ သူဂရုတစိုက် နားထောင်ပြီး လက်ခံဆွေးနွေးတတ်သည်။ မိမိအမျိုးသားများ၏ အသေးအမွှား လူမှုရေးကိစ္စကိုပင် အချိန်ယူ၍ စီစဉ်ပေးတတ်သူဖြစ်သည်။ ဤအရည်အသွေးများကြောင့်ပေလော မသိ၊ အာရဖတ်သည် နိုင်ငံရေးအယူအဆ ခံယူချက်ချင်းမတူသော ပြောက်ကျား အဖွဲ့အစည်းများကို တစည်းတလုံးတည်းဖြစ်အောင် အချိန်ရှည်ဉီးဆောင်လာရင်း အာရပ်လောက၏ အထင်ရှားဆုံးသော ခေါင်းဆောင်တဦး ဖြစ်နေသည်။ ၁၉၇၃ ခုနှစ်မှ အစပြု၍ ပယ်လက်စတိုင် တော်လှန်ရေးတပ်ဖွဲ့များ၏ တပ်မှူးဗိုလ်ချုပ်ကြီးအဖြစ် ဆောင်ရွက်လျက်ရှိသည်။

သို့သော် အာရဖတ်သည် လေယာဉ်အနှုံကြမ်းစီးခြင်း၊ လူသတ်ခြင်း၊ ရက်စက်စွာ ဂလဲ့စားခြေခြင်း စသော အကြမ်းဖက်မှုမျိုးကို လုံးဝ ဆန့်ကျင်သည်။ အဖွဲ့ချုပ်လက်အောက်ရှိ ပြောက်ကျားအဖွဲ့အချို့ အကြမ်းဖက်ကြသည့် အမှုမျိုးကိုပင် အတိအလင်း ထုတ်ဖော်ရှုတ်ချခဲ့လေသည်။ ငြိမ်းချမ်းသော မင်္ဂလာမပဋိပဒါလမ်းကို နှစ်သက်လာသော အာရဖတ်၌ ပီအယ်အို့အဖွဲ့ကို စတင်တည်ထောင်ခဲ့သူ အာမက်ရှူကာရီ၏ "ဂျူးများ (အင်္ဂရိယယ်တို့)ကို ပင်လယ်ထဲအရောက် မောင်းထုတ်ရန်" ဟူသည့် ခံယူချက်မျိုးမရှိတော့ပြီဖြစ်၍ ၁၉၇၄ ခုနှစ် နိုဝင်ဘာလတွင် ပြောက်ကျားဗိုလ်ဖြစ်ပါလျက်နှင့် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက် မိန့်ခွန်းပြောခွင့်ရခဲ့သည်။

အာရဖတ်သည် အိမ်ထောင်မပြု၊ ပယ်လက်စတိုင်ပြည်တည်ထောင်ရေးသည်သာ သူ့အသက်၊ သူ့ဘဝအဖြစ် ခံယူထားသူဖြစ်သည်။

အာရပ်စော်ဘွားနယ်ပေါင်းစုနိုင်ငံ။ ။ (၁၄–၃၇၀ —ရှု။) အာရပ်စော်ဘွားနယ်ပေါင်းစုနိုင်ငံသည် အာရေဗျ



ကျွန်းဆွယ်၊ ပါးရှင်းပင်လယ်ကွေ့ တောင်ဖက်ကမ်းခြေနှင့် အိုမန် ပင်လယ်ကွေ့အနောက်ဖက်ကမ်း ခြေ ၌ တည် ရှိသည်။အိုမန်နိုင်ငံ၏ အရှေ့ဖက် နယ်နိမိတ်ချင်း စပ် လျက် ရှိ သည်။ စတုရန်းမိုင်ပေါင်း ၄၀,၀၀၀ ခန့် ကျယ်ဝန်းပြီး လူဦးရေ ၃၀၀,၀၀၀ ခန့်ရှိသည်။ တိုင်းရင်းသားအများစုသည် အစွလာမ်ဘာသာကို ကိုးကွယ်ကြပြီး အာရေဗျ ဘာသာစကားကိုပြောဆိုကြသည်။

အဗူဓာဗီ၊ ဒူးဗေ၊ ရှာဂျာ၊ အဘ်ကျမန်၊ ဖူဂျေရှာနှင့် အမ်အယ် ခိုင်ဝိန် ဟူသည့် စော်ဘွားနိုင်ငံ ခြောက်နိုင်ငံကို စုစည်းကာ ၁၉၇၁ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့တွင် အာရပ်စော်ဘွား နယ်ပေါင်းစုနိုင်ငံ ဟူ၍ ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ယင်းနောက် နှစ်လခန့် အကြာတွင် ရပ်စအယ်ခိုင်မား စော်ဘွားနယ်လည်း ပါဝင်လာသဖြင့် စော်ဘွားနယ်ပေါင်းစုနိုင်ငံတွင် ခုနစ်နယ် ဖြစ်လာသည်။ ယင်းတို့အနက် အဗူဓာဗီသည် အကျယ်ဝန်းဆုံး ဖြစ်သည်။

အာရပ်စော်ဘွားနယ်များသည် မူလက ဗြိတိသျှ အစောင့်အရှောက်ခံ နယ်မြေများ ဖြစ်ခဲ့သည်။ နယ်ပေါင်းစုနိုင်ငံတည်ထောင်ပြီးသည့်နောက်တွင် လွတ်လပ်ရေးရပြီးနောက် ၁၉၇၁ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့၌ ထူးရှဲ

နိုင်ငံဟု ခေါ်သည်။ နောက်မှ အာရပ်နယ်ပေါင်းစုနိုင်ငံဟု အမည်ပြောင်းသည်။ ရေနံတင်ပို့ရောင်းချသော နိုင်ငံများ အဖွဲ့(အိုပက်)တွင် ထင်ရှားသော အဖွဲ့ဝင်နိုင်ငံ တနိုင်ငံဖြစ်ပြီး၊ ကမ္ဘာပေါ်တွင် နဝမမြောက် ရေနံအများဆုံး ထွက်ရှိသောနိုင်ငံဖြစ်လေသည်။ အခြားထင်ရှားသော ထုတ်ကုန်များမှာ ရွှေ၊ကြေးနီ၊ ငါးခြောက် စသည်တို့ ဖြစ်သည်။

ပြည်ထောင်စုအသွင် ဖွဲ့စည်းထားသော်လည်းစော်ဘွားနိုင်ငံ တနိုင်ငံစီတွင် ပြည်တွင်းရေး ကိစ္စများနှင့် စပ်လျဉ်းလျှင် ကိုယ်ပိုင် စီမံအုပ်ချုပ်ပိုင်ခွင့် ရှိသည်။ နိုင်ငံခြားရေး၊ ကာကွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စများတွင်သာ ပြည်ထောင်စုအသွင်ဖြင့် စုပေါင်း ဆောင်ရွက်သည်။

အာရပ်စော်ဘွား နယ်ပေါင်းစုနိုင်ငံ၏ သမ္မတမှာ ရှိတ် ဇယတ်ဗင် စူလတန် အယ်နီဟာယန် ဖြစ်ပြီး၊ ဝန်ကြီးချုပ်မှာ ရှိတ်မက်တွမ်ဗင် ရာရှစ်ဖြစ်သည်။ မြို့တော်မှာ အဗူဓာဗီမြို့ ဖြစ်သည်။

အာရပ်အမျိုးသားအဖွဲ့ချုပ်။ ။အာရပ် အမျိုးသား အဖွဲ့ချုပ်ဆိုသည်မှာ အာရေဗျ ဘာသာစကားကို အမျိုးသား ဘာသာစကားအဖြစ် ပြောဆိုသုံးစွဲကြသည့် အာရပ် နိုင်ငံများကို စုစည်းထားသည့် အဖွဲ့အစည်းတရပ် ဖြစ်သည်။ အင်္ဂလိပ်ဘာသာဖြင့် အာရပ်လိဂ်ဟု ခေါ်သည်။ အာရပ် အမျိုးသားအဖွဲ့ချုပ်ကို ၁၉၄၅ ခုနှစ် မေလ ၁၀ ရက်နေ့တွင် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့၌ စတင် ဖွဲ့စည်းခဲ့သည်။ စတင် ဖွဲ့စည်းစဉ်က ပါဝင်သော နိုင်ငံများမှာ အီဂျစ်၊ အီရတ်၊ ဂျော်ဒန်၊ လက်ဗနွန်၊ ဆော်ဒီ အာရေဗျ၊ ဆီးရီးယားနှင့် ယေမင်နိုင်ငံတို့ ဖြစ်၏။ ထိုမှ နောက်ပိုင်းတွင် အဖွဲ့ဝင်သစ်များ တိုးပွားလာခဲ့ရာ ယခုအခါ အာရပ်အဖွဲ့ချုပ်တွင် အဖွဲ့ဝင်နိုင်ငံ ၂၁ နိုင်ငံ ရှိပေသည်။

ယင်း ၂၁ နိုင်ငံမှာ ကော့တာ၊ ကူဝိတ်၊ ဆီးရီးယား၊ ဆူဒန်၊ ဆော်ဒီအာရေဗျ၊ ဆိုမားလီးယား၊ တျူနီးဇီးယား၊ တောင်ယေမင်၊ ဗာရိန်း၊ မော်ရိတေးနီးယား၊ မိုရော့ကို၊ မြောက်ယေမင်၊ လစ်ဗျ၊ လက်ဗနွန်၊ အာရပ်စော်ဘွား နယ်ပေါင်းစုနိုင်ငံ၊ အီဂျစ်၊ အီရတ်၊ အိုမန်၊ အယ်လ ဂျီးရီးယားနှင့် ပယ်လက်စတိုင် လွတ်မြောက်ရေးအဖွဲ့တို့ ဖြစ်၏။ ပယ်လက်စတိုင်လွတ်မြောက်ရေးအဖွဲ့သည် အာရပ် အဖွဲ့ချုပ်၏ နောက်ဆုံးအဖွဲ့ဝင်ဖြစ်ပြီး ၁၉၇၆ ခုနှစ်စက်တင်ဘာလ ၉ ရက်နေ့တွင် အဖွဲ့ဝင်ခွင့် ရရှိခဲ့ခြင်းဖြစ်သည်။

အာရပ်အဖွဲ့ချုပ်တွင် အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များပါဝင်သည့် ကောင်စီက အဖွဲ့ချုပ်၏ လုပ်ငန်းများကို တာဝန်ယူ ဆောင်ရွက်သည်။ ယင်းကောင်စီ၏အောက်တွင် နိုင်ငံရေးကော်မတီအပါအဝင် အခြား ကော်မတီများရှိ၏။ ဌာနချုပ်ရုံးကို ကိုင်ရိုမြို့တွင် ထားရှိသည်။

အာရပ်အဖွဲ့ချုပ်၏ အဓိကလုပ်ငန်းများမှာ လူမှုရေး၊ နိုင်ငံရေးနှင့်စီးပွားရေးကိစ္စရပ်များတွင်အဖွဲ့ဝင်နိုင်ငံများပူးပေါင်းဆောင်ရွက်ရေးပင် ဖြစ်၏။ အာရပ်အဖွဲ့ချုပ်၏မျက်မှောက်နိုင်ငံရေးပြဿနာများမှာ ၁၉၆၇ ခုနှစ် စစ်ပွဲအတွင်းက အင်္ဂလိဏ်တို့ ဝင်ရောက်သိမ်းပိုက်ခဲ့သော အာရပ်နယ်မြေများကို ပြန်လည်ရရှိရေးပင် ဖြစ်သည်။ အာရပ်အဖွဲ့ချုပ်ဝင် နိုင်ငံများသည် အခြားပြဿနာရပ်များတွင် သဘောကွဲလွဲမှုများ မကြာခဏ ပေါ် ပေါက်ခဲ့သော်လည်း အင်္ဂလိဏ်ယဉ်နှင့် ဖြစ်ပွားသည့်စစ်ပွဲများတွင်မူ ညီညွတ်စွာ ပါဝင်တိုက်ခိုက်ခဲ့ကြသည်။

အာရှဖွံ့ဖြိုးရေးဘဏ်။ ။အာရှ ဖွံ့ဖြိုး ရေး ဘဏ်သည် ယခင် အီးကဖီး ခေါ် အာရှနှင့် အရှေ့ဖျား ဒေသ ဆိုင်ရာ စီးပွားရေး ကော်မရှင် (ယခု အက်စကက်ခေါ် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေး ကော်မရှင်) ၏ စီမံကိန်းများအနက် တခု အပါအဝင် ဖြစ်သည်။ ၁၉၆၅ ခုနှစ် ဒီဇင်ဘာလ ၄ ရက်နေ့တွင်ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ကျင်းပသော အာရှနှင့် အရှေ့ဖျားဒေသဆိုင်ရာ စီးပွားရေးကော်မရှင်အစည်းအဝေးကအာရှဖွံ့ဖြိုးရေးဘဏ်ဖွင့်လှစ်ရန် ဆုံးဖြတ်ခဲ့သဖြင့်ယင်းနေ့မှာပင် ဘဏ်ဖွဲ့စည်းရေး စာချုပ်ကို ၂၁ နိုင်ငံက လက်မှတ်ရေးထိုးကြသည်။ ၁၉၆၆ ခုနှစ် ဩဂုတ်လ ၂၂ ရက်နေ့တွင် သတ်မှတ်ထားသော နိုင်ငံ အရေအတွက် ပြည့်စုံသဖြင့် ဘဏ်လုပ်ငန်းကို စတင် အကောင်အထည် ဖော်ခဲ့ကြသည်။

အာရှဖွံ့ဖြိုးရေးဘဏ် တည်ထောင်ခြင်း၏ ရည်ရွယ်ချက်မှာ အာရှနှင့် အရှေ့ဖျားဒေသရှိ နိုင်ငံများ၏ စီးပွားရေး တိုးတက်ဖွံ့ဖြိုးရန်နှင့် ပူးပေါင်း ဆောင်ရွက်ရန် အတွက် ရင်းနှီးမြှုပ်နှံခြင်း၊ ငွေကြေး အကူအညီ ပေးခြင်း၊ ငွေချေးငှားခြင်း၊ ကျွမ်းကျင်မှု အကူ အညီ ပေးခြင်းနှင့် အခြား အကူအညီပေးခြင်း အမျိုးမျိုးတို့ကို ဆောင်ရွက်ရန် ဖြစ်သည်။ စီးပွားတိုးတက်ဖွံ့ဖြိုးရေး အစီအစဉ်များကို အထိရောက်ဆုံး ဆောင်ရွက်ရေးသည် အာရှ ဖွံ့ဖြိုးရေးဘဏ်၏ အဓိက ဦးစားပေး လုပ်ငန်းဖြစ်သည်။

အာရှဖွံ့ဖြိုးရေးဘဏ်တွင် အာရှနှင့်အရှေ့ဖျားဒေသနိုင်ငံများနှင့် အာရှနှင့် အရှေ့ဖျားဒေသပြင်ပမှ နိုင်ငံများ ပါဝင်ကြပြီး အဖွဲ့ဝင်နိုင်ငံပေါင်း ၄၀ ရှိသည်။ အာရှနှင့် အရှေ့ဖျားဒေသ အဖွဲ့ဝင်နိုင်ငံများမှာအာဖဂန်စတန်၊ ဩစတြေးလီးယား၊ ဗင်္ဂလားဒေ့ရှ၊ ဆော်လမွန်ကျွန်းစု၊မြန်မာ၊ တိုင်းဝမ်၊ ဖီဂျီ၊ ဟောင်ကောင်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဂျပန်၊ ကမ်ပူးချား၊ တောင်ကိုရီးယား၊ လော၊ မလေးရှား၊ နီပေါ၊ နယူးဇီလန်၊ ပါကစ္စတန်၊ ပါပူယာ နယူးဂင်းနီ၊ ဖိလစ်ပိုင်၊ စင်္ကာပူ၊သီရိလင်္ကာ၊ ထိုင်း၊ တွန်ဂါ၊ဗီယက်နမ်နှင့် အနောက်ဆမိုအာနိုင်ငံတို့ ဖြစ်သည်။ ပြင်ပ နိုင်ငံများမှာ ဩစတြီး

ယား၊ ဗဲလဂျီယမ်၊ ကနေဒါ၊ ဒိန်းမတ်၊ ဖင်လန်၊ ပြင်သစ်၊ အနောက်ဂျာမနီ၊ အီတလီ၊ နယ်သာလန်၊ နော်ဝေး၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ဗြိတိန်နှင့် အမေရိကန်တို့ ဖြစ်သည်။

အာရှမွံ့ဖြိုးရေးဘဏ်၏ အဓိက စည်းကမ်းချက်များမှာ အီးကဖီး (အက်စကက်) အဖွဲ့ဝင် နိုင်ငံ အားလုံးနှင့် ကုလသမဂ္ဂအဖွဲ့ဝင်ဖြစ်သော အာရှနှင့် အရှေ့ဖျားဒေသရှိအခြား နိုင်ငံများလည်း အာရှမွံ့ဖြိုးရေးဘဏ်အဖွဲ့တွင် ပါဝင်နိုင်ခွင့် ရှိသည်။ ဒေသခြေးငှားလိုသော အစိုးရ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂလိကလုပ်ငန်းများသည် ဘဏ်မှ ချေးငွေများကို တိုက်ရိုက်ဖြစ်စေ၊ အာမခံစာချုပ်များဖြင့် အရင်းအနှီးများ ထည့်ဝင်၍ ဖြစ်စေ၊ စီးပွားရေး ဖွံ့ဖြိုးရေး အတွက် အခြား စာချုပ်များဖြင့်ဖြစ်စေ အကူအညီ ရရှိနိုင်သည်။ ဘဏ်ချေးငွေများ၏ အတိုးနှုန်းမှာ ကော်မရှင်ငွေ အပါအဝင် တနှစ်လျှင် ငါးရာခိုင်နှုန်းမှ ခြောက်ရာခိုင်နှုန်း အထိ ဖြစ်သည်။ နှစ်ရှည်ချေးငွေ၊ အထူးချေးငွေနှင့် အတိုးနှုန်း နည်းသော ချေးငွေများဟူ၍ ကန့်သတ်ထားသည်။ ဒေသခြေးငှားသော နိုင်ငံများသည် ဘဏ်မှချေးငွေဖြင့် အဖွဲ့ဝင်နိုင်ငံများထံမှ သာ ကုန်ပစ္စည်းများ ဝယ်ယူရမည် စသည်တို့ဖြစ်သည်။

ဘဏ်အုပ်ချုပ်ရေး လုပ်ငန်းများအတွက် အဖွဲ့ဝင် နိုင်ငံ တိုင်းမှ ကိုယ်စားလှယ် တဦးစီပါဝင်သည့် အုပ်ချုပ်ရေးမှူး ဘုတ်အဖွဲ့ကို ဖွဲ့စည်းထားသည်။အုပ်ချုပ်ရေးမှူးဘုတ်အဖွဲ့က ဥက္ကဋ္ဌတဦးနှင့် အဖွဲ့ဝင် ၁၀ ဦး ပါဝင်သောညွှန်ကြားရေးမှူး များအဖွဲ့ကို ရွေးချယ်ရသည်။ ဥက္ကဋ္ဌ၏ သက်တမ်းသည် ငါးနှစ် ဖြစ်သည်။ ညွှန်ကြားရေးမှူးများအဖွဲ့ဝင် ညွှန်ကြားရေးမှူး ၁၀ ဦးကို အာရှနှင့် အရှေ့ဖျား ဒေသ အတွင်းရှိ အဖွဲ့ဝင်နိုင်ငံ ခုနစ်နိုင်ငံနှင့် ပြင်ပ ဒေသရှိ အဖွဲ့ဝင် နိုင်ငံ သုံးနိုင်ငံတို့မှ တဦးကျစီ ရွေးချယ်ခြင်း ဖြစ်သည်။

အာရှမွံ့ဖြိုးရေးဘဏ်၏ လုပ်ငန်းတည်နေရာသည် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ ဖြစ်သည်။

အာရှနှင့် ပစိဖိတ် ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေး ကော်မရှင်။

။အာရှနှင့် ပစိဖိတ် ဒေသတွင် စီးပွားရေးလုပ်ငန်းများ ပြန်လည် တည်ဆောက်မှုနှင့် တိုးတက်မှုအတွက် ခေါင်းဆောင်မှု ပေးရန်နှင့် ကူညီဆောင်ရွက်ရန်အတွက် ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေးကောင်စီက ဦးဆောင်ဖွဲ့စည်းထားသော ဒေသဆိုင်ရာ အဖွဲ့အစည်း တခုဖြစ်သည်။ ယင်း အဖွဲ့အစည်းကို အင်္ဂလိပ်ဘာသာဖြင့် အတိုကောက် အက်စကက်ဟု အခေါ်များသည်။ ၁၉၄၇ ခုနှစ် မတ်လ ၂၀ ရက်နေ့က စတင်ဖွဲ့စည်းခဲ့စဉ်က ၁၉၇၄ ခုနှစ် မတ်လနှင့် ဧပြီလ အတွင်း ကိုလံဗိုမြို့၌ ကျင်းပခဲ့သော အီးကဖီး၏ အကြိမ် သုံးဆယ်မြောက် ညီလာခံထောက်ခံမှုဖြင့် ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေး ကောင်စီက အတည်ပြုကာ ၂၇ နှစ် တိုင်တိုင် တည်ရှိခဲ့သော အီးကဖီးမှ အက်စကက်သို့ အမည်ပြောင်းဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။

အက်စကက်၏ ရည်ရွယ်ချက်မှာ ဒုတိယ ကမ္ဘာစစ်ဒဏ် ခံရ၍ ပျက်စီးဆုံးရှုံးသွားရသော အဖွဲ့ဝင် နိုင်ငံများအား ထိရောက်သောအကူအညီ ပေးရန်၊ အဖွဲ့ဝင် နိုင်ငံ အစိုးရများ၊ ကိုယ့်အားကိုယ် ကိုးပြီး စီးပွားရေး တိုးတက်မှုကို စနစ်တကျ ဆောင်ရွက်စေရန်နှင့် ဒေသဆိုင်ရာ နိုင်ငံများ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ နိုင်ငံတကာ အစိုးရများ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အကူအညီ ပေးရန်တို့ ဖြစ်သည်။

အက်စကက်တွင် အဖွဲ့ဝင် ၃၁ နိုင်ငံနှင့် အရန်အဖွဲ့ဝင် ရှစ် နိုင်ငံရှိသည်။ မြန်မာနိုင်ငံသည် ၁၉၄၇ ခုနှစ်နိုဝင်ဘာလတွင် အရန်အဖွဲ့ဝင်ဖြစ်၍ ၁၉၄၈ ခုနှစ် ဇွန်လတွင်အဖွဲ့ဝင်ဖြစ်လာသည်။ မြန်မာနိုင်ငံသည် ကော်မရှင်၏ အင်္ဂမမြောက်နှစ်ပတ်လည် အစည်းအဝေးကို ၁၉၅၂ ခုနှစ် ဇန်နဝါရီလ ၂၉ ရက်နေ့မှ ဖေဖော်ဝါရီလ ၈ ရက်နေ့အထိ အိမ်ရှင်အဖြစ် ရန်ကုန်မြို့၌ လက်ခံကျင်းပခဲ့သည်။ ၁၉၅၉ မှ ၁၉၇၃ ခုနှစ်အထိ ကော်မရှင်၏ အမှုဆောင် အတွင်းရေးမှူးသည် မြန်မာ လူမျိုး ဦးသန့် ဖြစ်သည်။

အီးကဖီးအဖြစ်ဖြင့်စီးပွားရေးကိုသာ ဦးစားပေးဆောင်ရွက်ခဲ့သော်လည်း အက်စကက်အဖြစ် ပြောင်းလဲ ဖွဲ့စည်းလိုက်သောအခါ လူမှုရေးလုပ်ငန်းများပါဆောင်ရွက်သည်။ အာရှနှင့် အရှေ့ဖျားဒေသ အတွက်သာ မဟုတ် ပစိဖိတ် သမုဒ္ဒရာအတွင်းရှိ ကျွန်းများ၊ နိုင်ငံများအတွက်ပါ အကျုံးဝင်လာလေသည်။

စတင် ဖွဲ့စည်းစဉ်က ကော်မရှင် ဌာနချုပ်ကို တရုတ်ပြည် ရှန်ဟဲမြို့၌ ရုံးစိုက်ခဲ့သော်လည်း တရုတ်ပြည် နိုင်ငံရေး အပြောင်းအလဲကြောင့် ၁၉၄၈ ခုနှစ်တွင် ယိုးဒယား နိုင်ငံ ဗန်ကောက်မြို့သို့ ပြောင်းရွှေ့ရုံးစိုက်သည်။

၁၉၄၇ ခုနှစ်မှ ၁၉၅၄ ခုနှစ်များအတွင်းတွင် ကော်မရှင် သည်လိုအပ်သည့် စာရင်းအချက်အလက်များကိုစုဆောင်းခြင်း၊အာရှနိုင်ငံများ၏ စီးပွားရေးအခြေအနေများနှင့် ပတ်သက်သော သတင်းများကို ထုတ်ပြန်ခြင်း၊ ၁၉၅၅ ခုနှစ်မှ ၁၉၅၈ ခုနှစ်များအတွင်း ကော်မရှင်သည်အာရှနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု လုပ်ဆောင်ရာတွင် အထူး အာရုံစူးစိုက်လေ့လာမှုနှင့် သုတေသနမှုများပြုခြင်း၊၁၉၅၉ ခုနှစ်မှ စ၍ သုတေသနပြုမှုနှင့် လေ့လာမှုတို့ကို အခြေခံ၍ နှစ်တို နှစ်ရှည် လုပ်ငန်းများ၊ စီမံကိန်းများ၊ ကျွမ်းကျင်မှုလုပ်ငန်းများ၊ စာရင်းအင်း လိုအပ်ချက် ပူးပေါင်းဆောင်ရွက်မှုများနှင့် စက်မှ လုပ်ငန်း တိုးတက်မှုစသည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်ခြင်း စသည်တို့ကို ဆောင်ရွက်သည်။ ယင်းသို့ ဆောင်ရွက်ရာ၌ကော်မရှင်သည် ဒေအားစိုက်ထုတ်မှုမလုပ်ပဲ

လုပ်ငန်းအလိုက် သင့်လျော်သော အဖွဲ့အစည်းများ ကော်မတီများဖွဲ့၍ အကျိုးဆောင်အဖြစ် ဆောင်ရွက်ပေးသည်။ ယခုအခါ အက်စကက်၌ အောက်ပါလုပ်ငန်းစီမံကိန်း ၁၇ ခု ဆောင်ရွက်လျက်ရှိလေသည်။

၁။ မဲခေါင်မြစ်အောက်ပိုင်းစီမံကိန်း ၂။ အာရှစီးပွားရေးဖွံ့ဖြိုးမှုနှင့် စီမံကိန်း ၃။ အာရှလမ်းမကြီး ပူးပေါင်းဖောက်လုပ်ရေး စီမံကိန်း ၄။ အာရှ ဖွံ့ဖြိုးရေးဘဏ် ၅။ အာရှစက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးစီမံကိန်း ၆။ အာရှကမ်းလွှန်ဒေသ သယ်ဇာတပစ္စည်းများ ရှာဖွေရေး ပူးဆောင်ရွက်ရေး ၇။ အာရှနိုင်ငံတကာဆိုင်ရာ ကုန်စည်ပြပွဲများ ဂ။ တိုင်ဖွန်းလေမုန်တိုင်း ကာကွယ်ရေး ၉။ အာရှအုန်းစိုက်ပျိုး ရောင်းဝယ်ရေး ၁၀။ ဒေသဆိုင်ရာ ကြေးနန်းဆက်သွယ်ရေး လုပ်ငန်းလေ့လာရေး ၁၁။ အာရှစာရင်းအင်းဆိုင်ရာ သင်တန်းကျောင်း ၁၂။ ကူးသန်းရောင်းဝယ်မြှင့်တင်ရေး ၁၃။ အရှေ့တောင်အာရှ သံနှင့် သံမဏိလုပ်ငန်း ၁၄။ အာရှမီးရထားလမ်း စီမံကိန်း ၁၅။ ငရုတ်ကောင်း စိုက်ပျိုးရောင်းဝယ်ရေး ၁၆။ အာရှဆိုင်ရာ အုပ်ချုပ်မှု တိုးတက်ရေး ၁၇။ အာရှစာရင်းအင်း ရှင်းလင်းရေးတို့ ဖြစ်သည်။

ယင်းတို့အနက် မဲခေါင်မြစ်အောက်ပိုင်း စီမံကိန်းနှင့် အာရှဖွံ့ဖြိုးရေးဘဏ် (အေဒီဘီ) တို့သည် အရေးပါသော စီမံကိန်းများ ဖြစ်ကြသည်။

အီကွေတိုရီရယ်ဂင်းနီသမ္မတနိုင်ငံ။ ။အာဖရိကတိုက်၌ တည်ရှိ၍ မြောက်ဖက်တွင် ကမ္မရွန်းနိုင်ငံနှင့် တောင်ဖက်တွင် ဂါဗွန်နိုင်ငံတို့တည်ရှိသည်။ အကျယ်အဝန်းအားဖြင့် ၁၀,၇၃၂ စတုရန်းမိုင်ရှိပြီး ၁၉၇၅ ခုနှစ် ခန့်မှန်းခြေ အရလူဦးရေ ၃၁၀,၀၀၀ ရှိသည်။ မြို့တော်မှာ မာလဗိုမြို့ဖြစ်လေသည်။



နိုင်ငံ၏လူဦးရေအများစုမှာ ဗရင်ဂျီဘာသာဝင်များဖြစ်ကြသည်။ စပိန်ဘာသာကို ရုံးသုံးဘာသာအဖြစ် ပြဋ္ဌာန်းထားသော်လည်း လူများစုက အာဖရိကဘာသာစကားကို သုံးစွဲကြသည်။ အဓိကပြင်ပတင်ပို့ကုန်များမှာ ကိုကိုးနှင့်အထပ်သားအတုံက် သစ်များဖြစ်သည်။

၁၉၆၈ ခုနှစ် အောက်တိုဘာ ၁၂ ရက်နေ့တွင် စပိန်လက်အောက်မှ အချုပ်အခြာအာဏာပိုင်သော လွတ်လပ်ရေးကို ရရှိသည်။ ၁၉၆၀ ပြည့်နှစ်မှစ၍ ဒေသအလိုက်ရွေးကောက်ပွဲများကို ပြုလုပ်ခြင်းဖြင့် ကိုယ်ပိုင်အုပ်ချုပ်ရေးနှင့် လွတ်လပ်ရေးကို တဆင့်ပြီးတဆင့် ရရှိလာခဲ့ခြင်းဖြစ်သည်။ ပထမဆုံးသမ္မတအဖြစ်ရွေးကောက်တင်မြှောက်ခြင်းခံရသူ မာဆီးနဂိုးမာဗိုင်ယိုကိုအား ၁၉၇၂ ခုနှစ်တွင် ရာသက်ပန်သမ္မတအဖြစ် ခန့်အပ်သည်။

နယ်စပ်ပြဿနာကြောင့် ကမ္မရွန်းနိုင်ငံ၊ ဂါဗွန်နိုင်ငံတို့နှင့် ဆက်ဆံရေးမှာ ခပ်တန်းတန်းဖြစ်သွားခဲ့ပြီး ၁၉၇၆ ခုနှစ်၌ အမေရိကန်ပြည်ထောင်စုနှင့် သံတမန်အဆက်အသွယ်ပြတ်ခဲ့သည်။ သို့ရာတွင် ရုရှ၊ တရုတ်၊ မြောက်ကိုရီးယားနိုင်ငံများနှင့် ပုံမှန်အတိုင်း ဆက်ဆံလျက်ရှိသည်။

အီကွေတိုရီရယ်ဂင်းနီနိုင်ငံသည် ၁၉၆၈ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်နေ့တွင် ၁၂၆ နိုင်ငံမြောက် ကုလသမဂ္ဂအဖွဲဝင်နိုင်ငံဖြစ်၍ အာဖရိကညီညွတ်ရေးအဖွဲဝင်နိုင်ငံလည်းဖြစ်သည်။

အီဂျစ်အာရပ်သမ္မတနိုင်ငံ။ ။(၁၄–၄၃၀ — ရှု။) အီဂျစ်အာရပ် သမ္မတနိုင်ငံ၏ လက်ရှိသမ္မတသည် မိုဟာမက် အန္နဝါအယ်ဆဒတ် ဖြစ်၍ ဝန်ကြီးချုပ်မှာ ဗန်ဒူဆလပ် ဖြစ်သည်။ (ဆ ဒတ်, အန္နဝါ — ရှု။) အီဂျစ်နိုင်ငံ၏ လူဦးရေမှာ ၁၉၇၆ ခုနှစ် ခန့် မှန်းခြေ အရ ၃၇,၀၀၀,၀၀၀ဖြစ်သည်။



၁၉၇၃ ခုနှစ် အောက်တိုဘာလတွင် အီဂျစ်နိုင်ငံသည် အင္ဂလိယယ်နိုင်ငံနှင့် စတုတ္ထအကြိမ် စစ်ဖြစ်ပွားသည်။ ယင်းစစ်ပွဲတွင် အီဂျစ်တပ်များက ဆူးအက်တူးမြောင်း အရှေ့ဖက်ကမ်းရှိ ဆိုင်းနိုင်းဒေသအတွင်းသို့ ကိုးမိုင်အထိ ထိုးဖောက် သိမ်းယူနိုင်ခဲ့သည်။ အင္ဂလိယယ်တပ်များကလည်း တူးမြောင်း အနောက်ဖက်ကမ်းရှိ အီဂျစ်နယ်မြေအချို့ကို တိုက်ခိုက်သိမ်းယူနိုင်ခဲ့သည်။ ထိုနှစ်အောက်တိုဘာလ ၂၃ ရက်နေ့တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အရ နှစ်ဦးနှစ်ဖက် အပစ်အခတ် ရပ်စဲခဲ့ကြသည်။ ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့၌ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး ညီလာခံကို ကျင်းပပြီးလျှင် ယင်းညီလာခံမှ ဆုံးဖြတ်ချက်များအရ ဆူးအက်တူးမြောင်းတလျှောက်ရှိ အီဂျစ်နှင့် အင္ဂလိယယ် တပ်များ ဆုတ်ခွာပေးရေးအတွက် ကုလသမဂ္ဂမှ ကိုယ်စားလှယ်ကြီးမှူးသည့် နှစ်နိုင်ငံပူးတွဲစစ်ကော်မရှင်ကို တာဝန်လွှဲပေးခဲ့သည်။ ယင်းပူးတွဲကော်မရှင်မှ ညှိနှိုင်း ဆွေးနွေးချက်များအရ ၁၉၇၄ ခုနှစ် ဇန္နဝါရီလ ၁၈ ရက်နေ့တွင် ကိုင်ရိုဆူးအက် လမ်းမကြီးပေါ်ရှိ ၁၀၁ ကီလိုမီတာ စခန်း၌ အီဂျစ် အင္ဂလိယယ်နှစ်နိုင်ငံ စစ်ဖက်ဆိုင်ရာ ကိုယ်စားလှယ်များသည် ကုလသမဂ္ဂ

အရေးပေါ် တပ်ဖွဲ့မှူး၏ ရွေးမျောက်၌ တပ်များဆုတ်ခွာပေးရေး သဘောတူညီချက်ကို လက်မှတ် ရေးထိုးကြသည်။

နှစ်ဖက် စစ်တပ်များ အကြား၌ ကုလသမဂ္ဂ တပ်ဖွဲ့များက ၁၁ ကီလိုမီတာကျယ်သော ကြားခံဒေသဖြင့် ပိုင်းခြား စောင့်ကြပ်နေခဲ့သည်။ အီဂျစ်နိုင်ငံသည် ၁၉၆၇ ခုနှစ် အာရပ် အင်္ဂရီယယ် စစ်ပွဲဖြစ်စဉ်က ပိတ်ထားခဲ့သော ဆူးအက် တူးမြောင်းကို ပြန်လည် ထိန်းသိမ်းခွင့်ရခဲ့ပြီးနောက် ၁၉၇၅ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင် နိုင်ငံတကာ ရေကြောင်း သွားလာမှုအတွက် ဖွင့်လှစ် ပေးနိုင်ခဲ့သည်။ (ဆူးအက်တူးမြောင်း—ရှု။)

ဒုတိယအဆင့် တပ်များ ရုပ်သိမ်းပေးရေးမှာမူ ရုတ်တရက် အကောင်အထည် ပေါ်မလာနိုင်ပဲ ရှိရာမှ ၁၉၇၅ ခုနှစ် သြဂုတ်လအတွင်းတွင် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ကစ်ဆင်းဂျာ၏ကြိုးပမ်းချက်အရ ၁၉၇၅ ခုနှစ် စက်တင်ဘာ ၄ ရက်နေ့တွင် အီဂျစ်အင်္ဂရီယယ် ကြားဖြတ် သဘောတူညီချက်ကို ဂျီနီဗာမှို့၌ နှစ်နိုင်ငံ ကိုယ်စားလှယ်များက တရားဝင် လက်မှတ်ရေးထိုးကြသည်။

အီဂျစ်နိုင်ငံသည် ၁၉၇၁ ခုနှစ်တွင် ရုရှနိုင်ငံနှင့် မဟာမိတ်အဖြစ် ပူးပေါင်းဆောင်ရွက်ရေး စာချုပ်ကို လက်မှတ် ရေးထိုးခဲ့ရာမှ ရုရှနိုင်ငံသည် အီဂျစ်အပေါ် စစ်ရေးနှင့် စီးပွားရေး အထောက်အကူ ပေးရာ၌ အကြပ်ကိုင်သည့် သဘော သက်ရောက်လာသဖြင့် ၁၉၇၆ ခုနှစ် မတ်လ ၁၅ ရက်နေ့တွင် ၁၉၇၁ ခုနှစ်က ရုရှနှင့် ချုပ်ဆိုသောစာချုပ်ကို ရပ်စဲလိုက်လေသည်။

ယင်းသို့မကြေငြာမီနှင့် ကြေငြာပြီးသည့် နောက်ပိုင်း ၁၉၇၅–၇၆ ခုနှစ်အတွင်းတွင် အီဂျစ် သမ္မတ ဆဒတ်သည် အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်၊ အနောက်ဂျာမနီ၊ အီတလီ၊ ဩစတြီးယားနိုင်ငံတို့သို့သွားရောက်၍ စီးပွားရေးနှင့်စစ်ရေး အကူအညီများကို ကြိုးပမ်းရယူခဲ့သည်။ ဆအူးဒီအာရေဗျ၊ အိုမန်၊ ဗာရိန်း၊ ကူဝိတ်၊ ကော့တာ စသည့် အာရပ်နိုင်ငံတို့နှင့်လည်း မဟာမိတ်ဖွဲ့၍ ငွေကြေး အကူအညီကိုရယူခဲ့သည်။ တရုတ်ပြည်သူ သမ္မတ နိုင်ငံနှင့်လည်း ချစ်ကြည်ရေးကို ရရှိခဲ့သဖြင့် အီဂျစ်နိုင်ငံအတွက် စစ်လေယာဉ်အင်ဂျင် အလုံး ၃၀ နှင့် အပိုပစ္စည်းများ လက်ဆောင်ရခဲ့သည်။

သမ္မတ ဆဒတ်လက်ထက်၌ အီဂျစ်ပိုင်နယ်မြေအချို့ကို အင်္ဂရီယယ်က ဆက်လက် သိမ်းပိုက်ထားမြဲဖြစ်သည့်အပြင် ငြိမ်းချမ်းရေးလည်း မရ၊ စစ်လည်းမတိုက်ရသော အခြေအနေတွင် ရပ်တန့်နေသည်။ ထို့ကြောင့် ၁၉၇၇ ခုနှစ်နိုဝင်ဘာလ ၂၀–၂၁ ရက်နေ့များတွင် သမ္မတ ဆဒတ်ကိုယ်တိုင် အင်္ဂရီယယ် နိုင်ငံသို့ သွားရောက်၍ အင်္ဂရီယယ် ဝန်ကြီးချုပ် ဗယ်ဂင်နှင့် တွေ့ဆုံပြီးလျှင် အရှေ့အလယ်ပိုင်း ဒေသ၌ ငြိမ်းချမ်းရေး ရရှိစေရန် ဦးတည်ဆွေးနွေးသည်။

ယင်းသို့ အနှစ် ၃၀ နီးပါးမျှ ရန်ဘက်ဖြစ်ခဲ့ရသော အင်္ဂရီယယ်နိုင်ငံသို့ ပထမဆုံးအကြိမ်အဖြစ် သွားရောက် ဆွေးနွေးခြင်းကို ကမ္ဘာ့နိုင်ငံအတော် များများက ထောက် ခံချီးကျူးကြသော်လည်း ရုရှနှင့် အာရပ်နိုင်ငံ အချို့က ပြင်းထန်စွာ ရှုတ်ချခဲ့ကြသည်။ (အင်္ဂရီယယ်နိုင်ငံ — ရှု။)

သို့သော် သမ္မတ ဆဒတ်သည် ၁၉၇၃ ခုနှစ်က မပြီးပြတ်ခဲ့သော အရှေ့အလယ်ပိုင်း ဒေသ ငြိမ်းချမ်းရေး ဂျီနီဗာကွန်ဖရင့်ကို ဆက်လက် ကျင်းပနိုင်ရန်အတွက် ကိုင်ရိုမြို့တွင် အကြိုငြိမ်းချမ်းရေး ဆွေးနွေးပွဲ ကျင်းပရန် ဆက်လက် စီစဉ်သည်။ အာရပ်နိုင်ငံများက ယင်းကိုင်ရို ဆွေးနွေးပွဲကို မတက်ရောက်ပဲ သပိတ်မှောက်ရန် ထရိပိုလီမြို့တွင် ၁၉၇၇ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့၌ တွေ့ဆုံညှိနှိုင်းကြသည်။ ဆီးရီးယား၊ လစ်ဗျ၊ အယ်လဂျီးရီးယားနှင့် တောင်ယေမင် လေးနိုင်ငံနှင့် ပယ်လက်စတိုင် ပြောက်ကျားအဖွဲ့တို့ သဘော တူညီချက်စာချုပ် ချုပ်ဆို၍ အီဂျစ်ကို သံတမန်ဖြတ်ရန် ဆုံးဖြတ်ကြသည်။ အီဂျစ်နိုင်ငံကလည်းလေးနိုင်ငံသံတမန် အဆက်ဖြတ်လိုက်သည်။ တဆက်တည်းမှာပင် အီဂျစ်၏ ငြိမ်းချမ်းရေးလုပ်ဆောင်ချက်ကို အနှောင့်အရှက်ပြု၍ ဆန့်ကျင်နေကြသည်ဟု ယူဆပြီးအီဂျစ်နိုင်ငံမြို့ကြီးများရှိ ရုရှနှင့် အရှေ့ဥရောပနိုင်ငံများမှ ကောင်စစ်ဝန်ရုံးများ၊ ယဉ်ကျေးမှု ဌာနများကို အီဂျစ်အစိုးရက ၁၉၇၇ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် ပိတ်လိုက်ကြောင်း ကြေငြာသည်။

၁၉၇၇ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် ကိုင်ရိုမြို့၌ ငြိမ်းချမ်းရေး အကြိုဆွေးနွေးပွဲကို တရားဝင် ဖွင့်လှစ်ကျင်းပသည်။ ၁၉၇၇ ခုနှစ် ဒီဇင်ဘာလ ၂၅ ရက်နေ့တွင်အင်္ဂရီယယ် ဝန်ကြီးချုပ် ဗယ်ဂင်နှင့် သမ္မတ ဆဒတ်တို့သည် အီဂျစ်နိုင်ငံ အစွမ်းလီးယားမြို့၌ တွေ့ဆုံဆွေးနွေးကြပြန်သည်။ အင်္ဂရီယယ်တို့ သိမ်းယူထားသော အီဂျစ်နယ်မြေများကို ပြန်လည် ပေးအပ်မည်ဟူသော ကမ်းလှမ်းချက်ကိုရရှိသော်လည်းပယ် လက်စတိုင်နိုင်ငံထူထောင်ပေးရေးတို့နှင့် စပ်လျဉ်း၍ သဘော ကွဲလွဲနေဆဲပင်ဖြစ်သည်။

အီသီအိုးပီးယားဆိုရှယ်လစ်နိုင်ငံ။ ။(၁၄–၄၅၉—ရှု။) အီသီအိုးပီးယား ဆိုရှယ်လစ်နိုင်ငံတွင် ၁၉၇၆ ခုနှစ် ခန့်မှန်းခြေအရလူဦးရေ ၂၇,၆၇၅,၀၀၀ ရှိသည်။



အီသီ အိုး ပီး ယား နိုင် ငံ ၏ စစ် အ စိုး ရ ခေါင်းဆောင် ဗိုလ်ချုပ် ကြီး အာ မန် မိုက်ခယ် အန်ဒွမ်သည် ၁၉၇၄ ခု နှစ်နိုဝင်ဘာလ ၂၃ ရက်

နေ့တွင် အသတ်ခံရပြီး နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ဗိုလ်မှူးချုပ် တဖာရီဗင်တီကို စစ်အစိုးရဥက္ကဋ္ဌအဖြစ် စစ်ကောင်စီက ခန့်ထားလိုက်သည်။ စစ်ကောင်စီကို ကြီးကြပ်ကွပ်ကဲသူမှာ ဗိုလ်မှူးကြီးမင်ဂျစ်စတူ ဟေလီမေရီယံဖြစ်သည်။

ဗိုလ်ချုပ် တဖာရီ ဗင်တီသည် ၁၉၇၆ ခုနှစ် ဒီဇင်ဘာလ အတွင်း ဗိုလ်မှူးကြီး မင်ဂျစ်စတူ ဟေလီမေရီယံအား အာဏာလျော့နည်းသွားအောင်ကြိုးပမ်းခဲ့သဖြင့် ဗိုလ်ချုပ်ဗင်တီနှင့် ဗိုလ်မှူးကြီး မင်ဂျစ်စတူတို့ သဘော ကွဲလွဲခဲ့ကြသည်။ ယင်း သဘောကွဲလွဲမှုကို အခြေခံ၍ မကျေနပ် ဖြစ်ကြပြီး ၁၉၇၇ ခုနှစ် ဖေဖွဲ့ဝရီလ ၃ ရက်နေ့တွင် တဖက်နှင့် တဖက် အပြန်အလှန်ပစ်ခတ်ကြရာ ဗိုလ်ချုပ်ဗင်တီနှင့် အပေါင်းပါ ခြောက်ဦးတို့ ကျဆုံးခဲ့သည်။ထိုအရေးအခင်းနှင့်စပ်လျဉ်း၍ အဒစ်အဗာဗာရေဒီယိုမှ တရားဝင် ကြေငြာရာ၌မူ ဖြုတ်ချရန် ကြံစည်မှုဖြင့် ဗိုလ်ချုပ် ဗင်တီနှင့် အပေါင်းပါ ခြောက်ဦး တို့အား သေဒဏ်ပေးလိုက်ကြောင်း ဖော်ပြထားသည်။

ဗိုလ်မှူးကြီး မင်ဂျစ်စတူသည် အီသီအိုးပီးယားနိုင်ငံ၏ စစ်ကောင်စဥက္ကဋ္ဌနှင့် အစိုးရအဖွဲ့ အကြီးအကဲ ဖြစ်လာသည်။ အီသီအိုးပီးယားနိုင်ငံ၏ ပြည်နယ် တခုဖြစ်သော အီရစ်ထရီးယားပြည်နယ်သည် ၁၉၆၂ ခုနှစ်မှစ၍ လက်နက်ကိုင် တော်လှန်တိုက်ခိုက်သည်။ အီရစ်ထရီးယား အရေးအခင်းနှင့် စပ်လျဉ်း၍ အီသီအိုးပီးယားနိုင်ငံသည် မြောက်ဖက်ရှိဆူဒန်နိုင်ငံ၊ အရှေ့ဖက်ရှိ ဆိုမာလီနိုင်ငံတို့နှင့် ဆက်ဆံရေးပျက်ပြားခဲ့ရသည်။

အီသီအိုးပီးယားနှင့်ဆိုမာလီယာနိုင်ငံတို့သည်ကား အစဉ်အလာအရ ပြိုင်ဖက်များဖြစ်ကြသည်။နယ်မြေ ပိုင်ဆိုင်ရေးနှင့်ပတ်သက်ပြီး ၁၉၆၃ ခုနှစ်မှ စတင်၍ နှစ်နိုင်ငံ နယ်စပ်တိုက်ပွဲများ ဖြစ်ပွားခဲ့ကြသည်။ နယ်စပ်တိုက်ပွဲများသည် အပစ်အခတ်ရပ်စဲလိုက်၊ ပြန်လည်တိုက်ခိုက်လိုက်နှင့် အဆက်မပြတ် ဖြစ်ပွားလာခဲ့သည်။ ယင်း နယ်စပ်တိုက်ပွဲများသည် ၁၉၇၇ ခုနှစ် နှစ်ဦးပိုင်းတွင် စစ်ရှိန်မြင့်လာပြီး ၁၉၇၇ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့မှစ၍ အပြင်းအထန် တိုက်ခိုက်လာကြသည်။ပထမတွင် ဆိုမာလီ ပြောက်ကျားတို့က အသာစီးရနေသည်။ ထို့ကြောင့် အီသီအိုပီးယားနိုင်ငံ အကြီးအကဲ ဗိုလ်မှူးကြီး မင်ဂျစ်စတူက အရေးပေါ် စစ်ပြင်ဆင်မှုများ ပြုလုပ်ရန်နှင့် စစ်အင်အား တိုးခွဲရန် နှိုးဆော်ထားသည်။

အီသီအိုးပီးယားနိုင်ငံသည် အရင်းရှင်အုပ်စု၌ နှစ်ပေါင်း ၃၀ ခန့် ရပ်တည်ခဲ့ပြီးနောက် ယခုအခါတွင် ဆိုရှယ်လစ် အုပ်စုဖက်သို့ ကူးပြောင်းလျက် ရှိသည်။ အီသီအိုးပီးယားနိုင်ငံကို မတ်ဝါဒအခြေခံသော ပြည်သူဒီမိုကရေစီ သမ္မတနိုင်ငံအဖြစ် ထူထောင်မည်ဖြစ်ကြောင်း၊ စီးပွားရေးနှင့်အုပ်ချုပ်ရေးလုပ်ငန်းအားလုံးကို ဗဟိုမှ ချုပ်ကိုင်ခြင်းအားဖြင့် ဆိုရှယ်လစ်စနစ်တည်ဆောက်ရေးဖက်သို့ခြေတလှမ်း နီးကပ် လာခြင်းဖြစ်ကြောင်း ဗိုလ်မှူးကြီး မင်ဂျစ်တူးက ၁၉၇၇ ခုနှစ် နှစ်ဦးတွင် ပြောကြားခဲ့သည်။ ဗိုလ်မှူးကြီးမင်ဂျစ်စတူသည် အီသီအိုးပီးယားနိုင်ငံတွင်းရှိ ဘဏ်များ၊ အသက်အာမခံလုပ်ငန်းများ၊ စက်ရုံအလုပ်ရုံကြီးများနှင့် မြေယာများကို နိုင်ငံပိုင်ပြုလုပ်ခဲ့သည်။ ဌေကြေးစနစ်ကိုလည်း ပြုပြင်ပြောင်းလဲခဲ့သည်။ အလုပ်သမားဥပဒေအသစ်ကိုရေးဆွဲ၍ ပြဋ္ဌာန်းပေးခဲ့လေသည်။

အူးဗရစ်, ဝေါ်လတာ (ခရစ် ၁၈၉၃ ဖွား)။ ။ ဂျာမန်ဒီမိုကရက်တစ် သမ္မတနိုင်ငံ (အရှေ့ဂျာမနီနိုင်ငံ)၏ သမ္မတကြီး ဝေါ်လတာ အူးဗရစ်သည် ၁၈၉၃ ခုနှစ်တွင် ဖွားမြင်သည်။ ၁၉၁၀ ပြည့်နှစ်မှစ၍ ဂျာမနီနိုင်ငံ၏ အလုပ်သမားများ သမဂ္ဂဝင်တဦးဖြစ်ခဲ့သည်။ ၁၉၁၉ ခုနှစ်တွင် ဂျာမန် ကွန်မြူနစ်ပါတီဝင်ဖြစ်လာပြီးနောက် ရုရှနိုင်ငံ မောစကိုမြို့သို့ သွားရောက်ခဲ့လေသည်။ထိုမှ ဂျာမနီနိုင်ငံသို့ ပြန်လည် ရောက်ရှိသောအခါတွင် ဂျာမန် ကွန်မြူနစ်ပါတီ၏ နိုင်ငံရေးဌာနတွင် ဌာနမှူးအဖြစ် ဆောင်ရွက်ရလေသည်။ ဒုတိယ ကမ္ဘာစစ်ကြီးပြီးဆုံး၍ ဂျာမနီနိုင်ငံ၏ အမျိုးသားကော်မတီဟူ၍ ဖွဲ့စည်းသောအခါ ဝေါ်လတာ အူးဗရစ်သည် အဖွဲ့ဝင်တဦးဖြစ်လာသည်။ ၁၉၄၆ ခုနှစ် မေလ အတွင်း၌ ဂျာမန်ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဆိုရှယ်လစ်ညီညွတ်ရေးပါတီ ဗဟိုကော်မတီ ဌာနချုပ်၏ အတွင်းရေးမှူးများအဖဲတွင် အဖွဲ့ဝင်တဦးအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရလေသည်။၁၉၄၆ ခု၊ အောက်တိုဘာလတွင် ဂျာမန်ဒီမိုကရက်တစ်သမ္မတ နိုင်ငံ၏ ပြည်သူ့လွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်း ခံရသည်။၁၉၄၈ ခု ဧပြီလ၌ ဂျာမန်ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပြည်သူကောင်စီ၏ လက်အောက်ရှိ ဗဟိုစီးပွားရေး ကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခြင်းခံရသည့်ပြင် ဂျာမန်ဆိုရှယ်လစ် ညီညွတ်ရေးပါတီ ဗဟိုကော်မတီတွင် ပထမအတွင်းရေးမှူးလည်း ဖြစ်လာသည်။

၁၉၆၀ ပြည့်နှစ် စက်တင်ဘာလ ၇ ရက်နေ့တွင် အရှေ့ဂျာမနီနိုင်ငံ၏ သမ္မတဖြစ်သူ ဝီလဟိန်ပီးယက် ကွယ်လွန်သောအခါ သမ္မတ ရာထူးကို ပယ်ဖျက်၍ နိုင်ငံတော်ကောင်စီ ဟူ၍ အစားထိုး ဖွဲ့စည်းရာ ဝေါ်လတာအူးဗရစ်သည် နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခြင်းခံရလေသည်။

အေစီယင်။ ။(အရှေ့တောင် အာရှနိုင်ငံများအဖွဲ့ — ရှု။)

အေဒီဘီ။ ။(အာရှဖွံ့ဖြိုးရေးဘဏ်—ရှု။)


ကျွန်ပျော်
ကျောင်းကုန်း
ပန်းထင်နှာ
ပုသိမ်အနောက်
ပုသိမ်
ပုသိမ်အရှေ့
ပုသော
ဝါးဝယ်မ
ကျိုက်ထက်
ဒေးဝရ်
ဒုတိုထထေး
ဒုတိုထထေး
ဒေ
ရာ
ဝ
တီ
မြစ်

ရောဝတီတိုင်း

ရောဝတီတိုင်း။ ။မြန်မာနိုင်ငံ၏ အသက်သွေးကြောရော ဝတီမြစ်ကြီး၏ မြစ်ဝကျွန်းပေါ် ဒေသသည် **ရောဝတီတိုင်း** ဖြစ်သည်။ မြေပြန့် မြေကျယ် ပေါများ၍ မြစ်ချောင်းများလည်း ကွန်ခြာသဖွယ် ယှက်သန်း နေကြသည်။ သို့သော် ရခိုင်ကမ်းမြောင်ဒေသ အောက်ပိုင်းနှင့် ရခိုင်ရိုးမတောင်ထိပ်ကြောင့် အရှေ့ဖက်ပိုင်းတို့လည်း တစိတ်တဒေသ ပါဝင်သည်။ အနောက်ဖက်နှင့် အနောက်မြောက်ဖက်၌ ဗင်္ဂလားအော်နှင့် ရခိုင်ပြည်နယ်၊ မြောက်ဖက်နှင့် အရှေ့မြောက်ဖက်၌ ပဲခူးတိုင်း၊အရှေ့ဖက်၌ ရန်ကုန်တိုင်းတို့ဖြင့် ဝိုင်းရံလျက်ရှိပြီး တောင်ဖက်တွင် ကပ္ပလီ ပင်လယ်ကို အခြေပြုထားသည်။ ပင်လယ်နှင့် နီးကပ်၍ မြေပြန့်ဒေသ ဖြစ်သဖြင့် မိုးကောင်းစွာ ရရှိ၍ အပူအအေး မျှတသည်။

ရောဝတီတိုင်း၏ အကျယ်အဝန်းမှာ ၁၃,၅၆၇ စတုရန်း မိုင်ဖြစ်၍ မြို့နယ် ၂၆ မြို့နယ်ကျေးရွာ အုပ်စု ၂,၁၂၉ အုပ်စုတို့ဖြင့် ဖွဲ့စည်းထားသည်။ တိုင်းအတွင်း မီတင်းနေထိုင်လျက်ရှိကြသော လူဦးရေမှာ ၎င်းသန်းကျော်ဖြစ်၍ ကရင်နှင့် မြန်မာ တိုင်းရင်းသားတို့သည် အများစု ဖြစ်သည်။ တိုင်း၏ မြို့တော်မှာ ပုသိမ်မြို့ဖြစ်၍ ပင်လယ်ကူး သင်္ဘောကြီးများ ဝင်ထွက်ဆိုက်ကပ် နိုင်သော ဆိပ်ကမ်းမြို့ကြီး ဖြစ်သည်။

တိုင်းအတွင်း ပါဝင်သော မြို့နယ်တို့မှာ ပုသိမ်အရှေ့၊ ပုသိမ်အနောက်၊ သာပေါင်း၊ ငပုတော၊ကျုံပျော်၊ ရေကြည်၊ ကျောင်းကုန်း၊ ဟသံ်ဝတ၊ ဇလွန်၊လေးမျက်နှာ၊ မြန်အောင်၊ ကြံခင်း၊ အင်္ဂပူ၊ မြောင်းမြ၊ အိမ်မဲ၊ လပွတ္တာ၊ ဝါးခယ်မ၊ မော်လမြိုင်ကျွန်း၊ မအူပင်၊ ပန်းတနော်၊ ညောင်တုံး၊ဓနုဖြူ၊ ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်၊ ဒေးဒရဲ တို့ဖြစ်သည်။

မြေဆီသြဇာ ကြွယ်ဝသော မြေနုကျွန်းပေါ် ဒေသဖြစ်၍ စပါး၊ မြေပဲ၊ ဂုန်လျော်၊ ဆေး၊ ငရုတ်၊ ကြက်သွန်၊ ပဲမျိုးစုံတို့ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းသည်။ လယ်ယာလုပ်ငန်းသည် အဓိက စီးပွားရေး လုပ်ငန်းဖြစ်၍ မြန်မာနိုင်ငံ၌ စပါးထွက်အကောင်းဆုံးသော တိုင်းဖြစ်သည်။ ဂုန်လျော် အများဆုံးထွက်သော တိုင်းလည်းဖြစ်သည်။ အုန်းသီး၊ ငှက်ပျောသီး အထွက်နှုန်းလည်း အလွန်ကောင်းသည်။ တိုင်းအတွင်း၌ ကျွန်းနှင့် သစ်မာထုတ်လုပ်မှု အတော်အသင့်ရှိ၍ သစ်နှင့် မီးသွေး ထုတ်လုပ်နိုင်သော လမု၊ ကနစို၊ စသော ဒီရေတောများလည်း ရှိသည်။

ရောဝတီတိုင်း၏ နာမည်ကြီးသော အခြားလုပ်ငန်း တမျိုးမှာ ရေထွက်ပစ္စည်း လုပ်ငန်းဖြစ်သည်။ မြစ်ချောင်းအင်းအိုင် အများအပြားရှိ၍ သားငါး ပုဇွန်ပေါပေါများများ ထွက်သဖြင့် ငါးပိ၊ ငါးခြောက်၊ ပုဇွန်ခြောက် လုပ်ငန်းများလည်း အကြီးအကျယ် လုပ်ကိုင်ကြသည်။ ရေချိုငါး ဖမ်းလုပ်ငန်းအပြင် ပင်လယ်ငါးဖမ်းလုပ်ငန်းကိုလည်း ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်ကြသည်။ ကြက်၊ ဘဲ မွေးမြူရေး လုပ်ငန်းများလည်း ဖွံ့ဖြိုးသည်။ လပွတ္တာမြို့နယ်မှ ငါးပိ ငါးခြောက် ပုစွန်ခြောက် လုပ်ငန်းအပြင် ဆားလုပ်ငန်းကိုလည်း ကြီးကြီးကျယ်ကျယ် လုပ်ကိုင်ကြသည်။

ချည်ထည်လုပ်ငန်း၊ သင်ဖြူး၊ သင်ဖျာ လုပ်ငန်းများလည်း ရောဝတီတိုင်းအတွင်း လုပ်ကိုင်ကြသည်။ ပုသိမ်မြို့မှ ပုသိမ်ထီး လုပ်ငန်းကလည်း နိုင်ငံခြား ပြည့်သည်များစိတ်ပါ ဝင်စားသော လုပ်ငန်းတခု ဖြစ်သည်။ မြန်အောင် ရေနံလုပ်ငန်းနှင့် ကြံခင်း ဗီလတ်မြေစက်ရုံ စီမံကိန်းတို့သည် အောင်မြင်လျက် ရှိသည်။ ပုသိမ်မြို့တွင် မှန်ပြားစက်ရုံ လုပ်ငန်းတည်ဆောက်လျက် ရှိသည်။ တိုင်းအတွင်း စက်ရုံ၊ အလုပ်ရုံ ၅၀ နီးပါးရှိရာ ဆန်စက်နှင့် လျှပ်စစ် ဓာတ်အားပေးစက်များက အများစုဖြစ်သည်။

မြန်မာနိုင်ငံ၏မြောက်ပိုင်း ကချင်ပြည်နယ်၌မြစ်ဖျားခံသော ရောဝတီမြစ်ကြီးသည် ကချင်ပြည်နယ်စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်းတို့ကို ဖြတ်သန်းကာ မြစ်ခွဲခြောင်းခွဲများစွာ ယှက်ဖြာထွက်ပြီး ရောဝတီ မြစ်ဝကျွန်းပေါ်ဒေသကို ဖြစ်ပေါ်စေလျက် ကပ္ပလီပင်လယ်ထဲသို့ စီးဝင်သည်။ သို့ဖြစ်၍ ရေလမ်းခရီးသည် ရောဝတီတိုင်း၏ အဓိက လမ်းပန်းဆက်သွယ်ရေးဖြစ်သည်။ မီးရထားလမ်းဟူ၍ ကြံခင်း၊ဟသံ်ဝတ၊ ပုသိမ်တလမ်းတည်းသာ ရှိသည်။ လမ်းပန်းဆက်သွယ်ရေးပို၍ ချောမောစေရန် ပုသိမ် အနောက် ရှောပြာချောင်းသာ ကားလမ်းမကြီးကို ဖောက်လုပ်ခဲ့သည်။ အပြီးမသတ်သေးသော ပုသိမ် မုံရွာကားလမ်းမကြီးသည် ထက်အောက် မြန်မာနိုင်ငံ ကူးလူးဆက်ဆံရေးနှင့် ကုန်စည်ပို့ဆောင်ရေးတွင် အလွန် အသုံးကျအရေးပါပေလိမ့်မည်။

ရောဝတီတိုင်းသည် နိုင်ငံတော်အတွက် အရေးပါသော ထွက်ကုန်ပစ္စည်းများ ထွက်ရှိထုတ်လုပ်ပေးလျက် ရှိသဖြင့် စီးပွားရေး အမြင်အရ နိုင်ငံ၏ အသက်သွေးကြောဒေသကြီးဟုခေါ် ဆိုထိုက်သည်။

နိုင်ငံရေးအမြင်အရလည်း ရောဝတီတိုင်းသားတို့၏ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တို့သည် အဆင့်မနိမ့်လှပေ။ နယ်ခြားတို့ မြစ်ဝကျွန်းပေါ်ဒေသသို့ ထိုးဖောက်ဝင်ရောက်လာမှုကို ဓနုဖြူတိုက်ပွဲဖြင့် အားမတန်သော မာန်မလျှော့ပဲ တွန်းလှန်ခဲ့ကြသည်။ ယင်းတိုက်ပွဲတွင် ကရင်နှင့် မြန်မာတို့သာမက မွန်အမျိုးသားတို့လည်း ပါဝင်ခဲ့သည်။ ဆရာစံခေါင်းဆောင်သော တောင်သူလယ်သမား အရေးတော်ပုံ၌လည်း ဒေးဒရဲနယ် ထန်းတောကြီးမှ ရောဝတီ တိုင်းသားတို့က ဇာတိသွေး ပြခဲ့ကြသည်။ ဖက်ဆစ်တော်လှန်ရေး အတွက် ရောဝတီ တိုင်းအတွင်း၌ အရေးပါသော စည်းရုံးရေးနှင့် တော်လှန်ရေး လုပ်ငန်းများကို လုပ်ဆောင်ခဲ့ကြပေသည်။

အော်တိုမေးရှင်း။ ။အော်တိုမေးရှင်း ဆိုသည်မှာ အလိုအလျောက်ဆောင်ရွက်နိုင်သော စက်ကရိယာများကို ရည်ညွှန်း၍ တီထွင်ထားသော ဝေါဟာရဖြစ်သည်။ သိပ္ပံပညာ ထွန်းကားလာသောအခါ လူ့ခွန်အားနှင့် ဆောင်ရွက်ရသောကိစ္စများ၌ စက်စွမ်းအားကိုအစားထိုးလာကြသည်။ သို့ရာတွင် စက်စွမ်းအားကို စေခိုင်းရာ၌ လူမပါပဲမပြီးချေ။

အော်တိုမေးရှင်းဟူသော ဝေါဟာရကို စတင်သုံးစွဲသူမှာ အမေရိကန်ဖွံ့ဒ်မော်တော်ကားကုမ္ပဏီမှ ဒီအက်စဟာဒါဆိုသူ ဖြစ်သည်။ ၁၉၄၆ ခုနှစ်တွင် ဖွံ့ဒ်ကုမ္ပဏီသည် မော်တော်ကားအစိတ်အပိုင်းများကို အလိုအလျောက်ထုတ်လုပ်ပေးနိုင်စွမ်းရှိသည့် စက်များကိုတီထွင်ခဲ့သည်။ ယင်းစက်များကို အော်တိုမေးရှင်းစက်ဟု အမည်ပေးခဲ့သည်။

အော်တိုမေးရှင်း စနစ်အရ စက်ကရိယာ အပိုင်းများ ထုတ်လုပ်ရာ၌ ကွန်ပျူတာစက်များ၏ အကူအညီကို ယူ၍ ထုတ်လုပ်ကြသည်။ အခြား ကုန်ထုတ်လုပ်ငန်းများ၌လည်း အော်တိုမေးရှင်းစနစ်ကို သုံးကြသည်။

လက်ဖြင့် ထိန်းချုပ်ညွှန်ကြား လုပ်ကိုင်ဆောင်ရွက်ရာ၌ လူက စက်ကရိယာတန်ဆာပလာတို့ကို ဂရုမမူပြု၍ ကြည့်ရှုစောင့်ကြပ်ပေးရ၏။ စက်ဖြင့် ထိန်းချုပ်သောအခါ လူ့ပယောဂမပါပဲ ကိစ္စပြီးနိုင်မည်။ အလိုအလျောက် ထိန်းချုပ်သော စနစ်ကို ဥဒါဟရဏ်အားဖြင့် ပြဆိုရလျှင် လျှပ်စစ်မီးဖိုကို ပြဆိုရလိမ့်မည်။ လျှပ်စစ်မီးဖိုစနစ်၌ မီးဖိုသည် ချက်ပြုတ်ခြင်းလုပ်ငန်းစဉ် အဆင့်ဆင့်ကို ပြုပြင်စီမံရသော အပိုင်း ဖြစ်သည်။ အာရုံခံ ကရိယာကား အပူချိန်ညှိကရိယာဖြစ်သည်။ ထိန်းချုပ်ကရိယာကား အဖွင့်အပိတ်ခလုတ်ပင် ဖြစ်သည်။ ဤလုပ်ငန်း၌ အလိုအလျောက်ဆောင်ရွက်နိုင်သော အစီအစဉ်ရှိ၏။ အပူချိန်ညှိကရိယာက လိုအပ်သော အပူဒီဂရီထက်ကျော်လွန်ပြီဟုသိအောင် အာရုံကိုခံယူသည်။ ဤသို့အာရုံခံယူ၍ သိရသောအသိကို ခလုတ်ထံသို့ သတင်းပေးပို့သည်။ ထိုအခါ ခလုတ်က မီးဖိုကိုပိတ်လိုက်၏။ အပူချိန်သည် လိုအပ်သည့် ဒီဂရီသို့ မရောက်ပဲ ကျသွားပြန်လျှင် အထက်ပါနည်းအတိုင်း အပူချိန်ညှိကရိယာက အကြောင်းကြားသဖြင့် ခလုတ်ပြန်၍ ပွင့်လာသည်။ ဤနည်းဖြင့် အပူချိန်သည် လျှပ်စစ်မီးဖို သုံးစွဲမှု အလိုရှိသောဒီဂရီတွင် တသမတ်တည်း တည်လေသည်။ လျှပ်စစ်မီးဖိုထက် ပို၍နူးညံ့သိမ်မွေ့သော အလိုအလျောက်စက်တို့၌ အပူချိန်ကို ခလုတ်ဖြင့် ညှိပေးရန်ပင် မလိုတော့ချေ၊ မိမိဖာသာမိမိ အပူချိန်ကို တသမတ်တည်း ထား၍ ပေးနိုင်သည်။

အလိုအလျောက် စက်များကို စက်ကရိယာ တန်ဆာပလာ ထုတ်လုပ်ရေး၌ အသုံးပြုနိုင်သည်။ လေယာဉ်ပျံနှင့် ဆိုင်သော တန်ဆာပလာတို့ကို ထုတ်လုပ်ရာ၌ ကွန်ပျူတာစက်တို့၏ အကူအညီကိုယူ၍ ထုတ်လုပ်လျက်ရှိ၏။ မော်တော်ကားများကို ထုတ်လုပ်ရာ၌ စုပေါင်း တပ်ဆင်မှုစနစ်ကို အသုံးပြုလျက်ရှိရာ ယင်းအလို့ငှာ အော်တိုမေးရှင်းနည်းနိသျတို့သည် အလွန်အသုံးဝင်သည်။ အခြားစက်မှုလုပ်ငန်းများ၊ မီးရထားလုပ်ငန်း၊ လေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ သတ္တုတူးဖော်ရေးလုပ်ငန်း၊ အထည်အလိပ် ရက်လုပ်ခြင်း လုပ်ငန်း၊ ဆေးသုတ်ခြင်း လုပ်ငန်း၊ စက်ကရိယာတို့ကို စစ်ဆေးစမ်းသပ်ခြင်း လုပ်ငန်း၊ ရိက္ခာထုတ်လုပ်မှုလုပ်ငန်း စသည်တို့တွင် အော်တိုမေးရှင်းစနစ်ကို သုံးသည်။ ထိုမျှမကသေး၊ လက်လီရောင်းဝယ်ရေးစနစ်တွင် ကုန်ပစ္စည်းစာရင်း၊ လက်ကျန်စာရင်း၊ စာတိုက်မှ မှာယူသော ကုန်ပစ္စည်းစာရင်း၊ အရောင်းစာရင်းစသည်တို့ကို ထားသိုသော ကိစ္စများ၌ရင်း၊ ကုန်စည်သိုလှောင်ရုံစနစ်တွင် လူမပါပဲ လျှပ်စစ်ဖြင့် အလိုအလျောက် ခုတ်မောင်းသော ပို့ဆောင်ရေး ယာဉ်များ စသည်တို့ကို ထိန်းသိမ်းထားရှိသော ကိစ္စများ၌ရင်း အော်တိုမေးရှင်းစနစ်ကို သုံးစွဲလျက် ရှိနေကြသည်။

ဩဘာသောင်း၊ဒေါ် (ခရစ် ၁၈၉၈–၁၉၇၁)။ ။မြန်မာ့အက တီထွင်မှုတွင် ကဗျာလွတ် မိခင်ကြီးဟု ထင်ရှားခဲ့သူ ဒေါ် ဩ ဘာသောင်းကို ၁၈၉၈ ခုနှစ် ဧပြီလ ၁၁ ရက် တန လ်ာ နေ့တွင် ရန်ကုန်မြို့ အဖ အင်ဂျင်နီယာဦးစံဒုန်း အမိဒေါ်သာလီ တို့မှ မွေးဖွားခဲ့သည်။ အမည် ရင်း မှာ မသောင်း တင် ဖြစ်လေသည်။



မြန်မာအကပညာရှင် ဒေါ်ဩဘာသောင်း

ဩဘာသောင်း ငယ်စဉ်ကပင် အဆိုအက ဝါသနာထုံခဲ့သည်။ သဘင်မျိုးရိုးမဟုတ်သော်လည်း အတီးအမှုတ် ဝါသနာပါသော ဖခင်ဖြစ်သူက အားပေးသဖြင့် အငြိမ့်သဘင်လောကသို့ ရောက်၍လာခဲ့ခြင်း ဖြစ်သည်၊ ကလေးဘဝကပင် ရန်ကုန်ကြက်တန်း ဘုရားဖြူဆရာတော် ပျံတော်မူရာ ရေကျော် ဆီဆုံတန်းယိမ်းတွင် ပါဝင်ကပြရာမှ အကကောင်းသူအဖြစ် ချီးမွမ်းခြင်းခံရသည်။

ဩဘာသောင်း ၁၃ နှစ် သမီးအရွယ်တွင် မိခင်ကွယ်လွန်သွားသဖြင့် ဖခင်ဖြစ်သူနှင့်အတူ မန္တလေးသို့ ပြောင်း

ရွှေလာကြသည်။ အကအခုန် ဝါသနာကြီးသည့် သမီး ဖြစ်သူကိုလည်း အဆိုအကတွင် ထွန်းထွန်းပေါက်ပေါက် ဖြစ်စေရန် ထိုခေတ်က ပန်တျာကျောင်းကဲ့သို့ သင်ကြားပေး နေသော ပေါက်ပေါက်တန်းဇာတ် စာရေးဆရာ ဦးထွန်းရထဲ အဆိုအက ပညာမျှသင်ကြားခဲ့ရသည်။ ငါးလခန့်အကြာ တွင် အငြိမ့်တငြိမ့်မှ သဘောကျသဖြင့် ခေါ်ယူခဲ့ရာ ၁၄ နှစ် သမီးအရွယ်မှာပင် အငြိမ့်မင်းသမီး ဖြစ်လာခဲ့သည်။ ဆရာ ဖြစ်သူ ရွေးချယ်ပေးသည့်အမည်မှာ ဩဘာသောင်းတင် ဖြစ်သော်လည်း နောက်တွင် ဩဘာသောင်း အမည်ဖြင့် သာ ထင်ရှားကျော်ကြား ခဲ့လေသည်။

ဩဘာသောင်း အငြိမ့်လောကသို့ မဝင်ရောက်မီက အငြိမ့် မင်းသမီးကြီးများမှ သီချင်းကြီး၊ သီချင်းခန့်၊ မြို့ဝင် ထ၊ ဘောလယ်များ သီဆို၍ ငြိမ့်ညောင်းသာယာသော တေးသံဖြင့် ညက်ညက် ညောညော ကကြသော်လည်း ဩဘာသောင်း အငြိမ့်စင်ပေါ်သို့ ရောက်ရှိလာသည့်အခါ တေးထပ် မြို့ဝင်ထ တို့ကို ပစ်ပယ်ပြီး ယောကျ်ားများ စိတ် လှုပ်ရှားစေသည့် စန်ကော်ထူး၊ ဘာဂီတင်၊ ကာတစ်စသည့် သီချင်းများ သီဆိုကပြခဲ့ရာ အဆိုအတီး မြူးမြူးကြွကြွ၊ အက,ကလည်း သွက်သွက်လက်လက်ဖြင့် အငြိမ့်ခေတ် တခေတ် ပြောင်းခဲ့သည်။

ဩဘာသောင်းအငြိမ့် ကလေရာတွင် ကျောင်းသား များ၊ ကာလသားများ ဝိုင်းဝိုင်းလည်ခဲ့သည်အထိ စန်းထ ခဲ့သည်။ သို့ကြောင့်ပင် ဇာတ်မင်းသား ဖိုးစိန်ကြီးက မင်းသမီးကို အရှုးအမူး ဖြစ်နေကြသည့် လူငယ်များကို သတိပေးသော အနေဖြင့် ဇာတ်သမကို မခင်တွယ်ကြနဲ့ သဘင်သည် ဝေးရာကကြည့်ဆိုသည့် သီချင်းသီဆို၍ ဥက္ကာ သေနမယ်ရွှေဇာတ်ကို ကပြခဲ့ရသည်ဟု အဆိုရှိခဲ့သည်။

အဆစ်ကျဲကျဲကရာမှာ လေဘာတီမြရင် အကောင်းဆုံး၊ အဆစ် စိပ်စိပ်ကရာမှာ ဩဘာသောင်းအကောင်းဆုံးဟု အငြိမ့်သဘင်လောကတွင် ပြောစမှတ်ပြုခဲ့ရသည်။ မင်းသမီး မထွေးလေး၊ မင်္ဂလာ သိန်းညွှန့်၊ မစံထား၊ မစံရှား၊ ဇာတ် မင်းသား ဦးစိန်အုပ်စသည်ထင်ရှားသောမင်းသား မင်းသမီး များ၊ ရွာစားကြီး စိန်ဗေဒါ၊ အဆိုတော်ဆရာမှန် စသည့် ဂီတပညာရှင်များထံမှအဆိုအကပညာများ သင်ယူခဲ့သည်။ ဩဘာသောင်းကိုယ်တိုင် စန္ဒယား၊ပတ္တလား၊ ဟွန်းတယော ဂီတတူရိယာများ တီးနိုင်သူဖြစ်သည်။

ဖခင်ကြီးက ရုပ်သေး မင်းသမီးကြိုးဆွဲဆရာ ဆရာမှန် ကို အိမ်သို့ပင့်ဖိတ်ခေါ်ယူ သင်ကြားပေးသည်။ ဆရာမှန်၏ မင်းသမီးရုပ်ကို အတုယူကပြရာမှ ခြေလက်ခေါင်းခါး မင်း သမီးဂုဏ်အနေအထားတွင် လှုပ်ရှားသူအဖြစ် နာမည် ကျော်ကြားခဲ့သည်။ အသက် ၃၀ နှစ်တွင်ခင်ပွန်းသည်၏ ဆန္ဒအရ အငြိမ့်လောကမှ အနားယူခဲ့ရသည်။

၁၉၅၃ ခုနှစ် မန္တလေး ပန်တျာကျောင်း စတင်ဖွင့်လှစ် သည့် အခါ အကနည်းပြဆရာအဖြစ် တာဝန်ယူသင်ကြား ခဲ့ရသည်။ ဒေါ်ဩဘာသောင်းသည် ကဗျာလွှတ်အကကို လည်း မင်းသား ရွှေဒေါင်းညို၊ စိန်လှမောင်တို့နှင့် ညှိနှိုင်း တိုင်ပင်တီထွင်ခဲ့ရာ မြန်မာအက သမိုင်းတွင် မှတ်တမ်း တင်ခြင်း ခံရသည်အထိ အောင်မြင်ကျော်ကြားခဲ့သည်။ ကဗျာလွှတ်မိခင်ကြီး ဝဏ္ဏကျော်ထင် ဒေါ်ဩဘာသောင်း သည် ၁၉၇၁ ခုနှစ် ဇန္နဝါရီလ ၁ ရက်နေ့တွင် မန္တလေးမြို့၌ ကွယ်လွန်သည်။

အိုပက်။ ။ (ရေနံ တင်ပို့ရောင်းချသော နိုင်ငံများ အဖွဲ့—ရှု။)

အက်စကက်။ ။ (အာရှနှင့် ပစိဖိတ်ဒေသ စီးပွားရေး နှင့် လုံခြုံရေးကော်မရှင်—ရှု။)

အက်စပါရန်တို။ ။ကမ္ဘာသူ ကမ္ဘာသားအချင်းချင်းတို့ ပြောဆိုရေးသား ဆက်သွယ်ကြသောကိစ္စ၌ အားလုံး နားလည်လေအောင် ကြံဆတီထွင်သော ကမ္ဘာသုံးစကား (၀၊) ကမ္ဘာသုံးစာကို အက်စပါရန်တိုဟူ မှည့်ခေါ်ထား သည်။ ထိုကမ္ဘာသုံးစာကို ဆေးပညာနှင့် ဘာသာပေဒ ပညာရပ်နှစ်ခုစလုံးကို နိုင်နင်းစွာ တတ်ကျွမ်းသော ရှုရှ အမျိုးသား လုဒ္ဝစ်ဇာမင်နော့ (၁၈၅၉–၁၉၁၇)က တီထွင် သည်။ တီထွင်ရာ၌ ထားရှိသော အာသီသမှာ ကမ္ဘာသူ ကမ္ဘာသားအချင်းချင်း စကားတမျိုးတည်း၊စာတမျိုးတည်း နှင့် ပြောဆိုရေးသားဆက်ဆံလျှင် မျိုးရိုးဇာတိ ကွဲပြား ခြားနားသည်ကို အကြောင်းပြု၍ ပေါ် ပေါက်သော အာဃာတ တရားများ ပပျောက်၍ ငြိမ်းချမ်းရေး ရကြပါစေ ဟူသော အာသီသဖြစ်သည်။

နိုင်ငံချင်းချင်း ဆက်ဆံရာ၌ နားလည်စေရန် ရည်ရွယ်၍ နိုင်ငံတကာသုံး ဘာသာစကားတခုတည်းကို ကြံဆခဲ့သည် မှာ ခရစ်နှစ်ရာစုခေတ် ဂရိဒဿနိကပညာရှင် ဂါလင်နှင့် ဆိုကရေးတီးတို့ လက်ထက်ကပင် စတင်သည်ဟု ဆိုကြ သည်။ ၁၂ ရာစုခေတ်၌လည်း တျူတန်နစ်အန္ဒယ်မင်းညီ မင်းသားတို့သည် တကမ္ဘာလုံးက သုံးစွဲနိုင်သောဘာသာ စကားကို ကြံဆကြသည်။ ဥရောပနိုင်ငံတွင် စွယ်စုံကျမ်းကို ရွေးဦးစွာ ပြုစုခဲ့သော ဒေးကတ်သည်လည်း ဤသို့ကြံစည် ဘူးသည်ဟု ဆိုသည်။ ပြင်သစ်စာပေပညာရှင် ဗော်လတဲ ယားသည်လည်း ကမ္ဘာသုံးဘာသာစကားတီထွင်ရန် လှုံ့လ ထုတ်ခဲ့သည်။ ဂျာမန် ဒဿနိကဗေဒပညာရှင် အီမန်နျူယယ် ကန့်(၁၇၂၄–၁၈၀၄)ကလည်း ယင်းကဲ့သို့ ကြံဆတီထွင် သောအရာတို့ကို ထောက်ခံအားပေးသည်။

ဇာပင်နေ့ကို ရုရှအမျိုးသားဟု ဆိုသော်လည်း သူ၏ မူလဇာတိမှာ ပိုလန်နိုင်ငံ ဖြစ်သဖြင့် ပိုလန်လူမျိုးတို့က အက်စပါရန်တိုတီထွင်သူသည် ပိုလန်အမျိုးသားဖြစ်သည်ဟု မှတ်ယူကြသည်။ အက်စပါရန်တိုသည်ပိုလန်နိုင်ငံဝါဆောမြို့၌ ပင်ကွယ်လွန်သည်။ အက်စပါရန်တိုကိုတီထွင်၍စာတမ်းထုတ် ဝေရာ၌စာပေပညာတ်ခြင်း ကျပ်တည်းလှသောကြောင့် ဇာမင် နေ့သည်ပထမ၌ရုရှဘာသာဖြင့်ရေးပြီးလျှင် နောက်ပိုင်းမှာ မှ ပိုလန်နိုင်ငံ ဘာသာစကားဖြင့် ရေးသည်။ ဒုတိယကမ္ဘာစစ် အတွင်း၌ နာဇီတို့က အက်စပါရန်တိုဘာသာကို နှိပ်ကွပ် ပညတ်ကြသည်။ စစ်ကြီးပြီးသောအခါမှသာ အက်စပါရန်တို လှုပ်ရှားမှုကို ပိုလန်နိုင်ငံ၌ ပြန်၍ဖော်နိုင်ကြသည်။ ယခုအခါ ပိုလန်နိုင်ငံ အက်စပါရန်တို ယူနီယံသည် ကုလသမဂ္ဂ ယူနက်စကိုအဖွဲ့၏ အတိုင်ပင်ခံဖြစ်သော ကမ္ဘာ့ အက်စပါ ရန်တို ယူနီယံနှင့် ဆက်သွယ်ထားသည်။

အင်ဒိုနီးရှားသမ္မတနိုင်ငံ။ ။(၁၅–၂၁၀—ရှ။)အင် ဒိုနီးရှား သမ္မတနိုင်ငံသည် အရှေတောင်အာရှနိုင်ငံ ဖြစ်ပြီး



ကမ္ဘာပေါ်တွင် အကြီး ကျယ်ဆုံး ကျွန်းစုနိုင်ငံ ဖြစ်သည်။ ကျွန်းကြီး ငါးကျွန်းနှင့် ကျွန်းငယ် ပေါင်း ၁၃,၆၇၇ ရှိသော အင်ဒိုနီးရှား နိုင်ငံသည် အရှေ့မှ အ နောက် သို့ မိုင် ပေါင်း ၃၂၀၀၊ မြောက်မှ တောင်သို့ မိုင်ပေါင်း ၁၂၀၀ ကျယ်ဝန်းပြီးစတုရန်း မိုင်ပေါင်း ၇၄၄,၀၀၀ ရှိသည်။ ၁၉၇၆ ခုနှစ် ခန့်မှန်းခြေအရ လူဦးရေ ၁၃၉,၆၂၀,၀၀၀ ရှိသည်။ အများစုမှာ အစ္စလာမ် ဘာသာကို ကိုးကွယ်ကြသည်။

သမ္မတ ဆူဟာတို့ လက်ထက်တွင် ကွန်မြူနစ်ပါတီကို ချေမှုန်းပစ်ပြီးနောက် အင်ဒိုနီးရှားတနိုင်ငံလုံးတွင်မည်သည့် ပါတီအဖွဲ့အစည်းကိုမဆို ပိတ်ပင်လိုက်ကြောင်း ကြေငြာ ခဲ့သည်။ သမ္မတဆူဟာတို့နှင့် အစိုးရသစ် ပထမဆုံး ရင်ဆိုင် ရသော ပြဿနာမှာ ယိုယွင်းကျဆင်းနေသော စီးပွားရေး အခြေအနေကို ကျော်လွှားရန်ဖြစ်သည်။

ယခင်က အင်ဒိုနီးရှားနိုင်ငံကို ဦးဆောင်ခဲ့သော သမ္မတ ဟောင်းဆူကာနိုခေတ် ကျဆုံးသွားခဲ့ရှိန်တွင် အင်ဒိုနီးရှား နိုင်ငံသည် စီးပွားရေးညွှန်တွင်း နှစ်မြုပ်နေရာ အမေရိကန် ဒေါ်လာသန်းပေါင်း ၂၄၀၀ ကျော်ခန့် နိုင်ငံခြားကြွေးမြီ တင်ရှိနေသည်။ ထို့ကြောင့် နိုင်ငံခြားကြွေးမြီများ၊ အတိုး များကတဖက်၊ ပြည်တွင်း ပြန်လည်တည်ဆောက်ရေးက တဖက်နှင့် လုံးချာလည်နေသည်။ လောလောဆယ် စီးပွား

၁၉ ရာစုနှစ်တွင် ခရစ်ယန် ဘုန်းတော်ကြီးတဦးဖြစ် သော ဖားသားရှက်ယာသည် ဗိုလာပွစ် အမည်ရှိသော ကမ္ဘာသုံးဘာသာကို တီထွင်သည်။ သို့ရာတွင် ယင်းတီထွင် မှုမှာ ရှုပ်ထွေးခဲယဉ်းလှသောကြောင့် မအောင်မြင်ခဲ့ချေ။

၁၈၇၃ ခုနှစ်တွင် ဇာမင်နော့သည် ဒေါက်တာအက် စပါရန်တို ဟူသော နာမည်ဝှက်ဖြင့် နိုင်ငံတကာသုံး ဘာ သာစကားအမည်ရှိသော စာတမ်းတစောင်ကို ရေးသားထုတ် ဝေသည်။ မကြာမီ ယင်းကမ္ဘာသုံး ဘာသာစကားသည် ရုရှနိုင်ငံ၊ ဂျာမနီနိုင်ငံနှင့် အမေရိကန် ပြည်ထောင်စုတို့တွင် ခေတ်စားလာသည်။ ဒေါက်တာ အက်စပါရန်တိုဟူသော အမည်ကို စွဲ၍လည်း ယင်းဘာသာစကားကို အက်စပါ ရန်တို ဟူ၍ အများက ခေါ်ဝေါ် သမုတ်ကြလေသည်။

၁၉၅၂ ခုနှစ်တွင် အက်စပါရန်တိုဘာသာကို သုံးစွဲကြ သူတို့၏ ဦးရေသည် နိုင်ငံပေါင်း ၃၂ နိုင်ငံ၌ ၂၀၀,၀၀၀ ခန့် ရှိသည်ဟု ခန့်မှန်းသည်။ ၁၉၆၀ ပြည့်နှစ်သို့ရောက်သော် ယင်းလူဦးရေမှာ ၅၀၀,၀၀၀ အထိ တိုးသည်။ အက်စပါ ရန်တို ဘာသာစကားသည် ရေးသား ပြောဆိုရာ၌ရင်း၊ သံကြိုးရိုက်ရာ၌ရင်း လွန်စွာ လွယ်ကူသည်။ ထို့ကြောင့် ကုန် စည်ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အစည်းအဝေးကြီးများ၌ ယင်းဘာသာစကားကို သုံးလေ့သုံးထ ပြုကြသည်။ ထိုဘာ သာစကားဖြင့် အသံလွှင့်သည်မှာလည်း အောင်မြင်သည်။ ဒုတိယ ကမ္ဘာစစ်ပြီးသည့် နောက်ပိုင်းတွင် အသံလွှင့်ချာန ပေါင်း ၂၀ တို့က ယင်းဘာသာဖြင့် အသံလွှင့်ကြသည်။

ဗြိတိသျှ အက်စပါရန်တိုအသင်း စာကြည့်တိုက်၌ အက်စပါရန်တိုဘာသာဖြင့် ရေးသားထားသော စာအုပ် စာတန်းပေါင်း ၃၀,၀၀၀ ခန့်ကို စာရင်းတင်ထားသည်။ ယင်းတို့တွင် မူရင်းစာပေနှင့် ဘာသာပြန်စာပေတို့ ပါဝင် ကြ၏။ သိပ္ပံမဂ္ဂဇင်း ခုနစ်စောင်၊ ရှစ်စောင်ခန့်သည်လည်း အက်စပါရန်တိုဘာသာနှင့်ပင် ထုတ်ဝေသည်။

ကမ္ဘာသုံး ဘာသာစကားတို့ကို တီထွင်ကြသည့် အရာ၌ အက်စပါရန်တိုသည် အခြား တီထွင်ချက်တို့ထက်ပို၍အောင် မြင်သည်။ အဘယ်ကြောင့်ဆိုသော် တီထွင်ရာ၌ သဒ္ဒါနည်း ဘို့ကို တသမတ်တည်းဖြစ်အောင် ရိုးရိုးနှင့်ရှင်းရှင်းတီထွင်နိုင် ခြင်းကြောင့် ဖြစ်သည်။ ထို့ပြင် စကားတို့၏ အခြေခံဖြစ် သော ဓာတ်ပစ္စည်းများကို ကြံဆရာ၌ ဥဆောပတိုက်၌ သုံး စွဲနေကြသော ဘာသာရပ်ကြီးများမှ ထုတ်နုတ်သုံးစွဲသဖြင့် လည်း အများကရိပ်မိနားလည်နိုင်ကြသောသဘောရှိသည်။

၁၉၀၇ ခုနှစ်တွင် ပဲရစ်မြို့၌ ယင်းအက်စပါရန်တိုကို ပြုပြင်၍ အီဒို ဟု ခေါ်ဝေါ်အပ်သော ဘာသာစကားကို တီထွင်ရန် ကြံစည်ကြသည်။ သို့ရာတွင် နောက်အသစ် ထပ်မံပြုပြင်သော အက်စပါရန်တိုကို အက်စပါရန်တိုအသစ် ဟု ခေါ်ဆိုပြီးလျှင် ယင်းကိုပင် ဆက်လက်သုံးစွဲသည်။

ရေးပြဿနာ အခက်အခဲကို ယာယီဖြေရှင်းသည့်အနေဖြင့် ငွေစက္ကူများ ရိုက်နှိပ်ထုတ်ဝေလိုက်သည်။

သမ္မတဆူဟာတို့ ဦးဆောင်သော အင်ဒိုနီးရှား အစိုးရသစ်သည် လူဦးရေတိုးနှုန်း မြင့်မားမှုကိုလည်း အကြီးဆုံး ပြဿနာတရပ်အဖြစ် ရင်ဆိုင်ခဲ့ရသည်။ ထို့ကြောင့် အစိုးရအနေဖြင့် မိသားစု စီမံကိန်းကို ချမှတ်ကာ ယင်းစီမံကိန်း အကောင်အထည်ဖော်ရေးအတွက် ဘဏ္ဍာငွေ ၁၅.၆ သန်းမျှ သုံးစွဲရန် သတ်မှတ်ထားသည်။

ဓာတ်ဆီ၊ အုန်းဆီ၊ သကြား၊ လျှော်မှုန့်၊ ရော်ဗာ၊ ကိုနိုင်တို့မှာ ခေတ်သစ် အင်ဒိုနီးရှားနိုင်ငံ၏ အဓိကထွက်ကုန်များဖြစ်သည်။ ရွှေ၊ ငွေ၊ သံဖြူ၊ ရေနံ၊ ကျောက်မီးသွေးစသော တွင်းထွက် သတ္တုများအပြင် ကျွန်း၊ ပျဉ်းကတိုး၊ အီဘိုနီ၊ စန္ဒကူး၊ ကရမက် စသော အဖိုးတန် သစ်များလည်း ထွက်သည်။ ရေနံသည် အင်ဒိုနီးရှားနိုင်ငံ၏ ပထမအကြီးဆုံး နိုင်ငံခြားငွေရှာပေးနေသောကုန်ဖြစ်ပြီး၊ ဒုတိယမှာ သစ်ဖြစ်သည်။ ၁၉၇၆ ခုနှစ်တွင် သစ်ကုဗပေ ၂၂ သန်းမျှ နိုင်ငံခြားသို့ တင်ပို့ရောင်းချရန် လျာထားရာ ဒေါ်လာသန်း ဂဝဝ မှ သန်း ၁၀၀၀ အကြား ရရှိဖွယ် ရှိမည်ဟု သစ်တောဌာနမှ ခန့်မှန်းသည်။

သမ္မတဆူဟာတို့သည် ပြည်တွင်းနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး တည်ငြိမ်မှုရအောင် ဆောင်ရွက်ရင်း တဖက်တွင်လည်း နိုင်ငံခြားရေးဝါဒ အရေးကြီးကြောင်း နားလည်လက်ခံသူဖြစ်သည်။ မလေးရှားဆန့်ကျင်ရေးဝါဒကို ၁၉၆၆ ခုနှစ် ဩဂုတ်လတွင် တရားဝင်အပြီးသတ်ခဲ့ပြီး ၁၉၆၇ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့တွင် အင်ဒိုနီးရှားနှင့် မလေးရှား အချိန်ပြည့် သံတမန် ဆက်သွယ်မှု ပြုခဲ့သည်။ ရက်မျှား မကြာမီစင်္ကာပူနှင့် သံတမန်ဆက်သွယ်မှုပြုသည်။ ၁၉၆၅ ခုနှစ် ဇန္နဝါရီလ ၁၉ ရက်နေ့က အင်ဒိုနီးရှား နိုင်ငံသည် ကုလမဟာအဖွဲ့မှ နုတ်ထွက်ခဲ့ရာ ၁၉ လအကြာ ၁၉၆၆ ခုနှစ် စက်တင်ဘာလ ၂၀ ရက်နေ့တွင် ပြန်လည် ဝင်ရောက်ခဲ့သည်။ အင်ဒိုနီးရှားနှင့် ကွန်မြူနစ်နိုင်ငံများ ဆက်ဆံရေးသည် စက်တင်ဘာလ ၃၀ အရေးအခင်းဖြစ်စက တန့်သွားခဲ့ရာမှ ယခုအခါ ပုံမှန်ဆက်ဆံရေး တိုးတက်လာသည်။ အင်ဒိုနီးရှားနှင့် တရုတ်ပြည်သူ သမ္မတနိုင်ငံ၊ ဆိုဗီယက်နိုင်ငံတို့ ဆက်သွယ်မှု ပိုမို တိုးတက်လာသည်။ အမေရိကန် ပြည်ထောင်စု အပါအဝင်အနောက်ဖက် ဒီမိုကရေစီ နိုင်ငံများနှင့်လည်း ရင်းနှီးချစ်ကြည်မှုရအောင် ကြိုးစားဆောင်ရွက်သည်။ ၁၉၇၆ ခု အင်ဒိုနီးရှား နိုင်ငံသည် နိုင်ငံရေးရော စီးပွားရေးပါ တည်ငြိမ်မှု ရလာလေသည်။

၁၉၇၅ ခုနှစ်မှစ၍ ပေါ်တူဂီပိုင် အရှေ့တီမောအရေးနှင့် စပ်လျဉ်း၍ အခင်း ဖြစ်ပွားခဲ့ရာ ၁၉၇၆ ခုနှစ် ဇူလိုင်လ ၁၇ ရက်နေ့တွင် အရှေ့တီမောကို အင်ဒိုနီးရှားနိုင်ငံ၏ ၂၇ ခု မြောက် ပြည်နယ်အဖြစ် ကြေငြာ နိုင်ခဲ့သည်။ (တီမောကျွန်း—ရှု။)

အိုင်အယ်အို။ ။ (အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့—ရှု။)

အစ္စလာမ်မာဗတ်မြို့။ ။အစ္စလာမ်မာဗတ်မြို့သည် ပါကစ္စတန်သမ္မတနိုင်ငံ၏ မြို့တော်သစ် ဖြစ်သည်။ ယခင် အနောက်ပါကစ္စတန်မြောက်ပိုင်း အနန့်တနပ်ခရိုင်တွင် ရှိ၍ မြောက်လတ္တီတွဒ် ၃၃° ၄၀′ နှင့်အရှေ့လောင်ဂျီတွဒ် ၇၃° ဂ′ တို့ ဆုံရာတွင် တည်ရှိသည်။

ပါကစ္စတန်အစိုးရ အစဉ်အဆက်တို့ ရုံးစိုက်ရာ တောင်ဖက်ပင်လယ်ကမ်းရိုးတန်းပေါ် ရှိကရာချီမြို့သည် ၁၉၆၀ ပြည့်နှစ်မှစ၍ မြို့တော်အဖြစ်မှ ရပ်ဆိုင်းသွားခဲ့ပြီး မြောက်ဖက်ကုန်းတွင်းပိုင်းရှိ တောင်စခန်းမြို့ ဖြစ်သော ရဝါပင်ဒီမြို့သို့ ယာယီပြောင်းရွှေ့ရုံးစိုက်သည်။ ပါကစ္စတန်သမ္မတ အယ်ဒမ်ခန်သည် ရဝါပင်ဒီမြို့ မြောက်ဖက် ၁၀ မိုင်ကျော် အကွာရှိ ကျေးရွာ ခြောက်ရွာနေရာတွင် အစ္စလာမ်မာဗတ် ဟူသော အမည်ဖြင့် ၁၉၆၁ ခုနှစ်တွင် မြို့သစ် စတင်တည်ဆောက်ခဲ့သည်။ မြို့အင်္ဂါနှင့်အညီ စနစ်တကျ အကွက်ချ၍ တည်ဆောက်ခြင်းဖြစ်သည်။ ထို့ကြောင့်အဆောက်အဦများမှာ ဗိသုကာပညာ လက်စွမ်းပြ ခေတ်မှီ ထူးခြားလှပကြသည်။ ၁၉၆၄ ခုနှစ်တွင် မြို့လူဦးရေ ငါးသောင်းရှိလာသည်။ ၁၉၇၆ ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေ ၂၃၅,၀၀၀ ရှိနေလေပြီ။

မြို့လူထု သောက်သုံးရန်အတွက် ရေကို မြို့လယ်ရှိ ရဝါရေလှောင်ကန်မှ လှုတ်ပေးသည်။ အစ္စလာမ်မာဗတ်မြို့နှင့် ရဝါပင်ဒီမြို့ နှစ်မြို့အတွက် တနေ့လျှင် ရေဂါလံ ၁၄ သန်း အထိ လှုတ်ပေးရသည်။ ရဝါရေကန်ကြီးသည် အကျယ်စတုရန်း သုံးမိုင်ရှိ၍ အလွန်သာယာလှပသည်။

အစ္စလာမ် မာဗတ်မြို့သည် ပင်လယ် ရေမျက်နှာပြင် အထက် ပေ ၁,၆၅၁ မြင့်၍ပေါ်ဝါးကုန်းပြင်မြင့်ပေါ် ၌တည်ရှိသည်။ တောင်ဖက်တွင် ပန်ဂျပ်နယ် ဆားတောင်တန်း၊ အနောက်ဖက်တွင် အိန္ဒုမြစ်၊ မြောက်ဖက်တွင် ကသ္မီရနယ် ဆိရင်နဂါးမြို့တို့ ရှိကြသည်။

တောင်ဖက်ရှိ လာဟိုမြို့မှ အနောက်မြောက် နယ်စပ် ပက်ရှဝါးမြို့သို့သွားသော မီးရထားလမ်းသည် အစ္စလာမ်မာဗတ်မြို့ကို ဖြတ်၍သွားသည်။

မြို့ပတ်ဝန်းကျင်၌ရှေးဟောင်းဘုရားကျောင်းအိုကျောင်း ပျက်များ အနှံအပြားရှိသဖြင့်၎င်း၊ လှပသော စမ်းတွင်းနှင့် တူးမြောင်းများကြောင့်၎င်း ကမ္ဘာလှည့်ခရီးသည်တို့အလာများသည်။

အင္ဒရီယယ်နိုင်ငံ။ ။(၁၅-၃၃၇—ရှု။) အင္ဒရီယယ်နိုင်ငံသည် ဆိုင်းနိုင်းဒေသ ပြဿနာကို အီဂျစ်နှင့် အသင့်အတင့် ဖြေရှင်း နိုင်ခဲ့သော်လည်း တဖက်တွင် ပယ်လက်စတိုင် ပြောက်ကျားတို့နှင့်တိုက်ပွဲမျှားဆက်လက် ဆင်နွှဲနေရလေသည်။



၁၉၇၇ ခုနှစ် တွင် အင္ဒရီယယ် နိုင်ငံ၌ အ ပြောင်းအလဲများ ပေါ်ပေါက်ခဲ့သည်။ အင္ဒရီယယ်နိုင်ငံ ထူထောင်ချိန်မှစ၍ ၂၉ နှစ် တိုင်တိုင် ဆက်တိုက် အာဏာရခဲ့သော လေဘာပါတီသည် ၁၉၇၇ ခုနှစ် တွင် ကျင်းပသော ရွေးကောက်ပွဲ၌ ပထမဆုံး အကြိမ် ရှုံးနိမ့်ခဲ့ရလေသည်။

၁၉၇၄ ခုနှစ် ဖြိုလတွင် ဝန်ကြီးချုပ် မစ္စစ်ကိုလဒါမေယာ နုတ်ထွက်၍ ယစ်ဇတ်ရာဗင် ဦးဆောင်သည့် အစိုးရအဖွဲ့ တက်လာပြီးသည့်နောက်မှာပင်လေဘာပါတီတွင်း၌ညီညွတ်မှုလျော့နည်းစ ပြုခဲ့သည်။ (မေယာ, မစ္စစ်ကိုလဒါ — ရှု။)

ဂျော်ဒန်မြစ် အနောက်ကမ်းဒေသနှင့် ပတ်သက်သော ပြဿနာရေးရာများ၌ ရာဗင်အစိုးရ အဖွဲ့ဝင် အချင်းချင်း သဘောထား ကွဲလွဲခဲ့ကြသည်။ တဖက်တွင် လေဘာပါတီဝင်များ၏ စာရိတ္တ ပျက်ပြားမှုများ ပေါ်ပေါက်လာခြင်းသည်လည်း လေဘာပါတီအတွက် သိက္ခာကျဆင်းစရာ အကြောင်းဖြစ်ခဲ့သည်။ ပြဿနာအရပ်ရပ်နှင့် ရင်ဆိုင်နေရသော ရာဗင် အစိုးရအဖွဲ့ကို ဘာသာရေးပါတီမှ လွတ်တော် အမတ်များက အယုံအကြည်မရှိ အဆိုတင်သွင်းသဖြင့် ၁၉၇၆ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင်ရာဗင်၏အစိုးရအဖွဲ့ နုတ်ထွက်ပေးခဲ့ရသည်။

၁၉၇၇ ခုနှစ် မေလ ၁၇ ရက်နေ့တွင် နဝမအကြိမ် ရွေးကောက်ပွဲကို ကျင်းပရာ၌ လီယာကွတ် ပါတီ၏ ခေါင်းဆောင် မီနာချင်ဗယ်ဂင် ဦးဆောင်၍ ညွှန့်ပေါင်း အစိုးရအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ (ဗယ်ဂင်, မီနာချင်—ရှု။) ဗယ်ဂင်က လွတ်တော်၌ အရွေအလယ်ပိုင်း ဒေသ ငြိမ်းချမ်းရေးအတွက် ထိပ်သီးညီလာခံ ကျင်းပရန် အီဂျစ်၊ ဆီးရီးယား၊ ဂျော်ဒန်နိုင်ငံ ခေါင်းဆောင်များကို ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်ကို တုံ့ပြန်သောအားဖြင့် ၁၉၇၇ ခုနှစ် နိဝင်ဘာလ ၂၀ ရက်နေ့တွင် အီဂျစ်သမ္မတ အနွှဝါဆဒတ်သည် အင္ဒရီယယ်နိုင်ငံသို့ လာရောက်ကာ အင္ဒရီယယ်နိုင်ငံ ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးသည်။ (ဆဒတ်, အနွှဝါ—ရှု။)

ယင်း ဆွေးနွေးပွဲတွင် နှစ်ဦးနှစ်ဖက်သဘောတူညီချက်အရ ဂျီနီဗာငြိမ်းချမ်းရေးကွန်ဖရင့်ကို ပြန်လည်ကျင်းပနိုင်ရန်အတွက် ရွှေပြေးညှိနှိုင်းဆွေးနွေးပွဲတရပ်ကို ကိုင်ရိုမြို့တွင် ကျင်းပရန် ဆုံးဖြတ်ကြသည်။ ယင်း ကိုင်ရိုဆွေးနွေးပွဲသို့ တက်ရောက်ရန် အင္ဒရီယယ်နိုင်ငံ၊ အာရပ် နိုင်ငံများနှင့် ပယ်လက်စတိုင် လွတ်မြောက်ရေးအဖွဲ့၊ရုရှနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့အား အီဂျစ်က တရားဝင်ဖိတ်ခေါ် ကမ်းလှမ်းခဲ့သည်။ ၁၉၇၇ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် ကိုင်ရိုဆွေးနွေးပွဲကို တရားဝင် စတင်ကျင်းပသော အခါ၌မူ အင္ဒရီယယ်နိုင်ငံမှ ဗင်အဲလစ်ဇာ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ကုလသမဂ္ဂကိုယ်စားလှယ်၊ အမေရိကန်နိုင်ငံ ကိုယ်စားလှယ်နှင့် အီဂျစ်နိုင်ငံ၏ကိုယ်စားလှယ်တို့သာ ပါဝင်ဆွေးနွေးခဲ့ကြလေသည်။ ရှရှ နိုင်ငံက ယင်း ဆွေးနွေးပွဲသည် ဂျီနီဗာကွန်ဖရင့်၏ ဆုံးဖြတ်ချက်ကို ဆန့်ကျင်ရာ ရောက်နေသည်ဆိုကာ မတက်ရောက်ပဲ နေခဲ့သည်။

၁၉၇၇ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် အင္ဒရီယယ် ဝန်ကြီးချုပ် ဗယ်ဂင်သည် အမေရိကန်သမ္မတ ကာတာနှင့် တွေ့ဆုံပြီးလျှင် အရွေအလယ်ပိုင်းငြိမ်းချမ်းရေးနှင့်စပ်လျဉ်း၍ပြဿနာများကို ဖြေရှင်းရန် နည်းလမ်းများ၊ လျာထားချက်များကို တင်ပြဆွေးနွေးခဲ့သည်။ ထို့နောက် ၁၉၇၇ ခုနှစ် ဒီဇင်ဘာလ ၂၅ ရက်နေ့တွင် အီဂျစ်နိုင်ငံ အစ္စမေးလီးယားမြို့၌အီဂျစ်သမ္မတ ဆဒတ်နှင့် အင္ဒရီယယ် ဝန်ကြီးချုပ် ဗယ်ဂင်တို့ တွေ့ဆုံဆွေးနွေးကြပြန်သည်။

ဆဒတ်-ဗယ်ဂင် ဆွေးနွေးပွဲ၌ဝန်ကြီးချုပ် ဗယ်ဂင်၏တင်ပြချက်တွင် အင္ဒရီယယ်က သိမ်းယူထားသော ဂျော်ဒန် အနောက်ဖက်ကမ်း ဒေသနှင့် ဂါဇာကမ်းမြောင်ဒေသတို့၌ အင္ဒရီယယ် စစ်တပ်များကို လုံခြုံရေးတပ်များ အသွင်ဖြင့် ဆက်လက် ထားရှိမည် ဖြစ်ကြောင်း၊ ယင်း ဒေသများမှ အင္ဒရီယယ်စစ်တပ်များကို ရုပ်သိမ်းခဲ့လျှင် ပယ်လက်စတိုင် လွတ်မြောက်ရေး တပ်များက ဝင်ရောက် သိမ်းပိုက်မည့် အဖြစ်ကို လက်မခံနိုင်ကြောင်း၊ ယင်း ဒေသ နှစ်ခု၌ စစ်အုပ်ချုပ်ရေးကို ရုပ်သိမ်း၍ ကိုယ်ပိုင် အုပ်ချုပ်ရေးကို အစားထိုးပေးမည် ဖြစ်ကြောင်း၊ ဆိုင်းနိုင်းမှ စစ်တပ်များ ရုပ်သိမ်းရေးကို သုံးနှစ်မှ ငါးနှစ်အတွင်း အဆင့်ဆင့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ဆိုင်းနိုင်းဒေသ၌ ဂျူးလူမျိုးများအခြေစိုက်နေထိုင်ခြင်းကို ဆက်လက်ခွင့်ပြု၍ ယင်းတို့ကိုအင္ဒရီယယ်က အကာ အကွယ် ပေးရမည် ဖြစ်ကြောင်း၊ ယင်းပြဿနာများကို ဆက်လက်စဉ်းစားရန် လမ်းဖွင့်ပေးထားကြောင်း စသည်ဖြင့် ထည့်သွင်း ဖော်ပြခဲ့သည်။

ဝန်ကြီးချုပ်ဗယ်ဂင်၏ အစိုးရလက်ထက်၌ သိမ်းပိုက်ထားသော နယ်မြေများတွင် အင္ဒရီယယ် နိုင်ငံသားတို့ကို အခြေစိုက်နေထိုင်ခွင့်များ တိုးချဲ့ခွင့်ပြုခဲ့သဖြင့် ယင်း လုပ်ရပ်ကို ၁၉၇၇ ခုနှစ် ဖေဖွာရီလ ၁၅ ရက်နေ့တွင် ဂျီနီဗာမြို့၌ ကျင်းပသော ကုလသမဂ္ဂ လူအခွင့်အရေး ကာကွယ်ရေးကော်မရှင်က ရှုတ်ချဝေဖန်ခဲ့သည်။

အင်္ဂရီယယ်၏ ကမ်းလှမ်းချက်နှင့် စပ်လျဉ်း၍ အီဂျစ် သမ္မတဆဒတ်၏ သဘောထားမှာ ဂျော်ဒန် အနောက်ဖက် ကမ်းဒေသနှင့် ဂါဇာကမ်းမြောင် ဒေသတို့၌ အင်္ဂရီယယ်တို့က အုပ်ချုပ်ရေး ရုပ်သိမ်းပေးပြီးသည်နှင့် တပြိုင်နက် ပယ်လက်စတိုင် နိုင်ငံကို ထူထောင်ပေးရမည်၊ဆိုင်းနိုင်း ဒေသမှ ငါးနှစ်အတွင်း တပ်ရုပ်ပေးမည့်ကိစ္စတွင်အင်္ဂရီယယ်တို့ ဆက်လက်အခြေစိုက် နေထိုင်ခွင့်ကို ပေးနိုင်မည် မဟုတ်ကြောင်း၊ တပ်ရုပ်သိမ်းပေးရေးဆိုရာ၌ ၁၉၆၇ ခုနှစ် စစ်ပွဲမတိုင်မီကနယ်မြေများအထိဆုတ်ခွာပေးရမည်ဖြစ်ကြောင်းကို ထုတ်ဖော်ပြောကြားသည်။ အီဂျစ်၏ တောင်းဆိုချက်မှာ ဆိုင်းနိုင်းဒေသ၊ ဂိုလန်ကုန်းမြင့်၊ ဂျော်ဒန် အနောက်ဖက်ကမ်းဒေသနှင့် ဂါဇာကမ်းမြောင်ဒေသတို့မှ အင်္ဂရီယယ်တို့ အပြီးအပိုင် ဆုတ်ခွာထွက်ပေးရေး ဖြစ်သည်။

ယင်းသို့ ဖြစ်သည့်အားလျော်စွာ အစ္စမေးလီးယားမြို့၌ ကျင်းပသည့် ဆဒတ် ဗယ်ဂင်ဆွေးနွေးပွဲ၌ အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးပြဿနာမှာ မည်သို့မျှ မပြေလည်နိုင်ပဲ ဂျူးဆလမ်းနှင့် ကိုင်ရိုဆွေးနွေးပွဲတို့၌ ဆက်လက်ညှိနှိုင်းယူရမည့် အခြေအနေတွင် တည်နေသည်။

အန်ဂိုလာပြည်သူ့သမ္မတနိုင်ငံ။ ။အန်ဂိုလာ ပြည်သူ့သမ္မတနိုင်ငံကို ဇိုင်ယာသမ္မတနိုင်ငံ၊ ဇမ်ဘီယာသမ္မတနိုင်ငံ၊ တောင်အာဖရိက နိုင်ငံနှင့် အတ္တလန္တိတ် သမုဒ္ဒရာ တို့ ဝန်း ရံ လျက် ရှိသည်။ နိုင်ငံ အကျယ်အဝန်းမှာ စတုရန်းမိုင် ပေါင်း ၄၀၀,၀၀၀ ရှိသည်။ လူ ဦး ရေ မှာ ၁၉၇၆ ခုနှစ် ခန့်မှန်းခြေ အရ ခြောက်သန်းရှိသည်။ မြို့တော်သည် လူအန်းဒါးမြို့ ဖြစ်သည်။



မြေမျက်နှာပြင်သည် မြေနိမ့်ကမ်းခြေ ဒေသမှ အတွင်းပိုင်း ကုန်းပြင်မြင့်ဆီသို့ မြင့်တက်သွားသည်။ ရာသီဥတုမှာ ပူအိုက်စုတ်စိုသော ရာသီမျိုး ဖြစ်သည်။ စိုက်ပျိုးရေးသည် အရေးပါသော စီးပွားရေး လုပ်ငန်း ဖြစ်သည်။ အဓိက စိုက်ပျိုးသီးနှံမှာ ကာဖီဖြစ်သည်။ ပြောင်း၊ ဆန်၊ ဝါဂွမ်း၊ ကြံ၊ ဂျုံ၊ ပဲဗီစပ်နှင့် မြေပဲတို့ကိုလည်း စိုက်ပျိုးသည်။

၁၄၈၂ ခုနှစ်တွင် ပေါ်တူဂီ ရေကြောင်းပြ ဒိုင်ဂိုကအို သည် အန်ဂိုလာ ကမ်းခြေကို စတင် တွေ့ရှိသည်။ ၁၅၇၅ ခုနှစ်မှ စ၍ လူအန်ဒါးမြို့တော်သည် ပေါ်တူဂီတို့၏စစ်အခြေစိုက်စခန်းဖြစ်ပြီး ဒေသခံ တိုင်းရင်းသားများနှင့် နှစ်ပေါင်း ၁၀၀ ကြာမျှ တိုက်ခိုက်ခဲ့သည်။ ၁၉၅၁ ခုနှစ်တွင် အန်ဂိုလာ နိုင်ငံကို ပေါ်တူဂီနိုင်ငံ၏ ပင်လယ်ရပ်ခြား ပြည်နယ်အဖြစ် ကြေငြာခဲ့သည်။

၁၉၅၆ ခုနှစ် ဦးပိုင်းတွင် အန်ဂိုလာအာဖရိက တိုင်ရင်းသားများ၏ ညီညွတ်သော လှုပ်ရှားမှုပါတီကို ပညာတတ်တစုက ဖွဲ့စည်းတည်ထောင်သည်။ နောက်ပိုင်းတွင် မြေအောက် အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ အန်ဂိုလာပြည်သူလွတ်မြောက်ရေး လှုပ်ရှားမှု အဖွဲ့ အဖြစ် ဖွဲ့စည်းသည်။ အန်ဂိုလာ အမျိုးသား လွတ်မြောက်ရေး တပ်ဦးနှင့် အန်ဂိုလာ လုံးဝလွတ်မြောက်ရေးအမျိုးသားယူနီယန်တို့ကိုလည်း ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ထိုသုံးဖွဲ့သည် နိုင်ငံရေးလမ်းစဉ် မတူညီ၍ စည်းရုံးညီညွတ်မှု မရှိချေ။ ၁၉၆၁ ခုနှစ်မှစ၍ ယင်း လွတ်မြောက်ရေး အဖွဲ့ သုံးဖွဲ့သည် ပေါ်တူဂီ ကိုလိုနီလက်အောက်မှ လွတ်မြောက်ရေးအတွက် လက်နက်စွဲကိုင် တိုက်ပွဲဝင်ခဲ့ကြသည်။ ၁၉၇၅ ခုနှစ် ပေါ်တူဂီနိုင်ငံ၌ ကျင်နရယ်ဖရန်စစ္စကို ကော့စတာဂိုမက်ရှအစိုးရတက်လာသော အခါ အန်ဂိုလာ နိုင်ငံအား နိုဝင်ဘာလအတွင်း လွတ်လပ်ရေး ပေးရန် ကတိပြုခဲ့သည်။ ပေါ်တူဂီအစိုးရနှင့် လွတ်မြောက်ရေးအဖွဲ့ သုံးဖွဲ့မှ ကိုယ်စားလှယ်များ ပါဝင်သော အန်ဂိုလာ ကြားဖြတ်အစိုးရကိုဖွဲ့စည်းခဲ့သည်။

လွတ်မြောက်ရေးအဖွဲ့အချင်းချင်း တဖွဲနှင့်တဖွဲ့ သက်ဝမကင်းဖြစ်မှုများ ပေါ် ပေါက်လာရာမှ ၁၉၇၅ ခုနှစ် မတ်လတွင် အန်ဂိုလာပြည်သူ့လွတ်မြောက်ရေး လှုပ်ရှားမှုအဖွဲ့နှင့် အန်ဂိုလာ အမျိုးသားလွတ်မြောက်ရေး တပ်ဦးတို့ တဖက်နှင့် တဖက် အပြင်းအထန် ပစ်ခတ်ကြသည်။ စေ့စပ်ဆွေးနွေးပြီး တိုက်ခိုက်မှု ရပ်စဲခဲ့သော်လည်း မအောင်မြင်ပဲ ပြည်တွင်းစစ် ဖြစ်လာသည်။

အန်ဂိုလာလွတ်လပ်ရေးကို မည်သည့် လွတ်မြောက်ရေး လှုပ်ရှားမှုအဖွဲ့လက်သို့မျှ မအပ်ပဲ ၁၉၇၅ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်နေ့ ညသန်းခေါင်တွင် အန်ဂိုလာဆိုင်ရာ ပေါ်တူဂီ မဟာမင်းကြီးသည် အန်ဂိုလာနိုင်ငံမှ ထွက်ခွါသွားသည်။

အန်ဂိုလာ ပြည်သူ့ လွတ်မြောက်ရေး လှုပ်ရှားမှု အဖွဲ့ ခေါင်းဆောင် အာဂတ်တီနိုတို့က ၁၉၇၅ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့တွင် သမ္မတအဖြစ် ကျမ်းသစ္စာ ကျိန်ဆိုပြီး အန်ဂိုလာနိုင်ငံ၏ လွတ်လပ်ရေးကို ကြေငြာသည်။ ဝန်ကြီးချုပ်မှာ လိုပိုဒိုနတ်စီမင်တိုဖြစ်သည်။

အန်ဂိုလာ ပြည်တွင်းစစ်၌ တိုက်ခိုက်ကြသော လွတ်မြောက်ရေးအဖွဲ့သုံးဖွဲ့စလုံးကို ပြည်ပနိုင်ငံများမှ လူ၊ လက်နက်၊ ငွေကြေး အကူအညီများ ပေးကြသည်။ အန်ဂိုလာနိုင်ငံ၏ စီးပွားရေးသည် ပြည်တွင်းစစ်ဒဏ်ကြောင့် များစွာ ပျက်စီးဆုံးရှုံးခဲ့ရသည်။ ထို့ကြောင့် အန်ဂိုလာအစိုးရသည် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အားသွန်၍ လုပ်ကိုင်လျက်ရှိသည်။

အိန္ဒိယ ပြည်ထောင်စု သမ္မတ နိုင်ငံ။ ။(၁၅–၃၉၁—ရှ။)အိန္ဒိယ ပြည်ထောင်စု သမ္မတ နိုင်ငံကြီးတွင် ၁၉၆၆ ခုနှစ်မှစ၍ မစွစ် အင်ဒီရာဂန္ဒီ ဝန်ကြီးချုပ် ဖြစ်လာသည်။အင်ဒီရာ ဂန္ဒီသည် ဝန်ကြီးချုပ် တာဝန် ကို စတင် ထမ်းဆောင်ခဲ့သည့် အချိန်မှစ၍ ကွယ်လွန်သူ ဖခင်ကြီး နေရူးနှင့် အခြားနိုင်ငံရေး ခေါင်းဆောင်ကြီးများ ချမှတ်ခဲ့သည့် ဒီမိုကရက်တစ် ဆိုရှယ်လစ် လမ်းကြောင်းအတိုင်း လိုက်ပါဆောင်ရွက်ရန် ကြိုးပမ်းခဲ့သည်။ ဤတွင် နိုင်ငံစီးပွားရေး တည်ငြိမ်မှုကို ရှေးရှု၍ အချက် ၁၀ ချက်ပါဝင်သော စီးပွားရေး လုပ်ငန်းစဉ်ကို တင်ပြခဲ့သည်။ အဆိုပါ စီးပွားရေး လုပ်ငန်းစဉ်ကို ၁၉၆၇ ခုနှစ် ဇွန်လအတွင်း နယူးဒေလီမြို့၌ ကျင်းပခဲ့သော အိန္ဒိယ ပြည်လုံးဆိုင်ရာကွန်ဂရက် ကော်မတီ အစည်းအဝေးကြီးမှ လက်ခံအတည်ပြုလိုက်သည့် အချိန်မှစ၍ အမျိုးသား ကွန်ဂရက်ပါတီအတွင်း မိုရာဂျီဒေဆိုင်းအင်အားစုနှင့် ဝန်ကြီးချုပ် အင်ဒီရာဂန္ဒီ အင်အားစုတို့ အကြား သိသိသာသာသဘောကွဲလွဲလာသည်။



၁၉၇၀ ပြည့်နှစ် စက်တင်ဘာလ ၅ ရက်နေ့တွင် ဝန်ကြီးချုပ် အင်ဒီရာဂန္ဒီသည် မဟာရာဇာတို့၏ အထူးအခွင့်အရေး ပယ်ဖျက်သည့် ဥပဒေကြမ်းတရပ် ပြဋ္ဌာန်းခဲ့ရာအောက်လွှတ်တော်မှ အတည်ပြုချက် ရသော်လည်း အထက်လွှတ်တော်တွင် ရှုံးနိမ့်သဖြင့် ဝန်ကြီးချုပ်က ယင်းဥပဒေကြမ်းကို သမ္မတ အမိန့်ဖြင့် အတည်ပြုစေခဲ့သည်။ သို့သော် တရားလွှတ်တော်ချုပ်က ယင်းဥပဒေကြမ်းသည် ဖွဲ့စည်းပုံ အခြေခံ ဥပဒေနှင့် မညီဟုဆိုကာ ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ပယ်ဖျက်ခဲ့သည်။ ဤအတောအတွင်း အနောက်ဗင်္ဂလား ပြည်နယ်တွင် နက်ဆောလိုက် အကြမ်းဖက်မှုများ ပြင်းထန်လာသည်။ ကွန်ဂရက်ပါတီအင်အား အကောင်းဆုံးဖြစ်သော ဥတ္တရပရာဒေ့ရှပြည်နယ် အစိုးရသည်ပြိုကွဲလုနီးပါး ဖြစ်လာသည်။ ထို့ကြောင့် ဝန်ကြီးချုပ် အင်ဒီရာဂန္ဒီသည် ၁၉၇၂ ခုနှစ်အထိ သက်တမ်းရှိသော ပါလီမန်ကို ၁၉၇၀ ပြည့်နှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ဖျက်သိမ်းလျက် ပဋ္ဌမအကြိမ်မြောက် အောက်လွှတ်တော် အထွေထွေရွေးကောက်ပွဲကို ၁၉၇၁ ခုနှစ် မတ်လ ၁ ရက်နေ့မှ ၁၀ ရက်နေ့အထိ ကျင်းပခဲ့သည်။ အင်ဒီရာဂန္ဒီကြီးမှူးသော ကွန်ဂရက်ပါတီက အမတ် ၅၁၈ နေရာအနက် ၃၅၀ နေရာရကာ အနိုင်ရသဖြင့် အစိုးအဖွဲ့ ဖွဲ့စည်းခဲ့လေသည်။

၁၉၇၁ ခုနှစ်ကုန် ဒီဇင်ဘာလတွင် အိန္ဒိယနှင့် ပါကစ္စတန်တို့သည် ဗင်္ဂလားဒေ့ရှ ပြဿနာကို အကြောင်းပြု၍ မကြေငြာသောစစ် ဖြစ်ပွားခဲ့သည်။ ၁၉၇၅ ခုနှစ် ပထမခြောက်လပိုင်းအတွင်း၌ နိုင်ငံရေးအသင်းအဖွဲ့အချို့၏အစိုးရဆန့်ကျင်ရေး လှုပ်ရှားမှုများကြောင့် နိုင်ငံအနှံ့၌မငြိမ်သက်မှုများ ဖြစ်ပွားလာခဲ့သည်။ ထို့ကြောင့် သမ္မတက နိုင်ငံတဝှန်းလုံးတွင် အရေးပေါ် အခြေအနေ ကြေငြာခဲ့ပြီး အတိုက်အခံ နိုင်ငံရေးခေါင်းဆောင် ၆၇၆ ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့သည်။တဆက်တည်းပင် သတင်းစာ လွတ်လပ်ခွင့်များ အဆင့်ဆင့် ကန့်သတ်ပေးလိုက်သည်။

၁၉၇၆ ခုနှစ် ဖေဖွဝရီလတွင်း ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပြင်ဆင်ရေးဆွဲရေး အကြံပေး ကော်မတီတရပ် ဖွဲ့စည်းပြီး ယင်းကော်မတီက တင်ပြသော အပိုဒ် ၅၉ ချက်ပါရှိသော ပြင်ဆင်ချက်များကို ၁၉၇၆ ခုနိုဝင်ဘာလတွင် လွှတ်တော်နှစ်ရပ်စလုံးက အတည်ပြုခဲ့သည်။

ဝန်ကြီးချုပ် အင်ဒီရာဂန္ဒီသည် အချက် ၂၀ ပါသော စီးပွားရေး စီမံကိန်းသစ် တရပ်ကို ၁၉၇၅ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် ထုတ်ပြန်ကြေငြာခဲ့သည်။ ၎င်းပြင် အိန္ဒိယအစိုးရက လူဦးရေ တိုးပွားမှုကို ထိန်းချုပ်ရန် အစီအစဉ်များ ချမှတ် ဆောင်ရွက်ခဲ့သည်။ ၁၉၇၆ ခုနှစ်အတွင်း၌ ယောကျ်ား၊ မိန်းမ ခုနစ်သန်းခန့်ကို သားကြောဖြတ်ပေးခဲ့သည်။သို့ရာတွင်လူဦးရေမှာ တနှစ်လျှင် ၁၄ သန်းကျော်တိုး လျက်ရှိသည်။လက်ရှိ လူဦးရေသည် ၆၂၅ သန်းဖြစ်သည်။

အရေးပေါ် အခြေအနေကာလအတွင်း အစိုးရသည် ပြည်တွင်း ငြိမ်းချမ်းမှုရရှိရန် ကြိုးပမ်းရင်း အိမ်နီးချင်း နိုင်ငံများနှင့်လည်း ချစ်ကြည်ရင်းနှီးမှုရရှိရန် လုပ်ဆောင်သည်။ ၁၉၆၂ ခုနှစ်မှစ၍ သံတမန် အဆက်အသွယ် ရပ်တန့်သွားခဲ့သည့် တရုတ်ပြည်သူ သမ္မတ နိုင်ငံနှင့်လည်း ဇွန်လအတွင်းမှာပင် နှစ်နိုင်ငံ သံအမတ်များ ပြန်လည်ခန့်အပ်နိုင်ခဲ့သည်။

၁၉၇၆ ခုနှစ် သြဂုတ်လ ၈ ရက်နေ့တွင် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပြင်ဆင်ချက်ကို အထက်လွှတ်တော်မှ ကန့်ကွက်သူမရှိ အတည်ပြုလိုက်သဖြင့် ဝန်ကြီးချုပ် အင်ဒီရာဂန္ဒီသည် ရွေးကောက်ပွဲ မသမာမှုဖြင့် စွပ်စွဲအပြစ်ပေးခံရခြင်းမှ လွတ်မြောက်ပြီး အရေးပေါ် အခြေအနေဖြင့် အကန့်အသတ်မရှိ အုပ်ချုပ်နိုင်ခွင့်ကိုလည်း ဝန်ကြီးချုပ်အား အာဏာကုန် လွှဲအပ်လိုက်သည်။ အိန္ဒိယ နိုင်ငံ၏ အထွေထွေ ရွေးကောက်ပွဲကိုလည်း လက်ရှိလွှတ်တော်ဖျက်သိမ်းပြီးနောက် ၁၉၇၇ ခုနှစ် မတ်လအတွင်း ကျင်းပပေးသည်။

ယင်း ရွေးကောက်ပွဲ၌ နှစ်ပေါင်း ၃၀ ကြာမျှ ဆက်တိုက် အာဏာရရှိခဲ့သော ကွန်ဂရက်ပါတီသည် ပထမဦးဆုံး အကြိမ် ရှုံးနိမ့်သွားသည်။ အတိုက်အခံကျနာတာ ပါတီက အမတ်နေရာ အများစုကို ရရှိခဲ့သည်။ မတ်လ ၂၄ ရက်နေ့

တွင် ဂျာနာတာပါတီ ခေါင်းဆောင်မစ္စတာ မိုရာဂျီဒေဆိုင်းသည်။ ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာ ကျိန်ဆိုပြီး အစိုးရအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။မစ္စတာမိုရာဂျီဒေဆိုင်းသည် အိန္ဒိယသမ္မတနိုင်ငံ၏ စတုတ္ထမြောက်ဝန်ကြီးချုပ် ဖြစ်လာသည်။ (ဒေဆိုင်း,မိုရာဂျီ—ရှု။) လက်ရှိသမ္မတမှာ နီလမ်ဆန်ဂျီဝါရက်ဒီဖြစ်သည်။

အုန်း၊ ဟူစိန် ဗင်း(ခရစ် ၁၉၂၂ ဖွား)။ ။မလေးရှားနိုင်ငံ လက်ရှိ ဝန်ကြီးချုပ် ဒါတွတ် ဟူစိန်ဗင်းအုန်း ကို ၁၉၂၂ ခုနှစ်ဖေဖွာရီလ ၁၂ ရက်နေ့တွင် မလေးယားပြည် ဂျိုဟိုးဘာရူးအရပ်၌ဖွားမြင်၍ ယူနိုက် တက် မလေးအမျိုးသားအသင်းကြီး (ယူအမ် အင် အို) ၏ နာယကနှင့် တည်ထောင် သူ ဖခင် ဒါတွတ်အုန်းဘင်း ဂျအာဖား၏သားကြီး ဩရသ ဖြစ်သည်။ ကောလိပ်ပညာကို ဇာတိအရပ်ရှိ အင်္ဂလန် ကောလိပ်တွင် ဆည်းပူးပြီးနောက် ၁၉၄၀ ပြည့်နှစ်တွင် တပ်မတော်သို့ ဗိုလ်လောင်းအဖြစ် ဝင်ရောက် အမှုထမ်းသည်။ ထိုမှ ၁၉၄၁ ခုနှစ် စောစောပိုင်း၌ အိန္ဒိယပြည် ဒါရာဒွန်ရှိစစ် အကယ်ဒမီသို့ သွားရောက်သင်ကြားရသည်။ ထိုအတွင်း မလေးယားပြည်မှာ ဂျပန်တို့ လက်သို့ ရောက်သွားသော်လည်း အုန်းက စစ်ပညာ သင်တန်းပြီးအောင် ဆက်လက်ဆည်းပူးသဖြင့် ၁၉၄၂ ခုနှစ်တွင် အိန္ဒိယ ကပ်မတော်၌ ဗိုလ်တဦးဖြစ်လာကာ အီဂျစ်၊ဆီးရီးယား၊ ပယ်လက်စတိုင်ပါးရှား(အီရန်)၊အီရက်နှင့် အိန္ဒိယ ပြည်များတွင် တပ်နှင့်တွဲ၍ စစ်မှုထမ်းခဲ့သည်။



မလေးရှားဝန်ကြီးချုပ် ဟူစိန်အုန်း

နိုင်ငံရပ်ခြား၌ စစ်မှုထမ်းခြင်း အမှုများ ပြီးဆုံးသောအခါ မစ္စတာအုန်းသည် အိန္ဒိယ နိုင်ငံ ပြန်လာ၍ နယူးဒေလီရှိ အိန္ဒိယ စစ်ဌာနချုပ်တွင် ပြန်လည် ရောက်ရှိကာ မြို့ပြရေးရာ(မလေးယား)ဌာနခွဲ၌ တာဝန်ဝတ်တရားဆောင်ရွက်ရသည်။ ထို့နောက် သူသည် ရာဝါပင်ဒီမြို့ရှိ မလေးယား ရဲစုဆောင်းရေးနှင့် လေ့ကျင့်ရေးဌာနတွင် သင်တန်းဆရာတဦး ဖြစ်လာပြီးလျှင် မလေးယား ပြည်သို့ ဗြိတိသျှ လွတ်မြောက်ရေးတပ်ဖွဲ့များနှင့်အတူ ပြန်ရောက်ခဲ့သည်။

မလေးယားပြည်၌ ဟူစိန်အုန်းကို ဗြိတိသျှစစ်အုပ်ချုပ်ရေး ဌာန၌ ထားလျက်ဂျိုဟိုဘာရူး ရဲအဖွဲ့ရုံးတွင် ရဲတပ်အုပ်ဗိုလ် ခန့်ထားသည်။ ထို့နောက် ဂျိုဟိုး နယ်ဆီဂါမတ်တွင် အကူအုပ်ချုပ်ရေး အရာရှိ ဖြစ်လာသည်။

ထို့နောက်တွင် မစ္စတာ အုန်းသည် မလေးအုပ်ချုပ်ရေး ဝန်ထမ်းဌာနတွင် ကွာလာဆီလောင်ဂေါနှင့် ကလန်ခရိုင်ရုံးများ၌ အမှုထမ်းရွက်ခဲ့ရသည်။မကြာမီ ဟူစိန်အုန်းသည် အလုပ်ထွက်၍ နိုင်ငံရေးစတင် လုပ်ကိုင်သည်။ ယူအမ်အင်အို အဖွဲ့ချုပ်၏ လူငယ်ခေါင်းဆောင်နှင့် အတွင်းရေးမှူးအဖြစ်အပြင် ပြည်ထောင်စု ဥပဒေပြု ကောင်စီ ဂျိုဟိုပြည်နယ် ကောင်စီနှင့် ဂျိုဟိုပြည်နယ် အလုပ်အမှုဆောင်ကောင်စီ တို့တွင်လည်း ပါဝင် ဆောင်ရွက်ခဲ့သည်။

မလေးယားတွင် ဗြိတိသျှတို့က တရုတ်ကွန်မြူနစ် သူပုန်ထမှုကို အကြောင်းပြု၍ အရေးပေါ်အခြေအနေ ကြေငြာချက်ထုတ်ပြန်ထားရချိန်၌ ဟူစိန်အုန်းသည် ဂျိုဟိုပြည်နယ် ကန်ပိုအစောင့်တပ်တွင် အရာရှိချုပ် ဖြစ်ရပြန်သည်။ ယင်းသို့ ဖြစ်နေစဉ်အတွင်း၌ တပ်သားပေါင်း တသောင်းကျော်ကို စုဆောင်းလေ့ကျင် ပေးခဲ့၏။ထိုနောက် အင်္ဂလန်ပြည် လင်ကွန်းတက္ကသိုလ်၌ ဥပဒေပညာကို သွားရောက်သင်ယူပြီးလျှင် ဝတ်လုံ အဖြစ်ဖြင့် မိမိနိုင်ငံသို့ ပြန်လာ၍ ကွာလာလမ်ပူမြို့၌ ဝတ်လုံလိုက်နေလေသည်။

ဟူစိန်အုန်းသည် ၁၉၆၈ ခုနှစ်တွင် ယူအမ်အင်အို အသင်းသို့ ဝင်လိုက်သည်။ ဂျိုဟိုဘာရူးတီမော မဲဆန္ဒနယ်မှ အောက်လွတ်တော်အမတ် အရွေးခံခဲ့ရ၏။ထိုမှဝန်ကြီးချုပ်ရာမန် နုတ်ထွက်၍ တွန်အဗ္ဗဒူရာဇတ်ဝန်ကြီးချုပ် ဖြစ်လာစဉ် ၁၉၇၀ ပြည့်နှစ် စက်တင်ဘာလ ၂၃ ရက်တွင် ဟူစိန်အုန်းသည် ပညာရေးဝန်ကြီး ခန့်အပ်ခံရသည်။ ထိုနောက်တဖန် ဘဏ္ဍာရေးဝန်ကြီးအဖြစ် ဆောက်ရွက်ရသည်။

၁၉၇၆ ခုနှစ် ဇန္နဝါရီလ ၁၄ ရက်နေ့တွင် ဝန်ကြီးချုပ်ရာဇတ်သည် ရုတ်တရက် ကွယ်လွန်ရာ ဟူစိန်အုန်းသည် ဝန်ကြီးချုပ်ဖြစ်လာပြီး ကာကွယ်ရေး ဝန်ကြီးဌာနကို တွဲဖက်ကိုင်ရလေသည်။

အပ်စိုက်ကုသခြင်း။ ။အပ်စိုက်ကုသခြင်း အတတ်ပညာသည် ရှေးနှစ် ထောင်ပေါင်းများစွာကပင် တရုတ်နိုင်ငံ၌ အသုံးပြုလာခဲ့သော ဆေးအတတ်ပညာတရပ်ဖြစ်သည်။ သို့သော် မကြာသေးခင်ကမှ အပ်စိုက်ကုသခြင်းကို လူသိများလာကာ ဝေဒနာပျောက်ကင်းစေသော နည်းအဖြစ်၎င်း၊ ခွဲစိတ်ကုသရာ၌ လူနာကိုထုန်စေသော နည်းအဖြစ်၎င်း အသုံးများလာကြသည်။ ယခုအခါ ခေတ်မီတိုးတက်သော နိုင်ငံများ၌ပင် အပ်စိုက်ကုသခြင်းကို လက်တွေ့အသုံးချနေကြလေသည်။

အယ်စိုက်ကုသခြင်း



လူ၏ခန္ဓာကိုယ်ပေါ်တွင် အပ်များထိုးစိုက်၍ ရောဂါကုသပေးနေပုံကို အနီးကပ် တွေ့ရပုံ

ရှေးဟောင်း ဒဏ္ဍာရီအရ လွန်ခဲ့သော နှစ် ၃၆၀၀ ခန့်က တရုတ်ဘုရင်ကြီး ရှိဟွမ်တီ၏ ပျိုးထောင်ပေးမှုကြောင့် အယ်စိုက်ကုသခြင်း အတတ်ပညာ ပေါ်ပေါက်လာခဲ့သည်ဟု ဆိုသည်။ ရှေးတရုတ်ဆေးပညာရှင်များ၏ အဆိုအရ လူ့ခန္ဓာကိုယ်အတွင်း၌ 'အသက်စွမ်းအင်ဓာတ်' စီးသည့် မမြင်နိုင်သော ဓာတ်စီးလမ်းကြောင်း ၁၂ ခုရှိသည်။ အသက်စွမ်းအင်ဓာတ်စီးပုံ မမှန်လျှင် လူကို အနာရောဂါရစေတတ်သည်။ ဓာတ်စီးလမ်းကြောင်း တလျှောက်၌ အပ်များကို ထိုးစိုက်ပေးခြင်းဖြင့် အသက်စွမ်းအင်ဓာတ်စီးမှုကို ပြန်လည် ညီညွတ်စေပြီး ကျန်းမာရေးကိုပြန်လည်ကောင်းမွန်စေနိုင်သည်ဟုဆိုသည်။

အပ်များကို ထိုးစိုက်ရာတွင် ဝေဒနာဖြစ်ပေါ်သည့် နေရာ၌ ထိုးစိုက်ခြင်းမပြုပေ။ သတ်မှတ်ထားသော နေရာများ၌သာ ထိုးစိုက်ရသည်။ ထိုနေရာများမှာ များသောအားဖြင့် ဝေဒနာဖြစ်ပေါ်ရာနေရာမှ ခပ်လှမ်းလှမ်းတွင်ရှိတတ်သည်။ အပ်စိုက်ကုဆရာတို့၏ အလိုအရ ခန္ဓာကိုယ်ဆိုင်ရာ သဘာဝ ဆောင်ရွက်မှု ပျက်ကွက်ခြင်းကြောင့် ဖြစ်ပေါ်လာသော ရောဂါဝေဒနာများကို အပ်စိုက်ကုသခြင်းဖြင့် ကုသပေးနိုင်သည်။ ဥပမာ ဖြတ်သီးနှာစေးဖျားရောဂါ၊ ပန်းနာ၊ အူသိမ်ပြည်တည်နာ၊ အူအတက်ရောင်နာ၊ အူမရောင်နာ၊ ခေါင်းတခြမ်းကိုက် ရောဂါစသည်တို့မှာ ခန္ဓာကိုယ်ဆိုင်ရာ သဘာဝ ဖောက်ပြန်မှုများ ဖြစ်ခြင်းကြောင့် ယင်းတို့ကို အပ်စိုက်ကုသခြင်းဖြင့် အောင်မြင်စွာ ကုသပေးနိုင်သည်။ သို့သော် လေအောင့်ခြင်း၊ မျက်စိအတွင်း တိမ်စွဲခြင်း၊ အရိုးကျိုးခြင်း စသည်တို့မှာ ကိုယ်အင်္ဂါ အစိတ်အပိုင်း ချုတ်ယှင်းမှုများ ဖြစ်သောကြောင့် ယင်းတို့ကို အပ်စိုက်ကုသခြင်းဖြင့် မကုသနိုင်ဟု ဆိုသည်။

ဆေးသိပ္ပံပညာရှင်အချို့က အပ်စိုက်ကုသခြင်း အတတ်ပညာကို ကောင်းစွာ မယုံကြည်ကြသေးပေ။ အပ်စိုက်ကုသရာတွင် ထိုးစိုက်လိုက်သော အပ်များက ခံစားမှုအာရုံများကို ပို့ပေးနိုင်သော နဗ်ကြောများကို ပိတ်ဆို့လိုက်သောကြောင့် ခန္ဓာကိုယ်တနေရာသို့ အာရုံခံစားမှုမရောက်တော့သဖြင့် ထိုနေရာ၌ နာကျင်မှုမရှိတော့ပဲ ထုန်သွားရခြင်းဖြစ်ပေမည်ဟု ဆေးသိပ္ပံပညာရှင်အချို့က ယူဆကြသည်။ သို့သော် ထိုယူဆချက်နှင့်စပ်လျဉ်း၍ အထောက်အထားတစုံတရာ မပြနိုင်ကြသေးပေ။

အပ်စိုက်ကုသခြင်းဖြင့် မူးယစ်ဆေးဝါး စွဲသူများကိုပင် ကုသပေးသည်။ ယင်းကဲ့သို့ကုသရာ၌ လျှပ်စစ်ဓာတ်အားကို ပါထည့်သုံးသည်။ လူနာ၏ နားဝ နံဘေး တဖက်တချက်၌ အပ်နှစ်ချောင်းကို ထိုးစိုက်ထားပြီး ငါးဗို့မှ ခြောက်ဗို့အထိ ရှိသော လျှပ်စစ်စီးကြောင်းကို ထိုအပ်မှတဆင့် ခန္ဓာကိုယ်အတွင်း ဖြတ်စီးစေခြင်းဖြင့် ပျို့အန်ခြင်း၊ ချွေးထွက်ခြင်း၊ စိတ်ညှိုးငယ်ခြင်း စသော မူးယစ်ဆေးဝါး မသုံးသောကြောင့် ဖြစ်ပေါ်လာသည့် လက္ခဏာများကို နှိမ်နင်းပေးသည်။ ဤသို့ကုသပေးရာ၌ တကြိမ်လျှင် မိနစ် ၃၀ ခန့် ကြာသည်။ အစ၌ လူနာကို တရက်လျှင် တကြိမ်ကျ အထက်ပါနည်းအတိုင်း ကုသပေးသည်။ ရောဂါသက်သာလာသည်နှင့်အမျှ ကုသသည့် အကြိမ်ကို တဖြည်းဖြည်း လျှော့ချပေးသွားရသည်။

[redacted]
ပိဋကဘာသာပြန်စာပေ
ဖြန့်ချီရေးအဖွဲ့

၆၇၃
စာကြည့်တိုက်
ပိဋကဘာသာပြန်စာပေ
ဖြန့်ချီရေးအဖွဲ့